အရှင်ဝရတောဇောနှင့်အရှင်ဇမ္ဗုဒီပဓဇ

အရှင်မြတ်တို့ စီရင်တော်မူအပ်သော

# မာတိကာဓာတုကထာအရကောက်

နှင့်

## အဓိပ္ပါယ်,ဂဏ္ဌိ အချိုးအမျိုးမျိုး

မန္တလေးမြို့ မစိုးရိမ် ပါဠိတက္ကသိုလ်ကျောင်းတိုက်
ဆဋ္ဌသံဂါယနာ သံဃနာယက ဝန်ဆောင်သံဃအဖွဲ့ဥက္ကဋ္ဌ
"အဂ္ဂမဟာပဏ္ဍိတ" "အဘိဓဇမဟာရဋ္ဌဂုရု"
ကျေးဇူးရှင်မစိုးရိမ်ဆရာတော်ဘုရားကြီး
ကြီးကြပ်သုတ်သင် ပြင်ဆင်တော်မူသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာတော်နှစ် ၂၅၂၃ ကောဇာနှစ် ၁၃၄၁ ခရစ်နှစ် ၁၉၇၉

အဋ္ဌင်္ဂဝရဒေသနာနှင့်အဋ္ဌင်္ဂဓမ္မဒီပနီ

အရှင်မြတ်တို့ စီရင်တော်မူအပ်သော

# မာတိကာဓာတုကထာအရကောက်

နှင့်

## အဓိပ္ပါယ်, ဂဏ္ဌိ အချိုးအမျိုးမျိုး

မန္တလေးမြို့ မစိုးရိမ် ပါဠိတက္ကသိုလ်ကျောင်းတိုက်

ဆဋ္ဌသံဂါယနာ သံဃနာယက ဝန်ဆောင်သံဃအဖွဲ့ဥက္ကဋ္ဌ

“အဂ္ဂမဟာပဏ္ဍိတ” “အဘိဓဇမဟာရဋ္ဌဂုရု”

ကျေးဇူးရှင်မစိုးရိမ်ဆရာတော်ဘုရားကြီး

ကြီးကြပ်သုတ်သင် ပြင်ဆင်တော်မူသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာတော်နှစ် ၂၅၂၃ ကောဇာနှစ် ၁၃၄၂ ခရစ်နှစ် ၁၉၈၀

ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်မောင်
မှတ်ပုံတင်အမှတ် (၀၂၄၀၅/၀၂၅၂၇) က ပုံနှိပ်ထုတ်ဝေသည်။

## မာတိကာနှင့် ဓာတုကထာ အရကောက်

# ကျမ်းဦးနိဒါန်း

နမော ဗုဒ္ဓါယ၊ သိဒ္ဓံ—

၁။ တာဝတိံသေ ယဒါ ဗုဒ္ဓေါ၊ သိလာယံ ပဏ္ဍုကမ္ဗလေ။
ပါရိဆတ္တကမူလမှိ၊ ဝိဟာသိ ပုရိသုတ္တမော။ ။

၂။ ဒသသု လောကဓာတူသု၊ သန္နိပတိတွာန ဒေဝတာ။
ပယိရုပါသန္တိ သမ္ဗုဒ္ဓံ၊ ဝသန္တံ နဂမုဒ္ဓနိ။ ။

၃။ န ကောစိ ဒေဝေါ ဝဏ္ဏေန၊ သမ္ဗုဒ္ဓံ အတိရောစတိ။
သဗ္ဗေ ဒေဝေ အတိက္ကမ္မ၊ သမ္ဗုဒ္ဓေါ ဝ ဝိရောစတိ[၁]။ ။

၄။ ဂမ္ဘီရံ နိပုဏံ ဓမ္မံ၊ မဓုရံ သော ပကာသယိ။
သဟဿက္ခဿ ဥယျာနေ၊ ဝသံ ဝဿံ နရာသဘော[၂]။ ။

**ဗုဒ္ဓနှင့် အဘိဓမ္မ နိဒါန်း** ရူပအစိန္တေယျ ရူပါရူပဝိလာသဂ္ဂ အဝေဒိယ အတုလိယ စသည် မွမ်းထုံ ဂုဏ်တော်အနန္တ ဥာဏ်တော်အပ္ပမေ အသင်္ချေဘုန်း ရေမဆုံးသဖြင့် ဖွေနှုန်းစံတူ ပမာယူလည်း သဒိသူကပ် မနှိုင်း အပ်သော သျှရုဗ္ဗဇညော် ဗုဒ္ဓရှင်တော်မြတ်သည် သတ္တမဝါတော်ချိန်၌ တာဝတိံသာသို့ ကြွပြီးလျှင် သန္တုသိတမည်သော မယ်တော်မိနတ်သားကို အမှူးထား၍ လောကဓာတ်ပေါင်း တိုက်တသောင်းမှ ခညောင်းဆည်းကပ်လှာသည့် နတ်ဗြဟ္မာတို့အား ဓမ္မသင်္ဂဏီ ဝိဘင်္ဂ အစရှိသော အဘိဓမ္မဒေသနာကို ဟောကြားတော်မူခဲ့ကြောင်း ယမက ပါဠိဟာရိယ ဒေဝေါရောဟန သင်္ကဿနဂိုရ် မှတ်တမ်း စသည်တို့ ယနေ့တိုင် ထင်ရှားသက်သေ တည်လျက် ရှိကြပေသေးသည်။

ဗုဒ္ဓရှင်တော်မြတ် လက်ထက်တော်အခါက ဆိုပါမူ ထိုသည့် အဖြစ်အပျက်သည် လူ့ပြည်နှင့် နတ်နန်း ရွှေလမ်း ငွေလမ်း ပေါက်ရာ ခေတ်ဖြစ်ရကား ဗုဒ္ဓဝင်နှင့် ကမ္ဘာ့ရာဇဝင်၌ မှတ်တမ်းတင်ဘို့ပင် မလိုလောက်အောင် အောက်မေ့တ-သ၍ မပြီး ချီးကျူးသံ မစဲမပြတ်နိုင်သော ကမ္ဘာ့အံ့ဘွယ်ကြီးတရပ်ပင် ဖြစ်ခဲ့ရပေလိမ့်မည်။ ထို့ကြောင့်လည်း အဘိဓမ္မဒေသနာ ဟောကြားခြင်း၌ သုတ္တန္တဒေသနာများမှာကဲ့သို့ "ဧကံ သမယံ ဘဂဝါ ဒေဝေသု ဝိဟရတိ တာဝတိံသေသု ပါရိ-

---

၁-အင်္ကုရပေတဝတ္ထု ၁၅၉။
၂-ခေမာပကရဏ အဋ္ဌကထာ ၁ (ပဏာမ)။

ဆဘ္ဘကမ္မူလေ ပဉ္စကမ္မသ သိလာယံ” စသည်ဖြင့် နောက်ခံ နိဒါန်း မပါရှိခဲ့ရခြင်း ဖြစ်ပေလိမ့်မည်။

**ဝိနည်းနှင့်သုတ္တန်၏ ထောက်ခံချက်** သို့ဖြစ်၍လည်း ခေတ်ကာလသည် သတ္တဝါနှင့်အရာဝတ္ထုတို့ကို ဝါးမျိုလေ့ရှိသည့်အတိုင်း တခါရောအခါက အကယ်စင်စစ် ဖြစ်ထွန်းပေါ်ပေါက်ခဲ့သော ကမ္ဘာ့ပုဂ္ဂိုလ်ကျော်ကြီးများကို ဝါးမျိုခဲ့သည့်နည်းတူ ထိုပုဂ္ဂိုလ်တို့၏ တကဲ့ဖြစ်ရပ်မှန်များကိုလည်း ဝါးမျိုပစ်လိုက်လေတော့သည်။လုံးဝ မဝါးမျိုနိုင်သည့်တိုင်အောင် မှေးမှိန်စေခဲ့လေသည်။ ယင်းသို့ ဝါးမျိုလေ့ရှိသော ခေတ်ကာလကို ကပ်မှီကာ “အဘိဓမ္မဒေသနာကို ဗုဒ္ဓရှင်တော်မြတ် ဟောကြားခဲ့သည်မဟုတ်” ဟူသော ဝိတဏ္ဍဝါဒီတို့လည်း ပေါ်ပေါက်လာခဲ့ကြဘူးလေသည်။

သို့ရာတွင် “ရူပံ ဇီရတိ မစ္စာနံ၊ နာမဂေါတ္တံ န ဇီရတိ”[၁]။ “သရီရံ ခဏဝိဒ္ဓံသိ၊ ကပ္ပဋ္ဌာယိနော ဂုဏာ”[၂]။ (ကမ္ဘာကြေသော်လည်း ဥဒါန်းမကျေ)ဟူ၏သို့ ခေတ်ကာလသည် ဗုဒ္ဓ၏ အနေကဂုဏ်တို့ကို ကုန်စင်အောင်သော်၎င်း လုံးဝပျောက်ကွယ်အောင်သော်၎င်း မဝါးမျိုနိုင်ခဲ့ပေ။ ထိုသည့်နည်းတူ ဝိတဏ္ဍဝါဒီတို့လည်း အဘိဓမ္မဒေသနာ၏ ဘုရားဟော မဟုတ်ကြောင်း တောင့်တင်းခိုင်လုံသော အာဂုံယုတ္တိ မည်သည့်သာဓကတခုကိုမျှ ဖော်ထုတ်နိုင်ခဲ့ခြင်း မရှိကြပေ။ စင်စစ် ထုတ်စရာလည်းမရှိ။ လိုလည်းမလိုအပ်။

ယင်းဝိတဏ္ဍဝါဒီတို့သည် ရာဇဝင်သာဓကနှင့် အဋ္ဌကထာစကား ဝတ္ထုသက်သေများကို ငြင်းကွယ်လိုက ငြင်းကွယ်နိုင်ကြစေကာမူ “သုတ္တန္တေ ဩကာသံ ကာရာပေတွာ ဝိနယံ ဝါ အဘိဓမ္မံ ဝါ ပုစ္ဆတိ”[၃] စသော ဝိနယပိဋကလာ (အဘိဓမ္မာ ဘုရားဟောဖြစ်ကြောင်းပြ) သာမုက္ကံသိက ဒေသနာကို၎င်း ဤနိဒါန်းအစဉ် ဖော်ပြခဲ့ပြီးသော အင်္ဂုရပေတ-ဝတ္ထုပါဠိတော်နှင့် “ဣမာဝုသော သာရိပုတ္တ ဒွေဘိက္ခူ အဘိဓမ္မ ကထံ ကထေန္တိ၊ တေ အညမညံ ပဉှံ ပုစ္ဆန္တိ”[၄] စသော သုတ္တန္တပိဋကလာ သာမုက္ကံသိကဒေသနာကို၎င်း ငြင်းကွယ် ခုခံရန် တတ်နိုင်ကြမည်ကား မဟုတ်ပေ။

**လူသုံးကျ တကယ့်အဘိဓမ္မာ** ထိုထက်ပို၍ အဘိဓမ္မဒေသနာဘုရားဟောမဟုတ်ဟု ငြင်းကွယ်ရန် သို့မဟုတ် သာဝကဘာသိတ (ရဟန်းတော် တပါးပါး၏ ဟောပြောတီထွင်ချက်)ဟုဆိုရန် ခက်ခဲသော အချက်

---

၁-သံ ၁၊ ၄၀ (န ဇီရတိသုတ်။)
၂-မဟာရဟနီတိ။
၃-ဝိ ၂၊ ၄၈၀။
၄-မ ၁၊ ၂၇၅(မဟာဂေါသိင်္ဂသုတ်။)

တခုလည်း ရှိပေသေးသည်။ ယင်းကား အခြားမဟုတ်၊ အဘိဓမ္မာ၏ သဗ္ဗညုတ ဉာဏ်တော်နှင့်သာ ထိုက်တန်သော သိမ်မွေ့နက်နဲခြင်းပင် ဖြစ်ပေတော့သည်။ သို့ရာတွင် ဤသာဓကကား ကိုယ်တိုင် တကယ်ထိမိပေါက်ရောက်အောင် လေ့လာ လိုက်စားသူများအတွက်သာ ရရှိနိုင်သော သက်သေဖြစ်ပေသည်။ (စကြာ ရတနာကို ကောက်ရိုးလှည်းမှာ ဆွဲသကဲ့သို့ ဗုဒ္ဓအဘိဓမ္မာကို ခေတ်သစ် သိပ္ပံ အမြင်များဖြင့် ရောတွေးရှက်ဖုံး၍ လူသုံးကျ အဘိဓမ္မာမဟုတ်သယောင် ဘုရား ဟောဒမဟုတ်ဟန် ကြံဆောင်ရေးသား ဟောပြောသူများ ဤအချက်ကို ပို၍ လိုက်နာ ကျင့်သုံးသင့်ပါသည်။ အထူးသဖြင့် အဘိဓမ္မာ၏ တည်ဆောက်ပုံမှာ သုတ္တန်မှာကဲ့သို့ အသိုင်းအဝိုင်း ကျင့်နည်းကြံနည်း ရှုမှတ်နည်းများ မပါရှိပဲ သဘောတရားသက်သက်ကိုသာ နည်းမျိုးစုံ စက်လှည့် ဝေဖန်ထားခြင်းမျှသာ ဖြစ်၍ ရတ်တရက်သော် အရိုးဆိုးသော သချာ်ဟက်နည်းလောက်ပင် ခက်ခဲ နက်နဲသည်ဟု မထင်မိပဲ ရှိတတ်လေသည်။ စင်စစ် အဝါးဝစွာ လေ့လာ လိုက် စား၍ သန္တိဋ္ဌကာ ဩပနေယျိကဆိုက်အောင် လိုက်နာကျင့်သုံးနိုင်ပါမူ မည်မျှ ခက်ခဲနက်နဲသည်ကိုလည်း သိရှိလာပါလိမ့်မည်။ ဘာဝြိမ်းအေးသာယာမှုအတွက် လည်း သည့်ထက် လူသုံးကျ လူကျိုးပြု အဘိဓမ္မာဟူ၍ မရှိနိုင် ဟူသော အသိ ဉာဏ်လည်း အလိုအလျောက် ကိန်းဝပ်လာပါလိမ့်မည်။)

**ရုပ်တရား၏ အမြန်နှုန်း** ဤနေရာ၌ အဘိဓမ္မာ၏သဘောကို အမြွက်မျှ ဆက်၍ ဆိုရ သော် အဘိဓမ္မာ၏သဗ္ဗညုတ ဉာဏ်တော်အဆသာ ဖြစ်ကြောင်း ကောင်းစွာ သဘောကျနိုင်ပေရာသည်။ မှန်လှ၏၊ လောက၌ ဂဏန်းသချာ်ဖြင့် တိုင်းတာတွက်ဆ၍ မရနိုင်သော အရာလေးခု ရှိလေသည်။ ယင်းကား စကြဝါအနန္တ, အာကာသအနန္တ, **သတ္တ**ဝါအနန္တနှင့် ဗုဒ္ဓဉာဏ်တော် အနန္တတို့ပင် ဖြစ်၏။ အသင်္ချေယျ လေးပါးဟုလည်း ဆိုအပ်ကုန်သည်[၁]။ ယင်း ကောင်းကင် စကြဝါအနန္တ၌ ရှိသော **သတ္တ**ဝါအနန္တ၏ ရုပ်နာမ်ဓမ္မ သဘာဝ အားလုံးကို ခြုံမိ ငုံမိအောင် ညွှန်ပြနိုင်စွမ်းသော ဉာဏ်သည် ဗုဒ္ဓရှင်တော်မြတ်၏ သဗ္ဗညုတဉာဏ်သာလျှင် ဖြစ်ပေတော့သည်။

ရုပ်နာမ်ဓမ္မ သဘာဝသည် စင်စစ် နက်နဲသိမ်မွေ့လွန်းလှပေသည်။ လူသာမန် တို့၏အမြင်၌အစဉ်အမြဲ အခဲအဆိုင် တည်ရှိနေသယောင် ထင်ရသော်လည်း မီးလျှံ နှင့် ရေအယဉ်ကဲ့သို့ ကြောင်းကျိုးအဆက်ဆက် ဖြစ်ပျက်မှုသဘောကိုဆောင်ကာ အစဉ်ပြောင်းလဲလျက်သာ နေကြပေသည်။ ကျမ်းဂန်တို့၌ ရုပ်နာမ်တို့၏ အမြန် နှုန်းကို ဥပမာအမျိုးမျိုးတို့ဖြင့် ပြဆိုလျက် ရှိကြပေသည်။ ထိုတွင် ရုပ်သဘော များ၏ ဖြစ်ပျက်မှု အမြန်နှုန်းကို ဤသို့ တွေ့ရှိရပေသည်။

---

၁-ဗုဒ္ဓဝံသပါဠိ ၃၀၅(၆၄-ဂါထာ။)

အလောင်းတော် ဇဝနဟံသာမင်းသည် အလွန်မြန်သော အဟုန်ရှိ၏၊ လက်ဖြောင့် တော်တည့်သော လေးသည်ကျော် လေးဦးတို့သည် ကျောချင်းအပ်၍ အသီးအသီးအရပ် ၄-မျက်နှာသို့ ရှေးရှုရပ်တည်ကာ ပစ်အပ်သော မြားလေးစင်းကို မြေ၌ မကျမီပင် ဖမ်းယူနိုင်စွမ်းရှိပေသည်။ ထိုထက် လနှင့် နေသည် ပို၍မြန်၏။ ထိုထက် နတ်ပြဟ္မာတို့သည် ပို၍မြန်၏။ ထိုထက် ရုပ်သက်သည် ပို၍ မြန်၏ဟု ဟောဘော်မူခဲ့၏[၁]။

တဖန် ယင်းလနေတို့ထက် လျင်မြန်သောနတ်သားနှစ်ယောက်တို့ အနောက်မှ အရှေ့ အရှေ့မှအနောက်သို့ အထက်အောက်ရင်ဆိုင် ပြေးလာကြရာတွင် အထက် မျဉ်းကြောင်းမှ ပြေးသော နတ်သား၏ ခြေဦးရင်း အောက်မှပြေး သော နတ်သား၏ ခေါင်းဦးရင်း တပ်ထားသော သင်ဓုန်းသွား ၂-ခုတို့၏ ပေါင်းဆုံမိသော အခိုက်သည် လွန်စွာတိုတောင်းလှ၏။ ထိုထက် ရုပ်၏ဖြစ်ပျက်မှု အမြန်နှုန်းသည် ပို၍တိုတောင်းလှ၏ဟုဆို၏[၂]။ ထို့ကြောင့် "လဟုသော ဝတ္တတေ ခဏော" ဟု မိန့်ဆိုတော်မူခဲ့လေသည်[၃]။

**နာမ်တရား၏ အမြန်နှုန်း** ဖြစ်ပျက်မှုအရှိန် နှုံ့နှေးသည်ဟု ဆိုအပ်သော ရုပ်တရားများပင် ယင်းသို့ လျင်မြန်နေသေးလျှင် အထည် ကိုယ်ပုံသဏ္ဌာန်မရှိသော နာမ်တရား၏ လျင်မြန်ပုံမှာ ပြောဘွယ်ရာပင် မရှိတော့ချေ။ ထို့ကြောင့်လည်း "ဘိက္ခုတို့ စိတ်ကဲ့သို့ လျင်မြန်သော အခြားတရားတပါးကို ငါဘုရား မြင်တော်မမူ၊ ဥပမာပြု၍လည်း မလွယ်ကူချေ" ဟု မိန့်တော်မူခဲ့လေသည်[၄]။ မလွယ်ကူဟု ဆိုခြင်းအားဖြင့် ဥပမာရှာလျှင်ရနိုင်သည်ဟူသောအဓိပ္ပါယ် ရှိသည့်အတိုင်း မိလိန္ဒမင်းကြီးသည် အရှင်နာဂသိန်အား "လက်ဖျစ်တတ္တက် အတွင်း၌ ဖြစ်ပျက်သော နာမ်တရားသည် ရုပ်ကဲ့သို့ အပိုင်းအခြား အစုအပုံ ဖြစ်ခဲ့သော် မည်မျှလောက် များပြားရာပါသနည်း" ဟု မေးလျှောက်ရာ ရှစ်ထောင့် ငါးဆယ်ကိုး (၈၀၅၉) တင်း တစိတ် နှပ်ပြည်သောစပါးအစုအပုံထက်ပင် များစွာ ပိုမိုနိုင်ကြောင်း မိန့်တော်မူခဲ့ဘူးလေသည်[၅]။ အဋ္ဌကထာဆရာကမူ စိတ်သည် လက်ဖျစ်တတ္တက်အတွင်း၌ပင် ကုဋေတသိန်းမကဖြစ်သည်ဟု ဖွင့်ဆိုရေးသားခဲ့ပေသည်[၆]။

စင်စစ် အဘိဓမ္မာကို လေ့လာဘူးသူတိုင်းပင် နာမ်တရား၏အဟုန်သည် ရုပ်တရားထက် တဆယ့်ခြောက်ဆပို၍ မြန်သည်ကိုရင်း လူ နွားခွေး စသော စကား

---

၁-သံ ၁-၊ ၄၅၆ (ဓနုဂ္ဂဟသုတ်။) ၂။ မူလဋီကာ-၆၂။
၃-မဟာနိဒ္ဒေသပါဠိ-၃၂။ ၄။ အံ-၁၊၉။
၅-မိလိန္ဒပဉှာ-၁၀၉။ (အံ-၁၊၉၊ အဖွင့်နှင့်စပ်၍ရှု။)
၆-သံဋ္ဌ၂၊၉၂၊ (အသုတဝါသုတ်အဖွင့်။)

တလုံးကို ကြားရရာ၌ ဝီထိအားဖြင့် လေးဝီထိ စိတ်အခိုက်အတန့်ပေါင်းအားဖြင့် နှစ်ရာ့လေး (၂၀၄) ကြာမြင့်သော်လည်း ဆက်တိုက်ပြောနေသော စကားလုံးများ၌ တဆက်ထည်းကဲ့သို့ အသိစိတ်များ ကျရောက်ဖြစ်ပေါ်နေသည်ကိုရင်း တခုံတယောက်သည် ထိုင်ခုံ၌ ထိုင်၍ အဆင်းအနံ့ အရသာနှင့် ပြည့်စုံသော အစာကိုစားလျက် သီချင်းသံကိုနားထောင်ရင်း (ရုံခါ အကြောင်းအရာတစုံတခုကို) စိတ်ကူးသည်ဟု ဆိုလျှင် ထိုသူ၏ မျက်စိ နား နှာ လျှာ ကိုယ်စိတ်များသည်သဘောတရားအားဖြင့် ခြားနား၍ ခဏအားဖြင့် များစွာ ကြံ့ကြာစေကာမူ အရာအားလုံးကို တပြိုင်နက်တည်း တဆက်တည်း တွေ့ထိသိမြင်ရသကဲ့သို့ ထင်နေရသည်ကိုရင်း တဖန် ထိုစိတ်သည် မိုင်ပေါင်းများစွာ ဝေးကွာရာ အရပ်သို့ တခဏချင်းဖြင့် သွားနိုင် ပြန်နိုင်သည်ကိုရင်း သဘောကျပြီးဖြစ်ကြသည့်အတိုင်း စိတ်၏ အဟုန်မှာ မည်မျှလျင်မြန်သည်ဟု ဥပမာပြောပြရန်ပင် မလွယ်ကူကြောင်း မိန့်တော်မူသည်ကို လက်ခံနိုင်ကြပေလိမ့်မည်။

ယင်းသို့လျှင် စက္ကဝါ အနန္တရှိ သတ္တဝါ အနန္တ၏ သို့စင် လျင်မြန်စွာ ပြောင်းလဲနေသော စိတ်အယဉ်ကို အမျိုးအစား ခွဲခြားကာ သဗ္ဗညုတဉာဏ်တည်းဟူသော ချိန်ခွင်ဖြင့် ချိန်တွယ်၍ "အကုသိုလ်စိတ်ကား အပိုအလိုမရှိ တဆယ့်နှစ်"ဟု တထစ်ချ ဆုံးဖြတ်တော်မူနိုင်ခဲ့သည်မှာ သဗ္ဗညုတဉာဏ်တော်၏ စွမ်းအားသာလျှင် မဟုတ်တုံလော။

ပို၍ အံ့ဘွယ်ကောင်းသည်မှာ စိတ်တခု (ဝါ)သိမှုတခု ဖြစ်ပေါ်လာတိုင်း ဖြစ်ပေါ်လာတိုင်း ထိုဖြစ်ပေါ်လာသော စိတ်တခုတည်း၌ စုပေါင်းပါဝင်နေသော သဘောများကိုပါ "ဤကား တွေ့ထိမှု (ဖဿ)၏ သဘော ဤကား ခံစားမှု (ဝေဒနာ)၏ သဘောဖြစ်သည်" စသည်ဖြင့်လည်း အသေးစိတ် ခွဲခြား ဝေဘန်၍ ပြတော်မူခဲ့ပေသည်။ ဤကား သမုဒ္ဒရာရေကို လက်ခုပ်ဖြင့် ယူ၍ သောက်ကြည့်သောအခါ "ဤကား ဂင်္ဂါမြစ်မှလာသော ရေ၏ အရသာ ဤကား ယမုနာမှအရသာ"ဟု ခွဲခြားပြောဆိုရန် ခက်ခဲသည်ထက်ရင်း[၁] အမည်ဝတ္ထုမျိုးစုံပါဝင်သော ဟင်းလျာကိုစား၍ "ဤကား ကြက်သွန်၏အရသာ ဤကား ကရဝေးချင်း ဇီယာ၏အရသာ" ဟု ခွဲခြားပြောဆိုရန် ခက်ခဲသည်ထက်ရင်း အဆပေါင်းများစွာ ခက်ခဲလှပေတော့သည်။

**ဓမ္မသင်္ဂဏီ၏ ပုံသဏ္ဌာန်အချုပ်** အဘိဓမ္မာခုနစ်ကျမ်းတွင် ဓမ္မသင်္ဂဏီကျမ်းသည်ကား ယင်း ရုပ်နာမ်အားလုံး၏ အမည် နာမနှင့် သဘာဝများကို အသေးစိတ် ခွဲခြားပြဆိုသော အခြေခံ အဘိဓမ္မာ ရှေးဦးသင် ကျမ်းစာပင် ဖြစ်ပေတော့သည်။ ယင်းဓမ္မသင်္ဂဏီကျမ်းသည်လည်း—

---

၁-မိလိန္ဒပဉှာ-၉၄။

စိတ္တံ ရူပဉ္စ နိက္ခေပံ၊ အတ္ထုဒ္ဓါရံ မနောရမံ။
ယံ လောကနာထော ဘာဇေန္တော၊ ဒေသေသိ ဓမ္မသင်္ဂဏိံ[၁] ။

ဟူသည်နှင့်အညီ နာမ်ပိုင်းအဘိဓမ္မာ·ရုပ်ပိုင်းအဘိဓမ္မာ ၎င်းရုပ်နာမ် ၂-ပါးကို မူလကြောင်းရင်း, စုပေါင်းမှု ဖြစ်ပေါ်ရာ ဒွါရ, တည်ရာဘုံဌာနစသည်ဖြင့် မကျဉ်းမကျယ်ချဲ၍ ပြသောအပိုင်းနှင့် သရုပ်အရကို ထုတ်ပြသောအပိုင်းဟု အပိုင်းကြီး ၄လေးပိုင်း ပါရှိလေသည်။

ထိုတွင် နာမ်ပိုင်းအဘိဓမ္မာ၌လည်း မာတိကာ (ခေါင်းစဉ်အကျဉ်းချုပ်)နှင့် ပဒဘာဇနီ(အကျယ်ဝေဘန်မှု)ဟူ၍ ၂-ပိုင်းရှိရာ ဤမာတိကာ အရကောက်သည် ခေါင်းစဉ်အကျဉ်းချုပ် သာသာမျှသာ ဖြစ်ပေသေးသည်။ ယင်းမာတိကာ၌ကား အပြစ်ရှိမှု ခံစားမှု အကျိုးပေးမှု စသော သဘောအားဖြင့်၎င်း ဘုံပုဂ္ဂိုလ်အားဖြင့်၎င်း ရုပ်နာမ်ဓမ္မများကို ၃-စုတလှည့် ၂-စုတလှည့် အမျိုးမျိုး ခွဲစိတ်ပြသောကျမ်းဖြစ်၏။ ၎င်းနောက် ပါဠိတော်၌ ကောဋ္ဌာသဝါရ သုညတဝါရ စသည်တို့ဖြင့် အစိတ်အစိတ် ခွဲခြမ်း၍၎င်း စုပေါင်း၍၎င်း နည်းမျိုးစုံဖြင့် အခြေခံလုံလောက်အောင် ညွှန်ပြတော်မူခဲ့ပေသည်။

အရကောက်ကျမ်းများကား ယင်းပါဠိတော်ရှိ သဘောအားလုံးကို အရေးကြီးရာ ခြုံမိ ငုံမိအောင် မြန်မာစကားပြေဖြင့် ညဝါဆိုစာအဖြစ် မကျဉ်းမကျယ် စီစဉ်ထားချက်များဖြစ်၏။ ယင်းသို့ ကျယ်ဝန်းသော အဘိဓမ္မာပါဠိတော်ကြီးများကို အချိန်တိုတိုဖြင့် လိုရင်း အချုပ်သိသာအောင် မြန်မာအဘိဓမ္မာခေါ် အရကောက်ကျမ်းများကို ကြံဆင်စီစဉ်နိုင်ခဲ့ခြင်းကြောင့်လည်း ဗုဒ္ဓအဘိဓမ္မာကို လေ့လာရာ၌ မြန်မာပြည်သည် သူမတူ ထင်ရှားခဲ့ရခြင်း ဖြစ်ပေသည်။

**မာတိကာ အရကောက်များ**

ယင်းအရကောက်ကျမ်းများမှာ မြန်မာသက္ကရာဇ် ၉၀၀-ကျော် (ရတနာပူရ အင်းဝနေပြည်တော် သာလွန်မင်းတရားကြီး လက်ထက်တော်အခါ) အရှင်မုနိန္ဒဃောသ (တောင်ဖီလာ) ဆရာတော်ဘုရားကြီးများ ခေတ်ကမှ စတင်တီထွင်ခဲ့ခြင်းဖြစ်ကြောင်း သမိုင်းကပြဆိုလေသည်။ ၎င်းနောက် တခေတ်ပြီးတခေတ် ထွက်ပေါ်လာသောအရကောက်များ စာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

၁။ တောင်ဖီလာမူ
၂။ နန်းကျောင်းမူ
၃။ တောင်ဘီလူးမူ
၄။ ထန်းတပင်မူ

---

၁·အဋ္ဌသာလိနီ-၄၅၃ (နိဂုံး။)

၅။ ဗားကရာမှု
၆။ ညောင်ကန်မှု
၇။ သဲအင်းမှု

စသည်ဖြင့် ဆရာအဆူဆူတို့၏ မူအမျိုးမျိုးတို့ ထွက်ပေါ်ခဲ့ကြ၏။ ထိုတွင် မာတိကာအရကောက်မှာ ဗားကရာမှု, ဓာတုကထာအရကောက်မှာ သဲအင်းမှု, ယမိုက်နှင့် ပဋ္ဌာန်းအရကောက်မှာ ထန်းတပင်မှုတို့ကိုသာ ယခုအခါ၌ အသုံးပြုလျက်ရှိကြပေသည်။

ဤမာတိကာ အရကောက်ကား ဗားကရာမှုဟု ဆိုရသော်လည်း စင်စစ် ပဌမဗားကရာဆရာတော် ရေးသားချက်ကား မဟုတ်ပေ။ ၎င်း၏တပည့် ကမ်းနီ (ကနီ)မြို့ကျေး မရိုးတုံ့ရွာဇာတိ[1] (ထိုစဉ်က ၄-ဝါမျှသာ ရှိသေးသော) အရှင်ဝရဇောဇော(၁၁၄၉-ခုနှစ်)ရေးသားသော အရကောက်သာ ဖြစ်ပေသည်။ဓာတုကထာ အရကောက်လည်း သဲအင်းမှု ဆိုရစေကာမူ မူလသဲအင်း သာသနာပိုင် ရေးသောကျမ်းစာမဟုတ်။ ၎င်း၏တပည့် အရှင်ဇမ္ဗုဒီပဓဇ(၁၂၁၅-ခုနှစ်) ရေးသော ကျမ်းစာဖြစ်သည်။ ၎င်း ၂-ကျမ်းဂဏ္ဌိကိုမူ ပဌမ မောင်းထောင် သာသနာပိုင် ဆရာတော်ရေးသောမူနှင့် ခင်ကြီးပျော်ရေးသော မူအားဖြင့် ၂-မူရှိကြောင်း ပိဋကသမိုင်းနှင့် အဋ္ဌသာလိနီဂဏ္ဌိတို့အရ သိရှိရပေသည်။

**ဤကျမ်းစာ၏ ကောင်းခြင်းဂုဏ်** အဆိုပါကျမ်းများကို (လတ်တလောလိုအပ်သော) နောက်ဆက်တွဲ ကျက်မှတ် ကြည့်ရှုဘွယ်များနှင့်သာ တကွ ပြည်ထောင်စု မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့က စာအုပ်၏ ကောင်းခြင်းအင်္ဂါတို့နှင့် ပြည့်စုံစေလျက် သာသနာတော် ကြီးပွါးရေးကို ရှေးရှုကာ ရိုက်နှိပ်ဖြန့်ချိလိုက်ခြင်း ဖြစ်ပေသည်။

ယင်းသို့ ရိုက်နှိပ်ဖြန့်ချိရာ၌ အဘိဓမ္မာစာသင်သားတို့အတွက် အဖိုးနှုန်းသက်သာ၍ ကြာရှည်ခိုင်ခံ့မည့် ကောင်းသောစက္ကူ သေသပ်သော ချုပ်လုပ်မှုတို့နှင့် ပြည့်စုံစေသည်သာမက စာမူသန့်စဉ်မှု အထားအသို အဖြတ်အတောက် သိပ်သည်းမှု စသော ဂုဏ်တို့နှင့်လည်း ပြည့်စုံစေရန် ပါဠိအဋ္ဌကထာ ဋီကာများကို အချိန်ယူ၍ ပြင်ဆင်စေသည့်နည်းတူ ဤကျမ်းစာကိုလည်း ပြင်ဆင်မှု(ပဋိဝိသောမန ဩသာန သောဓန) ပြုလုပ်ပေးတော်မူရန် ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃအဖွဲ့အကျိုးဆောင်ဆရာတော် ဦးဝိသုဒ္ဓါဘိဝံသ=အဂ္ဂမဟာပဏ္ဍိတအား လျှောက်ထားရာ ယင်းဆရာတော်ကမှ တဆင့် အဖွဲ့၏ ဥက္ကဋ္ဌ, အဘိဓမ္မပါရဂူ ဖြစ်တော်မူ

---

[1]-ထိုထိုမူတို့၌ ပြားရိုးသုံးဟု ရှိသော်လည်း ဗားကရာဆရာတော်မေးတန်းခေါ် ရှံတင်စာတမ်း၌ မရိုးတုံ့ဟု ရှိသည်။

သော အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ဘုရားကြီးအား လုံးဝတာဝန်ယူ ဆောင်ရွက်ပေးတော်မူရန် လျှောက်ပန် လွှဲအပ်ခဲ့လေသည်။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကလည်း ယခင် ယမိုက် နှင့် ပဋ္ဌာန်းအရကောက် ကျမ်းကြီးများကို တာဝန်ယူ ပြင်ဆင်ခဲ့သည့်နည်းတူ အောက်ဖော်ပြရာပါ တပည့်ကြီးများ ပါဝင်သော ပဋိဝိသောဓက, ဩသာနသောဓက အဖွဲ့ကို ဖွဲ့၍ ယင်းအဖွဲ့ဝင်တို့နှင့်အတူ ကိုယ်တော်တိုင် ဦးစီးကြပ်မ,ကာ ပြင်ဆင်တော်မူခဲ့လေသည်။

၁။ ပဋ္ဌာန်းဆရာတော် ဦးဝိသုဒ္ဓ၊ အဂ္ဂမဟာပဏ္ဍိတ၊ မစိုးရိမ်၊ မန္တလေး။

၂။ ဦးကောသလ္လ၊ ဓမ္မာစရိယ၊ မစိုးရိမ်၊ မန္တလေး။

၃။ ဦးဥတ္တမာနန္ဒာစရိယ၊ ဓမ္မာစရိယ၊ မစိုးရိမ်၊ မန္တလေး။

ဗုဒ္ဓါဒိစ္စေ အနုပ္ပန္နေ၊ ဗုဒ္ဓစန္ဒေ အနုဂ္ဂတေ။
တေသံ သဘာဝဓမ္မာနံ၊ နာမမတ္တံ န နာယတိ။ (ပရိဝါပါဠိ။)

လေးကျွန်းလင်းခိုက်၊ တကျွန်းမိုက်လည်း၊ လေးတိုက်လုံးလျှံ့၊ ထွန်းလင်းစည့်သား၊ နေ၏အရောင်၊မိုးလယ်ခေါင်၌၊ သန်ကောင်ညဥ့်ခါ၊ လှည့်လည်ကာဖြင့်၊ စန္ဒာရောင်ဝန်း၊ မပြောင်ထွန်းသော်၊ လေးကျွန်းလုံးမိုက်၊ အမှောင်တိုက်တည့်၊ သံထိုက်အပ်စွာ၊ အရာရာကို၊ ဘာတခုမျှ၊ မသိရခဲ့၊ ကပ္ပအာဒိ၊ လင်းမရှိ၍၊ မျက်စိအာရုံ၊ ကြောင်းတိုက်ဆုံလည်း၊ အာရုံကြီးစိုး၊ ပစ္စည်းမျိုးတို့၊ ကြောင်းကျိုးမစပ်၊ ဒွါရရပ်၌၊ မဘပ်အလုပ်၊ ပစ္စယုပ်လည်း၊ ဥပ္ပါဒ်မထင်၊ စက်ဝိညာဉ်တို့၊မြင်ခွင့်မသာ၊ မြင်ဇောကာလည်း၊ မြဘ်စွာသခင်၊ နေလုလင်သာ၊ သဗ္ဗညုဉာဏ်၊ တောင်ယုဂန်မှ၊ ဓမ္မက္ခန်အပေါင်း၊ လေးထောင်ဆောင်းသည့်၊ ရှစ်သောင်းရောင်ခြည်၊ မကွန့်လည်သော်၊ ဤကားပညက်၊ ပရမတ်ဟု၊ နာမ်ဓာတ်နှင့်ရုပ်၊ ဖြစ်ပျက်ချုပ်၍၊ သမုပ္ပါဒ်စက်၊ ကြောင်းကျိုးဆက်လည်း၊ သက်သက်မမြင်၊ မည်ကိုပင်မျှ၊ နားတွင်မကြား၊ ဆုံလည်နွားသို့၊ ချား=သံသရာ၊ ခန်=ခန္ဓာတို့၊ ဖန်ခါလှည့်လည်၊ ဝဋ်နွယ်ရှည်လိမ့်၊ ရောင်ခြည်ခုသော်၊ ထွန်းလင်းပေါ်၍၊ ရှစ်ဖော်မဂ္ဂင်၊ လမ်းရိုးတွင်ပြီ၊ လျင်စွာထွက်လမ်း ကက်လှမ်းသော်။

ဗုဒ္ဓနေ ၁၃၂၆-ခုနှစ်

(၂၅-၄-၆၄)

## မာတိကာနှင့် ဓာတုကထာ အရကောက်

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

**၁-တိက မာတိကာ ပါဠိတော်**

| | | |
|---|---|---|
| ၁-တိကမာတိကာ | .... .... .... .... .... | ၁ |

**၂-အဘိဓမ္မ ဒုကမာတိကာ ပါဠိတော်**

| | | | |
|---|---|---|---|
| ၁-ဟေတုဂေါစ္ဆက | (၆) | .... .... .... | ၃ |
| ၄-စူဠန္တရဒုက | (၇) | .... .... .... | ၃ |
| ၃-အာသဝဂေါစ္ဆက | (၆) | .... .... .... | ၃ |
| ၄-သညောဇနဂေါစ္ဆက | (၆) | .... .... .... | ၄ |
| ၅-ဂန္ထဂေါစ္ဆက | (၆) | .... .... .... | ၄ |
| ၆-ဩဃဂေါစ္ဆက | (၆) | .... .... .... | ၄ |
| ၇-ယောဂဂေါစ္ဆက | (၆) | .... .... .... | ၅ |
| ၈-နီဝရဏဂေါစ္ဆက | (၆) | .... .... .... | ၅ |
| ၉-ပရာမာသဂေါစ္ဆက | (၅) | .... .... .... | ၆ |
| ၁၀-မဟန္တရဒုက | (၁၄) | .... .... .... | ၆ |
| ၁၁-ဥပါဒါနဂေါစ္ဆက | (၆) | .... .... .... | ၇ |
| ၁၂-ကိလေသဂေါစ္ဆက | (၈) | .... .... .... | ၇ |
| ၁၃-ပိဋ္ဌိဒုက | (၁၈) | .... .... .... | ၇ |

**၃-သုတ္တန္တိက ဒုကမာတိကာ ပါဠိတော်**

| | | |
|---|---|---|
| ၃-သုတ္တန္တိက ဒုကမာတိကာ | .... .... .... .... | ၉ |

**ပဏ္ဏာမပုဗ္ဗက ဂန္ထာရမ္ဘ**

| | | |
|---|---|---|
| ၁-ပဏ္ဏာမပုဗ္ဗကဂန္ထာရမ္ဘ | .... .... .... .... .... | ၁၁ |

**မာတိကာနိဒါန်း**

| | | |
|---|---|---|
| ၁-မာတိကာနိဒါန်း | .... .... .... .... .... | ၁၃ |

| အမှတ်စဉ် | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၄-တိကမာတိကာ အရကောက်

| | |
|---|---|
| ၁-ကုသလတိက် .... .... .... .... .... .... | ၁၈ |
| ၂-ဝေဒနာတိက် .... .... .... .... .... .... | ၂၂ |
| ၃-ဝိပါကတိက် .... .... .... .... .... .... | ၂၆ |
| ၄-ဥပါဒိန္နတိက် .... .... .... .... .... .... | ၃၀ |
| ၅-သံကိလိဋ္ဌတိက် .... .... .... .... .... .... | ၃၅ |
| ၆-ဝိတက္ကတိက် .... .... .... .... .... .... | ၃၇ |
| ၇-ပီတိတိက် .... .... .... .... .... .... | ၄၁ |
| ၈-ဒဿနတိက် .... .... .... .... .... .... | ၄၃ |
| ၉-ဒဿနဟေတုတိက် .... .... .... .... .... | ၄၆ |
| ၁၀-အာစယဂါမိတိက် .... .... .... .... .... .... | ၄၇ |
| ၁၁-သေက္ခတိက် .... .... .... .... .... .... | ၄၈ |
| ၁၂-ပရိတ္တတိက် .... .... .... .... .... .... | ၅၀ |
| ၁၃-ပရိတ္တာရမ္မဏတိက် .... .... .... .... .... | ၅၁ |
| ၁၄-ဟီနတိက် .... .... .... .... .... .... | ၅၃ |
| ၁၅-မိစ္ဆတ္တတိက် .... .... .... .... .... .... | ၅၃ |
| ၁၆-မဂ္ဂါရမ္မဏတိက် .... .... .... .... .... .... | ၅၅ |
| ၁၇-ဥပ္ပန္နတိက် .... .... .... .... .... .... | ၆၀ |
| ၁၈-အတီတတိက် .... .... .... .... .... .... | ၆၂ |
| ၁၉-အတီတာရမ္မဏတိက် .... .... .... .... .... | ၆၂ |
| ၂၀-အဇ္ဈတ္တတိက် .... .... .... .... .... .... | ၆၅ |
| ၂၁-အဇ္ဈတ္တာရမ္မဏတိက် .... .... .... .... .... | ၆၅ |
| ၂၂-သနိဒဿနတိက် .... .... .... .... .... .... | ၆၈ |

## ၅-အဘိဓမ္မ ဒုကမာတိကာ အရကောက်

### ၁-ဟေတုဂေါစ္ဆက

| | |
|---|---|
| ၁-ဟေတုဒုက် .... .... .... .... .... .... | ၇၁ |
| ၂-သဟေတုကဒုက် .... .... .... .... .... .... | ၇၄ |
| ၃-ဟေတုသမ္ပယုတ္တဒုက် .... .... .... .... .... | ၇၆ |
| ၄-ဟေတုသဟေတုကဒုက် .... .... .... .... .... | ၇၇ |
| ၅-ဟေတုဟေတုသမ္ပယုတ္တဒုက် .... .... .... .... | ၇၈ |
| ၆-နဟေတု သဟေတုကဒုက် .... .... .... .... .... | ၇၈ |

| အနုတ်စဉ် | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၂-စူဠန္တရဒုက်


၁-သပ္ပစ္စယဒုက် .... .... .... .... .... .... ၈၂
၂-သင်္ခတဒုက် .... .... .... .... .... .... ၈၃
၃-သနိဒဿနဒုက် .... .... .... .... .... .... ၈၃
၄-သပ္ပဋိဃဒုက် .... .... .... .... .... .... ၈၃
၅-ရူပီဒုက် .... .... .... .... .... .... ၈၅
၆-လောကိယဒုက် .... .... .... .... .... .... ၈၆
၇-ကေနစိဝိညေယျဒုက် .... .... .... .... .... ၈၆


## ၃-အာသဝဂေါစ္ဆက


၁-အာသဝဒုက် .... .... .... .... .... .... ၉၅
၂-သာသဝဒုက် .... .... .... .... .... .... ၉၆
၃-အာသဝသမ္ပယုတ္တဒုက် .... .... .... .... .... ၉၇
၄-အာသဝ သာသဝဒုက် .... .... .... .... .... ၉၈
၅-အာသဝ အာသဝသမ္ပယုတ္တဒုက် .... .... .... .... ၉၈
၆-အာသဝဝိပ္ပယုတ္တ သာသဝဒုက် .... .... .... .... ၉၉


## ၄-သညောဇနဂေါစ္ဆက


၁-သညောဇနဒုက် .... .... .... .... .... .... ၁၀၃
၂-သညောဇနိယဒုက် .... .... .... .... .... ၁၀၄
၃-သညောဇနသမ္ပယုတ္တဒုက် .... .... .... .... .... ၁၀၄
၄-သညောဇန သညောဇနိယဒုက် .... .... .... .... ၁၀၅
၅-သညောဇန သညောဇနသမ္ပယုတ္တဒုက် .... .... .... ၁၀၅
၆-သညောဇနဝိပ္ပယုတ္တ သညောဇနိယဒုက် .... .... .... ၁၀၆


## ၅-ဂန္ထဂေါစ္ဆက


၁-ဂန္ထဒုက် .... .... .... .... .... .... ၁၁၀
၂-ဂန္ထနိယဒုက် .... .... .... .... .... .... ၁၁၁
၃-ဂန္ထသမ္ပယုတ္တဒုက် .... .... .... .... .... .... ၁၁၁
၄-ဂန္ထ ဂန္ထနိယဒုက် .... .... .... .... .... ၁၁၂
၅-ဂန္ထ ဂန္ထသမ္ပယုတ္တဒုက် .... .... .... .... .... ၁၁၃
၆-ဂန္ထဝိပ္ပယုတ္တ ဂန္ထနိယဒုက် .... .... .... .... .... ၁၁၃

| အမှတ်စဉ် | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၆-ဩဃဂေါစ္ဆက


၁-ဩဃဒုက် .... .... .... .... .... .... ၁၁၇
၂-ဩဃနိယဒုက် .... .... .... .... .... .... ၁၁၇
၃-ဩဃသမ္ပယုတ္တဒုက် .... .... .... .... .... ၁၁၈
၄-ဩဃ ဩဃနိယဒုက် .... .... .... .... .... ၁၁၉
၅-ဩဃ ဩဃသမ္ပယုတ္တဒုက် .... .... .... .... .... ၁၁၉
၆-ဩဃဝိပ္ပယုတ္တ ဩဃနိယဒုက် .... .... .... .... ၁၂၀


## ၇-ယောဂဂေါစ္ဆက


၁-ယောဂဒုက် .... .... .... .... .... .... ၁၂၃
၂-ယောဂနိယဒုက် .... .... .... .... .... .... ၁၂၃
၃-ယောဂသမ္ပယုတ္တဒုက် .... .... .... .... .... ၁၂၄
၄-ယောဂ ယောဂနိယဒုက် .... .... .... .... .... ၁၂၅
၅-ယောဂ ယောဂသမ္ပယုတ္တဒုက် .... .... .... .... ၁၂၅
၆-ယောဂဝိပ္ပယုတ္တ ယောဂနိယဒုက် .... .... .... .... ၁၂၆


## ၈-နီဝရဏဂေါစ္ဆက


၁-နီဝရဏဒုက် .... .... .... .... .... .... ၁၂၉
၂-နီဝရဏိယဒုက် .... .... .... .... .... .... ၁၂၉
၃-နီဝရဏသမ္ပယုတ္တဒုက် .... .... .... .... .... ၁၃၀
၄-နီဝရဏ နီဝရဏိယဒုက် .... .... .... .... .... ၁၃၁
၅-နီဝရဏ နီဝရဏသမ္ပယုတ္တဒုက် .... .... .... .... ၁၃၁
၆-နီဝရဏဝိပ္ပယုတ္တ နီဝရဏိယဒုက် .... .... .... .... ၁၃၂


## ၉-ပရာမာသဂေါစ္ဆက


၁-ပရာမာသဒုက် .... .... .... .... .... .... ၁၃၅
၂-ပရာမဋ္ဌဒုက် .... .... .... .... .... .... ၁၃၅
၃-ပရာမာသသမ္ပယုတ္တဒုက် .... .... .... .... .... ၁၃၆
၄-ပရာမာသ ပရာမဋ္ဌဒုက် .... .... .... .... .... ၁၃၇
၅-ပရာမာသဝိပ္ပယုတ္တ ပရာမဋ္ဌဒုက် .... .... .... .... ၁၃၈

| အမှတ်စဉ် | အကြောင်းအရာ | ပျက်နှာအမှတ် |
| --- | --- | --- |

## ၁၀-မဟန္တရဒုက်

၁-သာရမ္မဏဒုက် .... .... .... .... .... .... ၁၄၀
၂-စိတ္တဒုက် .... .... .... .... .... .... ၁၄၂
၃-စေတသိကဒုက် .... .... .... .... .... .... ၁၄၄
၄-စိတ္တသမ္ပယုတ္တဒုက် .... .... .... .... .... ၁၄၅
၅-စိတ္တသံသဋ္ဌဒုက် .... .... .... .... .... .... ၁၄၆
၆-စိတ္တသမုဋ္ဌာနဒုက် .... .... .... .... .... ၁၄၆
၇-စိတ္တသဟဘုဒုက် .... .... .... .... .... .... ၁၄၈
၈-စိတ္တာနုပရိဝတ္တိဒုက် .... .... .... .... .... ၁၅၀
၉-စိတ္တ သံသဋ္ဌသမုဋ္ဌာနဒုက် .... .... .... .... .... ၁၅၀
၁၀-စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုဒုက် .... .... .... .... ၁၅၀
၁၁-စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက် .... .... .... .... ၁၅၁
၁၂-အဇ္ဈတ္တိကဒုက် .... .... .... .... .... .... ၁၅၁
၁၃-ဥပါဒါဒုက် .... .... .... .... .... .... ၁၅၃
၁၄-ဥပါဒိန္နဒုက် .... .... .... .... .... .... ၁၅၅

## ၁၁-ဥပါဒါနဂေါစ္ဆက

၁-ဥပါဒါနဒုက် .... .... .... .... .... .... ၁၅၆
၂-ဥပါဒါနိယဒုက် .... .... .... .... .... .... ၁၅၇
၃-ဥပါဒါနသမ္ပယုတ္တဒုက် .... .... .... .... .... ၁၅၇
၄-ဥပါဒါန ဥပါဒါနိယဒုက် .... .... .... .... .... ၁၅၈
၅-ဥပါဒါန ဥပါဒါနသမ္ပယုတ္တဒုက် .... .... .... .... ၁၅၈
၆-ဥပါဒါနဝိပ္ပယုတ္တ ဥပါဒါနိယဒုက် .... .... .... .... ၁၅၉

## ၁၂-ကိလေသဂေါစ္ဆက

၁-ကိလေသဒုက် .... .... .... .... .... .... ၁၆၂
၂-သံကိလေသိကဒုက် .... .... .... .... .... ၁၆၃
၃-သံကိလိဋ္ဌဒုက် .... .... .... .... .... .... ၁၆၄
၄-ကိလေသသမ္ပယုတ္တဒုက် .... .... .... .... .... ၁၆၅
၅-ကိလေသ သံကိလေသိကဒုက် .... .... .... .... ၁၆၅
၆-ကိလေသ သံကိလိဋ္ဌဒုက် .... .... .... .... .... ၁၆၆
၇-ကိလေသ ကိလေသသမ္ပယုတ္တဒုက် .... .... .... .... ၁၆၆
၈-ကိလေသဝိပ္ပယုတ္တ သံကိလေသိကဒုက် .... .... .... ၁၆၇

| အမှတ်စဉ် | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၁၃-ပိဋ္ဌိဒုက်


၁-ဒဿနေန ပဟာတဗ္ဗဒုက် .... .... .... .... .... ၁၆၉
၂-ဘာဝနာယ ပဟာတဗ္ဗဒုက် .... .... .... .... .... ၁၇၁
၃-ဒဿနေန ပဟာတဗ္ဗဟေတုကဒုက် .... .... .... .... ၁၇၃
၄-ဘာဝနာယ ပဟာတဗ္ဗဟေတုကဒုက် .... .... .... ၁၇၄
၅-သဝိတက္ကဒုက် .... .... .... .... .... .... ၁၇၅
၆-သဝိစာရဒုက် .... .... .... .... .... .... ၁၇၇
၇-သပ္ပီတိကဒုက် .... .... .... .... .... .... ၁၇၉
၈-ပီတိသဟဂတဒုက် .... .... .... .... .... ၁၈၀
၉-သုခသဟဂတဒုက် .... .... .... .... .... ၁၈၁
၁၀-ဥပေက္ခာသဟဂတဒုက် .... .... .... .... .... ၁၈၃
၁၁-ကာမာဝစရဒုက် .... .... .... .... .... ၁၈၄
၁၂-ရူပါဝစရဒုက် .... .... .... .... .... .... ၁၈၅
၁၃-အရူပါဝစရဒုက် .... .... .... .... .... .... ၁၈၅
၁၄-ပရိယာပန္နဒုက် .... .... .... .... .... .... ၁၈၆
၁၅-နိယျာနိကဒုက် .... .... .... .... .... .... ၁၈၆
၁၆-နိယတဒုက် .... .... .... .... .... .... ၁၈၇
၁၇-သဥတ္တရဒုက် .... .... .... .... .... .... ၁၈၈
၁၈-သရဏဒုက် .... .... .... .... .... .... ၁၈၉


## ၆-သုတ္တန္တိက ဒုကမာတိကာ

## အရကောက်


၁-ဝိဇ္ဇာဘာဂီဒုက် .... .... .... .... .... .... ၁၉၀
၂-ဝိဇ္ဇူပမဒုက် .... .... .... .... .... .... ၁၉၂
၃-ဗာလဒုက် .... .... .... .... .... .... ၁၉၂
၄-ကဏှဒုက် .... .... .... .... .... .... ၁၉၃
၅-တပနီယဒုက် .... .... .... .... .... .... ၁၉၃
၆-အဓိဝစနဒုက် .... .... .... .... .... .... ၁၉၃
၇-နိရုတ္တိဒုက် .... .... .... .... .... .... ၁၉၄
၈-ပညတ္တိဒုက် .... .... .... .... .... .... ၁၉၅
၉-နာမရူပဒုက် .... .... .... .... .... .... ၁၉၅

| အမှတ်စဉ် | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| ၁၀-အဝိဇ္ဇာဒုက် | .... .... .... .... .... .... | ၁၉၆ |
| ၁၁-ဘဝဒိဋ္ဌိဒုက် | .... .... .... .... .... .... | ၁၉၆ |
| ၁၂-သဿတဒိဋ္ဌိဒုက် | .... .... .... .... .... .... | ၁၉၇ |
| ၁၃-အန္တဝါဒိဋ္ဌိဒုက် | .... .... .... .... .... .... | ၁၉၇ |
| ၁၄-ပုဗ္ဗန္တာနုဒိဋ္ဌိဒုက် | .... .... .... .... .... .... | ၁၉၈ |
| ၁၅-အဟိရိကဒုက် | .... .... .... .... .... .... | ၁၉၈ |
| ၁၆-ဟိရီဒုက် | .... .... .... .... .... .... | ၁၉၈ |
| ၁၇-ဒေါဝစဿတာဒုက် | .... .... .... .... .... | ၁၉၉ |
| ၁၈-သောဝစဿတာဒုက် | .... .... .... .... .... | ၁၉၉ |
| ၁၉-အာပတ္တိကုသလတာဒုက် | .... .... .... .... .... | ၂၀၀ |
| ၂၀-သမာပတ္တိကုသလတာဒုက် | .... .... .... .... .... | ၂၀၁ |
| ၂၁-ဓာတုကုသလတာဒုက် | .... .... .... .... .... | ၂၀၁ |
| ၂၂-အာယတနကုသလတာဒုက် | .... .... .... .... | ၂၀၂ |
| ၂၃-ဌာနကုသလတာဒုက် | .... .... .... .... .... | ၂၀၃ |
| ၂၄-အဇ္ဇဝဒုက် | .... .... .... .... .... .... | ၂၀၃ |
| ၂၅-ခန္တိဒုက် | .... .... .... .... .... .... | ၂၀၄ |
| ၂၆-သာခလျဒုက် | .... .... .... .... .... .... | ၂၀၅ |
| ၂၇-ဣန္ဒြိယေသုအဂုတ္တဒွါရတာဒုက် | .... .... .... .... | ၂၀၅ |
| ၂၈-ဣန္ဒြိယေသု ဂုတ္တဒွါရတာဒုက် | .... .... .... .... | ၂၀၆ |
| ၂၉-မုဋ္ဌဿစ္စဒုက် | .... .... .... .... .... .... | ၂၀၆ |
| ၃၀-သတိသမ္ပဇညဒုက် | .... .... .... .... .... | ၂၀၇ |
| ၃၁-ပဋိသင်္ခါနဗလဒုက် | .... .... .... .... .... | ၂၀၇ |
| ၃၂-သမထဝိပဿနာဒုက် | .... .... .... .... .... | ၂၀၇ |
| ၃၃-သမထနိမိတ္တဒုက် | .... .... .... .... .... .... | ၂၀၈ |
| ၃၄-ပဂ္ဂါဟဒုက် | .... .... .... .... .... .... | ၂၀၉ |
| ၃၅-သီလဝိပတ္တိဒုက် | .... .... .... .... .... .... | ၂၀၉ |
| ၃၆-သီလသမ္ပဒါဒုက် | .... .... .... .... .... .... | ၂၁၀ |
| ၃၇-သီလဝိသုဒ္ဓိဒုက် | .... .... .... .... .... .... | ၂၁၀ |
| ၃၈-ဒိဋ္ဌိဝိသုဒ္ဓိခေါပနဒုက် | .... .... .... .... .... | ၂၁၁ |
| ၃၉-သံဝေဇနီယဋ္ဌာနဒုက် | .... .... .... .... .... | ၂၁၁ |
| ၄၀-အသန္တုဋ္ဌိတာကုသလဓမ္မဒုက် | .... .... .... .... | ၂၁၂ |
| ၄၁-ဝိဇ္ဇာဒုက် | .... .... .... .... .... .... | ၂၁၂ |
| ၄၂-ခယေဉာဏဒုက် | .... .... .... .... .... .... | ၂၁၃ |

| အမှတ်စဉ် | အကြောင်းအရာ | မျက်နှာအမှတ် |
| --- | --- | --- |


## နိဂမန

၁-နိဂမန .... .... .... .... .... .... ၂၁၄

## ၇-မာတိကာ တုတ်လှမ်းချိုးများ

၁-မာတိကာ တုတ်လှမ်းချိုးများ .... .... .... .... ၂၁၇-၉

## ၈-မာတိကာ အရကောက် အစိပ္ပါယ်

၁-ကုသလတိက် .... .... .... .... .... .... ၂၂၀
၂-ဝေဒနာတိက် .... .... .... .... .... .... ၂၂၄
၃-ဝိပါကတိက် .... .... .... .... .... .... ၂၂၅
၄-ဥပါဒိန္နတိက် .... .... .... .... .... .... ၂၂၆
၅-သံကိလိဋ္ဌတိက် .... .... .... .... .... .... ၂၂၇
၆-ဝိတက္ကတိက် .... .... .... .... ... .... ၂၂၈
၇-ပီတိတိက် .... .... .... .... .... .... ၂၂၈
၈-ဒဿနတိက် .... .... .... .... .... .... ၂၂၉
၉-ဒဿနဟေတုတိက် .... .... .... .... .... ၂၃၀
၁၀-အာစယဂါမိတိက် .... .... .... .... .... ၂၃၀
၁၁-သေက္ခတိက် .... .... .... .... .... .... ၂၃၁
၁၃-ပရိတ္တာရမ္မဏတိက် .... .... .... .... .... ၂၃၂
၁၅-မိစ္ဆတ္တတိက် .... .... .... .... .... ၂၃၂
၁၆-မဂ္ဂါရမ္မဏတိက် .... .... .... .... .... .... ၂၃၆
၁၇-ဥပ္ပန္နတိက် .... .... .... .... .... .... ၂၃၉
၂၁-အဇ္ဈတ္တာရမ္မဏတိက် .... .... .... .... .... ၂၃၉

## ဒုကမာတိကာ အရကောက် အစိပ္ပါယ်

၁-ဟေတုဒုက် .... .... .... .... .... .... ၂၄၀
၂-စူဠန္တရဒုက် .... .... .... .... .... .... ၂၄၃
၁၃-ကေနစိဝိညေယျဒုက် ... .... .... .... .... ၂၄၃
၁၄-အာသဝသမ္ပယုတ္တဒုက် .... .... .... .... .... ၂၄၄
၁၉-အာသဝဝိပ္ပယုတ္တ သာသဝဒုက် .... .... .... .... ၂၄၄
၂၀-သညောဇနဒုက် .... ... .... .... .... .... ၂၄၄

| အမှတ်စဉ် | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| ၃၂-ဩဃဒုက် | .... .... .... .... .... .... | ၂၄၄ |
| ၅၀-ပရာမာသဒုက် | .... .... .... .... .... .... | ၂၄၅ |
| ၅၉-စိတ္တသံသဋ္ဌဒုက် | .... .... .... .... .... .... | ၂၄၅ |


## ၉-၁၀-မာတိကာဂဏ္ဍိနှင့် သာဓကအနက်

### မာတိကာဂဏ္ဍိ


| | | |
|---|---|---|
| မာတိကာခေါ်ခြင်းအကြောင်း | .... .... .... .... | ၂၄၆ |
| ၁-ကုသလတိက် | .... .... .... .... .... .... | ၂၄၈ |
| ၂-ဝေဒနာတိက် | .... .... .... .... .... .... | ၂၅၁ |
| ၃-ဝိပါကတိက် | .... .... .... .... .... .... | ၂၅၄ |
| ၄-ဥပါဒိန္နတိက် | .... .... .... .... .... .... | ၂၅၅ |
| ၅-သံကိလိဋ္ဌတိက် | .... .... .... .... .... .... | ၂၅၈ |
| ၆-ဝိတက္ကတိက် | .... .... .... .... .... .... | ၂၆၂ |
| ၇-ပီတိတိက် | .... .... .... .... .... .... | ၂၆၂ |
| ၈-ဒဿနတိက် | .... .... .... .... .... .... | ၂၆၄ |
| ၉-ဒဿနဟေတုတိက် | .... .... .... .... .... | ၂၆၅ |
| ၁၁-သေက္ခတိက် | .... .... .... .... .... .... | ၂၆၅ |
| ၁၃-ပရိတ္တာရမ္မဏတိက် | .... .... .... .... .... | ၂၆၅ |
| ၁၅-မိစ္ဆတ္တတိက် | .... .... .... .... .... .... | ၂၆၆ |
| ၁၆-မဂ္ဂါရမ္မဏတိက် | .... .... .... .... .... .... | ၂၆၈ |
| ၁၇-ဥပ္ပန္နတိက် | .... .... .... .... .... .... | ၂၇၅ |
| ၁၉-အတီတာရမ္မဏတိက် | .... .... .... .... .... | ၂၇၆ |
| ၂၁-အဇ္ဈတ္တာရမ္မဏတိက် | .... .... .... .... .... | ၂၇၆ |
| ၂၂-သနိဒဿနတိက် | .... .... .... .... .... .... | ၂၇၇ |


### ဒုကမာတိကာဂဏ္ဍိ


| | | |
|---|---|---|
| ၁-ဟေတုဒုက် | .... .... .... .... .... .... | ၂၇၈ |
| ၂-သဟေတုကဒုက် | .... .... .... .... .... .... | ၂၇၉ |
| ၃-ဟေတုသမ္ပယုတ္တဒုက် | .... .... .... .... .... | ၂၇၉ |
| ၆-နဟေတု သဟေတုကဒုက် | .... .... .... .... .... | ၂၈၀ |
| ၇-သပ္ပစ္စယဒုက် | .... .... .... .... .... .... | ၂၈၁ |

| အမှတ်စဉ် | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|


၈-သခ်တဒုက် .... ၂၈၄
၉-သနိဒဿနဒုက် .... ၂၈၅
၁၃-ကေနစိဝိညေယျဒုက် .... ၂၈၅
၁၅-သာသဝဒုက် .... ၂၈၆
၁၆-အာသဝသမ္ပယုတ္တဒုက် .... ၂၈၇
၁၉-အာသဝဝိပ္ပယုတ္တသာသဝဒုက် .... ၂၈၇
၂၀-သညောဇနဒုက် .... ၂၈၈
၂၅-သညောဇနဝိပ္ပယုတ္တသညောဇနိယဒုက် .... ၂၈၈
၂၆-ဂန္ထဒုက် .... ၂၈၈
၃၂-ဩဃဒုက် .... ၂၈၈
၄၄-နီဝရဏဒုက် .... ၂၈၉
၅၀-ပရာမာသဒုက် .... ၂၈၉
၅၂-ပရာမာသသမ္ပယုတ္တဒုက် .... ၂၈၉
၅၉-စိတ္တသံသဋ္ဌဒုက် .... ၂၉၀
၆၀-စိတ္တသမုဋ္ဌာနဒုက် .... ၂၉၀
၆၆-အဇ္ဈတ္တိကဒုက် .... ၂၉၀
၈၃-ဒဿနေနပဟာတဗ္ဗဒုက် .... ၂၉၁
၈၇-၉၂-သဝိတက္ကဒုက်။ပ။ ဥပေက္ခာသဟဂတဒုက် .... ၂၉၁
၉၈-နိယတဒုက် .... ၂၉၂
၉၉-သဥတ္တရဒုက် .... ၂၉၂


## ၁၁-မာတိကာ နိဒ္ဒေသဝဏ္ဏနာ


၁-မာတိကာ နိဒ္ဒေသဝဏ္ဏနာ .... ၂၉၄-၃၁၂


## ၁၂-ဓာတုကထာ ပါဠိတော်

### ဥဒ္ဒေသ


၁-နယမာတိကာ .... ၃၁၃
၂-အဗ္ဘန္တရမာတိကာ .... ၃၁၃
၃-နယမုခမာတိကာ .... ၃၁၄
၄-လက္ခဏမာတိကာ .... ၃၁၄
၅-ဗာဟိရမာတိကာ .... ၃၁၄

| အမှတ်စဉ် | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ပဌမနယ

၁-ပဌမနယနိဒ္ဒေသ .... .... .... .... .... .... ၃၁၄
၂-ဒုတိယနယနိဒ္ဒေသ .... .... .... .... .... ၃၃၇
၃-တတိယနယနိဒ္ဒေသ .... .... .... .... .... ၃၃၉
၄-စတုတ္ထနယနိဒ္ဒေသ .... .... .... .... .... ၃၄၁
၅-ပဉ္စမနယနိဒ္ဒေသ .... .... .... .... .... .... ၃၄၃
၆-ဆဋ္ဌနယနိဒ္ဒေသ .... .... .... .... .... .... ၃၅၀
၇-သတ္တမနယနိဒ္ဒေသ .... .... .... .... .... ၃၆၁
၈-အဋ္ဌမနယနိဒ္ဒေသ .... .... .... .... .... ၃၆၃
၉-နဝမနယနိဒ္ဒေသ .... .... .... .... .... .... ၃၆၄
၁၀-ဒသမနယနိဒ္ဒေသ .... .... .... .... .... ၃၆၉
၁၁-ဧကာဒသမနယနိဒ္ဒေသ .... .... .... .... .... ၃၇၈
၁၂-ဒွါဒသမနယနိဒ္ဒေသ .... .... .... .... .... ၃၈၁
၁၃-တေရသမနယနိဒ္ဒေသ .... .... .... .... .... ၃၈၅
၁၄-စုဒ္ဒသမနယနိဒ္ဒေသ .... .... .... .... .... ၃၈၉

## ၁၃-ဓာတုကထာ အရကောက်

ပဏ္ဏာမ .... .... .... .... .... .... .... ၄၀၁

### ဥဒ္ဒေသ

၁-နယမာတိကာ .... .... .... .... .... .... ၄၀၂
၂-အဗ္ဘန္တရမာတိကာ .... .... .... .... .... ၄၀၆
၃-နယမုခမာတိကာ .... .... .... .... .... ၄၀၈
၄-လက္ခဏမာတိကာ .... .... .... .... .... ၄၀၈
၅-ဗာဟိရမာတိကာ .... .... .... .... .... ၄၀၈

### နိဒ္ဒေသ

၁-ပဌမနယနိဒ္ဒေသ .... .... .... .... .... .... ၄၂၂
ဒုမ္ဘိ ရဂ္ဃါ အစချီဂါထာ .... .... .... .... .... ၄၄၉
ပိဋကသင်္ချာယူနည်း .... .... .... .... .... ၄၅၁
ပဉ္စဝိသာဓိကေန ပဒသတေန အရ .... .... .... .... ၄၅၂
ကောသလာ အရ .... .... .... .... .... .... ၄၅၃
ဒုတိယနယ ဥဒါန်းစဉ်ဂါထာ .... .... .... .... .... ၄၅၄
၂-ဒုတိယနယနိဒ္ဒေသ .... .... .... .... .... ၄၅၅

| အမှတ်စဉ် | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | တတိယနယ ဥဒ္ဒါန်းစဉ်ဂါထာ | ၄၆၀ |
| ၃- | တတိယနယနိဒ္ဒေသ | ၄၆၂ |
| | စတုတ္ထနယ ဥဒ္ဒါန်းစဉ်ဂါထာ | ၄၆၈ |
| ၄- | စတုတ္ထနယနိဒ္ဒေသ | ၄၇၀ |
| | ပဉ္စမ နယ ဥဒ္ဒါန်းစဉ်ဂါထာ | ၄၇၄ |
| ၅- | ပဉ္စမနယနိဒ္ဒေသ | ၄၇၇ |
| | ဆဋ္ဌမ နယ ဥဒ္ဒါန်းစဉ်ဂါထာ | ၄၈၃ |
| ၆- | ဆဋ္ဌနယနိဒ္ဒေသ | ၄၈၇ |
| | သတ္တမ နယ ဥဒ္ဒါန်းစဉ်ဂါထာ | ၅၀၁ |
| ၇- | သတ္တမနယနိဒ္ဒေသ | ၅၀၃ |
| | အဋ္ဌမ နယ ဥဒ္ဒါန်းစဉ်ဂါထာ | ၅၀၈ |
| ၈- | အဋ္ဌမနယနိဒ္ဒေသ | ၅၁၀ |
| | နဝမ နယ ဥဒ္ဒါန်းစဉ်ဂါထာ | ၅၁၅ |
| ၉- | နဝမနယနိဒ္ဒေသ | ၅၁၇ |
| | ဒသမ နယ ဥဒ္ဒါန်းစဉ်ဂါထာ | ၅၂၅ |
| ၁၀- | ဒသမနယနိဒ္ဒေသ | ၅၂၇ |
| | ဧကာဒသမ နယ ဥဒ္ဒါန်းစဉ်ဂါထာ | ၅၃၃ |
| ၁၁- | ဧကာဒသမနယနိဒ္ဒေသ | ၅၃၅ |
| | ဒွါဒသမ နယ ဥဒ္ဒါန်းစဉ်ဂါထာ | ၅၄၀ |
| ၁၂- | ဒွါဒသမနယနိဒ္ဒေသ | ၅၄၂ |
| | တေရသမ နယ ဥဒ္ဒါန်းစဉ်ဂါထာ | ၅၄၈ |
| ၁၃- | တေရသမနယနိဒ္ဒေသ | ၅၄၉ |
| | စုဒ္ဒသမ နယ ဥဒ္ဒါန်းစဉ်ဂါထာ | ၅၅၁ |
| ၁၄- | စုဒ္ဒသမနယနိဒ္ဒေသ | ၅၅၂ |


## နိဂုံး


| | | |
|---|---|---|
| | နိဂုံး | ၅၅၈ |


## ၁၄-ဓာတုကထာ အရကောက် အဓိပ္ပါယ်


| | | |
|---|---|---|
| ၁- | ပဌမနယနိဒ္ဒေသ | ၅၅၉ |
| ၂- | ဒုတိယနယနိဒ္ဒေသ | ၅၆၂ |
| ၃-၅- | တတိယ, စတုတ္ထ, ပဉ္စမနယနိဒ္ဒေသ | ၅၆၂ |
| ၆- | ဆဋ္ဌနယနိဒ္ဒေသ | ၅၆၃ |
| ၇-၁၄- | သတ္တမနယ။ပ။ စုဒ္ဒသမနယနိဒ္ဒေသ | ၅၆၄ |

| အမှတ်စဉ် | အကြောင်းအရာ | မျက်နှာအမှတ် |
| --- | --- | --- |

## ၁၅-ခါတုကထာဂဏ္ဍိနှင့် သာဓကအနက်

ခါတုကထာမည်ခြင်းအကြောင်း .... .... .... .... ၅၆၅
၁-ပဌမနယ .... .... .... .... .... .... ၅၇၃
၂-ဒုတိယနယ .... .... .... .... .... .... ၅၇၆
၃-တတိယနယ .... .... .... .... .... .... ၅၇၇
၄-စတုတ္ထနယ .... .... .... .... .... .... ၅၇၇
၅-ပဥ္စမနယ .... .... .... .... .... .... ၅၇၈
၆-ဆဋ္ဌနယ .... .... .... .... .... .... ၅၇၉
၇-သတ္တမနယ .... .... .... .... .... .... ၅၈၃
၈-အဋ္ဌမနယ .... .... .... .... .... .... ၅၈၃
၉-နဝမနယာဒိ .... .... .... .... .... .... ၅၈၄

## ၁၆-ခါတုကထာ တုတ်လှမ်းချီး

၁-ပဌမနယချီး .... .... .... .... .... .... ၅၈၅
၂-ဒုတိယနယချီး .... .... .... .... .... .... ၅၈၅
၃-တတိယနယချီး .... .... .... .... .... .... ၅၈၅
၄-စတုတ္ထနယချီး .... .... .... .... .... .... ၅၈၆
၅-ပဥ္စမနယချီး .... .... .... .... .... .... ၅၈၆
၆-ဆဋ္ဌနယချီး .... .... .... .... .... .... ၅၈၆
၇-သတ္တမနယချီး .... .... .... .... .... .... ၅၈၆
၈-အဋ္ဌမနယချီး .... .... .... .... .... .... ၅၈၇
၉-နဝမနယချီး .... .... .... .... .... .... ၅၈၇
၁၀-ဒသမနယချီး .... .... .... .... .... .... ၅၈၇
၁၁-ဧကာဒသမနယချီး .... .... .... .... .... ၅၈၇
၁၂-ဒွါဒသမနယချီး .... .... .... .... .... .... ၅၈၇
၁၃-တေရသမနယချီး .... .... .... .... .... ၅၈၈
၁၄-စုဒ္ဒသမနယချီး .... .... .... .... .... .... ၅၈၈

## နိဂုမ်း

နိဂုမ်း .... .... .... .... .... .... .... ၅၈၉

| အမှတ်စဉ် | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၁၇-ဓာတုကထာ တုတ်လှမ်းချီး အဖြေ


| | | |
|---|---|---|
| ၁-ပဌမနယချီး | အဖြေ .... .... .... .... | ၅၉၀ |
| ၂-ဒုတိယနယချီး | ။ .... .... .... .... | ၅၉၀ |
| ၃-တတိယနယချီး | ။ .... .... .... .... | ၅၉၂ |
| ၄-စတုတ္ထနယချီး | ။ .... .... .... .... | ၅၉၄ |
| ၅-ပဥ္စမနယချီး | ။ .... .... .... .... | ၅၉၆ |
| ၆-ဆဋ္ဌနယချီး | ။ .... .... .... .... | ၅၉၈ |
| ၇-သတ္တမနယချီး | ။ .... .... .... .... | ၆၀၆ |
| ၈-အဋ္ဌမနယချီး | ။ .... .... .... .... | ၆၀၈ |
| ၉-နဝမနယချီး | ။ .... .... .... .... | ၆၀၉ |
| ၁၀-ဒသမနယချီး | ။ .... .... .... .... | ၆၁၀ |
| ၁၁-ဧကာဒသမနယချီး | ။ .... .... .... .... | ၆၁၁ |
| ၁၂-ဒွါဒသမနယချီး | ။ ... .... .... .... | ၆၁၂ |
| ၁၃-တေရသမနယချီး | ။ ... ... .... .... | ၆၁၂ |
| ၁၄-စုဒ္ဒသမနယချီး | ။ .... .... .... | ၆၁၃ |

၁၈-ဘုံပုဂ္ဂိုလ်ရ သံပေါက် ၆၁၄
၁၉-သတ္တာဝါသ ဘုံကိုးဝ သံပေါက် ၆၁၅
၂၀ ပုဂ္ဂိုလ်စိတ်ရ သံပေါက် ၆၁၅
၂၁-ဘုံအပိုင်းအခြား သံပေါက် ၆၁၇
၂၂-မြင်းမိုရ်စကြဝဠာ အပိုင်းအခြား သံပေါက် ၆၂၀
၂၃-နတ်သက်လင်္ကာ ၆၂၂
၂၄-နတ်သက်လေးဆတက်ပုံ သံပေါက် ၆၂၃
၂၅-ရေဲသက်လင်္ကာ ၆၂၃
၂၆-၅၂၈-သွယ်မေတ္တာလင်္ကာ ၆၂၄


မာတိကာပြီး၏။

# မာတိကာပါဠိတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁-တိကမာတိကာ

၁။ ကုသလာ ဓမ္မာ။ အကုသလာ ဓမ္မာ။ အဗျာကတာ ဓမ္မာ။

၂။ သုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ။
ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ။
အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ။

၃။ ဝိပါကာ ဓမ္မာ။ ဝိပါကဓမ္မဓမ္မာ။ နေဝဝိပါက န ဝိပါကဓမ္မဓမ္မာ။

၄။ ဥပါဒိန္နုပါဒါနိယာ[၁] ဓမ္မာ။ အနုပါဒိန္နုပါဒါနိယာ ဓမ္မာ။
အနုပါဒိန္နအနုပါဒါနိယာ[၂] ဓမ္မာ။

၅။ သံကိလိဋ္ဌသံကိလေသိကာ ဓမ္မာ။
အသံကိလိဋ္ဌသံကိလေသိကာ ဓမ္မာ။
အသံကိလိဋ္ဌအသံကိလေသိကာ[၃] ဓမ္မာ။

၆။ သဝိတက္ကသဝိစာရာ ဓမ္မာ။ အဝိတက္ကဝိစာရမတ္တာ ဓမ္မာ။
အဝိတက္ကအဝိစာရာ[၄] ဓမ္မာ။

၇။ ပီတိသဟဂတာ ဓမ္မာ။ သုခသဟဂတာ ဓမ္မာ။
ဥပေက္ခာသဟဂတာ ဓမ္မာ။

၈။ ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ။ ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ။
နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ။

၉။ ဒဿနေန ပဟာတဗ္ဗဟေတုကာ ဓမ္မာ။
ဘာဝနာယ ပဟာတဗ္ဗဟေတုကာ ဓမ္မာ။
နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗဟေတုကာ ဓမ္မာ။

---

၁-ဥပါဒိဏ္ဏုပါဒါနိယာ (သီ)　၂-အနုပါဒိန္နာနုပါဒါနိယာ (သျာ)
၃-အသံကိလိဋ္ဌာသံကိလေသိကာ (သျာ)　၄-အဝိတက္ကာဝိစာရာ (သျာ)

၁၀။ အာစယဂါမိနော ဓမ္မာ။ အပစယဂါမိနော ဓမ္မာ။
နေဝါစယဂါမိ နာပစယဂါမိနော[၁] ဓမ္မာ။

၁၁။ သေက္ခာ ဓမ္မာ။ အသေက္ခာ ဓမ္မာ။ နေဝသေက္ခနာသေက္ခာ[၂] ဓမ္မာ။

၁၂။ ပရိတ္တာ ဓမ္မာ။ မဟဂ္ဂတာ ဓမ္မာ။ အပ္ပမာဏာ ဓမ္မာ။

၁၃။ ပရိတ္တာရမ္မဏာ ဓမ္မာ။ မဟဂ္ဂတာရမ္မဏာ ဓမ္မာ။
အပ္ပမာဏာရမ္မဏာ ဓမ္မာ။

၁၄။ ဟီနာ ဓမ္မာ။ မဇ္ဈိမာ ဓမ္မာ။ ပဏီတာ ဓမ္မာ။

၁၅။ မိစ္ဆတ္တနိယတာ ဓမ္မာ။ သမ္မတ္တနိယတာ ဓမ္မာ။ အနိယတာ ဓမ္မာ။

၁၆။ မဂ္ဂါရမ္မဏာ ဓမ္မာ။ မဂ္ဂဟေတုကာ ဓမ္မာ။ မဂ္ဂါဓိပတိနော ဓမ္မာ။

၁၇။ ဥပ္ပန္နာ ဓမ္မာ။ အနုပ္ပန္နာ ဓမ္မာ။ ဥပ္ပါဒိနော ဓမ္မာ။

၁၈။ အတီတာ ဓမ္မာ။ အနာဂတာ ဓမ္မာ။ ပစ္စုပ္ပန္နာ ဓမ္မာ။

၁၉။ အတီတာရမ္မဏာ ဓမ္မာ။ အနာဂတာရမ္မဏာ ဓမ္မာ။
ပစ္စုပ္ပန္နာရမ္မဏာ ဓမ္မာ။

၂၀။ အဇ္ဈတ္တာ ဓမ္မာ။ ဗဟိဒ္ဓါ ဓမ္မာ။ အဇ္ဈတ္တဗဟိဒ္ဓါ ဓမ္မာ။

၂၁။ အဇ္ဈတ္တာရမ္မဏာ ဓမ္မာ။ ဗဟိဒ္ဓါရမ္မဏာ ဓမ္မာ။
အဇ္ဈတ္တဗဟိဒ္ဓါရမ္မဏာ ဓမ္မာ။

၂၂။ သနိဒဿနသပ္ပဋိဃာ ဓမ္မာ။ အနိဒဿနသပ္ပဋိဃာ ဓမ္မာ။
အနိဒဿနအပ္ပဋိဃာ[၃] ဓမ္မာ။

တိကမာတိကာ နိဋ္ဌိတာ။

---

၁-နေဝါစယဂါမိနော နာပစယဂါမိနော (သျာ)
၂-နေဝ သေက္ခာ နာသေက္ခာ (သီ၊ သျာ)
၃-အနိဒဿနာပ္ပဋိဃာ (သျာ)

# ၂-အဘိဓမ္မ ဒုကမာတိကာ

## ၁-ဟေတုဂေါစ္ဆက (၆)

၁။ ဟေတူ ဓမ္မာ။ န ဟေတူ ဓမ္မာ။

၂။ သဟေတုကာ ဓမ္မာ။ အဟေတုကာ ဓမ္မာ။

၃။ ဟေတုသမ္ပယုတ္တာ ဓမ္မာ။ ဟေတုဝိပ္ပယုတ္တာ ဓမ္မာ။

၄။ ဟေတူ စေဝ ဓမ္မာ သဟေတုကာ စ။
သဟေတုကာ စေဝ ဓမ္မာ န စ ဟေတူ။

၅။ ဟေတူ စေဝ ဓမ္မာ ဟေတုသမ္ပယုတ္တာ စ။
ဟေတုသမ္ပယုတ္တာ စေဝ ဓမ္မာ န စ ဟေတူ။

၆။ န ဟေတူ ခေါ ပန ဓမ္မာ သဟေတုကာပိ။ အဟေတုကာပိ။

---

## ၂-စူဠန္တရဒုက (၇)

၁။ သပ္ပစ္စယာ ဓမ္မာ။ အပ္ပစ္စယာ ဓမ္မာ။

၂။ သင်္ခတာ ဓမ္မာ။ အသင်္ခတာ ဓမ္မာ။

၃။ သနိဒဿနာ ဓမ္မာ။ အနိဒဿနာ ဓမ္မာ။

၄။ သပ္ပဋိဃာ ဓမ္မာ။ အပ္ပဋိဃာ ဓမ္မာ။

၅။ ရူပိနော ဓမ္မာ။ အရူပိနော ဓမ္မာ။

၆။ လောကိယာ ဓမ္မာ။ လောကုတ္တရာ ဓမ္မာ။

၇။ ကေနစိ ဝိညေယျာ ဓမ္မာ။ ကေနစိ န ဝိညေယျာ ဓမ္မာ။

---

## ၃-အာသဝဂေါစ္ဆက (၆)

၁။ အာသဝါ ဓမ္မာ။ နော အာသဝါ ဓမ္မာ။

၂။ သာသဝါ ဓမ္မာ။ အနာသဝါ ဓမ္မာ။

၃။ အာသဝသမ္ပယုတ္တာ ဓမ္မာ။ အာသဝဝိပ္ပယုတ္တာ ဓမ္မာ။

၄။ အာသဝါ စေဝ ဓမ္မာ သာသဝါ စ။
သာသဝါ စေဝ ဓမ္မာ နော စ အာသဝါ။

၅။ အာသဝါ စေဝ ဓမ္မာ အာသဝသမ္ပယုတ္တာ စ။
အာသဝသမ္ပယုတ္တာ စေဝ ဓမ္မာ နော စ အာသဝါ။

၆။ အာသဝဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ သာသဝါပိ။ အနာသဝါပိ။

---

## ၄-သညောဇနဂေါစ္ဆက (၆)

၁။ သညောဇနာ ဓမ္မာ။ နော သညောဇနာ ဓမ္မာ။

၂။ သညောဇနိယာ ဓမ္မာ။ အသညောဇနိယာ ဓမ္မာ။

၃။ သညောဇနသမ္ပယုတ္တာ ဓမ္မာ။ သညောဇနဝိပ္ပယုတ္တာ ဓမ္မာ။

၄။ သညောဇနာ စေဝ ဓမ္မာ သညောဇနိယာ စ။
သညောဇနိယာ စေဝ ဓမ္မာ နော စ သညောဇနာ။

၅။ သညောဇနာ စေဝ ဓမ္မာ သညောဇနသမ္ပယုတ္တာ စ။
သညောဇနသမ္ပယုတ္တာ စေဝ ဓမ္မာ နော စ သညောဇနာ။

၆။ သညောဇနဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ သညောဇနိယာပိ။
အသညောဇနိယာပိ။

---

## ၅-ဂန္ထဂေါစ္ဆက (၆)

၁။ ဂန္ထာ ဓမ္မာ။ နော ဂန္ထာ ဓမ္မာ။

၂။ ဂန္ထနိယာ ဓမ္မာ။ အဂန္ထနိယာ ဓမ္မာ။

၃။ ဂန္ထသမ္ပယုတ္တာ ဓမ္မာ။ ဂန္ထဝိပ္ပယုတ္တာ ဓမ္မာ။

၄။ ဂန္ထာ စေဝ ဓမ္မာ ဂန္ထနိယာ စ။
ဂန္ထနိယာ စေဝ ဓမ္မာ နော စ ဂန္ထာ။

၅။ ဂန္ထာ စေဝ ဓမ္မာ ဂန္ထသမ္ပယုတ္တာ စ။
ဂန္ထသမ္ပယုတ္တာ စေဝ ဓမ္မာ နော စ ဂန္ထာ။

၆။ ဂန္ထဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ ဂန္ထနိယာပိ။ အဂန္ထနိယာပိ။

---

## ၆-ဩဃဂေါစ္ဆက (၆)

၁။ ဩဃာ ဓမ္မာ။ နော ဩဃာ ဓမ္မာ။

၂။ ဩဃနိယာ ဓမ္မာ။ အနောဃနိယာ ဓမ္မာ။

၃။ ဩဃသမ္ပယုတ္တာ ဓမ္မာ။ ဩဃဝိပ္ပယုတ္တာ ဓမ္မာ။

၄။ ဩဃာ စေဝ ဓမ္မာ ဩဃနိယာ စ။
ဩဃနိယာ စေဝ ဓမ္မာ နော စ ဩဃာ။

၅။ ဩဃာ စေဝ ဓမ္မာ ဩဃသမ္ပယုတ္တာ စ။
ဩဃသမ္ပယုတ္တာ စေဝ ဓမ္မာ နော စ ဩဃာ။

၆။ ဩဃဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ ဩဃနိယာပိ။
အနောဃနိယာပိ။

---

## ၇–ယောဂဂေါစ္ဆက (၆)

၁။ ယောဂါ ဓမ္မာ။ နော ယောဂါ ဓမ္မာ။

၂။ ယောဂနိယာ ဓမ္မာ။ အယောဂနိယာ ဓမ္မာ။

၃။ ယောဂသမ္ပယုတ္တာ ဓမ္မာ။ ယောဂဝိပ္ပယုတ္တာ ဓမ္မာ။

၄။ ယောဂါ စေဝ ဓမ္မာ ယောဂနိယာ စ။
ယောဂနိယာ စေဝ ဓမ္မာ နော စ ယောဂါ။

၅။ ယောဂါ စေဝ ဓမ္မာ ယောဂသမ္ပယုတ္တာ စ။
ယောဂသမ္ပယုတ္တာ စေဝ ဓမ္မာ နော စ ယောဂါ။

၆။ ယောဂဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ ယောဂနိယာပိ။
အယောဂနိယာပိ။

---

## ၈–နီဝရဏဂေါစ္ဆက (၆)

၁။ နီဝရဏာ ဓမ္မာ။ နော နီဝရဏာ ဓမ္မာ။

၂။ နီဝရဏိယာ ဓမ္မာ။ အနီဝရဏိယာ ဓမ္မာ။

၃။ နီဝရဏသမ္ပယုတ္တာ ဓမ္မာ။ နီဝရဏဝိပ္ပယုတ္တာ ဓမ္မာ။

၄။ နီဝရဏာ စေဝ ဓမ္မာ နီဝရဏိယာ စ။
နီဝရဏိယာ စေဝ ဓမ္မာ နော စ နီဝရဏာ။

၅။ နီဝရဏာ စေဝ ဓမ္မာ နီဝရဏသမ္ပယုတ္တာ စ။
နီဝရဏသမ္ပယုတ္တာ စေဝ ဓမ္မာ နော စ နီဝရဏာ။

၆။ နီဝရဏဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ နီဝရဏိယာပိ။
အနီဝရဏိယာပိ။

## ၉-ပရာမာသဂေါစ္ဆက (၅)

၁။ ပရာမာသာ ဓမ္မာ။ နော ပရာမာသာ ဓမ္မာ။

၂။ ပရာမဋ္ဌာ ဓမ္မာ။ အပရာမဋ္ဌာ ဓမ္မာ။

၃။ ပရာမာသသမ္ပယုတ္တာ ဓမ္မာ။ ပရာမာသဝိပ္ပယုတ္တာ ဓမ္မာ။

၄။ ပရာမာသာ စေဝ ဓမ္မာ ပရာမဋ္ဌာ စ။
ပရာမဋ္ဌာ စေဝ ဓမ္မာ နော စ ပရာမာသာ။

၅။ ပရာမာသဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ ပရာမဋ္ဌာပိ။
အပရာမဋ္ဌာပိ။

---

## ၁၀-မဟန္တရဒုက (၁၄)

၁။ သာရမ္မဏာ ဓမ္မာ။ အနာရမ္မဏာ ဓမ္မာ။

၂။ စိတ္တာ ဓမ္မာ။ နော စိတ္တာ ဓမ္မာ။

၃။ စေတသိကာ ဓမ္မာ။ အစေတသိကာ ဓမ္မာ။

၄။ စိတ္တသမ္ပယုတ္တာ ဓမ္မာ။ စိတ္တဝိပ္ပယုတ္တာ ဓမ္မာ။

၅။ စိတ္တသံသဋ္ဌာ ဓမ္မာ။ စိတ္တဝိသံသဋ္ဌာ ဓမ္မာ။

၆။ စိတ္တသမုဋ္ဌာနာ ဓမ္မာ။ နော စိတ္တသမုဋ္ဌာနာ ဓမ္မာ။

၇။ စိတ္တသဟဘုနော ဓမ္မာ။ နော စိတ္တသဟဘုနော ဓမ္မာ။

၈။ စိတ္တာနုပရိဝတ္တိနော ဓမ္မာ။ နော စိတ္တာနုပရိဝတ္တိနော ဓမ္မာ။

၉။ စိတ္တသံသဋ္ဌသမုဋ္ဌာနာ ဓမ္မာ။ နော စိတ္တသံသဋ္ဌသမုဋ္ဌာနာ ဓမ္မာ ။

၁၀။ စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုနော ဓမ္မာ။
နော စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုနော ဓမ္မာ။

၁၁။ စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိနော ဓမ္မာ။
နော စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိနော ဓမ္မာ။

၁၂။ အဇ္ဈတ္တိကာ ဓမ္မာ။ ဗာဟိရာ ဓမ္မာ။

၁၃။ ဥပါဒါ ဓမ္မာ။ နော ဥပါဒါ ဓမ္မာ။

၁၄။ ဥပါဒိန္နာ ဓမ္မာ။ အနုပါဒိန္နာ ဓမ္မာ။

## ၁၁-ဥပါဒါနဂေါစ္ဆက (၆)

၁။ ဥပါဒါနာ ဓမ္မာ။ နော ဥပါဒါနာ ဓမ္မာ။

၂။ ဥပါဒါနိယာ ဓမ္မာ။ အနုပါဒါနိယာ ဓမ္မာ။

၃။ ဥပါဒါနသမ္ပယုတ္တာ ဓမ္မာ။ ဥပါဒါနဝိပ္ပယုတ္တာ ဓမ္မာ။

၄။ ဥပါဒါနာ စေဝ ဓမ္မာ ဥပါဒါနိယာ စ။
ဥပါဒါနိယာ စေဝ ဓမ္မာ နော စ ဥပါဒါနာ။

၅။ ဥပါဒါနာ စေဝ ဓမ္မာ ဥပါဒါနသမ္ပယုတ္တာ စ။
ဥပါဒါနသမ္ပယုတ္တာ စေဝ ဓမ္မာ နော စ ဥပါဒါနာ။

၆။ ဥပါဒါနဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ ဥပါဒါနိယာပိ။
အနုပါဒါနိယာပိ။

---

## ၁၂-ကိလေသဂေါစ္ဆက (၈)

၁။ ကိလေသာ ဓမ္မာ။ နော ကိလေသာ ဓမ္မာ။

၂။ သံကိလေသိကာ ဓမ္မာ။ အသံကိလေသိကာ ဓမ္မာ။

၃။ သံကိလိဋ္ဌာ ဓမ္မာ။ အသံကိလိဋ္ဌာ ဓမ္မာ။

၄။ ကိလေသသမ္ပယုတ္တာ ဓမ္မာ။ ကိလေသဝိပ္ပယုတ္တာ ဓမ္မာ။

၅။ ကိလေသာ စေဝ ဓမ္မာ သံကိလေသိကာ စ။
သံကိလေသိကာ စေဝ ဓမ္မာ နော စ ကိလေသာ။

၆။ ကိလေသာ စေဝ ဓမ္မာ သံကိလိဋ္ဌာ စ။
သံကိလိဋ္ဌာ စေဝ ဓမ္မာ နော စ ကိလေသာ။

၇။ ကိလေသာ စေဝ ဓမ္မာ ကိလေသသမ္ပယုတ္တာ စ။
ကိလေသသမ္ပယုတ္တာ စေဝ ဓမ္မာ နော စ ကိလေသာ။

၈။ ကိလေသဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ သံကိလေသိကာပိ။
အသံကိလေသိကာပိ။

---

## ၁၃-ပိဋ္ဌိဒုက (၁၈)

၁။ ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ။ န ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ။

၂။ ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ။ န ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ။

၃။ ဒဿနေန ပဟာတဗ္ဗဟေတုကာ ဓမ္မာ။
န ဒဿနေန ပဟာတဗ္ဗဟေတုကာ ဓမ္မာ။

၄။ ဘာဝနာယ ပဟာတဗ္ဗဟေတုကာ ဓမ္မာ။
န ဘာဝနာယ ပဟာတဗ္ဗဟေတုကာ ဓမ္မာ။

၅။ သဝိတက္ကာ ဓမ္မာ။ အဝိတက္ကာ ဓမ္မာ။

၆။ သဝိစာရာ ဓမ္မာ။ အဝိစာရာ ဓမ္မာ။

၇။ သပ္ပီတိကာ ဓမ္မာ။ အပ္ပီတိကာ ဓမ္မာ။

၈။ ပီတိသဟဂတာ ဓမ္မာ။ န ပီတိသဟဂတာ ဓမ္မာ။

၉။ သုခသဟဂတာ ဓမ္မာ။ န သုခသဟဂတာ ဓမ္မာ။

၁၀။ ဥပေက္ခာသဟဂတာ ဓမ္မာ။ န ဥပေက္ခာသဟဂတာ ဓမ္မာ။

၁၁။ ကာမာဝစရာ ဓမ္မာ။ န ကာမာဝစရာ ဓမ္မာ။

၁၂။ ရူပါဝစရာ ဓမ္မာ။ န ရူပါဝစရာ ဓမ္မာ။

၁၃။ အရူပါဝစရာ ဓမ္မာ။ န အရူပါဝစရာ ဓမ္မာ။

၁၄။ ပရိယာပန္နာ ဓမ္မာ။ အပရိယာပန္နာ ဓမ္မာ။

၁၅။ နိယျာနိကာ ဓမ္မာ။ အနိယျာနိကာ ဓမ္မာ။

၁၆။ နိယတာ ဓမ္မာ။ အနိယတာ ဓမ္မာ။

၁၇။ သဥတ္တရာ ဓမ္မာ။ အနုတ္တရာ ဓမ္မာ။

၁၈။ သရဏာ ဓမ္မာ။ အရဏာ ဓမ္မာ။

အဘိဓမ္မ ဒုကမာတိကာ နိဋ္ဌိတာ။

# ၃-သုတ္တန္တိက ဒုကမာတိကာ

၁။ ဝိဇ္ဇာဘာဂိနော ဓမ္မာ။ အဝိဇ္ဇာဘာဂိနော ဓမ္မာ။

၂။ ဝိဇ္ဇူပမာ ဓမ္မာ။ ဝဇိရူပမာ ဓမ္မာ။

၃။ ဗာလာ ဓမ္မာ။ ပဏ္ဍိတာ ဓမ္မာ။

၄။ ကဏှာ ဓမ္မာ။ သုက္ကာ ဓမ္မာ။

၅။ တပနီယာ ဓမ္မာ။ အတပနီယာ ဓမ္မာ။

၆။ အဓိဝစနာ ဓမ္မာ။ အဓိဝစနပထာ ဓမ္မာ။

၇။ နိရုတ္တိဓမ္မာ။ နိရုတ္တိပထာ ဓမ္မာ။

၈။ ပညတ္တိဓမ္မာ။ ပညတ္တိပထာ ဓမ္မာ။

၉။ နာမဉ္စ။ ရူပဉ္စ။

၁၀။ အဝိဇ္ဇာ စ။ ဘဝတဏှာ စ။

၁၁။ ဘဝဒိဋ္ဌိ စ။ ဝိဘဝဒိဋ္ဌိ စ။

၁၂။ သဿတဒိဋ္ဌိ စ။ ဥစ္ဆေဒဒိဋ္ဌိ စ။

၁၃။ အန္တဝါ ဒိဋ္ဌိ စ။ အနန္တဝါ ဒိဋ္ဌိ စ။

၁၄။ ပုဗ္ဗန္တာနုဒိဋ္ဌိ စ။ အပရန္တာနုဒိဋ္ဌိ စ။

၁၅။ အဟိရိကဉ္စ။ အနောတ္တပ္ပဉ္စ။

၁၆။ ဟိရီ စ။ ဩတ္တပ္ပဉ္စ။

၁၇။ ဒေါဝစဿတာ စ။ ပါပမိတ္တတာ စ။

၁၈။ သောဝစဿတာ စ။ ကလျာဏမိတ္တတာ စ။

၁၉။ အာပတ္တိကုသလတာ စ။ အာပတ္တိဝုဋ္ဌာနကုသလတာ စ။

၂၀။ သမာပတ္တိကုသလတာ စ။ သမာပတ္တိဝုဋ္ဌာနကုသလတာ စ။

၂၁။ ဓာတုကုသလတာ စ။ မနသိကာရကုသလတာ စ။

၂၂။ အာယတနကုသလတာ စ။ ပဋိစ္စသမုပ္ပါဒကုသလတာ စ။

၂၃။ ဌာနကုသလတာ စ။ အဋ္ဌာနကုသလတာ စ။

၂၄။ အဇ္ဇဝေါ စ။ မဒ္ဒဝေါ စ။

၂၅။ ခန္တိ စ။ သောရစ္စဉ္စ။

၂၆။ သာခလျဉ္စ။ ပဋိသန္ထာရော စ [၁]။

၂၇။ ဣန္ဒြိယေသု အဂုတ္တဒွါရတာ စ။ ဘောဇနေ အမတ္တညုတာ စ။

၂၈။ ဣန္ဒြိယေသု ဂုတ္တဒွါရတာ စ။ ဘောဇနေ မတ္တညုတာ စ။

၂၉။ မုဋ္ဌဿစ္စဉ္စ။ အသမ္ပဇညဉ္စ။

၃၀။ သတိ စ။ သမ္ပဇညဉ္စ။

၃၁။ ပဋိသင်္ခါနဗလဉ္စ။ ဘာဝနာဗလဉ္စ။

၃၂။ သမထော စ။ ဝိပဿနာ စ။

၃၃။ သမထနိမိတ္တဉ္စ။ ပဂ္ဂါဟနိမိတ္တဉ္စ။

၃၄။ ပဂ္ဂါဟော စ။ အဝိက္ခေပေါ စ။

၃၅။ သီလဝိပတ္တိ စ။ ဒိဋ္ဌိဝိပတ္တိ စ။

၃၆။ သီလသမ္ပဒါ စ။ ဒိဋ္ဌိသမ္ပဒါ စ။

၃၇။ သီလဝိသုဒ္ဓိ စ။ ဒိဋ္ဌိဝိသုဒ္ဓိ စ။

၃၈။ ဒိဋ္ဌိဝိသုဒ္ဓိ ခေါ ပန။ ယထာ ဒိဋ္ဌိဿ စ ပဓာနံ။

၃၉။ သံဝေဂေါ စ သံဝေဇနီယေသု ဌာနေသု။
သံဝိဂ္ဂဿ စ ယောနိသော ပဓာနံ။

၄၀။ အသန္တုဋ္ဌိတာ စ ကုသလေသု ဓမ္မေသု။
အပ္ပဋိဝါနိတာ စ ပဓာနသ္မိံ။

၄၁။ ဝိဇ္ဇာ စ။ ဝိမုတ္တိ စ။

၄၂။ ခယေ ဉာဏံ။ အနုပ္ပါဒေ ဉာဏန္တိ။

သုတ္တန္တိက ဒုကမာတိကာ နိဋ္ဌိတာ။

**မာတိကာပါဠိတော် ပြီး၏။**

---

၁-ပဋိသန္ထာရော စ (က)

# ပဏာမပုဗ္ဗကာ ဂန္ထာရမ္ဘ

၁။ အနန္တကရုဏာဉာဏံ၊ သမ္ဗုဒ္ဓံ တေန ပူဇိတံ။
နတွာ ဓမ္မဥ္စဿောရသံ၊ သံဃံ သဒ္ဓမ္မသမ္ဘူတံ။

၂။ သာဂမေနေဝ သုခေန၊ ဝါဒညံ မဒ္ဒနာဒိနာ။
ဂုဏေန ဗုဒ္ဓသာသနေ၊ နာမေန အဘိပတ္ထဋံ။

၃။ သဗ္ဗနယေသွတိသူရံ၊ မာနသက္ကာရဘာဇနံ။
သဗ္ဗဓိရေဟိ ပသတ္ထံ၊ နတွာ ဂရုံ စ သာဒရံ။

၄။ စက္ကဝဠာဘိကာမေန၊ ဇနိန္ဒာဘိဓေဇာ ဣတိ။
လဒ္ဓနာမေန ဘိက္ခုနာ၊ သက္ကစ္စံ အဘိယာစိတော။

၅။ နိဿာယ တဿူပဒေသံ၊ သမ္ဗုဒ္ဓစက္ကဝတ္တိယာ။
ကရိဿံ သာဓုနန္ဒိတံ၊ မာတိကာ နဝနိဿယံ။

၁။ အဟံ၊ ငါသည်။ အနန္တကရုဏာဉာဏံ၊ အဆုံးမရှိသော သတ္တဝါ အဆုံးမရှိသောတရားလျှင် အာရုံရှိသော မဟာကရုဏာ သဗ္ဗညုတဉာဏ်ရှိတော်မူသော။ သမ္ဗုဒ္ဓဥ္စ၊ မြတ်စွာဘုရားကိုရင်း။ တေန သမ္ဗုဒ္ဓေန၊ ထိုမြတ်စွာဘုရားသည်။ ပူဇိတံ၊ သမ္မာပဋိပတ္တိ ပစ္စဝေက္ခဏာ ဓမ္မဒေသနာ အစရှိသည်တို့ဖြင့် ပူဇော်အပ်တော်မူသော။ ဓမ္မဥ္စ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ္တိဟု ဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်ကိုရင်း။ အဿ သမ္ဗုဒ္ဓဿ၊ ထိုမြတ်စွာဘုရား၏။ ဩရသံ၊ သားတော်ရင်နှစ်ဖြစ်တော်မူထသော။ သဒ္ဓမ္မသမ္ဘူတံ၊ သူတော်ကောင်းတို့၏ တရားဖြင့် ကောင်းစွာ ဖြစ်တော်မူပြီးထသော။ ဝါ၊ သူတော်ကောင်းတို့၏ တရားကြောင့် ကောင်းစွာ ဖြစ်တော်မူပြီးထသော။ ဝါ၊ သူတော်ကောင်းတို့၏တရားသို့ ကောင်းစွာ ရောက်တော်မူပြီးထသော။ ဝါ၊ ကောင်းစွာရောက်အပ်ပြီးသော သူတော်ကောင်းတို့၏ တရားရှိတော်မူထသော။ သံဃဥ္စ၊ မဂ္ဂဋ္ဌာန်လေးယောက် ဖလဋ္ဌာန်လေးယောက်ဟု ဆိုအပ်သော ရှစ်ယောက်သောပရမတ္ထသံဃာတော်ကိုရင်း။ နတွာ နမာမိ၊ ရှိခိုးပါ၏။ နတွာ၊ ရှိခိုးပြီး၍—

၂။ ဗုဒ္ဓသာသနေ၊ ဘုရားသခင်၏ သာသနာတော်၌။ ဝါဒညံ၊ ပါဠိ, အဋ္ဌကထာ, ဋီကာမှတပါး "သာမဏေတို့သည် ရွာဝင် ဆွမ်းစားသွားခါ တဖက် လက်ကန်တော့ ဒုကုဋ်တင်ရင်ဖွဲ့၍ သွားအပ်၏" ဟု အယူရှိကုန်သော ဒုကုဋ်တင် ပုဂ္ဂိုလ်တို့၏ဝါဒကို။ သာဂမေနေဝ၊ သာမဏေတို့သည် ရွာဝင်ဆွမ်းစားသွားခါ

နှစ်ဖက်ရုံ သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်ကို ရှိသေကောင်းမွန်စွာ ပြည့်ကျင့်အပ်ကြောင်း အစရှိသည်ဖြင့် ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းဂန် မြဲမြံစွာ လာရှိသော ပါဠိ ပါဠိ အာဂမဖြင့်သာလျှင်။ သုခေန၊ လွယ်သဖြင့်။ မဒ္ဒနာဒိနာ၊ နှိပ်နင်း ဖျက်ဆီးတော်မူနိုင်ခြင်း အစရှိသော။ ဂုဏေန၊ ဂုဏ်အပေါင်းကြောင့်။ နာမေန၊ **ဗားကရာ ဆရာတော်**ဟူသော အမည်ဖြင့်။ အဘိပတ္ထဋ္ဌံ၊ ဇမ္ဗူအနှံ့ ပြန့်သော ကျော်စောခြင်းလည်း ရှိတော်မူထသော—

၃။ သဗ္ဗနယေသု၊ ခပ်သိမ်းကုန်သော နည်းတို့၌။ အတိသူရံ၊ အပိတ်အပင် မရှိသဖြင့် အလွန်ရဲရင့်သော ဉာဏ်စွမ်းလည်း ရှိတော်မူထသော။ မာနသက္ကာရ- ဘာဇနံ၊ မြတ်နိုးခြင်း အရိုအသေပြုခြင်း၏ တည်ရာလည်း ဖြစ်တော်မူထသော။ သဗ္ဗဓိရေဟိ၊ ခပ်သိမ်းကုန်သော ပညာရှိတို့သည်။ ပသတ္ထံ၊ ချီးမွမ်းအပ်တော် မူထသော။ မေ၊ ငါ၏။ ဂရုံ စ၊ ဆရာဖြစ်သော **တိပိဋကာ၊ ၊ကာ်ာရ သိရိဓဇ- မဟာဓမ္မရာဇဂုရု** တံဆိပ်နာမံတော်ရှိသော ဆရာတော်ဘုရားကြီးကိုလည်း။ သာဒရံ၊ ရိုသေခြင်းနှင့်တကွ။ နတွာ နမာမိ၊ ရှိခိုးပါ၏။ နတွာ၊ ရှိခိုးပြီး၍—

၄။ စက္ကဝဍ္ဎာဘိကာမေန၊ သာသနာတော်၏ စည်ပင်ပြန့်ပွါးခြင်းကို အလွန် အလိုရှိထသော။ ဇနိန္ဒာဘိဓဇော ဣတိ၊ **ဇနိန္ဒာဘိဓဇ** ဟူ၍။ လဒ္ဓနာမေန၊ ရအပ်သော အမည်ရှိထသော။ ဘိက္ခုနာ၊ ပဉ္စမ ရဟန်းသည်။ သက္ကစ္စံ၊ ရိုသေစွာ။ အဘိယာစိတော၊ ရှေ့ရှုတောင်းပန်အပ်သည်ဖြစ်၍—

၅။ တဿ ဂရုနော၊ ထို **တိပိဋကာလင်္ကာရ သိရိဓဇ မဟာဓမ္မ ရာဇဂုရု** တံဆိပ်နာမံတော်ရှိသော ဆရာတော်ဘုရားကြီး၏။ ဥပဒေသံ၊ ဥပဒေသကို။ နိဿာယ နိဿယံ ကတွာ၊ အမှီတံကဲ သဟဲပြု၍။ သမ္ဗုဒ္ဓစက္ကဝဍ္ဎိယာ၊ ဘုရားသခင် သာသနာတော်၏ စည်ပင်ပြန့်ပွါးစေခြင်းငှါ။ သာဓုနန္ဒိတံ၊ သူတော်ကောင်း အပေါင်းတို့သည် နှစ်သက်အပ်သော။ မာတိကာ မာတိကာယ၊ မာတိကာ၏၊ နဝနိဿယံ၊ အသစ်ဖြစ်သော အမှီကို။ ကရိဿံ၊ ရေးစီရင်ပေအံ့။

ပဏာမ ပုဗ္ဗက ဂန္ထာရမ္ဘ ပြီး၏။

# မာတိကာမာတုကထာအရကောက်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## မာတိကာနိဒ္ဒေသ

**မာတရံ ပမုခံ ကတွာ၊ တဿာ ပညာယ တေဇသာ။**
**အဘိဓမ္မကထာမဂ္ဂံ၊ ဒေဝါနံ သမ္ပဝတ္တယိ။**

ဟူသော အဋ္ဌကထာပါဌ်နှင့်အညီ ဤကမ္ဘာမှ ပြန်၍ ရေသည့်ရှိသော် ကမ္ဘာ တသိန်း အလွန်ရှိသော လေးသင်္ချေထက်၌ "သုမေဓာရသေ့"ဖြစ်၍ —

ဒီပင်္ကရာမြတ်စွာဘုရား ခြေတော်ရင်း၌ ကိုယ်တော်အထီးတည်း နိဗ္ဗာန် ဆုကို ယူတော်မူသည့်ရှိသော် ရအပ်သော အားအစွမ်းကို မြင်တော်မူသော ယောကျ်ားမြတ်ဖြစ်လျက် တယောက်အထီးတည်း ကူးသဖြင့် အဘယ်အကျိုး ရှိအံ့နည်း၊ ဝေနေယျသတ္တဝါအပေါင်းတို့ကို သံသရာတည်းဟူသော ရေအလျဉ် မှ ထုတ်၍ —

နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ တင်အံ့ဟု ကြံတော်မူသဖြင့် ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃ တည်းဟူသော ဩဃ လေးပါး၌ နစ်မွန်းမျောပါးကုန်သော ဝေနေယျသတ္တဝါအပေါင်းတို့ကို သနားကြင်နာ တော်မူလှသည်ဖြစ်၍ —

လက်တော်သို့ ရောက်ပြီးသော နိဗ္ဗာန်ချမ်းသာကို စွန့်သဖြင့် '**သုမေဓာ ရှင်ရသေ့**' အဖြစ်မှ ပည့်**ဘေဿန္တရာမင်း** အဖြစ်တိုင်အောင် မရေတွက်နိုင်သော ဘဝတို့၌ —

၁။ ရွှေ, ငွေ, ဆင် မြင်း အစရှိသော အပဝတ္ထုကို လှူခြင်းတည်းဟူသော **ဒါနပါရမီ**။

၂။ ခြေ, လက်, နား, နှာခေါင်း အစရှိသည်ကို လှူခြင်း တည်းဟူသော **ဒါနဥပပါရမီ**။

၃။ ကိုယ် အသက်ကို လှူခြင်း တည်းဟူသော **ဒါနပရမတ္ထပါရမီ** အစရှိသော ပါရမီသုံးဆယ်တို့ကိုငင်း။

၁။ အလွန်ပြုနိုင်ခဲစွာသော ပဒေသရာဇ်, ကေရာဇ်, စကြာမင်းတို့၏ စည်းစိမ် ဥစ္စာ ရတနာကို စွန့်ခြင်း တည်းဟူသော **ဓနပရိစ္စာဂ**။

၂။ သား သမီးကို စွန့်ခြင်း တည်းဟူသော **ပုတ္တပရိစ္စာဂ**။

၃။ မယားကို စွန့်ခြင်း တည်းဟူသော **ဘရိယပရိစ္စာဂ**။

၄။ ခြေ, လက်, နား, နှာခေါင်း အစရှိသော အင်္ဂါကြီးငယ်ကို စွန့်ခြင်း တည်းဟူသော **အင်္ဂပရိစ္စာဂ**။

၅။ ကိုယ် အသက်ကို စွန့်ခြင်း တည်းဟူသော **ဇီဝိတပရိစ္စာဂ** ဤ စွန့်ခြင်း ကြီး ငါးပါးတို့ကိုငင်း ဖြည့်စွန့်တော်မူပြီး၍ —

တုသိတာနတ်ပြည်၌ **သေတကေတု** အမည်ရှိသော နတ်သားဖြစ်၍ နတ်တကာ တို့ထက် အသက်ရှည်ခြင်း, အဆင်းလှခြင်း အစရှိသော အကြောင်းတို့ဖြင့် လွန်မြတ်လျက် တုသိတာနတ်တို့၏ အရေအတွက်အားဖြင့် အနှစ်လေးထောင်၊ ယာမာနတ်တို့၏ အရေအတွက်အားဖြင့် အနှစ်ရှစ်ထောင်၊ တာဝတိံသာနတ် တို့၏အရေအတွက် အားဖြင့် အနှစ်တသောင်းခြောက်ထောင်၊ စာတုမဟာရာဇ် နတ်တို့၏ အရေအတွက်အားဖြင့် အနှစ် သုံးသောင်း နှစ်ထောင်၊ လူတို့၏ အရေအတွက် အားဖြင့် ငါးဆယ့်ခုနစ်ကုဋေ အနှစ်ခြောက်သန်း ကာလပတ်လုံး နတ်တို့၏ စည်းစိမ်ကို ခံစားတော်မူပြီး၍ —

နတ်တို့၏ စည်းစိမ်ကို ခံစားတော်မူပြီးသော အဆုံး၌ "အလောင်းမင်း ဘုရားဖြစ်အံ့သောအခါ တန်ပါပြီ၊ လောကသုံးပါး၌ လူ, နတ်, ဗြဟ္မာ, သတ္တဝါ တို့၏ အကျိုးငှါ လူ့ပြည်သို့ ဆင်း၍ ဘုရားဖြစ်တော်မူပါ"ဟု တသောင်း သော စကြဝဠာတိုက်မှ လာ၍ နတ်, ဗြဟ္မာ အပေါင်းတို့သည် တောင်းပန်အပ် သည် ဖြစ်၍ —

**ကာလ, ဒီပ, ဒေသ, ကုလ, မာတုအာယုပရိစ္ဆေဒ** တည်းဟူသော ကြည့် ခြင်းကြီး ငါးပါးတို့ကို ကြည့်တော်မူပြီး၍၊ ဝါဆိုလပြည့်နေ့ အာသာဠ်နက္ခတ်နှင့် ယှဉ်လျက် မဟာသမ္မတမင်းမှစ၍ အသမ္ဘိန္နခတ္တိယမင်းမျိုး၌ ကပိလဝတ်ပြည် ကြီးရှင် သုဒ္ဓေါဒနမင်းကြီး၏ မင်္ဂလာမဟာဒေဝီ **မယ်တော်မာယာဝမ်း၌** ပဋိသန္ဓေနေပြီး၍ ဆယ်လစေ့သဖြင့် ကဆုန်လပြည့်နေ့ ဝိသာခါနက္ခတ်နှင့်

ယှဉ်လျက် ဖွားတော်မူ၍ တဆယ့်ခြောက်နှစ် မြောက်သောအခါ မင်းဆက်တကာ မစံဘူးသော **ရမ္မ, သုဘ, သုရမ္မ** တည်းဟူသော ရွှေနန်း သုံးဆောင်၌ ယသောဓရာ အမှူးရှိသော ရွှေအဆင်းနှင့်တူသော မင်းသမီးအပေါင်း လေးသောင်းခြံရံလျက် နတ်၏စည်းစိမ်နှင့်တူသော မင်း၏စည်းစိမ်ကို ခံစားစဉ် **သူအို, သူနာ, သူသေ, ရဟန်း** တည်းဟူသော နိမိတ်ကြီးလေးပါးထင်သဖြင့် ထိုစည်းစိမ်ကိုစွန့်၍ ရဟန်းပြုတော်မူလျက် ခြောက်နှစ်ပတ်လုံး **ဒုက္ကရစရိယာ** ကျင့်တော်မူပြီးမှ—

**အဇပါလညောင်ပင်** ရင်း၌ **သုဇာတာ** အမည်ရှိသော သူဌေးသမီးသည် လှူအပ်သော နို့ဃနာဆွမ်းကိုခံလျက် နေရဉ္ဇရာမြစ်နား၌ ဘုဉ်းပေးတော်မူ၍ ညချမ်းသောအခါ နတ်တို့သည် စီရင်အပ်သော လမ်းဖြင့် မဟာဗောဓိမဏ္ဍိုင်သို့ ကြွတော်မူ၍—

တောင်အရပ်က ဝင်အံ့ဟု ရပ်တော်မူသည်ရှိသော် မြေကြီး စောင်းထောင်ရှိသောကြောင့် မဝင်မူ၍ အနောက်အရပ်က ဝင်အံ့ဟု ရပ်တော်မူသည်ရှိသော် မြေကြီးစောင်းထောင် ရှိသောကြောင့် မဝင်မူ၍ မြောက်အရပ်က ဝင်အံ့ဟု ရပ်တော်မူသည်ရှိသော် မြေကြီးစောင်းထောင် ရှိသောကြောင့် မဝင်မူ၍ အရှေ့မြောက်ထောင့် အရပ်က ရပ်လျက် **တနည်းလည်း**–အရှေ့အရပ်က ရပ်လျက် **သောတ္ထိယ မောင်ချမ်းသာ**သည်[၁] လှူအပ်သော မြက်ရှစ်ဆုပ်ကို ကြဲဖြန့်သောအခါ ရတနာခုနစ်ပါးဖြင့်ပြီးသော အပရာဇိတပလ္လင်ပေါက်၍ ထိုပလ္လင်

---

၁။ (သုဒ္ဓိယ စေင်သည်။) ရှေးမူ။
ဆဋ္ဌမူအဋ္ဌကထာတို့၌ "သုဒ္ဓိယ" ဟူသော 'မူတင်'ပါဠိမတွေ့ရ။
"သောတ္ထိယ" "သောတ္တိယ"ဟူ၍သာ တွေ့ရ၏။
"မေဓာဘိဝံသ သိရီ သဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု" တံဆိပ်နာမံ ခံတော်မူသော ပြည် ဆရာတော်ဘုရားရေး အဋ္ဌသာလိနီ နိဿယ ပဌမဘာဂ၌လည်း "သောတ္ထိယေန"မောင်ချမ်းသာသည်-ဟု အနက်ပြန်ဆိုထားသည်ကို တွေ့ရ၏။
ထို့ကြောင့် (သောတ္ထိယ မောင်ချမ်းသာသည်) ဟု ပြင်ဆင်ထည့်လိုက်သည်။
သောတ္ထိယော နာမ တိဏဟာရကော တိဏံ အာဒါယ။ ဗုဒ္ဓဝံသအဋ္ဌကထာ (၃၃၇) အပဒါနအဋ္ဌကထာ (ပ-၇၄) ဇာတကအဋ္ဌကထာ (ပ-၇၂)
သောတ္တိယေန နာမ တိဏဟာရကေန ဒိန္နာ။ ဗုဒ္ဓဝံသအဋ္ဌကထာ (၃၄၇)
သောတ္တိယေန ဒိန္နံ အဋ္ဌတိဏမုဋ္ဌိံ ဂဟေတွာ။ အဋ္ဌသာလိနီ အဋ္ဌကထာ (၇၇)
သောတ္တိယေန ဒိန္နံ တိဏံ ဂဟေတွာ။ ဓမ္မပဒအဋ္ဌကထာ (ပ-၅၄)
အဋ္ဌသာလိနီ, ဓမ္မပဒ အလို("သောတ္တိယ" မြက်ထမ်းပုဏ္ဏား)ဟု သိနိုင်သည်။
ဇာတကအဋ္ဌကထာ-ပဌမဘာဂ(၇၂)၌ မူ၊ သုဒ္ဓိယော နာမ (က) ဟု မူတင် ပါဠိမဟုတ်ပဲ မျဉ်းအောက်ခြေ၌"မူချ"ပါဠိအဖြစ်တွေ့ရ၏။

ထက်၌ ထက်ဝယ်ဖွဲ့ခွေနေတော်မူစဉ် နေမဝင်မီ **ဒေဝပုတ္တမာရ်**ကို အောင်တော်မူလျက် ပုရိမယာမ်၌ **ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊** မဇ္ဈိမယာမ်၌ **ဒိဗ္ဗစက္ခုဉာဏ်၊** ပစ္ဆိမယာမ်၌ **အာသဝက္ခယဉာဏ်**ကို ရတော်မူ၍ လောကသုံးပါး၌ အတုမရှိသော သဗ္ဗညုအဖြစ်သို့ ရောက်တော်မူသော မြတ်စွာဘုရားသည် လူ, နတ်, ဗြဟ္မာ သတ္တဝါတို့၏ အကျိုးစီးပွါးကိုသာ ဆောင်တော်မူလျက် ဘုရားဖြစ်တော်မူ၍ ခုနစ်ဝါမြောက်သောကာလ သာဝတ္ထိပြည်၏အနီး **ကဏ္ဍ** အမည်ရှိသော ဥယျဉ်စောင့်သည် စိုက်အပ်သော သရက်ပင်၏အရင်း၌ တိတ္ထိတို့ကို နှိပ်နင်းခြင်းငှါ ရေ မီး အစုံအစုံ အစရှိသော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူပြီးသော အဆုံး၌ သုံးဘဝါးသာ နင်းသဖြင့် တာဝတိံသာနတ်ပြည်သို့ကြွတော်မူ၍ ပင်လယ်ကသစ်ပင်၏အရင်း၌ ခင်းထားအပ်သော **ပဏ္ဍုကမ္ဗလာ** ကျောက်ဖျာထက်၌ နေမင်းကဲ့သို့ တင့်တယ်စွာ နေတော်မူလျက် မယ်တော်ဖြစ်ခဲ့ဘူးသော **သန္တုသိတနတ်သား**ကို အကြီးအမှူးပြု၍ တသောင်းသော စကြဝဠာတိုက်မှ တညီတညွတ်တည်း စည်းဝေးလာကုန်သော နတ်,ဗြဟ္မာအပေါင်းတို့အား အစွမ်းသုံးပါးနှင့် ပြည့်စုံသော သဗ္ဗညုတဉာဏ်တော်ဖြင့် လူ, နတ်, နိဗ္ဗာန် သုံးတန်ချမ်းသာ ပေးတတ်စွာသော အဘိဓမ္မာ ဒေသနာတော်မြတ်ကို ဝါတွင်းသုံးလပတ်လုံး ဟောတော်မူ၏။

ထိုဝါတွင်း သုံးလပတ်လုံး ဟောတော်မူအပ်သော အဘိဓမ္မာ ဒေသနာတော်မြတ်သည်လည်း ဝိတ္ထာရနယ, သင်္ခေပနယ, နာတိဝိတ္ထာရ နာတိသင်္ခေပနယ အားဖြင့် သုံးပါးအပြားရှိ၏။

ထိုသုံးပါး တို့တွင် —

တာဝတိံသာ နတ်ပြည်၌ နတ်အပေါင်းတို့အား ဟောတော်မူအပ်သော ဒေသနာတော်သည် အလွန်ကျယ်လွန်းသောကြောင့် **ဝိတ္ထာရနယ** မည်၏။

စန္ဒကူးတော၌ နေတော်မူသောအခါ အရှင်သာရိပုတ္တရာအား ဟောတော်မူအပ်သော ဒေသနာတော်သည် အလွန်ကျဉ်းလွန်းသောကြောင့် **သင်္ခေပနယ** မည်၏။

အရှင်သာရိပုတ္တရာသည် လင်းနို့သားဖြစ်ဘူးသော ငါးရာသော ရဟန်းတို့အား ဟောတော်မူအပ်သော ဒေသနာတော်သည် မကျဉ်း မကျယ်လွန်းသောကြောင့် **နာတိဝိတ္ထာရ နာတိသင်္ခေပနယ** မည်၏။

ပါရမီသုံးဆယ်, စွန့်ခြင်းကြီး ငါးပါး, စရိယသုံးပါး တည်းဟူသော **အဝိဂမ-နိဒါန်း, ဒေသနာနိဒါန်း** ၂-ပါးနှင့် ပြည့်စုံ၏။

**ဒူရေနိဒါန်း, အဝိဒူရေနဒါန်း, သန္တိကေနိဒါန်း** တည်းဟူသော နိဒါန်း ၃-ပါးနှင့်လည်း ပြည့်စုံ၏။

ထိုနိဒါန်း ၃-ပါး နှင့် ပြည့်စုံသော အဘိဓမ္မာ ဒေသနာတော်သည် **ပကရဏ-ပရိစ္ဆေဒ** အားဖြင့် —

**ဓမ္မသင်္ဂဏီကျမ်း,**
**ဝိဘင်းကျမ်း,**
**ဓာတုကထာကျမ်း,**
**ပုဂ္ဂလပညတ်ကျမ်း,**
**ကထာဝတ္ထုကျမ်း,**
**ယမိုက်ကျမ်း,**
**ပဋ္ဌာန်းကျမ်း**

ဟူ၍ ၇-ပါး အပြားရှိ၏။

ထို ၇-ပါးတို့တွင် **ဓမ္မသင်္ဂဏီ** ကျမ်းကို ရှေးဦးစွာဟောတော်မူ၏။

ထို ဓမ္မသင်္ဂဏီကျမ်း၌လည်း ကဏ္ဍ-အားဖြင့် —

**စိတ္တုပ္ပါဒကဏ္ဍ,**
**ရူပကဏ္ဍ,**
**နိက္ခေပကဏ္ဍ,**
**အဋ္ဌကထာကဏ္ဍ**

ဟူ၍ ၄-ပါး အပြားရှိ၏။

ထို ၄-ပါး တို့တွင် **စိတ္တုပ္ပါဒကဏ္ဍ** ကို ရှေးဦးစွာ ဟောတော်မူ၏။

ထိုစိတ္တုပ္ပါဒကဏ္ဍ၌လည်း **မာတိကာ, ပဒဘာဇနီ** အားဖြင့် ၂-ပါးအပြားရှိ၏။

ထို နှစ်ပါးတို့တွင် **မာတိကာ** ကို ရှေးဦးစွာ ဟောတော်မူ၏။

ထိုမာတိကာ၌လည်း[၁] **တိကမာတိကာ, ဒုကမာတိကာ** အားဖြင့် **၂-ပါး**အပြားရှိ၏။

ထိုနှစ်ပါးတို့တွင် **တိကမာတိကာ**ကို ရှေးဦးစွာ ဟောတော်မူ၏။

---

၁-ဝဝတ္ထာနိ၌ အချို့သော ဆရာတို့ကား "ထိုမာတိကာသည်လည်း အဘိဓမ္မမာတိကာ, သုတ္တန္တမာတိကာ အားဖြင့် နှစ်ပါး အပြားရှိကုန်၏" ဟု ဆိုရိုးပြုကြကုန်၏။ ထိုဆိုရိုးသည် "မာတရံ ပမုခံ ကတွာ" စသော စကားပျိုးသော အဋ္ဌကထာ (ဋ္ဌ-၁) နှင့်ရင်း "သာပိ တိကမာတိကာ ဒုကမာတိကာတိ ဒုဝိဓာ" ဟူသော အဋ္ဌကထာ (ဋ္ဌ-၇၉) နှင့်ရင်း မညီ၊ ဆရာမြတ်တို့လည်း ဆိုရိုး မပြုကြကုန်။

# ၄-တိကမာတိကာ အရကောက်

## ၁-ကုသလတိက်

ထိုတိကမာတိကာ၌လည်း ကုသလတိက်, ဝေဒနာတိက် အစရှိသောအားဖြင့် ၂၂-ပါး အပြားရှိ၏။

ထို ၂၂-ပါး တို့တွင် ကုသလတိက်ကို ရှေးဦးစွာ ဟောတော်မူ၏။

ထို ကုသလတိက်၌လည်း ပဌမပဒ ဒုတိယပဒ တတိယပဒ အားဖြင့် ၃-ပါး အပြားရှိ၏။

ထို ၃-ပါးတို့တွင် ပဌမပဒကို ရှေးဦးစွာဟောတော်မူ၏။

ဟောဟန်ကား —

**ကုသလာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင် ဒုတိယပဒကို ဟောတော်မူ၏။

ဟောဟန်ကား —

**အကုသလာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင် တတိယပဒကို ဟောတော်မူ၏။

ဟောဟန်ကား —

**အဗျာကတာ ဓမ္မာ** ဟူသည်တည်း။

ကုသလာ အနဝဇ္ဇသုခဝိပါကလက္ခဏာ၊ အပြစ်မရှိခြင်း ကောင်းသော အကျိုးကို ပေးခြင်းလက္ခဏာ ရှိကုန်သော။ ဓမ္မာ နိဿတ္တနိဇ္ဇီဝသဘာဝါ၊ သတ္တလည်းမဟုတ် ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။

အကုသလာ[၁] သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာ၊ အပြစ်နှင့် တကွဖြစ်ခြင်း မကောင်းသောအကျိုးကို ပေးခြင်းလက္ခဏာ ရှိကုန်သော။ ဓမ္မာ နိဿတ္တနိဇ္ဇီဝသဘာဝါ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အဗျာကတာ[၂] ကုသလာကုသလဘာဝေန အကထိတာ အညဘာဝေန ကထိတာ၊ ကုသိုလ် အကုသိုလ်တို့၏ အဖြစ်အားဖြင့်ကား မဟောကြားအပ်ကုန်

---

၁-ဤ အကုသလာ၌ အသဒ္ဒါကား ဝိရုဒ္ဓအနက်ကို ဟော၏၊ ကုသိုလ်ကား ပဟာယက အကုသိုလ်ကား ပဟာတဗ္ဗ၊ ဤသို ပဟာယက ပဟာတဗ္ဗ အဖြစ်ဖြင့် ဆန့်ကျင်သည် ဟူလို။

၂-ဤအဗျာကတာ၌ အ-သဒ္ဒါကား အညအနက်ကိုဟော၏၊ ကုသိုလ်,အကုသိုလ်တို့မှ တပါး ဖြစ်သည် ဟူလို။

တပါးသော အဖြစ်အားဖြင့်သာ ဟောကြားအပ်ကုန်သော။ ဓမ္မာ နိဿတ္တနိဇ္ဇီဝ-သဘာဝါ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ကုသလာ ဓမ္မာ ဟူသော ပဌမပုဒ်၏ အရကား**—ကုသိုလ်စိတ် ဧကဝီသ၊ စေတသိက် အဋ္ဌတိံသရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ်အားဖြင့် ၂-ပါး၊ သစ္စာအားဖြင့် ၂-ပါးဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး** ဟူသော်ကား—

စေတသိက် အဋ္ဌတိံသတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏၊ သညာသည် သညာက္ခန္ဓာမည်၏၊ ဝေဒနာ သညာမှကြွင်းသော စေတသိက် ဆတ္တိံသသည် သင်္ခါရက္ခန္ဓာမည်၏၊ ကုသိုလ်စိတ် ဧကဝီသသည် ဝိညာဏက္ခန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါးဖြစ်သတည်း။

**အာယတနအားဖြင့် ၂-ပါး** ဟူသော်ကား—

ကုသိုလ်စိတ် ဧကဝီသသည် မနာယတန မည်၏၊ စေတသိက် အဋ္ဌတိံသသည် ဓမ္မာယတနမည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၂-ပါးဖြစ်သတည်း။

**ဓာတ်အားဖြင့် ၂-ပါး** ဟူသော်ကား—

ကုသိုလ်စိတ် ဧကဝီသသည် မနောဝိညာဏဓာတ် မည်၏၊ စေတသိက် အဋ္ဌတိံသသည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၂-ပါးဖြစ်သတည်း။

**သစ္စာအားဖြင့် ၂-ပါး** ဟူသော်ကား—

လောကီကုသိုလ်စိတ် သတ္တရသ၊ စေတသိက် အဋ္ဌတိံသသည် ဒုက္ခသစ္စာမည်၏။ မဂ်စိတ်လေးခု၌ရှိသော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာ-ကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဟုဆိုအပ်သော သောတာပတ္တိမဂ် ၈-ပါး၊ ၇-ပါး[၁]။ သကဒါဂါမိမဂ် ၈-ပါး၊ ၇-ပါး။ အနာဂါမိမဂ် ၈-ပါး၊ ၇-ပါး။ အရဟတ္တမဂ် ၈-ပါး၊ ၇-ပါးသည် မဂ္ဂသစ္စာမည်၏။

ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၉-ခုသည်[၂] သစ္စာဟူသော အရေအတွက်မှ လွတ်၏။ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါးဖြစ်သတည်း။

---

၁။ ၈-ပါး၊ ၇-ပါး အရမှာ မဂ္ဂင်ရှစ်ပါးနှင့်ယှဉ်သော မဂ်ပဌမစျာန်ကို ရည်၍ ၈-ပါး၊ ဝိတက် တည်းဟူသော သမ္မာသင်္ကပ္ပမဂ္ဂင်နှင့် မယှဉ်သော မဂ်ဒုတိယစျာန် စသည်ကိုရည်၍ ၇-ပါး ဆိုသည်။

၂။ မဂ်စိတ္တုပ္ပါဒ် ၂၉-ခုအရမှာ မဂ် ပဌမစျာန်စိတ်၌ ယှဉ်သော စေတသိက်တို့တွင် မဂ္ဂသစ္စာထိုက်သော မဂ္ဂင်တရားကိုယ် ၈-ခုကိုကြဉ်၊ မဂ်စိတ် ၄-ခုတို့သည် အာရမ္မဏ-ဝိဇာနန အားဖြင့် တူကြ၍ တခုတည်းပြု၍ထည့် ၂၉-ခုဖြစ်၏။

**အကုသလာ ဓမ္မာ ဟူသော ဒုတိယပုဒ်၏ အရကား**——အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ်အားဖြင့် ၂-ပါး၊ သစ္စာအားဖြင့် ၂-ပါးဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး** ဟူသော်ကား—

စေတသိက် သတ္တဝီသတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏၊ သညာသည် သညာက္ခန္ဓာမည်၏၊ ဝေဒနာ သညာမှကြွင်းသော စေတသိက် ပဉ္စဝီသသည် သင်္ခါရက္ခန္ဓာမည်၏၊ အကုသိုလ်စိတ် ဒွါဒသသည် ဝိညာဏက္ခန္ဓာမည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါးဖြစ်သတည်း။

**အာယတနအားဖြင့် ၂-ပါး** ဟူသော်ကား -

အကုသိုလ်စိတ် ဒွါဒသသည် မနာယတနမည်၏၊ စေတသိက် သတ္တဝီသသည် ဓမ္မာယတနမည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၂-ပါးဖြစ်သတည်း။

**ဓာတ်အားဖြင့် ၂-ပါး** ဟူသော်ကား——

အကုသိုလ်စိတ် ဒွါဒသသည် မနောဝိညာဏဓာတ်မည်၏၊ စေတသိက် သတ္တဝီသသည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၂-ပါးဖြစ်သတည်း။

**သစ္စာအားဖြင့် ၂ ပါး**- ဟူသော်ကား —

အကုသိုလ်စိတ် ဒွါဒသ၊ လောဘကြဉ်သော စေတသိက် ဆဗ္ဗီသသည် ဒုက္ခသစ္စာ မည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါးဖြစ်သတည်း။

**အဗျာကတာ ဓမ္မာ ဟူသော တတိယပုဒ်၏ အရကား**—— ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၁၂-ပါး၊ ဓာတ်အားဖြင့် ၁၈-ပါး၊ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၅-ပါး** ဟူသော်ကား——

ရုပ် အဋ္ဌဝီသသည် ရူပက္ခန္ဓာမည်၏၊ စေတသိက် အဋ္ဌတိံသတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏၊ သညာသည် သညာက္ခန္ဓာမည်၏၊ ဝေဒနာ သညာမှ ကြွင်းသော စေတသိက် ဆတ္တိံသသည် သင်္ခါရက္ခန္ဓာမည်၏၊ ဝိပါက်စိတ်

ဆတ္တိံသ၊ ကြိယာစိတ် ဝီသသည် ဝိညာဏက္ခန္ဓာမည်၏၊ နိဗ္ဗာန်သည် ခန္ဓာ ဟူသော အရေအတွက်မှ လွတ်၏ [၁]၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၅-ပါးဖြစ်သတည်း။

**အာယတနအားဖြင့် ၁၂-ပါး** ဟူသော်ကား —

ရုပ် အဋ္ဌဝီသတို့တွင် စက္ခုပသာဒသည် စက္ခာယတနမည်၏၊ သောတပသာဒသည် သောတာယတနမည်၏၊ ဃာနပသာဒသည် ဃာနာယတန မည်၏၊ ဇိဝှါပသာဒသည် ဇိဝှါယတနမည်၏၊ ကာယပသာဒသည် ကာယာယတန မည်၏၊ ရူပါရုံသည် ရူပါယတနမည်၏၊ သဒ္ဒါရုံသည် သဒ္ဒါယတနမည်၏၊ ဂန္ဓာရုံသည် ဂန္ဓာယတနမည်၏၊ ရသာရုံသည် ရသာယတနမည်၏၊ ပထဝီ, တေဇော, ဝါယော ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတနမည်၏၊ ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ် ဝီသသည် မနာယတနမည်၏၊ စေတသိက် အဋ္ဌတိံသ၊ အာပေါ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဟဒယရုပ်, ဇီဝိတရုပ်, အာဟာရရုပ်, ပရိစ္ဆေဒရုပ်, ကာယဝိညတ်, ဝစီဝိညတ်, ရူပဿ လဟုတာ, မုဒုတာ, ကမ္မညတာ, ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ အားဖြင့် သုခုမရုပ် သောဠသ၊ နိဗ္ဗာန်သည် ဓမ္မာယတနမည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၁၂-ပါးဖြစ်သတည်း။

**ဓာတ်အားဖြင့် ၁၈-ပါး** ဟူသော်ကား --

ရုပ် အဋ္ဌဝီသတို့တွင် စက္ခုပသာဒသည် စက္ခုဓာတ်မည်၏၊ သောတပသာဒသည် သောတဓာတ်မည်၏၊ ဃာနပသာဒသည် ဃာနဓာတ်မည်၏၊ ဇိဝှါပသာဒသည် ဇိဝှါဓာတ်မည်၏၊ ကာယပသာဒသည် ကာယဓာတ်မည်၏၊ ရူပါရုံသည် ရူပဓာတ်မည်၏၊ သဒ္ဒါရုံသည် သဒ္ဒဓာတ်မည်၏၊ ဂန္ဓာရုံသည် ဂန္ဓဓာတ်မည်၏၊ ရသာရုံသည် ရသဓာတ်မည်၏၊ ပထဝီ, တေဇော, ဝါယော ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ်မည်၏၊ စက္ခုဝိညာဉ်ဒွေသည် စက္ခုဝိညာဏဓာတ်မည်၏၊ သောတဝိညာဉ်ဒွေသည် သောတဝိညာဏဓာတ်မည်၏၊ ဃာနဝိညာဉ်ဒွေသည် ဃာနဝိညာဏဓာတ်မည်၏၊ ဇိဝှါဝိညာဉ်ဒွေသည် ဇိဝှါဝိညာဏဓာတ်မည်၏၊ ကာယဝိညာဉ်ဒွေသည် ကာယဝိညာဏဓာတ် မည်၏၊ ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုန်းဒွေသည် မနောဓာတ် မည်၏၊ ကြွင်းသော ဝိပါက်စိတ် စတုဝီသ၊ ကြိယာစိတ် ဧကူနဝီသသည် မနောဝိညာဏဓာတ် မည်၏၊ စေတသိက် အဋ္ဌတိံသ၊ အာပေါ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဟဒယရုပ်, ဇီဝိတရုပ်, အာဟာရရုပ်, ပရိစ္ဆေဒရုပ်,

---

၁။ နိဗ္ဗာန်၏ ခန္ဓဝိမုတ်အဖြစ်ကိုကား “ဘေဒါဘာဝေန နိဗ္ဗာနံ၊ ခန္ဓသင်္ဂဟနိဿဋံ” ဟူသော **အဋ္ဌကထာ**ပါဠိ (၅၂) “အတီတာဒိဘေဒဘိန္နာနဥ္စ ရာသဋ္ဌေန ခန္ဓဝေါဟာရောတိ နိဗ္ဗာနံ ဘေဒါဘာဝတော ခန္ဓသင်္ဂဟတော နိဿဋံ ဝိနိမုတ္တန္တျာဓိပ္ပါယော” ဟူသော ဋီကာကျော်ပါဠိ(၂၃၂)တို့ကို ထောက်၍ သိရ၏။

ကာယဝိညတ်, ဝစီဝိညတ်, ရူပဿ လဟုတာ, မုဒုတာ, ကမ္မညတာ, ဥပစယ, သန္တတိ ဇရတာ, အနိစ္စတာ အားဖြင့် သုခုမရုပ် သောဠသ၊ နိဗ္ဗာန်သည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၁၈-ပါးဖြစ်သတည်း။

**သစ္စာအားဖြင့် ၂-ပါး** ဟူသော်ကား —

လောကီဝိပါက် ဗာတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် ပဉ္စတိံသ၊ ရုပ် အဋ္ဌဝီသသည် ဒုက္ခသစ္စာမည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။

ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါးဖြစ်သတည်း။

ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာ ဟူ၍ ဟောတော်မူအပ်သော ဤသဒ္ဒါအစဉ်သည် ပရမတ္ထတရားကို သုံးစုပြု၍ ဟောရာဟောကြောင်း ဖြစ်ခြင်းကြောင့် တိကမည်၏။

ထိုတိက်သည် အာဒိလဒ္ဓနာမတိက်, သဗ္ဗလဒ္ဓနာမတိက် အားဖြင့် ၂-ပါးအပြားရှိ၏။

ထို ၂-ပါးတို့တွင် အစ၌ တည်သော ကုသလသဒ္ဒါဖြင့် ကုသလတိက်ဟူ၍ ရအပ်သောအမည်ရှိသည်၏ အဖြစ်ကြောင့် **အာဒိလဒ္ဓနာမတိက်** မည်၏။

သပ္ပဒေသတိက်, နိပ္ပဒေသတိက်အားဖြင့်လည်း ၂-ပါးအပြားရှိ၏။

ထို ၂-ပါးတို့တွင် ကြွင်းသော ပရမတ္ထတရားမရှိသည်၏ အဖြစ်ကြောင့် **နိပ္ပဒေသတိက်** မည်၏။

## ၂-ဝေဒနာတိက်

ကုသလတိက်ကို ဟောတော်မူသည်၏ အခြားမဲ့၌ ဝေဒနာတိက်ကို ဟောတော်မူ၏။

ထိုဝေဒနာတိက်၌လည်း ပဌမပဒ ဒုတိယပဒ တတိယပဒအားဖြင့် သုံးပါးအပြားရှိ၏။

ထိုသုံးပါးတို့တွင် ပဌမပဒကို ရှေးဦးစွာ ဟောတော်မူ၏။

ဟောဟန်ကား —

**သုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင် ဒုတိယပဒကို ဟောတော်မူ၏။

ဟောဟန်ကား —

**ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင် တတိယပဒကို ဟောတော်မူ၏။

ဟောဟန်ကား —

**အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ** ဟူသည်တည်း။

သုခါယ၊ သုခဖြစ်သော။ ဝေဒနာယ၊ ဝေဒနာနှင့်။ သမ္ပယုတ္တာ၊ အညီအညွတ် ကေပ္ပါဒအစရှိသော အပြားတို့ဖြင့် ယှဉ်ကုန်သော။ ဓမ္မာ နိဿတ္တနိဇ္ဇီဝသဘာဝါ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ဒုက္ခာယ၊ သော။ ဝေဒနာယ၊ နှင့်။ သမ္ပယုတ္တာ၊ ကုန်သော။ ဓမ္မာ နိဿတ္တနိဇ္ဇီဝသဘာဝါ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အဒုက္ခမသုခါယ၊ ဒုက္ခလည်းမဟုတ် သုခလည်း မဟုတ်သော။ ဝါ၊ ဒုက္ခမှလည်းတပါး သုခမှလည်းတပါးသော။ ဝေဒနာယ၊ နှင့်။ သမ္ပယုတ္တာ၊ ကုန်သော။ ဓမ္မာ နိဿတ္တနိဇ္ဇီဝသဘာဝါ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**သုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ ဟူသော ပဌမပုဒ်၏ အရကား—** သုခသဟဂုတ်စိတ် ၆၃-ခု၊ ဝေဒနာ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ဆစတ္တာလီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၃-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ်အားဖြင့် ၃-ပါး၊ သစ္စာအားဖြင့် ၃-ပါးဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၃-ပါး** ဟူသော်ကား —

စေတသိက် ဆစတ္တာလီသတို့တွင် သညာသည် သညာက္ခန္ဓာမည်၏၊ သညာမှ ကြွင်းသော စေတသိက်ပဉ္စစတ္တာလီသသည် သင်္ခါရက္ခန္ဓာ မည်၏၊ သုခသဟဂုတ်စိတ် ၆၃-ခုသည် ဝိညာဏက္ခန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၃-ပါးဖြစ်သတည်း။

**အာယတနအားဖြင့် ၂-ပါး** ဟူသော်ကား —

သုခသဟဂုတ်စိတ် ၆၃-ခုသည် မနာယတန မည်၏၊ စေတသိက် ဆစတ္တာလီသသည် ဓမ္မာယတနမည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၂-ပါးဖြစ်သတည်း။

**ဓာတ်အားဖြင့် ၃-ပါး** ဟူသော်ကား —

သုခသဟဂုတ် ကာယဝိညာဉ်သည် ကာယဝိညာဏဓာတ်မည်၏၊ ကြွင်းသော သုခသဟဂုတ်စိတ် ၆၂-ခုသည် မနောဝိညာဏဓာတ်မည်၏၊ စေတသိက် ဆစတ္တာ-လီသသည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင်ဓာတ်အားဖြင့် ၃-ပါးဖြစ်သတည်း။

**သစ္စာအားဖြင့် ၃-ပါး** ဟူသော်ကား —

လောကီသုခသဟဂုတ်စိတ် ၃၁-ခု၊ လောဘကြဉ်သော စေတသိက် ပဉ္စ-စတ္တာလီသသည် ဒုက္ခသစ္စာ မည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏၊ မဂ် သုခသဟဂုတ်စိတ် ၁၆-ခု၌ ရှိသော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာ-ကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဟု ဆိုအပ်သော သောတာပတ္တိမဂ် ဂ-ပါး၊ ၇ ပါး။ သကဒါဂါမိမဂ် ဂ-ပါး၊ ၇-ပါး။ အနာဂါမိမဂ် ဂ-ပါး၊ ၇-ပါး။ အရဟတ္တမဂ် ဂ-ပါး ၇-ပါးသည် မဂ္ဂသစ္စာ မည်၏။

ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂ဂ-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၆-ခုသည် သစ္စာ ဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၃-ပါး ဖြစ်သတည်း။

**ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ ဟူသော ဒုတိယပုဒ်၏ အရကား** — ဒုက္ခ သဟဂုတ်စိတ် ၃-ခု၊ ဝေဒနာ, ပီတိ, လောဘ, ဒိဋ္ဌိ, မာန, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ကေဝီသ ရ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၃-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ်အားဖြင့် ၃-ပါး၊ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၃-ပါး** ဟူသော်ကား —

စေတသိက် ကေဝီသတို့တွင် သညာသည် သညာက္ခန္ဓာ မည်၏၊ သညာမှ ကြွင်းသော စေတသိက် ဝီသသည် သင်္ခါရက္ခန္ဓာ မည်၏၊ ဒုက္ခသဟဂုတ်စိတ် ၃-ခုသည် ဝိညာဏက္ခန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၃-ပါး ဖြစ်သတည်း။

**အာယတနအားဖြင့် ၂-ပါး** ဟူသော်ကား —

ဒုက္ခသဟဂုတ် စိတ် ၃-ခုသည် မနာယတန မည်၏၊ စေတသိက် ကေ-ဝီသသည် ဓမ္မာယတန မည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၂-ပါး ဖြစ်သတည်း။

**ဓာတ်အားဖြင့် ၃-ပါး** ဟူသော်ကား —

ဒုက္ခသဟဂုတ် ကာယဝိညာဉ်သည် ကာယဝိညာဏဓာတ် မည်၏၊ ဒေါသမူ ဒွေသည် မနောဝိညာဏဓာတ် မည်၏၊ စေတသိက် ကေဝီသသည် ဓမ္မဓာတ် မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၃-ပါး ဖြစ်သတည်း။

**သစ္စာအားဖြင့် ၁-ပါး** ဟူသော်ကား —

ဒုက္ခသဟဂုတ်စိတ် ၃-ခု၊ စေတသိက် ကေဝီသသည် ဒုက္ခသစ္စာ မည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၁-ပါး ဖြစ်သတည်း။

**အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ ဟူသော တတိယပုဒ်၏ အရကား**—ဥပေက္ခာသဟဂုတ်စိတ် ၅၅-ခု၊ ဝေဒနာ, ပီတိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ-ကြဉ်သော စေတသိက် ဆဲစတ္တာလီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၃-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ်အားဖြင့် ၇-ပါး၊ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၃-ပါး** ဟူသော်ကား —

စေတသိက် ဆဲစတ္တာလီသတို့တွင် သညာသည် သညာက္ခန္ဓာ မည်၏၊ သညာမှ ကြွင်းသော စေတသိက် ပဉ္စစတ္တာလီသသည် သင်္ခါရက္ခန္ဓာ မည်၏၊ ဥပေက္ခာသဟဂုတ်စိတ် ၅၅-ခုသည် ဝိညာဏက္ခန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၃-ပါး ဖြစ်သတည်း။

**အာယတနအားဖြင့် ၂-ပါး** ဟူသော်ကား —

ဥပေက္ခာသဟဂုတ်စိတ် ၅၅-ခုသည် မနာယတန မည်၏၊ စေတသိက် ဆဲစတ္တာလီသသည် ဓမ္မာယတန မည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၂-ပါး ဖြစ်သတည်း။

**ဓာတ်အားဖြင့် ၇-ပါး** ဟူသော်ကား —

စက္ခုဝိညာဉ် ဒွေသည် စက္ခုဝိညာဏဓာတ် မည်၏၊ သောတဝိညာဉ် ဒွေသည် သောတဝိညာဏဓာတ် မည်၏၊ ဃာနဝိညာဉ်ဒွေသည် ဃာနဝိညာဏဓာတ် မည်၏၊ ဇိဝှါဝိညာဉ်ဒွေသည် ဇိဝှါဝိညာဏဓာတ် မည်၏၊ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်းဒွေသည် မနောဓာတ် မည်၏၊ ကြွင်းသော ဥပေက္ခာသဟဂုတ်စိတ် ၄၄-ခုသည် မနောဝိညာဏဓာတ် မည်၏၊ စေတသိက် ဆဲစတ္တာလီသသည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၇-ပါး ဖြစ်သတည်း။

**သစ္စာအားဖြင့် ၃-ပါး** ဟူသော်ကား —

လောကီ ဥပေက္ခာသဟဂုတ်စိတ် ၄၇-ခု၊ လောဘကြဉ်သော စေတသိက် ပဉ္စစတ္တာလီသသည် ဒုက္ခသစ္စာ မည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏၊ မဂ်ဥပေက္ခာသဟဂုတ်စိတ် ၄-ခုဥ်ရှိသော သမ္မာဒိဋ္ဌိ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဟုဆိုအပ်သော

သောတာပတ္တိမဂ် ၇-ပါး၊ သကဒါဂါမိမဂ် ၇-ပါး၊ အနာဂါမိမဂ် ၇-ပါး၊ အရဟတ္တမဂ် ၇-ပါး သည် မဂ္ဂသစ္စာမည်၏။

ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၆-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၃-ခုသည် သစ္စာဟူသော အရေအတွက်မှလွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၃-ပါးဖြစ်သတည်း။

သုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ၊ ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ၊ အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ ဟူ၍ ဟောတော်မူအပ်သော ဤသဒ္ဒါအစဉ်သည် ပရမတ္ထတရားကို သုံးစုပြု၍ ဟောရာဟောကြောင်းဖြစ်ခြင်းကြောင့် တိက်မည်၏။

ထိုတိက်သည် အာဒိလဒ္ဓနာမတိက်, သဗ္ဗလဒ္ဓနာမတိက် အားဖြင့် ၂-ပါးအပြားရှိ၏၊ ထို ၂-ပါးတို့တွင် ၃-ပုဒ်လုံး၌ တည်သော ဝေဒနာသဒ္ဒါဖြင့် ဝေဒနာတိက် ဟူ၍ ရအပ်သော အမည်ရှိသည်၏ အဖြစ်ကြောင့် **သဗ္ဗလဒ္ဓနာမတိက်**[1] မည်၏။

သပ္ပဒေသတိက်, နိပ္ပဒေသတိက် အားဖြင့်လည်း ၂-ပါး အပြားရှိ၏။ ထို ၂-ပါး တို့တွင် သုခဝေဒနာ ၆၃-ခု[2]၊ ဒုက္ခဝေဒနာ ၃-ခု၊ ဥပေက္ခာဝေဒနာ ၅၅-ခု၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန် ဟုဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသတိက်**မည်၏။

---

## ၃-ဝိပါကတိက်

ဝေဒနာတိက်ကို ဟောတော်မူသည်၏ အခြားမဲ့၌ ဝိပါကတိက်ကို ဟောတော်မူ၏။ (စပ်မြဲစစ်လေ)။

ဟောဟန်ကား --

**ဝိပါကာ ဓမ္မာ** ဟူသည်တည်း။

---

၁-"ဒေဝဒတ္တော အလက်တော"ကဲ့သို့ အစိတ်၏အမည်ကို အပေါင်း၌ တင်စား၍ သဗ္ဗလဒ္ဓနာမတိက် မည်သည်။

၂-သုခဝေဒနာ ၆၃-ခု စသည်ဖြင့် ဆိုခြင်းကား "စိတ္တေန သမမုဒ္ဒိသေ" ဟူသော အဋ္ဌကထာပါဌ် (၁၅)။

**စိတ္တေန သမံ ဘေဒံ ဥဒ္ဒိသေ၊** "သဗ္ဗစိတ္တသာဓာရဏာ တာဝ သတ္တ ကေနနုဝတ္တိစိတ္တေသု ဥပ္ပဇ္ဇနတော ပစ္စေက ကေနနုဝတ္တိဝိဓာ၊ ပကိဏ္ဏကေသု ဝိတက္ကော ပဉ္စပညာသစိတ္တေသု ဥပ္ပဇ္ဇနတော ပဉ္စပညာသဝိဓော" တျာဒိနာ ကထေယျာတိ ဇတ္တော-ဟူသော **ဋီကာ**ကျော်ပါဌ် (၁၂၁) တို့ကို ထောက်၍ သိရာ၏။

ထိုနှောင်....၏၊ ဟောဟန်ကား —

**ဝိပါကဓမ္မဓမ္မာ** ဟူသည်တည်း။

ထိုနှောင်....၏၊ ဟောဟန်ကား —

**နေဝဝိပါက န ဝိပါကဓမ္မဓမ္မာ** ဟူသည်တည်း။

ဝိပါကာ၊ အချင်းချင်း ထူးကုန်သော ကုသိုလ်, အကုသိုလ်တို့၏ အကျိုး ဖြစ်ကုန်သော။ ဓမ္မာ နိယာတ္တနိဇ္ဇီဝသဘာဝါ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ဝိပါကဓမ္မဓမ္မာ၊ အကျိုးကို ဖြစ်စေခြင်းသဘော ရှိကုန်သော သတ္တလည်း မဟုတ် ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

နေဝဝိပါက န ဝိပါကဓမ္မဓမ္မာ၊ အချင်းချင်း ထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်းမဟုတ် အကျိုးကို ဖြစ်စေခြင်းသဘော ရှိသည်လည်း မဟုတ်ကုန်သော သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရား တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ဝိပါကာ ဓမ္မာ ဟူသော ပဋ္ဌမပုဒ်၏ အရကား**—ဝိပါက်စိတ် ဆတ္တိံသ၊ စေတသိက် အဋ္ဌတိံသ [၁] ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ် အားဖြင့် ၈-ပါး၊ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး** ဟူသော်ကား —

စေတသိက် အဋ္ဌတိံသ တို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏၊ သညာ သည် သညာက္ခန္ဓာမည်၏၊ ဝေဒနာ သညာမှ ကြွင်းသော စေတသိက် ဆတ္တိံသ သည် သင်္ခါရက္ခန္ဓာ မည်၏၊ ဝိပါက်စိတ် ဆတ္တိံသ သည် ဝိညာဏက္ခန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါး ဖြစ်သတည်း။

**အာယတနအားဖြင့် ၂-ပါး** ဟူသော်ကား -

ဝိပါက်စိတ် ဆတ္တိံသသည် မနာယတန မည်၏၊ စေတသိက် အဋ္ဌတိံသ သည် ဓမ္မာယတန မည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၂-ပါး ဖြစ်သတည်း။

**ဓာတ်အားဖြင့် ၈-ပါး** ဟူသော်ကား —

စက္ခုဝိညာဉ်ဒွေသည် စက္ခုဝိညာဏဓာတ် မည်၏။ပ။ ကာယဝိညာဉ်ဒွေသည် ကာယဝိညာဏဓာတ် မည်၏၊သမ္ပဋိစ္ဆိုန်းဒွေသည် မနောဓာတ် မည်၏၊ကြွင်းသော

---

၁-"ဝိပက္ကဘာဝမာပန္နာနံ အရူပဓမ္မာနမေတံ အဓိဝစနံ"ဟူ၍ ဆိုခြင်းကြောင့် ကဋတ္တာ ရုပ်ကို မကောက်ရသတည်း။ (ဋ္ဌ-၀၄)။

ဝိပါက်စိတ် စတုဝီသသည် မနောဝိညာဏဓာတ် မည်၏၊ စေတသိက်အဋ္ဌတိံသ သည် ဓမ္မဓာတ် မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၈-ပါး ဖြစ်သတည်း။

**သစ္စာအားဖြင့် ၁-ပါး** ဟူသော်ကား —

လောကီဝိပါက်စိတ် ဗာတ္တိံသ၊ စေတသိက် ပဉ္စတိံသသည် ဒုက္ခသစ္စာ မည်၏။

ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၁-ပါး ဖြစ်သတည်း။

**ဝိပါကဓမ္မဓမ္မာ ဟူသော ဒုတိယပုဒ်၏ အရကား** — အကုသိုလ်စိတ် ဒွါဒသ၊ ကုသိုလ်စိတ် ဧကဝီသ၊ စေတသိက် ဒွေပညာသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ်အားဖြင့် ၂-ပါး၊ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။ (ခန္ဓာ, အာယတန, ဓာတ်ဖွဲ့လွယ်ပြီ)။

**သစ္စာအားဖြင့် ၃-ပါး** ဟူသော်ကား —

အကုသိုလ်စိတ် ဒွါဒသ၊ လောကီကုသိုလ် သတ္တရသ၊ လောဘကြဉ်သော စေတသိက် ဧကပညာသသည် ဒုက္ခသစ္စာ မည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏၊ မဂ်စိတ် ၄-ခုဥ္စရှိသော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဟု ဆိုအပ်သော သောတာပတ္တိမဂ် ၈-ပါး၊ ၇-ပါး ။ပ။ အရဟတ္တမဂ် ၈-ပါး၊ ၇-ပါးသည် မဂ္ဂသစ္စာ မည်၏။

ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၈-ခုသည် သစ္စာဟူသော အရေအတွက်မှလွတ်၏။ ဤသို့လျှင် သစ္စာအားဖြင့် ၃-ပါး ဖြစ်သတည်း။

**နေဝဝိပါက န ဝိပါကဓမ္မဓမ္မာ ဟူသော တတိယပုဒ်၏ အရကား** — ကြိယာစိတ် ဝီသ၊ စေတသိက် ပဉ္စတိံသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၁၂-ပါး၊ ဓာတ်အားဖြင့် ၁၃-ပါး၊ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၅-ပါး** ဟူသော်ကား —

ရုပ် အဋ္ဌဝီသသည် ရူပက္ခန္ဓာမည်၏၊ စေတသိက် ပဉ္စတိံသတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊ သညာသည် သညာက္ခန္ဓာ မည်၏၊ ဝေဒနာ သညာမှ ကြွင်းသော စေတသိက် တေတ္တိံသသည် သင်္ခါရက္ခန္ဓာ မည်၏၊ ကြိယာစိတ် ဝီသသည် ဝိညာဏက္ခန္ဓာ မည်၏၊ နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၅-ပါး ဖြစ်သတည်း။

**အာယတနအားဖြင့် ၁၂-ပါး** ဟူသော်ကား --

ရုပ်အင်္ဂဝိသတို့တွင် စက္ခုပသာဒသည် စက္ခာယတန မည်၏ ။ပ။ ပဟဝိ, တေဇော, ဝါယောဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတန မည်၏၊ ကြိယာစိတ်ဝိသသည် မနာယတန မည်၏၊ စေတသိက်ပဥ္စတိံသ၊ အာပေါ။ပ။ အနိစ္စတာအားဖြင့် သုခုမရုပ် သောဠသ၊ နိဗ္ဗာန်သည် ဓမ္မာယတန မည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၁၂-ပါး ဖြစ်သတည်း။

**ဓာတ်အားဖြင့် ၁၃-ပါး** ဟူသော်ကား --

ရုပ် အင်္ဂဝိသတို့တွင် စက္ခုပသာဒသည် စက္ခုဓာတ် မည်၏။ပ။ ပထဝီ, တေဇော, ဝါယောဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ် မည်၏၊ ပဉ္စဒွါရာဝဇ္ဇန်းသည် မနောဓာတ် မည်၏၊ ကြွင်းသော ကြိယာစိတ် ဧကူနဝိသသည် မနောဝိညာဏဓာတ် မည်၏၊ စေတသိက် ပဥ္စတိံသ၊ အာပေါ။ပ။ အနိစ္စတာ အားဖြင့် သုခုမရုပ် သောဠသ၊ နိဗ္ဗာန်သည် ဓမ္မဓာတ် မည်၏၊ ဤသို့လျှင် ဓာတ် အားဖြင့် ၁၃-ပါး ဖြစ်သတည်း။

**သစ္စာအားဖြင့် ၂-ပါး** ဟူသော်ကား --

ကြိယာစိတ် ဝိသ၊ စေတသိက် ပဥ္စတိံသ၊ ရုပ် အင်္ဂဝိသသည် ဒုက္ခသစ္စာမည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါးဖြစ်သတည်း။

ဝိပါကာ ဓမ္မာ၊ ဝိပါကဓမ္မဓမ္မာ၊ နေဝဝိပါက န ဝိပါကဓမ္မဓမ္မာဟူ၍ ဟောတော်မူအပ်သော ဤသဒ္ဒါ အစဉ်သည် ပရမတ္ထတရားကိုသုံးစုပြု၍ ဟောရာ ဟောကြောင်းဖြစ်ခြင်းကြောင့် တိက်မည်၏။

ထိုတိက်သည် အာဒိလဒ္ဓနာမတိက်, သဗ္ဗလဒ္ဓနာမတိက်အားဖြင့် ၂-ပါးအပြားရှိ၏။

ထို ၂-ပါးတို့တွင် အစဦးတည်သော ဝိပါကသဒ္ဒါဖြင့် ဝိပါကတိက်ဟူ၍ ရအပ်သော အမည်ရှိသည်၏ အဖြစ်ကြောင့် **အာဒိလဒ္ဓနာမတိက်**မည်၏။

သပ္ပဒေသတိက်, နိပ္ပဒေသတိက်အားဖြင့်လည်း ၂-ပါးအပြားရှိ၏၊ ထို ၂-ပါးတို့တွင် ကြွင်းသော ပရမတ္ထတရား မရှိသည်၏ အဖြစ်ကြောင့် **နိပ္ပဒေသတိက်** မည်၏[၁]။

---

၁-အဘိညာဉ်စသော ကုသိုလ်၊ အထက်မဂ်ဖြင့် ပယ်အပ်ပြီးသည်စသော အကုသိုလ်တို့သည် အကျိုးကို ဖြစ်စေခြင်း မရှိသောကြောင့် တိက်မုတ်ဟူ၍ဘွားအံ့၊ မသင့်။

ထိုကြောင့်မဟုတ်လော—

"ဝိပစ္စနသဘာဝတာ စ အနုပစ္ဆိန္နာဝိဇ္ဇာတဏှာမာနသန္တာနေ သဗ္ဗာပါရတာ၊ တေန အဘိညာဒိကုသလာနံ ဘာဝနာယပဟာတဗ္ဗာဒိအကုသလာနဉ္စ ဝိပါကာနုပ္ပါဒနေပိ ဝိပါကဓမ္မတာ သိဒ္ဓါ ဟောတိ" ဟူ၍ ဋီကာရှင် မိန့်သော်။ (ဋီ-၃၈)။

## ၄-ဥပါဒိန္နတိက်

ဝိပါကတိက်ကို........၌ ဥပါဒိန္နတိက်ကို........၏၊........ကား — **ဥပါဒိန္နုပါဒါနိယာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင်....၏၊ ဟောဟန်ကား — **အနုပါဒိန္နုပါဒါနိယာ ဓမ္မာ** ဟူသည် တည်း။

ထိုနောင်....၏၊....ကား — **အနုပါဒိန္နအနုပါဒါနိယာ ဓမ္မာ** ဟူသည်တည်း။

ဥပါဒိန္နုပါဒါနိယာ၊ အာရုံပြုသောအားဖြင့် တဏှာ, ဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်ကုန်သည်ဖြစ်၍ ဥပါဒါန်တို့၏ အစီးအပွါးဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အနုပါဒိန္နုပါဒါနိယာ၊ အာရုံပြုသောအားဖြင့် တဏှာ,ဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်ကုန်သည်ဖြစ်၍ ဥပါဒါန်တို့၏အစီးအပွါးသာ ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အနုပါဒိန္နအနုပါဒါနိယာ၊ အာရုံပြုသောအားဖြင့် တဏှာ, ဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်သည်လည်း မဟုတ် ဥပါဒါန်တို့၏ အစီးအပွါးလည်းမဟုတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား** — လောကီဝိပါက်စိတ် ဗာတ္တိံသ၊ စေတသိက်ပဉ္စတိံသ၊ ကမ္မဇရုပ် ဝီသံရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၁၁-ပါး၊ ဓာတ်အားဖြင့် ၁၇-ပါး၊ သစ္စာအားဖြင့် ၁-ပါးဖြစ်ကုန်၏။

---

၁-ဥပစယ, သန္တတိကိုသွင်း၍ ကမ္မဇရုပ်ဝီသဖြစ်သည်။

ဝိညတ္တိဒွယံ စိတ္တဇမေဝ။ သဒ္ဒေါ စိတ္တောတုဇော။လဟုတာဒိတ္တယံ ဥတုစိတ္တာဟာရေဟိ သမ္ဘောတိ–ဟူသော အဋ္ဌကထာပါဠိ (၄၂)။

ပစ္စုပ္ပန္နပစ္စယာပေက္ခတ္တာ လဟုတာဒိတ္တယံ ကမ္မဇံ န ဟောတိ။

ပဉ္စဝိကာရ ရူပ သဒ္ဒ အဝိနိဗ္ဘောဂရူပ အာကာသဝသေန ပန္နရသ စိတ္တဇာနိ၊ သဒ္ဒေါ လဟုတာဒိတ္တယံ အဝိနိဗ္ဘောဂါကာသရူပါနိ နဝါတိ တေရသ ဥတုဇာနိ-ဟူသော ဋီကာကျော်ပါဠိ (၂၁၀) နှင့်အညီ –

ဝိညတ် ဒွေ, သဒ္ဒ, လဟုတာဒိတ္တယတို့သည် ကမ္မဇရုပ် သဘောမှ ကင်းသောကြောင့် ဤပဌမပုဒ်အရ၌ မဝင်သတည်း။

**ခန္ဓာအားဖြင့် ၅-ပါး** ဟူသော်ကား —

ကမ္မဇရုပ် ဝိသသည် ရူပက္ခန္ဓာမည်၏၊ စေတသိက် ပဥ္စတိံသတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏၊ သညာသည် သညာက္ခန္ဓာမည်၏၊ ဝေဒနာ သညာမှ ကြွင်းသော စေတသိက် တေတ္တိံသသည် သင်္ခါရက္ခန္ဓာမည်၏၊ လောကီဝိပါက် စိတ်ဗာတ္တိံသသည် ဝိညာဏက္ခန္ဓာမည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၅-ပါးဖြစ်သတည်း။

**အာယတန အားဖြင့် ၁၁ -ပါး** ဟူသော်ကား —

ကမ္မဇရုပ် ဝိသတို့တွင် စက္ခုပသာဒသည် စက္ခာယတနမည်၏ ။ပ။ ကာယပသာဒသည် ကာယာယတနမည်၏၊ ရူပါရုံသည် ရူပါယတနမည်၏၊ ဂန္ဓာရုံသည် ဂန္ဓာယတနမည်၏၊ ရသာရုံသည် ရသာယတနမည်၏၊ ပထဝီ, တေဇော, ဝါယော ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတနမည်၏၊ သောကီဝိပါက်ဗာတ္တိံသ သည် မနာယတနမည်၏၊ စေတသိက် ပဥ္စတိံသ၊ အာပေါ်, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဟဒယရုပ်, ဇီဝိတရုပ်, အာဟာရရုပ်, ပရိစ္ဆေဒရုပ်, ဥပစယ, သန္တတိ အားဖြင့်၊ **တနည်းကား** — ဇရတာ, အနိစ္စတာ[၁] အားဖြင့် သုခုမရုပ် ၉-ခု၊ ၁၁-ခု သည် ဓမ္မာယတနမည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၁၁-ပါးဖြစ်သတည်း။

**ဓာတ်အားဖြင့် ၁၇-ပါး** ဟူသော်ကား —

ကမ္မဇရုပ် ဝိသတို့တွင် စက္ခုပသာဒသည် စက္ခုဓာတ်မည်၏ ။ ပ ။ ကာယ-ပသာဒသည် ကာယဓာတ်မည်၏၊ ရူပါရုံသည် ရူပဓာတ်မည်၏၊ ဂန္ဓာရုံသည် ဂန္ဓဓာတ်မည်၏၊ ရသာရုံသည် ရသဓာတ်မည်၏၊ ပထဝီ, တေဇော, ဝါယော ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ် မည်၏၊ စက္ခုဝိညာဉ်ဒွေသည် စက္ခု-ဝိညာဏဓာတ်မည်၏ ။ ပ ။ ကာယဝိညာဉ်ဒွေသည် ကာယဝိညာဏဓာတ်မည်၏၊ သမ္ပဋိစ္ဆိုန်းဒွေသည် မနောဓာတ်မည်၏၊ ကြွင်းသော လောကီဝိပါက်စိတ် ဝိသသည် မနောဝိညာဏဓာတ် မည်၏၊ စေတသိက် ပဥ္စတိံသ၊ အာပေါ ။ ပ ။ ဥပ-စယ, သန္တတိအားဖြင့်၊ **တနည်းကား** — ဇရတာ, အနိစ္စတာ အားဖြင့် သုခုမရုပ် ၉-ခု၊ ၁၁-ခုသည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၁၇-ပါး ဖြစ်သတည်း။

---

၁-ဇရတာ အနိစ္စတာသည် နကုဒေတာစိသမုဋ္ဌာန်ဖြစ်သော်လည်း ကမ္မဇရုပ်၏ ဌီ, ဘင်ဖြစ်၍ မကင်းသင့်သောကြောင့် အာယတန, ဓာတ်ဖွဲ့သည်မှာ သွင်း၍ဖွဲ့သည်၊ ၉-ခု ၁၁-ခု ဆိုရာမှာ ခွဲလေ။

**သစ္စာအားဖြင့် ၁ ပါး** ဟူသော်ကား —

လောကီဝိပါက်စိတ် ဗာတ္တိံသ၊စေတသိက် ပဥ္စတိံသ၊ ကမ္မဇရုပ် ဝီသသည် ဒုက္ခသစ္စာမည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၁-ပါးဖြစ်သတည်း။

**ဒုတိယ....ကား** —် အကုသိုလ် ဒွါဒသ၊ လောကီကုသိုလ် သတ္တရသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ် သတ္တရသ၊ ဥတုဇရုပ် ပန္နရသ၊ အာဟာရဇရုပ် စုဒ္ဒသ[၁]ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၇-ပါး၊ ဓာတ်အားဖြင့် ဂ-ပါး၊ သစ္စာအားဖြင့် ၂-ပါးဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၅ ပါး** ဟူသော်ကား —

တိဇရုပ်သည် ရူပက္ခန္ဓာမည်၏၊ စေတသိက် ဒွေပညာသတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏၊ သညာသည် သညာက္ခန္ဓာမည်၏၊ ဝေဒနာ သညာမှကြွင်းသော စေတသိက် ပညာသ သည် သင်္ခါရက္ခန္ဓာမည်၏၊ အကုသိုလ် ဒွါဒသ၊ လောကီကုသိုလ် သတ္တရသ၊ ကြိယာစိတ် ဝီသသည် ဝိညာဏက္ခန္ဓာမည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၅-ပါး ဖြစ်သတည်း။

**အာယတနအားဖြင့် ၇-ပါး** ဟူသော်ကား —

တိဇရုပ်တို့တွင် ရူပါရုံသည် ရူပါယတနမည်၏၊ သဒ္ဒါရုံသည် သဒ္ဒါယတနမည်၏၊ ဂန္ဓာရုံသည် ဂန္ဓာယတနမည်၏၊ ရသာရုံသည် ရသာယတနမည်၏၊ ပထဝီ၊ တေဇော၊ ဝါယော ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတနမည်၏၊ အကုသိုလ် ဒွါဒသ၊ လောကီကုသိုလ် သတ္တရသ၊ ကြိယာစိတ် ဝီသသည် မနာယတနမည်၏၊ စေတသိက် ဒွေပညာသ၊ အာပေါ၊ အာဟာရရုပ်၊

---

၁-ဥပစယ, သန္တတိကို သွင်း၍ သတ္တရသ, ပန္နရသ, စုဒ္ဒသဆိုသည်၊ ဇရတာ, အနိစ္စတာသည် နကုတောစိသမုဋ္ဌာန် ဖြစ်သော်လည်း တိဇရုပ်၏ ဌီ,ဘင် ဖြစ်၍ မကင်းသင့်သောကြောင့် တိဇရုပ်ကို ကောက်လျှင် ပါဝင်ပြီ။

တတ္ထ ဟဒယဣန္ဒြိယရူပါနိ ကမ္မဇာနေဝ ဟူသော အဋ္ဌကထာပါဠိ (၄၂)။

**ဟဒယိန္ဒြိယရူပါနိ** နဝ ကမ္မတောယေဝ ဇာတတ္တာ ကမ္မဇာနေဝ ဟူသော **ဋီကာကျော်** ပါဠိ (၂၁၀)နှင့် အညီ။

ဟဒယရုပ်,ဣန္ဒြိယရုပ်တို့သည် ကမ္မဇ ကေန် ဖြစ်သောကြောင့် ဤဒုတိယပုဒ်၏ အရ၌ မဝင်သတည်း။

ပရိစ္ဆေဒရုပ်, ကာယဝိညတ်, ဝစီဝိညတ်, ရူပဿ လဟုတာ, မုဒုတာ, ကမ္မညတာ, ဥပစယ,သန္တတိအားဖြင့်၊ **တနည်းကား**—ဇရတာ, အနိစ္စတာအားဖြင့် သုခုမရုပ် ၁၀-ခု၊ ၁၂-ခုသည် ဓမ္မာယတနမည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၇-ပါး ဖြစ်သတည်း။

**ဓာတ်အားဖြင့်** ၈-ပါး ဟူသော်ကား—

တိဇရုပ်တို့တွင် ရူပါရုံသည် ရူပဓာတ်မည်၏။ ပ ။ ပထဝီ, တေဇော, ဝါယော ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ် မည်၏၊ ပဥ္စဒွါရာဝဇ္ဇန်းသည် မနောဓာတ်မည်၏၊ အကုသိုလ် ဒွါဒသ၊ လောကီကုသိုလ် သတ္တရသ၊ ကြွင်းသော ကြိယာစိတ် ဧကူနဝီသသည် မနောဝိညာဏဓာတ်မည်၏၊ စေတသိက် ဒွေ-ပညာသ၊ အာပေါ,အာဟာရရုပ်။ပ။ ဥပစယ, သန္တတိအားဖြင့်၊ **တနည်းကား—** ဇရတာ,အနိစ္စတာ အားဖြင့် သုခုမရုပ် ၁၀-ခု၊ ၁၂-ခုသည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၈-ပါးဖြစ်သတည်း။

**သစ္စာအားဖြင့်** ၂-ပါး ဟူသော်ကား

အကုသိုလ် ဒွါဒသ၊ လောကီကုသိုလ် သတ္တရသ၊ ကြိယာစိတ် ဝီသ၊ လောဘ ကြဉ်သော စေတသိက် ဧကပညာသ၊ တိဇရုပ်သည် ဒုက္ခသစ္စာမည်၏၊ လောဘ သည် သမုဒယသစ္စာ မည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါးဖြစ်သတည်း။

**တတိယ....ကား—** လောကုတ္တရာစိတ် ၈-ခု၊စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန်ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ် အားဖြင့် ၂-ပါး၊ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့်** ၄-ပါး ဟူသော်ကား —

စေတသိက် ဆတ္တိံသတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊ သညာ သည် သညာက္ခန္ဓာ မည်၏၊ ဝေဒနာ သညာမှကြွင်းသော စေတသိက် စတုတ္တိံသ သည် သင်္ခါရက္ခန္ဓာမည်၏၊ လောကုတ္တရာစိတ် ၈-ခုသည် ဝိညာဏက္ခန္ဓာမည်၏၊ နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှလွတ်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါး ဖြစ်သတည်း။

**အာယတန အားဖြင့်** ၂-ပါး ဟူသော်ကား —

လောကုတ္တရာစိတ် ၈-ခုသည် မနာယတနမည်၏၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန်သည် ဓမ္မာယတနမည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၂-ပါး ဖြစ် သတည်း။

**ဓာတ်အားဖြင့်** ၂-ပါး ဟူသော်ကား —

လောကုတ္တရာစိတ် ၈-ခု သည် မနောဝိညာဏဓာတ် မည်၏၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန်သည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၂-ပါး ဖြစ်သတည်း။

**သစ္စာအား**ဖြင့် ၂-**ပါ**း ဟူသော်ကား —

နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏၊ မဂ်စိတ် ၄-ခု၌ ရှိသော သမ္မာဒိဋ္ဌိ။ ပ ။ သမ္မာသမာဓိ ဟုဆိုအပ်သော သောတာပတ္တိမဂ် ၈-ပါး၊ ၇-ပါး။ ပ ။ အရဟတ္တမဂ် ၈-ပါး၊ ၇-ပါးသည် မဂ္ဂသစ္စာမည်၏။

ကြွင်းသော မဂ် စိတ္တုပ္ပါဒ် ၂၉-ခု၊ ဖိုလ် စိတ္တုပ္ပါဒ် ၃၇-ခုသည် သစ္စာ ဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါးဖြစ်သတည်း။

အာဒိလဒ္ဓနာမတိက် မည်၏၊ နိပ္ပဒေသတိက် မည်၏။
(ရှေးကနည်းကိုမှီး၍ ဆိုရိုးအတိုင်း ကုန်စင်အောင် ဆိုလေ)။

---

• လက်သန်း အဋ္ဌကထာ၌ လက္ခဏရုပ် ၄-ခုကို နကုတောစိ သမုဋ္ဌာန် ယူ၍ အဋ္ဌာရသ, ပန္နရသ, တေရသ, ဒွါဒသ-ဟု ဆိုအပ်သည်။

အဋ္ဌကထာကြီး၌ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဘာဝဒွယ, ဇီဝိတ ဤ ၈-ခုသည် ကမ္မသမုဋ္ဌာန်ကေန်၊ ဟဒယဝတ္ထုကို ပါဠိမလာ၍ ချန်သည်။

ဝိညတ်ရုပ် ၂-ခုသည် စိတ္တသမုဋ္ဌာန် ကေန်။ ဤ ၁၀-ပါးသည် ဧကသမုဋ္ဌာန်။ သဒ္ဒသည် ဒွိသမုဋ္ဌာန်။ လဟုတာဒိတ္တယသည် တိသမုဋ္ဌာန်။ မဟာဘုတ် ၄-ပါး၊ ရူပ, ဂန္ဓ, ရသ, အာဟာရ, ပရိစ္ဆေဒ ဤ ၉-ပါးကို စတုသမုဋ္ဌာန်။ ဇရတာ, အနိစ္စတာ ၂-ပါးကို နကုတောစိ သမုဋ္ဌာန်။ ဥပစယ, သန္တတိကို စတုသမုဋ္ဌာန်၌ သွင်းသောကြောင့် ဤတိက်တွင် ဝီသ, သတ္တရသ, ပန္နရသ, စုဒ္ဒသ-ဟုကောက်သည်။

ထိုသို့ လက်သန်းအဋ္ဌကထာအတိုင်း အဋ္ဌာရသ, ပန္နရသ, တေရသ, ဒွါဒသ။ အဋ္ဌကထာကြီးအတိုင်း ဝီသ, သတ္တရသ, ပန္နရသ, စုဒ္ဒသ-ဟု ကောက်ငြား သော်သည်း လက္ခဏရုပ် ၄-ခုသည် ထိုရုပ်တို့၏ ဥပါဒ်, ဌီ, ဘင် ဖြစ်၍ရင်း၊ ဇရတာ, အနိစ္စတာသည် ထိုရုပ်တို့၏ ဌီ, ဘင် ဖြစ်၍ရင်း ထိုစတုသမုဋ္ဌာန်ိကရုပ်ကို ကောက်လျှင် ပါဝင်ပြီ။

ထိုကြောင့် မဟာတ်လော အဋ္ဌကထာ၌ —

ဒသ အပရိနိပ္ဖန္နာနိ နာမ။ ယဒိ အပရိနိပ္ဖန္နာ အသင်္ခတာ နာမ ဘဝေယျုံ၊ တေသံယေဝ ပန ရူပါနံ ကာယဝိကာရော ကာယဝိညတ္တိ နာမ။ ဝစီဝိကာရော ဝစီဝိညတ္တိ နာမ။ ဆိဒ္ဒံ ဝိဝရံ အာကာသဓာတု နာမ၊ လဟုဘာဝေါ လဟုတာ နာမ၊ မုဒုဘာဝေါ မုဒုတာ နာမ၊ ကမ္မညဘာဝေါ ကမ္မညတာ နာမ၊ နိဗ္ဗတ္တိ ဥပစယော နာမ၊ ပဝတ္တိ သန္တတိ နာမ၊ ဇီရဏာကာရော ဇရတာ နာမ၊ ဟုတွာ အဘာဝါကာရော အနိစ္စတာ နာမာတိ၊ သဗ္ဗံ ပရိနိပ္ဖန္နံ သင်္ခတမေဝ ဟောတိ-ဟူ၍ မိန့်သော်။ (ဋ္ဌ-၃၇၈)။

## ၅-သံကိလိဋ္ဌတိက်

ဥပါဒိန္နတိက်ကို....၌ သံကိလိဋ္ဌတိက်ကို....၏၊ ဟောဟန်ကား **သံကိလိဋ္ဌ-သံကိလေသိကာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင်....၏၊....ကား **အသံကိလိဋ္ဌသံကိလေသိကာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင်....၏၊ ....ကား **အသံကိလိဋ္ဌအသံကိလေသိကာ ဓမ္မာ** ဟူသည်တည်း။

---

ရှေးဆရာမြတ်တို့ကား ရူပကဏ္ဍ ပါဠိ၊ အဋ္ဌကထာတို့၌ ဥပါဒိန္နနိဒ္ဒေသ စသည်၌ ဇရတာ, အနိစ္စတာ မပါ၊ အနုပါဒိန္နနိဒ္ဒေသ စသည်၌သာ ဇရတာ, အနိစ္စတာ ပါသည်ဟု နှလုံးပြုသဖြင့် ဒုတိယပုဒ်၌ ဇရတာ, အနိစ္စတာကို သွင်း၍ ကောက်တော်မူကုန်သည်။

ဤတိက်အဘွင့် မာတိကာ နိက္ခေပရာသိ အဋ္ဌကထာကဏ္ဍ ပါဠိ၊ အဋ္ဌကထာ, ဋီကာတို့၌ မလာ၊ အလုံးစုံသော မာတိကာ တိက်, ဒုက်ပြင် ဥပါဒ်ကိုရ၍ ဌီ, ဘင်ကို မရ၊ ဌီကို ရ၍ ဥပါဒ်, ဘင် ကို မရ၊ ဘင်ကို ရ၍ ဥပါဒ်, ဌီကို မရဟု ဟောတော်မူသည့်အရာ မရှိသည်သာမဟုတ်၊ ဤကဲ့သို့ ရူပကဏ္ဍကို ထောက်၍ ကောက်ချေသော် ရူပကဏ္ဍ အဋ္ဌကထာ၌ပင်—

**ဥပါဒိန္နန္တိ** န ကမ္မသမုဋ္ဌာနာနမေဝ၊ အဝိသေသေန ပန သရီရဋ္ဌကာနေတံ ဂဟဏံ။ သရီရဋ္ဌကဉှိ ဥပါဒိန္နံ ဝါ ဟောတု အနုပါဒိန္နံ ဝါ၊ အာဒိန္နဂဟိတပရာမဋ္ဌ-ဝသေန သဗ္ဗံ ဥပါဒိန္နမေဝ နာမ။ (ဋ္ဌ-၃၇၄)။

စသည်ဖြင့် လာသောကြောင့် ပဌမပုဒ်အရကို သရီရဋ္ဌက အဇ္ဈတ္တ စတုသမုဋ္ဌာ-နိကရုပ် ကို ကောက်သင့်၏ဟု ဆိုဘွယ်ရှိ၏။

န ကမ္မဿ ကဋတ္တာ ပုဒ်၏ နိဒ္ဒေသ၌ ဇရတာ, အနိစ္စတာ မပါ၊ အဋ္ဌကထာ၌လည်း န ကမ္မဿ ကဋတ္တာ ဟူသောပုဒ်၌ ကံမှတပါး ပစ္စည်းကြောင့် ဖြစ်သော တိဇရုပ်ကို သင်္ဂြိုဟ်သည်ဟု—

"**န ကမ္မဿ ကဋတ္တာ**"တိ ဧတ္ထ တာဝ ကမ္မတော အညပစ္စယသမုဋ္ဌာနံ သင်္ဂဟိတံ။ (ဋ္ဌ-၃၇၂)။

ဟူ၍လာသည်၊ ဇရတာ, အနိစ္စတာကို သင်္ဂြိုဟ်ရမည်ဟု မဆို၊ ဤတိက် ဒုတိယပုဒ်၏ အရ ရုပ်ကိုလည်း—

ကတမေ ဓမ္မာ အနုပါဒိန္နုပါဒါနိယာ။ တီသု ဘူမီသု ကုသလံ အကုသလံ၊ တီသု ဘူမီသု ကြိယာဗျာကတံ၊ ယဉ္စ ရူပံ န ကမ္မဿ ကဋတ္တာ။ ဣမေ ဓမ္မာ အနုပါ-ဒိန္နုပါဒါနိယာ။ (ဓမ္မသင်္ဂဏီပါဠိ-၂၆၇)။

ဟူ၍ တိဇရုပ်ကိုသာ ဟောတော်မူသည်။ ဇရတာ, အနိစ္စတာကို ဟောတော်မမူ။

ထိုကြောင့် ရူပကဏ္ဍ ပါဠိ, အဋ္ဌကထာ၊ နိက္ခေပရာသိ အဋ္ဌကထာကဏ္ဍ တို့နှင့်လည်း ဆန့်ကျင်ရကား ဤတိက် ဒုတိယပုဒ်အရတွင် ဇရတာ, အနိစ္စတာကို သွင်း၍ ကောက်ခြင်းသည် မသင့်။ "အကျယ်လိုမူ ရူပကဏ္ဍ နိက္ခေပရာသိ အဋ္ဌကထာကဏ္ဍ ပါဠိ, (၂၆၇) အဋ္ဌကထာ, (၃၇၅) ဋီကာတို့မှ ယူလေ"။

သံကိလိဋ္ဌသံကိလေသိကာ၊ ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာကိုရခြင်းငှါ ထိုက်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အသံကိလိဋ္ဌသံကိလေသိကာ၊ ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်သည် မဟုတ်ကုန်သည်ဖြစ်၍ ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာကို ရခြင်းငှါသာ ထိုက်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အသံကိလိဋ္ဌအသံကိလေသိကာ၊ ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာ တို့သည် ပူပန်စေအပ် နှိပ်စက်အပ်ကုန်သည်လည်း မဟုတ် ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာကို ရခြင်းငှါထိုက်သည်လည်း မဟုတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား—** အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ ရ၏။ (အကုသလာ ဓမ္မာ နှင့် အတူ ဖွဲ့လေ မထူးပြီ)။

**ဒုတိယ....ကား—** လောကီကုသိုလ် သတ္တရသ၊ လောကီဝိပါက် ဗာတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၁၂-ပါး၊ ဓာတ်အားဖြင့် ၁၈-ပါး၊ သစ္စာအားဖြင့် ၁-ပါးဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၅-ပါး** ဟူသော်ကား-

ရုပ် အဋ္ဌဝီသသည် ရူပက္ခန္ဓာ မည်၏၊ စေတသိက် အဋ္ဌတိံသတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊ သညာသည် သညာက္ခန္ဓာ မည်၏၊ ဝေဒနာ သညာမှ ကြွင်းသော စေတသိက် ဆတ္တိံသသည် သင်္ခါရက္ခန္ဓာ မည်၏၊ လောကီကုသိုလ် သတ္တရသ၊ လောကီဝိပါက် ဗာတ္တိံသ၊ ကြိယာစိတ် ဝီသသည် ဝိညာဏက္ခန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၅-ပါး ဖြစ်သတည်း။

**အာယတနအားဖြင့် ၁၂-ပါး** ဟူသော်ကား—

*ရုပ် အဋ္ဌဝီသတို့တွင် စက္ခုပသာဒသည် စက္ခာယတန မည်၏ ။ ပ ။ ပထဝီ, တေဇော, ဝါယော ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတန မည်၏၊ လောကီကုသိုလ် သတ္တရသ၊ လောကီဝိပါက် ဗာတ္တိံသ၊ ကြိယာစိတ် ဝီသသည် မနာယတန မည်၏၊ စေတသိက် အဋ္ဌတိံသ၊ အာပေါ်, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ,

ဟဒယရုပ်, ဇီဝိတရုပ်, အာဟာရရုပ်, ပရိစ္ဆေဒရုပ်, ကာယဝိညတ်, ဝစီဝိညတ်, ရူပဿ လဟုတာ, မုဒုတာ, ကမ္မညတာ, ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ အားဖြင့် သုခုမရုပ် သောဠသသည် ဓမ္မာယတနမည်၏၊ ဤသို့လျှင် အာယတန အားဖြင့် ၁၂-ပါး ဖြစ်သတည်း။

**ဓာတ်အားဖြင့် ၁၈-ပါး** ဟူသော်ကား

ရုပ် အဋ္ဌဝီသ တို့တွင် စက္ခုပသာဒသည် စက္ခုဓာတ်မည်၏။ ပ ။ ပထဝီ, တေဇော, ဝါယော ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ် မည်၏၊ စက္ခုဝိညာဉ်ဒွေသည် စက္ခုဝိညာဏဓာတ် မည်၏။ ပ ။ ကာယဝိညာဉ်ဒွေသည် ကာယဝိညာဏဓာတ် မည်၏၊ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်းဒွေသည် မနောဓာတ် မည်၏၊ လောကီကုသိုလ် သတ္တရသ၊ ကြွင်းသော လောကီဝိပါက် ဝီသ၊ ကြိယာ စိတ် ဧကူနဝီသသည် မနောဝိညာဏဓာတ်မည်၏၊ စေတသိက် အဋ္ဌတိံသ၊ အာပေါ ။ ပ ။ အနိစ္စတာ အားဖြင့် သုခုမရုပ် သောဠသ သည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာက်အားဖြင့် ၁၈-ပါး ဖြစ်သတည်း။

**သစ္စာအားဖြင့် ၁-ပါး** ဟူသော်ကား -

လောကီကုသိုလ် သတ္တရသ၊ လောကီဝိပါက် ဗာတ္တိံသ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ရုပ် အဋ္ဌဝီသ သည် ဒုက္ခသစ္စာ မည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၁-ပါး ဖြစ်သတည်း။

**တတိယ....ကား—** လောကုတ္တရာစိတ် ဂ-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ရှ၏။ ( ဥပါဒိန္နတိက် တတိယပုဒ်နှင့်အတူ ဖွဲ့လေ မထူးပြီ )။

အာဒိလဒ္ဓနာမတိက် မည်၏၊ နိပ္ပဒေသတိက် မည်၏။

---

## ၆-ဝိတက္ကတိက်

သံကိလိဋ္ဌတိက်ကို........၌ ဝိတက္ကတိက်ကို....... ၏၊ ........ကား— **သဝိတက္က-သဝိစာရာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင် ........၏၊....ကား **အဝိတက္ကဝိစာရမတ္တာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင် ........ ၏၊ ... ကား— **အဝိတက္ကအဝိစာရာ ဓမ္မာ** ဟူသည်တည်း။

သဝိတက္ကသဝိစာရာ၊ ဝိတက်နှင့်လည်း တကွ ဝိစာရနှင့်လည်း တကွ ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အဝိတက္ကဝိစာရမတ္တာ၊ ဝိတက်ကား မရှိ ဝိစာရမျှသာ ရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အဝိတက္ကအဝိစာရာ၊ ဝိတက်လည်း မရှိ ဝိစာရလည်း မရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဥ္စမ....ကား—** သဝိတက္ကသဝိစာရစိတ် ၅၅-ခု၊ ဝိတက်,ဝိစာရ ကြဉ်သော စေတသိက် ပညာသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတန အားဖြင့် ၂-ပါး၊ ဓာတ်အားဖြင့် ၃-ပါး၊ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး** ဟူသော်ကား

စေတသိက် ပညာသတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊ သညာသည် သညာက္ခန္ဓာ မည်၏၊ ဝေဒနာ သညာမှကြွင်းသော စေတသိက် အဋ္ဌ-စတ္တာလီသသည် သင်္ခါရက္ခန္ဓာ မည်၏။ သဝိတက္ကသဝိစာရစိတ် ၅၅-ခုသည် ဝိညာဏက္ခန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါးဖြစ်သတည်း။

**အာယတနအားဖြင့် ၂-ပါး** ဟူသော်ကား

သဝိတက္ကသဝိစာရစိတ် ၅၅-ခုသည် မနာယတန မည်၏၊ စေတသိက် ပညာသသည် ဓမ္မာယတန မည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၂-ပါးဖြစ်သတည်း။

**ဓာတ်အားဖြင့် ၃-ပါး** ဟူသော်ကား

ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်းဒွေသည် မနောဓာတ် မည်၏၊ ကြွင်းသော သဝိတက္ကသဝိစာရစိတ် ၅၂-ခုသည် မနောဝိညာဏဓာတ် မည်၏၊ စေတသိက်-ပညာသ သည် ဓမ္မဓာတ် မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၃-ပါး ဖြစ်သတည်း။

**သစ္စာအားဖြင့် ၃-ပါး** ဟူသော်ကား

လောကီ သဝိတက္ကသဝိစာရစိတ် ၄၇-ခု၊ လောဘကြဉ်သော စေတသိက် ကျေနပညာသသည် ဒုက္ခသစ္စာ မည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏၊ မဂ်သဝိတက္ကသဝိစာရစိတ် ၄-ခုဥ်ရှိသော သမ္မာဒိဋ္ဌိ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဟု ဆိုအပ်သော သောတာပတ္တိမဂ် ၇ ပါး၊ သကဒါဂါမိမဂ် ၇-ပါး၊ အနာဂါမိမဂ် ၇-ပါး၊ အရဟတ္တမဂ် ၇-ပါးသည် မဂ္ဂသစ္စာ မည်၏။

ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၈-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၅-ခုသည် သစ္စာ ဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၃-ပါးဖြစ်သတည်း။

**ဒုတိယ....ကား—** ဒုတိယဇ္ဈာန်စိတ် ကောဒသ၊ ဝိတက်, ဝိစာရ ကြဉ်သော စေတသိက် ဆတ္တိံသ၊ သဝိတက္ကသဝိစာရစိတ် ၅၅-ခု၌ရှိသော ဝိတက်စေတသိက် ၅၅-ခု ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ်အားဖြင့် ၂-ပါး၊ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး** ဟူသော်ကား—

စေတသိက် ဆတ္တိံသတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊ သညာသည် သညာက္ခန္ဓာ မည်၏၊ ဝေဒနာ သညာမှ ကြွင်းသော စေတသိက်စတုတ္တိံသ၊ ဝိတက် ၅၅-ခုသည် သင်္ခါရက္ခန္ဓာ မည်၏၊ ဒုတိယဇ္ဈာန်စိတ် ကောဒသသည် ဝိညာဏက္ခန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါးဖြစ်သတည်း။

**အာယတနအားဖြင့် ၂-ပါး** ဟူသော်ကား—

ဒုတိယဇ္ဈာန်စိတ် ကောဒသသည် မနာယတန မည်၏၊ စေတသိက် ဆတ္တိံသ၊ ဝိတက် ၅၅-ခုသည် ဓမ္မာယတန မည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၂-ပါး ဖြစ်သတည်း။

**ဓာတ်အားဖြင့် ၂-ပါး** ဟူသော်ကား —

ဒုတိယဇ္ဈာန်စိတ် ကောဒသသည် မနောဝိညာဏဓာတ် မည်၏၊ စေတသိက် ဆတ္တိံသ၊ ဝိတက် ၅၅-ခုသည် ဓမ္မဓာတ် မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၂-ပါး ဖြစ်သတည်း။

**သစ္စာအားဖြင့် ၂-ပါး** ဟူသော်ကား

လောကီ ဒုတိယဇ္ဈာန်စိတ် ၃-ခု၊ စေတသိက် တေတ္တိံသ၊ လောကီဝိတက် ၄၇-သည် ဒုက္ခသစ္စာ မည်၏၊ မဂ်ဒုတိယဇ္ဈာန်စိတ် ၄-ခု၌ရှိသော သမ္မာဒိဋ္ဌိ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဟု ဆိုအပ်သော သောတာပတ္တိမဂ် ၇-ပါး၊ သကဒါဂါမိမဂ် ၇-ပါး၊ အနာဂါမိမဂ် ၇-ပါး၊ အရဟတ္တမဂ် ၇-ပါးသည်၎င်း၊ မဂ်ပဥ္စမဇ္ဈာန်စိတ် ၄-ခု၌ရှိသော ဝိတက်စေတသိက် တည်းဟူသော သမ္မာသင်္ကပ္ပမဂ္ဂင်ဟု ဆိုအပ်သော သောတာပတ္တိမဂ် ၁-ပါး၊ သကဒါဂါမိမဂ် ၁-ပါး၊ အနာဂါမိမဂ် ၁-ပါး၊ အရဟတ္တမဂ် ၁-ပါး သည်၎င်း မဂ္ဂသစ္စာ မည်၏။

ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၀-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၅-ခုသည်ငှင်း ဖိုလ်ပဥ္စမဈာန်စိတ် ၄-ခု၌ ရှိသော ဝိတက်စေတသိက် ၄-ခုသည်ငှင်း သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါးဖြစ်သတည်း။

**တတိယ....ကား—** အဝိတက္ကအဝိစာရစိတ် ၅၅-ခု၊ ဝိတက်, ဝိစာရ ကြဉ်သော စေတသိက် ဆတ္တိံသ၊ ဒုတိယဈာန်စိတ် ကောဒသ၌ရှိသော ဝိစာရစေတသိက် ၁၁-ခု၊ ရုပ် အဌဝီသ၊ နိဗ္ဗာန် ရ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၁၂-ပါး၊ ဓာတ်အားဖြင့် ၁၇-ပါး၊ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၅-ပါး** ဟူသော်ကား

ရုပ်အဌဝီသသည် ရူပက္ခန္ဓာမည်၏၊ စေတသိက် ဆတ္တိံသတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏၊ သညာသည် သညာက္ခန္ဓာ မည်၏၊ ဝေဒနာ သညာမှ ကြွင်းသော စေတသိက် စတုတ္တိံသ၊ ဝိစာရစေတသိက် ၁၁-ခုသည် သင်္ခါရက္ခန္ဓာမည်၏၊ အဝိတက္ကအဝိစာရစိတ် ၅၅-ခုသည် ဝိညာဏက္ခန္ဓာမည်၏၊ နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၅-ပါးဖြစ်သတည်း။

**အာယတနအားဖြင့် ၁၂-ပါး** ဟူသော်ကား

ရုပ်အဌဝီသတို့တွင် စက္ခုပသာဒသည် စက္ခာယတနမည်၏ ။ပ။ ပထဝီ,တေဇော, ဝါယော ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတနမည်၏၊ အဝိတက္ကအဝိစာရစိတ် ၅၅-ခုသည် မနာယတနမည်၏၊ စေတသိက် ဆတ္တိံသ၊ ဝိစာရ ၁၁-ခု၊ အာပေါ။ပ။ အနိစ္စတာအားဖြင့် သုခုမရုပ် သောဠသ၊ နိဗ္ဗာန်သည် ဓမ္မာယတနမည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၁၂-ပါးဖြစ်သတည်း။

**ဓာတ်အားဖြင့် ၁၇-ပါး** ဟူသော်ကား –

ရုပ်အဌဝီသတို့တွင် စက္ခုပသာဒသည် စက္ခုဓာတ်မည်၏ ။ပ။ ပထဝီ, တေဇော, ဝါယော ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ်မည်၏၊ စက္ခုဝိညာဉ်ဒွေသည် စက္ခုဝိညာဏဓာတ်မည်၏။ပ။ ကာယဝိညာဉ်ဒွေသည် ကာယဝိညာဏဓာတ်မည်၏၊ ကြွင်းသော အဝိတက္ကအဝိစာရစိတ် ၄၅-ခုသည် မနောဝိညာဏဓာတ်မည်၏၊ စေတသိက် ဆတ္တိံသ၊ ဝိစာရ ၁၁-ခု၊ အာပေါ။ပ။ အနိစ္စတာအားဖြင့် သုခုမရုပ် သောဠသ၊ နိဗ္ဗာန်သည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၁၇-ပါးဖြစ်သတည်း။

**သစ္စာအားဖြင့် ၃-ပါး** ဟူသော်ကား

လောကီ အဝိတက္ကအဝိစာရစိတ် ၃၁-ခု၊ စေတသိက် တေတ္တိံသ၊ လောကီ ဝိစာရ ၃-ခု၊ ရုပ် အဋ္ဌဝီသသည် ဒုက္ခသစ္စာမည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏၊ မဂ် အဝိတက္ကအဝိစာရစိတ် ၁၂-ခု၌ရှိသော သမ္မာဒိဋ္ဌိ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဟုဆိုအပ်သော သောတာပတ္တိမဂ် ၇-ပါး၊ သကဒါဂါမိမဂ် ၇-ပါး၊ အနာဂါမိမဂ် ၇-ပါး၊ အရဟတ္တမဂ် ၇-ပါးသည် မဂ္ဂသစ္စာ မည်၏။

ကြွင်းသောမဂ်စိတ္တုပ္ပါဒ် ၂၈-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၅-ခုသည်ငှင်း၊ လောကုတ္တရာ ဒုတိယဈာန်စိတ် ၈-ခု၌ရှိသော ဝိစာရစေတသိက် ၈-ခုသည်ငှင်း သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၃-ပါးဖြစ်သတည်း။

**အာဒိလဒ္ဓနာမတိက်** မည်၏၊ သပ္ပဒေသတိက်, နိပ္ပဒေသတိက်အားဖြင့် ၂-ပါးအပြားရှိ၏၊ ထို ၂-ပါးတို့တွင် သဝိတက္ကသဝိစာရစိတ် ၅၅-ခု၌ရှိသော ဝိစာရ စေတသိက် ၅၅-ခု-ဟုဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏အဖြစ်ကြောင့် **သပ္ပဒေသတိက်**မည်၏။[၁]

---

## ၇-ပီတိတိက်

ဝိတက္ကတိက်ကို....၌ ပီတိတိက်ကို....၏၊ ဟောဟန်ကား-- **ပီတိသဟဂတာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင်....၏၊ ဟောဟန်ကား— **သုခသဟဂတာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင်....၏၊ ဟောဟန်ကား— **ဥပေက္ခာသဟဂတာ ဓမ္မာ** ဟူသည်တည်း။

ပီတိသဟဂတာ၊ ပီတိနှင့် တကွဖြစ်ကုန်သော။ ဝါ၊ ပီတိနှင့် ဧကုပ္ပါဒ အစရှိသော အစွမ်းဖြင့် နှီးနှောကုန်သော။ ဝါ၊ ပီတိနှင့်တကွ ဧကုပ္ပါဒ အစရှိသော အဖြစ်သို့ ရောက်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

---

၁-ဤ ဝိတက္ကတိက်ကား သဘောသကန် သိမ်မွေ့နက်နဲ ခက်ခဲစွာ၏၊ အဓိပ္ပါယ်ကျအောင် ကြံဆင်ခြင်ကြပါလေ။

ဤတိက်ကုန်အောင် ခန္ဓာ, အာယတန, ဓာတ်, သစ္စာဖွဲ့တို့ကို စေ့ငုသေချာစွာ ဝါ-စုဂ္ဂတ နှုတ်တက်အောင် ဆောင်ရွက်လျှင် အထက်ကို ဟောအား ရှိပါတော့သည်ဖြစ်၍ အဘိဓမ္မာဒေသနာတော်၏ အနက်အဓိပ္ပါယ်၌ လိမ္မာခြင်းကို အလိုရှိကုန်သော သူတော်ကောင်းဖြစ်ကုန်သော စာသင် အမျိုးသားအပေါင်းတို့သည် သဒ္ဓါပုဗ္ဗင်္ဂမစိတ္တုပ္ပါဒ်ဖြင့် ကြိုးစားအားထုတ်၍ ဆောင်ရွက်ကြပါကုန်။

ဤမှ အထက်၌ကား ထူးခြားသော အရာမျှကိုသာ ဖော်ထုတ်၍ဖွဲ့သဖြင့် ရေးပေအံ့။

သုခသဟဂတာ၊ သုခဝေဒနာနှင့် တကွဖြစ်ကုန်သော။ ဝါ၊ သုခဝေဒနာနှင့် ကေုပ္ပါဒ အစရှိသော အစွမ်းဖြင့် နှီးနှောကုန်သော။ ဝါ၊ သုခဝေဒနာနှင့် တကွ ကေုပ္ပါဒ အစရှိသော အဖြစ်သို့ ရောက်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ဥပေက္ခာသဟဂတာ၊ ကုန်သော။ ဝါ၊ ကုန်သော။ ဝါ၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား** ပီတိသဟဂုတ်စိတ် ၅၁-ခု၊ ပီတိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ဆစတ္တာလီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ် အားဖြင့် ၂-ပါး၊ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။ (ခန္ဓာ, အာယတန, ဓာတ်ဖွဲ့ ကား လွယ်ပြီ)။

**သစ္စာအားဖြင့် ၃-ပါး** ဟူသော်ကား

လောကီ ပီတိသဟဂုတ်စိတ် ၂၇-ခု၊ လောဘကြဉ်သော စေတသိက် ပဉ္စ- စတ္တာလီသ သည် ဒုက္ခသစ္စာမည်၏၊ လောဘ သည် သမုဒယသစ္စာ မည်၏၊ မဂ် ပီတိသဟဂုတ်စိတ် ၁၂-ခု၌ရှိသော သမ္မာဒိဋ္ဌိ,သမ္မာသင်္ကပ္ပ ။ ပ ။ သမ္မာသမာဓိ ဟု ဆိုအပ်သော သောတာပတ္တိမဂ် ဂ-ပါး၊ ၇-ပါး ။ ပ ။ အရဟတ္တမဂ် ဂ-ပါး၊ ၇-ပါး သည် မဂ္ဂသစ္စာမည်၏။

ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂ဂ-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၆-ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၃-ပါးဖြစ်သတည်း။

**ဒုတိယပုဒ်၏အရ** သည် ဝေဒနာတိက် ပဌမပုဒ်၏အရနှင့် တူ၏။

**တတိယပုဒ်၏အရ** သည် ဝေဒနာတိက် တတိယပုဒ်၏အရနှင့် တူ၏။ (ခန္ဓာဖွဲ့ စသည်လည်း မထူးပြီ)။

**အာဒိလဒ္ဒနာမတိက်** မည်၏။ သပ္ပဒေသတိက်, နိပ္ပဒေသတိက် အားဖြင့် ၂-ပါးအပြားရှိ၏၊ ထို ၂-ပါး တို့တွင် သုခသဟဂုတ် ကာယဝိညာဉ်၊ စတုတ္ထဈာန် ကောဒသဉ်ရှိသော သုခဝေဒနာ ၁၂-ခု၊ ဥပေက္ခာဝေဒနာ ၅၅-ခု၊ ဒုက္ခသဟဂုတ် စိတ် ၃-ခု၊ စေတသိက် ဖာဝိသ၊ ရုပ် အဠဝီသ၊ နိဗ္ဗာန် ဟုဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏အဖြစ်ကြောင့် **သပ္ပဒေသတိက်** မည်၏။

## ဂဒဿနတိက်

ပိတိတိက်ကို....၌ ဒဿနတိက်ကို......၏၊ ဟောဟန်ကား **ဒဿနေန ပဟာ-တဗ္ဗာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင်....၏၊....ကား **ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင်....၏၊....ကား **နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ** ဟူသည်တည်း။

ဒဿနေန ပဟာတဗ္ဗာ၊ သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်သော[၁]။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ဘာဝနာယ ပဟာတဗ္ဗာ၊ အထက်မဂ် သုံးခုသည် ပယ်အပ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗာ၊ သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်သည်လည်း မဟုတ် အထက်မဂ် ၃-ခုသည် ပယ်အပ်ကုန်သည်လည်း မဟုတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား** သောတာပတ္တိမဂ်သည် အကြွင်းမရှိသောအားဖြင့် ပယ်အပ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ခု၊ မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စကြဉ်သော စေတသိက် ၁၉-ဝီသ။

သောတာပတ္တိမဂ်သည် တနုကရအားဖြင့် ပယ်အပ်သော အပါယဂမနီယ ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ ဒေါသမူ ၂၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ပဉ္စဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ်အားဖြင့် ၂-ပါး၊ သစ္စာအားဖြင့် ၂-ပါးဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး** ဟူသော်ကား—

စေတသိက် သတ္တဝီသတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊ သညာသည် သညာက္ခန္ဓာ မည်၏၊ ဝေဒနာ သညာမှကြွင်းသော စေတသိက် ပဉ္စဝီသသည် သင်္ခါရက္ခန္ဓာမည်၏၊ အကုသိုလ်စိတ် ၁၁-ခုသည် ဝိညာဏက္ခန္ဓာမည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါး ဖြစ်သတည်း။ (အာယတန, ဓာတ်ဖွဲ့ကား လွယ်ပြီ)။

---

၁-ငါတို့ ကျေးဇူးသခင် ဗားကရာ ဆရာတော်ဘုရားကား ဤကဲ့သို့ သမာသ် ယောဇနာတော်မူ၏၊ တပါးသော ဆရာတို့ကား ဝါကျအနက် ယောဇနာကြကုန်၏။

**သစ္စာအားဖြင့် ၂-ပါး** ဟူသော်ကား –

အကုသိုလ်စိတ် ၁၁-ခု၊ လောဘကြဉ်သော စေတသိက် ဆဗ္ဗိသသည် ဒုက္ခသစ္စာမည်၏၊ လောဘသည် သမုဒယသစ္စာမည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါး ဖြစ်သတည်း။

**ဒုတိယ.... ကား—** သကဒါဂါမိမဂ်သည် တနုကရအားဖြင့် ပယ်အပ်သော ရုန့်ရင်းသော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ ဒေါသမူ ဒွေ။

အနာဂါမိမဂ်သည် အကြွင်းမရှိသောအားဖြင့် ပယ်အပ်သော ကာမရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ ဒေါသမူဒွေ၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ပဥ္စဝီသ။

အရဟတ္တမဂ်သည် အကြွင်းမရှိသော အားဖြင့် ပယ်အပ်သော ရူပရာဂ, အရူပရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ ဥဒ္ဓစ္စသဟဂုတ်စိတ် ၁-ခု၊ ဒိဋ္ဌိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ဧကဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ် အားဖြင့် ၂-ပါး၊ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး** ဟူသော်ကား –

စေတသိက် ပဉ္စဝီသတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏၊ သညာသည် သညာက္ခန္ဓာမည်၏၊ ဝေဒနာ သညာမှ ကြွင်းသော စေတသိက် တေဝီသ သည် သင်္ခါရက္ခန္ဓာ မည်၏၊ အကုသိုလ်စိတ် ၇-ခုသည် ဝိညာဏက္ခန္ဓာမည်၏၊ ဤသို့ လျှင် ခန္ဓာအားဖြင့် ၄-ပါး ဖြစ်သတည်း။ (အာယတန, ဓာတ်ဖွဲ့ကား လွယ်ပြီ)။

**သစ္စာအားဖြင့် ၂-ပါး** ဟူသော်ကား —

အကုသိုလ်စိတ် ၇-ခု၊ လောဘကြဉ်သော စေတသိက် စတုဝီသသည် ဒုက္ခသစ္စာမည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါး ဖြစ်သတည်း။

**တတိယ....ကား—** ကုသိုလ် ဧကဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၁၂-ပါး၊ ဓာတ် အားဖြင့် ၁၈-ပါး၊ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၅-ပါး** ဟူသော်ကား

ရုပ် အဋ္ဌဝီသသည် ရူပက္ခန္ဓာ မည်၏၊ စေတသိက် အဋ္ဌတိံသတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊ သညာသည် သညာက္ခန္ဓာ မည်၏၊ ဝေဒနာ သညာမှ ကြွင်းသော စေတသိက် ဆတ္တိံသ သည် သင်္ခါရက္ခန္ဓာမည်၏၊ ကုသိုလ်စိတ် ဧကဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသသည် ဝိညာဏက္ခန္ဓာ မည်၏၊ နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၅-ပါး ဖြစ်သတည်း။

**အာယတနအားဖြင့် ၁၂-ပါး** ဟူသော်ကား

ရုပ် အဋ္ဌဝီသတို့တွင် စက္ခုပသာဒသည် စက္ခာယတန မည်၏ ။ ပ ။ ပထဝီ, တေဇော, ဝါယော ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတန မည်၏၊ ကုသိုလ် ဧကဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသသည် မနာယတနမည်၏၊ စေတသိက် အဋ္ဌတိံသ၊ အာပေါ ။ ပ ။ အနိစ္စတာအားဖြင့် သုခုမရုပ် သောဠသ၊ နိဗ္ဗာန်သည် ဓမ္မာယတန မည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၁၂-ပါး ဖြစ်သတည်း။

**ဓာတ်အားဖြင့် ၁၈-ပါး** ဟူသော်ကား-

ရုပ် အဋ္ဌဝီသတို့တွင် စက္ခုပသာဒသည် စက္ခုဓာတ်မည်၏ ။ ပ ။ ပထဝီ, တေဇော, ဝါယော ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ် မည်၏၊ စက္ခုဝိညာဉ် ဒွေသည် စက္ခုဝိညာဏဓာတ် မည်၏ ။ ပ ။ ကာယဝိညာဉ် ဒွေသည် ကာယဝိညာဏဓာတ် မည်၏၊ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်း ဒွေသည် မနောဓာတ် မည်၏၊ ကုသိုလ် ဧကဝီသ၊ ကြွင်းသော ဝိပါက်စိတ် စတုဝီသ၊ ကြိယာစိတ် ဧကူနဝီသ သည် မနောဝိညာဏဓာတ်မည်၏၊ စေတသိက် အဋ္ဌတိံသ၊ အာပေါ ။ ပ ။ အနိစ္စတာ အားဖြင့် သုခုမရုပ် သောဠသ၊ နိဗ္ဗာန်သည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၁၈-ပါးဖြစ်သတည်း။

**သစ္စာအားဖြင့် ၄-ပါး** ဟူသော်ကား—

လောကီကုသိုလ် သတ္တရသ၊ လောကီဝိပါက် ဗာတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ရုပ် အဋ္ဌဝီသသည် ဒုက္ခသစ္စာ မည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏၊ မဂ်စိတ် ၄-ခု၌ရှိသော သမ္မာဒိဋ္ဌိ ။ ပ ။ သမ္မာသမာဓိ ဟုဆိုအပ်သော သောတာပတ္တိမဂ် ၈-ပါး၊ ၇-ပါး။ပ။ အရဟတ္တမဂ် ၈-ပါး၊ ၇-ပါး သည် မဂ္ဂသစ္စာမည်၏၊ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၉-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခု

သည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင်သစ္စာအားဖြင့် ၃-ပါး ဖြစ်သတည်း။

အာဒိလဒ္ဓနာမတိက် မည်၏၊ နိပ္ပဒေသတိက်မည်၏။

---

## ၉-ဒဿနဟေတုတိက်

ဒဿနတိက်ကို........၌ ဒဿနဟေတုတိက်ကို........၏၊........ကား —**ဒဿနေန ပဟာတဗ္ဗဟေတုကာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင်........၏၊....ကား **ဘာဝနာယ ပဟာတဗ္ဗဟေတုကာ ဓမ္မာ** ဟူသည် တည်း။

ထိုနောင်........၏၊....ကား — **နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗ-ဟေတုကာ ဓမ္မာ** ဟူသည်တည်း။

ဒဿနေန ပဟာတဗ္ဗဟေတုကာ၊ သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ် ရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ဘာဝနာယ ပဟာတဗ္ဗဟေတုကာ၊ အထက်မဂ် ၃-ခုသည် ပယ်အပ်သော ဟိတ် ရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗဟေတုကာ၊ သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ် ရှိသည်လည်းမဟုတ် အထက်မဂ် ၃-ခုသည် ပယ်အပ်သော ဟိတ် ရှိသည်လည်း မဟုတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ**........**ကား**—သောတာပတ္တိမဂ်သည် အကြွင်းမရှိသောအားဖြင့် ပယ်အပ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ခု၊ မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာသဟဂုတ် စိတ်၌ မောဟကြဉ်သော[၁] စေတသိက် ဗာဝီသ။

သောတာပတ္တိမဂ် သည် တနုကရအားဖြင့် ပယ်အပ်သော အပါယဂမနီယ ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ ဒေါသမူဒွေ၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ပဉ္စဝီသ ရ၏။ (ဒဿနတိက် ပဌမပုဒ်နှင့်အတူဖွဲ့လေ မထူးပြီ)။

---

၁-သမ္ပယုတ်ဟိတ် တပါး မရှိသောကြောင့် ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ မောဟကို ကြဉ် ရသတည်း။

**ဒုတိယ**........**ကား—** သကဒါဂါမိမဂ်သည် တနုကရအားဖြင့် ပယ်အပ်သော ရုန့်ရင်းသော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ ဒေါသမူဒွေ။

အနာဂါမိမဂ်သည် အကြွင်းမရှိသောအားဖြင့် ပယ်အပ်သော ကာမရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ ဒေါသမူဒွေ၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ပဉ္စဝီသ။

အရဟတ္တမဂ်သည် အကြွင်းမရှိသော အားဖြင့် ပယ်အပ်သော ရူပရာဂ, အရူပရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ ဥဒ္ဓစ္စသဟဂုတ်စိတ် ၁-ခု၊ ဒိဋ္ဌိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, ဥဒ္ဓစ္စသဟဂုတ်စိတ်၌ မောဟကြဉ်သော[၁] စေတသိက် ဧကဝီသ ရ၏။ (ဒဿနတိက် ဒုတိယပုဒ်နှင့် အတူဖွဲ့လေ မထူးပြီ)။

**တတိယ**........**ကား—** ကုသိုလ် ဧကဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာဝီသ၊ စေတသိက် အဋ္ဌတိံသ၊ မောဟမူဒွေ၌ မောဟ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်ရ၏။ (ဒဿနတိက် တတိယပုဒ်နှင့် အတူဖွဲ့လေ)။

(မောဟမူဒွေ၌ မောဟကို သခ်ါရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ ဒုက္ခသစ္စာသို့ သွင်း၍ ဖွဲ့သည်မျှသာ ထူးသည်။)

အာဒိလဒ္ဓနာမတိက် မည်၏၊ နိပ္ပဒေသတိက် မည်၏။

---

## ၁၀-အာစယဂါမိတိက်

ဒဿနဟေတုတိက်ကို........၌ အာစယဂါမိတိက်ကို....၏၊ ........ကား— **အာစယဂါမိနော ဓမ္မာ** ဟူသည်တည်း။

ထိုနောင်........၏၊....ကား **အပစယဂါမိနော ဓမ္မာ** ဟူသည်တည်း။

ထိုနောင်........၏၊....ကား - **နေဝါစယဂါမိနာပစယဂါမိနော ဓမ္မာ** ဟူသည် တည်း။

အာစယဂါမိနော၊ စုတိ, ပဋိသန္ဓေသို့ ရောက်ကြောင်း ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

---

၁-သမ္ပယုတ်ဟိတ် တပါးမရှိသောကြောင့် ဥဒ္ဓစ္စသဟဂုတ်စိတ်၌ မောဟကို ကြဉ်ရသတည်း။

အပစယဂါမိနော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

နေဝါစယဂါမိနာပစယဂါမိနော၊ စုတိ,ပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ် နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား—**အကုသိုလ်စိတ် ဒွါဒသ၊ လောကီကုသိုလ်စိတ် သတ္တရသ၊ စေတသိက် ဒွေပညာသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ်အားဖြင့် ၂-ပါး၊ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ လွယ်ပြီ)။

**ဒုတိယ....ကား** - မဂ်စိတ် ၄-ခု၊ စေတသိက် ဆတ္တိံသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ပ။ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး** ဟူသော်ကား --

စေတသိက် ဆတ္တိံသတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊သညာသည် သညာက္ခန္ဓာ မည်၏၊ ဝေဒနာ သညာမှ ကြွင်းသော စေတသိက် စတုတ္တိံသသည် သင်္ခါရက္ခန္ဓာ မည်၏၊ မဂ်စိတ် ၄-ခုသည် ဝိညာဏက္ခန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါး ဖြစ်သတည်း။ (အာယတန, ဓာတ်ဖွဲ့ လွယ်ပြီ)။

**သစ္စာအားဖြင့် ၁-ပါး** ဟူသော်ကား -

မဂ်စိတ် ၄-ခု၌ရှိသော သမ္မာဒိဋ္ဌိ။ပ။ သမ္မာသမာဓိဟု ဆိုအပ်သော သောတာပတ္တိမဂ် ဂ-ပါး၊ ၇-ပါး။ပ။ အရဟတ္တမဂ် ဂ-ပါး၊ ၇-ပါးသည် မဂ္ဂသစ္စာ မည်၏၊ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၉-ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၁-ပါး ဖြစ်သတည်း။

**တတိယပုဒ်သည်** အဗျာကတာ ဓမ္မာနှင့် အလုံးစုံ တူပြီ။

အာဒိလဒ္ဓနာမတိက် မည်၏၊ နိပ္ပဒေသတိက် မည်၏။

---

## ၁၁-သေက္ခတိက်

အာစယဂါမိတိက်ကို........၌ သေက္ခတိက်ကို .......၏၊ ........ကား— **သေက္ခာ ဓမ္မာ** ဟူသည်တည်း။

**ထိုနေ၁င်**........၏... ကား **အသေက္ခာ ဓမ္မာ** ဟူသည်တည်း။

**ထိုနေ၁င်**........၏....ကား- **နေဝသေက္ခနာသေက္ခာ ဓမ္မာ** ဟူသည်တည်း။

သေက္ခာ၊ သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့၏ ဥစ္စာ ဖြစ်ကုန်သော။ မမ္မာ၊ တို့သည်။ **သံဝိဇ္ဇန္တိ၊ ကုန်၏။**

အသေက္ခာ၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာ ဖြစ်ကုန်သော။ မမ္မာ၊ တို့သည်။ **သံဝိဇ္ဇန္တိ၊ ကုန်၏။**

နေဝသေက္ခနာသေက္ခာ၊ သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့၏ ဥစ္စာလည်းမဟုတ် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ **ကုန်၏။**

**ပဌမ....ကား** –အရဟတ္တဖိုလ် ကြဉ်သော လောကုတ္တရာစိတ် ၇-ခု၊ စေတသိက် ဆတ္တိံသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ် အားဖြင့် ၂-ပါး၊ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။ (လွယ်ပြီ ဖွဲ့လေ)။

**ဒုတိယ....ကား—** အရဟတ္တဖိုလ်စိတ် ၁-ခု၊ စေတသိက် ဆတ္တိံသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ် အားဖြင့် ၂-ပါး ဖြစ်ကုန်၏ ။ ပ ။

**ဓာတ်အားဖြင့် ၂-ပါး** ဟူသော်ကား—

အရဟတ္တဖိုလ်စိတ် ၁-ခု သည် မနောဝိညာဏ ဓာတ်မည်၏၊ စေတသိက် ဆတ္တိံသ သည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၂-ပါးဖြစ်သတည်း။

အရဟတ္တဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏။

**တတိယ....ကား—**လောကီစိတ် ကောသီတိ၊ စေတသိက်ဒွေပညာသ၊ရုပ်အဋ္ဌ- ဝီသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာ အားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၁၂-ပါး၊ ဓာတ် အားဖြင့် ၁၈-ပါး၊ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။

ခန္ဓာ, အာယတန, ဓာတ်ဖွဲ့ လွယ်ပြီ၊ မနောဝိညာဏဓာတ်မှာ ကြွင်းသော လောကီ စိတ် ၆၈-ခုဟုဆိုလေ။ သစ္စာဖွဲ့လည်း လွယ်ပြီ။

အာဒိလဒ္ဓနာမတိက် မည်၏၊ နိပ္ပဒေသတိက် မည်၏။

## ၁၂-ပရိတ္တတိက်

သေက္ခတိက်ကို ......၌ ပရိတ္တတိက်ကို........၏၊ ပောဟန်ကား—**ပရိတ္တာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင်........၏၊ ပောဟန်ကား— **မဟဂ္ဂတာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင်........၏၊ ပောဟန်ကား **အပ္ပမာဏာ ဓမ္မာ** ဟူသည်တည်း။

ပရိတ္တာ၊ နည်းသော အာနုဘော် ရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

မဟဂ္ဂတာ၊ မြတ်သည်၏ အဖြစ်သို့ ရောက်ကုန်သော။ ဝါ၊ မြတ်ကုန်သော စျာနလာဘီပုဂ္ဂိုလ်တို့သည် ရောက်အပ်ကုန်သော[၁]။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အပ္ပမာဏာ၊ နှိုင်းယှဉ်ခြင်းကို ပြုတတ်သော ရာဂအစရှိသောကိလေသာတို့၏ ဆန့်ကျင်ဘက် ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား—** ကာမစိတ် စတုပညာသ၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး ။ ပ ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

ဖွဲ့လေ လွယ်ပြီ၊ မနောဝိညာဏဓာတ်မှာ ကြွင်းသောကာမစိတ် ၄၁-ခုဟု ဆိုလေ။

**ဒုတိယ....ကား—** မဟဂ္ဂုတ်စိတ် သတ္တဝီသ၊ စေတသိက် ပဉ္စတိံသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ ပ ။ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။ ( ဖွဲ့လေ )။

**တတိယ** ....**ကား—**လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ ပ ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

အာဒိလဒ္ဓနာမတိက် မည်၏၊ နိပ္ပဒေသတိက် မည်၏။

---

**၁-ဝိနိဝရဏာဒိတာယ မဟတ္တံ ဂတာနိ၊ မဟန္တေဟိ ဝါ ဈာယီဟိ ဂတာနိ ပတ္တာနီတိ မဟဂ္ဂတာနိ။ ဋီကာကျော် ( ၁၁၆ )။**

## ၁၃-ပရိတ္တာရမ္မဏတိက်

ပရိတ္တတိက်ကို........၌ ပရိတ္တာရမ္မဏတိက်ကို ...၏၊ ကား—**ပရိတ္တာရမ္မဏာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင်........၏....ကား— **မဟဂ္ဂတာရမ္မဏာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင်........၏....ကား— **အပ္ပမာဏာရမ္မဏာ ဓမ္မာ** ဟူသည်တည်း။

ပရိတ္တာရမ္မဏာ၊ ပရိတ္တတရားလျှင် အာရုံရှိကုန်သော။ ဝါ၊ ပရိတ္တတရားကို အာရုံပြုကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

မဟဂ္ဂတာရမ္မဏာ၊ မဟဂ္ဂုတ်တရားလျှင် အာရုံရှိကုန်သော။ ဝါ၊ ပြုကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အပ္ပမာဏာရမ္မဏာ၊ အပ္ပမာဏတရားလျှင် အာရုံရှိကုန်သော။ ဝါ၊ ပြုကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဥ္စမ....ကား—** ပရိတ္တတရားကို မြဲသောအားဖြင့် အာရုံပြုသော ဒွေပဥ္စဝိညာဉ် ၁၀၊ မနောဓာတ် ၃-ခု၊ သန္တီရဏ ၃-ခု၊ မဟာဝိပါက် ၈ ခု၊ ဟသိတုပ္ပါဒ်စိတ် ၁-ခု၊ စေတသိက် တေတ္တိံသ။

ပရိတ္တတရားကို အာရုံပြုခိုက် အကုသိုလ်ဒွါဒသ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ အဘိညာဉ် ဒွေ၊ အပ္ပမညာ ကြဉ်သော စေတသိက်ပညာသ ရ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ်အားဖြင့် ၈-ပါး၊ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး** ဟူသော်ကား—

စေတသိက် ပညာသတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊ သညာသည် သညာက္ခန္ဓာ မည်၏၊ ဝေဒနာ သညာမှ ကြွင်းသော စေတသိက် အဋ္ဌစတ္တာလီသသည် သင်္ခါရက္ခန္ဓာ မည်၏၊ ပရိတ္တာရမ္မဏစိတ် ၅၆-ခုသည် ဝိညာဏက္ခန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါး ဖြစ်သတည်း။ (အာယတနဖွဲ့ကား လွယ်ပြီ)။

**ဓာတ်အားဖြင့် ၈-ပါး** ဟူသော်ကား—

စက္ခုဝိညာဉ်ဒွေသည် စက္ခုဝိညာဏဓာတ် မည်၏ ။ပ။ ကာယဝိညာဉ် ဒွေသည် ကာယဝိညာဏဓာတ် မည်၏၊ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်းဒွေသည် မနော

ဓာတ် မည်၏၊ ကြွင်းသော ပရိတ္တာရမ္မဏစိတ် ၄၃-ခုသည် မနောဝိညာဏဓာတ် မည်၏၊ စေတသိက်ပညာသသည် ဓမ္မဓာတ် မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ဂ-ပါး ဖြစ်သတည်း။

**သစ္စာအားဖြင့် ၂-ပါး** ဟူသော်ကား

ပရိတ္တာရမ္မဏစိတ် ၅၆-ခု၊ လောဘကြဉ်သော စေတသိက် ၈၇-ပညာသသည် ဒုက္ခသစ္စာ မည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါး ဖြစ်သတည်း။

**ဒုတိယ....ကား** —မဟဂ္ဂုတ်တရားကို မြဲသောအားဖြင့် အာရုံပြုသော ဝိညာဏဉ္စာယတနစိတ် ၃-ခု၊ နေဝသညာနာသညာယတနစိတ် ၃-ခု၊ စေတသိက်တို့ သ။

မဟဂ္ဂုတ်တရားကို အာရုံပြုခိုက် အကုသိုလ် ဒွါဒသ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်စိတ် ဂ-ခု၊ မဟာကြိယာစိတ် ဂ-ခု၊ အဘိညာဉ် ဒွေ၊ ဝိရတီ, အပ္ပမညာကြဉ်သော စေတသိက် သတ္တစတ္တာလီသ ရ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ပ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (လွယ်ပြီ၊ မဟဂ္ဂတာရမ္မဏစိတ် ၃၇-ခု ဟု ဆိုလေ)။

**တတိယ....ကား** —အပ္ပမာဏ တရားကို မြဲသောအားဖြင့် အာရုံပြုသော လောကုတ္တရာစိတ် ဂ-ခု၊ စေတသိက် ဆတ္တိံသ။

အပ္ပမာဏတရားကို အာရုံပြုခိုက် မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄-ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ် ၄-ခု၊ အဘိညာဉ်ဒွေ၊ ဝိရတီ အပ္ပမညာ ကြဉ်သော စေတသိက် တေတ္တိံသ ရ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ပ။ သစ္စာအားဖြင့် ၂-ပါးဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး** ဟူသော်ကား

စေတသိက် ဆတ္တိံသတို့တွင် ။ပ။ ကြွင်းသော စေတသိက် စတုတ္တိံသသည် သင်္ခါရက္ခန္ဓာ မည်၏၊ အပ္ပမာဏာရမ္မဏစိတ် ၁၉-ခုသည် ဝိညာဏက္ခန္ဓာ မည်၏။ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါး ဖြစ်သတည်း။ (အာယတန, ဓာတ်ဖွဲ့ကား လွယ်ပြီ)။

**သစ္စာအားဖြင့် ၂-ပါး** ဟူသော်ကား

လောကီ အပ္ပမာဏာရမ္မဏစိတ် ၁၁-ခု၊ စေတသိက် တေတ္တိံသသည် ဒုက္ခသစ္စာ မည်၏၊ မဂ်စိတ် ၄-ခုၥ္ဌရှိသော သမ္မာဒိဋ္ဌိ ။ပ။ သမ္မာသမာဓိဟု ဆိုအပ်သော

သောတာပတ္တိမဂ် ၈-ပါး၊ ၇-ပါး ။ပ။ အရဟတ္တမဂ် ၈-ပါး၊ ၇-ပါးသည် မဂ္ဂသစ္စာ မည်၏၊ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၈-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခုသည် သစ္စာ ဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါးဖြစ်သတည်း။

အာဒိလဒ္ဓနာမတိက် မည်၏၊ သပ္ပဒေသ ။ပ။ တို့တွင် ပညတ်တရားကို မြဲသောအားဖြင့် အာရုံပြုသော အာကာသာနဉ္စာယတနစိတ် ၃-ခု၊ အာကိဉ္စညာယတနစိတ် ၃ ခု၊ အဘိညာဉ်ဒွေမှတပါး ရူပစိတ် ၁၅ ခု၊ စေတသိက်ပဉ္စတိံသ။

ပညတ်တရားကို အာရုံပြုခိုက် အကုသိုလ် ဒွါဒသ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် ၈-ခု၊ မဟာကြိယာ ၈-ခု၊ အဘိညာဉ်ဒွေ၊ ဝိရတီကြဉ်သော စေတသိက် ဧကူနပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရားရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသတိက်** မည်၏[1]။

---

## ၁၄-ဟီနတိက်

ပရိတ္တာရမ္မဏတိက်ကို ........ ၌ ဟီနတိက်ကို ........ ၏၊ ဟောဟန်ကား—**ဟီနာ ဓမ္မာ** ဟူသည်တည်း

ထိုနောင် ........ ၏....ကား **မဇ္ဈိမာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင် ........ ၏....ကား **ပဏီတာ ဓမ္မာ** ဟူသည်တည်း။

ဟီနာ၊ ယုတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

မဇ္ဈိမာ၊ အလတ်ဖြစ်ကုန်သော။ ဝါ၊ အယုတ်အမြတ်တို့၏ အလယ်၌ ဖြစ်ကုန်သော[2]။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ပဏီတာ၊ မြတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။
(သံကိလိဋ္ဌတိက်နှင့် တူပြီ၊ ကောက်လေ ဖွဲ့လေ)။

---

## ၁၅-မိစ္ဆတ္တတိက်

ဟီနတိက်ကို ............ ၌ မိစ္ဆတ္တတိက်ကို ............ ၏၊ ဟောဟန်ကား **မိစ္ဆတ္တနိယတာ ဓမ္မာ** ဟူသည်တည်း။

---

၁။ ဤပရိတ္တာရမ္မဏတိက်၏ သဘောကို နားလည်အောင် သင်္ဂြိုဟ် အာရမ္မဏသင်္ဂဟကို အလေ့အလာ ပြုလေ။

၂။ နောက်နည်းကား "ဟီနပ္ပဏီတာနံ မဇ္ဈေ ဘဝါတိ မဇ္ဈိမာ" ဟူသော အဋ္ဌကထာနှင့် အညီတည်း။ (ဋ္ဌ-၈၇)။

ထိုနောင် ........ ၏၊ ပောဟန်ကား— **သမ္မတ္တနိယတာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင် ........ ၏၊ ပောဟန်ကား— **အနိယတာ ဓမ္မာ** ဟူသည်တည်း။

မိစ္ဆတ္တနိယတာ၊ ဖောက်ပြန်သော သဘောရှိကုန်သည်ဖြစ်၍ စုတိ၏အခြားမဲ့၌ အကျိုးပေးသည်၏ အစွမ်းဖြင့် မြဲကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

သမ္မတ္တနိယတာ၊ မဖောက်မပြန်သောသဘောရှိကုန်သည်ဖြစ်၍ မိမိ၏အခြားမဲ့၌ အကျိုးပေးသည်၏ အစွမ်းဖြင့် မြဲကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အနိယတာ၊ နှစ်ပါးသော အခြင်းအရာတို့ဖြင့် မမြဲကုန်သော။ ဓမ္မာ၊တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား—** နိယတမိစ္ဆာဒိဋ္ဌိကံ ၏ အစွမ်းဖြင့် ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၊ သတ္တမဇော[၁]၊ မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ၈၀ဝိသ။

မာတုဃာတက, ပိတုဃာတက, အရဟန္တဃာတက, လောဟိတုပ္ပါဒက, သံဃာဘေဒက တည်းဟူသော ပဉ္စာနန္တရိယကံ ၏ အစွမ်းဖြင့်ဖြစ်သော ဒေါသမူဒွေ၊ သတ္တမဇော[၁]၊ ပီတိ, လောဘ, ဒိဋ္ဌိ, မာန, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ဗာဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး။ ပ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး** ဟူသော်ကား —

စေတသိက် ပဉ္စဝီသတို့တွင် ။ ပ ။ ကြွင်းသော စေတသိက် တေဝီသသည် သင်္ခါရက္ခန္ဓာ မည်၏၊ အကုသိုလ်စိတ် ၆-ခုသည် ဝိညာဏက္ခန္ဓာမည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါး ဖြစ်သတည်း။(အာယတန, ဓာတ်ဖွဲ့လွယ်ပြီ)။

---

၁-ဇော ခုနစ်ချက်တို့တွင် သတ္တမဇောစေတနာသာလျှင် အနန္တရဘဝ၌ အကျိုးပေးခြင်းလက္ခဏာ ရှိသောကြောင့် ပဌမပုဒ်၌ ဒိဋ္ဌိဂတသမ္ပယုတ် သတ္တမဇော၊ ဒေါသမူ သတ္တမဇောကိုသာ ကောက်ရမည်။

**သစ္စာအားဖြင့် ၂-ပါး** ဟူသော်ကား -

အကုသိုလ်စိတ် ၆-ခု၊ လောဘကြဉ်သော စေတသိက် စတုဝီသသည် ဒုက္ခသစ္စာ မည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏၊ ဤသို့လျှင် သစ္စာ အားဖြင့် ၂ ပါး ဖြစ်သတည်း။

**ဒုတိယ....ကား—** မဂ်စိတ် ၄-ခု၊ စေတသိက် ဆတ္တိံသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး။ ပ ။ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။ (လွယ်ပြီ ဖွဲ့လေ)။

**တတိယ........ကား—** နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းဖြင့်ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၊ သတ္တမဇော။

မာတုဃာတက, ပိတုဃာတက, အရဟန္တဃာတက, လောဟိတုပ္ပါဒက, သံဃဘေဒကတည်းဟူသော ပဉ္စာနန္တရိယကံ၏ အစွမ်းဖြင့်ဖြစ်သော ဒေါသမူဒွေ သတ္တမဇောမှ တပါး။

အကုသိုလ် ဒွါဒသ၊ လောကီကုသိုလ် သတ္တရသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး။ပ။ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။ (ခန္ဓာ, အာယတန, ဓာတ်ဖွဲ့လွယ်ပြီ)။

**သစ္စာအားဖြင့် ၃-ပါး** ဟူသော်ကား—

အကုသိုလ်စိတ် ဒွါဒသ၊ လောကီကုသိုလ်သတ္တရသ၊ လောကီဝိပါက် ဗာတ္တိံသ၊ ကြိယာစိတ် ဝီသ၊ လောဘကြဉ်သော စေတသိက် ဧကပညာသ၊ ရုပ်အဋ္ဌဝီသသည် ဒုက္ခသစ္စာမည်၏၊ လောဘသည် သမုဒယသစ္စာမည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၃-ပါးဖြစ်သတည်း။

အာဒိလဒ္ဓနာမတိက်မည်၏၊ နိပ္ပဒေသတိက် မည်၏။

---

## ၁၆–မဂ္ဂါရမ္မဏတိက်

မိစ္ဆတ္တတိက်ကို........၌ မဂ္ဂါရမ္မဏတိက်ကို........၏၊ဟောဟန်ကား— **မဂ္ဂါရမ္မဏာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင်........၏၊ ဟောဟန်ကား— **မဂ္ဂဟေတုကာ ဓမ္မာ ဟူသည်တည်း။**

ထိုနောင်........၏၊ ဟောဟန်ကား —**မဂ္ဂါဓိပတိနော ဓမ္မာ ဟူသည်တည်း။**

မဂ္ဂါရမ္မဏာ၊ မဂ်လျှင် အာရုံရှိကုန်သော။ ဝါ၊ မဂ်ကိုအာရုံပြုကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

မဂ္ဂဟေတုကာ၊ မဂ်ဟု ဆိုအပ်သော အကြောင်းရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**တနည်းကား—**

မဂ္ဂဟေတုကာ၊ မဂ်နှင့် ယှဉ်သောဟိတ်ရှိကုန်သော။ ဝါ၊ မဂ်၌ ဖြစ်သော ဟိတ်ရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏ [၁]။

**တနည်းကား—**

မဂ္ဂဟေတုကာ၊ သမ္မာဒိဋ္ဌိမဂ္ဂင်ဟုဆိုအပ်သော ဟိတ်ရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏ [၂]။

မဂ္ဂါဓိပတိနော၊ မဂ်ဟုဆိုအပ်သော အာရမ္မဏာဓိပတိ ပစ္စည်းရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**တနည်းကား—**

မဂ္ဂါဓိပတိနော [၃]၊ မဂ်ဟုဆိုအပ်သော သဟဇာတာဓိပတိ ပစ္စည်း ရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

---

၁-တနည်းကား—
မဂ္ဂဟေတုကာ၊ မဂ်နှင့်ယှဉ်သောဟိတ်ရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

၂-တနည်းကား—
မဂ္ဂဟေတုကာ၊ မဂ်၌တည်သောဟိတ်ရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏ ဟု ရှေးဆရာမြတ်တို့ကား ဤအတိုင်း အနက်ယောဇနာကြ၏။

ဤမှူ၌ကား—
အဋ္ဌကထာနှင့်အညီ အနက်ယောဇနာလိုက်သည်။

၃-တတိယပဒ် ဒုတိယယောဇနာနည်း၌ မဂ္ဂေါ အဓိပတိ ဧတေသန္တိ မဂ္ဂါဓိပတိနော။ (ဌ-ဂဂ) ။မဂ္ဂေါ အဓိပတိ မဂ္ဂါဓိပတိ။ မဂ္ဂါဓိပတိ စ မဂ္ဂါဓိပတိ စ မဂ္ဂါဓိပတိ ဟု ဗဟုဗ္ဗီဟိကမ္မဓာရည်းပြုပြီးမှ ဧကသေသ သမာသ်နည်းဖြင့်သပြု၊ ဗဟုဗ္ဗီဟိအခါ အဓိပတိတပ်ခိုက် ဝိရိယ, ဝိမံသ မရ။ ကမ္မဓာရည်းအခါ အဓိပတိတပ်ခိုက် ဝိရိယ, ဝိမံသ ရ၏ ဟူလိုသည်။ ပဋ္ဌာန်းပါဠိကိုထောက်၍ မူလဋီကာ (၎၆) အနုဋီကာ(၄၉)။

**တနည်းကား—**

မဂ္ဂါဓိပတိနော၊ မဂ်လျှင် သဟဇာတာဓိပတိ ပစ္စည်း ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမကား—** သောတာပတ္တိမဂ်ကို အာရုံပြုသော သောတာပန် ပုဂ္ဂိုလ်၏ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ ကုသိုလ်အဘိညာဉ်။

သောတာပတ္တိမဂ်, သကဒါဂါမိမဂ် ၂-ပါးကိုအာရုံပြုသော သကဒါဂါမ် ပုဂ္ဂိုလ်၏ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ ကုသိုလ် အဘိညာဉ်။

သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ် ၃-ပါးကို အာရုံပြုသော အနာဂါမ် ပုဂ္ဂိုလ်၏ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ ကုသိုလ်အဘိညာဉ်။

မဂ် ၄-ပါးကို အာရုံပြုသော ရဟန္တာပုဂ္ဂိုလ်၏ မနောဒွါရာဝဇ္ဇန်း၊ မဟာ-ကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ ကြိယာအဘိညာဉ်၊ ဝိရတီ, အပ္ပမညာကြဉ်သော စေတသိက် တေတ္တိံသ ရ၏[၁]။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ ပ ။ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး** ဟူသော်ကား--

စေတသိက် တေတ္တိံသ တို့တွင်။ပ။စေတသိက် ကေတိံသ သည် သင်္ခါရက္ခန္ဓာ မည်၏၊ မဂ္ဂါရမ္မဏစိတ် ၁၁-ခုသည် ဝိညာဏက္ခန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာ အားဖြင့် ၄-ပါးဖြစ်သတည်း။ (အာယတန, ဓာတ်ဖွဲ့ လွယ်ပြီ)။

**သစ္စာအားဖြင့် ၁-ပါး** ဟူသော်ကား--

မဂ္ဂါရမ္မဏစိတ် ၁၁-ခု၊ စေတသိက် တေတ္တိံသသည် ဒုက္ခသစ္စာ မည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၁-ပါး ဖြစ်သတည်း။

**ပဌမယောဇနာနည်း၌—**

မဂ္ဂဟေတုကာ ဓမ္မာ ဟူသော **ဒုတိယပုဒ်၏ အရကား—** မဂ်စိတ် ၄-ခု၊ မဂ္ဂင် ၈-ပါး ကြဉ်သော စေတသိက် အဋ္ဌဝီသ ရ၏။

---

၁-အောက်အောက်သော ပုဂ္ဂိုလ်သည် အထက်အထက်သော မဂ်ကို အာရုံ မပြုနိုင်သော ကြောင့် ဤသို့ ခွဲ၍ ကောက်ရသတည်း။

**ဒုတိယ ဃောဇနာနည်း၌—**

မဂ္ဂဟေတုကာ ဓမ္မာ ဟူသော **ဒုတိယပုဒ်၏ အရကား—** မဂ်စိတ် ၄-ခု၊ **စေ**တသိက် ဆတ္တိံသ ရ၏[၁]။

**တတိယ ဃောဇနာ နည်း၌—**

မဂ္ဂဟေတုကာ ဓမ္မာ ဟူသော **ဒုတိယပုဒ်၏ အရကား—**မဂ်စိတ် ၄-ခု၊ အမောဟ ကြဉ်သော စေတသိက် ပဉ္စတိံသ ရ၏။

ထိုတရားတို့သည် ခန္ဓာ အားဖြင့်၄-ပါး။ပ။သစ္စာ အားဖြင့် ၁-ပါး ဖြစ်ကုန်၏။

**ခန္ဓာ အားဖြင့် ၄ -ပါး** ဟူသော်ကား—

စေတသိက် ဆတ္တိံသ တို့တွင်။ပ။စေတသိက် စတုတ္တိံသ သည် သင်္ခါရက္ခန္ဓာ မည်၏၊ မဂ်စိတ် ၄-ခု သည် ဝိညာဏက္ခန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာ အားဖြင့် ၄-ပါး ဖြစ်သတည်း။ (အာယတန, ဓာတ်ဖွဲ့ လွယ်ပြီ)။

**သစ္စာအားဖြင့် ၁-ပါး** ဟူသော်ကား —

မဂ်စိတ် ၄-ခု ၌ရှိသော သမ္မာဒိဋ္ဌိ။ပ။သမ္မာသမာဓိ ဟုဆိုအပ်သော သောတာပတ္တိမဂ် ၈-ပါး၊ ၇-ပါး ။ ပ ။ အရဟတ္တမဂ် ၈-ပါး၊ ၇-ပါး သည် မဂ္ဂသစ္စာ မည်၏၊ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၉-ခု သည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၁-ပါး ဖြစ်သတည်း။

**ပဥ္စမ ဃောဇနာ နည်း၌—**

မဂ္ဂါဓိပတိနော ဓမ္မာ ဟူသော **တတိယပုဒ်၏ အရကား—** သောတာပတ္တိမဂ်ကို အလေးအမြတ်အားဖြင့် အာရုံပြုသော သောတာပန်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု။

သကဒါဂါမိမဂ်ကို အလေးအမြတ်အားဖြင့် အာရုံပြုသော သကဒါဂါမ် ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု။

---

၁-ရှေးဆရာမြတ်တို့ကား ဤဒုတိယဃောဇနာနည်း၌ မဂ်စိတ် ၄-ခု၊ အလောဘ အဒေါသကြဉ်သော စေတသိက် စတုတ္တိံသ ရ၏ဟု ကောက်တော်မူကြ**၏**။

ဤမှု၌ကား—

ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိ တို့နှင့်အညီ အလောဘ, အဒေါသ မကြဉ်မူ၍ စေတသိက် ဆတ္တိံသ ဟု ကောက်လိုက်သည်။

အကျယ်ကိုလိုမူ ပါဠိတော် ( ၂၁၂ ) အဋ္ဌကထာ ( ၈၇-၃၉၂ ) မူလဋီကာ (၄၆) အနုဋီကာ ( ၄၉ ) မာတိကာဂဏ္ဌိ မဂ္ဂါရမ္မဏတိက် အဖွင့်တို့၌ ရှုပါ။

အနာဂါမိမဂ်ကို အလေးအမြတ်အားဖြင့် အာရုံပြုသော အနာဂါမ် ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု။

အရဟတ္တမဂ်ကို အလေးအမြတ်အားဖြင့် အာရုံပြုသော ရဟန္တာပုဂ္ဂိုလ်၏ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ ဝီရိယ, အပ္ပမညာကြဉ်သော စေတသိက် တေတ္တိံသ ရ၏[၁]။

**ဒုတိယ ယောဇနာ နည်း၌—**

မဂ္ဂါဓိပတိနော ဓမ္မာ ဟူသော **တတိယ ပုဒ်၏ အရကား—** မဂ်စိတ် ၄-ခု၊ ဝီရိယတပ်ခိုက် ဝီရိယကြဉ်သော စေတသိက် ပဉ္စတိံသ၊ ဝီမံသ တပ်ခိုက် ဝီမံသ ကြဉ်သော စေတသိက် ပဉ္စတိံသ ရ၏။

**တတိယ ယောဇနာ နည်း၌—**

မဂ္ဂါဓိပတိနော ဓမ္မာ ဟူသော **တတိယ ပုဒ်၏ အရကား—** အဓိပတိတပ်ခိုက် ဝီရိယ, ဝီမံသ လည်း ရ၏။

ထိုတရားကို့သည် ခန္ဓာ အားဖြင့် ၄-ပါး ။ ပ ။ သစ္စာ အားဖြင့် ၂-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး** ဟူသော်ကား—

စေတသိက် ဆတ္တိံသတို့တွင် ။ပ။ စေတသိက် စတုတ္တိံသသည် သင်္ခါရက္ခန္ဓာ မည်၏၊ မဂ္ဂါဓိပတိစိတ် ၁၂-ခုသည် ဝိညာဏက္ခန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာ အားဖြင့် ၄-ပါး ဖြစ်သတည်း။ (အာယတန, ဓာတ်ဖွဲ့ လွယ်ပြီ)။

**သစ္စာအားဖြင့် ၂-ပါး** ဟူသော်ကား—

လောကီ မဂ္ဂါဓိပတိစိတ် ၈-ခု၊ စေတသိက် တေတ္တိံသသည် ဒုက္ခသစ္စာမည်၏။ မဂ်စိတ် ၄-ခု၌ရှိသော သမ္မာဒိဋ္ဌိ ။ပ။ သမ္မာသမာဓိ ဟု ဆိုအပ်သော သောတာ ပတ္တိမဂ် ၈-ပါး၊ ၇-ပါး ။ပ။ အရဟတ္တမဂ် ၈-ပါး၊ ၇-ပါးသည် မဂ္ဂသစ္စာ မည်၏။ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၉-ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါး ဖြစ်သတည်း။

---

၁-အလေးအမြတ်ကား မိမိမဂ်ကိုသာ အာရုံပြုသောကြောင့် ဤသို့ ကောက်သတည်း။

ဤတိုက်၌ တပါးသော ဆရာတို့ကား သာမညသာ ကောက်ကြကုန်၏၊ ဖြည့်ဆည်းပူး အပ်သော ကုသိုလ်တော် ထူးမြတ်လှသောကြောင့် ဉာဏ်အမြင် ထူးမြတ်လှသော ငါတို့ ကျေးဇူးရှင် သခင် ဗားကရာ ဆရာတော်ဘုရားကား ရသင့်သောအတိုင်း ခွဲခြမ်း ဝေဖန်၍ ကောက်တော်မူပေသည်။ အမျိုးကောင်းသားတို့သည် မမေ့မလျော့ ဆောင်ရွက်ကြပါကုန်။

အာဒိလဒ္ဓနာမတိက် မည်၏၊ သပ္ပဒေသ ။ ပ ။ တို့တွင် မဂ်ကို အာရုံမပြုနေ အကုသိုလ် ဒွါဒသ၊ မနောဒွါရာဝဇ္ဇန်းမှတပါး အဟိတ်စိတ် သတ္တရသ၊ မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် ၄-ခု၊ မဟာဝိပါက်စိတ် ၈-ခု၊ မဟာကြိယာဉာဏဝိပ္ပယုတ်စိတ် ၄-ခု၊ အဘိညာဥ်ဒွေမှတပါး ရူပစိတ် ၁၅-ခု၊ အရူပစိတ် ၁၂-ခု၊ ဖိုလ်စိတ် ၄-ခု၊ စေတသိက် ဒွေပဉ္စာသ။

မဂ်ကို အာရုံမပြုခိုက် မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ အဘိညာဥ်ဒွေ၊ စေတသိက် အဋ္ဌ-တိံသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသတိက်** မည်၏။

---

## ၁၇-ဥပ္ပန္နတိက်

မဂ္ဂါရမ္မဏတိက်ကို............၌ ဥပ္ပန္နတိက်ကို............၏....ကား — **ဥပ္ပန္နာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင်............၏၊ ဟောဟန်ကား **အနုပ္ပန္နာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင်............၏၊ ဟောဟန်ကား **ဥပ္ပါဒိနော ဓမ္မာ** ဟူသည်တည်း။

ဥပ္ပန္နာ၊ ဥပါဒ်, ဋ္ဌီ, ဘင်ဟု ဆိုအပ်သော ခဏ သုံးပါးသို့ ရောက်ဆဲ ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အနုပ္ပန္နာ[၁]၊ ဥပါဒ်, ဋ္ဌီ, ဘင်ဟု ဆိုအပ်သော ခဏ သုံးပါးသို့ ရောက်ပြီးလည်း မဟုတ် ရောက်ဆဲလည်း မဟုတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ဥပ္ပါဒိနော[၂]၊ ပြီးပြီးသော အကြောင်းတစိတ်ရှိသည်၏ အဖြစ်ကြောင့် မချွတ် ဖြစ်လတ္တံ့ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား** —ပစ္စုပ္ပန်ဖြစ်သော စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပဉ္စာသ၊ ရုပ် အဋ္ဌဝီသ ရ၏။

---

၁ ဒုတိယပုဒ်၌ "ဥပ္ပဇ္ဇိတွာတိ ဥပ္ပန္နာ၊ ဥပ္ပဇ္ဇန္တီတိ ဥပ္ပန္နာ၊ ဥပ္ပန္နာ စ ဥပ္ပန္နာ စ ဥပ္ပန္နာ" ဟု ကေသေသ သာမညန်ဒွေသ ကြံ၊ အနာဂတ်ကုသိုလ်, အကုသိုလ်, ကြိယာစိတ္တုပ္ပါဒ် တို့ဇချုပ် ဟူလိုသည်။ အကျယ်ကိုလိုမူ အဋ္ဌကထာ (၃၉၃), ဋီကာ (၄၇), အနု(၄၉) တို့မှ ယူလေ။

၂-တတိယပုဒ်၌ ဥပ္ပဇ္ဇ ပဒမာတ်၊ အဝဿကာဓမိဏောသုဏီစ သုတ်ဖြင့် ဏီပစ္စည်းသက် ဟူလိုသည်။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၁၂-ပါး၊ ဓာတ် အားဖြင့် ၁၈-ပါး၊ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။ (ခန္ဓာ, အာယတန, ဓာတ် ဖွဲ့လွယ်ပြီ၊ မနောဝိညာဏဓာတ်မှာ ကြွင်းသော စိတ် ၇၆-ခု ဟုဆိုလေ)။

**သစ္စာအားဖြင့် ၃-ပါး** ဟူသော်ကား

လောကီစိတ် ၈၁-သိတိ၊ လောဘကြဉ်သော စေတသိက် ၅၁-ပညာသ၊ ရုပ်အဋ္ဌဝီသသည် ဒုက္ခသစ္စာ မည်၏၊ လောဘသည် သမုဒယ သစ္စာ မည်၏။ မဂ် စိတ် ၄-ခု၌ရှိသော ။ပ။ မဂ္ဂသစ္စာ မည်၏၊ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၉-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၃-ပါး ဖြစ်သတည်း။

**ဒုတိယ....ကား**— အနာဂတ်ဖြစ်သော အကုသိုလ် ဒွါဒသ၊ ကုသိုလ် ဧကဝီသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ် သတ္တရသ၊ ဥတုဇရုပ် ပန္နရသ၊ အာဟာရဇရုပ် စုဒ္ဒသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၇-ပါး၊ ဓာတ် အားဖြင့် ၈-ပါး၊ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။ (ဥပါဒိန္နတိက် ဒုတိယပုဒ် ကို မှီ၍ ဖွဲ့လေ မထူးလှပြီ)။

**တတိယ.... ကား**— အနာဂတ်ဖြစ်သော ဝိပါက်စိတ် ဆတ္တိံသ၊ စေတသိက် အဋ္ဌတိံသ၊ ကမ္မဇရုပ် ဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၁၁-ပါး၊ ဓာတ်အားဖြင့် ၁၇-ပါး၊ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။ (ဥပါဒိန္နတိက် ပဉ္စမပုဒ်ကို မှီ၍ ဖွဲ့လေ မထူးလှပြီ)။

အာဒိလဒ္ဓနာမတိက် မည်၏၊ သပ္ပဒေသ။ပ။ တို့တွင် နိဗ္ဗာန်ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရားရှိသည်၏အဖြစ်ကြောင့် **သပ္ပဒေသတိက်**မည်၏။[၁]

---

၁။ ရှေးဆရာမြတ်တို့ကား **အတိတ်** စိတ္တုပ္ပါဒ်, ရုပ်ကို တိက်မုတ် ထုတ်တော်မူကုန်၏၊ မသင့်၊ အဘယ့်ကြောင့်နည်း **နိဗ္ဗာနံ န ဝတ္တဗ္ဗံ ဥပ္ပန္နန္တိပိ အနုပ္ပန္နန္တိပိ ဥပ္ပါဒိနောတိပိ**-ဟု ပါဠိတော် (၂၇၂) ၌ တိက်မုတ် ထုတ်တော်မူသည်။

အဋ္ဌကထာ (၃၉၃) ၌လည်း **အယံ** ပန တိကော ဒွိန္နံ အဒ္ဒါနဝသေန ပူရေတွာ ဒဿိတော-ဟု လာသောကြောင့်တည်း။

"အကျယ်လိုမူ အနုဋီကာ (၄၉) မှ ယူလေ"။

## ၁၈-အတီတတိက်

ဥပ္ပန္နတိက်ကို ...........၌ အတီတတိက်ကို ........... ၏၊ ဟောဟန်ကား— **အတီတာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင်........၏၊ ဟောဟန်ကား— **အနာဂတာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင်........၏၊ ဟောဟန်ကား— **ပစ္စုပ္ပန္နာ ဓမ္မာ** ဟူသည်တည်း။

အတီတာ၊ အတိတ်ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အနာဂတာ၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ပစ္စုပ္ပန္နာ၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား—** အတိတ်ဖြစ်သော စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေ-ပညာသ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၁၂-ပါး၊ ဓာတ်အားဖြင့် ၁၈-ပါး၊ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ လွယ်ပြီ)။

**ဒုတိယ....ကား —** အနာဂတ်ဖြစ်သော စိတ်တခုယုတ် ကိုးဆယ် ။ ပ ။ ရုပ် အဋ္ဌဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး။ ပ ။ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ လွယ်ပြီ)။

**တတိယ....ကား—** ပစ္စုပ္ပန်ဖြစ်သော စိတ်တခုယုတ် ကိုးဆယ် ။ ပ ။ ရုပ် အဋ္ဌဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး။ ပ ။ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ လွယ်ပြီ)။

အာဒိလဒ္ဓနာမတိက် မည်၏၊ သပ္ပဒေသတိက်, နိပ္ပဒေသတိက် အားဖြင့် ၂-ပါး အပြားရှိ၏၊ထို ၂-ပါးတို့တွင် နိဗ္ဗာန်ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏အဖြစ်ကြောင့် **သပ္ပဒေသတိက်** မည်၏။

---

## ၁၉-အတီတာရမ္မဏတိက်

အတီတတိက်ကို............၌ အတီတာရမ္မဏတိက်ကို ............ ၏၊ ........**ကား—** **အတီတာရမ္မဏာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင်........၏....ကား— **အနာဂတာရမ္မဏာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင်.......၏....ကား — **ပစ္စုပ္ပန္နာရမ္မဏာ ဓမ္မာ** ဟူသည်တည်း။

အတီတာရမ္မဏာ၊ အတိတ်တရားလျှင် အာရုံရှိကုန်သော။ ဝါ၊ အတိတ်တရားကို အာရုံပြုကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အနာဂတာရမ္မဏာ၊ ရှိကုန်သော။ ဝါ၊ ပြုကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ပစ္စုပ္ပန္နာရမ္မဏာ၊ ရှိကုန်သော။ ဝါ၊ ပြုကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား—** အတိတ်တရားကို မြဲသောအားဖြင့် အာရုံပြုသော ဝိညာဏဉ္စာယတနစိတ် ၃-ခု၊ နေဝသညာနာသညာယတနစိတ် ၃-ခု၊ စေတသိက်တိံသ။

အတိတ်တရားကို အာရုံပြုခိုက် မနောဒွါရာဝဇ္ဇန်း၊ ကာမဇော တခုယုတ်သုံးဆယ်၊ တဒါရုံ ကောဒသ၊ အဘိညာဉ်ဒွေ၊ ဝိရတီ, အပ္ပမညာကြဉ်သော စေတသိက် သတ္တစတ္တာလီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ်အားဖြင့် ၂-ပါး၊ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး** ဟူသော်ကား—

စေတသိက် သတ္တစတ္တာလီသတို့တွင် ။ပ။ စေတသိက် ပဉ္စစတ္တာလီသသည် သင်္ခါရက္ခန္ဓာမည်၏၊ အတီတာရမ္မဏစိတ် ၄၉-ခုသည် ဝိညာဏက္ခန္ဓာမည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါးဖြစ်သတည်း။ (အာယတန, ဓာတ်တွဲ လွယ်ပြီ)။

**သစ္စာအားဖြင့် ၂-ပါး** ဟူသော်ကား—

အတီတာရမ္မဏစိတ် ၄၉-ခု၊ လောဘကြဉ်သော စေတသိက် ဆစတ္တာလီသသည် ဒုက္ခသစ္စာမည်၏၊ လောဘသည် သမုဒယသစ္စာမည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါး ဖြစ်သတည်း။

**ဒုတိယ....ကား—** အနာဂတ်တရားကို အာရုံပြုခိုက် မနောဒွါရာဝဇ္ဇန်း၊ ကာမဇောတခုယုတ် သုံးဆယ်၊ တဒါရုံ ကောဒသ၊ အဘိညာဉ်ဒွေ၊ အပ္ပမညာကြဉ်သော စေတသိက် ပညာသရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး။ပ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး** ဟူသော်ကား—

စေတသိက် ပညာသတို့တွင် ။ပ။ စေတသိက် အဋ္ဌစတ္တာလီသသည် သင်္ခါ-

ရက္ခန္ဓာမည်၏၊ အနာဂတာရမ္မဏစိတ် ၄၃-ခုသည် ဝိညာဏက္ခန္ဓာမည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါးဖြစ်သတည်း။ (အာယတန, ဓာတ်ဖွဲ့ လွယ်ပြီ)။

**သစ္စာအားဖြင့် ၂-ပါး** ဟူသော်ကား

အနာဂတာရမ္မဏစိတ် ၄၃-ခု၊ လောဘကြဉ်သော စေတသိက် ဧကူနပညာ-သသည် ဒုက္ခသစ္စာမည်၏၊ လောဘသည် သမုဒယသစ္စာမည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါးဖြစ်သတည်း။

**တတိယ**...ကား— ပစ္စုပ္ပန်တရားကို မြဲသောအားဖြင့် အာရုံပြုသော ဒွေပဉ္စ-ဝိညာဉ် ၁၀၊ မနောဓာတ် ၃-ခု၊ ဆန္ဒ, ပီတိ, ဝီရိယကြဉ်သော အညသမာန်း စေတသိက် ၁၀။

ပစ္စုပ္ပန်တရားကို အာရုံပြုခိုက် မနောဒွါရာဝဇ္ဇန်း၊ ကာမဇော တခုယုတ် သုံးဆယ်၊ တဒါရုံ ကောဒသ၊ အဘိညာဉ် ဒွေ၊ အပ္ပမညာကြဉ်သော စေတသိက် ပညာသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ်အားဖြင့် ၈-ပါး၊ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

(ပရိတ္တာရမ္မဏာ ဓမ္မာနှင့် အတူဖွဲ့လေ၊ ပစ္စုပ္ပန္နာရမ္မဏစိတ် ဆိုသည်မျှသာထူး၏။)

အာဒိလဒ္ဓနာမတိက်မည်၏။ သပ္ပဒေသတိက်, နိပ္ပဒေသတိက်အားဖြင့် ၂-ပါး အပြားရှိ၏။ ထို ၂-ပါးတို့တွင် ပညတ်တရားကို မြဲသောအားဖြင့် အာရုံပြုသော အာကာသာနဉ္စာယတနစိတ် ၃-ခု၊ အာကိဉ္စညာယတနစိတ် ၃-ခု၊ အဘိညာဉ်ဒွေ မှတပါး ရူပစိတ် ၁၅-ခု၊ စေတသိက် ပဉ္စတိံသ။

ပညတ်တရားကိုအာရုံပြုခိုက် အကုသိုလ် ဒွါဒသ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ အဘိညာဉ် ဒွေ၊ ဝိရတီကြဉ်သော စေတသိက် ဧကူနပညာသ။

အပ္ပမာဏတရားကိုမြဲသောအားဖြင့် အာရုံပြုသော လောကုတ္တရာစိတ် ၈-ခု၊ စေတသိက်ဆတ္တိံသ။

အပ္ပမာဏတရားကို အာရုံပြုခိုက် မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခု၊ အဘိညာဉ်ဒွေ၊ ဝိရတီ, အပ္ပမညာကြဉ်သော စေတသိက် တေတ္တိံသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ဟုဆိုအပ်သော ကြွင်းသော ပရမတ္ထတရားရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသတိက်** မည်၏။

## ၂၀-အဇ္ဈတ္တတိက်

**အတီတာရမ္မဏတိက်ကို**....၌ အဇ္ဈတ္တတိက်ကို....ဒါ၊....ကား— **အဇ္ဈတ္တာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင်....၏....ကား— **ဗဟိဒ္ဓါ ဓမ္မာ** ဟူသည်တည်း။

ထိုနောင်....၏...ကား— **အဇ္ဈတ္တဗဟိဒ္ဓါ ဓမ္မာ** ဟူသည်တည်း။

အဇ္ဈတ္တာ၊ အဇ္ဈတ္တသန္တာန်၌ ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ဗဟိဒ္ဓါ၊ ဗဟိဒ္ဓသန္တာန်၌ ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အဇ္ဈတ္တဗဟိဒ္ဓါ၊ အဇ္ဈတ္တသန္တာန် ဗဟိဒ္ဓသန္တာန်၌ ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား—** အဇ္ဈတ္တသန္တာန်၌ဖြစ်သော စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၁၂-ပါး၊ ဓာတ်အားဖြင့် ၁၈-ပါး၊ သစ္စာအားဖြင့် ၃-ပါးဖြစ်ကုန်၏။ (ဖွဲ့လေ)။

**ဒုတိယ....ကား—** ဗဟိဒ္ဓသန္တာန်၌ ဖြစ်သော စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး။ပ။ သစ္စာအားဖြင့် ၄-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

**တတိယ....ကား—** အဇ္ဈတ္တသန္တာန် ဗဟိဒ္ဓသန္တာန် ၂-ပါး၌ဖြစ်သော စိတ်တခုယုတ်ကိုးဆယ်။ပ။ ရုပ်အဋ္ဌဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး။ပ။ သစ္စာအားဖြင့် ၃-ပါးဖြစ်ကုန်၏။ (ဖွဲ့လေ)။

အာဒိလဒ္ဒနာမတိက် မည်၏၊ နိပ္ပဒေသတိက် မည်၏။

---

## ၂၁-အဇ္ဈတ္တာရမ္မဏတိက်

အဇ္ဈတ္တတိက်ကို....၌ အဇ္ဈတ္တာရမ္မဏတိက်ကို....၏၊.... ကား—**အဇ္ဈတ္တာရမ္မဏာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင်....၏၊ ဟောဟန်ကား—**ဗဟိဒ္ဓါရမ္မဏာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင် ...၏၊ ဟောဟန်ကား—**အဇ္ဈတ္တဗဟိဒ္ဓါရမ္မဏာ ဓမ္မာ** ဟူသည်တည်း။

အဇ္ဈတ္တာရမ္မဏာ၊ အဇ္ဈတ္တတရားလျှင် အာရုံရှိကုန်သော။ ဝါ၊ အဇ္ဈတ္တတရားကို အာရုံပြုကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ဗဟိဒ္ဓါရမ္မဏာ၊ ရှိကုန်သော။ ဝါ၊ ပြုကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အဇ္ဈတ္တဗဟိဒ္ဓါရမ္မဏာ၊ အဇ္ဈတ္တ ဗဟိဒ္ဓတရား နှစ်ပါးလျှင် အာရုံရှိကုန်သော၊ ဝါ၊ ပြုကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား—**အဇ္ဈတ္တတရားကို မြဲသောအားဖြင့် အာရုံပြုသော ဝိညာဏဉ္စာယတနစိတ် ၃-ခု၊ နေဝသညာနာသညာယတနစိတ် ၃-ခု၊ စေတသိက်တို့သ။

အဇ္ဈတ္တတရားကို အာရုံပြုခိုက် ကာမစိတ် စတုပညာသ၊ အဘိညာဉ် ဒွေ၊ ဠဿာ, အပ္ပမညာကြဉ်သော စေတသိက် ဧကူနပညာသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ်အားဖြင့် ၈-ပါး၊ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး** ဟူသော်ကား—

စေတသိက် ဧကူနပညာသတို့တွင် ။ ပ ။ စေတသိက် သတ္တစတ္တာလီသသည် သင်္ခါရက္ခန္ဓာမည်၏၊ အဇ္ဈတ္တာရမ္မဏစိတ် ၆၂-ခုသည် ဝိညာဏက္ခန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါးဖြစ်သတည်း။ (အာယတနဖွဲ့ လွယ်ပြီ)။

**ဓာတ်အားဖြင့် ၈-ပါး** ဟူသော်ကား—

စက္ခုဝိညာဉ်ဒွေသည် စက္ခုဝိညာဏ ဓာတ်မည်၏။ပ။ ကာယဝိညာဉ်ဒွေသည် ကာယဝိညာဏဓာတ်မည်၏၊ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်းဒွေသည် မနောဓာတ်မည်၏၊ ကြွင်းသော အဇ္ဈတ္တာရမ္မဏစိတ် ၄၉-ခုသည် မနောဝိညာဏဓာတ် မည်၏၊ စေတသိက် ဧကူနပညာသသည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၈-ပါးဖြစ်သတည်း။

**သစ္စာအားဖြင့် ၂-ပါး** ဟူသော်ကား—

အဇ္ဈတ္တာရမ္မဏစိတ် ၆၂-ခု၊ လောဘ ကြဉ်သော စေတသိက် အဋ္ဌစတ္တာလီသသည် ဒုက္ခသစ္စာ မည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါး ဖြစ်သတည်း။

**ဒုတိယ....ကား—**ဗဟိဒ္ဓတရားကို မြဲသောအားဖြင့် အာရုံပြုသော အဘိညာဉ် ဒွေမှတပါး ရူပစိတ် ၁၅-ခု၊ အာကာသာနဉ္စာယတနစိတ် ၃-ခု၊ လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် အဋ္ဌတိံသ။

ဗဟိဒ္ဓတရားကို အာရုံပြုခိုက် ကာမစိတ် စတုပညာသ၊ အဘိညာဉ် ဒွေ၊ မစ္ဆရိယကြဉ်သော စေတသိက် ဧကပညာသရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂ပါး၊ ဓာတ်အားဖြင့် ဂ-ပါး၊ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး** ဟူသော်ကား —

စေတသိက် ၈ပေညာသတို့တွင် ။ ပ ။ စေတသိက် ၈ပေညာသသည် သင်္ခါရက္ခန္ဓာ မည်၏၊ ဗဟိဒ္ဓါရမ္မဏစိတ် ရှစ်ဆယ် သည် ဝိညာဏက္ခန္ဓာ မည်၏။ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါး ဖြစ်သတည်း။ (အာယတနဖွဲ့ ပွယ်ပြီ)။

**ဓာတ်အားဖြင့် ဂ-ပါး** ဟူသော်ကား —

စက္ခုဝိညာဉ် ဒွေ သည် စက္ခုဝိညာဏဓာတ် မည်၏။ ပ ။ ကာယဝိညာဉ် ဒွေ သည် ကာယဝိညာဏဓာတ် မည်၏၊ ပဉ္စဒွါရာဝဇ္ဇန်း,သမ္ပဋိစ္ဆိုန်း ဒွေ သည် မနောဓာတ်မည်၏၊ ကြွင်းသော ဗဟိဒ္ဓါရမ္မဏစိတ် ၆၇-ခု သည် မနောဝိညာဏဓာတ် မည်၏၊ စေတသိက် ၈ပေညာသ သည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ဂ-ပါးဖြစ်သတည်း။

**သစ္စာအားဖြင့် ၃-ပါး** ဟူသော်ကား —

လောကီဗဟိဒ္ဓါရမ္မဏစိတ် ၇၂-ခု၊ လောဘကြဉ်သော စေတသိက် ပညာသ သည် ဒုက္ခသစ္စာ မည်၏၊ လောဘ သည် သမုဒယသစ္စာ မည်၏၊ မဂ်စိတ် ၄-ခု ၌ ရှိသော သမ္မာဒိဋ္ဌိ ။ ပ ။ သမ္မာသမာဓိဟု ဆိုအပ်သော သောတာပတ္တိမဂ် ဂ-ပါး၊ ၇-ပါး။ ပ ။ အရဟတ္တမဂ် ဂ-ပါး၊ ၇-ပါး သည် မဂ္ဂသစ္စာမည်၏၊ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၉-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခု သည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၃-ပါး ဖြစ်သတည်း။

**တတိယ....ကား —** အဇ္ဈတ္တတရား ဗဟိဒ္ဓတရားကို အာရုံပြုခိုက် ကာမစိတ် ၈တုပညာသ၊ အဘိညာဉ်ဒွေ၊ ဣဿာ, မစ္ဆရိယ, အပ္ပမညာကြဉ်သော စေတသိက် အဠစတ္တာလီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ ပ ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

(ပရိတ္တာရမ္မဏာ ဓမ္မာနှင့် အတူဖွဲ့လေ။ အဇ္ဈတ္တဗဟိဒ္ဓါရမ္မဏစိတ် ဆိုသည်နှင့် စေတသိက် အဠစတ္တာလီသ ဆိုသည်သာ ထူးသည်။)

အာဒိလဒ္ဓနာမတိက် မည်၏၊ သပ္ပဒေသ ။ ပ ။ တို့တွင် အာကိဉ္စညာယတနစိတ် ၃-ခု၊ စေတသိက် တိံသ။

ထိုအာကိဉ္စညာယတနစိတ်၏ အာရုံဖြစ်သော နတ္ထိဘာဝပညတ်ကို အာရုံပြုခိုက် အကုသိုလ်စိတ် ၁၂-ခု၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်စိတ် ဂ-ခု၊ မဟာ

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတန အားဖြင့် ၂-ပါး၊ ဓာတ် အားဖြင့် ၈-ပါး၊ သစ္စာအားဖြင့် ၄-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၅-ပါး** ဟူသော်ကား —

သုခုမရုပ် သောဠသသည် ရူပက္ခန္ဓာ မည်၏၊ စေတသိက် ဒွေပညာသ တို့တွင် ။ ပ ။ စေတသိက် ပညာသသည် သင်္ခါရက္ခန္ဓာ မည်၏၊ စိတ်တခုယုတ် ကိုးဆယ် သည် ဝိညာဏက္ခန္ဓာ မည်၏၊ နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၅-ပါး ဖြစ်သတည်း။

**အာယတနအားဖြင့် ၂-ပါး** ဟူသော်ကား —

စိတ်တခုယုတ် ကိုးဆယ်သည် မနာယတန မည်၏၊ စေတသိက် ဒွေပညာသ၊ အာပေါ ။ ပ ။ အနိစ္စတာအားဖြင့် သုခုမရုပ် သောဠသ၊ နိဗ္ဗာန်သည် ဓမ္မာ-ယတနမည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၂-ပါး ဖြစ်သတည်း။

**ဓာတ်အားဖြင့် ၈-ပါး** ဟူသော်ကား —

စက္ခုဝိညာဉ်ဒွေသည် စက္ခုဝိညာဏဓာတ် မည်၏။ ပ ။ ကာယဝိညာဉ် ဒွေသည် ကာယဝိညာဏဓာတ် မည်၏၊ ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုန်း ဒွေသည် မနော-ဓာတ် မည်၏၊ ကြွင်းသော စိတ် ခုနစ်ဆယ့်ခြောက်ခုသည် မနောဝိညာဏဓာတ် မည်၏၊ စေတသိက် ဒွေပညာသ၊ အာပေါ ။ ပ ။ အနိစ္စတာ အားဖြင့် သုခုမရုပ် သောဠသ၊ နိဗ္ဗာန်သည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၈-ပါး ဖြစ်သတည်း။

**သစ္စာအားဖြင့် ၄-ပါး** ဟူသော်ကား —

လောကီစိတ် ကောသီတိ၊ လောဘကြဉ်သော စေတသိက် ကေပညာသ၊ သုခုမရုပ် သောဠသသည် ဒုက္ခသစ္စာမည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏၊ မဂ်စိတ် ၄-ခု၌ရှိသော သမ္မာဒိဋ္ဌိ။ ပ ။ သမ္မာ-သမာဓိ ဟုဆိုအပ်သော သောတာပတ္တိမဂ် ၈-ပါး၊ ၇-ပါး ။ ပ ။ အရဟတ္တမဂ် ၈-ပါး၊ ၇-ပါးသည် မဂ္ဂသစ္စာ မည်၏၊ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၈-ခု၊ ဖိုလ်-စိတ္တုပ္ပါဒ် ၃၇-ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာ အားဖြင့် ၄-ပါးဖြစ်သတည်း။

အာဒိလဒ္ဓနာမတိက် မည်၏။ နိပ္ပဒေသတိက် မည်၏။

ထိုနှစ်ဆယ့်နှစ် တိက်တို့တွင် ဝေဒနာတိက်, ဝိတက္ကတိက်, ပီတိတိက်, ပရိတ္တာ-ရမ္မဏတိက်, မဂ္ဂါရမ္မဏတိက်, ဥပ္ပန္နတိက်, အတီတတိက်, အတီတာရမ္မဏတိက်, အဇ္ဈတ္တာရမ္မဏတိက် ဤတိက် ကိုးတိက်သည် သပ္ပဒေသတိက်၊ကြွင်းသော တဆယ့်သုံး တိက်သည် နိပ္ပဒေသတိက်။

**တိကမာတိကာ အရကောက် ပြီး၏။**

# ၅-အဘိဓမ္မဒုကမာတိကာ

# အရကောက်

## ၁-ဟေတုဂေါစ္ဆက

### ၁-ဟေတုဒုက်

**တိကမာတိကာ** ကို ဟောတော်မူသည်၏ အခြားမဲ့၌ **ဒုကမာတိကာ** ကို ဟောတော်မူ၏။

ထို ဒုကမာတိကာ၌လည်း —

၁။ ဟေတုဂေါစ္ဆက၊
၂။ စူဠန္တရဒုက်၊
၃။ အာသဝဂေါစ္ဆက၊
၄။ သညောဇနဂေါစ္ဆက၊
၅။ ဂန္ထဂေါစ္ဆက၊
၆။ ဩဃဂေါစ္ဆက၊
၇။ ယောဂဂေါစ္ဆက၊
၈။ နီဝရဏဂေါစ္ဆက၊
၉။ ပရာမာသဂေါစ္ဆက၊
၁၀။ မဟန္တရဒုက်၊
၁၁။ ဥပါဒါနဂေါစ္ဆက၊
၁၂။ ကိလေသဂေါစ္ဆက၊
၁၃။ ပိဋ္ဌိဒုက် အားဖြင့် **၁၃-ပါး** အပြားရှိ၏။

ထို ၁၃-ပါးတို့တွင် ဟေတုဂေါစ္ဆကကို ရှေးဦးစွာ ဟောတော်မူ၏။

ထို ဟေတုဂေါစ္ဆက၌လည်း —

၁။ ဟေတုဒုက်၊
၂။ သဟေတုကဒုက်၊
၃။ ဟေတုသမ္ပယုတ္တဒုက်၊

၄။ ဟေတုသဟေတုကဒုက်၊

၅။ ဟေတုဟေတုသမ္ပယုတ္တဒုက်၊

၆။ နဟေတုသဟေတုကဒုက် အားဖြင့် ၆-ပါး အပြားရှိ၏။

ထို ၆-ပါးတို့တွင် ဟေတုဒုက်ကို ရှေးဦးစွာ ဟောတော်မူ၏။

ထိုဟေတုဒုက်၌လည်း ပဌမပဒ, ဒုတိယပဒအားဖြင့် ၂-ပါးအပြားရှိ၏။

ထိုနှစ်ပါးတို့တွင် ပဌမပဒကို ရှေးဦးစွာ ဟောတော်မူ၏၊ ဟောဟန်ကား — **ဟေတူ ဓမ္မာ** ဟူသည်တည်း။

ထိုနောင် ဒုတိယပဒကို ဟောတော်မူ၏ ဟောဟန်ကား — **နဟေတူ ဓမ္မာ** ဟူသည်တည်း။

ဟေတူ၊ ဟိတ်မည်ကုန်သော။ ဓမ္မာ နိဿတ္တနိဇ္ဇီဝသဘာဝ၊ သတ္တလည်း မဟုတ် ဇီဝလည်း မဟုတ်ကုန်သော သဘောတရား တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

နဟေတူ၊ ဟိတ်မမည်ကုန်သော။ ဝါ၊ ဟိတ်မှ တပါးကုန်သော။ ဓမ္မာ နိဿတ္တနိဇ္ဇီဝသဘာဝ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘော တရားတို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ဟေတူ ဓမ္မာ ဟူသော ပဌမပုဒ်၏ အရကား —** လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ ဟုဆိုအပ်သော ဟိတ် ၆-ပါး ရ၏။

ထိုဟိတ် ၆-ပါးသည် သင်္ခါရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ သစ္စာအားဖြင့် ၃ ပါးဖြစ်ကုန်၏။

**သစ္စာအားဖြင့် ၃-ပါး** ဟူသော်ကား

လောကီ သဟိတ်စိတ် ၆၃-ခု၌ရှိသော လောဘ ကြဉ်သော ဟိတ် ၅-ပါးသည် ဒုက္ခသစ္စာမည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏၊ မဂ်စိတ် ၄-ခု၌ရှိသော အမောဟ စေတသိက် တည်းဟူသော သမ္မာဒိဋ္ဌိမဂ္ဂင်ဟုဆိုအပ်သော သောတာ-ပတ္တိမဂ် ၁-ပါး၊ သကဒါဂါမိမဂ် ၁-ပါး၊အနာဂါမိမဂ် ၁-ပါး၊ အရဟတ္တမဂ် ၁-ပါးသည် မဂ္ဂသစ္စာ မည်၏၊ မဂ်စိတ် ၄-ခု၌ရှိသော အလောဘ, အဒေါသ၊ ဖိုလ်စိတ်လေးခု၌ရှိသော အလောဘ, အဒေါသ, အမောဟသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၃-ပါးဖြစ်သတည်း။

**နဟေတူ ဓမ္မာ ဟူသော ဒုတိယပုဒ်၏ အရကား—** စိတ်တခုယုတ်ကိုးဆယ်၊ ဟိတ် ၆-ပါးကြဉ်သော စေတသိက် သစတ္တာလီသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၁၂-ပါး၊ ဓာတ်အားဖြင့် ၁၈-ပါး၊ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၅-ပါး** ဟူသော်ကား—

ရုပ် အဋ္ဌဝီသသည် ရူပက္ခန္ဓာမည်၏၊ စေတသိက် ဆစတ္တာလီသတို့တွင် ဝေ-ဒနာသည် ဝေဒနာက္ခန္ဓာမည်၏၊ သညာသည် သညာက္ခန္ဓာ မည်၏၊ ဝေဒနာ-သညာမှ ကြွင်းသော စေတသိက် စတုစတ္တာလီသသည် သင်္ခါရက္ခန္ဓာ မည်၏၊ စိတ်တခုယုတ် ကိုးဆယ်သည် ဝိညာဏက္ခန္ဓာ မည်၏၊ နိဗ္ဗာန်သည် ခန္ဓာ ဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၅-ပါးဖြစ်သတည်း။

**အာယတနအားဖြင့် ၁၂-ပါး** ဟူသော်ကား—

ရုပ် အဋ္ဌဝီသတို့တွင် စက္ခုပသာဒသည် စက္ခာယတနမည်၏ ။ပ။ ပထဝီ, တေဇော, ဝါယော ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတန မည်၏၊ စိတ်တခုယုတ် ကိုးဆယ်သည် မနာယတနမည်၏၊ စေတသိက် ဆစတ္တာလီသ၊ အာပေါ။ပ။ အနိစ္စတာအားဖြင့် သုခုမရုပ် သောဠသ၊ နိဗ္ဗာန်သည် ဓမ္မာယတန မည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၁၂-ပါး ဖြစ်သတည်း။

**ဓာတ်အားဖြင့် ၁၈-ပါး**ဟူသော်ကား—

ရုပ်အဋ္ဌဝီသတို့တွင် စက္ခုပသာဒသည် စက္ခုဓာတ်မည်၏။ပ။ပထဝီ, တေဇော, ဝါယော ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ် မည်၏၊ စက္ခုဝိညာဉ်ဒွေသည် စက္ခုဝိညာဏဓာတ်မည်၏ ။ပ။ ကာယဝိညာဉ်ဒွေသည် ကာယဝိညာဏဓာတ် မည်၏။ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်းဒွေသည် မနောဓာတ်မည်၏၊ ကြွင်းသော စိတ် ၇၆-ခုသည် မနောဝိညာဏဓာတ် မည်၏၊ စေတသိက် ဆစတ္တာ-လီသ၊ အာပေါ။ပ။ အနိစ္စတာအားဖြင့် သုခုမရုပ် သောဠသ၊ နိဗ္ဗာန်သည် ဓမ္မဓာတ် မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၁၈-ပါး ဖြစ်သတည်း။

**သစ္စာအားဖြင့် ၃-ပါး** ဟူသော်ကား—

လောကီစိတ် ကောသီတိ၊ စေတသိက် ဆစတ္တာလီသ၊ ရုပ် အဋ္ဌဝီသသည် ဒုက္ခသစ္စာ မည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏၊ မဂ်စိတ် ၄-ခု၌ ရှိသော သမ္မာ-သင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဟု ဆိုအပ်သော သောတာပတ္တိမဂ် ၇-ပါး၊ ၆ ပါး။ သကဒါဂါမိမဂ် ၇-ပါး၊ ၆-ပါး။ အနာဂါမိမဂ် ၇-ပါး၊ ၆-ပါး၊ အရဟတ္တမဂ် ၇-ပါး၊ ၆-ပါးသည် မဂ္ဂသစ္စာ မည်၏၊ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၇-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၄-ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၃-ပါး ဖြစ်သတည်း။

ဟေတုဓမ္မာ၊ နဟေတုဓမ္မာ ဟူ၍ ဟောတော်မူအပ်သော ဤ သဒ္ဒါအစဉ်သည် ပရမတ္ထတရားကို နှစ်စုပြု၍ ဟောရာဟောကြောင်းဖြစ်ခြင်းကြောင့် ဒုက်မည်၏။

ထို ဒုက်သည် အာဒိလဒ္ဓနာမဒုက်, သမ္ဗလဒ္ဓနာမဒုက်အားဖြင့် ၂-ပါး အပြား ရှိ၏၊ ထို ၂-ပါးတို့တွင် အစ၌ တည်သော ဟေတုသဒ္ဒါဖြင့် ဟေတုဒုက်ဟူ၍ ရအပ်သော အမည်ရှိသည်၏ အဖြစ်ကြောင့် **အာဒိလဒ္ဓနာမဒုက်** မည်၏။

သပ္ပဒေသဒုက်, နိပ္ပဒေသဒုက်အားဖြင့်လည်း ၂-ပါး အပြားရှိ၏၊ ထို ၂-ပါး တို့တွင် ကြွင်းသော ပရမတ္ထတရား မရှိသည်၏ အဖြစ်ကြောင့် **နိပ္ပဒေသဒုက်** မည်၏။

---

## ၂-သဟေတုကဒုက်

ဟေတုဒုက်ကို........၌ သဟေတုကဒုက်ကို........၏၊ ထိုသဟေတုကဒုက်၌လည်း ပဌမပဒ, ဒုတိယပဒအားဖြင့် ၂-ပါး အပြားရှိ၏။

ထို ၂-ပါးတို့တွင် ပဌမပဒကို........၏၊ ....ကား— **သဟေတုကာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင် ဒုတိယပဒကို...၏၊....ကား—**အဟေတုကာ ဓမ္မာ** ဟူသည်တည်း။

သဟေတုကာ၊ သမ္ပယုတ်ဟိတ် ရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အဟေတုကာ၊ သမ္ပယုတ်ဟိတ် မရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား—** သဟိတ်စိတ် စေတသိက်၊ မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက် ဒွေပဉ္စာသ ရ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ် အားဖြင့် ၂-ပါး၊ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး** ဟူသော်ကား—

စေတသိက် ဒွေပဉ္စာသတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊ သညာ သည် သညာက္ခန္ဓာ မည်၏၊ ဝေဒနာ သညာမှ ကြွင်းသော စေတသိက် ပဉ္စာသ သည် သင်္ခါရက္ခန္ဓာ မည်၏၊ သဟိတ်စိတ် ကေသတ္တတိသည် ဝိညာဏက္ခန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါး ဖြစ်သတည်း။

**အာယတနအားဖြင့်** ၂-ပါး ဟူသော်ကား—

သဟိတ်စိတ် ကေသတ္တတိသည် မနာယတန မည်၏၊ စေတသိက် ဒွေပဉ္စာ-သသည် ဓမ္မာယတန မည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၂-ပါး ဖြစ် သတည်း။

**ဓာတ်အားဖြင့် ၂-ပါး** ဟူသော်ကား—

သဟိတ်စိတ် ကေသတ္တတိသည် မနောဝိညာဏဓာတ် မည်၏၊ စေတသိက် ဒွေပညာသသည် ဓမ္မဓာတ် မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၂-ပါး ဖြစ်သတည်း။

**သစ္စာအားဖြင့် ၃-ပါး** ဟူသော်ကား—

လောကီသဟိတ်စိတ် ၆၃-ခု၊ လောဘကြဉ်သော စေတသိက် ဧကပညာသသည် ဒုက္ခသစ္စာ မည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏၊ မဂ်စိတ် ၄-ခု၌ ရှိသော သမ္မာဒိဋ္ဌိ ။ပ။ သမ္မာသမာဓိဟု ဆိုအပ်သော သောတာပတ္တိမဂ် ဂ-ပါး၊ ၇-ပါး ။ပ။ အရဟတ္တမဂ် ဂ-ပါး၊ ၇-ပါးသည် မဂ္ဂသစ္စာ မည်၏၊ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၈-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၃-ပါး ဖြစ်သတည်း။

**ဒုတိယ....ကား—** အဟိတ်စိတ် အဋ္ဌာရသ၊ ဆန္ဒကြဉ်သော အညသမာန်း စေတသိက် ဒွါဒသ၊ မောဟမူဒွေ၌ မောဟ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရှိ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၁၂-ပါး၊ ဓာတ်အားဖြင့် ၁ဂ-ပါး၊ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၅-ပါး** ဟူသော်ကား—

ရုပ် အဋ္ဌဝီသသည် ရူပက္ခန္ဓာ မည်၏၊ အညသမာန်း စေတသိက် ဒွါဒသတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊ သညာသည် သညာက္ခန္ဓာ မည်၏၊ ဝေဒနာ သညာမှ ကြွင်းသော အညသမာန်း စေတသိက် ၁၀၊ မောဟမူဒွေ၌ မောဟသည် သင်္ခါရက္ခန္ဓာ မည်၏၊ အဟိတ်စိတ် အဋ္ဌာရသသည် ဝိညာဏက္ခန္ဓာ မည်၏၊ နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှလွတ်၏၊ ဤသို့လျှင် ခန္ဓာ အားဖြင့် ၅-ပါး ဖြစ်သတည်း။

**အာယတနအားဖြင့် ၁၂-ပါး** ဟူသော်ကား—

ရုပ် အဋ္ဌဝီသတို့တွင် စက္ခုပသာဒသည် စက္ခာယတန မည်၏။ ပ ။ ပထဝီ, တေဇော, ဝါယောဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတန မည်၏၊ အဟိတ်စိတ် အဋ္ဌာရသသည် မနာယတန မည်၏၊ အညသမာန်း စေတသိက် ဒွါဒသ၊ မောဟမူဒွေ၌ မောဟ၊ အာပေါ။ ပ ။ အနိစ္စတာအားဖြင့် သုခုမရုပ် သောဠသ၊ နိဗ္ဗာန်သည် ဓမ္မာယတန မည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၁၂-ပါး ဖြစ်သတည်း။

**ဓာတ်အားဖြင့် ၁ဂ-ပါး** ဟူသော်ကား—

ရုပ်အဋ္ဌဝီသတို့တွင် စက္ခုပသာဒသည် စက္ခုဓာတ် မည်၏ ။ ပ ။ ပထဝီ, တေဇော, ဝါယော ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ် မည်၏၊

စက္ခုဝိညာဉ်ဒွေသည် စက္ခုဝိညာဏဓာတ် မည်၏ ။ပ။ ကာယဝိညာဉ် ဒွေသည် ကာယဝိညာဏဓာတ် မည်၏၊ ပဉ္စဒွါရာဝဇ္ဇန်း,သမ္ပဋိစ္ဆိုန်းဒွေသည် မနောဓာတ် မည်၏၊ ကြွင်းသော အဟိတ်စိတ် ၅-ခုသည် မနောဝိညာဏဓာတ်မည်၏၊ အညသမာန်း စေတသိက် ဒွါဒသ၊ မောဟမူဒွေ၌ မောဟ၊ အာပေါ။ ပ ။ အနိစ္စတာ အားဖြင့် သုခုမရုပ် သောဠသ၊ နိဗ္ဗာန်သည် ဓမ္မဓာတ် မည်၏၊ ဤသို့လျှင် ဓာတ် အားဖြင့် ၁၀-ပါး ဖြစ်သတည်း။

**သစ္စာအားဖြင့် ၂-ပါး** ဟူသော်ကား

အဟိတ်စိတ် အဋ္ဌာရသ၊ အညသမာန်း စေတသိက် ဒွါဒသ၊ မောဟမူဒွေ၌ မောဟ၊ ရုပ် အဋ္ဌဝီသသည် ဒုက္ခသစ္စာ မည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါး ဖြစ်သတည်း။

အာဒိလဒ္ဓနာမဒုက် မည်၏၊ နိပ္ပဒေသဒုက် မည်၏။

## ၃-ဟေတုသမ္ပယုတ္တဒုက်

သဟေတုကဒုက်ကို........၌ ဟေတုသမ္ပယုတ္တဒုက်ကို ........၏၊..... ...ကား **ဟေတုသမ္ပယုတ္တာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင်........၏၊........ကား — **ဟေတုဝိပ္ပယုတ္တာ ဓမ္မာ** ဟူသည်တည်း။

ဟေတုသမ္ပယုတ္တာ၊ ဟိတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ဟေတုဝိပ္ပယုတ္တာ၊ ဟိတ်နှင့်မယှဉ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏ [၁]။ (သဟေတုကဒုက်နှင့် မထူးပြီ)။

---

၁-ဤဟေတုသမ္ပယုတ္တဒုက်သည် သဟေတုကဒုက်နှင့် သဒ္ဒါမျှသာသာထူး၏ အနက်အားဖြင့်ကား မထူး၊ ထိုသို့ မထူးသော်လည်း မြတ်စွာဘုရားသည် ဒေသနာဝိလာသ, ပုဂ္ဂလဇ္ဈာသယ အားဖြင့် ဟောတော်မူပြန်သတည်း။ ထို့ကြောင့် ဒိပနီ၌—

၁။ ဟေတုသမ္ပယုတ္တဒုကံ၊ သဟေတုကဒုကေန စ။
နတ္ထိ နာနံ ဟိ ဓမ္မေန၊ န တဿ သင်္ဂဟော နိဂတော။
၂။ ဒေသနာယ ဝိလာသေန၊ ပုဂ္ဂလဇ္ဈာသယေန ဝါ။
တေ ဒုဝေပိ ဒုကာ ဝုတ္တာ၊ ဂေါတမေန မဟေသိနာ

ဟူ၍ မိန့်ဆိုအပ်ပြီ။

အဋ္ဌကထာဆရာမြတ်သည်လည်း "ဣမေသံ ဒွိန္နမ္ပိ ဒုကာနံ ကဉ္စာပိ အတ္ထတော နာနတ္တံ နတ္ထိ၊ ဒေသနာဝိလာသေန ပန ဗုဇ္ဈနကာနံ ဝါ ပုဂ္ဂလာနံ အဇ္ဈာသယဝသေန ဝုတ္တံ" (၄-၇၉)ဟူသောပါဠိဖြင့် ဤသို့သော အခဲပွါယ်ကိုလျှင် ပြအပ်ပြီ။ ဤနည်းအတူ သဒ္ဒါသာထူး၍ အနက်မထူးလျက် ဟောတော်မူအပ်သော အရာတို့၌ သိလေ။

## ၄-ဟေတုသဟေတုကဒုက်

ဟေတုသမ္ပယုတ္တဒုက်ကို........၌ ဟေတုသဟေတုကဒုက်ကို ........၏၊ ........ကား— **ဟေတူ စေဝ ဓမ္မာ သဟေတုကာ စ** ဟူသည်တည်း။

ထိုနောင်........၏၊ ........ကား — **သဟေတုကာ စေဝ ဓမ္မာ န စ ဟေတူ** ဟူသည်တည်း။

ဟေတူ စေဝ၊ ဟိတ်လည်း မည်ကုန်သော။ သဟေတုကာ စ၊ သမ္ပယုတ်ဟိတ်လည်း ရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

သဟေတုကာ စေဝ၊ သမ္ပယုတ်ဟိတ်လည်း ရှိကုန်သော။ န စ ဟေတူ၊ ဟိတ်လည်း မမည်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ဟေတူ စေဝ ဓမ္မာ သဟေတုကာ စ ဟူသော **ပဌမပုဒ်၏အရကား—** မောဟမူဒွေ၌ မောဟကြဉ်သော ဟိတ် ၆-ပါး ရ၏။

ထို ဟိတ် ၆-ပါးသည် သင်္ခါရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။ (ဟေတုဓမ္မာနှင့် အတူဖွဲ့လေ)။

**ဒုတိယ....ကား —** သဟိတ်စိတ် စေတသိက်၊ ဟိတ် ၆-ပါး ကြဉ်သော စေတသိက် ဆစတ္တာလီသ ရ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ်အားဖြင့် ၂-ပါး၊ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး** ဟူသော်ကား —

စေတသိက် ဆစတ္တာလီသတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊ သညာသည် သညာက္ခန္ဓာ မည်၏၊ ဝေဒနာသညာမှ ကြွင်းသော စေတသိက် စတုစတ္တာလီသသည် သင်္ခါရက္ခန္ဓာ မည်၏၊ သဟိတ်စိတ် ကေသတ္တတိသည် ဝိညာဏက္ခန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါး ဖြစ်သတည်း။ (အာယတန, ဓာတ် ဖွဲ့ကား လွယ်ပြီ)။

**သစ္စာအားဖြင့် ၂-ပါး** ဟူသော်ကား —

လောကီသဟိတ်စိတ် ခြောက်ဆယ့်သုံးခု၊ စေတသိက် ဆစတ္တာလီသသည် ဒုက္ခသစ္စာ မည်၏၊ မဂ်စိတ် ၄-ခု၌ရှိသော သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဟု ဆိုအပ်သော သောတာပတ္တိမဂ် ၇-ပါး၊ ၆-ပါး ။ပ။ အရဟတ္တမဂ် ၇-ပါး၊ ၆-ပါးသည် မဂ္ဂသစ္စာ မည်၏၊ ကြွင်းသော မဂ်စိတ်တို့ပွါဒ် ၂၇-ခု၊ ဖိုလ်စိတ်တို့ပွါဒ် ၃၄-ခုသည် သစ္စာ ဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါး ဖြစ်သတည်း။

ဟေတူ စေဝ ဓမ္မာ သဟေတုကာ စ၊ သဟေတုကာ စေဝ ဓမ္မာ န စ ဟေတူ ဟူ၍ ဟောတော်မူအပ်သော ဤ သဒ္ဒါအစဥ်သည် ပရမတ္ထတရားကို နှစ်စု ပြု၍ ဟောရာဟောကြောင်းဖြစ်ခြင်းကြောင့် ဒုက်မည်၏။

ထို ဒုက်သည် အာဒိလဒ္ဓနာမဒုက် သဗ္ဗလဒ္ဓနာမဒုက်အားဖြင့် နှစ်ပါး အပြား ရှိ၏။ ထို နှစ်ပါးတို့တွင် အစဥ်တည်သော ဟေတုသဟေတုကသဒ္ဒါဖြင့် ဟေတု သဟေတုကဒုက် ဟူ၍ ရအပ်သောအမည်ရှိသည်၏ အဖြစ်ကြောင့် **အာဒိလဒ္ဓ-နာမဒုက်** မည်၏။

သပ္ပဒေသဒုက်, နိပ္ပဒေသဒုက်အားဖြင့်လည်း နှစ်ပါး အပြားရှိ၏၊ ထို နှစ်ပါး တို့တွင် အဟိတ်စိတ် အဋ္ဌာရသ၊ ဆန္ဒကြဥ်သော အညသမာန်း စေတသိက် ဒွါ-ဒသ၊ မောဟမူဒွေ၌ မောဟ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

---

## ၅-ဟေတုဟေတုသမ္ပယုတ္တဒုက်

ဟေတုသဟေတုကဒုက်ကို........၌ဟေတုဟေတုသမ္ပယုတ္တဒုက်ကို........၏၊........ ကား — **ဟေတူစေဝ ဓမ္မာ ဟေတုသမ္ပယုတ္တာ စ** ဟူသည်တည်း။

ထိုနောင်........၏၊.... ကား **ဟေတုသမ္ပယုတ္တာ စေဝ ဓမ္မာ န စ ဟေတူ** ဟူသည်တည်း။

ဟေတူ စေဝ၊ ဟိတ်လည်း မည်ကုန်သော။ ဟေတုသမ္ပယုတ္တာ စ၊ ဟိတ်နှင့် လည်း ယှဥ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ဟေတုသမ္ပယုတ္တာ စေဝ၊ ဟိတ်နှင့်လည်း ယှဥ်ကုန်သော။ န စ ဟေတူ၊ ဟိတ် လည်း မမည်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

(ဟေတု သဟေတုကဒုက်နှင့် အတူ ကောက်လေ၊ ဖွဲ့လေ၊ ဒုက်မှတ်လည်းတူပြီ။)

---

## ၆-နဟေတု သဟေတုကဒုက်

ဟေတုဟေတုသမ္ပယုတ္တဒုက်ကို........၌ နဟေတု သဟေတုကဒုက်ကို........ ၏၊........ကား — **နဟေတူ ခေါ ပန ဓမ္မာ သဟေတုကာပိ** ဟူသည်တည်း။

ထိုနောင်........၏၊........ကား— **နဟေတူ ခေါ ပန ဓမ္မာ အဟေတုကာပိ** ဟူသည်တည်း။

နဟေတူ ခေါ ပန၊ ဟိတ် မမည်ကုန်သော။ သဟေတုကာပိ၊ သမ္ပယုတ် ဟိတ်လည်း ရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

နဟေတူ ခေါ ပန၊ ဟိတ် မမည်ကုန်သော။ အဟေတုကာပိ၊ သမ္ပယုတ် ဟိတ်လည်း မရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား—** သဟိတ်စိတ် စေကသိက်၊ ဟိတ်ခြောက်ပါး ကြဉ်သော စေတသိက် ဆစတ္တာလီသ ရ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ်အားဖြင့် ၂-ပါး၊ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

(ဟေတု သဟေတုကဒုက် ဒုတိယပုဒ်နှင့် အတူဖွဲ့လေ၊ မထူးပြီ။)

**ဒုတိယ....ကား—** အဟိတ်စိတ် အဋ္ဌာရသ၊ ဆန္ဒကြဉ်သော အညသမာန်း စေတသိက် ဒွါဒသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၁၂-ပါး၊ ဓာတ်အားဖြင့် ၁၈-ပါး၊ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

(သဟေတုကဒုက် ဒုတိယပုဒ်နှင့် အတူဖွဲ့လေ၊ မောဟမူဒွေ့ဠ် မောဟ မပါသည်မျှသာ ထူးတော့သည်။)

နဟေတူ ခေါ ပန ဓမ္မာ သဟေတုကာပိ၊ အဟေတုကာပိ၊ ဟူ၍ ဟောတော်မူအပ်သော ဤသဒ္ဒါအစဉ်သည် ပရမတ္ထတရားကို နှစ်စုပြု၍ ဟောရာ ဟောကြောင်း ဖြစ်ခြင်းကြောင့် ဒုက်မည်၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက်, သဗ္ဗလဒ္ဓနာမဒုက်အားဖြင့် နှစ်ပါးအပြား ရှိ၏။ ထိုနှစ်ပါးတို့တွင် အစဦးတည်သော နဟေတု သဟေတုကသဒ္ဒါဖြင့် နဟေတု သဟေတုကဒုက်ဟူ၍ ရအပ်သော အမည်ရှိသည်၏ အဖြစ်ကြောင့် **အာဒိလဒ္ဓနာမ** ဒုက်မည်၏။

သပ္ပဒေသဒုက်, နိပ္ပဒေသဒုက်အားဖြင့်လည်း နှစ်ပါး အပြားရှိ၏၊ ထိုနှစ်ပါး တို့တွင် ဟိတ်ခြောက်ပါးဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

---

ပဌမဒုက်၌ ဒုတိယဒုက် ၏ ပဌမပုဒ်ကိုထည့်၍ "ဟေတူ စေဝ ဓမ္မာ သဟေတုကာ စ။ သဟေတုကာ စေဝ ဓမ္မာ န စ ဟေတူ" ဟူသော ဤစတုတ္ထဒုက်သည် ဖြစ်သကဲ့သို့၊

ထို့အတူ ပဌမဒုက်၌ ဒုတိယဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ ဟေတူ စေဝ ဓမ္မာ အဟေတုကာ စ။ အဟေတုကာ စေဝ ဓမ္မာ န စ ဟေတူ ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

ဟေတူ စေဝ ဓမ္မာ အဟေတုကာ စ ဟူသော ပဌမပုဒ်၏ အရကား— မောဟမူဒွေ့ဠ် မောဟ ရ၏။

**အဟေတုကာ ဓေ၀ ဓမ္မာ န စ ဟေတူ** ဟူသော **ဒုတိယပုဒ်၏အရကား—အဟိတ်စိတ်** အဋ္ဌာရသ၊ ဆန္ဒကြဉ်သော အညသမာန်း စေတသိက် ဒွါဒသ၊ ရုပ် အဋ္ဌဝီသ၊နိဗ္ဗာန် ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက်မည်၏၊ သပ္ပဒေသဒုက်, နိပ္ပဒေသဒုက် အားဖြင့် ၂-ပါး အပြားရှိ၏၊ ထို ၂-ပါးတို့တွင် သဟိတ်စိတ် ကေသတ္တတိ၊ မောဟမူဒွေ၌မောဟ ကြဉ်သော စေတသိက် ဒွေပညာသဟုဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသ ဒုက်မည်၏**။

ပဌမဒုက်၌ တဘိယဒုက်၏ ပဌမပုဒ်ကို ထည့်၍ "ဟေတူ စေ၀ ဓမ္မာ ဟေတုသမ္ပယုတ္တာ စ။ ဟေတုသမ္ပယုတ္တာ စေ၀ ဓမ္မာ န စ ဟေတူ" ဟူသော ဤပဌမဒုက်သည် ဖြစ်သကဲ့သို့၊

ထို့အတူ ပဌမဒုက်၌ တတိယဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ **ဟေတူ စေ၀ ဓမ္မာ ဟေတုဝိပ္ပယုတ္တာ စ။ ဟေတုဝိပ္ပယုတ္တာ စေ၀ ဓမ္မာ န စ ဟေတူ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

(ထိုဒုက်၏ အရသည် "ဟေတူ စေ၀ ဓမ္မာ အဟေတုကာ စ။ **အဟေတုကာ** စေ၀ ဓမ္မာ န စ ဟေတူ" ဟူသော ဒုက်အရနှင့် အလုံးစုံတူ၏။)

နဟေတူ ဓမ္မာ သဟေတုကာပိ။ အဟေတုကာပိ ဟု ဟောတော်မူလျှင် ပြီးကောင်းလျက် **သဒ္ဒါခိကာ အဋ္ဌာဝိကော ဟောတိ**-ဟူသော ပရိဘာသာနှင့်အညီ အနက်လွန်ကို ပြခြင်းငှါ **ခေါ ပန** ဟူသောသဒ္ဒါလွန်ကို ဟောတော်မူ၏။

ထို ခေါပန ဟူသော သဒ္ဒါလွန်ဖြင့် ပြအပ်သော အတိရေကဒုက်အပေါင်းတို့တွင်—

အဋ္ဌကထာ (၇၉) နည်းအားဖြင့် ဒုဘိယဒုက်၌ ပဌမဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ "နဟေဘူ ဓမ္မာ သဟေဘုကာပိ။ အဒေဟဘုကာပိ" ဟူသော ဤဆဋ္ဌဒုက်သည် ဖြစ်သကဲ့သို့၊

ထို့အတူ တတိယဒုက်၌ ပဌမဒုက်၏ ဒုတိယပုဒ်ကိုထည့်၍ **နဟေတူ ဓမ္မာ ဟေတုသမ္ပယုတ္တာပိ။ ဟေတုဝိပ္ပယုတ္တာပိ** ဟူသောဒုက်သည်လည်း ဖြစ်သင့်၏။

(ထိုဒုက်၏ အရသည် "နဟေတူ ဓမ္မာ သဟေတုကာပိ၊ အဟေတုကာပိ" ဟူသော ဒုက်၏ အရနှင့် အလုံးစုံတူ၏)။

ဒုတိယဒုက်၌ ပဌမဒုက်၏ ပဌမပုဒ်ကို ထည့်၍ **ဟေတူ ဓမ္မာ သဟေတကာပိ။ အဟေတုကာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

ပဌမ....**ကား**—မောဟမူဒွေ၌ မောဟကြဉ်သော ဟိတ် ၆-ပါး ရ၏။

**ဒုတိယ....ကား**—မောဟမူ ဒွေ၌ရှိသော မောဟ ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏။ သပ္ပဒေသဒုက်, နိပ္ပဒေသဒုက်အားဖြင့် ၂-ပါးတို့တွင် စိတ်တခုယုတ် ကိုးဆယ်၊ ဟိတ် ၆-ပါး ကြဉ်သော စေတသိက် ဆစတ္တာလီသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ဟုဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

မူလဋီကာ (၄၉) နည်းအားဖြင့် တတိယဒုက်၌ ပဌမဒုက်၏ ပဌမပုဒ်ကို ထည့်၍ **ဟေတူ ဓမ္မာ ဟေတုသမ္ပယုတ္တာပိ။ ဟေတုဝိပ္ပယုတ္တာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

(ထိုဒုက်၏အရသည် "ဟေတူ ဓမ္မာ သဟေတုကာပိ။ အဟေတုကာပိ" ဟူသော ဒုက်၏အရနှင့် အလုံးစုံတူ၏)။

အနုဋီကာ (၅၃) နည်းအားဖြင့် ပဌမဒုက်၌ ဒုတိယဒုက်၏ ပဌမပုဒ်ကို ထည့်၍ သဟေတုကာ ဓမ္မာ ဟေတူပိ။ န ဟေတူပိ ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ....ကား**—မောဟမူဒွေ၌ရှိသော မောဟကြဉ်သော ဟိတ် ၆-ပါး ရ၏။

**ဒုတိယ....ကား**—သဟိတ်စိတ် ကေသတ္တတိ၊ ဟိတ် ၆ ပါးကြဉ်သော စေတသိက် ဆစတ္တာလီသ ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏။ သပ္ပဒေသဒုက်, နိပ္ပဒေသဒုက် အားဖြင့် ၂-ပါး တို့တွင် အဟိတ်စိတ် အဋ္ဌာရသ၊ ဆန္ဒကြဉ်သော အညသမာန်း စေတသိက် ဒွါဒသ၊ မောဟမူဒွေ၌ရှိသော မောဟ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏အဖြစ်ကြောင့် သပ္ပဒေသဒုက် မည်၏။

ပဌမဒုက်၌ ဒုတိယဒုက်၏ ဒုတိယပုဒ်ကိုထည့်၍ အဟေတုကာ ဓမ္မာ ဟေတူပိ။ န ဟေတူပိ ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ....ကား**—မောဟမူဒွေ၌ မောဟ ရ၏။

**ဒုတိယ....ကား**—အဟိတ်စိတ် အဋ္ဌာရသ၊ ဆန္ဒကြဉ်သော အညသမာန်း စေတသိက် ဒွါဒသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏။ သပ္ပဒေသဒုက်, နိပ္ပဒေသဒုက် အားဖြင့် ၂-ပါး တို့တွင် သဟိတ်စိတ် ကေသတ္တတိ၊ မောဟမူဒွေ၌ရှိသော မောဟ ကြဉ်သော စေတသိက် ဒွေပညာသ ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏အဖြစ်ကြောင့် သပ္ပဒေသဒုက် မည်၏။

ပဌမဒုက်၌ တတိယဒုက်၏ ပဌမပုဒ်ကို ထည့်၍ ဟေတုသမ္ပယုတ္တာ ဓမ္မာ ဟေတူပိ။ န ဟေတူပိ ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

(ထိုဒုက်၏ အရသည် "သဟေတုကာ ဓမ္မာ ဟေတူပိ။ န ဟေတူပိ" ဟူသော ဒုက်၏ အရနှင့် အလုံးစုံတူ၏)။

ပဌမဒုက်၌ တတိယဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ ဟေတုဝိပ္ပယုတ္တာ ဓမ္မာ ဟေတူပိ။ န ဟေတူပိ ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

(ထိုဒုက်၏ အရသည် "အဟေတုကာ ဓမ္မာ ဟေတူပိ။ န ဟေတူပိ" ဟူသော ဒုက်၏ အရနှင့် အလုံးစုံတူ၏)။

## ၂-စူဠန္တရဒုက်

### ၁-သပ္ပစ္စယဒုက်

ဟေတုဂေါစ္ဆကကို....၌ စူဠန္တရဒုက်ကို....၏။

ထိုစူဠန္တရဒုက်၌လည်း—

၁။ သပ္ပစ္စယဒုက်၊

၂။ သင်္ခတဒုက်၊

၃။ သနိဒဿနဒုက်၊

၄။ သပ္ပဋိဃဒုက်၊

၅။ ရူပီဒုက်၊

၆။ လောကိယဒုက်၊

၇။ ကေနစိ ဝိညေယျဒုက် အားဖြင့် **၇-ပါး** အပြားရှိ၏။

ထို ၇-ပါး တို့တွင် သပ္ပစ္စယဒုက်ကို ရှေးဦးစွာ ဟောတော်မူ၏။

ထို သပ္ပစ္စယဒုက် ၌လည်း ပဌမပဒ, ဒုတိယပဒ အားဖြင့် ၂-ပါး အပြားရှိ၏၊ ထို ၂-ပါး တို့တွင် ပဌမပဒကို....၏၊....ကား - **သပ္ပစ္စယာ ဓမ္မာ**....တည်း။

ထိုနောင်....၏၊....ကား - **အပ္ပစ္စယာ ဓမ္မာ**... တည်း။

သပ္ပစ္စယာ၊ ကံ စိတ် ဥတု အာဟာရ တည်းဟူသော အကြောင်း ၄-ပါး တို့နှင့် တကွဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အပ္ပစ္စယာ၊ ကံ စိတ် ဥတု အာဟာရ တည်းဟူသော အကြောင်း ၄-ပါး မရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ.... ကား—**စိတ် တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၁၂-ပါး၊ ဓာတ်အားဖြင့် ၁၈-ပါး ၊ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။(ဖွဲ့လေ၊ လွယ်ပြီ)။

**ဒုတိယ....ကား—**နိဗ္ဗာန် ရ၏။

ထိုနိဗ္ဗာန်သည် ခန္ဓာ ဟူသော အရေအတွက်မှ လွတ်၏၊ ဓမ္မာယတန၊ ဓမ္မ-ဓာတ်၊ နိရောဓသစ္စာအားဖြင့် ၁-ပါး သာ ဖြစ်သတည်း။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

## ၂-သဝိတဒုက်

သပ္ပစ္စယဒုက် ကို....၌ သဝိတဒုက်ကို....၏....ကား **သဝိတာ ဓမ္မာ....**ဟည်း။

ထိုနောင်....၏....ကား—**အသဝိတာ ဓမ္မာ....**တည်း။

သဝိတာ၊ ကံ စိတ် ဥတု အာဟာရ တည်းဟူသော အကြောင်း ၄-ပါး တို့သည် ပေါင်း၍ ပြုပြင်အပ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ ကုန်၏။

အသဝိတာ၊ ကံ စိတ် ဥတု အာဟာရ တည်းဟူသော အကြောင်း ၄-ပါး တို့သည် ပေါင်း၍ မပြုပြင်အပ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။ (သပ္ပစ္စယဒုက်နှင့် မထူးပြီ)။

---

## ၃-သနိဒဿနဒုက်

သဝိတဒုက် ကို....၌ သနိဒဿနဒုက်ကို....၏၊ ဟောဟန်ကား—**သနိဒဿနာ ဓမ္မာ....**တည်း။

ထိုနောင်....၏၊ ဟောဟန်ကား— **အနိဒဿနာ ဓမ္မာ....**တည်း။

သနိဒဿနာ၊ မြင်ခြင်းနှင့် တကွဖြစ်ကုန်သော။ ဝါ၊ မြင်အပ်သည်၏အဖြစ်နှင့် တကွဖြစ်ကုန်သော။ ဝါ၊ မြင်အပ်သည်နှင့် တကွဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အနိဒဿနာ၊ မြင်ခြင်းမရှိကုန်သော။ ဝါ၊ ကုန်သော။ ဝါ၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား—**ရူပါရုံ ရ၏။

ထိုရူပါရုံ သည် ရူပက္ခန္ဓာ၊ ရူပါယတန၊ ရူပဓာတ်၊ ဒုက္ခသစ္စာ အားဖြင့် ၁-ပါး သာ ဖြစ်သတည်း။

**ဒုတိယ....ကား—** စိတ် တခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရူပါရုံ ကြဉ်သော ရုပ် သတ္တဝီသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာ အားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၁၁-ပါး၊ ဓာတ် အားဖြင့် ၁၇-ပါး၊ သစ္စာအားဖြင့် ၄-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ၊ လွယ်ပြီ)။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

---

## ၄-သပ္ပဋိဃဒုက်

သနိဒဿနဒုက် ကို....၌ သပ္ပဋိဃဒုက်ကို... ၏၊ ဟောဟန်ကား— **သပ္ပဋိဃာ ဓမ္မာ....**တည်း။

ထိုနောင်....၏၊....ကား—**အပ္ပဋိဃာ ဓမ္မာ**....တည်း။

သပ္ပဋိဃာ၊ ထိပါးခြင်းနှင့် တကွဖြစ်ကုန်သော။ ဝါ၊ ထိပါးတတ်သည်၏ အဖြစ်နှင့် တကွဖြစ်ကုန်သော။ ဝါ၊ ထိပါးတတ်သည်နှင့် တကွဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်၊ သံဝိဇ္ဇန္တိ၊ ကုန်၏။

အပ္ပဋိဃာ၊ ထိပါးခြင်း မရှိကုန်သော။ ဝါ၊ ကုန်သော။ ဝါ၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား**—သြဠာရိကရုပ် ဒွါဒသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၁-ပါး၊ အာယတနအားဖြင့် ၁၀-ပါး၊ ဓာတ်အားဖြင့် ၁၀-ပါး၊ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၁-ပါး** ဟူသော်ကား—

သြဠာရိကရုပ် ဒွါဒသသည် ရူပက္ခန္ဓာမည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၁-ပါး ဖြစ်သတည်း။

**အာယတနအားဖြင့် ၁၀-ပါး** ဟူသော်ကား—

သြဠာရိကရုပ် ဒွါဒသတို့တွင် စက္ခုပသာဒသည် စက္ခာယတနမည်၏။ပ။ ပထဝီ, တေဇော, ဝါယော ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတနမည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၁၀-ပါး ဖြစ်သတည်း။

**ဓာတ်အားဖြင့် ၁၀-ပါး** ဟူသော်ကား—

သြဠာရိကရုပ်ဒွါဒသတို့တွင် စက္ခုပသာဒသည် စက္ခုဓာတ်မည်၏။ပ။ ပထဝီ, တေဇော, ဝါယော ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ် မည်၏ ဤသို့လျှင် ဓာတ်အားဖြင့် ၁၀-ပါး ဖြစ်သတည်း။

**သစ္စာအားဖြင့် ၁-ပါး** ဟူသော်ကား—

သြဠာရိကရုပ် ဒွါဒသသည် ဒုက္ခသစ္စာမည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၁-ပါး ဖြစ်သတည်း။

**ဒုတိယ....ကား**—စိတ် တခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ သုခုမရုပ် သောဠသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ်အားဖြင့် ၈-ပါး၊ သစ္စာအားဖြင့် ၄-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ၊ လွယ်ပြီ)။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

## ၅-ရူပီဒုက်

**သပ္ပဋိဃဒုက်ကို... ၌** ရူပီဒုက်ကို....၏၊....ကား—**ရူပိနော ဓမ္မာ**....တည်း။

ထိုနောင် .. ၏၊ ... ကား—**အရူပိနော ဓမ္မာ**....တည်း။

ရူပိနော၊ ဖောက်ပြန်ခြင်း သဘောရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အရူပိနော၊ ဖောက်ပြန်ခြင်းသဘော မရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား—** ရုပ်အဋ္ဌဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၁-ပါး၊ အာယတနအားဖြင့် ၁၁-ပါး၊ ဓာတ်အားဖြင့် ၁၁-ပါး၊ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၁-ပါး** ဟူသော်ကား—

ရုပ်အဋ္ဌဝီသသည် ရူပက္ခန္ဓာမည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၁-ပါး ဖြစ်သတည်း။

**အာယတနအားဖြင့် ၁၁-ပါး** ဟူသော်ကား—

ရုပ် အဋ္ဌဝီသတို့တွင် စက္ခုပသာဒသည် စက္ခာယတနမည်၏ ။ပ။ ပထဝီ, တေဇော, ဝါယော ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတနမည်၏၊ အာပေါ ။ပ။ အနိစ္စတာအားဖြင့် သုခုမရုပ် သောဠသသည် ဓမ္မာယတနမည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၁၁-ပါး ဖြစ်သတည်း။

**ဓာတ်အားဖြင့် ၁၁-ပါး** ဟူသော်ကား—

ရုပ် အဋ္ဌဝီသတို့တွင် စက္ခုပသာဒသည် စက္ခုဓာတ်မည်၏ ။ပ။ ပထဝီ, တေဇော, ဝါယော ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ်မည်၏၊ အာပေါ ။ပ။ အနိစ္စတာအားဖြင့် သုခုမရုပ် သောဠသသည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၁၁-ပါး ဖြစ်သတည်း။

**သစ္စာအားဖြင့် ၁-ပါး** ဟူသော်ကား—

ရုပ်အဋ္ဌဝီသသည် ဒုက္ခသစ္စာမည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၁-ပါး ဖြစ်သတည်း။

**ဒုတိယ....ကား—**စိတ်တခုယုတ်ကိုးဆယ်၊စေတသိက် ဒွေပညာသ၊နိဗ္ဗာန်ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ် အားဖြင့် ၈-ပါး၊ သစ္စာအားဖြင့် ၄-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ၊ လွယ်ပြီ)။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

## ၆-လောကိယဒုက်

ရူပီဒုက်ကို...၌ လောကိယဒုက်ကို....၏၊ ဟောဟန်ကား— **လောကိယာ ဓမ္မာ**...တည်း။

ထိုနောင်... ၏၊ ကား—**လောကုတ္တရာ ဓမ္မာ**... တည်း။

လောကိယာ၊ ပျက်တတ် ဖြစ်တတ်သော ဝဋ်ဆင်းရဲဟု ဆိုအပ်သော သင်္ခါရ· လောက၌ အကျုံးဝင်သည်၏အဖြစ်ဖြင့် ပျက်တတ်ဖြစ်တတ်သော ဝဋ်ဆင်းရဲဟု ဆိုအပ်သော သင်္ခါရလောက၌ ယှဉ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

လောကုတ္တရာ၊ ပျက်တတ် ဖြစ်တတ်သော ဝဋ်ဆင်းရဲဟုဆိုအပ်သော သင်္ခါရ· လောက၌ အကျုံးမဝင်သည်၏အဖြစ်ဖြင့် ပျက်တတ် ဖြစ်တတ်သော ဝဋ်ဆင်းရဲ ဟုဆိုအပ်သော သင်္ခါရလောကမှ ထွက်မြောက်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား—**လောကီစိတ် ၈၁၊ စေတသိက် ၅၂၊ ရုပ် ၂၈ ဝိသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး။ ပ ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

**ဒုတိယ....ကား—** လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး။ ပ ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ၊ လွယ်ပြီ)။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

---

## ၇-ကေနစိဝိညေယျဒုက်

လောကိယဒုက်ကို........၌ ကေနစိ ဝိညေယျဒုက်ကို....၏၊....ကား—**ကေနစိ ဝိညေယျာ ဓမ္မာ**....တည်း။

ထိုနောင်........၏၊........ကား—**ကေနစိ န ဝိညေယျာ ဓမ္မာ** .. တည်း။

ကေနစိ ဝိညေယျာ၊ စက္ခုဝိညာဉ် အစရှိသော တစုံတခုသော စိတ်သည် သိအပ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ကေနစိ န ဝိညေယျာ၊ စက္ခုဝိညာဉ်အစရှိသော တစုံတခုသော စိတ်သည် မသိအပ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား—** စက္ခုဝိညာဉ် အစရှိသော တစုံတခုသောစိတ်သည် သိအပ်သော စိတ် တခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ် အဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၁၂-ပါး၊ ဓာတ် အားဖြင့် ၁၈-ပါး၊ သစ္စာအားဖြင့် ၄-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

**ဒုတိယ....ကား—** စက္ခုဝိညာဉ်အစရှိသော တစုံတခုသောစိတ်သည် မသိအပ်သော စိတ် တခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ် အဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး။ ပ ။ သစ္စာအားဖြင့် ၄-ပါး ဖြစ်ကုန် ၏။ (ဖွဲ့လေ၊ လွယ်ပြီ)။ **ဤကား သာမညတည်း။**

၁။ တနည်းလည်း—

**ပဌမ....ကား—** စက္ခုဝိညာဉ်သည် သိအပ်သော ရူပါရုံ ရ၏။

ထိုရူပါရုံသည် ရူပက္ခန္ဓာ၊ ရူပါယတန၊ ရူပဓာတ်၊ ဒုက္ခသစ္စာအားဖြင့် တပါး သာ ဖြစ်သတည်း။

**ဒုတိယ....ကား—** စက္ခုဝိညာဉ်သည် မသိအပ်သော စိတ် တခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရူပါရုံကြဉ်သော ရုပ် သတ္တဝီသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၁၁-ပါး၊ ဓာတ် အားဖြင့် ၁၇-ပါး၊ သစ္စာအားဖြင့် ၄-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

၂။ တနည်းလည်း—

**ပဌမ....ကား—** သောတဝိညာဉ်သည် သိအပ်သော သဒ္ဒါရုံ ရ၏။

ထိုသဒ္ဒါရုံသည် ရူပက္ခန္ဓာ၊ သဒ္ဒါယတန၊ သဒ္ဒဓာတ်၊ ဒုက္ခသစ္စာ အားဖြင့် တပါးသာ ဖြစ်သတည်း။

**ဒုတိယ.... ကား—** သောတဝိညာဉ်သည် မသိအပ်သော စိတ် တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ သဒ္ဒါရုံကြဉ်သော ရုပ် သတ္တဝီသ၊ နိဗ္ဗာန် ရ၏။

ထိုတရားသည် ခန္ဓာအားဖြင့် ၅-ပါး ။ ပ ။ သစ္စာအားဖြင့် ၄-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

၃။ တနည်းလည်း—

**ပဌမ.... ကား**—ဃာနဝိညာဉ်သည် သိအပ်သော ဂန္ဓာရုံ ရ၏။ ထို ။ပ။ တည်း။

**ဒုတိယ....ကား**—ဃာနဝိညာဉ်သည် မသိအပ်သော စိတ် တခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ဂန္ဓာရုံကြဉ်သော ရုပ် သတ္တဝီသ၊ နိဗ္ဗာန် ရ၏။ ထို ။ပ။ ကုန်၏။ (ဖွဲ့လေ၊ လွယ်ပြီ)။

၄။ တနည်းလည်း—

**ပဌမ.... ကား**—ဇိဝှါဝိညာဉ်သည် သိအပ်သော ရသာရုံ ရ၏။ ထို ။ပ။ တည်း။

**ဒုတိယ....ကား**—ဇိဝှါဝိညာဉ်သည် မသိအပ်သော စိတ် တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရသာရုံ ကြဉ်သော ရုပ် သတ္တဝီသ၊ နိဗ္ဗာန် ရ၏။ ထို ။ပ။ ကုန်၏။ (ဖွဲ့လေ၊ လွယ်ပြီ)။

၅။ တနည်းလည်း—

**ပဌမ....ကား**—ကာယဝိညာဉ်သည် သိအပ်သော ဖောဋ္ဌဗ္ဗာရုံ ရ၏။

ထိုဖောဋ္ဌဗ္ဗာရုံသည် ရူပက္ခန္ဓာ၊ ဖောဋ္ဌဗ္ဗာယတန၊ ဖောဋ္ဌဗ္ဗဓာတ်၊ ဒုက္ခသစ္စာ အားဖြင့် ၁-ပါးသာ ဖြစ်သတည်း။

**ဒုတိယ .... ကား**— ကာယဝိညာဉ်သည် မသိအပ်သော စိတ် တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ဖောဋ္ဌဗ္ဗာရုံ ကြဉ်သော ရုပ် ပဉ္စဝီသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၁၁-ပါး၊ ဓာတ် အားဖြင့် ၁၇-ပါး၊ သစ္စာအားဖြင့် ၄-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၅-ပါး** ဟူသော်ကား—

ရုပ် ပဉ္စဝီသသည် ရူပက္ခန္ဓာ မည်၏၊ စေတသိက် ဒွေပညာသ တို့တွင် ။ပ။ စေတသိက် ပညာသသည် သင်္ခါရက္ခန္ဓာ မည်၏၊ စိတ် တခုယုတ် ကိုးဆယ်သည် ဝိညာဏက္ခန္ဓာ မည်၏၊ နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၅-ပါးဖြစ်သတည်း။

**အာယတနအားဖြင့် ၁၁-ပါး** ဟူသော်ကား—

ရုပ်ပဉ္စဝီသတို့တွင် စက္ခုပသာဒသည် စက္ခာယတန မည်၏ ။ပ။ ရသာရုံသည် ရသာယတန မည်၏၊ စိတ် တခုယုတ် ကိုးဆယ်သည် မနာယတန မည်၏၊ စေတသိက် ဒွေပညာသ၊ အာပေါ ။ပ။ အနိစ္စတာအားဖြင့် သုခုမရုပ် သောဠသ၊

နိဗ္ဗာန်သည် ဓမ္မာယတနမည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၁၁-ပါး ဖြစ်သတည်း။

**ဓာတ်အားဖြင့် ၁၇-ပါး** ဟူသော်ကား—

ရုပ် ပဉ္စဝီသတို့တွင် စက္ခုပသာဒသည် စက္ခုဓာတ် မည်၏။ပ။ ရသာရုံသည် ရသဓာတ် မည်၏၊ စက္ခုဝိညာဉ်ဒွေသည် စက္ခုဝိညာဏဓာတ် မည်၏။ပ။ ကာယဝိညာဉ်ဒွေသည် ကာယဝိညာဏဓာတ် မည်၏၊ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်း ဒွေသည် မနောဓာတ် မည်၏၊ ကြွင်းသောစိတ် ၇၆-ခုသည် မနောဝိညာဏဓာတ် မည်၏၊ စေတသိက် ဒွေပညာသ၊ အာပေါ ။ပ။ အနိစ္စတာအားဖြင့် သုခုမရုပ် သောဠသ၊ နိဗ္ဗာန်သည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၁၇-ပါး ဖြစ်သတည်း။

**သစ္စာအားဖြင့် ၄-ပါး** ဟူသော်ကား —

လောကီစိတ် ကောသီတိ၊ လောဘ ကြဉ်သော စေတသိက် ဧကပညာသ၊ ရုပ် ပဉ္စဝီသသည် ဒုက္ခသစ္စာ မည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏၊ မဂ်စိတ် ၄-ခု၌ရှိသော သမ္မာဒိဋ္ဌိ ။ပ။ သမ္မာ-သမာဓိဟုဆိုအပ်သော သောတာပတ္တိမဂ် ၈-ပါး၊ ၇-ပါး။ပ။ အရဟတ္တမဂ် ၈-ပါး၊ ၇-ပါးသည် မဂ္ဂသစ္စာမည်၏၊ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၈-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၄-ပါး ဖြစ်သတည်း။

၆။ တနည်းလည်း —

**ပဌမ....ကား—** မနောဓာတ် သုံးခုသည် သိအပ်သော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ ရ၏။ (ပဉ္စာရုံရ၏သော်လည်း ဆို)။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၁-ပါး၊ အာယတနအားဖြင့် ၅-ပါး၊ ဓာတ်အားဖြင့် ၅-ပါး၊ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ၊ လွယ်ပြီ)။

**ဒုတိယ .... ကား —** မနောဓာတ် ၃-ခုသည် မသိအပ်သော စိတ် တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ဂေါစရရုပ် ခုနစ်ခု ကြဉ်သော ရုပ် ဧကဝီသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၇-ပါး၊ ဓာတ် အားဖြင့် ၁၃-ပါး၊ သစ္စာအားဖြင့် ၄-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

၇။ တနည်းလည်း —

**ပဌမ....ကား—** သန္တီရဏ ၃-ခု၊ မဟာဝိပါက် ၈-ခု၊ ဟသိတုပ္ပါဒ်သည် သိအပ် သော ကာမစိတ် စတုပညာသ၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး။ပ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

**ဒုတိယ....ကား—** သန္တိရဏ ၃-ခု၊ မဟာဝိပါက် ၈-ခု၊ ဟသိတုပ္ပါဒ်သည် မသိအပ်သော မဟဂ္ဂုတ် လောကုတ္တရာစိတ် ၃၅-ခု၊ စေတသိက် အဋ္ဌတိံသ၊ နိဗ္ဗာန်ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄ ပါး။ပ။ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

၈။ တနည်းလည်း—

**ပဌမ ....ကား—** အကုသိုလ် ဒွါဒသ၊ မဟာကုသိုလ် ဉာဏဝိပ္ပယုတ် ၄-ခု မဟာကြိယာ ဉာဏဝိပ္ပယုတ် ၄-ခုသည် သိအပ်သော လောကီစိတ် ကောသီတိ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး ။ပ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

**ဒုတိယ....ကား—** အကုသိုလ် ဒွါဒသ၊ မဟာကုသိုလ် ဉာဏဝိပ္ပယုတ် ၄-ခု၊ မဟာကြိယာ ဉာဏဝိပ္ပယုတ် ၄-ခုသည် မသိအပ်သော လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ရ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ပ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

၉။ တနည်းလည်း—

**ပဌမ....ကား—** မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ ကုသိုလ်အဘိညာဉ်သည် သိအပ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ် ကြဉ်သော စိတ် ၈၇-ခု၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး ။ပ။ သစ္စာအားဖြင့် ၄-ပါး ဖြစ်ကုန်၏။

(ခန္ဓာ, အာယတန, ဓာတ်ဖွဲ့ လွယ်ပြီ)။

**သစ္စာအားဖြင့် ၄-ပါး** ဟူသော်ကား —

လောကီစိတ် ကောသီတိ၊ လောဘကြဉ်သော စေတသိက် ကေပညာသ၊ ရုပ် အဋ္ဌဝီသသည် ဒုက္ခသစ္စာ မည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏၊ အောက်မဂ် ၃-ခုဌ်ရှိသော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဟု ဆိုအပ်သော သောတာပတ္တိမဂ် ၈-ပါး၊ ၇-ပါး။ သကဒါဂါမိမဂ် ၈ ပါး

၇-ပါး။ အနာဂါမိမဂ် ဂ-ပါး၊ ၇-ပါးသည် မဂ္ဂသစ္စာ မည်၏၊ ကြွင်းသောအောက် မဂ် ၃-ခု စိတ္တုပ္ပါဒ် ၂၉-ခု၊ အောက်ဖိုလ် ၃-ခု စိတ္တုပ္ပါဒ် ၃၇-ခုသည် သစ္စာ ဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၄-ပါး ဖြစ်သတည်း။

**ဒုတိယ....ကား—** မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄-ခု၊ ကုသိုလ်အဘိညာဉ်သည် မသိအပ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ်၊ စေတသိက် ဆတ္တိံသ ရ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ပ။ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။ (ခန္ဓာ, အာယတန, ဓာတ်ဖွဲ့ လွယ်ပြီ)။

**သစ္စာအားဖြင့် ၁-ပါး** ဟူသော်ကား—

အရဟတ္တမဂ်၌ရှိသော သမ္မာဒိဋ္ဌိ ။ပ။ သမ္မာသမာဓိဟု ဆိုအပ်သော အရဟတ္တမဂ် ဂ-ပါး၊ ၇-ပါးသည် မဂ္ဂသစ္စာ မည်၏၊ ကြွင်းသော အရဟတ္တမဂ်စိတ္တုပ္ပါဒ် ၂၉-ခု၊ အရဟတ္တဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၁-ပါး ဖြစ်သတည်း။

၁၀။ တနည်းလည်း—

**ပဌမ....ကား—** ဝိညာဏဉ္စာယတနစိတ် ၃-ခုသည် သိအပ်သော အာကာသာနဉ္စာယတနကုသိုလ်, ကြိယာ၊ စေတသိက် တိံသ ရ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ပ။ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

**ဒုတိယ....ကား—** ဝိညာဏဉ္စာယတနစိတ် ၃-ခုသည် မသိအပ်သော အာကာသာနဉ္စာယတနကုသိုလ်, ကြိယာကြဉ်သော စိတ် ၈၇-ခု၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး ။ပ။ သစ္စာအားဖြင့် ၄-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

၁၁။ တနည်းလည်း—

**ပဌမ....ကား—** နေဝသညာနာသညာယတနစိတ် ၃-ခုသည် သိအပ်သော အာကိဉ္စညာယတန ကုသိုလ်, ကြိယာ၊ စေတသိက် တိံသ ရ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ပ။ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

**ဒုတိယ....ကား—** နေဝသညာနာသညာယတနစိတ် ၃-ခုသည် မသိအပ်သော အာကိဉ္စညာယတနကုသိုလ်, ကြိယာကြဉ်သော စိတ် ၈၇-ခု၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး ။ပ။ သစ္စာအားဖြင့် ၄-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

၁၂။ တနည်းလည်း—

**ပဌမ....ကား—** လောကုတ္တရာစိတ် ၈-ခုသည် သိအပ်သော နိဗ္ဗာန် ရ၏။

ထို နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှ လွတ်၏။ ဓမ္မာယတန၊ ဓမ္မဓာတ်၊ နိရောဓသစ္စာ အားဖြင့် ၁-ပါးသာ ဖြစ်သတည်း။

**ဒုတိယ....ကား—** လောကုတ္တရာစိတ် ၈-ခုသည် မသိအပ်သော စိတ် တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး ။ပ။ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။ **ဤကား ဝိသေသတည်း။**[၁]

**မူလဋီကာနည်းအားဖြင့်** ကတ္တားပြား, ကံတူ၊ အာရမ္မဏိကပြား, အာရုံတူ၊ ကတ္တား,အာရမ္မဏိကပြား၊ ကံ,အာရုံတူ ကောက်သော်ကား—

၁။ **ပဌမ....ကား—** စက္ခုဝိညာဉ်ဒွေ သည် သိအပ်သော ရူပါရုံ ရ၏။

**ဒုတိယ....ကား—** သောတဝိညာဉ် စသော စိတ်သည် မသိအပ်သော ရူပါရုံ ရ၏ ။ပ။

---

၁- ဤသို့ ဝိသေသအားဖြင့် အသီးအသီး ခွဲခြမ်း၍ ကောက်ခြင်းသည်ကား—

တေသု စက္ခုဝိညာဏာဒီနိ ယထာက္ကမံ ရူပါဒိဧကေကာရမ္မဏာနေဝ-စသော **အဋ္ဌကထာ** ပါဠိ (၂၀)နှင့် အညီတည်း။

ဉာဏသမ္ပယုတ္တကာမာဝစရကိရိယာနိ စေဝ ကိရိယာဘိညာဝေါဋ္ဌဗ္ဗနဉ္စေတိ သဗ္ဗထာပိ သဗ္ဗာရမ္မဏာနိ-ဟူသော **အဋ္ဌကထာ**ပါဠိ (၂၁),

သဗ္ဗထာပိ သဗ္ဗာရမ္မဏာနီတိ ကာမာဝစရ မဟဂ္ဂတ သဗ္ဗလောကုတ္တရ ပညတ္တိ-ဝသေန သဗ္ဗထာပိ သဗ္ဗာရမ္မဏာနိ။ န ပန အကုသလာဒယော ဝိယ သပ္ပဒေသ-သဗ္ဗာရမ္မဏာနီတျတ္တော။ ကိရိယာဇဝနာနညှိ သဗ္ဗညုတညာဏာဒိဝသပ္ပဝတ္တိယံ ဝေါဋ္ဌဗ္ဗနဿ စ တံတံပုရေစာရိကဝသပ္ပဝတ္တိယံ န စ ကိဉ္စိ အဂေါစရံ နာမ အတ္ထိ—ဟူသော **ဋီကာကျော်**ပါဠိ (၁၃၄)

တို့နှင့် အညီ သဗ္ဗာရမ္မဏာနိ ဟူ၍ နိပ္ပဒေသ သဗ္ဗ၏ အဖြစ်ဖြင့် ဆိုအပ်သော ဒုတိယပုဒ်၏ အရ မရှိနိုင်သည်ဖြစ်၍ "မနောဒွါရာဝဇ္ဇန်း၊ မဟာကြိယာဉာဏသမ္ပယုတ် လေးခု၊ ကြိယာအဘိညာဉ်သည် သိအပ်သော၊ မသိအပ်သော"ဟု ဝိသေသနပြု၍ တနည်းလည်း မကောက်ရသတည်း။

ဤကား အဋ္ဌကထာနည်းအားဖြင့် ကတ္တားတူ, ကံပြား၊ အာရမ္မဏိကတူ, အာရုံပြား၊ တနည်းလည်း—ကတ္တား, အာရမ္မဏိကတူ၊ ကံ, အာရုံပြားကို ကောက်သတည်း။

၂။ တနည်းလည်း—

**ပဌမ....ကား—** ကာယဝိညာဉ် ဒွေသည် သိအပ်သော ဖောဋ္ဌဗ္ဗာရုံ ရ၏။

**ဒုတိယ....ကား—** စက္ခုဝိညာဉ်စသော စိတ်သည် မသိအပ်သော ဖောဋ္ဌဗ္ဗာရုံ ရ၏။

၃။ တနည်းလည်း—

**ပဌမ....ကား—** မနောဓာတ် ၃-ခုသည် သိအပ်သော ပဉ္စာရုံ ရ၏။

**ဒုတိယ....ကား—** ပဌမဏ္ဍာန် စသည်သည် မသိအပ်သော ပဉ္စာရုံ ရ၏။

၄။ တနည်းလည်း—

**ပဌမ....ကား—** တဒါရုံကောဒသ၊ ဟသိတုပ္ပါဒ်သည် သိအပ်သော ကာမစိတ် စတုပညာသ၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ ရ၏။

**ဒုတိယ..ကား—** ပဌမဏ္ဍာန် စသည်သည် မသိအပ်သော ကာမစိတ် စတုပညာသ၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ ရ၏။

၅။ တနည်းလည်း—

**ပဌမ....ကား—** အကုသိုလ်စိတ် ၁၂-ခု၊ မဟာကုသိုလ် ဉာဏဝိပ္ပယုတ် ၄-ခု၊ မဟာကြိယာ ဉာဏဝိပ္ပယုတ် ၄-ခုသည် သိအပ်သော လောကီစိတ် ကောသီတိ၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ ရ၏။

**ဒုတိယ....ကား—** ပဌမဏ္ဍာန် စသည်သည် မသိအပ်သော လောကီစိတ် ကောသီတိ၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ ရ၏။

၆။ တနည်းလည်း—

**ပဌမ....ကား—** မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄-ခု၊ ကုသိုလ် အဘိညာဉ်သည် သိအပ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ်သော စိတ် ၈၇-ခု၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

**ဒုတိယ ... ကား—** ပဌမဏ္ဍာန် စသည်သည် မသိအပ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ်သော စိတ် ၈၇-ခု၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

၇။ တနည်းလည်း—

**ပဌမ....ကား—** မနောဒွါရာဝဇ္ဇန်း၊ မဟာကြိယာ ဉာဏသမ္ပယုတ် ၄-ခု၊ ကြိယာ အဘိညာဉ်သည် သိအပ်သော စိတ် တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

**ဒုတိယ**.... **ကား**— ပဥ္စမဈျာန် စသည်သည် မသိအပ်သော စိတ် တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

၈။ တနည်းလည်း —

**ပဥ္စမ** .... **ကား** — ဝိညာဏဉ္စာယတန ကုသိုလ်, ဝိပါက်သည် သိအပ်သော အာကာသာနဉ္စာယတနကုသိုလ်၊ စေတသိက် တိံသ ရ၏။

**ဒုတိယ** .... **ကား** — စက္ခုဝိညာဉ် စသည်သည် မသိအပ်သော အာကာသာ-နဉ္စာယတနကုသိုလ်၊ စေတသိက် တိံသ ရ၏။

၉။ တနည်းလည်း —

**ပဥ္စမ** .... **ကား** — ဝိညာဏဉ္စာယတနကြိယာသည် သိအပ်သော အာကာသာ-နဉ္စာယတနကုသိုလ်, ကြိယာ၊ စေတသိက် တိံသ ရ၏။

**ဒုတိယ** .... **ကား** — စက္ခုဝိညာဉ် စသည်သည် မသိအပ်သော အာကာသာ-နဉ္စာယတနကုသိုလ်, ကြိယာ၊ စေတသိက် တိံသ ရ၏။

၁၀။ တနည်းလည်း —

**ပဥ္စမ** ... **ကား** — နေဝသညာနာသညာယတန ကုသိုလ်,ဝိပါက်သည် သိအပ်သော အာကိဉ္စညာယတနကုသိုလ်၊ စေတသိက် တိံသ ရ၏။

**ဒုတိယ** .... **ကား** — စက္ခုဝိညာဉ် စသည်သည် မသိအပ်သော အာကိဉ္စညာ-ယတနကုသိုလ်၊ စေတသိက် တိံသ ရ၏။

၁၁။ တနည်းလည်း —

**ပဥ္စမ** .... **ကား** — နေဝသညာနာသညာယတနကြိယာသည် သိအပ်သော အာကိဉ္စညာယတန ကုသိုလ်,ကြိယာ၊ စေတသိက် တိံသ ရ၏။

**ဒုတိယ** .... **ကား** — စက္ခုဝိညာဉ် စသည်သည် မသိအပ်သော အာကိဉ္စညာ-ယတန ကုသိုလ်,ကြိယာ၊ စေတသိက် တိံသ ရ၏။

၁၂။ တနည်းလည်း —

**ပဥ္စမ** .... **ကား** — လောကုတ္တရာစိတ် ၈-ခုသည် သိအပ်သော နိဗ္ဗာန် ရ၏။

**ဒုတိယ** .... **ကား** — အကုသိုလ်စိတ် စသည်သည် မသိအပ်သော နိဗ္ဗာန် ရ၏[၁]။

---

၁· ထိုနည်း ၂-ပါးတွင် **အဋ္ဌကထာနည်းကား** ဝိညာဉ်တို့,ဝိညာတဗ္ဗ ပြား။ ဝါ၊ **ကတ္တား** တို့ ကံပြား။ ဝါ၊ အာရမ္မဏိကတို့ အာရုံပြား။

**ဋီကာနည်းကား** ဝိညာတဗ္ဗတို့,ဝိညာဉ် ပြား။ ဝါ၊ ကံတို့ ကတ္တားပြား။ ဝါ၊ အာရုံတို့ အာရမ္မဏိက ပြား။

# ၃-အာသဝဂေါစ္ဆက

## ၁-အာသဝဒုက်

စူဠန္တရဒုက်ကို ........ ၌ အာသဝဂေါစ္ဆကကို ........ ၏။

ထိုအာသဝဂေါစ္ဆက၌လည်း —

၁။ အာသဝဒုက်၊

၂။ သာသဝဒုက်၊

၃။ အာသဝသမ္ပယုတ္တဒုက်၊

၄။ အာသဝသာသဝဒုက်၊

၅။ အာသဝ အာသဝသမ္ပယုတ္တဒုက်၊

၆။ အာသဝဝိပ္ပယုတ္တ သာသဝဒုက် အားဖြင့် ၆-ပါး အပြားရှိ၏။

ထို ၆-ပါး တို့တွင် အာသဝဒုက်ကို ရှေးဦးစွာ ဟောတော်မူ၏။

ထို အာသဝဒုက် ၌လည်း ပဌမပဒ, ဒုတိယပဒ အားဖြင့် ၂-ပါး အပြားရှိ၏။

ထို ၂-ပါးတို့တွင် ပဌမပဒ ကို ရှေးဦးစွာ ဟောတော်မူ၏။ .... ကား — **အာသဝါ ဓမ္မာ**....တည်း ။

---

အဋ္ဌကထာ .(၄၀၀) ဆရာကား—

ယေ တေ ဓမ္မာ စက္ခုဝိညေယျာ၊ န တေ ဓမ္မာ သောတဝိညေယျာ၊ ယေ ဝါ ပန တေ ဓမ္မာ သောတဝိညေယျာ၊ န တေ ဓမ္မာ စက္ခုဝိညေယျာ - ဟု ဟောတော်မူအပ်သော အနုလောမ, ပဋိလောမ ပါဠိစုံမှ ဒုက်ဖြစ်သည်ဟု ယူတော်မူသည်။

ဋီကာ ( ၅၁ ) ဆရာကား—

ယေ တေ ဓမ္မာ စက္ခုဝိညေယျာ န တေ ဓမ္မာ သောတဝိညေယျာ ဟူသော ပါဠိတစိတ်ကို ဒုက်ဟု ယူတော်မူသည်။

အနုဋီကာ (၅၅) ဆရာကား အဋ္ဌကထာနည်းကို သင့်သည်ဟု မိန့်၏။

ဤသို့လျှင် ငါတို့၏ ကျေးဇူးသခင် ဗားကရာဆရာတော်ဘုရားသည် မန္တပညာပုဂ္ဂိုလ်ကို ရည်၍ ရှေးဦးစွာ အကျဉ်းကောက်ပြီးမှ တိက္ခပညာပုဂ္ဂိုလ်ကို ရည်၍ အဋ္ဌကထာ, ဋီကာနှင့်အညီ ခွဲခြမ်း၍ ကောက်တော်မူသည်။

ဉာဏ်နုသည်ဖြစ်၍ အဋ္ဌကထာ, ဋီကာနည်း ကောက်သည်ကို မဆောင်ရွက်နိုင်သော အမျိုးကောင်းသားတို့သည် ရှေးဦးစွာ အကျဉ်းကောက်သည်ကိုသာ ဆောင်ရွက် ကြပါကုန်။

ထိုနောင် ဒုတိယပဒကို....၏....ကား—**နော အာသဝါ ဓမ္မာ**....တည်း။

အာသဝါ၊ အာသဝ မည်ကုန်သော။ ဝါ၊ ဘုံအားဖြင့် ဘဝဂ်တိုင်အောင် ဓမ္မအားဖြင့် ဂေါတြဘူ တိုင်အောင် ယိုစီးတတ်ကုန်သော။ ဝါ၊ ကြာမြင့်စွာ ထုံအပ်သော အရက်နှင့်တူကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

နော အာသဝါ၊ အာသဝ မမည်ကုန်သော။ ဝါ၊ ဘုံအားဖြင့်။ ပ။ မယိုစီးတတ်ကုန်သော။ ဝါ၊ ကြာမြင့်စွာ။ ပ။ မတူကုန်သော။ ဝါ၊ ကြာမြင့်စွာ ထုံအပ်သော အရက်နှင့် တူသည် မဟုတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ**...**ကား**— လောဘ, ဒိဋ္ဌိ, မောဟ ဟုဆိုအပ်သော အာသဝ တရားကိုယ် ၃-ပါး ရ၏။

ထို အာသဝ တရားကိုယ် ၃-ပါးသည် သင်္ခါရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

**သစ္စာအားဖြင့် ၂-ပါး** ဟူသော်ကား—

ဒိဋ္ဌိ, မောဟ သည် ဒုက္ခသစ္စာ မည်၏၊ လောဘ သည် သမုဒယသစ္စာ မည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါး ဖြစ်သတည်း။

**ဒုတိယ**....**ကား**— စိတ် တခုယုတ် ကိုးဆယ်၊ အာသဝ တရားကိုယ် ၃-ပါး ကြဉ်သော စေတသိက် ၄၇-ပါ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး။ ပ။ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။ (ဖွဲလေ)။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

## ၂-သာသဝဒုက်

အာသဝဒုက်ကို....၌ သာသဝဒုက် ကို .... ၏၊ ဟောဟန်ကား—**သာသဝါ ဓမ္မာ**....တည်း။

ထိုနောင်....၏....ကား—**အနာသဝါ ဓမ္မာ**....တည်း။

သာသဝါ၊ အာသဝတရားတို့၏ အာရုံ ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ **သံဝိဇ္ဇန္တိ**၊ ကုန်၏။

အနာသဝါ၊ အာသဝတရားတို့၏ အာရုံ မဟုတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ **သံဝိဇ္ဇန္တိ**၊ ကုန်၏။

**ပဉ္စမ....ကား—** လောကီစိတ် ကောသီတိ၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး ။ပ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

**ဒုတိယ....ကား—** လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ပ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

---

## ၃-အာသဝသမ္ပယုတ္တဒုက်

သာသဝဒုက် ကို....၌ အာသဝသမ္ပယုတ္တဒုက်ကို... ၏....ကား—**အာသဝသမ္ပယုတ္တာ ဓမ္မာ**....တည်း။

ထိုနောင်....၏....ကား—**အာသဝဝိပ္ပယုတ္တာ ဓမ္မာ**....တည်း။

အာသဝသမ္ပယုတ္တာ၊ အာသဝနှင့် ယှဉ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အာသဝဝိပ္ပယုတ္တာ၊ အာသဝနှင့် မယှဉ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဉ္စမ....ကား—** အကုသိုလ် ဒွါဒသ၊ ဒေါသမူဒွေ၊ မောဟမူဒွေ ၌ မောဟ ကြဉ်သော စေတသိက် သတ္တဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ပ။ သစ္စာအားဖြင့် ၂ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

**ဒုတိယ....ကား—** ကုသိုလ် ကောဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ဒေါသမူဒွေ၊ မောဟမူဒွေ၌ မောဟ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး ။ပ။ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

**အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။**

## ၄-အာသဝ သာသဝဒုက်

အာသဝသမ္ပယုတ္တဒုက်ကို........၌ အာသဝသာသဝဒုက်ကို........၏।.... ကား— **အာသဝါ စေဝ ဓမ္မာ သာသဝါ စ**....တည်း။

ထိုနောင်........၏।........ကား— **သာသဝါ စေဝ ဓမ္မာ နော စ အာသဝါ....** **တည်း**။

အာသဝါ စေဝ၊ အာသဝလည်း မည်ကုန်သော။ သာသဝါ စ၊ အာသဝတရား **တို့၏** အာရုံလည်း ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

သာသဝါ စေဝ၊ အာသဝတရားတို့၏ အာရုံလည်း ဖြစ်ကုန်သော။ နော စ အာသဝါ၊ အာသဝလည်း မမည်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား**—လောဘ, ဒိဋ္ဌိ, မောဟဟုဆိုအပ်သော အာသဝတရားကိုယ် ၃-ပါး ရ၏။

ထို အာသဝတရားကိုယ် ၃-ပါးသည် သင်္ခါရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

**သစ္စာအားဖြင့် ၂-ပါး** ဟူသော်ကား—

ဒိဋ္ဌိ, မောဟသည် ဒုက္ခသစ္စာ မည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါး ဖြစ်သတည်း။

**ဒုတိယ....ကား**— လောကီစိတ် ကောသီတိ၊ အာသဝ တရားကိုယ် ၃-ပါး ကြဉ်သော စေတသိက် ၎၇နှင့်ညာသ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး ။ပ။ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်, နိပ္ပဒေသဒုက် အားဖြင့် ၂-ပါး တို့တွင် လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန်ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

---

## ၅-အာသဝ အာသဝသမ္ပယုတ္တဒုက်

အာသဝသာသဝဒုက်ကို........၌ အာသဝအာသဝသမ္ပယုတ္တဒုက်ကို........ ၏।.... **ကား— အာသဝါ စေဝ ဓမ္မာ အာသဝသမ္ပယုတ္တာ စ** ...တည်း။

ထိုနောင်........၏၊........ကား— **အာသဝသမ္ပယုတ္တာ စေဝ နော စ အာသဝါ**....တည်း။

အာသဝါ စေဝ၊ အာသဝလည်း မည်ကုန်သော။ အာသဝသမ္ပယုတ္တာ စ၊ အာသဝနှင့်လည်း ယှဉ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အာသဝသမ္ပယုတ္တာ စေဝ၊ အာသဝနှင့်လည်း ယှဉ်ကုန်သော။ နော စ အာသဝါ၊ အာသဝလည်း မမည်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ**....**ကား**— လောဘမူစိတ် ၈-ခု၌ရှိသော လောဘ၊ ဒိဋ္ဌိ၊ မောဟဟူ ဆို အပ်သော အာသဝတရားကိုယ် ၃-ပါး ရ၏။ (ဆိုမြဲဆိုလေ)။

**ဒုတိယ**....**ကား**— အကုသိုလ် ဒွါဒသ၊ အာသဝတရားကိုယ် ၃-ပါး ကြဉ်သော စေတသိက် စတုဝီသ ရ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ပ။ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက် ။ပ။ တို့တွင် ကုသိုလ် ဧကဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ဒေါသမူဒွေ၊ မောဟမူဒွေ၌ မောဟ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ဟု ဆိုအပ်သော ။ပ။ ကြောင့် **သပ္ပဒေသဒုက်** မည်၏။

---

## ၆-အာသဝဝိပ္ပယုတ္တ သာသဝဒုက်

အာသဝအာသဝသမ္ပယုတ္တဒုက်ကို ......၌ အာသဝဝိပ္ပယုတ္တ သာသဝဒုက်ကို.... ၏၊ .... ကား — **အာသဝဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ သာသဝါပိ**.... တည်း။

ထိုနောင် ........ ၏၊....ကား— **အနာသဝါပိ**.... တည်း။

အာသဝဝိပ္ပယုတ္တာ ခေါ ပန၊ အာသဝနှင့် မယှဉ်ကုန်သော။ သာသဝါပိ၊ အာသဝတရားတို့၏ အာရုံလည်းဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အာသဝဝိပ္ပယုတ္တာ ခေါ ပန၊ ကုန်သော။ အနာသဝါပိ၊ အာသဝတရားတို့၏ အာရုံလည်း မဟုတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ .... ကား**— လောကီကုသိုလ် သတ္တရသ၊ လောကီဝိပါက် ဗာတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ဒေါသမူဒွေ၊ မောဟမူဒွေ၌ မောဟ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး။ပ။ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

**ဒုတိယ....ကား—** လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး။ပ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက် ။ပ။ တို့တွင် အကုသိုလ်ဒွါဒသ၊ ဒေါသမူဒွေ၊ မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက် သတ္တဝီသ ဟု ဆိုအပ်သော ။ပ။ ကြောင့် **သပ္ပဒေသဒုက်** မည်၏။

ပဌမဒုက်၌ တတိယဒုက်၏ ပဌမပုဒ်ကို ထည့်၍ "အာသဝါ စေဝ ဓမ္မာ အာသဝသမ္ပယုတ္တာ စ။ အာသဝသမ္ပယုတ္တာ စေဝ ဓမ္မာ နောစ အာသဝါ" ဟူသော ဤ ပဌမဒုက်သည် ဖြစ်သကဲ့သို့။

ထိုအတူ ပဌမဒုက်၌ တတိယဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ **အာသဝါ စေဝ ဓမ္မာ အာသဝဝိပ္ပယုတ္တာ စ။ အာသဝဝိပ္ပယုတ္တာ စေဝ ဓမ္မာ နောစ အာသဝါ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ .... ကား—** ဒေါသမူဒွေ၊ မောဟမူဒွေ၌ ရှိသော မောဟ ရ၏။

**ဒုတိယ.... ကား—** ကုသိုလ် ဧကဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်, နိပ္ပဒေသဒုက် အားဖြင့်၊ ၂-ပါးတို့တွင် အကုသိုလ်စိတ် ဒွါဒသ၊ ဒေါသမူဒွေ၊ မောဟမူဒွေ၌ ရှိသော မောဟ ကြဉ်သော စေတသိက် သတ္တဝီသ ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

"အာသဝဝိပ္ပယုတ္တာ ဓမ္မာ သာသဝါပိ။ အနာသဝါပိ" ဟု ဟောတော်မူလျှင် ပြီးကောင်းသျက် **သဒ္ဒါဓိကာ အတ္ထာဓိကော ဟောတိ** ဟူသော ပရိဘာသာနှင့်အညီ အနက်လွန်ကို ပြခြင်းငှါ **ခေါ ပန** ဟူသော သဒ္ဒါလွန်ကို ဟောတော်မူအပ်၏။

ထို **ခေါ ပန** ဟူသော သဒ္ဒါလွန်ဖြင့် ပြအပ်သော အတိရေကဒုက် အပေါင်းတို့တွင် ဒုတိယဒုက်၌ တတိယဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ "အာသဝဝိပ္ပယုတ္တာ ဓမ္မာ သာသဝါပိ။ အနာသဝါပိ"ဟူသော ဤဆဋ္ဌဒုက်သည် ဖြစ်သကဲ့သို့။

ထိုအတူ ဒုတိယဒုက်၌ ပဌမဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ **နော အာသဝါ ဓမ္မာ သာသဝါပိ။ အနာသဝါပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ....ကား—** လောကီစိတ် ကောသီတိ၊ အာသဝတရားကိုယ် ၃-ပါး ကြဉ်သော စေတသိက် ဧကူနပညာသ၊ ရုပ် အဋ္ဌဝီသ ရ၏။

**ဒုတိယ....ကား**—လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်၊ နိပ္ပဒေသဒုက် အားဖြင့် ၂-ပါးတို့တွင် အာသဝတရားကိုယ် ၃-ပါးဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

တတိယဒုက်၌ ပဌမဒုက်၏ ပဌမပုဒ်ကို ထည့်၍ **အာသဝါ ဓမ္မာ အာသဝသမ္ပယုတ္တာပိ။ အာသဝဝိပ္ပယုတ္တာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ....ကား**—လောဘမူစိတ် ၈-ခု၌ရှိသော အာသဝတရားကိုယ် ၃-ပါး ရ၏။

**ဒုတိယ....ကား**—ဒေါသမူ ဒွေ၊ မောဟမူဒွေ၌ရှိသော မောဟ ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်၊ နိပ္ပဒေသဒုက် အားဖြင့် ၂ ပါးတို့တွင် စိတ် တခုယုတ်ကိုးဆယ်၊ အာသဝတရားကိုယ်ကြဉ်သော စေတသိက် ဧကူနပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

တတိယဒုက်၌ ပဌမဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ **နော အာသဝါ ဓမ္မာ အာသဝသမ္ပယုတ္တာပိ။ အာသဝဝိပ္ပယုတ္တာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ.... ကား**— အကုသိုလ် ဒွါဒသ၊ အာသဝတရားကိုယ် ၃-ပါး ကြဉ်သော စေတသိက် စတုဝီသ ရ၏။

**ဒုတိယ....ကား** — ကုသိုလ် ဧကဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်၊ နိပ္ပဒေသဒုက် အားဖြင့် ၂-ပါးတို့တွင် အာသဝတရားကိုယ် ၃-ပါး ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

တတိယဒုက်၌ ဒုတိယဒုက်၏ ပဌမပုဒ်ကို ထည့်၍ **သာသဝါ ဓမ္မာ အာသဝသမ္ပယုတ္တာပိ။ အာသဝဝိပ္ပယုတ္တာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ....ကား**— အကုသိုလ် ဒွါဒသ၊ ဒေါသမူဒွေ၊ မောဟမူဒွေ၌ ရှိသော မောဟ ကြဉ်သော စေတသိက် သတ္တဝီသ ရ၏။

**ဒုတိယ.... ကား**— လောကီကုသိုလ် သတ္တရသ၊ လောကီဝိပါက် ဗာတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ဒေါသမူဒွေ၊ မောဟမူဒွေ၌ ရှိသော မောဟ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်၊ နိပ္ပဒေသဒုက် အားဖြင့် ၂-ပါးတို့တွင် လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

ပဌမဒုက်၌ ဒုတိယဒုက်၏ ပဌမပုဒ်ကို ထည့်၍ **သာသဝါ ဓမ္မာ အာသဝါပိ။ နော အာသဝါပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ....ကား—** အာသဝတရားကိုယ် ၃-ပါး ရ၏။

**ဒုတိယ....ကား—** လောကီစိတ် ကောသီတိ၊ အာသဝတရားကိုယ် ၃-ပါး ကြဉ်သော စေတသိက် ကျေနပညာသ၊ ရုပ် အဌဝီသ ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်, နိပ္ပဒေသဒုက် အားဖြင့် ၂-ပါးတို့တွင် လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

ပဌမဒုက်၌ တတိယဒုက်၏ ပဌမပုဒ်ကို ထည့်၍ **အာသဝသမ္ပယုတ္တာ ဓမ္မာ အာသဝါပိ။ နော အာသဝါပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ....ကား—** လောဘမူစိတ် ၈-ခု၌ ရှိသော အာသဝတရားကိုယ် ၃-ပါး ရ၏။

**ဒုတိယ.... ကား—** အကုသိုလ် ဒွါဒသ၊ အာသဝတရားကိုယ် ၃-ပါး ကြဉ်သော စေတသိက် စတုဝီသ ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်, နိပ္ပဒေသဒုက် အားဖြင့် ၂-ပါးတို့တွင် ကုသိုလ် ဧကဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဌတိံသ၊ ဒေါသမူဒွေ၊ မောဟမူဒွေ၌ ရှိသော မောဟ၊ ရုပ် အဌဝီသ၊ နိဗ္ဗာန်ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

ပဌမဒုက်၌ တတိယဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ **အာသဝဝိပ္ပယုတ္တာ ဓမ္မာ အာသဝါပိ။ နော အာသဝါပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ....ကား—** ဒေါသမူဒွေ၊ မောဟမူဒွေ၌ ရှိသော မောဟ ရ၏။

**ဒုတိယ... ကား—** ကုသိုလ် ဧကဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဌတိံသ၊ ရုပ် အဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်, နိပ္ပဒေသဒုက် အားဖြင့် ၂-ပါးတို့တွင် အကုသိုလ် ဒွါဒသ၊ ဒေါသမူဒွေ၊ မောဟမူဒွေ၌ ရှိသော မောဟ ကြဉ်သော စေတသိက် သတ္တဝီသ ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

# ၄-သဠာယတနဂေါစ္ဆက

## ၁-သဠာယတနဒုက်

**အာသဝဂေါစ္ဆက** ကို....၌ သဠာယတနဂေါစ္ဆကကို....၏။

**ထို** သဠာယတနဂေါစ္ဆက၌လည်း—

၁။ သဠာယတနဒုက်၊

၂။ သဠာယတနိယဒုက်၊

၃။ သဠာယတနသမ္ပယုတ္တဒုက်၊

၄။ သဠာယတန သဠာယတနိယဒုက်၊

၅။ သဠာယတန သဠာယတနသမ္ပယုတ္တဒုက်၊

၆။ သဠာယတနဝိပ္ပယုတ္တ သဠာယတနိယဒုက် အားဖြင့် ၆-ပါးအပြား ရှိ၏။

ထို ၆-ပါးတို့တွင် သဠာယတနဒုက်ကို ရှေးဦးစွာ ဟောတော်မူ၏၊ ဟော ဟန်ကား— **သဠာယတနာ ဓမ္မာ**....တည်း။

ထိုနောင်.....၏၊ ဟောဟန်ကား—**နော သဠာယတနာ ဓမ္မာ**....တည်း။

သဠာယတနာ၊ သံယောဇဉ် မည်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

နော သဠာယတနာ၊ သံယောဇဉ် မမည်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား—**လောဘ, ဒေါသ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ဣဿာ, မစ္ဆရိယ, မောဟ ဟုဆိုအပ်သော သံယောဇဉ်တရားကိုယ် ၈-ပါး ရှိ၏။

ထို သံယောဇဉ်တရားကိုယ် ၈-ပါး သည် သင်္ခါရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မ-ဓာတ်၊ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

**သစ္စာအားဖြင့် ၂-ပါး** ဟူသော်ကား—

လောဘမှ တပါးသော သံယောဇဉ်တရားကိုယ် ၇-ပါး သည် ဒုက္ခသစ္စာ မည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါး ဖြစ်သတည်း။

**ဒုတိယ....ကား—** စိတ်တခုယုတ် ကိုးဆယ်၊ သံယောဇဉ်တရားကိုယ် ၈-ပါး ကြဉ်သော စေတသိက် စတုစတ္တာလီသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး ။ ပ ။ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

## ၂-သညောဇနိယဒုက်

သညောဇနဒုက်ကို....၌ သညောဇနိယဒုက်ကို....၏၊ ....ကား— **သညောဇနိယာ ဓမ္မာ**....တည်း။

ထိုနောင်....၏၊....ကား— **အသညောဇနိယာ ဓမ္မာ**....တည်း။

သညောဇနိယာ၊သံယောဇဉ်တရားတို့၏ အာရုံဖြစ်ကုန်သော။ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အသညောဇနိယာ၊ မဟုတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ**.. **ကား**—လောကီစိတ် ကောသိတိ၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး ။ ပ ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

**ဒုတိယ**....**ကား**—လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ ပ ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

---

## ၃-သညောဇနသမ္ပယုတ္တဒုက်

သညောဇနိယဒုက်ကို....၌ သညောဇနသမ္ပယုတ္တဒုက်ကို....၏၊........ **ကား**— **သညောဇနသမ္ပယုတ္တာ ဓမ္မာ**....တည်း။

ထိုနောင်....၏၊....ကား— **သညောဇနဝိပ္ပယုတ္တာ ဓမ္မာ**....တည်း။

သညောဇနသမ္ပယုတ္တာ၊ သံယောဇဉ်နှင့် ယှဉ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

သညောဇနဝိပ္ပယုတ္တာ၊ မယှဉ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ**... **ကား**— အကုသိုလ် ဒွါဒသ၊ ဥဒ္ဒစ္စသဟဂုတ်စိတ်၌ မောဟကြဉ်သော စေတသိက် သတ္တဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ ပ ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

**ဒုတိယ** .... **ကား**— ကုသိုလ် ကေဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ဥဒ္ဒစ္စသဟဂုတ် စိတ်၌ မောဟ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး။ ပ ။ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

---

## ၄-သညောဇန သညောဇနိယဒုက်

သညောဇနသမ္ပယုတ္တဒုက်ကို ... ... ၌ သညောဇန သညောဇနိယဒုက်ကို ........ ၏၊ ........ ကား — **သညောဇနာ စေဝ ဓမ္မာ သညောဇနိယာ စ** .... တည်း။

ထိုနောင် ........ ၏၊ ........ ကား — **သညောဇနိယာ စေဝ ဓမ္မာ နော စ သညောဇနာ** .... တည်း။

သညောဇနာ စေဝ၊ သံယောဇဉ်လည်း မည်ကုန်သော။ သညောဇနိယာ စ၊ သံယောဇဉ်၏ အာရုံလည်းဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

သညောဇနိယာ စေဝ၊ သံယောဇဉ်၏အာရုံလည်း ဖြစ်ကုန်သော။ နော စ သညောဇနာ၊ သံယောဇဉ်လည်း မမည်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ** .... **ကား** — လောဘ, ဒေါသ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ဣဿာ, မစ္ဆရိယ, မောဟ ဟုဆိုအပ်သော သံယောဇဉ်တရားကိုယ် ၈-ပါး ရ၏။ (ဆိုမြဲဆိုလေ)။

**ဒုတိယ** .... **ကား** — လောကီစိတ် ကောသီတိ၊သံယောဇဉ်တရားကိုယ် ၈-ပါး ကြဉ်သော စေတသိက် စတုစတ္တာလီသ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး ။ ပ ။ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏။ သပ္ပဒေသဒုက်။ ပ ။ တို့တွင် လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန်ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

---

## ၅-သညောဇန သညောဇနသမ္ပယုတ္တဒုက်

သညောဇန သညောဇနိယဒုက်ကို ........ ၌ သညောဇန သညောဇနသမ္ပယုတ္တဒုက်ကို ........ ၏၊ .... ကား— **သညောဇနာ စေဝ ဓမ္မာ သညောဇနသမ္ပယုတ္တာ စ** .... **တည်း**။

ထိုနှောင် ........ ၏၊ .... ကား —— **သညောဇနသမ္ပယုတ္တာ စေဝ ဓမ္မာ နော စ သညောဇနာ** .... တည်း။

သညောဇနာ စေဝ၊ သံယောဇဉ်လည်း မည်ကုန်သော။ သညောဇနသမ္ပယုတ္တာ စ၊ သံယောဇဉ်နှင့်လည်း ယှဉ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

သညောဇနသမ္ပယုတ္တာ စေဝ၊ သံယောဇဉ်နှင့်လည်း ယှဉ်ကုန်သော။ နော စ သညောဇနာ၊ မမည်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ .... ကား** —— ဥဒ္ဓစ္စသဟဂုတ်စိတ်၌ မောဟကြဉ်သော လောဘ ॥ ပ ॥ မောဟဟု ဆိုအပ်သော သံယောဇဉ်တရားကိုယ် ၈-ပါး ရ၏။(ဆိုမြဲဆိုလေ)။

**ဒုတိယ .... ကား** —— အကုသိုလ် ဒွါဒသ၊ သံယောဇဉ် တရားကိုယ် ၈-ပါးကြဉ် သော စေတသိက် ဧကူနဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ॥ ပ ॥ သစ္စာအားဖြင့် ၁-ပါး ဖြစ် ကုန်၏။ ( ဖွဲ့လေ )။

အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက် ॥ ပ ॥ တို့တွင် ကုသိုလ် ဧကဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ဥဒ္ဓစ္စသဟဂုတ် စိတ်၌ မောဟ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ဟု ဆိုအပ်သော ॥ ပ ॥ ကြောင့် **သပ္ပဒေသဒုက်** မည်၏။

---

## ၆-သညောဇနဝိပ္ပယုတ္တ သညောဇနိယဒုက်

သညောဇန သညောဇနသမ္ပယုတ္တဒုက်ကို ....၌ သညောဇနဝိပ္ပယုတ္တ သညောဇနိယဒုက်ကို....... ၏........ ကား—— **သညောဇနဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ သညောဇနိယာပိ**.........တည်း။

ထိုနှောင်....... ၏၊ ကား — **အသညောဇနိယာပိ**.........တည်း။

သညောဇနဝိပ္ပယုတ္တာ ခေါ ပန၊ သံယောဇဉ်နှင့် မယှဉ်ကုန်သော။ သညောဇနိယာပိ၊ သံယောဇဉ်၏ အာရုံလည်း ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

သညောဇနဝိပ္ပယုတ္တာ ခေါ ပန၊ ကုန်သော။ အသညောဇနိယာပိ၊ သံယော ဇဉ်၏ အာရုံလည်း မဟုတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....... ကား—** လောကီကုသိုလ် သတ္တရသ၊ လောကီဝိပါက် ဗာတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ဥဒ္ဓစ္စသဟဂုတ်စိတ်၌ မောဟ၊ ရုပ် **အဋ္ဌဝီသ ရ၏။**

ထိုဘရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး။ပ။ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။ (ဖွဲလေ)။

**ဒုတိယ.... ကား—**လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ ပ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွဲလေ)။

အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက် ။ ပ။ တို့တွင် အကုသိုလ် ဒွါဒသ၊ ဥဒ္ဓစ္စသဟဂုတ်စိတ်၌ မောဟကြဉ်သော စေတသိက် သတ္တဝီသ ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

ပဌမဒုက်၌ တတိယဒုက်၏ ပဌမပုဒ်ကို ထည့်၍ "သညောဇနာ စေဝ ဓမ္မာ သညော-ဇနသမ္ပယုတ္တာ စ။ သညောဇနသမ္ပယုတ္တာ စေဝ ဓမ္မာ နော စ သညောဇနာ"ဟူသော ဤပဥ္စမဒုက်သည် ဖြစ်သကဲ့သို့။

ထိုအတူ ပဌမဒုက်၌ တတိယဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ **သညောဇနာ စေဝ ဓမ္မာ သညောဇနဝိပ္ပယုတ္တာ စ။သညောဇနဝိပ္ပယုတ္တာ စေဝ ဓမ္မာ နော စ သညော-ဇနာ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ....ကား—**ဥဒ္ဓစ္စသဟဂုတ် စိတ်၌ရှိသော မောဟ ရ၏။

**ဒုတိယ....ကား—**ကုသိုလ်ကေဝီသ၊ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်, နိပ္ပဒေသဒုက် အားဖြင့် ၂-ပါးတို့တွင် အကုသိုလ် ဒွါဒသ၊ ဥဒ္ဓစ္စသဟဂုတ် စိတ်၌ ရှိသော မောဟကြဉ်သော စေတသိက် သတ္တဝီသဟု ဆိုအပ်သော ကြွင်းသော ပရမဋ္ဌတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

"သညောဇနဝိပ္ပယုတ္တာ ဓမ္မာ သညောဇနိယာပိ။ အသညောဇနိယာပိ" ဟု ဟောတော်မူလျှင် ပြီးကောင်းလျက် **သဒ္ဒါဓိကာ အတ္ထာဓိကော ဟောတိ** ဟူသော ပရိဘာသာနှင့်အညီ အနက်လွန်ကို ပြခြင်းငှါ **ခေါ ပန** ဟူသော သဒ္ဒါလွန်ကို ဟောတော်မူအပ်၏။

ထို ခေါ ပန ဟူသော သဒ္ဒါလွန်ဖြင့် ပြအပ်သော အတိရေကဒုက် အပေါင်းတို့တွင် ဒုတိယဒုက်၌ တတိယဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ "သညောဇနဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ သညောဇနိယာပိ။အသညောဇနိယာပိ" ဟူသော ဤဆဋ္ဌဒုက်သည် ဖြစ်သကဲ့သို့။

ထိုအတူ ဒုတိယဒုက်၌ ပဌမဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ **နော သညောဇနာ ဓမ္မာ သညောဇနိယာပိ။ အသညောဇနိယာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ....ကား**—လောကီစိတ် စေတသိက်၊ သံယောဇဉ် တရားကိုယ် ၈-ပါး ကြဉ်သော စေတသိက် စတုစတ္တာလီသ၊ ရုပ် အဋ္ဌဝီသ ရ၏။

**ဒုတိယ....ကား**—လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်, နိပ္ပဒေသဒုက် အားဖြင့် ၂-ပါးတို့တွင် သံယောဇဉ် တရားကိုယ် ၈-ပါး ဟု ဆိုအပ်သော ကြွင်းသော **ပရမတ္ထ** တရား ရှိသည်၏အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

တတိယဒုက်၌ ပဌမဒုက်၏ ပဌမပုဒ်ကို ထည့်၍ **သညောဇနာ စေဝ သညောဇနသမ္ပယုတ္တာ ပိ။ သညောဇနဝိပ္ပယုတ္တာ ပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ... ကား**—ဥဒ္ဓစ္စသဟဂုတ်စိတ်၌ ရှိသော မောဟကြဉ်သော သံယောဇဉ်တရားကိုယ် ၈-ပါး ရ၏။

**ဒုတိယ....ကား**—ဥဒ္ဓစ္စသဟဂုတ်စိတ်၌ ရှိသော မောဟ ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်, နိပ္ပဒေသဒုက် အားဖြင့် ၂-ပါးတို့တွင် စိတ် တခုယုတ် ကိုးဆယ်၊ သံယောဇဉ် တရားကိုယ် ၈-ပါး ကြဉ်သော စေတသိက် စတုစတ္တာလီသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

တတိယဒုက်၌ ပဌမဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ **နေ၁ သညောဇနာ စေဝ သညောဇနသမ္ပယုတ္တာ ပိ။ သညောဇနဝိပ္ပယုတ္တာ ပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ....ကား**—အကုသိုလ်ဒွါဒသ၊ သံယောဇဉ်တရားကိုယ် ၈-ပါးကြဉ်သော စေတသိက် ဧကူနဝီသ ရ၏။

**ဒုတိယ... ကား**—ကုသိုလ် ဧကဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်, နိပ္ပဒေသဒုက် အားဖြင့် ၂-ပါးတို့တွင် သံယောဇဉ်တရားကိုယ် ၈-ပါး ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

တတိယဒုက်၌ ဒုတိယဒုက်၏ ပဌမပုဒ်ကို ထည့်၍ **သညောဇနိယာ စေဝ သညောဇနသမ္ပယုတ္တာ ပိ။ သညောဇနဝိပ္ပယုတ္တာ ပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ....ကား**—အကုသိုလ် ဒွါဒသ၊ ဥဒ္ဓစ္စသဟဂုတ် စိတ်၌ ရှိသော မောဟကြဉ်သော စေတသိက် သတ္တဝီသ ရ၏။

**ဒုတိယ....ကား**—လောကီကုသိုလ် သတ္တရသ၊ လောကီ ဝိပါက် ဗာတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ဥဒ္ဓစ္စသဟဂုတ်စိတ်၌ ရှိသော မောဟ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်, နိပ္ပဒေသဒုက် **အားဖြင့်** ၂-ပါးတို့တွင် လောကုတ္တရာစိတ် ဂ-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ဟု **ဆို**အပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက် မည်၏**။

ပဌမဒုက်၌ ဒုတိယဒုက်၏ ပဌမပုဒ်ကို ထည့်၍ **သညောဇနိယာ စေဝ သညောဇနာ-ပိ။ နော သညောဇနာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ....ကား**—သံယောဇဉ် တရားကိုယ် ဂ-ပါး ရ၏။

**ဒုတိယ....ကား**—လောကီစိတ် ကောသီတိ၊သံယောဇဉ် တရားကိုယ် ဂ-ပါးကြဉ်သော စေတသိက် စတုစတ္တာလီသ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်, နိပ္ပဒေသဒုက် အားဖြင့် ၂-ပါး တို့တွင် လောကုတ္တရာစိတ် ဂ-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန်ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရားရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

ပဌမဒုက်၌ တတိယဒုက်၏ ပဌမပုဒ်ကို ထည့်၍ **သညောဇနသမ္ပယုတ္တာ စေဝ သညောဇနာပိ။ နော သညောဇနာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ... ကား**—ဥဒ္ဓစ္စသဟဂုတ်စိတ်၌ ရှိသော မောဟကြဉ်သော သံယောဇဉ် တရားကိုယ် ဂ-ပါး ရ၏။

**ဒုတိယ....ကား**—အကုသိုလ် ဒွါဒသ၊သံယောဇဉ် တရားကိုယ် ဂ-ပါး ကြဉ်သော စေတသိက် ဧကူနဝီသ ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်, နိပ္ပဒေသဒုက် အားဖြင့် ၂-ပါး တို့တွင် ကုသိုလ် ဧကဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ဥဒ္ဓစ္စသဟဂုတ် စိတ်၌ရှိသော မောဟ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

ပဌမဒုက်၌ တတိယဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ **သညောဇနဝိပ္ပယုတ္တာ စေဝ သညောဇနာပိ။ နော သညောဇနာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ... ကား**—ဥဒ္ဓစ္စသဟဂုတ်စိတ်၌ ရှိသော မောဟ ရ၏။

**ဒုတိယ.... ကား** —ကုသိုလ် ဧကဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်, နိပ္ပဒေသဒုက် အားဖြင့် ၂-ပါးတို့တွင် အကုသိုလ် ဒွါဒသ၊ ဥဒ္ဓစ္စသဟဂုတ်စိတ်၌ ရှိသော မောဟကြဉ်သော စေတသိက် သတ္တဝီသ-ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

# ၅-ဂန္ထဂေါစ္ဆက

## ၁-ဂန္ထဒုက်

သညောဇနဂေါစ္ဆကကို... ....၌ ဂန္ထဂေါစ္ဆကကို........၏။

ထိုဂန္ထဂေါစ္ဆက၌လည်း—

၁။ ဂန္ထဒုက်၊
၂။ ဂန္ထနိယဒုက်၊
၃။ ဂန္ထသမ္ပယုတ္တဒုက်၊
၄။ ဂန္ထ ဂန္ထနိယဒုက်၊
၅။ ဂန္ထ ဂန္ထသမ္ပယုတ္တဒုက်၊
၆။ ဂန္ထဝိပ္ပယုတ္တ ဂန္ထနိယဒုက် အားဖြင့် ၆-ပါး အပြားရှိ၏။

ထို ၆-ပါးတွင် ဂန္ထဒုက်ကို... ...၏၊ ထို ဂန္ထဒုက်၌လည်း ပဌမပဒ, ဒုတိယပဒ အားဖြင့် ၂-ပါး အပြားရှိ၏။ ထို ၂-ပါးတို့တွင် ပဌမပဒကို.... ၏၊ ....ကား— **ဂန္ထာ ဓမ္မာ**....တည်း။ **(ဂန္ထာဟူ၍ ဒုတိယအက္ခရာနှင့် ရှိသော်သာ သင့်၏)**။

ထိုနောင်........၏၊.... ကား— **နော ဂန္ထာ ဓမ္မာ**.... တည်း။

ဂန္ထာ၊ ဂန္ထမည်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

နော ဂန္ထာ၊ ဂန္ထ မမည်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား**—လောဘ, ဒေါသ, ဒိဋ္ဌိ ဟု ဆိုအပ်သော ဂန္ထတရားကိုယ် ၃-ပါး ရ၏။

ထို ဂန္ထတရားကိုယ် ၃-ပါးသည် သင်္ခါရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ သစ္စာ အားဖြင့် ၂-ပါး ဖြစ်ကုန်၏။

**သစ္စာအားဖြင့် ၂-ပါး** ဟူသော်ကား—

ဒေါသ, ဒိဋ္ဌိသည် ဒုက္ခသစ္စာ မည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါး ဖြစ်သတည်း။

**ဒုတိယ....ကား** — စိတ် တခုယုတ် ကိုးဆယ်၊ ဂန္ထတရားကိုယ် ၃-ပါး ကြဉ်သော စေတသိက် ငါးဆယ့်ပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး။ပ။ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

## ၂-ဂန္ထနိယဒုက်

ဂန္ထဒုက်ကို........၌ ဂန္ထနိယဒုက်ကို .......၏၊........ကား — **ဂန္ထနိယာ ဓမ္မာ**.... တည်း။

ထိုနောင်........၏၊....ကား — **အဂန္ထနိယာ ဓမ္မာ**.... တည်း။

ဂန္ထနိယာ၊ ဂန္ထ၏ အာရုံဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အဂန္ထနိယာ၊ အာရုံမဟုတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ... ကား**—လောကီစိတ် ကောသီတိ၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး။ပ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွံ့လေ)။

**ဒုတိယ....ကား**— လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ပ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွံ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

---

## ၃-ဂန္ထသမ္ပယုတ္တဒုက်

ဂန္ထနိယဒုက်ကို........၌ ဂန္ထသမ္ပယုတ္တဒုက်ကို........၏၊ .......ကား— **ဂန္ထသမ္ပယုတ္တာ ဓမ္မာ**.... တည်း။

ထိုနောင်........၏၊....ကား— **ဂန္ထဝိပ္ပယုတ္တာ ဓမ္မာ**.... တည်း။

ဂန္ထသမ္ပယုတ္တာ၊ ဂန္ထနှင့်ယှဉ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ဂန္ထဝိပ္ပယုတ္တာ၊ ဂန္ထနှင့် မယှဉ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ကုန်၏။

**ပဌမ....ကား**— လောဘမူစိတ် ၈-ခု၊ ဒေါသမူဒွေ၊ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၌ လောဘ၊ ဒေါသမူဒွေ၌ ဒေါသ၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ပဥ္စဝီသ ရ၏။ (ဖွံ့လေ)။

**ဒုတိယ....ကား**— မောဟမူဒွေ၊ ကုသိုလ် ကောဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ လောဘ, ဒိဋ္ဌိ, မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ ကြဉ်သော စေတသိက် တေစတ္တာလီသ၊ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၌ လောဘ၊ ဒေါသမူဒွေ၌ ဒေါသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး ။ပ။ သစ္စာအားဖြင့် ၄-ပါး ဖြစ်ကုန်၏။

**သစ္စာအားဖြင့် ၄-ပါး** ဟူသော်ကား

မောဟမူဒွေ၊ လောကီကုသိုလ် သတ္တရသ၊ လောကီဝိပါက် ဗာတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် တေစတ္တာလီသ၊ ဒေါသမူဒွေဒွ ဒေါသ၊ ရုပ် အဋ္ဌဝီသ သည် ဒုက္ခသစ္စာ မည်၏၊ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခုဒွဲရှိသော လောဘ သည် သမုဒယသစ္စာ မည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏၊ မဂ်စိတ် ၄-ခုဒွဲရှိသော သမ္မာဒိဋ္ဌိ။ ပ။ သမ္မာသမာဓိ ဟု ဆိုအပ်သော သောတာပတ္တိမဂ် ၈ ပါး၊ ၇-ပါး ။ ပ ။ အရဟတ္တမဂ် ၈-ပါး၊ ၇-ပါး သည် မဂ္ဂသစ္စာ မည်၏၊ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၈-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခု သည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၄-ပါး ဖြစ်သတည်း။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

---

## ၄-ဂန္ထ ဂန္ထနိယဒုက်

ဂန္ထသမ္ပယုတ္တဒုက်ကို .... ၌ ဂန္ထ ဂန္ထနိယဒုက်ကို .. ....၏၊....ကား—**ဂန္ထာ စေဝ ဓမ္မာ ဂန္ထနိယာ စ**....တည်း။

ထိုနောင်..... .. ၏၊....ကား——**ဂန္ထနိယာ စေဝ ဓမ္မာ နော စ ဂန္ထာ**....တည်း။

ဂန္ထာ စေဝ၊ ဂန္ထလည်းမည်ကုန်သော။ ဂန္ထနိယာ စ၊ ဂန္ထ၏အာရုံလည်း ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ဂန္ထနိယာ စေဝ၊ ဂန္ထ၏ အာရုံလည်းဖြစ်ကုန်သော။ နော စ ဂန္ထာ၊ ဂန္ထလည်း မမည်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ ကား**—လောဘ, ဒေါသ, ဒိဋ္ဌိ ဟုဆိုအပ်သော ဂန္ထတရားကိုယ် ၃-ပါး ရ၏။ (ဆိုမြဲဆိုလေ)။

**ဒုတိယ ...ကား**—လောကီစိတ် ကောသီတိ၊ ဂန္ထတရားကိုယ် ၃-ပါးကြဉ်သော စေတသိက် ကျေနပညာသ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး ။ ပ ။ **သစ္စာအားဖြင့်** ၁-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက် ။ ပ ။ တို့တွင် လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက် မည်၏။**

## ၅-ဂန္ထ ဂန္ထသမ္ပယုတ္တဒုက်

ဂန္ထဂန္ထနိယဒုက်ကို... ...၌ ဂန္ထ ဂန္ထသမ္ပယုတ္တဒုက်ကို...... ၏၊...ကား— **ဂန္ထာ စေဝ ဓမ္မာ ဂန္ထသမ္ပယုတ္တာ စ**....တည်း။

ထိုနောင်....၏၊... ကား—**ဂန္ထသမ္ပယုတ္တာ စေဝ ဓမ္မာ နော စ ဂန္ထာ**...တည်း။

ဂန္ထာ စေဝ၊ ကုန်သော။ ဂန္ထသမ္ပယုတ္တာ စ၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ဂန္ထသမ္ပယုတ္တာ စေဝ၊ ကုန်သော။ နော စ ဂန္ထာ၊ ဂန္ထလည်း မမည်ကုန်သော၊ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား**—ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခုဉ္ဇ်ရှိသော လောဘ, ဒိဋ္ဌိ ဟုဆို အပ်သော ဂန္ထတရားကိုယ် ၂-ပါး ရ၏။

ထို ဂန္ထတရားကိုယ် ၂-ပါး သည် သဒ်ါရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ သစ္စာ အားဖြင့် ၂-ပါး ဖြစ်ကုန်၏။

**သစ္စာအားဖြင့် ၂-ပါး** ဟူသော်ကား—

ဒိဋ္ဌိ သည် ဒုက္ခသစ္စာမည်၏၊ လောဘ သည် သမုဒယသစ္စာ မည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါး ဖြစ်သတည်း။

**ဒုတိယ....ကား**— လောဘမူစိတ် ဂ-ခု၊ ဒေါသမူ ဒွေ၊ ဂန္ထတရားကိုယ် ၃-ပါး၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၁၉-ပါး ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး။ ပ ။ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ။)

အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်။ပ။ တို့တွင် မောဟမူ ဒွေ၊ ကုသိုလ် ၈၁၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ လောဘ, ဒိဋ္ဌိ, မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ ကြဉ်သော စေတသိက် တေစတ္တာလီသ၊ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၌ လောဘ၊ ဒေါသမူ ဒွေ ၌ ဒေါသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ဟု ဆိုအပ်သော ။ ပ ။ ကြောင့် သပ္ပဒေသဒုက် မည်၏။

---

## ၆-ဂန္ထဝိပ္ပယုတ္တ ဂန္ထနိယဒုက်

ဂန္ထ ဂန္ထသမ္ပယုတ္တဒုက်ကို.... ၌ ဂန္ထဝိပ္ပယုတ္တ ဂန္ထနိယဒုက်ကို ၏၊....ကား- **ဂန္ထဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ ဂန္ထနိယာပိ**... တည်း။

ထိုနောင် ...... ၏၊....ကား — **အဂန္ထနိယာပိ**....တည်း။

ဂန္ထဝိပ္ပယုတ္တာ ခေါ ပန၊ ဂန္ထနှင့်မယှဉ်ကုန်သော။ ဂန္ထနိယာပိ၊ ဂန္ထ၏ အာရုံလည်း ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်၊ သံဝိဇ္ဇန္တိ၊ ကုန်၏။

ဂန္ထဝိပ္ပယုတ္တာ ခေါ ပန၊ ကုန်သော။ အဂန္ထနိယာပိ၊ ဂန္ထ၏ အာရုံလည်း မဟုတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား—** မောဟမူ ဒွေ၊ လောကီကုသိုလ် သတ္တရသ၊ လောကီဝိပါက် ဗာတ္တိံသ၊ ကြိယာစိတ် ဝီသ၊ လောဘ, ဒိဋ္ဌိ, မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ ကြဉ်သော စေတသိက် တေစတ္တာလီသ၊ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခုဥ်လောဘ၊ ဒေါသမူဒွေဥ် ဒေါသ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး။ ပ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

**ဒုတိယ....ကား—** လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး။ ပ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

ဒသာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်, နိပ္ပဒေသဒုက် အားဖြင့် ၂-ပါး တို့တွင် လောဘမူစိတ် ၈-ခု၊ ဒေါသမူ ဒွေ၊ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခုဥ် လောဘ၊ ဒေါသမူဒွေဥ် ဒေါသ၊ဝိစိကိစ္ဆာကြဉ်သောစေတသိက် ပဥ္စဝီသ ဟုဆိုအပ်သော။ပ။ ကြောင့် **သပ္ပဒေသဒုက်** မည်၏။

ပဌမဒုက်၌ တတိယဒုက်၏ ပဌမပုဒ်ကို ထည့်၍ "ဂန္ထာ စေဝ ဓမ္မာ ဂန္ထသမ္ပယုတ္တာ စ။ဂန္ထသမ္ပယုတ္တာ စေဝ ဓမ္မာ နော စ ဂန္ထာ"ဟူသော ဤ ပဥ္စမဒုက်သည် ဖြစ်သကဲ့သို့။

ထို့အတူ ပဌမဒုက်၌ တတိယဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ **ဂန္ထာ စေဝ ဓမ္မာ ဂန္ထဝိပ္ပယုတ္တာ စ။ဂန္ထဝိပ္ပယုတ္တာ စေဝ ဓမ္မာ နော စ ဂန္ထာ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ**....**ကား** — ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၌ ရှိသော လောဘ၊ ဒေါသမူဒွေ၌ ရှိသော ဒေါသ ဟုဆိုအပ်သော ဂန္ထတရားကိုယ် ၂-ပါး ရ၏။

**ဒုတိယ**... **ကား**—မောဟမူဒွေ၊ ကုသိုလ် ဧကဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ လောဘ, ဒိဋ္ဌိ, မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ ကြဉ်သော စေတသိက် တေစတ္တာလီသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်, နိပ္ပဒေသဒုက် အားဖြင့် ၂-ပါး တို့တွင် လောဘမူစိတ် ၈-ခု၊ ဒေါသမူဒွေ၊ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခုဌ်ရှိသော လောဘ၊ ဒေါသမူဒွေ၌ ရှိသော ဒေါသ၊ ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ပဥ္စဝိသ ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

"ဂန္ထဝိပ္ပယုတ္တာ ဓမ္မာ ဂန္ထနိယာပိ။ အဂန္ထနိယာပိ" ဟု ဟောတော်မူလျှင် ပြီး ကောင်းလျက် **သဒ္ဒါမိကာ အတ္ထာခိကော ဟောတိ** ဟူသော ပရိကာသာနှင့်အညီ အနက်လွှန်ကို ပြခြင်းငှါ **ခေါပန** ဟူသော သဒ္ဒါလွှန်ကို ဟောတော်မူအပ်၏။

ထို **ခေါပန** ဟူသော သဒ္ဒါလွှန်ဖြင့် ပြအပ်သော အတိရေကဒုက် အပေါင်းတို့တွင် ဒုတိယဒုက၌ တတိယဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ "ဂန္ထဝိပ္ပယုတ္တာ ဓမ္မာ ဂန္ထနိယာပိ။ အဂန္ထနိယာပိ" ဟူသော ဤ ဆင္ခဒုက်သည် ဖြစ်သကဲ့သို့။

ထိုအတူ ဒုတိယဒုက်၌ ပဌမဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ **နောဂန္ထာ ဓမ္မာ ဂန္ထနိယာပိ။ အဂန္ထနိယာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ....ကား—** လောကီစိတ် ကောသိတိ၊ ဂန္ထတရားကိုယ် ၃-ပါး ကြဉ်သော စေတသိက် ကျေနပညာသ၊ ရုပ် အဋ္ဌဝိသ ရ၏။

**ဒုတိယ....ကား—**လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်, နိပ္ပဒေသဒုက် အားဖြင့် ၂-ပါးတို့တွင် ဂန္ထတရားကိုယ် ၃-ပါး ဟုဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

တတိယဒုက်၌ ပဌမဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ **နောဂန္ထာ ဓမ္မာ ဂန္ထသမ္ပယုတ္တာပိ။ ဂန္ထဝိပ္ပယုတ္တာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ ...ကား —** လောဘမူစိတ် ၈-ခု၊ ဒေါသမူဒွေ၊ ဂန္ထတရားကိုယ် ၃-ပါး၊ ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် တေဝိသ ရ၏။

**ဒုတိယ....ကား —** မောဟမူဒွေ၊ ကုသိုလ် ဧကဝိသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝိသ၊ လောဘ, ဒိဋ္ဌိ, မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ ကြဉ်သော စေတသိက် တေစတ္တာလီသ၊ ရုပ် အဋ္ဌဝိသ၊ နိဗ္ဗာန် ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက် ။ပ။ ၂-ပါး တို့တွင် ဂန္ထတရားကိုယ် ၃-ပါး ဟုဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

တတိယဒုက်၌ ပဌမဒုက်၏ ပဌမပုဒ်ကို ထည့်၍ **ဂန္ထာ ဓမ္မာ ဂန္ထသမ္ပယုတ္တာပိ။ ဂန္ထဝိပ္ပယုတ္တာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ....ကား—** ဒိဋ္ဌိဂတသမ္ပယုတ် ၄-ခု၌ရှိသော လောဘ, ဒိဋ္ဌိ ဟု ဆိုအပ်သော ဂန္ထတရားကိုယ် ၂-ပါး ရ၏။

**ဒုတိယ....ကား—**ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၌ရှိသော လောဘ၊ ဒေါသမူဒွေ၌ ရှိသော ဒေါသ ဟု ဆိုအပ်သော ဂန္ထတရားကိုယ် ၂-ပါး ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏။ သပ္ပဒေသဒုက်။ပ။ ၂-ပါး တို့တွင် စိတ်တခုယုက် ကိုးဆယ်၊ ဂန္ထတရားကိုယ် ၃-ပါး ကြဉ်သော စေတသိက် ကျေနပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏

ပဌမဒုက်၌ ဒုတိယဒုက်၏ ပဌမပုဒ်ကို ထည့်၍ **ဂန္ထနိယာ ဓမ္မာ ဂန္ထာပိ။ နော ဂန္ထာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ....ကား** — ဂန္ထတရားကိုယ် ၃-ပါး ရ၏။

**ဒုတိယ....ကား—** လောကီစိတ် ကောသီတိ၊ ဂန္ထတရားကိုယ် ၃-ပါး ကြဉ်သော စေတသိက် ကျေနပညာသ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်။ပ။ ၂-ပါး တို့တွင် လောကုတ္တရာစိတ် ဂ-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ဟုဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

ပဌမဒုက်၌ တတိယဒုက်၏ ပဌမပုဒ်ကို ထည့်၍ **ဂန္ထသမ္ပယုတ္တာ ဓမ္မာ ဂန္ထာပိ။ နော ဂန္ထာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ....ကား—** ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၌ ရှိသော လောဘ,ဒိဋ္ဌိ ဟု ဆိုအပ်သော ဂန္ထတရားကိုယ် ၂-ပါး ရ၏။

**ဒုတိယ....ကား—**လောဘမူစိတ် ဂ ခု၊ ဒေါသမူဒွေ၊ဂန္ထတရားကိုယ် ၃-ပါး ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် တေဝီသ ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက် ။ပ။ ၂-ပါး တို့တွင် မောဟမူဒွေ၊ ကုသိုလ် ဧကဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ လောဘ, ဒိဋ္ဌိ, မာန,ဒေါသ, ဣဿာ,မစ္ဆရိယ ,ကုက္ကုစ္စ, ထိန, မိဒ္ဓ ကြဉ်သော စေတသိက် တေစတ္တာလီသ၊ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၌ ရှိသော လောဘ၊ ဒေါသမူဒွေ၌ ရှိသော ဒေါသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ဟုဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

ပဌမဒုက်၌ တတိယဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ **ဂန္ထဝိပ္ပယုတ္တာ ဓမ္မာ ဂန္ထာပိ။ နော ဂန္ထာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ....ကား—**ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၌ ရှိသော လောဘ၊ဒေါသမူဒွေ၌ ရှိသောဒေါသ ဟုဆိုအပ်သော ဂန္ထတရားကိုယ် ၂-ပါး ရ၏။

**ဒုတိယ....ကား—**မောဟမူဒွေ၊ ကုသိုလ် ဧကဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ လောဘ, ဒိဋ္ဌိ, မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓကြဉ်သော စေတသိက် တေစတ္တာလီသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်။ပ။ ၂-ပါး တို့တွင် လောဘမူစိတ် ဂ ခု၊ ဒေါသမူဒွေ၊ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၌ ရှိသော လောဘ၊ ဒေါသမူဒွေ၌ ရှိသော ဒေါသ၊ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ပဉ္စဝီသ-ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

# ၆—ဩဃဂေါစ္ဆက

## ၁-ဩဃဒုက်

ဂန္ထဂေါစ္ဆကကို ...... ၌ ဩဃဂေါစ္ဆကကို....၏၊ ထိုဩဃဂေါစ္ဆက၌လည်း

၁။ ဩဃဒုက်၊
၂။ ဩဃနိယဒုက်၊
၃။ ဩဃသမ္ပယုတ္တဒုက်၊
၄။ ဩဃ ဩဃနိယဒုက်၊
၅။ ဩဃ ဩဃသမ္ပယုတ္တဒုက်၊
၆။ ဩဃဝိပ္ပယုတ္တ ဩဃနိယဒုက် အားဖြင့် ၆-ပါး အပြားရှိ၏။

ထို ၆ ပါးတို့တွင် ဩဃဒုက်ကို... ...၏၊........ကား **ဩဃာ ဓမ္မာ**....တည်း။

ထိုနောင်........၏...ကား – **နောဩဃာ ဓမ္မာ**....တည်း။

ဩဃာ၊ ဩဃမည်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

နောဩဃာ၊ မမည်ကုန်သော၊ ဓမ္မာ၊ တို့သည်၊ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ** .... **ကား** — လောဘ, ဒိဋ္ဌိ, မောဟ ဟုဆိုအပ်သော ဩဃ တရားကိုယ် ၃ ပါး ရှိ၏။

ထိုဩဃတရားကိုယ် ၃-ပါးသည် သင်္ခါရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

**သစ္စာအားဖြင့် ၂-ပါး** ဟူသော်ကား ——

ဒိဋ္ဌိ, မောဟသည် ဒုက္ခသစ္စာ မည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါး ဖြစ်သတည်း။

**ဒုတိယ**.... **ကား**— စိတ် တခုယုတ်ကိုးဆယ်၊ ဩဃတရားကိုယ် ၃-ပါး ကြဉ်သော စေတသိက် ငါးဆယ်ငါး ကျူနပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရှိ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး။ ပ။ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။ (ဖွဲ့မြဲဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

---

## ၂-ဩဃနိယဒုက်

ဩဃဒုက်ကို ......၌ ဩဃနိယဒုက်ကို ........ ၏၊ ဟောဟန်ကား —**ဩဃ-နိယာ ဓမ္မာ** .... တည်း။

ထိုနောင် ........ ၏၊ ဟောဟန်ကား — **အနေဝဿနိယာ ဓမ္မာ** .... တည်း။

ဩဿနိယာ၊ ဩဃ၏ အာရုံဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အနေဝဿနိယာ၊ ဩဃ၏ အာရုံမဟုတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ** .... **ကား** — လောကီစိတ် ကောသီတိ၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ ရှိ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး ။ပ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

**ဒုတိယ** .... **ကား** — လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ရှိ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ ပ ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

---

## ၃-ဩဃသမ္ပယုတ္တဒုက်

ဩဃနိယဒုက်ကို... ... ၌ ဩဃသမ္ပယုတ္တဒုက်ကို........၏၊ .... ကား — **ဩဃ-သမ္ပယုတ္တာ ဓမ္မာ** .... တည်း။

ထိုနောင် ........ ၏၊ .... ကား —**ဩဃဝိပ္ပယုတ္တာ ဓမ္မာ** .... တည်း။

ဩဃသမ္ပယုတ္တာ၊ ဩဃနှင့် ယှဉ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ဩဃဝိပ္ပယုတ္တာ၊ ဩဃနှင့် မယှဉ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ** .... **ကား** — အကုသိုလ် ဒွါဒသ၊ ဒေါသမူဒွေ၊ မောဟမူဒွေ၌ မောဟ ကြဉ်သော စေတသိက် သတ္တဝီသ ရှိ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ ပ ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွဲ့မြဲဖွဲ့လေ)။

**ဒုတိယ** .... **ကား** — ကုသိုလ် ကေဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ဒေါသမူဒွေ၊ မောဟမူဒွေ၌ မောဟ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရှိ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး။ ပ။ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။ (ဖွဲ့မြဲဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏၊ နိပ္ပဒေသဒုက် မည်၏။

---

## ၄-ဩဃ ဩဃနိယဒုက်

ဩဃသမ္ပယုတ္တဒုက်ကို.... ၌ ဩဃဩဃနိယဒုက်ကို.... ၏၊ .... ကား— **ဩဃာ စေဝ ဓမ္မာ ဩဃနိယာ စ**.... တည်း။

ထိုနောင်.... ၏၊ .... ကား—**ဩဃာနိယာ စေဝ ဓမ္မာ နော စ ဩဃာ**.... တည်း။

ဩဃာ စေဝ၊ ဩဃလည်း မည်ကုန်သော။ ဩဃနိယာ စ၊ ဩဃ၏ အာရုံလည်း ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ဩဃနိယာ စေဝ၊ ဩဃ၏အာရုံလည်း ဖြစ်ကုန်သော။ နော စ ဩဃာ၊ ဩဃသည်း မမည်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ**.. ....**ကား** — လောဘ, ဒိဋ္ဌိ, မောဟ ဟုဆိုအပ်သော ဩဃတရားကိုယ် ၃-ပါး ရ၏။ (ဆိုမြဲဆိုလေ)။

**ဒုတိယ**........**ကား** — လောကီစိတ် ကောသိတိ၊ ဩဃ တရားကိုယ် ၃-ပါးကြဉ်သော စေတသိက် ကျေနပညာသ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး ။ ပ ။ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။ (ဖွဲ့မြဲဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်, နိပ္ပဒေသဒုက် အားဖြင့် ၂-ပါးတို့တွင် လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန်ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

---

## ၅-ဩဃ ဩဃသမ္ပယုတ္တဒုက်

ဩဃ ဩဃနိယဒုက်ကို ....၌ ဩဃ ဩဃသမ္ပယုတ္တဒုက်ကို ..၏၊... ကား— **ဩဃာ စေဝ ဓမ္မာ ဩဃသမ္ပယုတ္တာ စ**....တည်း။

ထိုနောင် .. ၏၊....ကား— **ဩဃသမ္ပယုတ္တာ စေဝ ဓမ္မာ နော စ ဩဃာ**.... တည်း။

ဩဃာ စေဝ၊ ဩဃလည်း မည်ကုန်သော။ ဩဃသမ္ပယုတ္တာ စ၊ ဩဃနှင့်လည်း ယှဉ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ဩဠာသမ္ပယုတ္တာ စေ၀၊ ဩဠာနှင့်လည်း ယှဉ်ကုန်သော။ နော စ ဩဠာ၊ ဩဠာလည်း မမည်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ**... ... **ကား—** လောဘမူစိတ် ၈-ခုဌ်ရှိသော လောဘ, ဒိဋ္ဌိ, မောဟဟုဆို အပ်သော ဩဠာတရားကိုယ် ၃-ပါးရ၏။ (ဆိုမြဲဆိုလေ)။

**ဒုတိယ** .. **ကား—** အကုသိုလ် ဒွါဒသ၊ ဩဠာ တရားကိုယ် ၃-ပါး ကြဉ်သော စေတသိက် ဖတုဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ပ။ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။ (ဖွဲ့မြဲဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်, နိပ္ပဒေသဒုက် အားဖြင့် ၂-ပါးတို့ တွင် ကုသိုလ်ကေဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊စေတသိက်အဋ္ဌတိံသ၊ ဒေါသမူဒွေ၊ မောဟမူဒွေဌ် မောဟ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရားရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

---

## ၆-ဩဠဝိပ္ပယုတ္တ ဩဠနိယဒုက်

ဩဠ ဩဠသမ္ပယုတ္တဒုက်ကို.......ဌ် ဩဠဝိပ္ပယုတ္တ ဩဠနိယဒုက်ကို ၏....
ကား—**ဩဠဝိပ္ပယုတ္တာ ခေါ ပန မေ့ာ ဩဠနိယာပိ**....တည်း။

ထိုနောင်... ၏....ကား—**အနောဠနိယာပိ**... တည်း။

ဩဠဝိပ္ပယုတ္တာ ခေါ ပန၊ ဩဠနှင့် မယှဉ်ကုန်သော။ ဩဠနိယာပိ၊ ဩဠ၏ အာရုံလည်း ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ဩဠဝိပ္ပယုတ္တာ ခေါ ပန၊ ဩဠနှင့် မယှဉ်ကုန်သော။ အနောဠနိယာပိ၊ ဩဠ၏ အာရုံလည်းမဟုတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ** ...... **ကား—** လောကီကုသိုလ် သတ္တရသ၊ လောကီဝိပါက် ဗာတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ဒေါသမူဒွေ၊ မောဟမူဒွေဌ် မောဟ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး။ပ။ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။ (ဖွဲ့မြဲဖွဲ့လေ)။

**ဒုတိယ**....... **ကား—** လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး။ ပ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်, နိပ္ပဒေသဒုက် အားဖြင့် ၂-ပါးတို့တွင် အကုသိုလ် ဒွါဒသ၊ ဒေါသမူဒွေ၊ မောဟမူ ဒွေဒွ မောဟ ကြဉ်သော စေတသိက် သတ္တဝီသ ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရားရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

ပဌမဒုက်၌ တတိယဒုက်၏ ပဌမပုဒ်ကို ထည့်၍ "ဩဃာ စေဝ ဓမ္မာ ဩဃသမ္ပယုတ္တာ စ။ ဩဃသမ္ပယုတ္တာ စေဝ ဓမ္မာ နော စ ဩဃာ" ဟူသော ဤပဌမဒုက်သည်ဖြစ်သကဲ့သို့။

ထိုအတူ ပဌမဒုက်၌ တတိယဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ **ဩဃာ စေဝ ဓမ္မာ ဩဃဝိပ္ပယုတ္တာ စ။ ဩဃဝိပ္ပယုတ္တာ စေဝ ဓမ္မာ နော စ ဩဃာ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ....ကား**—ဒေါသမူဒွေ၊ မောဟမူဒွေဒွ ရှိသော မောဟ ရ၏။

**ဒုတိယ...ကား**—ကုသိုလ် ကေဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက် ။ပ။ ၂-ပါးတို့တွင် အကုသိုလ် ဒွါဒသ၊ ဒေါသမူဒွေ၊ မောဟမူဒွေဒွရှိသော မောဟကြဉ်သော စေတသိက် သတ္တဝီသ ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

"ဩဃဝိပ္ပယုတ္တာ ဓမ္မာ ဩဃနိယာပိ။ အနောဃနိယာပိ" ဟု ဟောတော်မူလျှင် ပြီးကောင်းလျက် **သဒ္ဒါဓိကာ အတ္ထာဓိကော ဟောတိ** ဟူသော ပရိဘာသာနှင့်အညီ အနက်လွန်ကို ပြခြင်းငှါ **ဓေါ ပန** ဟူသော သဒ္ဒါလွန်ကို ဟောတော်မူအပ်၏။

ထို **ဓေါ ပန** ဟူသော သဒ္ဒါလွန်ဖြင့် ပြအပ်သော အတိရေကဒုက် အပေါင်းတို့တွင် ဒုတိယဒုက်၌ တတိယဒုက်၏ ဒုတိယပုဒ်ကိုထည့်၍ "ဩဃဝိပ္ပယုတ္တာ ဓမ္မာ ဩဃနိယာပိ။ အနောဃနိယာပိ" ဟူသော ဤဆဋ္ဌဒုက်သည် ဖြစ်သကဲ့သို့။

ထိုအတူ ဒုတိယဒုက်၌ ပဌမဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ **နော ဩဃာ ဓမ္မာ ဩဃနိယာပိ။ အနောဃနိယာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

(ထိုဒုက်၏ အရကား "နော အာသဝါ ဓမ္မာ သာသဝါပိ။ အနာသဝါပိ" ဟူသော ဒုက်၏ အရနှင့် အလုံးစုံတူ၏)။

တတိယဒုက်၌ ပဌမဒုက်၏ ပဌမပုဒ်ကို ထည့်၍ **ဩဃာ ဓမ္မာ ဩဃသမ္ပယုတ္တာပိ။ ဩဃဝိပ္ပယုတ္တာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

(ထိုဒုက်သည် "အာသဝါ ဓမ္မာ အာသဝသမ္ပယုတ္တာပိ။ အာသဝဝိပ္ပယုတ္တာပိ" ဟူသော ဒုက်နှင့် အလုံးစုံ တူ၏)။

တတိယဒုက်၌ ပဌမဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ **နော ဩဃာ ဓမ္မာ ဩဃသမ္ပယုတ္တာပိ။ ဩဃဝိပ္ပယုတ္တာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

(ထိုဒုက်သည် "နော အာသဝါ ဓမ္မာ အာသဝသမ္ပယုတ္တာပိ။ အာသဝဝိပ္ပယုတ္တာပိ" ဟူသော ဒုက်နှင့် အလုံးစုံ တူ၏)။

တတိယဒုက်၌ ဒုတိယဒုက်၏ ပဌမပုဒ်ကို ထည့်၍ **ဩဃနိယာ ဓမ္မာ ဩဃ-သမ္ပယုတ္တာပိ။ ဩဃဝိပ္ပယုတ္တာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

(ထိုဒုက်သည် "သာသဝါ ဓမ္မာ အာသဝသမ္ပယုတ္တာပိ။ အာသဝဝိပ္ပယုတ္တာပိ" ဟူသော ဒုက်နှင့် အလုံးစုံ တူ၏)။

ပဌမဒုက်၌ ဒုတိယဒုက်၏ ပဌမပုဒ်ကို ထည့်၍ **ဩဃနိယာ ဓမ္မာ ဩဃာပိ။ နော ဩဃာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

(ထိုဒုက်သည် "သာသဝါ ဓမ္မာ အာသဝါပိ။ အနာသဝါပိ" ဟူသောဒုက်နှင့် အလုံးစုံ တူ၏)

ပဌမဒုက်၌ တတိယဒုက်၏ ပဌမပုဒ်ကို ထည့်၍ **ဩဃသမ္ပယုတ္တာ ဓမ္မာ ဩဃာပိ။ နော ဩဃာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

(ထိုဒုက်သည် "အာသဝသမ္ပယုတ္တာ ဓမ္မာ အာသဝါပိ။ နော အာသဝါပိ"ဟူသော ဒုက်နှင့် အလုံးစုံ တူ၏)။

ပဌမဒုက်၌ တတိယဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ **ဩဃဝိပ္ပယုတ္တာ ဓမ္မာ ဩဃာပိ။ နော ဩဃာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

(ထိုဒုက်သည် "အာသဝဝိပ္ပယုတ္တာ ဓမ္မာ အာသဝါပိ။ နော အာသဝါပိ" ဟူသော ဒုက်နှင့် အလုံးစုံ တူ၏)။

# ၇-ယောဂဂေါစ္ဆက

## ၁-ယောဂဒုက်

ဩဃဂေါစ္ဆကကို........၌ ယောဂဂေါစ္ဆကကို........၏၊ ထိုယောဂဂေါစ္ဆက၌ **လည်း—**

၁။ ယောဂဒုက်၊

၂။ ယောဂနိယဒုက်၊

၃။ ယောဂ သမ္ပယုတ္တဒုက်၊

၄။ ယောဂ ယောဂနိယဒုက်၊

၅။ ယောဂ ယောဂသမ္ပယုတ္တဒုက်၊

၆။ ယောဂဝိပ္ပယုတ္တ ယောဂနိယဒုက် အားဖြင့် ၆-ပါး အပြားရှိ၏။

ထို ၆-ပါးတို့တွင် ယောဂဒုက်ကို........၏၊....ကား— **ယောဂါ ဓမ္မာ**....တည်း။

ထိုနောင်........၏၊.... ကား—**နော ယောဂါ ဓမ္မာ**....တည်း။

ယောဂါ၊ ယောဂမည်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

နော ယောဂါ၊ ယောဂ မမည်ကုန်သော။ ဓမ္မာ၊ တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

**ပဌမ....ကား—**လောဘ, ဒိဋ္ဌိ, မောဟဟု ဆိုအပ်သော ယောဂတရားကိုယ် ၃-ပါး ရ၏။

ထို ယောဂတရားကိုယ် ၃-ပါးသည် သင်္ခါရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

**သစ္စာအားဖြင့် ၂-ပါး** ဟူသော်ကား—

ဒိဋ္ဌိ, မောဟသည် ဒုက္ခသစ္စာ မည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါး ဖြစ်သတည်း။

**ဒုတိယ....ကား—**စိတ်တခုယုတ် ကိုးဆယ်၊ယောဂတရားကို ၃-ပါးကြဉ်သော စေတသိက် ငါးဆယ့်ငါး၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး ။ပ။ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

## ၂-ယောဂနိယဒုက်

ယောဂဒုက်ကို........၌ ယောဂနိယဒုက်ကို....... ၏၊....... ကား—**ယောဂနိယာ ဓမ္မာ**.... တည်း။

ထိုနောင်........၏၊....... ကား—**အယောဂနိယာ ဓမ္မာ**.... တည်း။

ယောဂနိယာ၊ ယောဂ၏ အာရုံ ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အယောဂနိယာ၊ ယောဂ၏ အာရုံ မဟုတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ**....**ကား**— လောကီစိတ် ကောသိတိ၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌ-ဝီသ ရ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး ။ပ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွဲ့မြဲဖွဲ့လေ)။

**ဒုတိယ**....**ကား**— လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ရ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ပ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွဲ့မြဲဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

---

## ၃–ယောဂသမ္ပယုတ္တဒုက်

ယောဂနိယဒုက်ကို.. ....၌ ယောဂသမ္ပယုတ္တဒုက်ကို.......၏၊....... ကား— **ယောဂသမ္ပယုတ္တာ ဓမ္မာ**.... တည်း။

ထိုနောင်........၏၊........ ကား **ယောဂဝိပ္ပယုတ္တာ ဓမ္မာ**.... တည်း။

ယောဂသမ္ပယုတ္တာ၊ ယောဂနှင့် ယှဉ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ယောဂဝိပ္ပယုတ္တာ၊ ယောဂနှင့်မယှဉ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ**....**ကား**— အကုသိုလ် ဒွါဒသ၊ ဒေါသမူဒွေ၊ မောဟမူဒွေ၌ မောဟ ကြဉ်သော စေတသိက် သတ္တဝီသ ရ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ပ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွဲ့မြဲဖွဲ့လေ)။

**ဒုတိယ**....**ကား**— ကုသိုလ် ကောဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ဒေါသမူဒွေ၊ မောဟမူဒွေ၌ မောဟ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး ။ပ။ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။ (ဖွဲ့မြဲဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

## ၄-ယောဂ ယောဂနိယဒုက်

ယောဂသမ္ပယုတ္တဒုက်ကို........၌ ယောဂ ယောဂနိယဒုက်ကို .... ၏၊ .... ... ကား -- **ယောဂါ စေဝ ဓမ္မာ ယောဂနိယာ စ** .... တည်း။

ထိုနောင်.... ၏၊........ကား -- **ယောဂနိယာ စေဝ ဓမ္မာ နော စ ယောဂါ....** တည်း။

ယောဂါ စေဝ၊ ယောဂလည်း မည်ကုန်သော။ ယောဂနိယာ စ၊ ယောဂ၏ အာရုံလည်း ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ယောဂနိယာ စေဝ၊ ယောဂ၏အာရုံလည်း ဖြစ်ကုန်သော။ နော စ ယောဂါ၊ ယောဂလည်း မမည်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ .... ကား—** လောဘ, ဒိဋ္ဌိ, မောဟ ဟုဆိုအပ်သော ယောဂတရားကိုယ် ၃-ပါး ရ၏။ (ဆိုမြဲဆိုလေ)။

**ဒုတိယ .... ကား—** ၁လောကီစိတ် ကောသိတိ၊ ယောဂတရားကိုယ် ၃-ပါး ကြဉ်သော စေတသိက် ၎ေနပညာသ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး။ပ။ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။ (ဖွဲ့မြဲဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်, နိပ္ပဒေသဒုက် အားဖြင့် ၂-ပါး တို့တွင် လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန်ဟုဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

## ၅-ယောဂ ယောဂသမ္ပယုတ္တဒုက်

ယောဂ ယောဂနိယဒုက်ကို .... ၌ယောဂ ယောဂသမ္ပယုတ္တဒုက်ကို .... ၏၊ .... ကား —— **ယောဂါ စေဝ ဓမ္မာ ယောဂသမ္ပယုတ္တာ စ** .... တည်း။

ထိုနောင်........ ၏၊ .... ... ကား——**ယောဂသမ္ပယုတ္တာ စေဝ ဓမ္မာ နော စ ယောဂါ** .... တည်း။

ယောဂါ စေဝ၊ ယောဂလည်း မည်ကုန်သော။ ယောဂသမ္ပယုတ္တာ စ၊ ယောဂနှင့်လည်း ယှဉ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ယောဂသမ္ပယုတ္တာ စေဝ၊ ယောဂနှင့်လည်းယှဉ်ကုန်သော။ နော စ ယောဂါ၊ ယောဂလည်း မမည်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ** .... **ကား** — လောဘမူစိတ် ၈-ခု၌ ရှိသော လောဘ, ဒိဋ္ဌိ, မောဟဟု ဆိုအပ်သော ယောဂတရားကိုယ် ၃-ပါး ရ၏။ ( ဆိုမြဲဆိုလေ )။

**ဒုတိယ** .... **ကား** — အကုသိုလ် ဒွါဒသ၊ ယောဂတရားကိုယ် ၃-ပါးကြဉ်သော စေတသိက် စတုဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ ပ ။ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။ ( ဖွဲ့မြဲဖွဲ့လေ )။

အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်, နိပ္ပဒေသဒုက် အားဖြင့် ၂-ပါးတို့တွင် ကုသိုလ် ဧကဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ဒေါသမူဒွေ၊ မောဟမူဒွေ၌ မောဟ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရားရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

---

## ၆-ယောဂဝိပ္ပယုတ္တ ယောဂနိယဒုက်

ယောဂ ယောဂသမ္ပယုတ္တဒုက်ကို ...... ....၌ ·ယောဂဝိပ္ပယုတ္တ ယောဂနိယဒုက်ကို .... ၏၊ .... ကား —**ယောဂဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ ယောဂနိယာပိ** .. တည်း။

ထိုနောင် ... .... ၏၊ .... ကား — **အယောဂနိယာပိ** .... တည်း။

ယောဂဝိပ္ပယုတ္တာ ခေါ ပန၊ ယောဂနှင့်မယှဉ်ကုန်သော။ ယောဂနိယာပိ၊ ယောဂ၏ အာရုံလည်း ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ယောဂဝိပ္ပယုတ္တာ ခေါ ပန၊ ယောဂနှင့်မယှဉ်ကုန်သော။ အယောဂနိယာပိ၊ ယောဂ၏အာရုံလည်း မဟုတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ .... ကား** — လောကီကုသိုလ် သတ္တရသ၊ လောကီဝိပါက် ဗာတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ဒေါသမူဒွေ၊ မောဟမူဒွေ၌ မောဟ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး ။ ပ ။ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။ ( ဖွဲ့မြဲဖွဲ့လေ )။

**ဒုတိယ** .... **ကား** — လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ ပ ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ ( ဖွဲ့မြဲဖွဲ့လေ ) ။

အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်, နိပ္ပဒေသဒုက် အားဖြင့် ၂-ပါးတို့တွင် အကုသိုလ် ဒွိဒသ၊ ဒေါသမူဒွေ၊ မောဟမူဒွေ၌ မောဟ ကြဉ်သော စေတသိက် သတ္တဝိသ ဟုဆိုအပ်သော ကြွင်းသောပရမတ္ထတရား ရှိသည်၏အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

ပဌမဒုက်၌ တတိယဒုက်၏ ပဌမပုဒ်ကို ထည့်၍"ယောဂါ စေဝ ဓမ္မာ ယောဂသမ္ပယုတ္တာ စ ယောဂသမ္ပယုတ္တာ စေဝ ခမ္မာ နောစ ယောဂါ"ဟူသော ဤပဌမဒုက်သည် ဖြစ်သကဲ့သို့။

ထို့အတူ ပဌမဒုက်၌ တတိယဒုက်၏ ဒုတိယပုဒ်ကိုထည့်၍**ယောဂါ စေဝ ဓမ္မာ ယောဂဝိပ္ပယုတ္တာ စ။ ယောဂဝိပ္ပယုတ္တာ စေဝ ဓမ္မာ နော စ ယောဂါ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

(ထိုဒုက်သည် "အာသဝါ စေဝ ဓမ္မာ အာသဝဝိပ္ပယုတ္တာ စ။ အာသဝဝိပ္ပယုတ္တာ စေဝ ဓမ္မာ နော စ အာသဝါ"ဟူသော ဒုက်နှင့် အလုံးစုံ တူ၏)။

"ယောဂဝိပ္ပယုတ္တာ ဓမ္မာ ယောဂနိယာပိ။ အယောဂနိယာပိ" ဟု ဟောတော်မူလျှင်ပြီးကောင်းလျက် **သဒ္ဒါဓိကာ အတ္ထာဓိကော ဟောတိ** ဟူသော ပရိဘာသာနှင့်အညီ အနက်လွန်ကို ပြခြင်းငှါ **ခေါ ပန** ဟူသော သဒ္ဒါလွန်ကို ဟောတော်မူအပ်၏။

ထို **ခေါ ပန** ဟူသော သဒ္ဒါလွန်ဖြင့် ပြအပ်သော အတိရေကဒုက် အပေါင်းတို့တွင် ဒုတိယဒုက်၌ တတိယဒုက်၏ ဒုတိယပုဒ်ကိုထည့်၍ "ယောဂဝိပ္ပယုတ္တာ ဓမ္မာ ယောဂနိယာပိ။ အယောဂနိယာပိ"ဟူသော ဤဆဌဒုက်သည် ဖြစ်သကဲ့သို့။

ထို့အတူ ဒုတိယဒုက်၌ ပဌမဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ **နောယောဂါ ဓမ္မာ ယောဂနိယာပိ။ အယောဂနိယာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

(ထိုဒုက်သည်"နော အာသဝါ ဓမ္မာ သာသဝါပိ။အနာသဝါပိ"ဟူသော ဒုက်နှင့် အလုံးစုံ တူ၏)။

တတိယဒုက်၌ ပဌမဒုက်၏ ပဌမပုဒ်ကို ထည့်၍ **ယောဂါ ဓမ္မာ ယောဂသမ္ပယုတ္တာပိ။ ယောဂဝိပ္ပယုတ္တာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

(ထိုဒုက်သည် "အာသဝါ ဓမ္မာ အာသဝသမ္ပယုတ္တာပိ။ အာသဝဝိပ္ပယုတ္တာပိ "ဟူသော ဒုက်နှင့် အလုံးစုံ တူ၏)။

တတိယဒုက်၌ ပဌမဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ **နော ယောဂါ ဓမ္မာ ယောဂသမ္ပယုတ္တာပိ။ ယောဂဝိပ္ပယုတ္တာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

(ထို ဒုက်သည် "နော အာသဝါ ဓမ္မာ အာသဝသမ္ပယုတ္တာပိ။ အာသဝဝိပ္ပယုတ္တာပိ" ဟူသော ဒုက်နှင့် အလုံးစုံ တူ၏)။

တတိယဒုက်၌ ဒုတိယဒုက်၏ ပဌမပုဒ်ကို ထည့်၍ **ယောဂနိယာ ဓမ္မာ ယောဂသမ္ပယုတ္တာပိ။ ယောဂဝိပ္ပယုတ္တာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

(ထိုဒုက်သည် "သာသဝါ ဓမ္မာ အာသဝသမ္ပယုတ္တာပိ။ အာသဝဝိပ္ပယုတ္တာပိ"ဟူသော ဒုက်နှင့် အလုံးစုံ တူ၏)။

ပဌမဒုက်၌ ဒုတိယဒုက်၏ ပဌမပုဒ်ကို ထည့်၍ **ယောဂနိယာ ဓမ္မာ ယောဂါပိ။ နော ယောဂါပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

(ထိုဒုက်သည်"သာသဝါ ဓမ္မာ အာသဝါပိ။နော အာသဝါပိ"ဟူသော ဒုက်နှင့် အလုံးစုံ တူ၏)။

ပဌမဒုက်၌ တတိယဒုက်၏ ပဌမပုဒ်ကို ထည့်၍ **ယောဂသမ္ပယုတ္တာ ဓမ္မာ ယောဂါပိ။ နော ယောဂါပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

(ထိုဒုက်သည် "အာသဝသမ္ပယုတ္တာ ဓမ္မာ အာသဝါပိ။ နော အာသဝါပိ"ဟူသော ဒုက်နှင့် အလုံးစုံ တူ၏)။

ပဌမဒုက်၌ တတိယဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ **ယောဂဝိပ္ပယုတ္တာ ဓမ္မာ ယောဂါပိ။ နော ယောဂါပိ** ဟူသော ဒုက်သည်သည်း ဖြစ်သင့်၏။

(ထိုဒုက်သည် "အာသဝဝိပ္ပယုတ္တာ ဓမ္မာ အာသဝါပိ။နော အာသဝါပိ"ဟူသော ဒုက်နှင့် အလုံးစုံ တူ၏)။

# ဂ-နိဝရဏဂေါစ္ဆက

## ၁-နီဝရဏဒုက်

ယောဂဂေါစ္ဆကို ........၌ နီဝရဏဂေါစ္ဆကကို ....... ၏၊ ထို နီဝရဏဂေါစ္ဆက ၌လည်း —

၁။ နီဝရဏဒုက်၊
၂။ နီဝရဏိယဒုက်၊
၃။ နီဝရဏသမ္ပယုတ္တဒုက်၊
၄။ နီဝရဏ နီဝရဏိယဒုက်၊
၅။ နီဝရဏ နီဝရဏသမ္ပယုတ္တဒုက်၊
၆။ နီဝရဏဝိပ္ပယုတ္တ နီဝရဏိယဒုက် အားဖြင့် **၆-ပါး** အပြား ရှိ၏။

ထို ၆-ပါးတို့တွင် နီဝရဏဒုက်ကို .. ၏၊.... ကား —**နီဝရဏာ ဓမ္မာ**.... တည်း။

ထိုနောင် ........ ၏၊ .... ကား — **နော နီဝရဏာ ဓမ္မာ** .... တည်း။

နီဝရဏာ၊ နီဝရဏမည်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

နော နီဝရဏာ၊ နီဝရဏ မမည်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ**........**ကား** — လောဘ, ဒေါသ, ထိန, မိဒ္ဓ, ဥဒ္ဓစ္စ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, မောဟ ဟုဆိုအပ်သော နီဝရဏတရားကိုယ် ဂ-ပါး ရ၏။

ထိုနီဝရဏတရားကိုယ် ဂ-ပါးသည် သင်္ခါရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

**သစ္စာအားဖြင့်** ၂-ပါး ဟူသော်ကား

လောဘမှ တပါး နီဝရဏဘရားကို ၇-ပါးသည် ဒုက္ခသစ္စာမည်၏၊ လောဘ သည် သမုဒယသစ္စာ မည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါးတည်း။

**ဒုတိယ**....**ကား** — စိတ် တခုယုတ်ကိုးဆယ်၊ နီဝရဏတရားကိုယ် ဂ-ပါး ကြဉ် သော စေတသိက် စတုစတ္တာလီသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး။ပ။ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

---

## ၂-နီဝရဏိယဒုက်

နီဝရဏဒုက်ကို....၌ နီဝရဏိယဒုက်ကို....၏၊ ဟောဟန်ကား— **နီဝရဏိယာ ဓမ္မာ**....တည်း။

**မ ၁-၈၁-ကောက် ၉—ပ-မ-ဗ-သ-စ**

ထိုနောင်....၏၊ ဟောဟန်ကား — **အနိဝရဏိယာ ဓမ္မာ....တည်း။**

နီဝရဏိယာ၊ နီဝရဏ၏ အာရုံ ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အနီဝရဏိယာ၊ မဟုတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား—** လောကီစိတ် ကောသိတိ၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး။ပ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

**ဒုတိယ....ကား—** လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး။ပ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွဲ့မြဲဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

---

## ၃-နီဝရဏသမ္ပယုတ္တဒုက်

နီဝရဏိယဒုက်ကို....၌ နီဝရဏသမ္ပယုတ္တဒုက်ကို....၏၊....ကား—**နီဝရဏသမ္ပ-ယုတ္တာ ဓမ္မာ**... တည်း။

ထိုနောင်....၏၊ ...ကား —**နီဝရဏဝိပ္ပယုတ္တာ ဓမ္မာ....**တည်း။

နီဝရဏသမ္ပယုတ္တာ၊ နီဝရဏနှင့် ယှဉ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

နီဝရဏဝိပ္ပယုတ္တာ၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား —** အကုသိုလ် ဒွါဒသ၊ စေတသိက် သတ္တဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး။ပ။ သစ္စာအားဖြင့် ၂-ပါးဖြစ်ကုန်၏။ (ဖွဲ့မြဲဖွဲ့လေ)။

**ဒုတိယ....ကား—**ကုသိုလ် ကေဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး။ပ။ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

## ၄-နိဝရဏ နိဝရဏိယဒုက်

နိဝရဏသမ္ပယုတ္တဒုက်ကို....၌ နိဝရဏ နိဝရဏိယဒုက်ကို....၏၊....ကား—**နိဝ· ရဏာ စေဝ ဓမ္မာ နိဝရဏိယာ စ**....တည်း။

ထိုနောင်....၏၊....ကား—**နိဝရဏိယာ စေဝ ဓမ္မာ နော စ နိဝရဏာ**....တည်း။

နိဝရဏာ စေဝ၊ နိဝရဏလည်း မည်ကုန်သော။ နိဝရဏိယာ စ၊ နိဝရဏ၏ အာရုံလည်း ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

နိဝရဏိယာ စေဝ၊ နိဝရဏ၏ အာရုံလည်း ဖြစ်ကုန်သော။ နော စ နိဝရဏာ၊ နိဝရဏလည်း မမည်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား**—လောဘ ။ပ။ မောဟဟု ဆိုအပ်သော နိဝရဏ တရားကိုယ် ၈-ပါး ရ၏။ (ဆိုမြဲဆိုလေ)။

**ဒုတိယ....ကား**—လောကီစိတ် စေတသိက်၊ နိဝရဏတရားကိုယ် ၈-ပါး ကြဉ်သော စေတသိက် စတုစတ္တာလီသ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး ။ပ။ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက် ။ပ။ တို့တွင် လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန်ဟု ဆိုအပ်သော ကြွင်းသော ။ပ။ ကြောင့် **သပ္ပဒေသဒုက်** မည်၏။

---

## ၅-နိဝရဏ နိဝရဏသမ္ပယုတ္တဒုက်

နိဝရဏ နိဝရဏိယဒုက်ကို ...၌ နိဝရဏ နိဝရဏသမ္ပယုတ္တဒုက်ကို....... ၏၊ .... ကား—**နိဝရဏာ စေဝ ဓမ္မာ နိဝရဏသမ္ပယုတ္တာ စ** ....တည်း။

ထိုနောင်........၏၊....ကား—**နိဝရဏသမ္ပယုတ္တာ စေဝ ဓမ္မာ နော စ နိဝရဏာ**....တည်း။

နိဝရဏာ စေဝ၊ကုန်သော။ နိဝရဏသမ္ပယုတ္တာ စ၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

နိဝရဏသမ္ပယုတ္တာ စေဝ၊ နှင့်လည်းယှဉ်ကုန်သော။ နော စ နိဝရဏာ၊မမည်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား**—လောဘ ။ပ။ မောဟဟု ဆိုအပ်သော နိဝရဏ တရားကိုယ် ၈-ပါး ရ၏။ (ဆိုမြဲဆိုလေ)။

**ဒုတိယ**....**ကာဝး**—အကုသိုလ် ဒွါဒသ၊ နီဝရဏတရားကိုယ် ၈-ပါး ကြဉ်သော စေတသိက် ဧကူနဝီသ ရ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ပ။ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက် ။ပ။ တို့တွင် ကုသိုလ် ကေဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ဟု ဆိုအပ်သော ။ပ။ ကြောင့် **သပ္ပဒေသဒုက်** မည်၏။

---

## ၆-နီဝရဏဝိပ္ပယုတ္တ နီဝရဏိယဒုက်

နီဝရဏ နီဝရဏသမ္ပယုတ္တဒုက်ကို........၌ နီဝရဏဝိပ္ပယုတ္တ နီဝရဏိယဒုက်ကို....၏၊........ကာဝး—**နီဝရဏဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ နီဝရဏိယာပိ**....တည်း။

ထိုနောင်........၏၊....ကာဝး —**အနီဝရဏိယာပိ**....တည်း။

နီဝရဏဝိပ္ပယုတ္တာ ခေါ ပန၊ ကုန်သော။ နီဝရဏိယာပိ၊ လည်း ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

နီဝရဏဝိပ္ပယုတ္တာ ခေါ ပန၊ ကုန်သော။ အနီဝရဏိယာပိ၊ လည်း မဟုတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ**....**ကာဝး**—လောကီကုသိုလ် သတ္တရသ၊ လောကီဝိပါက် ဗာတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး ။ပ။ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

**ဒုတိယ**....**ကာဝး**—လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ရ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ပ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသ ဒုက် ။ပ။ တို့တွင် အကုသိုလ် ဒွါဒသ၊ စေတသိက် သတ္တဝီသဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရားရှိသည်၏ အဖြစ် ကြောင့် **သပ္ပဒေသဒုက်** မည်၏။

"နီဝရဏဝိပ္ပယုတ္တာ ဓမ္မာ နီဝရဏိယာပိ။ အနီဝရဏိယာပိ" ဟု ဟောတော်မူလျှင် ပြီးကောင်းလျက် **သဒ္ဒါဓိကာ အတ္ထာဝဲကော ဟောတိ** ဟူသော ပရိဘာသာနှင့်အညီ အနက်လွန်ကို ပြခြင်းငှါ **ခေါ ပန** ဟူသော သဒ္ဒါလွန်ကို ဟောတော်မူအပ်၏။

**ထို ခေါ ပန** ဟူသော သဒ္ဒါလွန်ဖြင့် ပြအပ်သော အတိရေကဒုက် အပေါင်းတို့တွင် ဒုတိယဒုက်၌ တတိယဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ "နီဝရဏဝိပ္ပယုတ္တာ ဓမ္မာ နီဝရဏိယာပိ။ အနီဝရဏိယာပိ" ဟူသော ဤဆင့်ဒုက်သည် ဖြစ်သကဲ့သို့။

ထို့အတူ ဒုတိယဒုက်၌ ပဌမဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ **နော နီဝရဏာ ဓမ္မာ နီဝရဏိယာပိ။ အနီဝရဏိယာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ....ကား**—လောကီစိတ် ကောသိတိ၊ နီဝရဏတရားကိုယ် ဂ-ပါး ကြဉ်သော စေတသိက် စတုစတ္တာလီသ၊ ရုပ် အဋ္ဌဝီသ ရ၏။

**ဒုတိယ....ကား**—လောကုတ္တရာစိတ် ဂ-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်။ပ။ ၂-ပါးတို့တွင် နီဝရဏတရားကိုယ် ဂ-ပါးဟုဆိုအပ်သော ကြွင်းသော ပရမတ္ထ တရား ရှိသည်၏အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

တတိယဒုက်၌ ပဌမဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ **နော နီဝရဏာ ဓမ္မာ နီဝရဏသမ္ပယုတ္တာပိ။ နီဝရဏဝိပ္ပယုတ္တာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ....ကား**— အကုသိုလ် ဒွါဒသ၊ နီဝရဏ တရားကိုယ် ဂ-ပါး ကြဉ်သော စေတသိက် ကျေနဝီသ ရ၏။

**ဒုတိယ....ကား**—ကုသိုလ် ဧကဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်။ပ။ ၂-ပါးတို့တွင် နီဝရဏတရားကိုယ် ဂ-ပါး ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

တတိယဒုက်၌ ဒုတိယဒုက်၏ ပဌမပုဒ်ကို ထည့်၍ **နီ ဝရဏိယာ ဓမ္မာ နီဝရဏသမ္ပယုတ္တာပိ။ နီဝရဏဝိပ္ပယုတ္တာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ....ကား**—အကုသိုလ် ဒွါဒသ၊ စေတသိက် သတ္တဝီသ ရ၏။

**ဒုတိယ....ကား**—လောကီကုသိုလ် သတ္တရသ၊ လောကီဝိပါက် ဗာတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်။ပ။ ၂-ပါးတို့တွင် လောကုတ္တရာစိတ် ဂ-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန်ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

ပဌမဒုက်၌ ဒုတိယဒုက်၏ ပဌမပုဒ်ကို ထည့်၍ နိဝရဏိယာ ဓမ္မာ နိဝရဏာပိ။နော နိဝ-ရဏာပိ ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ....ကား**—နိဝရဏတရားကိုယ် ၈-ပါး ရ၏။

**ဒုတိယ....ကား**—လောကီစိတ် ကောသီတိ၊ နိဝရဏတရားကိုယ် ၈-ပါး ကြဉ်သော စေတသိက် စတုစတ္တာလီသ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်။ပ။ ၂-ပါးတို့တွင် လောကုတ္တရာ စိတ် ၈-ခု၊စေတသိက် ဆတ္တိံသ၊နိဗ္ဗာန်ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရားရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

ပဌမဒုက်၌ တတိယဒုက်၏ ပဌမပုဒ်ကို ထည့်၍ နိဝရဏသမ္ပယုတ္တာ ဓမ္မာ နိဝရဏာပိ။ နော နိဝရဏာပိ ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ....ကား**—နိဝရဏတရားကိုယ် ၈-ပါး ရ၏။

**ဒုတိယ....ကား**—အကုသိုလ် ဒွါဒသ၊ နိဝရဏတရားကိုယ် ၈-ပါး ကြဉ်သော စေတ-သိက် ဧကူနဝီသ ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်။ပ။ ၂-ပါးတို့တွင် ကုသိုလ် ဧက-ဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

# ၉–ပရာမာသဂေါစ္ဆက

## ၁-ပရာမာသဒုက်

နီဝရဏဂေါစ္ဆကကို ........ ၌ ပရာမာသဂေါစ္ဆကကို ........ ၏၊ ........ ထို ပရာမာသဂေါစ္ဆက၌လည်း —

၁။ ပရာမာသဒုက်၊

၂။ ပရာမဋ္ဌဒုက်၊

၃။ ပရာမာသသမ္ပယုတ္တဒုက်၊

၄။ ပရာမာသ ပရာမဋ္ဌဒုက်၊

၅။ ပရာမာသဝိပ္ပယုတ္တ ပရာမဋ္ဌဒုက် အားဖြင့် ၅-ပါး အပြားရှိ၏။

ထို ၅-ပါး တို့တွင် ပရာမာသဒုက်ကို ........ ၏၊ ........ ကား — **ပရာမာသာ ဓမ္မာ** .... တည်း။

ထိုနောင် ............ ၏၊ ........ ကား – **နော ပရာမာသာ ဓမ္မာ** .... တည်း။

ပရာမာသာ၊ ပရာမာသ မည်ကုန်သော။ ဝါ၊ မှားသောအားဖြင့် သုံးသပ်တတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

နော ပရာမာသာ၊ ပရာမာသ မမည်ကုန်သော။ ဝါ၊ မှားသောအားဖြင့် မသုံးသပ်တတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ** .... **ကား** — ဒိဋ္ဌိဟု ဆိုအပ်သော ပရာမာသ တရားကိုယ် ၁-ပါး ရ၏။

ထိုပရာမာသ တရားကိုယ် ၁-ပါးသည် သင်္ခါရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ ဒုက္ခသစ္စာ အားဖြင့် ၁-ပါးသာ ဖြစ်သတည်း။

**ဒုတိယ** .... **ကား** — စိတ် တခုယုတ်ကိုးဆယ်၊ ပရာမာသ တရားကိုယ် ၁-ပါး ကြဉ်သော စေတသိက် ငါးပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး ။ ပ ။ သစ္စာအားဖြင့် ၄-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

---

## ၂-ပရာမဋ္ဌဒုက်

ပရာမာသဒုက်ကို ........ ၌ ပရာမဋ္ဌဒုက်ကို ........ ၏၊ ........ ကား — **ပရာမဋ္ဌာ ဓမ္မာ** .... တည်း။

ထိုနောင် ........... ၏၊ .... ကား — **အပရာမဋ္ဌာ ဓမ္မာ** .... တည်း။

ပရာမဋ္ဌာ၊ ပရာမာသ၏အာရုံဖြစ်ကုန်သော။ ဝါ၊ မှားသောအားဖြင့် သုံးသပ်တတ်ကုန်သော တရားတို့သည် မှားသောအားဖြင့် သုံးသပ်အပ်ကုန်သော။ ဓမ္မာ၊ တို့သည်၊ သံဝိဇ္ဇန္တိ၊ ကုန်၏။

အပရာမဋ္ဌာ၊ ပရာမာသ၏ အာရုံမဟုတ်ကုန်သော။ ဝါ၊ မှားသောအားဖြင့် သုံးသပ်တတ်ကုန်သော တရားတို့သည် မှားသောအားဖြင့် မသုံးသပ် အပ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ** .... **ကား** — လောကီစိတ် ကောသိတိ၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး ။ ပ ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

**ဒုတိယ** .... **ကား** — လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ ပ ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

---

## ၃-ပရာမာသသမ္ပယုတ္တဒုက်

ပရာမဋ္ဌဒုက်ကို ........ ၌ ပရာမာသသမ္ပယုတ္တ ဒုက်ကို ........ ၏၊ ........ ကား — **ပရာမာသသမ္ပယုတ္တာ ဓမ္မာ** .... တည်း။

ထိုနောင် ........ ၏၊ .... **ကား — ပရာမာသဝိပ္ပယုတ္တာ ဓမ္မာ** .... တည်း။

ပရာမာသသမ္ပယုတ္တာ၊ ပရာမာသနှင့် ယှဉ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ပရာမာသဝိပ္ပယုတ္တာ၊ မယှဉ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ**... **ကား** — ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၊ ဒိဋ္ဌိ, မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး။ ပ ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

**ဒုတိယ**....**ကား** — ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ ဒေါသမူ ဒွေ၊ မောဟမူ ဒွေ၊ ကုသိုလ် ဧကဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ ဒိဋ္ဌိ ကြဉ်သော စေတသိက် ဧကပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး ။ ပ ။ သစ္စာအားဖြင့် ၄-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်။ ပ ။ တို့တွင် ဒိဋ္ဌိ[၁] ဟုဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

## ၄-ပရာမာသ ပရာမဋ္ဌဒုက်

ပရာမာသ သမ္ပယုတ္တဒုက်ကို........၌ ပရာမာသ ပရာမဋ္ဌဒုက်ကို....၏၊ ကား— **ပရာမာသာ စေဝ ဓမ္မာ ပရာမဋ္ဌာ စ**...တည်း။

ထိုနောင်........၏၊ ကား—**ပရာမဋ္ဌာ စေဝ ဓမ္မာ နော စ ပရာမာသာ**....တည်း။

ပရာမာသာ စေဝ၊ ပရာမာသလည်း မည်ကုန်သော။ပရာမဋ္ဌာ စ၊ ပရာမာသ ၏ အာရုံလည်း ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ပရာမဋ္ဌာ စေဝ၊ ပရာမာသ၏အာရုံလည်းဖြစ်ကုန်သော။ နော စ ပရာမာသာ၊ လည်း မမည်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား—** ဒိဋ္ဌိ ဟုဆိုအပ်သော ပရာမာသ တရားကိုယ် ၁-ပါး ရ၏။

ထိုပရာမာသ တရားကိုယ် ၁-ပါး သည် သင်္ခါရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ ဒုက္ခသစ္စာအားဖြင့် ၁-ပါးသာ ဖြစ်သတည်း။

**ဒုတိယ....ကား—** လောကီစိတ် ကောသီတိ၊ ပရာမာသတရားကိုယ် ၁-ပါး ကြဉ်သော စေတသိက် ကေပညာသ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး ။ ပ ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက် ။ ပ ။ တို့တွင် လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ဟုဆိုအပ်သော ။ ပ ။ ကြောင့် **သပ္ပဒေသ-ဒုက်** မည်၏။

---

၁-ဤသို့ ဒိဋ္ဌိကို ဒုက်မုတ်ထုတ်မှု—
ဒုကေသု ဟေတုဂေါစ္ဆကာဒီနံ ဥပါဒါနဂေါစ္ဆကပရိယောသာနာနံ နဝန္နံ ဂေါစ္ဆကာနံ ပရိယောသာနေ တယော တယော ဒုကာ—
ဟူသော အဋ္ဌကထာ (၇၀) နှင့် ညီသည်။
သံယောဇဉ်စသည်တို့ကဲ့သို့ မဟုတ်၊ ပရာမာသသည် အချင်းခပ်သိမ်း တခုတည်းဖြစ်၍ "ပရာမာသော န ဝတ္တဗ္ဗော ပရာမာသသမ္ပယုတ္တောတိပိ ပရာမာသဝိပ္ပယုတ္တောတိပိ" ဟူ၍ ပါဠိတော် (၂၀၆)၌ အထူး ဟောတော်မူသည်။

## ၅-ပရာမာသဝိပ္ပယုတ္တ ပရာမဋ္ဌဒုက်

ပရာမာသ ပရာမဋ္ဌဒုက်ကို....၌ ပရာမာသဝိပ္ပယုတ္တ ပရာမဋ္ဌဒုက်ကို........၏....
ကား—**ပရာမာသဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ ပရာမဋ္ဌာပိ**....တည်း။

ထိုနောင်.... ...၏........ကား – **အပရာမဋ္ဌာပိ**....တည်း။

ပရာမာသဝိပ္ပယုတ္တာ ခေါ ပန၊ ပရာမာသနှင့် မယှဉ်ကုန်သော။ ပရာမဋ္ဌာပိ၊ ပရာမာသ၏ အာရုံလည်း ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ပရာမာသဝိပ္ပယုတ္တာ ခေါ ပန၊ ပရာမာသနှင့် မယှဉ်ကုန်သော။ အပရာမဋ္ဌာပိ၊ ပရာမာသ၏ အာရုံလည်း မဟုတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ**....**ကား**—ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၊ ဒေါသမူဒွေ၊ မောဟမူဒွေ၊ လောကီကုသိုလ် သတ္တရသ၊ လောကီဝိပါက် ဗာတ္တိံသ၊ ကြိယာစိတ် ဝီသ၊ ဒိဋ္ဌိ ကြဉ်သော စေတသိက် ကေပညာသ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး ။ ပ ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

**ဒုတိယ**....**ကား**— လောကုတ္တရာစိတ် ၈-ခု၊ စေဘသိက် ဆတ္တိံသ၊ နိဗ္ဗာန် ရ၏။

ထိုဘရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ ပ ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်။ ပ ။ တို့တွင် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၊ မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ကေဝီသ ဟုဆိုအပ်သော ကြွင်းသော ။ ပ ။ ကြောင့် **သပ္ပဒေသဒုက်** မည်၏။

"ပရာမာသဝိပ္ပယုတ္တာ ဓမ္မာ ပရာမဋ္ဌာပိ။ အပရာမဋ္ဌာပိ" ဟု ဟောတော်မူလျှင် ပြီးကောင်းလျက် **သဒ္ဒါဓိကာ အတ္ထာဓိကော ဟောတိ** ဟူသော ပရိဘာသာနှင့် အညီ အနက်လွန်ကို ပြခြင်းငှါ **ခေါ ပန** ဟူသော သဒ္ဒါလွန်ကို ဟောတော်မူအပ်၏။

ထို **ခေါ ပန** ဟူသော သဒ္ဒါလွန်ဖြင့် ပြအပ်သော အတိရေကဒုက် အပေါင်းတို့တွင် ဒုတိယဒုက်၌ တတိယဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ "ပရာမာသဝိပ္ပယုတ္တာ ဓမ္မာ ပရာမဋ္ဌာပိ။ အပရာမဋ္ဌာပိ"ဟူသော ဤပဥ္စမဒုက်သည် ဖြစ်သကဲ့သို့။

ထိုအတူ ဒုတိယဒုက်၌ ပဌမဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ **နော ပရာမာသာ ဓမ္မာ ပရာမဋ္ဌာပိ။ အပရာမဋ္ဌာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ**....**ကား**—လောကီစိတ် ကောသီတိ၊ ပရာမာသတရားကိုယ် ၁-ပါးကြဉ်သော စေတသိက် ကေပညာသ၊ ရုပ် အဋ္ဌဝီသ ရ၏။

**ဒုတိယ....ကား—** လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏ သပ္ပဒေသဒုက်။ ပ ။ ၂-ပါး တို့တွင် ပရ-မာသတရားကိုယ် ၁-ပါး ဟုဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

တတိယဒုက်၌ ပဌမဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ **နော ပရာမာသာ ဓမ္မာ ပရာမာသသမ္ပယုတ္တာပိ။ ပရာမာသဝိပ္ပယုတ္တာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ....ကား—**ဒိဋ္ဌိဂတသမ္ပယုတ် ၄-ခု၊ ဒိဋ္ဌိကြဉ်သော စေတသိက် ဝီသ ရ၏။

**ဒုတိယ....ကား—** ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၊ ဒေါသမူဒွေ၊ မောဟမူဒွေ၊ ကုသိုလ်ကေဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ ဒိဋ္ဌိကြဉ်သော စေတသိက် ကေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏။ သပ္ပဒေသဒုက် ။ပ။ ၂ပါးတို့တွင် ဒိဋ္ဌိ ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသ-ဒုက်** မည်၏။

တတိယဒုက်၌ ဒုတိယဒုက်၏ ပဌမပုဒ်ကို ထည့်၍ **ပရာမဋ္ဌာ ဓမ္မာ ပရာမာသ-သမ္ပယုတ္တာပိ။ ပရာမာသဝိပ္ပယုတ္တာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ... ကား—**ဒိဋ္ဌိဂတသမ္ပယုတ် ၄-ခု၊ ဒိဋ္ဌိကြဉ်သော စေတသိက် ဝီသ ရ၏။

**ဒုတိယ....ကား—** ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၊ ဒေါသမူဒွေ၊ မောဟမူဒွေ၊ လောကီကုသိုလ် သတ္တရသ၊ လောကီဝိပါက် ဗာတ္တိံသ၊ ကြိယာစိတ် ဝီသ၊ ဒိဋ္ဌိကြဉ်သော စေတသိက် ကေပညာသ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက် ။ပ။ ၂-ပါးတို့တွင် လော-ကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ ဒိဋ္ဌိစေတသိက် တည်းဟူသော ပရာမာသတရားကိုယ် ၁-ပါး၊ နိဗ္ဗာန်ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

ပဌမဒုက်၌ ဒုတိယဒုက်၏ ပဌမပုဒ်ကို ထည့်၍ **ပရာမဋ္ဌာ ဓမ္မာ ပရာမာသာပိ။ နော ပရာမာသာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ....ကား—**ပရာမာသ တရားကိုယ် ၁-ပါး ရ၏။

**ဒုတိယ .... ကား —** လောကီစိတ် ကောသီတိ၊ ပရာမာသတရားကိုယ် ၁-ပါး ကြဉ်သော စေတသိက် ကေပညာသ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက် ။ပ။ ၂-ပါး တို့တွင် လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

# ၁၀-မဟာပဋ္ဌာန်းရဒုက်

## ၁-သာရမ္မဏဒုက်

ပရာမာသဂေါစ္ဆကကို........၌ မဟန္တရဒုက်ကို........၏၊ ထို မဟန္တရဒုက်သည်လည်း---

၁။ သာရမ္မဏဒုက်၊
၂။ စိတ္တဒုက်၊
၃။ စေတသိကဒုက်၊
၄။ စိတ္တသမ္ပယုတ္တဒုက်၊
၅။ စိတ္တသံသဋ္ဌဒုက်၊
၆။ စိတ္တသမုဋ္ဌာနဒုက်၊
၇။ စိတ္တသဟဘုဒုက်၊
၈။ စိတ္တာနုပရိဝတ္တိဒုက်၊
၉။ စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်၊
၁၀။ စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုဒုက်၊
၁၁။ စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက်၊
၁၂။ အဇ္ဈတ္တိကဒုက်၊
၁၃။ ဥပါဒါဒုက်၊
၁၄။ ဥပါဒိန္နဒုက် အားဖြင့် **၁၄-ပါး** အပြားရှိ၏။

ထို ၁၄-ပါးတို့တွင် သာရမ္မဏဒုက်ကို........၏။

ထို သာရမ္မဏဒုက်၌လည်း ပဌမပဒ, ဒုတိယပဒ အားဖြင့် ၂-ပါး အပြားရှိ၏။ ထို ၂-ပါးတို့တွင် ပဌမပဒကို........၏၊........ကား - **သာရမ္မဏာ ဓမ္မာ**.... တည်း။

ထိုနောင်........၏၊........ကား - **အနာရမ္မဏာ ဓမ္မာ**.... တည်း။

သာရမ္မဏာ၊ အာရုံပြုခြင်း ရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အနာရမ္မဏာ၊ အာရုံပြုခြင်း မရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား** — စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ ရ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂ ပါး၊ ဓာတ်အားဖြင့် ၈-ပါး၊ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး** ဟူသော်ကား

စေတသိက် ဒွေပညာသတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊ သညာသည် သညာက္ခန္ဓာ မည်၏၊ ဝေဒနာ သညာမှ ကြွင်းသော စေတသိက် ပညာ-

သသည် သင်္ခါရက္ခန္ဓာ မည်၏၊ စိတ်တခုယုတ် ကိုးဆယ်သည် ဝိညာဏက္ခန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါး ဖြစ်သတည်း။

**အာယတနအားဖြင့် ၂-ပါး** ဟူသော်ကား—

စိတ်တခုယုတ် ကိုးဆယ်သည် မနာယတန မည်၏၊ စေတသိက် ဒွေပညာသသည် ဓမ္မာယတန မည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၂-ပါး ဖြစ်သတည်း။

**ဓာတ်အားဖြင့် ၈-ပါး** ဟူသော်ကား—

စက္ခုဝိညာဉ်ဒွေသည် စက္ခုဝိညာဏဓာတ် မည်၏ ။ပ။ ကာယဝိညာဉ်ဒွေသည် ကာယဝိညာဏဓာတ် မည်၏၊ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်းဒွေသည် မနောဓာတ် မည်၏၊ ကြွင်းသော စိတ် ၇၆-ခုသည် မနောဝိညာဏဓာတ် မည်၏၊ စေတသိက် ဒွေပညာသသည် ဓမ္မဓာတ် မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၈-ပါး ဖြစ်သတည်း။

**သစ္စာအားဖြင့် ၃-ပါး** ဟူသော်ကား—

လောကီစိတ် ကောသီတိ၊ လောဘကြဉ်သော စေတသိက် ကေပညာသသည် ဒုက္ခသစ္စာ မည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏၊ မဂ်စိတ် ၄-ခု၌ ရှိသော သမ္မာဒိဋ္ဌိ ။ပ။ သမ္မာသမာဓိ ဟု ဆိုအပ်သော သောတာပတ္တိမဂ် ၈ပါး၊ ၇-ပါး ။ပ။ အရဟတ္တမဂ် ၈-ပါး၊ ၇-ပါးသည် မဂ္ဂသစ္စာမည်၏၊ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၉-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခုသည် သစ္စာ ဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၃-ပါး ဖြစ်သတည်း။

**ဒုတိယ....ကား—** ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရှိ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၁-ပါး၊ အာယတနအားဖြင့် ၁၁-ပါး၊ ဓာတ် အားဖြင့် ၁၁-ပါး၊ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၁-ပါး** ဟူသော်ကား—

ရုပ် အဋ္ဌဝီသသည် ရူပက္ခန္ဓာ မည်၏၊ နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၁-ပါး ဖြစ်သတည်း။

**အာယတနအားဖြင့် ၁၁-ပါး** ဟူသော်ကား—

ရုပ် အဋ္ဌဝီသတို့တွင် စက္ခုပသာဒသည် စက္ခာယတနမည်၏။ပ။ ပထဝီ, တေဇော, ဝါယောဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတနမည်၏၊ အာပေါ။ပ။ အနိစ္စတာ အားဖြင့် သုခုမရုပ် သောဠသ၊ နိဗ္ဗာန်သည် ဓမ္မာယတန မည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၁၁-ပါး ဖြစ်သတည်း။

**ဓာတ်အားဖြင့် ၁၁-ပါး** ဟူသော်ကား—

ရုပ် အဋ္ဌဝီသ တို့တွင် စက္ခုပသာဒသည် စက္ခုဓာတ်မည်၏ ။ ပ ။ ပထဝီ, တေဇော, ဝါယော ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ်မည်၏၊

ဒွာပေါ ။ပ။ အနိစ္စတာအားဖြင့် သုခုမရုပ် သောဠသ၊ နိဗ္ဗာန်သည် ဓမ္မဓာတ် မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၁၁-ပါး ဖြစ်သတည်း။

**သစ္စာအားဖြင့် ၂-ပါး** ဟူသော်ကား—

ရုပ် အဌဝီသသည် ဒုက္ခသစ္စာမည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါး ဖြစ်သတည်း။

သာရမ္မဏာ ဓမ္မာ၊ အနာရမ္မဏာ ဓမ္မာ ဟူ၍ ဟောတော်မူအပ်သော ဤသဒ္ဒါအစဉ်သည် ပရမတ္ထတရားကို နှစ်စုပြု၍ ဟောရာ ဟောကြောင်းဖြစ်ခြင်းကြောင့် ဒုက်မည်၏၊ ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက်၊ သဗ္ဗလဒ္ဓနာမဒုက် အားဖြင့် ၂-ပါးအပြားရှိ၏၊ ထို ၂-ပါးတို့တွင် အစဉ်တည်သော သာရမ္မဏသဒ္ဒါဖြင့် သာရမ္မဏဒုက် ဟူ၍ ရအပ်သောအမည် ရှိသည်၏ အဖြစ်ကြောင့် အာဒိလဒ္ဓနာမဒုက်မည်၏၊ သပ္ပဒေသဒုက်၊ နိပ္ပဒေသဒုက် အားဖြင့် ၂-ပါးတို့တွင် ကြွင်းသော ပရမတ္ထတရား မရှိသည်၏ အဖြစ်ကြောင့် နိပ္ပဒေသဒုက် **မည်၏**။

---

## ၂-စိတ္တဒုက်

သာရမ္မဏဒုက်ကို........၌ စိတ္တဒုက်ကို....၏၊....ကား —**စိတ္တာ ဓမ္မာ**....တည်း။

ထိုနောင် ....၏၊ ....ကား **နော စိတ္တာ ဓမ္မာ**....တည်း။

စိတ္တာ၊ စိတ်မည်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

နော စိတ္တာ၊ စိတ်မမည်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား—** စိတ် တခုယုဘ်ကိုးဆယ် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၁-ပါး၊ အာယတနအားဖြင့် ၁-ပါး၊ ဓာတ်အားဖြင့် ၇-ပါး၊ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၁-ပါး** ဟူသော်ကား—

စိတ် တခုယုတ်ကိုးဆယ်သည် ဝိညာဏက္ခန္ဓာမည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၁-ပါး ဖြစ်သတည်း။

**အာယတနအားဖြင့် ၁-ပါး** ဟူသော်ကား—

စိတ် တခုယုတ်ကိုးဆယ်သည် မနာယတန မည်၏၊ ဤသို့လျှင် အာယတန အားဖြင့် ၁-ပါး ဖြစ်သတည်း။

**ဓာတ်အားဖြင့် ၇-ပါး** ဟူသော်ကား—

စက္ခုဝိညာဉ်ဒွေသည် စက္ခုဝိညာဏဓာတ်မည်၏ ။ပ။ ကာယဝိညာဉ်ဒွေသည် ကာယဝိညာဏဓာတ်မည်၏၊ ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုန်း ဒွေသည် မနောဓာတ် မည်၏၊ ကြွင်းသောစိတ် ၇၆-ခုသည် မနောဝိညာဏဓာတ် မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၇-ပါး ဖြစ်သတည်း။

**သစ္စာအားဖြင့် ၁-ပါး** ဟူသော်ကား—

လောကီစိတ် ကောသိတိသည် ဒုက္ခသစ္စာမည်၏၊ လောကုတ္တရာစိတ် ၈-ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၁-ပါး ဖြစ်သတည်း။

**ဒုတိယ....ကား**—စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၁၁-ပါး၊ ဓာတ်အားဖြင့် ၁၁-ပါး၊ သစ္စာအားဖြင့် ၄-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး** ဟူသော်ကား—

ရုပ် အဋ္ဌဝီသသည် ရူပက္ခန္ဓာမည်၏၊ စေတသိက် ဒွေပညာသတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏၊ သညာသည် သညာက္ခန္ဓာမည်၏၊ ဝေဒနာ သညာမှ ကြွင်းသော စေတသိက် ပညာသသည် သင်္ခါရက္ခန္ဓာ မည်၏၊ နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါးဖြစ်သတည်း။

**အာယတနအားဖြင့် ၁၁-ပါး** ဟူသော်ကား—

ရုပ် အဋ္ဌဝီသတို့တွင် စက္ခုပသာဒသည် စက္ခာယတနမည်၏။ပ။ ပထဝီ, တေဇော, ဝါယော ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတနမည်၏၊ စေတသိက် ဒွေပညာသ၊ အာပေါ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဟဒယရုပ်, ဇီဝိတရုပ်, အာဟာရရုပ်, ပရိစ္ဆေဒရုပ်, ကာယဝိညတ်, ဝစီဝိညတ်, ရူပဿ လဟုတာ, မုဒုတာ, ကမ္မညတာ, ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ အားဖြင့် သုခုမရုပ် သောဠသ၊ နိဗ္ဗာန်သည် ဓမ္မာယတန မည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၁၁-ပါး ဖြစ်သတည်း။

**ဓာတ်အားဖြင့် ၁၁-ပါး** ဟူသော်ကား—

ရုပ် အဋ္ဌဝီသတို့တွင် စက္ခုပသာဒသည် စက္ခုဓာတ် မည်၏။ပ။ ပထဝီ, တေဇော, ဝါယော ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ် မည်၏၊ စေတသိက် ဒွေပညာသ၊ အာပေါ ။ပ။ အနိစ္စတာ အားဖြင့် သုခုမရုပ် သောဠသ၊ နိဗ္ဗာန်သည် ဓမ္မဓာတ် မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၁၁-ပါး ဖြစ်သတည်း။

**သစ္စာအားဖြင့် ၄-ပါး** ဟူသော်ကား

လောကီစိတ် ကောသိတိ၌ ရှိသော လောဘကြဉ်သော စေတသိက် ဧကပညာသ၊ ရုပ် အဋ္ဌဝီသသည် ဒုက္ခသစ္စာ မည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏၊ မဂ်စိတ် ၄-ခု၌ ရှိသော သမ္မာဒိဋ္ဌိ ။ပ။ သမ္မာသမာဓိ ဟုဆိုအပ်သော သောတာပတ္တိမဂ် ၈-ပါး၊ ၇-ပါး ။ပ။ အရဟတ္တမဂ် ၈-ပါး၊ ၇-ပါးသည် မဂ္ဂသစ္စာ မည်၏၊ ကြွင်းသော မဂ်စိတ် ၄-ခု၌ ရှိသော မဂ္ဂင် ၈-ပါး ကြဉ်သော စေတသိက် အဋ္ဌဝီသ၊ ဖိုလ်စိတ် ၄-ခု၌ ရှိသော စေတသိက် ဆတ္တိံသ

သည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၄-ပါး ဖြစ်သတည်း။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

## ၃-စေတသိကဒုက်

စိတ္တဒုက်ကို........၌စေတသိကဒုက်ကို........၏....ကား **စေတသိကာ ဓမ္မာ**....တည်း။

ထိုနေ့ာင်........၏၊ ကား -**အစေတသိကာ ဓမ္မာ**....တည်း။

စေတသိကာ၊ စေတသိက်မည်ကုန်သော။ ဓမ္မာ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အစေတသိကာ၊စေတသိက် မမည်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

**ပဥ္စမ....ကား**—စေတသိက် ဒွေပညာသ ရ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၃-ပါး၊ အာယတနအားဖြင့် ၁-ပါး၊ ဓာတ်အားဖြင့် ၁-ပါး၊ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၃-ပါး** ဟူသော်ကား

စေတသိက် ဒွေပညာသတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊ သညာသည် သညာက္ခန္ဓာ မည်၏၊ ဝေဒနာ သညာမှ ကြွင်းသော စေတသိက် ပညာသသည် သင်္ခါရက္ခန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၃-ပါး ဖြစ်သတည်း။

**အာယတနအားဖြင့် ၁-ပါး** ဟူသော်ကား --

စေတသိက် ဒွေပညာသသည် ဓမ္မာယတန မည်၏၊ ဤသို့လျှင် အာယတန အားဖြင့် ၁-ပါး ဖြစ်သတည်း။

**ဓာတ်အားဖြင့် ၁-ပါး** ဟူသော်ကား —

စေတသိက် ဒွေပညာသသည် ဓမ္မဓာတ် မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၁-ပါး ဖြစ်သတည်း။

**သစ္စာအားဖြင့် ၃-ပါး** ဟူသော်ကား—

လောကီစိတ် ကောသီတိ၌ ရှိသော လောဘကြဉ်သော စေတသိက် ဧကပညာသသည် ဒုက္ခသစ္စာ မည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏၊ မဂ်စိတ် ၄-ခု၌ ရှိသော သမ္မာဒိဋ္ဌိ ။ပ။ သမ္မာသမာဓိ ဟု ဆိုအပ်သော သောတာပတ္တိမဂ် ဂ-ပါး၊ ၇-ပါး ။ပ။ အရဟတ္တမဂ် ဂ-ပါး၊ ၇-ပါးသည် မဂ္ဂသစ္စာ မည်၏၊ကြွင်းသော မဂ်စိတ် ၄-ခု၌ရှိသော မဂ္ဂင် ဂ-ပါးကြဉ်သော စေတသိက် အဋ္ဌဝီသ၊ ဖိုလ်စိတ် ၄-ခု၌ရှိသော စေတသိက် ဆတ္တိံသသည် သစ္စာ ဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၃-ပါး ဖြစ်သတည်း။

**ဒုတိယ....ကား—**စိတ်တခုယုတ် ကိုးဆယ်၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၂-ပါး၊ အာယတနအားဖြင့် ၁၂-ပါး၊ ဓာတ်အားဖြင့် ၁၈-ပါး၊ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၂-ပါး** ဟူသော်ကား —

ရုပ် အဋ္ဌဝီသသည် ရူပက္ခန္ဓာ မည်၏၊ စိတ်တခုယုတ် ကိုးဆယ်သည် ဝိညာဏက္ခန္ဓာ မည်၏၊ နိဗ္ဗာန်သည် ခန္ဓာ ဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၂-ပါး ဖြစ်သတည်း။

**အာယတနအားဖြင့် ၁၂-ပါး** ဟူသော်ကား —

ရုပ်အဋ္ဌဝီသတို့တွင် စက္ခုပသာဒသည် စက္ခာယတန မည်၏ ။ပ။ ပထဝီ, တေဇော, ဝါယော ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗရုံသည် ဖောဋ္ဌဗ္ဗာယတန မည်၏၊ စိတ်တခုယုတ် ကိုးဆယ်သည် မနာယတနမည်၏၊ အာပေါ။ပ။ အနိစ္စတာအားဖြင့် သုခုမရုပ်သောဠသ၊ နိဗ္ဗာန်သည် ဓမ္မာယတနမည်၏၊ ဤသို့လျှင် အာယတန အားဖြင့် ၁၂-ပါးဖြစ်သတည်း။

**ဓာတ်အားဖြင့် ၁၈-ပါး** ဟူသော်ကား——

ရုပ် အဋ္ဌဝီသတို့တွင် စက္ခုပသာဒသည် စက္ခုဓာတ်မည်၏။ပ။ ပထဝီ, တေဇော, ဝါယော ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ် မည်၏၊ စက္ခုဝိညာဉ်ဒွေသည် စက္ခုဝိညာဏဓာတ်မည်၏ ။ပ။ ကာယဝိညာဉ် ဒွေသည် ကာယဝိညာဏဓာတ်မည်၏၊ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်းဒွေသည် မနောဓာတ် မည်၏၊ ကြွင်းသော စိတ် ၇၆-ခုသည် မနောဝိညာဏဓာတ်မည်၏၊ အာပေါ။ပ။ အနိစ္စတာအားဖြင့် သုခုမရုပ်သောဠသ၊ နိဗ္ဗာန်သည် ဓမ္မဓာတ် မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၁၈-ပါးဖြစ်သတည်း။

**သစ္စာအားဖြင့် ၂-ပါး** ဟူသော်ကား——

လောကီစိတ် ကောသီတိ၊ ရုပ် အဋ္ဌဝီသသည် ဒုက္ခသစ္စာမည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏၊ လောကုတ္တရာစိတ် ၈-ခုသည် သစ္စာဟူသောအရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါးဖြစ်သတည်း။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

---

## ၄-စိတ္တသမ္ပယုတ္တဒုက်

စေတသိကဒုက်ကို ...၌ စိတ္တသမ္ပယုတ္တဒုက်ကို....၏၊....ကား——စိတ္တသမ္ပယုတ္တာ ဓမ္မာ.......တည်း။

ထိုနောင်....၏... ကား—**စိတ္တဝိပ္ပယုတ္တာ ဓမ္မာ**....တည်း။

စိတ္တသမ္ပယုတ္တာ၊ စိတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

စိတ္တဝိပ္ပယုတ္တာ၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ ကား**—စေတသိက် ဒွေပညာသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၃-ပါး။ပ။ သစ္စာအားဖြင့် ၃-ပါးဖြစ်ကုန်၏။ (စေတသိကာ ဓမ္မာနှင့် အတူဖွဲ့လေ)။

**ဒုတိယ ကား**—ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၁-ပါး။ပ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (အနာရမ္မဏာ ဓမ္မာနှင့် အတူဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်။ပ။ တို့တွင် စိတ်တခုယုတ်ကိုးဆယ် ဟုဆိုအပ်သော။ပ။ ကြောင့် **သပ္ပဒေသဒုက်** မည်၏။

## ၅-စိတ္တသံသဋ္ဌဒုက်

စိတ္တသမ္ပယုတ္တဒုက်ကို....၌ စိတ္တသံသဋ္ဌဒုက်ကို....၏....ကား— **စိတ္တသံသဋ္ဌာ ဓမ္မာ**....တည်း။

ထိုနောင် ...၏....ကား— **စိတ္တဝိသံသဋ္ဌာ ဓမ္မာ**....တည်း။

စိတ္တသံသဋ္ဌာ၊ စိတ်နှင့် နှီးနှောကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

စိတ္တဝိသံသဋ္ဌာ၊ စိတ်နှင့် မနှီးနှောကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

(စိတ္တသမ္ပယုတ္တဒုက်နှင့် အတူကောက်လေ၊ ဒုက်မှတ်လည်း တူပြီ)။

## ၆-စိတ္တသမုဋ္ဌာနဒုက်

စိတ္တသံသဋ္ဌဒုက်ကို... ၌ စိတ္တသမုဋ္ဌာနဒုက်ကို....၏... ကား—**စိတ္တသမုဋ္ဌာနာ ဓမ္မာ**... တည်း။

ထိုနောင်....၏....ကား—**နောစိတ္တသမုဋ္ဌာနာ ဓမ္မာ**....တည်း။

စိတ္တသမုဋ္ဌာနာ၊ စိတ်လျှင် ဖြစ်ကြောင်း ရှိကုန်သော။ ဝါ၊ စိတ်ကြောင့် ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

နော စိတ္တသမုဋ္ဌာနာ၊ စိတ်လျှင် ဖြစ်ကြောင်း မရှိကုန်သော။ ဝါ၊ စိတ်ကြောင့် မဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ... ကား**—စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ် သတ္တရသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၆-ပါး၊ ဓာတ်အားဖြင့် ၆-ပါး၊ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး** ဟူသော်ကား —

စိတ္တဇရုပ် သတ္တရသသည် ရူပက္ခန္ဓာ မည်၏၊ စေတသိက် ဒွေပညာသတို့တွင်။ပ။ စေတသိက် ပညာသသည် သင်္ခါရက္ခန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါး ဖြစ်သတည်း။

**အာယတနအားဖြင့် ၆-ပါး** ဟူသော်ကား —

စိတ္တဇရုပ် သတ္တရသတို့တွင် ရူပါရုံသည် ရူပါယတန မည်၏။ ပ ။ ပထဝီ, တေဇော, ဝါယော ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတန မည်၏၊ စေတသိက် ဒွေပညာသ၊ အာပေါ, အာဟာရရုပ်, ပရိစ္ဆေဒရုပ်, ကာယဝိညတ်, ဝစီဝိညတ်, ရူပဿ လဟုတာ, မုဒုတာ, ကမ္မညတာ, ဥပစယ, သန္တတိ အားဖြင့်၊ **တနည်း** — ဇရတာ, အနိစ္စတာ အားဖြင့် သုခုမရုပ် ၁၀-ခု၊ ၁၂-ခုသည် ဓမ္မာ-ယတန မည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၆-ပါး ဖြစ်သတည်း။

**ဓာတ်အားဖြင့် ၆-ပါး** ဟူသော်ကား —

စိတ္တဇရုပ် သတ္တရသ တို့တွင် ရူပါရုံသည် ရူပဓာတ် မည်၏ ။ ပ ။ ပထဝီ, တေဇော, ဝါယော ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ် မည်၏၊ စေတသိက် ဒွေပညာသ၊ အာပေါ ။ ပ ။ သန္တတိ အားဖြင့်၊ **တနည်း** – ဇရတာ, အနိစ္စတာ အားဖြင့် သုခုမရုပ် ၁၀-ခု၊ ၁၂-ခုသည် ဓမ္မဓာတ် မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၆-ပါး ဖြစ်သတည်း။

**သစ္စာအားဖြင့် ၃-ပါး** ဟူသော်ကား —

လောကီစိတ် ကောသီတိဥ္စရှိသော လောဘကြဉ်သော စေတသိက် ဧက-ပညာသ၊ စိတ္တဇရုပ် သတ္တရသသည် ဒုက္ခသစ္စာ မည်၏၊ လောဘသည် သမုဒယ သစ္စာ မည်၏၊ မဂ်စိတ် ၄-ခုဥ္စရှိသော သမ္မာဒိဋ္ဌိ ။ ပ ။ သမ္မာသမာဓိ ဟုဆိုအပ်သော သောတာပတ္တိမဂ် ၈-ပါး၊ ၇-ပါး ။ ပ ။ အရဟတ္တမဂ် ၈-ပါး၊ ၇-ပါးသည် မဂ္ဂသစ္စာ မည်၏၊ ကြွင်းသော မဂ်စိတ် ၄-ခုဥ္စရှိသော မဂ္ဂင် ၈-ပါး ကြဉ်သော စေတသိက် အဋ္ဌဝီသ၊ ဖိုလ်စိတ် ၄-ခုဥ္စရှိသော စေတသိက် ဆတ္တိံသ သည် သစ္စာဟူသော အရေအတွက်မှလွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၃-ပါး ဖြစ်သတည်း။

**ဒုတိယ .... ကား** — စိတ်တခုယုတ် ကိုးဆယ်၊ ကမ္မဇရုပ် ဝီသ၊ ဥတုဇရုပ် ပန္နရသ၊ အာဟာရဇရုပ် စုဒ္ဒသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၂-ပါး၊ အာယတနအားဖြင့် ၁၂-ပါး၊ ဓာတ် **အားဖြင့်** ၁၈-ပါး၊ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၂-ပါး** ဟူသော်ကား —

တိဇရုပ်သည် ရူပက္ခန္ဓာ မည်၏၊ စိတ်တခုယုဟ် ကိုးဆယ်သည် ဝိညာဏက္ခန္ဓာ မည်၏၊ နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှလွတ်၏၊ ဤသို့လျှင် ခန္ဓာ အားဖြင့် ၂-ပါး ဖြစ်သတည်း။

**အာယတနအားဖြင့် ၁၂-ပါး** ဟူသော်ကား —

တိဇရုပ်တို့တွင် စက္ခုပသာဒသည် စက္ခာယတန မည်၏ ။ ပ ။ ပထဝီ, တေဇော, ဝါယော ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတန မည်၏၊ စိတ်တခုယုတ် ကိုးဆယ်သည် မနာယတန မည်၏၊ အာပေါ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဟဒယရုပ်, ဇီဝိတရုပ်, အာဟာရရုပ်, ပရိစ္ဆေဒရုပ်, ရူပဿ လဟုတာ, မုဒုတာ, ကမ္မညတာ, ဥပစယ, သန္တတိ အားဖြင့်၊ **တနည်း** — ဇရတာ, အနိစ္စတာ အား ဖြင့် သုခုမရုပ် ဒွါဒသ၊ စုဒ္ဒသ၊ နိဗ္ဗာန်သည် ဓမ္မာယတန မည်၏၊ ဤသို့လျှင် အာယတန အားဖြင့် ၁၂-ပါး ဖြစ်သတည်း။

**ဓာတ်အားဖြင့် ၁၈-ပါး** ဟူသော်ကား —

တိဇရုပ်တို့တွင် စက္ခုပသာဒသည် စက္ခုဓာတ် မည်၏။ ပ ။ ပထဝီ,တေဇော, ဝါယော ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ် မည်၏၊ စက္ခုဝိညာဉ် ဒွေသည် စက္ခုဝိညာဏဓာတ် မည်၏ ။ ပ ။ ကာယဝိညာဉ်ဒွေသည် ကာယ-ဝိညာဏဓာတ် မည်၏၊ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်းဒွေသည် မနောဓာတ်မည်၏၊ ကြွင်းသော စိတ် ၇၆-ခုသည် မနောဝိညာဏဓာတ် မည်၏၊ အာပေါ ။ ပ ။ ဥပစယ, သန္တတိ အားဖြင့်၊ **တနည်း** — ဇရတာ, အနိစ္စတာ အားဖြင့် သုခုမရုပ် ဒွါဒသ၊ စုဒ္ဒသ၊ နိဗ္ဗာန်သည် ဓမ္မဓာတ် မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၁၈-ပါး ဖြစ်သတည်း။

**သစ္စာအားဖြင့် ၂-ပါး** ဟူသော်ကား —

လောကီစိတ် ကောသီတိ၊ တိဇရုပ်သည် ဒုက္ခသစ္စာ မည်၏၊ နိဗ္ဗာန် သည် နိရောဓသစ္စာ မည်၏၊ လောကုတ္တရာစိတ် ၈-ခုသည် သစ္စာဟူသော အရေ အတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါးဖြစ်သတည်း။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

---

## ၇-စိတ္တသဟဘုဒုက်

**စိတ္တသမုဋ္ဌာနဒုက်ကို**........၌ စိတ္တသဟဘုဒုက်ကို........၏၊ ........**ကား— စိတ္တ-သဟဘုနော ဓမ္မာ**....တည်း။

ထိုနောင်........၏၊........ကား—နော စိတ္တသဟဘုနော ဓမ္မာ .တည်း။

စိတ္တသဟဘုနော၊ စိတ်နှင့် တကွ ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

နော စိတ္တသဟဘုနော၊ စိတ်နှင့် တကွ ပဖြစ်ကုန်သော။ ဝါ၊ စိတ်နှင့် တကွ ဖြစ်သည် မဟုတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဉ္စမ....ကား—** စေတသိက် ဒွေပညာသ၊ ဝိညတ်ဒွေ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၁-ပါး၊ ဓာတ် အားဖြင့် ၁-ပါး၊ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး** ဟူသော်ကား—

ဝိညတ်ဒွေ သည် ရူပက္ခန္ဓာ မည်၏၊ စေတသိက် ဒွေပညာသတို့တွင် ။ ပ ။ စေကသိက် ပညာသ သည် သင်္ခါရက္ခန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါး ဖြစ်သတည်း။

**အာယတနအားဖြင့် ၁-ပါး** ဟူသော်ကား—

စေတသိက် ဒွေပညာသ၊ ဝိညတ်ဒွေ သည် ဓမ္မာယတန မည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၁-ပါး ဖြစ်သတည်း။ (ဓာတ်ဖွဲ့ လွယ်ပြီ)။

**သစ္စာအားဖြင့် ၃-ပါး** ဟူသော်ကား—

လောကီစိတ် ကောသီတိ ၌ ရှိသော လောဘ ကြဉ်သော စေတသိက် ကေ-ပညာသ၊ ဝိညတ်ဒွေ သည် ဒုက္ခသစ္စာ မည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏၊ မဂ်စိတ် ၄-ခု၌ရှိသော သမ္မာဒိဋ္ဌိ ။ ပ ။ သမ္မာသမာဓိ ဟုဆိုအပ်သော သောတာပတ္တိမဂ် ဂ-ပါး၊ ၇-ပါး။ ပ ။ အရဟတ္တမဂ် ဂ-ပါး၊ ၇-ပါးသည် မဂ္ဂ-သစ္စာ မည်၏၊ ကြွင်းသော မဂ်စိတ် ၄-ခု၌ရှိသော မဂ္ဂင် ဂ-ပါး ကြဉ်သော စေတသိက် အဋ္ဌဝီသ၊ ဖိုလ်စိတ် ၄-ခု၌ ရှိသော စေတသိက် ဆတ္တိံသ သည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၃-ပါး ဖြစ်သတည်း။

**ဒုတိယ....ကား—**စိတ်တခုယုတ် ကိုးဆယ်၊ ဝိညတ်ဒွေ ကြဉ်သော ရုပ် ဆဗ္ဗီသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၂-ပါး၊ အာယတနအားဖြင့် ၁၂-ပါး၊ ဓာတ် အားဖြင့် ၁ဂ-ပါး၊ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

(အစေတသိကာ ဓမ္မာ နှင့် အတူ ဖွဲ့လေ၊ ဝိညတ်ဒွေ ကို ခြင်း၍ သုခုမရုပ် စုဒ္ဒသ ဆိုသည်သာ ထူး၏။)

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

## ၈-စိတ္တာနုပရိဝတ္တိဒုက်

စိတ္တသဟဘုဒုက်ကို........၌ စိတ္တာနုပရိဝတ္တိဒုက်ကို........၏၊ ....ကား—**စိတ္တာ-နုပရိဝတ္တိနော ဓမ္မာ**....တည်း။

ထိုနောင်........၏၊........ကား— **နော စိတ္တာနုပရိဝတ္တိနော ဓမ္မာ**....တည်း။

စိတ္တာနုပရိဝတ္တိနော၊ စိတ်သို့ အစဉ်လိုက်၍ ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

နော စိတ္တာနုပရိဝတ္တိနော၊ စိတ်သို့ အစဉ်လိုက်၍ ဖြစ်သည် မဟုတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

(စိတ္တသဟဘုဒုက် နှင့် မထူးပြီ၊ ကောက်လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

---

## ၉-စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်

စိတ္တာနုပရိဝတ္တိဒုက်ကို....၌ စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်ကို........၏၊....ကား—**စိတ္တသံသဋ္ဌသမုဋ္ဌာနာ ဓမ္မာ**....တည်း။

ထိုနောင်........၏၊........ကား— **နော စိတ္တသံသဋ္ဌသမုဋ္ဌာနာ ဓမ္မာ**....တည်း။

စိတ္တသံသဋ္ဌသမုဋ္ဌာနာ၊ စိတ်နှင့်လည်း နှီးနှော စိတ်ကြောင့်လည်း ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

နော စိတ္တသံသဋ္ဌသမုဋ္ဌာနာ၊ စိတ်နှင့်လည်း မနှီးနှော စိတ်ကြောင့်လည်း မဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

(စေတသိကဒုက်နှင့် အတူကောက်လေ၊ မထူးပြီ)။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

---

## ၁၀-စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုဒုက်

စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်ကို........၌ စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုဒုက်ကို........၏၊........ကား **စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုနော ဓမ္မာ**....တည်း။

ထိုနောင်....၏၊........ကား —**နော စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုနော ဓမ္မာ....တည်း**။

စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုနော၊ စိတ်နှင့်လည်း နှီးနှော စိတ်ကြောင့်လည်း ဖြစ် စိတ်နှင့်လည်း တကွဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

နော စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုနော၊ စိတ်နှင့်လည်း မနှီးနှော စိတ်ကြောင့်လည်း မဖြစ် စိတ်နှင့်လည်းတကွ မဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

(စေတသိကဒုက်နှင့် အတူ ကောက်လေ၊ မထူးပြီ)။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

---

## ၁၁-စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက်

စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုဒုက်ကို........၌ စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက်ကို........၏၊........ကား—**စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိနော ဓမ္မာ**....တည်း။

ထိုနောင်....၏၊....ကား —**နော စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိနော ဓမ္မာ**....တည်း။

စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိနော၊ စိတ်နှင့်လည်း နှီးနှော စိတ်ကြောင့်လည်းဖြစ် စိတ်သို့ အစဉ်လိုက်၍လည်း ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည် သံဝိဇ္ဇန္တိ၊ ကုန်၏။

နော စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိနော၊ စိတ်နှင့်လည်း မနှီးနှော စိတ်ကြောင့်လည်း မဖြစ် စိတ်သို့ အစဉ်လိုက်၍လည်း မဖြစ်ကုန်သော။ ဓမ္မာ၊တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

(စေတသိကဒုက်နှင့် အတူ ကောက်လေ၊ မထူးပြီ)။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

---

## ၁၂-အဇ္ဈတ္တိကဒုက်

စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက်ကို........၌ အဇ္ဈတ္တိကဒုက်ကို........၏၊........ကား—**အဇ္ဈတ္တိကာ ဓမ္မာ**....တည်း။

ထိုနောင်........၏၊........ကား—**ဗာဟိရာ ဓမ္မာ**....တည်း။

အဇ္ဈတ္တိကာ၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ဗာဟိရာ၊ အပသန္တာန်၌ ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား—**စိတ်တခုယုတ် ကိုးဆယ်၊ ပသာဒရုပ် ၅-ခု ရ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၂-ပါး၊ အာယတနအားဖြင့် ၆-ပါး၊ ဓာတ်အားဖြင့် ၁၂-ပါး၊ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၂-ပါး** ဟူသော်ကား—

ပသာဒရုပ် ၅-ခုသည် ရူပက္ခန္ဓာ မည်၏။ စိတ်တခုယုတ် ကိုးဆယ်သည် ဝိညာဏက္ခန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၂-ပါး ဖြစ်သတည်း။

**အာယတနအားဖြင့် ၆-ပါး** ဟူသော်ကား—

ပသာဒရုပ် ၅-ခုတို့တွင် စက္ခုပသာဒသည် စက္ခာယတန မည်၏ ။ပ။ ကာယပသာဒသည် ကာယာယတန မည်၏၊ စိတ်တခုယုတ် ကိုးဆယ်သည် မနာယတန မည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၆-ပါး ဖြစ်သတည်း။

**ဓာတ်အားဖြင့် ၁၂-ပါး** ဟူသော်ကား—

ပသာဒရုပ် ၅-ခုတို့တွင် စက္ခုပသာဒသည် စက္ခုဓာတ် မည်၏ ။ပ။ ကာယပသာဒသည် ကာယဓာတ် မည်၏၊ စက္ခုဝိညာဉ်ဒွေသည် စက္ခုဝိညာဏဓာတ် မည်၏ ။ပ။ ကာယဝိညာဉ်ဒွေသည် ကာယဝိညာဏဓာတ် မည်၏၊ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်းဒွေသည် မနောဓာတ် မည်၏၊ ကြွင်းသော စိတ် ၇၆-ခုသည် မနောဝိညာဏဓာတ် မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၁၂-ပါး ဖြစ်သတည်း။

**သစ္စာအားဖြင့် ၁-ပါး** ဟူသော်ကား —

လောကီစိတ် ကောသိတိ၊ ပသာဒရုပ် ၅-ခုသည် ဒုက္ခသစ္စာ မည်၏၊ လောကုတ္တရာစိတ် ၈-ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၁-ပါး ဖြစ်သတည်း။

**ဒုတိယ .... ကား** — စေတသိက် ဒွေပညာသ၊ ပသာဒရုပ် ၅-ခု ကြဉ်သော ရုပ် တေဝီသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၆-ပါး၊ ဓာတ်အားဖြင့် ၆-ပါး၊ သစ္စာအားဖြင့် ၄-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး** ဟူသော်ကား —

ရုပ် တေဝီသသည် ရူပက္ခန္ဓာ မည်၏၊ စေတသိက် ဒွေပညာသတို့တွင် ။ ပ ။ စေတသိက်ပညာသသည် သင်္ခါရက္ခန္ဓာ မည်၏၊ နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါး ဖြစ်သတည်း။

**အာယတနအားဖြင့် ၆-ပါး** ဟူသော်ကား—

ရုပ် တေဝီသတို့တွင် ရူပါရုံသည် ရူပါယတန မည်၏ ။ ပ ။ ပထဝီ, တေဇော, ဝါယော ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတန မည်၏၊ စေတသိက် ဒွေပညာသ၊ အာပေါ ။ ပ ။ အနိစ္စတာအားဖြင့် သုခုမရုပ် သောဠသ၊ နိဗ္ဗာန်သည် ဓမ္မာယတန မည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၆-ပါးဖြစ်သတည်း။

**ဓာတ်အားဖြင့်** ၆-ပါး ဟူသော်ကား —

ရုပ် တေဝီသ တို့တွင် ရူပါရုံသည် ရူပဓာတ် မည်၏ ။ ပ ။ ပထဝီ, တေဇော, ဝါယော ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ် မည်၏၊ စေတသိက် ဒွေပညာသ၊ အာပေါ ။ ပ ။ အနိစ္စတာ အားဖြင့် သုခုမရုပ် သောဠသ၊ နိဗ္ဗာန်သည် ဓမ္မဓာတ် မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၆-ပါး ဖြစ်သတည်း။

**သစ္စာအားဖြင့်** ၄-ပါး ဟူသော်ကား —

လောကီစိတ် ကောသီတိ၌ရှိသော လောဘကြဉ်သော စေတသိက် ဧကပညာသ၊ ရုပ် တေဝီသသည် ဒုက္ခသစ္စာ မည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏၊ မဂ်စိတ် ၄-ခု၌ရှိသော သမ္မာဒိဋ္ဌိ။ပ။ သမ္မာသမာဓိဟု ဆိုအပ်သော သောတာပတ္တိမဂ် ဂ-ပါး၊ ၇-ပါး။ ပ ။ အရဟတ္တမဂ် ဂ-ပါး၊ ၇-ပါး သည် မဂ္ဂသစ္စာ မည်၏၊ ကြွင်းသော မဂ်စိတ် ၄-ခု၌ ရှိသော မဂ္ဂင် ဂ-ပါး ကြဉ်သော စေတသိက် အဋ္ဌဝီသ၊ ဖိုလ်စိတ် ၄-ခု၌ရှိသော စေတသိက် ဆတ္တိံသသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာ အားဖြင့် ၄-ပါး ဖြစ်သတည်း။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

---

## ၁၃-ဥပါဒါဒုက်

အဇ္ဈတ္တိကဒုက်ကို ........ ၌ ဥပါဒါဒုက်ကို ........ ၏၊ ........ ကား — **ဥပါဒါ ဓမ္မာ** .... တည်း။

ထိုနောင် ........ ၏၊....ကား — **နော ဥပါဒါ ဓမ္မာ** .... တည်း။

ဥပါဒါ၊ မှီ၍သာဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

နော ဥပါဒါ၊ မှီ၍သာဖြစ်သည် မဟုတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ .... ကား** — ဥပါဒါရုပ် စတုဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၁-ပါး၊ အာယတနအားဖြင့် ၁၀-ပါး၊ ဓာတ်အားဖြင့် ၁၀-ပါး၊ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၁-ပါး** ဟူသော်ကား —

ဥပါဒါရုပ် စတုဝီသသည် ရူပက္ခန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၁-ပါး ဖြစ်သတည်း။

**အာယတနအားဖြင့် ၁၀-ပါး** ဟူသော်ကား —

ဥပါဒါရုပ် စတုဝီသ တို့တွင် စက္ခုပသာဒသည် စက္ခာယတန မည်၏ ။ ပ ။ ရသာရုံသည် ရသာယတန မည်၏၊ ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ ။ ပ ။ အနိစ္စတာ

အားဖြင့် သုခုမရုပ် ပန္နရသသည် ဓမ္မာယတန မည်၏၊ ဤသို့လျှင် အာယတန အားဖြင့် ၁၀-ပါး ဖြစ်သတည်း။

**ဓာတ်အားဖြင့် ၁၀ ပါး** ဟူသော်ကား— -

ဥပါဒါရုပ် စတုဝီသ တို့တွင် စက္ခုပသာဒ သည် စက္ခုဓာတ် မည်၏ ။ ပ ။ ရသာရုံသည် ရသဓာတ် မည်၏၊ ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ ။ ပ ။ အနိစ္စတာ အားဖြင့် သုခုမရုပ် ပန္နရသသည် ဓမ္မဓာတ် မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၁၀-ပါး ဖြစ်သတည်း။

**သစ္စာအားဖြင့် ၁-ပါး** ဟူသော်ကား—

ဥပါဒါရုပ် စတုဝီသ သည် ဒုက္ခသစ္စာမည်၏၊ဤသို့လျှင် သစ္စာအားဖြင့် ၁-ပါး ဖြစ်သတည်း။

**ဒုတိယ....ကား—** စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ဘူတရုပ် ၄-ခု၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၃-ပါး၊ ဓာတ် အားဖြင့် ၉-ပါး၊ သစ္စာအားဖြင့် ၄-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၅-ပါး** ဟူသော်ကား—

ဘူတရုပ် ၄-ခု သည် ရူပက္ခန္ဓာ မည်၏၊ စေတသိက် ဒွေပညာသ တို့တွင် ။ ပ ။ စေတသိက် ပညာသ သည် သင်္ခါရက္ခန္ဓာ မည်၏၊ စိတ်တခုယုတ် ကိုးဆယ်သည် ဝိညာဏက္ခန္ဓာ မည်၏၊ နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့ လျှင် ခန္ဓာအားဖြင့် ၅-ပါး ဖြစ်သတည်း။

**အာယတန အားဖြင့် ၃-ပါး** ဟူသော်ကား—

ပထဝီ, တေဇော, ဝါယော ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံ သည် ဖောဋ္ဌဗ္ဗာ-ယတန မည်၏၊ စိတ်တခုယုတ် ကိုးဆယ် သည် မနာယတန မည်၏၊ စေတသိက် ဒွေပညာသ၊ အာပေါ၊ နိဗ္ဗာန်သည် ဓမ္မာယတန မည်၏၊ ဤသို့လျှင် အာယတန အားဖြင့် ၃-ပါး ဖြစ်သတည်း။

**ဓာတ်အားဖြင့် ၉-ပါး** ဟူသော်ကား—

ပထဝီ, တေဇော, ဝါယော ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံ သည် ဖောဋ္ဌဗ္ဗဓာတ် မည်၏၊ စက္ခုဝိညာဉ်ဒွေ သည် စက္ခုဝိညာဏဓာတ် မည်၏ ။ ပ ။ ကာယဝိညာဉ် ဒွေ သည် ကာယဝိညာဏဓာတ် မည်၏၊ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်းဒွေ သည် မနောဓာတ် မည်၏၊ ကြွင်းသော စိတ် ၇၆-ခု သည် မနောဝိညာဏဓာတ် မည်၏၊ စေတသိက် ဒွေပညာသ၊ အာပေါ၊ နိဗ္ဗာန်သည် ဓမ္မဓာတ် မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၉-ပါး ဖြစ်သတည်း။

**သစ္စာအားဖြင့် ၄-ပါး** ဟူသော်ကား—

**လောကီစိတ်** ကောသိတိ၊ လောဘကြဉ်သော စေတသိက် ကေပညာသ၊ **ဘူ**တရုပ် ၄-ခု သည် ဒုက္ခသစ္စာ မည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏၊ မဂ်စိတ် ၄-ခု၌ရှိသော သမ္မာဒိဋ္ဌိ ။ ပ ။ သမ္မာ-**သမာဓိ** ဟုဆိုအပ်သော သောတာပတ္တိမဂ် ဂ-ပါး၊ ၇-ပါး ။ ပ ။ အရဟတ္တမဂ် ဂ-ပါး၊ ၇-ပါး သည် မဂ္ဂသစ္စာ မည်၏၊ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၈-ခု၊ ဖိုလ်-စိတ္တုပ္ပါဒ် ၃၇-ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် **သစ္စာအားဖြင့်** ၄-ပါး ဖြစ်သတည်း။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

---

## ၁၄-ဉပါဒိန္နဒုက်

ဉပါဒါဒုက်ကို........၌ ဉပါဒိန္နဒုက်ကို.... ၏၊ ........ကား— **ဉပါဒိန္နာ ဓမ္မာ**.... တည်း။

ထိုနောင်........၏၊........ကား—**အနုပါဒိန္နာ ဓမ္မာ**....တည်း။

ဉပါဒိန္နာ၊ အာရုံပြုသောအားဖြင့် တဏှာ, ဒိဋ္ဌိ တို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်ကုန်သော။ ဓမ္မာ၊ တို့သည်၊ သံဝိဇ္ဇန္တိ၊ ကုန်၏။

အနုပါဒိန္နာ၊ အာရုံပြုသောအားဖြင့် တဏှာ, ဒိဋ္ဌိ တို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား—**လောကီဝိပါက် ဗာတ္တိံသ၊ စေတသိက် ပဥ္စတိံသ၊ ကမ္မဇရုပ် ဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၁၁-ပါး၊ ဓာတ်အားဖြင့် ၁၇-ပါး၊ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

**ဒုတိယ....ကား—**အကုသိုလ် ဒွါဒသ၊ ကုသိုလ် ဧကဝီသ၊ ကြိယာစိတ် ဝီသ၊ ဖိုလ်စိတ် ၄-ခု၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ် သတ္တရသ၊ ဥတုဇရုပ် ပန္နရသ၊ အာဟာရဇရုပ် စုဒ္ဒသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၇-ပါး၊ ဓာတ်အားဖြင့် ဂ-ပါး၊ သစ္စာအားဖြင့် ၄-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

# ၁၁-ဉပါဒါနဂေါစ္ဆက

## ၁-ဉပါဒါနဒုက်

မဟန္တရဒုက်ကို....၌ ဉပါဒါနဂေါစ္ဆကကို....၏။

ထို ဉပါဒါနဂေါစ္ဆက၌ လည်း—

၁။ ဉပါဒါနဒုက်၊

၂။ ဉပါဒါနိယဒုက်၊

၃။ ဉပါဒါနသမ္ပယုတ္တဒုက်၊

၄။ ဉပါဒါန ဉပါဒါနိယဒုက်၊

၅။ ဉပါဒါန ဉပါဒါနသမ္ပယုတ္တဒုက်၊

၆။ ဉပါဒါနဝိပ္ပယုတ္တဉပါဒါနိယဒုက် အားဖြင့် **၆-ပါး** အပြားရှိ၏။

ထို ၆-ပါးတို့တွင် ဉပါဒါနဒုက်ကို....၏၊....ကား—**ဉပါဒါနာ ဓမ္မာ**....တည်း။

ထိုနောင်....၏၊....ကား—**နော ဉပါဒါနာ ဓမ္မာ**....တည်း။

ဉပါဒါနာ၊ ဉပါဒါန် မည်ကုန်သော။ ဝါ၊ ပြင်းစွာ စွဲလမ်းတတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

နော ဉပါဒါနာ၊ ဉပါဒါန် မမည်ကုန်သော။ ဝါ၊ ပြင်းစွာ မစွဲလမ်းတတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ ...ကား** – လောဘ, ဒိဋ္ဌိ ဟုဆိုအပ်သော ဉပါဒါန်တရားကိုယ် ၂-ပါး ရ၏၊

ထိုဉပါဒါန်တရားကိုယ် ၂-ပါးသည် သင်္ခါရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

**သစ္စာအားဖြင့် ၂-ပါး** ဟူသော်ကား—

ဒိဋ္ဌိသည် ဒုက္ခသစ္စာမည်၏၊ လောဘသည် သမုဒယသစ္စာမည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါး ဖြစ်သတည်း။

**ဒုတိယ... ကား**—စိတ်တခုယုတ် ကိုးဆယ်၊ ဉပါဒါန် တရားကိုယ် ၂-ပါးကြဉ်သော စေတသိက် ပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး။ပ။ သစ္စာအားဖြင့် ၃-ပါးဖြစ်ကုန်၏။ (ဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

## ၂-ဥပါဒါနိယဒုက်

ဥပါဒါနဒုက်ကို....၌ ဥပါဒါနိယဒုက်ကို....၏.... ကား— **ဥပါဒါနိယာ ဓမ္မာ....** တည်း။

ထိုနောင်....၏....ကား—**အနုပါဒါနိယာ ဓမ္မာ**....တည်း။

ဥပါဒါနိယာ၊ ဥပါဒါန်၏ အာရုံဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အနုပါဒါနိယာ၊ ဥပါဒါန်၏ အာရုံ မဟုတ်ကုန်သော၊ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား**— လောကီစိတ် ကောသိတိ၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး။ပ။ သစ္စာအားဖြင့် ၂-ပါးဖြစ်ကုန်၏။ (ဖွဲ့လေ)။

**ဒုတိယ....ကား**—လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန်ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ် အားဖြင့် ၂-ပါး၊ သစ္စာအားဖြင့် ၂-ပါးဖြစ်ကုန်၏။ (ဖွဲ့မြဲဖွဲ့လေ၊ လွယ်ပြီ)။

အာဒိလဒ္ဒနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

---

## ၃-ဥပါဒါနသမ္ပယုတ္တဒုက်

ဥပါဒါနိယဒုက်ကို...၌ ဥပါဒါနသမ္ပယုတ္တဒုက်ကို....၏....ကား— **ဥပါဒါန-သမ္ပယုတ္တာ ဓမ္မာ**....တည်း။

ထိုနောင်....၏....ကား—**ဥပါဒါနဝိပ္ပယုတ္တာ ဓမ္မာ**....တည်း။

ဥပါဒါနသမ္ပယုတ္တာ၊ ဥပါဒါန်နှင့် ယှဉ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ဥပါဒါနဝိပ္ပယုတ္တာ၊ ဥပါဒါန်နှင့် မယှဉ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား**—လောဘမူစိတ် ၈-ခု၊ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၌ရှိသော လောဘ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ဗာဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ်အားဖြင့် ၂-ပါး၊ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

**ဒုတိယ** .... **ကား** — ဒေါသမူဒွေ၊ မောဟမူဒွေ၊ ကုသိုလ် ကောဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ လောဘ, ဒိဋ္ဌိ, မာန ကြဉ်သော စေတသိက် ကျေနပညာသ၊ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခုဉ်ရှိသော လောဘ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။ (လွှယ်ပြီ၊ ဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

---

## ၄-ဥပါဒါန ဥပါဒါနိယဒုက်

ဥပါဒါနသမ္ပယုတ္တဒုက်ကို ........ ၌ ဥပါဒါန ဥပါဒါနိယဒုက်ကို ........ ၏၊........ ကား — **ဥပါဒါနာ စေဝ ဓမ္မာ ဥပါဒါနိယာ စ** .... တည်း။

ထိုနောင် ........ ၏၊ ........ ကား — **ဥပါဒါနိယာ စေဝ ဓမ္မာ နောစ ဥပါဒါနာ** .... တည်း။

ဥပါဒါနာ စေဝ၊ ဥပါဒါန်လည်း မည်ကုန်သော။ ဥပါဒါနိယာ စ၊ ဥပါဒါန်၏ အာရုံလည်း ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်၊ သံဝိဇ္ဇန္တိ၊ ကုန်၏။

ဥပါဒါနိယာ စေဝ၊ ဥပါဒါန်၏ အာရုံလည်း ဖြစ်ကုန်သော။ နောစ ဥပါဒါနာ၊ ဥပါဒါန်လည်း မမည်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ** .... **ကား** — လောဘ, ဒိဋ္ဌိ ဟု ဆိုအပ်သော ဥပါဒါန် တရားကိုယ် ၂-ပါး ရ၏။ (ဆိုမြဲ ဆိုလေ)။

**ဒုတိယ** .... **ကား**— လောကီစိတ် ကောသီတိ၊ ဥပါဒါန်တရားကိုယ် ၂-ပါး ကြဉ်သော စေတသိက် ပညာသ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး ။ ပ ။ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။ (ဖွဲ့မြဲ ဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက် ။ ပ ။ တို့တွင် လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ဟု ဆိုအပ်သော ။ ပ ။ ကြောင့် **သပ္ပဒေသဒုက်** မည်၏။

---

## ၅-ဥပါဒါန ဥပါဒါနသမ္ပယုတ္တဒုက်

ဥပါဒါန ဥပါဒါနိယဒုက်ကို ........ ၌ ဥပါဒါန ဥပါဒါနသမ္ပယုတ္တဒုက်ကို........ ၏၊ ........ ကား — **ဥပါဒါနာ စေဝ ဓမ္မာ ဥပါဒါနသမ္ပယုတ္တာ စ** ........ တည်း။

ထိုနောင် ........ ၏၊ ........ ကား — **ဥပါဒါနသမ္ပယုတ္တာ စေဝ ဓမ္မာ နောစ ဥပါဒါနာ** .... တည်း။

ဥပါဒါနာ စေဝ၊ ဥပါဒါနိလည်း မည်ကုန်သော။ ဥပါဒါနသမ္ပယုတ္တာ စ၊ ဥပါဒါနိနှင့်လည်း ယှဉ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ဥပါဒါနသမ္ပယုတ္တာ စေဝ၊ ဥပါဒါနိနှင့်လည်း ယှဉ်ကုန်သော။ နော စ ဥပါဒါနာ၊ ဥပါဒါနိလည်း မမည်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ .... ကား** — ဒိဋ္ဌိဂတသမ္ပယုတ် ၄-ခုဋ္ဌ်ရှိသော လောဘ, ဒိဋ္ဌိ ဟု ဆိုအပ်သော ဥပါဒါနိတရားကိုယ် ၂-ပါးရ၏။ (ဆိုမြဲဆိုလေ)။

**ဒုတိယ .... ကား** — လောဘမူစိတ် ၈-ခု၊ ဥပါဒါနိတရားကိုယ် ၂-ပါး ကြဉ်သော စေတသိက် ဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ ပ ။ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက် ။ပ။ တို့တွင် ဒေါသမူဒွေ၊ မောဟမူဒွေ၊ ကုသိုလ် ကေဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ လောဘ, ဒိဋ္ဌိ, မာန ကြဉ်သော စေတသိက် ကေူနပညာသ၊ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခုဋ္ဌ ရှိသော လောဘ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ဟု ဆိုအပ်သော ။ ပ ။ ကြောင့် **သပ္ပဒေသဒုက်** မည်၏။

---

## ၆-ဥပါဒါနဝိပ္ပယုတ္တ ဥပါဒါနိယဒုက်

ဥပါဒါန ဥပါဒါနသမ္ပယုတ္တဒုက်ကို ........ ၌ ဥပါဒါနဝိပ္ပယုတ္တ ဥပါဒါနိယဒုက်ကို ........ ၏၊ ........ ကား — **ဥပါဒါနဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ ဥပါဒါနိယာပိ ....** တည်း။

ထိုနောင် ............ ၏၊....ကား **အနုပါဒါနိယာပိ** .... တည်း။

ဥပါဒါနဝိပ္ပယုတ္တာ ခေါ ပန၊ ဥပါဒါနိနှင့် မယှဉ်ကုန်သော။ ဥပါဒါနိယာပိ၊ ဥပါဒါနိ၏ အာရုံလည်း ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ဥပါဒါနဝိပ္ပယုတ္တာ ခေါ ပန၊ ဥပါဒါနိနှင့် မယှဉ်ကုန်သော။ အနုပါဒါနိယာပိ၊ ဥပါဒါနိ၏ အာရုံလည်း မဟုတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ .... ကား** — ဒေါသမူဒွေ၊ မောဟမူဒွေ၊ လောကီကုသိုလ် သတ္တရသ၊ လောကီဝိပါက် ဗာတ္တိံသ၊ ကြိယာစိတ် ဝီသ၊ လောဘ, ဒိဋ္ဌိ, မာန ကြဉ်သော စေတသိက် ကေူနပညာသ၊ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခုဋ္ဌရှိသော လောဘ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး ။ ပ ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

**ဒုတိယ** .... **ကား** — လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ ပ ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ ( ဖွဲ့လေ )။

အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက် ။ ပ ။ တို့တွင် လောဘမူစိတ် ၈-ခု၊ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခုဌ်ရှိသော လောဘ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ဗာဝီသ ဟုဆိုအပ်သော ။ ပ ။ ကြောင့် **သပ္ပ-ဒေသဒုက်** မည်၏။

---

ပဌမဒုက်၌ တတိယဒုက်၏ ပဌမပုဒ်ကို ထည့်၍ "ဥပါဒါနာ စေဝ ဓမ္မာ ဥပါဒါနသမ္ပယုတ္တာ စ။ဥပါဒါနသမ္ပယုတ္တာ စေဝ ဓမ္မာ နော စ ဥပါဒါနာ" ဟူသော ဤ ပဌမဒုက်သည် ဖြစ်သကဲ့သို့။

ထိုအတူ ပဌမဒုက်၌ တတိယဒုက်၏ ဒုတိယပုဒ်ကိုထည့်၍ ဥပါဒါနာ **စေဝ ဓမ္မာ ဥပါဒါန-ဝိပ္ပယုတ္တာ စ။ဥပါဒါနဝိပ္ပယုတ္တာ စေဝ ဓမ္မာနော စဥပါဒါနာ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ** ...**ကား** — ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခုဌ်ရှိသော လောဘ ဟုဆိုအပ်သော ဥပါဒါန တရားကိုယ် ၁-ပါး ရ၏။

**ဒုတိယ** ....**ကား** — ဒေါသမူဒွေ၊ မောဟမူဒွေ၊ ကုသိုလ် ကေဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ လောဘ,ဒိဋ္ဌိ,မာန ကြဉ်သော စေတသိက် ဧကူနပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်။ပ။၂-ပါးတို့တွင် လောဘမူစိတ် ၈-ခု၊ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခုဌ်ရှိသော လောဘ,ဒေါသ, ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ဗာဝီသ ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

"ဥပါဒါနဝိပ္ပယုတ္တာ ဓမ္မာ ဥပါဒါနိယာပိ။ အနုပါဒါနိယာပိ "ဟု ဟောတော်မူလျှင် ပြီးကောင်းလျက် **သဒ္ဒါဓိကာ အတ္ထာဓိကော ဟောတိ** ဟူသော ပရိဘာသာနှင့်အညီ အနက်လွန်ကို ပြခြင်းငှါ **ခေါ ပန** ဟူသော သဒ္ဒါလွန်ကို ဟောတော်မူအပ်၏။

ထို **ခေါ ပန** ဟူသော သဒ္ဒါလွန်ဖြင့် ပြအပ်သော အတိရေကဒုက် အပေါင်းတို့တွင် ဒုတိယဒုက်၌ တတိယဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ "ဥပါဒါနဝိပ္ပယုတ္တာ ဓမ္မာ ဥပါဒါနိယာပိ။ အနုပါဒါနိယာပိ"ဟူသော ဤဆဋ္ဌဒုက်သည် ဖြစ်သကဲ့သို့။

ထိုအတူ ဒုတိယဒုက်၌ ပဌမဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ နော ဥပါဒါနာ ဓမ္မာ ဥပါဒါနိ-ယာပိ။ အနုပါဒါနိယာပိ ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ** .... **ကား** — လောဘမူစိတ် ဧကောသီတိ၊ ဥပါဒါန်တရားကိုယ် ၂-ပါးကြဉ်သော စေတသိက် ပညာသ၊ ရုပ် အဋ္ဌဝီသ ရ၏။

**ဒုတိယ** .... **ကား** — လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏။ သပ္ပဒေသဒုက်။ ပ ။ ၂-ပါးတို့တွင် ဥပါဒါန်တရားကိုယ် ၂-ပါးဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

တတိယဒုက်၌ ပဌမဒုက်၏ ပဌမပုဒ်ကို ထည့်၍ ဥပါဒါနာ ဓမ္မာ ဥပါဒါနသမ္ပယုတ္တာပိ။ ဥပါဒါနဝိပ္ပယုတ္တာပိ ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ** .... **ကား**—ဒိဋ္ဌိဂတသမ္ပယုတ် ၄-ခု၌ရှိသော, လောဘ, ဒိဋ္ဌိဟု ဆိုအပ်သော ဥပါဒါန်တရားကိုယ် ၂-ပါး ရ၏။

**ဒုတိယ**...**ကား**—ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၌ရှိသော လောဘဟုဆိုအပ်သော ဥပါဒါန်တရားကိုယ် ၁-ပါး ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်။ [illegible] ၂-ပါး [illegible] ယုတ်ကိုးဆယ်၊ ဥပါဒါန်တရားကိုယ် ၂-ပါး ကြဉ်သော စေ[illegible]ညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

တတိယဒုက်၌ ပဌမဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ နော ဥပါဒါနာ ဓမ္မာ ဥပါဒါနသမ္ပယုတ္တာပိ။ ဥပါဒါနဝိပ္ပယုတ္တာပိ ဟူသော ဒုက်သည် လည်း ဖြစ်သင့်၏။

**ပဌမ**....**ကား**—လောဘမူစိတ် ၈-ခုဥပါဒါန်တရားကိုယ် ၂-ပါးကြဉ်သော စေတသိက် ဝီသ ရ၏။

**ဒုတိယ**....**ကား**—ဒေါသမူဒွေ၊မောဟမူဒွေ၊ ကုသိုလ် ကောဝီသ၊ ဝိပါက် ဆတ္တိံသ၊ကြိယာ စိတ် ဝီသ၊ လောဘ,ဒိဋ္ဌိ,မာနကြဉ်သော စေတသိက် ဧကူနပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်။ပ။ ၂-ပါး တို့တွင် ဥပါဒါန်တရားကိုယ် ၂-ပါးဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

တတိယဒုက်၌ ဒုတိယဒုက်၏ ပဌမပုဒ်ကိုဆည့်၍ ဥပါဒါနိယာ ဓမ္မာ ဥပါဒါနသမ္ပယုတ္တာပိ။ ဥပါဒါနဝိပ္ပယုတ္တာပိ ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ**....**ကား**—လောဘမူစိတ် ၈-ခုဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၌ ရှိသော လောဘကြဉ်သော စေတသိက် ဗာဝီသ ရ၏။

**ဒုတိယ**....**ကား**—ဒေါသမူဒွေ၊မောဟမူဒွေ၊ လောကီကုသိုလ် သတ္တရသ၊ လောကီဝိပါက် ဗာတ္တိံသ၊ ကြိယာစိတ် ဝီသ၊ လောဘ,ဒိဋ္ဌိ, မာန ကြဉ်သော စေတသိက် ဧကူနပညာသ၊ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၌ ရှိသော လောဘ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊သပ္ပဒေသဒုက်။ပ။ ၂ ပါးတို့တွင် လောကုတ္တရာ-စိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန်ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

ပဌမဒုက်၌ ဒုတိယဒုက်၏ ပဌမပုဒ်ကို ထည့်၍ ဥပါဒါနိယာ ဓမ္မာ ဥပါဒါနာပိ။ နော ဥပါဒါနာပိ ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ** ... **ကား**—လောဘ, ဒိဋ္ဌိ ဟု ဆိုအပ်သော ဥပါဒါန်တရားကိုယ် ၂-ပါး **ရ၏**။

**ဒုတိယ** ....**ကား**—လောကီစိတ် စေတသိက်၊ ဥပါဒါန်တရားကိုယ် ၂-ပါးကြဉ်သော စေ-တသိက် ပညာသ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက် ။ပ။ ၂-ပါးတို့တွင် လောကုတ္တရာ စိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

ပဌမဒုက်၌ တတိယဒုက်၏ ပဌမပုဒ်ကို ထည့်၍ ဥပါဒါနသမ္ပယုတ္တာ ဓမ္မာ ဥပါဒါနာပိ။ နော ဥပါဒါနာပိ ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ** .... **ကား**—ဒိဋ္ဌိဂတသမ္ပယုတ် ၄-ခု၌ ရှိသော ဥပါဒါန်တရားကိုယ် ၂-ပါး ရ၏။

**ဒုတိယ**.... **ကား**—လောဘမူစိတ် ၈-ခု၊ ဥပါဒါန်တရားကိုယ် ၂-ပါးကြဉ်သော စေတသိက် ဝီသ ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက် ။ပ။ ၂ပါးတို့တွင် ဒေါသမူဒွေ၊ မောဟမူဒွေ၊ ကုသိုလ် ကောဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ လောဘ, ဒိဋ္ဌိ, မာန ကြဉ်သော စေတသိက် ဧကူနပညာသ၊ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၌ ရှိသော လောဘ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ဟု ဆိုအပ်သော ကြွင်းသောပရမတ္ထတရား ရှိသည်၏အဖြစ်ကြောင့် **သပ္ပ-ဒေသဒုက်** မည်၏။ ။

ပဌမဒုက်၌ တတိယဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ ဥပါဒါနဝိပ္ပယုတ္တာ ဓမ္မာ ဥပါဒါနာပိ။ နော ဥပါဒါနာပိ ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ**...**ကား**—ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၌ရှိသော လောဘ ရ၏။

**ဒုတိယ** ..**ကား**—ဒေါသမူဒွေ၊မောဟမူဒွေ၊ ကုသိုလ် ကောဝီသ၊ ဝိပါက် ဆတ္တိံသ၊ကြိယာ စိတ် ဝီသ၊ လောဘ, ဒိဋ္ဌိ,မာန ကြဉ်သော စေတသိက် ဧကူနပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက် ။ပ။ ၂-ပါးတို့တွင် လောဘမူ စိတ် ၈-ခု၊ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၌ရှိသော လောဘကြဉ်သော စေတသိက် ဗာဝီသဟု ဆို အပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

---

# ၁၂–ကိလေသဂေါစ္ဆက

## ၁–ကိလေသဒုက်

ဥပါဒါနဂေါစ္ဆကကို........၌ ကိလေသဂေါစ္ဆကကို........ ၏၊ ထို ကိလေသ-ဂေါစ္ဆက၌လည်း—

၁။ ကိလေသဒုက်၊

၂။ သံကိလေသဒုက်၊

၃။ သံကိလိဋ္ဌဒုက်၊

၄။ ကိလေသ သမ္ပယုတ္တဒုက်၊

၅။ ကိလေသ သံကိလေသိကဒုက်၊

၆။ ကိလေသ သံကိလိဋ္ဌဒုက်၊

၇။ ကိလေသ ကိလေသသမ္ပယုတ္တဒုက်၊

၈။ ကိလေသဝိပ္ပယုတ္တ သံကိလေသဒုက် အားဖြင့် **၈-ပါး** အပြားရှိ၏။

ထို ၈-ပါးတို့တွင် ကိလေသဒုက်ကို........ ၏၊........ကား— **ကိလေသာ ဓမ္မာ**....တည်း။

ထိုနောင်........၏၊........ကား— **နော ကိလေသာ ဓမ္မာ**....တည်း။

ကိလေသာ၊ ကိလေသာ မည်ကုန်သော။ ဝါ၊ ပူပန်စေတတ် နှိပ်စက်တတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

နော ကိလေသာ၊ ကိလေသာ မမည်ကုန်သော။ ဝါ၊ ပူပန်စေတတ် နှိပ်စက်တတ်သည် မဟုတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ**....**ကား**—လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ ဟု ဆိုအပ်သော ကိလေသာတရားကိုယ် ၁၀-ပါး ရ၏။

ထို ကိလေသာ တရားကိုယ် ၁၀-ပါးသည် သင်္ခါရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

**သစ္စာအားဖြင့် ၂-ပါး** ဟူသော်ကား—

လောဘမှ တပါးသော ကိလေသာတရားကိုယ် ၉-ပါးသည် ဒုက္ခသစ္စာ မည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါး ဖြစ်သတည်း။

**ဒုတိယ**....**ကား**—စိတ်တခုယုတ် ကိုးဆယ်၊ ကိလေသာတရားကိုယ် ၁၀-ပါး ကြဉ်သော စေတသိက် ဒွေစတ္တာလီသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး ။ပ။ သစ္စာအားဖြင့် ၃-ပါး ကုန်၏။ (ဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

---

## ၂-သံကိလေသိကဒုက်

ကိလေသဒုက်ကို........၌ သံကိလေသိကဒုက်ကို........၏၊........ကား—**သံကိလေသိကာ ဓမ္မာ**....တည်း။

ထိုနောင်........၏၊........ကား—**အသံကိလေသိကာ ဓမ္မာ**....တည်း။

သံကိလေသိကာ၊ ပူပန်စေတတ် နှိပ်စက်တတ်ကုန်သော ကိလေသာတို့ကို ရခြင်းငှါ ထိုက်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အသံကိလေသိကာ၊ ပူပန်စေတတ် ။ပ။ မထိုက်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား** လောကီစိတ် ကောသိတိ၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး ။ပ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

**ဒုတိယ....ကား**--လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊နိဗ္ဗာန်ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ပ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

အာဒိလဒ္ဒနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

---

## ၃-သံကိလိဋ္ဌဒုက်

သံကိလေသိကဒုက်ကို........၌ သံကိလိဋ္ဌဒုက်ကို........၏၊ ........ကား -- **သံကိလိဋ္ဌာ ဓမ္မာ** .. တည်း။

ထိုနောင်........၏၊........ကား----**အသံကိလိဋ္ဌာ ဓမ္မာ**....တည်း။

သံကိလိဋ္ဌာ၊ ပူပန်စေတတ် နှိပ်စက်တတ်ကုန်သော ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အသံကိလိဋ္ဌာ၊ ပူပန်စေတတ် နှိပ်စက်တတ်ကုန်သော ကိလေသာ တို့သည် ပူပန်စေအပ် နှိပ်စက်အပ်ကုန်သည် မဟုတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား**-- အကုသိုလ် ဒွါဒသ၊ စေတသိက် သတ္တဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ ပ ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

**ဒုတိယ....ကား**-- ကုသိုလ် ကေဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး ။ ပ ။ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

## ၄-ကိလေသသမ္ပယုတ္တဒုက်

**သံကိလိဋ္ဌဒုက်ကို........၌ ကိလေသသမ္ပယုတ္တဒုက်ကို ........ ၏၊ ........ကား—
ကိလေသသမ္ပယုတ္တာ ဓမ္မာ**....တည်း။

ထိုနောင်........၏၊........ကား— **ကိလေသဝိပ္ပယုတ္တာ ဓမ္မာ** ...တည်း။

ကိလေသသမ္ပယုတ္တာ၊ ကိလေသာနှင့်ယှဉ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ကိလေသ ဝိပ္ပယုတ္တာ၊ ကိလေသာနှင့် မယှဉ်ကုန်သော။ ဓမ္မာ၊ တို့သည်၊ သံဝိဇ္ဇန္တိ၊ ကုန်၏။

(သံကိလိဋ္ဌဒုက်နှင့် အတူ ကောက်လေ၊ မထူးပြီ)။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

---

## ၅-ကိလေသ သံကိလေသိကဒုက်

ကိလေသသမ္ပယုတ္တဒုက်ကို ........၌ ကိလေသ သံကိလေသိကဒုက်ကို ........ ၏၊ ........**ကား— ကိလေသာ စေဝ ဓမ္မာ သံကိလေသိကာ စ** ....တည်း။

ထိုနောင်........၏၊.... ကား – **သံကိလေသိကာ စေဝ ဓမ္မာ နော စ ကိလေသာ**....တည်း။

ကိလေသာ စေဝ၊ ကိလေသာလည်း မည်ကုန်သော။ သံကိလေသိကာ စ၊ ပူပန်စေတတ် နှိပ်စက်တတ်ကုန်သော ကိလေသာတို့ကို ရခြင်းငှါလည်း ထိုက်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

သံကိလေသိကာ စေဝ၊ ပူပန်စေတတ် နှိပ်စက်တတ်ကုန်သော ကိလေသာ တို့ကို ရခြင်းငှါလည်း ထိုက်ကုန်သော။ နော စ ကိလေသာ၊ ကိလေသာလည်း မမည်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား—** လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ ဟုဆိုအပ်သော ကိလေသာ တရားကိုယ် ၁၀-ပါး ရှိ၏။ (ဆိုမြဲဆိုလေ)။

**ဒုတိယ....ကား—** လောကီစိတ် စေတသိက်၊ ကိလေသာတရားကိုယ် ၁၀-ပါး ကြဉ်သော စေတသိက် ဒွေစတ္တာလီသ၊ ရုပ် အဋ္ဌဝီသ ရှိ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး။ ပ။ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက် ။ ပ ။ တို့တွင် လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ဟုဆိုအပ်သော ။ ပ ။ ကြောင့် **သပ္ပဒေသဒုက်** မည်၏။

## ၆-ကိလေသ သံကိလိဋ္ဌဒုက်

ကိလေသ သံကိလေသိကဒုက်ကို........၌ ကိလေသ သံကိလိဋ္ဌဒုက်ကို........၏ ........ကား—**ကိလေသာ စေဝ ဓမ္မာ သံကိလိဋ္ဌာ စ**....တည်း။

ထိုနောင်........၏၊ ကား— **သံကိလိဋ္ဌာ စေဝ ဓမ္မာ နောစ ကိလေသာ** .... တည်း။

ကိလေသာ စေဝ၊ ကိလေသာလည်း မည်ကုန်သော။ သံကိလိဋ္ဌာ စ၊ ပူပန်စေတတ် နှိပ်စက်တတ်ကုန်သော ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်ကုန်သည်လည်း ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

သံကိလိဋ္ဌာ စေဝ၊ ပူပန်စေတတ် နှိပ်စက်တတ်ကုန်သော ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်သည်လည်း ဖြစ်ကုန်သော။ နောစ ကိလေသာ၊ ကိလေသာလည်း မမည်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ**....**ကား**-- လောဘ ။ပ။ အနောတ္တပ္ပ ဟု ဆိုအပ်သော ကိလေသာ တရားကိုယ် ၁၀-ပါး ရ၏။ (ဆိုမြဲဆိုလေ)။

**ဒုတိယ**....**ကား** — အကုသိုလ် ဒွါဒသ၊ ကိလေသာတရားကိုယ် ၁၀-ပါး ကြဉ်သော စေတသိက် သတ္တရသ ရ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ပ။ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏၊ (ဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက် ။ပ။ တို့တွင် ကုသိုလ်စိတ် ကေ-ဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ရုပ် အဋ္ဌ-ဝီသ၊ နိဗ္ဗာန် ဟု ဆိုအပ်သော ။ပ။ ကြောင့် **သပ္ပဒေသဒုက်** မည်၏။

## ၇-ကိလေသ ကိလေသသမ္ပယုတ္တဒုက်

ကိလေသ သံကိလိဋ္ဌဒုက်ကို........၌ ကိလေသ ကိလေသသမ္ပယုတ္တဒုက်ကို....... ၏၊........ ကား—**ကိလေသာ စေဝ ဓမ္မာ ကိလေသသမ္ပယုတ္တာ စ**.... တည်း။

ထိုနောင်........ ၏၊........ကား– **ကိလေသသမ္ပယုတ္တာ စေဝ ဓမ္မာ နော စ ကိလေသာ**.... တည်း။

ကိလေသာ စေဝ၊ လည်း မည်ကုန်သော။ ကိလေသသမ္ပယုတ္တာ စ၊ နှင့်လည်း ယှဉ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ကိလေသသမ္ပယုတ္တာ စေဝ၊ နှင့်လည်း ယှဉ်ကုန်သော။ နော စ ကိလေသာ၊ လည်း မမည်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

(ကိလေသသံကိလိဋ္ဌဒုက်နှင့် အတူ ကောက်လေ၊ ဒုက်မှုက်လည်း တူပြီ)။

---

## ၈-ကိလေသဝိပ္ပယုတ္တ သံကိလေသိကဒုက်

ကိလေသ ကိလေသသမ္ပယုတ္တဒုက်ကို........၌ .... ကိလေသဝိပ္ပယုတ္တ သံကိလေသိကဒုက်ကို........၏၊........ကား— **ကိလေသဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ သံကိလေသိကာပိ**.... တည်း။

ထိုနောင်........ ၏၊........ကား—**အသံကိလေသိကာပိ**.... တည်း။

ကိလေသဝိပ္ပယုတ္တာ ခေါ ပန၊ ကိလေသာနှင့် မယှဉ်ကုန်သော။ သံကိလေသိကာပိ၊ ပူပန်စေတတ် နှိပ်စက်တတ်ကုန်သော ကိလေသာတို့ကို ရခြင်းငှါလည်း ထိုက်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ကိလေသဝိပ္ပယုတ္တာ ခေါ ပန၊ မယှဉ်ကုန်သော။ အသံကိလေသိကာပိ၊ ပူပန် ။ပ။ ရခြင်းငှါလည်း မထိုက်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား** – လောကီကုသိုလ် သတ္တရသ၊ လောကီဝိပါက် ဗာတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး ။ပ။ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

**ဒုတိယ....ကား** –လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ပ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက် ။ပ။ တို့တွင် အကုသိုလ် ဒွါဒသ၊ စေတသိက် သတ္တဝီသ ဟု ဆိုအပ်သော ။ပ။ ကြောင့် **သပ္ပဒေသဒုက်** မည်၏။

"ကိလေသဝိပ္ပယုတ္တာ ဓမ္မာ သံကိလေသိကာပိ။ အသံကိလေသိကာပိ" ဟု ဟောတော်မူလျှင် ပြီးကောင်းလျက် **သဒ္ဒါမိကာ အတ္ထာဝိကော ဟောတိ** ဟူသော ပရိဘာသာနှင့် အညီ အနက်လွန်ကို ပြခြင်းငှါ **ဝေါပန** ဟူသော သဒ္ဒါလွန်ကို ဟောတော်မူအပ်၏။

ဤ **ဝေါပန** ဟူသော သဒ္ဒါလွန်ဖြင့် ပြအပ်သော အတ်ရေကဒုက် အပေါင်းတို့တွင် ဒုတိယဒုက်၌ စတုတ္ထဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ "ကိလေသဝိပ္ပယုတ္တာ ဓမ္မာ သံကိလေသိကာပိ။ အသံကိလေသိကာပိ" ဟူသော ဤ အဋ္ဌမဒုက်သည် ဖြစ်သကဲ့သို့။

ထိုအတူ ဒုတိယဒုက်၌ ပဌမဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ **နော ကိလေသာ ဓမ္မာ သံကိလေသိကာပိ။ အသံကိလေသိကာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ....ကာ**—လောကီစိတ် ကောသိတိ၊ ကိလေသာတရားကိုယ် ၁၀-ပါး ကြဉ်သော စေတသိက် ဒွေစတ္တာလီသ၊ ရုပ် အဋ္ဌဝီသ ရ၏။

**ဒုတိယ....ကား**—လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက် ။ပ။ ၂-ပါးတို့တွင် ကိလေသာတရားကိုယ် ၁၀-ပါး ဟုဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

တတိယဒုက်၌ ပဌမဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ **နော ကိလေသာ ဓမ္မာ သံကိလိဋ္ဌာပိ။ အသံကိလိဋ္ဌာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ....ကား**— အကုသိုလ် ဒွါဒသ၊ ကိလေသာတရားကိုယ် ၁၀-ပါးကြဉ်သော စေတသိက် သတ္တရသ ရ၏။

**ဒုတိယ....ကား**—ကုသိုလ် ဧကဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက် ။ပ။ ၂-ပါးတို့တွင် ကိလေသာ တရားကိုယ် ၁၀-ပါး ဟုဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

စတုတ္ထဒုက်၌ ပဌမဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ **နော ကိလေသာ ဓမ္မာ ကိလေသသမ္ပယုတ္တာပိ။ ကိလေသဝိပ္ပယုတ္တာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။
(ထိုဒုက်သည် "နောကိလေသာ ဓမ္မာ သံကိလိဋ္ဌာပိ။အသံကိလိဋ္ဌာပိ"ဟူသောဒုက်နှင့် အလုံးစုံ တူ၏)။

တတိယဒုက်၌ ဒုတိယဒုက်၏ ပဌမပုဒ်ကို ထည့်၍ **သံကိလေသိကာ ဓမ္မာ သံကိလိဋ္ဌာပိ။ အသံကိလိဋ္ဌာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ....ကား**— အကုသိုလ် ဒွါဒသ၊ စေတသိက် သတ္တဝီသ ရ၏။

**ဒုတိယ....ကား**—လောကီကုသိုလ် သတ္တရသ၊ လောကီ ဝိပါက် ဗာတ္တိံသ၊ ကြိယာ စိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက် ။ ပ ။ ၂-ပါးတို့တွင် လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ဟုဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

စတုတ္ထဒုက်၌ ဒုတိယဒုက်၏ ပဌမပုဒ်ကို ထည့်၍ **သံကိလေသိကာ ဓမ္မာ ကိလေသသမ္ပယုတ္တာပိ။ ကိလေသဝိပ္ပယုတ္တာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

(ထိုဒုက်သည်"သံကိလေသိကာ ဓမ္မာ သံကိလိဋ္ဌာပိ။အသံကိလိဋ္ဌာပိ"ဟူသော ဒုက်နှင့် အလုံးစုံ တူ၏)။

ပဌမဒုက်၌ ဒုတိယဒုက်၏ ပဌမပုဒ်ကိုထည့်၍ **သံကိလေသိကာ ဓမ္မာ ကိလေသာပိ။ နော ကိလေသာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ....ကား**—ကိလေသာတရားကိုယ် ၁၀-ပါး ရ၏။

**ဒုတိယ....ကား**— လောကီစိတ် ကောသီတိ၊ ကိလေသာ တရားကိုယ် ၁၀-ပါး ကြဉ်သော စေတသိက် ဒွေစတ္တာလီသ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက် ။ပ။ ၂-ပါးတို့တွင် လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

ပဌမဒုက်၌ တတိယဒုက်၏ ပဌမပုဒ်ကို ထည့်၍ **သံကိလိဋ္ဌာ ဓမ္မာ ကိလေသာပိ။ နော ကိလေသာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

**ပဌမ....ကား**—ကိလေသာတရားကိုယ် ၁၀-ပါး ရ၏။

**ဒုတိယ....ကား**—အကုသိုလ် ဒွါဒသ၊ ကိလေသာ တရားကိုယ် ၁၀-ပါး ကြဉ်သော စေတသိက် သတ္တရသ ရ၏။

ထိုဒုက်သည် အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက် ။ပ။ ၂-ပါးတို့တွင် ကုသိုလ် ကေဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ဟုဆိုအပ်သော ကြွင်းသော ပရမတ္ထ တရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

ပဌမဒုက်၌ စတုတ္ထဒုက်၏ ပဌမပုဒ်ကို ထည့်၍ **ကိလေသသမ္ပယုတ္တာ ဓမ္မာ ကိလေသာပိ။ နော ကိလေသာပိ** ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

(ထိုဒုက်သည်"သံကိလိဋ္ဌာ ဓမ္မာ ကိလေသာပိ။ နော ကိလေသာပိ"ဟူသောဒုက်နှင့် အလုံးစုံ တူ၏)။

---

# ၁၃-ပိဋ္ဌိဒုက်

## ၁-ဒဿနေန ပဟာတဗ္ဗဒုက်

ကိလေသဂေါစ္ဆကကို........၌ ပိဋ္ဌိဒုက်ကို........၏၊ ထို ပိဋ္ဌိဒုက်၌လည်း—

၁။ ဒဿနေန ပဟာတဗ္ဗဒုက်၊

၂။ ဘာဝနာယ ပဟာတဗ္ဗဒုက်၊

၃။ ဒဿနေန ပဟာတဗ္ဗဟေတုကဒုက်၊
၄။ ဘာဝနာယ ပဟာတဗ္ဗဟေတုကဒုက်၊
၅။ သဝိတက္ကဒုက်၊
၆။ သဝိစာရဒုက်၊
၇။ သပ္ပီတိကဒုက်၊
၈။ ပီတိသဟဂတဒုက်၊
၉။ သုခသဟဂတဒုက်၊
၁၀။ ဥပေက္ခာသဟဂတဒုက်၊
၁၁။ ကာမာဝစရဒုက်၊
၁၂။ ရူပါဝစရဒုက်၊
၁၃။ အရူပါဝစရဒုက်၊
၁၄။ ပရိယာပန္နဒုက်၊
၁၅။ နိယျာနိကဒုက်၊
၁၆။ နိယတဒုက်၊
၁၇။ သဥတ္တရဒုက်၊
၁၈။ သရဏဒုက် အားဖြင့် ၁၈-ပါး အပြားရှိ၏။

ထို ၁၈-ပါးတို့တွင် ဒဿနေန ပဟာတဗ္ဗဒုက်ကို........၏၊ ....**ကား—ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ**....တည်း။

ထိုနောင်........၏၊........**ကား — န ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ** ....တည်း။

ဒဿနေန ပဟာတဗ္ဗာ၊ သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

န ဒဿနေန ပဟာတဗ္ဗာ၊ သောတာပတ္တိမဂ်သည် မပယ်အပ်ကုန်သော။ ဝါ၊ ပယ်အပ်ကုန်သည် မဟုတ်ကုန်သော။ ဓမ္မာ၊ တို့သည်၊ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား—** သောတာပတ္တိမဂ်သည် အကြွင်းမရှိသောအားဖြင့် ပယ်အပ်သော ဒိဋ္ဌိဂတသမ္ပယုတ် ၄-ခု၊ ဝိစိကိစ္ဆာသသဂုတ်စိတ် ၁-ခု၊ မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ကြဉ်သော စေတသိက် ၁၉ဝီသ။

သောတာပတ္တိမဂ်သည် တနုကရအားဖြင့် ပယ်အပ်သော အပါယဂမနီယ ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုက် ၄-ခု၊ ဒေါသမူဒွေ၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ပဥ္စဝီသ ရ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ပ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

(ဒဿနတိက် ပဌမပုဒ်နှင့် အတူဖွဲ့လေ)။

**ဒုတိယ....ကား—** သောတာပတ္တိမဂ်သည် ပယ်အပ်သည်မှတပါး အပါယ-ဂမနီယ မဟုတ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၊ ဒေါသမူ ဒွေ။

သောတာပတ္တိမဂ်သည် စင်စစ် မပယ်အပ်သော ဥဒ္ဓစ္စသဟဂုတ်စိတ် တခု၊ ကုသိုလ် ဧကဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။[၁]

ထို တရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး ။ပ။ သစ္စာအားဖြင့် ၄-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ၊ လွယ်ပြီ)။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

---

## ၂-ဘာဝနာယ ပဟာယတဗ္ဗဒုက်

ဒဿနေန ပဟာတဗ္ဗဒုက်ကို........၌ ဘာဝနာယ ပဟာတဗ္ဗဒုက်ကို........၏။.... **ကား— ဘာဝနာယ ပဟာယတဗ္ဗာ ဓမ္မာ....** တည်း။

ထိုနောင်........၏။........ကား — **န ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ....**တည်း။

ဘာဝနာယ ပဟာတဗ္ဗာ၊ အထက်မဂ် ၃-ခုသည် ပယ်အပ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

န ဘာဝနာယ ပဟာတဗ္ဗာ၊ အထက်မဂ် ၃-ခုသည် မပယ်အပ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

---

၁။ အချို့ ပယ်အပ်သည် အချို့မပယ်အပ်သည်ကို ရည်၍ ဟောတော်မူအပ်သော-စတ္တာရော ဒိဋ္ဌိဂတဝိပ္ပယုတ္တာ လောဘသဟဂတ စိတ္တုပ္ပါဒါ၊ ဒွေ ဒေါမနဿသဟဂတ-စိတ္တုပ္ပါဒါ။ ဣမေ ဓမ္မာ သိယာ ဒဿနေန ပဟာတဗ္ဗာ၊ သိယာ န ဒဿနေန ပဟာ-တဗ္ဗာ။

ဤပါဠိတော် (၂၉၃) ကို ထောက်၍ ကုန်စင်အောင် ကောက်။

စင်စစ် မပယ်အပ်သည်ကို ရည်၍ ဟောတော်မူအပ်သော—

ကတမေ ဓမ္မာ န ဒဿနေန ပဟာတဗ္ဗာ။ ဥဒ္ဓစ္စသဟဂတော စိတ္တုပ္ပါဒေါ စတူသု ဘူမီသု ကုသလံ စတူသု ဘူမီသု ဝိပါကော တီသု ဘူမီသု ကိရိယာဗျာကတံ ရူပဥ္စ နိဗ္ဗာနဉ္စ။ ဣမေ ဓမ္မာ န ဒဿနေန ပဟာတဗ္ဗာ။

ဤပါဠိတော်(၂၉၃)ကို ထောက်၍ ဥဒ္ဓစ္စသဟဂုတ်ကိုသာ မကောက်လင့်။

## ၄-ဘာဝနာယ ပဟာတဗ္ဗဟေတုကဒုက်

ဒဿနေန ပဟာတဗ္ဗဟေတုကဒုက်ကို........၌ ဘာဝနာယ ပဟာတဗ္ဗဟေတုက ဒုက်ကို........၏၊....... ကား **ဘာဝနာယ ပဟာတဗ္ဗဟေတုကာ ဓမ္မာ**....တည်း။

ထိုနောင်........၏၊ ........ကား **န ဘာဝနာယ ပဟာတဗ္ဗဟေတုကာ ဓမ္မာ**.... တည်း။

ဘာဝနာယ ပဟာတဗ္ဗဟေတုကာ၊ အထက်မဂ် ၃-ခု သည် ပယ်အပ်သော ဟိတ် ရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

န ဘာဝနာယ ပဟာတဗ္ဗဟေတုကာ၊ အထက်မဂ် ၃-ခုသည် ပယ်အပ်သော ဟိတ် ရှိသည် မဟုတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား—** သကဒါဂါမိမဂ်သည် တနုကရ အားဖြင့် ပယ်အပ်သော ရုန့်ရင်းသော ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၊ ဒေါသမူဒွေ။

အနာဂါမိမဂ်သည် အကြွင်းမရှိသောအားဖြင့် ပယ်အပ်သော ကာမရာဂ နှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၊ ဒေါသမူဒွေ၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ပဉ္စဝီသ။

အရဟတ္တမဂ်သည် အကြွင်းမရှိသော အားဖြင့် ပယ်အပ်သော ရူပရာဂ, အရူပရာဂ နှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၊ ဥဒ္ဓစ္စသဟဂုတ်စိတ် ၁ ခု၊ ဒိဋ္ဌိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, ဥဒ္ဓစ္စသဟဂုတ်စိတ်၌ မောဟ ကြဉ်သော စေတသိက် ဧကဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ ပ ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

(ဒဿန ဟေတုတိက် ဒုတိယပုဒ် နှင့် အတူဖွဲ့လေ)။

**ဒုတိယ....ကား—** အထက်မဂ် ၃-ခုသည် ပယ်အပ်သော ဟိတ် ရှိသည်မှတပါး အပါယဂမနီယ ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၊ ဒေါသမူဒွေ။

အထက်မဂ် ၃-ခုသည် စင်စစ် မပယ်အပ်သော ဒိဋ္ဌိဂတသမ္ပယုတ် ၄-ခု၊ ဝိစိ-ကိစ္ဆာသဟဂုတ်စိတ် ၁-ခု၊ ကုသိုလ် ဧကဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် ဒွေပညာသ၊ ဥဒ္ဓစ္စသဟဂုတ်စိတ်၌ မောဟ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး ။ ပ ။ သစ္စာအားဖြင့် ၄-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ၊ လွယ်ပြီ)။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

## ၅-သဝိတက္ကဒုက်

ဘာဝနာယ ပဟာတဗ္ဗဟေတုကဒုက်ကို ........ ၌ သဝိတက္ကဒုက်ကို ........ ၏၊ ........ ကား-- **သဝိတက္ကာ ဓမ္မာ**....တည်း။

**ထိုနေ့ဝင်**........၏၊....ကား -- **အဝိတက္ကာ ဓမ္မာ**....တည်း။

သဝိတက္ကာ၊ ဝိတက်နှင့် တကွဖြစ်ကုန်သော။ ဝါ၊ ဝိတက် ရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အဝိတက္ကာ၊ ဝိတက် မရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဥ္စမ....ကား—** သဝိတက္ကစိတ် ၅၅-ခု၊ ဝိတက် ကြဉ်သော စေတသိက် ၈၀-ပညာသ ရှ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ် အားဖြင့် ၃-ပါး၊ သစ္စာအားဖြင့် ၃ ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး** ဟူသော်ကား —

စေတသိက် ကေပညာသ တို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊ သညာ သည် သညာက္ခန္ဓာ မည်၏၊ ဝေဒနာ သညာမှ ကြွင်းသော စေတသိက် ကျေန- ပညာသ သည် သင်္ခါရက္ခန္ဓာ မည်၏၊ သဝိတက္ကစိတ် ၅၅-ခု သည် ဝိညာဏက္ခန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါး ဖြစ်သတည်း။

**အာယတနအားဖြင့် ၂-ပါး** ဟူသော်ကား—

သဝိတက္ကစိတ် ၅၅-ခုသည် မနာယတန မည်၏၊ စေတသိက် ကေပညာသ သည် ဓမ္မာယတန မည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၂-ပါး ဖြစ်သတည်း။

**ဓာတ်အားဖြင့် ၃-ပါး** ဟူသော်ကား—

ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်းဒွေ သည် မနောဓာတ် မည်၏၊ ကြွင်းသော သဝိတက္ကစိတ် ၅၂-ခုသည် မနောဝိညာဏဓာတ် မည်၏၊ စေတသိက် ကေပညာသ သည် ဓမ္မဓာတ် မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၃-ပါး ဖြစ်သတည်း။

**သစ္စာအားဖြင့် ၃-ပါး** ဟူသော်ကား—

လောကီ သဝိတက္ကစိတ် ၄၇-ခု၊ လောဘ ကြဉ်သော စေတသိက် ပညာသ သည် ဒုက္ခသစ္စာ မည်၏၊ လောဘ သည် သမုဒယသစ္စာ မည်၏၊ မဂ် သဝိတက္က စိတ် ၄-ခု၌ရှိသော သမ္မာဒိဋ္ဌိ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာ- ဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဟုဆိုအပ်သော သောတာပတ္တိမဂ် ၇-ပါး။ပ။

အရဟတ္တမဂ် ၇-ပါး သည် မဂ္ဂသစ္စာ မည်၏၊ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၈-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၆-ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၃-ပါး ဖြစ်သတည်း။

**ဒုတိယ..... ကား—** အဝိတက္ကစိတ် ၆၆-ခု၊ ဝိတက်ကြဉ်သော စေတသိက် သတ္တတိံသ၊ သဝိတက္ကစိတ် ၅၅-ခု၌ ရှိသော ဝိတက် ၅၅-ခု၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၁၂-ပါး၊ ဓာတ်အားဖြင့် ၁၇-ပါး၊ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၅-ပါး** ဟူသော်ကား—

ရုပ် အဋ္ဌဝီသ သည် ရူပက္ခန္ဓာ မည်၏၊ စေတသိက် သတ္တတိံသ တို့တွင် ။ ပ ။ စေတသိက် ပဉ္စတိံသ၊ ဝိတက် ၅၅-ခု သည် သင်္ခါရက္ခန္ဓာ မည်၏၊ အဝိတက္ကစိတ် ၆၆-ခုသည် ဝိညာဏက္ခန္ဓာ မည်၏၊ နိဗ္ဗာန်သည် ။ ပ ။ လွတ်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၅-ပါး ဖြစ်သတည်း။

**အာယတနအားဖြင့် ၁၂-ပါး** ဟူသော်ကား—

ရုပ် အဋ္ဌဝီသ တို့တွင် စက္ခုပသာဒ သည် စက္ခာယတန မည်၏ ။ ပ ။ ပထဝီ, တေဇော, ဝါယော ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံ သည် ဖောဋ္ဌဗ္ဗာယတန မည်၏၊ အဝိတက္ကစိတ် ၆၆-ခုသည် မနာယတန မည်၏၊ စေတသိက် သတ္တတိံသ၊ ဝိတက် ၅၅-ခု၊ အာပေါ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဟဒယရုပ်, ဇီဝိတရုပ်, အာဟာရရုပ်, ပရိစ္ဆေဒရုပ်, ကာယဝိညတ်, ဝစီဝိညတ်, ရူပဿ လဟုတာ, မုဒုတာ, ကမ္မညတာ, ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ အားဖြင့် သုခုမရုပ် သောဠသ၊ နိဗ္ဗာန်သည် ဓမ္မာယတန မည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၁၂-ပါး ဖြစ်သတည်း။

**ဓာတ်အားဖြင့် ၁၇-ပါး** ဟူသော်ကား—

ရုပ် အဋ္ဌဝီသ တို့တွင် စက္ခုပသာဒသည် စက္ခုဓာတ် မည်၏ ။ ပ ။ ပထဝီ, တေဇော, ဝါယော ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ် မည်၏၊ စက္ခုဝိညာဉ်ဒွေ သည် စက္ခုဝိညာဏဓာတ် မည်၏ ။ ပ ။ ကာယဝိညာဉ်ဒွေ သည် ကာယဝိညာဏဓာတ် မည်၏ ။ ပ ။ ကြွင်းသော အဝိတက္ကစိတ် ၅၆-ခုသည် မနောဝိညာဏဓာတ် မည်၏၊ စေတသိက် သတ္တတိံသ၊ ဝိတက် ၅၅-ခု၊ အာပေါ ။ ပ ။ အနိစ္စတာ အားဖြင့် သုခုမရုပ် သောဠသ၊ နိဗ္ဗာန်သည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၁၇-ပါး ဖြစ်သတည်း။

**သစ္စာအားဖြင့် ၃-ပါး** ဟူသော်ကား—

လောကီအဝိတက္ကစိတ် ၃၄-ခု၊ စေတသိက် စတုတ္ထိ°သ၊ လောကီဝိတက် ၄၇-ခု၊ ရုပ် အင္ဂဝိသသည် ဒုက္ခသစ္စာ မည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏။ မဂ် အဝိတက္ကစိတ် ၁၆-ခု၌ရှိသော သမ္မာဒိဋ္ဌိ၊ သမ္မာဝါစာ ။ ပ ။ သမ္မာသမာဓိ ဟုဆိုအပ်သော သောတာပတ္တိမဂ် ၇-ပါး ။ ပ ။ အရဟတ္တမဂ် ၇-ပါး သည်ရင်း၊ မဂ် ပဉ္စမဈာန်စိတ် ၄-ခု၌ရှိသော ဝိတက် စေတသိက် တည်းဟူသော သမ္မာသင်္ကပ္ပ မဂ္ဂင် ဟုဆိုအပ်သော သောတာပတ္တိမဂ် ၁-ပါး ။ ပ ။ အရဟတ္တမဂ် ၁-ပါး သည်ရင်း မဂ္ဂသစ္စာ မည်၏၊ ကြွင်းသော မဂ် စိတ္တုပ္ပါဒ် ၂၉-ခု၊ ဖိုလ် စိတ္တုပ္ပါဒ် ၃၆-ခု သည်ရင်း၊ ဖိုလ် ပဉ္စမဈာန်စိတ် ၄-ခု၌ရှိသော ဝိတက် စေတသိက် ၄-ခု သည်ရင်း သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၃-ပါး ဖြစ်သတည်း။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

---

## ၆-သဝိစာရဒုက်

သဝိတက္ကဒုက်ကို ........ ၌ သဝိစာရဒုက်ကို ........ ၏၊ ........ ကား —— **သဝိစာရာ ဓမ္မာ** .... တည်း။

ထိုနောင် ........ ၏၊ ........ ကား —— **အဝိစာရာ ဓမ္မာ** .... တည်း။

သဝိစာရာ၊ ဝိစာရနှင့်တကွဖြစ်ကုန်သော။ ဝါ၊ ဝိစာရ ရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အဝိစာရာ၊ ဝိစာရ မရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဉ္စမ** .... **ကား** — သဝိစာရစိတ် ၆၆-ခု၊ ဝိစာရ ကြဉ်သော စေတသိက် ၁၁ေပဉ္စာသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ်အားဖြင့် ၃-ပါး၊ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး** ဟူသော်ကား —

စေတသိက် ကေပဉ္စာသတို့တွင် ။ ပ ။ စေတသိက် ကျေနပဉ္စာသ သည် သင်္ခါရက္ခန္ဓာ မည်၏၊ သဝိစာရစိတ် ၆၆-ခုသည် ဝိညာဏက္ခန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါး ဖြစ်သတည်း။

**အာယတနအားဖြင့် ၂-ပါး** ဟူသော်ကား —

သဝိစာရစိတ် ၆၆-ခုသည် မနာယတန မည်၏၊ စေတသိက် ကေပညာသသည် ဓမ္မာယတန မည်၏၊ ဤသို့လျှင် အာယတန အားဖြင့် ၂-ပါး ဖြစ်သတည်း။

**ဓာတ်အားဖြင့် ၃-ပါး** ဟူသော်ကား—

ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်း ဒွေသည် မနောဓာတ် မည်၏၊ ကြွင်းသော သဝိစာရစိတ် ၆၃-ခုသည် မနောဝိညာဏဓာတ် မည်၏၊ စေတသိက် ကေပညာသ သည် ဓမ္မဓာတ် မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၃-ပါး ဖြစ်သတည်း။

**သစ္စာအားဖြင့် ၃-ပါး** ဟူသော်ကား—

လောကီ သဝိစာရစိတ် ၅၀၊ လောဘကြဉ်သော စေတသိက် ပညာသသည် ဒုက္ခသစ္စာ မည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏၊ မဂ် သဝိစာရစိတ် ၈-ခု၌ရှိသော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဟုဆိုအပ်သော သောတာပတ္တိမဂ် ၈-ပါး၊ ၇-ပါး ။ ပ ။ အရဟတ္တမဂ် ၈-ပါး၊ ၇-ပါး သည် မဂ္ဂသစ္စာ မည်၏၊ ကြွင်း သော မဂ်စိတ္တုပ္ပါဒ် ၂၈-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၆-ခုသည် သစ္စာဟူသော အရေ အတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၃-ပါး ဖြစ်သတည်း။

**ဒုတိယ .... ကား** — အဝိစာရစိတ် ၅၅-ခု၊ ဝိတက်, ဝိစာရ ကြဉ်သော စေတသိက် ဆတ္တိံသ၊ သဝိစာရစိတ် ၆၆-ခု၌ရှိသော ဝိစာရ ၆၆-ခု၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၁၂-ပါး၊ ဓာတ် အားဖြင့် ၁၇-ပါး၊ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၅-ပါး** ဟူသော်ကား —

ရုပ် အဋ္ဌဝီသ သည် ရူပက္ခန္ဓာ မည်၏၊ စေတသိက် ဆတ္တိံသ တို့တွင်။ ပ ။ စေတသိက် စတုတ္တိံသ၊ သဝိစာရစိတ် ၆၆-ခု၌ ရှိသော ဝိစာရ ၆၆-ခုသည် သင်္ခါရက္ခန္ဓာမည်၏၊ အဝိစာရစိတ် ၅၅-ခုသည် ဝိညာဏက္ခန္ဓာ မည်၏၊ နိဗ္ဗာန် သည်။ပ။ လွတ်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၅-ပါးဖြစ်သတည်း။ (အာယတန ဓာတ် ဖွဲ့လေ၊ လွယ်ပြီ)။

**သစ္စာအားဖြင့် ၃-ပါး** ဟူသော်ကား —

လောကီ အဝိစာရစိတ် ၃၁-ခု၊ စေတသိက် တေတ္တိံသ၊ လောကီဝိစာရ ၅၀၊ ရုပ် အဋ္ဌဝီသသည် ဒုက္ခသစ္စာမည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏၊ မဂ် အဝိစာရစိတ် ၁၂-ခု၌ရှိသော သမ္မာဒိဋ္ဌိ, သမ္မာဝါစာ ။ပ။ သမ္မာသမာဓိ ဟုဆို

**အပ်သော** သောတာပတ္တိမဂ် ၇-ပါး ။ပ။ အရဟတ္တမဂ် ၇-ပါးသည် မဂ္ဂသစ္စာ **မည်၏**။ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၀-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၅-ခုသည်၎င်း၊ လောကုတ္တရာ သဝိစာရစိတ် ၁၆-ခု၌ ရှိသော ဝိစာရစေတသိက် ၁၆-ခုသည်၎င်း သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၃-ပါး ဖြစ် သတည်း။

အာဒိလဒ္ဓနာမဒုက်မည်၏။ နိပ္ပဒေသဒုက် မည်၏။

---

## ၇-သပ္ပီတိကဒုက်

သဝိစာရ ဒုက်ကို....၌ သပ္ပီတိကဒုက်ကို....၏... ကား—**သပ္ပီတိကာ ဓမ္မာ**.... တည်း။

ထိုနောင်....၏....ကား— **အပ္ပီတိကာ ဓမ္မာ**....တည်း။

သပ္ပီတိကာ၊ ပီတိနှင့် ဟက္ခဖြစ်ကုန်သော။ ဝါ၊ ပီတိ ရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အပ္ပီတိကာ၊ ပီတိ မရှိကုန်သော။ ဓမ္မာ၊ တို့သည်၊ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား**—ပီတိသဟဂုတ်စိတ် ၅၁-ခု၊ ပီတိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ဆစတ္တာလီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ်အားဖြင့် ၂-ပါး၊ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။

(ပီတိတိက် ပဌမပုဒ်နှင့် အတူဖွဲ့လေ)။

**ဒုတိယ....ကား**—အပ္ပီတိကစိတ် ၇၀၊ ပီတိကြဉ်သောစေတသိက် ကေပညာသ၊ ပီတိသဟဂုတ်စိတ် ၅၁-ခု၌ရှိသော ပီတိ ၅၁-ခု၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၁၂-ပါး၊ ဓာတ်အားဖြင့် ၁၈-ပါး၊ သစ္စာအားဖြင့် ၄-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၅-ပါး** ဟူသော်ကား—

ရုပ် အဋ္ဌဝီသသည် ရူပက္ခန္ဓာမည်၏၊ စေတသိက် ကေပညာသတို့တွင် ။ပ။ စေတသိက် ဧကူနပညာသ၊ ပီတိ ၅၁-ခုသည် သင်္ခါရက္ခန္ဓာမည်၏၊ အပ္ပီတိကစိတ် ၇၀-သည် ဝိညာဏက္ခန္ဓာမည်၏၊ နိဗ္ဗာန်သည် ။ပ။ လွတ်၏၊ ဤသို့လျှင် ခန္ဓာ အားဖြင့် ၅-ပါး ဖြစ်သတည်း။

**အာယတနအားဖြင့် ၁၂-ပါး** ဟူသော်ကား—

ရုပ်အဋ္ဌဝီသတို့တွင် စက္ခုပသာဒသည် စက္ခာယတနမည်၏ ။ပ။ ပထဝီ, တေဇော, ဝါယောဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတနမည်၏။

အပ္ပိတိကစိတ် ၇၀-သည် မနာယတနမည်၏၊ စေတသိက် ကေပညာသ၊ ပီတိ ၅၁-ခု၊ အာပေါ ။ပ။ အနိစ္စတာအားဖြင့် သုခုမရုပ် သောဠသ၊ နိဗ္ဗာန်သည် ဓမ္မာယတနမည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၁၂ ပါးဖြစ်သတည်း။

**ဓာတ်အားဖြင့် ၁၈-ပါး** ဟူသော်ကား—

ရုပ်အဋ္ဌဝိသတို့တွင် စက္ခုပသာဒသည် စက္ခုဓာတ်မည်၏။ပ။ ပထဝီ, တေဇော, ဝါယောဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ်မည်၏ စက္ခုဝိညာဉ်ဒွေသည် စက္ခုဝိညာဏဓာတ်မည်၏။ပ။ ကာယဝိညာဉ်ဒွေသည် ကာယဝိညာဏ ဓာတ်မည်၏၊ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်းဒွေသည် မနောဓာတ်မည်၏၊ ကြွင်းသော အပ္ပိတိကစိတ် ၅၇-ခုသည် မနောဝိညာဏဓာတ်မည်၏၊ စေတသိက် ကေပညာသ၊ ပီတိ ၅၁-ခု၊ အာပေါ။ပ။ အနိစ္စတာအားဖြင့် သုခုမရုပ် သောဠသ၊ နိဗ္ဗာန်သည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၁၈-ပါး ဖြစ်သတည်း။

**သစ္စာအားဖြင့် ၄-ပါး** ဟူသော်ကား—

လောကီ အပ္ပီတိကစိတ် ၅၄-ခု၊ လောဘကြဉ်သော စေတသိက် ပညာသ၊ လောကီ ပီတိ ၂၇-ခု၊ ရုပ် အဋ္ဌဝီသသည် ဒုက္ခသစ္စာမည်၏၊ လောဘသည် သမုဒယသစ္စာမည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏၊ မဂ် အပ္ပီတိကစိတ် ၈-ခု၌ရှိသော သမ္မာဒိဋ္ဌိ, သမ္မာဝါစာ။ပ။ သမ္မာသမာဓိ ဟုဆိုအပ်သော သောတာပတ္တိမဂ် ၇-ပါး ။ပ။ အရဟတ္တမဂ် ၇-ပါးသည် မဂ္ဂသစ္စာ မည်၏၊ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၇-ခု၊ဖိုလ်စိတ္တုပ္ပါဒ် ၃၄-ခုသည်ရှင်း၊ လောကုတ္တရာ ပီတိသဟဂုတ်စိတ် ၂၄-ခု၌ ရှိသော ပီတိ ၂၄-ခုသည်ရှင်း၊ သစ္စာ ဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၄-ပါး ဖြစ်သတည်း။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

---

## ၈-ပီတိသဟဂတဒုက်

သပ္ပီတိကဒုက်ကို........၌ ပီတိသဟဂတဒုက်ကို........ ၏၊........ ကား— **ပီတိသဟဂတာ ဓမ္မာ**........တည်း။

ထိုနောင်........၏၊........ကား— န **ပီတိသဟဂတာ ဓမ္မာ**........တည်း။

ပီတိသဟဂတာ၊ ပီတိနှင့် တကွဖြစ်ကုန်သော။ ဝါ၊ ပီတိနှင့် ကေပ္ပါဒ အစရှိသော အစွမ်းဖြင့် နှီးနှောကုန်သော။ ဝါ၊ ပီတိနှင့်တကွ ကေပ္ပါဒ အစရှိသော အဖြစ်သို့ ရောက်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

န ပီတိသဟဂတာ၊ မဖြစ်ကုန်သော။ ဝါ၊ မနှီးနှောကုန်သော။ ဝါ၊ မရောက်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

(သပ္ပီတိကဒုက်နှင့် အတူ ကောက်လေ၊ မထူးပြီ)။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

---

## ၉-သုခသဟဂတဒုက်

ပီတိသဟဂတဒုက်ကို........ ၌ သုခသဟဂတဒုက်ကို........၏၊........ ကား—**သုခသဟဂတာ ဓမ္မာ**........တည်း။

ထိုနောင်........၏၊........ကား—န **သုခသဟဂတာ ဓမ္မာ**........တည်း။

သုခသဟဂတာ၊ သုခဝေဒနာနှင့် တကွ ဖြစ်ကုန်သော။ ဝါ၊ သုခဝေဒနာနှင့် ကေပ္ပါဒ အစရှိသော အစွမ်းဖြင့် နှီးနှောကုန်သော။ ဝါ၊ သုခဝေဒနာနှင့် တကွ ကေပ္ပါဒ အစရှိသော အဖြစ်သို့ ရောက်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

န သုခသဟဂတာ၊ မဖြစ်ကုန်သော။ ဝါ၊ မနှီးနှောကုန်သော။ ဝါ၊ မရောက်ကုန်သော၊ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား**— သုခသဟဂုတ်စိတ် ၆၃ ခု၊ ဝေဒနာ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ဆဗ္ဗတ္တာလီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၃-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ်အားဖြင့် ၃-ပါး၊ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။ (ဝေဒနာတိက် ပဌမပုဒ်နှင့် အတူ ဖွဲ့လေ)။

**ဒုတိယ....ကား**— ဒုက္ခသဟဂုတ်စိတ် ၃-ခု၊ ဥပေက္ခာသဟဂုတ်စိတ် ၅၅-ခု၊ ပီတိ ကြဉ်သော စေတသိက် ကေပညာသ၊ သုခသဟဂုတ်စိတ် ၆၃-ခု၌ရှိသော သုခဝေဒနာ ၆၃-ခု၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၁၂-ပါး၊ ဓာတ်အားဖြင့် ၁၈-ပါး၊ သစ္စာအားဖြင့် ၄-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၅-ပါး** ဟူသော်ကား—

ရုပ် အဋ္ဌဝီသသည် ရူပက္ခန္ဓာ မည်၏၊ စေတသိက် ကေပညာသတို့တွင် ဒုက္ခဝေဒနာ ၃-ခု၊ ဥပေက္ခာဝေဒနာ ၅၅-ခု၊ သုခဝေဒနာ ၆၃-ခုသည် ဝေဒနာက္ခန္ဓာ

မည်၏၊ သညာသည် သညာက္ခန္ဓာ မည်၏၊ ဝေဒနာ သညာမှ ကြွင်းသော စေ-တသိက် ၅၀-သော သင်္ခါရက္ခန္ဓာ မည်၏၊ ဒုက္ခသဟဂုတ်စိတ် ၃-ခု၊ ဥပေက္ခာသဟဂုတ်စိတ် ၅၅-ခုသည် ဝိညာဏက္ခန္ဓာ မည်၏၊ နိဗ္ဗာန်သည် ။ပ။ လွတ်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၅-ပါး ဖြစ်သတည်း။

**အာယတနအားဖြင့် ၁၂-ပါး ဟူသော်ကား—**

ရုပ် အဋ္ဌဝီသတို့တွင် စက္ခုပသာဒသည် စက္ခာယတန မည်၏ ။ပ။ ပထဝီ, တေဇော, ဝါယော ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတန မည်၏၊ ဒုက္ခသဟဂုတ်စိတ် ၃-ခု၊ ဥပေက္ခာသဟဂုတ်စိတ် ၅၅-ခုသည် မနာယတန မည်၏၊ စေတသိက် ၈၀-သော ပညာသ၊ သုခဝေဒနာ ၆၃-ခု၊ အာပေါ ။ပ။ အနိစ္စတာအားဖြင့် သုခုမရုပ် သောဠသ၊ နိဗ္ဗာန်သည် ဓမ္မာယတနမည်၏၊ ဤသို့လျှင် အာယ-တနအားဖြင့် ၁၂-ပါး ဖြစ်သတည်း။

**ဓာတ်အားဖြင့် ၁၈-ပါး ဟူသော်ကား—**

ရုပ် အဋ္ဌဝီသတို့တွင် စက္ခုပသာဒသည် **စက္ခုဓာတ်** မည်၏ ။ပ။ ပထဝီ, တေဇော, ဝါယော ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ် မည်၏၊ စက္ခုဝိညာဉ်ဒွေသည် စက္ခုဝိညာဏဓာတ် မည်၏။ ပ ။ ဒုက္ခသဟဂုတ် ကာယ-ဝိညာဉ်သည် ကာယဝိညာဏဓာတ် မည်၏၊ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်းဒွေသည် မနောဓာတ် မည်၏၊ ဒေါသမူဒွေ၊ ကြွင်းသော ဥပေက္ခာသဟဂုတ်စိတ် ၄၄-ခုသည် မနောဝိညာဏဓာတ် မည်၏၊ စေတသိက် ၈၀-သော ပညာသ၊ သုခဝေဒနာ ၆၃-ခု၊ အာပေါ ။ ပ ။ အနိစ္စတာအားဖြင့် သုခုမရုပ် သောဠသ၊ နိဗ္ဗာန်သည် ဓမ္မဓာတ် မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၁၈-ပါး ဖြစ်သတည်း။

**သစ္စာအားဖြင့် ၄-ပါး ဟူသော်ကား —**

ဒုက္ခသဟဂုတ်စိတ် ၃-ခု၊လောကီဥပေက္ခာသဟဂုတ်စိတ် ၄၇-ခု၊ လောဘ ကြဉ်သော စေတသိက် ပညာသ၊ လောကီသုခဝေဒနာ ၃၁-ခု၊ ရုပ် အဋ္ဌဝီသ သည် ဒုက္ခသစ္စာ မည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏၊ နိဗ္ဗာန်သည် နိရောဓ-သစ္စာ မည်၏၊ မဂ်ဥပေက္ခာသဟဂုတ်စိတ် ၄-ခု၌ရှိသော သမ္မာဒိဋ္ဌိ, သမ္မာဝါစာ ။ ပ ။ သမ္မာသမာဓိဟု ဆိုအပ်သော သောတာပတ္တိမဂ် ၇-ပါး ။ ပ ။ အရဟတ္တ-မဂ် ၇-ပါးသည် မဂ္ဂသစ္စာ မည်၏၊ ကြွင်းသော မဂ် စိတ္တုပ္ပါဒ် ၂၇-ခု၊ ဖိုလ်-စိတ္တုပ္ပါဒ် ၃၄-ခုသည်ငှင်း၊ လောကုတ္တရာ သုခသဟဂုတ်စိတ် ၃၂-ခု၌ ရှိသော သုခဝေဒနာ ၃၂-ခုသည်ငှင်း သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၄-ပါး ဖြစ်သတည်း။

**အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။**

## ၁၀-ဥပေက္ခာသဟဂုတဒုက်

သုခသဟဂုတဒုက်ကို ........၌ ဥပေက္ခာသဟဂုတဒုက်ကို ........၏၊ .... ကား — **ဥပေက္ခာသဟဂတာ ဓမ္မာ** .... တည်း။

ထိုနောင် ........ ၏၊ .... ကား — **န ဥပေက္ခာသဟဂတာ ဓမ္မာ** .... တည်း။

ဥပေက္ခာသဟဂတာ၊ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်ကုန်သော။ ဝါ၊ ဥပေက္ခာ-ဝေဒနာနှင့် ကေပ္ပဒါအစရှိသော အစွမ်းဖြင့် နှီးနှောကုန်သော။ ဝါ၊ ဥပေက္ခာ-ဝေဒနာနှင့်တကွ ကေပ္ပဒါ အစရှိသော အဖြစ်သို့ ရောက်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

န ဥပေက္ခာသဟဂတာ၊ မဖြစ်ကုန်သော။ ဝါ၊ မနှီးနှောကုန်သော။ ဝါ၊ မရောက်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ** .... **ကား** — ဥပေက္ခာသဟဂုတ်စိတ် ၅၅-ခု၊ ဝေဒနာ, ပီတိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ကြဉ်သော စေတသိက် ဆစတ္တာလီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၃-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ် အားဖြင့် ၇-ပါး၊ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။

( ဝေဒနာတိက် တတိယပုဒ်နှင့် အတူ ဖွဲ့လေ )။

**ဒုတိယ** .... **ကား** — သုခသဟဂုတ်စိတ် ၆၃-ခု၊ ဒုက္ခသဟဂုတ်စိတ် ၃-ခု၊ ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ကေပညာသ၊ ဥပေက္ခာသဟဂုတ်စိတ် ၅၅-ခု၌ ရှိသော ဥပေက္ခာဝေဒနာ ၅၅-ခု၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၁၂-ပါး၊ ဓာတ် အားဖြင့် ၁၃-ပါး၊ သစ္စာအားဖြင့် ၄-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၅-ပါး** ဟူသော်ကား —

ရုပ် အဋ္ဌဝီသသည် ရူပက္ခန္ဓာ မည်၏၊ စေတသိက် ကေပညာသတို့တွင် သုခဝေဒနာ ၆၃-ခု၊ ဒုက္ခဝေဒနာ ၃-ခု၊ ဥပေက္ခာ ဝေဒနာ ၅၅-ခု သည် ဝေဒနာက္ခန္ဓာ မည်၏၊ သညာသည် သညာက္ခန္ဓာ မည်၏၊ ဝေဒနာ သညာမှ ကြွင်းသော စေတသိက် ကေ့နပညာသသည် သင်္ခါရက္ခန္ဓာ မည်၏၊ သုခသဟဂုတ် စိတ် ၆၃-ခု၊ ဒုက္ခသဟဂုတ်စိတ် ၃-ခုသည် ဝိညာဏက္ခန္ဓာ မည်၏၊ နိဗ္ဗာန် သည် ။ ပ ။ လွတ်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၅-ပါး ဖြစ်သတည်း။

**အာယတနအားဖြင့် ၁၂-ပါး** ဟူသော်ကား —

ရုပ် အဋ္ဌဝီသတို့တွင် စက္ခုပသာဒသည် စက္ခာယတန မည်၏ ။ ပ ။ ပထဝီ၊ တေဇော, ဝါယော, ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတန မည်၏,

ထိုနောင်...၏၊....ကား—**န အရူပါဝစရာ ဓမ္မာ**....တည်း။

အရူပါဝစရာ၊ မည်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

န အရူပါဝစရာ၊ မမည်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ ...ကား—** အရူပစိတ် ၁၂-ခု၊ စေတသိက် တိံသ ရ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ပ။ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ၊ လွယ်ပြီ)။

**ဒုတိယ....ကား—** ကာမစိတ် စတုပညာသ၊ ရူပစိတ် ၁၅-ခု၊ လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး ။ပ။ သစ္စာအားဖြင့် ၄-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ၊ လွယ်ပြီ)။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

---

## ၁၄-ပရိယာပန္နဒုက်

အရူပါဝစရဒုက်ကို........၌ ပရိယာပန္နဒုက်ကို........၏၊ ........ကား— **ပရိယာပန္နာ ဓမ္မာ**....တည်း။

ထိုနောင်........၏၊........ကား—**အပရိယာပန္နာ ဓမ္မာ**....တည်း။

ပရိယာပန္နာ၊ ဝဋ်တရား၌ အကျုံးဝင်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အပရိယာပန္နာ၊ ဝဋ်တရား၌ အကျုံးမဝင်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

(လောကိယဒုက်နှင့် အတူ ကောက်လေ၊ မထူးပြီ)။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

---

## ၁၅-နိယျာနိကဒုက်

ပရိယာပန္နဒုက်ကို........၌ နိယျာနိကဒုက်ကို........ ၏၊........ကား— **နိယျာနိကာ ဓမ္မာ**....တည်း။

ထိုနောင်........၏၊........ကား— **အနိယျာနိကာ ဓမ္မာ**....တည်း။

နိယျာနိကာ၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အနိယျာနိကာ၊ ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဉ္စမ....ကား**— မဂ်စိတ် ၄-ခု၊ စေတသိက် ဆတ္တိံသ ရ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ပ။ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။ (ဖွဲ့မြဲ ဖွဲ့လေ)။

**ဒုတိယ....ကား**— လောကီစိတ် ကောသိတိ၊ ဖိုလ်စိတ် ၄-ခု၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ နိဗ္ဗာန် ရ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး ။ပ။ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ၊ လွယ်ပြီ)။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

---

## ၁၆-နိယတဒုက်

နိယျာနိကဒုက်ကို........၌ နိယတဒုက်ကို........ ၏၊ ........ကား— **နိယတာ ဓမ္မာ** .. .... တည်း။

ထိုနောင်........၏၊........ကား— **အနိယတာ ဓမ္မာ**........တည်း။

နိယတာ၊ စုတိ၏ အခြားမဲ့၌ငှင်း မိမိ၏အခြားမဲ့၌ငှင်း အကျိုးပေးသည်၏ အစွမ်းဖြင့် မြဲကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အနိယတာ၊ နှစ်ပါးသော အခြင်းအရာတို့ဖြင့် မမြဲကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဉ္စမ....ကား**—နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းဖြင့် ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ် ၄-ခု သတ္တမဇော၊ မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ကောဝီသ၊

မာတုဃာတက,ပိတုဃာတက, အရဟန္တဃာတက, လောဟိတုပ္ပါဒက, သံဃ-ဘေဒက တည်းဟူသော ပဉ္စာနန္တရိယကံ၏ အစွမ်းဖြင့် ဖြစ်သော ဒေါသမူဒွေ သတ္တမဇော၊ ပီတိ,လောဘ, ဒိဋ္ဌိ, မာန, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ဗာဝီသ၊ မဂ်စိတ် ၄-ခု၊ စေတသိက် ဆတ္တိံသ ရ၏။

ထို တရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ပ။ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး** ဟူသော်ကား —

စေတသိက် အဌစတ္တာလီသတို့တွင် ။ ပ ။ စေတသိက် ဆစတ္တာလီသသည် သင်္ခါရက္ခန္ဓာ မည်၏၊ အကုသိုလ်စိတ် ၆-ခု၊ မဂ်စိတ် ၄-ခုသည် ဝိညာဏက္ခန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါး ဖြစ်သတည်း။ ( အာယတန, ဓာတ်ဖွဲ့ လွယ်ပြီ )။

**သစ္စာအားဖြင့် ၃-ပါး** ဟူသော်ကား —

အကုသိုလ်စိတ် ၆-ခု၊ လောဘကြဉ်သော စေတသိက် စတုဝီသသည် ဒုက္ခ-သစ္စာ မည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏၊ မဂ်စိတ် ၄-ခု၌ ရှိသော သမ္မာဒိဋ္ဌိ။ပ။ သမ္မာသမာဓိဟု ဆိုအပ်သော သောတာပတ္တိမဂ် ၈-ပါး၊ ၇-ပါး။ပ။ အရဟတ္တမဂ် ၈-ပါး၊ ၇-ပါးသည် မဂ္ဂသစ္စာ မည်၏၊ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၉-ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၃-ပါး ဖြစ်သတည်း။

**ဒုတိယ .... ကား —** နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းဖြင့်ဖြစ်သော ဒိဋ္ဌိဂတသမ္ပ-ယုတ် ၄-ခု သတ္တမဇော။

မာတုဃာတက, ပိတုဃာတက, အရဟန္တဃာတက, လောဟိတုပ္ပါဒက, သံဃဘေဒက တည်းဟူသော ပဉ္စာနန္တရိယကံ၏ အစွမ်းအားဖြင့်ဖြစ်သော ဒေါသမူဒွေ သတ္တမဇောမှတပါး အကုသိုလ်ဒွါဒသ၊ လောကီကုသိုလ် သတ္တရသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး ။ ပ ။ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။ ( ဖွဲ့မြဲ ဖွဲ့လေ )။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

---

## ၁၇-သဥတ္တရဒုက်

နိယတဒုက်ကို ........ ၌ သဥတ္တရဒုက်ကို ........ ၏၊ ........ ကား — **သဥတ္တရာ ဓမ္မာ** .... တည်း။

ထိုနောင် ........ ၏၊ ........ ကား —— **အနုတ္တရာ ဓမ္မာ** .... တည်း။

သဥတ္တရာ၊ မိမိထက် လွန်မြတ်သောတရား ရှိကုန်သော။ ဓမ္မာ၊ တို့သည်။ **သံဝိဇ္ဇန္တိ**၊ ကုန်၏။

အနုတ္တရာ၊ မိမိထက် လွန်မြတ်သောတရား မရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

( လောကိယဒုက်နှင့် အတူကောက်လေ၊ မထူးပြီ )။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

---

## ၁၈-သရဏဒုက်

သဥတ္တရဒုက်ကို ........ ၌ သရဏဒုက်ကို ....... ၏၊ ........ ကား — **သရဏာ ဓမ္မာ** .... တည်း။

ထိုနောင် ........ ၏၊ ........ ကား — **အရဏာ ဓမ္မာ** .... တည်း။

သရဏာ၊ ငိုကြွေးကြောင်းဖြစ်သော ရာဂ အစရှိသော ကိလေသာနှင့်တကွ ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အရဏာ၊ ငိုကြွေးကြောင်းဖြစ်သော ရာဂ အစရှိသော ကိလေသာ မရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ** .... **ကား** — အကုသိုလ် ဒွါဒသ၊ စေတသိက် သတ္တဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ ပ ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ ( ဖွဲ့မြဲ ဖွဲ့လေ )။

**ဒုတိယ** .... **ကား** — ကုသိုလ် ဧကဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။ ( ဖွဲ့လေ )။

အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

**အဘိဓမ္မ ဒုကမာတိကာ အရကောက် ပြီး၏။**

---

ထို တရားသော ဒုက်တို့တွင် ဟေတုဂေါစ္ဆက, အာသဝ, သံယောဇန, ဂန္ထ, ဩဃ, ယောဂ, နီဝရဏ, ပရာမာသ, ဥပါဒါနဂေါစ္ဆက ဤ ၉-ပါးတို့၏ အဆုံး ၃-ဒုက်စီ, ကိလေသဂေါစ္ဆက၏ အဆုံး ၄-ဒုက်, စိတ္တသမ္ပယုတ္တဒုက်, စိတ္တသံသဋ္ဌဒုက် ဤ ၃၃-ဒုက်သည် သပ္ပဒေသဒုက်၊ ကြွင်းသော ၆၇-ဒုက်သည် နိပ္ပဒေသဒုက်။

# ၆-သုတ္တန္တိကဒုကမာတိကာ
# အရကောက်

## ၁-ဝိဇ္ဇာဘာဂိဒုက်

**သုတ္တန္တိကမာတိကာကိုကား—** အဘိဓမ္မာကို သင်သော မထေရ်တို့အား သုတ္တန်သို့ရောက်လျှင် မပင်ပန်းစိမ့်သောငှါ အင်္ဂုတ္တရနိကာယ်၌ ဧကနိပါတ်, ဒုကနိပါတ်, သင်္ဂီတိသုတ်, ဒသုတ္တရသုတ်တို့မှ ပေါင်း၍ တရားစစ်သူကြီး **ရှင်သာရိပုတ္တရာ** ထားတော်မူသည်။

ထို သုတ္တန္တိကမာတိကာကို တခုသော နိက္ခေပကဏ္ဍ၌သာလျှင် အပြီးရောက်စေ၍ အကျယ်ဝေဖန်သည်၊

ကြွင်းသော စိတ္တုပ္ပါဒကဏ္ဍ, ရူပကဏ္ဍ, အဋ္ဌကထာကဏ္ဍနှင့် တကွအဘိဓမ္မာ ၇-ကျမ်းတို့၌ မဝေဖန်။

ကုသလာ ဓမ္မာ-အစ အရဏာ ဓမ္မာ အဆုံးရှိသော အဘိဓမ္မာမာတိကာကိုသာ ဝေဖန်သည်။

တရားစစ်သူကြီး **ရှင်သာရိပုတ္တရာ**သည် မိမိမှ အသိး ထုတ်အပ်သော မိမိဉာဏ်၏ အစွမ်းဖြင့် မထား၊ ဘုရားဟောတော်မူအပ်သော အင်္ဂုတ္တရနိကာယ်မှ ယူ၍ ထားအပ်သော သုတ္တန္တိကဒုက်သည် ဝိဇ္ဇာဘာဂိဒုက် ။ပ။ ခယေဉာဏဒုက်အားဖြင့် ၄၂-ပါး အပြားရှိ၏။

ထို ၄၂-ပါးသော ဒုက်တို့တွင် ဝိဇ္ဇာဘာဂီဒုက်ကို ရှေးဦးစွာ ဟောတော်မူ၏။

ထိုဝိဇ္ဇာဘာဂီဒုက်သည်လည်း ပဌမပဒ, ဒုတိယပဒအားဖြင့် ၂-ပါးအပြားရှိ၏။

ထို ၂-ပါးတို့တွင် ပဌမပဒကို ရှေးဦးစွာ ဟောတော်မူ၏၊ ဟောဟန်ကား— **ဝိဇ္ဇာဘာဂိနော ဓမ္မာ** ဟူသည်တည်း။

ထိုနောင် ဒုတိယပဒကို ဟောတော်မူ၏၊ ဟောဟန်ကား—**အဝိဇ္ဇာဘာဂိနော ဓမ္မာ** ဟူသည်တည်း။

ဝိဇ္ဇာဘာဂိနော၊ သမ္ပယုတ်၏ အစွမ်းဖြင့် ဝိဇ္ဇာ ၈-ပါးသို့ ဆည်းကပ်တတ်ကုန်သော။ ဝါ၊ ဝိဇ္ဇာ ၈-ပါးအစု၌ ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အဝိဇ္ဇာဘာဂိနော၊ သမ္ပယုတ်၏ အစွမ်းဖြင့် သစ္စာ ၄-ပါးကိုဖုံးလွှမ်း တတ်ကုန်သော မောဟ ၄-ပါးသို့ ဆည်းကပ်တတ်ကုန်သော။ ဝါ၊ သစ္စာ ၄-ပါးကို

ဖုံးလွှမ်းတတ်ကုန်သော မောဟအစဉ်၌ ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်၊ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ဝိဇ္ဇာဘာဂိနော ဓမ္မာ ဟူသော ပဌမပုဒ်၏ အရကား—**

ဝိပဿနာဉာဏ်, မနောမယိဒ္ဓိဉာဏ်, ဣဒ္ဓိဝိဓဉာဏ်, ပရစိတ္တဝိဇာနနဉာဏ်, ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, ဒိဗ္ဗသောတဉာဏ်, အာသဝက္ခယဉာဏ်တည်း ဟူသော ဝိဇ္ဇာ ၈-ပါးနှင့်ယှဉ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄-ခု၊ မဟာ-ကြိယာ ဉာဏသမ္ပယုတ် ၄-ခု၊ အဘိညာဉ်ဒွေ၊ အရဟတ္တမဂ်စိတ် ၁-ခု၊ အမောဟ ကြဉ်သော စေတသိက် သတ္တတိံသ ရ၏[၁]။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ် အားဖြင့် ၂-ပါး၊ သစ္စာအားဖြင့် ၂-ပါးဖြစ်ကုန်၏။ (ခန္ဓာ, အာယတန, ဓာတ် ဖွဲ့လေ)။

**သစ္စာအားဖြင့် ၂-ပါး ဟူသော်ကား —**

မဟာကုသိုလ် မဟာကြိယာဉာဏသမ္ပယုတ်စိတ်၊ အဘိညာဉ်ဒွေ၊ စေတသိက် သတ္တတိံ သသည် ဒုက္ခသစ္စာမည်၏၊ အရဟတ္တမဂ်စိတ်၌ ရှိသော သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာ-သမာဓိဟု ဆိုအပ်သော အရဟတ္တမဂ် ၇-ပါး၊ ၆-ပါးသည် မဂ္ဂသစ္စာမည်၏၊ ကြွင်းသော အရဟတ္တမဂ်စိတ္တုပ္ပါဒ် ၂၉-ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါး ဖြစ်သတည်း။

**အဝိဇ္ဇာဘာဂိနော ဓမ္မာ ဟူသော ဒုတိယပုဒ်၏ အရကား—**

အကုသိုလ်စိတ် ဒွါဒသ၊ မောဟကြဉ်သော စေတသိက် ဆဗ္ဗီသ ရ၏[၁]။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ်အားဖြင့် ၂-ပါး၊ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ခန္ဓာ,အာယတန, ဓာတ် ဖွဲ့လေ)။

---

၁- ရှေးဆရာမြတ်တို့ကား ဝိဇ္ဇာဘာဂီ၏ အရကို တိဟိတ်စိတ္တုပ္ပါဒ် အကုန်၊ အဝိဇ္ဇာ ဘာဂီ၏ အရကို အကုသိုလ်စိတ္တုပ္ပါဒ် အကုန် ကောက်တော်မူ၏။

ကတမေ ဓမ္မာ ဝိဇ္ဇာဘာဂိနော။ ဝိဇ္ဇာယ သမ္ပယုတ္တကာ ဓမ္မာ။ ဣမေ ဓမ္မာ ဝိဇ္ဇာ-ဘာဂိနော။ ကတမေ ဓမ္မာ အဝိဇ္ဇာဘာဂိနော။ အဝိဇ္ဇာယ သမ္ပယုတ္တကာ ဓမ္မာ။ ဣမေ ဓမ္မာ အဝိဇ္ဇာဘာဂိနော-ဟူသော ပါဠိတော်(၂၅၅),

"ဣဓ ပန သမ္ပယုတ္တဓမ္မာဝ အဓိပ္ပေတာ" ဟူသော အဋ္ဌကထာ ၉၃-တို့နှင့် မညီ။

**သစ္စာအားဖြင့် ၂-ပါး** ဟူသော်ကား —

အကုသိုလ်စိတ် ဒွါဒသ၊ လောဘကြဉ်သော စေတသိက် ပဉ္စဝီသသည် ဒုက္ခ-သစ္စာ မည်၏၊ လောဘသည် သမုဒယသစ္စာမည်၏၊ ဤသို့လျှင် သစ္စာ ၂-ပါးဖြစ်သတည်း။

အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်, နိပ္ပဒေသဒုက်အားဖြင့် ၂-ပါးတို့ဘွင် မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ်၊ အဘိညာဉ်ဒွေ၊ အရဟတ္တမဂ်စိတ်မှတပါး ကုသိုလ်စိတ် သောဠသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် သောဠသ၊ စေတသိက် အဋ္ဌတိံသ။

မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ်၊ အဘိညာဉ်ဒွေ၊ အရဟတ္တမဂ်စိတ်၌ရှိသော အမောဟ၊

အကုသိုလ်စိတ် ဒွါဒသ၌ ရှိသော မောဟ၊

ဝိပဿနာဉာဏ် ကိစ္စမတပ်ခိုက် မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်၊ စေတသိက် အဋ္ဌတိံသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်ဟုဆိုအပ်သော ကြွင်းသောပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် **သပ္ပဒေသဒုက်** မည်၏။

---

## ၂-ဝိဇ္ဇူပမဒုက်

ဝိဇ္ဇူပမာ၊ လျှပ်စစ် ဥပမာ ရှိကုန်သော။ ဝါ၊ လျှပ်စစ်နှင့် တူကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ဝဇိရူပမာ၊ မိုးကြိုးစက် ဥပမာရှိကုန်သော။ ဝါ၊ မိုးကြိုးစက်နှင့် တူကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား—**အောက်မဂ်စိတ် ၃-ခု၌ ရှိသော ပညာ ရ၏။

**ဒုတိယ....ကား—**အရဟတ္တမဂ်စိတ်၌ ရှိသော ပညာ ရ၏။

စိတ်တခုယုတ်ကိုးဆယ်၊ မဂ်စိတ် ၄-ခု၌ရှိသော ပညာကြဉ်သော စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

---

## ၃-ဗာလဒုက်

ဗာလာ၊ မိုက်ကုန်သော။ ဝါ၊ သူမိုက်တို့၌ တည်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ပဏ္ဍိတာ၊ ပညာရှိကုန်သော။ ဝါ၊ ပညာရှိတို့၌ တည်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ... ကား** — အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ ရ၏။

**ဒုတိယ....ကား—**ကုသိုလ်စိတ် ဧကဝီသ၊ စေတသိက် အဋ္ဌတိံသ ရ၏။

ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

## ၄-ကဏှဒုက်

ကဏှာ၊ မည်းညစ်ကုန်သော။ ဝါ၊ အပါယ်ဆင်းရဲ ဘုန်းနည်းခြင်းဟု ဆိုအပ်သော မည်းညစ်သော ဇာတ်၏ အကြောင်း ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

သုက္ကာ၊ ဖြူစင်ကုန်သော။ ဝါ၊ သုဂတိချမ်းသာ ဘုန်းကြီးခြင်းဟု ဆိုအပ်သော ဖြူစင်သော ဇာတ်၏ အကြောင်း ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား—** အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ ရ၏။

**ဒုတိယ .... ကား —** ကုသိုလ်စိတ် ဧကဝီသ၊ စေတသိက် အဋ္ဌတိံသ ရ၏။

ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

## ၅-တပနီယဒုက်

တပနီယာ၊ ပစ္စုပ္ပန်, သံသရာ နှစ်ပါး၌ ပူပန်စေတတ် ဆင်းရဲစေတတ်သော အကုသိုလ်ဟု ဆိုအပ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အတပနီယာ၊ ပစ္စုပ္ပန်, သံသရာနှစ်ပါး၌ မပူပန်စေတတ် ချမ်းသာစေတတ်သော ကုသိုလ်ဟု ဆိုအပ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ .... ကား —** အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ ရ၏။

**ဒုတိယ .... ကား —** ကုသိုလ်စိတ် ဧကဝီသ၊ စေတသိက် အဋ္ဌတိံသ ရ၏။

ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

## ၆-အဓိဝစနဒုက်

အဓိဝစနာ၊ သဒ္ဒါမျှကိုသာ အကြီးအမှူးပြု၍ဖြစ်သော သဒ္ဒပညတ်ဟု ဆိုအပ်ကုန်သော။ ဝါ၊ နာမ, နာမကမ္မ, နာမဓေယျ, နာမနိရုတ္တိ, နာမဗျဉ္ဇန, နာမာဘိလာပ တည်းဟူသော သဒ္ဒပညတ်ဟု ဆိုအပ်ကုန်သော။ ဝါ၊ အနက်၌ ညွှတ်တတ်သော အမည်ဟုဆိုအပ်သော နာမ၊ အနက်၌ ညွှတ်သည်ဖြစ်၍ ပြုအပ်

သော နာမကမ္မ၊ အနက်၌ ညွတ်သည်ဖြစ်၍ ထားအပ်သည်ဟု ဆိုအပ်သော နာမဓေယျ၊ အနက်၌ ညွတ်သည်ဖြစ်၍ ထုတ်၍ဆိုအပ်သော နာမနိရုတ္တိ၊ အနက်၌ ညွတ်သည်ဖြစ်၍ ပြတတ်သော ဝါကျဟု ဆိုအပ်သော နာမဗျဉ္ဇန၊ အနက်၌ ညွတ်သည်ဖြစ်၍ ရှေးရှုဟောတတ်သော သဒ္ဒါဟုဆိုအပ်သော နာမာဘိလာပ တည်းဟူသော သဒ္ဒပညတ်ဟု အပ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အဓိဝစနပထာ၊ သဒ္ဒါမျှကိုသာ အကြီးအမှူးပြု၍ဖြစ်သော သဒ္ဒပညတ်တို့၏ အကြောင်းဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ .... ကား** — သုတာန္တပုဂ္ဂိုလ်တို့၏ အသိဉာဏ်အား တပ်သော သဒ္ဒပညတ် ရ၏။

ထိုသဒ္ဒပညတ်ဟူသည် အစိတ်သဒ္ဒါနှင့် မကင်းရကား သဝိညတ္တိက ဝစီဘေဒ-သဒ္ဒ တည်း။

ရူပက္ခန္ဓာ၊ သဒ္ဒါယတန, ဓမ္မာယတန၊ သဒ္ဒဓာတ်, ဓမ္မဓာတ်၊ ဒုက္ခသစ္စာ မည်၏။

**ဒုတိယ .... ကား** — ဝဒန္တပုဂ္ဂိုလ်တို့၏ အသိဉာဏ်အား တပ်သော အတ္ထ-ပညတ် ရ၏။

ထို အတ္ထပညတ်ဟူသည် အကြောင်းအနက်နှင့် မကင်းရကား စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်တည်း [၁] ။

ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၁၂-ပါး၊ ဓာတ်အားဖြင့် ၁၈-ပါး၊ သစ္စာအားဖြင့် ၄-ပါး။

မဂ္ဂင် ၈-ပါးမှကြွင်းသော မဂ်စိတ္တုပ္ပါဒ်၊ ဖိုလ်စိတ္တုပ္ပါဒ်သည် သစ္စဝိမုတ်။

· အာဒိလဒ္ဓနာမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

---

## ၇-နိရုတ္တိဒုက်

နိရုတ္တိဓမ္မာ၊ ထုတ်၍ဆိုအပ်သော သဒ္ဒပညတ်ဟု ဆိုအပ်ကုန်သော သတ္တလည်းမဟုတ် ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်။ ဝါ၊ နာမ, နာမကမ္မ, နာမဓေယျ, နာမနိရုတ္တိ, နာမဗျဉ္ဇန, နာမာဘိလာပ တည်းဟူသော သဒ္ဒပညတ်ဟု ဆိုအပ်ကုန်သော သတ္တလည်း မဟုတ် ဇီဝလည်း မဟုတ်ကုန်သော

---

၁· ထိုကြောင့် သဗ္ဗေဝ ဓမ္မာ အဓိဝစနပထာ — ဟူ၍ ဟောတော်မူသည်။

အကျယ်ကိုလိုမူ နိက္ခေပကဏ္ဍ ပါဠိ (၂၅၆), အဋ္ဌကထာ (၄၂၀), မူလဋီကာ (၁၇၇) တို့မှ ယူလေ။

သဘောတရားတို့သည်။ ဝါ၊ အနက်၌ ညွတ်တတ်သော အမည်ဟုဆိုအပ်သော နာမ၊ အနက်၌ ညွတ်သည်ဖြစ်၍ ပြုအပ်သော နာမကမ္မ၊ အနက်၌ ညွတ်သည် ဖြစ်၍ ထားအပ်သည်ဟု ဆိုအပ်သော နာမဓေယျ၊ အနက်၌ ညွတ်သည်ဖြစ်၍ ထုတ်၍ ဆိုအပ်သော နာမနိရုတ္တိ၊ အနက်၌ ညွတ်သည်ဖြစ်၍ ပြတတ်သော ဝါကျ ဟု ဆိုအပ်သော နာမဗျဉ္ဇန၊ အနက်၌ ညွတ်သည်ဖြစ်၍ ရှေးရှုဟောတတ်သော သဒ္ဒါဟု ဆိုအပ်သော နာမာဘိလာပ တည်းဟူသော သဒ္ဒပညတ်ဟု ဆိုအပ်ကုန် သော သတ္တလည်း မဟုတ် ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

နိရုတ္တိပထာ၊ ထုတ်၍ ဆိုအပ်ကုန်သော သဒ္ဒပညတ်တို့၏ အကြောင်းဖြစ်ကုန် သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။ (အဓိဝစနဒုက်နှင့် အတူ ကောက် လေ)။

---

## ၈-ပညတ္တိဒုက်

ပညတ္တိဓမ္မာ၊ အပြားအားဖြင့် သိစေတတ်သော သဒ္ဒပညတ် ဟု ဆိုအပ်ကုန် သော။ သတ္တလည်း မဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်။ ဝါ၊ နာမ, နာမကမ္မ, နာမဓေယျ, နာမနိရုတ္တိ, နာမဗျဉ္ဇန, နာမာဘိလာပ တည်း ဟူသော သဒ္ဒပညတ်ဟု ဆိုအပ်ကုန်သော သတ္တလည်းမဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘောတရားတို့သည်။ ဝါ၊ အနက်၌ ညွတ်တတ်သော အမည်ဟု ဆိုအပ်သော နာမ၊ အနက်၌ ညွတ်သည်ဖြစ်၍ ပြုအပ်သော နာမကမ္မ၊ အနက် ၌ ညွတ်သည်ဖြစ်၍ ထားအပ်သည်ဟု ဆိုအပ်သော နာမဓေယျ၊ အနက်၌ ညွတ် သည်ဖြစ်၍ ထုတ်၍ ဆိုအပ်သော နာမနိရုတ္တိ၊ အနက်၌ ညွတ်သည်ဖြစ်၍ ပြ တတ်သော ဝါကျဟု ဆိုအပ်သော နာမဗျဉ္ဇန၊ အနက်၌ ညွတ်သည်ဖြစ်၍ ရှေးရှု ဟောတတ်သော သဒ္ဒါဟု ဆိုအပ်သော နာမာဘိလာပ တည်းဟူသော သဒ္ဒ ပညတ်ဟု ဆိုအပ်ကုန်သော သတ္တလည်း မဟုတ် ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ပညတ္တိပထာ၊ အပြားအားဖြင့် သိစေတတ်သော သဒ္ဒပညတ်တို့၏ အကြောင်း ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ ကုန်၏။ (အဓိဝစနဒုက်နှင့် အတူ ကောက်လေ)။

---

## ၉-နာမရူပဒုက်

နာမဉ္စ၊ ညွတ်ခြင်းကို ပြုတတ်သော တရားသည်လည်း။ ဝါ၊ ညွတ်တတ် သော တရားသည်လည်း။ ဝါ၊ ညွတ်စေတတ်သော တရားသည်လည်း။ အတ္ထိ၊ ရှိ၏။

ရူပဥ္စ၊ ဖောက်ပြန်တတ်သော တရားသည်လည်း။ ဝါ၊ အချမ်းအပူ စသော ဆန့်ကျင်ဘက် အကြောင်းတို့ကြောင့် ဖောက်ပြန်ခြင်းသို့ ရောက်တတ်သော တရားသည်လည်း။ ဝါ၊ အချမ်းအပူ စသော ဆန့်ကျင်ဘက် အကြောင်းတို့သည် ဖောက်ပြန်ခြင်းသို့ ရောက်စေအပ်သော တရားသည်လည်း။ အတ္ထိ၊ ရှိ၏။

**ပဌမ....ကား**— စိတ်တခုယုတ် ကိုးဆယ်. စေတသိက် ဒွေပညာသ၊ နိဗ္ဗာန် ရ၏။

**ဒုတိယ....ကား**— ရုပ် အဌဝီသ ရ၏။

သဗ္ဗလဒ္ဓနုဘမဒုက် မည်၏။ နိပ္ပဒေသဒုက် မည်၏။

## ၁၀-အဝိဇ္ဇာဒုက်

အဝိဇ္ဇာ စ၊ သစ္စာ ၄-ပါးကို ဖုံးလွှမ်းတတ်သော မောဟသည်လည်း။ ဝါ၊ သစ္စာ ၄-ပါးတို့၌ မသိခြင်း မောဟသည်လည်း။ ဝါ၊ သိအပ်သည်ကို မသိတတ်သော မောဟသည်လည်း။ ဝါ၊ မသိအပ်သည်ကို သိတတ်သော မောဟသည်လည်း။ အတ္ထိ၊ ရှိ၏။

ဘဝတဏှာ စ၊ ဘဝကို တောင့်တသော လောဘသည်လည်း။ ဝါ၊ ဘဝတို့၌ တပ်မက်မောသော လောဘသည်လည်း။ အတ္ထိ၊ ရှိ၏။

**ပဌမ....ကား**— သစ္စာ ၄-ပါးကို ဖုံးလွှမ်းတတ်သော မောဟ ရ၏။

**ဒုတိယ....ကား**— ဘဝကို တပ်မက်မောသော လောဘ ရ၏။

စိတ်တခုယုတ် ကိုးဆယ်၊ အဝိဇ္ဇာ, ဘဝတဏှာ ကြဉ်သော စေတသိက် ဧက· ပညာသ၊ ရုပ် အဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

## ၁၁-ဘဝဒိဋ္ဌိဒုက်

ဘဝဒိဋ္ဌိ စ၊ မြဲသည်၏ အစွန်းဖြင့်ဖြစ်သော မိစ္ဆာအယူသည်လည်း။ ဝါ၊ မိမိကိုယ်သည်၎င်း လောကသည်၎င်း ဖြစ်လတ္တံ့ဟု ဖောက်ပြန်သော အယူသည်လည်း။ အတ္ထိ၊ ရှိ၏။

ဝိဘဝဒိဋ္ဌိ စ၊ ပြတ်သည်၏ အစွန်းဖြင့်ဖြစ်သော မိစ္ဆာ အယူသည်လည်း။ ဝါ၊ မိမိကိုယ်သည်၎င်း, လောကသည်၎င်း မဖြစ်လတ္တံ့ဟုဖောက်ပြန်သော အယူသည်လည်း။ အတ္ထိ၊ ရှိ၏။

**ပဌမ....ကား**—ဘဝဒိဋ္ဌိ ရ၏။

**ဒုတိယ....ကား**—ဝိဘဝဒိဋ္ဌိ ရ၏။

စိတ်တခုယုတ် ကိုးဆယ်၊ ဘဝဒိဋ္ဌိ, ဝိဘဝဒိဋ္ဌိကြဉ်သော စေတသိက် ဒွေပညာသ[1]၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

## ၁၂-သဿတဒိဋ္ဌိဒုက်

သဿတဒိဋ္ဌိ စ၊ မိမိကိုယ်သည်၎င်း, လောကသည်၎င်း မြဲ၏ဟုဖြစ်သော မိစ္ဆာအယူသည်လည်း။ အတ္ထိ၊ ရှိ၏။

ဥစ္ဆေဒဒိဋ္ဌိ စ၊ မိမိကိုယ်သည်၎င်း, လောကသည်၎င်း ပြတ်လတ္တံ့ဟုဖြစ်သော မိစ္ဆာအယူသည်လည်း။ အတ္ထိ၊ ရှိ၏။

**ပဌမ....ကား**—သဿတဒိဋ္ဌိ ရ၏။

**ဒုတိယ....ကား**—ဥစ္ဆေဒဒိဋ္ဌိ ရ၏။

စိတ်တခုယုတ် ကိုးဆယ်၊ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ ကြဉ်သော စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

## ၁၃-အန္တဝါဒိဋ္ဌိဒုက်

အန္တဝါဒိဋ္ဌိ စ၊ မိမိကိုယ်သည်၎င်း, လောကသည်၎င်း အဆုံးရှိ၏ဟုဖြစ်သော မိစ္ဆာအယူသည်လည်း။ အတ္ထိ၊ ရှိ၏။

အနန္တဝါဒိဋ္ဌိ စ၊ မိမိကိုယ်သည်၎င်း, လောကသည်၎င်း အဆုံးမရှိဟုဖြစ်သော မိစ္ဆာအယူသည်လည်း။ အတ္ထိ၊ ရှိ၏။

**ပဌမ....ကား**—အန္တဝါဒိဋ္ဌိ ရ၏။

**ဒုတိယ....ကား**—အနန္တဝါဒိဋ္ဌိ ရ၏။

စိတ်တခုယုတ်ကိုးဆယ်၊ အန္တဝါဒိဋ္ဌိ, အနန္တဝါဒိဋ္ဌိ ကြဉ်သော စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

---

၁။ ကိလေသာ ၁၀-ပါး၌ အကျုံးဝင်သော ဒိဋ္ဌိကို—

တတ္ထ ကတမာ ဒိဋ္ဌိ၊ သဿတော လောကောတိ ဝါ။ပ။ ဝိပရိယာသဂ္ဂါဟော။
အယံ ဝုစ္စတိ ဒိဋ္ဌိ။ သဗ္ဗာပိ မိစ္ဆာဒိဋ္ဌိ ဒိဋ္ဌိ—

ဟု ဟောတော်မူခြင်းကြောင့် ဒိဋ္ဌိအကုန် ရသည်။ (ပါဠိ-၂၄၅)။

ဤဒုက်၌ ဘဝ, ဝိဘဝဒိဋ္ဌိကိုကား—

တတ္ထ ကတမာ ဘဝဒိဋ္ဌိ။ပ။ ဝိပရိယာသဂ္ဂါဟော။ အယံ ဝုစ္စတိ ဘဝဒိဋ္ဌိ—
တတ္ထ ကတမာ ဝိဘဝဒိဋ္ဌိ။ပ။ ဝိပရိယာသဂ္ဂါဟော။ အယံ ဝုစ္စတိ ဝိဘဝဒိဋ္ဌိ-

ဟူ၍သာ ဟောတော်မူခြင်းကြောင့် ဒိဋ္ဌိ အကုန်မရ။ (ပါဠိ-၂၅၇)။

## ၁၄-ပုဗ္ဗန္တာနုဒိဋ္ဌိဒုက်

ပုဗ္ဗန္တာနုဒိဋ္ဌိ စ၊ ရှေးအဖို့သို့ အစဉ်လိုက်သော မိစ္ဆာအယူသည်လည်း။ ဝါ၊ ရှေးအဖို့ကို အာရုံပြု၍ ဖြစ်သော မိစ္ဆာအယူသည်လည်း။ အတ္ထိ၊ ရှိ၏။

အပရန္တာနုဒိဋ္ဌိ စ၊ နောက်အဖို့သို့ အစဉ်လိုက်သော မိစ္ဆာအယူသည်လည်း။ ဝါ၊ နောက်အဖို့ကို အာရုံပြု၍ ဖြစ်သော မိစ္ဆာအယူသည်လည်း။ အတ္ထိ၊ ရှိ၏။

**ပဌမ....ကား—**ပုဗ္ဗန္တာနုဒိဋ္ဌိ ရ၏။

**ဒုတိယ..ကား—**အပရန္တာနုဒိဋ္ဌိ ရ၏။

စိတ်တခုယုတ် ကိုးဆယ်၊ ပုဗ္ဗန္တာနုဒိဋ္ဌိ, အပရန္တာနုဒိဋ္ဌိ ကြဉ်သော စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

---

## ၁၅-အဟိရိကဒုက်

အဟိရိကဉ္စ၊ စက်ဆုပ်အပ်သော ကာယဒုစရိုက်စသည်ကို မစက်ဆုပ်တတ်သော သဘောတရားသည်လည်း။ ဝါ၊ ရှက်အပ်သော ကာယဒုစရိုက်စသည်မှ မရှက်တတ်သော သဘောတရားသည်လည်း။ အတ္ထိ၊ ရှိ၏။

အနောတ္တပ္ပဉ္စ၊ လန့်အပ်သော ကာယဒုစရိုက် စသည်မှ မလန့်တတ်သော သဘောတရားသည်လည်း။ အတ္ထိ၊ ရှိ၏။

**ပဌမ....ကား—** အဟိရိက ရ၏။

**ဒုတိယ....ကား—** အနောတ္တပ္ပ ရ၏။

စိတ်တခုယုတ် ကိုးဆယ်၊ အဟိရိက, အနောတ္တပ္ပ ကြဉ်သော စေတသိက် ပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

---

## ၁၆-ဟိရိဒုက်

ဟိရီ စ၊ စက်ဆုပ်အပ်သော ကာယဒုစရိုက် စသည်ကို စက်ဆုပ်တတ်သော သဘောတရားသည်လည်း။ ဝါ၊ ရှက်အပ်သော ကာယဒုစရိုက် စသည်မှ ရှက်တတ်သော သဘောတရားသည်လည်း။ အတ္ထိ၊ ရှိ၏။

ဩတ္တပ္ပဉ္စ၊ လန့်အပ်သော ကာယဒုစရိုက် စသည်မှ လန့်တတ်သော သဘောတရားသည်လည်း။ အတ္ထိ၊ ရှိ၏။

**ပဌမ....ကား—** ဟိရီ ရ၏။

**ဒုတိယ....ကား—** ဩတ္တပ္ပ ရ၏။

စိတ်တခုယုတ် ကိုးဆယ်၊ ဟိရီ, ဩတ္တပ္ပ ကြဉ်သော စေတသိက် ပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

---

## ၁၇-ဒေါဝစဿတာဒုက်

ဒေါဝစဿတာ စ၊ ဆိုဆုံးမခက်သော စကားရှိသော သူ၏ အမှု၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

ပါပမိတ္တတာ စ၊ ယုတ်မာသော အဆွေခင်ပွန်း ရှိသောသူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

**ပဌမ....ကား—** ဘုရားဟောတော်မူအပ်သော သိက္ခာပုဒ်ဖြင့် ဆိုဆုံးမအပ်သည်ရှိသော် မရိုမသေ ပြုသောအခါ ဒေါသမူဒွေ[၁]၊ စေတသိက် ဗာဝီသ ရ၏။

**ဒုတိယ....ကား—** အဆွေခင်ပွန်းယုတ်ကို ဆည်းကပ်သော အခါ လောဘမူ စိတ် ၈-ခု၊ မောဟမူဒွေ[၁]၊ စေတသိက် တေဝီသ ရ၏။

ဘုရားဟောတော်မူအပ်သော သိက္ခာပုဒ်ဖြင့် ဆိုဆုံးမအပ်သည်ရှိသော် မရိုမသေ ပြုသောအခါ ဒေါသမူဒွေ၊ အဆွေခင်ပွန်းယုတ်ကို ဆည်းကပ်သောအခါ လောဘမူ၊ မောဟမူမှ တပါး စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

---

## ၁၈-သောဝစဿတာဒုက်

သောဝစဿတာ စ၊ ဆိုဆုံးမလွယ်သော စကားရှိသောသူ၏ အမှု၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

ကလျာဏမိတ္တတာ စ၊ ကောင်းသော အဆွေခင်ပွန်း ရှိသောသူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

---

၁။ **ရှေးဆရာမြတ်တို့ကား** ဒေါသမူ သာမည၊ လောဘမူ, မောဟမူ သာမည စိတ္တုပ္ပါဒ်ကို **ကောက်တော်မူကုန်၏**။

တတ္ထ ကတမာ ဒေါဝစဿတာ။ သဟဓမ္မိကေ ဝုစ္စမာနေ ။ ပ ။ အပ္ပဋိဿဝတာ ။ အယံ ဝုစ္စတိ ဒေါဝစဿတာ။

တတ္ထ ကတမာ ပါပမိတ္တတာ။ ယေ တေ ပုဂ္ဂလာ အဿဒ္ဓါ ။ ပ ။ တံသမ္ပဝင်္ကတာ ။ အယံ ဝုစ္စတိ ပါပမိတ္တတာ။

**ဟူသော ပါဠိတော် (၂၅၈) နှင့် ညီအံ့မထင်။**

**ပဌမ**...**ကား**— ဘုရားဟောတော်မူအပ်သော သိက္ခာပုဒ်ဖြင့် ဆိုဆုံးမအပ်သည်ရှိသော် ရိုသေစွာ နားထောင်သောအခါ မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု[၁]၊ ဝိရတီ, အပ္ပမညာ ကြဉ်သော စေတသိက် တေတ္တိံသ ရ၏။

**ဒုတိယ**...**ကား**— အဆွေခင်ပွန်းကောင်းကို ဆည်းကပ်သောအခါ မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု[၁]၊ ဝိရတီ, အပ္ပမညာ ကြဉ်သော စေတသိက် တေတ္တိံသ ရ၏။

ဘုရားဟောတော်မူအပ်သော သိက္ခာပုဒ်ဖြင့် ဆိုဆုံးမအပ်သည်ရှိသော် ရိုသေစွာ နားထောင်သောအခါ အဆွေခင်ပွန်းကောင်းကို ဆည်းကပ်သောအခါ မဟာကုသိုလ်, မဟာကြိယာမှတပါး စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

---

## ၁၉-အာပတ္တိကုသလတာဒုက်

အာပတ္တိကုသလတာ စ၊ အာပတ်၌ လိမ္မာသောသူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

အာပတ္တိဝုဋ္ဌာနကုသလတာ စ၊ အာပတ်မှ ထခြင်း၌ လိမ္မာသောသူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

**ပဌမ**....**ကား**—အာပတ်ကို သိစွမ်းနိုင်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခု၌ရှိသော ပညာ[၂] ရ၏။

**ဒုတိယ**....**ကား**— အာပတ်မှ ထခြင်းကို သိစွမ်းနိုင်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခု၌ ရှိသော ပညာ[၂] ရ၏။

---

၁- ရှေးဆရာမြတ်တို့ကား မဟာကုသိုလ် သာမည စိတ္တုပ္ပါဒ်ကိုသာ ကောက်တော်မူကုန်၏၊ မဟာကြိယာ ကြွင်းခဲ့၏။

တတ္ထ ကတမာ သောဝစဿတာ။ သဟဓမ္မိကေ ဝုစ္စမာနေ။ပ။ သပ္ပဋိဿဝတာ။ အယံ ဝုစ္စတိ သောဝစဿတာ။

တတ္ထ ကတမာ ကလျာဏမိတ္တတာ။ယေ တေ ပုဂ္ဂလာ သဒ္ဓါ။ပ။ တံ သမ္ပဝင်္ကတာ။ အယံ ဝုစ္စတိ ကလျာဏမိတ္တတာ—

ဟူသော ပါဠိ (၂၅၈) နှင့် ညီအံ့မထင်။

၂- ရှေးဆရာမြတ်တို့ကား မဟာကုသိုလ်ဉာဏသမ္ပယုတ် သာမညကိုသာ ကောက်တော်မူကုန်၏။ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်၌ ရှိသော ပညာ ကြွင်းခဲ့၏။

တတ္ထ ကတမာ အာပတ္တိကုသလတာ။ပ။ အမောဟော ဓမ္မဝိစယော သမ္မာဒိဋ္ဌိ။ အယံ

အာပတ်, အာပတ်မှ ထခြင်း ၂-ပါးကို သိစွမ်းနိုင်သော မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်၌ရှိသော ပညာမှတပါး စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ် အဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

## ၂၀-သမာပတ္တိကုသလတာဒုက်

သမာပတ္တိကုသလတာ စ၊ ရူပဈာန်, အရူပဈာန် တည်းဟူသော သမာပတ် ၈-ပါး, သမာပတ် ၉-ပါးတို့၌ လိမ္မာသောသူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

သမာပတ္တိဝုဋ္ဌာနကုသလတာ စ၊ သမာပတ်မှ ထခြင်း၌ လိမ္မာသောသူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

**ပဌမ... ကား—** သမာပတ်ကို သိစွမ်းနိုင်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခု၌ရှိသော ပညာ ရ၏။

**ဒုတိယ....ကား—** သမာပတ်မှ ထခြင်းကို သိစွမ်းနိုင်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခု၌ရှိသော ပညာ ရ၏။

သမာပတ်, သမာပတ်မှ ထခြင်း ၂-ပါးကို သိစွမ်းနိုင်သော မဟာကုသိုလ်, မဟာကြိယာဉာဏသမ္ပယုတ်စိတ်၌ရှိသော ပညာမှတပါး စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ် အဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

## ၂၁-ဓာတုကုသလတာဒုက်

ဓာတုကုသလတာ စ၊ တဆယ့်ရှစ်ပါးသော ဓာတ်တို့၌ လိမ္မာသောသူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

မနသိကာရကုသလတာ စ၊ တဆယ့်ရှစ်ပါးသော ဓာတ်တို့ကို နှလုံးသွင်းခြင်း၌ လိမ္မာသော သူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

---

ဝုစ္စတိ အာပတ္တိကုသလတာ။

တတ္ထ ကတမာ အာပတ္တိဝုဋ္ဌာနကုသလတာ။ ပ။ အမောဟော ဓမ္မဝိစယော သမ္မာဒိဋ္ဌိ။ အယံ ဝုစ္စတိ အာပတ္တိဝုဋ္ဌာနကုသလတာ-ဟူသော ပါဠိတော် (၂၅၈)။

တတ္ထ သဟာဝတ္ထုနြာ တာသံ အာပတ္တီနံ ပရိစ္ဆေဒဇာနနကပညာ **အာပတ္တိကုသလတာ** နာမ။ သဟ ကမ္မဝါစာယ အာပတ္တိဝုဋ္ဌာနပရိစ္ဆေဒဇာနနကပညာ ပန **အာပတ္တိဝုဋ္ဌာန-ကုသလတာ** နာမ-ဟူသော အဌကထာ (၄၂၃) တို့နှင့် မညီ။

**ပဌမ ကား**— တဆယ့်ရှစ်ပါးသော ဓာတ်ကို သိစွမ်းနိုင်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခု၊ အဘိညာဉ်ဒွေ၊ မဂ်စိတ် ၄-ခု၌ ရှိသော ပညာ[၁] ရ၏။

**ဒုတိယ ကား**— တဆယ့်ရှစ်ပါးသော ဓာတ်ကို နှလုံးသွင်းနိုင်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ အဘိညာဉ် ဒွေ၊ မဂ်စိတ် ၄-ခုရှိ၌သော ပညာ[၁] ရ၏။

ဓာတ် တဆယ့်ရှစ်ပါးကို သိစွမ်းနိုင်၊ နှလုံးသွင်းနိုင်သော မဟာကုသိုလ်၊ မဟာကြိယာ ဉာဏသမ္ပယုတ်၊ အဘိညာဉ် ဒွေ၊ မဂ်စိတ် ၄-ခု၌ရှိသော ပညာမှ တပါး စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ကား ဒုက်မုတ်။

---

## ၂၂-အာယတနကုသလတာဒုက်

အာယတနကုသလတာ စ၊ တဆယ့်နှစ်ပါးသော အာယတနတို့၌ လိမ္မာသောသူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

ပဋိစ္စသမုပ္ပါဒကုသလတာ စ၊ တဆယ့်နှစ်ပါးသော အင်္ဂါရှိသော ပဋိစ္စ-သမုပ္ပါဒ်၌ လိမ္မာသော သူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

**ပဌမ....ကား**—တဆယ့်နှစ်ပါးသော အာယတနကို သိစွမ်းနိုင်သော မဟာ-ကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ အဘိညာဉ်ဒွေ၊ မဂ်စိတ် ၄-ခု၌ရှိသော ပညာ ရ၏။

---

၁။ အဘိညာဉ်ဒွေ၌ ရှိသော ပညာကို အသို့မူ၍ ကောက်သနည်း။

ဓာတုဝိသယာ သဗ္ဗာပိ ပညာ **ဓာတုကုသလတာ**။ **မူလဋီကာ** (၁၇၃)။

မဂ်စိတ် ၄-ခု၌ ရှိသော ပညာကို အသို့မူ၍ ကောက်သနည်း။

**သမ္မသန**ပညာ၊ သာ မဂ္ဂသမ္ပယုတ္တာ အနိစ္စာဒိသမ္မသနကိစ္စံ သာဓေတိ၊ **နိစ္စ** သညာဒိပဟာနတော။ **မူလဋီကာ** (၁၇၄)။

အဋ္ဌာရသန္နံ ဓာတူနံ ဥဂ္ဂဟ မနသိကာရ သဝန ဓာရဏ ပရိစ္ဆေဒ ဇာနနက ပညာ ဓာတုကုသလတာ နာမ ။ ပ ။ တီသုပိ ဝါ ဧတာသု ကုသလတာသု ဥဂ္ဂဟော မနသိ-ကာရော သဝနံ သမ္မသနံ ပဋိဝေဓော ပစ္စဝေက္ခဏာတိ သဗ္ဗံ ဝဋ္ဋတိ။ တတ္ထ သဝန-ဥဂ္ဂဟ ပစ္စဝေက္ခဏာ လောကိယာ၊ ပဋိဝေဓော လောကုတ္တရော၊ သမ္မသနမနသိ-ကာရော လောကိယလောကုတ္တရမိဿကာ။ **အဋ္ဌကထာ** (၄၂၄)။

**ဒုတိယ....ကား—** တဆယ့်နှစ်ပါးသော အင်္ဂါရှိသော ပဋိစ္စသမုပ္ပါဒ်ကို သိစွမ်းနိုင်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခု၊ အဘိညာဉ် ဒွေ၊ မဂ်စိတ် ၄-ခု၌ရှိသော ပညာ ရ၏။

အာယတန ၁၂-ပါး, ပဋိစ္စသမုပ္ပါဒ် ၁၂-ပါးကို သိစွမ်းနိုင်သော မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ်၊ အဘိညာဉ် ဒွေ မဂ်စိတ် ၄-ခု၌ ရှိသော ပညာမှတပါး စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

---

## ၂၃-ဌာနကုသလတာဒုက်

ဌာနကုသလတာ စ၊ အကြောင်းဟုတ်သည်၌ လိမ္မာသောသူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

အဋ္ဌာနကုသလတာ စ၊ အကြောင်းမဟုတ်သည်၌ လိမ္မာသောသူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

**ပဌမ....ကား—** စက္ခုပသာဒသည် စက္ခုဝိညာဉ်၏ အကြောင်းတည်း၊ သရက်စေ့သည် သရက်ပင်၏ အကြောင်းတည်း စသည်ဖြင့် အကြောင်း ဟုတ်သည်ကို သိစွမ်းနိုင်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခု၊ အဘိညာဉ် ဒွေ၌ ရှိသော ပညာ ရ၏။

**ဒုတိယ....ကား—** စက္ခုပသာဒသည် သောတဝိညာဉ်၏ အကြောင်းမဟုတ်၊ သရက်စေ့သည် ထန်းပင်၏ အကြောင်းမဟုတ် စသည်ဖြင့် အကြောင်း မဟုတ်သည်ကို သိစွမ်းနိုင်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခု၊ အဘိညာဉ်ဒွေ၌ ရှိသော ပညာ ရ၏။

အကြောင်းဟုတ်သည် မဟုတ်သည်ကို သိစွမ်းနိုင်သော မဟာကုသိုလ်, မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခု၊ အဘိညာဉ် ဒွေ၌ ရှိသော ပညာမှတပါး စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

---

## ၂၄-အဇ္ဇဝဒုက်

အဇ္ဇဝေါ စ၊ ဖြောင့်မတ်သောသူ၏အဖြစ်သည်လည်း။ ဝါ၊ ဖြောင့်မတ်သော စိတ်၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

မဒ္ဒဝေါ စ၊ နူးညံ့သောသူ၏ အဖြစ်သည်လည်း။ ဝါ၊ နူးညံ့သော စိတ်၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

**ပဌမ**.. **ကား**— ကာယုဇုကတာ, စိတ္တုဇုကတာ[၁] ရ၏။

**ဒုတိယ** ...**ကား**— ကာယမုဒုတာ, စိတ္တမုဒုတာ[၁] ရ၏။

စိတ်တခုယုတ် ကိုးဆယ်၊ ကာယုဇုကတာ, စိတ္တုဇုကတာ, ကာယမုဒုတာ, စိတ္တမုဒုတာ ကြဉ်သော စေတသိက် အဋ္ဌစတ္တာလီသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

---

## ၂၅-ခန္တိဒုက်

ခန္တီ စ၊ သည်းခံခြင်းသည်လည်း။ အံတ္ထိ၊ ရှိ၏။

သောရစ္စဥ္စ၊ ကောင်းသောအမှု၌ မွေ့လျော်သောသူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

**ပဌမ**....**ကား**— သည်းခံခြင်း အဒေါသ ပြဓာန်းသော မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ စေတသိက် အဋ္ဌတိံသ[၂] ရ၏။

**ဒုတိယ** .... **ကား**— သီလစေတနာ ပြဓာန်းသော မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊လောကုတ္တရာစိတ် ၈-ခု၊အပ္ပမညာ-ကြဉ်သော စေတသိက် ဆတ္တိံသ ရ၏။

သည်းခံခြင်း အဒေါသ၊ သီလစေတနာ ပြဓာန်းသော မဟာကုသိုလ်,မဟာ-ကြိယာမှတပါး လောကီစိတ် ၈ကာသီတိ၊စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

---

• ၁။ အဋ္ဌဝမဒ္ဒဝနိဒ္ဒေသေ **နိစိတ္တတာတိ** ပဒမတ္တမေဝ ဝိသေသော။ပ။ သေသံ စိတ္တု-ဇုကတာစိတ္တမုဒုတာနံ ပဒဘာဇနီယေ အာဂတမေဝ—

ဟူ၍ မိန့်သော အဋ္ဌကထာ(၄၂၄)ဆရာမြတ် အလိုသော်ကား စိတ္တုဇုကတာ, စိတ္တမုဒုတာ ကိုသာ ကောက်လိုရိပ်ရှိ၏။

ရှေးဆရာမြတ်တို့ကား ပညာကိုလည်း ကောက်တော်မူကုန်၏။ ပါဠိ, အဋ္ဌကထာ, ဋီကာ အထူးမထင်။

၂။ ပဌမပုဒ်၏အရ သည်းခံခြင်းကို ကောက်သည်တွင် အဋ္ဌကထာ (၄၂၅) ၌—

အတ္တမနတာ စိတ္တဿာတိ သောမနဿဝသေန စိတ္တဿ သကမနတာ—

ဟူ၍ မိန့်ရကား သောမနဿသဟဂုတ်ကိုသာ လို၏။

ဋီကာ (၁၀၄) ၌ —

အတ္တမနော ဝါ ပုဂ္ဂလော တဿ ဘာဝေါ အတ္တမနတာ။ သာ န သတ္တဿာတိ ပုဂ္ဂလဒိဋ္ဌိနိဝါရဏတ္ထံ စိတ္တဿာတိ ဝုတ္တံ—

ဟူ၍ မိန့်ရကား သာမညလည်း သင့်လေ၏ ။

## ၂၆-သာခလျဒုက်

သာခလျဥ္စ၊ နူးညံ့ပြေပြစ် ချစ်ဖွယ်သော စကားရှိသောသူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

ပဋိသန္ထာရော စ၊ အာမိသပဋိသန္ထာရ, ဓမ္မပဋိသန္ထာရတို့ဖြင့် ပျူငှါလောကဝတ် အစေ့အစပ် ပြုခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။

**ပဌမ .... ကား —** ချစ်ဖွယ်သောစကားကို ဆိုသောအခါ မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ စေတသိက် အဋ္ဌတိံသ ရ၏။

**ဒုတိယ .... ကား —** ပျူငှါ လောကဝတ် အစေ့အစပ် ပြုသောအခါ မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ စေတသိက် အဋ္ဌတိံသ ရ၏။

ချစ်ဖွယ်သောစကားကို ဆိုသောအခါ ပျူငှါ လောကဝတ် အစေ့အစပ် ပြုသောအခါ မဟာကုသိုလ်, မဟာကြိယာမှ တပါး စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

---

## ၂၇-ဣန္ဒြိယေသုအဂုတ္တဒွါရတာဒုက်

ဣန္ဒြိယေသု၊ ဣန္ဒြေ ၆-ပါးတို့၌။ အဂုတ္တဒွါရတာ စ၊ မစောင့်အပ်သော တံခါးရှိသောသူ၏ အဖြစ်သည်လည်း။ ဝါ၊ တံခါးကို မစောင့်သောသူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

ဘောဇနေ၊ ဘောဇဉ်၌။ အမတ္တညုတာ စ၊ အတိုင်းအရှည်ကို မသိသောသူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

**ပဌမ .... ကား —** လောဘမူစိတ် ၈-ခု၊ ဒေါသမူဒွေ[1]၊ စေတသိက် ဆဗ္ဗီသ ရ၏။

**ဒုတိယ .... ကား —** လောဘမူစိတ် ၈-ခု၊ မောဟမူဒွေ[2] စေတသိက် တေဝီသ ရ၏။

---

၁။ ပဌမပုဒ်၏ အရကို လောဘမူကိုသာ မကောက်မူ၍ ဒေါသမူကိုလည်း အသို့မူ၍ ကောက်သနည်း။

ယတ္ထာဓိကရဏမေနံ စက္ခုန္ဒြိယံ။ပ။မနိန္ဒြိယံ အသံဝုတံ ဝိဟရန္တံ အဘိဇ္ဈာဒေါမနဿာ ပါပကာ အကုသလာ ဓမ္မာ အန္ဝာဿဝေယျုံ။ပါဠိတော် (၂၆၁)။

၂။ ဒုတိယပုဒ်၏ အရကို လောဘမူကိုသာ မကောက်မူ၍ မောဟမူကိုလည်း အသို့မူ၍ ကောက်သနည်း။

တွေ့ စ အသန္တုဋ္ဌိတာ လောဘော၊ အမတ္တညုတာ အပ္ပဋိသင်္ခါ စ မောဟောတိ ဣမေ ဒွေ ဓမ္မာ ဘောဇနေ အမတ္တညုတာတိ ဝေဒိတဗ္ဗာ။ ဋီကာ (၁၈၆)။

ကုသိုလ် စေတီသာ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသာ၊ စေတသိက် အဋ္ဌတိံသ၊ ရုပ် အဋ္ဌဝီသာ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

## ၂၇-ဇုလ္လိယသဂုတ္တဒွါရတာဒုက်

ဇုလ္လိယေသု၊ ဇုလ္လေ ၆-ပါးတို့၌။ ဂုတ္တဒွါရတာ စ၊ စောင့်အပ်သော တံခါးရှိသောသူ၏ အဖြစ်သည်လည်း။ ဝါ၊ တံခါးကို စောင့်သောသူ၏ အဖြစ်သည် လည်း။ ဝါ၊ ပိတ်အပ်သော တံခါးရှိသောသူ၏ အဖြစ်သည်လည်း။ ဝါ၊ တံခါးကို ပိတ်သောသူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

ဘောဇနေ၊ ဘောဇဉ်၌။ မတ္တညုတာ စ၊ အတိုင်းအရှည်ကို သိသောသူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

**ပဌမ....ကား—** မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ လောကုတ္တရာစိတ် ၈-ခု[၁]၊ စေတသိက် အဋ္ဌတိံသ ရ၏။

**ဒုတိယ...ကား—** ဘောဇဉ်ကို ဆင်ခြင်၍ သုံးဆောင်သောအခါ မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ ဝိရတီ, အပ္ပမညာကြဉ်သော စေတသိက် တေတ္တိံသ ရ၏။

မဟာကုသိုလ်, မဟာကြိယာမှ တပါး လောကီစိတ် ၆၅-ခု၊ ဝိရတီကြဉ်သော စေတသိက် ဧကူနပညာသာ၊ ရုပ် အဋ္ဌဝီသာ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

## ၂၈-မုဋ္ဌဿစ္စဒုက်

မုဋ္ဌဿစ္စဥ္စ၊ လွတ်သော သတိရှိသောသူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

အသမ္ပဇညဥ္စ၊ ကောင်းစွာ အပြားအားဖြင့် သိတတ်သော ပညာမရှိသော သူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

---

၁။ ပဌမပုဒ်၏ အရကား သီလအရာတွင် မဟာကုသိုလ်,မဟာကြိယာ, လောကုတ္တရာကိုသာ အသုံးမူ၍ ကောက်သနည်း။

ပါတိမောက္ခသံဝရတောပိ စ မဂ္ဂဖလသမ္ပယုတ္တမေဝ သီလံ အဓိသီလံ။ ပါရာဇိကဏ် **အဋ္ဌကထာ (ပ-၂၀၉)**။

မဟဂ္ဂုတ်ကို အသုံးမူ၍ မကောက်သနည်း။

သီလသမ္ဘဒါ ပန ရူပါရူပါဝစရာ နတ္ထိတိ သမ္ဘဝတော ယောဇေတဗ္ဗာ။ မူလ**ဋီကာ (၁၇၇)**။

**ပဌမ....ကား**—သတိ၏ ဆန့်ကျင်ဘက် အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ ရ၏။

**ဒုတိယ....ကား**—ပညာ၏ ဆန့်ကျင်ဘက် အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ ရ၏။

ကုသိုလ် ကေဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

## ၃၀-သတိသမ္ပဇညဒုက်

သတိ စ၊ အောက်မေ့တတ်သော သတိသည်လည်း။ အတ္ထိ၊ ရှိ၏။

သမ္ပဇညဉ္စ၊ ကောင်းစွာ အပြားအားဖြင့် သိတတ်သော ပညာသည်လည်း။ အတ္ထိ၊ ရှိ၏။

**ပဌမ....ကား**—သတိ ရ၏။

**ဒုတိယ....ကား**—ပညာ ရ၏။

စိတ်တခုယုတ် ကိုးဆယ်၊ သတိ ပညာ ကြဉ်သော စေတသိက် ပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

## ၃၁-ပဋိသင်္ခါနဗလဒုက်

ပဋိသင်္ခါနဗလဉ္စ၊ ဆင်ခြင်ခြင်း၌ မတုန်မလှုပ်သည်ဖြစ်၍ ဆင်ခြင်သော ပညာသည်လည်း။ အတ္ထိ၊ ရှိ၏။

ဘာဝနာဗလဉ္စ၊ ဝီရိယကို အရင်းမူသဖြင့် ဗောဇ္ဈင် ၇-ပါးကို ပွါးစေသော ပုဂ္ဂိုလ်အားဖြစ်သော မတုန်မလှုပ်ခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။

**ပဌမ....ကား**—ပညာ ရ၏။

**ဒုတိယ....ကား**—ကုသိုလ်စိတ် ကေဝီသ၊ စေတသိက် အဋ္ဌတိံသ ရ၏။

အကုသိုလ်စိတ် ဒွါဒသ၊ ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ ပညာကြဉ်သော စေတသိက် ကေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

## ၃၂-သမထဝိပဿနာဒုက်

သမထော စ၊ ဆန့်ကျင်ဘက် အကုသိုလ်ကရားတို့ကို ငြိမ်းစေတတ်သော **သမာဓိသည်လည်း။ အတ္ထိ၊ ရှိ၏။**

ဝိပဿနာ စ၊ သင်္ခါရတရားတို့ကို အနိစ္စ စသည်တို့၏ အစွမ်းအားဖြင့် အထူးထူးသော အခြင်းအရာဖြင့် ရှုတတ်သော ပညာ သည်လည်း။ အတ္ထိ၊ ရှိ၏။

**ပဌမ....ကား—** သမ္မာသမာဓိ[၁] ရ၏။

**ဒုတိယ... ကား—** ပညာ[၁] ရ၏။

စိတ် တခုယုတ် ကိုးဆယ်၊ သောဘနစိတ်၌ရှိသော ဧကဂ္ဂတာ, ပညာ ကြွင်သော စေတသိက် ၈ပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မှုတ်။

---

## ၃၃-သမထနိမိတ္တဒုက်

သမထနိမိတ္တဉ္စ၊ ရှေးသမထ သည်ပင် နောက် သမထ၏ အကြောင်း သည်လည်း။ ဝါ၊ နောက်သမထ၏ အကြောင်းဖြစ်သော ရှေးသမထသည်လည်း။ အတ္ထိ၊ ရှိ၏။

ပဂ္ဂါဟနိမိတ္တဉ္စ၊ ရှေးလုံ့လသည်ပင် နောက်လုံ့လ၏ အကြောင်းသည်လည်း။ ဝါ၊ နောက်လုံ့လ၏ အကြောင်းဖြစ်သော ရှေးလုံ့လသည်လည်း။ အတ္ထိ၊ ရှိ၏။

**ပဌမ....ကား—** နောက်နောက်သော သမထ၏ အကြောင်းဖြစ်သော ရှေးရှေးသော သမထ ဟုဆိုအပ်သော သမ္မာသမာဓိ[၂] ရ၏။

---

၁။ ပဌမပုဒ်၏ အရတွင် ကုသိုလ်သမာဓိကိုသာ မကောက်ပဲ သမ္မာသမာဓိ သာမညကို အသို့မူ၍ ကောက်သနည်း။

သမာဓိသာမညကိုသာသော်လည်း မကောက်ပဲ သမ္မာသမာဓိ ဝိသေသကို အသို့မူ၍ ကောက်သနည်း။

ဒုတိယပုဒ်၏ အရတွင် ဝိပဿနာ ပညာကိုသာ မကောက်ပဲ အသို့မူ၍ ပညာသာမညကို ကောက်သနည်း။

တတ္ထ ကတမော သမထော။ ယာ စိတ္တဿ ဌိတိ ။ပ။ သမ္မာသမာဓိ။ အယံ ဝုစ္စတိ သမထော။

တတ္ထ ကတမာ ဝိပဿနာ။ ယာ ပညာ ပဇာနနာ ။ ပ ။ အမောဟော ဓမ္မဝိစယော သမ္မာဒိဋ္ဌိ။ အယံ ဝုစ္စတိ ဝိပဿနာ။ ပါဠိတော် (၂၆၂)။

သတိ စ သမ္ပဇညဉ္စ ပဋိသင်္ခါနဗလဉ္စ ဘာဝနာဗလဉ္စ သမထော စ ဝိပဿနာ စ သမထနိမိတ္တဉ္စ ပဂ္ဂါဟနိမိတ္တဉ္စ ပဂ္ဂါဟော စ အဝိက္ခေပေါ စ သီလသမ္ပဒါ စ ဒိဋ္ဌိသမ္ပဒါ စာတိ ဣမေဟိ ပန ဆဟိ ဒုကေဟိ စတုဘူမကာပိ လောကိယလောကုတ္တရဓမ္မာဝ ကထိတာ။ အဋ္ဌကထာ (၄၃၃)။

၂။ တတ္ထ ကတမံ သမထနိမိတ္တံ။ ယာ စိတ္တဿ ဌိတိ ။ပ။ သမ္မာသမာဓိ။ ဣဒံ ဝုစ္စတိ သမထနိမိတ္တံ။

**ဒုတိယ....ကား—** နောက်နောက်သော လုံ့လ၏ အကြောင်းဖြစ်သော ရှေး ရှေးသော လုံ့လ ဟုဆိုအပ်သော သမ္မာဝါယာမ[၁] ရ၏။

စိတ်တခုယုတ် ကိုးဆယ်၊ သမ္မာသမာဓိ၊ သမ္မာဝါယာမ ကြဉ်သော စေတသိက် ပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

---

## ၃၄-ပဂ္ဂါဟဒုက်

ပဂ္ဂါဟော စ၊ သမ္မယုတ်တရားတို့ကို ချီးမြှောက်တတ်သော လုံ့လသည်၊ လည်း။ အတ္ထိ၊ ရှိ၏။

အဝိက္ခေပေါ စ၊ မပျံ့လွင့် တည်ကြည်သော သမာဓိသည်လည်း။ အတ္ထိ ရှိ၏။

**ပဌမ....ကား—** သမ္မာဝါယာမ[၂] ရ၏။

**ဒုတိယ....ကား—** သမ္မာသမာဓိ[၂] ရ၏။

စိတ်တခုယုတ် ကိုးဆယ်၊ သမ္မာဝါယာမ, သမ္မာသမာဓိ ကြဉ်သော စေတသိက် ပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

---

## ၃၅-သီလဝိပတ္တိဒုက်

သီလဝိပတ္တိ စ၊ သီလ၏ ပျက်စီးခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။

ဒိဋ္ဌိဝိပတ္တိ စ၊ ကောင်းသော အယူ၏ ပျက်စီးခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။

**ပဌမ.......ကား—** အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ ရ၏။

**ဒုတိယ........ကား –** မိစ္ဆာဒိဋ္ဌိ ရ၏။

ကုသိုလ် ဧကဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

---

၁ - တတ္ထ ကတမံ ပဂ္ဂါဟနိမိတ္တံ။ ယော စေတသိကော ဝီရိယာရမ္ဘော ။ပ။ သမ္မာဝါယာမော။ ဣဒံ ဝုစ္စတိ ပဂ္ဂါဟနိမိတ္တံ။ ပါဠိတော် (၂၆၃)။

၂ - တတ္ထ ကတမော ပဂ္ဂါဟော။ ယော စေတသိကော ဝီရိယာရမ္ဘော ။ပ။ သမ္မာဝါယာမော။ အယံ ဝုစ္စတိ ပဂ္ဂါဟော။

တတ္ထ ကတမော အဝိက္ခေပေါ။ ယာ စိတ္တဿ ဌိတိ ။ပ။ သမ္မာသမာဓိ။ အယံ ဝုစ္စတိ အဝိက္ခေပေါ။ ပါဠိတော် (၂၆၃)။

## ၃၆-သီလသမ္ပဒါဒုက်

သီလသမ္ပဒါ စ၊ သီလ၏ ပြည့်စုံခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။

ဒိဋ္ဌိသမ္ပဒါ စ၊ အယူပညာ၏ ပြည့်စုံခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။

**ပဌမ**........**ကား** — မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ စေတသိက် အဋ္ဌတိံသ ရ၏။

**ဒုတိယ**........**ကား** — သမ္မာဒိဋ္ဌိ[၁] ရ၏။

အကုသိုလ်စိတ် ဒွါဒသ၊ အဟိတ်စိတ် အဋ္ဌာရသ၊ မဟာဝိပါက်**စိတ်** ၈-ခု၊ မဟဂ္ဂုတ် လောကုတ္တရာစိတ် ပဉ္စတိံသ၊ ပညာ ကြဉ်သော စေတသိက် ဧကပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

---

## ၃၇-သီလဝိသုဒ္ဓိဒုက်

သီလဝိသုဒ္ဓိ စ၊ သီလ၏ အထူးသဖြင့် စင်ကြယ်ခြင်းသည်လည်း။ ဝါ၊ အထူးသဖြင့် စင်ကြယ်သော သီလသည်လည်း။ အတ္ထိ၊ ရှိ၏။

ဒိဋ္ဌိဝိသုဒ္ဓိ စ၊ အယူ၏ အထူးသဖြင့် စင်ကြယ်ခြင်းသည်လည်း။ ဝါ၊ အထူးသဖြင့် စင်ကြယ်သော အယူသည်လည်း။ အတ္ထိ၊ ရှိ၏။

**ပဌမ**........**ကား** — လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ[၂] ရ၏။

**ဒုတိယ**........**ကား** — ကမ္မဿကတဉာဏ်, သစ္စာနုလောမိက ဟုဆိုအပ်သော ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရ၏။

လောကီစိတ် ကောသီတိ၊ ကမ္မဿကတဉာဏ်, သစ္စာနုလောမိက ဟုဆိုအပ်သော ဝိပဿနာဉာဏ် ကြဉ်သော စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

---

၁။ သဗ္ဗာပိ သမ္မာဒိဋ္ဌိ ဒိဋ္ဌိသမ္ပဒါ။ **ပါဠိတော်** (၂၆၃)။

၂။ ဤ ၂-ဒုက်တို့တွင် ပါဠိတော်၌ (၂၆၃-၂၆၄)။

သဗ္ဗောပိ သီလသံဝရော သီလသမ္ပဒါ။

သဗ္ဗောပိ သီလသံဝရော သီလဝိသုဒ္ဓိ။—

ဟူ၍ လာသောကြောင့် ထို ၂-ဒုက်၏အရကို မဟာကုသိုလ်,မဟာကြိယာ, လောကုတ္တရာစိတ် သာမည ကောက်သင့်လျက် သီလသမ္ပဒါ၏ အရကို လောကီသီလ,

သီလဝိသုဒ္ဓိအရကို လောကုတ္တရာသီလဟု ဝိသေသကောက်သည်မှာ—

သီလဝိသုဒ္ဓိနိဒ္ဒေသော ကိဉ္စာပိ သီလသမ္ပဒါနိဒ္ဒေသေန သမာနော၊ တတ္ထ ပန ဝိသုဒ္ဓိသမ္ပာပကံ ပါတိမောက္ခသံဝရသီလံ ကထိတံ၊ ဣဓ ဝိသုဒ္ဓိပ္ပတ္တံ သီလံ—

ဟူ၍ မိန့်သော ဗုဒ္ဓမတညုတ အဋ္ဌကထာ (၄၃၃)ဆရာမြတ်၏ အလိုတော်နှင့် အညီတည်း။

ဝိသုဒ္ဓိပ္ပတ္တန္တိ မဂ္ဂဖလသီလံ ဝုစ္စတိ။ **ဋီကာ** (၁၈၇)။

## ၃၈-ဒိဋ္ဌိဝိသုဒ္ဓိခေါပနဒုက်

ဒိဋ္ဌိဝိသုဒ္ဓိခေါ ပန၊ အယူ၏ အထူးသဖြင့် စင်ကြယ်ခြင်းသည်လည်း။ ဝါ၊ အထူးသဖြင့် စင်ကြယ်သော အယူသည်လည်း။ အတ္ထိ၊ ရှိ၏။

ယထာဒိဋ္ဌိဿ စ ပဓာနံ၊အထူးသဖြင့် စင်ကြယ်သော ဉာဏ်အားလျော်သော လုံ့လသည်လည်း။ အတ္ထိ၊ ရှိ၏။

**ပဌမ....ကား—** ကမ္မဿကတဉာဏ်, သစ္စာနုလောမိက-ဟု ဆိုအပ်သော ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရ၏။

**ဒုတိယ....ကား—**ထိုဉာဏ် ၄-ပါးနှင့်ယှဉ်သော မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ်၊ လောကုတ္တရာစိတ် ၈-ခု၌ ရှိသော ဝီရိယ ရ၏[၁]။

စိတ်တခုယုတ် ကိုးဆယ်၊ နှစ်ပုဒ်အရ ဉာဏ်, ဝီရိယ ကြဉ်သော စေတသိက် ဒွေပညာသ၊ ရုပ် ဒဿဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

---

## ၃၉-သံဝေဇနီယဋ္ဌာနဒုက်

သံဝေဇနီယေသု ဌာနေသု၊ ထိတ်လန့်ခြင်းကို ဖြစ်စေတတ်သော ဇာတိ, ဇရာ, ဗျာဓိ, မရဏ တည်းဟူသော အကြောင်းတို့ကြောင့်။ ဝါ၊ တို့မှ။ သံဝေ-ဂေါ စ၊ ထိတ်လန့်ခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။

သံဝိဂ္ဂဿ၊ ဇာတိ, ဇရာ, ဗျာဓိ, မရဏတို့မှ ထိတ်လန့်သော ပုဂ္ဂိုလ်၏။ **ယောနိသော** ပဓာနဉ္စ၊ အသင့်အားဖြင့် လုံ့လပြုခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။

**ပဌမ....ကား—** ဇာတိ, ဇရာ, ဗျာဓိ, မရဏတို့မှ ထိတ်လန့်သောအခါ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်၌ ရှိသော ပညာ ရ၏။

**ဒုတိယ....ကား—**ကုသိုလ် ကေဝီသ၊ ဖိုလ်စိတ် ၄-ခု၌ရှိသော သမ္မာဝါယာမ ရ၏[၂]။

---

၁-ယထာဒိဋ္ဌိဿ စ အနုရူပဒိဋ္ဌိဿ ကလျာဏဒိဋ္ဌိဿ တံသမ္ပယုတ္တမေဝ ပဓာနံ။ အဋ္ဌကထာ (၉၆)။

ဒိဋ္ဌိဝိသုဒ္ဓိ **ခေါ ပနာ**တိ ပဒဿ နိဒ္ဒေသေ **ယာ ပညာ ပဇာနနာ**တိအာဒီဟိ ပဒေဟိ ဟေဋ္ဌာ ဝုတ္တာနိ ကမ္မဿကတညာဏာဒီနေဝ စတ္တာရိ ဉာဏာနိ ဝိဘတ္တာနိ။ **ယထာဒိဋ္ဌိဿ စ ပဓာနန္တိ** ပဒဿ နိဒ္ဒေသေ **ယော စေတသိကော ဝီရိယာရမ္ဘော**တ-အာဒီဟိ ပဒေဟိ နိဒ္ဒိဋ္ဌံ ဝီရိယံ ပညာဂတိကမေဝ။ **အဋ္ဌကထာ**(၄၃၄)။

၂-သံဝေဂေါဒုကနိဒ္ဒေသေ **ဇာတိ ဘယန္တိ ဇာတိံ** ဘယတော ဒိသွာ ဌိတဉာဏံ။ **အဋ္ဌကထာ**။ (၄၃၄)။

သမ္မပ္ပဓာန်ကို ထောက်၍ ဖိုလ်၌ ရှိသော ဝီရိယကို ကောက်သည်။

စိတ်တခုယုတ် ကိုးဆယ်၊ သံဝေဂပညာ၊ ကုသိုလ် ဇေဝီသ၊ ဖိုလ်စိတ် ၄-ခု၌ ရှိသော သမ္မာဝါယာမ ကြဉ်သော စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

## ၄၀-အသန္တုဋ္ဌိတာကုသလဓမ္မဒုက်

ကုသလေသု ဓမ္မေသု၊ ကုသိုလ်တရားတို့၌။ အသန္တုဋ္ဌိတာ စ၊ မရောင့်ရဲသောသူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

ပဓာနသ္မိံ၊ ကုသိုလ်တရားကို ပွါးစေခြင်းအကျိုးငှါ အားထုတ်ခြင်း၌။ အပ္ပဋိဝါနိတာ စ၊ မဆုတ်နစ်သောသူ၏အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

**ပဌမ....ကား**—ကုသိုလ် ဇေဝီသ၊ စေတသိက် အဋ္ဌတိံသ ရ၏[၁]။

**ဒုတိယ....ကား**—ကုသိုလ်စိတ် ဇေဝီသ၌ ရှိသော သမ္မာဝါယာမ ရ၏[၁]။

အကုသိုလ်စိတ် ဒွါဒသ၊ ဝိပါက်စိတ် ဆတ္တိံသ၊ကြိယာစိတ် ဝီသ၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုက်။

## ၄၁-ဝိဇ္ဇာဒုက်

ဝိဇ္ဇာ စ၊ မောဟကို ဖျက်ဆီး၍ ထင်စွာပြုတတ်သော ပညာသည်လည်း။ အတ္ထိ၊ ရှိ၏။

ဝိမုတ္တိ စ၊ ဆန့်ကျင်ဘက် နီဝရဏတို့မှ ကောင်းစွာလွတ်သော သမာပတ် ဂ-ပါးသည်လည်း။ ဝါ၊ အလုံးစုံသော ကိလေသာတို့မှ စင်စစ်လွတ်သော နိဗ္ဗာန်သည်လည်း။ အတ္ထိ၊ ရှိ၏။

---

သံဝိဂ္ဂဿ စ ယောနိသော ပဓာနန္တိ ဣမ ဘိက္ခု အနုပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ အနုပ္ပါဒါယ ဆန္ဒံ ဇနေတိ။ပ။ ပဒဟတိ။

ဤပါဠိတော် (၂၆၄) ကို တိုက်ရိုက်ကောက်မူ ကုသိုလ် ဇေဝီသ၌ ရှိသော ဝီရိယကို ကောက်သင့်၏။ ဝါ၊ မဟာကုသိုလ်၌ ရှိသော ဝီရိယကို ကောက်သင့်၏။ ခဲ၏၊ ကြံလေ။

၁-ရှေးဆရာမြတ်တို့ကား—

ပဌမ....ကား— လောကီကုသိုလ်,ဒုတိယ....ကား— လောကုတ္တရာကုသိုလ်ကို ကောက်တော်မူကုန်၏။

ဣဓေကစ္စော ဟိ အာဒိတော ပက္ခိကဘတ္တံ ဝါ။ပ။ ပါဠိပဒိကံ ဝါ ဒေတိ၊ သော တေန အသန္တုဋ္ဌော ။ပ။ စတ္တာရောပိ ပစ္စယေ ဒေတိ၊ တတြာပိ အသန္တုဋ္ဌော ။ပ။ ပဉ္စ သီလာနိ သမာဒိယတိ၊ တတြာပိ အသန္တုဋ္ဌော ဟုတွာ ပဗ္ဗဇတိ ။ပ။ တေပိဋကံ ဗုဒ္ဓဝစနံ ဂဏှာတိ၊ အဋ္ဌ သမာပတ္တိယော ဘာဝေတိ၊ ဝိပဿနံ ဝဍ္ဎေတွာ အရဟတ္တံ ဂဏှာတိ၊ အရဟတ္တပ္ပတ္တိတော ပဋ္ဌာယ မဟာသန္တုဋ္ဌော နာမ ဟောတိ—

ဟူသော အဋ္ဌကထာ(၄၃၄) နှင့် ညီအံ့သို့မထင်။

**ပဌမ....ကား**—ပုဗ္ဗေနိဝါသဉာဏ်, စုတူပပါတဉာဏ်, အာသဝက္ခယဉာဏ် ရ၏။

**ဒုတိယ....ကား**—မဟာဂ္ဂုတ်ကုသိုလ်စိတ် ၉-ခု၊ ကြိယာစိတ် ၉-ခု၊ စေတသိတ် ပဋ္ဌတိ°သ၊ နိဗ္ဗာန် ရ၏။[၁]

ကာမစိတ် စတုပညာသ၊ မဟဂ္ဂုတ်ဝိပါက် စိတ် ၉-ခု၊လောကုတ္တရာစိတ် ၈-ခု၊ ဝိဇ္ဇာ ၃-ပါး ကြဉ်သော စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ-ကား ဒုက်မုတ်။

---

## ၄၂-ခယေဉာဏဒုက်

ခယေ၊ ကိလေသာတို့၏ ကုန်ခြင်းကို ပြုတတ်သော အရိယာမဂ် ၄-ခု၌။ ဉာဏံ၊ ဉာဏ်သည်။ အတ္ထိ၊ ရှိ၏။

အနုပ္ပါဒေ၊ ထိုထိုသို့သော မဂ်ဖြင့် ပယ်အပ်သော ကိလေသာတို့၏ မဖြစ်ခြင်း အဆုံးရှိသော အရိယာဖိုလ် ၄-ခု၌။ ဉာဏံ၊ ဉာဏ်သည်။ အတ္ထိ၊ ရှိ၏။

**ပဌမ....ကား**— မဂ်စိတ် ၄-ခု၌ရှိသော ပညာ ရ၏။

တို ပညာသည် သင်္ခါရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ မဂ္ဂသစ္စာတည်း။

**ဒုတိယ....ကား**— ဖိုလ်စိတ် ၄-ခု၌ ရှိသော ပညာ ရ၏။

ထို ပညာသည် သင်္ခါရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ သစ္စဝိမုတ်တည်း။

စိတ်တခုယုတ် ကိုးဆယ်၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ကြဉ်သော စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

သုတ္တန္တိက ဒုကမာတိကာ အရကောက် ပြီး၏။

နာမရူပဒုက် အဆုံးတွင် "ဝိဇ္ဇာ စ၊ အဝိဇ္ဇာ စ။ ဘဝတဏှာ စ၊ ဝိဘဝတဏှာ စ"ဟု ဒုက်ပွါးစာ အချို့ရှိသည်၊ ပါဠ်လွန် ပါဌ်ပျက်။ "အဝိဇ္ဇာ စ၊ ဘဝတဏှာ စ"သာ လိုသည်။

သာခလျဒုက် အဆုံးတွင်လည်း "အဝိဟိ°သာ စ၊ သောစေယျဥ္စ"ဟု ဒုက်ပွါးစာ အချို့ရှိသည်။ပါဌ်လွန် ပါဌ်ပျက်၊ ပါဠိ, အဋ္ဌကထာ, ဋီကာနှင့် မညီ။ ၄၄-ဒုက်ပင်လည်း ရှိခဲ့၏။

ထိုသုတ္တန္တိက ၄၂ ဒုက်တွင် နာမရူပဒုက်, သတိသမ္ပဇညဒုက်, သမထဝိပဿနာဒုက် ဤ ၃-ဒုက်သည် **သဗ္ဗလဒ္ဓနာမဒုက်**။ ကြွင်းသည့် ၃၉-ဒုက်ကား **အာဒိလဒ္ဓနာမဒုက်**။

အဓိဝစနဒုက်, နိရုတ္တိဒုက်,ပညတ္တိဒုက်,နာမရူပဒုက် ဤ ၄-ဒုက်သည် **နိပ္ပဒေသဒုက်**။ ကြွင်းသည့် ၃၈-ဒုက်ကား**သပ္ပဒေသဒုက်**။

---

၁-တတ္ထ အဋ္ဌ သမာပတ္တိယော သယံ ဝိက္ခမ္ဘိတကိလေသေဟိ ဝိမုတ္တတ္တာ ဝိမုတ္တီတိ ဝုတ္တာ၊ နိဗ္ဗာနံ ပန သဗ္ဗကိလေသေဟိ အစ္စန္တံ ဝိမုတ္တတ္တာ ဝိမုတ္တီတိ။ အဋ္ဌကထာ(၄၃၅)။

# နိဂမန

၁။ သာသနောဘာသိတေ ရမ္မေ၊ ပုရေ အမရနာမကေ။
ရာဇဓာနိယဝိတ္တိမှိ၊ သေဋ္ဌေ ဝိဟာရဗာကရေ။
၂။ တိပေဋကအလင်္ကာရ-သိရီဓဇမဟာဓမ္မ-
ရာဇဂုရူတိ နာမေန၊ သုတော ယော ဂရု မေဓာဝီ။
၃။ နာနာဂန္ထေသု ကုသလော၊ ပရပ္ပဝါဒမဒ္ဒနော။
အနေကသတသိဿာနံ၊ ဝါစေန္တော သုစိဝုတ္တိကော။
၄။ မလနိဿဋ္ဌစန္ဒောဝ၊ ဝိဟာသိ မူလသာသနံ။
ဓိတိမေရုသမော စက္ကေ၊ ဂရုနာ တေန ဝါစိတံ။
၅။ နာနာနယေဟိ သမ္ပုဏ္ဏံ၊ မာတိကာဒွယပါဠိယာ။
ယုဝသောတူနမတ္ထာယ၊ သရူပတ္ထနိဿယကံ။
၆။ လိခါမဟံ ယထာသညံ၊ ဝရတေဇောတိ နာမကော။
ဒွိသဟဿသတံတိဏ္ဏော၊ သာသနေ ကေတိ သိယေ။
၇။ သက္ကရာဇေ နဝတာလီ-သိယေ ကေသဟဿကေ။
သတေ အာသဠှိမာသဿ၊ ဇုဏှပက္ခေ တိဒသိကေ။
၈။ ဗုဓဝါရေဝ သော ခေမံ၊ တိဿောဝံ နိဋ္ဌိတော သုခါ။
သိဇ္ဈန္တု သဗ္ဗပါဏီနံ၊ ရာဇာ ရက္ခတု ဘူမိကံ။

သာသနောဘာသိတေ၊ သာသနာတော်ရောင်ဖြင့် ပြောင်ပြောင် တောက်ပသည် ဖြစ်၍။ ရမ္မေ၊ နှလုံးမွေ့လျော် ပျော်ဘွယ်ရှိထသော။ ရာဇဓာနိယဝိတ္တိမှိ၊ မင်းဧကရာဇ် နေရာဖြစ်၍ နှစ်လိုအပ်သော သဝိညာဏကရတနာ, အဝိညာဏကရတနာမျိုး အပေါင်းနှင့် ပြည့်စုံထသော။ ပုရေ အမရနာမကေ၊ အမရပူရ မည်သော ပြည်ကြီး၌။ သေဋ္ဌေ၊ အထူးသဖြင့် ချီးမွမ်းအပ်မြတ်သော။ ဝိဟာရဗာကရေ၊ ဗားကရာကျောင်း၌။ တိပေဋက အလင်္ကာရ သိရီဓဇ မဟာဓမ္မရာဇဂုရူတိ နာမေန၊ တိပိဋကာလင်္ကာရ သိရီဓဇ မဟာဓမ္မရာဇဂုရု ဟူသော တံဆိပ် နာမံတော်ဖြင့်။ သုတော၊ ထင်ရှားတော်မူထသော။ မေဓာဝီ၊ မိုးကြိုးစက်ကဲ့သို့ ထက်မျက်သော ပညာ ရှိတော် မူထသော။ နာနာဂန္ထေသု၊ အထူးထူးသော ကျမ်းဂန်တို့၌။ ကုသလော၊ လိမ္မာသည်ဖြစ်၍။ ပရပ္ပဝါဒမဒ္ဒနော၊ သာသနာတော်မှ တခြားတမူ သူတပါးအယူကို နှိပ်နင်းနိုင်သော အစွမ်းရှိတော်မူထသော။ စက္ကေ၊ ကောင်းကင်စက်ဝန်း လေးကျွန်းအပေါ်၌။ မလနိဿဋ္ဌစန္ဒောဝ၊ ဆီးနှင်း မြူတိမ် သူရိန်မီးခိုး ညစ်မျိုးငါးအင် စင်ကြယ်ထွန်းပသော လမင်းကဲ့သို့။ စက္ကေ၊ ဘုရားရှင် သာသနာတော်၌။ သုစိဝုတ္တိကော၊ စင်ကြယ် သန့်ရှင်းသော အကျင့် ရှိတော်မူထသော။ ဓိတိမေရုသမော၊ မြင့်မိုရ်တောင်ကဲ့သို့ မတုန်မလှုပ် ခိုင်ခံ့

တည်ကြည်ခြင်း သမာဓိ ရှိတော်မူထသော။ ယောဂရှု၊ အကြင် ဆရာတော် ဘုရားသည်။ အနေကသတသိဿာနံ၊ အရာမက များစွာသော တပည့်သားတို့ အား။ မူလသာသနံ၊ သာသနာတော်၏ မူလအရင်းဖြစ်သော ပါဠိ အဋ္ဌကထာ ဋီကာ လက်သန်း ဆန်း အလင်္ကာ သဒ္ဒါ ကလပ် စသော ကျမ်းဂန်ကို။ ဝါ· စေန္တော၊ ပို့သချတော်မူလျက်။ ဝိဟာသိ၊ နေတော်မူ၏။

တေန ဂရုနာ၊ ထို တိပိဋကာလင်္ကာရ သိရီဇ မဟာဓမ္မ ရာဇဂုရု ဟု တံဆိပ် နာမံတော်ရှိသော ဆရာတော် ဘုရားသည်။ ဝါစိတံ၊ ပို့သချတော်မူအပ်သော။ နာနာနယေဟိ၊ အထူးထူးသော နည်းတို့နှင့်။ သမ္ပန္နံ၊ပြည့်စုံသော။ မာတိကာဒွယ- ပါဠိယာ၊ အဘိဓမ္မမာတိကာ, သုတ္တန္တမာတိကာ နှစ်ပါးစုံ ပါဠိတော်၏။ သရူပတ္ထ- နိဿယကံ၊ မှီရာ အတ္ထနိဿယ သရုပ် အရကောက်ကို။ ယုဝသောတူနံ၊ နုနယ် ပျိုမျစ် စာသင်သစ်တို့၏။ အတ္ထာယ၊ အကျိုးငှါ။ ဝရတေဇောတိ နာမိကော၊ ဝရတေဇော အမည်ရှိသော။ အဟံ၊ ငါသည်။ ယထာသညံ၊ သင်သော အခါ မှတ်မိပါသမျှ။ လိခါမိ၊ ရေးသား၏။ တိဿာ မာတိကာဒွယပါဠိယာ၊ ထို အဘိဓမ္မ- မာတိကာ, သုတ္တန္တမာတိကာ နှစ်ပါးစုံ ပါဠိတော်၏။ သော သရူပတ္ထနိဿယကော၊ သင်သောအခါ မှတ်မိပါသမျှ ငါရေးသားထားအပ်သော ထိုမှီခိုရာ အတ္ထနိဿယ သရုပ် အရကောက်သည်။ သာသနေ၊ ဘုရားသခင် သာသနာတော်သည်။ ကေတိ°သိယေ၊ ၃၁-ခု အလွန်ရှိသည်ဖြစ်၍။ ဒွိသဟဿသတံတိဏ္ဏေ၊ ၂၃၀၀- ရောက်လတ်သော်။

သက္ကရာဇေ၊ ကောဇာသက္ကရာဇ်သည်။ နဝတာလီသိယေ၊ ၄၉-ခု အလွန် ရှိသည်ဖြစ်၍။ ကေသဟဿကေသတေ၊ ၁၁၀၀-ရောက်လတ်သော်။ အာသဠှိ- မာသဿ၊ ဝါဆိုလ၏။ ဇုဏှပက္ခေ၊ လဆန်းပက္ခ၌။ တိဒသိကေ၊ ၁၃-ရက်မြောက် ဖြစ်သော။ ဗုဓဝါရေ၊ သုံးလူ့ထိပ်တင် ချစ်ရှင်ဘုန်းဟေ့ ပွင့်သည့်နေ့၌။ ခေမံ၊ ဘေးငြိမ်းလျက်။ သုခံ၊ ချမ်းသာစွာ။ နိဋ္ဌိတော ဣတိ၊ ပြီးသကဲ့သို့။ ဝေံ တထာ၊ ထို့အတူ။ သဗ္ဗပါဏီနံ၊ ခပ်သိမ်းသော သတ္တဝါတို့အား။ ခေမံ၊ ဘေးငြိမ်းလျက်။ သုခါ၊ ကိုယ်, စိတ်၏ ချမ်းသာခြင်းတို့သည်။ သိဇ္ဈန္တု၊ ပြီးစေကုန်သတည်း။ ရာဇာ၊ ရေမြေ့သခင် ဘုရင်မင်းမြတ် သမ္မုတိနတ်သည်။ ဘူမိကံ၊ မြေအပြင်၌ နေသော သတ္တဝါအပေါင်းကို။ ရက္ခတု၊ မင်းကျင့်တရား ၄-ပါးသင်္ဂဟ ကောင်း မူလဖြင့် ထောက်မသင်္ဂြိုဟ် ကြည်ညိုဖြောင့်ဖြောင့် စောင့်တော်မူစေသတည်း။

ကမ်းနီမြို့ကျေး *ပြားရိုးသုံး ဟူ၍ သမုတ်ခေါ်ဝေါ်အပ်သောရွာ၌ ပဋိသန္ဓေ အားဖြင့် ဖြစ်၍ ဝရတေဇော အမည်ရှိသော သူမြတ်သည် ဇနိန္ဒာဘိဓဇ အမည် ရှိသော ပဌမပဥ္စင်းသစ် ရှေး႐ှု အရိုအသေ တောင်းပန်သောကြောင့် သာသနာ

* မရိုးတုံ

တော်၏ စည်ပင် ပြန့်ပွါးခြင်းကို တောင့်တလျက် အဘိဓမ္မာဒေသနာတော်ကို သင်ကြားဆောင်ရွက် လေ့ကျက်ကုန်သော သူတော်ကောင်း အပေါင်းတို့အား ချီးမြှင့်ခြင်း အကျိုးငှါ **ဗားကရာ ဆရာတော်ဘုရားကြီး၏ နည်းကို အမှီတံကဲ** သဟဲပြု၍ ရေးစီရင်အပ်သော မြတ်သော အနှစ်သဖွယ်ဖြစ်၍ ဒိဋ္ဌဓမ္မိက, သမ္ပရာ-ယိက အကျိုး ၂-ပါးကို တောင့်တ ရှာမှီးလေ့ရှိသော ပညာရှိ သူတော်ကောင်း အပေါင်းတို့သည် အလွန် နှစ်သက်မြတ်နိုး ဆောင်ရွက် လေ့ကျက် အောက်မေ့ အပ်သော မာတိကာ ကျမ်း၏ အသစ်ဖြစ်သော အမှီသည် ဤတွင် အပြီးသတ်၏။

**မာတိကာ အရကောက် ပြီး၏။**

# ၇-မာတိကာ တုတ်လှမ်းချိုး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## တိကမာတိကာချိုး

### တိက် အရေအတွက်

၁။ ကုသလာ, သုခါနှင့်၊ ဝိပါကာ, ဥပါဒက်၊ သံကိစ္ဆက်, ဝိတက်ပါ။
ပီတိငယ် ဒ, ဒါနှင့်၊ အာစယာ, သေက္ခ တွဲ၊ ဟောမြဲ မှန်စွာ။
ပရိတ္တာ, အာရမ္မဏာ, ဟီနေ၁။

မိ, မ, ဥပ္ပန်နှင့်၊ အတီတ်, အဇ္ဈာ, နိကို၊ တွေးသိ သဘော။

## တနည်း-တိကမာတိကာချိုး

### တိက်အရေအတွက်

၂။ ကု, ဝေ, မှာ ဝိ,ဥ ဖက်လို၊ သံ, တက်နှင့် ပီ, ဒ, ဟော။
အာ, သေက်တွင် ပ နှစ်ခု၊ ဟောမှုမသွေ။
ဟီ, မိ, မ, ဥပ္ပန္နေ၊ တီနှစ်ထွေ, အဇ်ဒွေး။
သ တတန် "ဗာဝီ တိက်"ကို၊ ခဲကြိတ်လို တွေး။

## သပ္ပဒေသတိက်စဉ်ချိုး

၁။ ဝေဒနာ ဝိတက်နှင့်၊ ပီတိစွက်ဥပ္ပန်။ အတီတာတိက်မယှဉ်း၊ သွင်းတော့ အမှန်။ အာ-လေးတန်၊ မှတ်ရန်ပ မလွဲ။ သပ္ပဒေ၊ တိက်ကြွင်းကိုးထွေ ဟု၊ သောတုနေ ဘဝင်စွဲအောင်၊ ခွဲစိတ် အမြဲ။

## ဒုကမာတိကာချိုး

### ဒုက်နှင့် ဂေါစ္ဆက အရေအတွက်

၁။ ဟေ, စူဠာ, အာသဝနှင့်၊ သံယောဇ, ဂန္ထာ။
ဩဃ, ယောဂါနှင့်၊ နီ, ပရာ, မဟန္တရော၊ ဟောတဲ့ ဥပါ။
ကိလေသာ, နောက်မှာပိဋ္ဌိ။

ဆယ့်သုံး သချော်နှင့်၊ "ဒုက်" စဉ်ရေ မှန်မလွဲအောင်၊ ခဲပ သတိ။

## ဒုက်နှင့် ဂေါစ္ဆကခွဲ

၂။ ဒုက်စူဠာ, မဟန္တနှင့်၊ နောက်ဆုံးက ပိဋ္ဌိလာ။
ဤသုံးဖြာ မည်နာမ၊ မှတ်ကြ "ဒုက်"သာ။
ကြွင်းသေသာ သင်္ချာဆယ်ဝ။
"ဂေါစ္ဆက" နာမံနှင့်၊ စိန္တေယျံ မြတ်ဘုရား၊ ဟောထားသည်ပ။

## စူဠန္တရဒုက် အရေအတွက်

၃။ သပ္ပစ်မှာ သင်္ခါဖက်လို့၊ သနိစ္စက် ပဋိဃော။
ရူပိငယ် လောကိယ၊ ဟောပြ မသွေ။
ကေနစိ ဝိညေယျေ၊ မှတ်ပါလေ မလွဲ။
သတ်သင်္ချာ၊ "ဒုက်စူဠာ" စဉ်မပျက်အောင်၊ သိုဏ်းကွက်ရှုနဲ့။

## မဟန္တရဒုက် အရေအတွက်

၄။ ရမ်, စိ, စေ သမ်နှစ်ခု၊ သ, ဒွေပြု နုယှဉ်ခါ။ ဟောလိုက်ကြပါ။
နု, ဘု, တ္တိ စဉ်အလာ၊ အဇ္ဈ ပါဒိန္နော။
စုဒ္ဒသ "ဒုက်မဟာ" ငယ်၊ တွေးဆကာ ဉာဏ်ရေးနှင့်ဟော။

## ပိဋ္ဌိဒုက် အရေအတွက်

၅။ ဒဿန, ဘာဝနာ၊ ဟေတုမှာ နှစ်ဖြာယှက်ပါလို့၊ သဝိတက်, ဝိစာရာ၊ ဟောပြ မှန်စွာ။
ဒွေပီတိငယ်နှင့်၊ သတိငယ် ဉာဏ်ကူလို့၊ သု, ပေက္ခာ, ကာမာရကို၊ နည်းပြ စဉ်လာ။
ရူပနှင့် အရူပါ၊ ပရိယာ, နိယျာနိကို၊ တွေးသိသေချာ၊ နိယတာမ့လွဲ။
ဥတ္တရငယ်နှင့်၊ သရဏ သည်နှစ်ဖြာ၊ ဆုံးသတ်ခါ နောက်မှာချိတ်ပါလို့၊ "ဒုက်ပိဋ္ဌိ" ဠာရသာ၊ သောတုဇာ လူယဉ် လှငယ်တို့၊ စဉ်ကမာ နေရာကျအောင်၊ တွေးဆစမြဲ။

## သပ္ပဒေသဒုက်စဉ်ချီး

၆။ စ-ကိုးထွေ ဂေါစ္ဆက၊ ဆုံး-သုံးဝ ယူလေ။ ။ကိ-အဆုံး လေးဒုက် နေသည်၊ မဟန္တေ သံဒွေး။ ။ဒုက် တေတ္တိံ သပ္ပဒေကို၊ သြေတုတွေ ခဲကြိတ်လို့တွေး။

အဘိဓမ္မတ္ထမဉ္စရိလာအချီး ပြီး၏။

တုတ်လှမ်းဆရာတော် အရှင်စန္ဒမာလာ မဟာထေရ်ကျော်

စီရင်တော်မူသော မာတိကာချီး ပြီး၏။

# ၈-မာတိကာ အရကောက် အဓိပ္ပါယ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁-ကုသလတိက်

မာတရံ ပမုခံ ကတွာ၊ တဿာ ပညာယ တေဇသာ။
အဘိဓမ္မကထာမဂ္ဂံ၊ ဒေဝါနံ သမ္ပဝတ္တယိ။ (ဋ္ဌ-၁)။

ကျမ်းရှိအလျောက် မဖောက်မပြန် လေးတန်သစ္စာ အနာဝရဏ ဒသဗလ စသောအပြား တရားအပေါင်း ကောင်းမြတ်သောဂုဏ်နေ ကြက်သရေအပေါင်းတို့၏ စုဝေးရာ တည်ရာ ဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည် ဗောဓိပင်ရင်း ခုတ်ထွင်းသောမာရ် ဈာန်အဘိညာဉ် မဂ္ဂင်ဖလ အနန္တဉာဏ် ရံသီဆက္ကာ ရပြီးသည့်နောက် ခုနစ်ဝါမြောက်တော်မူသောအခါ ဉာတကာအစစ် သာကီမျိုး ဖြစ်ကုန်သော သူတို့၏ မာန တည်းဟူသော မှန်ကင်းကို နှိပ်နင်းခြင်းအကျိုးငှါ ပြာဋိဟာ တည်းဟူသော ယမကကို ကဏ္ဍမ္ဗအနီး ရေမီးအစုံစုံ ရေဟုန်အဖြာဖြာ ဝလာဟက တိမ်တိုက်မှ ထွက်စသော နေမင်းသဖွယ် ဆန်းကြယ်သော ယမကကို ပြတော်မူခဲ့ပြီးသည့်အဆုံး နှစ်လှမ်း သုံးဘဝါး ကြွသွားပြီးခါ ဝတိံသာဝယ် သက္ကာလယ ပါသာဒ၏ ပဏ္ဍုကမ္ဗလ ပါရိစ္ဆတ္တက ရုက္ခပင်ရင်း ခင်းထားကျောက်ဖျာ ကမ္ဗလာထက် ထက်ဝယ်ဖွဲ့ခွေ နေလျက်ပြီးကာ မာတာပမုခ ဒေဝအပေါင်း သောင်းစကြဝဠာ လာလာသမျှ ဝေနေယျတို့အား ဟောကြားတော်မူအပ်သော ဒေသနာတော်မြတ်သည်—

အဘိ အတိရေကော ဓမ္မော အဘိဓမ္မော၊ အဘိဝိသိဋ္ဌာ
ဓမ္မာ ဧတ္ထာတိ အဘိဓမ္မော၊ အဘိ ဝုဍ္ဍိမန္တာ ဓမ္မာ ဧတ္ထာတိ
အဘိဓမ္မော၊ အဘိ ပူဇိတာ ဓမ္မာ ဧတ္ထာတိ အဘိဓမ္မော—

ဟူသော အဋ္ဌကထာ (၂၀) ပါဌ် လာသည်နှင့်အညီ သုတ္တန် ပါဠိတော်တို့ထက် လွန်သောပါဠိ ထူးသော ပါဠိ ရှိသည်၏ အဖြစ်ကြောင့် အဘိဓမ္မာမည်၏။

ထို အဘိဓမ္မာသည်လည်း သာမညလက္ခဏာအားဖြင့် တပါးသာ၊ ဝိသေသလက္ခဏာအားဖြင့်သော်ကား ဓမ္မသင်္ဂဏီ ။ပ။ ပဋ္ဌာန်း ဟူ၍ ခုနစ်ကျမ်း အပြားရှိ၏၊ ထို ခုနစ်ကျမ်းတို့တွင် ဓမ္မသင်္ဂဏီကျမ်းကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို ဓမ္မသင်္ဂဏီကျမ်း၌လည်း ကဏ္ဍအားဖြင့် စိတ္တုပ္ပါဒကဏ္ဍ၊ ရူပကဏ္ဍ၊ နိက္ခေပကဏ္ဍ၊

အဋ္ဌကထာကဏ္ဍအားဖြင့် လေးပါး အပြားရှိ၏၊ ထို လေးပါးတို့တွင် စိတ္တုပ္ပါဒ-ကဏ္ဍကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို စိတ္တုပ္ပါဒကဏ္ဍ၌ တုံသည်လည်း မာတိ-ကာ, ပဒဘာဇနီအားဖြင့် နှစ်ပါး အပြားရှိ၏၊ ထို နှစ်ပါးတို့တွင် မာတိကာကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို မာတိကာ၌ တုံသည်လည်း ကုသလတိက်, ဝေဒနာတိက် အစရှိသောအားဖြင့် နှစ်ဆယ့်နှစ်ပါး အပြားရှိ၏၊ ထို နှစ်ဆယ့် နှစ်ပါးတို့တွင် ကုသလတိက်ကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို ကုသလတိက်၌ တုံသည်လည်း ပဌမပဒ, ဒုတိယပဒ, တတိယပဒအားဖြင့် သုံးပါး အပြားရှိ၏၊ ထို သုံးပါးတို့တွင် ပဌမပဒကို ရှေးဦးစွာ ဟောတော်မူ၏၊ ဟောဟန်ကား-- "အနက်ပေးကို ဆင်ခြင်၍ ကောက်လေ"။

ပရမတ္ထတရား လေးပါးကို **ခန္ဓာဖွဲ့သည်ရှိသော်**-- အလွန်အားဖြင့် ငါးပါး အပြင် မရှိ။

အဘယ့်ကြောင့် **ခန္ဓာမည်သနည်း**၊ ပေါင်းရသောကြောင့် ခန္ဓာမည်သည်။

စိတ်တခုယုတ် ကိုးဆယ်၊ အကျယ် ၁၂၁-ပါး၊ ဝေဒနာ, သညာ ကြဉ်သော စေတသိက် ၅၀၊ ရုပ် ၂၈-ခုတို့မှာ ပေါင်းသောကြောင့် ခန္ဓာ မည်တန်စေ။

ဝေဒနာ, သညာတို့မှာ အပြားမရှိ တပါးတည်း ဖြစ်လျက် အဘယ့်ကြောင့် ခန္ဓာ မည်လေသနည်း။

ဤကဲ့သို့ အများ အနည်းကို ပေါင်းသောကြောင့် ခန္ဓာ မည်သည် မဟုတ်၊ ပစ္စုပ္ပန်, အတိတ်, အနာဂတ်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဒူရ, အာသန္န စသော အားဖြင့် ပေါင်းသောကြောင့် ခန္ဓာ **မည်ပါသည်**။

ထို ခန္ဓာငါးပါးတို့တွင် ဝေဒနာနှင့် သညာမှာ တပါးစီသာ ဖြစ်သောကြောင့် သုဒ္ဓခန္ဓာ ခေါ်သည်။

စိတ်တခုယုတ် ကိုးဆယ်၊ အကျယ် ၁၂၁-ပါး၊ ဝေဒနာ, သညာ ကြဉ်သော စေတသိက် ၅၀၊ ရုပ် ၂၈-ခုတို့မှာ များသောကြောင့် မိဿကခန္ဓာ ခေါ်ပါသည်။ ပေါင်း ပရမတ္ထတရား လေးပါး၌ သုဒ္ဓခန္ဓာ နှစ်ပါး၊ မိဿကခန္ဓာ သုံးပါးအားဖြင့် ငါးပါး တည်း။

**တနည်း** — ရုပ်ခန္ဓာ တပါး၊ နာမ်ခန္ဓာ လေးပါးအားဖြင့် ငါးပါးတည်း။

ပရမတ္ထတရား လေးပါးကို **အာယတနအားဖြင့် ခွဲဝေသော်** — အလွန် အားဖြင့် တဆယ့်နှစ်ပါး ရှိသည်။

ထိုတွင် စိတ်မှာ မနာယတန တပါးသာ၊ စေတသိက် ၅၂-ခု, သုခုမရုပ် ၁၆-ခု, နိဗ္ဗာန် ဤတရားတို့သည် ဓမ္မာယတန မည်၏၊ စက္ခု ။ ပ ။ ရသ ၄င်း၉-ပါး

တို့သည် တဝုစိဖြစ်သောကြောင့် သုဒ္ဓါယတန မည်၏၊ ဖောဋ္ဌဗ္ဗ, မန, ဓမ္မ ဤ သုံးပါးသည် အမျှားဖြစ်သောကြောင့် မိဿကာယတန မည်၏။

ပေါင်း သုဒ္ဓါယတန ၉-ပါး၊ မိဿကာယတန ၃-ပါးအားဖြင့် အာယတန တဆယ့်နှစ်ပါး ဖြစ်သတည်း။

**တနည်း** — နာမ် အာယတန ၁-ပါး၊ ရုပ် အာယတန ၁၀-ပါး၊ မိဿကာယတန ၁-ပါးအားဖြင့် တဆယ့်နှစ်ပါး ဖြစ်သတည်း။

အဘယ့်ကြောင့် **အာယတန မည်သနည်း** ဟူမူ — သတ္တဝါတို့ကို သံသရာ ဝဋ္ဋ၌ လွှမ်းမိုးဘိစီး၍ ချဲ့တတ်သောကြောင့် **အာယတန မည်၏**။

ပရမတ္ထတရား လေးပါးကို **ဓာတ်အားဖြင့် ခွဲဝေသော်** — အလွန်အားဖြင့် တဆယ့်ရှစ်ပါး တည်း။

ထိုတွင် ရုပ်ဓာတ် သက်သက် ၁၀-ပါး၊ နာမ်ဓာတ် သက်သက် ၇-ပါး၊ မိဿကဓာတ် ၁-ပါး အားဖြင့် တဆယ့်ရှစ်ပါးတည်း။

**တနည်း**— သုဒ္ဓဓာတ် ၉-ပါး, မိဿကဓာတ် ၉-ပါးအားဖြင့် တဆယ့်ရှစ်ပါး ဖြစ်သတည်း။

အဘယ့်ကြောင့် **ဓာတ်မည်သနည်း**၊ သတ္တဝါတို့ကို သံသရာဝဋ္ဋဆင်းရဲ၌ ရှည်မြင့်စွာ ဆောင်ရွက်တတ်သောကြောင့် **ဓာတ်** မည်၏။

ပရမတ္ထတရား လေးပါးကို **သစ္စာအားဖြင့် ခွဲဝေသော်** — အလွန်အားဖြင့် လေးပါးတည်း။

ထိုတွင် သုဒ္ဓသစ္စာ ၂-ပါး, မိဿကသစ္စာ ၂-ပါးအားဖြင့် လေးပါးဖြစ်သတည်း။

**တနည်း** — နာမ် သစ္စာ ၃-ပါး, မိဿကသစ္စာ ၁-ပါးအားဖြင့် လေးပါး ဖြစ်သတည်း။

အဘယ့်ကြောင့် **သစ္စာမည်သနည်း**၊ မှန်သောကြောင့် **သစ္စာမည်၏**။

**တနည်း** — ထိုတရားတို့ကို အရိယာပုဂ္ဂိုလ်တို့သာ သိအပ်သောကြောင့် လည်း **အရိယသစ္စာ** မည်၏။

လောကုတ္တရာမဂ်၌ ယှဉ်သော မဂ္ဂင်သည် မဂ္ဂသစ္စာ၊ ဖိုလ်၌ရှိသော မဂ္ဂင်ကို သစ္စဝိမုတ် ထုတ်ရာ၏။

အဘယ့်ကြောင့် **မာတိကာ မည်သနည်း**၊ အမိနှင့် တူသောကြောင့် **မာတိကာ မည်၏**။

အဘယ်သို့ **အမိနှင့်တူသနည်း**၊ အမိသည် သားသမီးတို့ကို ဖြစ်စေသကဲ့ သို့ ထို့အတူ မာတိကာသည်လည်း နိဒ္ဒေသကို ဖြစ်စေ၏။

**တနည်း** — ရေမြောင်းနှင့် တူသောကြောင့်လည်း **မာတိကာ မည်၏**။

**အဘယ်သို့ တူသနည်း၊** ရေမြောင်းသည် ကန်, လယ် အစရှိသည်သို့ **သက်ဝင်သကဲ့သို့** ထို့အတူ မာတိကာသည်လည်း အနက်သဘောအားဖြင့် နိဒ္ဒေသသို့ သက်ဝင်တတ်၏။

**တနည်း —** ရေမြောင်းသည် ကန်, လယ် အစရှိသည်တို့နှင့် စပ်၍ ဖြစ်သကဲ့ သို့ မာတိကာသည်လည်း နိဒ္ဒေသနှင့် စပ်၍ ဖြစ်၏။

တိက်, ဒုက် နှစ်ပါးတွင် အဘယ့်ကြောင့် တိက်ကို ရှေးဦးစွာ ဟောပါသနည်း။

ဒုက်ကား ၁၀၀, တိက်ကား ၂၂-တိက်သာဖြစ်၍ နည်းသောကြောင့် ယူလွယ် စေခြင်းငှါ တိက်ကို ရှေးဦးစွာ ဟောတော်မူသည်။

၂၂-တိက်တို့တွင် ကုသလတိက်ကို အဘယ့်ကြောင့် ရှေးဦးစွာ ဟော ပါသနည်း။

အလုံးစုံသော ပရမတ္ထတရားကို သိမ်းမိသောကြောင့်၎င်း, ကုသိုလ်, အကု- သိုလ်, အဗျာကတတို့ အချင်းချင်း မရောမရှက်သောကြောင့်၎င်း, ကုသိုလ် ဟူ သော အာဒိကလျာဏနှင့် ယှဉ်သောကြောင့်၎င်း ကုသလတိက်ကို ရှေးဦးစွာ ဟောပါသည်။

ကုသလတိက်တွင်လည်း ကုသိုလ်ကို အဘယ့်ကြောင့် ရှေးဦးစွာ ဟောပါ သနည်း။

မြတ်သည်ဖြစ်၍ လောကုတ္တရာစီးပွါးချမ်းသာကို ဆောင်တတ်သောကြောင့် ကုသိုလ်ကို ရှေးဦးစွာ ဟောပါသည်။

ဤပုဒ်၌ **ကုသလသဒ္ဒါ, မမွသဒ္ဒါ** တို့သည် အဘယ်အနက်ကို ဟောကုန် သနည်း။

**ကုသလသဒ္ဒါ**သည် အနာမရှိခြင်းအနက်, အပြစ်မရှိခြင်းအနက်, ကောင်း သောအကျိုးကိုပေးခြင်း ဟူသောအနက် ဤသုံးပါးသောအနက်ကို ဟော၏။

**ဓမ္မ သဒ္ဒါ** သည် သဘောဟူသောအနက် စသည်တို့တွင် ဤ၌ နိဿတ္တ နိဇ္ဇီဝ အနက်ကို ဟော၏။

ဤပုဒ်၌ သောတာပတ္တိမဂ် ပဌမစျာန်၌ မဂ္ဂင် ရှစ်ပါး ရသည်ကို ရည်၍ **ရှစ်ပါး** ဆိုသည်၊ ဒုတိယစျာန် စသည်၌ ဝိတက်ကြဉ်၍ မဂ္ဂင် ခုနစ်ပါး ရသည်ကို ရည်၍ **ခုနစ်ပါး** ဆိုသည်။ (သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ် တို့၌ လည်း ၎င်းနည်း)။

**မဂ်စိတ္တုပ္ပါဒ် ၂၉-ခု** ဆိုသည်မှာ မဂ်စိတ်၌ စေတသိက် ၃၆-ခုတွင် မဂ္ဂင် **တရားကိုယ်** ၈-ပါးကိုကြဉ်၍ ၂၈-ခု ဖြစ်၏။ စိတ်ဟူသည်ကား အာရမ္မဏဝိဇာနန-

အာရုံကိုသိခြင်းလက္ခဏာ တပါးသာ ဖြစ်၍ မဂ်စိတ် ၄-ခုကို တခုတည်း လုပ်၍ ထည့်သော် ၂၉-ခု ဖြစ်သတည်း။

ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခုမှာလည်း ဖိုလ်စိတ် ၄-ခု၌ စေတသိက် ၃၆-ခုရ၏၊ ၎င်း ဖိုလ်စိတ် ၄-ခုကို တခုတည်းလုပ်၍ ထည့်သော် ၃၇-ခု ဖြစ်သတည်း။

ကုသိုလ်၏ အခြားမဲ့၌ အကုသိုလ်ကို အဘယ့်ကြောင့် ဟောပါသနည်း၊ ကုသိုလ်၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့်တည်း။

အကုသိုလ်၏ အခြားမဲ့၌ အဗျာကတကို အဘယ့်ကြောင့် ဟောပါသနည်း၊ ပညာရှိသော ပုဂ္ဂိုလ်တို့သည် ကုသိုလ်၌တည်၍ အကုသိုလ်တို့ကို ပယ်ပြီးလျှင် အရဟတ္တဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုကုန်ရကား ဤသို့ ပဋိပတ္တိအစဉ်အားဖြင့် ဟောတော်မူသည်။

အကုသလာ၌ အ-သဒ္ဒါသည် အဘယ်အနက်ကို ဟောပါသနည်း၊ ဝိရုဒ္ဓ အနက်ကို ဟော၏။

အဗျာကတာ၌ အ-သဒ္ဒါသည် အဘယ်အနက်ကို ဟောပါသနည်း၊ အည အနက်ကို ဟော၏။

ကုသိုလ်, အကုသိုလ်ကား အကြောင်းတရား၊ ဝိပါက်နှင့် ရုပ်တရားတို့မှာ အကျိုးတရား၊ ကြိယာနှင့် နိဗ္ဗာန်မှာ အကျိုးလည်းမဟုတ် အကြောင်းလည်း မဟုတ်၊ "ခန္ဓာ အာယတန ဓာတ် သစ္စာတို့မှာ ဆင်ခြင်၍ ဖွဲ့လေ"။

အဘယ့်ကြောင့် တိက် မည်သနည်း၊ ပရမတ္ထတရား လေးပါးကို သုံးစုပြု၍ ဟောသောကြောင့် တိက်မည်၏။ ထို တိက်သည်လည်း အာဒိလဒ္ဓနာမတိက် သမ္ဗလဒ္ဓနာမတိက် ၂-ပါး တို့တွင် ဤတိက်သည် အစ၌ကည်သော ကုသလသဒ္ဒါကို အစွဲပြုသောကြောင့် အာဒိလဒ္ဓနာမတိက် မည်၏။

အဘယ့်ကြောင့် တိက်မုတ် ဆိုသနည်း၊ ပရမတ္ထတရားလေးပါးကို သုံးစု ပြု၍ ဟောသော်လည်း မကုန်သောတရားကို တိက်မှ လွတ်သောကြောင့် တိက်မုတ် ဆိုသည်။

ထို တိက်သည်လည်း သပ္ပဒေသ, နိပ္ပဒေသ ၂-ပါး တို့တွင် ပရမတ္ထာတရား အကြွင်းမရှိသောကြောင့် နိပ္ပဒေသတိက်ဟု မှတ်လေ။

---

## ၂-ဝေဒနာတိက်

ကုသလတိက်၏ အခြားမဲ့၌ ဝေဒနာတိက်ကို အဘယ့်ကြောင့် ဟောတော်မူပါသနည်း။

ကုသလတိက်ဖြင့် သင်္ဂြိုဟ်အပ်သော ကုသိုလ်, အကုသိုလ်, အဗျာကတ တရားတို့၏ ဖြစ်သင့်သည်အားလျော်စွာ သုခသမ္ပယုတ္တ, ဒုက္ခသမ္ပယုတ္တ, အဒုက္ခမသုခသမ္ပယုတ္တ အပြားကို ပြလိုသောကြောင့် ဤဝေဒနာတိက်ကို ဟောတော်မူသတည်း။

ဤတိက်၌ ဝေဒနာသည် ဝေဒနာနှင့် တကွဖြစ်သည်ဟု မဆိုကောင်း၊ ဝေဒနာရှိသည်ဟုလည်း မဆိုကောင်း၊ ဝေဒနာနှင့် ယှဉ်သည်ဟူ၍လည်း မဆိုကောင်း၊ ပဌမပုဒ်၌ ကောက်သည်မှာ သုခဝေဒနာနှင့် တကွဖြစ်သောတရားကို ဟောမည်ဆိုသောကြောင့် သုခဝေဒနာကို ကြဉ်၍ ၎င်းနှင့် တကွဖြစ်သော သုခသဟဂုတ်စိတ် ၆၃-ခု။ ပ။ ကောက်လေသည်။

ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ တို့မှာ ဒေါသမူဒွေ၌သာ ယှဉ်သောကြောင့် ၎င်း, ဝိစိကိစ္ဆာ မှာ ဝိစိကိစ္ဆာစိတ်၌သာ ယှဉ်သောကြောင့်၎င်း ထိုတရားတို့ကို ကြဉ်ရလေသည်။

ဒုတိယပုဒ်၌ ဒုက္ခဝေဒနာနှင့် တကွဖြစ်သောတရား ဆိုသောကြောင့် ဒုက္ခသဟဂုတ်စိတ် ၃-ခု။ ပ ။ ကောက်လေသည်။

ဤပုဒ်၌ ဝေဒနာမှာ သူနှင့် တကွဖြစ်သောတရား ဆိုသောကြောင့်၎င်း, ပီတိမှာ ဒုက္ခသဟဂုတ်စိတ်၌ မယှဉ်သောကြောင့်၎င်း လောဘ ဒိဋ္ဌိ မာန မှာ လောဘမူစိတ်၌သာ ယှဉ်သောကြောင့်၎င်း, ဝိစိကိစ္ဆာမှာ ဝိစိကိစ္ဆာ စိတ်၌သာ ယှဉ်သောကြောင့်၎င်း ကြဉ်ရလေသည်။

တတိယပုဒ်၌ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော တရားကိုသာ ဟောသောကြောင့် ဥပေက္ခာသဟဂုတ်စိတ် ၅၅-ခု။ ပ။ ကောက်ရလေသည်။

ဤပုဒ်၌ ဝေဒနာနှင့် တကွဖြစ်သောတရား ဆိုသောကြောင့်၎င်း, ပီတိမှာ ဥပေက္ခာ၌ မယှဉ်သောကြောင့်၎င်း, ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ တို့မှာ ဒေါသမူဒွေ၌သာ ယှဉ်သောကြောင့်၎င်း ကြဉ်ရလေသည်။

ဤတိက်၌ ကောက်သောတရားကို ကြည့်၍ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ တို့ကို သုဒ္ဓ, မိဿက, ရုပ်, နာမ် ရွေးလေ။

အာဒိလဒ္ဓ, သဗ္ဗလဒ္ဓ နှစ်ပါး တို့တွင် သုံးပုဒ်လုံးကို စွဲသောကြောင့် သဗ္ဗလဒ္ဓနာမတိက်၊ သပ္ပဒေသ, နိပ္ပဒေသ နှစ်ပါး တို့တွင် သုံးပုဒ်လုံး၌ မပါသော ဝေဒနာ သုံးရပ်နှင့် ရုပ်, နိဗ္ဗာန်ကို တိက်မုတ်ထုတ်သောကြောင့် သပ္ပဒေသတိက် မည်၏။

---

## ၃-ဝိပါကတိက်

ဝိပါကတိက် ပဌမပုဒ်၌ အချင်းချင်း တူသည့်မှာ ကုသိုလ်လည်း နာမ်, အကုသိုလ်လည်း နာမ် အကြောင်းချင်း တူသည်ကို ရည်သည်။

**ထူးသည်**မှာ အကျိုးချင်း ထူးသည်ကို ရည်သည်၊ ကုသိုလ်မှာ ကောင်းသော အကျိုး, အကုသိုလ်မှာ မကောင်းသော အကျိုး ဆိုလိုသည်။

တနည်း — **တူသည်**မှာ အကြောင်းအကျိုး နာမ်ချင်း တူသည်ကို ယူ။

ဤပုဒ်၌ ကုသိုလ်, အကုသိုလ်တို့၏ အကျိုးဖြစ်လျက် အဘယ့်ကြောင့် ဝိပါက်ကိုသာ ကောက်၍ ကမ္မဇရုပ်ကို မကောက်သနည်း။

မြတ်စွာဘုရားသည် မုချကျိုး, သာမန်ကျိုး နှစ်ပါး တို့တွင် ဤအရာ၌ မုချကျိုးကို ရည်တော်မူသည်၊ သာမန်ကျိုးကို ရည်တော်မမူသောကြောင့် ကမ္မဇရုပ်ကို မကောက်မူ၍ ဝိပါက်ကိုသာ ကောက်တော်မူလေသတည်း။

**ဥပမာကား**—သလေးစေ့ကိုစိုက်၍ အပင်မှ အသီးသီးသောကာလ စိုက်သော မျိုးစေ့နှင့် တူသော အသီးကိုမှီ၍ အကိုင်း အခက် အရွက်တို့သည် ထို မျိုးစေ့ တည်းဟူသော အကြောင်းကြောင့် ဖြစ်ငြားသော်လည်း မျိုးစေ့နှင့်တူသော ဝိပါက်ကိုသာ ကောက်၍ အကိုင်း အခက် အရွက်နှင့် တူသော ကမ္မဇရုပ်ကို မကောက်လေသတည်း။ "ဤကား မူလဋီကာ (၃၈) အလို"။

**တနည်း** ကမ္မဇရုပ်သည် ကုသိုလ်တို့၏ အကျိုးပင် ဖြစ်သော်လည်း ဝိပါက် ဟူသော အမည်ကို မရသောကြောင့် မကောက်ရ။ "ဤကား ဋီကာကျော်(၂၄၇) အလို"။

ကုသိုလ်, အကုသိုလ် တို့၏ အကျိုးလည်း ဖြစ်စေ, ဝိပါက် ဟူသော အမည်ကို ရသည်လည်းဖြစ်စေ ဤအင်္ဂါ နှစ်ပါး ညီမှ ကောက်ရသည်။

---

## ၄-ဥပါဒိန္နတိက်

ဥပါဒိန္နတိက် ပဌမပုဒ်၏ အနက်ကို ထောက်၍ တဏှာ, ဒိဋ္ဌိတို့ ကပ်အပ်သော ကံဆိုလျှင် ပရမတ္ထတရား ၄-ပါးတွင် ကံမည်သောတရားကို ရှာသော် အကုသိုလ်, လောကီကုသိုလ်တို့သည် တဏှာ, ဒိဋ္ဌိတို့၏ အာရုံပြုသော ကံ မည်၏၊ ထိုသို့ပင် ဆိုသော်လည်း စိတ္တုပ္ပါဒ်ကို မယူရာ၊ ၎င်း၌ရှိသော စေတနာကိုသာ ယူရာသည်။ ထိုစေတနာမှသော်လည်း မနောဒွါရ၌ပါသော စေတနာမှသာ ကံ၊ ၎င်းမနောဒွါရ၌ပါသော စေတနာမှသော်လည်း အတ္တဝိထိ စေတနာမှ အကျိုးပေး၏၊ မရဏာသန္နဇော, အဘိညာဥ်ဇော, ပဉ္စဒွါရဝီထိ ဝိပါက်, ကိရိယာတို့၌ ရှိသော စေတနာသည် အကျိုးမပေး။ ထိုကံ၏အကျိုးသည် လောကီဝိပါက်, ကမ္မဇရုပ် ရ၏။ ဤပုဒ်၌ တဏှာ ဒိဋ္ဌိတို့၏ အာရုံလည်းဖြစ်စေ, ကံ ၏ အကျိုး လည်း ဖြစ်စေ အင်္ဂါ နှစ်ပါး တည်း။

ပဌမပုဒ်၌ ဝိညတ်ဒွေ, သဒ္ဒ, လဟုတာဒိတ္တယ တို့သည် ကမ္မဇရုပ် သဘောမှ ကင်းသောကြောင့် ကြဥ်သည်။

ဒုတိယပုဒ်၌ ဟဒယ, ဣန္ဒြိယ-ရုပ်တို့သည် ကမ္မဇကေန် ဖြစ်သောကြောင့် ကြဉ်သည်။

ဤတိက်၌ လက္ခဏရုပ် ၄-ခု တို့သည် နကုတောစိရုပ် ဖြစ်လျက် အဘယ့်ကြောင့် ကောက်လေသနည်း။

ရုပ်၏ ဖြစ်စကို ဥပစယ, သန္တတိ ခေါ်သည်၊ ရုပ်၏ ဖြစ်၍ တည်ဆဲကို ဇရတာ ခေါ်သည်၊ ရုပ်၏ ချုပ်ဆဲ ဘင်ကို အနိစ္စတာ ခေါ်သည်၊ ထိုသို့ ကိစ္စဗျာပါရ မကင်းသောကြောင့် လက္ခဏရုပ် ၄-ခုကို ၎င်းတိက်၌ သွင်း၍ ကောက်ရလေသည်။

ထိုကြောင့် လက္ခဏရုပ် ၄-ခုတို့သည် အကြောင်း ၄-ပါး တို့ကြောင့် သက်သက် မဖြစ်သော်လည်း ရူပကဏ္ဍပါဠိတော်၌ ပရိယာယ်အားဖြင့် ဟောတော်မူ၏။

---

## ၅-သံကိလိဋ္ဌတိက်

သံကိလိဋ္ဌတိက် ပဌမပုဒ်၌ **ပူပန်စေတတ် နှိပ်စက်တတ်** ဟူသည်မှာ ကိလေသာ ၁၀-ပါး တည်း။

**ပူပန်စေအပ် နှိပ်စက်အပ်** ဟူသည်မှာ ထိုကိလေသာ ၁၀-ပါးနှင့် အတူတကွ ဖြစ်သော အကုသိုလ် ၁၂-ခု၊ကိလေသာ ၁၀-ပါးကြဉ်သော စေတသိက် သတ္တရသ တည်း။

ထိုတွင် ကိလေသာ ၁၀-ပါးမှာ **ပူပန်တတ် ပူပန်အပ်** ၂-ပါးလုံးပင် ရ၏။ လောဘကို ပူပန်တတ် ယူလျှင် ကြွင်း ၉-ပါး ပူပန်အပ် ။ ပ ။ အနောတ္တပ္ပကို ပူပန်တတ် ယူလျှင် ကြွင်း ၉-ပါး ပူပန်အပ်။ ၅-ပါးကို တတ်ယူလျှင် ၅-ပါး အပ်။ ဤသို့ ကိလေသာ ၁၀-ပါးတို့သည် တတ်လည်းရ အပ်လည်းရ၏။

အကုသိုလ်စိတ် ၁၂-ခု၊ စေတသိက် ၁၇-ခုမှာ ပူပန်အပ်သာ ရ၏၊ တတ် မရ။ ကိလေသာ ၁၀-ပါးမှာ ပူပန်တတ်သောတရား မည်၏။ အကုသိုလ်စိတ် ၁၂-ခု၊ စေတသိက် ၁၇-ခုမှာ မိမိကိုယ်က မပူပန်တတ်သော်လည်း ပူပန်တတ်သော ကိလေသာတို့နှင့် တကွဖြစ်ခြင်းကြောင့် ပူပန်အပ် ရလေသည်။

**ပုံကား** — ထင်းသည် မပူတတ်၊ ထိုသို့ မပူတတ်သော်လည်း ပူတတ်သော မီးနှင့်ယှဉ်သောကာလ မီးနှင့် တကွဖြစ်ခြင်းကြောင့် ထင်းပါ ပူရလေသကဲ့သို့ မီးနှင့် ကိလေသာ၊ ထင်းနှင့် အကုသိုလ်စိတ် ၁၂-ခု၊ စေတသိက် ၁၇-ခု မှတ်။

**ဥပမာ တနည်းမှာ** — ရွာကူး၍ သူတော်ကောင်းအိမ်တွင် တည်းနေ၍ ခိုးသော သူခိုး၏ ဥပမာကို သိလေ။

**သံကိလေသ, သံကိလိဋ္ဌ, သံကိလေသိက ၃-ပါးတို့၏ အထူးကား —** " သံကိလေသေတိ ဒသ ကိလေသဝတ္ထူနိ ဝုစ္စန္တိ " ဟူသော ဋီကာပါဠိ (၃၉) ဖြင့် ကိလေသာ ၁၀-ပါး ရ၏။

"သံကိလေသေန သမန္နာဂတာတိ သံကိလိဋ္ဌာ" ဟူသော အဋ္ဌကထာပါဠိ (ဂ၅) ဖြင့် ကိလေသာ ၁၀-ပါးနှင့် တကွဖြစ်သော အကုသိုလ် ဒွါဒသ စိတ္တုပ္ပါဒ် ရ၏။

"သံကိလေသေ အရဟာတီတိ သံကိလေသိကံ" ဟူသော အဋ္ဌကထာပါဠိ (ဂ၅) ဖြင့် ကိလေသာ၏ အာရုံဖြစ်ထိုက်သော လောကီတရား ရ၏။ ဤသည် လျှင် ၃-ပါး အထူးတည်း။

## ၆-ဝိတက္ကတိက်

ဝိတက္ကတိက်၌ ဝိတက်သည် ဝိတက်နှင့် တကွဖြစ်သည် မဆိုကောင်း၊ ဝိတက်၌ ဝိတက်ရှိသည် မဆိုကောင်း။ ဝိစာရသည် ဝိစာရနှင့် တကွဖြစ်သည် မဆိုကောင်း၊ ဝိစာရ၌ ဝိစာရရှိသည် မဆိုကောင်း။ ဝိတက်သည် ဝိစာရနှင့် တကွ ဖြစ်၏၊ ဝိစာရသည် ဝိတက်နှင့် တကွဖြစ်၏။ ဝိတက်ဟူသမျှသည် သဝိစာရ ချည်း၊ ဝိစာရမှာ အချို့ ဝိတက်ရှိ၏၊ အချို့မရှိ ၂-ပါးတည်း။

အဘယ်၌ ရှိ၍ အဘယ်၌ မရှိသနည်း။ ဒွေပဉ္စဝိညာဉ် ၁၀- ကြဉ်သော ကာမစိတ် ၄၄-ခု၊ ပဌမဈာန် ၁၁-ခု၌ ဝိစာရဖြစ်သောအခါ ဝိတက်ရှိ၏။ ဒုတိယဈာန် ၁၁-ခု၌ ဝိစာရဖြစ်သောအခါ ဝိတက်မရှိ။

ပဌမပုဒ်က ကြဉ်သော ဝိတက် စေတသိက် ၅၅-ခုသည် အဝိတက္က သဝိစာရ ဖြစ်သောကြောင့် ဒုတိယပုဒ်သို့ သွင်း။

ဒုတိယပုဒ်က ဝိစာရစေတသိက် ၁၁-ခုသည် အဝိတက္က အဝိစာရ ဖြစ်သော ကြောင့် တတိယပုဒ်သို့ သွင်း။

ပဌမပုဒ်က ကြဉ်သော ဝိစာရစေတသိက် ၅၅-ခုသည် သဝိတက္က အဝိစာရ ဖြစ်သောကြောင့် တိက်မုတ်ထုတ်။

ဝိတက် စေတသိက် ၅၅-ခုတွင် လောကီ၌ ယှဉ်သော ဝိတက် ၄၇-ခုသည် ဒုက္ခသစ္စာ၊ မဂ်၌ ယှဉ်သော ဝိတက် ၄-ခုသည် မဂ္ဂသစ္စာ၊ ဖိုလ်၌ရှိသော ဝိတက် ၄-ခုသည် သစ္စာဝိမုတ်။ ဝိစာရ ၁၁-ခုမှာလည်း ရင်းနည်း ၃-ချက်ပင် ခွဲလေ။

## ၇-ပီတိတိက်

ပီတိတိက်၌ မြတ်စွာဘုရားသည် ပီတိသဟဂတပုဒ်သာ ကွဲသည်ကို မဟော သေးသော တရားနှင့်သာ တွဲ၍ ဟောသင့်လျက် ဟောစရာတရားကုန်သော ကြောင့် သုခ, ဥပေက္ခာတို့နှင့် တွဲ၍ ဟောပြန်လေသလော ဟူငြားအံ့။

ဟောစရာ ကုန်သောကြောင့် မဟုတ်၊ နိပ္ပီတိက သုခ, သပ္ပီတိက သုခ ၂-ပါးကွဲသည်၏ အဖြစ်ကို ပြခြင်းငှါ ဤတိက်ကို ဟောတော်မူသည်။

စတုတ္ထဈာန် ၁၁၊ သုခသဟဂုတ် ကာယဝိညာဉ်၌ရှိသော သုခဝေဒနာ ၁၊ ပေါင်း ၁၂-ခုသည် နိပ္ပီတိကသုခ။ သောမနဿ ၆၂-ခုတွင် စတုတ္ထဈာန် ကြဉ်သော သောမနဿ၌ရှိသော သုခဝေဒနာ ၅၁-ခုသည် သပ္ပီတိကသုခတည်း။ "ဤကား အဋ္ဌကထာ(၇၅)နည်း"။

မူလဋီကာ (၄၁) နည်းအားဖြင့် ပီတိကား နှစ်သက်သည်၊ ဝေဒနာကား ခံစားသည်၊ ဤသို့ ပီတိ, ဝေဒနာ တရား ၂-ပါးတို့၏ သိနိုင်ခဲသည်၏ အဖြစ်ကို ပြတော်မူခြင်းငှါ ဤတိက်ကို ဟောတော်မူသည်။

အနုဋီကာ (၄၄) နည်းအားဖြင့် အတိပဏီတ သုခ, ဩဠာရိက သုခ ၂-ပါးကွဲသည်၏ အဖြစ်ကို ပြတော်မူခြင်းငှါ ဤတိက်ကို ဟောတော်မူသည်။

စတုတ္ထဈာန် ၁၁-၌ရှိသော သုခဝေဒနာသည် အတိပဏီတ သုခ။ စတုတ္ထဈာန်၊ သောမနဿကြဉ်သော သောမနဿ ၅၁-ခု၊ သုခသဟဂုတ် ကာယဝိညာဉ်၌ရှိသော သုခ ၁၊ ပေါင်း သုခဝေဒနာ ၅၂-ခုကို ဩဠာရိကသုခ ဆိုသည်။

---

## ဂ-ဒဿနတိက်

အဘယ်ကြောင့် ဒဿနမည်သနည်း။

သောတာပတ္တိမဂ်သည် နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သောကြောင့် ဒဿန မည်သည်။

ဂေါတြဘူသည် နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သည်မဟုတ်လော။

ဂေါတြဘူသည် ရှေးဦးစွာ မြင်သော်လည်း ကိလေသာတို့ကို မပယ်ရသေးသောကြောင့် မြင်သည် မဆိုရ။

**ဥပမာကား**—တစုံတခုအမှုကိစ္စကို ပြောဆိုလိုသောကြောင့် မင်းထံသို့သွားသောသူသည် ဆင်ပေါ်၌ မင်းကိုမြင်သော်လည်း မင်းကိုတွေ့ခဲ့၏လောဟု မေးမူ မိမိကိစ္စ မပြီးသေးသောကြောင့် မတွေ့ဟု ဆိုသကဲ့သို့တည်း။

**ပယ်ပုံကား**—သောတာပတ္တိမဂ်သည် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ခု၊ ပေါင်း ၅-ခုကို အကြွင်းမဲ့ ပယ်သည်။

အပါယ်သို့ လားစေတတ်သော ဝိပ္ပယုတ် ဒေါသ၊ မလားစေတတ်သော ဝိပ္ပယုတ် ဒေါသ ၂-ပါးတို့တွင် အပါယ်သို့ လားစေတတ်သော ဝိပ္ပယုတ် ဒေါသကိုလည်း ပယ်သည်။

အပါယ်သို့ မလားစေတတ်သော ဝိပ္ပယုတ် ဒေါသသည်လည်း ပဝတ္တိ အခါ အကြမ်း, အနု ၂-ပါးရှိသည်တွင် အကြမ်းကို သကဒါဂါမိမဂ်ဖြင့် ပယ်အပ်သည်။

အနုသည်လည်း ကာမရာဂနှင့် သမ္ပယုတ်ဖြစ်သော ဝိပ္ပယုတ် ၄-ခု၊ ရူပရာဂ, အရူပရာဂနှင့် သမ္ပယုတ်ဖြစ်သော ဝိပ္ပယုတ် ၄-ခု အားဖြင့် ၂-ပါးတို့တွင် ကာမ-ရာဂနှင့်ယှဉ်သော ဝိပ္ပယုတ် ၄-ခုနှင့် ဒေါသကို အနာဂါမိမဂ်ဖြင့် ပယ်သည်။

ရူပရာဂ, အရူပရာဂနှင့် ယှဉ်သော ဝိပ္ပယုတ် ၄-ခုနှင့် ဥဒ္ဓစ္စကို အရဟတ္တမဂ်ဖြင့် ပယ်သည်။

ဒိဋ္ဌိဂတသမ္ပယုတ် ၄-ခုနှင့် ဝိစိကိစ္ဆာကို သောတာပတ္တိမဂ်ဖြင့် ပယ်သည်။

ဒေါသမူဒွေကို အောက်မဂ် ၃-ခုဖြင့် ပယ်သည်။

ဥဒ္ဓစ္စကို အရဟတ္တမဂ်ဖြင့် ပယ်သည်။

ဝိပ္ပယုတ် ၄-ခုကို မဂ် ၄-ပါးဖြင့် ပယ်သည်။

---

## ၉-ဒဿနဟေတုတိက်

ဒဿနဟေတုတိက်၌ ရှိသည် ယှဉ်သည် မည်သည် ၃-ပါးတူ၏၊ ကံ ကွဲသည်။

သောတာပန်ပုဂ္ဂိုလ်ပယ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၌ ရှိသော လောဘ, မောဟဟိတ်မှ ၁-ပါးသော စေတသိက်နှင့် ၎င်းစိတ် ၄-ခုသည် အကောက်က နေမြဲ၊ လောဘကိုယူခိုက် မောဟအကောက်က၊ မောဟကိုယူခိုက် လောဘ အကောက်က။ ဒေါသမူဒွေ၌ရှိသော မောဟကို ယူခိုက် ဒေါသ အကောက်က၊ ဒေါသကိုယူခိုက် မောဟအကောက်က။ ဝိစိကိစ္ဆာ၌ရှိသော မောဟကိုယူခိုက် ဝိစိကိစ္ဆာစိတ်နှင့် တကွဖြစ်သော စေတသိက်တို့သည် အကောက်က။ ဝိစိကိစ္ဆာနှင့် ယှဉ်သော မောဟကို ယှဉ်ဘက်ဟိတ် မရှိသောကြောင့် ...မပုဒ်မှာ ကြည့်၊

ဒုတိယပုဒ်၌ ဥဒ္ဓစ္စ ၎င်းနည်း။

မောဟမူဒွေ၌ မောဟကို တတိယပုဒ်၌ သွင်း၍ ကောက်။

---

## ၁၀-အာစယဂါမိတိက်

အာစယဂါမိတိက် ဒုတိယပုဒ်၌ နိဗ္ဗာန်သို့ရောက်ကြောင်းကို ကောက်သည့် ကာလ မဂ်စိတ် ၄-ခုနှင့် စေတသိက် ၃၆-ခုကိုသာ ကောက်သည်။

လောကီကုသိုလ်မျှလည်း အလှူပေးသော် သီလ ဆောက်တည်သော် ကမ္မဋ္ဌာန်း ဘာဝနာ စီးဖြန်းသော် နိဗ္ဗာန်သို့ ရောက်ကြောင်း မဟုတ်ပါလော၊ သို့ဖြစ်၍ လောကီကုသိုလ်များကိုလည်း ကောက်သင့်သည် ဟူငြားအံ့။

မကောက်သင့်။

အဘယ့်ကြောင့်နည်းဟူမူ လောကီကုသိုလ်တို့ကြောင့် နိဗ္ဗာန်သို့ရောက်သည် လည်း ရှိ၏၊ မရောက်သည်လည်း ရှိ၏၊ အကြောင်းဝေးသောကြောင့် မကောက် သင့်။ မဂ်မှာ အကြောင်းနီးသောကြောင့် ကောက်သင့်လေသတည်း။

---

## ၁၁-သေက္ခတိက်

သေက္ခတိက် ပဌမပုဒ်၌ သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့၏ ဥစ္စာဆိုသောကြောင့် အရဟတ္တဖိုလ် ကြဉ်သော လောကုတ္တရာစိတ် ၇-ခုတို့တွင် သောတာပတ္တိမဂ်, ဖိုလ်သည် ၎င်းပုဂ္ဂိုလ်၌သာ ဖြစ်၏၊ တပါးသောပုဂ္ဂိုလ်တို့၌ မဖြစ် ။ပ။ အရ- ဟတ္တမဂ်သည် ၎င်းပုဂ္ဂိုလ်၌သာ ဖြစ်၏၊ တပါးသောပုဂ္ဂိုလ်တို့၌ မဖြစ်သော ကြောင့် သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့၏ ဥစ္စာဆိုသော် ဟုတ်တန်စေ။

ဒုတိယပုဒ်၌ အသေက္ခဖြစ်သော ရဟန္တာပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော အရ- ဟတ္တဖိုလ်စိတ် ၁-ခု၊ စေတသိက် ၃၆-ခုကိုသာ ကောက်၏။

အာဝဇ္ဇန်းဒွေ၊ ကုသိုလ်, အကုသိုလ်,ဝိပါက်တို့မှာ သဗ္ဗပုဂ္ဂလ သာဓာရဏ ဖြစ်သောကြောင့် လွတ်တန်စေ၊ အာဝဇ္ဇန်းဒွေ ကြဉ်သော ကြိယာ ၁၈-ခုသည် အရဟတ္တဖိုလ်စိတ်ကဲ့သို့ပင် ရဟန္တာသန္တာန်၌သာ ဖြစ်၍ အသေက္ခ သာဓာရဏ ဖြစ်သောကြောင့် ၎င်းကြိယာ ၁၈-ခုကို ကောက်သင့်ပါသည် မဟုတ်လော။

မကောက်သင့်။

အဘယ့်ကြောင့်နည်း ဟူမူ—

**ခန္ဓယမိုက် ဩကာသဝါရ၌** "ယတ္ထ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ၊ ဥပ္ပဇ္ဇိတ္ထ၊ ဥပ္ပဇ္ဇိ- ဿတိ" ဟု ပါဠိ ရှိသောကြောင့် ဖြစ်ဆဲ, ဖြစ်ဘူး, ဖြစ်လတ္တံ့ ဟု အနက် ပေးလေ သည်။ ဘုံဖြစ်ဆဲ, ဘုံဖြစ်ဘူး, ဘုံဖြစ်လတ္တံ့ မရှိ၊ ဤဘုံ၌ ခန္ဓာ ရှိသည် မရှိသည် သာ လိုရင်း။ သည်ဘုံ၌ ရူပက္ခန္ဓာရှိသော် ဖြစ်ဆဲ, ဖြစ်ဘူး, ဖြစ်လတ္တံ့ ဆိုရသကဲ့ သို့ ဤသေက္ခတိက်၌လည်း "သေက္ခာ ဓမ္မာ၊ အသေက္ခာ ဓမ္မာ" ဟူသော ပါဠိ ရှိသောကြောင့်သာ သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့၏ ဥစ္စာ၊ ရဟန္တာပုဂ္ဂိုလ်၏ ဥစ္စာ ဟု အနက် ပေးလေသည်။ သေက္ခမည်သော တရား, အသေက္ခမည်သော တရားသာ လိုရင်း ဖြစ်သောကြောင့် သေက္ခမည်ကုန်သော, အသေက္ခ မည်ကုန် သောဟု အနက် ပေးရသည်ဟု မှတ်။

## ၁၃-ပရိတ္တာရမ္မဏတိက်

ပရိတ္တာရမ္မဏတိက် ပဌမပုဒ်၌ အပ္ပမညာသည် သတ္တဝါပညတ်ကို အာရုံ ပြုသည်၊ ၎င်းတရားတို့သည် ကာမကို အာရုံပြုသည်၊ ထိုသို့ အာရုံ ပြားသောကြောင့် ကြဉ်သည်။

ဝိရတီကို အဘယ့်ကြောင့် မကြဉ်သနည်း၊ ဝိရတီသည် လောကီ, လောကုတ္တရာ ဝိရတီ ဟူ၍ ၂-ပါး အပြားရှိ၏။ ထိုတွင် လောကီ၌ ယှဉ်သော ဝိရတီသည် ဒုစရိုက်ကို အာရုံပြုသည်၊ ထိုဒုစရိုက်လည်း ကာမတရားပင် ဖြစ်၍ မကြဉ်သည်။ လောကုတ္တရာ ဝိရတီသည် နိဗ္ဗာန်ကို အာရုံ ပြု၏။

ဒုတိယပုဒ်၌ ဝိရတီမှာ ရူပ, အရူပဘုံ၌ ပယ်စရာ ဒုစရိုက် မရှိသောကြောင့် ဝိရတီ အာရုံပြုစရာ တရား မရှိ၍ ကြဉ်ရသည်။ တနည်းမှာ—အာရုံပြားသောကြောင့် ကြဉ်ရသည်။

တတိယပုဒ်၌လည်း ၎င်းနည်း အာရုံပြားသောကြောင့် ကြဉ်ရသည်။

၎င်းတိက်၌ ကာမ ကေန် ၂၅၊ အနေကန် ၃၁။ မဟဂ္ဂုတ် ကေန် ၆၊ အနေကန် ၃၁။ နိဗ္ဗာန် ကေန် ဂ-ခု၊ အနေကန် ၁၁။ ပညတ်ကေန် ၂၁၊ အနေကန် ၃၁-တို့ကို နှလုံးသွင်း၍ ကောက်လေ။

ကာမ ကေန် ၂၅-ဟူသော်ကား— ဒွေပဉ္စဝိညာဉ် ၁၀၊ မနောဓာတ် ၃-ခု၊ တဒါရုံ ၁၁၊ ဟသိတုပ္ပါဒ်တည်း။

အနေကန် ၃၁-ဟူသော်ကား— ၎င်းကေန် ၂၅-ပါးမှ တပါး ကာမစိတ် ၂၉-ခု၊ အဘိညာဉ်ဒွေတည်း။ ၎င်းစိတ်သည် မဟဂ္ဂုတ် အနေကန်၊ ပညတ် အနေကန်လည်း မည်၏။

မဟဂ္ဂုတ် ကေန် ၆-ခု ဟူသော်ကား—ဝိညာဏဉ္စာယတန ၃-ခု၊ နေဝသညာနာသညာယတန ၃-ခုတည်း။

လောကုတ္တရာစိတ် ဂ-ခုသည် နိဗ္ဗာန် ကေန် မည်၏။

အနေကန် ၁၁-ဟူသော်ကား— မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ် ဂ-ခု၊ မနောဒွါရာဝဇ္ဇန်း၊ အဘိညာဉ် ဒွေတည်း။

ကေန် ဆိုသည်မှာ သောတာပတ္တိမဂ်သည် နိဗ္ဗာန်ကို အာရုံ ပြုသကဲ့သို့ မှတ်။ အနေကန်ဆိုသည်မှာ မနောဒွါရာဝဇ္ဇန်းသည် အလုံးစုံကို အာရုံပြုသကဲ့သို့တည်း။

## ၁၅-မိစ္ဆတ္တတိက်

မိစ္ဆတ္တတိက် ပဌမပုဒ်၌ နိယတမိစ္ဆာဒိဋ္ဌိကံ ဟူသည်ကား— သတ္တဝါတို့မှာ အကြောင်းမရှိဟု ယူသော **အဟေတုကဒိဋ္ဌိ**၊ ကုသိုလ် အကုသိုလ်ကို ပြုသော်

လည်း ခံစားရသည် မရှိဟု ယူသော **အကိရိယဒိဋ္ဌိ၊** သတ္တဝါတို့ သေလျှင် ပြတ်၏ဟု ယူသော **နတ္ထိကဒိဋ္ဌိ** ဤ ၃-ပါးကိုသာ ယူအပ်၏။

ထို နိယတမိစ္ဆာဒိဋ္ဌိကံ ပဉ္စာနန္တရိယကံ ပြုသောသူတို့သည် မြင်းမိုရ်တောင် မျှလောက်သော ရတနာစေတီကို တည်၍ စကြဝဠာမျှလောက်သော ရတနာ တံတိုင်းကို ပြုလုပ်ပြီးလျှင် ထိုအတွင်း၌ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်တို့ ကို အပြည့် စည်းဝေးစေ၍ ပစ္စည်း ၄-ပါးတို့ဖြင့် တပါးမကျန် လှူဒါန်းငြား သော်လည်း စုတေသည်၏ အခြားမဲ့၌ မကောင်းကျိုးကို ပေးလေသည်သာ။ ထို့ကြောင့် ထိုတရားတို့ကို ကောက်ရလေသတည်း။

**သတ္တမဇောကိုသာ** အဘယ့်ကြောင့် ကောက်လေသနည်း။

ဇော ၇-ကြိမ်တို့တွင် ပဌမဇောသည် **ဒိဋ္ဌဓမ္မဝေဒနီယကံ** ဖြစ်၍ အကြောင်းညီ လျှင် ပစ္စုပ္ပန်ဘဝ၌ပင် အကျိုးပေး၏။

ထိုသို့ပေးခြင်းလက္ခဏာမှာလည်း—

၁။ ဓမ္မိယလဒ္ဓဖြင့် ရသော ပစ္စည်းလည်း ဖြစ်စေ၊

၂။ စေတနာလည်း ထက်သန်စေ၊

၃။ ဘုရား ပစ္စေကဗုဒ္ဓါ တို့တွင် တပါးပါးလည်း ဖြစ်စေ၊

၄။ နိရောဓ သမာပတ်မှ ထခိုက်လည်း ဖြစ်စေ၊

ဤအင်္ဂါ ၄-ပါး ညီသော် မျက်မှောက်တွင် အကျိုးပေး၏၊ မပေးခဲ့သော် အဟောသိကံဖြစ်၏။

အကျိုးပေးသည်ဟုဆိုသော်လည်း ၎င်းကံက စင်စစ်ပေးသည်မဟုတ်၊ အပရာ-ပရိယဝေဒနီယကံကို ထောက်ပံ့ရုံသာတည်း။

**ပမာဆိုသော်—** ပေါက်လာသော အနာများကို များစွာသော ဆေးမြစ်တို့ ဖြင့် လိမ်းကျံ၍ ပျောက်သော်လည်း နောက်ဆုံးဆေးမြစ်တွင် အကျိုးထင် သကဲ့သို့တည်း။

အဘယ့်ကြောင့် **ဒိဋ္ဌဓမ္မဝေဒနီယကံ** သည် မျက်မှောက်တွင်သာ အကျိုးပေး ရသနည်း။

**အာသေဝနပစ္စည်း** ကို မရသောကြောင့် ပဝတ္တိတွင်သာ ပေးရသတည်း။

အာသေဝန ဟူသည်မှာ—ပဌမဇောသည် ပစ္စည်း၊ ဒုတိယဇောသည် ပစ္စ-ယုပ္ပန်။ ပ။ ဆဋ္ဌဇောသည် ပစ္စည်း၊ သတ္တမဇောသည် ပစ္စယုပ္ပန်။

ဒိဋ္ဌဓမ္မ ပေးဟန်မှာလည်း **မီးခဲ့, မီးစာ, အားထုတ်သောသူ, မှုတ်သောသူတို့ ကဲ့သို့တည်း။**

မီးခဲနှင့် အပရာပရိယဝေဒနီယကံ၊ မီးစာနှင့် အကျိုးကို အလိုရှိသောသူ၊ ထင်း,အမှိုက်ရှာ၍ ထည့်သောသူနှင့် ယခုဘဝပြုသော စေတနာ၊ မှုတ်သောသူနှင့်

ငါသည် ဤကုသိုလ်ကြောင့် နတ်ရွာသုဂတိသို့ ရောက်လို၏ဟု ဆုတောင်းသော သူနှင့် တူ၏။

အလယ်ဇော ၅-ချက်သည် အပရာပရိယဝေဒနီယကံ ဖြစ်၍ တတိယဘဝမှ စ၍ နိဗ္ဗာန်မရသေးသမျှ ပဝတ္တိ, ပဋိသန္ဓေအားဖြင့် အခွင့်သာလျှင် အကျိုးပေး၏။

သတ္တမဇောကား ဥပပဇ္ဇဝေဒနီယကံဖြစ်၍ စုတိ၏ အခြားမဲ့၌ ပဋိသန္ဓေ, ပဝတ္တိအားဖြင့် အကျိုးပေးသည်။

ထိုသတ္တမဇောသာ စုတိ၏ အခြားမဲ့၌ အကျိုးပေးတတ်သောကြောင့် ပဌမဇော, အလယ်ဇောတို့ကို ထား၍ သတ္တမဇော ကိုသာ ကောက်ရလေသည်။

ထို ပဌမဇော, အလယ်ဇော တို့ကား တတိယပုဒ်၌ ဝင်လေသည်။ ထို့ကြောင့် ပဌမပုဒ်၏ အရမှတပါးဟု စကား မှ၍ ကောက်လေသည်။

**ပဋ္ဌာနဋ္ဌကထာရိယကံ** သည် အကျိုးပေးသောကံ, အကျိုးမပေးသောကံ ၂-ပါး တို့တွင် အကျိုးမပေးသောကံသည် အဟောသိကံ မြောက်တော့သည်။ ထိုကံသည် ပဌမပုဒ်သို့ ဝင်မည်လော မဝင်မည်လော။

စင်စစ် အကျိုး မပေးသော်လည်း ပေးသည်ဖြစ်က စုတိ၏ အခြားမဲ့၌သာ ပေးခြင်းသဘောရှိသောကြောင့် သဘောကိုထောက်သဖြင့် ဝင်သင့်ကြောင်းကို ဋီကာ (၄၅) ၌ဆို၏။

ကံ ၅-ပါးလုံး ပြိုင်သော် အဘယ်ကံ အကျိုးပေးမည်နည်း။

သံဃဘေဒကကံ အကျိုးပေးရာ၏။

ထိုကံကို ပြုရာ၌ —

၁။ ကုန်းတိုက်သောသူ ရဟန်းလည်း ဖြစ်စေ၊

၂။ ကွဲသောသူ သံဃာလည်း မြောက်စေ၊

၃။ ကွဲလည်း ကွဲစေ၊

ဤအင်္ဂါ ၃-ပါးညီမှ ကံထိုက်သည်။ ကုန်းတိုက်သောသူ လူ, သာမဏေ ဖြစ်အံ့၊ ကံ မမြောက်၊ ပိသုဏာဝါစာသာ ဖြစ်၏။

ၚင်းကံ မရှိလျှင် လောဟိတုပ္ပါဒကံ၊ ၎င်းကံ မရှိလျှင် အရဟန္တဃာတကံ၊ ၎င်းကံ မရှိလျှင် မိဘ ၂-ပါးတွင် အမိသီလမရှိ, အဘသီလရှိမူ အဘအတွက်ကို၊ အဘသီလမရှိ, အမိသီလရှိမူ အမိအတွက်ကို၊ နှစ်ပါးစုံ သီလရှိသော် အမိ အတွက်ကို ခံရ၏။ ဤ၌ ကျေးဇူးကြီးသည်ကို လိုက်၍ ခံရလေသည်။

နိယတမိစ္ဆာဒိဋ္ဌိကံ၏ ဇော ၇-ကြိမ်တွင် သတ္တမဇောကိုသာ ကောက်သေးသည်၊ ကြွင်း ၆-ကြိမ် ရှိသေး၏။

ဒေါသမူသည်လည်း ပဋ္ဌာနန္တရိယကံတွင် သံဃဘေဒကကံ၏ သတ္တမဇောကို ကောက်လျှင် ကြွင်းကံ ၄-ပါး၏ သတ္တမဇောသည် ၎င်းသံဃဘေဒကကံ၏ သတ္တမဇောသို့ ဝင်၏၊ ဤကား ၅-ပါးလုံးကို ပြုမိမှုသာတည်း။

ကြွင်းသော ဇော ၆-ကြိမ် ၆-လီ ကျန်သေး၏။ ထိုဇောတို့ကို တတိယပုဒ်သို့ သွင်း၍ ကောက်။

ဒုတိယပုဒ်၌ မိမိ-အရကို မဂ် ၄-ခု၊ စေတသိက် ၃၆-ခုကို ကောက်။

လောကီ ကုသိုလ်များလည်း မိမိ အခြားမဲ့၌ အကျိုးပေး မြဲသည် မဟုတ်ပါလော။

၎င်းတို့မှာ မြဲသည်လည်း ရှိ၏၊ မမြဲသည်လည်း ရှိ၏။ အကျိုးပင် ပေးသော်လည်း အကျိုးနှင့် အကြောင်း ဝေး၏၊ ထိုကြောင့် မကောက်ရသတည်း။

အနန္တရိယကံ ၅-ပါးတို့တွင် သံဃဘေဒကကံကို ပြုမိသော သူတို့သည် တကမ္ဘာ ခံရ၏။ ကမ္ဘာ အစ၌၎င်း, အလယ်၌၎င်း, သံဃဘေဒကကံကို ပြုအံ့၊ ကမ္ဘာပျက်သော်သာ ငရဲမှ လွတ်၏။

အကယ်၍ နက်ဖြန် ကမ္ဘာပျက်အံ့၊ ယနေ့ သံဃဘေဒကကံကို ပြု၍ သေအံ့၊ ယနေ့အတွက် ခံရ၏၊ နက်ဖြန်အတွက် လွတ်၏။ ဤသို့ လွတ်အံ့သောအကြောင်းကား မရှိ။

ကြွင်းသော ကံ ၄-ပါးတို့ကား အာနန္တရိယသာ ဖြစ်ကုန်၏၊ တကမ္ဘာ မခံရ-ဟု မှတ်။

ထိုကြောင့် သမ္မောဟဝိနောဒနီ ဉာဏဝိဘင်း အဖွင့် (၄၀၉) ၌—

> **ကပ္ပဋ္ဌိတိယတော**တိ သံဃဘေဒေါယေဝ စေတ္ထ ကပ္ပဋ္ဌိတိယော။ သဏ္ဌဟန္တေ ဟိ ကပ္ပေ ကပ္ပဝေမဇ္ဈေ ဝါ သံဃဘေဒံ ကတွာ ကပ္ပဝိနာသေယေဝ မုစ္စတိ။သစေပိ ဟိ “သွေ ကပ္ပေါ ဝိနဿိဿတီ”တိ အဇ္ဇ သံဃဘေဒံ ကရောတိ၊ သွေဝ မုစ္စတိ၊ ဧကဒိဝသမေဝ နိရယေ ပစ္စတိ၊ ဧဝံ ကရဏာ[၁] ပန နတ္ထိ။ သေသာနိ စတ္တာရိ ကမ္မာနိ အာနန္တရိယာနေဝ ဟောန္တိ၊ န ကပ္ပဋ္ဌိတိယာနီတိ ဧဝမေတ္ထ ကပ္ပဋ္ဌိတိယတောပိ ဝိညာ-တဗ္ဗော ဝိနိစ္ဆယော။

ဟူသော အဋ္ဌကထာပါဠိဖြင့် သိရာ၏။

---

၁-ဧဝံ ကာရဏံ-မ-၌ ၄-၇၈ ပိဋ္ဌေ (သီ၊သျာ)၊ ဧတ္ထ ကာရဏံ အံ-၌ ၁-၃၅၇-ပိဋ္ဌေ(သီ)။

အဟေတုက စသော မိစ္ဆာဒိဋ္ဌိတို့မှာ ဤ စကြဝဠာနှင့် ဖြစ်ဘော်ဖြစ်ဘက် စကြဝဠာ တသောင်းပင် ကမ္ဘာမီး လောင်သော်လည်း တပါးသော စကြဝဠာ ငရဲသို့ ပြောင်း၍ခံရ၏။

---

## ၁၆-မဂ္ဂါရမ္မဏတိက်

မဂ္ဂါရမ္မဏတိက် ပဌမပုဒ်၌ သောတာပန် ပုဂ္ဂိုလ်သည် မိမိ မဂ်ကိုသာ အာရုံ ပြုနိုင်သည်၊ အထက်မဂ် ၃-ပါးကိုကား မိမိသန္တာန်၌ မဖြစ်ဘူးသေးသောကြောင့် အာရုံ မပြုနိုင်။

သကဒါဂါမိပုဂ္ဂိုလ်သည် မိမိ မဂ်ကိုလည်း အာရုံပြု၏၊ အောက်မဂ်ကိုလည်း မိမိသန္တာန်၌ ဖြစ်ဘူးပြီး ဖြစ်သောကြောင့် အာရုံပြုနိုင်၏၊ အထက်မဂ် ၂-ပါး ကိုကား မိမိသန္တာန်၌ မဖြစ်ဘူးသေးသောကြောင့် အာရုံမပြုနိုင်။

“အနာဂါမိပုဂ္ဂိုလ်လည်း ဤနည်းကို မှီလေ”။

ရဟန္တာပုဂ္ဂိုလ်မှာ မပြုနိုင်သည် မရှိ၊ မဂ် ၄-ပါးလုံးကိုပင် ပြုနိုင်သည်ချည်း တည်း။ မဂ်ကို အာရုံပြုနိုင်သော စိတ်ကို ရှာသော်—

ဉာဏသမ္ပယုတ္တကာမာဝစရကုသလာနိ စေဝ ပဉ္စမဇ္ဈာနသခ်ါတံ အဘိ- ညာကုသလဉ္စေတိ အရဟတ္တမဂ္ဂဖလဝဇ္ဇိတသဗ္ဗာရမ္မဏာနိ။

ဉာဏသမ္ပယုတ္တကာမာဝစရကိရိယာနိ စေဝ ကိရိယာဘိညာဝေါဋ္ဌ- ဗ္ဗနဉ္စေတိ သဗ္ဗထာပိ သဗ္ဗာရမ္မဏာနိ—

ဟု လက်သန်း အဋ္ဌကထာ (၂၁) ၌ လာသောကြောင့် ဤ ၁၁-ပါးသော စိတ် တို့သည် မဂ်ကို အာရုံပြုနိုင်ကုန်၏။

ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက်တွင် သောတာပန် ပုဂ္ဂိုလ်၏ စိတ်ရ ၅၀-တွင် မဂ်ကို အာရုံပြုနိုင်သော တရားကိုရှာသော် မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု, ကုသိုလ်အဘိညာဉ် ပေါင်း ၆-ခု ဖြစ်သတည်း။ “၎င်း အတိုင်း အထက် အနာဂါမ်ထိ မှတ်လေ”။

ရဟန္တာပုဂ္ဂိုလ်၏ စိတ်ရ ၄၄-ခုတွင် မဂ်ကို အာရုံပြုသော တရားကို ရှာသော် မနောဒွါရာဝဇ္ဇန်း, မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခု, ကြိယာအဘိညာဉ် ၎င်းစိတ်ကို ကောက်။

ထို ၁၁-ခုသော စိတ်တို့ထွင် မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄-ခုနှင့် ကုသိုလ် အဘိညာဉ် ဤ ၅-ခုမှာ သေက္ခပုဂ္ဂိုလ်သာ ဆိုင်သည်။

မဟာကြိယာဉာဏသမ္ပယုတ် ၄-ခု, ကြိယာအဘိညာဉ် ဤ ၅-ခုသော စိတ် တို့သည် အသေက္ခပုဂ္ဂိုလ်သာ ဆိုင်သည်။

မနောဒွါရာဝဇ္ဇန်းမှာ သေက္ခ, အသေက္ခ ၂-ပါးပင် ဆိုင်သည်။ ကိုကြောင့် မနောဒွါရာဝဇ္ဇန်းသည် အောက်ဖိုလ် ၃-ခု အာရုံပြု၍ရင်း, အရဟတ္တဖိုလ် အာရုံ ပြု၍ရင်း ပါလေတော့သည်။

ဒုတိယပုဒ် **ပဌမနည်း**၌ မဂ်အရမှာ မဂ္ဂင်တရားကိုယ် ၈-ပါးကို ယူ၊ ၎င်းနှင့် တကွဖြစ်သော မဂ်စိတ် ၄-ခု၊ စေတသိက် ၂၈-ခုကို ကောက်။

အဘယ့်ကြောင့် မဂ္ဂင် ၈-ပါးကို ကြဉ်သနည်း ဟူမူ **ပါဠိတော်** (၂၁၂) ၌ "မဂ္ဂင်္ဂါနိ ဌပေတွာ" ဟု ဟောတော်မူသောကြောင့် မဂ္ဂင် ၈-ပါးတို့သည် မဂ္ဂဟေတုက မဖြစ်၊ မဂ္ဂသာ ဖြစ်၏။ထို ၈-ပါးမှ တပါးသော မဂ်စိတ်, စေတသိက် တို့သည်သာ မဂ္ဂဟေတုက ဖြစ်သောကြောင့် ကြဉ်လေသတည်း။

**ဒုတိယနည်း**၌ — မဂ္ဂင် ၈-ပါးတွင် မဂ်နှင့်ယှဉ်သော ဟိတ်သည်ကား အလောဘ, အဒေါသဟိတ်တို့သည် အဌင်္ဂိကမဂ်နှင့်ယှဉ်သောဟိတ် မည်ကုန်၏။ အမောဟဟိတ်ကား သမ္မာဒိဋ္ဌိ ကြဉ်သော သတ္တင်္ဂိကမဂ်နှင့် ယှဉ်သော ဟိတ် မည်၏။ ဤအရာ၌ အဌင်္ဂိကမဂ်ကိုရည်၍ ၎င်းနှင့်တကွဖြစ်သောတရား ဆိုသော ကြောင့် အလောဘ, အဒေါသဟိတ်ကို ကြဉ်ရသည်။

**တနည်း** — မဂ်၌တည်သော ဟိတ် ဟူသည်ကား အလောဘ, အဒေါသ ဟိတ်တို့သည် မိမိနှင့် သမ္ပယုတ်ဖြစ်သော အဌင်္ဂိကမဂ်၌ တည်သောဟိတ် မည် ကုန်၏။ အမောဟဟိတ်မူကား **ရုက္ခေ သာခါ** အစရှိသည်ကဲ့သို့ အဝယဝီ ဖြစ် သော အပေါင်း၌ အဝယဝ ဖြစ်သော အစိတ်၏ တည်ရာဖြစ်သောကြောင့် အပေါင်းဖြစ်သော အဌင်္ဂိကမဂ်၌ တည်သောဟိတ် မည်၏။

တတိယပုဒ် **ပဌမနည်း**၌ — အာရမ္မဏာဓိပတိပစ္စည်းသည် အလေးအမြတ် ပြု အပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် ၁၈-ခု၊ ဒေါသမူဒွေ,မောဟမူဒွေ,ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သော စိတ် ၈၄-ခု၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ၄၇-ခု၊ နိဗ္ဗာန် ရ၏။

ထိုတွင် လောဘမူ ၈-ခု၊ မဟာကုသိုလ် ၈-ခု၊ မဟာကြိယာဉာဏသမ္ပယုတ် ၄-ခု၊ လောကုတ္တရာ ၈-ခု၊ ၎င်း ၂၈-ပါးသော စိတ်တို့မှာ အလေးအမြတ် ပြု အပ်, ပြုတတ် ၂-ပါး ရ၏။

ထိုမှကြွင်းသော ၅၆-ခုသော စိတ်တို့သည် ပြုအပ် တပါးသာ ရသည်။
ဒေါသမူဒွေ၊ မောဟမူဒွေ၊ ဒုက္ခသဟဂုတ် ကာယဝိညာဉ် ၎င်း ၅-ပါးတို့မှာ ပြုတတ် ပြုအပ် ၂-ပါးလုံး မရသောကြောင့် ပစ္စနိက်ကောန်။

ပြုအပ်မှာ ပစ္စည်း၊ ပြုတတ်မှာ ပစ္စယုပ္ပန်။

၂၈-ခုသော စိတ်တို့တွင် လောကုတ္တရာစိတ် ၈-ခုမှာ နိဗ္ဗာန်ကို **အလေးအမြတ်** ပြု၍၊ မပြုတတ်ခိုက် မရ။

ကြွင်း ၂၀-မှာ ပြုသောအခါ ပြု၍၊ မပြုသောအခါ မပြု။ ထိုကြောင့် မပြုတတ်ခိုက် ရ၏။

ကြွင်းသော ၅၆-ခုသော စိတ်တို့မှာ မပြုတတ်နေ ရ၏။

**သဇ္ဇ ဟူသော ဂါထာအရကား** — လောဘမူစိတ် ၈-ခုသည်၎င်း, ဒုက္ခ-သဟဂုတ် ကာယဝိညာဉ်ကြဉ်သော တေဘူမကဝိပါက်သည်၎င်း, တေဘူမက-ကြိယာသည်၎င်း, ဋ္ဌဖြစ်သော နိပ္ဖန္နရုပ် ၁၈-ခုဟု ဆိုအပ်သော စတုသမုဋ္ဌာနိက ရုပ်သည်၎င်း လောဘမူစိတ် ၈-ခု၏ အာရမ္မဏာဓိပတိပစ္စည်းသည် ဖြစ်၏။

တေဘူမကကုသိုလ်သည် ကာမကုသိုလ်အား၎င်း, လောဘမူစိတ် ၈-ခုအား၎င်း အာရမ္မဏာဓိပတိပစ္စည်း ဖြစ်၏။

လောကုတ္တရာတရား ၉-ပါးသည် မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄-ခု၊မဟာ-ကြိယာ ဉာဏသမ္ပယုတ် ၄-ခု၊ ဤ ၈-ခုသော စိတ်တို့အား၎င်း, နိဗ္ဗာန်သည် လောကုတ္တရာစိတ် ၈-ခုအား၎င်း အာရမ္မဏာဓိပတိပစ္စည်း ဖြစ်၏။

ထို အာရမ္မဏာဓိပတိ ပစ္စည်းတပ်သော တရားအပေါင်းတို့တွင် သောတာပန် ပုဂ္ဂိုလ်ရသော စိတ်ကိုရှာသော် ၅၀-ရ၏။

ထို ၅၀-တို့တွင် မိမိမဂ်ကို ကြောင်းအာရုံပြုသော တရားကိုရှာသော် သောတာ-ပန် ပုဂ္ဂိုလ်၏ သန္တာန်၌ရှိသော မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄-ခုသာ ရှိ၏။

သကဒါဂါမ်ရသောစိတ် ၅၀-တွင်လည်း ထိုပုဂ္ဂိုလ်သန္တာန်၌ရှိသော မဟာ-ကုသိုလ်ဉာဏသမ္ပယုတ် ၄-ခု၊ အနာဂါမ် ရသော စိတ် ၄၈-ခုတွင်လည်း ထိုပုဂ္ဂိုလ် သန္တာန်၌ရှိသော မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄-ခု၊ ရဟန္တာရသော စိတ် ၄၄-ခုတွင် ထိုပုဂ္ဂိုလ်သန္တာန်၌ရှိသော ·မဟာကြိယာဉာဏသမ္ပယုတ် ၄-ခုတို့ကို ကောက်လေ။

**ဒုတိယနည်း၌** သဟဇာတာဓိပတိပစ္စည်းတပ်သော တရားသည် မောဟမူဒွေ့, ဟသိတုပ္ပါဒ်ကြဉ်သော သာဓိပတိဇော ၅၂-ခု၌ရှိသော ဆန္ဒ, ဝီရိယ, ဝီမံသ၊ သာဓိပတိဇော ၅၂-ခု ဟုဆိုအပ်သော စိတ္တာဓိပတိအားဖြင့် အဓိပတိ ထရားကိုယ် ၄-ပါးတို့တွင် တပါးပါး၊ ဤတရားတို့သည် သဟဇာတာဓိပတိပစ္စည်းတပ်သော တရား မည်ကုန်၏။

၎င်း သဟဇာတာဓိပတိ ပစ္စည်းတပ်သော တရားအပေါင်းတို့တွင် မဂ်မည်သော တရားကိုရှာသော် မဂ္ဂင် ၈-ပါး၌ ဝီရိယ, ဝီမံသ ရ၏။

ၵင်း ၂-ပါးတို့တွင် ဝီရိယတပ်ခိုက် ဝီရိယကြဉ်၍ စေတသိက် ၃၅-ခု၊ ဝီမံသ တပ်ခိုက် ဝီမံသကြဉ်၍ စေတသိက် ၃၅-ခု ရ၏။

အဘယ့်ကြောင့် အဓိပတိ ၄-ပါးတို့တွင် ဝီရိယနှင့် ဝီမံသကိုသာ ကောက် သနည်းဟူမူ —

ထို ဝီရိယ, ဝီမံသ ၂-ပါးတို့၏သာလျှင် မဂ္ဂါဓိပတိဖြစ်သောကြောင့် ထို ဝီရိယ, ဝီမံသနှင့် ယှဉ်သော တရားတို့၏ ဤမဂ္ဂါဓိပတိ၌ ပစ္စယုပ္ပန် ဖြစ်သောကြောင့် ထို ၂-ပါးတို့ကိုသာလျှင် သဟဇာတာဓိပတိဟု အလိုရှိအပ်၏။

**တနည်း—**အဓိပတိ တပ်ခိုက် ဝီရိယ, ဝီမံသလည်း ရ၏ဟု ဆိုရာ၌ ၎င်းပင် သဟဇာတပစ္စည်း ဖြစ်သောကြောင့်တည်း။ တိက်မှတ်၌ နေ့ိုက်တို့ကို ဆင် ခြင်၍ ယူလေ။

## ၁၇-ဥပ္ပန္နတိက်

ဥပ္ပန္နတိက် ပဌမပုဒ်၌ **အဒ္ဓါပစ္စုပ္ပန်, သန္တတိပစ္စုပ္ပန်, ခဏပစ္စုပ္ပန်**အားဖြင့် ၃-ပါးတို့တွင် ဤ၌ ခဏပစ္စုပ္ပန်ကို ယူလေ။

ဒုတိယပုဒ်၌ အနာဂတ်ဖြစ်သော စိတ် ၈၉-ခု၊ စေတသိက် ၅၂-ခု၊ ရုပ် ၂၈-ခု ကို ကောက်အပ်လျက်"ဓမ္မော စ ဝိနယော စ" ဟူသော ပါဠိ၌ ဓမ္မော စ ဟူသောပုဒ်သည် သုတ်,ဝိနည်း,အဘိဓမ္မာကိုပင် ဟောနိုင်သော သတ္တိရှိပါလျက် နောက် ဝိနယော စ ဟူသော ပါဠိရှိသောကြောင့် ဝိနည်းကို ချန်၍ သုတ်, အဘိဓမ္မာ ၂-ပါးကိုသာ ဟောရသကဲ့သို့ တတိယပုဒ်၌ ကောက် ရန်ကို ချန်၍ ကောက်ရလေသည်။

တတိယပုဒ်၌ မြီးပြီးသော အကြောင်းတစိတ် ဆိုသည်မှာ အကြောင်းဖြစ် သော ကုသိုလ်, အကုသိုလ်ကို ပြုအပ်ပြီးသည်၏ အဖြစ်ကြောင့် မြဲသောအား ဖြင့် ဝိပါက် ကဋတ္တာရုပ်တို့သည် ဖြစ်ကုန်လတ္တံ့။

ထိုကြောင့် တစိတ်အားဖြင့် ပြီးသော အကြောင်းရှိသည် မည်ကုန်၏၊ အကြောင်းသာပြီး၍ အကျိုး မဖြစ်သေးသဖြင့် မပြီးသောကြောင့် တစိတ်အား ဖြင့် ပြီးပြီးသော အကြောင်းရှိကုန်၏ ဟူလိုသည်။

## ၂၁-အဇ္ဈတ္တာရမ္မဏတိက်

အဇ္ဈတ္တာရမ္မဏတိက်၌ အပ္ပမညာသည် သတ္တဝါဟူသော ဗဟိဒ္ဓကိုသာ၊ ဣဿာသည် ဗဟိဒ္ဓကို၊ မစ္ဆရိယသည် အဇ္ဈတ္တကို၊ ဝိရတီသည် အနာဂတ်နှင့် **ပစ္စုပ္ပန်ကိုသာ အာရုံပြု**၏။

အနိန္ဒြိယဗဒ္ဓရုပ်, နိဗ္ဗာန်ကို ထား၍ အလုံးစုံသောတရားတို့သည် အကယ်၍ မိမိသန္တာန်၌ ဖြစ်ကုန်အံ့ **အဇ္ဈတ္တ** မည်ကုန်၏။ အကယ်၍ သူတပါးသန္တာန်၌ ဖြစ်ကုန်အံ့၊ **ဗဟိဒ္ဓ**မည် ကုန်၏။

အဇ္ဈတ္တတရားတို့သည်လည်း စက္ခု အစရှိသည်၏ အစွမ်းအားဖြင့်၎င်း, ရူပါရုံ အစရှိသည်၏ အစွမ်းအားဖြင့်၎င်း ၂-ပါး အပြားရှိကုန်၏။

ဗဟိဒ္ဓ တရားတို့သည်လည်း ထိုအတူ ၂-ပါးအပြားရှိကုန်၏။

ထို ၂-ပါးတို့တွင် စက္ခာယတန အစရှိသော ၆-ပါးသော သဠာယတနတို့သည် မိမိသန္တာန်၌မူလည်း ဖြစ်စေ, သူတပါးသန္တာန်၌မူလည်းဖြစ်စေ အတွင်း၌ ဖြစ်သောတရား မည်ကုန်၏။

ရူပါယတနစသော ဗာဟိရာယတန ၆-ပါးတို့ကား ဆိုအပ်ပြီးသောနည်းဖြင့် မိမိသန္တာန်, သူတပါးသန္တာန်၌ ဖြစ်ကုန်သော်လည်း ဗာဟိရသာမည်ကုန်၏။

အနိန္ဒြိယဗဒ္ဓရုပ်, နိဗ္ဗာန်တို့သည်ကား သတ္တဝါတို့သန္တာန်၌ မဖြစ်ကောင်းသောကြောင့် ကေဝလဗဟိဒ္ဓသာ မည်ကုန်၏။ ဤကား အဇ္ဈတ္တဗဟိဒ္ဓ, အဇ္ဈတ္တ-ဗာဟိရ ၂-ပါးတို့၏ အထူးတည်း။

တိကမာတိကာ အရကောက် အဓိပ္ပါယ် ပြီး၏။

---

## ၁-ဟေတုဒုက်

ဒုကမာတိကာ အရကောက် အဓိပ္ပါယ်ကို ဆိုပေအံ့—

အဘယ့်ကြောင့် ဒုက်မည်သနည်း။

ပရမတ္ထတရား ၄-ပါးကို နှစ်စုပြု၍ ဟောအပ်သောကြောင့် ဒုက်မည်၏။

အဘယ့်ကြောင့် ဟေတုဂေါစ္ဆက မည်သနည်း။

အဟေတုက သဟေတုက အစရှိသော သဒ္ဒါအားဖြင့်၎င်း, အဟိတ် သဟိတ် အစရှိသော အနက်အားဖြင့်၎င်း အချင်းချင်း စပ်သည်ဖြစ်၍ ပန်းတို့၏အချက်ကဲ့သို့ ပန်းလက် အစရှိသည်တို့၌ ပန်း စသည်တို့၏ အပေါင်းကဲ့သို့ဖြစ်၍ တည်သည်၏ အဖြစ်ကြောင့် ဟေတုဒုက် အစရှိသော ၆-ဒုက်တို့သည် ဟေတုဂေါစ္ဆက မည်၏။

ထိုဒုက်သည် သဒ္ဒါ, အနက်အားဖြင့် အဘယ်သို့ စပ်သနည်း။

သဟေတုကဒုက်, ဟေတုသမ္ပယုတ္တဒုက်တို့သည် ဟေတုဒုက်၌ ဟိတ်တရားတို့နှင့် စပ်၏။

ဟေတုသဟေတုကဒုက်သည် ဟေတုဒုက်, သဟေတုကဒုက်နှင့် စပ်၏။
ဟေတုဟေတုသမ္ပယုတ္တဒုက်သည် ဟေတုဒုက်, ဟေတုသမ္ပယုတ္တဒုက်နှင့် စပ်၏။
နဟေတုသဟေတုကဒုက်သည် ဟေတုဒုက်, သဟေတုကဒုက်နှင့် စပ်၏။
ဤသို့ သဒ္ဒါအားဖြင့်၎င်း, အနက်အားဖြင့်၎င်း ယှဉ်၍ ဟောအပ်ကုန်သော ဒုက်တို့၏ အချင်းချင်း စပ်သည်ကို သိအပ်၏။

ဟေတုဂေါစ္ဆက ပဌမဒုက်၌ ဟေတုသည် — ( ဋ္ဌ-၃၄၂, ဋီ-၁၄၃ )။

၁။ ဟေတုဟေတု၊
၂။ ဥတ္တမဟေတု၊
၃။ ပစ္စယဟေတု၊
၄။ သာဓာရဏဟေတု — ဟူ၍ ၄-ပါးရှိ၏။

ထို ၄-ပါးတို့တွင် ဤ၌ ဟေတုဟေတုကိုသာ လိုအပ်သောကြောင့် ဟိတ် ၆-ပါးကို ကောက်ရသတည်း။

သဟေတုကဒုက် ပဌမပုဒ်၌ မောဟမူဒွေ၌ မောဟကို ယှဉ်ဘက် ဟိတ်မရှိ အဟေတုကဖြစ်သောကြောင့် ကြဉ်ရလေသည်၊ မောဟကိုကြဉ်လျက် စေတသိက် မလျော့သည်ကား လောဘမူ, ဒေါသမူတို့၌ ယှဉ်သော မောဟကို မကြဉ်သောကြောင့် မလျော့လေသတည်း။

ဟေတုသမ္ပယုတ္တဒုက်သည် သဟေတုကဒုက်နှင့် တူလျက် အဘယ့်ကြောင့် ဟောတော်မူပြန်သနည်း။

ဒေသနာဝိလာသအားဖြင့်၎င်း, ဝေနေယျဇ္ဈာသယအားဖြင့်၎င်း၊ **တနည်းမှာ** — တရားကိုယ် မထူးသော်လည်း ပုဒ်အနက်ထူးသောကြောင့် ဟောတော်မူသည်ဟု မှတ်။

ဒုက်ရင်းပင် ၃-ဒုက်ကို **မြတ်စွာဘုရား ပွါး၍ ပြတော်မူသည်မှာ** — ပဌမဒုက်၌ ဒုတိယဒုက်၏ ပဌမပုဒ်ကို ထည့်၍ " ဟေတူ စေဝ ဓမ္မာ သဟေတုကာ စ။ သဟေတုကာ စေဝ ဓမ္မာ န စ ဟေတူ " ဤကား စတုတ္ထဒုက်။

ပဌမဒုက်၌ **တတိယဒုက်**၏ ပဌမပုဒ်ကို ထည့်၍ " ဟေတူ စေဝ ဓမ္မာ ဟေတုသမ္ပယုတ္တာ စ။ ဟေတုသမ္ပယုတ္တာ စေဝ ဓမ္မာ န စ ဟေတူ " ဤကား ပဉ္စမဒုက်။

ဒုတိယဒုက်၌ ပဌမဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ "န ဟေတူ ဓမ္မာ သဟေတုကာပိ။ န ဟေတူ ဓမ္မာ အဟေတုကာပိ" ဤကား ဆဋ္ဌဒုက်။

ပေါင်း မြတ်စွာဘုရား ပွါးတော်မူအပ်သော အနုလောမ ၂-ဒုက်၊ ဗျတိ-ရေကဒုက် ၁-ပါး အားဖြင့် ၃-ဒုက်တည်း။

ဤကဲ့သို့ အစကို ကိုင်၍ပြသဖြင့် သိလောက်ပြီဟု မိန့်တော်မူ၏။

**ဗုဒ္ဓပတညူဆရာကြီးတို့ ဆက်၍ ပွါးဟန်မှာ —** ပဌမဒုက်၌ ဒုတိယဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ "ယော တူ စေဝ ဓမ္မာ အဟေတုကာ စ။ အဟေတုကာ စေဝ ဓမ္မာ န စ ဟေတူ"ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

ပဌမဒုက်၌ တတိယဒုက်၏ ဒုတိယပုဒ်ကို ထည့်၍"ဟေတူ စေဝ ဓမ္မာ ဟေတု-ဝိပ္ပယုတ္တာ စ။ ဟေတုဝိပ္ပယုတ္တာ စေဝ ဓမ္မာ န စ ဟေတူ"ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။ ဤကား ဗုဒ္ဓမတညူဆရာကြီးတို့ ပွါးသော အနုလောမ ၂-ဒုက်၊ ၎င်း ၂-ဒုက်ကို **သမ္ဘဝဒုက်** ဆိုသည်။

မြတ်စွာဘုရား ပွါးတော်မူအပ်သော ၂-ဒုက်နှင့် ပေါင်းသော် အနုလောမ ၄-ဒုက် ဖြစ်၏။

မြတ်စွာဘုရားသခင်သည် ခပ်သိမ်းသောဒုက်ကို ပွါးရာ၌ အောက်အောက်သော ဒုက်ကို အခံပြု၍ အထက်အထက်သော ဒုက်ကို ထည့်ရာ၌သာ ဒုက်ဖြစ်သင့်၏။ အထက်အထက်သော ဒုက်ကို အခံပြု၍ အောက်အောက်သောဒုက်ကို ထည့်ရာ၌ ဒုက်မဖြစ်သင့်ဟု ထင်မှတ်ရသောကြောင့် အထက်အထက်သော ဒုက်ကို အခံပြု၍ အောက်အောက်သော ဒုက်ကို ထည့်ရာ၌လည်း ဒုက်ဖြစ်သင့်သည်၏ အဖြစ်ကို သိစေခြင်းငှါ ဆဋ္ဌဖြစ်သော ဗျတိရေက ဒုက်ကို ပွါး၍ ပြတော်မူသည်ကို အဋ္ဌကထာ (ဂ၉)ဆရာ နှလုံးသွင်း၍ —

ဒုတိယဒုက်၌ ပဌမဒုက်၏ ပဌမပုဒ်ကို ထည့်၍ "ဟေတူ ဓမ္မာ သဟေတု-ကာပိ။ ဟေတူ ဓမ္မာ အဟေတုကာပိ"ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

တတိယဒုက်၌ ပဌမဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ "န ဟေတူ ဓမ္မာ ဟေတု-သမ္ပယုတ္တာပိ။ န ဟေတူ ဓမ္မာ ဟေတုဝိပ္ပယုတ္တာပိ" ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။ "ဤကား အဋ္ဌကထာ ၂-ဒုက်တည်း"။

**မူလဋီကာ(၄၉)ဆရာသည်** အဋ္ဌကထာဆရာ၏ လက်စကို ဆက်၍ ပဌမဒုက်၏ ပဌမပုဒ်ကို တတိယဒုက်၌ ထည့်သော်လည်း ဒုက်ဖြစ်သင့်သည်၏ အဖြစ်ကို သိစေခြင်းငှါ တတိယဒုက်၌ ပဌမဒုက်၏ ပဌမပုဒ်ကို ထည့်၍ "ဟေတူ ဓမ္မာ ဟေတုသမ္ပယုတ္တာပိ။ ဟေတူ ဓမ္မာ ဟေတုဝိပ္ပယုတ္တာပိ" ဟူသော ဒုက်သည် လည်း ဖြစ်သင့်၏။ "ဤကား မူလဋီကာ တဒုက်တည်း"။

**အနုဋီကာ (၅၃) ဆရာကလည်း** ဤသို့အားဖြင့် ပွါးရာ၌သာ ဒုက်ဖြစ်သင့်သည်၊ ပဌမဒုက်၌ ဒုတိယဒုက်၏ ပဌမပုဒ်ကို ထည့်၍ "သဟေတုကာ ဓမ္မာ ဟေတူပိ။ သဟေတုကာ ဓမ္မာ န ဟေတူပိ" ဟူသောဒုက်သည်လည်း ဖြစ်သင့်**၏**။

ပဌမဒုက်၌ ဒုတိယဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ "အဟေတုကာ ဓမ္မာ ဟေတူပိ။အဟေတုကာ ဓမ္မာ န ဟေတူပိ" ဟူသော ဒုက်သည်လည်း ဖြစ်သင့်**၏**။

ပဌမဒုက်၌ တတိယဒုက်၏ ပဌမပုဒ်ကို ထည့်၍ "ဟေတုသမ္ပယုတ္တာ **ဓမ္မာ** ဟေတူပိ။ ဟေတုသမ္ပယုတ္တာ ဓမ္မာ န ဟေတူပိ" ဟူသော ဒုက်သည်လည်း **ဖြစ်** သင့်၏။

ပဌမဒုက်၌ တတိယဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ "ဟေတုဝိပ္ပယုတ္တာ **ဓမ္မာ** ဟေတူပိ။ ဟေတုဝိပ္ပယုတ္တာ ဓမ္မာ န ဟေတူပိ" ဟူသော ဒုက်သည်လည်း ဖြစ် သင့်၏။ "ဤကား အနုဋီကာ ၄-ဒုက်တည်း"။

ဤဟေတုဂေါစ္ဆကကို မှီ၍ ခပ်သိမ်းသော ဂေါစ္ဆကတို့ကိုလည်း မှတ်လေ။

## ၂-စူဠန္တရဒုက်

အဘယ်ကြောင့် စူဠမည်သနည်း။ တပါးသော ဒုက်တို့အောက် ငယ်သော ကြောင့် စူဠမည်၏။

အဘယ့်ကြောင့် အန္တရမည်သနည်း။ ဟေတုဂေါစ္ဆက, အာသဝဂေါစ္ဆက ၂-ပါးတို့၏ အကြား၌ ဖြစ်သောကြောင့် အန္တရမည်၏။

## ၁၃-ကေနစိဝိဥဿယျဒုက်

စူဠန္တရ ကေနစိဝိဥဿယျဒုက်၌—

**အဋ္ဌကထာ (၄၀၀)** နည်းအားဖြင့် ကတ္တား တူ ကံပြား၊ အာရမ္မဏိကတူ အာရုံပြား။ တနည်း —ကတ္တား အာရမ္မဏိကတူ၊ ကံ အာရုံပြား။

**မူလဋီကာ (၅၁)** နည်းအားဖြင့် ကတ္တားပြား ကံတူ၊ အာရမ္မဏိကပြား အာရုံတူ။ တနည်း—ကတ္တား အာရမ္မဏိကပြား၊ ကံ အာရုံတူ။

**ဋီကာကျော်နည်းအားဖြင့်** ဝိညာတဗ္ဗတူ ဝိညာဥ်ပြား။ တနည်း—ကံတူ ကတ္တားပြား။ တနည်း—အာရုံတူ အာရမ္မဏိကပြား။

## ၁၆-အာသဝသမ္ပယုတ္တဒုက်

အာသဝသမ္ပယုတ္တဒုက် ပဌမပုဒ်၌ ဒေါသမူဒွေ့, မောဟမူဒွေ၌ မောဟသည် ယှဉ်ဘက် မရကောင်းသောကြောင့် ကြဉ်ရသည်။

## ၁၉-အာသဝဝိပ္ပယုတ္တ သာသဝဒုက်

ဟေတုဂေါစ္ဆက ဆဋ္ဌဒုက်ကဲ့သို့ အာသဝဂေါစ္ဆက ဆဋ္ဌ၌ "နော အာသဝါ ခေါ ပန ဓမ္မာ သာသဝါပိ။ အနာသဝါပိ" ဟု ဟောတော်မူကောင်းလျက် "အာသဝဝိပ္ပယုတ္တာ ခေါ ပန။ပ။ ပိ" ဟု ဆဋ္ဌဒုက်ကို အဘယ့်ကြောင့် ဟောတော်မူလေသနည်း။

ဤအရာ၌ ဟေတုဂေါစ္ဆကမှာ ကေ့ပ္ပါဒ အစရှိသော သမ္ပယောဂ လက္ခဏာနှင့် ပြည့်စုံသောတရားကို ကောက်ရသည်။ ထိုကြောင့် ပဌမဒုက်၏ ဒုတိယပုဒ်ကို ဒုတိယဒုက်၌ ထည့်ရလေသည်။

ဤအာသဝဂေါစ္ဆက ဆဋ္ဌမှာ အာရုံ-အာရမ္မဏိက အဖြစ်ဖြင့် ဟောတော်မူသည်။ ထိုကြောင့် ဒုတိယဒုက်၌ တတိယဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ ဆဋ္ဌ-ဒုက်ကို ဟောတော်မူလေသတည်း။

## ၂၀-သညောဇနဒုက်

သညောဇန ဂေါစ္ဆက ပဌမဒုက်၏ ပဌမပုဒ်၌ သံယောဇဉ် တရားကိုယ် ဂ-ပါးကိုသာ ကောက်ခြင်းသည် "နဝ သံယောဇနာ" ဟု သင်္ဂြိုဟ်၌ ဆိုသည် မဟုတ်လော ဟူမူ။

သင်္ဂြိုဟ်၌ သုတ္တန်နည်း,အဘိဓမ္မာနည်း ၂-ပါးကိုပေါင်း၍ တရားကိုယ် ၉-ပါး ယူလေသည်။

ဤ၌ အဘိဓမ္မာနည်းသို့ လိုက်သဖြင့် ဥဒ္ဒစ္စကိုချ၍ ဂ-ပါးသာ ကောက်ရလေသတည်း။ "ဂန္ထဂေါစ္ဆက၌ ကြဉ်ဟန်ကို နောက်နည်းကို မှီလေ"။

## ၃၂-ဩဃဒုက်

ဩဃ,ယောဂမှာ အာသဝနှင့် တူ၏၊ ဒေသနာဝိလာသ, ဝေနေယျဇ္ဈာသယ အားဖြင့်သာ ဟောတော်မူသည်။

## ၅၀-ပရာမာသဒုက်

ပရာမာသဂေါစ္ဆကဌ် နောက်ဒုက်များကဲ့သို့ ပရာမာသ ပရာမာသ သမ္ပယုတ္တဒုက်ကို အဘယ့်ကြောင့် မဟောသနည်း။

ယင်းသို့ ဟောချေသော် ဒုက်ပုဒ်၏အရကား ရှိသင့်၏။ ပရာမာသ တရားကိုယ် တခုတည်းဖြစ်၍ ယှဉ်ဘက် မရှိရကား ပဌမပုဒ်အရ မရှိသင့်။ ထို့ကြောင့် ဟောတော်မမူသတည်း။

"သည်မှတပါး ကြဉ်သည်များမှာ နောက်နည်းကို မှီလေ"။

ပရာမာသ တရားကိုယ်ကို ကြဉ်ရသည်ကား သမ္ပယုတ် မရကောင်းသော ကြောင့်တည်း။

---

## ၅၉-စိတ္တသံသဋ္ဌဒုက်

မဟာန္တရ စိတ္တသံသဋ္ဌ ပဌမဒုက် ပဌမပုဒ်၌ စိတ္တဇရုပ် သံသဋ္ဌဖြစ်ပါ၏ ဟူမူ။ တကွဖြစ်ကာမျှကို သံသဋ္ဌ မဆိုလို၊ အယူးကို သိနိုင်ခဲသည် ဖြစ်၍ ရောယှက်သည်ကို သံသဋ္ဌ ဆိုလိုသည်။ ထိုကြောင့် စိတ္တဇရုပ်ကို စင်စေသည်။

"ပိဋ္ဌိဒုက်မှာလည်း တိက်ကနည်းဖြင့် သိရာ၏"။

မာတိကာ အရကောက် အခိပ္ပါယ် ပြီး၏။

# ၉-၁၀-မာတိကာဂဏ္ဌိ နှင့် သာခကအနက်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## တိကမာတိကာဂဏ္ဌိ

### မာတိကာခေါ်ခြင်း အကြောင်း

“မာတာ ဝိယာတိ မာတိကာ”

ယာ တန္တိ၊ အကြင်ပါဠိသည်။ မာတာ ဝိယ၊ အမိနှင့်တူ၏။ ဣတိ တသ္မာ၊ ထိုကြောင့်၊ သာ တန္တိ၊ ထိုပါဠိသည်။ မာတိကာ၊ ၏။

အဘယ်သို့ အမိနှင့်တူသနည်း၊စုဒ်ထုတ်။

အမိသည် သားကို ဖြစ်စေတတ်သည်၊ မာတိကာသည်လည်း နိဒ္ဒေသကို ဖြစ်စေတတ်သည်၊ ဤသို့ တူသတည်း၊ ပရိဟာရ်မူ။

ထိုကြောင့် **ဝိမတိဝိနောဒနီ (၉) ၌—**

> ၁။ **မာတိကာ**တိ ဥဒ္ဒေသော။ သော ဟိ နိဒ္ဒေသပဒါနံ ဇနနီဌာနေ ဌိတတ္တာ မာတာ ဝိယာတိ “မာတိကာ”တိ ဝုစ္စတိ-ဟု မိန့်သည်။

**ဝိနယာလင်္ကာရ (၁-၁၁) ၌လည်း—**

> ၂။ မာတာ ဝိယာတိ **မာတိကာ**။ ယထာ ဟိ ပုတ္တာ မာတိတော ပဘဝန္တိ၊ ဧဝံ နိဒ္ဒေသပဒါနိ ဥဒ္ဒေသတော ပဘဝန္တိ၊ တသ္မာ ဥဒ္ဒေသော မာတာ ဝိယာ*တိ “မာတိကာ”တိ ဝုစ္စတိ-ဟု မိန့်သည်။

### သာခကနက်

၁။ မာတိကာတိ၊ ဟူသည်ကား။ ဥဒ္ဒေသော၊ အကျဉ်းဥဒ္ဒေသပုဒ်တည်း။ ဟိ၊ သင့်စွ။ သော၊ ထိုအကျဉ်းဥဒ္ဒေသပုဒ်သည်။ ဝါ၊ ကို။ နိဒ္ဒေသပဒါနံ၊ အကျယ်နိဒ္ဒေသ ပုဒ်တို့၏။ ဇနနီဌာနေ၊ အမိအရာ၌။ ဌိတတ္တာ၊ တည်သည်၏အဖြစ်ကြောင့်။ မာတာ ဝိယ၊ အမိနှင့်တူ၏။ ဣတိ တသ္မာ၊ထိုကြောင့်။ မာတိကာ၊ မာတိကာမည်၏။ ဣတိ၊ ဤသို့။ ဝုစ္စတိ၊ ဆိုအပ်၏။

၂။ မာတာ ဝိယ၊ အမိနှင့်တူ၏။ဣတိ တသ္မာ၊ ကြောင့်။ မာတိကာ၊ ၏။ ဟိ၊ ထင်စွာ ပြဦးအံ့။ ပုတ္တာ၊ သားသမီးတို့သည်။ မာတိတော၊ အမိမှ။ ပဘဝန္တိ ယထာ၊ အမှန်အစ ပဋ္ဌမဖြစ်ကုန်သကဲ့သို့။ ဧဝံ၊ ထို့အတူ။ နိဒ္ဒေသပဒါနိ၊ အကျယ် နိဒ္ဒေသပုဒ်တို့သည်။ ဥဒ္ဒေသတော၊ အကျဉ်း ဥဒ္ဒေသပုဒ်မှ။ ပဘဝန္တိ၊ အမှန်အစ ပဋ္ဌမဖြစ်ကုန်၏။ တသ္မာ၊ ကြောင့်။ ဥဒ္ဒေသော၊ သည်။ ဝါ၊ ကို။ မာတာ ဝိယ၊ အမိနှင့်တူ၏။ ဣတိ တသ္မာ၊ ကြောင့်။ မာတိကာတိ၊ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

---

*မာတိကာ ဝိယ (န-ဗု-သ-မူ)

**တနည်း**– "မာတိကာ ဝိယာတိ မာတိကာ"

ယာ တန္တိ၊ သည်။ မာတိကာ ဝိယ၊ မြောင်းနှင့် တူ၏။ ဣတိ တသ္မာ၊ ကြောင့်။ သာ တန္တိ၊ သည်။ မာတိကာ၊ ၏။

အဘယ်သို့ မြောင်းနှင့်တူသနည်း၊ စုဒ်ထုတ်။

မြောင်းသည် လယ်, ကန်, ချောင်း စသည်သို့ ဝင်တတ်သည်၊ မာတိကာသည်လည်း နိဒ္ဒေသသို့ အနက်အားဖြင့် သက်ဝင်တတ်သည်။ ဤသို့ တူသတည်း။

**တနည်းကား**— မြောင်းသည် လယ်,ကန်, ချောင်း စသည်နှင့် စပ်၍ဖြစ်သည်၊ မာတိကာသည်လည်း နိဒ္ဒေသနှင့် အနက်အားဖြင့် စပ်၍ ဖြစ်သည်။ ဤသို့ တူသတည်း။

ဤကား ဆရာကျော်တို့ ဝါဒတော်တည်း။ ဤ နှစ်ဝိကပ်တွင် ရှေး၌ မာတုပုဒ်-က-ပစ္စည်း, ယဒနုပပန္နာ ဖြင့် သက်၊ ဣ လာ။

၃။ ပဋိဘာဂကုစ္ဆိတသညာနုကမ္ပာဒိအတ္ထေသု က-ပစ္စယော ဟု **ရူပသိဒ္ဓိ** အာလုတဗ္ဗဟုလေ၌ ဆို၏။

ဣက-ပစ္စည်းသော်လည်း သုတ်ကြီး လေးသုတ်တွင် တသုတ်သုတ်ဖြင့် သက်စကောင်း၏။ နောက်၌ကား သုတ်ကြီးဖြင့် အ-ပစ္စည်းသာ၊ ဥပမာတဒ္ဓိတ်ချည်း။

အထက်၌ မယ်တော်ဖြစ်ဘူးသော သန္တာသိတနတ်သား အမှူးရှိသော ဆိုရာ၌ **သာဓက-ကား**—

၄။ ဒေဝူပပတ္တိ ပန ပုရိသဘာဝေနေဝ ဇာတာ။ **ထေရဂါထာ အဋ္ဌကထာ** (၂-၁၇၂)။

မဓုသာရတ္ထဒီပနီ၌ကား ဤကဲ့သို့ တပါးသော အဋ္ဌကထာ, ဋီကာတို့၌ မလာ၊ သင်္ဂါယနာလည်း မဝင်၊ ရှေးဆုတောင်းလည်း မရှိ၊ ဓမ္မတာလည်း မဝင် ဆိုဘိ၏။

၅။ **ဒေဝါနန္တိ** တဒါ ဓမ္မပဋိဂ္ဂါဟကာနံ ဒသသဟဿစက္ကဝါဠဝါသီနံ မာတုဒေဝပုတ္တပ္ပမုခါနံ ဥပပတ္တိဒေဝါနံ-ဟု အဘိဓမ္မာဝတာရ-ဘိနဝဋီကာ (၁-၁၂၅)၌ လာသည်။

## သာဓကနက်

၃။ က-ပစ္စယော၊ က-ပစ္စည်းသည်။ ပဋိဘာဂကုစ္ဆိတသညာနုကမ္ပာဒိအတ္ထေသု၊ အတူဟူသော အနက်,စက်ဆုပ်အပ်သောအနက်, အမည်သညာ ဟူသောအနက်, အစဉ်သနားခြင်း အစရှိသော အနက်တို့၌။ ပဝတ္တတိ၊ ဖြစ်၏။

၄။ ဒေဝူပပတ္တိ ပန၊ နတ်ပြည်၌ ဖြစ်ခြင်းသည်ကား။ ပုရိသဘာဝေနေဝ၊ ယောကျ်ား၏ အဖြစ်ဖြင့်သာလျှင်။ ဇာတာ၊ ဖြစ်၏။

၅။ ဒေဝါနန္တိ၊ ဒေဝါနံ ဟူသည်ကား။ တဒါ၊ ထိုတာဝတိံသာ နတ်ပြည်ဝယ် အဘိဓမ္မာကို ဟောတော်မူသောအခါ၌။ ဓမ္မပဋိဂ္ဂါဟကာနံ၊ တရားတော်ကို နာကုန်သော။ ဒသသဟဿ-

၆။ သန္တုသိတဒေဝပုတ္တော-ဟု ဓမ္မပဒအဋ္ဌကထာ၌ လာသည်။

ဤသို့စသော အဋ္ဌကထာ, ဋီကာ လာသည်ကို မမြင်၍သာ ဆိုလေသည်။ ယုတ္တိယ် မရှိ။

ပါဠိ၀ဝတ္ထာန်၌ ထိုမာတိကာသည်လည်း အဘိဓမ္မမာတိကာ, သုတ္တန္တ-မာတိကာ ဟူ၍ ၂-ပါး အပြားရှိ၏ဟု ဆိုကုန်၏။

၇။ သာပိ တိကမာတိကာ ဒုကမာတိကာတိ ဒုဝိဓာ-ဟု

အဋ္ဌကထာ (၇၉) ဆိုသည်နှင့် မညီ။

တိကမာတိကာ, ဒုကမာတိကာ ၂-ပါးတွင် တိကမာတိကာကို အဘယ် ကြောင့် ရှေးဦးစွာ ဟောလေသနည်း၊ စုဒ်။

၈။ သုခဂ္ဂဟဏတော အပ္ပဘေဒတော စ တိကာ ဝေ ပဌမံ ဝုတ္တာ။
**အနုဋီကာ** (၃၄)။

ယူလွယ်သောကြောင့်၎င်း, ဒုက်ကား ၁၀၀, တိက်ကား ၂၂-သာ ဖြစ်၍ နည်းသောအပြား ရှိသောကြောင့်၎င်း ဟောသည် ဟူလို၊ ပရိဟာရ်မူ။

---

## ၁-ကုသလတိက်

တိက် ၂၂-တိက်တို့တွင် ကုသလတိက်ကို ရှေးဦးစွာ အဘယ့်ကြောင့် ဟော သနည်း၊ စုဒ်။

၉။ တေသု ပန သဗ္ဗသင်္ဂဟအသင်္ကရအာဒိကလျာဏဘာဝေန ပဌမံ ကုသလတ္တိကံ ဝုတ္တံ။ **ဋင်းအနုဋီကာ** (၃၄)။

### သာဓကနက်

စက္ကဝါဠ၁ဓိဝါသိနံ၊ ထက်ဝန်းကျင် တသောင်းသော စကြဝဠာတိုက်တို့၌ နေကုန်သော။ မာတုဒေဝပုတ္တပ္ပမုခါနံ၊ မယ်တော်မဟာမာယာဒေဝီ ဖြစ်ဘူးသော သန္တုသိတနတ်သား အကြီး အဦး အမှူးအကဲ ပဓာနရှိကုန်သော။ ဥပပတ္တိဒေဝါနံ၊ ဥပပတ္တိနတ် ဗြဟ္မာတို့အား။

၆။ သန္တုသိတဒေဝပုတ္တော၊ သန္တုသိတ မည်သော နတ်သား။

၇။ သာပိ၊ ထိုမာတိကာသည်လည်း။ တိကမာတိကာ၊ တိကမာတိကာ၎င်း။ ဒုက-မာတိကာ၊ ဒုကမာတိကာ၎င်း။ ဣတိ ဣမိနာ ပဘေဒေန၊ ဤသို့သော အပြားအားဖြင့်။ ဒုဝိဓာ၊ ၂-ပါး အပြားရှိသည်။ ဟောတိ၊ ၏။

၈။ သုခဂ္ဂဟဏတော စ၊ ယူလွယ်သည်၏အဖြစ်ကြောင့်၎င်း။ ဝါ၊ သိလွယ်သည်၏ အဖြစ် ကြောင့်၎င်း။အပ္ပဘေဒတော စ၊ နည်းသော အပြားရှိသည်၏အဖြစ်ကြောင့်၎င်း။ တိကာ ဧဝ၊ တိက်တို့ကိုသာလျှင်။ ပဌမံ၊ ရှေးဦးစွာ။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။

၉။ ပန၊ အထူးကို ဆိုဦးအံ့။ ဝါ၊ ဆက်၍ဆိုဦးအံ့။ တေသု၊ ထို ၂၂-တိက်တို့တွင်။ သဗ္ဗ-သင်္ဂဟအသင်္ကရအာဒိကလျာဏဘာဝေန၊ အလုံးစုံသော ရုပ်နာမ်တရားတို့ကို သင်္ဂြိုဟ်ရာ သင်္ဂြိုဟ်ကြောင်း၏အဖြစ်, မရောယှက်သည်၏အဖြစ်,အစ၌ ကောင်းခြင်းရှိသည်၏အဖြစ်ဖြင့်။ ပဌမံ၊ စွာ။ ကုသလတ္တိကံ၊ ကုသလတိက်ကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

အလုံးစုံသော ပရမတ္ထတရားကို သိမ်းမိသောကြောင့်ရင်း, ကုသိုလ်အကုသိုလ် အဗျာကတတို့၏ မရောမယှက် အခြားအနား ဖြစ်သောကြောင့်ရင်း, ကုသိုလ် ဟူသော အာဒိကလျာဏနှင့် ယှဉ်သောကြောင့်ရင်း ဟောတော်မူသည် ဟူလို။

**တနည်းကား—**

၁၀။ ကိဉ္စ တဒညတ္တိကာနံ သင်္ဂဟာဏတော။ **ရင်းအနုဋီကာ** (၃၄)။

ကုသလတိက်ဖြင့် တပါးတိက်တို့ကို ယူလွယ်, သိမ်းဆည်းလွယ်သောကြောင့် ဟောသည် ဟူလို။

ကုသလတိက်တွင်လည်း ကုသိုလ်ကို ရှေးဦးစွာ အဘယ့်ကြောင့် ဟောသနည်း၊ စုဒ်။

၁၁။ ကုသလတ္တိကေပိ စ ပဓာန ပါသံသ ဥဘယ* ဟိတဘာဝတော
ကုသလာ ဓမ္မာ ပဌမံ ဝုတ္တာ။ **အနုဋီကာ** (၃၄)။

သုခဝိပါကလက္ခဏာ ရှိရကား မြတ်သောကြောင့်ရင်း, ချီးမွမ်းအပ်သော ကြောင့်ရင်း, သင့်တင့်သောကြောင့်ရင်း, လောကီ လောကုတ္တရာ စီးပွါးကို ဆောင်တတ်သောကြောင့်ရင်း ဟောတော်မူသည် ဟူလို၊ ပရိဟာရ်မူ။

ယင်းအခြားမဲ့၌ အကုသိုလ်ကို အဘယ့်ကြောင့် ဟောသနည်း၊ စုဒ်။

၁၂။ တပ္ပဋိပက္ခတ္တာ တဒနန္တရံ အကုသလာ။ **အနုဋီကာ** (၃၄)။
ကုသိုလ်၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် ဟူလို၊ ပရိဟာရ်မူ။
ယင်းအခြားမဲ့၌ အဗျာကတကို အဘယ့်ကြောင့် ဟောတော်မူသနည်း၊ စုဒ်။

## သာဓကေနက်

၁၀။ ကိဉ္စ၊ ဆိုဘွယ်ရှိသေး၏။ တဒညတ္တိကာနံ၊ ထိုကုသလတိက်မှ တပါးကုန်သော ဝေဒနာတိက် အစရှိသည်တို့၏။ သင်္ဂဟာဏတော၊ ချမ်းသာစွာ သိကြောင်း၏အဖြစ်ကြောင့်။ ပဌမံ၊ စွာ။ ကုသလတ္တိကံ၊ကို။ ဒေသေတိ၊ ဟောတော်မူ၏။

၁၁။ စ၊ ဆက်၍ဆိုဦးအံ့။ ကုသလတ္တိကေပိ၊ ကုသလတိက်၌လည်း။ ပဓာန ပါသံသ-ဥဘယဟိတဘာဝတော၊ ပြဓာန်းသည် ချီးမွမ်းအပ်သည် ပစ္စုပ္ပန် အစီးအပွါး တမလွန်၌ ဖြစ်သော အစီးအပွါး လောကီ အစီးအပွါး လောကုတ္တရာ အစီးအပွါး နှစ်ပါး ဖြစ်သည်၏ အဖြစ်ကြောင့်။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့ကို။ ပဌမံ၊ရှေးဦးစွာ။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။

၁၂။ တပ္ပဋိပက္ခတ္တာ၊ ထိုကုသိုလ်၏ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်။ တဒနန္တရံ၊ ထိုကုသိုလ်၏ အခြားမဲ့၌။ အကုသလာ၊ အကုသိုလ်တရားတို့ကို။ ဝုတ္တာ၊ ကုန်၏။

* မာတိကာဂဏ္ဌိ ရှေးမူများ၌ “ဥဘယ” ပါဠိအစား “ဥဘယ” ဟုရှိ၍ ၎င်းပါဠိကိုအဓိပ္ပါယ် ပြန်ဆိုရာ၌ “သင့်တင့်သောကြောင့်ရင်း” ဟု ပြန်ဆိုထားသည်ကို တွေ့ရ၏။

၁၃။ တဒုဘယဝိပရီတသဘာဝါ တဒနန္တရံ အဗျာကတာ ဝုတ္တာ။ **ဋီကာ** (၃၄)။

ကုသိုလ် အကုသိုလ် ၂-ပါးမှ ပြန်သော သဘောရှိသောကြောင့် ဟူလို၊ ပရိဟာရ်မူ။

**တနည်းကား—** ကုသိုလ်ကား အဃာဒ၊ အကုသိုလ်ကား **အာဒီနဝ**၊ အဗျာကတ၌ နိဗ္ဗာန်ကား နိဿရဏတည်း။ ဤသို့ အဃာဒ အာဒီနဝ နိဿရဏ အစဉ်အားဖြင့် ဟောတော်မူသည်။ **ဋီကာ** (၃၄)။

**တနည်းကား—** ပညာရှိပုဂ္ဂိုလ်တို့သည် ကုသိုလ်တို့၌ တည်၍ အကုသိုလ်တို့ကို စွန့်၍ အရဟတ္တဖိုလ်, နိဗ္ဗာန်ကို မျက်မှောက်ပြုကုန်ရကား ဤသို့သော ပဋိပတ္တိ အစဉ်အားဖြင့် ဟောတော်မူသည်။ **ဋီကာ** (၃၄)။

ဤ ကုသလတိက်၌ သေက္ခတိက်ဝယ် ပဌမ ဒုတိယပုဒ်ကို ပယ်၍ "နေဝသေက္ခာ နာသေက္ခာ ဓမ္မာ" ဟု ဟောတော်မူပြန်သကဲ့သို့ "နေဝ ကုသလာ နာကုသလာ ဓမ္မာ" ဟု တတိယပုဒ်ကို အဘယ့်ကြောင့် ပဌမ ဒုတိယကို ပယ်၍ ဟောတော်မမူလေသနည်း၊ စုဒ်ထုတ်။

သေက္ခသဘော အသေက္ခသဘော ရှိသော တရားသည် တစုံတခုသော အကြောင်းကြောင့် မိမိသဘောဖြင့် မဟောအပ်သော မည်သည် မရှိပြီ၊ ဤကဲ့သို့ ကုသလတိက်၌ မဟုတ်ချေ၊ ဤ၌ကား ကုသိုလ် အကုသိုလ် သဘောရှိသော တရားတို့သည် အရဟတ္တဖိုလ် ဖြစ်သည့်ကာလ မိမိတို့ သဘောဖြင့် မဟောအပ်ကုန်မြဲ၊ ထို့ကြောင့် ဤအထူးကိုပြလို၍ ဟောတော်မမူသည်၊ ပရိဟာရ်မူ။

၁၄။ ဣဓ ပန ကုသလသဘာဝါ ဝေ ဓမ္မာ အဂ္ဂဖလုပ္ပတ္တိယာ တထာ န ဗျာကရဏီယာ ဟောန္တီတိ ဣမဿ ဝိသေသဿ ဒီပနတ္ထံ အဗျာကတာတိ ဝုတ္တံ။ **ဋီကာ** (၃၅)။

## သာဓကနက်

၁၃။ တဒုဘယဝိပရီတသဘာဝါ၊ ထို ကုသိုလ် အကုသိုလ် နှစ်ပါးစုံမှ ဖောက်ပြန်သော သဘောရှိကုန်သည် ဖြစ်၍။ တဒနန္တရံ၊ ထိုကုသိုလ် အကုသိုလ်တို့၏ အခြားမဲ့၌။ အဗျာကတာ၊ အဗျာကတ တရားတို့ကို။ ဝုတ္တာ၊ ကုန်၏။

၁၄။ ပန၊ စင်စစ်သော်ကား။ ဣဓ၊ ဤကုသလတိက်၌။ ကုသလသဘာဝါ ဝေ၊ ကုသိုလ်သဘော ရှိသည်သာလျှင် ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ အဂ္ဂဖလုပ္ပတ္တိယာ၊ အရဟတ္တဖိုလ်သို့ ရောက်ခြင်းဖြင့်။ ဝါ၊ ကြောင့်။ တထာ၊ ထိုကုသိုလ်သဘောဖြင့်။ ဗျာကရဏီယာ၊ ဟောတော်မူအပ်ကုန်သည်။ န ဟောန္တိ၊ မဖြစ်ကုန်။ ဣတိ ဣမဿ ဝိသေသဿ၊ ဤသို့သော သဘောအထူးကို။ ဒီပနတ္ထံ၊ ပြခြင်းအကျိုးငှါ။ အဗျာကတာတိ၊ အဗျာကတာ ဟူ၍။ ဘဂဝတာ၊ သည်။ ဝုတ္တံ၊ အပ်၏။

`ကုသိုလ်ကံသည် အရဟတ္တဖိုလ်ကို ရသူအား ကြိယာအရာ၌ တည်သည် ဖြစ်၍ မိမိသဘောအားဖြင့် မဟောအပ်ပြီ ဟူလိုသည်။ ခဲစွ၊ စာသင်ငယ်တို့ မသိနိုင်ရာ။

ထိုကြောင့် ဥပရိပဏ္ဏာသအဋ္ဌကထာ ဒက္ခိဏဝိဘင်္ဂသုတ် အဖွင့် (၂၂၇) ၌—

၁၅။ ခီဏာသဝေန ကတကမ္မံ ပန နိစ္ဆန္ဒရာဂတ္တာ ကုသလံ ဝါ အကုသလံ ဝါ န ဟောတိ၊ ကိရိယဋ္ဌာနေ တိဋ္ဌတိ-ဟု မိန့်ပြီ။

**တနည်းကား—** နေဝ ကုသလာ နာကုသလာ ဟူသည်နှင့် အဗျာကတာ ဟူသည်ကား သဒ္ဒါသာ ပြားသည်၊ အနက် တူပါသတည်း၊ ထိုကြောင့် မဟောလေသည်။

၁၆။ ဝစနမတ္တေ ဧဝ ဝါ ဣဒံ နာနာကရဏံ "အဗျာကတာ နေဝ ကုသလာ နာကုသလာ"တိ။ **ဋီကာဟောင်းအနုဋီကာ** (၃၅)။

## ၂-ဝေဒနာတိက်

ကုသလတိက်၏ အခြားမဲ့၌ ဝေဒနာတိက်ကို အဘယ့်ကြောင့် ဟောတော်မူသနည်း။ ကုသလတိက်ဖြင့် သင်္ဂြိုဟ်အပ်သော ကုသိုလ် အကုသိုလ် အဗျာကတ တရားတို့၏ ဖြစ်သင့်သည်အားလျော်စွာ သုခသမ္ပယုတ္တ၊ ဒုက္ခသမ္ပယုတ္တ၊ အဒုက္ခမသုခသမ္ပယုတ္တ အပြားကို ပြတော်မူလိုသောကြောင့် ဟောတော်မူသည်။ "ဤနည်းချည်း တတိက်နှင့် တတိက်၊ တဒုက်နှင့် တဒုက် အကြား အကြားကို ယူလေ"။

၁၇။ အပိ စ အဝယဝါနံ အနေကဘေဒတာဒဿနတ္ထာ တိကန္တရဒေသနာ။ **အနုဋီကာ** (၄၀)။

ဝေဒနာတိက်၌ ဝေဒနာကို အဘယ့်ကြောင့် သုံးပုဒ်လုံးသို့ မသွင်းမူ၍ တိက်မုတ် ထုတ်ရသနည်း။

### သာဓကေနက်

၁၅။ ပန၊ ထူးခြားသော အချက်ကား။ ခီဏာသဝေန၊ ရဟန္တာသည်။ ကတကမ္မံ၊ ပြုအပ်သောကံသည်။ နိစ္ဆန္ဒရာဂတ္တာ၊ ဆန္ဒရာဂမရှိသည်၏ အဖြစ်ကြောင့်။ ကုသလံ ဝါ၊ ကုသိုလ်သည်ရင်း။ အကုသလံ ဝါ၊ အကုသိုလ်သည်ရင်း။ န ဟောတိ၊ မဖြစ်။ ကိရိယဋ္ဌာနေ၊ ကိရိယာ အရာ၌။ တိဋ္ဌတိ၊ တည်၏။

၁၆။ ဝါ၊ တနည်းကား။ အဗျာကတာ နေဝ ကုသလာ နာကုသလာတိ ဣဒံ၊ အဗျာကတာ ဟူသော ဤစကား, နေဝ ကုသလာ နာကုသလာ ဟူသော ဤစကား နှစ်ရပ်သည်။ ဝစနမတ္တေ ဧဝ၊ သဒ္ဒါမျှ၌လျှင်။ နာနာကရဏံ၊ ထူး၏။ ငါ၊ ကွဲပြားခြားနား၏။

၁၇။ အပိ စ၊ တနည်းလည်း၊ တိကန္တရဒေသနာ၊ တိက်အထူးကိုဟောတော်မူခြင်းသည်။ အဝယဝါနံ၊ အစိတ် အစိတ် ဖြစ်သော တရားတို့၏။ အနေကဘေဒတာဒဿနတ္ထာ၊ များသော အပြားရှိသည်၏ အဖြစ်ကို ပြခြင်း အကျိုးရှိ၏။

ဝေဒနာယ ဟူသော သဟာဒိယောဂနှင့် ယှဉ်ရာ သမ္ပယုတ္တာအရ သဟာ-ဒိယောဂဝန္တ ဝေဒနာ မရကောင်းသောကြောင့်တည်း။ ဝေဒနာ တပါးတည်းသာဖြစ်၍ ဝေဒနာနှင့် ယှဉ်သော ဝေဒနာတခု မရကောင်းသောကြောင့် ဟူလို။

ဒေါသ, ဣဿာ စသည်ကို ကြဉ်ရသည်ကား မိမိတို့ မှီရာစိတ် မရကောင်းသောကြောင့်တည်း။ ဤနည်းအတူ အရာခပ်သိမ်း ယူလေ။

ဝေဒနာနှင့်ယှဉ်သော ကမ္မဇရုပ် စိတ္တဇရုပ် ဝိညတ်ဒွေကိုလည်း ကောက်စရာကောင်းပါ၏၊ အဘယ့်ကြောင့် မကောက်လေသနည်း။

သံယုတ္တာသာမဟောမူ၍ ကေပ္ပါဒ, ကေနိရောဓ, ကောရမ္မဏ, ကေဝတ္ထုက-ဟုဆိုအပ်သော သမ္ပယောဂ အပြားကို ပြတတ်သော ပ-သဒ္ဒါနှင့် ယှဉ်၍ သမ္ပ-ယုတ္တာ-ဟု ဟောတော်မူပြန်သောကြောင့် မကောက်ရသည်။ ပကာရတ္ထ ဇော-တက ပ-သဒ္ဒါဖြင့် ရုပ်တို့၌ သမ္ပယောဂလက္ခဏာ အပြည့်အစုံ မရကောင်းရကားရုပ်တို့ စင်လေသည်။

၁၇။ ကေပ္ပါဒတာဒီနံ ဝသေန သမ္ပယောဂတ္တော ဝုတ္တော-ဟု ဤသို့ ရုပ်တို့ကို စင်စေလို၍ အဋ္ဌကထာ (၇၄) ဆရာလည်း မိန့်ပြီ။

ဤဝေဒနာတိက်ကို သဗ္ဗလဒ္ဓနာမတိက် ဟူရာ၌—

၁၉။ အနိဋ္ဌိတေ ပဒေ ဝဏ္ဏော၊ ဝါက္ခရံ နိဋ္ဌိတေ ပဒံ။
ဝါကျံ တဿမုဒါယော တ-မဉ္ဇောညာပေက္ခလက္ခဏံ (ဘေဒ-စိန္တာ) ၁၃ –

ဟူသည်နှင့်အညီ ရွတ်၍ မပြီးမီ တလုံးတလုံးသော ဝဏ္ဏသည် အက္ခရာမည်၏၊ အက္ခရာအပေါင်းသည် ပုဒ်မည်၏၊ ပုဒ်အပေါင်းသည် ဝါကျမည်၏၊ ယင်းသို့သောကြောင့် ဤတိက်တွင် ၃-ဝါကျ၊ တဝါကျ၌ ၄-ပုဒ်၊ ဤသို့ဖြစ်ရကား ၁၂-ပုဒ် ဖြစ်ပါလျက် အဘယ်ကြောင့် သုံးပုဒ်လုံး၌ရှိသော ဝေဒနာသဒ္ဒါဖြင့်ဟု-ဆိုလေသနည်း။

အက္ခရသမူဟ-ပုဒ် ပဒသမူဟ-ပုဒ် အားဖြင့် ၂-ပါးတို့တွင် ပဒသမူဟ-ပုဒ်ကို ဤ၌ ရည်၍ဆိုပါသည်၊ ဖြေ။

## သာဓကနက်

၁၇။ ကေပ္ပါဒတာဒီနံ၊ တူသော ဖြစ်ခြင်းရှိသည်၏အဖြစ် အစရှိသည်တို့၏။ ဝသေန၊ အစွမ်းအားဖြင့်။ သမ္ပယောဂတ္တော၊ သမ္ပယောဂအနက်ကို။ ဘဂဝတာ၊ သည်။ ဝုတ္တော၊ ၏။

၁၉။ အနိဋ္ဌိတေ၊ ရွတ်ဆို၍ မပြီးသော။ ပဒေ၊ ပုရှိသော စသောပုဒ်၌။ ဝဏ္ဏော၊ တလုံးတလုံးသော ဝဏ္ဏသည်။ အက္ခရံ၊ အက္ခရာ မည်၏။ နိဋ္ဌိတေ၊ ရွတ်ဆို၍ ပြီးပြီးသော်။ ပဒံ၊ ပုဒ်မည်၏။ တဿမုဒါယော၊ ထိုပုဒ်အပေါင်းသည်။ ဝါကျံ၊ ဝါကျမည်၏။ တံ၊ ထိုဝါကျသည်။ အဉ္ဇောညာပေက္ခလက္ခဏံ၊ အချင်းချင်း ငဲ့ခြင်း လက္ခဏာ ရှိ၏။

ထို ၂-ပုဒ်တို့တွင် ပုရှိသော-စသော အက္ခရာအပေါင်းသည် အက္ခရသမူဟ-ပုဒ် မည်၏၊ ပုရှိသော ဂစ္ဆတိ-စသည်ဝါကျကား ပဒသမူဟ-ပုဒ် မည်၏။

ထို့ကြောင့် မဟာတ်လော **မူလဋီကာ** ( ၂၇ ) ၌—

၂၀။ အဓိပ္ပေတတ္ထကာရတ္ထဂမကဿ ပဒသမုဒါယဿ ပဒတ္တာ ပဇ္ဇတိ အဝဗုဇ္ဈိယတိ ဧတေနာတိ ဟိ ပဒံ-ဟု မိန့်ပြီ။

**အနုဋီကာ** ( ၂၇ ) ၌လည်း——

၂၁။ တေန "ဝါကျံ ဣဓ ပဒန္တိ ဝုတ္တ"န္တိ ဒဿေတိ-ဟု မိန့်ပြီ။

ဤ သဗ္ဗလဒ္ဓနာမတိက် ဆိုရာ၌ကား အဝယဝူပစာအားဖြင့်တည်း။

ငြုတ် ပိတ်ချင်း လေးညှင်း ဇာတိပ္ဖိုလ် စသော မကြိတ်မီ အစိတ်အစိတ်ဖြစ်သောဆေးတို့၏ မှုး၊ ပါ၊ မတ်၊ ကျပ် စသည်ဖြင့် မျှသည်ကို ကြိတ်ပြီးသည့်ကာလ အပေါင်းအမှုန့်၌ တင်စား၍အဝယဝူပစာအားဖြင့် **သမံ စုဏ္ဏံ** ဆိုလေသကဲ့သို့ အစိတ်အစိတ် ပဌမပဒ ဒုတိယပဒ တတိယပဒ-၌သာ ဝေဒနာသဒ္ဒါ ရှိသည်ကို ထို ၃-ပုဒ်တို့၏ အပေါင်းတိက်၌ အဝယဝူပစာအားဖြင့် တင်စား၍ ဝေဒနာတိက်ဟု ခေါ်ဝေါ် အပ်သောကြောင့် သဗ္ဗလဒ္ဓနာမတိက် ဆိုပါသတည်း။

ထို့ကြောင့် မဟာတ်လော **အနုဋီကာ** (၂၇) ၌

၂၂။ သဗ္ဗပဒေဟီတိ တီဟိ ပဒေဟိ လဒ္ဓနာမော ဟောတိ။ အဝယဝ ဓမ္မေနာပိ သမုဒါယဿ အပဒိသိတဗ္ဗတော။ ယထာ "သမံ စုဏ္ဏ"န္တိ-ဟု မိန့်ပြီ။

## သာဓကေနက်

၂၀။ အဓိပ္ပေတတ္ထကာရတ္ထဂမကဿ၊ လိုအပ်သော အပြားရှိသောအနက်ကို သိစေတတ်သော။ ပဒသမုဒါယဿ၊ ပုဒ်အပေါင်းဖြစ်သော ဝါကျ၏။ ပဒတ္တာ၊ ပဒမည်သည်**၏** အဖြစ်ကြောင့်။ တေန၊ ထိုဝေဒနာသဒ္ဒါဖြင့်။ လဒ္ဓနာမော၊ တိက်သည်။ သဗ္ဗပဒေဟိ၊ တို့ဖြင့်။ လဒ္ဓနာမော၊ ရအပ်သော အမည်ရှိသော တိက်သည်။ သိယာ၊ ဖြစ်ရာ၏။ ဟိ သစ္စံ၊ မှန်**၏**။ ဧတေန ပဒသမုဒါယေန၊ ဤ ပုဒ်အပေါင်းဖြစ်သော ဝါကျဖြင့်။ အတ္ထော၊ အနက်ကို။ ပဇ္ဇတိ အဝဗုဇ္ဈိယတိ၊ သိအပ်၏။ ဣတိ တသ္မာ၊ ထိုသို့အနက်ကို သိကြောင်းဖြစ်သော သတ္တိကြောင့်။ သော ပဒသမုဒါယော၊ သည်။ ပဒံ၊ မည်၏။

၂၁။ တေန၊ ထို အဓိပ္ပေတတ္ထကာရတ္ထ ဂမကဿ-အစရှိသော စကားဖြင့်။ ဝါကျံ၊ ဝါကျကို။ ဣဓ၊ ဤအရာ၌။ ပဒန္တိ၊ပုဒ်ဟူ၍။ ဝုတ္တံ၊ ၏။ဣတိ-ဣမံ အတ္ထံ၊ ဤသို့သော အနက်ကို။ဒဿေတိ၊ ပြ၏။

၂၂။ သဗ္ဗပဒေဟီတိ၊ ဟူသည်ကား။ တီဟိ၊ သုံးပါးကုန်သော။ ပဒေဟိ၊ ပုဒ်တို့ဖြင့်။ လဒ္ဓနာမော၊ ရအပ်သော အမည်ရှိသည်။ ဟောတိ၊ ဖြစ်၏။ ကသ္မာ၊ မူကား။ အဝယဝဓမ္မေနာပိ၊ အစိတ်သဘောဖြင့်လည်း။ သမုဒါယဿ၊အပေါင်း၏။ အပဒိသိတဗ္ဗတော၊ ညွှန်ပြအပ်သည်**၏** အဖြစ်ကြောင့်တည်း။ ကိမိဝ၊ ကား။ သမံ စုဏ္ဏန္တိ ယထာ၊သမံ စုဏ္ဏံ ဟူသကဲ့သို့တည်း။ **သမံ၊ ညီမျှသော။ စုဏ္ဏံ၊** ဖော်စပ်ပြီး ဆေးမှုန့်တည်း။

အဝယဝူပစာကား ဥပစာ ဆယ်ပါးမှ၎င်း, သုံးဆယ့်ခြောက်ပါးမှ၎င်း အလွတ်တည်း။

၂၃။ အဝယဝေ ပဝတ္တော သော၊ ဝေါဟာရော သမူဟေ ကတော။
တံ ယထာ စေ သမံ စုဏ္ဏံ၊ သမန္တေ ဇုတ္တဝယဝံ မတံ။

ဤဇာလိနီ ဂါထာကို ရှု၍ သိရာ၏။ ဂါထာနံပါတ် (၁၂)။

---

## ၃-ဝိပါကတိက်

ဝိပါကတိက်တွင် ပဌမပုဒ်၌ ကုသိုလ် အကုသိုလ်ကံကြောင့် ဖြစ်ရကား **ကမ္မဇ**-ရုပ်လည်း ဝင်ကောင်းပါ၏တကား ဟူငြားအံ့။

မှချ အကျိုးဖြစ်သော နာမ်ဝိပါက်သာ ဝိပါကဝေါဟာရကို ရသင့်သည်၊ အကျိုးသာမန်ဖြစ်သော ကမ္မဇရုပ်ကိုကား မရသင့်။ ထိုကြောင့်ရကား ကမ္မဇ-ရုပ်ကို သွင်း၍ မကောက်ရလေသည်။

အဘယ်ကဲ့သို့နည်း ဟူမူကား— သလေး စသော မျိုးကြောင့် ဖြစ်လျှင်းမူလည်း အရှက်, အညွန့်, အရိုး, ပင်စည်ဘို့သည် အကြောင်းမျိုးနှင့် မတူသောကြောင့် ဝိပါကဝေါဟာရကို မရလေကုန် ဆိုသကဲ့သို့ အကြောင်း ကုသိုလ် အကုသိုလ်တို့နှင့် အရူပဓမ္မ သာရမ္မဏ စသည်ဖြင့် မတူသောကြောင့် ကမ္မဇရုပ်တို့သည် ဝိပါကဝေါဟာရကို မရလေကုန်၊ မျိုးနှင့်တူသော အသီးအနှံတို့သာ ဝိပါကဝေါဟာရကို ရလေကုန်သကဲ့သို့ အကြောင်း ကုသိုလ်, အကုသိုလ်နှင့် တူသော ဝိပါက်ဆတ္တိံသသာ ဝိပါကဝေါဟာရကို ရလေသတည်း။

ထိုကြောင့်မဟုတ်လော **အဋ္ဌကထာ** (၈၄) ၌—

၂၄။ အညမညဝိသိဋ္ဌာနံ ကုသလာကုသလာနံ ပါကာတိ **ဝိပါကာ**။
ဝိပက္ကဘာဝမာပန္နာနံ အရူပဓမ္မာနမေတံ အဓိဝစနံ-ဟု မိန့်ပြီ။

### သာဓကနက်

၂၃။ အဝယဝေ၊ အစိတ်၌။ ပဝတ္တော၊ သော။ (ယော ဝေါဟာရော၊ အကြင်ဝေါဟာရသည်။ အတ္ထိ၊ ရှိ၏။) သော ဝေါဟာရော၊ ကို။ သမူဟေ သမူဟေပိ၊ အပေါင်း၌လည်း။ ကတော၊ ပြုအပ်၏။ တံ၊ ထိုဥဒါဟရုဏ်သည်။ ယထာ၊ အဘယ်နည်း။ (ဣတိ၊ ဤသို့) စေ၊ အကယ်၍မေးငြားအံ့။ သမံ စုဏ္ဏံ၊ သမံ စုဏ္ဏံ ဟူသည်တည်း။ သမံ၊ ညီမျှသော။ စုဏ္ဏံ၊ ဖော်စပ်ပြီးဆေးမှုန့်။ ဧတ္ထ၊ ဤဥဒါဟရုဏ်၌။ သမန္တိ၊ သမံ- ဟူသောပုဒ်ကို။ အဝယဝံ၊ အစိတ်ဟူ၍။ မတံ၊ သိအပ်၏။ (စုဏ္ဏန္တိ၊ စုဏ္ဏံ-ဟူသော ပုဒ်ကို။ သမူဟံ၊ အပေါင်းဟူ၍။ မတံ၊ သိအပ်၏။)

၂၄။ ယေ ဓမ္မာ၊ အကြင်တရားတို့သည်။ အညမညဝိသိဋ္ဌာနံ၊ အချင်းချင်း ထူးကုန်သော။ ကုသလာကုသလာနံ၊ ကုသိုလ် အကုသိုလ်တို့၏။ ပါကာ၊ အကျိုးတို့တည်း။ ဣတိ တသ္မာ၊

**မူလဋီကာ (၃၈)** ၌လည်း — "ယထာ သာလိဗီဇာဒီနံ" စသည်ဖြင့် ယခင်ဆိုခဲ့ပြီးသော ဥပမာကို ဆောင်ပြီ။

**ဋီကာကျော် (၈၃)** ၌လည်း —

၂၅။ ဝေဠု ကတ္ဘာ ကုသလာကုသလကမ္မသမုဋ္ဌာနာနမ္ပိ ကဋတ္တာရူပါနံ နတ္ထိ ဝိပါကဝေါဟာရော-ဟု မိန့်ပြီ။

ဥပါဒိန္နတိက်၌ကား အဘယ့်ကြောင့် ကောက်ရလေသနည်း ဟူငြားအံ့။

ဝိပါကသဒ္ဒါကား မုချအကျိုးသာ ဖြစ်သည်၊ ဥပါဒိန္နသဒ္ဒါကား မုချအကျိုး, သာမန်အကျိုး ၂-ပါး၌ပင် ဖြစ်သည်။ ထိုကြောင့် ကောက်ရလေသတည်း။

---

## ၄-ဥပါဒိန္နတိက်

ဥပါဒိန္နတိက် ပဌမပုဒ်၌ ကမ္မဇရုပ် ဝီသ ဟူသော်ကား— သင်္ဂြိုဟ်၌ ဆိုသော **ကေန်** ၉-ခု, အနေကန် ၉-ခု၌ ဥပစယ,သန္တတိ ၂-ခုကိုထည့်၍ ဝီသ ဖြစ်သတည်း။

ဒုတိယပုဒ်၌ တိဇရုပ် သတ္တရသ ဟူသော်ကား— သင်္ဂြိုဟ်၌ ဆိုသော ဝိညတ်ဒွေ, သဒ္ဒ,လဟုတာဒိတ္တယ, အဝိနိဗ္ဘောဂရုပ် ၈-ခု, အာကာသဓာတ် ဤ ၁၅-ခု၌ ဥပစယ, သန္တတိ ၂-ခုကိုထည့်၍ သတ္တရသ ဖြစ်သတည်း။

တိဇရုပ် ဟူသည်ကား — စိတ္တဇ, ဥတုဇ, အာဟာရဇ ဟူလိုသည်။

ပဌမပုဒ်၌ ကမ္မဇရုပ်သို့, ဒုတိယပုဒ်၌ တိဇရုပ်သို့ ဥပစယ သန္တတိကို အဘယ့်ကြောင့် သွင်းရသနည်း။

"လက္ခဏရူပါနိ န ကုတောစိ ဇာယန္တိ" ဟု စတုဇပင် မဟုတ်ကြောင်းကို သင်္ဂြိုဟ်၌ ဆိုသည် မဟုတ်လော ဟူငြားအံ့။

ရူပကဏ္ဍပါဠိတော်၌ ဟောတော်မူသည်ကို စွဲ၍ ရုပ်ကို ဖြစ်စေတတ်သော အကြောင်း ၄-ပါး တို့၏ သတ္တိဗျာပါရ မငြိမ်းမီကာလ ဖြစ်ဆဲ ရုပ်တို့၏ ဖောက်ပြန်ခြင်းသဘောအားဖြင့် ရသင့်သော ပရိယာယ်နှင့် အညီ သွင်းရသည်။ သင်္ဂြိုဟ်၌ကား စင်စစ် မရသင့်သည်ကို ရည်သည် ဟူရာ၏။

### သဒ္ဒါနက်

ထိုသို့ အချင်းချင်း ထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုး၏အဖြစ်ကြောင့်။တေ ဓမ္မာ၊ တို့သည်။ ဝိပါကာ၊ မည်ကုန်၏။ ဇတ်၊ ဤဝိပါကဟူသော အမည်သည်။ ဝိပက္ကဘာဝံ၊ ဝိပါက်၏ အဖြစ်တည်းဟူသော သဘောသို့။ ဝါ၊ ကုသိုလ်ကံ, အကုသိုလ်ကံ ဟူသော အကြောင်းကြောင့် ဖြစ်ခြင်း, ကျက်ခြင်း, ရင့်ခြင်း သဘောသို့။ အာပန္နာနံ၊ ရောက်ကုန်သော။ အရူပဓမ္မာနံ၊ နာမ်တရားတို့၏။. အဓိဝစနံ၊ အမည်တည်း။

၂၅။ ဝေဠု ကတ္ဘာ- ဣတိ တသ္မာ၊ကြောင့်။ကုသလာကုသလကမ္မသမုဋ္ဌာနာနမ္ပိ၊ကုသိုလ်, အကုသိုလ်ကံကြောင့် ဖြစ်ကုန်သော်လည်း။ ကဋတ္တာရူပါနံ၊ ကဋတ္တာရုပ်တို့၏။ ဝါ၊ ကမ္မဇရုပ်တို့၏။ ဝိပါကဝေါဟာရော၊ ဝိပါက ဟူသော အမည်သည်။ နတ္ထိ၊ မရှိ။

ထိုကြောင့် **ဋီကာကျော် (၂၁၁)** စသည်၌—

၂၆။ ပါဠေ ကုတောစိ ဇာတတ္တံ၊ ဇာတိယာ ပရိယာယတော-ဟု မိန့်ပြီ။

၂၇။ **ဥပါဒိန္နုပါဒါနိယတ္တိကေ** အာရမ္မဏကရဏဝသေန တဏှာဒိဋ္ဌီဟိ ဥပေတေန ကမ္မုနာ အာဒိန္နာ ဖလဘာဝေန ဂဟိတာတိ **ဥပါဒိန္နာ၊** အာရမ္မဏဘာဝံ ဥပဂန္တွာ ဥပါဒါနသမ္ဗန္ဓေန ဥပါဒါနာနံ ဟိတာတိ **ဥပါဒါနိယာ၊** ဥပါဒါနဿ အာရမ္မဏပစ္စယဘူတာနမေတံ အဓိ-ဝစနံ။ ဥပါဒိန္နာ စ တေ ဥပါဒါနိယာ စာတိ **ဥပါဒိန္နုပါဒါနိယာ၊** သာသဝကမ္မနိဗ္ဗတ္တာနံ ရူပါရူပဓမ္မာနမေတံ အဓိဝစနံ။ **အဋ္ဌ-သာလိနီ အဋ္ဌကထာ** (၈၄)။

အဘယ်အနက်ကြောင့် ဥပါဒိန္န မည်သနည်း စုဒ်ရှိရကား "ဥပါဒိန္နုပါဒါ-နိယတ္တိကေ အာရမ္မဏကရဏဝသေန" စသည်ကို မိန့်။

## သာဓကေနက်

၂၆။ ပါဠေ၊ ရူပကဏ္ဍပါဠိတော်၌။ ဇာတိယာ၊ ဥပစယ,သန္တတိ နှစ်မည်ရှိသော ဇာတိရုပ်၏။ ကုတောစိ၊ တစုံတခုသော အကြောင်းကြောင့်။ ဇာတတ္တံ၊ ဖြစ်သည်၏ အဖြစ်ကို။ ပရိယာယတော၊ ပရိယာယ်အားဖြင့်။ ဥဒိတံ၊ မိန့်တော်မူအပ်ပြီ။

၂၇။ ဥပါဒိန္နုပါဒါနိယတ္တိကေ၊ ၌။ အတ္ထော၊ ကို။ ဝေါ၊ သို့။ ဝေဒိတဗ္ဗော၊ အပ်၏။ ယေ ဓမ္မာ၊ တို့သည်။ အာရမ္မဏကရဏဝသေန၊ အာရုံပြုသည်၏ အစွမ်းဖြင့်။ တဏှာ-ဒိဋ္ဌီဟိ၊ တဏှာဒိဋ္ဌိတို့သည်။ ဥပေတေန၊ ကပ်အပ်သော၊ ကမ္မုနာ၊ ကံသည်။ အာဒိန္နာ ဖလ-ဘာဝေန ဂဟိတာ၊ အကျိုး၏ အဖြစ်ဖြင့် ယူအပ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ အကျိုး၏အဖြစ်ဖြင့် ယူအပ်သည်၏ အဖြစ်ကြောင့်။ တေ ဓမ္မာ၊ တို့သည်။ ဥပါဒိန္နာ၊ ဥပါဒိန္န မည်ကုန်၏။ ယေ ဓမ္မာ၊ တို့သည်။ အာရမ္မဏဘာဝံ၊ အာရုံ၏အဖြစ်သို့။ ဥပဂန္တွာ၊ ရောက်ကုန်၍။ ဥပါဒါနသမ္ဗန္ဓေန၊ ဥပါဒါန်နှင့်စပ်ခြင်းကြောင့်။ ဥပါဒါနာနံ၊ ဥပါဒါန်တို့အား။ ဟိတာ၊ လျော်ကုန်၏။ တနည်း — ဥပါဒါနာနံ၊ ဥပါဒါန်တို့၏။ ဟိတာ၊ အစီးအပွါးတို့တည်း။ ဣတိ တသ္မာ၊ ကြောင့်။ တေ ဓမ္မာ၊ တို့သည်။ ဥပါဒါနိယာ၊ ဥပါဒါနိယ မည်ကုန်၏။ ဧတံ၊ ဤ ဥပါဒါနိယ ဟူသော အမည်သည်။ ဥပါဒါနဿ၊ ဥပါဒါန်အား။ အာရမ္မဏပစ္စယဘူတာနံ၊ အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုတတ်သည်ဖြစ်၍ ဖြစ်ကုန်သောတရားတို့၏။ တနည်း— ဥပါဒါနဿ၊ ဥပါဒါန်တရား၏။ အာရမ္မဏပစ္စယဘူတာနံ၊ အာရမ္မဏ ပစ္စည်း ဖြစ်၍ ဖြစ်ကုန်သော တရားတို့၏။ အဓိဝစနံ၊ တည်း။ တေ ဓမ္မာ၊ တို့သည်။ ဥပါဒိန္နာ စ၊ အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်ကုန်သည်လည်း။ ဟောန္တိ၊ ကုန်၏။ ဥပါဒါနိယာ စ၊ ဥပါဒါန်တို့အား လျော်ကုန်သည်လည်း။ ဝါ၊ ဥပါဒါန်တို့၏ အစီးအပွါးဖြစ်ကုန်သည်လည်း။ ဟောန္တိ၊ ကုန်၏။ ဣတိ တသ္မာ၊ ကြောင့်။ တေ ဓမ္မာ၊ တို့သည်။ ဥပါဒိန္နုပါဒါနိယာ၊ ဥပါဒိန္နုပါဒါနိယတို့ မည်ကုန်၏။ ဧတံ၊ ဤ ဥပါဒိန္နုပါဒါနိယ ဟူသော အမည်သည်။ သာသဝကမ္မနိဗ္ဗတ္တာနံ၊ အာသဝေါတရားတို့၏ အာရုံဖြစ်သော ကံကြောင့် ဖြစ်ကုန်သော။ ရူပါရူပဓမ္မာနံ၊ ရုပ်, နာမ် တရားတို့၏။ အဓိဝစနံ၊ တည်း။

လိုရင်းကား "ဥပေတေန အာဒိန္နာတိ ဥပါဒိန္နာ" ဟူသည်ကည်း။ အဓိပ္ပါယ်ကား ကပ်၍ယူအပ်သော တရားသည် ဥပါဒိန္န မည်၏ ဟူလို။

ဥပေတ ကတ္တားသည် အဘယ်နည်း၊ လောကုတ္တရာကို အာရုံပြုသော ဂေါတြဘူ ဝေါဒါန် ပစ္စဝေက္ခဏာဇော ဖြစ်ကောင်းအံ့လော စုဒ်ရှိရကား "တဏှာဒိဋ္ဌိဟိ" ကို မိန့်။

**အဓိပ္ပါယ်ကား**— တဏှာ, ဒိဋ္ဌိ ဖြစ်ဘိသော်။

အသို့ ကပ်သနည်း၊ ယှဉ်သည်၏ အစွမ်းဖြင့် ကပ်သလော စုဒ်ရှိရကား "အာရမ္မဏကရဏဝသေန" ကို မိန့်။

**အဓိပ္ပါယ်ကား**— အာရုံပြုသောအားဖြင့် ကပ်၏ ဟူလို။

အာရုံပြုသောအားဖြင့် ကပ်သည်ရှိသော် အလုံးစုံသော တေဘူမက တရားတို့သည် တဏှာ, ဒိဋ္ဌိတို့၏ အာရုံဖြစ်သောကြောင့် ဥပေတ အရသည် အလုံးစုံသော တေဘူမက ဖြစ်ကောင်းအံ့လော စုဒ်ရှိရကား "ကမ္မုနာ" ကို မိန့်။

**အဓိပ္ပါယ်ကား**—ဥပေတ-အရ တေဘူမက ကံ ဖြစ်ဘိသော်။

အရှင်အဋ္ဌကထာဆရာ ဥပါဒိန္နာဟု ဆို၏၊ ဥပ-ရှေး အာ-ရှေး ရှိသော ဒါ-ဓာတ်သည် အဝခဏ္ဍန စသော အနက်တို့တွင် အဘယ်အနက်ကို ဟောသနည်း၊ တ-ပစ္စည်းသည် ဘော, ကံ, ကတ္တား ၃-ပါးတို့တွင် အဘယ်အနက်၌ သက်ယနည်း စုဒ်ရှိရကား "ဂဟိတာ"ကို မိန့်။

**အဓိပ္ပါယ်ကား** — ဒါ-ဓာတ် ဂဟဏ-အနက်၊ တ ပစ္စည်း ကံ-အနက် ဖြစ်ဘိသော်။

ဆရာ အာရုံပြုသောအားဖြင့် ။ ပ ။ ယူအပ်ကုန်၏ဟု ဆို၏၊ အဘယ်တရားကို အာရုံပြုသောအားဖြင့် ။ ပ ။ ယူအပ်ကုန်သနည်း စုဒ်ရှိရကား၊ ဝါ—အဘယ်တရားသည် အာဒါနကြိယာ၏ ကံဖြစ်သနည်း၊ ငါ—ဖြင့် ယူသနည်း စုဒ်ရှိရကား "ဖလဘာဝေန "ကို မိန့်။

**အဓိပ္ပါယ်ကား** — ငါတို့သည် ဖြစ်စေအပ်သည်၏ အဖြစ်ကြောင့် ဤဝိပါက်ကဋတ္တာရုပ်တို့သည် ငါတို့၏အကျိုးကည်း၊ ဤသို့ အကျိုး၏အဖြစ်ဖြင့် ယူအပ်ကုန်သော ဝိပါက်ကဋတ္တာရုပ်ကိုသည် အာဒါနကြိယာ၏ ကံ ဖြစ်ဘိသော်။

ဆရာ ဥပါဒါနိယာ ဟု ဥပါဒါနေသု ဇာတာ ဥပါဒါနိယာ စသည်ဖြင့် ပြုကောင်းအံ့လော စုဒ်ရှိရကား "ဥပါဒါနာနံ ဟိတာတိ ဥပါဒါနိယာ"ကို မိန့်။ ဟိတ-တဒ္ဓိတ်၊ ဥပါဒါန်တို့အား လျော်သောကြောင့် ဥပါဒါနိယ မည်၏၊ အသို့ လျော်သနည်း စုဒ်ရှိရကား "ဥပါဒါနသမ္ဗန္ဓေန" ကို မိန့်။ ဥပါဒါန်တို့နှင့် စပ်သဖြင့် လျော်၏။ သမ္ဗယောဂအားဖြင့် စပ်လေသလော စုဒ်ရှိရကား "အာရမ္မဏဘာဝံ

ဥပဂန္တာ”ကို မိန့်။ အာရုံ၏အဖြစ်သို့ ရောက်၏။ ဝါ ရောက်သောအားဖြင့် စပ်၏ ဟူလို။

ဝစနတ္ထကို ဆိုပြီ၊ ဝစနီယတ္ထကား အဘယ်နည်း။ ဝါ၊ အရကား ဥပါဒိန္န ဟူသော ရှေ့ပုဒ်ကို ငဲ့၍ ဝါ ရှေ့ပုဒ်ကဲ့သို့ ဝိပါကကဋတ္တာရုပ် ဖြစ်ကောင်းအံ့လော စုဒ်ရှိရကား “ဥပါဒါနသ ဿ အာရမ္မဏပစ္စယဘူတာနမေတံ အဓိဝစနံ” ကို မိန့်။

**အဓိပ္ပါယ်ကား —** ဤ ဥပါဒါနိယ ဟူသော အမည်သည် ဥပါဒါန်၏ အာရုံ ဖြစ်၍ ဖြစ်ကုန်သော တေဘူမကတရားတို့၏ အမည် ဖြစ်ဘိသော်၊ တေဘူမက ဝိပါကကဋတ္တာရုပ်၏သာ အမည်မဟုတ် ဟူလို။

ဥပါဒိန္နအနက်ကို မငဲ့လျှင် ဥပါဒိန္န-သဒ္ဒါ ဥပါဒါနိယ-သဒ္ဒါတို့သည် ဘိန္နာဓိကရဏဖြစ်၍ ဒွန်သမာသ်ဖြစ်ကောင်းအံ့လော စုဒ်ရှိရကား “ဥပါဒိန္နာ စ တေ ဥပါဒါနိယာ စာတိ ဥပါဒိန္နုပါဒါနိယာ”ကို မိန့်။ ကမ္မဓာရည်း ဟူလို။

ဥပ္ပလသည် နီလုပ္ပလ,ရတ္တုပ္ပလ စသောအားဖြင့် အနက် အများအပြားရှိ၏။ ထို့ကြောင့် သာမညဖြစ်သော ကြာဒြဗကို နီလ ဟူသော ဝိသေသနဖြင့် အထူး ပြုခြင်းငှါ “နီလဥ္စ တံ ဥပ္ပလဉ္စာတိ နီလုပ္ပလံ”ကို မိန့်၏။ ဤကဲ့သို့ မှတ်အပ်၏။

ဝစနီယတ္ထ အဓိပ္ပါယ်ကို ပြခြင်းငှါ“သာသဝကမ္မနိဗ္ဗတ္တာနံ ရူပါရူပဓမ္မာနမေတံ အဓိဝစနံ”ကို မိန့်။

တေံ၊ ဤ ဥပါဒိန္နုပါဒါနိယ ဟူသော အမည်သည်။ သာသဝကမ္မနိဗ္ဗတ္တာနံ၊ အာသဝ၏အာရုံဖြစ်သော ကံကြောင့် ဖြစ်ကုန်သော။ ရူပါရူပဓမ္မာနံ၊ ရုပ် နာမ် တရားတို့၏။ အဓိဝစနံ၊ တည်း။ ကြွင်းသောပဒတို့ကို ဤနည်းဖြင့် သိအပ်၏။

## ၅-သံကိလိဋ္ဌတိက်

၂၈။ သံကိလေသေတီတိ **သံကိလေသော၊** ဝိဗာဓေတိ ဥပတာပေတိ စာတိ အတ္ထော။

### သာဓကနက်

၂၈။ ယော သဘာဝေါ၊ သည်။သံကိလေသေတိ၊ နှိပ်စက်တတ်၏။ဝါ၊ ပူပန်စေတတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော သဘာဝေါ၊ သည်။ သံကိလေသော၊ သံကိလေသ မည်၏။

ဝိဗာဓေတိ၊ နှိပ်စက်တတ်၏။ စ၊ တနည်းကား။ ဥပတာပေတိ၊ ပူပန်စေတတ်၏။ ဣတိ အယံ၊ ကား။ အတ္ထော၊ သံကိလေသေတိ ဟူသော ပုဒ်၏ အနက်တည်း။ ယေ ဓမ္မာ၊ တို့သည်။ သံကိလေသေန၊ ပူပန်စေတတ် နှိပ်စက်တတ်သော သံကိလေသာနှင့်။ သမန္နာဂတာ၊ တက္ခ ဖြစ်ကုန်၏။ ဝါ၊ ပြည့်စုံကုန်၏။ ဣတိ တသ္မာ၊ ကြောင့်။တေ ဓမ္မာ၊ တို့သည်။သံကိလိဋ္ဌာ၊ ကုန်၏။

အတ္တာနံ၊ မိမိကိုယ်ကို။ အာရမ္မဏံ၊ အာရုံကို။ ကတွာ၊ ပြု၍။ ပဝတ္တနေန၊ ဖြစ်ခြင်းကြောင့်။ ယေ ဓမ္မာ၊ တို့သည်။ သံကိလေသံ၊ ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာကို။ (လဒ္ဓုံ၊

သံကိလေသေန သမန္နာဂတာတိ **သံကိလိဋ္ဌာ**။

အတ္တာနံ အာရမ္မဏံ ကတွာ ပဝတ္တနေန သံကိလေသံ အရဟန္တိ၊ သံကိလေသေ ဝါ နိယုတ္တာ တဿ အာရမ္မဏဘာဝါနတိက္ကမနတောတိ **သံကိလေသိကာ**၊ သံကိလေသဿ အာရမ္မဏပစ္စယဘူတာနမေတံ အဓိဝစနံ။ သံကိလိဋ္ဌာ စ တေ သံကိလေသိကာ စာတိ **သံကိလိဋ္ဌသံကိလေသိကာ**။ အဋ္ဌသာလိနီ အဋ္ဌကထာ (၈၅)။

အဘယ်အနက်ကြောင့် သံကိလေသမည်သနည်း စုဒ်ရှိရကား "သံကိလေသေတီတိ သံကိလေသော"ကို မိန့်။

ယော ဓမ္မော၊ အကြင်တရားသည်။ သံကိလေသေတိ၊ နှိပ်စက်တတ် ပူပန်စေတတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော ဓမ္မော၊ သည်။ သံကိလေသော၊ မည်၏။ သံ-ရှေးရှိသော ကိလိသ-ဓာတ်၊ ဏ-ပစ္စည်း၊ အရကား—ကိလေသာ ၁၀-ပါး ရ၏။ ဓာတ်နက်ကို ပြလိုရကား "ဝိဗာဓတိ ဥပတာပေတိ စာတိ အတ္ထော"ကို မိန့်။ သံ-သဒ္ဒါကား ဓာတွတ္ထာနုဝတ္တကတည်း။

ဆရာ သံကိလိဋ္ဌဟု ဟောတော်မူ၏၊ အဘယ်တရားသည် သံကိလိဋ္ဌမည်သနည်း၊ ကိလေသာနှင့် သဟဇာတ် ဖြစ်ကုန်သော တရားတို့သည် သံကိလိဋ္ဌ မည်လေသလော စုဒ်ရှိရကား "သံကိလေသေန သမန္နာဂတာတိ သံကိလိဋ္ဌာ" ကို မိန့်။အကြင်အကုသိုလ်တရားတို့သည် ကိလေသာနှင့် ပြည့်စုံကုန်၏၊ သံကိလေသတရားနှင့် ယှဉ်ကုန်၏၊ ထိုအကုသိုလ်တရားတို့သည် သံကိလိဋ္ဌမည်ကုန်၏။

---

ရခြင်းငှါ။) အရဟန္တိ၊ ထိုက်ကုန်၏။ဣတိ တသ္မာ၊ ကြောင့်။ တေ ဓမ္မာ၊ တို့သည်။ သံကိလေသိကာ၊ ကုန်၏။

ဝါ၊ ကား။ တဿ သံကိလေသဿ၊ ထိုပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာ၏။ အာရမ္မဏဘာဝါနတိက္ကမနတော၊ အာရုံ၏ အဖြစ်ကို မလွန်နိုင်ခြင်းကြောင့်။ ယေ ဓမ္မာ၊ တို့သည်။ သံကိလေသေ၊ ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာ၌။နိယုတ္တာ၊မထစ်မကွာ မြဲစွာယှဉ်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တေ ဓမ္မာ၊ တို့သည်။ သံကိလေသိကာ၊ ကုန်၏။

တေ၊ ဤသံကိလေသိက ဟူသော အမည်သည်။ သံကိလေသဿ၊ ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာ၏။ အာရမ္မဏပစ္စယဘူတာနံ၊ အာရမ္မဏ ပစ္စည်းဖြစ်၍ ဖြစ်ကုန်သော တရားတို့၏။ အဓိဝစနံ၊ အမည်တည်း။

တေ ဓမ္မာ၊ တို့သည်။သံကိလိဋ္ဌာ စ၊ ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်ကုန်သည်လည်း။ဟောန္တိ၊ ကုန်၏။ သံကိလေသိကာ စ၊ ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာကို ရခြင်းငှါ ထိုက်ကုန်သည်လည်း။ ဟောန္တိ၊ ကုန်၏။ ဣတိ တသ္မာ၊ ကြောင့်။ တေ ဓမ္မာ၊ တို့သည်။ သံကိလိဋ္ဌသံကိလေသိကာ၊ ကုန်၏။

အကြောင် ရုပ်ဟရားတို့သည် သံကိလေသတရားနှင့် သမ္ပယုတ် မဖြစ်ကုန်၊ သဟဇာတ်မျှသာ ဖြစ်ကုန်၏၊ ထိုရုပ်တရားတို့သည် သံကိလိဋ္ဌ မမည်ကုန်။ ဤ သံကိလေသေန သမန္နာဂတာဖြင့် အဓိပ္ပါယတ္ထကိုပြသည်၊ ဝစနတ္ထကို ဤသို့မှတ်အပ်၏။

၂၉။ သံကိလေသေဟိ သံကိလေသိယန္တီတိ သံကိလိဋ္ဌာ။ (သုဒ္ဓကမ္မသာဓန၊ ဗာဓနအနက်ဟော)။

၃၀။ သံကိလေသေဟိ သံကိလေသာပီယန္တိ ဥပတာပီယန္တီတိ သံကိလိဋ္ဌာ။ (ဟေတုကမ္မသာဓန၊ ဥပတာပန အနက်ဟော)။

အဘယ်အနက်ကြောင့် သံကိလေသိက မည်သနည်း စုဒ်ရှိရကား "သံ-ကိလေသံ အရဟန္တီတိ သံကိလေသိကာ"ကို မိန့်။

**အဓိပ္ပါယ်ကား—**သံကိလေသကို ရခြင်းငှါထိုက်သောကြောင့် သံကိလေသိက မည်ကုန်၏။

တေဘူမကတရားတို့သည် အာရမ္မဏကဖြစ်သော သံကိလေသကိုရခြင်းငှါ ထိုက်သောဟု ဆရာ ဆို၏၊ သမ္ပယောဂအစွမ်းဖြင့် ရခြင်းငှါ ထိုက်သလော စုဒ်ရှိရကား "အတ္တာနံ အာရမ္မဏံ ကတွာ ပဝတ္တနေန"ကို မိန့်။ မိမိဟုဆိုအပ်သော တေဘူမကတရားကို အာရုံပြု၍ သံကိလေသတရားဖြစ်သည်၏ အဖြစ်ကြောင့်။ ဝါ၊ သံကိလေသတရားကို ဖြစ်စေသည်၏ အဖြစ်ကြောင့် အာရမ္မဏ-ကဖြစ်သော ကိလေသာတို့ကို ရခြင်းငှါ ထိုက်ကုန်၏။ ဤ"အတ္တာနံ အာရမ္မဏံ ကတွာ ပဝတ္တနေန" ဟူသောစကားသည် ဝက်ဝုတ္တိစကားတည်း၊ ထိုဝက်ဝုတ္တိ စကားဖြင့် "သံကိလေသဿ အာရမ္မဏဘာဝေန"ဟူသော ဥဇုကတ္ထကို သိအပ်၏။

ထိုကြောင့် ဋီကာ (၃၀) ၌—

၃၁။ **သံကိလေသံ အရဟန္တီတိ** သံကိလေသဿ အာရမ္မဏဘာဝေန တံ လဒ္ဓုံ အရဟန္တီတိ အတ္ထော—ဟု မိန့်၏။

## သာဓကနက်

၂၉။ ယေ ဓမ္မာ၊ အကြောင်တရားတို့ကို။ သံကိလေသေဟိ၊ ကိလေသာ ၁၀-ပါး တရားတို့သည်။ သံကိလေသိယန္တိ၊ နှိပ်စက်အပ်ကုန်၏။ ဣတိ၊ ထိုကြောင့်။ တေ ဓမ္မာ၊ တို့သည်။ သံကိလိဋ္ဌာ၊ တို့မည်ကုန်၏။

၃၀။ ယေ ဓမ္မာ၊ အကြောင်တရားတို့ကို။ သံကိလေသေဟိ၊ ကိလေသာ ၁၀-ပါး တရားတို့သည်။ သံကိလေသာပီယန္တိ ဥပတာပီယန္တိ၊ ပူပန်စေအပ်ကုန်၏။ ဣတိ၊ ကြောင့်။ တေ ဓမ္မာ၊ တို့သည်။ သံကိလိဋ္ဌာ၊ တို့မည်ကုန်၏။

၃၁။ သံကိလေသံ အရဟန္တီတိ တွေ၊ ပါဌ်၌။ သံကိလေသဿ၊ ၁၀-ပါးအပြားရှိသော သံကိလေသခမ္မ၏။ အာရမ္မဏဘာဝေန၊ အာရုံ၏အဖြစ်ကြောင့်။ တံ၊ ထို အာရမ္မဏကဖြစ်သော ၁၀-ပါးသော သံကိလေသတရားကို။ လဒ္ဓုံ၊ ရခြင်းငှါ။ အရဟန္တိ၊ ထိုက်ကုန်၏။ ဣတိ အတ္ထော၊ ဤအနက်ကို။ ဂဟေတဗ္ဗော၊ ၏။

**အဓိပ္ပါယ်ကား—** အလုံးစုံသော တေဘူမကတရားတို့သည် သံကိလေသ၏ အာရုံ၏ အဖြစ်ကြောင့် သံကိလေသ တရားတို့ကို ရခြင်းငှါ ထိုက်ကုန်၏၊ ဤ ဥဇုကတ္ထကို ဋီကာသိစေ၏။

အရဟန္တတဒ္ဒိတ်ကိုသာ ပြုအပ်သလော စုဒ်ရှိရကား "သံကိလေသေ ဝါ နိယုတ္တာ"ကိုမိန့်။ ဤ အနက်ကြောင့်လည်း မည်သေး၏။

ယှဉ်၏ဆိုသော် သမ္ပယောဂအစွမ်းဖြင့် ယှဉ်သလော စုဒ်ရှိရကား "တဿ အာရမ္မဏဘာဝါနတိက္ကမနတော"ကို မိန့်။ ကိလေသာ၏ အာရုံအဖြစ်ကို မလွန် နိုင်သောကြောင့် ယှဉ်၏။ "တဿ အာရမ္မဏဘာဝါနတိက္ကမနတော" ဟူသော စကားသည် နေယျတ္ထတည်း၊ နီတတ္ထ မဟုတ်၊ ဝက်ဝုတ်တည်း။ ထို နေယျတ္ထ ဝက်ဝုတ်ဖြင့် "သံကိလေသာနတိက္ကမနတော" ဟူသော နီတတ္ထ, ဥဇုကတ္ထ ကို သိအပ်၏။ ထိုကြောင့် ဋီကာ (၄၀) ၌—

၃၂။ အာရမ္မဏဘာဝါနတိက္ကမနတောတိ ဧတေန သံကိလေသာနတိက္က-မနမေဝ ဒဿေတိ—ကို မိန့်ပြီ။

**အဓိပ္ပါယ်ကား—** အဋ္ဌကထာဆရာသည် "အာရမ္မဏဘာဝါနတိက္ကမနတော" ဟူသောပါဌ်ဖြင့် အာရုံ၏အဖြစ်ကို မလွန်သည်ကို အကယ်၍ ဆို၏ရှင့်၊ ထိုသို့ ဆိုငြားသော်လည်း ထိုအဋ္ဌကထာဆရာသည် အာရုံ၏အဖြစ်ကို မလွန်သည်ကို ဆိုကြောင်းဖြစ်သော "အာရမ္မဏဘာဝါနတိက္ကမနတော" ဟူသော ပါဌ်ဖြင့် သံကိလေသ၏ အာရမ္မဏပစ္စည်း ဖြစ်၍ဖြစ်ကုန်သော အလုံးစုံသော တေဘူမက တရားတို့၏ သံကိလေသတရားကို မလွန်ခြင်းသည်သာလျှင် နိပ္ပရိယာယ အား ဖြင့် ပြ၏။

အဘယ့်ကြောင့်နည်း— အာရမ္မဏိက တရား၏ အဝိနာဘာဝ၏ အဖြစ်ဖြင့် အာရုံ၏ အာရမ္မဏိကကို မလွန်ခြင်း၏ အဖြစ်ကြောင့်တည်း။

အာရုံ၏ အဖြစ်ကို မလွန်ခြင်းကို နိပ္ပရိယာယ အားဖြင့် မပြအပ်၊ အဘယ့် ကြောင့်နည်း—အာရုံ၏ နိပ္ပရိယာယ အားဖြင့် မိမိ၏ အာရုံ၏အဖြစ်ကို မလွန် ခြင်း၏ မသင့်သည်၏ အဖြစ်ကြောင့်တည်း။ ထိုအာရုံ၏ အဖြစ်ကို မလွန်းခြင်း ကိုကား ပရိယာယအားဖြင့် ပြ၏။

အဘယ့်ကြောင့်နည်း— နိပ္ပရိယာယအားဖြင့် အာရမ္မဏိကကို မလွန်ခြင်း ကို ပြအပ်သည်ရှိသော် အာရုံ၏အဖြစ်ကို မလွန်ခြင်းကို ပရိယာယအားဖြင့် ပြအပ်သည်၏ အဖြစ်ကြောင့်တည်း။

## သာဓကေနက်

၃၂။ **အာရမ္မဏဘာဝါနတိက္ကမနတောတိ ဧတေန၊** ဟူသော ဤ အဋ္ဌကထာ ပါဌ်ဖြင့်။ **သံကိလေသာနတိက္ကမနမေဝ၊** သံကိလေသ တို့ကို မလွန်နိုင်ခြင်းကိုသာလျှင်။ **ဒဿေတိ၊** ပြ၏။

ထိုသို့ နိပ္ပရိယာယ,ပရိယာယ အားဖြင့် ပြအပ်သောကြောင့် "သံကိလေသာ-နုတိက္ကမနုတော" ဟူသော စကားကို ဆိုအပ်လျက် မဆိုမူ၍ "အာရမ္မဏာဘာဝါ-နုတိက္ကမနုတော" ဟူသော စကားကို အဋ္ဌကထာ (ဂ၅) ဆရာ ဆိုတော်မူသည်။

---

## ၆-ဝိတက္ကတိက်

ဝိတက္ကတိက်၌ ဝိတက် ဝိစာရ ၂-ပါးနှင့် ယှဉ်သောတရားကို ပဌမပုဒ်ဝယ် ဟောတော်မူသည်။ ထိုကြောင့် ဝိတက်သည် ဝိစာရနှင့်ကား ယှဉ်၏၊ တခုတည်းသာ ဖြစ်၍ ဝိတက်နှင့် မယှဉ်နိုင်၊ ဝိစာရလည်း ဝိတက်နှင့်ကား ယှဉ်၏၊ တခုတည်းသာဖြစ်၍ ဝိစာရနှင့် မယှဉ်နိုင်၊ ထိုသို့ သမ္ပယုတ် တပါးမူကား ရ၏၊ ၂-ပါး မရလေသောကြောင့် ဝိတက် ဝိစာရ ကြဉ်သော စေတသိက် ပညာသသာ ကောက်ရသည်။

ဒုတိယပုဒ်၌ကား ဝိစာရ တပါးနှင့် ယှဉ်သည်ကိုသာ ဟောတော်မူသည်။ ဝိတက်လည်း ပဌမပုဒ်၏အရ ဝိစာရ ပဥ္စပညာသ နှင့် ယှဉ်သည့်ကာလ ဝိစာရနှင့် သမ္ပယုတ် ဖြစ်ကောင်းသောကြောင့် ပဌမပုဒ်၏ အရနှင့် သမ္ပယုတ်ဖြစ်သော ဝိတက် ပဥ္စပညာသ ရ၏၊ ကောက်ပြန်ရသည်။

တတိယပုဒ်၌ကား ဝိတက် ဝိစာရ ၂-ပါးနှင့် မယှဉ်သည်ကို ဟောတော်မူသောကြောင့် ဒုတိယပုဒ်၏ အရနှင့် သမ္ပယုတ်ဖြစ်သော ဝိစာရလည်း ၂-ပါးနှင့်ပင် မယှဉ်လေရကား ဝိစာရ ကောဒသကို ပြန်၍ ကောက်ရပြန်သည်။ **စိတ္တေန သမမုဒ္ဒိသေ** သင်္ဂြိုဟ်၌ ဆိုသည်နှင့် အညီ ဝိတက် ဝိစာရကို ပဥ္စပညာသ၊ ကောဒသ ဆိုသည်။

---

## ၇-ပီတိတိက်

ပီတိတိက်၌ ပဌမပုဒ်သာ ထူးသည်။ ဒုတိယ တတိယပုဒ်ကား ဝေဒနာတိက် အတူ။

ယင်းသို့ တူလျက် အဘယ့်ကြောင့် ပဌမပုဒ်မျှကို ထည့်၍ ဟောတော်မူပြန်သနည်း။

စတုတ္ထဇ္ဈာန် ကောဒသ၊ သုခသဟဂုတ် ကာယဝိညာဉ်နှင့် ယှဉ်သော သုခသည် ပီတိကင်းသောကြောင့် နိပ္ပီတိကသုခ မည်၏၊ ကြွင်းသော သုခသဟဂုတ်နှင့် ယှဉ်သော သုခသည် သပ္ပီတိကသုခ မည်၏၊ ဤသို့ နိပ္ပီတိက, သပ္ပီတိက သုခ ၂-ပါး ပြားသည်ကို ပြတော်မူလိုသောကြောင့် ဟောတော်မူသည်။

၃၃။ နိပ္ပီတိကဿ သုခဿ သပ္ပီတိကသုခတော ဝိသေသဒဿနဝသေန အယံ တိကော ဝုတ္တော။

ဤသို့ ဆိုသော အဋ္ဌကထာနည်း။ (၈၅)

**တနည်းကား**— ပီတိ၊ သုခတို့၏ သဘောအထူးကို သိနိုင်ခဲ့သောကြောင့် အထူးကို ပြလိုရကား ဟောတော်မူပြန်သည်။

၃၄။ အထ ဝါ ပီတိသုခါနံ ဒုဗ္ဗိညေယျနာနတ္တာနံ နာနတ္တဒဿနတ္ထံ အယံ တိကော ဝုတ္တော။

ဤသို့ ဆိုသော မူလဋီကာနည်း။ (၄၁)

**တနည်းကား**— စတုတ္ထဈာန် ကောဒသနှင့် ယှဉ်သော သုခသည် အတိပဏီတသုခ ဖြစ်ရကား ရုန့်ရင်းသော သုခမှ ခြား၍ သိမ်မွေ့သည်ကို ပြလိုသောကြောင့် ဟောတော်မူပြန်သည်။

၃၅။ "စတုတ္ထဈာနသုခံ အတိပဏီတသုခန္တိ ဩဠာရိကင်္ဂတော နီဟရိတွာ တဿ ပဏီတဘာဝံ ဒဿေတုံ အယံ တိကော ဝုတ္တော" တိ ကေစိ ဝဒန္တိ။

ဤသို့ဆိုသော အနုဋီကာ (၄၄) ကေစိဝါဒနည်း။ သည်နည်းကိုမူကား အလုံးစုံသော သုခသဟဂုတ်တရားကိုပင် သုခသဟဂတာပုဒ်ဖြင့် ဟောတော်မူရကား ဆင်ခြင်အပ်၏ ဟူ၍ အနုဋီကာဆရာ မိန့်၏။

ပီတိသည် တပါးဖြစ်၍ သမ္ပယုတ် ပီတိ မရကောင်းပြီဖြစ်သောကြောင့် ကြဉ်ရသည်။ သုခသဟဂတာမှ ကြဉ်သည့် သုခ ၆၃-ခုတို့တွင် စတုတ္ထဈာန် ၁၁၊ သုခသဟဂုတ် ကာယဝိညာဉ်၌ရှိသည့် သုခကား ပီတိသဟဂတာ၌ မဝင်၊

## သာဓကေနက်

၃၃။ နိပ္ပီတိကဿ၊ ပီတိကင်းသော။ သုခဿ၊ သုခ၏။ သပ္ပီတိကသုခတော၊ပီတိနှင့် တကွဖြစ်သော သုခမှ။ ဝိသေသဒဿနဝသေန၊ ထူးသောသဘောကို ပြသည်၏အစွမ်းဖြင့်။ အယံ တိကော၊ ဤပီတိတိက်ကို။ ဘဂဝတာ၊ သည်။ ဝုတ္တော၊ ဟောတော်မူအပ်၏။

၃၄။ အထ ဝါ၊အဋ္ဌကထာနည်းမှ တပါး ဋီကာနည်းကို ဆိုဦးအံ့။ ဒုဗ္ဗိညေယျနာနတ္တာနံ၊ သိနိုင်ခဲသော အဖြစ် ထူးသောအဖြစ် ရှိကုန်သော။ ပီတိသုခါနံ၊ ပီတိ၊ သုခတို့၏။ နာနတ္တဒဿနတ္ထံ၊ ထူးခြားသည်၏ အဖြစ်ကို ပြခြင်းငှါ။ အယံ တိကော၊ ဤပီတိသဟဂတတိက်ကို။ ဘဂဝတာ၊ သည်။ ဝုတ္တော၊ ဟောတော်မူအပ်၏။

၃၅။ စတုတ္ထဈာနသုခံ၊ စတုတ္ထဈာန်၌ရှိသော သုခသည်။ အတိပဏီတသုခံ၊ အလွန် မွန်မြတ်သော သုခတည်း။ ဣတိ၊ သို့။ ဩဠာရိကင်္ဂတော၊ ရုန့်ရင်းသော အင်္ဂါရှိသော သုခမှ။ နီဟရိတွာ၊ ထုတ်၍။ တဿ၊ ထိုစတုတ္ထဈာန်၌ ရှိသော သုခ၏။ ပဏီတဘာဝံ၊ မွန်မြတ်သည်၏ အဖြစ်ကို။ ဒဿေတုံ၊ပြခြင်းငှါ။ အယံ တိကော၊ဤပီတိတိက်ကို။ ဘဂဝတာ၊ သည်။ ဝုတ္တော၊ ၏။ ဣတိ၊ သို့။ ကေစိ၊ အချို့သောဆရာတို့သည်။ ဝဒန္တိ၊ ဆိုကုန်၏။

အကြွင်းကား ဝင်လေသည်။ မဝင်သော နိပ္ပိတိကသုခကိုကား တိက်မုတ်သို့ သွင်းရလေသည်။

---

## ဂ-ဒသနတိက်

ဒသနတိက်၌ **ကေန် အနေကန် ၂-ပါး အထူးကား—** မဂ်တပါးတည်းသာ အမျှားနှင့် မဆက်ဆံ၍ ပယ်အပ်သည်ကား ကေန်၊ အမျှားနှင့် ဆက်ဆံလျက် ပယ်အပ်သည်ကား အနေကန်၊ ဤသို့ အထူးမှတ်လေ။

ဒုတိယပုဒ်၌ အထက်မဂ် ၃-ခုသည် ကေန်ပယ်အပ်သော ဥဒ္ဓစ္စသဟဂုတ်၊ အနေကန်ပယ်အပ်သော အပါယဂမနီယဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၊ ဒေါသမူဒွေကို ကောက်ရာ၌ အထက်မဂ် ၃-ခုသည် ဟူသော ကတ္တားအပေါင်းမှ အရဟတ္တမဂ်သည်ဟု ကတ္တားတစိတ်ကိုသာ နုတ်၍ ကေန်ပယ်အပ်သော ကြိယာ၌ စပ်လေ။ ၃-ခုလုံးကို စပ်၍ အဓိပ္ပါယ် မယူလင့်၊ ဥဒ္ဓစ္စသဟဂုတ်ကို အရဟတ္တမဂ် တခုကသာ ကေန်ပယ်သည်၊ အနေကန်ပယ်အပ်သော ဟူသော ကြိယာ၌ကား ၃-ခုလုံးကို စပ်လေ။ ဆရာမြတ်တို့ စကားကား ခဲ၏၊ မသိလွယ်။

အရဟတ္တမဂ်သည် ကေန်ပယ်အပ်သော ဥဒ္ဓစ္စသဟဂုတ်၊ အထက်မဂ် ၃-ခုသည် အနေကန် ပယ်အပ်သော အပါယဂမနီယ မဖြစ်သော ဒိဋ္ဌိ။ပ။ ၏၊ ဤသို့ ဆိုမူ သိလွယ်၏။

အဘယ့်ကြောင့် ရုပ်ကို တတိယပုဒ်၌ ကောက်ရသနည်း။

၃၆။ ရူပံ ဘိက္ခဝေ န တုမှာကံ၊တံ ပဇဟထ။ (**ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-၂၈၊ မူလပဏ္ဏာသပါဠိတော်-၁၉၄**)။

ဟူ၍ သုတ္တန်၌ ပယ်အပ်ကြောင်းကို ဟောတော်မူသည် မဟုတ်လော-ဟူငြားအံ့၊ ရုပ်ကို အာရုံပြု၍ဖြစ်သော ဆန္ဒရာဂကို ပယ်ခြင်းကိုသာ အကြောင်း ဖြစ်သော ရုပ်၌ ဖလူပစာရအားဖြင့် တင်စား၍ ဟောတော်မူသည်၊ သက်သက် ရုပ်ကို ပယ်အပ်သောကြောင့် ဟောတော်မမူ ဟူရာ၏။ ထိုကြောင့် **ဋီကာကျော် (၁၀၉)** ၌—

၃၇။ တတ္ထ တဗ္ဗိသယစ္ဆန္ဒ-ရာဂပဟာနံ ပကာသိတာ-ဟု မိန့်ပြီ။

### သာခကေနက်

၃၆။ ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ ရုပ်တရားသည်။န တုမှာကံ၊ သင်တို့၏ ဥစ္စာမဟုတ်။ တံ ရူပံ၊ထိုရုပ်တရားကို(ဥပစာ)။ ဝါ၊ ထိုရုပ်လျှင် အာရုံရှိသော ဆန္ဒရာဂကို(မုချ)။ပဇဟထ၊ ပယ်စွန့်ကုန်ရာ၏။

၃၇။ တတ္ထ၊ ထို ရူပံ ဘိက္ခဝေ စသော စကားတော်၌။ တဗ္ဗိသယစ္ဆန္ဒရာဂပဟာနံ၊ ထို ရုပ်လျှင် အာရုံရှိသော ဆန္ဒရာဂကို ပယ်ခြင်းကို။ ပကာသိတာ၊ ပြအပ်၏။

## ၉-ဒဿနေနပဟာတဗ္ဗတိက်

ဒဿနေနပဟာတဗ္ဗတိက်၌ ဥဒ္ဒစ္စသဟဂုတ်, ဝိစိကိစ္ဆာသဟဂုတ်၌ မောဟကို ဟိတ်ရှိသည် မဆိုရ၊ မိမိနှင့် သမ္ပယုတ်ဟိတ် မရသောကြောင့် ကြဉ်ရသည်။ ထိုကြောင့်လည်း တတိယပုဒ်၌ သွင်း၍ ကောက်ရသည်။

---

## ၁၁-သေက္ခတိက်

သေခါ အသေခါ, သေက္ခာ အသေက္ခာ ၂-ပါးပင် သေက္ခတိက်၌ ပါ၌ရှိသင့်၏။ ဥပေခါ ဥပေက္ခာ, သွာက္ခာတော သွာခါတော ဆိုသကဲ့သို့တည်း။ အရိယာ ၈-ယောက်တွင် အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်ကို အသေက္ခ၊ အကြွင်းကို သေက္ခ ပုဂ္ဂိုလ်ဟု မှတ်။

---

## ၁၃-ပရိတ္တာရမ္မဏတိက်

ပရိတ္တာရမ္မဏတိက် ပဌမပုဒ်၌ အပ္ပမညာကို အဘယ့်ကြောင့် ကြဉ်သနည်းဟူမူကား—အပ္ပမညာသည် သုခိတ ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြုခဲ့၊ ထိုစိတ်တို့သည် ကာမတရားကို အာရုံပြုခဲ့၊ ဤသို့ အာရုံပြားသောကြောင့် ကြဉ်ရသည်။

ဝိရတီကိုကား မဂ်ဖိုလ်နှင့် ယှဉ်သော ဝိရတီသည် နိဗ္ဗာန်ဟူသော လောကုတ္တရာကို အာရုံပြုကောင်းသောကြောင့် မကြဉ်ရသည်။

ဒုတိယပုဒ်၌ အပ္ပမညာ, ဝိရတီကို အဘယ့်ကြောင့် ကြဉ်ရသနည်း ဟူမူကား— အပ္ပမညာသည် ဆိုပြီးသောနည်းဖြင့် သတ္တဝါပညတ်ကိုသာ အာရုံပြုခဲ့၊ ဝိရတီလည်း ကာယဒုစရိုက် ၃-ပါး၊ ဝစီဒုစရိုက် ၄-ပါးဟူသော ဝိရမိတဗ္ဗကိုသာ အာရုံ ပြုခဲ့သည်၊ ထို တရားတို့သည်လည်း မဟဂ္ဂုတ်ကို အာရုံပြုခဲ့သည်၊ ဤသို့ အာရုံပြားသောကြောင့် ကြဉ်ရသည်။

တတိယပုဒ်၌ကား ဆိုပြီးသော နည်းဖြင့် အပ္ပမညာကို အာရုံပြားသောကြောင့် ကြဉ်ရသည်။ အကုသိုလ်, မဟာကုသိုလ် ,မဟာကြိယာ, မနောဒွါရာဝဇ္ဇန်း, အဘိညာဉ်ဒွေတို့ကား တိက်ဝင်, တိက်မုတ် ၂-ပါးပင် ဖြစ်လေသည်။ အဘယ်ကဲ့သို့နည်း ဟူမူကား —ကာခုသော နွားသည်ပင် အမိနို့ စို့စဉ်ကာလ ဝစ္ဆဟူသော အမည်ဖြင့်, ဆုံးမကွပ်ညှပ်လောက်သည့်ကာလ ဒမ္မဟူသော အမည်ဖြင့်, ဝန်ကို ရွက်ဆောင်နိုင်သည့်ကာလ ဗလိဗဒ္ဒ ဟူသောအမည်ဖြင့် ဤသို့

အဝတ္ထာ အခိုက်အတန့် ဖြစ်လေသကဲ့သို့ အခိုက်အတန့် အဝတ္ထာကို စွဲ၍ ဖြစ်လေသတည်း။

တခုသော တရားကိုချည်း သက်သက် အာရုံမှုသည်ကား ဧကန်၊ တပါးကိုလည်း အာရုံမှုသေးသည်ကား အနေကန်၊ ဤကား အထူးတည်း။

---

## ၁၅-မိစ္ဆတ္တတိက်

မိစ္ဆတ္တတိက်၌ ပဥ္စမပုဒ်အရတွင် နိယတမိစ္ဆာဒိဋ္ဌိကံ ဟူသည်ကား—အဟေတုကဒိဋ္ဌိ၊ အကြိယဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ ဤ ၃-ပါးတည်း။

ထိုကြောင့် **နိက္ခေပကဏ္ဍအဋ္ဌကထာ (၃၉၂)** ၌ -

> ၃၈။ **ယာ စ မိစ္ဆာဒိဋ္ဌိ နိယတာ**တိ အဟေတုကဝါဒအကိရိယဝါဒနတ္ထိကဝါဒသေ သု အညတရာ-ဟု မိန့်ပြီ။

**ပဉ္စာနန္တရိယကံ** ဟူသည်ကား— မာတုဃာတက၊ ပိတုဃာတက၊ အရဟန္တဃာတက၊ သံဃဘေဒက၊ လောဟိတုပ္ပါဒက ဤ ၅-ပါးတည်း။

နိယတမိစ္ဆာဒိဋ္ဌိကံ, ပဉ္စာနန္တရိယကံကို ပြုသောသူသည် မြင်းမိုရ်တောင်ပမာဏစေတီ၊ စကြဝဠာပမာဏ ရတနာတံတိုင်းရှိသော ကျောင်း၊ စကြဝဠာပမာဏ ရဟန်းအများတို့အား ပစ္စည်း ၄-ပါးဖြင့် ထောက်ပံ့ခြင်း၊ ဤသို့စသောကောင်းမှုကိုပင် ပြုလုပ်ငြားမူလည်း ထိုအကုသိုလ်ကံကို မြစ်ပယ်ခြင်းငှါ မစွမ်းနိုင်ချေ၊ ထိုအကုသိုလ် တရားတို့သည် စုတိအနန္တရ၌ မကောင်းကျိုး ပေးလေသည်သာ၊ ထိုကြောင့် ထိုတရားတို့ကို ကောက်ရသည်။

**သတ္တမဇောကိုသာ** အဘယ့်ကြောင့် ကောက်ရသနည်းဟူမူကား—

ဇော ၇-ချက်တို့တွင် ပဥ္စမဇောသည် ဒိဋ္ဌဓမ္မဝေဒနီယကံဖြစ်၍ အကြောင်းညီလျှင် ပစ္စုပ္ပန်ဘဝ၌သာ အကျိုးပေးသည်။

ဒုတိယမှသည် ဆဋ္ဌတိုင်အောင် အလယ်ဇော ၅-ချက်သည် အပရာပရိယဝေဒနီယကံဖြစ်၍ တတိယဘဝမှသည် နိဗ္ဗာန်မရသေးသ၍ အခွင့်သာလျှင် အကျိုးပေးသည်။

### သာဓကနက်

၃၈။ ယာ စ မိစ္ဆာဒိဋ္ဌိ နိယတာတိ၊ ဟူသည်ကား။ အဟေတုကဝါဒအကိရိယဝါဒနတ္ထိကဝါဒေသု၊ အဟေတုက အယူ, အကိရိယအယူ, နတ္ထိကအယူတို့တွင်။ အညတရာ၊ တပါးပါးသော အယူတည်း။

သတ္တမဇောသည်ကား ဥပပဇ္ဇဝေဒနိယကံဖြစ်၍ စုတိအနန္တရ၌သာ အကျိုးပေးသည်။

ထိုသို့ သတ္တမဇောသာ စုတိအနန္တရ၌ အကျိုးပေးတတ်သောကြောင့် ပဌမဇော, အလယ်ဇော ၅-ချက်တို့ကို ထား၍ သတ္တမဇောကို ကောက်ရသည်။ ထိုပဌမဇော, အလယ်ဇော ၅-ချက်တို့ကား တတိယပုဒ်၌ ဝင်လေသည်။ ထို့ကြောင့် ပဌမပုဒ်၏အရမှတပါးဟု စကားမ-၍ ကောက်ပြန်ရသည်။

ပဥ္စာနန္တရိယကံ ၅-ပါးတို့တွင် အားကြီးသောကံ အကျိုးပေးပြီးသော် တပါး-ကံ အကျိုးမပေးပြီ၊ အဟောသိကံ မြောက်လေတော့သည်။ **သမ္မောဟဝိနောဒနီ (၄၀၉)** ၌ ဆိုသောကြောင့် အဟောသိကံဖြစ်သော အာနန္တရိယကံသည် ပဌမပုဒ်၌ ဝင်မည်လော၊ ယင်းသို့မဟုတ် မဝင်မည်လော ဟူပြောအံ့— စင်စစ် အကျိုးပင် မပေးသော်လည်း ပေးသည်ဖြစ်က စုတိအနန္တရ၌သာ ပေးခြင်းသဘော ရှိသောကြောင့် သဘောကိုထောက်သဖြင့် ဝင်သင့်သည် ဟူရာ၏။ ထို့ကြောင့် **မူလဋီကာ (၄၅)** ၌—

၃၉။ ဗလဝတာ အာနန္တရိယေန ဝိပါကေ ဒိန္နေ အဝိပစ္စမာနာနမ္ပိ အာနန္တရိယာနံ ဖလဒါနေ နိယတသဘာဝါ အာနန္တရိယသဘာဝါ စ ပဝတ္တီတိ၊ အတ္တနော သဘာဝေန ဖလဒါနနိယမေနေဝ နိယတတာ အာနန္တရိယတာ စ ဝေဒိတဗ္ဗာ-ဟု မိန့်သည်။

ဋီကာ၌ အရိပ်အမြွက်ကိုသာ ထောက်သင့်ပေသည်။ ဒုတိယ၌ မိမိအခြားမဲ့၌ အကျိုးပေးကြောင်းကို မဂ္ဂဝီထိဆိုရိုးကို ထောက်လေ။

## **သာဓကေနက်**

၃၉။ ဗလဝတာ၊ အားကြီးသော။ အာနန္တရိယေန၊ အာနန္တရိယကံသည်။ ဝိပါကေ၊ ပဋိသန္ဓေ အကျိုးကို။ ဒိန္နေ၊ ပေးအပ်သည်ရှိသော်။ အဝိပစ္စမာနာနမ္ပိ၊ အကျိုးမပေးအပ်သည လည်း ဖြစ်ကုန်သော။အာနန္တရိယာနံ၊ ဒုဗ္ဗလဖြစ်ကုန်သော တပါးသော အာနန္တရိယကံတို့၏။ ဖလဒါနေ၊ စုတိ၏အခြားမဲ့၌ အကျိုးပေးသည်ရှိသော်။ ဝါ၊ အကျိုးပေးခြင်း၌။ နိယတ-သဘာဝါ၊ မြဲသောသဘောရှိသော။ ပဝတ္တိ စ၊ ဖြစ်ခြင်းသည်၎င်း။ အာနန္တရိယသဘာဝါ၊ အာနန္တရိယသဘောရှိသည်လည်းဖြစ်သော။ ပဝတ္တိ စ၊ ဖြစ်ခြင်းသည်၎င်း။ ဟောတိ၊ ၏။ဣတိ တသ္မာ၊ ကြောင့်။ အတ္တနော၊ မိမိဟု ဆိုအပ်သော အာနန္တရိယကံ၏။ သဘာဝေန ၊ သဘောဖြစ်သော။ ဖလဒါနနိယမေနေဝ၊ အကျိုးပေးခြင်း မြဲသောအားဖြင့်သာလျှင်။ နိယတတာ စ၊ မြဲသည်၏အဖြစ်ကို၎င်း။ အာနန္တရိယတာ စ၊ အာနန္တရိယ၏အဖြစ်ကို၎င်း။ ဝိညူဟိ၊ တို့သည်။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

## ၁၆-မဂ္ဂါရမ္မဏတိက်

မဂ္ဂါရမ္မဏတိက် ပဌမပုဒ်၌ မဂ်ကိုအာရုံပြုခိုက် မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄-ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ် ၄ ခု၊ မနောဒွါရာဝဇ္ဇန်း၊ အဘိညာဉ်ဒွေ၊ ဝီရတိ, အပ္ပမညာကြဉ်သော စေတသိက် ၃၃-ခု၊ ဤသို့ ယခုကာလ ဆရာမြတ်တို့ ကောက်ရိုး၌ အာရမ္မဏပစ္စည်း သက်သက်၊ အာရမ္မဏာဓိပတိကို ပစ္စည်းနှစ်ချက်ခွဲ၍ ယူလေ။

အာရမ္မဏပစ္စည်းသက်သက်ယူသော် ဆိုရိုးအတိုင်းပင်။

အာရမ္မဏာဓိပတိပစ္စည်းယူသော်ကား မိမိမဂ်မှ အာရမ္မဏာဓိပတိပစ္စည်းကို ရခိုက် မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ် ဂ-ခု၊ ဝီရတိ, အပ္ပမညာ ကြဉ်သော စေတသိက် တေတ္တိံသ၊ ဤသို့ ခွဲ၍ယူလေ။ နန်းကျောင်း ကောက်ရိုး၌ကား ၂-ခုပင် ကောက်သည်။

တတိယပုဒ်၌ အာရမ္မဏာဓိပတိ, သဟဇာတာဓိပတိ ၂-ပါးကို ကောက်ရာတွင် အာရမ္မဏာဓိပတိကို ကောက်သည့်ကာလ မဂ်မှ အာရမ္မဏာဓိပတိပစ္စည်းကို ရခိုက်ဟု အဘယ့်ကြောင့် မိမိမဂ်ကို ပစ္စည်းယူလေသနည်း ဟူငြားအံ့၊ တပါးသောသူ၏ မဂ်ကို မဆိုလင့်ဦး၊ ယမိုက်ပြာဋိဟာ ပြတော်မူသော ဘုရားရှင်၏မဂ်ကို ဆင်ခြင်သော်လည်း အဓိပတိပစ္စည်း တပ်စွမ်းနိုင်အောင် အလေးအမြတ် မပြုလေရကား သူတပါးမဂ်သည် အာရမ္မဏာဓိပတိပစ္စည်း မတပ်နိုင်၊ မိမိမဂ်သာ တပ်နိုင်လေသည်။ ထို့ကြောင့် မိမိမဂ်ကိုသာ ပစ္စည်းယူရလေသည်။

ထို့ကြောင့် **အဋ္ဌကထာ** (၃၉၂) ၌ —

> ၄၀။ အရိယသာဝကာနဉ္စ အတ္တနော မဂ္ဂံ ဂရုံ ကတွာ ပစ္စဝေက္ခဏကာလေ အာရမ္မဏာဓိပတိ လဗ္ဘတိ-ဟု မိန့်ပြီ။

ရှေး ဆိုပြီးသော စေတသိက်၌ပင် ဝင်ကောင်းပြီးလျက် ဝီရိယ, ဝီမံသကို ကောက်တော်မူပြန်သည်ကား -- စေတသိက်အရေအတွက်ကို လျှော့၍သော်ကား ကောက်သင့်၏၊ မလျှော့သော် ကောက်သင့်မည် မထင်ပြီ။

ဤတိက်မှတ်တွင် ပဌမပုဒ်၏ အရမှတပါး အပါဒါန် ခံကုန်၏၊ ယင်းသို့ ခံခြင်းသည် တတိယ၌ အာရမ္မဏာဓိပတိ ပစ္စယုပ္ပန်ဖြစ်သော မဟာကုသိုလ် စသည်လည်း ဝင်သောကြောင့် ခံလေကုန်သည်။ ဤတိက်ကား ခဲစွာ၏။

### သာစကေနက်

၄၀။ ဟိ၊ သင့်စွ။အရိယသာဝကာနံ၊ အရိယသာဝကတို့အား။ ဝါ၊တို့သည်။ အတ္တနော၊ မိမိ၏။မဂ္ဂံ၊ မဂ်ကို။ ဂရုံ ကတွာ၊ အလေးအမြတ်ပြု၍။ပစ္စဝေက္ခဏကာလေ၊ ဆင်ခြင်သောအခါ၌။ အာရမ္မဏာဓိပတိ၊ အာရမ္မဏာဓိပတိပစ္စည်းကို။ လဗ္ဘတိ၊ ရအပ်၏။

၄၁။ အဋ္ဌင်္ဂိကောပိ မဂ္ဂေါ ပစ္စယဋ္ဌေန တေသံ ဟေတူတိ **မဂ္ဂဟေတုကာ**။

မဂ္ဂသမ္ပယုတ္တာ ဝါ ဟေတူ မဂ္ဂေ ဝါ ဟေတူတိ မဂ္ဂဟေတူ၊ တေ တေသံ ဟေတူတိပိ **မဂ္ဂဟေတုကာ**။

သမ္မာဒိဋ္ဌိ သယံ မဂ္ဂေါ စေဝ ဟေတု စ၊ ဣတိ မဂ္ဂေါ ဟေတု တေသန္တိပိ **မဂ္ဂဟေတုကာ**——

ဟူသော မဂ္ဂါရမ္မဏတိက် မဂ္ဂဟေတုကာ ဓမ္မာ-ဟူသော ဓမ္မသင်္ဂဏီ မာတိကာ ပါဠိတော်အဖွင့် အဋ္ဌသာလိနီ အဋ္ဌကထာ (၇၇)အားလျော်စွာ မဂ္ဂဟေတုကာ ဓမ္မာ ဟူသော ဒုတိယပုဒ်ကို အနက်ယောဇနာသည်ရှိသော်——

မဂ္ဂဟေတုကာ၊ မဂ္ဂင်တရားကိုယ် ဂ-ပါးဟု ဆိုအပ်သော အကြောင်းရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**တနည်းကား**— မဂ္ဂဟေတုကာ၊ မဂ်နှင့်ယှဉ်သော ဟိတ် ၂-ပါး၊ ၃-ပါးဟု ဆိုအပ်သော အကြောင်းရှိကုန်ထသော။ ဝါ၊ မဂ်၌ဖြစ်သော ဟိတ် ၂-ပါး၊ ၃-ပါးဟု ဆိုအပ်သော အကြောင်းရှိကုန်ထသော။

**တနည်းကား**— မဂ္ဂဟေတုကာ၊ သမ္မာဒိဋ္ဌိမဂ္ဂင် တည်းဟူသော အမောဟ ဟိတ်ဟု ဆိုအပ်သော အကြောင်းရှိကုန်ထသော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

## သာစကနက်

၄၁။ အဋ္ဌင်္ဂိကောပိ၊ အင်္ဂါရှစ်ပါးရှိသည်လည်း ဖြစ်သော။ မဂ္ဂေါ၊ အရိယမဂ်သည်။ ပစ္စယဋ္ဌေန- မဂ္ဂပစ္စယဋ္ဌေန၊ မဂ္ဂသတ္တိဖြင့် ကျေးဇူးပြုတတ်သည်၏ အဖြစ်တည်းဟူသော အနက်ကြောင့်။ ဝါ၊ မဂ္ဂသတ္တိဖြင့် ကျေးဇူးပြုတတ်သည်၏ အဖြစ်တည်းဟူသော သဘော ကြောင့်။ ဝါ၊ မဂ္ဂသတ္တိဖြင့် ကျေးဇူးပြုတက်သည်၏အဖြစ်ကြောင့်။ တေသံ၊ တို့၏။ ဟေတု၊ အကြောင်းသည်။ ဟောတိ၊ ၏။ဣတိ တသ္မာ၊ ကြောင့်။ တေ ဓမ္မာ၊ တို့သည်။မဂ္ဂဟေတုကာ၊ ကုန်၏။

ဝါ၊ ကား။ မဂ္ဂသမ္ပယုတ္တာ၊ မဂ်နှင့် ယှဉ်ကုန်သော။ ဟေတူ၊ ဟိတ်တို့တည်း။ ဝါ၊ ကား။ မဂ္ဂေ၊ မဂ်၌။(ဘဝါ၊ ဖြစ်ကုန်သော။) ဟေတူ၊ တို့တည်း။ဣတိ တသ္မာ၊ ကြောင့်။ မဂ္ဂဟေတူ၊ တို့မည်ကုန်၏။ တေသံ၊ တို့အား။ တေ- တာဒိသာ၊ ထိုသို့သဘောရှိကုန်သော။ ဟေတူ၊ မဂ်နှင့်ယှဉ်သော ဟိတ်, မဂ်၌ဖြစ်သော ဟိတ်တို့သည်။ သန္တိ၊ ရှိကုန်၏။ ဣတိ တသ္မာပိ၊ ကြောင့်လည်း။ တေ ဓမ္မာ၊ တို့သည်။ မဂ္ဂဟေတုကာ၊ ကုန်၏။

သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိမဂ္ဂင်သည်။ သယံ၊ မိမိသည်။ မဂ္ဂေါ စေဝ၊ မဂ်မည်သည်လည်း။ ဟောတိ၊ ၏။ဟေတု စ၊ ဟိတ်မည်သည်လည်း။ ဟောတိ၊ ၏။ဣတိ တသ္မာ၊ ထိုသို့ မဂ်လည်းမည် ဟိတ်လည်းမည်သည်၏ အဖြစ်ကြောင့်။ တေသံ၊ တို့အား။ မဂ္ဂေါ၊ သမ္မာဒိဋ္ဌိမဂ္ဂင်ဟု ဆိုအပ်သော။ ဟေတု၊ ဟိတ်သည်။ အတ္ထိ၊ ရှိ၏။ဣတိ တသ္မာပိ၊ ကြောင့်လည်း။ တေ ဓမ္မာ၊ တို့သည်။ မဂ္ဂဟေတုကာ၊ ကုန်၏။

ဤသို့ အဋ္ဌကထာ အနက်ပေးနည်းတို့တွင် ဒုတိယနည်း, တတိယနည်းပေါင်း၍ ၃-နည်း ဟူ၍သာ မှတ်။

**ပဌမနည်းအလို** မဂ္ဂဟေတုကာ ဓမ္မာ ဟူသော ဒုတိယပုဒ် အရကောက်သော် မဂ်စိတ် ၄-ခု၊ မဂ္ဂင်တရားကိုယ် ၈-ပါးကြဉ်သော စေတသိက် အဋ္ဌဝီသ ကောက်။

**ဒုတိယနည်းအလို ကောက်သော်** မဂ်စိတ် ၄-ခု၊ စေတသိက် ဆတ္တိံသ ကောက်။

**တတိယနည်းအလို ကောက်သော်** မဂ်စိတ် ၄-ခု၊ အမောဟ ကြဉ်သော စေတသိက် ပဉ္စတိံသ ကောက်။

၎င်းအဋ္ဌကထာအလို နည်း ၃-ပါး အစဉ်ထားခြင်းသည် ပဌမနည်းမှာ ဟိတ် ၈-ပါး၊ ဒုတိယနည်းမှာ ဟိတ် ၂-ပါး၊ ၃-ပါး၊ တတိယနည်းမှာ ဟိတ် ၁-ပါး၊ ဤသို့ ဟိတ်အနည်းအများ၏ အစွမ်းဖြင့် အစဉ်ထားသည်။

နိက္ခေပကဏ္ဍ ပါဠိတော်၌ နည်း ၃-ပါး အစဉ်ထားခြင်းသည် ယင်း ၃-ပါးသော နည်းတို့တွင် **ပဌမနည်းအလို** မဂ္ဂင် ၈-ပါးသည် မဂ္ဂဟေတု၊ ကြွင်းသော သမ္ပယုတ်တရားသည် မဂ္ဂဟေတုက၊ ၎င်း ပဌမနည်းဖြင့် မဂ္ဂင်တရားကိုယ် ၈-ပါးသည် မဂ္ဂဟေတုက မမည်သေး၊ ၎င်း မဂ္ဂင် ၈-ပါး မဂ္ဂဟေတုက မည်စေခြင်းငှါ ဒုတိယနည်း တက်ပြန်သည်။

၎င်း **ဒုတိယနည်းအလို** သမ္မာဒိဋ္ဌိ ဟုဆိုအပ်သော အမောဟသည် မဂ္ဂဟေတု၊ ကြွင်းမဂ္ဂင် ၇-ပါးနှင့် တကွသော သမ္ပယုတ်တရားသည် မဂ္ဂဟေတုက၊ ၎င်း ဒုတိယနည်းဖြင့် သမ္မာဒိဋ္ဌိမဂ္ဂင်သည် မဂ္ဂဟေတုက မမည်သေး၊ ၎င်းမဂ္ဂင် မဂ္ဂဟေတုက မည်စေခြင်းငှါ တတိယနည်း တက်ပြန်သည်။

၎င်း **တတိယနည်းအလို** ပဓာနအားဖြင့် အလောဘ, အဒေါသသည်- မဂ္ဂဟေတု၊ သမ္မာဒိဋ္ဌိမဂ္ဂင်နှင့် တကွသော အလောဘ, အဒေါသကြဉ်သော သမ္ပယုတ်တရားသည် မဂ္ဂဟေတုက။

၎င်းကိုထောက်၍ မဂ္ဂဟေတုကာ ဓမ္မာ-အရ အလောဘ, အဒေါသ ကြဉ်၍ ကောက်ယောင် ထင်တတ်သည်။

အမောဟလည်း ဟိတ်ပင်ဖြစ်လေသောကြောင့် မဂ္ဂဟေတုအရ အလောဘ, အဒေါသ, အမောဟ၊ ကြွင်းသမ္ပယုတ်တရားသည် မဂ္ဂဟေတုက၊ ၎င်းကိုထောက်၍ ဒုတိယပဒအရ ဟိတ် ၃-ပါးကြဉ်၍ ကောက်ယောင် ထင်တတ်သည်။

ယင်းသို့ ဖြစ်သော်လည်း ဟိတ် ၃-ပါးတို့တွင်

အလောဘ မဂ္ဂဟေတုဖြစ်ခိုက် အဒေါသ, အမောဟနှင့် တကွသော သမ္ပယုတ်တရားမဂ္ဂဟေတုက ဖြစ်သည်၊ ထိုသို့ဖြစ်ရာတွင် အမောဟ မဂ္ဂဟေတုကဖြစ်ခြင်းသည် ပဓာန၊ ကြွင်းသမျှမှာ အပဓာန။

အဒေါသ မဂ္ဂဟေတုဖြစ်ခိုက် အလောဘ, အမောဟနှင့်တကွသော သမ္ပယုတ်တရားသည် မဂ္ဂဟေတုကဖြစ်သည်၊ ထိုသို့ဖြစ်ရာတွင် အမောဟ မဂ္ဂဟေတုကဖြစ်ခြင်းသည် ပဓာန၊ ကြွင်းသမျှမှာ အပဓာန။

အမောဟ မဂ္ဂဟေတုဖြစ်ခိုက် အလောဘ, အဒေါသနှင့် တကွသော သမ္ပယုတ်တရားသည် မဂ္ဂဟေတုက၊ ပဓာနမရှိ၊ အပဓာနသာ။

အလောဘ, အဒေါသ မဂ္ဂဟေတုဖြစ်ခိုက် အမောဟနှင့်တကွ ကြွင်းသော သမ္ပယုတ်တရားသည် မဂ္ဂဟေတုက ဖြစ်သည်၊ ထိုသို့ဖြစ်ရာတွင် အမောဟ မဂ္ဂဟေတုကဖြစ်ခြင်းသည် ပဓာန၊ ကြွင်းသမျှမှာ အပဓာန။

အလောဘ, အမောဟ မဂ္ဂဟေတုဖြစ်ခိုက် အဒေါသနှင့်တကွ ကြွင်းသမ္ပယုတ်တရားသည် မဂ္ဂဟေတုက၊ ပဓာန မရှိ၊ အပဓာနသာ။

အဒေါသ, အမောဟ မဂ္ဂဟေတုဖြစ်ခိုက် အလောဘနှင့်တကွ ကြွင်းသမ္ပယုတ်တရားသည် မဂ္ဂဟေတုက၊ ပဓာနမရှိ၊ အပဓာနသာ။

အလောဘ, အဒေါသ, အမောဟ မဂ္ဂဟေတုဖြစ်ခိုက် ကြွင်းသမ္ပယုတ်တရားသည် မဂ္ဂဟေတုက၊ ပဓာနမရှိ၊ အပဓာနသာ။

ဤသို့ ပစ္စည်း, ပစ္စယုပ္ပန် စက်လှည့်၍ ဖြစ်ကောင်းလေသောကြောင့် ဟိတ် ၃-ပါး မကြည့်ပဲပင် ပဓာန အပဓာနအားဖြင့် မဂ္ဂဟေတုက အလုံးစုံကို အကုန်ကောက်သင့်သည်။

ဤသို့ မယူအပ်သေးကို ယူသည်၏ အစွမ်းဖြင့် နည်း ၃-ပါးအစဉ်ထားသည်။ ထိုကြောင့် **မူလဋီကာ(၄၆)**၌—

၄၂။ ပရိပုဏ္ဏာ။ပ။ နိက္ခေပကဏ္ဍေပိ ဟိ ယေ မဂ္ဂပစ္စယံ လဘန္တိ၊ န ပန သယံ မဂ္ဂပစ္စယဘာဝံ ဂစ္ဆန္တိ၊ တေ မဂ္ဂဟေတုကာတိ ဒဿေတုံ

**သာဝကေနက်**

၄၂။ ပရိပုဏ္ဏာ၊ ပ။ ဟိ သစ္စံ၊ ထိုစကားသည် မှန်၏။ ဝါ၊ ဟိ ယသ္မာ၊ ကြောင့်။ ယေ ဓမ္မာ၊ အကြင်တရားတို့သည်။ မဂ္ဂပစ္စယံ၊ မဂ္ဂပစ္စည်းဟုခေါ်ဝေါ်ခြင်းကို။ ဝါ၊ မဂ္ဂပစ္စည်းအဖြစ်ကို။ လဘန္တိ၊ ရကုန်၏။ ပန၊ ထိုသို့ပင် ရကုန်သော်လည်း။ သယံ ပန၊ မိမိတို့သည်ကား။ မဂ္ဂပစ္စယဘာဝံ၊ မဂ္ဂပစ္စည်း၏ အဖြစ်သို့။ န ဂစ္ဆန္တိ၊ မရောက်ကုန်။ တေ ဓမ္မာ၊ ထိုတရားတို့သည်သာလျှင်။ မဂ္ဂဟေတုကာ၊ မဂ္ဂဟေတုကတို့မည်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဣတိ ဣမံ အတ္ထံ၊ ဤ။ ဒဿေတုံ၊ ပြခြင်းငှါ။ နိက္ခေပကဏ္ဍေပိ၊ နိက္ခေပကဏ္ဍ၌လည်း။ အရိယမဂ္ဂသမင်္ဂိဿ မဂ္ဂင်္ဂါနိ

"အရိယမဂ္ဂသမင်္ဂိဿ မဂ္ဂင်္ဂါနိ ဌပေတွာ"တိအာဒိ ဝုတ္တံ။ ယော ပန တတ္ထေဝ "အရိယမဂ္ဂသမင်္ဂိဿ အလောဘော အဒေါသော အမောဟော၊ ဣမေ ဓမ္မာ မဂ္ဂဟေတူ"တိအာဒိနယော ဝုတ္တော၊ တံ ဒဿေတုံ "**မဂ္ဂသမ္ပယုတ္တာ ဝါ**"တိအာဒိ ဝုတ္တံ။ "အရိယမဂ္ဂသမင်္ဂိဿ သမ္မာဒိဋ္ဌိ-မဂ္ဂေါ စေဝ ဟေတု စာ"တိအာဒိနာ ပန ဝုတ္တနယံ ဒဿေတုံ "**သမ္မာဒိဋ္ဌိ သယ**"န္တိ အာဒိမာဟ။ ကတ္ထ ပန အသင်္ဟိတသင်္ဂဟနဝသေန ပဋ္ဌိ-ပါဋ္ဌိယာ တယော နယာ ဝုတ္တာ၊ ဟေတုဗဟုတာဝသေန တတိယော နယော ဣဓ ဒုတိယော ဝုတ္တော-ဟု မိန့်ကုန်ပြီ။

၄၃။ **မဂ္ဂကိစ္စံ** ပရိညာဒိ။ အဋ္ဌင်္ဂိကမဂ္ဂသမ္မာဒိဋ္ဌိမဂ္ဂသမ္ပယုတ္တာလောဘာ-ဒေါသသင်္ခါတေဟိ မဂ္ဂဟေတူဟိ မဂ္ဂသမ္ပယုတ္တခန္ဓေသသမဂ္ဂင်္ဂသမ္မာ-ဒိဋ္ဌိနံ သဟေတုကဘာဝဒဿနတော တိဏ္ဏံ နယာနံ **အသင်္ဟိတ-သင်္ဂဟနဝသေနာ**တိ ဝုတ္တံ။ **ဟေတုဗဟုတာဝသေနာ**တိ ဗဟုဟေ-တုကဿ ပဌမနယဿ အနန္တရံ ဗဟုဟေတုကတာ သာမညေန

## သာဓကနက်

ဌပေတွာတိအာဒိ၊ ကောားကို။ ဘာဂဝတော၊ သည်။ ဝုတ္တံ၊ ၏။ တတ္ထေဝ၊ ထိုနိက္ခေပကဏ္ဍ၌သာလျှင်။ အရိယမဂ္ဂ ။ အရိယမဂ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်၏။ အလောဘော အဒေါသော အမောဟော ဣမေ ဓမ္မာ မဂ္ဂဟေတူတိအာဒိ၊ မဂ္ဂဟေတု ဤသို့ အစရှိသော။ ယော ပန နယော၊ အကြင်နည်းကိုကား။ ဘာဂဝတာ၊ သည်။ ဝုတ္တော၊ ၏။ တံ နယံ၊ ကို။ ဒဿေတုံ၊ ငှါ။ မဂ္ဂ-သမ္ပယုတ္တာ ဝါတိအာဒိ၊ ကောားကို။ အာစရိယေန၊ သည်။ ဝုတ္တံ၊ ၏။ ပန၊ ဆက်၍ ဆိုဦးအံ့။ အရိယမဂ္ဂသမင်္ဂိဿ၊ ၏။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိမဂ္ဂင်သည်။ မဂ္ဂေါ စေဝ၊ မဂ်လည်းမည်၏။ ဟေတု စ၊ ဟိတ်လည်းမည်၏၊ ဣတိအာဒိနာ၊ ဤသို့အစရှိသည်ဖြင့်။ ဝုတ္တနယံ၊ ကို။ ဒဿေတုံ၊ ငှါ။ သမ္မာဒိဋ္ဌိသယန္တိအာဒိ၊ ကောားကို။ အာဟ၊ ပြီ။ ပန၊ အဘူးကို ဆိုဦးအံ့။ တတ္ထ၊ ထိုနိက္ခေပကဏ္ဍ၌။ အသင်္ဟိတသင်္ဂဟနဝသေန၊ အသင်္ဟိတဖြစ်သောမဂ္ဂင်ကို သင်္ဂြိုဟ်သည်၏အစွမ်းဖြင့်။ ပဝတ္တာယ၊ ဖြစ်သော၊ ပဋ္ဌိပါဠိယာ၊ အစဉ်အားဖြင့်။ တယော၊ ကုန်သော။ နယာ၊ တို့ကို။ ဝုတ္တာ၊ ကုန်၏။ ဟေတုဗဟုတာဝသေန၊ ဟိတ်များသည်၏ အစွမ်းအားဖြင့်။ တတိယော၊ နိက္ခေပကဏ္ဍ တတိယနည်းကို။ ဣဓ၊ ဤမဂ္ဂါရမ္မဏတိက်အဖွင့် အဋ္ဌက-ထာ၌။ ဒုတိယော၊ ဒုတိယနည်းကို။ ကတွာ၊ ပြု၍ အာစရိယေန၊ သည်။ ဝုတ္တော၊ ၏။

၄၃။ မဂ္ဂကိစ္စံ၊ မဂ်ကိစ္စဟူသည်ကား။ ပရိညာဒိ၊ ပရိညာ အစရှိသောကိစ္စတည်း။ ဝါ၊ ပရိညာဒိ၊ ပရိညာအစရှိသောကိစ္စသည်။ မဂ္ဂကိစ္စံ၊ မဂ်ကိစ္စမည်၏။ အဋ္ဌင်္ဂိကမဂ္ဂသမ္မာဒိဋ္ဌိ-မဂ္ဂသမ္ပယုတ္တာလောဘာဒေါသသင်္ခါတေဟိ၊ အဋ္ဌင်္ဂိကမဂ် သမ္မာဒိဋ္ဌိမဂ်နှင့် ယှဉ်သော အလောဘ အဒေါသဟု ဆိုအပ်ကုန်သော။ မဂ္ဂဟေတူဟိ၊ မဂ်နှင့်ယှဉ်သော ဟိတ်တို့ဖြင့်။ မဂ္ဂသမ္ပယုတ္တခန္ဓေသသမဂ္ဂင်္ဂသမ္မာဒိဋ္ဌိနံ၊ မဂ်နှင့် ယှဉ်သော နာမက္ခန္ဓာ, သမ္မာဒိဋ္ဌိမှ ကြွင်းသောမဂ္ဂင် သမ္မာဒိဋ္ဌိတို့၏။ သဟေတုကဘာဝဒဿနတော၊ သဟေတုက၏ အဖြစ်ကို ပြခြင်းကြောင့်။ ဝါ၊ ဟိတ် ရှိသည်၏အဖြစ်ကို ပြခြင်းကြောင့်။ တိဏ္ဏံ နယာနံ၊ သုံးပါးသောနည်းတို့ကို။ အသင်္ဟိတသင်္ဂဟနဝသေနာတိ၊ အသင်္ဟိတသင်္ဂဟနဝသေန ဟူ၍။ အာစရိ-

**နိက္ခေပကဏ္ဍပါဠိ၌ယံ** တတိယံ ဝုတ္တနယော ဣဓ **အဋ္ဌကထာယံ** ဒုတိယံ ဝုတ္တော ဟူ၍လည်း **အနုဋီကာ (၄၉)** ၌ မိန့်ပြီ။

ယင်း အနုဋီကာပါဌ်၌ "သမ္ပယုတ္တာလောဘာဒေါသသခ်ါတေဟိ" ဟု သမ္ပယုတ္တသဒ္ဒါဖြင့် မိန့်ဆိုတော်မူလေသောကြောင့် မကြည့်မူ၍ ကောက်သင့်သည်။

၄၄။ ကတမေ ဓမ္မာ မဂ္ဂဟေတုကာ။ အရိယမဂ္ဂသမင်္ဂိဿ မဂ္ဂင်္ဂါနိ ဌပေတွာ တံသမ္ပယုတ္တော ဝေဒနာက္ခန္ဓော ။ပ။ ဝိညာဏက္ခန္ဓော၊ ဣမေ ဓမ္မာ မဂ္ဂဟေတုကာ။ အရိယမဂ္ဂသမင်္ဂိဿ သမ္မာဒိဋ္ဌိ မဂ္ဂေါ စေဝ ဟေတု စ၊ သမ္မာဒိဋ္ဌိံ ဌပေတွာ တံသမ္ပယုတ္တော ဝေဒနာက္ခန္ဓော ။ပ။ ဝိညာဏက္ခန္ဓော၊ ဣမေ ဓမ္မာ မဂ္ဂဟေတုကာ။ အရိယမဂ္ဂသမင်္ဂိဿ အလောဘော အဒေါသော အမောဟော၊ ဣမေ ဓမ္မာ မဂ္ဂဟေတူ။ တံသမ္ပယုတ္တော ဝေဒနာက္ခန္ဓော။ပ။ ဝိညာဏက္ခန္ဓော။ ဣမေ ဓမ္မာ မဂ္ဂဟေတုကာ။

ဟူသော နိက္ခေပကဏ္ဍ ပါဠိတော် (၂၁၂) ၌လည်း ပဌမနည်း, ဒုတိယနည်းမှာ **ဌပေတွာ**-သဒ္ဒါ ပါသည်၊ တတိယနည်းမှာ မပါ။ ထို့ကြောင့် မကြည့်မူ၍ ကောက်သင့်သည်။

## သာဓကေနက်

ယေန၊ သည်။ ဝုတ္တံ၊ ၏။ ဟေတုဗဟုတာဝသေနာတိ၊ ဟူသည်ကား။ ဗဟုဟေတုကဿ၊ များသော ဟိတ်ရှိသော။ ပဌမနယဿ၊ ပဌမနည်း၏။ အနန္တရံ၊ အခြားမဲ့၌။ ဗဟုဟေတုကဘာဝသာမညေန၊ များသော ဟိတ် ရှိသည်၏ အဖြစ်ဖြင့် တူသည်၏ အဖြစ်ကြောင့်။ နိက္ခေပကဏ္ဍပါဠိယံ၊ နိက္ခေပကဏ္ဍပါဠိတော်၌။ တတိယံ၊ သုံးခုမြောက်၌။ ဝုတ္တနယော၊ ဟောတော်မူအပ်သောနည်းကို။ ဣဓ အဋ္ဌကထာယံ၊ဤအဋ္ဌကထာ၌။ ဒုတိယံ၊ နှစ်ခုမြောက်၌။ အဋ္ဌကထာစရိယေန၊ သည်။ ဝုတ္တော၊ ၏။

၄၄။ ကတမေ ဓမ္မာ၊ အဘယ်တရားတို့သည်။ မဂ္ဂဟေတုကာ၊ မဂ္ဂဟေတုကမည်ကုန်သနည်း။ အရိယမဂ္ဂသမင်္ဂိဿ၊ အရိယမဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏။ မဂ္ဂင်္ဂါနိ၊ မဂ္ဂင်တို့ကို။ ဌပေတွာ၊ ထား၍။ တံသမ္ပယုတ္တော၊ ထိုမဂ္ဂင်နှင့်ယှဉ်သော။ ဝေဒနာက္ခန္ဓော၊ ဝေဒနာက္ခန္ဓာ ၎င်း။ပ။ ဝိညာဏက္ခန္ဓော၊ ဝိညာဏက္ခန္ဓာ၎င်း။ ဣမေ ဓမ္မာ၊ ဤတရားတို့သည်။ မဂ္ဂဟေတုကာ၊ မဂ္ဂဟေတုကမည်ကုန်၏။ အရိယမဂ္ဂသမင်္ဂိဿ၊ ၏။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိသည်။ မဂ္ဂေါ စေဝ၊ မဂ်လည်း မည်၏။ ဟေတု စ၊ ဟိတ်လည်း မည်၏။ သမ္မာဒိဋ္ဌိံ၊ ကို။ ဌပေတွာ၊ ၍။ တံ သမ္ပယုတ္တော၊ ထိုသမ္မာဒိဋ္ဌိနှင့်ယှဉ်သော။ ဝေဒနာက္ခန္ဓော၊ ၎င်း။ပ။ ဝိညာဏက္ခန္ဓော၊ ၎င်း။ ဣမေ ဓမ္မာ၊ တို့သည်။ မဂ္ဂဟေတုကာ၊ ကုန်၏။ အရိယမဂ္ဂသမင်္ဂိဿ၊ ၏။ အလောဘော၊ အလောဘ၎င်း။ အဒေါသော၊ အဒေါသ၎င်း။ အမောဟော၊ အမောဟ၎င်း။ ဣမေ ဓမ္မာ၊ တို့သည်။ မဂ္ဂဟေတူ၊ မဂ္ဂဟေတု မည်ကုန်၏။ တံသမ္ပယုတ္တော၊ ထို အလောဘ, အဒေါသ, အမောဟနှင့် ယှဉ်သော။ ဝေဒနာက္ခန္ဓော၊ ၎င်း။ပ။ ဝိညာဏက္ခန္ဓော၊ ၎င်း။ ဣမေ ဓမ္မာ၊ တို့သည်။ မဂ္ဂဟေတုကာ၊ ကုန်၏။

၄၅။ မဂ္ဂဟေတုကနိဒ္ဒေသေ ပဌမနယေန ပစ္စယဋ္ဌေန မဂ္ဂဟေတုနာ သမ္ပယုတ္တာနံ ခန္ဓာနံ သဟေတုကဘာဝေါ ဒဿိတော။ ဒုတိယနယေန မဂ္ဂဘူတေန သမ္မာဒိဋ္ဌိသင်္ခါတေန ဟေတုနာ သေသမဂ္ဂင်္ဂါနံ သဟေတုကဘာဝေါ ဒဿိတော။ တတိယနယေန မဂ္ဂေ ဥပ္ပန္နဟေတူဟိ သမ္မာဒိဋ္ဌိယာ သဟေတုကဘာဝေါ ဒဿိတောတိ ဝေဒိတဗ္ဗော။

ဟူသော နိက္ခေပကဏ္ဍ အဋ္ဌကထာ (၃၉၂) ၌ မဂ္ဂေ ဥပ္ပန္နဟေတု·သဒ္ဒါဖြင့် မိန့်ဆိုတော်မူလေသောကြောင့် မကြည်မူ၍ ကောက်သင့်သည်။

ထိုကြောင့် မဏိဒီပ၌—

၄၆။ ဧတ္ထ စ ပဌမနယေ မဂ္ဂင်္ဂါနိ ဌပေတွာ တံသမ္ပယုတ္တာဝ စတ္တာရော ခန္ဓာ မဂ္ဂဟေတုကာ ဟောန္တိ၊န တာနိ။ ကသ္မာ၊ ပါဠိယံ မဂ္ဂင်္ဂါနိ ဌပေတွာတိ ဝုတ္တတ္တာ။ တာနိ ပန မဂ္ဂဟေတူ ဧဝ ဟောန္တိ၊

## သာခကနက်

၄၅။ မဂ္ဂဟေတုကနိဒ္ဒေသေ၊ မဂ္ဂဟေတုကနိဒ္ဒေသ၌။ အတ္ထော၊ ကို။ ဧဝံ သို့။ ဝေဒိတဗ္ဗော၊ အပ်၏။ ပဌမနယေန၊ ပဌမနည်းဖြင့်။ ပစ္စယဋ္ဌေန၊ ကျေးဇူးပြုတတ်သော အနက် သဘောကြောင့်။ မဂ္ဂဟေတုနာ၊ မဂ်နှင့်ယှဉ်သော ဟိတ်နှင့်။ သမ္ပယုတ္တာနံ၊ ယှဉ်ကုန်သော။ ခန္ဓာနံ၊ ခန္ဓာတို့၏၊ သဟေတုကဘာဝေါ၊ သဟေတုကအဖြစ်ကို။ ဒဿိတော၊ ပြအပ်၏။ ဒုတိယနယေန၊ ဖြင့်။ မဂ္ဂဘူတေန၊ မဂ်ဖြစ်၍ ဖြစ်သော။ သမ္မာဒိဋ္ဌိသင်္ခါတေန၊ သမ္မာဒိဋ္ဌိ ဟု ဆိုအပ်သော။ဟေတုနာ၊ ဟိတ်ဖြင့်။ သေသမဂ္ဂင်္ဂါနံ၊ ကြွင်းသော မဂ္ဂင်တို့၏။ သဟေတုကဘာဝေါ၊ကို။ ဒဿိတော၊ ၏။ တတိယနယေန၊ဖြင့်။ မဂ္ဂေ၊မဂ်၌။ ဥပ္ပန္နဟေတူဟိ၊ ဖြစ်သော ဟိတ်တို့ဖြင့်။ သမ္မာဒိဋ္ဌိယာ၊ ၏။ သဟေတုကဘာဝေါ၊ ကို။ ဒဿိတော၊ ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ ၏။

၄၆။ စ၊ ဆက်၍ ဆိုဦးအံ့။ ဧတ္ထ၊ ဤမဂ္ဂါရမ္မဏတိက်၌။ ပဌမနယေ၊ ပဌမနည်း၌။ မဂ္ဂင်္ဂါနိ၊ မဂ္ဂင်တို့ကို။ ဌပေတွာ၊ ထား၍။ တံသမ္ပယုတ္တာ၊ထိုမဂ္ဂင်နှင့် ယှဉ်ကုန်သော။ စတ္တာရော၊ လေးပါးကုန်သော။ ခန္ဓာဝ၊ ခန္ဓာတို့သည်သာလျှင်။ မဂ္ဂဟေတုကာ၊ မဂ္ဂဟေတုက မည်ကုန်သည်။ ဟောန္တိ၊ကုန်၏။ တာနိ၊ ထိုမဂ္ဂင်တို့သည်။ မဂ္ဂဟေတုကာ၊ကုန်သည်။ န ဟောန္တိ၊ ပဖြစ်ကုန်။ ကသ္မာ၊ အဘယ်ကြောင့်နည်း။ ပါဠိယံ၊ ပါဠိတော်၌။ မဂ္ဂင်္ဂါနိ ဌပေတွာတိ၊ ဟူ၍။ ဝုတ္တတ္တာ၊ ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်တည်း။ ပန၊ အနွယကို ဆိုဦးအံ့။ တာနိ၊ထိုမဂ္ဂင်တို့သည်။မဂ္ဂဟေတူ ဧဝ၊ မဂ္ဂဟေတုတို့ မည်ကုန်သည်သာလျှင်။ဟောန္တိ၊ကုန်၏။ ကသ္မာ၊ နည်း။ အတ္တနာ၊ မိမိနှင့်။ သမ္ပယုတ္တာနံ၊ ယှဉ်ကုန်သော။ ခန္ဓာနံ၊ တို့၏။ မဂ္ဂပစ္စယဘာဝေန၊ မဂ္ဂပစ္စည်း၏ အဖြစ်ဖြင့်။ ဟေတုဘာဝတော၊ ဟိတ်ဖြစ်သောကြောင့်တည်း။

တတိယနယေ၊ ၌။ သမ္မာဒိဋ္ဌိံ၊ သမ္မာဒိဋ္ဌိကို။ ဌပေတွာ၊ ထား၍။ တံသမ္ပယုတ္တာ၊ထို သမ္မာဒိဋ္ဌိနှင့်ယှဉ်ကုန်သော။ စတ္တာရော၊ ကုန်သော။ ခန္ဓာဝ၊ တို့သည်သာလျှင်။ မဂ္ဂဟေတုကာ နာမ၊ မည်ကုန်သည်။ ဟောန္တိ ၊ကုန်၏။ သာ၊ ထိုသမ္မာဒိဋ္ဌိသည်။ မဂ္ဂဟေတုကာ နာမ၊ မည်သည်။ န ဟောတိ၊ မဖြစ်။ ကသ္မာ၊ နည်း။ ပါဠိယံ၊ ၌။ သမ္မာဒိဋ္ဌိံ ဌပေတွာတိ၊ ဟူ၍။ ဝုတ္တတ္တာ၊ ကြောင့်တည်း။

ကသ္မာ၊ အတ္တနာ သမ္ပယုတ္တာနံ ခန္ဓာနံ မဂ္ဂပစ္စယဘာဝေန ဟေတု-ဘာဝတော။

တတိယနယေ သမ္မာဒိဋ္ဌိ ဌပေတွာ တံသမ္ပယုတ္တာဝ စတ္တာရော ခန္ဓာ မဂ္ဂဟေတုကာ နာမ ဟောန္တိ၊ န သာ။ ကသ္မာ၊ ပါဠိယံ သမ္မာဒိဋ္ဌိံ ဌပေတွာတိ ဝုတ္တတ္တာ။

တာနိ ပန မဂ္ဂဟေတူယေဝ ဟောန္တိ။ ကသ္မာ၊ အတ္တနာ သမ္ပယုတ္တာနံ ခန္ဓာနံ မဂ္ဂပစ္စယဟေတုပစ္စယဘာဝတော။

သာ ဟိ နိယျာနိကကိစ္စတ္တာ၊ ပရိညာဒိစတုကိစ္စတ္တာ ဝါ တေသံ မဂ္ဂပစ္စယော ဟောတိ၊ တေသံ သုပ္ပတိဋ္ဌိတဘာဝသာ-ဓနတ္တာ၊ မူလဘာဝတော ဟေတုပစ္စယော စာတိ ဒဋ္ဌဗ္ဗာ။

ဒုတိယနယေ မဂ္ဂါ, မဂ္ဂဿ ဝါ သဗ္ဗလောကုတ္တရကုသလ-စိတ္တုပ္ပါဒသင်္ခါတာ စတ္တာရော ခန္ဓာ မဂ္ဂဟေတုကာယေဝ ဟောန္တိ။ ဟူ၍ အရိယဝံသ ဆရာတော် မိန့်တော်မူပြီ။

ဤသို့ ပါဠိ, အဋ္ဌကထာ, ဋီကာ, အနု, မဓု, မဏိဒီပ တို့၌ မုချဆတ်ဆတ် မကြဉ်အပ်, မကြဉ်ထိုက်, မကြဉ်သင့်သည် ကေန်အမှန် ဟူလို။

---

## ၁၇-ဥပ္ပန္နတိက်

ဥပ္ပန္နတိက်၏ ပဌမပုဒ်၌—

၁။ အဒ္ဓါပစ္စုပ္ပန်၊

### သာဝကေနက်

ပန၊ အနွယကို ဆိုဦးအံ့။ တာနိ၊ ထိုမဂ္ဂင်တို့သည်။ မဂ္ဂဟေတူယေဝ၊ တို့သည်သာလျှင်။ ဟောန္တိ၊ ကုန်၏။ ကသ္မာ၊ နည်း။အတ္တနာ၊ မိမိနှင့်။သမ္ပယုတ္တာနံ၊ ကုန်သော။ ခန္ဓာနံ၊ တို့၏။ မဂ္ဂပစ္စယဟေတုပစ္စယဘာဝတော၊ မဂ္ဂပစ္စည်း, ဟေတုပစ္စည်း ဖြစ်ခြင်းကြောင့်တည်း။

ဟိ သစ္စံ၊ မှန်၏။ သာ၊ ထိုသမ္မာဒိဋ္ဌိသည်။ နိယျာနိကကိစ္စတ္တာ ဝါ၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်းကိစ္စ ရှိသည်၏ အဖြစ်ကြောင့်ရင်း။ ပရိညာဒိစတုကိစ္စတ္တာ ဝါ၊ ပရိညာအစရှိသော လေးပါးသော ကိစ္စ ရှိသည်၏ အဖြစ်ကြောင့်ရင်း။ တေသံ၊ ထို မဂ်နှင့်ယှဉ်သော ခန္ဓာတို့၏။ မဂ္ဂပစ္စယော၊ မဂ္ဂပစ္စည်းသည်။ ဟောတိ၊ ၏။ ကသ္မာ၊ နည်း။ တေသံ၊ ထို မဂ်နှင့်ယှဉ်သော ခန္ဓာတို့၏။ သုပ္ပတိဋ္ဌိတဘာဝသာဓနတ္တာ စ၊ ကောင်းစွာတည်သည်၏ အဖြစ်ကို ပြီးစေတတ်သည်၏ အဖြစ်ကြောင့်ရင်း။ မူလဘာဝတော စ၊ အမြစ်အရင်း၏ အဖြစ်ကြောင့်ရင်း။ ဟေတုပစ္စယော၊ ဟေတုပစ္စည်းသည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။

ဒုတိယနယေ၊ ၌။ မဂ္ဂါ၊ မဂ်တို့သည်။ မဂ္ဂဿ ဝါ၊ မဂ်၏လည်း။ သဗ္ဗလောကုတ္တရကုသလ-စိတ္တုပ္ပါဒသင်္ခါတာ၊ အလုံးစုံသော လောကုတ္တရာကုသိုလ် စိတ္တုပ္ပါဒ်ဟု ဆိုအပ်ကုန်သော။ စတ္တာရော၊ ကုန်သော။ ခန္ဓာ၊တို့သည်။ မဂ္ဂဟေတုကာယေဝ၊ မဂ္ဂဟေတုကတို့သည်သာလျှင်။ ဟောန္တိ၊ ကုန်၏။

၂။ သန္တတိပစ္စုပ္ပန်၊
၃။ သမယပစ္စုပ္ပန်၊
၄။ ခဏပစ္စုပ္ပန်၊

ဟူ၍ ပစ္စုပ္ပန် ၄-ပါးတွင် ဥပ္ပန္နသဒ္ဒါသည် ဤ၌ ခဏပစ္စုပ္ပန်ကို ဟောသင့်၏ဟု သိစေခြင်းငှါ ခဏပစ္စုပ္ပန်ဖြစ်သော စိတ် ၇၉-ခု၊ စေတသိက် ၅၂-ခု၊ ရုပ် ၂၈-ခုကို ကောက်ရသည်။

**ခဏပစ္စုပ္ပန် ဟူသည်ကား**—ဥပါဒ်, ဌီ, ဘင် ဟူသော ခဏတ္တယသို့ ရောက်ဆဲ ဟူလိုသည်။

ပစ္စုပ္ပန် ၄-ပါး အကျယ်ကို သမ္မောအဋ္ဌကထာ (၇), ဋီကာဝုတ် အဋ္ဌကထာ (၂၀၀) တို့၌ မိန့်၏။ ဤတိက်၌ ရှေးပုဒ် ပစ္စုပ္ပန်ကာလ, နောက် ၂-ပုဒ်ဖြင့် အနာဂတ်ကာလ၊ ဤသို့ ကာလ ၂-ပါးကို ဟောသည်။

ဒုတိယပုဒ်၌ ဝိပါက် ကမ္မဇရုပ်ကို အခြားအထူးမှု၍ ဟောတော်မူရကား ထိုကိုချန်၍ အနာဂတ်တရားကို ကောက်ရသည်။

တတိယပုဒ်၌ကား အကြောင်းဖြစ်၍ ကမ္မာ့တသိန်း အလွန်မှပင် ဖြစ်လတ္တံ့သည် ဖြစ်စေကာမူ မချွတ် ဖြစ်ရသောကြောင့် အနာဂတ်တရားအဖြစ်ဖြင့် ထိုဝိပါက် ကမ္မဇရုပ်တို့ကို ကောက်ရလေတော့သည်။

---

## ၁၉-အတီတာရမ္မဏတိက်

အတီတာရမ္မဏတိက် ပဌမပုဒ်၌ ဝိရတီကို မကြည့်ပဲ ကောက်သည်လည်း ရှိကြ၏၊ အတိက်ကို ဝိရမိတဗ္ဗဝတ္ထု မယူကောင်းသောကြောင့် ကြည့်မှသာ သင့်ချိမ့်မည်။ ဒုတိယ တတိယမှာ မကြည့်လင့်။ အပ္ပမညာကို သုံးပုဒ်လုံး၌ ကြည့်ရာကား အတိတ်, အနာဂတ်, ပစ္စုပ္ပန် မဆိုကောင်းသော ပညတ်လျှင် အာရုံရှိသောကြောင့်တည်း။ အချို့ ဆိုရိုးများ၌ တိက်မုတ်တွင် လောကုတ္တရာစိတ် ၈-ခု လွတ်၏။ နဝတ္တဗ္ဗာရမ္မဏ ဖြစ်သော နိဗ္ဗာန်သာ အာရုံရှိချေရကား မလွတ်သင့်ချေ။

---

## ၂၁-အဇ္ဈတ္တာရမ္မဏတိက်

အဇ္ဈတ္တာရမ္မဏတိက် ပဌမပုဒ်၌ ဈာန်လည်း သူတပါးစည်းစိမ်ကိုသာ အာရုံပြု၍ ဖြူစွခြင်းလက္ခဏာ ရှိချေသည်၊ အပ္ပမညာလည်း တပါးသော သတ္တဝါ ပညတ်သာ အာရုံရှိချေသည်၊ ထိုကြောင့် ဈာန, အပ္ပမညာ ဒွေ တို့ကို ကြည့်ရလေသည်။

ဒုတိယပုဒ်၌ မစ္ဆရိယသည် မိမိစည်းစိမ်ကိုသာ အာရုံပြု၍ လျှို့ဝှက်ခြင်းလက္ခဏာ ရှိချေရကား ကြဉ်ရလေသည်။

တတိယပုဒ်၌ ၂-ပါးစုံကို အာရုံပြုသည်ကို ဟောရကား ဣဿာ, မစ္ဆရိယ, အပ္ပမညာတို့တွင် ဣဿာ, အပ္ပမညာ သည် ဗဟိဒ္ဓ တရားကိုသာ, မစ္ဆရိယလည်း အဇ္ဈတ္တတရားကိုသာ အာရုံပြုချေသောကြောင့် ထိုတရား ၄-ပါးတို့ကို ကြဉ်ရလေသည်။

---

## ၂၂-သနိဒဿနတိက်

သနိဒဿနတိက် ပဌမပုဒ်၌ သနိဒဿနသဒ္ဒါဖြင့် အထူးမှုအပ်သောကြောင့် သပ္ပဋိဃရုပ် ကောဒသ စင်လေသည်။ မြင်အပ်သောသဘောနှင့်တကွကို သနိဒဿနသဒ္ဒါ ဟောသောကြောင့် ရူပါရုံ မရသင့်တန် ဟူငြားအံ့၊ သိလာပုတ္တကဿ သရီရံ ဆိုသကဲ့သို့ ရူပါရုံမှ တပါး မြင်အပ်သော သဘောမရှိသည် ဖြစ်၍ မပြားသည် ဖြစ်စေကာမူ ပြားသကဲ့သို့ အဘေဒဘေဒူပစာရ အားဖြင့် ဆိုပါသတည်း။ ထိုကြောင့် **အနုဋီကာ (၅၂) ၌—**

> ၄၇။ အညံ ဝိယ ကတွာ ယထာ "သိလာပုတ္တကဿ သရီရ"န္တိ ဟု မိန့်ပြီ။

အဘေဒဘေဒူပစာရလည်း မပြားပဲလျက် ပြားသကဲ့သို့ ခေါ်ဝေါ် စကောင်းသည်၊ ပြားလျက်လည်း မပြားသကဲ့သို့ ခေါ်ဝေါ် စကောင်းသည် ဟူ၍ မခုသာရတ္ထဒီပနီ၌ ဆို၏။

ထိုတွင်ကား မပြားတုံလျက် ပြားသကဲ့သို့ ခေါ်ဝေါ်သည်ကို ဤ၌ လိုအပ်၏၊ ပရမတ္ထအဘေဒဘေဒူပစာရ, ပညတ္တိအဘေဒဘေဒူပစာရ ဟူ၍ ၆-ပါး၊ ၃၆-ပါး ဥပစာရ နည်း၌လာသော ၂-ပါးတွင်သော်ကား ပရမတ္ထအဘေဒဘေဒူပစာရ တည်း။

သရုပ်ကောက်ရိုး၌ အမြွက်မျှသာ ရေးသားအပ်သော

တိကမာတိကာဂဏ္ဌိကား

ဤတွင်ရွေ့ ပြီးပြီ။

### သာဓကေနက်

၄၇။ အညံ ဝိယ၊ တပါးတခြားကဲ့သို့။ ကတွာ၊ ပြု၍။ (ဝုတ္တံ၊ ဟောတော်မူအပ်၏။) ယထာ နည်း။ သိလာပုတ္တကဿ သရီရန္တိ၊ အစရှိသည်တည်း။ သိလာပုတ္တကဿ၊ ကျောက်သားငယ်၏။ သရီရံ၊ ကိုယ်။

# ဒုကမာတိကာဂဏ္ဌိ

## ၁-ဟေတုဒုက်

ဟေတုဂေါစ္ဆက ပဌမဒုက်၌ ဟေတုသည်—— (ဋ္ဌ-၃၄၂-ဋီ-၁၄၃)။

၁။ ဟေတုဟေတု၊
၂။ ဥတ္တမဟေတု၊
၃။ ပစ္စယဟေတု၊
၄။ သာဓာရဏဟေတု—ဟူ၍ ၄-ပါးတည်း။

ထိုတွင်ကား ဟေတုဟေတုကိုသာ ဤ၌ လိုအပ်သောကြောင့် ဟိတ် ၆-ပါးကို ကောက်ရသည်။

အကယ်၍ ဥတ္တမဟေတုကို လိုအံ့၊ ကုသိုလ် အကုသိုလ်ကို ကောက်ရရာ၏။
အကယ်၍ ပစ္စယဟေတုကို လိုသည်ဖြစ်အံ့၊ ပစ္စည်းတရားအကြောင်းဟူသမျှကို ကောက်ရရာ၏။

အကယ်၍ သာဓာရဏ ဟေတုကို လိုသည်ဖြစ်အံ့၊ အဝိဇ္ဇာ စသည်ကို ကောက်ရရာ၏။

ယင်းသို့ မလိုသောကြောင့် ထို ၃-ပါးကို စင်စေလို၍——

၄၈။ မူလဋ္ဌေန ဟေတုသခ်ါတာ ဓမ္မာ-ဟူ၍ အဋ္ဌကထာ (၈၉) ဆရာ မိန့်တော်မူပြီ။

ဟေတုဓမ္မာ, ဟေတူ ဓမ္မာ ဟူ၍ သမာသ်,ဝါကျ ၂-ပါး ရွတ်သင့်ကြောင်းကို အဋ္ဌကထာ (၈၉), ဋီကာ (၄၉) ၌ မိန့်ပြီ။

သဟေတုကဒုက် ဒုတိယာ၌ မောဟမူဒွေ၌ မောဟကို ယူ၍ ပဌမ၌ ကြဉ်ရသည်ကား ထိုမောဟ၌ ဟိတ်ယှဉ်ဘက် မရှိရကား အဟေတုက ဖြစ်သောကြောင့်တည်း။

မောဟကိုကြဉ်လျက် စေတသိက် မလျော့သည်ကား လောဘမူ, ဒေါသမူနှင့် ယှဉ်သည့်မောဟ ကြွင်းသောကြောင့်တည်း။ ဤနည်းအတူ အရာရာ၌ ယူလေ။

### သာကေနက်

၄၈။ မူလဋ္ဌေန၊ ကောင်းစွာတည်သည်၏အဖြစ်ကို ပြီးစေတတ်သော အဖြစ်တည်းဟူသော သကဘ်အနက်ကြောင့်။ ဝါ၊ မူလ၏ အဖြစ်ကြောင့်။ ဟေတုသခ်ါတာ၊ ဟိတ် ဟု ဆိုအပ်ကုန်သော။ ဓမ္မာ၊ တို့သည်။ ဟေတုဓမ္မာ၊ မည်ကုန်၏။

## ၂-သဟေတုကဒုက်

**သဟေတုက** ဆိုသည်၌လည်း ဇနကဟိတ်, သမ္ပယောဂဟိတ် ၂-ပါးတွင် သမ္ပယောဂဟိတ်ကိုသာ ရည်၍ ဆိုသည်။ အကယ်၍ ဇနကဟိတ်ကို ရည်၍ ဆိုငြားအံ့၊ ပဋ္ဌမပုဒ်၌ပင် အဟိတ်စိတ္တဇရုပ်တို့သည် ဝင်ကုန်ရာ၏၊ နိဗ္ဗာန်သာ ဒုတိယ၌ ဝင်ရာ၏၊

ထိုသို့ မလိုအပ်သောကြောင့် ဇနကဟိတ်ကို စင်စေလို၍ **အဋ္ဌကထာ (၇၉)** ၌—

၄၉။ သမ္ပယောဂတော ပဝတ္တေန သဟ ဟေဘုနာတိ သဟေတုကာ-ဟု မိန့်ပြီ။

---

## ၃-ဟေတုသမ္ပယုတ္တဒုက်

ဟေတုသမ္ပယုတ္တဒုက်သည် သဟေတုကဒုက်နှင့် တူလျက် အဘယ့်ကြောင့် ဟောတော်မူပြန်သနည်း ဟူငြားအံ့။

ဒေသနာဝိလာသအားဖြင့်၎င်း, ဝေနေယျဇ္ဈာသယ အားဖြင့်၎င်း ဟော တော်မူပြန်သည် ဟူလေ။

၅၀။ ဒေသနာဝိလာသေန ပန တထာ ဗုဇ္ဈနကာနံ ဝါ ပုဂ္ဂလာနံ အဇ္ဈာသယဝသေန ဝုတ္တာ။ အဋ္ဌကထာ (၇၉)

**တနည်းကား**—တရားကိုယ် မထူးသော်လည်း ပုဒ်အနက် ထူးသောကြောင့် ဟောတော်မူပြန်သည်။

### သာကေနက်

၄၉။ ယေ ဓမ္မာ၊ တို့သည်။သမ္ပယောဂတော၊အညီအညွတ် ဧကုပ္ပါဒ အစရှိသော အပြား တို့နှင့် ယှဉ်သော အားဖြင့်။ ပဝတ္တေန၊ ဖြစ်သော။ ဟေတုနာ၊ ဟိတ်နှင့်။ သဟ၊ တကွ။ ပဝတ္တန္တိ၊ ကုန်၏။ ဣတိ တသ္မာ၊ ကြောင့်။ တေ ဓမ္မာ၊ တို့သည်။ သဟေတုကာ၊ မည်ကုန်၏။

၅၀။ ပန၊ ထိုသို့ပင် အနက် အဓိပ္ပါယ် အထူးအခြား မရှိသော်လည်း၊ ဒေသနာဝိလာ-သေန ဝါ၊ ဒေသနာတော်ကို တင့်တယ်စမ့်ယ်စေတတ်သော ဘုဒ္ဓညုတဉာဏ်တော်ဖြင့်၎င်း။ တထာ-တေဟိ ပကာရေဟိ၊ ထိုသို့ သဟေတုက ဟေတုသမ္ပယုတ္တ အပြားတို့ဖြင့်။ ဗုဇ္ဈနကာနံ၊ သစ္စာလေးပါး တရားကိုသိလတ္တံ့ ကုန်သော။ ပုဂ္ဂလာနံ၊ ပုဂ္ဂိုလ်တို့၏။ အဇ္ဈာသယဝသေန ဝါ၊ အလိုဆန္ဒ၏ အစွမ်းအားဖြင့်၎င်း။ (ဒွေ ဒုကာ၊ သဟေတုကဒုက် ဟေတုသမ္ပယုတ္တဒုက် နှစ်ဒုက် တို့ကို။ ဘဂဝတာ၊ သည်။) ဝုတ္တာ၊ ကုန်၏။

၅၁။ ဓမ္မနာနတ္တာဘာဝေပိ ဟိ ပဒတ္ထနာနတ္တေန ဒုကန္တရံ ဝုစ္စတိ။ ဋီကာ (၄၉)

၅၂။ တေန ပကာရန္တရာပေက္ခံ ဒုကန္တရဝစနန္တိ ဒဿေတိ။ **အနုဋီကာ** (၅၃)။ ဤအတူ တရားကိုယ်တူလျက် ဟောရာ၌ ဆိုလေ။

---

## ၆-နဟေတု သဟေတုကဒုက်

သမ္ဘဝဒုက်သည် **အဋ္ဌကထာနည်း** (ဂ၉), **ဋီကာနည်း** (၄၉), **အနုဋီကာ-နည်း** (၅၃) အားဖြင့် များလှစွာ၏။ ထိုကျမ်းတို့မှ လိုသော် ယူကုန်လင့်။ **ဋီကာဆရာကား** သမ္ဘဝဒုက်ကို ပယ်လည်းပယ်၏၊ ခွင့်ပြုယောင်လည်း မူ၏။ **အနုဋီကာဆရာမြတ်ကား** တရားမင်းဘုရား မဟောသည်ကို မဆိုအပ်ပြီ၊ ဟောရာ၌သာ တည်စကောင်းသောဟု မိန့်တော်မူ၏။

၅၃။ ဓမ္မာနံ ဝါ သဘာဝကိစ္စာဒိံ ဗောဓေတဗ္ဗာကာရဥ္စ ယာထာဝတော ဇာနန္တေန ဓမ္မသာမိနာ ယတ္တကာ ဒုကာ ဝုတ္တာ၊ တတ္တကေသု ဌာတဗ္ဗံ။ အဒ္ဓါ ဟိ တေ ဒုကာ န ဝတ္တဗ္ဗာ၊ ယေ ဘဂဝတာ န ဝုတ္တာတိ ဝေဒိတဗ္ဗံ။ **အနုဋီကာ** (၅၄)

ဂေါစ္ဆကသဒ္ဒါသည် သဒ္ဒါ, အနက်အားဖြင့် အချင်းချင်း စပ်သော ဒုက် အပေါင်း၌ ထင်သော အနိပ္ဖန္နပါဠိပဒိကပုဒ်ဟူ၍ အချို့ဆရာတို့ ဆိုစကုန်၏။

### သာဓကနက်

၅၁။ ဟိ သစ္စံ၊ ၏။ ဓမ္မနာနတ္တာဘာဝေပိ၊ တရားကိုယ်တို့၏ ထူးသည်၏အဖြစ် မရှိသော်လည်း။ ပဒတ္ထနာနတ္တေန၊ သဟေတုကပုဒ် သမ္ပယုတ္တပုဒ်,အနက်တို့၏ ထူးသည်၏ အဖြစ်ကြောင့်။ ဒုကန္တရံ၊ ဒုက်အသူးကို။ ကဘွာ၊ ၍။ ဝုစ္စတိ၊ ဟောတော်မူအပ်၏။

၅၂။ တေန၊ ဤပဒတ္ထနာနတ္တေန ဟူသောပုဒ်ဖြင့်။ ဒုကန္တရဝစနံ၊ ဒုက်အထူးကိုဟောတော်မူခြင်းသည်။ ပကာရန္တရာပေက္ခံ၊ ပကာရ အထူးကို ငဲ့ခြင်းရှိ၏။ ဣတိ ဣမံ အတ္ထံ၊ ဤသို့သော အနက်ကို။ဒဿေတိ၊ ပြတော်မူ၏။

၅၃။ ဝါ၊ တနည်းကား။ ဓမ္မာနံ၊ ပရမတ္ထတရားတို့၏။ သဘာဝကိစ္စာဒိံ၊ သဘာဝကိစ္စအစရှိသည်ကိုရင်း။ ဗောဓေတဗ္ဗာကာရဥ္စ၊ သိစေအပ်သော အခြင်းအရာကိုလည်း။ ယာထာ-ဝတော၊ မဖောက်မပြန်သောအားဖြင့်။ ဇာနန္တေန၊ သိတော်မူသော။ ဓမ္မသာမိနာ၊ တရား၏ အရှင်ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဝါ၊ တရားကြောင့် လူနတ်တို့၏ အရှင် ဖြစ်တော်မူသောမြတ်စွာဘုရားသည်။ ယတ္တကာ၊ အကြင်မျှလောက်ကုန်သော။ဒုကာ၊ဒုက်တို့ကို။ ဝုတ္တာ၊ ကုန်၏။ တတ္တကေသု၊ ထိုမျှအတိုင်းအရှည်ရှိကုန်သော ဒုက်တို့၌။ ဌာတဗ္ဗံ၊ တည် သင့်၏။ ဟိ သစ္စံ၊ ထိုစကားသည် မှန်၏။ ယေ ဒုကာ၊ တို့ကို။ ဘဂဝတာ၊ သည်။ န ဝုတ္တာ၊ ဟောတော်မမူအပ်ကုန်။ တေ ဒုကာ ၊ တို့သည်။ ဝါ၊ တို့ကို။ အဒ္ဓါ၊ မချွတ်ကေန်။ ဝတ္တဗ္ဗာ၊ ဆိုအပ်ကုန်သည်။ န သိယုံ၊ မဖြစ်ကုန်ရာ။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဂေါစ္ဆကသဒ္ဒါသည် ပန်းချက်, ပန်းလက်ကို ဟောရင်း။ ဥပမာ-တဒ္ဓိတ် **အားဖြင့်ကား**—

၅၄။ "ဂေါစ္ဆကမိဝ ဂေါစ္ဆကံ"ဟု ကြံ၍ ဒုက်အပေါင်းကို ဟောသည်။ ဤသို့လည်း အချို့ ဆိုစကုန်၏။

အဋ္ဌကထာ (၇၉) မိန့်ဆိုရိပ်ကို ထောက်၍ သင့်ရာမှာသာ အကြောင်း။

---

## ၇-သပ္ပစ္စယဒုက်

**အဋ္ဌသာလိနီ အဋ္ဌကထာ** (၈၀) ဒုကမာတိကာ အဖွင့်၌ သပ္ပစ္စယဒုက်၏ သံဝဏ္ဏနာကို——

> ၅၅။ **စူဠန္တရဒုကေသု** အတ္တနော နိပ္ဖါဒကေန သဟ ပစ္စယေနာတိ **သပ္ပစ္စယာ**။ နတ္ထိ ဧတေသံ ဥပ္ပါဒေ ဝါ ဌိတိယံ ဝါ ပစ္စယောတိ **အပ္ပစ္စယာ**—ဟု ဖွင့်ဆိုတော်မူသည်။

ရင်းဖွင့်ဆိုတော်မူသည့်အရာကို စိစစ်ခြင်း အနုယောဂနှင့်တကွ အဓိပ္ပါယ်ကို ပြပေအံ့။

အပ္ပစ္စယာ ဓမ္မာ ဟူသော ဒုတိယပုဒ်၏ သံဝဏ္ဏနာကို မိန့်ဆိုသော **အဋ္ဌကထာဆရာ**သည် "**နတ္ထိ ဧတေသံ ပစ္စယောတိ**" ဟူသော သမာသ်ဝါကျကို ပြသဖြင့်ပင် အပ္ပစ္စယပုဒ်၏ အနက် ပြီးကောင်းလျက် "**ဥပ္ပါဒေ ဝါ ဌိတိယံ ဝါ**" ဟူသော ၂-ပါဒကို အပိုအကဲ မိန့်သည်ကား နိဗ္ဗာန်၌ ဥပါဒ် ခဏ ဌီခဏ ရအပ်ကောင်းသကဲ့သို့ သောတုဇနတို့အား ယုံမှား တွေးတောဘွယ်ရှိအောင် မိန့်ဆိုတော်မူယောင်တကားဟု စိစစ်စောဒနာဘွယ်ရှိသည်၊ ယင်းသို့ စိစစ်စောဒနာမှုရာ၌။

### သာဓကနက်

၅၄။ ဂေါစ္ဆကမိဝ၊ ပန်းချက် ပန်းလက်နှင့် တူ၏။ ဣတိ၊ ထိုကြောင့်။ ဂေါစ္ဆကံ၊ ဂေါစ္ဆက မည်၏။

၅၅။ စူဠန္တရဒုကေသု၊ စူဠန္တရဒုက်တို့၌။ အတ္တော၊ ကို။ ဝေ၊ သို့။ ဝေဒိတဗ္ဗော၊ အပ်၏။ ယေ ဓမ္မာ၊ တို့သည်။ အတ္တနော၊ မိမိကို။ နိပ္ဖါဒကေန၊ ပြီးစေတတ်သော။ 'ပစ္စယေန၊ ပစ္စယုပ္ပန် တရားနှင့်တူသော ကာလရှိသော ဟေတု, သဟဇာတ အစရှိသောအကြောင်း, ပစ္စယုပ္ပန်တရားနှင့်တူသော ကာလမရှိသော အနန္တရ, သမနန္တရ အစရှိသောအကြောင်း, ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန် ပညတ် ဟု ဆိုအပ်သော အာရမ္မဏ, အဓိပတိ အစရှိသော အကြောင်းတရားနှင့်။ သဟ၊ တကွ။ ဝတ္တန္တိ၊ ကုန်၏။ ဣတိ တသ္မာ၊ ကြောင့်။ တေ ဓမ္မာ၊ တို့သည်။ သပ္ပစ္စယာ၊ သပ္ပစ္စယ မည်ကုန်၏။ ဧတေသံ ဓမ္မာနံ၊ တို့အား။ ဥပ္ပါဒေ ဝါ၊ ဥပါဒ်ခဏ၌ရင်း။ ဌိတိယံ ဝါ၊ ဌီခဏ၌ရင်း။ ပစ္စယော၊ ဆိုအပ်ပြီးသော သမာနကာလ, အသမာနကာလ, ကာလဝိမုတ်ဖြစ်သော အကြောင်း သုံးပါးသည်။ နတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ကြောင့်။ တေ ဓမ္မာ၊ တို့သည်။ အပ္ပစ္စယာ၊ ကုန်၏။

**ဝိဿဇ္ဇနာကား—**

ငါ့ရှင် အနုယောဂဆရာဆိုတိုင်း "**နတ္ထိ ဧတေသံ ပစ္စယောတိ**" ဟူသော သမာသ်ဝါကျဖြင့် အပ္ပစ္စယပုဒ်၏ အနက်မျှသည် ပြီးကောင်းလျက် "**ဥပ္ပါဒေ ဝါ ဌိတိယံ ဝါ**" ဟူသောပုဒ် ၂-ခုကို ဖြည့်သွင်း၍ မိန့်ဆိုခြင်းသည်ကား "**အပ္ပစ္စယာ ဓမ္မာ**" ဟူသောပုဒ်၌ ပဠိသေဓတ္ထဇောတကဖြစ်သော အ-အက္ခရာ၏ သာမတ္ထိယ သဘောနှင့်တကွ သပ္ပစ္စယပုဒ်၏ အနက်ကို ပြည့်စုံစွာ သိစေခြင်းအကျိုးငှါ ဆိုတော်မူသည်။

အဘယ်သို့ **အပ္ပစ္စယာ ဓမ္မာ** ပုဒ်၌ အ-အက္ခရာသည် ပဠိသေဓတ္ထဇောတက ဖြစ်သနည်းဟူမူ—

ပစ္စယုပ္ပန်ဖြစ်သော နာမ်, ရုပ်တရားသည် ပစ္စည်းတရားနှင့် စပ်ခြင်းရှိသည်၏ အဖြစ်ကြောင့် နိဗ္ဗာန်သည် ပစ္စယုပ္ပန်တရား မဟုတ်ခဲ့ရကား ပစ္စည်းတရားနှင့် စပ်ခြင်းရှိသည်၏အဖြစ်ကို မြစ်၍ ပစ္စည်းတရားနှင့် စပ်ခြင်းမရှိသည်၏အဖြစ်ကို ထွန်းတတ်,ပြတတ်သည် ဟူလို။

**အပ္ပစ္စယာ ဓမ္မာ** ပုဒ်၌ အ-အက္ခရာသည် ငါ့ရှင် ပရိဟာရ်ဆရာဆိုတိုင်း ပစ္စည်းတရားနှင့် စပ်ခြင်းရှိသည်၏ အဖြစ်ကို မြစ်၍ ပစ္စည်းတရားနှင့် စပ်ခြင်းမရှိသည်၏ အဖြစ်ကို ထွန်းတတ် ပြတတ်သည် ဖြစ်ရကား "**ဥပ္ပါဒေ ဝါ ဌိတိယံ ဝါ**" ပုဒ်ကို မဆို မမိန့်ပဲပင် နိဗ္ဗာန်တရား၏ **အပ္ပစ္စယ** အဖြစ်ကို ထင်ရှားစွာ သိအပ်သည်ဖြစ်၍ ဤ၌ ယင်း ၂-ပုဒ်ကို မိန့်ဆိုခြင်း၌ အကျိုးမထင်၊ ဆိုခဲ့တိုင်းသော ယုံမှားတွေးတောဘွယ်ရှိစရာ အပြစ်သာမြင်သည် ဟူငြားအံ့ -

ငါ့ရှင် အနုယောဂဆရာ....အဋ္ဌကထာ ဆရာကို ငါ့ရှင် ဤသို့စကား မထိပါးကောင်း၊ သင့်မြတ်သော အကြောင်းယုတ္တိဖြင့်သာ သိမှတ်အပ်သည်။

သိမှတ်သင့်သော အကြောင်းယုတ္တိကား - "**သပ္ပစ္စယာ ဓမ္မာ**" ဟူသော ပဌမပုဒ်၏ အနက်ကို—

"အတ္တနော နိပ္ဖါဒကေန သဟ ပစ္စယေနာတိ **သပ္ပစ္စယာ**" ဟု **အဋ္ဌကထာ** (၉၀)ဆရာ မိန့်ဆိုသောကြောင့် **သပ္ပစ္စယာ ဓမ္မာ**-၏ အရဖြစ်သော စိတ်, စေတသိက်, ရုပ် ဟူသော ပစ္စယုပ္ပန်တရားသည် အကြောင်းနိပ္ဖါဒက ဖြစ်သော ပစ္စည်းတရားနှင့် စပ်ခြင်းရှိသည်၊ ပစ္စယုပ္ပန်ဖြစ်သော ဤ နာမ်,ရုပ်တရား၏ ပစ္စည်းတရားနှင့်စပ်ခြင်းရှိသည်၏အဖြစ်သည်လည်း(အဖြစ်ကိုလည်း)ထိုပစ္စယုပ္ပန် နာမ်,ရုပ်တရား၏ ဥပါဒ်ခဏ,ဌီခဏ၌သာ ရှိသည်,ရအပ်သည်၊ ဘင်ခဏ၌ မရှိ, မရအပ်။

**ပဋိသေဓ** ဟူသည်လည်း မြစ်အပ်ကောင်း, ပယ်အပ်ကောင်းသော ဝတ္ထု သဘောရှိရာ ရအပ်ရာ ဌာန၌သာ မြစ်ရခြင်း, ပယ်ရခြင်း အကျိုးရှိသည်၊ မြစ်

ကောင်း, ပယ်ကောင်းသော ဝတ္ထုသဘော မရှိရာ, မရရာ ဌာန၌ မြစ်ရခြင်း, ပယ်ရခြင်း အကျိုးမရှိ။

ဤ **အပ္ပစ္စယာ ဓမ္မာ** ဟူသော ဒုတိယပုဒ်သည်လည်း သပ္ပစ္စယာ ဓမ္မာ ဟူသော ပဌမပုဒ်ဖြင့် ပြတော်မူအပ်သော ပရမတ္ထဓမ္မ သဘာဝကို မြစ်တော်မူသောအားဖြင့် ပဌမပုဒ်အရမှတပါး အသီးအခြားဖြစ်သော ပရမတ္ထသဘာဝကို ပြတော်မူသောအရာ ဖြစ်သောကြောင့် ပဋိသေဓတ္ထဇောတက ဖြစ်သော အ-အက္ခရာသည် ပဋိသေဓ မြစ်သည်ရှိသော် မြစ်ကောင်း, ပယ်ကောင်းသော ဝတ္ထုသဘော ရှိရာ,ရရာဌာန မဟုတ်သော ပစ္စယုပ္ပန် နာမ်,ရုပ်တရား၏ ဘင်ခဏ၌ သပ္ပစ္စယဖြစ်သော အကြောင်းကို မြစ်လေသလောဟု တွေးတောသက်ာ မဖြစ်ရာ၊ စင်စစ်ကား ဥပါဒ်ခဏ, ဌီခဏ ၂-ပါး၌သာ အကြောင်းဖြစ်သော ပစ္စည်းတရား ရှိသည်, ရအပ်သည်ဖြစ်၍ ထို ၂-ပါးသောခဏ၌ ရအပ်ကောင်းသော ပစ္စယ ဖြစ်သောအကြောင်းကို မြစ်သောအားဖြင့် အကြောင်းဖြစ်သော ပစ္စည်းတရား မရှိ ဟူလေသလောဟု ဖြစ်သော သောတုဇနတို့အား ယုံမှားသက်ာ ကင်းစေကြောင်းဖြစ်သော ပဋိသေဓ၏ သဘောသာမတ္ထိယနှင့် တကွ ပစ္စယပုဒ်၏ အနက်သဘောကို ပြည့်စုံစွာ သိစေခြင်းအကျိုးငှါ **"နတ္ထိ ဧတေသံ ပစ္စယောတိ"** ဟု သာမန်ဝါကျဖြင့်သာ မပြီးစေပဲ **"ဥပ္ပါဒေ ဝါ ဌိတိယံ ဝါ"**ဟူသော နှစ်ပါဒကို ထပ်ဖြည့်၍ အဋ္ဌကထာသခင် အရှင်မြတ် မိန့်ဆိုတော်မူသည်။ နိဗ္ဗာန်၌ ဥပါဒ်ခဏ, ဌီခဏ ရအပ်ကောင်းသောကြောင့် ဆိုသည်မဟုတ်။

နိဗ္ဗာန်၌ ဥပါဒ်ခဏ,ဌီခဏ မရမရှိ ဟုသိအပ်သော အကြောင်းယုတ္တိကား—

ခဏ ၃-ပါးနှင့်ပြည့်စုံသောပရမတ္ထတရားအပေါင်း၌ ထိုက်သည်အားလျော်စွာ က် အစရှိသောအကြောင်း, ဟေတု, အာရမ္မဏ အစရှိသော အကြောင်းဖြစ်သော ပစ္စည်းနှင့် စပ်ခြင်းရှိသော သဘောကို ရအပ်သည်ချည်း။

ရအပ်ရာတွင် နိဗ္ဗာန်ဟူသော ပရမတ္ထဓမ္မ၌ ပစ္စယသဘာဝမရှိဟု မြစ်တော်မူသည်ဖြစ်က သဘာဝနှင့် သဘာဝတ္ထတရားသည် အသီးအခြား မရကောင်းသောကြောင့် သဘာဝဝန္တဖြစ်သော ဥပါဒ်ခဏ, ဌီခဏလည်း မရမရှိဟု ယုံမှား သက်ာ မကပ်မငြိ သိမှတ်အပ်သင့်သည့်အနက် ပြီးကောင်းတော့သည်။ **"နတ္ထိ ဧတေသံ"** စသည်ဖြင့် ပြတော်မူသော ဝါကျ၌လည်း "ဧတေသံ"ကို သမ္ဗန်အနက်ယူ၍ "ပစ္စယော နတ္ထိ"မှာ ယှဉ်၊ "ဥပ္ပါဒေ ဝါ ဌိတိယံ ဝါ" ၂-ပုဒ် မှာ မယှဉ်သင့်၊ ယင်း ၂-ပုဒ်ကိုမူကား ယခုပြဆိုခဲ့သော သဘာဝတ္ထအဓိပ္ပါယ်ကို သောတုဇနတို့ သိစေလိုသောကြောင့် ပြဆိုတော်မူသည်ဟု ယုံကြည်လေးမြတ် မှတ်အပ်သည်ဟူလို။

ဒုဗ္ဗိဇာနံ ဌာနမိဒံ သာဓုကံ သလ္လက္ခေတဗ္ဗံ။

## ဂ-သခ်တဒုက်

စူဠန္တရဒုက်၌ အရ တရားကိုယ်သည် နိဗ္ဗာန်သာဖြစ်လျက် "**အပ္ပစ္စယာ၊ အသင်္ခတာ**" ဟူ၍ အဘယ့်ကြောင့် ဗဟုဝုစ် ဟောတော်မူသနည်း ဟူငြားအံ့၊ မဆုံးဖြတ်အပ်သေးသော အနက်အပိုင်းအခြားရှိသည်ကို ပြသည်၏အစွမ်းအားဖြင့် မာတိကာ ထားကာမျှ ဖြစ်သောကြောင့် ဟောတော်မူသည် ဟူလေ။

၅၆။ **တ္တေ စ အပ္ပစ္စယာ အသင်္ခတာ**တိ ဗဟုဝစနနိဒ္ဒေသော အဝိနိစ္ဆိတတ္ထ-
ပရိစ္ဆေဒဒဿနဝသေန မာတိကာ ဌပနတော ကတောတိ ဝေဒိတဗ္ဗော။

ဟူ၍ လာသော ဋီကာ (၅၁)·နှင့်ရင်း၊ သဒ္ဒနီတိနှင့်ရင်း အညီတည်း။

**တနည်း—** ဗဟုဝုစ် ဒေသနာအယဉ်၌ ကျပါသောကြောင့် ဟောတော်မူသတည်း။

၅၇။ ဗဟုတ္တာနမ္ပိ ကေတ္ထေ၊ သမာရောပနတော ဗဟု-
ဝစနံ ဒေသနာသောတေ၊ ပတိတတ္တာ စ မနျတေ။

ဟူ၍လာသော **သဒ္ဒတ္ထဘေဒစိန္တာ** (ဂါထာနံပါတ်-၁၃၅) နှင့်အညီ။

ယင်း **ဘေဒစိန္တာ** စကားကို **သဒ္ဒနီတိ** ဆရာ ပယ်၏။

**ပယ်ဟန်ကား—** ဒေသနာ အယဉ်၌ ကျသည်ဆိုသော် ဘုရားသခင်ပင် သတိ-သမ္ပဇဉ်ကင်း၍ ဗဟုဝုစ်စပ်၍ ဟောမိလေသည်ဟု စကားကျရကား မသင့်သည်သာ ဤသို့ပယ်၏။

၅၈။ ကေစိ ပန ဒေသနာသောတပါတဝသေန ဗဟုဝစနပ္ပယောဂါ-
တိပိ ဝဒန္တိ၊ တံ န ဂဟေတဗ္ဗံ။ န ဟိ တထာဂတော သတိသမ္ပ-
ဇညရဟိတော ဓမ္မံ ဒေသေတိ။ ယုတ္တိပိ စ န ဒိဿတိ။

## သာဓကနက်

၅၆။ စ၊ ဆက်၍ဆိုဦးအံ့။ တ္တေ၊ ဤစူဠန္တရဒုက်၌။အပ္ပစ္စယာ အသင်္ခတာတိ၊ ဟူ၍။ဗဟု-ဝစနနိဒ္ဒေသော၊ ဗဟုဝုစ် ဝိဘတ်ဖြင့် ပြတော်မူခြင်းကို။ အဝိနိစ္ဆိတတ္ထပရိစ္ဆေဒဒဿနဝသေန၊ မဆုံးဖြတ်အပ်သော အနက်ကို ပိုင်းခြားခြင်းကို ပြသည်၏ အစွမ်းဖြင့်။ မာတိကာဌပနတော၊ မာတိကာကို ထားအပ်သောကြောင့်။ ကတော၊ ပြုတော်မူအပ်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။

၅၇။ ဗဟုတ္တာနမ္ပိ၊ များစွာသော အနက်တို့ကိုလည်း။ ကေတ္ထေ၊ တခုတည်းသော အနက်၌။ သမာရောပနတော စ၊ တင်အပ်သည်၏ အဖြစ်ကြောင့်ရင်း။ ဒေသနာသောတေ၊ ဗဟုဝုစ် ဒေသနာ အယဉ်၌။ပတိတတ္တာ စ၊ ကျသည်၏ အဖြစ်ကြောင့်ရင်း။ ဗဟုဝစနံ၊ ဗဟုဝုစ်ကို။ မနျတေ၊ သိအပ်၏။

၅၈။ ပန၊ ကေစိဝါဒကို ဆိုဦးအံ့။ ကေစိ၊ အချို့သော ဆရာတို့သည်။ဒေသနာသောတ-ပါတဝသေန၊ ဗဟုဝုစ် ဒေသနာအယဉ်၌ ကျသည်၏ အစွမ်းအားဖြင့်။ ဗဟုဝစနပ္ပယောဂါ၊

ဤကား လာသည့်ပါဠိ။ (သဒ္ဒနီတိပဒမာလာ-ပဌမဘာဂ-ဘူဓာတုက) ကြိယာ ပဒမာလာ မှာရှု။

**သဒ္ဒသာရတ္ထဇာလိနီ** (ဂါထာနံပါတ်-ဂ၃) ၌လည်း ပိုင်းခြားထိုက်သည်ကို မပိုင်းခြားရာ၌ဖြစ်၍ ဗဟုဝုစ်ဟောသည်ဟု တထွေလာ၏။

၅၉။ အဗဟုတ္တေ သတိယေဝ၊ အတ္တနိ စ ဂရုသု စ။
အပရိစ္ဆေဒါရဟစ္ဆေဒေ၊ ဣတျာဒီသု ဗဟု ဘဝေ။

သည် စကားသုံးရပ်တွင် မူလဋီကာစကားသာ သဘောကိုထောက်သော် သင့်တင့်လှသည်ဟု ဆရာတို့ မိန့်ကုန်၏။

---

## ၉-သနိဒဿနဒုက်

သနိဒဿနဒုက်ကား ရူပါရုံ တခုပင် ဖြစ်မူလည်း အတိတ်, အနာဂတ် စသော အပြားကိုငဲ့၍ ဗဟုဝုစ် ဟောတော်မူသည် ဟု ယူရမည်။

---

## ၁၃-ကေနစိဝိညေယျဒုက်

ကေနစိဝိညေယျဒုက်၌ အရသည် ပဌမ ဒုတိယ၌ပင် တူခဲ့၊ ယင်းသို့တူသော် ဘယ်သို့ ဒုက်ဖြစ်နိုင်မည်နည်း၊ ဒုက်မဖြစ်ရာပြီတကား ဟူငြားအံ့၊ ဝိညေယျ အရ မမွ ပြားသောကြောင့် ဖြစ်ရာ၏ ဟူလေ။ ဤကား **အဋ္ဌကထာ (၉၀)** **ဆရာ** အလိုတော်။

**အကျယ်အဓိပ္ပါယ်ကား—** ကေနစိ ၂-ပုဒ်၏ အရကို စက္ခုဝိညာဉ် ယူခိုက် ဝိညေယျ အရသည် ရူပါရုံဖြစ်၏၊ န ဝိညေယျ အရသည် သဒ္ဒါရုံစသော အကြွင်း အာရုံ ၅-ပါးဖြစ်၏။

### သာဓကေနက်

ဗဟုဝုစ်နှင့် ယှဉ်ခြင်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိပိ၊ သို့လည်း။ ဝဒန္တိ၊ ဆိုကုန်၏။ တံ၊ ထို ကေစိဆရာတို့ စကားကို။ န ဂဟေတဗ္ဗံ၊ မယူအပ်။ ကသ္မာ၊ အဘယ့်ကြောင့်နည်း။ ဟိ ယသ္မာ၊ အကြင့်ကြောင့်။ တထာဂတော၊ မြတ်စွာဘုရားသည်။ သတိသမ္ဗဇညရဟိတော၊ သတိသမ္ပဇဉ် မှ ကင်းသည်ဖြစ်၍။ ဓမ္မံ၊ ကို။ န ဒေသေတိ၊ ဟောတော်မမူ။ ယုတ္တိပိ စ၊ အသင့်ယုတ္တိသည်လည်း။ န ဒိဿတိ၊ မထင်။ တသ္မာ၊ ထိုကြောင့်။ န ဂဟေတဗ္ဗံ၊ မယူအပ်။

၅၉။ အဗဟုတ္တေ၊ တခုတည်းသော အနက်သည်။ သတိယေဝ၊ ရှိလျက်သာလျှင်။ အတ္တနိ စ၊ မိမိ၌ရင်း။ ဂရုသု စ၊ အလေးပြုအပ်သော သူတို့၌ရင်း။ အပရိစ္ဆေဒါရဟစ္ဆေဒေ စ၊ ပိုင်းခြားထိုက်သောအရာကို မပိုင်းခြားရာ၌ရင်း။ ဣတျာဒီသု၊ တို့၌။ ဗဟု၊ ဗဟုဝုစ်သည်။ ဘဝေ၊ ဖြစ်၏။

ဤအတူ သောတ, ဃာန, ဇိဝှါ, ကာယဝိညာဉ်၌ လှည့်၍ လှည့်၍ ယူလေ။

မနောဝိညာဉ်၌ကား အတိတ်, အနာဂတ်, ပစ္စုပ္ပန် တရား ၃-ပါးတွင် ကပါးပါးကို အာရုံပြုခိုက် ဝိညေယျအရသည် အာရုံပြုအပ်သော တပါးပါးဖြစ်၏။ န ဝိညေယျ အရသည် အာရုံ မပြုအပ်သော တပါးပါးဖြစ်၏။ ဤသို့ ဝိညေယျ၏အရ ထူးသောကြောင့် ဒုက်ဖြစ်သည် ဟူလိုသည်။

**ဋီကာ (၅၁) ဆရာအလိုကား—** ကေနစိအရ ဝိညာဉ်ပြားသောကြောင့် ဒုက်ဖြစ်သည် ဟူလိုသည်။

**အဓိပ္ပါယ်အကျယ်ကား—** ရှေး ကေနစိ အရကို စက္ခုဝိညာဉ် ယူ၍ ဝိညေယျ အရသည် ရူပါရုံဖြစ်၏။ နောက် ကေနစိ အရကို သောတဝိညာဉ်စသည် ယူ၍ န ဝိညေယျ အရသည် ရူပါရုံ ၎င်းပင် ဖြစ်၏။ ဤအတူ ကြွင်းသော ဝိညာဉ် အာရုံ၌လည်း နည်းတူယူလေ။ ဤသို့ ကေနစိ အရ ဝိညာဉ်ပြားသောကြောင့် ဒုက်ဖြစ်သည် ဟူလိုသည်။

ဤ အဋ္ဌကထာ,ဋီကာ ဆရာဝါဒ ၂-ပါးတွင် အဋ္ဌကထာဆရာဝါဒကိုသာ အနုဋီကာ (၅၅) ဆရာနှင့် ဂူဠ္ဌတ္ထဝိနိစ္ဆယဆရာတို့ နှစ်သက်တော်မူကြ၏။ မူလဋီကာဆရာဝါဒ ကိုကား နှစ်သက်တော်မမူကုန်။

---

## ၁၅-သာသဝဒုက်

**အာသဝဂေါစ္ဆက**၌ သာသဝဒုက်ဝယ် သ-သဒ္ဒါသည် သဟသဒ္ဒါ၏ ကာရိယ ဖြစ်၍ တကွဖြစ်ခြင်းအနက်ကို ဟော၏။ ယင်းသို့ ဟောသောကြောင့် တကွ ဖြစ်သည်ဆိုက သမ္ပယုတ်ပင် ဖြစ်သောကြောင့် အာသဝသမ္ပယုတ္တဒုက်နှင့် အရ တူကောင်းပါသည် ဟူငြားအံ့။

သမ္ပယုတ်အားဖြင့် တကွဖြစ်သည်ကို မဆိုလို၊ အာရမ္မဏအားဖြင့် တကွ ဖြစ်သည်ကိုသာ ဆိုလိုသည်၊ ထိုကြောင့် အာရုံပြုထိုက်သဒ္ဒေကိုသာ ကောက်ရလေသည်။ အာသဝသမ္ပယုတ္တဒုက်နှင့် အရမတူလေ ဆိုရ၏၊ ထိုကြောင့် **အဋ္ဌကထာ (၉၀)** ၌—

၆၀။ အတ္တာနံ အာရမ္မဏံ ကတွာ ပဝတ္တေဟိ သဟ အာသဝေဟိတိ **သာသဝါ**—ဟု မိန့်ပြီ။

### သာဓကနက်

၆၀။ ယေ ဓမ္မာ၊ တို့သည်။အတ္တာနံ၊မိမိကိုယ်ကို။ အာရမ္မဏံ ကတွာ၊အာရုံပြု၍။ပဝတ္တေဟိ၊ ဖြစ်ကုန်သော။ အာသဝေဟိ၊ အာရမ္မဏိကဖြစ်သော အာသဝါတရားတို့နှင့်။သဟ၊တကွ။ ဝတ္တန္တိ၊ကုန်၏။ ဣတိ တသ္မာ၊ကြောင့်။ တေ ဓမ္မာ၊ တို့သည်။သာသဝါ၊သာသဝတို့ မည်ကုန်၏။

## ၁၆-အာသဝသမ္ပယုတ္တဒုက်

အာသဝသမ္ပယုတ္တဒုက် ပဌမပုဒ်၌ ဒေါသမူဒွေ၊ မောဟမူဒွေ၌ မောဟကို ကြည့် ရကား ထိုစိတ်၌ မောဟမှတပါး အာသဝမရှိ၍ ယှဉ်ဘက်သမ္ပယုတ် မရကောင်း သောကြောင့်တည်း၊ ကြွင်းသောဒုက်, ကြွင်းသောဂေါစ္ဆကတို့၌ ဤနည်းအတူ ကြံလေ။

---

## ၁၉-အာသဝဝိပ္ပယုတ္တသာသဝဒုက်

ဟေတုဂေါစ္ဆက ဩသာနဒုက်ကဲ့သို့ "နော အာသဝါ ခေါ ပန ဓမ္မာ သာသဝါပိ၊ အနာသဝါပိ" ဟု ဟောတော်မူကောင်းလျက် "အာသဝဝိပ္ပယုတ္တာ ခေါ။ ပ။ ပိ" ဟု အဆုံးဒုက်ကို အဘယ့်ကြောင့် ဟောတော်မူလေသနည်း ဟူငြားအံ့။

သမ္ပယုတ်အားဖြင့် သာသဝမဖြစ်၊ အာရုံ, အာရမ္မဏိကဖြစ်၍ ဝိပ္ပယုတ်အား ဖြင့် သာသဝဖြစ်သည်ကို ပြတော်မူလို၍ ဟောတော်မူသတည်း။

**အဖြေ့ကား**— သဟေတုကဆိုလျှင် ဟိတ်နှင့်တကွဖြစ်သည် ဟူသကဲ့သို့ သာသဝဆိုသော်လည်း အာသဝနှင့် တကွဖြစ်သည် မယူရ၊ အာရုံ, အာရမ္မဏိက ဖြစ်၍ အခြားသာ ယူရမည်ဟု ပြတော်မူခြင်းငှါ ဆိုသည်။

> ၆၁။ ဩသာနဒုကေ "နော အာသဝါ ခေါ ပနာ"တိ အဝတွာ "**အာ-သဝဝိပ္ပယုတ္တာ ခေါ ပနာ**"တိ ဝစနံ သာသဝါနံ သဟေတုကာနံ ဝိယ သမ္ပယုတ္တေဟိ တံသဟိတတာ န ဟောတီတိ ဒဿနတ္ထံ။ **မူလဋီကာ**။ (၅၃)

**တနည်းကား**—နော အာသဝါ ခေါ ပန ဟု ယှဉ်ခြင်းလျှင် ပဌမပုဒ်သည် စတုတ္ထဒုက်၌ ဒုတိယပုဒ်နှင့် တူခဲ့ရာ၏၊ ဒုတိယပုဒ်သာ အထူးဖြစ်ရာ၏၊ ဒုတိယ

### သာကေနက်

၆၁။ ဩသာနဒုကေ၊ အဆုံးဒုက်၌။နော အာသဝါ ခေါ ပနာတိ၊နော အာသဝါ ခေါ ပန ဟူ၍။အဝတွာ၊မဟောမူ၍။အာသဝဝိပ္ပယုတ္တာ ခေါ ပနာတိ၊အာသဝဝိပ္ပယုတ္တာ ခေါ ပန ဟူ၍။ ဝစနံ၊ ဟေတုဂေါစ္ဆကမှ အထူးဟောတော်မူခြင်းသည်။ သဟေတုကာနံ၊ သဟိတ်တရားတို့၏။ သမ္ပယုတ္တေဟိ၊ သမ္ပယုတ်ဟိတ်တို့နှင့်။ သဟိတတာ၊ တကွဖြစ်သည်၏ အဖြစ်သည်။ ဟောတိ ဝိယ၊ ဖြစ်သကဲ့သို့။ သာသဝါနံ၊ သာသဝ တရားတို့၏။ ဝါ၊ အာသဝေါ၏ အာရုံ ဖြစ်ကုန် သော တရားတို့၏။ တံသဟိတတာ၊ ထိုအာသဝေါတရားတို့နှင့် တကွ ဖြစ်သည်၏ အဖြစ်သည်။ န ဟောတိ၊ မဖြစ်။ ဣတိ-ဣမဿ အတ္ထ ဝိသေသဿ၊ ဤသို့သော အနက်အထူးကို။ ဒဿနတ္ထံ၊ ပြရခြင်းအကျိုးရှိသည်။ ဟောတိ၊ ၏။

တပုဒ်တည်းဖြင့် ဒုက်မဖြစ်သင့်လေသောကြောင့် "အာသဝဝိပ္ပယုတ္တာ ခေါ ပန" ဟူ၍သာ ယှဉ်တော်မူသတည်း။ ဤလည်း ဋီကာနည်းပင်။

ယင်းသို့သော် ဟေတုဂေါစ္ဆကဉ်လည်း "ဟေတုဝိပ္ပယုတ္တာ ခေါ ပန" ဟု ယှဉ်သော်ယှဉ်ကောင်းပါ၏တကား ဟူငြားအံ့၊ "သဟေတုကာပိ" ဟူ၍ သဟေ-တုကတရားသည် ဟေတုဝိပ္ပယုတ် မဖြစ်သင့်ရကား မဟောသင့်သောကြောင့် မယှဉ်သည် ဟူရာ၏။ ဤလည်း ဋီကာနည်းပင်။

အဋ္ဌကထာဆရာကား "နော အာသဝါ ခေါ ပန" ဟူ၍လည်း ယှဉ်သင့်သည်ပင် ဟု-မိန့်၏။

## ၂၀-သညောဇနဒုက်

သညောဇနဂေါစ္ဆကပဌမဒုက်၌ သံယောဇဉ် တရားကိုယ် ၈-ပါးသာ ကောက်ခြင်းသည် သင်္ဂြိုဟ်၌ "နဝ သံယောဇနာ မတာ" ဟူ၍ ဆိုသည်နှင့် မတန်-ဟူငြားအံ့၊ သင်္ဂြိုဟ် (၄၈) ၌ သုတ္တန်နည်း, အဘိဓမ္မာနည်း ၂ ပါးကို ပေါင်း၍ တရားကိုယ် ၉ ပါး ယူလေသည်။ ဤ၌ကား အဘိဓမ္မာနည်းသို့ လိုက်သဖြင့် ဥဒ္ဓစ္စကိုချ၍ ၈-ပါး ကောက်လေသည်ဟု ဆိုရာ၏။

## ၂၅-သညောဇနဝိပ္ပယုတ္တသညောဇနိယဒုက်

အဆုံးဒုက်၌ ဟေဘုဂေါစ္ဆက အဆုံးဒုက်ကဲ့သို့ "နော သညောဇနာ ခေါ ပန" ဟု ယှဉ်၍ မဟောခြင်း၌ အကြောင်းကို အာသဝဂေါစ္ဆကဉ် ကဲ့သို့ သိလေ။

## ၂၆-ဂန္ထဒုက်

ဂန္ထဂေါစ္ဆကဉ် ဒန္တဇဒုတိယက္ခရာ ထနှင့်သာ ဝဂ္ဂန္တ န-တင်၍ ရွတ်ရမည်၊ ဒန္တဇ စတုတ္ထက္ခရာ ဓနှင့်ရင်း, မုဒ္ဓဇ ဒုတိယက္ခရာ ဌနှင့် မုဒ္ဓဇ ဏပေါင်း၍ရင်း ရှိတတ်၏။ အဋ္ဌသာလိနီ ဂဏ္ဍိ၌ကား ဒန္တဇ စတုတ္ထက္ခရာ ဓ-လည်း သင့်သောဟု ဆို၏။ ကျမ်းဂန် မြင်ရာမှာသာ အကြောင်း၊ ဂန္ထသမ္ပယုတ္တပုဒ်၌ ကြဉ်ဟန်များ နောက်ကနည်းကိုမှီ၍ သိလေ။

## ၃၂-ဩဃဒုက်

ဩဃဂေါစ္ဆက, ယောဂဂေါစ္ဆကတို့၌ အာသဝဂေါစ္ဆကနှင့်အတူ ဒေသနာ-ဝိလာသ, ဝေနေယျဇ္ဈာသယ အားဖြင့် ဟောတော်မူပြန်သည်သာ။ ဆိုဘွယ် ပရမတ်ရေး အကောက်၌ ခက်ရန်မရှိ။

## ၄၄-နိဝရဏဒုက်

နီဝရဏဂေါစ္ဆက၌လည်း ကြဉ်သည်များကို နောက်ကနည်းအတိုင်း ယူလေ။

## ၅၀·ပရာမာသဒုက်

ပရာမာသဂေါစ္ဆက၌ ဒိဋ္ဌိစေတသိက်တခုတည်းကိုလျှက် "ပရာမာသာ ဓမ္မာ" ဟူ၍ ဗဟုဝုစ်ဟောသည်ကား အတိတ်စသောအားဖြင့် ပြားသည်ကို ရည်၍ ဟောသည်။ ထိုကြောင့်သာလျှင် ခန္ဓာဖွဲ့ရသည်။

ပစ္စုပ္ပန်စသော တခုကိုသာ ရည်သည့် အရာများ၌ကား သမုဒါယူပစာအား ဖြင့် ဖွဲ့ရသည်။

ထိုဥပစာကား ၁၀-ပါးနည်း၌ မပါ၊ ၃၆-ပါးနည်း၌သာ ဂုဏူပစာကို ဌာနူ ပစာသို့ သွင်း၍ သမုဒါယူပစာကို အခြားယူသောကြောင့် ပါ၏။

ထိုသို့ သမုဒါယူပစာဖြင့် ဖွဲ့အပ်ကြောင်းကို—

၆၂။ ဝေဒနာဒီသု ပေ'ကသ္မိံ၊ ခန္ဓ-သဒ္ဒေါ တု ရုဠှိယာ။
သမုဒ္ဒါဒေကဒေသေ တု၊ သမုဒ္ဒါဒိရဝေါ ယထာ

ဟု သစ္စသံခိပ် ဂါထာနံပါတ် (၆) ၌ မိန့်ပြီ။

## ၅၂-ပရာမာသသမ္ပယုတ္တဒုက်

နောက် ဂေါစ္ဆကများကဲ့သို့ "ပရာမာသာ စေဝ ဓမ္မာ ပရာမာသသမ္ပယုတ္တာ စ" အစရှိသည်ဖြင့် ပရာမာသပရာမာသသမ္ပယုတ္တဒုက်ကို အဘယ့်ကြောင့် ဟောတော်မမူသနည်း ဟူငြားအံ့။

ယင်းကဲ့သို့ ဟောချေသော် ဒုတိယပုဒ်အရမူကား ရှိသင့်၏၊ ပရာမာသ တရားကိုယ် တခုတည်း ဖြစ်၍ ယှဉ်ဘက် မရှိရကား ပဌမပုဒ်အရ မရှိသင့်၊ ယင်း သို့ မရှိသောကြောင့် ဟောတော်မမူသည် ဟူလေ။

သည်မှတပါး ကြဉ်သည်များမှာ နောက်နည်းကို မှီလေ။

### သာဓကနက်

၆၂။ တု၊ မုချနက်မှတပါး ဥပစာနက်ကို ဆိုဦးအံ့။ ခန္ဓသဒ္ဒေါ၊ ခန္ဓသဒ္ဒါသည်။ ဝေဒနာ-ဒီသု၊ ဝေဒနာက္ခန္ဓာ စသည်တို့တွင်။ ဧကသ္မိံပိ၊ တပါးပါးသော ခန္ဓာ၌လည်း။ ရုဠှိယာ၊ တင်စားသောအားဖြင့်။ (ဝတ္တတိ၊ ဖြစ်၏။) တု၊ ဥပမာအားဖြင့်သော်ကား။ သမုဒ္ဒါဒေက-ဒေသေ၊ သမုဒ္ဒရာ စသည်၏ တစိတ်တဒေသ၌။ သမုဒ္ဒါဒိရဝေါ၊ သမုဒ္ဒအစရှိသော သဒ္ဒါ သည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့တည်း။

ပရာမာသသမ္ပယုတ္တဒုက်၌ တရားကိုယ်ကို ကြည့်ရသည်ကား ဆိုပြီးသည့် နည်းဖြင့် သမ္ပယုတ် မရကောင်းသောကြောင့်တည်း။

## ၅၉-စိတ္တသံသဋ္ဌဒုက်

မဟန္တရဒုက်၌ စိတ္တသံသဋ္ဌဒုက်ဝယ် ပဌမပုဒ်၌ စိတ္တဇရုပ်သည်လည်း သံသဋ္ဌ ဖြစ်ကောင်းရကား ဝင်သင့်ပါ၏ ဟူငြားအံ့။

တကွဖြစ်ကာမျှကို သံသဋ္ဌမဆိုလို၊ အထူးကို သိနိုင်ခဲသည်ဖြစ်၍ ရောယှက်သည်ကို သံသဋ္ဌ ဆိုလိုသည်၊ ထိုကြောင့် စိတ္တဇရုပ် စင်လေသည်။

၆၃။ ယေသံ ရူပါနံ စိတ္တံ သဟဇာတပစ္စယော ဟောတိ၊ တေသံ စိတ္တသ္သ စ သုဝိညေယျနာနတ္တတ္တာ နိရန္တရဘာဝါနုပဂမနံ ဝေဒိတဗ္ဗံ။ **ဋီကာ**။ (၅၄)

## ၆၀-စိတ္တသမုဋ္ဌာနဒုက်

စိတ္တသမုဋ္ဌာနဒုက်၌ ပဌမပုဒ်၏ အရဖြစ်သော စိတ္တဇရုပ် သတ္တရသတွင် ဝိညတ်ဒွေသာ စိတ္တဇကေန်ဖြစ်ရကား ထိုကို ကြည့်၍ အကြွင်း ပန္နရသကို ကမ္မဇ, အာဟာရဇ, ဥတုဇအားဖြင့် ဒုတိယပုဒ်၌ ကောက်ပြန်ရလေသည်။

## ၆၆-အဇ္ဈတ္တိကဒုက်

အဇ္ဈတ္တိကဒုက်၌ အဇ္ဈတ္တသည်—

၁။ ဂေါစရဇ္ဈတ္တ၊

၂။ နိယကဇ္ဈတ္တ၊

၃။ အဇ္ဈတ္တဇ္ဈတ္တ၊

၄။ ဝိသယဇ္ဈတ္တ ဟူ၍ ၄-ပါးတည်း။ အဋ္ဌကထာ (၈၈)။

ထိုတွင် အာရုံ သာမညသည် **ဂေါစရဇ္ဈတ္တ**၊ မိမိသန္တာန်၌ ဖြစ်သော တရားဟူသမျှသည် **နိယကဇ္ဈတ္တ**၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန အဇ္ဈတ္တိကာယတန ၆-ပါးသည် **အဇ္ဈတ္တဇ္ဈတ္တ**၊ ဖလသမာပတ်သည် **ဝိသယဇ္ဈတ္တ** မည်၏။

### သာဓကနက်

၆၃။ စိတ္တံ၊ စိတ်သည်။ ယေသံ ရူပါနံ၊ အကြင်စိတ္တဇရုပ်တို့၏။ သဟဇာတပစ္စယော၊ သဟဇာတပစ္စည်းသည်။ ဟောတိ၊ဖြစ်၏။တေသဉ္စ ရူပါနံ၊ထိုစိတ္တဇရုပ်တို့၏၎င်း။ စိတ္တသ္သ စ၊ စိတ်၏၎င်း။ သုဝိညေယျနာနတ္တံ၊ သိလွယ်သော ထူးသော အနက်ရှိသည်၏အဖြစ်သည်။ ဟောတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ နိရန္တရဘာဝါနုပဂမနံ၊ နိရန္တရဘာဝါနုပဂမနကို။ ဝါ၊ အခြားမရှိသည်၏ အဖြစ်သို့ ရောက်ခြင်းကို။ ဝါ၊ မပြွက်ဖြစ်သော ကပ်ခြင်းကို။ဝေဒိတဗ္ဗံ၊ ၏။

ထိုတွင် ဤ၌ **အဇ္ဈတ္တဇ္ဈတ္တ**ကို လိုသောကြောင့် စိတ် ၈၉-ခု၊ ပသာဒရုပ် ၅-ခု ကိုသာ ကောက်ရသည်။

အဇ္ဈတ္တတိက်၌ကား နိယကဇ္ဈတ္တကို ရည်၍ မိမိသန္တာန်၌ စိတ်, စေတသိက်, ရုပ်ကို အကုန် ကောက်ရသည်။ ဤသို့ အဇ္ဈတ္တတိက်နှင့် အဇ္ဈတ္တိကဒုက် အထူး မှတ်၊ **အဋ္ဌကထာ**(၉၂) နှင့် အညီ။

"ဥပါဒိန္နဂေါစ္ဆက, ကိလေသဂေါစ္ဆကတို့၌ ဆိုဘွယ်မရှိပြီ၊ ကြဉ်ဟန်များမှာ နောက်နည်းကို မှီလေ"။

---

## ၇၃-ဒဿနေနပဟာတဗ္ဗဒုက်

ပိဋ္ဌိဒုက်တွင် ဒဿနဒုက် အစရှိသော ၄-ဒုက်၌ ဒဿနတိက်က ဆိုပြီးသည်ကို မှီလေ။

ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၊ ဒေါသမူဒွေ၌ **အပါယဂမနီယဖြစ်သော** ဟူသည် ကား—အပါယ် ၄-ဘုံ၌ ပဋိသန္ဓေကို ဖြစ်စေတတ်သည်ကို ဆိုသည်။

**အပါယဂမနီယမဖြစ်သော** ဟူသည်ကား—အပါယ် ၄-ဘုံ၌ ပဋိသန္ဓေကို မဖြစ်စေတတ်သည်ကို ဆိုသည်။

---

## ၇၇-၉၂-သဝိတက္ကဒုက် ။ပ။ ဥပေက္ခာသဟဂတဒုက်

သဝိတက္ကဒုက်, သဝိစာရဒုက်, သပ္ပီတိကဒုက်, ပီတိသဟဂတဒုက်, သုခသဟ-ဂတဒုက်, ဥပေက္ခာသဟဂတဒုက် ဤ ၆-ဒုက်တို့၌ ပဌမက ကြဉ်သည်ကို ဒုတိယ၌ ကောက်ပြန်ရသည်။ တပါး တပါးစီသာဖြစ်၍ သမ္ပယုတ် မရကောင်းသော ကြောင့်တည်း။

ကာမတဏှာ၏ ကျင်လည်ရာသာဖြစ်သောကြောင့် ရူပဘုံ၌ ဖြစ်လျှင်းမူလည်း ရုပ်ဟူသမျှကို **ကာမာဝစရဒုက်** ၌သာ ကောက်ရသည်။ ရူပါဝစရဒုက်၌ မကောက်ရ။

ဝဋ္ဋမူလကို စင်စစ် ဖြတ်တတ်သောကြောင့် မဂ် ၄-ခုကိုသာ **နိယျာနိက**-အရ ကောက်ရသည်။

ထိုကဲ့သို့ စင်စစ် မဖြတ်တတ် ပဋိပ္ပဿဒ္ဓိမျှသာ ဖြစ်သောကြောင့် ဖိုလ် ၄-ခုကို **အနိယျာနိက** အရသို့ သွင်းရလေသည်။ အဋ္ဌကထာ (၉၂)နှင့် အညီ။

## ၉၈-နိယတဒုက်

နိယပဒုက်၌ မိစ္ဆတ္တတိက်က ဆိုပြီးသည်ကို မှီလေ။

---

## ၉၉-သဥတ္တရဒုက်

သဥတ္တရဒုက်၏ သံဝဏ္ဏနာကို ဖွင့်ဆိုသော အဋ္ဌကထာ(၉၃) ဆရာ သည်—

၆၄။ အညေ ဓမ္မေ ဥတ္တရန္တိ ပဇဟန္တီတိ **ဥတ္တရာ**၊ အတ္တာနံ ဥတ္တရိတုံ သမတ္ထေဟိ သဟ ဥတ္တရေဟီတိ **သဥတ္တရာ**။ နတ္ထိ ဧတေသံ ဥတ္တရာတိ **အနုတ္တရာ**-ဟု မိန့်သည်။

ဤ၌ သံဝဏ္ဏေတဗ္ဗပုဒ်၏ အနက်ကို ပြရင်း **ပဓာနကား**—

ဥတ္တရန္တီတိ **ဥတ္တရာ**၊ သဟ ဥတ္တရေဟီတိ **သဥတ္တရာ**၊ နတ္ထိ ဧတေသံ ဥတ္တရာတိ **အနုတ္တရာ**-ဟူသည်တည်း။

ထိုတွင် ဥတ္တရန္တိ ဟူသောပါဠ်ဖြင့် သ-ဟူသော န-ဟူသော နိပါတ်နှင့် သမာသ်ပုဒ်အဖြစ်ဖြင့် မရောမယှက် သက်သက် ဥတ္တရသဒ္ဒါ၏ ကတ္တုတ္ထဘာဝကို ပြသည်။ ပဇဟန္တိပုဒ်ဖြင့် ဥတ္တရပုဒ်၏ ပဇဟနအနက်၌ ဖြစ်သည်ကို ပြသည်။ **အရကား**—လောကုတ္တရာတရားတည်း။

ဥတ္တရန္တိ၌ ပဇဟနအနက်ရှိသော ဥပုဗ္ဗ တရဓာတ်သည် သကမ္မကဓာတ် ဖြစ်၍ ကံကို ငဲ့ရကား အညေ ဓမ္မေ ပါဠ်ကို မိန့်သည်။ ဤကား အနုသန္ဓိ စကားစပ်ရုံမျှ ဆိုလိုက်သည်။

အရှင် အဋ္ဌကထာဆရာ "အညေ ဓမ္မေ ဥတ္တရန္တိ ပဇဟန္တိ"ပါဠ်ဖြင့် တပါး သော တရားတို့ကို စွန့်ပယ်တတ်ကုန်သောကြောင့် လောကုတ္တရာ တရားသည် ဥတ္တရမည်ကုန်သော ဟူပြီ၊

ထိုဥတ္တရမည်သော လောကုတ္တရာ တရားသည် စွန့်အပ် ပယ်အပ်သော ဥတ္တရိတဗ္ဗဖြစ်သော အညဓမ္မကား အဘယ်နည်း၊ ဤသို့ စုဒ်ရှိရကား "အတ္တာနံ" ဟူသောပါဠ်ကို မိန့်သည်။

### သာဓကနက်

၆၄။ ယေ ဓမ္မာ၊ တို့သည်။အညေ၊ မိမိမှ တပါးကုန်သော။ ဓမ္မေ၊ တို့ကို။ ဥတ္တရန္တိ ပဇဟန္တိ၊ ပယ်စွန့်တတ်ကုန်၏။ဣတိ တသ္မာ၊ကြောင့်။တေ ဓမ္မာ၊ တို့သည်။ ဥတ္တရာ၊ ကုန်၏။ ယေ ဓမ္မာ၊တို့သည်။ အတ္တာနံ၊ မိမိကို။ ဥတ္တရိတုံ၊ ပယ်စွန့်ခြင်းငှါ။ ဝါ၊ လွန်ခြင်းငှါ။သမတ္ထေဟိ၊ စွမ်းနိုင်ကုန်သော။ ဥတ္တရေဟိ၊စွန့်နိုင် လွန်နိုင်ကုန်သော တရားတို့နှင့်။သဟ၊ တကွ။ ဝတ္တန္တိ၊ ကုန်၏။ဣတိ တသ္မာ၊ ကြောင့်။တေ ဓမ္မာ၊ တို့သည်။ သဥတ္တရာ၊ကုန်၏။ ဧတေသံ ဓမ္မာနံ၊ တို့အား။ ဥတ္တရာ၊ မိမိကို စွန့်နိုင်,လွန်နိုင်သောတရားတို့သည်။ နတ္ထိ၊ မရှိကုန်။ဣတိ တသ္မာ၊ ကြောင့်။ တေ ဓမ္မာ၊ တို့သည်။ အနုတ္တရာ၊ မည်ကုန်၏။

**အစိပ္ပါယ်ကား—** စွန့်အပ်,ပယ်အပ်သော ဥတ္တရိတဗ္ဗဖြစ်သော အညဓမ္မကိုကား သဥတ္တရဓမ္မမှ တပါး အသီးအခြား မရကောင်းပြီ၊ သဥတ္တရဓမ္မ၏ အရဖြစ်သော တေဘူမက တရားပင် ဟူလို။

ဤ အတ္တာနံပါဌ်ဖြင့် တေဘူမကတရားကို ဥတ္တရိတဗ္ဗအဖြစ်ဖြင့် ပြသောကြောင့် သဟ-ဟူသော န-ဟူသော နိပါတ်နှင့် သမာသ်ဖြစ်သော ဥတ္တရပုဒ်ကို "ဥတ္တရိတဗ္ဗာတိ ဥတ္တရာ"ဟု ကမ္မသာဓ် ပြုအပ်သင့်သည့်အရာကို အတ္ထာပတ္တိ,နေယျတ္ထအားဖြင့် ပြတော်မူသည်။

အရှင် အဋ္ဌကထာဆရာ....ဥတ္တရိတဗ္ဗဖြစ်သော အညဓမ္မသည် သဥတ္တရဓမ္မ၏ အရဖြစ်သော တေဘူမကပင် ဖြစ်သည်ဟူသော် "သဟ ဥတ္တရေဟီတိ သဥတ္တရာ" ဟူသော သမာသ်ဝါကျအနက်သည် တေဘူမကတရားနှင့် တကွဖြစ်၏-ဟူသော အနက် ဖြစ်ရာသည်မဟုတ်လော စုဒ်ရှိရကား "ဥတ္တရိတုံ သမတ္ထေဟိ" ပါဌ်ကို မိန့်သည်။

**အစိပ္ပါယ်ကား —** ကမ္မသာဓ်ဖြင့် ပြီးသော ဥတ္တရပုဒ်သည် ကမ္မပစ္စဋ္ဌာန, ဘာဝပစ္စဋ္ဌာနအားဖြင့် ၂-ပါး ရှိသည်တွင် ဘာဝပစ္စဋ္ဌာန ဖြစ်၍ ဒြပ်အားဖြင့် မပြားသော်လည်း သနိဒဿနပုဒ်ကဲ့သို့ ဘာဝ,ဘာဝဝန္တ အဖြစ်ဖြင့် အထူးမှတ်၍ "သဟ ဥတ္တရေဟီတိ သဥတ္တရာ"ဟု သမာသ်ဝါကျ ဖြစ်သင့်သော အရာကို အဋ္ဌကထာဆရာ သိစေတော်မူသည် ဟူလို။ ဤကား---

၆၅။ ဥတ္တရိတဗ္ဗဿ အညဿ နိဒ္ဒိဋ္ဌဿ အဘာဝါ နိဒ္ဒိသိယမာနာ
သဥတ္တရာ ဓမ္မာဝ ဥတ္တရိတဗ္ဗာတိ **အတ္တာနတ္တိ** အာဟ--

ဟူသော **ဋီကာ** (၅၅) ကို အနုမာနအားဖြင့် ဉာဏ်သက်ဝင်သမျှ ပြဆိုသော ငါတို့အလို။ "ဣဒမ္ပိ ဒုဗ္ဗိဇာနဋ္ဌာနံ"။

ဆရာမြတ်တို့ ကောက်သော သရုပ်တွင် ခက်စနိုးရာ၌

အမြွက်မျှကို ဆိုအပ်သော ဒုကမာတိကာဂဏ္ဌိ

ပြီး၏။

**သာဓကေနက်**

၆၅။ ဥတ္တရိတဗ္ဗဿ၊ လောကုတ္တရာတရားတို့သည် လောကီတရားအဖြစ်ကို စွန့်အပ်သော။ နိဒ္ဒိဋ္ဌဿ၊ အောက်ပဒ၌ပြအပ်သော။ အညဿ၊ အတ္တာနံ ဟူသော ကံမှ တပါးသော ကံ၏။ အဘာဝါ၊ မရှိခြင်းကြောင့်။ နိဒ္ဒိသိယမာနာ၊ ပဋ္ဌမပဒ၌ ပြအပ်ကုန်ပြီးသော။ သဥတ္တရာ ဓမ္မာဝ၊ သဥတ္တရ ဖြစ်ကုန်သော လောကီတရားတို့ကိုသာလျှင်။ (လောကုတ္တရေဟိ၊ တို့သည်။)ဥတ္တရိတဗ္ဗာ၊ စွန့်အပ်ကုန်၏။ ဣတိ တသ္မာ၊ ကြောင့်။ အတ္တာနတ္တိ၊အတ္တာနံ ဟူ၍။ **အာစရိယော၊ အဋ္ဌကထာဆရာသည်။ အာဟ၊ ၏။**

# ၁၁-မာတိကာနိဒါနဝဏ္ဏနာ

**နမော တဿ ဘဂဝတော အရဟတော**

**သမ္မာသမ္ဗုဒ္ဓဿ။**

ကပ္ပေ စ သတသဟဿေ၊ စတုရော စ အသင်္ခိယေ။
ဒီပင်္ကရော မဟာဝီရော၊ ဥပ္ပဇ္ဇိ လောကနာယကော။

အစရှိသော ၃-ကုဏ္ဍလကေသိဝဂ်၊ ၂၀၊ ၂၉။ ယသောဓရာထေရီ အပဒါန် ပါဠိတော် ၅၅၃၊ ၅၅၆၊ ၃၂၃၊၃၂၅၊၃၉၃၊၃၉၆။ သီ ၄၆၀၊၄၆၂။ ဗုဒ္ဓဝံသ ပါဠိတော် ၂-သုမေဓပတ္ထနာကထာ ၅၈၅၊ ၃၄၂၊ ၄၁၇။ သီ ၂၀။ ဇာတ်အဋ္ဌကထာ ဒူရေနိဒါန်း ၃၊ ၄။ ထေရအပဒါန်အဋ္ဌကထာ နိဒါန်း သီ ၂။ အဋ္ဌသာလိနီအဋ္ဌကထာ နိဒါန်း ၃၁၊၃၃- စသည် များစွာတို့၌ အဓိပ္ပါယ်တူ လာကြကုန်သည်နှင့် လျော်စွာ တဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူ၍ ဤဘဒ္ဒကမ္ဘာမှ လေးသင်္ချေနှင့် ကမ္ဘာတသိန်းထက် သာရမဏ္ဍ-ကမ္ဘာ၌ လူတို့သည် သက်တမ်း အနှစ်တသိန်းတွင် ပုပ္ဖဝတီမြို့တော် သုနန္ဒမင်း, သုနန္ဒာမိဖုရားတို့၏ သားတော် နံတော် တနင်းလာသား မင်းသားအဖြစ်နှင့် အနှစ်တသောင်းရှိက နိမိတ်ကြီး လေးပါး ထင်မြင်၍ တောထွက်တော်မူပြီးလျှင် ခုနစ်ရက် ဒုက္ကရစရိယာ ကျင့်တော်မူသောအဆုံးတွင် စရည်းပင်ခေါ် တောင်မရိုးပင် ဗောဓိ၌ ပွင့်တော်မူသော ဘဏ္ဍာက်ရာမြတ်စွာဘုရား, ထိုနောက် မေဓင်္ကရာ မြတ်စွာဘုရား, ထိုနောက် သရဏင်္ကရာမြတ်စွာဘုရား, ထိုနောက် ဒီပင်္ကရာမြတ် စွာဘုရား ပေါင်းလေးဆူတို့ တကမ္ဘာတည်း ပွင့်တော်မူကြရာတွင် ငါတို့မြတ်စွာဘုရား၏ အလောင်းတော် သုမေဓာရသေ့သည် သဒ္ဓါမိက ဒီပင်္ကရာမြတ်စွာ ဘုရား၏ ရွှေလက်ထက်တော်အခါ၌ နိယတဗျာဒိတ်ကို ရတော်မူ၏။

**ကမ္ဘာတသိန်းအလွန်ရှိသော လေးသင်္ချေထက်၌**—ဟူရာဝယ် လေးသင်္ချေမှာ ငါတို့ ဘဒ္ဒကမ္ဘာကို မရိယာဒအဝဓိ ပြု၍ မချန်ခဲ့၊ အဘိဝိဓိအဝဓိ ပြု၍ ဘဒ္ဒ-ကမ္ဘာနှင့်တကွ ယူ၊ "ဣတော ကပ္ပသတသဟဿမတ္ထကေ" စသည်တို့ကိုလည်း ၎င်းအတိုင်း ယူလေ။ "ဣမိနာ စ ဘဒ္ဒကပ္ပေန သဒ္ဓိံ သတသဟဿမဟာကပ္ပေ" စရိယာပိဋက အဋ္ဌကထာ ပဌမဂါထာဝဏ္ဏနာ မျက်နှာ ၁၃-စာကြောင်းရေ-၁၆။ ပဌမမောင်းထောင် သာသနာပိုင်ဆရာတော် စီရင်ခဲ့သော ပါရာဇိကဏ် အဋ္ဌကထာ ဂဏ္ဌိသစ်"ယော ကပ္ပကောဋီဟိ"အဘွင့် ၁၁-ကြောင်းပေ, ဏဝမ်း ၄-ကြောင်း၊ ရွှေပိန်းချတို့ကို ထောက်လေ။

**ဝေနေယျ သတ္တဝါအပေါင်းတို့ကို**—ဟူရာ၌ ယခု ဘုရား ဆုံးမ ဟောချက်၌ ယခုဘဝ၌ဖြစ်စေ, နောင်ဘဝ အဆက်ဆက်၌ဖြစ်စေ မဂ်ဖိုလ်ကို ရထိုက်သော ပုဂ္ဂိုလ်သည် ဝေနေယျမည်၏၊ မရထိုက်သောပုဂ္ဂိုလ်သည် သတ္တဝါမည်၏။ "ဒုဝိဓာ ဟိ ပုဂ္ဂလာ ဗုဒ္ဓဝေနေယျာ စ သာဝကဝေနေယျာ စ။ပ။" မူလပဏ္ဏာသ-အဋ္ဌကထာ ၃၅။ စူဠသစ္စကသုတ် ၁၆၁-၁၆၆။ မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာ ၁၄၉။ မဟာဝဂ္ဂသံယုတ် အဋ္ဌကထာ ၃၄။နာဠန္ဒဝဂ် တတိယသုတ် ၂၄၅။ သုတ္တနိပါတ် အဋ္ဌကထာ ၃။ ခဂ္ဂဝိသာဏသုတ် ၁၁-၁၃-၁၅။ ကေနိပါတ် ၂၅။ တိတ္တဇာတ် အဋ္ဌကထာ ၉၀၊ ၂၁၀-စသည်တို့။ တဆူတဆူသော သဗ္ဗညုမြတ်စွာဘုရား ဟောတော်မူ၍ မဂ်,ဖိုလ်ရသော ဝေနေယျပုဂ္ဂိုလ်ပေါင်း ၂၄-သင်္ချေကျော်။ သုတ်သီလက္ခန် ဋီကာဟောင်း ၂၉၄။ဋီကာသစ် ဒု ၂၇၃။အနာဂတဝံသ အဋ္ဌကထာ ၁၁-ကြောင်းပေ, ပိန်း, ဃားဝမ်း, ၇-ကြောင်း။ ဇိနာလင်္ကာရဋီကာ သု ၂၇၈။သောတတ္တကီပါဌ် ၄၊နိဿယ ၁၀၂။သဒ္ဒသာရတ္ထဇာလိနီ ဋီကာ သု ၁၇၅၊ ကဝိ ၁၀၃။မိလိန္ဒပဉ္ဟာပါဠိတော် ဟံ ၂၈၃၊ဇ ၂၄၄၊သု ၃၀၂-ဒေဝဒတ် ပုရာဏ-ကဿပ စသည်တို့မှာ သတ္တဝါတို့သာတည်း။ ဘူတပုဗ္ဗဂတိကနည်းအားဖြင့် ရဟန္တာကိုပင် သတ္တဝါဟု ခေါ်ဝေါ် ပြတ်ကြကုန်၏။

**လက်တော်သို့ရောက်ပြီးသော။ပ။ ကို**—ကရောပယာတံ၊ လက်တော်သို့ရောက်ပြီးသော။ အဘိခါန်နိဿယ ကျော်အောင်စံထားမှု၌ ဟတ္ထဂတံ၊ လက်တော်သို့ရောက်လုဆဲသော။ ၁၁၈၂-ခုနှစ် တပို့တွဲလပြည့် ၄-နေ့ ဆရာတော် ဦးဗုဒ်စိရင်ပြီး ဂါထာ ၁၁၀-ရှိ ပဒစေတိယဝန္ဒနာ ပဌမဂါထာ ဒုတိယပါဒအနက်။ ကရောပယာတံ-ကရဥပယာတံ၊ လက်တော်၏ အနီးသို့ ရောက်နေသော။ အဘိ-ခါန်နိဿယ၊ အဘယာရာမမှု။ ကရောပယာတံ အတ္တနောဟတ္ထဂတံ၊ အဘိခါန်ဋီကာ။ ဟတ္ထဂတံ စက္ကဝတ္တိရဇ္ဇံ၊ ဇာတ်အဋ္ဌကထာ နိဒါန်း ၇၇၊ ၇၉။ ကီ ၇၅။ အပဒါန် အဋ္ဌကထာ သီ ၆၈။ ဗုဒ္ဓဝံသအဋ္ဌကထာ ၅၃၁။

**ပါရမီ သုံးဆယ်တို့ကိုရှင်း**— ပါရမီတော် ၃၀-၏ သရုပ် အကျဉ်း၊ ဂါထာ-ပုဒ်ရေ ၇၆-၇၇။ ဗုဒ္ဓဝံသပါဠိတော် ရတနစင်္ကမကဏ္ဍ သု ၅၈၄။ ဆယ်ပါး၏ အကျယ် အဓိပ္ပါယ်၊ ၎င်းပါဠိတော် သုမေဓပတ္ထနာကထာ သု ၅၉၃-စသည်။ ပါရမီ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် စရိယာပိဋကတ် အဋ္ဌကထာ သီ ၂၁၆။ သီလက္ခန်ဋီကာဟောင်း ၆၃။ဋီကာသစ် ၂၃၉။ ဇိနာလင်္ကာရ ဋီကာ သု ၄။ ပရိတ်ကြီးဋီကာ ၇၆၊ ၁၀၆။

**စွန့်ခြင်းကြီး ငါးပါးတို့ကိုရှင်း**— ၎င်းသရုပ် သုတ်သီလက္ခန် အဋ္ဌကထာ ၁-ဗြဟ္မဇာလသုတ် ၅၃၊ ၄၆။ မူလပဏ္ဏာသ အဋ္ဌကထာ ၁-သုတ်။ ပြ ၄၁၊ ၄၃။ သီ ၄၃။ ဣတိဝုတ် အဋ္ဌကထာ ဒုကနိပါတ် ၁၂၂၊ ၁၂၀။ သီ ၉၃။ ပဋိသမ္ဘိဒါ-

မင်္ဂလအဋ္ဌကထာ သီလမယဉာဏနိဒ္ဒေသ သီ ၁၄၄။ ဗုဒ္ဓဝံသအဋ္ဌကထာ ရတနစင်္ကမကဏ္ဍ ၁၈၊ ၁၉၊ ၃၃-စသည်များစွာတို့၌ လာကုန်၏။

**သေတကေတု အမည်ရှိသော နတ်သားဖြစ်၍**—"သေတကေတု နာမ ဒေဝပုတ္တော အဟောသိ" မူလပဏ္ဏာသအဋ္ဌကထာ ၄-ဘယဘေရဝသုတ် ၁၁၃၊ ၁၁၈။ ပါရာဇိကကဏ်အဋ္ဌကထာ ဝေရဉ္ဇကဏ္ဍ ပုဗ္ဗေနိဝါသကထာ ၁၂၁၊ ၁၂၈။ သီ ၁၀၅၊ ၆၆။ "ယဒါဟံ တုသိတေ ကာယေ၊ သန္တုသိတော နာမ တဒါ" ဗုဒ္ဓဝံသပါဠိတော် ၁-ရတနစင်္ကမကဏ္ဍ သု ၅၈၄၊ ဂ်ံး။ ယတောဟံ။ပ။ ဟံတဒါ။ အဋ္ဌသာလိနီ အဋ္ဌကထာ ၆၈၊ ၇၃။ ၎င်းပါဠိတော်နှင့် အဋ္ဌကထာတို့ကိုထောက်၍ ဝေဿန္တရာမင်းကြီး စုတိတော်မူ၍ ဖြစ်သော နတ်သားကို သေတကေတုနတ်သား ဟူ၍၎င်း, သန္တုသိတနတ်သား ဟူ၍၎င်း အမည် ၂-မျိုးခေါ်ဝေါ်ကြပုံကို သိအပ်၏၊ အကွဲအပြား မရှိ။

**နတ် ဗြဟ္မာ အပေါင်းတို့သည် တောင်းပန်အပ်သည် ဖြစ်၍**—

**ကပ္ပ စကြာ၊ မင်္ဂလာ၊ ဗုဒ္ဓါ မောနေယျ။**
**အုတ်အုတ်ကျက်ကျက်၊ ဆူညံကျက်၊ ငါးချက်ကောလာဟ။**

ဟူသော ခုဒ္ဒကပါဌ အဋ္ဌကထာ ၅-မင်္ဂလသုတ် ၁၀၅၊ ၇၈၊ ၁၂၁။ သုတ္တနိပါတ်အဋ္ဌကထာ ၁၆-မင်္ဂလသုတ် ၃၊ သီ ၂၄၃။ စတုဘာဏဝါရအဋ္ဌကထာ ၇-မင်္ဂလသုတ္တ သီ ၇၁-တို့၌ လာကုန်သော ကောလာဟလ ငါးပါး။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ၁၃။ နိဒ္ဒေသ သီ ၃၁၀။ သု ၄၁၊ ၃၆၇။ ဇာတ်အဋ္ဌကထာနိဒါန်း, အပဒါန် အဋ္ဌကထာ နိဒါန်း စသည်တို့၌ လာကုန်သော ကပ္ပ, ဗုဒ္ဓ, စက္ကဝတ္တိ-ကောလာဟလ တို့တွင် ဗုဒ္ဓကောလာဟလဖြစ်ခြင်း၊

**ဆင်နားပန်ညှိုး၊ ပုဆိုးနွမ်းပါး၊ ချိုင်းကြားချွေးထွက်၊ ကိုယ်ရောင် ပျက်သား၊ နန်းထက်မမွေ့၊ စုတေ့ကြောင်းဟိတ်၊ ငါးနိမိတ်ထင်၊ နတ်တို့သွင်သို့—**

စသော ရှေးဆရာမြတ်တို့၏ ဥပမာလင်္ကာ၊ ဣတိဝုတ္တကပါဠိတော် တိက-နိပါတ် စတုတ္ထဝဂ် စတုတ္ထသုတ် ၁၈၃၊ ၁၄၁၊ ၁၆၄။ သုတ်မဟာဝါအဋ္ဌကထာ ၁၉။ ဥပရိပဏ္ဏာသအဋ္ဌကထာ ၁၀၈၊ ၁၀၅။ အဋ္ဌသာလိနီအဋ္ဌကထာ ၆၈။ ကုသဇာတ်အဋ္ဌကထာ ၂၉၀၊ ၂၆၆။ ယ ၁၃၀။ သမ္မောဟဝိနောဒနီ မူလဋီကာ ၁၁၂။ ဝိသုဒ္ဓိမဂ် မဟာဋီကာ ၁၇။ နိဒ္ဒေသ ပြ ၇၃၁၊ ၂၈၀။ ဟံ ဒု ၃၂၄-စသည်တို့ အလာ စုတေ့ပြောင်းကြွေ နတ်သေရန် နိမိတ်ငါးပါးထင်ခြင်း၊ ၎င်းအခါ နတ် ဗြဟ္မာအပေါင်းတို့ ဘုရားလောင်းကို တောင်းပန်ကြကုန်၏။

ကြည့်ခြင်းကြီး ငါးပါးတို့ကို—ကြည့်ခြင်းကြီး ငါးပါးတို့၏ သရုပ်တို့သည် **သုတ်မဟာဝါ** အဋ္ဌကထာ ၂၀။ **ဓမ္မပဒအဋ္ဌကထာ** ၁-ဝဂ် ၆၂၊ ၉၈-သီ။ ၄၂ မ။

**ဇာတ်အဋ္ဌကထာ** နိဒါန်း ၆၀၊ ၆၁၊ ၅၀။ **အပဒါန်အဋ္ဌကထာ** နိဒါန်း သိ ၄၄။ **ဗုဒ္ဓဝံသအဋ္ဌကထာ** ၃၃၆၊ ၃၂၀၊ ၂၂၅။ **အဋ္ဌသာလိနီအဋ္ဌကထာ** ၆၀။ **ဇိနာလင်္ကာရ ဋီကာ** သု ၁၅၇။ မဟာထူပဝံသ သိ ၁၄။ အနာဂတဝံသအဋ္ဌကထာ ကော်ပီ ၃၃။ ပိန်း၊ ၁၁ ကြောင်းပေ။ ခေ ကျော၊ ၁၀-ကြောင်း စသည်တို့၌ လာကြကုန်၏။ ကာလ, ဒီပ, ဒေသ, ကုလ, ဇနေတ္တိ, အာယု, မာသ, နေက္ခမ္မ ရှစ်ပါး။ "အဋ္ဌ မဟာဝိလောကနာနိ ဝိလောကေတိ" စသည်ဖြင့် **မိလိန္ဒပဥှာ ပါဠိတော်** ဗောဓိသတ္တဿ ဓမ္မတာ ပဥှာ ၁၇၂၊ ၁၇၉၊ ၁၆၀၁၊ ၆၇၊ ၃၂၉-တို့၌ လာသည်။

**ဘုရင်သုဒ္ဓေါဒနမင်းကြီး—** ဘုရားဘိုးတော် သီဟနုမင်းသားနှင့် ဘွားတော် ယသောဓရာမင်းသမီးကို ထိမ်းမြားရာတွင် သုဒ္ဓေါဒနမင်းသား, သုက္ကောဒန, သက္ကောဒန, ဓောတောဒန, အမိတောဒနမင်းသား။ မူလပဏ္ဏာသအဋ္ဌကထာ ၁၄-စူဠဒုက္ခက္ခန္ဓသုတ် ၃၂၄၊ ၃၃၅-တို့၌ လာပုံ၊ သားတော်ငါးပါး ပေါက်ပွါးသော အစဉ်။ အမိတာမင်းသမီး, ပမိတာမင်းသမီး အားဖြင့် သမီးတော် ၂-ပါး။ ထို ၇-ပါးတို့တွင် သားတော်ငါးပါးတို့ကို "သဗ္ဗေ ဩဒနနာမကာ" ဟူ၍ ဒီပဝံသပါဠိ တတိယ ပရိစ္ဆေဒ မဟာရာဇဝံသ သု ၂၁။ သိ ၁၀။ "ဩဒနောလ္လတိ နာမေ။ပ။ နာမကာတိ" ဒီပဝံသဋီကာ ၁၀-ကြောင်းပေ၊ ပိန်း၊ ဃီ-စ-ဏ-ဆုံးတို့တွင် ဆူဝမ်း၊ ၃-ကြောင်း၌ ဆိုသောကြောင့် သုဒ္ဓေါဒန-ဟု ရေး။ သုဒ္ဓေါဓနဟု ဓ အောက်ခြိုက်နှင့် မရေးလေနှင့်၊ အများရေးသည်တို့ကို တွေ့ရ၏။ မဟာဝံသ သိ ၉-၌ **ပမိတာ**၊ မြန်မာမူ၌ **ပါလိတာ** ရှိသည်။ ပဏ္ဏာသအဋ္ဌကထာ ၃၂၄-၌ ပါလိတာ မပါ။

**မယ်တော်မာယာ**–ထိုအကြောင်းကို ငါတို့ ၁၂၉၀-ပြည့်နှစ် သီတင်းကျွတ်လပြည့်ကျော် ၁၀-ရက် ၂-နေ့တွင်စီရင်ပြီးသော ဂါထာခြောက်ဆယ်ပျို့ အဋ္ဌုပ္ပတ္တိ စာတမ်း၌ ကြည့်လေ။

**ကဆုန်လပြည့်နေ့—** မဟာသက္ကရာဇ် ၆၈-ခုနှစ် ကဆုန်လပြည့် သောကြာနေ့ နံနက် လုမ္ဗိနီဥယျာဉ်တော်၌ သိရီမဟာမာယာဒေဝီသည် လက်ျာလက်တော်ဖြင့် အလိုလိုညွတ်လာသော အင်ကြင်းကိုင်းကို ကိုင်တော်မူ၍ လက်ဝဲလက်တော်ဖြင့် ညီမတော် မဟာပဇာပတိဂေါတမီဒေဝီ၏ လည်ပင်းကို ဖက်တော်မူ၍ သားတော် သိဒ္ဓတ္ထမင်းသားကို မျက်နှာသန့်စင် ဖွားမြင်တော်မူသည်။ သိရီမဟာမာယာ-ဝတ္ထုနိဿယသစ် ၁၁၀-၁၁၉-တို့ အဆို။ အဋ္ဌကထာတို့၌ကား "သာလသာခံ အဂ္ဂဟေသိ" ဟု လာကုန်၏။ "သကျာနဂါမေ ဇနပဒေ လုမ္ဗိနေယျေ" သုတ္တနိပါတ်ပါဠိတော် ၃၇-နာလကသုတ် ၂၀၅၊ ၂၄၃။ "ဘဂဝါ ဟိ ပဌမံ လုမ္ဗိနီ ဝနေ ဒုတိယံ ဗောဓိမဏ္ဍေ" မူလပဏ္ဏာသ အဋ္ဌကထာ ၁-သုတ် ၁၂၊ ၁၃။ ကင်္ခါဝိတရဏီ အဋ္ဌကထာ ၁၂၊ ၁၁။ သိ ၁၀။ ပါရာဇိကကဏ် အဋ္ဌကထာ ဝေရဉ္ဇကဏ္ဍ ၇၆၊ ၇၇။

ပဋ္ဌိသမ္ဘိဒါမဂ် အဋ္ဌကထာ ဇာတ္တိ၀ိယကထာ သီ ၃၆၉။ "လုမ္ဘိနီဝနေတိ ဝေဠုဝနေ သာလဝနေ ဝါ" ၎င်းဂဏ္ဌိပဒပါဌ်၊ ၁၁-ကြောင်း ပေ၊ ကြံဆစ်၊ ၁၂၀၃-ခုနှစ် ကူးပြီး၊ ဈ ဝမ်း၊ ၄-ကြောင်း၊ က ဌ၊ ၁၁-အင်္ဂါ၊ ၄-ချပ်ရှိသည်၊ ၎င်းဂဏ္ဌိပဒ်ဖွင့်ပုံကို ထောက်။ လုမ္ဘိနီဥယျာဉ်တော်မှာ ဝါးပင် ဝန်းရံလျက်ရှိသော အင်ကြင်း ဥယျာဉ်တော်ဟု ယူဖွယ်ရာ ရှိ၏။ ရှေးက တည်ပုံတည်း။ "ဗောဓိသတ္တော ကေမာသိကော ။ပ။ ဇမ္ဗုဒ္ဓသာယာယ"စသည်ဖြင့် မိလိန္ဒပဥှာ သု ၂၅၂-၌ လာသောကြောင့် မဟာသက္ကရာဇ် ၆၈-ခုနှစ်၊ နယုန်လပြည့် ၁-နေ့က သုဒ္ဓေါဒနမင်းကြီး လယ်ထွန်မင်္ဂလာ ပြုသည်ဖြစ်ရာ၏။

**ရမ္မ သုဘ သုရမ္မ တည်းဟူသော ရွှေနန်းသုံးဆောင်**— "ရမ္မော သုရမ္မော သုဘကော တယော ပါသာဒမုတ္တမာ" ဂေါတမဗုဒ္ဓဝံသပါဋ္ဌိတော် သု ၆၅၂၊ ၃၇၃၊ ၄၆၅၊ ၂၅၆-အလာ ရွှေနန်းသုံးဆောင် နာမည်စဉ်။ "ရမ္မ သုရမ္မ သုဘ-နာမကေ တယော ပါသာဒေ ကာရေသိ ဧကံ နဝဘူမိကံ၊ ဧကံ သတ္တဘူမိကံ၊ ဧကံ ပဉ္စဘူမိကံ။ တဒယာပိ ပါသာဒါ ဥဗ္ဗေဓေန သမပ္ပမာဏာ အဟေသုံ" ဗုဒ္ဓဝံသ အဋ္ဌကထာ ယခင်အဘွင့် ၃၄၄၊ သု ၃၂၈။ သီ ၂၃၀-တို့ အဆို။ ၎င်းတို့ကို ပြာသာဒ်နာမည်နှင့် ဘုံဆင့် အစဉ်ဟပ်၍ ယဘာက္ကမ မယူရ၊ ယူခဲ့သော် ဇိနာလင်္ကာရဋီကာ, ဒါဌာဓာတုဝံသဋီကာ တို့နှင့် ဥဇုပဋိပက္ခဖြစ်မည်။ "ဟေမန္တိကော ပါသာဒေါ နဝဘူမကော အဟောသိ ။ပ။ ဂိမှိကော ပန ပဉ္စဘူမကော အဟောသိ ။ပ။ ဝဿိကော သတ္တဘူမကော အဟောသိ" တိကင်္ဂုတ္တရအဋ္ဌကထာ ၄ ဒေဝဒူတဝဂ် နဝမ။ သုခုမာလသုတ် ၁၂၄၊ ၁၁၁၊ သီ ၃၈၀။ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ ၂၅။ မာဂဏ္ဍိယသုတ် ၁၃၃၊ ၁၃၇။ ဇာတ်အဋ္ဌကထာ အဝိဒူရေနိဒါနကထာ၊ ကဝိ ၇၁။ သု ၇၃၊ ပြ ၆၆။ သီ ၅၆။ ယိုးဒယားစာအုပ် ၉၂။ ဇာတတ္တကီ ၆၉၊ ၁၈း။ ထေရအပဒါနကထာ အဝိဒူရေနိဒါန်း သီ ၅၂-တို့၌ ပြာသာဒ် နာမည်အစဉ်ကို ဘုံဆင့် အရေအတွက် အစဉ်နှင့် ဟပ်လျက် မပါချေ။

ဓမောင်းထောင်ကြီးရွာ၌ ၁၁၇၇-ခုနှစ် ဝါဆိုလဆန်း ၈-ရက် ၅-နေ့ ဖွားမန္တလေးမြို့ အရှေ့ပြင် မောင်းထောင်တိုက်၌ ၁၂၃၀-ပြည့်နှစ် တပို့တွဲလ စုတိတော်မူသော တတိယ မောင်းထောင်ဆရာတော်ဘုရားကြီး တံဆိပ်တော်ရဦးပညာသာမိ ခေါ် ဦးသော်၊ ၁၂၃၀-ပြည့်နှစ် နတ်တော်လပြည့်ကျော် ၆-ရက် ၃-နေ့ စီရင်ပြီး ပေစာအင်္ဂါ ၆၀-ကျော်ရှိ သမ္မောဟဝိလာသိနီခေါ် ပါဠိဇာတ်ဋီကာသစ် နိဒါန်း ၁၂-ကြောင်း ပေ၊ ကြံ၊ ဃိ ကျော ၆-ကြောင်း၌ ဇိနာလင်္ကာရ စသည်တို့နှင့်မညီ။ "ရမ္မပါသာဒေါ သတ္တဘူမိကော ။ပ။ သုရမ္မော ပန နဝဘူမိကော ။ပ။ သုဘာ နာမ ပဉ္စဘူမိကော" ၁၂၁၁-ခုနှစ်က ဦးသောဘိတအရှင်စီရင်အပ်သော စန္ဒောသာရလင်္ကာရအမည်ရှိသော ဗုဒ္ဓဝံသ ဋီကာ၊ တတိယ

ထုပ် ၁၂-ကြောင်းပေ၊ ကြုံ၊ က အစ ထဲ အဆုံးတို့တွင် ဏှု ကျော ၁-ကြောင်း စ သည့်၌ ဆိုသည်။ ၁၁၈၄-ခုနှစ် ၃၈-ဝါရ ဒိပဲရင်းမြို့ သိရိ-သဒ္ဓမ္မာဘိလင်္ကာရ ဆရာတော်ကြီး စီရင်အပ်သော တထာဂတဥဒါနဒီပနီကျမ်း ပဥ္စမအုပ် ဟံ ၁၄၃-၌ ပြာသာဒ် အစဉ်နှင့် ဘုံဆင့် ဟပ်လျက် မပါ။ သုရမ္မ ပြာသာဒ် ဘုံ ၅-ဆင့်၊ သုဘ ၇-ဆင့်၊ ရမ္မ ၉-ဆင့်။ ဝံသမေဒပကာသနီကျမ်း ၁၉၁ အဆုံး၊ ရမ္မ ၅-ဆင့်၊ သုရမ္မ ၇-ဆင့်၊ သုဘ ၉-ဆင့်၊ ဇိနတ္ထပကာသနီကျမ်း ပဥ္စမတွဲ သု၊ ၁၉၃၈-ခုနှစ်၊ ၂၃-၌ လာသော အဓိပ္ပါယ်တည်း။ ဤလို အထွေထွေ လာသော်လည်း "တတ္ထ နဝဘူမိကံ ရမ္မံ နာမ၊ ပဥ္စဘူမိကံ သုရမ္မံ နာမ၊ သတ္တဘူမိကံ သုဘံ နာမ" ဟူသော ဇိနာလင်္ကာရဋီကာ အင်္ဂါရိယသမ္ဗုတ္တိ-ဝဏ္ဏနာ သု ၁၈၁။ သိ ၁၅၆။ ဒါဌာဓာတုဝံသဋီကာ ၂၉-ဂါထာအဘွင့် ၁၀-ကြောင်းပေ၊ပိန်း၊ဂါ ဝမ်း၊ဂ်း တို့ အဆို အလာသည်သာလျှင် သေချာကုန်၏။

ပွင့်တော်မူလတ္တံ့ဖြစ်သော အဇိတတွင်သော **အရိမေတ္တေယျ** ဘုရားလောင်း မှာ သိရိဝဍ္ဍပြာသာဒ်, ဝဍ္ဍမာနပြာသာဒ်, သိဒ္ဓတ္ထပြာသာဒ်, စန္ဒကပြာသာဒ်ဟု အနာဂတဝံသ ပါဠိတော် ဂါထာ ၄၇၊ ၄၆-၌ လာ၏။

**မောင်းမအပေါင်း လေးသောင်း**—— နာဋိ, နာဋကိတ္ထိ, ဩရောဓ တို့ကို မောင်းမ[၁]ဟု ရှေးဆရာတို့ မြန်မာဘာသာ ပြန်ဆိုကြကုန်၏။မောင်းမခေါ်ဝေါ် ခြင်း၏ အဓိပ္ပါယ်ကို ဤနေရာ၌ မပြကုန်၊ နတ်ရွာနိဗ္ဗာန်ကို ဆီးတားကန့်ကွက်၍ အပါယ် ၄-ပါးသို့ မောင်းနှင် ချတတ်သောကြောင့် မောင်းမဟု အဓိပ္ပါယ် ကြံဘွယ်ရှိ၏၊ ဆွေးနွေးစီစစ်ကြလေ။ သိဒ္ဓတ္ထမင်းသားမှာ မောင်းမ ကိုးသန်း ခြောက်သိန်းဟု ‹ ယသောဓရာထေရီ အပဒါန်ပါဠိတော် ၃၉၂၊ ၃၂၂၊ ၅၁၁၊ ၄၅၀-၌ ဆိုသည်။ လေးသောင်းဟု ဗုဒ္ဓဝံသပါဠိတော် ၄၆၅၊ ၃၀၃၊ ၆၅၂၊ ၂၅၆-၌ ဆိုသည်။ ထိုမျှလောက် မယားတွေများပြီး ၃၀၁၇၊ "မာယာ စေသာ မရိစိဝ" အစရှိသော ၅၃၄-မဟာဟံသဇာတ်ပါဠိတော် ၂၉၇၊ ၁၈၀၊ ၂၂၉။ အဋ္ဌကထာ ၃၇၇၊ ၄၄၉-တို့အရ အလွန်ရမ်းကားမ, လိုက်စားနေသော ဣတ္ထိ-ဓုတ္တာသမားဟု မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်တို့၏ ကဲ့ရဲ့ပြစ်တင်ခြင်းကား နားမလည်၍ ဖြစ် သည်၊ စင်စစ်မှာမူ သိဒ္ဓတ္ထမင်းသား၏ အဆောင်အယောင် အစေအခိုင်း အတင့် အတယ်မျှသာ ဖြစ်၍ ဤမျှလောက် များလေသည်။

**သူအို သူနာ သူသေ ရဟန်း နိမိတ်ကြီး ၄-ပါး**——ပါဠိတော်လာ အစဉ်၊ ဝင်းသုတ်မဟာဝါ အဋ္ဌကထာ ၁-မဟာပဒါနသုတ် ၄၄။ သိ ၃၀၀-၌ ငါတို့

---

၁။ မောင်းမဆိုသည်ကား ဝစ္စနှစ်လုံးပေါက်မပါသော မောင်မပင်ဖြစ်သည်၊ မောင်မယ် မောင်နှံ စသည်တို့ကဲ့သို့တည်း။ ကာလရွေ့လျော၍ ဝစ္စနှစ်လုံးပေါက် ပါနေလေသည်။

ဘုရားလောင်း လေးပါးလုံးလည်း တနေ့တည်း မြင်သည်ဟု ဆိုသည်။ ဗုဒ္ဓဝံသ အဋ္ဌကထာ ၃၃၀၊ ၂၃၂၊ ၃၄၇။ ဇိနာလင်္ကာရဋီကာ ၁၇၅၊ ၁၆၀-စသည်တို့၌ အသက်ရှည်ကုန်သော ဘုရားလောင်းတို့ အနှစ်တရာတခါ အနှစ်တရာတခါ ငါတို့ ဘုရားလောင်းမှာ လေးလတခါ လေးလတခါ မြင်သည်ဟု ဆိုသည်။ ၎င်းနိမိတ်ကြီးလေးပါးအကြောင်း ဇာတ်အဋ္ဌကထာ အဝိဒူရေနိဒါန်း ၇၂၊ ၆၇၊၅၇၊၉၃၊ ၇၄၊ ၇၀။ ထေရအပဒါန်အဋ္ဌကထာ အဝိဒူရေနိဒါန်း သီ ၅၃။ ဓမ္မပဒအဋ္ဌကထာ ပဌမ ၆၂၊၉၉။ အဋ္ဌသာလိနီအဋ္ဌကထာ ၆၈။ မဟာထူပဝံသ သီ ၁၅။ မဟာဝံသဋီကာ သီ ၄၀။ ဒါဌာဓာတုဝံသဋီကာ ပဌမပိုင်းဂါထာ ၃၀-အဘွင့်၊ ၁၀-ကြောင်းပေ၊ ပိန်း၊ ဂိ ဝမ်း၊ ၇-ကြောင်း။ သမန္တကူဋဝဏ္ဏနာ ၄၅-ဂါထာ။ သီ ၁၅-စသည်များစွာတို့၌ လာကုန်၏။

**ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာ ကျင့်တော်မူပြီး၍—** ပစ္ဆိမဘဝိက မဟာဗောဓိသတ္တ ဖြစ်ကြကုန်သော သဗ္ဗညုဘုရားလောင်းတို့သည် ထိုဒုက္ကရစရိယ ပဓာနကမ္မဋ္ဌာန်းအကျင့်ကို အနည်းဆုံး ခုနစ်ရက်မကျင့်က ဘုရားမဖြစ်နိုင်လေသလော။ ကျင့်သော်လည်းကောင်း မကျင့်သော်လည်းကောင်း ဘုရားဖြစ်နိုင်၏။ "ကိံ ပန ဘဂဝါ ဒုက္ကရံ အကတွာ ဗုဒ္ဓေါ ဘဝိတုံ န သမတ္ထောတိ။ ကတွာပိ အကတွာပိ သမတ္ထော၊ အထ ကသ္မာ အကာသီတိ။ သဒေဝကဿ လောကဿ အတ္တနော ပရက္ကမံ ဒဿိဿာမိ သော စ မံ ဝီရိယနိမ္မထနံ ဂုဏော ဟာသေဿတီတိ။ပ။ အနုကမ္ပမာနော အကာသိယေဝ" မူလပဏ္ဏာသ အဋ္ဌကထာ ၃၆-မဟာသစ္စကသုတ် ပြ ၁၇၁၊ ၂၂-ကြောင်း၊ ဇ ၁၇၇၊ ၁၅ ကြောင်း။ "ကတွာပိ အကတွာပိ သမတ္ထော ကာရဏဿ နိပ္ဖန္နတ္တာ။ပ။ န ပန တာယ ဗုဒ္ဓေါ ဇာတော။ အထ ခေါ မဇ္ဈိမာယ ဝေ ပဋိပတ္တိယာ" ၁၀ ကြောင်းပေ၊ ကြံ၊ "ဝီရိယံ" မူလပဏ္ဏာသဋီကာ ယခင်သုတ်အဖွင့် ၎င်း။ပ။ ပုဗ္ဗဘာဂ၊ ဆစ်။ ဖာ ချပ် ကျော ၅-ကြောင်း၊ ၉-ကြောင်းပေ၊ ကြံ၊ လောချပ်၊ ဝမ်း ၃-ကြောင်းတို့အဆို။

**လေးဆယ့်ကိုးလုပ် မယုတ်လွေးလွေး ဘဉ်းပေးတော်မူ၍—** အချို့ထန်းသီး၌ ၄-စေ့ ၃-စေ့ ၂-စေ့ ၁-စေ့ ရှိတတ်ကြရာတို့တွင် ၁-စေ့ရှိသော ထန်းသီးမှည့် ပမာဏရှိကုန်သော ၄၉-လုပ်တို့ပြု၍ ဘဉ်းပေးတော်မူသည်ဟု ဇာတ်အဋ္ဌကထာ အဝိဒူရေနိဒါန်း ဂ၇။ အပဒါန် အဋ္ဌကထာနိဒါန်း ၆၂-စသည်တို့၌ ဆိုကြကုန်၏။ ရှေးဘုရားသုံးဆူတို့၏ ရွှေခွက်တို့ပင် ထင်ရှား ရှိနေသေးသောကြောင့် ငါတို့ မြတ်စွာဘုရား၏ ရွှေခွက်လည်း အရိယမေတ္တေယျ, အရိမေတ္တေယျ, မေတ္တေယျ သုံးမည်ရ ဘုရားပွင့်တော်မူသည် တိုင်အောင် ထင်ရှားရှိလတ္တံ့ ဟု ကြံဖွယ်ရှိ၏။

**မဟာဗောမဏ္ဍိုင်သို့ ကြွတော်မူ၍—** အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ် တို့၏ ကြည်လင်ရာဖြစ်၍ ဗောဓိမဏ္ဍ အမည်ရသော ဗောဓိပင်နှင့် ရွှေပလ္လင်သို့

ငါတို့ဘုရားလောင်း ကြွတော်မူရာတွင် သမန်းမြက် ရှစ်ဆုပ်ကို ကြဲဖြန့်၍ တဆယ့် လေးတောင်ကျယ်သော ပလ္လင်တော်ဖြစ်မည်၊ တဆယ့်လေးတောင် မြင့်သော ပလ္လင်တော် ပေါက်မည်ဟူသော အဓိပ္ပါယ်ဖြင့်

မာရ်လှည်းဖျက်ရာ၊ မြေပျက်နှာပ့၊ အပရာဇိတ၊ ပလ္လင်မသည်၊ ဘယ်မျှ စွင့်စွင့် မြင့်လေသနည်း။

ဟူ၍ ၁၁၅၂-ခုနှစ် သီတင်းကျွတ်လဆန်း ၁၄-ရက် ၄-ဟူးနေ့ မုံရွေးဇေတဝန် ဆရာတော် ၄-ဝါရ အရိယဝံသအာဒိစ္စရံသိပဂ္ဂိုလ်က မေးအပ်သော ရတုပိုဒ်စုံ သုံးပုဒ်။ ၅၅-ပုစ္ဆာတို့တွင် ပဌမရတုပိုဒ်ပါ ၁၂-ပုစ္ဆာအတွင်း ပဥ္စမပုစ္ဆာဖြစ်သည်၊ ၎င်းပုစ္ဆာ ပုံနှိပ်သော စာမူ ဟူသမျှတို့၌ ယနေ့တိုင် ကျ နေကြကုန်၏။ ဗားနဒ် ဦးယံ ပေမူ၌ ပါရှိသည်။

သမန်းရှစ်ဆုပ်၊ဖြန့်ကြဲလှုပ်၊အဟုပ်ပလ္လင် မြင့် မမြင့်။ ။၁၂၇၅-ခုနှစ် ဝါခေါင်လဆန်း ၁၁-ရက် ၄-ဟူးနေ့က ငါတို့ သံပေါက်စပ်ထားသည်။ မုံရွေး ဇေတဝန် ဆရာတော်ဘုရားကြီး ၁၁၂၈-ခုနှစ်ဖွား၊ ၁၁၉၆-ခုနှစ် စုတိသော ဦးနိုးခေါ် အရိယဝံသ အာဒိစ္စရံသီ မဟာထေရ်က ၁၄-တောင်အမြင့်ဟု သမန္တစက္ခုဒီပနီကျမ်း နဝမတွဲ ဒု ဟံ ၃၀၀၊ ၃၂၉-၌ ဆုံးဖြတ်တော်မူ၏။ ၁၁၁၉-ခုနှစ်ဖွား ၁၁၇၁-ခုနှစ် ခန့် စုတိသော ကြည့်ကန် ကိုရှင်ကြီး ဦးနုခေါ် ရှင်နန္ဒမေဓာက ၁၄-တောင် အကျယ် ဖြေဆို၏။ ဗုဒ္ဓဝံသအဋ္ဌကထာ တစောင်လုံး၌ "ဝိတ္ထတေ"ဟု အကျယ် ပါသည်ကို သဘောကျတော်မူလှသော စစ်ကိုင်း အရှင်မဟာအရိယဝံသ ဓမ္မသေနာပတိက မဏိဒီပဋီကာ ပဌမအုပ် ၁၄၉-၌ ၁၄-တောင် အကျယ် ဆုံးဖြတ်တော်မူ၏။

သည်းစွာပြင်းပြ၊ ဒုက္ကရစရိယာ၊ ကျင့်သောဝါလျှင်၊ ဗောဓိပင်ကို၊ မမြင်လေလော၊ မြင်၏လောရှင်။ ။ယခင် ဆဋ္ဌမပုစ္ဆာ။

ဒုက္ကရစရိယာ၊ စောထွတ်ချာ၊ ကျင့်ဝါဗောဓိ မြင် မမြင်။ ။၁၂၇၅-ခုနှစ်ရေး ကြည့်ကန် ကိုရှင်ကြီးက ဦးရေ ၄၇၉၊ ကာလိင်္ဂဗောဓိဇာတ်အဋ္ဌကထာ ၂၄၉-ကို ဆောင်၍ ဖြေ၏။ "အညဒါပိ စ တသ္မိံ ဌာနေ ဝိစရန္တော ဗောဓိမဏ္ဍံ ပဿတိ။ပ။ စုဒ္ဒသဟတ္ထံ ပလ္လင်္ကံ ပညပေတွာ ။ပ။ နိသီဒိ" သုတ်မဟာဝါ အဋ္ဌကထာ ၁။ မဟာပဒါနသုတ် ၈, သု ၄၅။ သီ ၃၁၀-ကိုထောက်၍ သိမြင်သည်သာတည်း။

နေမဝင်မီ ဒေဝပုတ္တမာရ်ကို အောင်တော်မူလျက်— ဒေဝပုတ္တမာရ်, ကိလေသမာရ်, အဘိသင်္ခါရမာရ်, ခန္ဓမာရ်, မစ္စုမာရ်ဟူသော မာရ် ငါးပါးတို့တွင် လောကပညတ္တိပါဠိ၌ ဘုရားလောင်း သိရိမဟာမာယာဝတ္ထုပါဠိ၌ ပစ္စေကဗုဒ္ဓါလောင်း ဟု ဆိုအပ်သော မာရ်နတ်သားသည် မူလပဏ္ဏာသအဋ္ဌကထာ ၁-သုတ်

ပြ ၃၀၊ ဇ ၃၂၊ ၃၁-အရ ပရနိမ္မိတဝသဝတ္တိနတ်ပြည်၌ ဝသဝတ္တိနတ်မင်း ဘုရင်ပြုတော်မူ၏၊ မာရ်နတ်သားသည် တခုသော တိုင်းစွန်ပြည်နား၌ မင်းအဖြစ်ကို တောင့်တလျက် ခါးပြ သူပုန် ထလိုသော မင်းသားကဲ့သို့ နတ်ဆိုးနတ်သွမ်း နတ်ကြမ်း နတ်ယုတ်မာများစွာတို့ကို စုရုံးစိုးအုပ်ခါ နေလေ၏ဟု ဒႏၶိပ္ပါယ်လာသည်။ တကမ္ဘာ အသက်ရှည်သော မာရ်နတ်မင်းသည် သားတယောက်ကို အစောင့် ထားသည် စသည်ဖြင့် လောကပညတ္တိပါဠိ ၁၈-ဒေဝလောကဝိဘာဂ ကဏ္ဍ ၉-ကြောင်းပေ၊ ပိန်း၊ ကာ၊ ဇော့ တို့တွင်၊ စုဝမ်း ၂-ကြောင်း၌ ဆိုသည်။ ကိုယ်တိုင် ၇-နှစ် ဘုရားနောက်သို့ လိုက်သည်ဟု သုတ္တနိပါတ်ပါဠိတော် ၂၈ ပဓာနသုတ် သု ၂၅၂၊ ထာ ၁၁၃၊ ၃၃၂-၌ ဆိုသည်။ ထိုမာရ်နတ်သည် ဘုရားလောင်း၏ သမာဓိ အဓိဋ္ဌာန်ကို ဖျက်ဆီးလို၍ လက်နက် ၁၀-မျိုးတို့ဖြင့် ပစ်ခတ် စစ်ပြုခြင်း, စကား စစ်ထိုးခြင်း ၎င်း ၂-ကိစ္စကိုပြု၍ နေမဝင်မီ ရှုံးလေ၏။

**လက်နက် ဆယ်မျိုးကား—** လေလက်နက်, မိုးရေလက်နက်, ကျောက်ခဲမိုးလက်နက်, လက်နက် လက်နက်,မီးကျီးခဲလက်နက်,ပြာပူလက်နက်,သဲပူလက်နက်, ရွှံ့ညွန်ပျောင်းလက်နက်,အမိုက်တိုက်မိုးလက်နက်, စက်လက်နက်တို့တည်း။

ဤနေရာ၌ အလောင်းတော် သိဒ္ဓတ္ထရဟန်းသည် မဟာဗောဓိပလ္လင်တော်ကို နှမြောစုံမက်၍ မဟုတ်၊ အဓိဋ္ဌာန် မဖျက်လို၍ သာတည်း။ ၎င်းအကြောင်းကို ငါတို့စီရင်ပြီး အင်္ဂုရဝိဝါဒ ဝိနိစ္ဆယကျမ်း မျက်နှာ ၃၄-စသည်တို့၌ ရှုလေကုန်။

ထိုနောင် ဘုရားအလောင်းတော်သည် ပါဠိတော်, အဋ္ဌကထာ,ဋီကာ များစွာတို့၌ ဆိုသောအတိုင်း မဂ်,ဖိုလ်အစဉ်ရ၍ အရုဏ်တက်ခါနီးအချိန် သဗ္ဗညုဘုရား ဖြစ်တော်မူ၏။ သဗ္ဗညုဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, စတုသစ္စဗုဒ္ဓ, သုတဗုဒ္ဓဟု ဗုဒ္ဓလေးပါး သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ ၂၂၊ ၂၁၊ ၂၀။ ကင်္ခုတ္တရအဋ္ဌကထာ ဂ၃၊ ၉၂၊ ၆၅။ ကမသဗ္ဗညု, သကိံ သဗ္ဗညု, သတသဗ္ဗညု, သတ္တိသဗ္ဗညု, ဉာဏသဗ္ဗညုပေါင်း သဗ္ဗညု ငါးပါး။ အရကောက်ကား မလွယ်လှ။ မဟာနိဒ္ဒေသ အဋ္ဌကထာ ၁၄-တုဝဋ္ဋကသုတ္တ သီ ၂၇၄၊ ယ ဒု ၉၇။ ၎င်းနိဿယ ဒုတိယထုပ် ၁၁-ကြောင်းပေ၊ ကြံ၊ က ဖဲ တို့တွင် တဲ ကျော ၁-ကြောင်း။ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ မာတိကုဒ္ဒေသ သီ ၄၁။ သံပြင်ဋီကာပေါ် ၁၃။ သဒ္ဒနီတိပဒမာလာဋီကာ ပဏာမဝဏ္ဏနာ ၁၁ ကြောင်းပေ၊ ပိန်း၊ ကိ၊ ကျော ၇-ကြောင်းတို့အဆို။ သဗ္ဗညုတဉာဏ်တော်၏ ယှဉ်ရာစိတ်ကို သုတ်သီလက္ခန် အဋ္ဌကထာ ၁-သုတ် ဂ၂။ ၎င်းဋီကာဟောင်း ၁၂၇၊ ၁၂၈။ ဋီကာသစ် ၃၆၈။ ဇိနာလင်္ကာရဋီကာ ၄၃၊ ၃၀၀။ ဋီကာကျော် ပကိဏ်းပိုင်း ပြ ပုဒ်မ ၁၆၂၊ မျက်နှာ ၁၄၆-စသည်တို့၌ . ရှုအပ်၏။ ထိုဉာဏ်၏အာရုံပြုရာ ဥေ ယျမ်ငါးပါးတို့ သရုပ်အရကောက်ပုံကို ဇိနာလင်္ကာရဋီကာ သီ ၉၈၊ သု ၁၁၄။ ဒါဌာဓာတုဝံသဋီကာ ဂန္ထာရမ္ဘ ပဌမဂါထာ တတိယ-

ပါဒဝဏ္ဏနာ ၁၀-ကြောင်းပေ၊ ပိန်း၊ ခေါ ဝမ်း ၁-ကြောင်း။ မဏိဒီပဋီကာ ပဥ္စမအုပ် သု ၁၁၃၊ ၄-ကြောင်း။ နေတ္တိမဟာဋီကာ ၁၂-ကြောင်းပေ၊ ကြံ၊ ကီ ကျော ဂ်း စသည်တို့၌ ရှုအပ်၏။

ငါတို့ မြတ်စွာဘုရား၏ အခါတော် ခုနစ်ပါးကို ဤသို့ သိအပ်၏—

မ သိ ကြ လတ်၊ တွေး ဆ အပ်၊ နေ့မြတ် ခုနစ်ထွေ။
သန် ဖွား တော ပွင့်၊ စက် စု သင့်၊ ရှင်ပင့် သာကီနေ။

မ—မဟာသက္ကရာဇ် ၆၇-ခုနှစ် ဝါဆိုလပြည့် ၅-ခတေးနေ့ သန်းခေါင်ယာမ် အချိန် ကပိလဝတ္ထုနေပြည်တော် နန်းထက်၌ ပဋိသန္ဓေ နေတော်မူ၏။

**သိ**—ယခင် သက္ကရာဇ် ၆၈-ခုနှစ် ကဆုန်လပြည့် သောကြာနေ့ နံနက်အချိန် လုမ္ဗိနီဥယျာဉ်တော်၌ ဖွားတော်မူ၏။

**ကြ**—မဟာသက္ကရာဇ် ၉၇-ခုနှစ် ဝါဆိုလပြည့် တနင်းလာနေ့ ညဉ့်သန်းခေါင် ယာမ် အချိန် တောထွက်တော်မူ၏။

**လတ်**—မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ညကုန်လုနီး အရုဏ်တက်ခါနီးအချိန် ဗောဓိမဏ္ဍိုင်၌ ဘုရားဖြစ်တော်မူ၏။

**တွေး**—ယခင်သက္ကရာဇ် ၁၀၃-ခုနှစ် ဝါဆိုလပြည့် စနေနေ့ည နေတခြမ်းမြုပ် လတခြမ်းပေါ်အချိန် ဗာရာဏသီပြည် မိဂဒါယတော၌ ဓမ္မစကြာတရား ဟောတော်မူ၏။

**ဆ**—ယခင်သက္ကရာဇ် ၁၄၈-ခုနှစ် ကဆုန်လပြည့် အင်္ဂါနေ့ည ယခင် ဘုရားဖြစ် တော်မူသော အချိန်မျိုး ကုသိနာရုံပြည် အင်ကြင်းဥယျာဉ်တော်၌ စုတိကမ္မဇ-ရုပ် ချုပ်တော်မူ၏။

**အပ်**—ယခင် သက္ကရာဇ် ၁၄၈-ခုနှစ် ကဆုန်လပြည့်ကျော် ၁၂-ရက် တနင်္ဂနွေနေ့ ယခင်ဥယျာဉ်တော်၌ တေဇောဓာတ်မီး လောင်သင့်တော်မူ၏။

**ကဏ္ဍ အမည်ရှိသော ဥယျာဉ်စောင့်သည် စိုက်အပ်သော**—ကဏ္ဍ မြန်မာမူ၊ ဂဏ္ဍ သီဟိုဠ်မူ၊ ဝါဆိုလပြည့် ကောသလမင်း၏ ဥယျာဉ်တော် သရက်ဖြူပင်ကြီး ခါချဉ်ထုပ်အတွင်းက ရသော သရက်သီးကြီးဖြစ်သည်၊ တန်ခိုးပြာဋိဟာခန်း ဓမ္မပဒအဋ္ဌကထာ ဒု ၁၂၇-စသည်။

**သုံးဘဝါးသာ နင်းသဖြင့်**—မဟာသက္ကရာဇ် ၁၀၉-ခုနှစ် ဝါဆိုလပြည့်နေ့ တိတ္ထိယမဒ္ဒနယမကပါဋိဟီရကိစ္စ အဆုံး၌ ဝါကပ်တော်မူကြကုန်သော ရှေး နောင်တော် သဗ္ဗညုမြတ်စွာဘုရားတို့၏ ယိုးကိုနှလုံးသွင်းတော်မူ၍ "အတ္တနော

**မာတရံ ဥတ္တရံ ပမုခံ ကတွာ**" အစရှိသော ကောနာဂမနဗုဒ္ဓဝံသအဋ္ဌကထာ ၃၂၀၊ ၃၀၅၊ ၂၁၄-ထောက်လေ။ တာဝတိံသာနတ်ပြည်သို့ ကြွတော်မူရန် ရည်သန်၍ လကျ်ာခြေဘဝါးတော်ကို အနည်းငယ် ကြွကာမျှကာလပင် ယူဇနာ လေးသောင်း နှစ်ထောင်မြင့်သော ယုဂန္ဓိုရ်တောင်မင်းသည် ညွတ်၍ ခြေဘဝါး တော်အောက်သို့ တောင်ထိပ် ခံလာရ၏၊ ထိုတောင်ထိပ်၌ လကျ်ာခြေတော် နင်းမိလျှင် ခါတ်လှေကား စီးသောသူသည် မြင့်တက်၍ အလိုရှိရာ၌ ရပ်သကဲ့သို့ ရပ်လေ၏၊ လက်ဝဲခြေတော် ယခင်နည်း ကြွတော်မူကာမျှကာလပင် ယူဇနာ ရှစ်သောင်း လေးထောင်မြင့်သော မြင်းမိုရ်တောင်ထိပ်သည် ခြေဘဝါးတော် အောက်သို့ ရောက်လာရလေ၏၊ နင်းတော်မူသောအခါ ယခင်အတိုင်း မြင့်၍ တာဝတိံသာနတ်ပြည်သို့ နှစ်လှမ်း သုံးဘဝါးဖြင့် မပင်မပန်း ဆန်းကြယ်အံ့သြ စရာ ရောက်တော်မူလေ၏၊ မြင်းမိုရ်တောင်ထိပ်က မြကျောက်ဖျာသို့ ထို ကျောက်ဖျာက မြောက်ကျွန်းသို့ ဆွမ်းခံ အခါ ၉၀-မျှ ကြွတော်မူသောကာလ တဖန် တက်တော်မူသောကာလ ယခင်နှစ် သီတင်းကျွတ်လပြည့်နေ့ သိကြား မင်းနှင့် ဝိသုကြုံနတ်သားတို့ ဖန်ဆင်းအပ်သော အနောက်ဘက်က ရွှေစောင်း တန်း, အလယ်က ပတ္တမြားစောင်းတန်း, (မြစောင်းတန်းလည်း ဆို၏)။ အရှေ့ဘက်က ငွေစောင်းတန်း တောင်ဘက်ကို မျက်နှာပြု၍ ဓမ္မပဒအဋ္ဌကထာ အဆို၊ လကျ်ာ ရွှေစောင်းတန်း, လက်ဝဲ ငွေစောင်းတန်း၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ အဆို၊ သင်္ကဿမြို့သူ မြို့သား စသည်တို့ တောင်ဘက်က မြောက်အရပ် မြင်းမိုရ် တောင်ထိပ်သို့ မျက်နှာမူ၍ အရှေ့ဘက်ဖြစ်သော လကျ်ာ ငွေစောင်းတန်း အနောက်ဘက်ဖြစ်သော လက်ဝဲရွှေစောင်းတန်းတို့ဖြင့် ခြံရံအပ်သော ပတ္တမြား စောင်းတန်းဖြင့် ကြွတော်မူသော ကာလတို့၌ အကြိမ်မည်မျှ လှမ်းကြွတော်မူရ သည်ဟု စာဆိုမတွေ့ရချေ။

**မယ်တော်ဖြစ်ခဲ့ဘူးသော သန္တုသိတနတ်သားကို။ ပ ။ ပြု၍—** "မာတရံ ပမုခံ ကတွာ" အဋ္ဌသာလိနီ အဋ္ဌကထာ မျက်နှာ ၁။ "မာတရံ ကာယသက္ခိံ ကတွာ" ၎င်း ထာ ၁၅။ ဥပရိပဏ္ဏာသ အဋ္ဌကထာ ၃၄၊ လောမသကင်္ဂိယ ဘဒ္ဒေကရတ္တသုတ် ၃၅၄၊ ၂၄-ကြောင်း၊ ၁၅၁၊ ၁-ဂ်း။ "မာတု ပမုခါနံ အနေက-ဒေဝတာနံ" **ထေရအပဒါန်အဋ္ဌကထာ** ဗုဒ္ဓအပဒါန ဒုတိယဝိပါက သိ ၉၇၊ ၂၆-ကြောင်း။ "**မာတု အဘိဓမ္မပိဋကံ ဒေသေန္တိတိ ဒိသွာ**" ဓမ္မပဒအဋ္ဌကထာ ၁၄-ဝဂ်။ ၁၄၉-ဒေဝေါရောဟနခေါ် **ယမကပါဠိမဟာရိယဝတ္ထု** ၆၂၀ ။ ပ ။ ၆၂၄—ခြောက်ချက် ၂၇၁ ။ ပ ။ ၂၇၆၊ ၁၃၈ ။ ပ ။ ၁၄၂။ သိ ၄၅၂ ။ ပ ။ ၄၅၆။ ဇိနာလင်္ကာရဋီကာ သု ၂၉၁၊ ၂၉၂၊ ၂၉၃။ သိ ၂၅၄၊ ၂၅၅။ "မာတုသက္ခိကံ ကတွာ" ဝံသတ္ထပ္ပကာသိနီခေါ် မဟာဝံသဋီကာ တိံသတိမပရိစ္ဆေဒ ဒွါသိတိမ-ဂါထာဝဏ္ဏနာ၊ သိ ၃၉၆။ ကင်္ခါဝိတ္တရဋ္ဌကထာ ဂ၀။ ဂေါတမ ပုရာဏ်ပါဠ်၌

**မနောဟာရဓမ္မသင်္ဂဟ အမည်ရှိသော** သိရိလလိတဝိတ္ထာရ ဘာသာပြန်ကျမ်း ပဌမ-ဘာဂ ၁-အစ၊ ၆၀၅-အဆုံးတို့တွင် ၄၁၀-မျက်နှာအလာ ဂါထာ စသည်တို့လည်း ဘူတပုဗ္ဗဂတိကနယ ဝေါဟာရမျိုးဟု ဆရာကောင်း ဆရာမြတ် ကျမ်းတတ်ပုဂ္ဂိုလ် ကျော်တို့ မိန့်ဆိုတော်မူကြကုန်၏။

ဘူတပုဗ္ဗဂတိကနည်းဖြင့် အတွင်ရှုဠ္ဌ ယူသည်တို့ကား အင်္ဂုသာလိနီအင်္ဂုကထာ ဂဏ္ဌိဟောင်းကျမ်း၊ ပဌမ ကျော်အောင်စံထား ဆရာတော်ဘုရားကြီး အရှင် ဉာဏဝရ (၁၀၉၄) ခု စီရင်ပြီး ၁၁-ကြောင်းပေ၊ ပိန်း၊ ကူ၊ ကျော ၆-ကြောင်း၊ ၁၃-ကြောင်းပေ၊ ကြုံ၊ ကူ၊ ကျော၊ ၇-ကြောင်း။ အင်္ဂုသာလိနီအင်္ဂုကထာ နိဿယ နေရင်းရွာ အရိယာလင်္ကာရ ဆရာတော်ဘုရားကြီး (၁၀ဂ၉)ခု ပြုပြီး ၉-ကြောင်း ပေ၊ မျဉ်းနီ၊ ကား ဝမ်း၊ ၅-ကြောင်း။ ပဌမ တောင်ဘီလာဆရာတော်ဘုရားကြီး ပြု ဝိသတိဝဏ္ဏနာကျမ်းရိုး ပဥ္စမဂါထာအဘွင့် ၁၁-ကြောင်းပေ၊ ကြုံ၊ စား၊ ကျော ၁၀-ကြောင်း။ အင်္ဂုသာလိနီအင်္ဂုကထာ၏ ပိုင်တောင်း ဂဏ္ဌိကျမ်း ၁၂-ကြောင်းပေ၊ ပိန်း၊ ဏီ၊ ကျော၊ ၇-ကြောင်း။ အင်္ဂုသာလိနီကျမ်းရိုး ပဌမ ဆံတား သာသနာပိုင် ဆရာတော်ဘုရားကြီး ၁၀ဂ၀-ပြည့်နှစ်ဖွား ၁၁၄၆-ခုနှစ် စုတိ၊ ဦးစံဘလူးခေါ် ဦးနန္ဒမာလာရေး ဂံးပေ၊ နီ၊ ကော ကျော၊ ၆-ကြောင်း၊ ဂံး စသည် များစွာတို့ ရှိကြကုန်၏။

ဘူတပုဗ္ဗဂတိ(က)နည်းခေါ် ၎င်း ဂတိ(ယ)နည်းကို ဥဒါဟရဏ်ပြယုဂ်နှင့် တကွ သုတ်သီလက္ခန်ပါဠိတော် **၁၀-သုဘသုတ်** ၁၅၉။ မဇ္ဈိမပဏ္ဏာသပါဠိတော် **၄၉-သုဘသုတ်၊** သု ၃၇ဂ။ **ဥပရိပဏ္ဏာသပါဠိတော်** ၃၅- စူဠကမ္မဝိဘင်္ဂ ခေါ် သုဘသုတ်၊ သု ၂၁ဂ။ ဥပရိပဏ္ဏာသအင်္ဂုကထာ ၃၅-သုတ် ၁၅၂၊ ၄-ကြောင်း၊ ၁၅၅၊ ၁၀-ကြောင်း။ ၎င်းဋီကာ ၁၀-ကြောင်းပေ၊ ကြုံ၊ စါ ကျော၊၁၀-ကြောင်း။ သုတ်ပါထေယျပါဠိတော် ၆-ပါသာဒိကသုတ် ဂ၃။ ဥပရိပဏ္ဏာသပါဠိတော် ၄-သာမဂါမသုတ် ၃၀-ဂ်း။ မဟာဝဂ္ဂသံယုတ်ပါဠိတော် ၂-နာဠန္ဒဝဂ်၊တတိယသုတ် ၁၁၉၊ ၄-ကြောင်း။ ပါထေယျအင်္ဂုကထာ ၇၉၊ ၆၆၀။ ၎င်းဋီကာ ၇၇။ ဥပရိ-ပဏ္ဏာသအင်္ဂုကထာ ၂၁။ မဟာဝဂ္ဂသံယုတ်အင်္ဂုကထာ ၂၄၄၊ ၁၇၂။ ပဋိသမ္ဘိဒါမဂ်အင်္ဂုကထာ မေတ္တာကထာဝဏ္ဏနာ၊ သီ ၄၄၃။ ဝိသုဒ္ဓိမဂ်အင်္ဂုကထာ ၉၊နိဒ္ဒေသ ၂၆၇၊ ၂၅၇၊ ၂၇၄၊ ၂၂၉။ ၎င်းမဟာဋီကာ ၃၃၂၊ ၃၀၇၊ ၃၅၀၊ ၂၉ဂ။ နည်းလေးဆယ်။ ၅၀-နိတတ္ထပဥ္စက ကဝိ ၁၆၀။ သု ၁၅၅၊ ၎င်း၏ နယလက္ခဏဝိဘာ-ဝိနီဋီကာ ပါဌ် နယလီနတ္ထဒီပနီဋီကာပါဌ်နှင့် ဂဏ္ဌိ စသည် များစွာတို့ကို တ န သေချာ သိဟိုင်ဠစာသို့ တစိမ့်စိမ့်ရှု စဉ်းစားအပ်ကုန်၏။ သာသနာတော် ၂၁၁၀၊ မြန်မာသက္ကရာဇ် ဂ၂ဂ-ခုနှစ်က စစ်ကိုင်းတောင်ရိုး အရှင်မဟာအရိယဝံသ ဓမ္မ-သေနာပတိ မဟာထေရ်သည် မဏိသာရမဥ္ဇူသာဋီကာပါဌ်ကို စီရင်တော်မူ၍ ပြီးလေသည်၊ ထိုဆရာတော် စီရင်ခဲ့သော မဏိဒီပဋီကာ ပဌမအုပ် ၂၀၅-၌

နတ်သားဟု ဘွင့်လေသည်။ မြတ်စွာဘုရား ရှေ့လက်ထက်တော် အခါက စ၍ **မဏိဒီပဋီကာ**ဆရာတို့ လက်ထက်အထိ နတ်သီး နတ်မ အယူကွဲလွဲခြင်း မရှိ။ ဘူတပုဗ္ဗဂတိကနည်းကို သဘောကျကြကုန်၏၊ ညဏ်ကြီးတော်မူကြပါပေစွ တကား။

**ဟံသာဝတီ** ရာဇဂုရုတို့၏ အာဘောဂ-သက္ကရာဇ် ၉၁၂-ခု၊ ဟံသာဝတီ ပဲခူးမြို့၌ နန်းတက်၍ ၉၄၃-ခု နတ်ရွာစံတော်မူသော ဟံသာဝတီ ဆင်ဖြူမြားရှင် မင်းတရားကြီး ဘုရင့်နောင် ကျော်ထင်နော်ရထာဘွဲ့ရ ရှင်ရဲထွတ် လက်ထက် ၉၂၄-ခု၊ ပြာသိုလက စ၍ ၉၃၃-ခု တပို့တွဲလ စီရင်ပြီးသော **မဓုသာရတ္ထဒီပနီဋီကာ**ပါဠိ၌ ပဌမအုပ် မျက်နှာ ၃၅-၌ မဟာနန္ဒဘွဲ့တော်ရ မွန့်တလိုင်း ဇောင်းတူ ဆရာတော်ကြီးက အဋ္ဌကထာဆရာ ကုလား၊ ဋီကာဆရာ ကုလား၊ ဋီကာဆရာ အညာ မြန်မာများတို့ကို ကော်လှန်ထားသည်ကို အမှီပြု၍ ကွဲပြားခြင်း ဖြစ်ရလေသည်။ "ဟံသာဝတီပုရိန္ဒသ္သ၊ ပဥ္စသေတိဘသာမိနော" စသော ကစ္စာယနဝဏ္ဏနာ နိဂမနဂါထာလာသည်နှင့် အညီ ဟံသာဝတီ ဆင်ဖြူငါးစီးရှင် ဦးရဲထွတ် တောင်းပန်တော်မူ၍ ထိုမင်းတရားကြီး၏ ကောင်းမှုတော်ဖြစ်သော ပဲခူး မဟာစေတီတော်၏ သေန် အရှေ့မြောက် တနင်္ဂနွေထောင့် ရတနဝေဠုကျောင်းတော်ကြီးနေ အရှင်သဒ္ဓမ္မာလင်္ကာရ မဟာထေရ်မြတ်သည် ငါးပိုင်းတို့ဖြင့် တန်းဆာဆင်၍ စီရင်တော်မူအပ်သော သာရတ္ထာနုပကာသနီပါဠိခေါ် ပဏ္ဏာမဝဏ္ဏနာ ၁၁၄၇-ခု ကဆုန်လဆန်း ၁၄-ရက် ၂-နေ့ နေဝန်းပေါ် ချိန် ရေးကူးပြီး ၁၀-ကြောင်း ပေ၊ ရွှေပိန်းချ၊ က-အစ ဂါ-အဆုံး၊ ၃-အင်္ဂါရှိ ၎င်းကျမ်း ဗားနာဒ် စာကြည့် တိုက်ရှိ စသည်တို့ကို စ လယ် ဆုံး သေချာစွာ စေ့စေ့စပ်စပ် ကြည့်ရှု၍ ကော်လှန်သည် မကော်လှန်သည်ကို သိလေဟု ဆရာတို့ဆိုကြကုန်၏။ ထို သဒ္ဓမ္မာလင်္ကာရ သူမြတ်ကား သက္ကရာဇ် ၉၄၁-ခု သီတင်းကျွတ်လဆန်း ၅-ရက် ၅-နေ့ စ၍ရေး ၉၄၂-ခုနှစ် တန်ဆောင်မုန်းလပြည့် ဘရဂုခေါ် သောကြာနေ့ ရေးပြီးသော ၁၂-ကြောင်းပေ၊ ကြံဆစ်၊ ဋ္ဌ-အစ ယော်-အဆုံး ၁-အင်္ဂါ ၁-ချပ်ရှိ ပဋ္ဌာနသာရဒီပနီဋီကာပါဠိ အကျဉ်းအကျယ်ကိုလည်း စီရင်တော်မူခဲ့လေသည်။ ယခင် မဓုဋီကာ ၃၅-၌ ကာဠုဒါယီထေရဂါထာ အဋ္ဌကထာကို ၄-ချက်ပင် လက်သီးပုန်းထိုး၍ အမျိုးမျိုး ကော်လှန်ပယ်ချပါသော်လည်း ပြရအံ့လတ္တံ့ဖြစ်ကုန်သော အဋ္ဌကထာ,ဋီကာ,ဂန္ထန္တရတို့ကား များလှကုန်၏။ စာအုပ်မျက်နှာနံပါတ် များ မည်စိုး၍ ချန်လှပ်ခဲ့သော်လည်း မပြက စာသင်သားတို့ ရှာဖွေ စုဆောင်း၍ ကြည့်ရန် မလွယ်ရကား ပဓာနမျှတို့ကို ရေးပေအံ့။ ၎င်းတို့ကို မရောက်မီ ပါဠိပါဠိ အမျိုးမျိုး အထွေထွေတို့ကို သတိပြုရန်။ "**သန္တုသိတဒေဝပုတ္တာ**" ဟု ဓမ္မပဒအဋ္ဌကထာ၌ လာသည်ဟူ၍ မာတိကာဂဏ္ဌိ၌ ဆိုရာ ထိုမာတိကာဂဏ္ဌိကျမ်းကို ၁၀၈၆-ခု ကဆုန်လပြည့် အင်္ဂါနေ့ ဖွား ၁၁၂၄-ခု ပြန်လွန်တော်မူသော

တောင်တွင်းကြီး သာသနာပိုင် ဆရာတော်ဘုရားကြီး ခင်ကြီးပျော် စီရင်တော်မူခဲ့သည်ဟု ၁၁၇၉-ခု ဖွား ၁၂၆၃-ခု စုတိသော ဒုတိယ မြို့ပြင်ကြီး ဆရာတော်ကြီး အရှင်စန္ဒဝံသာလင်္ကာရ၏ အဋ္ဌသာလိနီအဋ္ဌကထာ နိဒါန်းဂဏ္ဌိသစ် ၃၀ စသည်တို့၌ ဆိုကြကုန်၏။ ၎င်း**မာတိကာဂဏ္ဌိ**၌ ကိုးတော်မူတိုင်း ခင်ကြီးပျော် လက်တော်ကိုင် **ဓမ္မပဒအဋ္ဌကထာပါဌ်** ပေမူ၌ ရှိတော်မူတိုင်းပင် ကိုးပြသည် ဖြစ်ရာ၏။ ထို ဓမ္မပဒအဋ္ဌကထာဟူသော စကားအရ ကိုးပါဌ်ကို မကျေနပ်၍ ၁၁၇၀-ခု ခန့် ဖွား၊ ၁၂၅၀-ပြည့် ပြန်လွန်တော်မူသော တံဆိပ်တော် ၂-ထပ်ရ စံကျောင်း ဆရာတော်ဘုရားကြီး **ဦးသုဒဿန** ခေါ် ဦးရွှေသာ သည် ဓမ္မပဒ-အဋ္ဌကထာပါဌ် **ပေစာကို ၉-ခေါက်ပေါက်အောင်**၊ ဝိနည်း ငါးကျမ်း အဋ္ဌ-ကထာ ဂဏ္ဌိသစ် စသည် များစွာကျမ်းပြု ၎င်းတပည့်ကြီး စကုမြို့ ကန်ဦးဆရာတော် ဦးပဏ္ဍိစ္စသည် ယခင် **အဋ္ဌကထာကို ၅-ခေါက်ပေါက်အောင်** ကြည့်ဘူးသည် မတွေ့ဟု ကြားရဘူးသည်၊ သို့ရာတွင် ပေစာမူ စက္ကူမူ တို့၏ သဘောကို အနည်းငယ်မျှ ဘော်ပြဦးအံ့။

. စတုရာသခ္ဗျေယျ, အဋ္ဌာရသ အသခ္ဗျေယျ စသော ၁၁၇၃-ခု သမန္တစက္ခု-ဒီပနီကျမ်း ဒုတိယအုပ်၊ ဟံ ချက်နှာ ၁၀၃-၏ ကိုးကားရာ ၄၉-ပံသုကူလဝဂ်၊ ၄၇၄၊ ၄၇၂-တတိယ ဗုဒ္ဓသညကထေရအပဒါန် အဋ္ဌကထာပါဌ်သည် စတုရာသံ-ခေယျ,အဋ္ဌာရသသံခေယျ,သောဠသသံခေယျ စသော ဟင်္သာတမြို့ မြစ်ကွေး တိုက်ရှိ ၁၂၁၇-ခု ကူးပြီး၊ ပိန်း၊ ၁၁-ကြောင်းပေ၊ က-အစ ဓု-အဆုံးတို့တွင် တေ ချပ်၊ ဝမ်းဘက်၊ ၆-ကြောင်းနှင့် ဆန့်ကျင်သည့် အပြင် အားလုံးသော ထေရအပဒါန်အဋ္ဌကထာ ပစ္စေကဗုဒ္ဓအပဒါန် ခဂ္ဂဝိသာဏ ပဌမဝဂ် ပဌမသုတ် “စတ္တာရိ အသခ္ဗျေယျာနိ ။ ပ ။ အဋ္ဌ အသခ္ဗျေယျာနိ ။ ပ ။ သောဠသ အသခ္ဗျေယျာနိ” စသော ဝိ ကျော ဂ်း၊ သီ ၁၁၅။ သုတ္တနိပါတ် အဋ္ဌကထာ ယခင်သုတ် ၃၀၊ ၄၅၊ ၃၂။ ထေရဂါထာ အဋ္ဌကထာ ပဌမ ၁၁၊ ၉။ စရိယာ-ပိဋကအဋ္ဌကထာ သီ ၂၅၀။ သီလက္ခန္ဓဋီကာဟောင်း ၉၄။ သစ် ၂၀၀။ အနာဂတဝံသဋ္ဌကထာ ၁၁-ကြောင်းပေ၊ ပိန်း၊ ဃိ ဝမ်း၊ ၁၀-ကြောင်း စသည် များစွာတို့နှင့် ဥဇုပဋိပက္ခ ဖြစ်ကြကုန်၏။

၁၄-ဗုဒ္ဓဝဂ် အဆုံး၌ ကဿပဒသဗလဿ သုဝဏ္ဏစေတိယဝတ္ထုသည် မြန်မာမူ ဓမ္မပဒပါဠိတော်,အဋ္ဌကထာ,ဋီကာ၊ပေစာမူ,ပုံနှိပ်စာမူ ဟူသမျှတို့၌ မရှိကြလေ။ သီဟိုဠ်စာအုပ်မူတို့၌ကား ရှိကြလေကုန်၏။ “မနုဿတ္တံ လိင်္ဂသမ္ပတ္တိ” စသော ၁-ဂါထာခဲ့ကို မြန်မာစာပေမူ, စက္ကူမူ ဖြစ်သော ဗုဒ္ဓဝံသပါဠိတော် သုမေဓ-ကထာတို့၌ မတွေ့ရ၊ သီဟိုဠ်မူ ဗုဒ္ဓဝံသပါဠိတော်စာအုပ် ဂါထာ ၅၀၊ မျက်နှာ ၃၃၊ ၅-ကြောင်း၌ ရှိချေ၏၊ ရှေးက အဋ္ဌကထာလာ ဂါထာမျှ ထင်ဘူး၏။

"ပရိစ္ဆိန္ဒိတုံ န သက္ကာ။" "နာနာနယ ဝိစိတ္တံ[1]" "ဤကော်မာ အတွင်း၌ "အာဝါသာဒါနာနုဘာဝေန ဟိ ဘဝေ ဘဝေ နိဗ္ဗတ္တဿာပိ[2] သမ္မာဓိတဂဗ္ဘဝါသော န[3] ဟောတိ၊ ဒွါဒသဟတ္ထော ဩဝရကော ဝိယ[4] မာတုကုစ္ဆိ အသမ္ဗာဓော ဝ ဟောတီတိ ဧဝံ" ဟူသော ပါဠိ စကားဝါကျများသည် ဟံသာဝတ မြို့ မြစ်ကွေးတိုက်ရှိ ၁၂၃၉-ခု တော်သလင်းလပြည့်ကျော် ၁၁-ရက် ၃-နေ့ ရေးကူးပြီး ၁၀-ကြောင်းပေ၊ ပိန်း၊ က-အစ ဠိ-အဆုံးရှိ **မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ** ၃-သေခသုတ် အဘွင့်၊ ကဲ ကျော၊ ၄-ကြောင်း၌ရင်း, ၁၂၈၂-ခုနှစ် ပြု နှိပ် မျက်နှာ ၁၇၊ ၂၃-ကြောင်း, ၁၉၂၄-ခု ဇ နှိပ် ၁၈၊ ၁၀-ကြောင်း၌ရင်း ကျပျောက်နေကြကုန်၏။

**သဠာယတနဝဂ္ဂသံယုတ်** အဋ္ဌကထာ ၁၉၊ အာသီဝိသဝဂ် ဆဋ္ဌမသုတ် ဇ ၉၅၊ ၂၃-ကြောင်း, အသင်း ၉၄၊ ၁၁-ကြောင်း, သီ ၆၇၊ ၂၂-ကြောင်း, ၎င်းဋီကာ ၁၀-ကြောင်းပေ ပိန်း၊ ဗော ဝမ်း၊ ၇-ကြောင်း, ၎င်း ငေ ကျော၊ ၃-ကြောင်း, **ဥဒါန်းအဋ္ဌကထာ** ၈-ပါဋလိဂါမိယဝဂ်၊ ဆဋ္ဌမသုတ်၊ သီ ၂၉၂၊ ၁၅-ကြောင်း, သု ၃၉၉၊ ၁-ကြောင်း, ဇ ၄၀၆၊ ၂၁-ကြောင်း, **တေရသက ကဏ္ဍဋီကာ**၊ မဟာဝါ၊ ဖ-ဘေသဇ္ဇက္ခန္ဓက၊ ၁၂၇၀-ပြည့် ပြ ဒုံ ၄၀၆၊ ၃-ကြောင်း, ဇ သု ၁၆၃၊ ၁၁-ကြောင်း၌ ပြည့်စုံစွာ ပါရှိကြကုန်၏။

"ကာဋ္ဌာရာမသုတ္တေန" ပါရာဇိကကဏ် အဋ္ဌကထာ နိဒါန်း ဇ သု ၄၆။ ဒီပဝံသ သု ၅၂၊ သီ ၄၄။ မဟာဝံသ သီ ၆၇-တို့အရ ကာဋ္ဌကာရာမသုတ်ကို ရှာဖွေရာ သာရသင်္ဂဟပါဠိ သု ၂၂၊ သီ ၁၇-အဆိုဖြင့် စတုက္ကင်္ဂုတ္တရဟု သိရသော်လည်း စတုက္ကင်္ဂုတ္တရပါဠိတော် ဟံ ၂၇၇၊ ကဝိ ၃၁၉၊ ဇ ၂၃၉၊ သု ၂၈၅၊ နိသျ သု ၄၀၂-တို့၌ "ကောဋ္ဌိကာရာမေ" ချည်း ရှိနေ၍ ၎င်းသုတ်ကို ရှာမတွေ့၊ သီဟိုဠ်မူ ၂၁၂-၌ ကာလကာရာမေ ရှိ၍သော ၎င်းသုတ်ကို တွေ့ရပေတော့သည်။

ပဋ္ဌာန်းမူလဋီကာ တိကပဋ္ဌာနဝဏ္ဏနာ ပြ ၁၃၈၊ ၂၃-ကြောင်း၊ ဇ သု ၁၃၈၊ ၁၉-ကြောင်း၌ "တန္နိဝါရဏတ္ထံ ဝုတ္တံ ( ) ကိဥ္စိကာလေတိ" ၎င်းတို့၏ ကွင်းတွင်း၌ ( ကိဥ္စိ ကာလေတိ ကိသ္မိဉ္စိ ကာလေတိ ဝါ အတ္ထော၊ တေန ရူပိနော မမ္မာ ကေစိ ဝတ္ထုဘူတာ ကိသ္မိဉ္စိ ပဋိသန္ဓိကာလေတိ ရူပန္တရာနံ ဝတ္ထုဿ စ

---

၁- နာနာ နယေဟိ ဝိစိတ္တံ (ဥဒါန်-ဋ္ဌ ၃၇၇၊ နာနာနယ ဝိစိတ္တံ၊ သံ-ဋ္ဌ ၃-၉၃၊ သာရတ္ထ-ဋီ ၃-၃၁၅)။

၂- ဟိ ဘဝေ နိဗ္ဗတ္တမာနဿပိ ( ဥဒါန်-ဋ္ဌ ၃၇၇၊ သာရတ္ထ-ဋီ ၃-၃၁၅)။

၃- သမ္ဗာဓိတဂဗ္ဘဝါသော နာမ န (ဥဒါန်-ဋ္ဌ ၃၇၇၊ သာရတ္ထ-ဋီ ၃-၃၁၅)။

၄- ဝိယဿ (ဥဒါန်-ဋ္ဌ ၃၇၇၊ သာရတ္ထ-ဋီ ၃-၃၁၅)။

ကာလန္တရေ အရူပိနံ သဟဇာတပစ္စယတံ ပုဗ္ဗေ အနိဝါရိတံ နိဝါရေတိ၊ ဝေဠုကတ္ထာ ) ဝါကျစကားရပ်ပါဌ်တို့သည် ကျပျောက် စုတိကြကုန်၏။

ဘိုးတော်မင်းတရားကြီး လက်ထက် ဂူကြီးဆရာတော် ဦးပညာသိဟခေါ် ဇ-ဝါရ ပဌမကျော် ဦးယာ သုတ်သင်အပ်သောမူ ဟင်္သာတမြို့ မြစ်ကွေးတိုက်ရှိ ၁၁-ကြောင်းပေ၊ ပိန်း၊ အဘိဓမ္မာ ခုနစ်ကျမ်း မူလဋီကာပါဌ် ၁၂၂၅-ခု ကူးပြီး၊ က-အစ ဖ္ဘား-အဆုံးတို့တွင် နား ကျော၊ ၂-ကြောင်း စသည်တို့၌ရင်း, ယိုးဒယား ကျောက်ဖ္ဘား ကောဒယ် ဘုရင်၏ အဂ္ဂမဟေသီ မိဖုရားကြီးသည် ရှိ၏၊ ထို မိဖုရားကြီး၏ ဦးရီးတော်အရင်း ယိုးဒယားအမတ်ကြီး၊ ထိုအမတ်ကြီးသား ၁၁၂၁-ခုဖ္ဘား၊ ၁၁၇၆-ခု စုတိသော ထိုဦးယာပင် စီရင်၍ သာသနာတော် ၃၂၆၊ ကောဇာသက္ကရာဇ် ၁၁၄၄-ခု ပြီးသော ပဋ္ဌာန်းမူလဋီကာနိသျ ကြည့်မြင်တိုင် လေးကျွန်းသီရိန် ပိဋကတ်ပုံနှိပ်တိုက်၌ ၁၂၇၂-ခု တော်သလင်းလဆုတ် ၃-ရက် ၃-နေ့ ပိဋကတ် ဆရာခနိုပ် ဆဋ္ဌတွဲ စာမျက်နှာ ၆၁၊ ၁၇-စသည်တို့၌ရင်း ထင်ရှားစွာ ရှိလေသည်၊ အပြည့်အစုံပါကြကုန်၏။

"သင်္ခိမတ္တာဟိ ဂါထာဟိ" စသည်ဖြင့် ကေင်္ဂုတ္တရအဋ္ဌကထာ ၂၄၂၊၂၁၆၊ ၁၆၇, ဝိနည်းမဟာဝါ အဋ္ဌကထာ ၂၇၅, ဇာတ်အဋ္ဌကထာနိဒါန်း ၁၀၅၊၁၀၇၊ ဂ၃,ထေရအပဒါန်အဋ္ဌကထာ သန္တိကေနိဒါန်း၊ သီ ၇၆-စသည်တို့၌ လာရှိငြား သော်လည်း ဒသကနိပါတ် ၂၃၃, ကာင္ခုဒ္ဒါယိတ္ထေရဂါထာပါဠိတော် ဟံ ၁၄၆, ဇ ၁၂၂၊ သု ၁ဂ၄၊ သီ ၂၆ဂ-တို့၌ ၁၀-ဂါထာသာလျှင် ရှိ၏။ အချို့ အဋ္ဌကထာတို့၌ တဂါထာမျှ မပါ၊ အချို့ ၂-ဂါထာမျှ ပါကြကုန်၏။ သီဟိုဠ်ဗုဒ္ဓဝံသ အဋ္ဌကထာ ၂၁-၌လည်း ၂-ဂါထာ ပါ၏၊ မြန်မာဗုဒ္ဓဝံသအဋ္ဌကထာ သု ၂၉၊ ဇ ၃၀ စသည်တို့၌ ၆၄-ဂါထာ ပါ၏။ (၅၄ဂ) ကာဠုဒါယိတ္ထေရ အပဒါန အဋ္ဌကထာ ၁၁-ကြောင်းရေး၊ ရွှေပိန်းချ၊ ထား ဝမ်း၊ ၁၁-ကြောင်းစသည်တို့၌ ၄ဂ-ဂါထာ အခွဲနှင့်တကွ ၆၃-ဂါထာမျှ ရှိကြ၏။ ဗုဒ္ဓဝံသအဋ္ဌကထာ နိဒါနဝဏ္ဏနာ၌လာသော ၆၄-ဂါထာတို့နှင့် ကာဠုဒါယိတ္ထေရအပဒါနအဋ္ဌကထာ၌ လာသော ၆၃-ဂါထာတို့မှာ များစွာ ကွဲလွဲကြကုန်၏။ ဂါထာ ၆၀-ပျို့မှာ အပဒါန် အဋ္ဌကထာ၌လာ ဂါထာတို့ကို အမှီပြု၍ စီရင်သည်။ ၎င်းအကြောင်းကို ၁၂၉၀-ပြည့်နှစ် သီတင်းကျွတ်လပြည့်ကျော် ၁၀-ရက် ၂-နေ့က ငါတို့စီရင်ခဲ့သော ဂါထာ ၆၀-ပျို့ အတ္ထုပ္ပတ္တိစာတမ်း ဆ-ဇ-တို့၌ မှာဘူးလေပြီ၊ မကျေနပ်က ညွန်သည်ထက် ပိုမိုပြီး သံသန္ဒန အထပ်ထပ်ပြု၍ ကြည့်တော်မူကြပါကုန်။ ဤသို့ စသည်များစွာကုန် သော အရာဌာနတို့ကို ထောက်၍ မိမိတွေ့ဘူးသော စာမူတို့နှင့် မတူကာမျှကို စွဲပြီး အလွဲကြီးဟု ပြောဆိုရန် မလွယ်ကြောင်းကို ပညာရှိမှန်က ရိပ်မိသင့်ပါပြီ။

**မာတုဒေဝပုတ္တ နိတတ္ထ သာဓက ကျမ်းစုအမြွက်**—"အထ ဘဂဝါ မာတုဒေဝပုတ္တပ္ပမုခါနံ ။ပ။ ဒေသေတွာ" ၂၂၊ **ဘဒ္ဒိတ္ထိဝိမာနဝတ္ထု အဋ္ဌကထာ၊**

သီ ၉၀၊ သု ၁၀၄၊ ဇ ၁၀၈၊ **"ဒေဝူပပတ္တိ ပန ပုရိသဘာဝေနေဝ ဇာတာ"** ၂၃၃ ကင်္ခါဝိတရဏီပုရာဏဋီကာ၊ ၁၁-ကြောင်းပေ၊ ကြံဆစ်၊ တဲ ကျော၊ ၂-ကြောင်း က အစ ယေ အဆုံး၊ ၁၂၂၈-ခု ကူးပြီးစာ။ သီဟိုဠ်စာအုပ် ပဋ္ဌမတွဲ ၅၀၂၊ ၂၅-ကြောင်း။ တေရသကနိပါတ် ၄၈၃၊ သရဘမိဂဇာတ်ဋီကာဟောင်း ၁၀-ကြောင်းပေ၊ကြံ၊ ဒေါ် ကျော၊ ၆-ကြောင်း။ ဇိနာလင်္ကာရ စာကိုယ်ပါဠိ(ဋီ-ကာနှင့် တွဲ)သု ၁၆၄။ ၎င်းဋီကာ ၁၆၇၊ ၇။ သီ ၁၄၅။ ၎င်းဋီကာ နိဿယဟောင်း ဂုဏာဘိလင်္ကာရ ဆရာတော် စီရင်သောမူ ပဋ္ဌမထုပ် ၉ ကြောင်းပေ၊ ကြံ၊ မူ ကျော၊ ၂-ကြောင်း။ အနာဂတဝံသ အဋ္ဌကထာ နိဒ္ဒေသဝဏ္ဏနာ ၁၁-ကြောင်းပေ၊ ပိန်း၊ ရေကြည်မြို့ ကျောင်းကြီးမူ၊ ခံ ကျော၊ ၁-ကြောင်း။ကူ ဆေ၊ ၁၀-ကြောင်း ပေ၊ မျဉ်းဖြူ၊ ဂု ကျော၊ ၇-ကြောင်း။ ကဲ ဇား၊ ကော်ပီမူ ၄၃၊ ၁၄-ကြောင်း။ ၁ အစ ၁၈၇ အဆုံး။ မဟာဗောဓိဝံသစာကိုယ်၊ ၂-အာနန္ဒာဗောဓိကထာ၊ ၁-ကြောင်းပေ၊ ပိန်း၊ ဂိ ကျော၊ ၁-ကြောင်း၊ သီဟိုဠ်စာအုပ်ပုံနှိပ်မူ ၎င်းဋီကာ ၁၀-ကြောင်းပေ၊ ပိန်း၊ ရေကြည်မြို့ ကျောင်းကြီး ဆရာတော်ဘုရားကြီး ဦးအောင်မွေးမူ၊ ဌ ဝမ်း၊ ၃-ကြောင်း၊ ဆိ ဏု၊ နလာဋဓာတုဝံသ စာကိုယ်ပါဠိ ပဉ္စမပရိစ္ဆေဒ ၉-ကြောင်းပေ၊ ကြံ၊ ဂါဝမ်း၊ ၄-ကြောင်း၊ က ဂါး။ သိရိမဟာ-မာယာ ဝတ္ထုပါဠိ နိသျဟောင်း၊ ဖျာသီးရွာ အဘိုးစီရင်သော ပေမူ။ ၎င်းနိသျ သစ် ဝိသုဒ္ဓါရုံမူ။ ၁၉၀၃-ခု ရေဝတီပုံနှိပ်တိုက်ထွက် ၁၃၄၊ ၂၁-ကြောင်း၊ ၁၊ ၁၉၂။ အဘိဓမ္မာဝတာရဋီကာသစ် တတိယဂါထာ အဖွင့် ဘောဂဝတီ ၁၁။ မဏိဒီပဋီ-ကာ ဝိသတိဝဏ္ဏနာ၏ ပဉ္စမဂါထာ အဘွင့် သု ၂၀၅။

**ရက်လည်ညောင်းက၊ ရှစ်သောင်းရွှေ့မျှော့မှန်။ မာယာသိဝိ၊ မိဘုန်းရှိသည်၊ စုတိနတ်ပြည်စံ၍ ။ပ။ သန္တုသိသည် ။ပ။ နတ်သားကေန်ဖြစ်၏ရှင့်။**

မန်လည်ဆရာတော်ဘုရားကြီးရေး မြတ်စွာဘုရား ပဋိသန္ဓေ ယူခန်း ဖွားတော်မူခန်းရတု ၁၃၄-စသည်များစွာတို့နှင့် မညီ၊ မယ်တော် ဖြစ်ခဲ့ဘူးသော နတ်သမီးဟု အယူဖောက်ပြန်သူ ဖြစ်ကြကုန်သော ဆရာတို့နှင့် ၁၃၀၂ ခု သီတင်းကျွတ်လဆန်း ၉-ရက် ၄-ဟူးနေ့ မြင်းခြံဒိစတြိတ် တောင်သာမြို့ ကျွန်းရွာဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးအဂ္ဂဝံသ ခေါ် ဦးအောင်ပန်း စီရင်ပြီး မန္တလေးမြို့ ဂ၄-လမ်း ကျောက်သွေးတန်း သီရိရာဇာစာပုံနှိပ်တိုက် နှိပ် အလျား ခြောက်လက်မ သာသာ အနံ ငါးလက်မ သာသာ စာမျက်နှာ ၃၄-မှ ၅၅-အဆုံးရှိ ဗုဒ္ဓမာတု ဒေဝိတ္ထိ-ဝိနိစ္ဆယကျမ်းငယ်လာ စကားတို့ကို သုတ်သင်ပယ်ချ၍ ယူရိုးယူစဉ်အတိုင်း မယ်တော် ဖြစ်ခဲ့ဘူးသော သန္တုသိတမယ်တော်မိနတ်သားဟု သန္နိဋ္ဌာန်ကျ ကေန္တပင်စာသင်သားတို့ မှတ်ကြကုန်။ ဤအကြောင်းကို ၁၃၀၂-ခု နတ်တော်လဆန်း

၁၂-ရက် ၃-နေ့စီရင်ပြီးသော အင်္ဂုပုရဝိဝါဒဝိနိစ္ဆယကျမ်းမျက်နှာ ၃၆-စသည်တို့၌ ငါတို့ မှာခဲ့လေပြီ။

**ဝါတွင်းသုံးလပတ်လုံး ဟောတော်မူ၏—**ဝါတွင်း သုံးလပတ်လုံး မည်မျှမြန်သော နှုတ်တော်ဖြင့် ဟောတော်မူလေသနည်း ပကတိဘုရားနှင့် နိမ္မိတဘုရားတို့နှုတ်တော်မြန်ပုံ တူကြပါသလော၊ တူကြကုန်၏၊ ပကတိ မြတ်စွာဘုရားတို့သည် ဝါစာအစိန္တေယျဂုဏ်နှင့် ပြည့်စုံကုန်၏၊ ပကတိလူများ တခွန်းရွတ်လျှင် အရှင်အာနန္ဒာ ရှစ်ခွန်းရွတ်၍ပြီး၏၊ အရှင်အာနန္ဒာ တခွန်းရွတ်လျှင် မြတ်စွာဘုရား တဆယ့်ခြောက်ခွန်းရွတ်၍ ပြီး၏၊ ပကတိလူ တခွန်း တပုဒ်ရွတ်၍ပြီးက မြတ်စွာဘုရား ၁၂၈-ခွန်း ရွတ်၍ပြီး၏။

မူလပဏ္ဏာသ အဋ္ဌကထာ ၁၂-မဟာသီဟနာဒသုတ်အဖွင့် ပြ ၃၁၇၊ ဇ ၃၂၇ အလာတို့ကို ပြည်ဆရာတော်ဘုရားကြီး ဦးကျီးညို ၁၂၂၅-ခုနှစ် တော်သလင်းလဆန်း ၁-ရက် ၅-တေးနေ့ စီရင်ပြီးသော အဋ္ဌသာလိနီအဋ္ဌကထာ နိဿယသစ်နိဒါနကထာ "ဝစနံ လဟုပရိဝတ္တံ၊ တသ္မာ တံ" စသည်တို့ကို အနက်ယောဇနာရာ လေးကျွန်း ၅၆၊ သု ၆၀-တို့၌ တွက်စစ်၍ မိန့်တော်မူလေပြီ၊ သာရ-သင်္ဂဟပါဠ် သု ၁၆-၌လည်း မိန့်ပြီ။

**လူကား တခွန်း၊ ကျည်း လေးခွန်း၊ ရှစ်ခွန်း အာနန္ဒာ။**

ဟုဒိပဲယင်းမြို့ မြောက်လက် မုံတိုင်ပင်ရွာနေ ဦးတက်ဖြိုး ဒေါ်လွန်းပြည်တို့၏ သား ထိုရွာ၌ ၁၁၄၀-ပြည့်နှစ်ဝါဆိုလဆန်း၅-ရက်၄-နေ့ နေတက်တချက်တီးကျော် အချိန် ဖွား အသက် ၂၂-နှစ်ရဟန်းဖြစ် ၁၂၂၂-ခုနှစ် ပြန်လွန်တော်မူသော ငယ်မည်တော် ဦးပေါ်အေး ဘွဲ့တော် ဦးဝံသပါလ တံဆိပ်တော် "ဝံသာလင်္ကာရ-မဟာဓမ္မရာဇဂုရု၊ ဝံသာဘိလင်္ကာရဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု" နှစ်ထပ်ရ မုံတိုင်ပင်ဂိုဏ်းအုပ် ဆရာတော်ဘုရားကြီး စီရင်တော်မူ၍ ၁၁၉၁-ခုနှစ် တပို့တွဲလ ပြည့်ကျော် ၁၁-ရက် ၅-နေ့ ၃-ချက်တီးကျော် ၂-မောင်းပြီး သုံးပုံအိပ်ထောင့် ကျမ်း နိဂုံး ၁၁၇, သဒ္ဒပဟက်ကျမ်းနိဂုံး ၂၁၄-တို့၌လည်း တနည်းလာသည်၊ ကျည်းလေးခွန်းအရကို ကျည်းကုလား လူမျိုးဟု အစိန္တေယျ ၄၀-ပါးဘုရားရှိခိုး မျက်နှာ ၁၇-အတိုင်း ယူလေ။

နောက်သားတို့ မှတ်ရန် ဆောင်ပုဒ် ရှစ်လုံးဘွဲ့ မြန်မာဂါထာ—

**လူများတခွန်း၊ ရှစ်ခွန်းအာနန်၊**
**အာနန်တခွန်း၊ ခြောက်ခွန်းဆယ်တန်။**
**တရာ့နှစ်ဆယ်၊ ရှစ်သွယ်ပေါင်းရန်၊**
**တို့ဘုရား၊ တရားဟောပုံမြန်။**

## နိဂမနကထာ

ဟင်္သာတမြို့ မြစ်ကွေးကျောင်းတိုက် စတုတ္ထမြောက် ၃၂-ဝါရပြီး **မြစ်ကွေးဆရာတော်ဦးပညာဝံသ** မဟာထေရ် စီရင်အပ်သော မာတိကာနိဒါနဝဏ္ဏနာခေါ် ဂဏ္ဌိသစ်ကျမ်းသည် အတိတ်ကလိယုဂ် ၅၀၄၂၊ အနာဂတ် ကလိယုဂ် ၄၂၆၉၅၈၊ အတိတ်သာသနာတော် ၂၄၈၅၊ အနာဂတ် သာသနာတော် ၂၅၁၅၊ မြန်မာသက္ကရာဇ် ၁၃၀၃-ခုနှစ် သုမေဓာရှင်ရသေ့ ဗျာဒိတ်ရသောရက်, ငါတို့ဘုရား ဖွားတော်မူသောရက်, ဘုရားဖြစ်တော်မူသောရက်, ဗုဒ္ဓဝံသဒေသနာကို ဟောတော်မူသောရက်, ခန္ဓပရိနိဗ္ဗာန် စံတော်မူသောရက်, နောင်အခါ ဓာတု-ပရိနိဗ္ဗာန်စံတော်မူလတ္တံ့ ဖြစ်သောရက်အားဖြင့် အခါတော်ကြီး ၆-ပါးဟု သမုတ်ခေါ်ဝေါ်အပ်သော ကဆုန်လပြည့် သောကြာနေ့ ညနေ စက်နာရီ ၆-နာရီ အချိန် ပြီးသည်။

မာတိကာနိဒါနဝဏ္ဏနာခေါ်

မာတိကာဂဏ္ဌိသစ်ကျမ်း

**ပြီး၏။**

# ၁၂-ဓာတုကထာပါဠိတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

---

## ဥဒ္ဒေသ

### ၁-နယမာတိကာ

၁။ ပ—သင်္ဂဟော အသင်္ဂဟော။

ဒု—သင်္ဂဟိတေန အသင်္ဂဟိတံ။

တ—အသင်္ဂဟိတေန သင်္ဂဟိတံ။

စ—သင်္ဂဟိတေန သင်္ဂဟိတံ။

မ—အသင်္ဂဟိတေန အသင်္ဂဟိတံ။

ဆ—သမ္ပယောဂေါ ဝိပ္ပယောဂေါ။

သ—သမ္ပယုတ္တေန ဝိပ္ပယုတ္တံ။

အ—ဝိပ္ပယုတ္တေန သမ္ပယုတ္တံ။

န—သမ္ပယုတ္တေန သမ္ပယုတ္တံ။

ဒ—ဝိပ္ပယုတ္တေန ဝိပ္ပယုတ္တံ။

ဧ—သင်္ဂဟိတေန သမ္ပယုတ္တံ ဝိပ္ပယုတ္တံ။

ဒွါ—သမ္ပယုတ္တေန သင်္ဂဟိတံ အသင်္ဂဟိတံ။

တေ—အသင်္ဂဟိတေန သမ္ပယုတ္တံ ဝိပ္ပယုတ္တံ။

စု—ဝိပ္ပယုတ္တေန သင်္ဂဟိတံ အသင်္ဂဟိတံ။

---

### ၂-အဗ္ဘန္တရမာတိကာ

၂။ ပဉ္စက္ခန္ဓာ။ ဒွါဒသာယတနာနိ။ အဋ္ဌာရသ ဓာတုယော။ စတ္တာရိ သစ္စာနိ။ ဗာဝီသတိန္ဒြိယာနိ။ ပဋိစ္စသမုပ္ပါဒေါ။ စတ္တာရော သတိပဋ္ဌာနာ။ စတ္တာရော သမ္မပ္ပဓာနာ။ စတ္တာရော ဣဒ္ဓိပါဒါ။ စတ္တာရိ ဈာနာနိ။ စတဿော အပ္ပမညာယော။ ပဉ္စိန္ဒြိယာနိ။ ပဉ္စ ဗလာနိ။ သတ္တ ဗောဇ္ဈင်္ဂါ။ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ ဖဿော။ ဝေဒနာ။ သညာ။ စေတနာ။ စိတ္တံ။ အဓိမောက္ခော။ မနသိကာရော။

## ၃-နယမုခမာတိကာ

၃။ တီဟိ သင်္ဂဟော။ တီဟိ အသင်္ဂဟော။
စတူဟိ သမ္ပယောဂေါ။ စတူဟိ ဝိပ္ပယောဂေါ။

## ၄-လက္ခဏမာတိကာ

၄။ သဘာဂေါ။ ဝိသဘာဂေါ။

## ၅-ဗာဟိရမာတိကာ

၅။ သဗ္ဗာပိ ဓမ္မသင်္ဂဏီ ဓာတုကထာယ မာတိကာတိ။

# ပဌမနယ

## ၁-သင်္ဂဟာသင်္ဂဟပဒနိဒ္ဒေသ

### ၁-ခန္ဓကေမူလက

၆။ ရူပက္ခန္ဓော ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတော၊ ရူပက္ခန္ဓော ဧကေန ခန္ဓေန ဧကာဒသဟာယတနေဟိ ဧကာဒသဟိ ဓာတူဟိ သင်္ဂဟိတော။ ကတိဟိ အသင်္ဂဟိတော၊ စတူဟိ ခန္ဓေဟိ ဧကေနာယတနေန သတ္တဟိ ဓာတူဟိ အသင်္ဂဟိတော။ (၁)

၇။ ဝေဒနာက္ခန္ဓော ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတော၊ ဝေဒနာက္ခန္ဓော ဧကေန ခန္ဓေန ဧကေနာယတနေန ဧကာယ ဓာတုယာ သင်္ဂဟိတော။ ကတိဟိ အသင်္ဂဟိတော၊ စတူဟိ ခန္ဓေဟိ ဧကာဒသဟာယတနေဟိ သတ္တရသဟိ ဓာတူဟိ အသင်္ဂဟိတော။ (၂)

၈။ သညာက္ခန္ဓော ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတော၊ သညာက္ခန္ဓော ဧကေန ခန္ဓေန ဧကေနာယတနေန ဧကာယ ဓာတုယာ သင်္ဂဟိတော။ ကတိဟိ အသင်္ဂဟိတော၊ စတူဟိ ခန္ဓေဟိ ဧကာဒသဟာယတနေဟိ သတ္တရသဟိ ဓာတူဟိ အသင်္ဂဟိတော။ (၃)

၉။ သင်္ခါရက္ခန္ဓော ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတော၊ သင်္ခါရက္ခန္ဓော ဧကေန ခန္ဓေန ဧကေနာယတနေန ဧကာယ

ဓာတူယာ သင်္ဂဟိတော။ ကတိဟိ အသင်္ဂဟိတော၊ စတူဟိ ခန္ဓေဟိ ကောဒသ-ဟာယတနေဟိ သတ္တရသဟိ ဓာတူဟိ အသင်္ဂဟိတော။ (၄)

၁၀။ ဝိညာဏက္ခန္ဓော ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတော၊ ဝိညာဏက္ခန္ဓော ဧကေန ခန္ဓေန ဧကေနာယတနေန သတ္တဟိ ဓာတူဟိ သင်္ဂဟိတော။ ကတိဟိ အသင်္ဂဟိတော၊ စတူဟိ ခန္ဓေဟိ ကောဒသဟာယတနေဟိ ကောဒသဟိ ဓာတူဟိ အသင်္ဂဟိတော။ (၅)

( ဧကမူလကံ )

## ဒုကမူလက

၁၁။ ရူပက္ခန္ဓော စ ဝေဒနာက္ခန္ဓော စ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတာ၊ ရူပက္ခန္ဓော စ ဝေဒနာက္ခန္ဓော စ ဒွီဟိ ခန္ဓေဟိ ကောဒသဟာယတနေဟိ ကောဒသဟိ ဓာတူဟိ သင်္ဂဟိတာ။ ကတိဟိ အသင်္ဂဟိတာ၊ တီဟိ ခန္ဓေဟိ ဧကေနာယတနေန သတ္တဟိ ဓာတူဟိ အသင်္ဂဟိတာ။ (၁)

၁၂။ ရူပက္ခန္ဓော စ သညာက္ခန္ဓော စ ။ပ။ ဒွီဟိ ခန္ဓေဟိ ကောဒသဟာယတနေဟိ ကောဒသဟိ ဓာတူဟိ သင်္ဂဟိတာ။ ကတိဟိ အသင်္ဂဟိတာ၊ တီဟိ ခန္ဓေဟိ ဧကေနာယတနေန သတ္တဟိ ဓာတူဟိ အသင်္ဂဟိတာ။ (၂)

၁၃။ ရူပက္ခန္ဓော စ သင်္ခါရက္ခန္ဓော စ။ပ။ ဒွီဟိ ခန္ဓေဟိ ကောဒသဟာယတနေဟိ ကောဒသဟိ ဓာတူဟိ သင်္ဂဟိတာ။ ကတိဟိ အသင်္ဂဟိတာ၊ တီဟိ ခန္ဓေဟိ ဧကေနာယတနေန သတ္တဟိ ဓာတူဟိ အသင်္ဂဟိတာ။ (၃)

၁၄။ ရူပက္ခန္ဓော စ ဝိညာဏက္ခန္ဓော စ။ပ။ ဒွီဟိ ခန္ဓေဟိ ဒွါဒသဟာယတနေဟိ အဋ္ဌာရသဟိ ဓာတူဟိ သင်္ဂဟိတာ။ ကတိဟိ အသင်္ဂဟိတာ၊ တီဟိ ခန္ဓေဟိ န ကေဟိစိ အာယတနေဟိ န ကာဟိစိ ဓာတူဟိ အသင်္ဂဟိတာ။ (၄)

( ဒုကမူလကံ )

## တိကမူလက

၁၅။ ရူပက္ခန္ဓော စ ဝေဒနာက္ခန္ဓော စ သညာက္ခန္ဓော စ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတာ၊ ရူပက္ခန္ဓော စ ဝေဒ-နာက္ခန္ဓော စ သညာက္ခန္ဓော စ တီဟိ ခန္ဓေဟိ ကောဒသဟာယတနေဟိ ကော-

ဒသဟိ ဓာတူဟိ သင်္ဂဟိတာ။ ကတိဟိ အသင်္ဂဟိတာ၊ ဒွီဟိ ခန္ဓေဟိ ဧကေနာ-ယတနေန သတ္တဟိ ဓာတူဟိ အသင်္ဂဟိတာ။ (၁)

၁၆။ ရူပက္ခန္ဓော စ ဝေဒနာက္ခန္ဓော စ သင်္ခါရက္ခန္ဓော စ။ ပ။ တီဟိ ခန္ဓေဟိ ဧကာဒသဟာယတနေဟိ ဧကာဒသဟိ ဓာတူဟိ သင်္ဂဟိတာ။ ကတိဟိ အသင်္ဂဟိတာ၊ ဒွီဟိ ခန္ဓေဟိ ဧကေနာယတနေန သတ္တဟိ ဓာတူဟိ အသင်္ဂဟိတာ။ (၂)

၁၇။ ရူပက္ခန္ဓော စ ဝေဒနာက္ခန္ဓော စ ဝိညာဏက္ခန္ဓော စ။ ပ။ တီဟိ ခန္ဓေဟိ ဒွါဒသဟာယတနေဟိ အဋ္ဌာရသဟိ ဓာတူဟိ သင်္ဂဟိတာ။ ကတိဟိ အသင်္ဂဟိတာ၊ ဒွီဟိ ခန္ဓေဟိ န ကေဟိစိ အာယတနေဟိ န ကာဟိစိ ဓာတူဟိ အသင်္ဂဟိတာ။ (၃)

(တိကမူလကံ)

**စတုက္ကမူလက**

၁၈။ ရူပက္ခန္ဓော စ ဝေဒနာက္ခန္ဓော စ သညာက္ခန္ဓော စ သင်္ခါရက္ခန္ဓော စ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတာ၊ ရူပက္ခန္ဓော စ ဝေဒနာက္ခန္ဓော စ သညာက္ခန္ဓော စ သင်္ခါရက္ခန္ဓော စ စတူဟိ ခန္ဓေဟိ ဧကာဒသဟာယတနေဟိ ဧကာဒသဟိ ဓာတူဟိ သင်္ဂဟိတာ။ ကတိဟိ အသင်္ဂဟိတာ၊ ဧကေန ခန္ဓေန ဧကေနာယတနေန သတ္တဟိ ဓာတူဟိ အသင်္ဂဟိတာ။

၁၉။ ရူပက္ခန္ဓော စ ဝေဒနာက္ခန္ဓော စ သညာက္ခန္ဓော စ ဝိညာဏက္ခန္ဓော စ။ ပ။ စတူဟိ ခန္ဓေဟိ ဒွါဒသဟာယတနေဟိ အဋ္ဌာရသဟိ ဓာတူဟိ သင်္ဂဟိတာ။ ကတိဟိ အသင်္ဂဟိတာ၊ ဧကေန ခန္ဓေန န ကေဟိစိ အာယတနေဟိ န ကာဟိစိ ဓာတူဟိ အသင်္ဂဟိတာ။

(စတုက္ကမူလကံ)

**ပဉ္စက**

၂၀။ ရူပက္ခန္ဓော စ ဝေဒနာက္ခန္ဓော စ သညာက္ခန္ဓော စ သင်္ခါရက္ခန္ဓော စ ဝိညာဏက္ခန္ဓော စ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတာ၊ ရူပက္ခန္ဓော စ ဝေဒနာက္ခန္ဓော စ သညာက္ခန္ဓော စ သင်္ခါရက္ခန္ဓော စ ဝိညာဏက္ခန္ဓော စ ပဉ္စဟိ ခန္ဓေဟိ ဒွါဒသဟာယတနေဟိ အဋ္ဌာရသဟိ ဓာတူဟိ သင်္ဂဟိတာ။ ကတိဟိ အသင်္ဂဟိတာ၊ န ကေဟိစိ ခန္ဓေဟိ န ကေဟိစိ အာယ-တနေဟိ န ကာဟိစိ ဓာတူဟိ အသင်္ဂဟိတာ။

၂၁။ ပဉ္စက္ခန္ဓာ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတာ၊ ပဉ္စက္ခန္ဓာ ပဉ္စဟိ ခန္ဓေဟိ ဒွါဒသဟာယတနေဟိ အဋ္ဌာရသဟိ ဓာတူဟိ သင်္ဂဟိတာ။ ကတိဟိ အသင်္ဂဟိတာ၊ န ကေဟိစိ ခန္ဓေဟိ န ကေဟိစိ အာယတနေဟိ န ကာဟိစိ ဓာတူဟိ အသင်္ဂဟိတာ။

( ပဉ္စကံ )

## ၂-အာယတန ဧကမူလက

၂၂။ စက္ခာယတနံ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတံ၊ စက္ခာယတနံ ဧကေန ခန္ဓေန ဧကေနာယတနေန ဧကာယ ဓာတုယာ သင်္ဂဟိတံ၊ ကတိဟိ အသင်္ဂဟိတံ၊ စတူဟိ ခန္ဓေဟိ ဧကာဒသဟာယတနေဟိ သတ္တရသဟိ ဓာတူဟိ အသင်္ဂဟိတံ။

၂၃။ သောတာယတနံ။ ဃာနာယတနံ။ ဇိဝှာယတနံ။ ကာယာယတနံ။ ရူပါယတနံ။ သဒ္ဒါယတနံ။ ဂန္ဓာယတနံ။ ရသာယတနံ။ ဖောဋ္ဌဗ္ဗာယတနံ။ပ။ ဧကေန ခန္ဓေန ဧကေနာယတနေန ဧကာယ ဓာတုယာ သင်္ဂဟိတံ။ ကတိဟိ အသင်္ဂဟိတံ၊ စတူဟိ ခန္ဓေဟိ ဧကာဒသဟာယတနေဟိ သတ္တရသဟိ ဓာတူဟိ အသင်္ဂဟိတံ။

၂၄။ မနာယတနံ ။ ပ ။ ဧကေန ခန္ဓေန ဧကေနာယတနေန သတ္တဟိ ဓာတူဟိ သင်္ဂဟိတံ။ ကတိဟိ အသင်္ဂဟိတံ၊ စတူဟိ ခန္ဓေဟိ ဧကာဒသဟာယတနေဟိ ဧကာဒသဟိ ဓာတူဟိ အသင်္ဂဟိတံ။

၂၅။ ဓမ္မာယတနံ ။ ပ ။ အသင်္ခတံ ခန္ဓတော ဌပေတွာ စတူဟိ ခန္ဓေဟိ ဧကေနာယတနေန ဧကာယ ဓာတုယာ သင်္ဂဟိတံ။ ကတိဟိ အသင်္ဂဟိတံ၊ ဧကေန ခန္ဓေန ဧကာဒသဟာယတနေဟိ သတ္တရသဟိ ဓာတူဟိ အသင်္ဂဟိတံ။

( ဧကမူလကံ )

## ဒုကမူလက

၂၆။ စက္ခာယတနဉ္စ သောတာယတနဉ္စ ။ ပ ။ ဧကေန ခန္ဓေန ဒွီဟာယတနေဟိ ဒွီဟိ ဓာတူဟိ သင်္ဂဟိတာ။ ကတိဟိ အသင်္ဂဟိတာ၊ စတူဟိ ခန္ဓေဟိ ဒသဟာယတနေဟိ သောဠသဟိ ဓာတူဟိ အသင်္ဂဟိတာ။

၂၇။ စက္ခာယတနဉ္စ ဃာနာယတနဉ္စ။ စက္ခာယတနဉ္စ ဇိဝှာယတနဉ္စ။ စက္ခာယတနဉ္စ ကာယာယတနဉ္စ။ စက္ခာယတနဉ္စ ရူပါယတနဉ္စ။ စက္ခာယတနဉ္စ သဒ္ဒါယတနဉ္စ။ စက္ခာယတနဉ္စ ဂန္ဓာယတနဉ္စ။ စက္ခာယတနဉ္စ ရသာယတနဉ္စ။

စက္ခာယတနဉ္စ ဖောဋ္ဌဗ္ဗာယတနဉ္စ ။ ပ ။ ဧကေန ခန္ဓေန ဒွီဟာယတနေဟိ ဒွီဟိ ဓာတူဟိ သင်္ဂဟိတာ။ ကတိဟိ အသင်္ဂဟိတာ၊ စတူဟိ ခန္ဓေဟိ ဒသဟာယတနေဟိ သောဠသဟိ ဓာတူဟိ အသင်္ဂဟိတာ။

၂၈။ စက္ခာယတနဉ္စ မနာယတနဉ္စ ။ ပ ။ ဒွီဟိ ခန္ဓေဟိ ဒွီဟာယတနေဟိ အဋ္ဌဟိ ဓာတူဟိ သင်္ဂဟိတာ။ ကတိဟိ အသင်္ဂဟိတာ၊ တီဟိ ခန္ဓေဟိ ဒသဟာယတနေဟိ ဒသဟိ ဓာတူဟိ အသင်္ဂဟိတာ။

၂၉။ စက္ခာယတနဉ္စ ဓမ္မာယတနဉ္စ ။ ပ ။ အသင်္ခတံ ခန္ဓတော ဌပေတွာ စတူဟိ ခန္ဓေဟိ ဒွီဟာယတနေဟိ ဒွီဟိ ဓာတူဟိ သင်္ဂဟိတာ။ ကတိဟိ အသင်္ဂဟိတာ၊ ဧကေန ခန္ဓေန ဒသဟာယတနေဟိ သောဠသဟိ ဓာတူဟိ အသင်္ဂဟိတာ။

( ဒုကမူလကံ ) ။ ပ ။

## ဒွါဒသက

၃၀။ ဒွါဒသာယတနာနိ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတာ၊ ဒွါဒသာယတနာနိ အသင်္ခတံ ခန္ဓတော ဌပေတွာ ပဉ္စဟိ ခန္ဓေဟိ ဒွါဒသဟာယတနေဟိ အဋ္ဌာရသဟိ ဓာတူဟိ သင်္ဂဟိတာ။ ကတိဟိ အသင်္ဂဟိတာ၊ န ကေဟိစိ ခန္ဓေဟိ န ကေဟိစိ အာယတနေဟိ န ကာဟိစိ ဓာတူဟိ အသင်္ဂဟိတာ။

( ဒွါဒသကံ )

---

## ၃-ဓာတု ဧကမူလက

၃၁။ စက္ခုဓာတု ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတာ၊ စက္ခုဓာတု ဧကေန ခန္ဓေန ဧကေနာယတနေန ဧကာယ ဓာတုယာ သင်္ဂဟိတာ။ ကတိဟိ အသင်္ဂဟိတာ၊ စတူဟိ ခန္ဓေဟိ ဧကာဒသဟာယတနေဟိ သတ္တရသဟိ ဓာတူဟိ အသင်္ဂဟိတာ။

၃၂။ သောတဓာတု။ ဃာနဓာတု။ ဇိဝှါဓာတု။ ကာယဓာတု။ ရူပဓာတု။ သဒ္ဒဓာတု။ ဂန္ဓဓာတု။ ရသဓာတု။ ဖောဋ္ဌဗ္ဗဓာတု။ စက္ခုဝိညာဏဓာတု။ သောတဝိညာဏဓာတု။ ဃာနဝိညာဏဓာတု။ ဇိဝှါဝိညာဏဓာတု။ ကာယဝိညာဏဓာတု။ မနောဓာတု။ မနောဝိညာဏဓာတု ။ ပ ။ ဧကေန ခန္ဓေန ဧကေနာယတနေန ဧကာယ ဓာတုယာ သင်္ဂဟိတာ။ ကတိဟိ အသင်္ဂဟိတာ၊ စတူဟိ ခန္ဓေဟိ ဧကာဒသဟာယတနေဟိ သတ္တရသဟိ ဓာတူဟိ အသင်္ဂဟိတာ။

၃၃။ ဓမ္မဓာတု ။ပ။ အသင်္ခတံ ခန္ဓတော ဌပေတွာ စတူဟိ ခန္ဓေဟိ ဧကေနာယတနေန ဧကာယ ဓာတုယာ သင်္ဂဟိတာ။ ကတိဟိ အသင်္ဂဟိတာ၊ ဧကေန ခန္ဓေန ဧကာဒသဟာယတနေဟိ သတ္တရသဟိ ဓာတူဟိ အသင်္ဂဟိတာ။

( ဧကမူလကံ )

## ဒုကမူလက

၃၄။ စက္ခုဓာတု စ သောတဓာတု စ ။ပ။ ဧကေန ခန္ဓေန ဒွီဟာယတနေဟိ ဒွီဟိ ဓာတူဟိ သင်္ဂဟိတာ။ ကတိဟိ အသင်္ဂဟိတာ၊ စတူဟိ ခန္ဓေဟိ ဒသဟာယတနေဟိ သောဠသဟိ ဓာတူဟိ အသင်္ဂဟိတာ။

၃၅။ စက္ခုဓာတု စ ဃာနဓာတု စ။ စက္ခုဓာတု စ ဇိဝှါဓာတု စ။ စက္ခုဓာတု စ ကာယဓာတု စ။ စက္ခုဓာတု စ ရူပဓာတု စ။ စက္ခုဓာတု စ သဒ္ဒဓာတု စ။ စက္ခုဓာတု စ ဂန္ဓဓာတု စ။ စက္ခုဓာတု စ ရသဓာတု စ။ စက္ခုဓာတု စ ဖောဋ္ဌဗ္ဗဓာတု စ ။ပ။ ဧကေန ခန္ဓေန ဒွီဟာယတနေဟိ ဒွီဟိ ဓာတူဟိ သင်္ဂဟိတာ။ ကတိဟိ အသင်္ဂဟိတာ၊ စတူဟိ ခန္ဓေဟိ ဒသဟာယတနေဟိ သောဠသဟိ ဓာတူဟိ အသင်္ဂဟိတာ။

၃၆။ စက္ခုဓာတု စ စက္ခုဝိညာဏဓာတု စ ။ပ။ ဒွီဟိ ခန္ဓေဟိ ဒွီဟာယတနေဟိ ဒွီဟိ ဓာတူဟိ သင်္ဂဟိတာ။ ကတိဟိ အသင်္ဂဟိတာ၊ တီဟိ ခန္ဓေဟိ ဒသဟာယတနေဟိ သောဠသဟိ ဓာတူဟိ အသင်္ဂဟိတာ။

၃၇။ စက္ခုဓာတု စ သောတဝိညာဏဓာတု စ။ စက္ခုဓာတု စ ဃာနဝိညာဏဓာတု စ။ စက္ခုဓာတု စ ဇိဝှါဝိညာဏဓာတု စ။ စက္ခုဓာတု စ ကာယဝိညာဏဓာတု စ။ စက္ခုဓာတု စ မနောဓာတု စ။ စက္ခုဓာတု စ မနောဝိညာဏဓာတု စ ။ပ။ ဒွီဟိ ခန္ဓေဟိ ဒွီဟာယဘနေဟိ ဒွီဟိ ဓာတူဟိ သင်္ဂဟိတာ။ ကတိဟိ အသင်္ဂဟိတာ၊ တီဟိ ခန္ဓေဟိ ဒသဟာယတနေဟိ သောဠသဟိ ဓာတူဟိ အသင်္ဂဟိတာ။

၃၈။ စက္ခုဓာတု စ ဓမ္မဓာတု စ ။ပ။ အသင်္ခတံ ခန္ဓတော ဌပေတွာ စတူဟိ ခန္ဓေဟိ ဒွီဟာယတနေဟိ ဒွီဟိ ဓာတူဟိ သင်္ဂဟိတာ။ ကတိဟိ အသင်္ဂဟိတာ၊ ဧကေန ခန္ဓေန ဒသဟာယတနေဟိ သောဠသဟိ ဓာတူဟိ အသင်္ဂဟိတာ။

(ဒုကမူလကံ) ။ပ။

ပဥ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်းဒွေသည် မနောဓာတ် မည်၏။ (ရှေးနည်းဖြင့် သိလေ)။ ဒွေပဉ္စဝိညာဉ် ၁၀, မနောဓာတ် ၃-ခုကြဉ်သော စိတ် ၇၆-ခုသည် မနောဝိညာဏဓာတ် မည်၏၊ ထို မနောဝိညာဏဓာတ်ကို ဝိညာဏက္ခန္ဓာဟူသော ခန္ဓာ ၁-ပါး။ (ရှေးနည်းဖြင့် သိလေ)။

စေတသိက် ဒွေပညာသ, သုခုမရုပ် သောဠသ, နိဗ္ဗာန်သည် ဓမ္မဓာတ် မည်၏၊ ထို ဓမ္မဓာတ်ကို နိဗ္ဗာန်ကို ခန္ဓာဟူသော အရေအတွက်မှ လွတ်၍ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ ဟူသော ခန္ဓာ ၄-ပါး။ (ဓမ္မာယတန နှင့် တူပြီ)။

**စတ္တာရိ သစ္စာနိ** ဟူသော ပုဒ်၌ သစ္စာ ၄-ပါး ဟူသော်ကား—ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ အားဖြင့် ၄-ပါးတို့တည်း။

ထို ၄-ပါးတို့တွင် လောကီစိတ် ကောသီတိ၊ လောဘကြဉ်သော စေတသိက် ကေပညာသ၊ ရုပ် အဋ္ဌဝီသသည် ဒုက္ခသစ္စာ မည်၏၊ ထို ဒုက္ခသစ္စာကို ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ ဟူသော ခန္ဓာ ၅-ပါး၊ သြဠာရိကာယတန ၁၀-ပါး၊ မနာယတန, ဓမ္မာယတန တည်းဟူသော အာယတန ၁၂-ပါး၊ သြဠာရိကဓာတ် ၁၀-ပါး၊ သတ္တဝိညာဏဓာတ်, ဓမ္မဓာတ် တည်းဟူသော ဓာတ် ၁၈-ပါးတို့ဖြင့် ရေတွက်အပ်၏၊ မရေတွက်အပ်သော ခန္ဓာ, အာယတန, ဓာတ်မည်သည် မရှိ။

လောဘစေတသိက်သည် သမုဒယသစ္စာ မည်၏။ ( သင်္ခါရက္ခန္ဓာနှင့် အတူ ဆိုလေ )။

နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏၊ ထို နိရောဓသစ္စာကို ခန္ဓာအားဖြင့် ရေတွက်ခြင်းကို မပြုမူ၍၊ ဓမ္မာယတန ဟူသော အာယတန ၁-ပါး၊ ဓမ္မဓာတ် ဟူသော ဓာတ် ၁-ပါးဖြင့် ရေတွက်အပ်၏။ ခန္ဓာ ၅-ပါး၊ ကြွင်းသော အာယတန ၁၁-ပါး၊ ဓာတ် ၁၇-ပါးတို့ဖြင့် မရေတွက်အပ်။

မဂ်စိတ် ၄-ခု၌ရှိသော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဟု ဆိုအပ်သော မဂ္ဂင် တရားကိုယ် ၈-ပါးသည် မဂ္ဂသစ္စာ မည်၏၊ ထိုမဂ္ဂသစ္စာကို သင်္ခါရက္ခန္ဓာ ဟူသော ခန္ဓာ ၁-ပါး၊ ဓမ္မာယတန ဟူသော အာယတန ၁-ပါး၊ ဓမ္မဓာတ်ဟူသော ဓာတ် ၁-ပါးဖြင့် ရေတွက်အပ်၏။ ကြွင်းသော ခန္ဓာ ၄-ပါး၊ အာယတန ၁၁-ပါး၊ ဓာတ် ၁၇-ပါး တို့ဖြင့် မရေတွက်အပ်။

**ဗာဝီသတိန္ဒြိယာနိ** ဟူသော ပုဒ်၌ ဣန္ဒြေ ၂၂-ပါး ဟူသော်ကား—စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဇီဝိတိန္ဒြေ, မနိန္ဒြေ, သုခိန္ဒြေ, ဒုက္ခိန္ဒြေ, သောမနဿိန္ဒြေ, ဒေါမနဿိန္ဒြေ, ဥပေက္ခိန္ဒြေ, သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ,သမာဓိန္ဒြေ, ပညိန္ဒြေ, အနညာတညဿာမီတိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေ အားဖြင့် ၂၂-ပါးတို့တည်း။

ထို ၂၂-ပါးတို့တွင် စက္ခုပသာဒရုပ်သည် စက္ခုန္ဒြေ မည်၏၊ ထို စက္ခုန္ဒြေကို ရူပက္ခန္ဓာဟူသော ခန္ဓာ ၁-ပါး၊ စက္ခာယတနဟူသော အာယတန ၁-ပါး၊ စက္ခု-ဓာတ်ဟူသော ဓာတ် ၁-ပါးဖြင့် ရေတွက်အပ်၏။ ကြွင်းသော ခန္ဓာ ၄-ပါး၊ အာယတန ၁၁-ပါး၊ ဓာတ် ၁၇-ပါးတို့ဖြင့် မရေတွက်အပ်။

**သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေတို့မှာ စက္ခုန္ဒြေကို မှီ၍ ဆိုလေ။**

ဣတ္ထိဘာဝရုပ်သည် ဣတ္ထိန္ဒြေ မည်၏၊ ထို ဣတ္ထိန္ဒြေကို ရူပက္ခန္ဓာဟူသော ခန္ဓာ ၁-ပါး၊ ဓမ္မာယတနဟူသော အာယတန ၁-ပါး၊ ဓမ္မဓာတ်ဟူသော ဓာတ် ၁-ပါးဖြင့် ရေတွက်အပ်၏။ ကြွင်းသော ခန္ဓာ ၄-ပါး၊ အာယတန ၁၁-ပါး၊ ဓာတ် ၁၇-ပါးတို့ဖြင့် မရေတွက်အပ်။

ပုရိသဘာဝရုပ်သည် ပုရိသိန္ဒြေ မည်၏၊ ထို ပုရိသိန္ဒြေကို ရူပက္ခန္ဓာ ဟူသော ခန္ဓာ ၁-ပါး။ ( ဣတ္ထိဘာဝရုပ်နှင့် တူ၏ )။

ရုပ်ဇီဝိတ, နာမ်ဇီဝိတသည် ဇီဝိတိန္ဒြေ မည်၏၊ ထို ဇီဝိတိန္ဒြေကို ရူပက္ခန္ဓာ, သင်္ခါရက္ခန္ဓာ ဟူသော ခန္ဓာ ၂-ပါး၊ ဓမ္မာယတန ဟူသော အာယတန ၁-ပါး၊ ဓမ္မဓာတ် ဟူသော ဓာတ် ၁-ပါးဖြင့် ရေတွက်အပ်၏။ ကြွင်းသော ခန္ဓာ ၃-ပါး၊ အာယတန ၁၁-ပါး၊ ဓာတ် ၁၇-ပါးတို့ဖြင့် မရေတွက်အပ်။

စိတ်တခုယုတ် ကိုးဆယ်သည် မနိန္ဒြေ မည်၏။ ( ဝိညာဏက္ခန္ဓာနှင့် အတူ ဆိုလေ )။

သုခသဟဂုတ် ကာယဝိညာဉ်၌ရှိသော ဝေဒနာစေတသိက်သည် သုခိန္ဒြေ မည်၏။ ( ဝေဒနာက္ခန္ဓာနှင့် အတူဆိုလေ )။

ဒုက္ခသဟဂုတ် ကာယဝိညာဉ်၌ရှိသော ဝေဒနာစေတသိက်သည် ဒုက္ခိန္ဒြေမည်၏။ ( သုခိန္ဒြေနှင့် တူ၏ )။

သောမနဿသဟဂုတ်စိတ် ၆၂-ခု၌ရှိသော ဝေဒနာစေတသိက်သည် သောမနဿိန္ဒြေမည်၏။ (တူပြီ)။

ဒေါသမူဒွေ၌ ရှိသော ဝေဒနာစေတသိက်သည် ဒေါမနဿိန္ဒြေမည်၏။ (တူပြီ)။

ဥပေက္ခာသဟဂုတ်စိတ် ၅၅-၌ရှိသော ဥပေက္ခာဝေဒနာသည် ဥပေက္ခိန္ဒြေမည်၏။ (တူပြီ)။

သောဘနစိတ် တခုယုတ် ၆၀-၌ရှိသော သဒ္ဓါစေတသိက်သည် သဒ္ဓိန္ဒြေမည်၏၊ ထိုသဒ္ဓိန္ဒြေကို သင်္ခါရက္ခန္ဓာ ဟူသော ခန္ဓာ ၁-ပါး။ (သင်္ခါရက္ခန္ဓာနှင့် အတူဆိုလေ)။

ဒွေပဉ္စဝိညာဉ် ၁၀, မနောဓာတ် ၃-ခု, သန္တီရဏ၃-ခုကြဉ်သော စိတ် ၇၃-ခု၌ ရှိသော ဝီရိယစေတသိက်သည် ဝီရိယိန္ဒြေမည်၏။ (သဒ္ဓိန္ဒြေနှင့်အတူဆိုလေ)။

သောဘနစိတ် တခုယုတ် ၆၀-၌ရှိသော သတိစေတသိက်သည် သတိန္ဒြေမည်၏။ (သဒ္ဓိန္ဒြေနှင့် တူပြီ)။

ဝိစိကိစ္ဆာသဟဂုတ် ဒွေပဉ္စဝိညာဉ် ၁၀,မနောဓာတ် ၃-ခု, သန္တီရဏ ၃-ခု ကြဉ်သောစိတ် ၇၂-ခု၌ ရှိသော ဧကဂ္ဂတာစေတသိက်သည် သမာဓိန္ဒြေမည်၏။ (သဒ္ဓိန္ဒြေနှင့် တူပြီ)။

လောကီတိဟိတ်စိတ် ၃၉-ခု၌ရှိသော ပညာစေတသိက်သည် ပညိန္ဒြေမည်၏၊ သောတာပတ္တိမဂ်၌ ရှိသော ပညာစေတသိက်သည် အနညာတညဿာမီတိန္ဒြေမည်၏၊ အထက်မဂ် ၃-ခု, အောက်ဖိုလ် ၃-ခု၌ရှိသော ပညာစေတသိက်သည် အညိန္ဒြေမည်၏၊ အရဟတ္တဖိုလ်၌ရှိသော ပညာစေတသိက်သည် အညာတာဝိန္ဒြေမည်၏။ (၎င်းဣန္ဒြေတို့မှာလည်း သဒ္ဓိန္ဒြေနှင့် အတူဆိုလေ)။

**ပဋိစ္စသမုပ္ပါဒေ** ဟူသောပုဒ်၌ ပဋိစ္စသမုပ္ပါဒ်သည် **အင်္ဂါအားဖြင့်** အဝိဇ္ဇာ, သင်္ခါရ, ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာမရဏအားဖြင့် ဤ ၁၂-ပါးတို့တည်း။

ဤအင်္ဂါအားဖြင့် ရေတွက်ရာ၌ သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ, ဥပါယာသအားဖြင့် ၅-ပါးတို့ကို ဇရာမရဏနှင့် အနိဋ္ဌလက္ခဏာတူသောကြောင့်၎င်း, ဇာတိ၏ အကျိုးဆက် ဖြစ်ခြင်းကြောင့်၎င်း ဇရာမရဏ၌ အကျုံးဝင်သည်ဖြစ်၍ အသီးမရေတွက်သည်။

**ဘေဒအားဖြင့်သော်ကား**—အဝိဇ္ဇာ, သင်္ခါရ, ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသအားဖြင့် ၁၈ ပါးတို့တည်း[၁]။

ထို ၁၈-ပါးတို့တွင် သစ္စာ ၄-ပါးတရားကို ဖုံးလွှမ်းတတ်သော အကုသိုလ်စိတ် ၁၂-ခု၌ ရှိသော မောဟစေတသိက်သည် အဝိဇ္ဇာမည်၏၊ ထိုအဝိဇ္ဇာကို သင်္ခါရက္ခန္ဓာ ဟူသော ခန္ဓာ ၁-ပါး၊ ဓမ္မာယတနဟူသော အာယတန ၁-ပါး၊ ဓမ္မဓာတ်ဟူသော ဓာတ် ၁-ပါးဖြင့် ရေတွက်အပ်၏။ ကြွင်းသော ခန္ဓာ ၄-ပါး၊ အာယတန ၁၁-ပါး၊ ဓာတ် ၁၇-ပါးတို့ဖြင့် မရေတွက်အပ်။

အကုသိုလ် ဒွါဒသ၊ လောကီကုသိုလ် သတ္တရသ၌ ရှိသော စေတနာစေတသိက်သည် သင်္ခါရမည်၏။ (အဝိဇ္ဇာနှင့် အတူဆိုလေ)။

စိတ်တခုယုတ် ကိုးဆယ်သည် ဝိညာဉ်မည်၏။ (ဝိညာဏက္ခန္ဓာနှင့် အတူဆိုလေ)။

စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသသည် နာမ်ရုပ်မည်၏၊ ထိုနာမ်ရုပ်ကို ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာဟူသော ခန္ဓာ ၄-ပါး၊ သြဠာရိကာယတန ၁၀-ပါး၊ ဓမ္မာယတနဟူသော အာယတန ၁-ပါး၊ သြဠာရိကဓာတ်, ဓမ္မဓာတ်ဟူသော ဓာတ် ၁၁-ပါးတို့ဖြင့် ရေတွက်အပ်၏။ ကြွင်းသော ခန္ဓာ ၁-ပါး၊ အာယတန ၁-ပါး၊ ဓာတ် ၇-ပါးတို့ဖြင့် မရေတွက်အပ်။

စိတ်တခုယုတ် ကိုးဆယ်၊ ပသာဒရုပ် ၅-ခုသည် သဠာယတနမည်၏၊ ထိုသဠာယတနကို ရူပက္ခန္ဓာ, ဝိညာဏက္ခန္ဓာဟူသော ခန္ဓာ ၂-ပါး၊ စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန, မနာယတန ဟူသော အာယတန ၆-ပါး၊ စက္ခုဓာတ်, သောတဓာတ် ။ပ။ ကာယဓာတ်, စက္ခုဝိညာဏဓာတ်, သောတဝိညာဏဓာတ်, ဃာနဝိညာဏဓာတ်, ဇိဝှါဝိညာဏဓာတ်, ကာယဝိညာဏဓာတ်, မနောဓာတ်, မနောဝိညာဏဓာတ် ဟူသော ဓာတ် ၁၂-ပါးတို့ဖြင့် ရေတွက်အပ်၏။ ကြွင်းသော ခန္ဓာ ၃-ပါး၊ အာယတန ၆-ပါး၊ ဓာတ် ၆-ပါးတို့ဖြင့် မရေတွက်အပ်။

---

၁။ ဘေဒအားဖြင့် သော်ကား—အဝိဇ္ဇာ, သင်္ခါရ, ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ကမ္မဘဝ, ဥပပတ္တိဘဝ, ကာမဘဝ, ရူပဘဝ, အရူပဘဝ, သညာဘဝ, အသညာဘဝ, နေဝသညာနာသညာဘဝ, ဧကဝေါကာရဘဝ, စတုဝေါကာရဘဝ, ပဉ္စဝေါကာရဘဝ, ဇာတိ, ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသအားဖြင့် ၂၈-ပါးတို့တည်းဟုဆိုမှု ပါဠိတော် နည်းနှင့် အထူးသင့်လျော်ရာ၏။

စိတ်တခုယုတ် ကိုးဆယ်ဥ္စရှိသော ဖဿစေတသိက်သည် ဖဿ မည်၏။ (အဝိဇ္ဇာနှင့် အတူဆိုလေ)။

စိတ်တခုယုတ် ကိုးဆယ်ဥ္စရှိသော ဝေဒနာစေတသိက်သည် ဝေဒနာမည်၏။ (ဝေဒနာက္ခန္ဓာနှင့် အတူ ဆိုလေ)။

လောဘမူစိတ် ၈-ခုဥ္စရှိသော လောဘစေတသိက်သည် တဏှာမည်၏။ (အဝိဇ္ဇာနှင့် အတူ ဆိုလေ)။

လောဘမူစိတ် ၈-ခုဥ္စ ရှိသော လောဘ၊ ဒိဋ္ဌိဂုတသမ္ပယုတ်စိတ် ၄-ခုဥ္စရှိသော ဒိဋ္ဌိစေတသိက်သည် ဥပါဒါန် မည်၏။ (အဝိဇ္ဇာနှင့် တူပြီ)။

ဘဝသည် ကမ္မဘဝ, ဥပပတ္တိဘဝအားဖြင့် ၂-ပါး အပြားရှိ၏၊ ထို ၂-ပါးတို့တွင် အကုသိုလ်ဒွါဒသ၊ လောကီကုသိုလ် သတ္တရသဥ္စရှိသော စေတနာစေ-တသိက်သည် ကမ္မဘဝ မည်၏။ (အဝိဇ္ဇာနှင့် တူ၏)။

လောကီဝိပါက်ဗာတ္တိံသ၊ ဝိရတီ ကြဉ်သော စေတသိက် ပဉ္စတိံသ၊ ကမ္မဇ-ရုပ်ဝီသသည် ဥပပတ္တိဘဝ မည်၏။ ထို ဥပပတ္တိဘဝသည်လည်း ကာမဘဝ၊ ရူပဘဝ,အရူပဘဝ,သညာဘဝ, အသညာဘဝ, နေဝသညာနာသညာဘဝ, ဧက-ဝေါကာရဘဝ,စတုဝေါကာရဘဝ,ပဉ္စဝေါကာရဘဝ အားဖြင့် ၉-ပါးအပြား ရှိ၏။

ထို ၉-ပါးတို့တွင် ကာမဝိပါက် တေဝီသ၊ ဝိရတီ အပ္ပမညာ ကြဉ်သော စေတသိက် တေတ္တိံသ၊ ကမ္မဇရုပ် ဝီသသည် **ကာမဘဝ** မည်၏၊ ထို ကာမဘဝကို ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ ဟူသော ခန္ဓာ ၅-ပါး၊ သဒ္ဒါယတန ကြဉ်သော အာယတန ၁၁-ပါး၊ သဒ္ဒဓာတ် ကြဉ်သော ဓာတ် ၁၇-ပါးတို့ဖြင့် ရေတွက်အပ်၏၊ မရေတွက်အပ်သော ခန္ဓာမည်သည် မရှိ၊ သဒ္ဒါယတန, သဒ္ဒဓာတ်ဖြင့် မရေတွက်အပ်။

ရူပဝိပါက် ၅-ခု၊ စက္ခုဝိညာဉ်ဒွေ, သောတဝိညာဉ်ဒွေ, သမ္ပဋိစ္ဆိုန်းဒွေ,သန္တီ-ရဏ ၃-ခု ဝိရတီကြဉ်သော စေတသိက် ပဉ္စတိံသ၊ ဣတ္ထိဘော, ပုမ္ဘော, ဃာန, ဇိဝှါ, ကာယကြဉ်သော ကမ္မဇရုပ် ပန္နရသသည် **ရူပဘဝ** မည်၏၊ ထို ရူပဘဝကို ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ ဟူသော ခန္ဓာ ၅-ပါး၊ စက္ခာယတန, သောတာယတန, ရူပါယတန, မနာယတန, ဓမ္မာ-ယတန ဟူသော အာယတန ၅-ပါး၊ စက္ခုဓာတ်, သောတဓာတ်, ရူပဓာတ်, စက္ခုဝိညာဏဓာတ်, သောတဝိညာဏဓာတ်, မနောဓာတ်, မနောဝိညာဏဓာတ်, ဓမ္မဓာတ် ဟူသော ဓာတ် ၈-ပါးတို့ဖြင့် ရေတွက်အပ်၏၊ မရေတွက်အပ်သော ခန္ဓာမည်သည် မရှိ။ ကြွင်းသော အာယတန ၇-ပါး၊ ဓာတ် ၁၀-ပါးတို့ဖြင့် မရေ တွက်အပ်။

အရူပဝိပါက် ၄-ခု၊ စေတသိက်တိံသသည် **အရူပဘဝ** မည်၏၊ ထို အရူပ-ဘဝကို ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ ဟူသော ခန္ဓာ ၄-ပါး၊ မနာယတန, ဓမ္မာယတန ဟူသော အာယတန ၂-ပါး၊ မနော-ဝိညာဏဓာတ်, ဓမ္မဓာတ် ဟူသော ဓာတ် ၂-ပါးတို့ဖြင့် ရေတွက်အပ်၏။ ကြွင်းသော ခန္ဓာ ၁-ပါး၊ အာယတန ၁၀-ပါး၊ ဓာတ် ၁၆-ပါးတို့ဖြင့် မရေတွက်အပ်။

နေဝသညာနာသညာယတနဝိပါက်ကြဉ်သော လောကီဝိပါက် ဧကတိံသ၊ စေတသိက် ပဥ္စတိံသ၊ ကမ္မဇရုပ် ဝီသသည် **သညာဘဝ** မည်၏။ (ထို သညာ-ဘဝမှာ ကာမဘဝနှင့် နည်းတူ ဆိုလေ)။

ဇီဝိတနဝကကလာပ်ရုပ်သည် **အသညာဘဝ** မည်၏၊ ထို အသညာဘဝကို ရူပက္ခန္ဓာ ဟူသော ခန္ဓာ ၁-ပါး၊ ရူပါယတန, ဓမ္မာယတန ဟူသော အာယတန ၂-ပါး၊ ရူပဓာတ်, ဓမ္မဓာတ် ဟူသော ဓာတ် ၂-ပါးတို့ဖြင့် ရေတွက်အပ်၏။ ကြွင်းသော ခန္ဓာ ၄-ပါး၊ အာယတန ၁၀-ပါး၊ ဓာတ် ၁၆-ပါးတို့ဖြင့် မရေတွက်အပ်။

နေဝသညာနာသညာယတနဝိပါက်စိတ်တခု၊ စေတသိက် တိံသသည် **နေဝ-သညာနာသညာဘဝ** မည်၏။ (အရူပဘဝနှင့် အတူဆို)။

ဇီဝိတနဝကကလာပ်ရုပ်သည် **ဧကဝေါကာရဘဝ** မည်၏။ (အသညာဘဝ နှင့် တူ၏)။

အရူပဝိပါက် ၄-ခု စေတသိက် တိံသသည် **စတုဝေါကာရဘဝ** မည်၏။ (အရူပဘဝနှင့် တူ၏)။

ကာမဝိပါက် တေဝီသ၊ ရူပဝိပါက် ၅-ခု၊ စေတသိက် ပဥ္စတိံသ၊ ကမ္မဇရုပ် ဝီသသည် **ပဉ္စဝေါကာရဘဝ** မည်၏။ (ကာမဘဝနှင့် အတူဆို)။

ဇာတိသည် ရုပ်၏ ဇာတိ, နာမ်၏ ဇာတိ အားဖြင့် ၂-ပါး အပြားရှိ၏၊ ထို ၂-ပါးတို့တွင် နိပ္ဖန္နရုပ် အဇ္ဈာရသတို့၏ ဖြစ်ဆဲသည် ရုပ်၏ ဇာတိ မည်၏၊ နာမက္ခန္ဓာလေးပါး တို့၏ ဖြစ်ဆဲသည် နာမ်၏ဇာတိ မည်၏၊ ထို ဇာတိကို ရူပက္ခန္ဓာ, သင်္ခါရက္ခန္ဓာ ဟူသော ခန္ဓာ ၂-ပါး၊ ဓမ္မာယတနဟူသော အာယ-တန ၁-ပါး၊ ဓမ္မဓာတ်ဟူသော ဓာတ် ၁-ပါးဖြင့် ရေတွက်အပ်၏။ ကြွင်းသော ခန္ဓာ ၃-ပါး၊ အာယတန ၁၁-ပါး၊ ဓာတ် ၁၇-ပါးတို့ဖြင့် မရေတွက်အပ်။

ဇရာသည်လည်း ရုပ်၏ဇရာ, နာမ်၏ဇရာအားဖြင့် ၂-ပါး အပြားရှိ၏၊ ထို ၂-ပါးတို့တွင် နိပ္ဖန္နရုပ် အဇ္ဈာရသတို့၏ ရင့်ဆဲသည် ရုပ်၏ ဇရာမည်၏၊ နာမက္ခန္ဓာ ၄-ပါးတို့၏ ရင့်ဆဲသည် နာမ်၏ ဇရာ မည်၏။ (ထိုဇရာမှာ ဇာတိနှင့် တူ၏)။

မရဏသည်လည်း ရုပ်၏ မရဏ, နာမ်၏ မရဏ အားဖြင့် ၂-ပါး အပြားရှိ၏၊ ထို ၂-ပါးတို့တွင် နိပ္ဖန္နရုပ် အဇ္ဈာရသတို့၏ ပျက်ဆဲသည် ရုပ်၏ မရဏ မည်၏၊

နာမက္ခန္ဓာ ၄-ပါးတို့၏ ပျက်ဆဲသည် နာမ်၏ မရဏ မည်၏။ ( ထို မရဏမှာလည်း ဇာတိနှင့် အတူဆိုလေ )။

ဒေါသမူဒွေ၌ရှိသော ဒေါမနဿဝေဒနာသည် **သောက** မည်၏၊ ထို သောကကို ဝေဒနာက္ခန္ဓာ ဟူသော ခန္ဓာ ၁-ပါး၊ ဓမ္မာယတန ဟူသော အာယတန ၁-ပါး၊ ဓမ္မဓာတ် ဟူသော ဓာတ် ၁-ပါးဖြင့် ရေတွက်အပ်၏။ ကြွင်းသော ခန္ဓာ ၄-ပါး၊ အာယတန ၁၁-ပါး၊ ဓာတ် ၁၇-ပါးတို့ဖြင့် မရေတွက်အပ်။

ဆွေမျိုးတို့၏ ပျက်စီးခြင်း အစရှိသော အကြောင်းကြောင့် ငိုကြွေးမြည်တမ်းသော အခြင်းအရာဖြင့် ဖြစ်သော စိတ္တဇဝိပလ္လာသသဒ္ဒသည် **ပရိဒေဝ** မည်၏၊ ထို ပရိဒေဝကို ရူပက္ခန္ဓာ ဟူသော ခန္ဓာ ၁-ပါး၊ သဒ္ဒါယတန ဟူသော အာယတန ၁-ပါး၊ သဒ္ဒဓာတ်ဟူသော ဓာတ် ၁-ပါးဖြင့် ရေတွက်အပ်၏။ အကြွင်းဖြင့် မရေတွက်အပ်။

ဒုက္ခသဟဂုတ် ကာယဝိညာဉ်၌ရှိသော ဝေဒနာစေတသိက်သည် **ဒုက္ခ** မည်၏၊ ထိုဒုက္ခကို ဝေဒနာက္ခန္ဓာဟူသော ခန္ဓာ ၁-ပါး၊ ဓမ္မာယတန ဟူသော အာယတန ၁-ပါး၊ ဓမ္မဓာတ် ဟူသော ဓာတ် ၁-ပါးဖြင့် ရေတွက်အပ်၏။ အကြွင်းဖြင့် မရေတွက်အပ်။

ဒေါသမူဒွေ၌ရှိသော ဝေဒနာစေတသိက်သည် **ဒေါမနဿ** မည်၏၊ ထို ဒေါမနဿကို ဝေဒနာက္ခန္ဓာဟူသော ခန္ဓာ ၁-ပါး၊ ဓမ္မာယတန ဟူသော အာယတန ၁-ပါး၊ ဓမ္မဓာတ် ဟူသော ဓာတ် ၁-ပါးဖြင့် ရေတွက်အပ်၏။ အကြွင်းဖြင့် မရေတွက်အပ်။

ဉာတိဗျသန အစရှိသည်တို့ဖြင့် တွေ့သော သူအား လွန်စွာဖြစ်သော စိတ်၏ ဆင်းရဲခြင်းသည် နှိပ်စက်အပ်သည်ဖြစ်၍ ပြင်းစွာ ပင်ပန်းခြင်း၏ အစွမ်းဖြင့် ဖြစ်သော ဒေါသမူဒွေ ရှိသော ဒေါသစေတသိက်သည် **ဥပါယာသ** မည်၏၊ ထိုဥပါယာသကို သင်္ခါရက္ခန္ဓာ ဟူသော ခန္ဓာ ၁-ပါး၊ ဓမ္မာယတန ဟူသော အာယတန ၁-ပါး၊ ဓမ္မဓာတ် ဟူသော ဓာတ် ၁-ပါးဖြင့် ရေတွက်အပ်၏။ ကြွင်းသော ခန္ဓာ ၄-ပါး၊ အာယတန ၁၁-ပါး၊ ဓာတ် ၁၇-ပါးတို့ဖြင့် မရေတွက်အပ်။

**စတ္တာရော သတိပဋ္ဌာနာ** ဟူသောပုဒ်၌ သတိပဋ္ဌာန် ၄-ပါး ဟူသော်ကား—ကာယာနုပဿနာသတိပဋ္ဌာန်, ဝေဒနာနုပဿနာသတိပဋ္ဌာန်, စိတ္တာနုပဿနာ-သတိပဋ္ဌာန်, ဓမ္မာနုပဿနာသတိပဋ္ဌာန် အားဖြင့် ကိစ္စအားဖြင့် ၄-ပါး အပြားရှိ၏၊ တရားကိုယ်အားဖြင့်ကား လောကုတ္တရာစိတ် ၈-ခု၌ရှိသော သတိစေတသိက်သာတည်း၊ ထို သတိစေတသိက်သည် သတိပဋ္ဌာန် မည်၏၊ ထို သတိပဋ္ဌာန်ကို သင်္ခါရက္ခန္ဓာ ဟူသော ခန္ဓာ ၁-ပါး၊ ဓမ္မာယတနဟူသော အာယတန ၁-ပါး၊

ဓမ္မဓာတ် ဟူသော ဓာတ် ၁-ပါးဖြင့် ရေတွက်အပ်၏။ အကြွင်းဖြင့် မရေတွက်အပ်။

**စတ္တာရော သမ္မပ္ပဓာနာ** ဟူသော ပုဒ်၌ သမ္မပ္ပဓာန် ၄-ပါး ဟူသော်ကား—ဖြစ်ကုန်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှါ လုံ့လပြုခြင်း, မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှါ လုံ့လပြုခြင်း, မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှါ လုံ့လပြုခြင်း, ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို လွန်စွာ ပွါးစေခြင်းငှါ လုံ့လပြုခြင်းအားဖြင့် ကိစ္စအားဖြင့် ၄-ပါး အပြား ရှိ၏၊ တရားကိုယ်အားဖြင့်ကား လောကုတ္တရာစိတ် ၈-ခု၌ရှိသော ဝီရိယစေတသိက်သာတည်း၊ ထို ဝီရိယစေတသိက်သည် သမ္မပ္ပဓာန် မည်၏။ (သတိပဋ္ဌာန်နှင့် အတူ ဆိုလေ။)

**စတ္တာရော ဣဒ္ဓိပါဒါ** ဟူသောပုဒ်၌ ဣဒ္ဓိပါဒ် ၄-ပါးဟူသော်ကား—ဆန္ဒိဒ္ဓိပါဒ်, ဝီရိယိဒ္ဓိပါဒ်, စိတ္တိဒ္ဓိပါဒ်, ဝီမံသိဒ္ဓိပါဒ်အားဖြင့် ၄-ပါး အပြားရှိ၏၊ တရားကိုယ်အားဖြင့်ကား လောကုတ္တရာစိတ် ၈-ခု၌ရှိသော ဆန္ဒစေတသိက်သည် ဆန္ဒိဒ္ဓိပါဒ် မည်၏၊ လောကုတ္တရာစိတ် ၈-ခု၌ရှိသော ဝီရိယစေတသိက်သည် ဝီရိယိဒ္ဓိပါဒ် မည်၏၊ လောကုတ္တရာစိတ် ၈-ခုသည် စိတ္တိဒ္ဓိပါဒ် မည်၏၊ လောကုတ္တရာစိတ် ၈-ခု၌ရှိသော ပညာစေတသိက်သည် ဝီမံသိဒ္ဓိပါဒ် မည်၏၊ ထို ၄-ပါးသော ဣဒ္ဓိပါဒ်ကို သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ ဟူသော ခန္ဓာ ၂-ပါး၊ မနာယတန, ဓမ္မာယတန ဟူသော အာယတန ၂-ပါး၊ မနောဝိညာဏဓာတ်, ဓမ္မဓာတ် ဟူသော ဓာတ် ၂-ပါး တို့ဖြင့် ရေတွက်အပ်၏။ အကြွင်းဖြင့် မရေတွက်အပ်။

**စတ္တာရိ ဈာနာနိ** ဟူသောပုဒ်၌ ဈာန် ၄-ပါး ဟူသော်ကား—ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်အားဖြင့် ၄-ပါး အပြားရှိ၏၊ ထို ၄-ပါးတို့တွင် ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ ၅-ပါးသည် ပဌမဈာန် မည်၏၊ ပီတိ, သုခ, ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ ၃-ပါးသည် ဒုတိယဈာန် မည်၏၊ သုခ, ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ ၂-ပါးသည် တတိယဈာန် မည်၏၊ ဥပေက္ခာ, ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ ၂-ပါးသည် စတုတ္ထဈာန် မည်၏၊ ထို ၄-ပါးသော ဈာန်ကို ဝေဒနာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ ဟူသော ခန္ဓာ ၂-ပါး၊ ဓမ္မာယတန ဟူသော အာယတန ၁-ပါး၊ ဓမ္မဓာတ် ဟူသော ဓာတ် ၁-ပါးဖြင့် ရေတွက်အပ်၏။ အကြွင်းဖြင့် မရေတွက်အပ်။

**စတဿော အပ္ပမညာယော** ဟူသောပါဌ်၌ အပ္ပမညာ ၄-ပါးဟူသော်ကား — မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာအားဖြင့် ၄-ပါးတို့တည်း၊ ထို ၄-ပါး တို့တွင် ရူပါဝစရပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်၌ ရှိသော

အဒေါသစေတသိက်သည် မေတ္တာ မည်၏၊ ကရုဏာစေတသိက်သည် ကရုဏာ မည်၏၊ မုဒိတာစေတသိက်သည် မုဒိတာ မည်၏၊ ရူပါဝစရ ပဉ္စမဈာန်၌ရှိသော တတြမဇ္ဈတ္တတာ စေတသိက်သည် ဥပေက္ခာ မည်၏၊ ထို ၄-ပါးသော အပ္ပမညာကို သင်္ခါရက္ခန္ဓာ ဟူသော ခန္ဓာ ၁-ပါး၊ ဓမ္မာယတန ဟူသော အာယတန ၁-ပါး၊ ဓမ္မဓာတ်ဟူသော ဓာတ် ၁-ပါးဖြင့် ရေတွက်အပ်၏။ အကြွင်းဖြင့် မရေတွက်အပ်။

**ပဉ္စိန္ဒြိယာနိ** ဟူသောပါဠ်၌ ဣန္ဒြေ ၅-ပါး ဟူသော်ကား—သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေအားဖြင့် ၅-ပါးတို့တည်း၊ ထို ၅-ပါး တို့တွင် လောကုတ္တရာစိတ် ၈-ခု၌ရှိသော သဒ္ဓါစေတသိက်သည် သဒ္ဓိန္ဒြေ မည်၏၊ ဝီရိယစေတသိက်သည် ဝီရိယိန္ဒြေ မည်၏၊ သတိစေတသိက်သည် သတိန္ဒြေ မည်၏၊ ဧကဂ္ဂတာစေတသိက်သည် သမာဓိန္ဒြေ မည်၏၊ ပညာစေတသိက်သည် ပညိန္ဒြေ မည်၏၊ ထို ၅-ပါးသော ဣန္ဒြေကို သင်္ခါရက္ခန္ဓာ ဟူသော ခန္ဓာ ၁-ပါး။ (သင်္ခါရက္ခန္ဓာ နှင့် အတူဆိုလေ)။

**ပဉ္စဗလာနိ** ဟူသောပါဠ်၌ ဗိုလ် ၅-ပါး ဟူသော်ကား—သဒ္ဓါဗိုလ်, ဝီရိယဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ်အားဖြင့် ၅-ပါး တို့တည်း။ ထို ၅-ပါး တို့တွင် လောကုတ္တရာစိတ် ၈-ခု၌ရှိသော သဒ္ဓါစေတသိက်သည် သဒ္ဓါဗိုလ် မည်၏၊ ဝီရိယစေတသိက်သည် ဝီရိယဗိုလ် မည်၏၊ သတိစေတသိက်သည် သတိဗိုလ် မည်၏၊ ဧကဂ္ဂတာစေတသိက်သည် သမာဓိဗိုလ် မည်၏၊ ပညာစေတသိက်သည် ပညာဗိုလ် မည်၏၊ ထို ၅-ပါးသောဗိုလ်ကို သင်္ခါရက္ခန္ဓာ ဟူသော ခန္ဓာ ၁-ပါး။ (ပဉ္စိန္ဒြေနှင့် တူ၏)။

**သတ္တ ဗောဇ္ဈင်္ဂါ** ဟူသောပါဠ်၌ ဗောဇ္ဈင် ၇-ပါး ဟူသော်ကား—သတိသမ္ဗောဇ္ဈင်, ဓမ္မဝိစယသမ္ဗောဇ္ဈင်, ဝီရိယသမ္ဗောဇ္ဈင်, ပီတိသမ္ဗောဇ္ဈင်, ပဿဒ္ဓိသမ္ဗောဇ္ဈင်, သမာဓိသမ္ဗောဇ္ဈင်, ဥပေက္ခာသမ္ဗောဇ္ဈင် အားဖြင့် ၇-ပါးတို့တည်း၊ ထို ၇-ပါးတို့တွင် လောကုတ္တရာစိတ် ၈-ခု၌ရှိသော သတိစေတသိက်သည် သတိသမ္ဗောဇ္ဈင် မည်၏၊ ပညာစေတသိက်သည် ဓမ္မဝိစယသမ္ဗောဇ္ဈင် မည်၏၊ ဝီရိယစေတသိက်သည် ဝီရိယသမ္ဗောဇ္ဈင် မည်၏၊ ပီတိစေတသိက်သည် ပီတိသမ္ဗောဇ္ဈင် မည်၏၊ ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိစေတသိက်သည် ပဿဒ္ဓိသမ္ဗောဇ္ဈင် မည်၏၊ ဧကဂ္ဂတာစေတသိက်သည် သမာဓိသမ္ဗောဇ္ဈင် မည်၏၊ တတြမဇ္ဈတ္တတာစေတသိက်သည် ဥပေက္ခာသမ္ဗောဇ္ဈင် မည်၏၊ ထို ၇-ပါးသော ဗောဇ္ဈင်ကို သင်္ခါရက္ခန္ဓာ ဟူသော ခန္ဓာ ၁-ပါး။ (သင်္ခါရက္ခန္ဓာနှင့် အတူဆိုလေ)။

**အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ** ဟူသော ပါဠ်၌ မဂ္ဂင် ၈-ပါး ဟူသော်ကား— သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ အားဖြင့် ၈-ပါးတို့တည်း၊ ထို ၈-ပါးတို့တွင် လောကုတ္တရာစိတ် ၈-ခု၌ရှိသော ပညာစေတသိက်သည် သမ္မာဒိဋ္ဌိမဂ္ဂင် မည်၏၊ ဝိတက်စေတသိက်သည် သမ္မာသင်္ကပ္ပမဂ္ဂင် မည်၏၊ သမ္မာဝါစာစေတသိက်သည် သမ္မာဝါစာမဂ္ဂင် မည်၏၊ သမ္မာကမ္မန္တစေတသိက်သည် သမ္မာကမ္မန္တမဂ္ဂင် မည်၏၊ သမ္မာအာဇီဝစေတသိက်သည် သမ္မာအာဇီဝမဂ္ဂင် မည်၏၊ ဝီရိယစေတသိက်သည် သမ္မာဝါယာမမဂ္ဂင် မည်၏၊ သတိစေတသိက်သည် သမ္မာသတိမဂ္ဂင် မည်၏၊ ဧကဂ္ဂတာစေတသိက်သည် သမ္မာသမာဓိမဂ္ဂင် မည်၏၊ ထို ၈-ပါးသော မဂ္ဂင်ကို သင်္ခါရက္ခန္ဓာဟူသော ခန္ဓာ ၁-ပါး။ (သင်္ခါရက္ခန္ဓာနှင့် အတူဆိုလေ)။

**ဖဿော၊ ဝေဒနာ၊ သညာ၊ စေတနာ၊ စိတ္တံ၊ အဓိမောက္ခော၊ မနသိကာရော** ဟူ၍ ဟောတော်မူအပ်သော ဖဿသတ္တကရာသိ ပါဠိတော်မြတ် ပါဠ်အပေါင်းတို့တွင် **ဖဿော** ဟူသော ပုဒ်၌ စိတ် တခုယုတ် ကိုးဆယ်၌ရှိသော ဖဿစေတသိက်သည် ဖဿ မည်၏။ (သင်္ခါရက္ခန္ဓာနှင့် တူပြီ)။ **ဝေဒနာ** ဟူသော ပုဒ်၌ စိတ်တခုယုတ် ကိုးဆယ်၌ရှိသော ဝေဒနာစေတသိက်သည် ဝေဒနာ မည်၏။ (ဝေဒနာက္ခန္ဓာနှင့် တူပြီ)။ **သညာ** ဟူသော ပုဒ်၌ စိတ်တခုယုတ် ကိုးဆယ်၌ရှိသော သညာစေတသိက်သည် သညာ မည်၏။ (သညာက္ခန္ဓာနှင့် တူပြီ)။ **စေတနာ** ဟူသော ပုဒ်၌ စိတ်တခုယုတ် ကိုးဆယ်၌ရှိသော စေတနာစေတသိက်သည် စေတနာ မည်၏။ (သင်္ခါရက္ခန္ဓာနှင့် တူပြီ)။ **စိတ္တံ** ဟူသောပုဒ်၌ စိတ်တခုယုတ် ကိုးဆယ်သည် စိတ် မည်၏။ (ဝိညာဏက္ခန္ဓာနှင့် တူပြီ)။ **အဓိမောက္ခော** ဟူသောပုဒ်၌ ဒွေပဉ္စဝိညာဉ် ၁၀၊ ဝိစိကိစ္ဆာသဟဂုတ် ကြဉ်သော စိတ် ၇၈-ခု၌ရှိသော အဓိမောက္ခ စေတသိက်သည် အဓိမောက္ခ မည်၏။ (သင်္ခါရက္ခန္ဓာနှင့် တူပြီ)။ **မနသိကာရော** ဟူသော ပုဒ်၌ စိတ်တခုယုတ် ကိုးဆယ်၌ရှိသော မနသိကာရစေတသိက်သည် မနသိကာရ မည်၏။ (သင်္ခါရက္ခန္ဓာနှင့် တူ၏)။

ဥဒ္ဒေသ ပြီး၏။

# ၁—ပဌမနယနိဒ္ဒေသ

## ခန္ဓနိဒ္ဒေသ

၆။ **ဥဒ္ဒေသကို** ဟောတော်မူသည်၏ အခြားမဲ့၌ **နိဒ္ဒေသကို** ဟောတော်မူ၏၊ ထို နိဒ္ဒေသသည်လည်း ပဌမနယနိဒ္ဒေသ, ဒုတိယနယနိဒ္ဒေသ ။ပ။ စုဒ္ဒသမနယနိဒ္ဒေသအားဖြင့် **၁၄-ပါး** အပြားရှိ၏၊ ထို ၁၄-ပါးတို့တွင် **ပဌမနယနိဒ္ဒေသကို** ရှေးဦးစွာဟောတော်မူ၏၊ ထို ပဌမနယနိဒ္ဒေသသည်လည်း အဗ္ဘန္တရမာတိကာနိဒ္ဒေသ, ဗာဟိရမာတိကာနိဒ္ဒေသအားဖြင့် **၂-ပါး** အပြားရှိ၏၊ ထို ၂-ပါးတို့တွင် အဗ္ဘန္တရမာတိကာနိဒ္ဒေသကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို အဗ္ဘန္တရမာတိကာနိဒ္ဒေသသည်လည်း ခန္ဓာဒိနိဒ္ဒေသ, ဖဿသတ္တကရာသိနိဒ္ဒေသအားဖြင့် **၂-ပါး** အပြားရှိ၏၊ ထို ၂-ပါးတို့တွင် ခန္ဓာဒိနိဒ္ဒေသကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို ခန္ဓာဒိနိဒ္ဒေသသည်လည်း ခန္ဓနိဒ္ဒေသ,အာယတနနိဒ္ဒေသ အစရှိသောအားဖြင့် **၁၅-ပါး** အပြားရှိ၏၊ ထို ၁၅-ပါးတို့တွင် **ခန္ဓနိဒ္ဒေသကို** ရှေးဦးစွာဟောတော်မူ၏၊ ထို ခန္ဓနိဒ္ဒေသသည်လည်း ဘေဒ,အဘေဒအားဖြင့် **၂-ပါး** အပြားရှိ၏၊ ထို ၂-ပါးတို့တွင် ဘေဒကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို **ဘေဒသည်လည်း** သုဒ္ဓ, ဧကမူလာဒိအားဖြင့် **၂-ပါး** အပြားရှိ၏၊ ထို ၂-ပါးတို့တွင် သုဒ္ဓကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို သုဒ္ဓသည်လည်း ရူပက္ခန္ဓသုဒ္ဓ အစရှိသောအားဖြင့် **၅-ပါး** အပြားရှိ၏၊ ထို ၅-ပါး တို့တွင် ရူပက္ခန္ဓသုဒ္ဓကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို ရူပက္ခန္ဓသုဒ္ဓ သည်လည်း သင်္ဂဟိတ,အသင်္ဂဟိတ အားဖြင့် **၂-ပါး** အပြားရှိ၏၊ ထို ၂-ပါးတို့တွင် သင်္ဂဟိတ ကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို သင်္ဂဟိတ သည်လည်း ပုစ္ဆာ, ဝိသဇ္ဇနာ အားဖြင့် **၂-ပါး** အပြားရှိ၏၊ ထို ၂-ပါးတို့တွင် **ပုစ္ဆာ** ကို ရှေးဦးစွာဟောတော်မူ၏၊ ထို ပုစ္ဆာ သည်လည်း ခန္ဓာကရိုဏ်းနေသော ပုစ္ဆာ, အာယတန ကရိုဏ်းနေသောပုစ္ဆာ, ဓာတ်ကရိုဏ်းနေသော ပုစ္ဆာအားဖြင့် **၃-ပါး** အပြားရှိ၏ ထို ၃-ပါးတို့တွင် ခန္ဓာကရိုဏ်းနေသော ပုစ္ဆာကို ရှေးဦးစွာ ဟောတော်မူ၏။

ဟောဟန်ကား—**ရူပက္ခန္ဓော** ကတိဟိ ခန္ဓေဟိ သင်္ဂဟိတော ဟူသည်တည်း။ ထိုနောင် အာယတန ကရိုဏ်းနေသော ပုစ္ဆာကို ဟောတော်မူ၏၊ ဟောဟန်ကား—**ရူပက္ခန္ဓော** ကတိဟာယတနေဟိ သင်္ဂဟိတော ဟူသည်တည်း။ ထိုနောင် ဓာတ်ကရိုဏ်းနေသော ပုစ္ဆာကို ဟောတော်မူ၏၊ ဟောဟန်ကား—**ရူပက္ခန္ဓော** ကတိဟိ ဓာတူဟိ သင်္ဂဟိတော ဟူသည်တည်း။

ပုစ္ဆာကို ဟောတော်မူသည်၏အခြားမဲ့၌ **ဝိသဇ္ဇနာကို** ဟောတော်မူ၏၊ ထို **ဝိသဇ္ဇနာသည်လည်း** ခန္ဓာကရိုဏ်းနေသော ဝိသဇ္ဇနာ, အာယတန ကရိုဏ်းနေ

သော ဝိသဇ္ဇနာ, ဓာတ်ကရိုဏ်းနေသော ဝိသဇ္ဇနာ အားဖြင့် ၃-ပါး အပြားရှိ၏၊ ထို ၃-ပါးတို့တွင် ခန္ဓာကရိုဏ်းနေသော ဝိသဇ္ဇနာကို ရှေးဦးစွာ ဟောတော်မူ၏၊ ဟောဟန်ကား — **ရူပက္ခန္ဓော** ဧကေန ခန္ဓေန သင်္ဂဟိတော ဟူသည်တည်း။ ထိုနောင် အာယတန ကရိုဏ်းနေသော ဝိသဇ္ဇနာကို ဟောတော်မူ၏၊ ဟောဟန်ကား — **ရူပက္ခန္ဓော** ကောဒသဟာယတနေဟိ သင်္ဂဟိတော ဟူသည်တည်း။ ထိုနောင် ဓာတ်ကရိုဏ်းနေသော ဝိသဇ္ဇနာကို ဟောတော်မူ၏၊ ဟောဟန်ကား —— **ရူပက္ခန္ဓော** ကောဒသဟိ ဓာတူဟိ သင်္ဂဟိတော ဟူသည်တည်း။

ရူပက္ခန္ဓော၊ ရူပက္ခန္ဓာကို။ ဝါ၊ ရုပ္ပနလက္ခဏာရှိသော ရုပ်အစုကို။ ကတိဟိ၊ အဘယ်မျှကုန်သော။ ခန္ဓေဟိ၊ ခန္ဓာတို့ဖြင့်။ သင်္ဂဟိတော၊ ရေတွက်အပ်သနည်း။ ရူပက္ခန္ဓော၊ ကို။ ဝါ၊ ရုပ္ပနလက္ခဏာရှိသော ရုပ်အစုကို။ ကတိဟိ၊ အဘယ်မျှကုန်သော။ အာယတနေဟိ၊ အာယတနတို့ဖြင့်။ သင်္ဂဟိတော၊ ရေတွက်အပ်သနည်း။ ရူပက္ခန္ဓော၊ ကို။ ဝါ၊ ရုပ္ပနလက္ခဏာရှိသော ရုပ်အစုကို။ ကတိဟိ၊ အဘယ်မျှကုန်သော။ ဓာတူဟိ၊ ဓာတ်တို့ဖြင့်။ သင်္ဂဟိတော၊ ရေတွက်အပ်သနည်း။ ဣတိ ပုစ္ဆာယံ၊ ဤသို့သော အမေးတော်သည်။ သတိ၊ ရှိသော်——

ရူပက္ခန္ဓော၊ ကို။ ဝါ၊ ကို။ ဧကေန၊ တပါးသော။ ခန္ဓေန၊ ရူပက္ခန္ဓာဖြင့်။ သင်္ဂဟိတော၊ ရေတွက်အပ်၏။ ရူပက္ခန္ဓော၊ ကို။ ဝါ၊ ကို။ ကောဒသဟိ၊ ၁၁-ပါးကုန်သော။ အာယတနေဟိ၊ ဩဠာရိကာယတန ၁၀-ပါး ဓမ္မာယတနတို့ဖြင့်။ သင်္ဂဟိတော၊ ရေတွက်အပ်၏။ ရူပက္ခန္ဓော၊ ကို။ ဝါ၊ ကို။ ကောဒသဟိ၊ ၁၁-ပါးကုန်သော။ ဓာတူဟိ၊ ဩဠာရိကဓာတ် ၁၀-ပါး ဓမ္မဓာတ်တို့ဖြင့်။ သင်္ဂဟိတော၊ ရေတွက်အပ်၏။ ဣတိ ဝိသဇ္ဇနာ၊ ဤသို့ဖြေတော်မူသည်။ ဟောတိ၊ ဖြစ်၏။

**တနည်းကား—** ရူပက္ခန္ဓော၊ ကို။ ကတိဟိ၊ ကုန်သော။ ခန္ဓေဟိ၊ ခန္ဓာ၏ အဖြစ် ဟုဆိုအပ်သော ရေတွက်ကြောင်း, ခန္ဓသဒ္ဒါ ဟုဆိုအပ်သော ရေတွက်ခြင်းတို့ဖြင့်။ သင်္ဂဟိတော၊ နည်း။ ရူပက္ခန္ဓော၊ ကို။ ကတိဟိ၊ ကုန်သော။ အာယတနေဟိ၊ အာယတန၏ အဖြစ် ဟုဆိုအပ်သော ရေတွက်ကြောင်း, အာယတနသဒ္ဒါ ဟုဆိုအပ်သော ရေတွက်ခြင်းတို့ဖြင့်။ သင်္ဂဟိတော၊ နည်း။ ရူပက္ခန္ဓော၊ ကို။ ကတိဟိ၊ ကုန်သော။ ဓာတူဟိ၊ ဓာတ်၏ အဖြစ် ဟု ဆိုအပ်သော ရေတွက်ကြောင်း, ဓာတုသဒ္ဒါ ဟုဆိုအပ်သော ရေတွက်ခြင်းတို့ဖြင့်။ သင်္ဂဟိတော၊ နည်း။ ဣတိ ပုစ္ဆာယံ၊ သည်။ သတိ၊ ရှိသော်——

ရူပက္ခန္ဓော၊ ကို။ ဧကေန၊ သော။ ခန္ဓေန၊ ရူပက္ခန္ဓာ၏အဖြစ်ဟု ဆိုအပ်သော ရေတွက်ကြောင်း, ရူပက္ခန္ဓသဒ္ဒါ ဟု ဆိုအပ်သော ရေတွက်ခြင်းတို့ဖြင့်။ သင်္ဂဟိတော၊ ၏။ ရူပက္ခန္ဓော၊ ကို။ ကောဒသဟိ၊ ကုန်သော။ အာယတနေဟိ၊ ဩဠာရိကာယတန ၁၀-ပါး, ဓမ္မာယတန ၏ အဖြစ်ဟု ဆိုအပ်သော

ရေတွက်ကြောင်း, ဩဠာရိကာယတန ၁၀-ပါး ဓမ္မာယတနသဒ္ဒါ ဟုဆိုအပ်သော ရေတွက်ခြင်းတို့ဖြင့်။ သင်္ဂဟိတော၊ ၏။ ရူပက္ခန္ဓော၊ ကို။ ကောဒသယဟိ၊ ကုန်သော။ ဓာတူဟိ၊ ဩဠာရိကဓာတ် ၁၀-ပါး ဓမ္မဓာတ်၏ အဖြစ် ဟုဆိုအပ်သော ရေတွက်ကြောင်း, ဩဠာရိကဓာတ် ၁၀-ပါး, ဓမ္မဓာတုသဒ္ဒါ ဟုဆိုအပ်သော ရေတွက်ခြင်းတို့ဖြင့်။ သင်္ဂဟိတော၊ ၏။ ဣတိ ဝိသဇ္ဇနာ၊ သည်။ ဟောတိ၊ ဖြစ်၏။

**သင်္ဂဟိတကို** ဟောတော်မူသည်၏ အခြားမဲ့၌ **အသင်္ဂဟိတကို** ဟောတော်မူ၏၊ ထိုအသင်္ဂဟိတသည်လည်း ပုစ္ဆာ, ဝိသဇ္ဇနာအားဖြင့် **၂-ပါး** အပြားရှိ၏၊ ထို ၂-ပါးတို့တွင် **ပုစ္ဆာကို** ရှေးဦးစွာ ဟောတော်မူ၏၊ ထိုပုစ္ဆာသည်လည်း ခန္ဓာကရိုဏ်းနေသော ပုစ္ဆာ, အာယတန ကရိုဏ်းနေသောပုစ္ဆာ, ဓာတ်ကရိုဏ်းနေသောပုစ္ဆာအားဖြင့် **၃-ပါး** အပြားရှိ၏၊ ထို ၃-ပါးတို့တွင် ခန္ဓာကရိုဏ်းနေသော ပုစ္ဆာကို ရှေးဦးစွာဟောတော်မူ၏၊ ဟောဟန်ကား—**ရူပက္ခန္ဓော** ကတိဟိ ခန္ဓေဟိ အသင်္ဂဟိတော ဟူသည်တည်း။ ထိုနောင်အာယတနကရိုဏ်းနေသော ပုစ္ဆာကို ဟောတော်မူ၏၊ ဟောဟန်ကား—**ရူပက္ခန္ဓော** ကတိဟာယတနေဟိ အသင်္ဂဟိတော ဟူသည်တည်း။ ထိုနောင် ဓာတ်ကရိုဏ်းနေသော ပုစ္ဆာကို ဟောတော်မူ၏၊ဟောဟန်ကား—**ရူပက္ခန္ဓော** ကတိဟိ ဓာတူဟိ အသင်္ဂဟိတော ဟူသည်တည်း။

**ပုစ္ဆာကို** ဟောတော်မူသည်၏ အခြားမဲ့၌ **ဝိသဇ္ဇနာကို** ဟောတော်မူ၏၊ ထိုဝိသဇ္ဇနာသည်လည်း ခန္ဓာကရိုဏ်းနေသော ဝိသဇ္ဇနာ အာယတနကရိုဏ်းနေသော ဝိသဇ္ဇနာ ဓာတ်ကရိုဏ်းနေသော ဝိသဇ္ဇနာ အားဖြင့် **၃-ပါး**အပြားရှိ၏၊ ထို ၃-ပါးတို့တွင် ခန္ဓာကရိုဏ်းနေသော ဝိသဇ္ဇနာကို ရှေးဦးစွာ ဟောတော်မူ၏၊ ဟောဟန်ကား— **ရူပက္ခန္ဓော** စတူဟိ ခန္ဓေဟိ အသင်္ဂဟိတော ဟူသည်တည်း။ ထိုနောင် အာယတနကရိုဏ်းနေသော ဝိသဇ္ဇနာကို ဟောတော်မူ၏၊ ဟောဟန်ကား— **ရူပက္ခန္ဓော** ဧကေနာယတနေန အသင်္ဂဟိတော ဟူသည်တည်း။ ထိုနောင် ဓာတ်ကရိုဏ်းနေသော ဝိသဇ္ဇနာကို ဟောတော်မူ၏၊ ဟောဟန်ကား— **ရူပက္ခန္ဓော** သတ္တဟိ ဓာတူဟိ အသင်္ဂဟိတော ဟူသည်တည်း။

ရူပက္ခန္ဓော၊ ကို။ ကတိဟိ၊ ကုန်သော။ ခန္ဓေဟိ၊ တို့ဖြင့်။ အသင်္ဂဟိတော၊ မရေတွက်အပ်သနည်း။ ရူပက္ခန္ဓော၊ ကို။ ကတိဟိ၊ ကုန်သော။ အာယတနေဟိ၊ တို့ဖြင့်။ အသင်္ဂဟိတော၊ နည်း။ ရူပက္ခန္ဓော၊ ကို။ ကတိဟိ၊ ကုန်သော။ ဓာတူဟိ၊ တို့ဖြင့်။ အသင်္ဂဟိတော၊ နည်း။ ဣတိ ပုစ္ဆာယံ၊ သည်။ သတိ၊ သော်—

ရူပက္ခန္ဓော၊ ကို။ စတူဟိ၊ ၄-ပါးကုန်သော။ ခန္ဓေဟိ၊ နာမက္ခန္ဓာတို့ဖြင့်။ အသင်္ဂဟိတော၊ မရေတွက်အပ်။ ရူပက္ခန္ဓော၊ ကို။ ဧကေန၊ ၁-ပါးသော။

အာယတနေန၊ မနာယတနဖြင့်။ အသင်္ဂဟိတော၊ အပ်။ ရူပက္ခန္ဓော၊ ကို။ သတ္တဟိ၊ ၇-ပါးကုန်သော။ ဓာတူဟိ၊ ဝိညာဏဓာတ်တို့ဖြင့်။ အသင်္ဂဟိတော၊ မရေတွက်အပ်။ ဣတိ ဝိသဇ္ဇနာ၊ ဤသို့ဖြေတော်မူသည်။ ဟောတိ၊ ၏။

**တနည်းကား**—ရူပက္ခန္ဓော၊ ကို။ ကတိဟိ၊ ကုန်သော။ ခန္ဓေဟိ၊ ခန္ဓာ၏ အဖြစ်ဟုဆိုအပ်သော ရေတွက်ကြောင်း, ခန္ဓသဒ္ဒါဟုဆိုအပ်သောရေတွက်ခြင်း တို့ဖြင့်။ အသင်္ဂဟိတော၊ မရေတွက်အပ်သနည်း။ ရူပက္ခန္ဓော၊ ကို။ ကတိဟိ၊ ကုန်သော။ အာယတနေဟိ၊ အာယတန၏ အဖြစ်ဟုဆိုအပ်သော ရေတွက် ကြောင်း, အာယတနသဒ္ဒါဟုဆိုအပ်သော ရေတွက်ခြင်းတို့ဖြင့်။ အသင်္ဂဟိတော၊ မရေတွက်အပ်သနည်း။ ရူပက္ခန္ဓော၊ ကို။ ကတိဟိ၊ ကုန်သော။ ဓာတူဟိ၊ တို့ဖြင့်။ အသင်္ဂဟိတော၊ နည်း။ ဣတိ ပုစ္ဆာယံ၊ ဤသို့သော အမေးသည်။ သတိ၊ ရှိသော်—

ရူပက္ခန္ဓော၊ ကို။ စတူဟိ၊ ကုန်သော။ ခန္ဓေဟိ၊ နာမက္ခန္ဓာ၏ အဖြစ်ဟုဆို အပ်သော ရေတွက်ကြောင်း, နာမက္ခန္ဓသဒ္ဒါဟုဆိုအပ်သော ရေတွက်ခြင်းတို့ ဖြင့်။ အသင်္ဂဟိတော၊ အပ်။ ရူပက္ခန္ဓော၊ ကို။ ဧကေန၊ သော။ အာယတနေန၊ မနာယတန၏ အဖြစ်ဟုဆိုအပ်သော ရေတွက်ကြောင်း, မနာယတနသဒ္ဒါဟု ဆို အပ်သော ရေတွက်ခြင်းတို့ဖြင့်။ အသင်္ဂဟိတော၊ အပ်။ ရူပက္ခန္ဓော၊ ကို။ သတ္တဟိ၊ ကုန်သော။ ဓာတူဟိ၊ ဝိညာဏဓာတ်၏ အဖြစ် ဟုဆိုအပ်သော ရေတွက်ကြောင်း, ဝိညာဏ ဓာတုသဒ္ဒါ ဟုဆိုအပ်သော ရေတွက်ခြင်းတို့ဖြင့်။ အသင်္ဂဟိတော၊ မရေတွက်အပ်။ ဣတိ ဝိသဇ္ဇနာ၊ သည်။ ဟောတိ၊ ၏။

နောက်နောက်ဖြစ်သော ပုဒ်တို့၌လည်း ဤရူပက္ခန္ဓပုဒ်ကို အမှီပြု၍ တက်နည်း, စစ်နည်း, အနက်ပေးနည်းတို့ကို စီစစ်ဆင်ခြင်၍ ဆိုလေ။

၇။ ရူပက္ခန္ဓသဒ္ဒကို ဟောတော်မူသည်၏ အခြားမဲ့၌ ဝေဒနာက္ခန္ဓသဒ္ဒကို ဟောတော်မူ၏၊ ထို ။ပ။ သည်လည်း သင်္ဂဟိတ, အသင်္ဂဟိတ အားဖြင့် ၂-ပါး အပြားရှိ၏၊ ထို ။ပ။ တွင် သင်္ဂဟိတကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို ။ ပ ။ သည်လည်း ပုစ္ဆာ,ဝိသဇ္ဇနာအားဖြင့် ၂-ပါး အပြားရှိ၏၊ ထို ။ပ။တွင် ပုစ္ဆာ ကို ........ ၏။ (ဆိုခဲ့ပြီးနည်းမှီ၍ စစ်လေ)။ ဟောဟန်ကား ဝေဒနာက္ခန္ဓော ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတော ဟူ သည်တည်း။ (အစစ်ကို လိုက်၍ ပါဠိရှုတ်ရမည်)။

ထိုနောင် ဝိသဇ္ဇနာကို ဟောတော်မူ၏၊ ဟောဟန်ကား —ဝေဒနာက္ခန္ဓော ဧကေန ခန္ဓေန ဧကေနာယတနေန ဧကာယ ဓာတုယာ သင်္ဂဟိတော ဟူ သည်တည်း။

ဝေဒနာက္ခန္ဓော၊ ဝေဒနာက္ခန္ဓာကို။ ဝါ၊ ဝေဒယိတလက္ခဏာရှိသော ဝေဒနာစေတသိက်ကို။ ကတိဟိ၊ ကုန်သော။ ခန္ဓေဟိ၊ တို့ဖြင့်။ သင်္ဂဟိတော၊ နည်း။ ကတိဟိ၊ ကုန်သော။ အာယတနေဟိ၊ အာယတနတို့ဖြင့်။ သင်္ဂဟိတော၊ နည်း။ ကတိဟိ၊ ကုန်သော။ ဓာတူဟိ၊ တို့ဖြင့်။ သင်္ဂဟိတော၊ နည်း။ ဣတိ ပုစ္ဆာယံ၊ သည်။ သတိ၊ သော်—

ဝေဒနာက္ခန္ဓော၊ ကို။ ဝါ၊ ဝေဒယိတလက္ခဏာရှိသော ဝေဒနာစေတသိက်ကို။ ဧကေန၊ သော။ ခန္ဓေန၊ ဝေဒနာက္ခန္ဓာဖြင့်။ သင်္ဂဟိတော၊ ၏။ ဧကေန၊သော။ အာယတနေန၊ ဓမ္မာယတနဖြင့်။ သင်္ဂဟိတော၊ ၏။ ဧကာယ၊ သော။ ဓာတုယာ၊ ဓမ္မဓာတ်ဖြင့်။ သင်္ဂဟိတော၊ ၏။ ဣတိ ဝိသဇ္ဇနာ၊ သည်။ ဟောတိ၊ ၏။

**တနည်းကား** — ဝေဒနာက္ခန္ဓော၊ ကို။ ကတိဟိ၊ ကုန်သော။ ခန္ဓေဟိ၊ ခန္ဓာ၏ အဖြစ်ဟု ဆိုအပ်သော ရေတွက်ကြောင်း, ခန္ဓသဒ္ဒါဟု ဆိုအပ်သော ရေတွက်ခြင်းတို့ဖြင့်။ သင်္ဂဟိတော၊ နည်း။ ( ရူပက္ခန္ဓာကို နည်းမှီ၍ အနက်ပေးလေ )။

သင်္ဂဟိတကို ........... ၌ အသင်္ဂဟိတကို........ ၏၊ ထို ။ပ။ သည်လည်း ပုစ္ဆာ, ဝိသဇ္ဇနာအားဖြင့် ၂-ပါး အပြားရှိ၏၊ ထို ၂-ပါးတို့တွင် ပုစ္ဆာကို ........... ၏။ ( စစ်လေ ) ဟောဟန်ကား— ဝေဒနာက္ခန္ဓော ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ အသင်္ဂဟိတော ဟူသည်တည်း။

ထိုနောင် ဝိသဇ္ဇနာကို ........၏၊ .... ကား —ဝေဒနာက္ခန္ဓော စတူဟိ ခန္ဓေဟိ ဧကာဒသဟာယတနေဟိ သတ္တရသဟိ ဓာတူဟိ အသင်္ဂဟိတော ဟူသည်တည်း။

ဝေဒနာက္ခန္ဓော၊ ကို။ ဝါ၊ ကို။ ကတိဟိ၊ ကုန်သော။ ခန္ဓေဟိ၊ တို့ဖြင့်။ အသင်္ဂဟိတော၊ နည်း။ ပ ။ ဣတိ ပုစ္ဆာယံ၊ သည်။ သတိ၊ သော် —

ဝေဒနာက္ခန္ဓော၊ ကို။ ဝါ၊ ကို။ စတူဟိ၊ ကုန်သော။ ခန္ဓေဟိ၊ ရူပက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့ဖြင့်။ အသင်္ဂဟိတော၊ မရေတွက်အပ်။ ဧကာဒသဟိ၊ ၁၁-ပါးကုန်သော။ အာယတနေဟိ၊ ဩဠာရိကာယတန, မနာယတနတို့ဖြင့်။ အသင်္ဂဟိတော၊ မရေတွက်အပ်။ သတ္တရသဟိ၊ ၁၇-ပါးကုန်သော။ ဓာတူဟိ၊ ဩဠာရိကဓာတ်, သတ္တဝိညာဏဓာတ် တို့ဖြင့်။ အသင်္ဂဟိတော၊ မရေတွက်အပ်။ ဣတိ ဝိသဇ္ဇနာ၊ သည်။ ဟောတိ၊ ဖြစ်၏။

ဂ။ **ဝေဒနာက္ခန္ဓသုဒ္ဓကို** ........ ၌ **သညာက္ခန္ဓသုဒ္ဓကို** ........ ၏၊ ထို ။ ပ ။ သည်လည်း သင်္ဂဟိတ, အသင်္ဂဟိတ အားဖြင့် ၂-ပါး အပြားရှိ၏၊ ထို ။ ပ ။ တွင် သင်္ဂဟိတကို ........ ၏၊ ထို ။ ပ ။ သည်လည်း ပုစ္ဆာ, ဝိသဇ္ဇနာအားဖြင့် ၂-ပါး အပြားရှိ၏၊ ထို။ ပ ။တွင် ပုစ္ဆာကို ........ ၏။ ( ဆိုခဲ့ပြီးနည်းမှီ၍ စစ် )။

ဟောဟန်ကား -— **သညာက္ခန္ဓော** ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတော ဟူသည်တည်း။

ထိုနောင် **ဝိသဇ္ဇနာကို**........ ၏।.... ကား — **သညာက္ခန္ဓော** ဧကေန ခန္ဓေန ဧကေနာယတနေန ဧကာယ ဓာတုယာ သင်္ဂဟိတော .... တည်း။

သညာက္ခန္ဓော၊ သညာက္ခန္ဓာကို။ ဝါ၊ သဉ္ဇာနနလက္ခဏာရှိသော သညာ-စေတသိက်ကို။ ကတိဟိ၊ ကုန်သော။ ခန္ဓေဟိ၊ တို့ဖြင့်။ ပ ။ ဣတိ ပုစ္ဆာယံ၊ သည်။ သတိ၊ ရှိသော်——

**သညာ**က္ခန္ဓော၊ ကို။ ဝါ၊ သဉ္ဇာနနလက္ခဏာရှိ**သော** သညာ**စေတသိက်**ကို။ ဧကေန၊ သော။ ခန္ဓေန၊ သညာက္ခန္ဓာဖြင့်။ သင်္ဂဟိ**တော**၊ ၏။ ဧကေန၊ သော။ အာယတနေန၊ ဓမ္မာယတနဖြင့်။ ဧကာယ၊ သော။ ဓာတုယာ၊ ဖြင့်။ သင်္ဂဟိ-တော၊ ၏။ ဣတိ ဝိသဇ္ဇနာ၊ သည်။ ဟောတိ၊ ၏။

သင်္ဂဟိတကို........၌ အသင်္ဂဟိတကို........၏။ (စစ်လေ)။ ဟောဟန်ကား — **သညာက္ခန္ဓော** ကတိဟိ ခန္ဓေဟိ ။ပ။ အသင်္ဂဟိတော ဟူသည်တည်း။

ထိုနောင် **ဝိသဇ္ဇနာ**ကို........၏। ....ကား——**သညာက္ခန္ဓော** စတူဟိ ခန္ဓေဟိ ကောဒသဟာယတနေဟိ သတ္တရသဟိ ဓာတူဟိ အသင်္ဂဟိတော....... တည်း။

သညာက္ခန္ဓော၊ ကို။ ဝါ၊ ကို။ ကတိဟိ၊ ကုန်သော ။ပ။ အသင်္ဂဟိတော၊ မရေတွက်အပ်သနည်း။ ဣတိ ပုစ္ဆာယံ၊ သည်။ သတိ၊ သော်——

သညာက္ခန္ဓော၊ ကို။ ဝါ၊ ကို။ စတူဟိ၊ ကုန်သော။ ခန္ဓေဟိ၊ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့ဖြင့်။ အသင်္ဂဟိတော၊ အပ် ။ပ။ ဣတိ ဝိသဇ္ဇနာ၊ သည်။ ဟောတိ၊ ၏။

၉။ **သညာက္ခန္ဓသုဒ္ဓ**ကို....... ၌ **သင်္ခါရက္ခန္ဓသုဒ္ဓ**ကို........၏၊ ထို ။ပ။ သည်လည်း သင်္ဂဟိတ, အသင်္ဂဟိတအားဖြင့် ၂-ပါး အပြားရှိ၏၊ ထိုတွင် သင်္ဂဟိတကို....၏।....ကား——**သင်္ခါရက္ခန္ဓော** ကတိဟိ ခန္ဓေဟိ ။ပ။ ဓာတူဟိ သင်္ဂဟိတော၊ သင်္ခါရက္ခန္ဓော ဧကေန ခန္ဓေန ဧကေနာယတနေန ဧကာယ ဓာတုယာ သင်္ဂဟိ-တော........တည်း။

သင်္ခါရက္ခန္ဓော၊ သင်္ခါရက္ခန္ဓာကို။ ဝါ၊ သင်္ခရဏလက္ခဏာရှိသော စေတသိက်ပညာသကို။ ကတိဟိ၊ ကုန်သော။ ခန္ဓေဟိ၊ တို့ဖြင့်။ ။ပ။ သင်္ဂဟိတော၊ နည်း။ ဣတိ ပုစ္ဆာယံ၊ သည်။ သတိ၊ သော်——

သင်္ခါရက္ခန္ဓော၊ ကို။ ဝါ။ သင်္ခရဏလက္ခဏာရှိသော စေတသိက် ပညာသကို။ ဧကေန၊ သော။ ခန္ဓေန၊ သင်္ခါရက္ခန္ဓာဖြင့်။ ဧကေန၊ သော ။ပ။ ဓာတုယာ၊ ဓမ္မဓာတ်ဖြင့်။ သင်္ဂဟိတော၊ ၏။ ဣတိ ဝိသဇ္ဇနာ၊ သည်။ ဟောတိ၊ ၏။

သင်္ဂဟိတကို........၌ အသင်္ဂဟိတကို........၏၊....ကား – **သင်္ခါရက္ခန္ဓော ကတိ-** ဟိ ခန္ဓေဟိ။ပ။ အသင်္ဂဟိတော၊ သင်္ခါရက္ခန္ဓော စတူဟိ ခန္ဓေဟိ ဧကာဒသဟာ-ယတနေဟိ သတ္တရသဟိ ဓာတူဟိ အသင်္ဂဟိတော....တည်း။ (ဆိုခဲ့ပြီးနည်းမှီ၍ အနက်ပေးလေ)။

၁၀။ **သင်္ခါရက္ခန္ဓသုဒ္ဓကို**........၌ **ဝိညာဏက္ခန္ဓသုဒ္ဓကို.......** ၏၊ ထို။ပ။သည် လည်း သင်္ဂဟိတ, အသင်္ဂဟိတအားဖြင့် ၂-ပါး အပြားရှိ၏၊ ထိုတွင် သင်္ဂဟိတ ကို....၏၊ ....ကား——**ဝိညာဏက္ခန္ဓော** ကတိဟိ။ပ။သင်္ဂဟိတော၊ **ဝိညာဏက္ခန္ဓော** ဧကေန ခန္ဓေန ဧကေနာယတနေန သတ္တဟိ ဓာတူဟိ သင်္ဂဟိတော....တည်း။

ဝိညာဏက္ခန္ဓော၊ ကို။ ဝါ၊ အာရမ္မဏဝိဇာနနလက္ခဏာရှိသော စိတ်တခုယုတ် ကိုးဆယ်ကို။ ကတိဟိ၊ ကုန်သော ။ပ။ သင်္ဂဟိတော၊ နည်း။ ဣတိ ပုစ္ဆာယံ၊ သည်။ သတိ၊ သော်—

ဝိညာဏက္ခန္ဓော၊ ကို။ ဝါ၊ အာရမ္မဏဝိဇာနနလက္ခဏာရှိသော စိတ်တခုယုတ် ကိုးဆယ်ကို။ ဧကေန၊ သော။ ခန္ဓေန၊ ဝိညာဏက္ခန္ဓာဖြင့်။ သင်္ဂဟိတော၊ ၏။ ဧကေန၊ သော။ အာယတနေန၊ မနာယတနဖြင့်။သင်္ဂဟိတော၊ ၏။ သတ္တဟိ၊ ၇-ပါးကုန်သော။ ဓာတူဟိ၊ ဝိညာဏဓာတ်တို့ဖြင့်။ သင်္ဂဟိတော၊ ၏။ ဣတိ ဝိသဇ္ဇနာ၊ သည်။ ဟောတိ၊ ၏။

သင်္ဂဟိတကို........၌ အသင်္ဂဟိတကို....၏၊....ကား——**ဝိညာဏက္ခန္ဓော** ကတိဟိ ခန္ဓေဟိ ။ပ။ အသင်္ဂဟိတော၊ **ဝိညာဏက္ခန္ဓော** စတူဟိ ခန္ဓေဟိ ဧကာဒသဟာ-ယတနေဟိ ဧကာဒသဟိ ဓာတူဟိ အသင်္ဂဟိတော ....တည်း။

ဝိညာဏက္ခန္ဓော၊ ကို။ ဝါ၊ အာရမ္မဏဝိဇာနနလက္ခဏာရှိသော စိတ်တခုယုတ် ကိုးဆယ်ကို။ ကတိဟိ၊ ကုန်သော။ ခန္ဓေဟိ၊ တို့ဖြင့် ။ပ။ အသင်္ဂဟိတော၊ နည်း။ ဣတိပုစ္ဆာယံ၊ သည်။ သတိ၊သော်—

ဝိညာဏက္ခန္ဓော၊ ကို။ ဝါ၊ ကို။ စတူဟိ၊ ကုန်သော။ ခန္ဓေဟိ၊ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာတို့ဖြင့်။ အသင်္ဂဟိတော၊ အပ် ။ ဧကာ-ဒသဟိ၊ ကုန်သော။ အာယတနေဟိ၊ ဩဠာရိကာယတန, ဓမ္မာယတနတို့ဖြင့်။ အသင်္ဂဟိတော၊ အပ်။ ဧကာဒသဟိ၊ ကုန်သော။ ဓာတူဟိ၊ ဩဠာရိကဓာတ်, ဓမ္မဓာတ်တို့ဖြင့်။ အသင်္ဂဟိတော၊ အပ်။ ဣတိ ဝိသဇ္ဇနာ၊ သည်။ ဟောတိ၊ ၏။

သုဒ္ဓ ပြီး၏။

---

**ဧကမူလဝါဒ**

၁၁။ **သုဒ္ဓကို** ဟောတော်မူသည်၏ အခြားမဲ့၌ **ဧကမူလဝါဒကို** ဟောတော် မူ၏၊ ထို ဧကမူလဝါဒသည်သည်း ဧကမူ, ဒွိမူ, တိမူ, စတုမူ အားဖြင့် ၄-ပါး

အပြားရှိ၏၊ ထို ၄-ပါးတို့တွင် ကေမှုကို ရှေးဦးစွာ ဟောတော်မူ၏၊ ထိုကေမှု သည်လည်း ရူပက္ခန္ဓကေမှု, ဝေဒနာက္ခန္ဓကေမှု, သညာက္ခန္ဓကေမှု, သင်္ခါရက္ခန္ဓ-ကေမှု အားဖြင့် ၄-ပါး အပြားရှိ၏၊ ထို ၄-ပါးတို့တွင် ရူပက္ခန္ဓကေမှုကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို ရူပက္ခန္ဓကေမှုသည်လည်း ဝေဒနာက္ခန္ဓမူလီ, သညာက္ခန္ဓမူလီ, သင်္ခါရက္ခန္ဓမူလီ, ဝိညာဏက္ခန္ဓမူလီ အားဖြင့် ၄-ပါး အပြားရှိ၏၊ ထို ၄-ပါးတို့တွင် **ဝေဒနာက္ခန္ဓမူလီ**ကို ရှေးဦးစွာ ဟောတော်မူ၏၊ ထိုဝေဒနာက္ခန္ဓမူလီသည်လည်း သင်္ဂဟိတ, အသင်္ဂဟိတ အားဖြင့် ၂-ပါး အပြားရှိ၏၊ ထို ၂-ပါးတို့တွင် သင်္ဂဟိတကို ရှေးဦးစွာ ဟောတော်မူ၏၊ ထိုသင်္ဂဟိတသည်လည်း ပုစ္ဆာ, ဝိသဇ္ဇနာ အားဖြင့် ၂-ပါး အပြားရှိ၏၊ ထို ၂-ပါးတို့တွင် ပုစ္ဆာကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို ပုစ္ဆာသည်လည်း ခန္ဓာကရိုဏ်းနေသော ပုစ္ဆာ, အာယတနကရိုဏ်းနေသော ပုစ္ဆာ, ဓာတ်ကရိုဏ်းနေသော ပုစ္ဆာ အားဖြင့် ၃-ပါး အပြားရှိ၏၊ ထို ၃-ပါးတို့တွင် ခန္ဓာကရိုဏ်းနေသော ပုစ္ဆာကို ရှေးဦးစွာ ဟောတော်မူ၏၊ ဟောဟန်ကား— ရူပက္ခန္ဓော စ ဝေဒနာက္ခန္ဓော စ ကတိဟိ ခန္ဓေဟိ သင်္ဂဟိတာ ဟူသည်တည်း။ ထိုနောင် အာယတနကရိုဏ်းနေသော ပုစ္ဆာကို ဟောတော်မူ၏၊ ဟောဟန်ကား — ကတိဟာယတနေဟိ သင်္ဂဟိတာ ဟူသည်တည်း။ ထိုနောင် ဓာတ်ကရိုဏ်းနေသော ပုစ္ဆာကို ဟောတော်မူ၏၊ ဟောဟန်ကား— ကတိဟိ ဓာတူဟိ သင်္ဂဟိတာ ဟူသည်တည်း။

ပုစ္ဆာကို ဟောတော်မူသည်၏ အခြားမဲ့၌ ဝိသဇ္ဇနာကို ဟောတော်မူ၏၊ ထိုဝိသဇ္ဇနာသည်လည်း ခန္ဓာကရိုဏ်းနေသော ဝိသဇ္ဇနာ, အာယတနကရိုဏ်း နေသော ဝိသဇ္ဇနာ, ဓာတ်ကရိုဏ်းနေသော ဝိသဇ္ဇနာ အားဖြင့် ၃-ပါး အပြား ရှိ၏၊ ထို ၃-ပါးတို့တွင် ခန္ဓာကရိုဏ်းနေသော ဝိသဇ္ဇနာကို ရှေးဦးစွာ ဟော တော်မူ၏၊ ဟောဟန်ကား- ရူပက္ခန္ဓော စ ဝေဒနာက္ခန္ဓော စ ဒွီဟိ ခန္ဓေဟိ သင်္ဂဟိတာ ဟူသည်တည်း။ ထိုနောင် အာယတနကရိုဏ်းနေသော ဝိသဇ္ဇနာကို ဟောတော်မူ၏၊ ဟောဟန်ကား — ဧကာဒသဟာယတနေဟိ သင်္ဂဟိတာ ဟူသည်တည်း။ ထို နောင် ဓာတ်ကရိုဏ်းနေသော ဝိသဇ္ဇနာကို ဟောတော်မူ၏၊ ဟောဟန်ကား — ဧကာဒသဟိ ဓာတူဟိ သင်္ဂဟိတာ ဟူသည်တည်း။ ( အောက်ကနည်းကို မှီ၍ ယောဇနာလေ )။

သင်္ဂဟိတကို ဟောတော်မူသည်၏ အခြားမဲ့၌ အသင်္ဂဟိတကို ဟောတော် မူ၏၊ ထို အသင်္ဂဟိတသည်လည်း ပုစ္ဆာ, ဝိသဇ္ဇနာ အားဖြင့် ၂-ပါး အပြားရှိ၏၊ ထို ၂-ပါးတို့တွင် ပုစ္ဆာကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို ပုစ္ဆာသည်လည်း ခန္ဓာကရိုဏ်းနေသော ပုစ္ဆာ အစရှိသောအားဖြင့် ၃-ပါး အပြားရှိ၏၊ ထို ၃-ပါး တို့တွင် ခန္ဓာကရိုဏ်းနေသော ပုစ္ဆာကို ရှေးဦးစွာ ဟောတော်မူ၏၊ ဟောဟန်

ကား—ရူပက္ခန္ဓော စ ဝေဒနာက္ခန္ဓော စ ကတိဟိ ခန္ဓေဟိ အသင်္ဂဟိတာ ဟူသည်တည်း။ ထိုနောင် အာယတနကရိုဏ်းနေသော ပုစ္ဆာကို ဟောတော်မူ၏၊ ဟောဟန်ကား — ကတိဟာယတနေဟိ အသင်္ဂဟိတာ ဟူသည်တည်း။ထိုနောင် ဓာတ်ကရိုဏ်းနေသော ပုစ္ဆာကို ဟောတော်မူ၏၊ ဟောဟန်ကား — ကတိဟိ ဓာတူဟိ အသင်္ဂဟိတာ ဟူသည်တည်း။

**ပုစ္ဆာ**ကို ဟောတော်မူသည်၏ အခြားမဲ့၌ **ဝိသဇ္ဇနာ**ကို ဟောတော်မူ၏၊ ထို ဝိသဇ္ဇနာသည်လည်း ခန္ဓာကရိုဏ်းနေသော ဝိသဇ္ဇနာ အစရှိသောအားဖြင့် **၃-ပါး** အပြားရှိ၏၊ ထို ၃-ပါးတို့တွင် ခန္ဓာကရိုဏ်းနေသော ဝိသဇ္ဇနာကို ရှေးဦးစွာ ဟောတော်မူ၏၊ ဟောဟန်ကား—ရူပက္ခန္ဓော စ ဝေဒနာက္ခန္ဓော စ တီဟိ ခန္ဓေဟိ အသင်္ဂဟိတာ ဟူသည်တည်း။ ထိုနောင် အာယတနကရိုဏ်းနေသော ဝိသဇ္ဇနာကို ဟောတော်မူ၏၊ ဟောဟန်ကား—ဧကေနာယတနေန အသင်္ဂဟိတာ ဟူသည်တည်း။ ထိုနောင် ဓာတ်ကရိုဏ်းနေသော ဝိသဇ္ဇနာကို ဟောတော်မူ၏၊ ဟောဟန်ကား--သတ္တဟိ ဓာတူဟိ အသင်္ဂဟိတာ ဟူသည်တည်း။ ( ယောဇနာလေ )။

ဤ ဝေဒနာက္ခန္ဓမူလီကို နည်းမှီ၍ သညာက္ခန္ဓမူလီ **အစရှိသည်တို့၌ ဧစ်နည်း,** အနက်ပေးနည်း အစရှိသည်တို့ကို ပြည့်စုံအောင် ဆိုလေ။

၁၂။ **ဝေဒနာက္ခန္ဓမူလီ**ကို ဟောတော်မူသည်၏ အခြားမဲ့၌ **သညာက္ခန္ဓမူလီ**ကို ဟောတော်မူ၏၊ဟောဟန်ကား—ရူပက္ခန္ဓော စ သညာက္ခန္ဓော စ ကတိဟိ ခန္ဓေဟိ သင်္ဂဟိတာ အစရှိသည်တည်း။

၁၃။ **သညာက္ခန္ဓမူလီ**ကို.......၌ **သင်္ခါရက္ခန္ဓမူလီ**ကို.......၏၊ ........ ကား— ရူပက္ခန္ဓော စ သင်္ခါရက္ခန္ဓော စ ကတိဟိ ခန္ဓေဟိ သင်္ဂဟိတာ အစရှိသည်တည်း။

၁၄။ **သင်္ခါရက္ခန္ဓမူလီ**ကို........၌ **ဝိညာဏက္ခန္ဓမူလီ**ကို........၏၊....ကား —ရူပက္ခန္ဓော စ ဝိညာဏက္ခန္ဓော စ ကတိဟိ ခန္ဓေဟိ သင်္ဂဟိတာ အစရှိသည်တည်း။

ရူပက္ခန္ဓကေမူ ပြီး၏။

ရူပက္ခန္ဓကေမူကို .......၌ ဝေဒနာက္ခန္ဓကေမူကို........၏၊ ထို ဝေဒနာက္ခန္ဓကေမူသည်လည်း သညာက္ခန္ဓမူလီ, သင်္ခါရက္ခန္ဓမူလီ, ဝိညာဏက္ခန္ဓမူလီအားဖြင့် **၃-ပါး** အပြားရှိ၏၊ ထို ၃-ပါးတို့တွင် **သညာက္ခန္ဓမူလီ**ကို ရှေးဦးစွာ ဟောတော်မူ၏။ (ဤ ဝေဒနာက္ခန္ဓကေမူ၌လည်း ရူပက္ခန္ဓကေမူကို နည်းမှီ၍ ဆိုလေ)။

ဝေဒနာက္ခန္ဓကေမူ ပြီး၏။

ဝေဒနာက္ခန္ဓကေမှုကို........၌ သညာက္ခန္ဓကေမှုကို........၏၊ ထို သညာက္ခန္ဓကေမှုသည်လည်း သင်္ခါရက္ခန္ဓမူလီ, ဝိညာဏက္ခန္ဓမူလီအားဖြင့် ၂-ပါး အပြားရှိ၏၊ ထို ၂-ပါးတို့တွင် **သင်္ခါရက္ခန္ဓမူလီ**ကို ရှေးဦးစွာ ဟောတော်မူ၏၊ ဟောဟန်ကား––သညာက္ခန္ဓော စ သင်္ခါရက္ခန္ဓော စ ကတိဟိ ခန္ဓေဟိ သင်္ဂဟိတာ အစရှိသည်တည်း။ (အောက်ကနည်း ဆိုလေ)။

သညာက္ခန္ဓကေမှု ပြီး၏။

သညာက္ခန္ဓကေမှုကို........၌ သင်္ခါရက္ခန္ဓကေမှုကို........၏၊ ထို ။ပ။ သည်လည်း **ဝိညာဏက္ခန္ဓမူလီ**အားဖြင့် ၁-ပါးသာ၊ သင်္ဂဟိတ, အသင်္ဂဟိတအားဖြင့် သော်ကား **၂-ပါး** အပြားရှိ၏၊ ထို ၂-ပါးတို့တွင် သင်္ဂဟိတကို........၏၊ ဟောဟန်ကား–– သင်္ခါရက္ခန္ဓော စ ဝိညာဏက္ခန္ဓော စ ကတိဟိ ခန္ဓေဟိ သင်္ဂဟိတာ အစရှိသည်တည်း။ (အောက်ကနည်းကို မှီ၍ဆိုလေ)။

သင်္ခါရက္ခန္ဓကေမှု ပြီး၏။

ကေမှု ပြီး၏။

---

၁၅။ **ကေမှု**ကို ဟောတော်မူသည်၏အခြားမဲ့၌ **ဒွိမှု**ကို ဟောတော်မူ၏၊ ထိုဒွိမှုသည်လည်း သညာက္ခန္ဓမူလီ, သင်္ခါရက္ခန္ဓမူလီ, ဝိညာဏက္ခန္ဓမူလီအားဖြင့် **၃-ပါး** အပြားရှိ၏၊ ထို ၃-ပါးတို့တွင် **သညာက္ခန္ဓမူလီ**ကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို ။ပ။ သည်လည်း သင်္ဂဟိတ, အသင်္ဂဟိတအားဖြင့် ၂-ပါး အပြားရှိ၏၊ ထို ၂-ပါးတို့တွင် သင်္ဂဟိတကို ရှေးဦးစွာ ဟောတော်မူ၏၊ ဟောဟန်ကား–– ရူပက္ခန္ဓော စ ဝေဒနာက္ခန္ဓော စ သညာက္ခန္ဓော စ ကတိဟိ ခန္ဓေဟိ သင်္ဂဟိတာ အစရှိသည်တည်း။

၁၆။ ထို့နောင် **သင်္ခါရက္ခန္ဓမူလီ**ကို ဟောတော်မူ၏၊ ဟောဟန်ကား–– ရူပက္ခန္ဓော စ ဝေဒနာက္ခန္ဓော စ သင်္ခါရက္ခန္ဓော စ အစရှိသည်တည်း။

၁၇။ သင်္ခါရက္ခန္ဓမူလီကို........၌ **ဝိညာဏက္ခန္ဓမူလီ**ကို ......၏ ....ကား –– ရူပက္ခန္ဓော စ ဝေဒနာက္ခန္ဓော စ ဝိညာဏက္ခန္ဓော စ ကတိဟိ ခန္ဓေဟိ သင်္ဂဟိတာ အစရှိသည်တည်း။ (ဤ ဒွိမှု၌လည်း စစ်နည်း, ယောဇနာနည်းများ အောက်ကနည်း သိလေ)။

ဒွိမှု ပြီး၏။

---

၁၈။ **ဒွိမှု**ကို........၌ **တိမှု**ကို........၏၊ ထို တိမှုသည်လည်း သင်္ခါရက္ခန္ဓမူလီ, ဝိညာဏက္ခန္ဓမူလီအားဖြင့် **၂-ပါး** အပြားရှိ၏၊ ထိုတွင် သင်္ခါရက္ခန္ဓမူလီကို ရှေးဦး

စွာ ဟောတော်မူ၏၊ ထို။ပ။သည်လည်း သင်္ဂဟိတ, အသင်္ဂဟိတအားဖြင့် ၂-ပါး အပြားရှိ၏၊ထိုတွင် သင်္ဂဟိတကို....၏၊....ကား—ရူပက္ခန္ဓော စ ဝေဒနာက္ခန္ဓော စ သညာက္ခန္ဓော စ သင်္ခါရက္ခန္ဓော စ ကတိဟိ ခန္ဓေဟိ သင်္ဂဟိတာ အစရှိသည် တည်း။

၁၉။ သင်္ခါရက္ခန္ဓမူလီကို...၌**ဝိညာဏက္ခန္ဓမူလီကို....**၏၊....ကား—ရူပက္ခန္ဓော စ ဝေဒနာက္ခန္ဓော စ သညာက္ခန္ဓော စ ဝိညာဏက္ခန္ဓော စ ကတိဟိ ခန္ဓေဟိ သင်္ဂဟိတာ အစရှိသည်တည်း။ (ဤတိမူ၌လည်း အောက်ကနည်းသိလေ)။

တိမူ ပြီး၏။

---

၂၀။ **တိမူကို....**၌ **စတုမူကို....**၏၊ ထိုစတုမူသည်လည်း **ဝိညာဏက္ခန္ဓမူလီ** အားဖြင့် ၁-ပါးသာ၊ သင်္ဂဟိတ, အသင်္ဂဟိတ အားဖြင့်သော်ကား ၂-ပါး အပြားရှိ၏၊ ထိုတွင် သင်္ဂဟိတကို........၏၊ ဟောဟန်ကား—ရူပက္ခန္ဓော စ ဝေဒနာက္ခန္ဓော စ ။ပ။ ဝိညာဏက္ခန္ဓော စ ကတိဟိ ခန္ဓေဟိ သင်္ဂဟိတာ အစရှိသည်တည်း။ (ဤစတုမူ၌လည်း အောက်ကနည်းကို နှလုံးသွင်း၍ ဆိုလေ)။

စတုမူ ပြီး၏။

ဘေဒ ပြီး၏။

---

**အဘေဒ**

၂၁။ **ဘေဒကို** ဟောတော်မူသည်၏ အခြားမဲ့၌ **အဘေဒကို** ဟောတော်မူ၏၊ ထို အဘေဒသည်လည်း သင်္ဂဟိတ, အသင်္ဂဟိတအားဖြင့် ၂-ပါး အပြား ရှိ၏၊ထိုတွင် သင်္ဂဟိတကို....၏၊ .... ကား—ပဉ္စက္ခန္ဓာ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတာ၊ ပဉ္စက္ခန္ဓာ ပဉ္စဟိ ခန္ဓေဟိ ဒွါဒသဟာယတနေဟိ အဋ္ဌာရသဟိ ဓာတူဟိ သင်္ဂဟိတာ ဟူသည်တည်း။ (အောက်ကနည်း စစ်)။

သင်္ဂဟိတကို ဟောတော်မူသည်၏ အခြားမဲ့၌ အသင်္ဂဟိတကို ဟောတော်မူ၏၊....ကား—ပဉ္စက္ခန္ဓာ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ အသင်္ဂဟိတာ၊ ပဉ္စက္ခန္ဓာ န ကေဟိစိ ခန္ဓေဟိ န ကေဟိစိ အာယတနေဟိ န ကာဟိစိ ဓာတူဟိ အသင်္ဂဟိတာ....တည်း။ (အောက်ကနည်း စစ်လေ, ယောဇနာလေ)။

အဘေဒ ပြီး၏။

ခန္ဓနိဒ္ဒေသ ပြီး၏။

**အာယတနနိဒ္ဒေသ**

၂၂။ **ခန္ဓနိဒ္ဒေသကို**........၌ **အာယတနနိဒ္ဒေသကို**........၏၊ ထို ။ပ။ သည်လည်း ဘေဒ, အဘေဒအားဖြင့် ၂-ပါး အပြားရှိ၏၊ ထို ၂-ပါးတို့တွင် ဘေဒကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို ။ ပ ။ သည်လည်း သုဒ္ဓ, ကေမုလာဒိအားဖြင့် ၂-ပါး အပြားရှိ၏၊ ထိုတွင် သုဒ္ဓကို........၏၊ ထို ။ပ။ သည်လည်း စက္ခာယတန-သုဒ္ဓ, သောတာယတနသုဒ္ဓ အစရှိသောအားဖြင့် ၁၂-ပါး အပြားရှိ၏၊ ထိုတွင် စက္ခာယတနသုဒ္ဓကို ........၏။(စစ်လေ)။ဟောဟန်ကား စက္ခာယတနံ ကတိဟိ ခန္ဓေဟိ ။ပ။ ဓာတူဟိ သင်္ဂဟိတံ၊ စက္ခာယတနံ ဧကေန ခန္ဓေန ဧကေနာယ-တနေန ဧကာယ ဓာတုယာ သင်္ဂဟိတံ။ စက္ခာယတနံ ကတိဟိ ခန္ဓေဟိ ။ပ။ အသင်္ဂဟိတံ၊ စက္ခာယတနံ စတူဟိခန္ဓေဟိ ဧကာဒသဟာယတနေဟိ သတ္တရသဟိ ဓာတူဟိ အသင်္ဂဟိတံ ဟူသည်တည်း။

စက္ခာယတနံ၊ ကို။ ကတိဟိ၊ ကုန်သော။ ခန္ဓေဟိ၊ တို့ဖြင့် ။ပ။ ဣတိ-ပုစ္ဆာယံ၊ သည်။ သတိ၊ သော်—

စက္ခာယတနံ၊ ကို။ ဧကေန၊ သော။ ခန္ဓေန၊ ရူပက္ခန္ဓာဖြင့်။ ဧကေန၊ သော။ အာယတနေန၊ စက္ခာယတနဖြင့်။ ဧကာယ၊ သော။ ဓာတုယာ၊ စက္ခုဓာတ်ဖြင့်။ သင်္ဂဟိတံ၊ ၏။

စက္ခာယတနံ၊ ကို။ ကတိဟိ၊ ကုန်သော။ ခန္ဓေဟိ၊ တို့ဖြင့် ။ပ။ ဣတိ-ပုစ္ဆာယံ၊ သည်။ သတိ၊ သော်—

စက္ခာယတနံ၊ ကို။ စတူဟိ၊ ကုန်သော။ ခန္ဓေဟိ၊ တို့ဖြင့်။ ဧကာဒသဟိ၊ ကုန်သော။ အာယတနေဟိ၊ စက္ခာယတနကြဉ်သော သြဠာရိကာယတန,မနာ-ယတန, ဓမ္မာယတန တို့ဖြင့်။ သတ္တရသဟိ၊ ကုန်သော။ ဓာတူဟိ၊ တို့ဖြင့်။ အသင်္ဂဟိတံ၊ အပ်။ ဣတိ ဝိသဇ္ဇနာ၊ သည်။ ဟောတိ၊ ၏။

> ၂၃။ သောတ, ဃာန, ဇိဝှါ, ကာယ, ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗတို့သည် သိလွယ်ကုန်ပြီ။

၂၄။ ထိုနောင် မနာယတနသုဒ္ဓကို........၏၊....ကား— မနာယတနံ ကတိဟိ ခန္ဓေဟိ ။ပ။ မနာယတနံ ဧကေန ခန္ဓေန ဧကေနာယတနေန သတ္တဟိ ဓာတူဟိ သင်္ဂဟိတံ။ မနာယတနံ ကတိဟိ ခန္ဓေဟိ ။ပ။ မနာယတနံ စတူဟိ ခန္ဓေဟိ ဧကာဒသဟာယတနေဟိ ဧကာဒသဟိ ဓာတူဟိ အသင်္ဂဟိတံ....တည်း။

မနာယတနံ၊ ကို။ ကတိဟိ၊ ကုန်သော။ ခန္ဓေဟိ၊ တို့ဖြင့်။ပ။ ဣတိ ပုစ္ဆာယံ၊ သည်။ သတိ၊ သော်—

မနာယတနံ၊ ကို။ ဧကေန၊ သော။ ခန္ဓေန၊ ဝိညာဏက္ခန္ဓာဖြင့်။ ဧကေန၊ သော။ အာယတနေန၊ မနာယတနဖြင့်။ သတ္တဟိ၊ ကုန်သော။ ဓာတူဟိ၊ ဝိညာဏဓာတ်တို့ဖြင့်။ သင်္ဂဟိတံ၊ အပ်၏။ ဣတိ ဝိသဇ္ဇနာ၊ သည်။ဟောတိ၊၏။

မနာယတနံ၊ ကို။ ကတိဟိ၊ ကုန်သော ။ပ။ ဣတိ ပုစ္ဆာယံ၊ သည်။ သတိ၊ ရှိသော်—

မနာယတနံ၊ ကို။ စတူဟိ၊ ကုန်သော။ ခန္ဓေဟိ၊ တို့ဖြင့်။ ဧကာဒသဟိ၊ ကုန်သော။ အာယတနေဟိ၊ သြဠာရိကာယတန, ဓမ္မာယတနတို့ဖြင့်။ ဧကာဒသဟိ၊ ကုန်သော။ ဓာတူဟိ၊ သြဠာရိကဓာတ်, ဓမ္မဓာတ်တို့ဖြင့်။ အသင်္ဂဟိတံ၊ အပ်။ ဣတိ ဝိသဇ္ဇနာ၊ သည်။ ဟောတိ၊ ၏။

၂၅။ ထိုနောင် ဓမ္မာယတနသုဒ္ဓ ကို.......၏....ကား—ဓမ္မာယတနံ ကတိဟိ ခန္ဓေဟိ ။ပ။ သင်္ဂဟိတံ၊ ဓမ္မာယတနံ အသင်္ခတံ ခန္ဓတော ဌပေတွာ စတူဟိ ခန္ဓေဟိ ဧကေနာယတနေန ဧကာယ ဓာတုယာ သင်္ဂဟိတံ။ ဓမ္မာယတနံ ကတိဟိ အသင်္ဂဟိတံ၊ ဓမ္မာယတနံ ဧကေန ခန္ဓေန ဧကာဒသဟာယတနေဟိ သတ္တရသဟိ ဓာတူဟိ အသင်္ဂဟိတံ....တည်း။

ဓမ္မာယတနံ၊ ကို။ ကတိဟိ၊ ကုန်သော ။ပ။ ဣတိ ပုစ္ဆာယံ၊ သည်။ သတိ၊ ရှိသော်—

ဓမ္မာယတနံ၊ ကို။ အသင်္ခတံ၊ နိဗ္ဗာန်ကို။ ခန္ဓတော၊ ခန္ဓာဟူသော အရေအတွက်မှ။ ဌပေတွာ၊ ထား၍။ စတူဟိ၊ ကုန်သော။ခန္ဓေဟိ၊ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ တို့ဖြင့်။ ဧကေန၊ သော။ အာယတနေန၊ ဓမ္မာယတနဖြင့်။ ဧကာယ၊ သော။ ဓာတုယာ၊ ဓမ္မဓာတ်ဖြင့်။ သင်္ဂဟိတံ၊ ရေတွက်အပ်၏။ ဣတိ ဝိသဇ္ဇနာ၊ သည်။ ဟောတိ၊ ၏။

ဓမ္မာယတနံ၊ ကို။ ကတိဟိ၊ ကုန်သော ။ ပ။ ဣတိ ပုစ္ဆာယံ၊ သည်။ သတိ၊ ရှိသော်—

ဓမ္မာယာတနံ၊ ကို။ ဧကေန၊ သော။ ခန္ဓေန၊ ဝိညာဏက္ခန္ဓာဖြင့်။ ဧကာဒသဟိ၊ ၁၁-ပါးကုန်သော။ အာယတနေဟိ၊ တို့ဖြင့်။ သတ္တရသဟိ၊ ကုန်သော။ ဓာတူဟိ၊ တို့ဖြင့်။ အသင်္ဂဟိတံ၊ မရေတွက်အပ်။ ဣတိ ဝိသဇ္ဇနာ၊ သည်။ ဟောတိ၊ ဖြစ်၏။

သုဒ္ဓ ပြီး၏။

## ကေမ္မူလာဒိ

၂၉။ သုဒ္ဓကို........၌ ကေမ္မူလာဒိကို........၏၊ ထို ။ပ။ သည်လည်း ကေမ္မူ, ဒိမ္မူ, တိမ္မူ, စတုမ္မူ, ပဥ္စမ္မူ, ဆမ္မူ, သတ္တမ္မူ, အဋ္ဌမ္မူ, နဝမ္မူ, ဒသမ္မူ, ကောဒသမ္မူ အားဖြင့် **၁၁-ပါး** အပြားရှိ၏၊ ထို ၁၁-ပါးတို့တွင် **ကေမ္မူကို** ရှေးဦးစွာ ဟောတော်မူ၏၊ ထို ။ပ။ သည်လည်း စက္ခာယတနကေမ္မူ, သောတာယတနကေမ္မူ အစရှိသောအားဖြင့် **၁၁-ပါး** အပြားရှိ၏၊ ထိုတွင် စက္ခာယတနကေမ္မူကို ........၏၊ ထို ။ပ။ သည်လည်း သောတာယတနမူလိ အစရှိသောအားဖြင့် **၁၁-ပါး** အပြားရှိ၏၊ ထိုတွင် သောတာယတနမူလိကို........၏၊....ကား—စက္ခာယတနဉ္စ သောတာယတနဉ္စ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတာ အစရှိသည်တည်း။

စစ်နည်း, ယောဇနာနည်းကို အောက်ကအတိုင်း သိလေ၊ ကြွင်းသော ကေမ္မူ, ဒိမ္မူ။ပ။ ကောဒသမ္မူတို့၌လည်း ခန္ဓာ ၅-ပါးတို့၌ ဟောခဲ့ပြီးသောနည်းကို အစဉ်မှီးသဖြင့် ထိုက်သည်အားလျော်စွာ စစ်ခြင်း, ယောဇနာခြင်းတို့ကို ပြုလေ။

ဘေဒ ပြီး၏။

---

## အဘေဒ

၃၀။ **ဘေဒကို** ဟောတော်မူသည်၏ အခြားမဲ့၌ **အဘေဒကို** ဟောတော်မူ၏၊....ကား——ဒွါဒသာယတနာနိ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတာ အစရှိသည်တည်း။ (အောက်ကနည်းကို နှလုံးသွင်းလေ)။

အဘေဒ ပြီး၏။

အာယတနနိဒ္ဒေသ ပြီး၏။

---

## ဓာတုနိဒ္ဒေသ

၃၁။ **အာယတနနိဒ္ဒေသကို**........၌ **ဓာတုနိဒ္ဒေသကို**........၏၊ ထိုဓာတုနိဒ္ဒေသသည်လည်း ဘေဒ, အဘေဒအားဖြင့် ၂-ပါး အပြားရှိ၏၊ ထိုတွင် ဘေဒကို........၏၊ ထိုဘေဒသည်လည်း သုဒ္ဓ, ကေမ္မူလာဒိအားဖြင့် ၂-ပါး အပြားရှိ၏၊ ထိုတွင် သုဒ္ဓကို........၏၊ ထို ။ပ။ သည်လည်း စက္ခုဓာတုသုဒ္ဓ, သောတဓာတုသုဒ္ဓ ။ပ။ ဓမ္မဓာတုသုဒ္ဓအားဖြင့် **၁၈-ပါး** အပြားရှိ၏၊ ထိုတွင် စက္ခုဓာတုသုဒ္ဓကို........၏။ (**စစ်လေ**)။ ဟောဟန်**ကား**——စက္ခုဓာတု ကတိဟိ ခန္ဓေဟိ ။ပ။ စက္ခုဓာတု

ဧကေန ခန္ဓေန ဧကေနာယတနေန ဧကာယ ဓာတုယာ သင်္ဂဟိတာ။ စက္ခုဓာတု ကတိဟိ ခန္ဓေဟိ ။ပ။ စက္ခုဓာတု စတူဟိ ခန္ဓေဟိ ဧကာဒသဟာယတနေဟိ သတ္တရသဟိ ဓာတူဟိ အသင်္ဂဟိတာ ဟူသည်တည်း။

စက္ခုဓာတု၊ ကို။ ကတိဟိ၊ ကုန်သော ။ပ။ ဣတိ ပုစ္ဆာယံ၊ သည်။ သတိ၊ ရှိသော်—စက္ခုဓာတု၊ ကို။ ဧကေန၊ သော။ ခန္ဓေန၊ ရူပက္ခန္ဓာဖြင့်။ (ယောဇနာလေ)။

၃၂။ **သောတ, ဃာန, ဇိဝှါ, ကာယ, ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗတို့သည် တူကုန်၏။**

ထိုနောင် စက္ခုဝိညာဏဓာတုသုဒ္ဓကို.......၏၊....ကား—စက္ခုဝိညာဏဓာတု ကတိဟိ ခန္ဓေဟိ ။ပ။ စက္ခုဝိညာဏဓာတု ဧကေန ခန္ဓေန ဧကေနာယတနေန ဧကာယ ဓာတုယာ သင်္ဂဟိတာ။ စက္ခုဝိညာဏဓာတု ကတိဟိ ခန္ဓေဟိ ။ပ။ စက္ခုဝိညာဏဓာတု စတူဟိ ခန္ဓေဟိ ဧကာဒသဟာယတနေဟိ သတ္တရသဟိ ဓာတူဟိ အသင်္ဂဟိတာ........တည်း။

စက္ခုဝိညာဏဓာတု၊ ကို။ ကတိဟိ၊ ကုန်သော ။ပ။ စက္ခုဝိညာဏဓာတု၊ ကို။ ဧကေန၊ သော။ ခန္ဓေန၊ ဖြင့်။ (ယောဇနာလေ)။

**သောတ, ဃာန, ဇိဝှါ, ကာယ, မန, မနောဝိညာဏဓာတ်တို့သည် တူကုန်၏။**

၃၃။ ထိုနောင် ဓမ္မဓာတုသုဒ္ဓကို....၏၊ဟောဟန်ကား—ဓမ္မဓာတု ကတိဟိ ခန္ဓေဟိ ။ပ။ ဓမ္မဓာတု အသင်္ခတံ ခန္ဓတော ဌပေတွာ စတူဟိ ခန္ဓေဟိ ဧကေနာယတနေန ဧကာယ ဓာတုယာ သင်္ဂဟိတာ။ ဓမ္မဓာတု ကတိဟိ ။ပ။ ဓမ္မဓာတု ဧကေန ခန္ဓေန ဧကာဒသဟာယတနေဟိ သတ္တရသဟိ ဓာတူဟိ အသင်္ဂဟိတာ ဟူသည်တည်း။ (ဓမ္မာယတနနှင့်အတူ အနက်ပေးလေ)။

သုဒ္ဓ ပြီး၏။

---

## ဧကမူလာဒိ

၃၄။ **သုဒ္ဓကို**.......၌ **ဧကမူလာဒိကို**........၏၊ ထို ။ပ။ သည်လည်း **ဧကမူ**, ဒွိမူ, တိမူ ။ပ။ သတ္တရသမူအားဖြင့် **၁၇**-ပါး အပြားရှိ၏၊ ထိုတွင် **ဧကမူကို** **ရှေးဦးစွာ** ဟောတော်မူ၏၊ ထိုဧကမူသည်လည်း စက္ခုဓာတုဧကမူ, သောတဓာတုဧကမူ အစရှိသောအားဖြင့် **၁၇**-ပါး အပြားရှိ၏၊ ထိုတွင် စက္ခုဓာတုဧကမူ

ကို ရွေးဦးစွာ ဟောတော်မူ၏၊ ဟောဟန်ကား—စက္ခုဓာတု စ သောတဓာတု စ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတာ အစရှိသည်တည်း။

အောက်ကအတိုင်း စစ်လေ၊ ကြွင်းသော ကေမူ အစရှိသည်တို့၌လည်း ထိုက်သည်အားလျော်စွာ စိစစ်၍ ဟောလေ။

ဘေဒ ပြီး၏။

---

**အဘေဒ**

၃၉။ **ဘေဒကို** ........၌ **အဘေဒကို** ဟောတော်မူ၏၊ ဟောဟန်ကား — အဋ္ဌာရသ ဓာတုယော ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတာ အစရှိသည်တည်း။ ( အောက်ကနည်း စစ်လေ, ယောဇနာလေ )။

အဘေဒ ပြီး၏။

ဓာတုနိဒ္ဒေသ ပြီး၏။

---

**သစ္စနိဒ္ဒေသ**

၄၀။ ဓာတုနိဒ္ဒေသကို ........၌ **သစ္စနိဒ္ဒေသကို** ........၏၊ ထိုသစ္စနိဒ္ဒေသသည်လည်း ဘေဒ, အဘေဒအားဖြင့် ၂-ပါး အပြားရှိ၏၊ ထိုတွင် ဘေဒကို....၏၊ ထို ။ ပ ။ သည်လည်း သုဒ္ဓ, ကေမူလာဒိအားဖြင့် ၂-ပါး အပြားရှိ၏၊ ထိုတွင် သုဒ္ဓကို ........၏၊ ထိုသုဒ္ဓသည်လည်း ဒုက္ခသစ္စသုဒ္ဓ, သမုဒယသစ္စသုဒ္ဓ, နိရောဓသစ္စသုဒ္ဓ, မဂ္ဂသစ္စသုဒ္ဓအားဖြင့် ၄-ပါး အပြားရှိ၏၊ ထိုတွင် ဒုက္ခသစ္စသုဒ္ဓကို... ....၏၊ ....ကား—ဒုက္ခသစ္စံ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတံ၊ ဒုက္ခသစ္စံ ပဉ္စဟိ ခန္ဓေဟိ ဒွါဒသဟာယတနေဟိ အဋ္ဌာရသဟိ ဓာတူဟိ သင်္ဂဟိတံ။ ဒုက္ခသစ္စံ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ အသင်္ဂဟိတံ၊ ဒုက္ခသစ္စံ န ကေဟိစိ ခန္ဓေဟိ န ကေဟိစိ အာယတနေဟိ န ကာဟိစိ ဓာတူဟိ အသင်္ဂဟိတံ ဟူသည်တည်း။ ( အစစ်မှာ နည်းတူ )။

ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာကို။ ကတိဟိ၊ ကုန်သော။ ခန္ဓေဟိ၊ တို့ဖြင့်။ ကတိဟိ၊ ကုန်သော။ အာယတနေဟိ၊ တို့ဖြင့်။ ကတိဟိ၊ ကုန်သော။ ဓာတူဟိ၊ ဓာတ်တို့ဖြင့်။ သင်္ဂဟိတံ၊ ရေတွက်အပ်သနည်း။ ဣတိ ပုစ္ဆာယံ၊ သည်။ သတိ၊ သော်—

ပဉ္စဟိ၊ ကုန်သော။ ခန္ဓေဟိ၊ တို့ဖြင့်။ ဒွါဒသဟိ၊ ကုန်သော။ အာယတနေဟိ၊ တို့ဖြင့်။ အဋ္ဌာရသဟိ၊ ကုန်သော။ ဓာတူဟိ၊ တို့ဖြင့်။ သင်္ဂဟိတံ၊ ရေတွက်အပ်၏။ ဣတိ ဝိသဇ္ဇနာ၊ သည်။ ဟောတိ၊ ၏။

ဒုက္ခသစ္စံ၊ ကို။ ကတိဟိ၊ ကုန်သော။ ခန္ဓေဟိ၊ တို့ဖြင့်။ ကတိဟိ၊ ကုန်သော။ အာယတနေဟိ၊ တို့ဖြင့်။ ကတိဟိ၊ ကုန်သော။ ဓာတူဟိ၊ တို့ဖြင့်။ အသင်္ဂဟိတံ၊ နည်း။ ဣတိ ပုစ္ဆာယံ၊ သည်။ သတိ၊ သော်—

ကေဟိစိ၊ တစုံတခုကုန်သော။ ခန္ဓေဟိ၊ တို့ဖြင့်။ အသင်္ဂဟိတံ၊ မရေတွက်အပ်သည်ကား။ န၊ မဟုတ်။ သင်္ဂဟိတံ ဧဝ၊ ရေတွက်အပ်သည်သာလျှင်တည်း။ ကေဟိစိ၊ တစုံတခုကုန်သော။ အာယတနေဟိ၊ တို့ဖြင့်။ အသင်္ဂဟိတံ၊ မရေတွက်အပ်သည်ကား။ န၊ မဟုတ်။ သင်္ဂဟိတံ ဧဝ၊ ရေတွက်အပ်သည်သာလျှင်တည်း။ ကာဟိစိ၊ တစုံတခုကုန်သော။ ဓာတူဟိ၊ တို့ဖြင့်။ အသင်္ဂဟိတံ၊ မရေတွက်အပ်သည်ကား။ န၊ မဟုတ်။ သင်္ဂဟိတံ ဧဝ၊ ရေတွက်အပ်သည်သာလျှင်တည်း။ ဣတိ ဝိသဇ္ဇနာ၊ သည်။ ဟောတိ၊ ၏။

၄၁။ ဒုက္ခသစ္စသုဒ္ဓကို....... ၌ သမုဒယသစ္စသုဒ္ဓကို ........၏၊....ကား—သမုဒယသစ္စံ ကတိဟိ ခန္ဓေဟိ အစရှိသည်တည်း။ (သင်္ခါရက္ခန္ဓာနှင့် တူပြီ)။

၄၂။ သမုဒယသစ္စသုဒ္ဓကို...... ၌ နိရောဓသစ္စသုဒ္ဓကို ........ ၏၊....ကား— နိရောဓသစ္စံ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ။ပ။ နိရောဓသစ္စံ ခန္ဓတော ဌပေတွာ ဧကေနာယတနေန ဧကာယ ဓာတုယာ သင်္ဂဟိတံ။ နိရောဓသစ္စံ ကတိဟိ ခန္ဓေဟိ ။ ပ ။ အသင်္ဂဟိတံ၊ နိရောဓသစ္စံ ပဉ္စဟိ ခန္ဓေဟိ ဧကာဒသဟာယတနေဟိ သတ္တရသဟိ ဓာတူဟိ အသင်္ဂဟိတံ .... တည်း။

နိရောဓသစ္စံ၊ ကို။ ကတိဟိ၊ ကုန်သော။ ခန္ဓေဟိ၊ တို့ဖြင့် ။ပ။ သင်္ဂဟိတံ၊ နည်း။ ဣတိ ပုစ္ဆာယံ၊ သည်။ သတိ၊ သော်—

နိရောဓသစ္စံ၊ ကို။ ခန္ဓတော၊ ခန္ဓာဟူသော အရေအတွက်မှ။ ဌပေတွာ၊ ထား၍။ ဧကေန၊ သော။ အာယတနေန၊ ဓမ္မာယတနဖြင့်။ ဧကာယ၊ တပါးသော။ ဓာတုယာ၊ ဓမ္မဓာတ်ဖြင့်။ သင်္ဂဟိတံ၊ ၏။ ဣတိ ဝိသဇ္ဇနာ၊ သည်။ ဟောတိ၊ ၏။

နိရောဓသစ္စံ၊ ကို။ ကတိဟိ၊ ကုန်သော။ ခန္ဓေဟိ၊ တို့ဖြင့် ။ပ။ အသင်္ဂဟိတံ၊ မရေတွက်အပ်သနည်း။ ဣတိ ပုစ္ဆာယံ၊ သည်။ သတိ၊ သော်—

ပဉ္စဟိ၊ ကုန်သော။ ခန္ဓေဟိ၊ တို့ဖြင့်။ ဧကာဒသဟိ၊ ကုန်သော ။ပ။ အသင်္ဂဟိတံ၊ မရေတွက်အပ်။ ဣတိ ဝိသဇ္ဇနာ၊ သည်။ ဟောတိ၊ ၏။

နိရောဓသစ္စသုဒ္ဓကို.... ၌ မဂ္ဂသစ္စသုဒ္ဓကို........၏၊.... ကား——မဂ္ဂသစ္စံ ကတိဟိ ခန္ဓေဟိ အစရှိသည်တည်း။ (သင်္ခါရက္ခန္ဓာနှင့် တူပြီ)။

သုဒ္ဓ ပြီး၏။

---

## ကေမူလာဒိ

၄၃။ သုဒ္ဓကို........၌ ကေမူလာဒိကို........၏၊ ထိုကေမူလာဒိသည်လည်း ကေမူ, ဒွိမူ, တိမူအားဖြင့် ၃-ပါး အပြားရှိ၏၊ ထိုတွင် ကေမူ ကို........၏၊ ထိုကေ-မူသည်လည်း ဒုက္ခသစ္စကေမူ, သမုဒယသစ္စကေမူ, နိရောဓသစ္စကေမူအားဖြင့် ၃-ပါး အပြားရှိ၏၊ ထိုတွင် ဒုက္ခသစ္စကေမူကို........၏၊ ထို ။ပ။ သည်လည်း သမုဒယသစ္စမူလိ, နိရောဓသစ္စမူလိ, မဂ္ဂသစ္စမူလိအားဖြင့် ၃-ပါး အပြားရှိ၏၊ ထိုတွင် သမုဒယသစ္စမူလိကို....၏၊....ကား——ဒုက္ခသစ္စဉ္စ သမုဒယသစ္စဉ္စ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ အစရှိသည်တည်း။

ဤကေမူ, ဒွိမူ, တိမူတို့မှာ စစ်ဟန်, မူလီသွင်းဟန်, အနက်ယောဇနာဟန် များကို နှလုံးသွင်းလေ။

ဘေဒ ပြီး၏။

---

## အဘေဒ

၄၉။ ဘေဒကို........၌ အဘေဒကို........၏၊ ထိုအဘေဒသည်လည်း။ (သင်္ဂ-ဟိတ, အသင်္ဂဟိတ အစရှိသည်ဖြင့် စစ်လေ)....ကား——စက္ခာယတနံ ... 

စက္ခာ၊ ကုန်သော။ သစ္စာနိ၊ သစ္စာတို့ကို။ ကတိဟိ၊ ကုန်သော။ ခန္ဓေဟိ၊ တို့ဖြင့်။ ကတိဟိ၊ ကုန်သော။ အာယတနေဟိ၊ တို့ဖြင့်။ ကတိဟိ၊ ကုန်သော။ ဓာတူဟိ၊ တို့ဖြင့်။ သင်္ဂဟိတာနိ၊ နည်း။ဣတိ ပုစ္ဆာယံ၊ သည်။ သတိ၊ ရှိသော်——

စက္ခာ၊ ကုန်သော။ သစ္စာနိ၊ တို့ကို။ အသင်္ခတံ၊ နိရောဓသစ္စာကို။ ခန္ဓတော၊ မှ။ ဌပေတွာ၊ ၍။ ပဉ္စဟိ၊ ကုန်သော။ ခန္ဓေဟိ၊ တို့ဖြင့်။ ဒွါဒသဟိ၊ ကုန်သော။ အာယတနေဟိ၊ တို့ဖြင့်။ အဋ္ဌာရသဟိ၊ ကုန်သော။ ဓာတူဟိ၊ တို့ဖြင့်။သင်္ဂဟိတာနိ၊ ရေတွက်အပ်ကုန်၏။ ဣတိ ဝိသဇ္ဇနာ၊ သည်။ ဟောတိ၊၏။

စက္ခာ၊ ကုန်သော။ သစ္စာနိ၊ တို့ကို။ ကတိဟိ၊ ကုန်သော။ ခန္ဓေဟိ၊ တို့ဖြင့်။ ကတိဟိ၊ ကုန်သော။ အာယတနေဟိ၊ တို့ဖြင့်။ ကတိဟိ၊ ကုန်သော။ ဓာတူဟိ၊ တို့ဖြင့်။ အသင်္ဂဟိတာနိ၊ မရေတွက်အပ်ကုန်သနည်း။ ဣတိ ပုစ္ဆာယံ၊ သည်။ သတိ၊ သော်——

ကေဟိစိ၊ တစုံတခုကုန်သော။ ခန္ဓေဟိ၊ တို့ဖြင့်၊ အသင်္ဂဟိတာနိ၊ မရေတွက်အပ်ကုန်သည်ကား။ န မဟုတ်ကုန်။ သင်္ဂဟိတာနိ ဧဝ၊ ရေတွက်အပ်ကုန်သည်သာလျှင်တည်း။ ကေဟိစိ၊ ကုန်သော။ အာယတနေဟိ၊ တို့ဖြင့်။ အသင်္ဂဟိတာနိ၊ ကား။ န၊ မဟုတ်ကုန်။ သင်္ဂဟိတာနိ ဧဝ၊ တည်း။ ကာဟိစိ၊ ကုန်သော။ ဓာတူဟိ၊ တို့ဖြင့်။ အသင်္ဂဟိတာနိ၊ ကား။ န၊ မဟုတ်ကုန်။ သင်္ဂဟိတာနိ ဧဝ၊ တည်း။ ဣတိ ဝိသဇ္ဇနာ၊ သည်။ ဟောတိ၊ ၏။

အဘေဒ ပြီး၏။

သစ္စနိဒ္ဒေသ ပြီး၏။

---

## ဣန္ဒြိယနိဒ္ဒေသ

၅၀။ သစ္စနိဒ္ဒေသကို........၍ ဣန္ဒြိယနိဒ္ဒေသကို........၏၊ ထို ဣန္ဒြိယနိဒ္ဒေသသည်လည်း ဘေဒ, အဘေဒ အားဖြင့် ၂-ပါး အပြားရှိ၏၊ ထို ၂-ပါးတို့တွင် ဘေဒကို........၏၊ ထိုဘေဒသည်လည်း သုဒ္ဓ, ကေမူလာဒိ အားဖြင့် ၂-ပါး အပြားရှိ၏၊ ထိုတွင် သုဒ္ဓကို........၏၊ ထိုသုဒ္ဓသည်လည်း စက္ခုန္ဒြိယသုဒ္ဓ, သောတိန္ဒြိယသုဒ္ဓ အစရှိသောအားဖြင့် ၂၂-ပါး အပြားရှိ၏၊ ထိုတွင် စက္ခုန္ဒြိယသုဒ္ဓကို... ...၏၊....ကား — စက္ခုန္ဒြိယံ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ အစရှိသည်တည်း။

စက္ခုန္ဒြေ, သောတိန္ဒြေ,ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ တို့မှာ အာယတန၌ ဆိုသောနည်းဖြင့် စစ်ဟန်,ဖြေဟန်ကို သိလေ။

၅၁။ ဣတ္ထိန္ဒြိယံ၊ ကို။ ကတိဟိ၊ ကုန်သော။ ခန္ဓေဟိ၊ တို့ဖြင့်။ ကတိဟိ၊ ကုန်သော။ အာယတနေဟိ၊ တို့ဖြင့်။ပ။ သင်္ဂဟိတံ၊ နည်း။ ဣတိ ပုစ္ဆာယံ၊ သည်။ သတိ၊ ရှိသော်—

ဋီကာဆရာကား (၁၉) ဝိပ္ပယုတ်မဖြစ်သော ဓမ္မသည် ဝိတက်, ဝိစာရမျှသာဖြစ်၍ နည်းသည်၊ ဝိပ္ပယုတ်ဖြစ်သော ဓမ္မသည်ကား များသည်၊ ထို့ကြောင့် ယေဘုယျနည်းအားဖြင့် ဟောအပ်၏ဟု အယူရှိ၍ "ဥဒ္ဒါနေ ပန အဋ္ဌာရသ တတော ပရေတိ ဣဒံ 'သောဠသာ'တိ ဝတ္တဗ္ဗံ၊ တေဝီသန္တိ ဣဒဉ္စ 'ဧကဝီသ'န္တိ" ဟု မိန့်အပ်ပြီ။

အနုဋီကာ ၌လည်း (၂၄) "ဆတ္တိံသာယ ပိဋ္ဌိဒုကပဒေသု ဝီသတိ ဒုကပဒါနိ ဣမသ္မိံ နယေ လဗ္ဘန္တိ၊ အဝသိဋ္ဌာနိ သောဠသေဝါတိ အာဟ 'သောဠသာတိ ဝတ္တဗ္ဗ'န္တိ" ဟုမိန့်အပ်၏။

ထို့ကြောင့် ဤဆဋ္ဌနယ၌—

အဋ္ဌကထာဆရာအလိုအားဖြင့် အဝိတက္ကာဓမ္မာ, အဝိစာရာဓမ္မာ ဤနှစ်ပုဒ်တို့နှင့်တကွ ၁၂၃-ပုဒ်တို့ကို ထား၍ ကြွင်းသော ၂၄၇-ပုဒ်တို့ကို ဟောတော်မူ၏ဟု ဆိုအပ်၏။

ဋီကာဆရာအလိုအားဖြင့် ထို ၂-ပုဒ်မှ တပါး ၁၂၁-ပုဒ်တို့ကို ထား၍ ကြွင်းသော ၂၅၀-သော ပုဒ်တို့ကို ဟောတောမူ၏ဟု ဆိုအပ်၏။

ဤကား အဋ္ဌကထာဆရာ ဋီကာဆရာ အလိုတည်း။

ဆဋ္ဌနယနိဒ္ဒေသ ပြီး၏။

---

သတ္တမနယနိဒ္ဒေသ၌ အကျဉ်းဥဒါန်းစဉ် ဂါထာကား—

**ခန္ဓာ စတုရော အာယတနဉ္စ ဧကံ၊**
**ဓာတူသု သတ္တ ဒွေပိ စ ဣန္ဒြိယတော။**
**တယော ပဋိစ္စ တထရိဝ ဖဿပဉ္စမာ၊**
**အဓိမုစ္စနာ မနသိ တိကေသု တိဏိ။**
**သတ္တန္တရာ ဒွေ စ မဟန္တ ယုတ္တာ၊**
**ဝိတက္ကဝိစာရဏာ ဥပေက္ခကာယ စာတိ။**

စတုရော၊ ကုန်သော။ ခန္ဓာ စ၊ နာမက္ခန္ဓာတို့ရင်း၊ ဧကံ၊ သော။ အာယတနဉ္စ၊ မနာယတနရင်း။ ဓာတူသု၊ ဓာတ်တို့တွင်။ သတ္တ စ၊ ၇-ပါးသောဝိညာဏဓာတ်တို့ရင်း။ ဣန္ဒြိယတော၊ ဣန္ဒြေမှ။ ဒွေပိ စ၊ ၂-ပါးကုန်သော မနိန္ဒြေ, ဥပေက္ခိန္ဒြေတို့ရင်း။

တယော၊ ကုန်သော။ ပဋိစ္စ၊ ဝိညာဉ်, ဖဿ, ဝေဒနာ ဟုဆိုအပ်သော ပဋိစ္စသမုပ္ပါဒ်တို့ရင်း။ တထရိဝ တထာဧဝ၊ ထိုမှတပါးသာလျှင်။ ဖဿပဉ္စမာ၊ ဖဿလျှင် ၅-ခုမြောက်သော ဖဿ, ဝေဒနာ, သညာ, စေတနာ, စိတ္တံဟူသောပုဒ်တို့

ၡင်း။ (အဌမကောက်ဲ့သို ပဋိလောမစဉ် ဆိုသည်။) အဓိမုစ္စနာ၊ အဓိမောက္ခၡင်း။ မနသိ စ၊ မနသိကာရၡင်း။ တိကေသု၊ တိက်တို့၌။ တီဏိ၊ ကုန်သော အဒုက္ခမသုခါယဝေဒနာယသမ္ပယုတ္တပဒ, သဝိတက္ကသဝိစာရပဒ, ဉပေက္ခာသဟဂတပဒတို့ၡင်း။

အန္တရာ၊ မဟန္တရဒုက်မှ။ သတ္တ၊ ၇-ပါးကုန်သော စိတ္တပဒ, စေတသိကပဒ, စိတ္တသမ္ပယုတ္တပဒ, စိတ္တသံသဋ္ဌပဒ, စိတ္တသမုဋ္ဌာနပဒ, စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုပဒ, စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိပဒတို့ၡင်း။ မနေနု၊ မနောဓာတ်နှင့်။ ယုတ္တာ၊ ကေန်စင်စစ် ယှဉ်တတ်ကုန်သော။ ဒွေ၊ ကုန်သော။ ဝိတက္ကဝိစာရဏာ၊ သဝိတက္ကပဒ, သဝိစာရပဒတို့ၡင်း။ ဉပေက္ခကာယ၊ ဉပေက္ခာဝေဒနာနှင့်။ သဟဂတံ၊ တကွဖြစ်သော ပိဋ္ဌိဒုက်၌လာသော ဉပေက္ခာသဟဂတပုဒ်ၡင်း။ ဣတိ၊ ဤသို့။ ဣမာနိပဒါနိ၊ ဤ ၃၇-ပုဒ်တို့ကို။ ဣမ ဣမသ္မိံ ဝါရေ၊ ဤသတ္တမနယနိဒ္ဒေသ၌။ ဘဂဝတာ၊ သည်။ ဝုတ္တာနိ၊ ကုန်၏။

သတ္တမနယနိဒ္ဒေသ၌—

**ဝေ၊ စ၊ ဉ။**

ဤ ၃-ခုသော အကျဉ်းဆောင်ပုဒ်ကိုလည်း သိအပ်၏။

ဝေ အရကား ၂၂-ပါးဟူသည်တည်း၊ ၂၂-ပါး ဟူသော်ကား—

အထက်ဆဋ္ဌနယ၌—

ဝေ ၆-ပါး၊
ဝိ ၆-ပါး၊
ဖ ၄-ပါး၊
စေ ၆-ပါးတို့ကိုပေါင်း၍ ၂၂-ပါးဖြစ်သတည်း။

၂၂-ပါးအရကို သိလွယ်စေခြင်းငှါ ထုတ်လိုက်ဦးအံ့။

ဝေ အရ ၆-ပါး ဟူသော်ကား—

ဝေဒနာက္ခန္ဓပဒ, သညာက္ခန္ဓပဒ, သင်္ခါရက္ခန္ဓပဒ၊
ပဋိစ္စသမုပ္ပါဒ်၌ ဖဿပစ္စယာဝေဒနာ ၁ ပုဒ်၊
ဖဿသတ္တကရာသိ၌ ဝေဒနာပုဒ်, သညာပုဒ် ၂-ပါး-ဤသို့အားဖြင့် ၆-ပါးတည်း။

ဝိ အရ ၆-ပါး ဟူသော်ကား—

ဝိညာဏက္ခန္ဓာ ၁-ပါး၊
မနာယတန ၁-ပါး၊
မနိန္ဒြေ ၁-ပါး၊

ပဋိစ္စသမုပ္ပါဒ်၌ သင်္ခါရပစ္စယာဝိညာဏံ ၁-ပါး၊

ဖဿသတ္တကရာသိ၌ စိတ္တ ၁-ပါး၊

မဟန္တရဒုက်၌ စိတ္တာဓမ္မာ ၁-ပါး-ဤသို့အားဖြင့် ၆-ပါးတည်း။

**ဖ** အရ ၄-ပါး ဟူသော်ကား—

ပဋိစ္စသမုပ္ပါဒ်၌ ဖဿ ၁-ပါး၊

ဖဿသတ္တကရာသိ၌ ဖဿ, စေတနာ, မနသိကာရ ၃-ပါး ဤသို့အား ဖြင့် ၄-ပါးတည်း။

**စေ** အရ ၆-ပါး ဟူသော်ကား—

စေတသိကာဓမ္မာ အစရှိသော မဟန္တရဒုက်၌ စေတသိက်ကိုသာ ရကောင်းသောပုဒ် ၆-ပါး-ဤသို့အားဖြင့် ၆-ပါးတည်း။

**စ** အရကား ၁၁-ပါးတည်း၊ ၁၁-ပါး ဟူသော်ကား—

ဝိညာဏဓာတ် ၇-ပါး၊

အဓိမောက္ခ ၁-ပါး၊

သဝိတက္ကသဝိစာရာဓမ္မာဟု တိက်၌ ၁-ပါး၊

သဝိတက္ကာဓမ္မာ, သဝိစာရာဓမ္မာဟု ပိဋ္ဌိဒုက်၌ ၂-ပါးအားဖြင့် ၁၁-ပါးဖြစ်သတည်း။

**ဥ** အရကား ၄-ပါးတည်း၊ ၄-ပါး ဟူသော်ကား—

ဥပေက္ခိန္ဒြေ ၁-ပါး၊

အဒုက္ခမသုခါယ ဝေဒနာယသမ္ပယုတ္တာပဒ, ဥပေက္ခာသဟဂတပဒဟု တိက်၌ ၂-ပါး၊

ဥပေက္ခာသဟဂတပဒဟု ပိဋ္ဌိဒုက်၌ ၁-ပါးအားဖြင့် ၄-ပါးဖြစ်သ တည်း။

---

# ၈—သတ္တမနယနိဒ္ဒေသ

၃၀၆။ ဆဋ္ဌနယနိဒ္ဒေသကို…… ၌ **သတ္တမနယနိဒ္ဒေသကို** ဟောတော်မူ၏။

ထို ။ ပ ။ သည်လည်း အဗ္ဘန္တရမာတိကာနိဒ္ဒေသ, ဗာဟိရမာတိကာနိဒ္ဒေသ အားဖြင့် ၂-ပါး အပြားရှိ၏၊ ထိုတွင် အဗ္ဘန္တရမာတိကာနိဒ္ဒေသကို… … ၏။

ထို ။ ပ ။ သည်လည်း ခန္ဓာဒိနိဒ္ဒေသ,ဖဿသတ္တကရာသိနိဒ္ဒေသအားဖြင့် ၂-ပါး အပြားရှိ၏၊ ထိုတွင် ခန္ဓာဒိနိဒ္ဒေသကို……..၏။

ထို။ ပ။ သည်လည်း ခန္ဓနိဒ္ဒေသ, အာယတနနိဒ္ဒေသ, ဓာတုနိဒ္ဒေသ, ဣန္ဒြိယ-နိဒ္ဒေသ, ပဋိစ္စသမုပ္ပါဒနိဒ္ဒေသအားဖြင့် ၅-ပါး အပြားရှိ၏၊ ထိုတွင် ခန္ဓနိဒ္ဒေသကို....... ၏။

ထို။ ပ။ သည်လည်း ဝေဒနာက္ခန္ဓနိဒ္ဒေသ, သညာက္ခန္ဓနိဒ္ဒေသ, သင်္ခါရက္ခန္ဓ-နိဒ္ဒေသ, ဝိညာဏက္ခန္ဓနိဒ္ဒေသအားဖြင့် ၄-ပါး အပြားရှိ၏၊ ထိုတွင် ဝေဒနာက္ခန္ဓ-နိဒ္ဒေသကို....... ၏၊ ဟောဟန်ကား—

**ဝေဒနာက္ခန္ဓေန** ယေ ဓမ္မာ သမ္ပယုတ္တာ၊ တေဟိ ဓမ္မေဟိ ယေ ဓမ္မာ ဝိပ္ပ-ယုတ္တာ။ တေ ဓမ္မာ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ ဝိပ္ပယုတ္တာ၊ တေ ဓမ္မာ စတူဟိ ခန္ဓေဟိ ဧကေနာယတနေန သတ္တဟိ ဓာတူဟိ ဝိပ္ပယုတ္တာ၊ ဧကေနာယတနေန ကောယ ဓာတုတာ ကေဟိစိ ဝိပ္ပယုတ္တာ ဟူသည်တည်း။

ဝေဒနာက္ခန္ဓေန၊ ဝေဒနာက္ခန္ဓာနှင့်။ ယေ ဓမ္မာ၊ အကြင် စိတ် တခုယုတ်ကိုးဆယ်, ဝေဒနာကြဉ်သော စေတသိက် ကေပညာသတို့သည်။ သမ္ပယုတ္တာ၊ ကုန်၏။

တေဟိ ဓမ္မေဟိ၊ ထို စိတ် တခုယုတ် ကိုးဆယ်, စေတသိက် ဒွေပညာသတို့နှင့်။ (ဝေဒနာကိုလည်း သွင်းပြန်သည်။) ယေ ဓမ္မာ၊ အကြင် ရုပ် အဋ္ဌဝီသ, နိဗ္ဗာန်တို့သည်။ ဝိပ္ပယုတ္တာ၊ မယှဉ်ကုန်။

တေ ဓမ္မာ၊ ထို ရုပ် အဋ္ဌဝီသ, နိဗ္ဗာန်တို့သည်။ ကတိဟိ၊ ကုန်သော။ ခန္ဓေဟိ၊ တို့နှင့်။ ကတိဟိ၊ ကုန်သော။ အာယတနေဟိ၊ တို့နှင့်။ ကတိဟိ၊ ကုန်သော။ ဓာတူဟိ၊ တို့နှင့်။ ဝိပ္ပယုတ္တာ၊ မယှဉ်ကုန်သနည်း။ ဣတိ ပုစ္ဆာယံ၊ သည်။ သတိ၊ သော်—

တေ ဓမ္မာ၊ ထို ရုပ် အဋ္ဌဝီသ, နိဗ္ဗာန်တို့သည်။ စတူဟိ၊ ကုန်သော။ ခန္ဓေဟိ၊ တို့နှင့်။ ဧကေန၊ သော။ အာယတနေန၊ မနာယတနနှင့်။ သတ္တဟိ၊ ကုန်သော။ ဓာတူဟိ၊ သတ္တဝိညာဏဓာတ်တို့နှင့်။ ဝိပ္ပယုတ္တာ၊ မယှဉ်ကုန်။ ဧကေန၊ သော။ အာယတနေန၊ ဓမ္မာယတနနှင့်။ ကောယ၊ သော။ ဓာတုယာ၊ နှင့်။ ကေဟိစိ၊ ဓမ္မာယတန ဓမ္မဓာတ်၌ အကျုံးဝင်သော စေတသိက် ဒွေပညာသ ဟုဆိုအပ်သော အချို့တို့နှင့်။ ဝိပ္ပယုတ္တာ၊ မယှဉ်ကုန်။

ဝေဒနာက္ခန္ဓနိဒ္ဒေသကို .... ၌ သညာက္ခန္ဓနိဒ္ဒေသကို ဟောတော်မူ၏၊ ထို ။ပ။ သည်လည်း။ (သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာတို့သည် ဝေဒနာက္ခန္ဓာနှင့် တူကုန်၏။)

ထိုနောင် ဝိညာဏက္ခန္ဓနိဒ္ဒေသကို ဟောတော်မူ၏၊ ဟောဟန်ကား—ဝိညာဏက္ခန္ဓေန ယေ ဓမ္မာ အစရှိသည်တည်း။

ဝိညာဏက္ခန္ဓေန၊ နှင့်။ ယေ ဓမ္မာ၊ အကြင် စေတသိက် ဒွေပညာသတို့သည်။ သမ္ပယုတ္တာ၊ ကုန်၏။ (နည်းတူဆိုလေ)။

ခန္ဓနိဒ္ဒေသကို..... ၌ **အာယတနနိဒ္ဒေသ**ကို ဟောတော်မူ၏၊ ထို ။ ပ ။ သည်လည်း **မနာယတနနိဒ္ဒေသ**အားဖြင့် **၁-ပါး**သာ၊ ဟောဟန်ကား—— မနာယတနေန ယေ ဓမ္မာ အစရှိသည်တည်း။ (ဝိညာဏက္ခန္ဓာနှင့် တူပြီ)။

၃၀၇။ အာယတနနိဒ္ဒေသကို... ....၌ **ဓာတုနိဒ္ဒေသ**ကို ........ ၏၊ ထို ။ ပ ။ သည်လည်း စက္ခုဝိညာဏဓာတုနိဒ္ဒေသ, သောတ, ဃာန, ဇိဝှါ, ကာယ, မနောဓာတု, မနောဝိညာဏဓာတုနိဒ္ဒေသ အားဖြင့် ၇-ပါး အပြားရှိ၏၊ ထိုတွင် စက္ခုဝိညာဏဓာတုနိဒ္ဒေသကို... ၏၊.... ကား — **စက္ခုဝိညာဏဓာတုယာ** ယေဓမ္မာ အစရှိသည်တည်း။

စက္ခုဝိညာဏဓာတုယာ၊ ဓာတ်နှင့်။ ယေ ဓမ္မာ၊ အကြင် သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ခုတို့သည်။ သမ္ပယုတ္တာ၊ ယှဉ်ကုန်၏။

တေဟိ ဓမ္မေဟိ၊ ထို စက္ခုဝိညာဏဓာတ် စိတ္တုပ္ပါဒ်တို့နှင့်။ ယေ ဓမ္မာ၊ အကြင် ဆဝိညာဏဓာတ် စိတ္တုပ္ပါဒ်, ရုပ်အဠဝီသ, နိဗ္ဗာန်တို့သည်။ ဝိပ္ပယုတ္တာ၊ ကုန်။

တေ ဓမ္မာ၊ ထို ဆဝိညာဏဓာတ် စိတ္တုပ္ပါဒ်, ရုပ်အဠဝီသ, နိဗ္ဗာန်တို့သည်။ ကေဟိစိ၊ တစုံတခုကုန်သော။ ခန္ဓေဟိ၊ တို့နှင့်။ န ဝိပ္ပယုတ္တာ၊ ကုန်။ ကေဟိစိ၊ ကုန်သော။ အာယတနေဟိ၊ တို့နှင့်။ န ဝိပ္ပယုတ္တာ၊ ကုန်။ ကောယ၊ သော။ ဓာတုယာ၊ စက္ခုဝိညာဏဓာတ်နှင့်။ ဝိပ္ပယုတ္တာ၊ မယှဉ်ကုန်။

> စက္ခုဝိညာဏဓာတ်နှင့် နည်းတူထုတ်သော ၁၁-ပါးသော ပုဒ်တို့တွင် ဝိညာဏဓာတ် ၇-ပါးကား သိလွယ်ပြီ၊ အဓိမောက္ခ အစရှိသောပုဒ်၏ အစွဲ ထူးပြားဟန်ကို သိလွယ်စေခြင်းငှါ စဉ်းငယ် ရေးသားလိုက်အံ့။

၃၁၁။ အဓိမောက္ခေန၊ နှင့်။ ယေ ဓမ္မာ၊ အကြင် အဓိမောက္ခဖြစ်သော စိတ် ၇၈-ခု အဓိမောက္ခ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ပညာသ တို့သည်။ သမ္ပယုတ္တာ၊ ကုန်၏။

တေဟိ ဓမ္မေဟိ၊ ထို အဓိမောက္ခဖြစ်သော စိတ် ၇၈-ခု စေတသိက် ကေပညာသတို့နှင့်။ (ကေပညာသ ဟူရာမှာ အဓိမောက္ခကို ထည့်ပြန်သည်။) ယေ ဓမ္မာ၊ အကြင် ဒွေပဉ္စဝိညာဉ် ၁၀, ဝိစိကိစ္ဆာသဟဂုတ်စိတ္တုပ္ပါဒ်, ရုပ် အဠဝီသ, နိဗ္ဗာန်တို့သည်။ ဝိပ္ပယုတ္တာ၊ မယှဉ်ကုန်။

တေ ဓမ္မာ၊ တို့သည်။ ကေဟိစိ၊ တစုံတခုကုန်သော။ ခန္ဓေဟိ၊ တို့နှင့်။ န ဝိပ္ပယုတ္တာ၊ ကုန်။ ကေဟိစိ၊ ကုန်သော။ အာယတနေဟိ၊ တို့နှင့်။ န ဝိပ္ပယုတ္တာ၊ ကုန်။ ကောယ၊ သော။ ဓာတုယာ၊ မနောဓာတ်နှင့်။ ဝိပ္ပယုတ္တာ၊ မယှဉ်ကုန်။

၁၁၃။ သဝိတက္ကသဝိစာရေဟိ၊ ဖြစ်ကုန်သော။ ဓမ္မေဟိ၊ သဝိတက္ကသဝိစာရ စိတ် ၅၅-ခု, ဝိတက်, ဝိစာရကြဉ်သော စေတသိက် ပညာသတို့နှင့်။ ယေ ဓမ္မာ၊ အကြင် ဝိတက်, ဝိစာရတို့သည်။ သမ္ပယုတ္တာ၊ ကုန်၏။

တေဟိ ဓမ္မေဟိ၊ ထို သဝိတက္ကသဝိစာရစိတ္တုပ္ပါဒ်တို့နှင့်။ ယေ ဓမ္မာ၊ အကြင် အဝိတက္ကအဝိစာရစိတ္တုပ္ပါဒ်, ရုပ်, နိဗ္ဗာန်တို့သည်။ ဝိပ္ပယုတ္တာ၊ ကုန်။

တေ ဓမ္မာ၊ တို့သည်။ ကေဟိစိ၊ ကုန်သော။ ခန္ဓေဟိ၊ တို့နှင့်။ န ဝိပ္ပယုတ္တာ၊ ကုန်။ ကေဟိစိ၊ ကုန်သော။ အာယတနေဟိ၊ တို့နှင့်။ န ဝိပ္ပယုတ္တာ၊ ကုန်။ ဧကာယ၊ သော။ ဓာတုယာ၊ မနောဓာတ်နှင့်။ ဝိပ္ပယုတ္တာ၊ ကုန်။ (အကြွင်း နှစ်ပုဒ် တူပြီ၊ ဤသို့ အထူးမှတ်အပ်၏)။

၁၀၀။ ဓာတုနိဒ္ဒေသကို........၌ ဣန္ဒြိယနိဒ္ဒေသကို.....၏၊ ထို ။ ပ ။သည် လည်း မနိန္ဒြိယနိဒ္ဒေသ, ဥပေက္ခိန္ဒြိယနိဒ္ဒေသအားဖြင့် ၂-ပါးအပြားရှိ၏၊ ထိုတွင် မနိန္ဒြိယနိဒ္ဒေသကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို ။ ပ ။ သည်လည်း (ဝိညာ-ဏက္ခန္ဓာနှင့် တူ၏)။

၁၀၉။ ထိုနောင် ဥပေက္ခိန္ဒြိယနိဒ္ဒေသကို ဟောတော်မူ၏၊ ဟောဟန်ကား —
**ဥပေက္ခိန္ဒြိယေန** ယေ ဓမ္မာ အစရှိသည်တည်း။

ဥပေက္ခိန္ဒြိယေန၊ နှင့်။ ယေ ဓမ္မာ၊ အကြင် ဥပေက္ခာဝေဒနာကြဉ်သော ဥပေက္ခာသဟဂုတ်စိတ္တုပ္ပါဒ်တို့သည်။ သမ္ပယုတ္တာ၊ ကုန်၏။

တေဟိ ဓမ္မေဟိ၊ ထို ဥပေက္ခာသဟဂုတ်စိတ္တုပ္ပါဒ်တို့နှင့်။ ယေ ဓမ္မာ၊ အကြင် သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿသဟဂုတ်စိတ္တုပ္ပါဒ်, ရုပ်, နိဗ္ဗာန်တို့သည်။ ဝိပ္ပယုတ္တာ၊ ကုန်။

တေ ဓမ္မာ၊ တို့သည်။ ကေဟိစိ၊ ကုန်သော။ ခန္ဓေဟိ၊ တို့နှင့်။ န ဝိပ္ပယုတ္တာ၊ ကုန်။ ကေဟိစိ၊ ကုန်သော။ အာယတနေဟိ၊ တို့နှင့်။ န ဝိပ္ပယုတ္တာ၊ ကုန်။ ပဉ္စဟိ၊ ကုန်သော။ ဓာတူဟိ၊ စက္ခုဝိညာဏဓာတ်, သောတ, ဃာန, ဇိဝှါ, မနောဓာတ် တို့နှင့်။ ဝိပ္ပယုတ္တာ၊ ကုန်။

ဥပေက္ခိန္ဒြေဟူသော ၄-ခုသော ပုဒ်တို့တွင် နောက် ၃-ပုဒ်တို၏အစွဲ ထူးပြားဟန် ကို စဉ်းငယ် ရေးလိုက်အံ့။

၁၁၂။ အဒုက္ခမသုခါယ၊ သော။ ဝေဒနာယ၊ နှင့်။ သမ္ပယုတ္တေဟိ၊ ယှဉ်ကုန် သော၊ ဓမ္မေဟိ၊ ဥပေက္ခာဝေဒနာ ကြဉ်သော ဥပေက္ခာသဟဂုတ်စိတ္တုပ္ပါဒ်တို့နှင့်။ ယေ ဓမ္မာ၊ အကြင် ဥပေက္ခာဝေဒနာတို့သည်။ သမ္ပယုတ္တာ၊ ကုန်၏။

တေဟိ ဓမ္မေဟိ၊ ထို ဥပေက္ခာသဟဂုတ်စိတ္တုပ္ပါဒ်တို့နှင့်။ ယေ ဓမ္မာ၊ အကြင် သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿသဟဂုတ်စိတ္တုပ္ပါဒ်, ရုပ်, နိဗ္ဗာန် တို့သည်။ ဝိပ္ပယုတ္တာ၊ ကုန်။

ဤသို့ ပဌမအစု ဒုတိယအစု ထူးပြားဟန်ကို သိလေ၊ နောက် ၂-ပုဒ်လည်း နည်းတူပြီ။

၁၁၀။ ဣန္ဒြိယနိဒ္ဒေသကို....... ၌ **ပဋိစ္စသမုပ္ပါဒနိဒ္ဒေသကို........** ၏၊ ထို ॥ ပ ॥ သည်လည်း ဝိညာဏနိဒ္ဒေသ, ဖဿနိဒ္ဒေသ, ဝေဒနာနိဒ္ဒေသအားဖြင့် **၃-ပါး** အပြားရှိ၏၊ ထိုတွင် ဝိညာဏနိဒ္ဒေသကို ရှေးဦးစွာ ဟောတော်မူ၏။ (ထို ဝိညာဏနိဒ္ဒေသသည် ဝိညာဏက္ခန္ဓာနှင့် တူ၏)။

ထိုနောင် ဖဿနိဒ္ဒေသကို ဟောတော်မူ၏။ (ဤနိဒ္ဒေသ၌ ဖဿ, ဝေဒနာ ၂-ပါးတို့သည် ပုဒ်တူရာ ဝေ အရနှင့် တူ၏)။

ခန္ဓာဒိနိဒ္ဒေသကို........၌ **ဖဿသတ္တကရာသိနိဒ္ဒေသကို.......** ၏၊ ထို ॥ ပ ॥ သည်လည်း ဖဿနိဒ္ဒေသ, ဝေဒနာ, သညာ, စေတနာ, စိတ္တ, အဓိမောက္ခ, မနသိကာရနိဒ္ဒေသအားဖြင့် **၇-ပါး** အပြားရှိ၏၊ ထိုတွင် ဖဿနိဒ္ဒေသကို ........ ၏၊ ထို ॥ ပ ॥ သည်လည်း။

အထက်ပါ ဖဿနှင့် တူပြီ၊ ဝေဒနာ, သညာ, စေတနာတို့ကို သဘောတူရာမှတ်၍ဟော၊ စိတ္တသည် ဝိညာဏက္ခန္ဓာနှင့် တူ၏၊ အဓိမောက္ခ, မနသိကာရတို့သည်လည်း သဘောတူပုဒ်သွင်းရာမှ မှတ်၍ဟောလေ။

၁၁၂။ အဇ္ဈတ္တိကရမာတိကာ နိဒ္ဒေသကို........ ၌ **ဗာဟိရမာတိကာနိဒ္ဒေသကို** ဟောတော်မူ၏၊ ထို ॥ပ॥ သည်လည်း တိကနိဒ္ဒေသ, ဒုကနိဒ္ဒေသအားဖြင့် ၂-ပါး အပြားရှိ၏။

ဤ တိက်, ဒုက်၌ ၁၃-ပုဒ်တို့ကို အောက်၌ ဆိုခဲ့ပြီးသောနည်းဖြင့် သဘောတူရာ သွင်း၍ ဟောလေ သိလွယ်ပြီ။

ဤနယကား သမ္ပယုတ္တေန ဝိပ္ပယုတ္တနယတည်း။

ဤ နယ၌ "ယေ ဓမ္မာ တေဟိ ဓမ္မေဟိ" အစရှိသည်တို့နှင့် အစုကို ထုတ်ရင်း ပုဒ်နှင့် စပ်ခြင်း ယူခြင်းသည် နိယတ် အနိယတ် ဆန့်သကဲ့သို့ ထင်ဘွယ်ရှိ၏၊ ထိုသို့ ထင်သော်လည်း ပါဠိတော်၌ ထိုသို့သော ပုစ္ဆာ၏ ဝိသဇ္ဇနာကို မြင်သဖြင့်၎င်း,

"ဣမိနာ နယေန သဗ္ဗတ္ထ ပုစ္ဆာယ ဥဒ္ဒိဋ္ဌပဒေနေဝ သဒ္ဓိံ ဝိပ္ပယုတ္တာနံ ဝသေန အတ္ထော ဝေဒိတဗ္ဗော" ဟူသော အဋ္ဌကထာကို မြင်သဖြင့်၎င်း, (၁၈)

"ပုစ္ဆာယ ဥဒ္ဒိဋ္ဌပဒေနေဝ သဒ္ဓိံ ဝိပ္ပယုတ္တာနံ ဝသေနာတိ ဣဒံ ပုစ္ဆာယ ဥဒ္ဒိဋ္ဌပဒေန သမ္ပယုတ္တေဟိ ဝိပ္ပယုတ္တာ တေန သဒ္ဓိံ ဝိပ္ပယုတ္တာ ဟောန္တီတိ ကတွာ ဝုတ္တံ" ဟူသော ဋီကာကို မြင်သဖြင့်၎င်း, (၂၃)

"ဥဒ္ဒေသပဒေန ပကာသိယမာနာ အတ္ထာ အဘေဒေါပစာရေန 'ဥဒ္ဒေသပဒ'န္တိ ဝုတ္တာတိ အာဟ 'ဥဒ္ဒေသပဒေန သင်္ဂဟိတတ္ထေ'တိ။ တေန စ ယထာဝုတ္တေန ဥဒ္ဒေသပဒေန" ဟူသော အနုဋီကာကိုမြင်သဖြင့်ငင်း (၂၉) စုံသင့်သည်၏ အဖြစ်ကို သိအပ်၏။

သတ္တမနယနိဒ္ဒေသ ပြီး၏။

---

အဋ္ဌမနယနိဒ္ဒေသ၌ အကျဉ်းဥဒါန်းစဉ် ဂါထာကား—

**ဓမ္မာယတနံ ဓမ္မဓာတု၊ အထ ဇီဝိတံ နာမရူပံ။**
**သဠာယတနံ ဇာတိ ဇရာ မတံ၊ ဒွေ စ တိကေ န လဗ္ဘရေ။**
**ပဌမန္တရေ သတ္တ စ၊ ဂေါစ္ဆကေ ဒသ အပရန္တေ။**
**စုဒ္ဒသ ဆ စ မတ္ထကေ၊ ဣစ္စေတေ သတ္တစတ္တာလီသ ဓမ္မာ။**
**သမုစ္ဆေဒေ န လဗ္ဘန္တိ၊ မောဃပုစ္ဆကေန စ။**

ဓမ္မာယတနဥ္စ၊ ငင်း။ ဓမ္မဓာတု စ၊ ငင်း။ အထ၊ ထိုမှတပါး။ ဇီဝိတဥ္စ၊ ငင်း။ နာမရူပဥ္စ၊ ငင်း။ သဠာယတနဥ္စ၊ ငင်း။ ဇာတိ စ၊ ငင်း။ ဇရာ စ၊ ငင်း။ မတဥ္စ၊ မရဏငင်း။ တိကေ၊ ၌။ ဒွေ စ၊ ၂-ပါးကုန်သော အဇ္ဈတ္တဗဟိဒ္ဓပဒ, အနိဒဿန-အပ္ပဋိဃပဒတို့ငင်း။ ဣတိ၊ သို့။ ဧတေ ဓမ္မာ၊ ဤအတ္ထပဒတို့ကို။ န လဗ္ဘရေ၊ မရအပ်ကုန်။

ပဌမန္တရေ၊ ရှေးဦးစွာသော စူဠန္တရဒုက်၌။ သတ္တ စ၊ ကုန်သော သပ္ပစ္စယ-ပဒ, သင်္ခတပဒ, အနိဒဿနပဒ, အပ္ပဋိဃပဒ, အရူပိပဒ, ကေနစိဝိညေယျပဒ, ကေနစိနဝိညေယျပဒတို့ငင်း။ ဂေါစ္ဆကေ၊ ၌။ ဒသ၊ ကုန်သော န ဟေတု အစရှိကုန်သော ပဌမဒုက်၏ ဒုတိယပုဒ်တို့ငင်း။ အပရေ၊ တပါးသော။ အန္တေ၊ ပရာမာသဂေါစ္ဆက၏ နောက်၌ ဖြစ်သော မဟန္တရဒုက်၌။ စုဒ္ဒသ၊ ကုန်သော နောစိတ္တ အစရှိသော ဝိပ္ပယုတ္တမရသင့်သောပုဒ်တို့ငင်း။ မတ္ထကေ၊ အဆုံးဖြစ်သော ပိဋ္ဌိဒုက်၌။ ဆ စ၊ ကုန်သော အဝိတက္ကပဒ, အဝိစာရပဒ, အပ္ပီတိကပဒ, နပီတိသဟဂတပဒ, န သုခသဟဂတပဒ, န ဥပေက္ခာသဟဂတပဒတို့ငင်း။ ဣတိ၊ သို့။ ဧတေ ဓမ္မာ စ၊ ဤအတ္ထပဒတို့ကိုလည်း။ န လဗ္ဘရေ၊ မရအပ်ကုန်။

ဣတိဣမိနာပဘေဒေန၊ ဤသို့သော အပြားအားဖြင့်။ သတ္တစတ္တာလီသ၊ ၄၇-ပါးကုန်သော။ ဧတေဓမ္မာ၊ ထိုအတ္ထပဒတို့ကို။ မောဃပုစ္ဆကေန၊ မောဃ-ပုစ္ဆက အမည်ရှိသော အဋ္ဌမနယနှင့်။ သဟ၊ တကွ။ သမုစ္ဆေဒေ၊ စုဒ္ဒသမန-ယနိဒ္ဒေသ၌။ န လဗ္ဘန္တိ၊ မရအပ်ကုန်။

အဌမနယနိဒ္ဒေသ၌—

**ရူ၊ ဝေ၊ စ၊ ဒု၊ သ၊ ဥ၊ ဥ၊ က၊ ပ။**

ဤ ၉-ခုသော အကျဉ်းဆောင်ပုဒ်ကိုလည်း သိအပ်၏။

ရူ အရကား ၈၂-ပါးတည်း၊ ၈၂-ပါး ဟူသော်ကား—

အောက် ဆဋ္ဌနယ၌ ပဌမ ရူ အရ ၄၃-ပါး၊
ဒုတိယ ရူ အရ ၁-ပါး၊
နေ အရ ၄-ပါး၊
အ အရ ၂၆-ပါး၊
ဥပ္ပန္နတိက်၌ ၃-ပါး၊
အတီတတိက်၌ ၃-ပါး၊
အဇ္ဈတ္တပဒ ဗဟိဒ္ဓပဒဟု အဇ္ဈတ္တိကတိက်၌ ၂-ပါး ဤသို့အားဖြင့် ၈၂-ပါး ဖြစ်သတည်း။

ဝေ အရကား ၂၃-ပါးတည်း၊ ၂၃ ပါး ဟူသော်ကား—

အောက် သတ္တမနယ၌ ဝေအရ ၂၂-ပါး၊
သာရမ္မဏဓမ္မပဒ ၁-ပါး ဤသို့အားဖြင့် ၂၃-ပါး ဖြစ်သတည်း။

စ အရကား ၁၁-ပါးတည်း၊ ၁၁-ပါး ဟူသော်ကား—

ဆဋ္ဌနယ၌ ဆိုအပ်ခဲ့ပြီးသော စ အရ ၇-ပါး၊
ဒုတိယ အ အရ ၁-ပါး၊
ဒုတိယ သ အရ ၃-ပါး ဤသို့အားဖြင့် ၁၁-ပါး ဖြစ်သတည်း။

ဒု အရကား ၆၂-ပါးတည်း၊ ၆၂-ပါး ဟူသော်ကား—

ဒုက္ခသစ္စပဒ ၁-ပါး၊
တိက်၌ အဗျာကတဓမ္မပဒ, အသံကိလိဋ္ဌသံကိလေသိကဓမ္မပဒ, နေဝဒဿနေန န ဘာဝနာယ ပဟာတဗ္ဗဓမ္မပဒ, နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗဟေတုကပဒ, နေဝါစယဂါမိ နာပစယဂါမိပဒ, နေဝသေက္ခ နာသေက္ခဓမ္မပဒ, ပရိတ္တဓမ္မပဒ, မဇ္ဈိမဓမ္မပဒ, အနိယတဓမ္မပဒ အားဖြင့် ၉-ပါး၊

အဟေတုကဓမ္မပဒ အစရှိသော နာမက္ခန္ဓာ ၄-ပါးတို့နှင့် ဝိပ္ပယုတ်ဖြစ်ကောင်းသော ဂေါစ္ဆကဉ် ပဒပေါင်း ၄၀၊ စူဠန္တရ ဒုက်၌ လောကိယဓမ္မပဒ ၁-ပါး၊

ပိဋ္ဌိဒုက်၌ နာမက္ခန္ဓာ ၄-ပါးတို့နှင့် ဝိပ္ပယုတ် ဖြစ်ကောင်းသော ပုဒ်ပေါင်း ၁၁-ပါး ဤသို့အားဖြင့် ၆၂-ပါးဖြစ်သတည်း။

သ အရကား ၁၃၁-ပါးတည်း၊ ၁၃၁-ပါး ဟူသော်ကား—
အောက် ဆဋ္ဌနယ၌ ပဌမ သ အရ ၅၃-ပါး၊
ပဌမ သု အရ ၇-ပါး၊
ပဌမ အ အရ ၄၆-ပါး၊
ဣ အရ ၁-ပါး၊
ဈာ အရ ၁-ပါး၊
ပဥ္စမ အ အရ ၁၇-ပါး၊
ဒုတိယ သု အရ ၄-ပါး၊
အဇ္ဈတ္တာရမ္မဏပဒ, ဗဟိဒ္ဓါရမ္မဏပဒ အဇ္ဈတ္တာရမ္မဏတိက်၌ ၂-ပါး၊
ဤသို့အားဖြင့် ၁၃၁-ပါး ဖြစ်သတည်း။

ဥ အရကား ၅-ပါးတည်း၊ ၅-ပါး ဟူသော်ကား—
အောက် ဆဋ္ဌနယ၌ ဥ အရ ၁-ပါး၊
တတိယ အ အရ ၃-ပါး၊
ဝိပါကဓမ္မပဒ ၁-ပါး ဤသို့အားဖြင့် ၅-ပါး ဖြစ်သတည်း။

ဥ အရကား ၆-ပါးတည်း၊ ၆-ပါး ဟူသော်ကား—
ဥပပတ္တိဘဝ ၁-ပါး၊
သညာဘဝ ၁-ပါး၊
ပဥ္စဝေါကာရဘဝ ၁-ပါးဟု ပဋိစ္စသမုပ္ပါဒ်၌ ၃ ပါး၊
ဥပါဒိန္နုပါဒါနိယဓမ္မပဒ, အဝိတက္က အဝိစာရဓမ္မပဒဟု တိက်၌ ၂-ပါး၊
ဥပါဒိန္နဓမ္မဟု မဟန္တရဒုက်၌ ၁-ပါး ဤသို့အားဖြင့် ၆-ပါးဖြစ်သတည်း။

ကာ အရကား-ကာမဘဝ ၁-ပါးသာတည်း။

ပ အရကား ၃-ပါးတည်း၊ ၃-ပါး ဟူသော်ကား—
ပရိတ္တာရမ္မဏပဒ, ပစ္စုပ္ပန္နာရမ္မဏပဒ, အဇ္ဈတ္တဗဟိဒ္ဓါရမ္မဏပဒ-ဤသို့အားဖြင့် ၃-ပါးဖြစ်သတည်း။

---

## ဂ-အဋ္ဌမနယနိဒ္ဒေသ

၁၁၇။ သတ္တမနယနိဒ္ဒေသကို......၌ အဋ္ဌမနယနိဒ္ဒေသကို ဟောတော်မူ၏၊ ထို ။ပ။ သည်လည်း အဇ္ဈတ္တရမာတိကာနိဒ္ဒေသ, ဗာဟိရမာတိကာနိဒ္ဒေသ အားဖြင့် ၂-ပါး အပြားရှိ၏၊ ထိုတွင် အဇ္ဈတ္တရမာတိကာနိဒ္ဒေသကို ......၏။

ထို ။ ပ ။ သည်လည်း ခန္ဓာဒိနိဒ္ဒေသ, ဖဿသတ္တကရာသိနိဒ္ဒေသအားဖြင့် ၂-ပါး အပြားရှိ၏၊ ထိုတွင် ခန္ဓာဒိနိဒ္ဒေသကို..... ၏။

ထို ။ ပ ။ သည်လည်း ခန္ဓနိဒ္ဒေသ, အာယတနနိဒ္ဒေသ, ဓာတုနိဒ္ဒေသ, သစ္စ-နိဒ္ဒေသ, ဣန္ဒြိယနိဒ္ဒေသ, ပဋိစ္စသမုပ္ပါဒနိဒ္ဒေသ, သတိပဋ္ဌာနနိဒ္ဒေသ, သမ္မပ္ပဓာန-နိဒ္ဒေသ, ဣဒ္ဓိပါဒနိဒ္ဒေသ, အပ္ပမညာနိဒ္ဒေသ, ဈာနနိဒ္ဒေသ, ပဉ္စိန္ဒြိယနိဒ္ဒေသ, ဗလနိဒ္ဒေသ, ဗောဇ္ဈင်္ဂနိဒ္ဒေသ, မဂ္ဂနိဒ္ဒေသအားဖြင့် ၁၅-ပါး အပြားရှိ၏၊ ထိုတွင် ခန္ဓနိဒ္ဒေသကို..... ၏။

ထို ။ ပ ။ သည်လည်း ရူပက္ခန္ဓနိဒ္ဒေသ ။ ပ ။ ဝိညာဏက္ခန္ဓနိဒ္ဒေသအားဖြင့် ၅-ပါး အပြားရှိ၏၊ ထိုတွင် ရူပက္ခန္ဓနိဒ္ဒေသကို...... ၏။

ဟောဟန်ကား—ရူပက္ခန္ဓေန ယေ ဓမ္မာ ဝိပ္ပယုတ္တာ၊ တေ ဓမ္မာ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သမ္ပယုတ္တာတိ နတ္ထိ ဟူသည် တည်း။

ရူပက္ခန္ဓေန၊ နှင့်။ ယေ ဓမ္မာ၊ အကြင် နာမက္ခန္ဓာ ၄-ပါးတို့သည်။ ဝိပ္ပယုတ္တာ၊ မယှဉ်ကုန်။

တေ ဓမ္မာ၊ ထို နာမက္ခန္ဓာ ၄-ပါးတို့သည်။ ကတိဟိ၊ ကုန်သော။ ခန္ဓေဟိ၊ တို့နှင့်။ ကတိဟိ၊ ကုန်သော။ အာယတနေဟိ၊ တို့နှင့်။ ကတိဟိ၊ ကုန်သော။ ဓာတူဟိ၊ တို့နှင့်။ သမ္ပယုတ္တာ၊ ယှဉ်ကုန်သနည်း။ ဣတိ ပုစ္ဆာယံ၊ သည်။ သတိ၊ ရှိသော်—

တေ ဓမ္မာ၊ တို့သည်။ သမ္ပယုတ္တာ၊ ယှဉ်ကုန်သော တရားတို့သည်။ နတ္ထိ န သန္တိ၊ မရှိကုန်။ ဣတိ ဝိသဇ္ဇနာ၊ သည်။ ဟောတိ၊ ၏။

၅၁၈။ ရူပက္ခန္ဓနိဒ္ဒေသကို......၌ ဝေဒနာက္ခန္ဓနိဒ္ဒေသကို...... ၏။

ဟောဟန်ကား—**ဝေဒနာက္ခန္ဓေန ယေ ဓမ္မာ** အစရှိသည်တည်း။

ဝေဒနာက္ခန္ဓေန၊ နှင့်။ ယေ ဓမ္မာ၊ အကြင် ရုပ်အင်္ဂဝိသ, နိဗ္ဗာန်တို့သည်။ ဝိပ္ပယုတ္တာ၊ ကုန်။

တေ ဓမ္မာ၊ တို့သည်။ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သမ္ပယုတ္တာတိ ပုစ္ဆာယံ၊ သည်။ သတိ၊ ရှိသော်—

တေ ဓမ္မာ၊ တို့သည်။ သမ္ပယုတ္တာ၊ တို့သည်။ နတ္ထိ န သန္တိ၊ ကုန်။ ဣတိ ဝိသဇ္ဇနာ၊ သည်။ ဟောတိ၊ ၏။

(နောက်နောက်ဖြစ်သော ပုဒ်တို့၏ ပုစ္ဆာ ဝိသဇ္ဇနာတို့ကို အပြည့်အစုံဆို၍ ဟောလေ)။

ထိုနောင် သညာက္ခန္ဓနိဒ္ဒေသကို ဟောတော်မူ၏။

**ရုင်း သညာ, သင်္ခါရ, ဝိညာဉ်တို့သည် ဝေဒနာက္ခန္ဓာနှင့် တူကုန်၏။**

ခန္ဓနိဒ္ဒေသကို.......၌ အာယတနနိဒ္ဒေသကို ဟောတော်မူ၏၊ ထို ။ပ။ သည်လည်း။

စက္ခာယတနနိဒ္ဒေသ, သောတ, ဃာန, ဇိဝှါ, ကာယ, ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗတို့သည် ရူပက္ခန္ဓနိဒ္ဒေသနှင့် တူကုန်၏၊ မနာယတနသည် ဝေဒနာက္ခန္ဓာနှင့် တူ၏။

အာယတနနိဒ္ဒေသကို ....... ၌ **ဓာတုနိဒ္ဒေသကို** ဟောတော်မူ၏၊ ထို ။ပ။ သည်လည်း စက္ခုဓာတုနိဒ္ဒေသ, သောတ, ဃာန, ဇိဝှါ, ကာယ, ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, စက္ခုဝိညာဏ, သောတ, ဃာန, ဇိဝှါ, ကာယ, မနောဓာတု, မနောဝိညာဏဓာတုနိဒ္ဒေသအားဖြင့် **၁၇-ပါး** အပြားရှိ၏၊ ထိုတွင် စက္ခုဓာတုနိဒ္ဒေသကို........၏။

ဟောဟန်ကား— စက္ခုဓာတုယာ ယေ ဓမ္မာ အစရှိသည်တည်း။

ဤ စက္ခုအစ ဖောဋ္ဌဗ္ဗအဆုံးရှိသော ပုဒ်တို့သည် ရူပက္ခန္ဓာနှင့် တူကုန်၏။

ဖောဋ္ဌဗ္ဗဓာတုနိဒ္ဒေသကို........၌ စက္ခုဝိညာဏဓာတုနိဒ္ဒေသကို ဟောတော်မူ၏။

ဟောဟန်ကား— **စက္ခုဝိညာဏဓာတုယာ** ယေ ဓမ္မာ အစရှိသည်တည်း။

စက္ခုဝိညာဏဓာတုယာ၊ နှင့်။ ယေ ဓမ္မာ၊ အကြင် ဆဝိညာဏဓာတ် စိတ္တုပ္ပါဒ်, ရုပ်, နိဗ္ဗာန်တို့သည်။ ဝိပ္ပယုတ္တာ၊ မယှဉ်ကုန်။

တေ ဓမ္မာ၊ တို့သည်။ ကတိဘိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သမ္ပယုတ္တာတိ နတ္ထိ၊ မရှိ။

ကြွင်းသော ဆဝိညာဏဓာတ်တို့သည် စက္ခုဝိညာဏဓာတ်နှင့် တူကုန်၏။

ဓာတုနိဒ္ဒေသကို..... ၌ သစ္စနိဒ္ဒေသကို........၏။

ဟောဟန်ကား— **ဒုက္ခသစ္စေန** ယေ ဓမ္မာ အစရှိသည်တည်း။

ဒုက္ခသစ္စေန၊ နှင့်။ ယေ ဓမ္မာ၊ အကြင် လောကုတ္တရာစိတ် ၈-ခု စေတသိက် ဆတ္တိံသတို့သည်။ ဝိပ္ပယုတ္တာ၊ ကုန်။ တေ ဓမ္မာ၊ တို့သည် ။ပ။ သမ္ပယုတ္တာတိ နတ္ထိ၊ မရှိ။

ဒုက္ခသစ္စနိဒ္ဒေသကို........၌ **သမုဒယသစ္စနိဒ္ဒေသကို**.... ...၏။

ဟောဟန်ကား—**သမုဒယသစ္စေန** ယေ ဓမ္မာ အစရှိသည်တည်း။

သမုဒယသစ္စေန၊ နှင့်။ ယေ ဓမ္မာ၊ အကြင် ဒေါသမူ, မောဟမူ, ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်, ရုပ်, နိဗ္ဗာန်တို့သည်။ ဝိပ္ပယုတ္တာ၊ ကုန်။ တေ ဓမ္မာ၊ တို့သည် ။ပ။ သမ္ပယုတ္တာတိ နတ္ထိ၊ မရှိ။

နိရောဓသစ္စာသည် ရူပက္ခန္ဓာနှင့် တူ၏၊ မဂ္ဂသစ္စာသည် သမုဒယသစ္စာနှင့် တူ၏။

သစ္စနိဒ္ဒေသကို.......၌ **ဣန္ဒြိယနိဒ္ဒေသကို**.......၏၊ ထို ။ပ။ သည်လည်း **စက္ခုန္ဒြိယနိဒ္ဒေသ** အစရှိသောအားဖြင့် ၂၁-ပါး အပြားရှိ၏။ (ဇီဝိတိန္ဒြေကို နုတ်သည်)။ ထိုတွင် စက္ခုန္ဒြိယနိဒ္ဒေသကို.......၏။

စက္ခုန္ဒြေ အစ ဒေါမနဿိန္ဒြေ အဆုံးရှိသော ပုဒ်တို့သည် ရူပကဏ္ဍ, **ဝေဒနာကဏ္ဍ** အစရှိသည်နှင့် တူကုန်၏။

**ဒေါမနဿိန္ဒြိယနိဒ္ဒေသကို** .......၌ ဥပေက္ခိန္ဒြိယနိဒ္ဒေသကို.......၏။

ဟောဟန်ကား—**ဥပေက္ခိန္ဒြိယေန** ယေ ဓမ္မာ အစရှိသည်တည်း။

ဥပေက္ခိန္ဒြိယေန၊ နှင့်။ ယေ ဓမ္မာ၊ အကြင် သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿသဟဂုတ် စိတ္တုပ္ပါဒ်, ရုပ်, နိဗ္ဗာန်တို့သည်။ ဝိပ္ပယုတ္တာ၊ ကုန်။ တေ ဓမ္မာ၊ တို့သည် ။ပ။ သမ္ပယုတ္တာတိ နတ္ထိ၊ မရှိ။

သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ အစရှိသည်တို့သည် သညာ, သင်္ခါရနှင့် တူကုန်၏။

ဣန္ဒြိယနိဒ္ဒေသကို.......၌ **ပဋိစ္စသမုပ္ပါဒနိဒ္ဒေသကို**.......၏၊ ထို ။ပ။ သည်လည်း။

နာမရူပ, သဠာယတန, ဇာတိ,ဇရာ,မရဏတို့ကို မရ။
အဝိဇ္ဇာနိဒ္ဒေသ,သင်္ခါရနိဒ္ဒေသ အစရှိသော ကြွင်းသောပုဒ်တို့ကို စစ်၍ ဆိုလေ၊ အဝိဇ္ဇာအစ ကမ္မဘဝအဆုံးရှိသောပုဒ်တို့သည် ဝေဒနာကဏ္ဍ,သညာကဏ္ဍ အစရှိသည်တို့နှင့် တူကုန်ပြီ။

**ကမ္မဘာဝကို**...... ၌ ဥပပတ္တိဘဝနိဒ္ဒေသကို ဟောတော်မူ၏။

ဟောဟန်ကား—**ဥပပတ္တိဘဝေန** ယေ ဓမ္မာ အစရှိသည်တည်း။

ဥပပတ္တိဘဝေန၊ နှင့်။ ယေ ဓမ္မာ၊ အကြင် ကုသိုလ်, အကုသိုလ်, ဖိုလ်, ကြိယာစိတ္တုပ္ပါဒ်တို့သည်။ ဝိပ္ပယုတ္တာ၊ ကုန်။ တေ ဓမ္မာ၊ တို့သည် ။ပ။ သမ္ပယုတ္တာတိ နတ္ထိ၊ မရှိ။

ထို ဥပပတ္တိဘဝကိုလည်း ကာမဘာ ရူပဘဝအစရှိသော အပြားကို စွဲ၍ ဆိုလေ။

**ကာမဘဝေန** ယေ ဓမ္မာ အစရှိသည်တည်း။

ကာမဘဝေန၊ နှင့်။ ယေ ဓမ္မာ၊ အကြင် ရူပဘဝ, အရူပဘဝ ဟူသော စိတ်, စေတသိက်, ကုသိုလ်, အကုသိုလ်, ဖိုလ်, ကြိယာစိတ္တုပ္ပါဒ်တို့သည်။ ဝိပ္ပယုတ္တာ၊ ကုန်။ တေ ဓမ္မာ၊ တို့သည် ။ပ။ သမ္ပယုတ္တာတိ နတ္ထိ၊ မရှိ။

(ကြွင်းသောပုဒ်တို့သည်လည်း ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် သိလွယ်ကုန်ပြီ)။

ပဋိစ္စသမုပ္ပါဒကို.......၌ **သတိပဋ္ဌာနနိဒ္ဒေသကို**...... ၏။

ဟောဟန်ကား---သတိပဋ္ဌာနေန ယေ ဓမ္မာ အစရှိသည်တည်း။
(သတိပဋ္ဌာန အစ မဂ္ဂ အဆုံးရှိသော ပုဒ်တို့သည် လွယ်ကုန်ပြီ)။
ထိုနောင် **ဖဿသတ္တကရာသိနိဒ္ဒေသကို** ဟောတော်မူ၏။
(ၡင်းဖဿသတ္တကရာသိလည်း လွယ်ပြီ)။
အဗ္ဘန္တရ မာတိကာကို.......၌ **ဗာဟိရမာတိကာကို** .. ....၏။
ထို ။ပ။ သည်လည်း တိကနိဒ္ဒေသ, ဒုကနိဒ္ဒေသအားဖြင့် ၂-ပါး အပြားရှိ၏၊ ထိုတွင် တိကနိဒ္ဒေသကို........၏။

ထိုတိကမာတိကာ၌ မရသော အဇ္ဈတ္တ ဗဟိဒ္ဓပုဒ်, အနိဒဿနအပ္ပဋိဃပုဒ် ၎င်း ၂-ပုဒ်တို့ကိုချင်း၍ ကျန်သောပုဒ်တို့ကို ရအပ်ကုန်၏၊ထိုပုဒ်အပေါင်းတို့တွင် ပရိတ္တာရမ္မဏမှ တပါးသော ပုဒ်တို့ကား သဘောတူပြီ။

**ပရိတ္တာရမ္မဏောဟိ** ဓမ္မေဟိ ယေ ဓမ္မာ အစရှိသည်တည်း။
ပရိတ္တာရမ္မဏောဟိ၊ ပရိတ္တာရမ္မဏ မည်ကုန်သော။ ဓမ္မေဟိ၊ တရားတို့နှင့်။ ယေ ဓမ္မာ၊ အကြင် မဟဂ္ဂတာရမ္မဏ, အပ္ပမာဏာရမ္မဏ, ပဏ္ဏတ္တာရမ္မဏ တရားတို့သည်။ ဝိပ္ပယုတ္တာ၊ ကုန်။ တေ ဓမ္မာ၊ တို့သည် ။ပ။ သမ္ပယုတ္တာတိ နတ္ထိ၊ မရှိ။ (အကြောင်းကား သိလွယ်၏)။

ထိုနောင် ဒုကနိဒ္ဒေသကို....... ၏။

ဤ ဒုက၌ န ဟေတုက အစရှိသော ဂေါစ္ဆကတို့၌ မရအပ်သော ၁၀-ခုသော ပုဒ်တို့ကို နုတ်၍ ရအပ်သော အဟေတုကဓမ္မပဒ အစရှိသော နာမက္ခန္ဓာ ၄-ပါးကို ရအပ်သော ၄၀-သောပုဒ်။

စူဠန္တရဒုက်၌ အပ္ပစ္စယ အစရှိသော ဝိပ္ပယုတ် မဖြစ်ကောင်းသော ပုဒ်တို့ကို နုတ်၍ ကြွင်းသောပုဒ်။

မဟန္တရဒုက်၌ နောစိတ္တ အစရှိသော ဝိပ္ပယုတ္တ မဖြစ်ကောင်းသော ၂၄-ခုသော ပုဒ်တို့ကို နုတ်၍ ကြွင်းသောပုဒ်။

ပိဋ္ဌိဒုက်၌ အဝိတက္က, အဝိစာရ အစရှိသော ဝိပ္ပယုတ်မဖြစ်ကောင်းသော ၆-ခုသော ပုဒ်တို့ကို နုတ်၍ ကြွင်းသော ပုဒ်တို့ကို ရအပ်ကုန်၏။

၎င်းပုဒ်အပေါင်းတို့ကို သဘောတူ ရသင့်သည်အားလျော်စွာကြံဆသောအားဖြင့် သိလွယ်ပြီ။

၎င်း ဆိုအပ်ခဲ့ပြီးသော ဆောင်ပုဒ်တို့ကို နှလုံး၌ ပိုက်ထား၍ ဝိပ္ပယုတ္တ ရသင့် မရသင့်ကို ကြံဆပြီးလျှင် ဝိသဇ္ဇနာ သဘောတူသော ပုဒ်အပေါင်းတို့ကို သိအပ်ကုန်၏။

ဤ နိဒ္ဒေသ၌ **ဝိပ္ပယုတ်အပြား ၄-ပါး** တည်း။
၄-ပါး ဟူသော်ကား—
**ဇာတိဝိပ္ပယုတ်, ဘူမိဝိပ္ပယုတ်, ကာလဝိပ္ပယုတ်, သန္တာနဝိပ္ပယုတ်** အားဖြင့် **၄-ပါး**တို့တည်း။

ထိုတွင်—

၁။ ဓာတုဝိပ္ပယုတ် ဟူသည်ကား— ကုသလာဓမ္မာ, အကုသလာဓမ္မာ အစရှိသည်တည်း။

၂။ ဘူမိဝိပ္ပယုတ် ဟူသည်ကား— ကာမာဝစရာဓမ္မာ, ရူပါဝစရာဓမ္မာ အစရှိသည်တည်း။

၃။ ကာလဝိပ္ပယုတ် ဟူသည်ကား— အတီတာဓမ္မာ, အနာဂတာဓမ္မာ အစရှိသည်တည်း။

၄။ သန္တာနဝိပ္ပယုတ် ဟူသည်ကား— အဇ္ဈတ္တာဓမ္မာ, ဗဟိဒ္ဓါဓမ္မာ အစရှိသည်တည်း။

ထို့ကြောင့်—

၁။ ကုသိုလ်အစရှိသည်ဖြစ်လျှင် အကုသိုလ်, အဗျာကတအစရှိသည်ကိုစွဲအပ်၏။

၂။ ကာမာဝစရ အစရှိသည်ဖြစ်လျှင် ရူပါဝစရ, အရူပါဝစရ, လောကုတ္တရာ အစရှိသည်ကို စွဲအပ်၏။

၃။ အတိတ် စသည်ဖြစ်လျှင် အနာဂတ်, ပစ္စုပ္ပန် အစရှိသည်ကို စွဲအပ်၏။

၄။ အဇ္ဈတ္တ စသည်ဖြစ်လျှင် ဗဟိဒ္ဓ စသည်ကို စွဲအပ်၏။

ထို ဝိပ္ပယုတ်ဖြစ်ခြင်း သဘောတို့ကား နာမက္ခန္ဓာနှင့် ရုပ်,နိဗ္ဗာန်ကား ဝိပ္ပယုတ်ဖြစ်သင့်၏။

ရုပ်သည် ရုပ်နှင့်၎င်း၊ နိဗ္ဗာန်နှင့်၎င်း၊ နိဗ္ဗာန်သည်လည်း ရုပ်နှင့် ဝိပ္ပယုတ် မဖြစ်သင့်။

ဤ အဋ္ဌမနယ၌ ပါဠိတော်၌ ပေယျာလထား၍ ဟောတော်မူသည်ကို နှလုံးသွင်းလေ။

ဝိပ္ပယုတ် ၄-ပါးတို့ဖြင့် မဖြစ်သင့်သော ၄၇-ပုဒ်တို့ကို ဤ အဋ္ဌမနယ၌ ဟောတော်မမူ။

အဋ္ဌမနယနိဒ္ဒေသ ပြီး၏။

---

နဝမနယနိဒ္ဒေသ၌ အကျဉ်းဥဒါန်းစဉ် ဂါထာကား—

အရူပက္ခန္ဓာ စတ္တာရော၊ မနာယတနမေဝ စ။
ဝိညာဏဓာတုယော သတ္တ၊ ဒွေ သစ္စာ စုဒ္ဒသိန္ဒြိယာ။
ပစ္စယေ ဒွါဒသ ပဒါ၊ တတော ဥပရိ သောဠသ။
တိကေသု အဋ္ဌ ဂေါစ္ဆကေ၊ တေစတ္တာလီသမေဝ စ။
မဟန္တရဒုကေ သတ္တ၊ ပဒါ ပိဋ္ဌိဒုကေသု ဆ။
နဝမသ္မိံ ပဒသ္မိံတော၊ နိဒ္ဒေသေ သင်္ဂဟံ ဂတာ။

စတ္တာရော၊ ကုန်သော။ အရူပက္ခန္ဓာ စ၊နာမက္ခန္ဓာ ၄-ပါးတို့၎င်း။မနာယတနမေဝ စ၊ မနာယတနသာလျှင်၎င်း။ သတ္တ၊ ကုန်သော။ ဝိညာဏဓာတုယော စ၊ ဝိညာဏဓာတ်တို့၎င်း။ ဒွေ၊ ကုန်သော။ သစ္စာ စ၊ သမုဒယသစ္စာ, မဂ္ဂသစ္စာတို့

ငှင်း။ စုဒ္ဒသ၊ ကုန်သော။ ဣန္ဒြိယာ စ၊ မနိန္ဒြေ အစ အညာတာဝိန္ဒြေ အဆုံးရှိသော နာမ်ဣန္ဒြေတို့ငှင်း။

ပစ္စယေ၊ ပဋိစ္စသမုပ္ပါဒ်၌။ ဒွါဒသ၊ ကုန်သော။ ပဒါ စ၊ အဝိဇ္ဇာ, သင်္ခါရ, ဝိညာဉ်, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ကမ္မဘဝ, သောက, ဒုက္ခ, ဒေါမနဿ, ဥပါယာသပုဒ်တို့ငှင်း။ တတော၊ ထိုပဋိစ္စသမုပ္ပါဒ်မှ။ ဥပရိ၊ အထက်၌။ သောဠသ၊ ကုန်သော။ ပဒါ စ၊ သတိပဋ္ဌာန်အစ မနသိကာရအဆုံးရှိသော ပုဒ်တို့ငှင်း။ တိကေသု၊ တိက်တို့၌။ အဋ္ဌပဒါ စ၊ ဝေဒနာတိက်၌ ၃-ပုဒ်, ဝိတက်တိက်၌ ပဌမ ဒုတိယနှစ်ပုဒ်, ပီတိတိက်၌ ၃-ပုဒ်တို့ငှင်း။ ဂေါစ္ဆကေ၊ ဂေါစ္ဆက၌။ တေစတ္တာလီသမေဝ စ၊ ၄၃-ပါးသာလျှင်ဖြစ်ကုန်သော။ ဟေတုပဒ, ဟေတုစေဝ သဟေတုကပဒ အစရှိသော သမ္ပယုတ်ဖြစ်ကုန်သော ပုဒ်တို့ငှင်း။

မဟန္တရဒုကေ၊ မဟန္တရဒုက်၌။ သတ္တ၊ ကုန်သော။ ပဒါ စ၊ စိတ်ကိုရသောပုဒ်, စေတသိက်ကိုရသောပုဒ်တို့ငှင်း။ ပိဋ္ဌိဒုကေသု၊ ပိဋ္ဌိဒုက်တို့၌။ ဆ၊ ခြောက်ပါးကုန်သော။ ပဒါ စ၊ သဝိတက္ကပဒ, သဝိစာရပဒ, သပ္ပီတိကပဒ, ပီတိသဟဂတပဒ, သုခသဟဂတပဒ, ဥပေက္ခာသဟဂတပဒ တို့ငှင်း။ ဣတိ၊ သို့။ ဧတေဓမ္မာ၊ ဤ ၁၂၀-သောပုဒ်တို့သည်။ နဝမဿ၊ ၉-ခုမြောက်သော။ ပဒဿ၊ ဥဒ္ဒေသပဒ၏။ နိဒ္ဒေသေ၊ နိဒ္ဒေသ၌။ သင်္ဂဟံ၊ ရေတွက်ခြင်းသို့။ ဂတာ၊ ကုန်၏။

ဤ နဝမနယ၌—

**ဝေ၊ ဝိ၊ စ၊ သ၊ သု၊ ဥ၊ ဗ၊ ဣ၊ ဈ၊ အ၊ သု၊ သ၊ ဧ။**

ဤ ၁၃-ခုသော အကျဉ်းဆောင်ပုဒ်ကိုလည်း သိအပ်၏။

ဝေ အရကား ၆-ပါးတည်း၊ ၆-ပါး ဟူသော်ကား—

အောက် ဆဋ္ဌနယ၌ ဝေအရ ၆-ပါးနှင့် အတူပင်တည်း။

ဝိ အရကား ၆-ပါးတည်း၊ ၆-ပါး ဟူသော်ကား—

အောက် ဆဋ္ဌနယ၌ ဝိအရ ၆-ပါးနှင့် အတူပင်တည်း။

စ အရကား ၇-ပါးတည်း၊ ၇-ပါး ဟူသော်ကား—

ငှင်း ၇-ပါးလည်း အောက် ဆဋ္ဌနယ၌ စ အရ ၇-ပါးနှင့် အတူပင်တည်း။

သ အရကား ၅၃-ပါးတည်း၊ ၅၃-ပါး ဟူသော်ကား—

ငှင်း ၅၃-ပါးလည်း အောက် ဆဋ္ဌနယ၌ သ အရ ၅၃-ပါးနှင့်အတူပင်တည်း။

သု အရကား ၇-ပါးတည်း၊ ၇-ပါး ဟူသော်ကား—

ငှင်း ၇-ပါးလည်း အောက်ဆဋ္ဌနယ၌ ပဌမ သု အရ ၇-ပါးနှင့်အတူပင်တည်း။

ဥ အရကား ဥပေက္ခိန္ဒြေ ၁-ပါးသာတည်း။
ဖ အရကား ၄-ပါးတည်း၊ ၄-ပါး ဟူသော်ကား—
ဋ္ဌင်း ၄-ပါးလည်း အောက် ဆဋ္ဌနယ၌ ဖ အရ ၄-ပါးနှင့်အတူပင် တည်း။
ဣ အရကား ဣဒ္ဓိပါဒ် ၁-ပါးသာတည်း။
ဈာ အရကား ဈာန ၁-ပါးသာတည်း။
အ အရကား အဓိမောက္ခ ၁-ပါးသာတည်း။
သု အရကား ၇-ပါးတည်း၊ ၇-ပါး ဟူသော်ကား—
အောက် ဆဋ္ဌနယ၌ ဒုတိယ သု အရ ၄-ပါး၊
တတိယ အ အရ ၃-ပါးတို့ကို ပေါင်း၍ ဋ္ဌင်း ၇-ပါးနှင့် အတူပင် တည်း။
သ အရကား ၂၀-ပါးတည်း၊ ၂၀-ပါး ဟူသော်ကား—
သဝိတက္ကသဝိစာရပဒ, အဝိတက္ကဝိစာရမတ္တပဒ, ပီတိသဟဂတပဒ-ဟူ၍ တိက်၌ ၃-ပါး၊
ဂေါစ္ဆက၌ တရားကိုယ်ကို ရသောပုဒ်တို့ကို ကြည့်၍ နာမက္ခန္ဓာသာ ရကောင်းသော ၁၃-ပါးသောပုဒ်၊
သဝိတက္ကပဒ, သဝိစာရပဒ, သပ္ပီတိကပဒ, ပီတိသဟဂတပဒဟူ၍ ပိဋ္ဌိဒုက်၌ ၄-ပါး ဤသို့အားဖြင့် ၂၀-ပါး ဖြစ်သတည်း။
စေ အရကား ၆-ပါးတည်း၊ ၆-ပါး ဟူသော်ကား—
ဋ္ဌင်း ၆-ပါးလည်း အောက် ဆဋ္ဌနယ၌ စေ အရ ၆-ပါးနှင့်အတူတူ ပင်တည်း။

---

# ၉-နဝမနယနိဒ္ဒေသ

၁၁၉။ အဋ္ဌမနယနိဒ္ဒေသကို........၌ **နဝမနယနိဒ္ဒေသကို** ဟောတော်မူ၏။

ထို ။ပ။ သည်လည်း အဗ္ဘန္တရမာတိကာနိဒ္ဒေသ, ဗာဟိရမာတိကာ နိဒ္ဒေသ အားဖြင့် **၂-ပါး** အပြားရှိ၏၊ ထိုတွင် အဗ္ဘန္တရမာတိကာနိဒ္ဒေသကို... ....၏။

ထို ။ပ။ သည်လည်း ခန္ဓာဒိနိဒ္ဒေသ, ဖဿသတ္တကရာသိနိဒ္ဒေသာအားဖြင့် **၂-ပါး** အပြားရှိ၏၊ ထိုတွင် ခန္ဓာဒိနိဒ္ဒေသကို ရှေးဦးစွာ ဟောတော်မူ၏။

ထို ။ပ။ သည်လည်း ခန္ဓနိဒ္ဒေသ, အာယတနနိဒ္ဒေသ, ဓာတု, သစ္စ, ဣန္ဒြိယ, ပဋိစ္စသမုပ္ပါဒ, သတိပဋ္ဌာန, သမ္မပ္ပဓာန, ဣဒ္ဓိပါဒ, အပ္ပမညာ, ဈာန, ပဉ္စိန္ဒြိယ, ဗလ, ဗောဇ္ဈင်္ဂ, မဂ္ဂနိဒ္ဒေသအားဖြင့် **၁၅-ပါး** အပြားရှိ၏၊ ထိုတွင် **ခန္ဓ-နိဒ္ဒေသကို**........၏။

ထို။ ပ။ သည်လည်း ဝေဒနာက္ခန္ဓနိဒ္ဒေသ, သညာ, သင်္ခါရ, ဝိညာဏက္ခန္ဓ-နိဒ္ဒေသ အားဖြင့် ၄-ပါး အပြားရှိ၏၊ ထိုတွင် ဝေဒနာက္ခန္ဓနိဒ္ဒေသကို........၏။

ဟောဟန်ကား—

**ဝေဒနာက္ခန္ဓေန** ယေ ဓမ္မာ သမ္ပယုတ္တာ၊ တေဟိ ဓမ္မေဟိ ယေ ဓမ္မာ သမ္ပယုတ္တာ။ တေ ဓမ္မာ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သမ္ပယုတ္တာ၊ တေ ဓမ္မာ တီဟိ ခန္ဓေဟိ ဧကေနာယတနေန သတ္တဟိ ဓာတူဟိ သမ္ပယုတ္တာ၊ ဧကေနာယတနေန ကေဟိစိ ဓာတုယာ ကေဟိစိ သမ္ပယုတ္တာ ဟူသည်တည်း။

ဝေဒနာက္ခန္ဓေန၊ နှင့်။ ယေ ဓမ္မာ၊ အကြင်စိတ်တခုယုတ် ကိုးဆယ့်, ဝေဒနာကြဉ်သော စေတသိက် ဧကပညာသတို့သည်။ သမ္ပယုတ္တာ၊ ယှဉ်ကုန်၏။

တေဟိ ဓမ္မေဟိ၊ တို့နှင့်။ ယေ ဓမ္မာ၊ အကြင် ဝေဒနာက္ခန္ဓာတို့သည်။ သမ္ပယုတ္တာ၊ ကုန်၏။ ပ။

တေ ဓမ္မာ၊ ထို ဝေဒနာက္ခန္ဓာတို့သည်။ တီဟိ၊ ကုန်သော။ ခန္ဓေဟိ၊ သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့နှင့်။ ဧကေန၊ သော။ အာယ-တနေန၊ မနာယတနနှင့်။ သတ္တဟိ၊ ကုန်သော။ ဓာတူဟိ၊ ဝိညာဏဓာတ်တို့နှင့်။ သမ္ပယုတ္တာ၊ ယှဉ်ကုန်၏၊ ဧကေန၊ သော။ အာယတနေန၊ ဓမ္မာယတနနှင့်။ ကေဟိ၊ သော။ ဓာတုယာ၊ နှင့်။ ကေဟိစိ၊ ဓမ္မာယတန ဓမ္မဓာတ်၌ အကျုံး ဝင်သော ဝေဒနာကြဉ်သော စေတသိက်ဧကပညာသဟု ဆိုအပ်သောအချို့တို့ နှင့်။ သမ္ပယုတ္တာ၊ ယှဉ်ကုန်၏။

ထိုနောင် သညာက္ခန္ဓနိဒ္ဒေသကို........၏။

ၐင်း သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာတို့သည် ဝေဒနာက္ခန္ဓာနှင့် တူကုန်၏။

၃၂၀။ ထိုနောင် ဝိညာဏက္ခန္ဓနိဒ္ဒေသကို ဟောတော်မူ၏၊ ဟောဟန်ကား— **ဝိညာဏက္ခန္ဓေန** ယေ ဓမ္မာ အစရှိသည်တည်း။

ဝိညာဏက္ခန္ဓေန၊ နှင့်။ ယေ ဓမ္မာ၊ အကြင် စေတသိက် ဒွေပညာသတို့သည်။ သမ္ပယုတ္တာ၊ ကုန်၏။

တေဟိ ဓမ္မေဟိ၊ ထိုစေတသိက် ဒွေပညာသတို့နှင့်။ ယေ ဓမ္မာ၊ အကြင် ဝိညာဏက္ခန္ဓာတို့သည်။ သမ္ပယုတ္တာ၊ ကုန်၏။ ပ။

တေ ဓမ္မာ၊ ထိုဝိညာဏက္ခန္ဓာတို့သည်။ တီဟိ၊ ကုန်သော၊ ခန္ဓေဟိ၊ ဝေဒ-နာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာတို့နှင့်။ သမ္ပယုတ္တာ၊ ကုန်၏။ ဧကေန၊

သော။ အာယတနေန၊ ဓမ္မာယတနနှင့်။ ကောယ၊ သော။ ဓာတုယာ၊ နှင့်။ ကေဟိစိ၊ ဓမ္မာယတန ဓမ္မဓာတ်၌ အကျုံးဝင်သော စေတသိက် ဒွေ ပညာသ-ဟုဆိုအပ်သော အချို့တို့နှင့်။ သမ္ပယုတ္တာ၊ ကုန်၏။

ခန္ဓနိဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ **အာယတနနိဒ္ဒေသကို** ဟောတော်မူ၏၊ ထို။ပ။ သည်လည်း မနာယတနနိဒ္ဒေသအားဖြင့် ၁-ပါးသာတည်း။ (ထိုမနာယတနသည် ဝိညာဏက္ခန္ဓာနှင့် တူ၏)။

အာယတနနိဒ္ဒေသကို ......၌ **ဓာတုနိဒ္ဒေသ**ကို.......၏၊ ထို။ပ။သည်လည်း စက္ခုဝိညာဏဓာတုနိဒ္ဒေသ, သောတ, ဃာန, ဇိဝှါ, ကာယ, မနောဓာတု, မနောဝိညာဏဓာတုနိဒ္ဒေသအားဖြင့် **၇-ပါး** အပြားရှိ၏၊ ထိုတွင် စက္ခုဝိညာဏ-ဓာတုနိဒ္ဒေသကို...... ၏၊....ကား—**စက္ခုဝိညာဏဓာတုယာ** ယေ ဓမ္မာ အစရှိသည်တည်း။

စက္ခုဝိညာဏဓာတုယာ၊ နှင့်။ ယေ ဓမ္မာ၊ အကြင် သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ခုတို့သည်။ သမ္ပယုတ္တာ၊ ကုန်၏။

တေဟိ ဓမ္မေဟိ၊ ထိုသဗ္ဗစိတ္တသာဓာရဏစေတသိက်တို့နှင့်။ ယေ ဓမ္မာ၊ အကြင် စက္ခုဝိညာဏဓာတ်တို့သည်။ သမ္ပယုတ္တာ၊ ကုန်၏။ပ။

တေ ဓမ္မာ၊ ထိုစက္ခုဝိညာဏဓာတ်တို့သည်။ တီဟိ၊ ကုန်သော။ ခန္ဓေဟိ၊ စေတသိက်ခန္ဓာတို့နှင့်။ သမ္ပယုတ္တာ၊ ကုန်၏။ ဧကေန၊ သော။ အာယတနေန၊ ဓမ္မာယတနနှင့်။ ကောယ၊ သော။ ဓာတုယာ၊ ဓမ္မဓာတ်နှင့်။ ကေဟိစိ၊ ဓမ္မာယတန ဓမ္မဓာတ်၌ အကျုံးဝင်သော သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ခု ဟုဆိုအပ်သော အချို့တို့နှင့်။ သမ္ပယုတ္တာ၊ ကုန်၏။

ထိုနောင် သောတဝိညာဏဓာတုနိဒ္ဒေသကို ဟောတော်မူ၏။

> ၎င်း သောတဝိညာဏဓာတ် အစ မနောဝိညာဏဓာတ် အဆုံးရှိသော ပုဒ်တို့သည် စက္ခုဝိညာဏဓာတ်နှင့် နည်းတူကုန်၏။

၃၂၁။ ဓာတုနိဒ္ဒေသကို........၌ **သစ္စနိဒ္ဒေသ**ကို........၏၊ ထို။ပ။ သည်လည်း သမုဒယသစ္စနိဒ္ဒေသ, မဂ္ဂသစ္စနိဒ္ဒေသအားဖြင့် ၂-ပါး အပြားရှိ၏၊ ထိုတွင် သမု-ဒယသစ္စနိဒ္ဒေသကို........၏၊....ကား-—**သမုဒယသစ္စေန** ယေ ဓမ္မာ အစရှိသည်တည်း။

သမုဒယသစ္စေန၊ နှင့်။ ယေ ဓမ္မာ၊ အကြင် လောဘမူစိတ် ၈-ခု, လောဘ ကြဉ်သော စေတသိက် ကေဝီသတို့သည်။ သမ္ပယုတ္တာ၊ ကုန်၏။

တေဟိ ဓမ္မေဟိ၊ တို့နှင့်။ ယေ ဓမ္မာ၊ အကြင် သမုဒယသစ္စာတို့သည်။ သမ္ပ-ယုတ္တာ၊ ကုန်၏။

တေ ဓမ္မာ၊ ထို သမုဒယသစ္စာတို့သည်။ တီဟိ၊ ကုန်သော။ ခန္ဓေဟိ၊ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့နှင့်။ ဧကေန၊ သော။ အာယတနေန၊ မနာယတနနှင့်။ ကောယ၊ သော။ ဓာတုယာ၊ မနောဝိညာဏဓာတ်နှင့်။ သမ္ပယုတ္တာ၊ ကုန်၏။ ဧကေန၊ သော။ ခန္ဓေန၊ သင်္ခါရက္ခန္ဓာနှင့်။ ဧကေန၊ သော။ အာယတနေန၊ ဓမ္မာယတနနှင့်။ ကောယ၊ သော။ ဓာတုယာ၊ ဓမ္မဓာတ်နှင့်။ ကေဟိစိ၊ သင်္ခါရက္ခန္ဓာ ဓမ္မာယတန ဓမ္မဓာတ်၌ အကျုံးဝင်သော စေတသိက် ဧကဝီသ ဟု ဆိုအပ်သော အချို့တို့နှင့်။ သမ္ပယုတ္တာ၊ ကုန်၏။ (မဂ္ဂသစ္စာသည် သမုဒယသစ္စာနှင့် တူ၏)။

၃၂၂။ သစ္စနိဒ္ဒေသကို... ...၌ **ဣန္ဒြိယနိဒ္ဒေသကို.. ....၏၊** ထို ။ပ။ သည်လည်း မနိန္ဒြိယနိဒ္ဒေသ, သုခိန္ဒြိယ, ဒုက္ခိန္ဒြိယ, သောမနဿိန္ဒြိယ, ဒေါမနဿိန္ဒြိယ, ဥပေက္ခိန္ဒြိယ, သဒ္ဓိန္ဒြိယ, ဝီရိယိန္ဒြိယ, သတိန္ဒြိယ, သမာဓိန္ဒြိယ, ပညိန္ဒြိယ, အနညာတညဿာမီတိန္ဒြိယ, အညိန္ဒြိယ, အညာတာဝိန္ဒြိယနိဒ္ဒေသ အားဖြင့် ၁၄-ပါး အပြားရှိ၏၊ ထိုတွင် မနိန္ဒြိယနိဒ္ဒေသကို ရှေးဦးစွာ ဟောတော်မူ၏။ (၎င်း မနိန္ဒြိယသည် ဝိညာဏက္ခန္ဓာနှင့် တူ၏)။

၃၂၃။ ထိုနောင် သုခိန္ဒြိယနိဒ္ဒေသကို ဟောတော်မူ၏၊ ဟောဟန်ကား— **သုခိန္ဒြိယေန** ယေ ဓမ္မာ အစရှိသည်တည်း။

သုခိန္ဒြိယေန၊ နှင့်။ ယေ ဓမ္မာ၊ အကြင် သုခသဟဂုတ်ကာယဝိညာဉ်, ဝေဒနာ ကြဉ်သော သဗ္ဗစိတ္တသာဓာရဏစေတသိက် ၆-ခုတို့သည်။ သမ္ပယုတ္တာ၊ ကုန်၏။

တေဟိ ဓမ္မေဟိ၊ တို့နှင့်။ ယေ ဓမ္မာ၊ အကြင် သုခိန္ဒြေတို့သည်။ သမ္ပယုတ္တာ၊ ကုန်၏။

တေ ဓမ္မာ၊ ထို သုခိန္ဒြေတို့သည်။ တီဟိ၊ ကုန်သော။ ခန္ဓေဟိ၊ သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့နှင့်။ ဧကေန၊ သော။ အာယတနေန၊ မနာယတနနှင့်။ ကောယ၊ သော။ ဓာတုယာ၊ ကာယဝိညာဏဓာတ်နှင့်။ သမ္ပယုတ္တာ၊ ကုန်၏။ ဧကေန၊ သော။ အာယတနေန၊ ဓမ္မာယတနနှင့်။ ကောယ၊ သော။ ဓာတုယာ၊ နှင့်။ ကေဟိစိ၊ ဓမ္မာယတန ဓမ္မဓာတ်၌ အကျုံးဝင်သော သဗ္ဗစိတ္တသာဓာရဏစေတသိက် ၆-ခု ဟု ဆိုအပ်သော အချို့တို့နှင့်။ သမ္ပယုတ္တာ၊ ကုန်၏။

ဒုက္ခိန္ဒြေ, သောမနဿိန္ဒြေ, ဒေါမနဿိန္ဒြေတို့သည် သုခိန္ဒြေနှင့် နည်းတူကုန်၏။

၃၂၄။ ထိုနောင် ဥပေက္ခိန္ဒြိယနိဒ္ဒေသကို........၏၊... ကား—**ဥပေက္ခိန္ဒြိယေန** ယေ ဓမ္မာ အစရှိသည်တည်း။

ဥပေက္ခိန္ဒြိယေန၊ နှင့်။ ယေ ဓမ္မာ၊ အကြင် ဥပေက္ခာသဟဂုတ်စိတ် ၅၅-ခု, စေတသိက် ဆ စတ္တာလီသတို့သည်။ သမ္ပယုတ္တာ၊ ကုန်၏။

တေဟိ ဓမ္မေဟိ၊ တို့နှင့်။ ယေ ဓမ္မာ၊ အကြင် ဥပေက္ခိန္ဒြေတို့သည်။ သမ္ပယုတ္တာ၊ ကုန်၏။

တေ ဓမ္မာ၊ ထို ဥပေက္ခိန္ဒြေတို့သည်။ တီဟိ၊ ကုန်သော။ ခန္ဓေဟိ၊ သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့နှင့်။ ဧကေန၊ သော။ အာယတနေန၊ မနာယတနနှင့်။ ဆဟိ၊ ကုန်သော။ ဓာတူဟိ၊ ကာယဝိညာဏဓာတ် ကြဉ်သော ဆ ဝိညာဏဓာတ်တို့နှင့်။ သမ္ပယုတ္တာ၊ ကုန်၏။ ဧကေန၊ သော။ အာယတနေန၊ ဓမ္မာယတနနှင့်။ ဧကာယ၊ သော။ ဓာတုယာ၊ ဓမ္မဓာတ်နှင့်။ ကေဟိစိ၊ ဓမ္မာယတန ဓမ္မဓာတ်၌ အကျုံးဝင်သော စေတသိက် ဆ စတ္တာလီသ ဟု ဆိုအပ်သော အချို့တို့နှင့်။ သမ္ပယုတ္တာ၊ ကုန်၏။

သဒ္ဒိန္ဒြေ အစ အညာတာဝိန္ဒြေ အဆုံးရှိသော ပုဒ်တို့သည် သမုဒယသစ္စာနှင့် နည်းတူကုန်၏။

၃၂၆။ ဣန္ဒြိယနိဒ္ဒေသကို........၌ **ပဋိစ္စသမုပ္ပါဒနိဒ္ဒေသကို** .....၏၊ ထို ။ပ။ သည်လည်း အဝိဇ္ဇာနိဒ္ဒေသ, သင်္ခါရနိဒ္ဒေသ, ဝိညာဉ်, ဖဿ, ဝေဒနာ, တဏှာ ဥပါဒါန်, ကမ္မဘဝ, သောက, ဒုက္ခ, ဒေါမနဿ, ဥပါယာသ အားဖြင့် ၁၂-ပါး အပြားရှိ၏၊ ထိုတွင် အဝိဇ္ဇာနိဒ္ဒေသကို........၏။

အဝိဇ္ဇာ, သင်္ခါရတို့သည် သမုဒယသစ္စာနှင့် နည်းတူကုန်၏။ ဝိညာဏသည် ဝိညာဏက္ခန္ဓာနှင့် တူပြီ။

၃၂၇။ ထိုနောင် ဖဿနိဒ္ဒေသကို ဟောတော်မူ၏၊.... ကား— **ဖဿေန** ယေ ဓမ္မာ အစရှိသည်တည်း။

ဖဿေန၊ နှင့်။ ယေ ဓမ္မာ၊ အကြင် စိတ် တခုယုတ် ကိုးဆယ် ဖဿ ကြဉ်သော စေတသိက် ဧကပညာသတို့သည်။ သမ္ပယုတ္တာ၊ ကုန်၏။

တေဟိ ဓမ္မေဟိ၊ တို့နှင့်။ ယေ ဓမ္မာ၊ အကြင် ဖဿစေတသိက်တို့သည်။ သမ္ပယုတ္တာ၊ ကုန်၏။

တေ ဓမ္မာ၊ ထိုဖဿစေတသိက်တို့သည်။ တီဟိ၊ ကုန်သော။ ခန္ဓေဟိ၊ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့နှင့်။ ဧကေန၊ သော။ အာယတနေန၊ မနာယတနနှင့်။ သတ္တဟိ၊ ကုန်သော။ ဓာတူဟိ၊ သတ္တဝိညာဏဓာတ်တို့နှင့်။ သမ္ပယုတ္တာ၊ ကုန်၏။ ဧကေန၊ သော။ ခန္ဓေန၊ သင်္ခါရက္ခန္ဓာနှင့်။ ဧကေန၊ သော။ အာယတနေန၊ ဓမ္မာယတနနှင့်။ ဧကာယ၊ သော။ ဓာတုယာ၊ နှင့်။

ကေဟိစိ၊ သင်္ခါရက္ခန္ဓာ ဓမ္မာယတန ဓမ္မဓာတ်၌ အကျုံးဝင်သော ဖဿကြဉ်သော စေတသိက် ၈၆-ပါးသ ဟု ဆိုအပ်သော အချို့တို့နှင့်။ သမ္ပယုတ္တာ၊ ကုန်၏။

ဝေဒနာ,တဏှာ အစရှိသော ပုဒ်တို့ကို အောက်၌ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်သိအပ်ကုန်၏။

ပဋိစ္စသမုပ္ပါဒနိဒ္ဒေသကို........၌ **သတိပဋ္ဌာနနိဒ္ဒေသကို** ဟောတော်မူ၏။

ရင်း သတိပဋ္ဌာန်, သမ္မပ္ပဓာန်တို့သည ဆိုခဲ့ပြီးသော နည်းဖြင့် သိလွယ်ကုန်ပြီ။

၃၃၂။ ထိုနောင် **ဣဒ္ဓိပါဒနိဒ္ဒေသကို** ဟောတော်မူ၏၊....ကား —**ဣဒ္ဓိပါဒေန** ယေ ဓမ္မာ အစရှိသည်တည်း။

ဣဒ္ဓိပါဒေန၊ နှင့်။ ယေ ဓမ္မာ၊ အကြင် ဆန္ဒ, ဝီရိယ, ဝီမံသကြဉ်သော စေတသိက် တေတ္တိံသတို့သည်။ သမ္ပယုတ္တာ၊ ကုန်၏။

တေဟိ ဓမ္မေဟိ၊ တို့နှင့်။ ယေ ဓမ္မာ၊ အကြင် ဣဒ္ဓိပါဒ်တို့သည်။ သမ္ပယုတ္တာ၊ ကုန်၏။

တေ ဓမ္မာ၊ ထိုဣဒ္ဓိပါဒ်တို့သည်။ ဒွီဟိ၊ ကုန်သော။ ခန္ဓေဟိ၊ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာတို့နှင့်။ သမ္ပယုတ္တာ၊ ကုန်၏။ ဧကေန၊ သော။ ခန္ဓေန၊ သင်္ခါရက္ခန္ဓာနှင့်။ ဧကေန၊ သော။ အာယတနေန၊ ဓမ္မာယတနနှင့်။ ဧကာယ၊ သော။ ဓာတုယာ၊ နှင့်။ ကေဟိစိ၊ သင်္ခါရက္ခန္ဓာ ဓမ္မာယတန ဓမ္မဓာတ်၌ အကျုံးဝင်သော စေတသိက် တေတ္တိံသ ဟု ဆိုအပ်သော အချို့တို့နှင့်။ သမ္ပယုတ္တာ၊ ကုန်၏။

၃၃၃။ ထိုနောင် **ဈာနနိဒ္ဒေသ ကို** ဟောတော်မူ၏၊ ဟောဟန်ကား— **ဈာနေန** ယေ ဓမ္မာ အစရှိသည်တည်း။

ဈာနေန၊ နှင့်။ ယေ ဓမ္မာ၊ အကြင် မဟဂ္ဂုတ်စိတ် သတ္တဝီသ, လောကုတ္တရာ စိတ် ၈-ခု, ဈာနင်တရားကိုယ် ၅-ပါးကြဉ် သော စေတသိက်တေတ္တိံသတို့သည်။ သမ္ပယုတ္တာ၊ ကုန်၏။

တေဟိ ဓမ္မေဟိ၊ တို့နှင့်။ ယေ ဓမ္မာ၊ အကြင် ဈာန်တရားတို့သည်။ သမ္ပယုတ္တာ၊ ကုန်၏။

တေ ဓမ္မာ၊ ထိုဈာန်တရားတို့သည်။ ဒွီဟိ၊ ကုန်သော။ ခန္ဓေဟိ၊ သညာက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့နှင့်။ ဧကေန၊ သော။ အာယတနေန၊ မနာယတနနှင့်။ ဧကာယ၊ သော။ ဓာတုယာ၊ မနောဝိညာဏဓာတ်နှင့်။ သမ္ပယုတ္တာ၊ ကုန်၏။ ဧကေန၊ သော။ ခန္ဓေန၊ သင်္ခါရက္ခန္ဓာနှင့်။ ဧကေန၊ သော။ အာယတနေန၊ ဓမ္မာယတနနှင့်။ ဧကာယ၊ သော။ ဓာတုယာ၊ ဓမ္မဓာတ်နှင့်။ ကေဟိစိ၊ သင်္ခါရက္ခန္ဓာ

ဓမ္မာယတန ဓမ္မဓာတ်၌ အကျုံးဝင်သော စေတသိက် တေတ္တိံ သ ဟု ဆိုအပ်သော အချို့တို့နှင့်။ သမ္ပယုတ္တာ၊ ကုန်၏။

ထိုနောင် **အပ္ပမညာနိဒ္ဒေသ**ကို ဟောတော်မူ၏။ (၎င်းအပ္ပမညာ အစ မဂ္ဂ အဆုံးရှိသော နိဒ္ဒေသတို့သည် သမုဒယသစ္စာနှင့် နည်းတူ ကုန်ပြီ။)

၃၃၅။ ခန္ဓာဒိနိဒ္ဒေသကို.... ၌ **ဖဿသတ္တကရာသိနိဒ္ဒေသကို....** ၏။

ဤ နိဒ္ဒေသ၌ ဖဿ, ဝေဒနာ, သညာ, စေတနာ, စိတ္တတို့သည် သိလွယ်ကုန်ပြီ။

၃၃၈။ ထိုနောင် **အဓိမောက္ခနိဒ္ဒေသ**ကို ဟောတော်မူ၏၊ ဟောဟန်ကား— **အဓိမောက္ခေန** ယေ ဓမ္မာ အစရှိသည်တည်း။

အဓိမောက္ခေန၊ နှင့်။ ယေ ဓမ္မာ၊ အကြင် အဓိမောက္ခဖြစ်သော စိတ် ၇၈-ခု, အဓိမောက္ခ ဝိစိကိစ္ဆာကြဉ် သော စေတသိက် ပညာသတို့သည်။ သမ္ပယုတ္တာ၊ ကုန်၏။

တေဟိ ဓမ္မေဟိ၊ တို့နှင့်။ ယေ ဓမ္မာ၊ အကြင် အဓိမောက္ခ စေတသိက် တို့ သည်။ သမ္ပယုတ္တာ၊ ကုန်၏။

တေ ဓမ္မာ၊ ထိုအဓိမောက္ခ စေတသိက်တို့သည်။ တီဟိ၊ ကုန်သော။ ခန္ဓေဟိ၊ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့နှင့်။ ဧကေန၊ သော။ အာယ-တနေန၊ မနာယတနနှင့်။ ဒွီဟိ၊ ကုန်သော။ ဓာတူဟိ၊ မနောဓာတ်, မနောဝိညာဏဓာတ်တို့နှင့်။ သမ္ပယုတ္တာ၊ ကုန်၏။ ဧကေန၊ သော။ ခန္ဓေန၊ သင်္ခါရက္ခန္ဓာနှင့်။ ဧကေန၊ သော။ အာယတနေန၊ ဓမ္မာယတနနှင့်။ ဧကာယ၊ သော။ ဓာတုယာ၊ ဓမ္မဓာတ်နှင့်။ ကေဟိစိ၊ သင်္ခါရက္ခန္ဓာ ဓမ္မာယတန ဓမ္မဓာတ်၌အကျုံးဝင်သော စေတသိက် ပညာသဟု ဆိုအပ်သော အချို့တို့နှင့်။ သမ္ပယုတ္တာ၊ ကုန်၏။ (မနသိကာရ လွယ်ပြီ)။

၃၃၉။ အဇ္ဈတ္တရမာတိကာနိဒ္ဒေသကို....၌ **ဗာဟိရမာတိကာနိဒ္ဒေသ**ကို ဟော-တော်မူ၏။

ထို။ ပ ။ သည်လည်း တိက, ဒုကအားဖြင့် ၂-ပါး အပြားရှိ၏၊ ထိုတွင် တိကကို....၏။

ထို။ ပ ။ သည်လည်း ဝေဒနာတိက်, ဝိတက်တိက်, ပီတိတိက်အားဖြင့် **၃-ပါး** အပြားရှိ၏၊ ထိုတွင် ဝေဒနာတိက်ကို....၏။

ထို။ပ။ သည်လည်း ပဌမပဒ, ဒုတိယပဒ, **တတိယပဒအားဖြင့်** ၃-ပါး အပြား ရှိ၏၊ ထိုတွင် ပဌမပဒကို ရှေးဦးစွာ ဟောတော်မူ၏။

ဟောဟန်ကား—**သုခါယ ဝေဒနာယ သမ္ပယုတ္တေဟိ ဓမ္မေဟိ ယေ ဓမ္မာ အစရှိသည်တည်း။**

သုခါယ၊ သော။ ဝေဒနာယ၊ နှင့်။ သမ္ပယုတ္တောဟိ၊ ကုန်သော။ ဓမ္မေဟိ၊ သုခဝေဒနာကြဉ်သော သုခသဟဂုတ် စိတ္တုပ္ပါဒ်တရားတို့နှင့်။ ယေ ဓမ္မာ၊ အကြင် သုခဝေဒနာတို့သည်။ သမ္ပယုတ္တာ၊ ကုန်၏။

တေဟိ ဓမ္မေဟိ၊ တို့နှင့်။ ယေ ဓမ္မာ၊ အကြင် သုခသဟဂုတ်စိတ် ၆၃-ခု, စေတသိက် ဆစတ္တာလီသတို့သည်။ သမ္ပယုတ္တာ၊ ကုန်၏။

တေ ဓမ္မာ၊ ထိုသုခဝေဒနာကြဉ်သော သုခသဟဂုတ် စိတ္တုပ္ပါဒ်တို့သည်။ ဧကေန၊ သော။ ခန္ဓေန၊ ဝေဒနာက္ခန္ဓာနှင့်။ သမ္ပယုတ္တာ၊ ကုန်၏။ ဧကေန၊ သော။ အာယတနေန၊ ဓမ္မာယတနနှင့်။ ကောယ၊ သော။ ဓာတုယာ၊ ဓမ္မဓာတ်နှင့်။ ကေဟိစိ၊ ဓမ္မာယတန ဓမ္မဓာတ်၌ အကျုံးဝင်သော သုခဝေဒနာဟု ဆိုအပ်သော အချို့တို့နှင့်။ သမ္ပယုတ္တာ၊ ကုန်၏။

တက်သောအစဉ်နည်းတူ၊ ပုဒ်သွင်းဟန်ကို သိလွယ်ပြီဖြစ်သောကြောင့် တိက်၌ သဝိတက္ကသဝိစာရဆောင်ပုဒ်၊ ဒုက်၌ စေတသိကပဒဆောင်ပုဒ် ၎င်း ၂-ပုဒ်ကို ရေးလိုက်အံ့။

၃၄၀။ ထို့နောင် သဝိတက္ကသဝိစာရပဒကို...၏၊ ဟောဟန်ကား—**သဝိတက္ကသဝိစာရေဟိ ဓမ္မေဟိ** ယေ ဓမ္မာ အစရှိသည်တည်း။

သဝိတက္ကသဝိစာရေဟိ၊ ကုန်သော။ ဓမ္မေဟိ၊ သဝိတက္ကသဝိစာရစိတ် ၅၅-ခု၊ ဝိတက်, ဝိစာရကြဉ်သော စေတသိက်ပညာသတို့နှင့်။ ယေ ဓမ္မာ၊ အကြင်ဝိတက်, ဝိစာရတို့သည်။ သမ္ပယုတ္တာ၊ ကုန်၏။

တေဟိ ဓမ္မေဟိ၊ တို့နှင့်။ ယေ ဓမ္မာ၊ အကြင် သဝိတက္ကသဝိစာရစိတ် ၅၅-ခု ဝိတက်, ဝိစာရကြဉ်သော စေတသိက် ပညာသတို့သည်။ သမ္ပယုတ္တာ၊ ကုန်၏။

တေ ဓမ္မာ၊ ထိုသဝိတက္ကသဝိစာရစိတ် ၅၅-ခု၊ ဝိတက်, ဝိစာရကြဉ်သော စေတသိက်ပညာသတို့သည်။ ဧကေန၊ သော။ ခန္ဓေန၊ သင်္ခါရက္ခန္ဓာနှင့်။ ဧကေန၊ သော။ အာယတနေန၊ ဓမ္မာယတနနှင့်။ ကောယ၊ သော။ ဓာတုယာ၊ နှင့်။ ကေဟိစိ၊ သင်္ခါရက္ခန္ဓာ ဓမ္မာယတန ဓမ္မဓာတ်တို့၌ အကျုံးဝင်သော ဝိတက်, ဝိစာရဟု ဆိုအပ်သော အချို့တို့နှင့်။ သမ္ပယုတ္တာ၊ ကုန်၏။

၃၄၉။ ထို့နောင် စေတသိကပဒကို....၏၊ ဟောဟန်ကား-—**စေတသိကေဟိ ဓမ္မေဟိ** ယေ ဓမ္မာ အစရှိသည်တည်း။

စေတသိကေဟိ၊ ကုန်သော။ ဓမ္မေဟိ၊ တို့နှင့်။ယေ ဓမ္မာ၊ အကြင်စိတ် တခု ယုတ် ကိုးဆယ်တို့သည်။ သမ္ပယုတ္တာ၊ ကုန်၏။

တေဟိ ဓမ္မေဟိ၊ တို့နှင့်။ ယေ ဓမ္မာ၊ အကြင်စေတသိက် ဒွေပညာသတို့သည် သမ္ပယုတ္တာ၊ ကုန်၏။

တေ ဓမ္မာ၊ ထိုစေတသိက်ဒွေပညာသတို့သည်။ ဧကေန၊ သော။ ခန္ဓေန၊ ဝိညာဏက္ခန္ဓာနှင့်။ ဧကေန၊ သော။ အာယတနေန၊ မနာယတနနှင့်။ သတ္တဟိ၊ ကုန်သော။ ဓာတူတိ၊ ဝိညာဏဓာတ်တို့နှင့်။ သမ္ပယုတ္တာ၊ ကုန်၏။

ဤနယ၌ အကျဉ်းဆောင်ပုဒ် ၁၃-ပုဒ်ကို ဆောင်၍ ပြောလေ။

နဝမနယနိဒ္ဒေသ ပြီး၏။

---

ဒသမနယနိဒ္ဒေသ၌ အကျဉ်းဥဒါန်းစဉ် ဂါထာကား—

ဓမ္မာယတနံ ဓမ္မဓာတု၊ ဒုက္ခသစ္စဉ္စ ဇီဝိတံ။
သဠာယတနံ နာမရူပံ၊ စတ္တာရော စ မဟာဘဝါ။
ဇာတိ ဇရာ စ မရဏံ၊ တိကေသွကူနဝိသတိ။
ဂေါစ္ဆကေသု စ ပညာသ၊ အဋ္ဌ စူဠန္တရေ ပဒါ။
မဟန္တရေ ပန္နရသ၊ အဋ္ဌာရသ တတော ပရေ။
တေဝီသပဒသတံ ဧတံ၊ သမ္ပယောဂေ န လဗ္ဘတိ။

ဓမ္မာယတနဉ္စ၊ ၎င်း။ ဓမ္မဓာတု စ၊ ၎င်း။ ဒုက္ခသစ္စဉ္စ၊ ၎င်း။ ဇီဝိတဉ္စ၊ ၎င်း။ သဠာယတနဉ္စ၊ ၎င်း။ နာမရူပဉ္စ၊ ၎င်း။ စတ္တာရော၊ ၄-ပါးကုန်သော။ မဟာဘဝါ စ၊ ဥပပတ္တိဘဝ, ကာမဘဝ, သညာဘဝ, ပဉ္စဝေါကာရဘဝဟုဆိုအပ်သော ဘဝကြီးတို့၎င်း။

ဇာတိ စ၊ ၎င်း။ ဇရာ စ၊ ၎င်း။ မရဏဉ္စ၊ ၎င်း။ တိကေသု၊ တို့၌။ ဧကူနဝီသတိ၊ တခုယုတ် ၂၀-သော။ ပဒါ စ၊ အဗျာကတ အစရှိသော ခန္ဓာ အာယတန ဓာတ် အကုန်ရသော ပုဒ်တို့၎င်း။ ဂေါစ္ဆကေသု၊ ဂေါစ္ဆကတို့၌။ ပညာသ၊ ၅၀-ကုန်သော။ ပဒါ စ၊ နဟေတု, အဟေတုက အစရှိသော ခန္ဓာ, အာယတန, ဓာတ် အကုန်ရသော ပုဒ်တို့၎င်း။ စူဠန္တရေ၊ စူဠန္တရဒုက်၌။ အဋ္ဌ၊ ၈-ပါးကုန်သော။ ပဒါ စ၊ သပ္ပစ္စယ, သင်္ခတ အစရှိသော ခန္ဓာ, အာယတန, ဓာတ် အကုန်ရသော ပုဒ်တို့၎င်း။

မဟန္တရေ၊ မဟန္တရဒုက်၌။ ပန္နရသ၊ ကုန်သော။ ပဒါ စ၊ နောစိတ္တအစရှိသော ပုဒ်တို့၎င်း။ တတော၊ ထိုမဟန္တရဒုက်မှ။ အပရေ၊ နောက်ဖြစ်သော ပိဋ္ဌိဒုက်၌။ အဋ္ဌာရသ၊ ကုန်သော။ ပဒါ စ၊ နဒဿနေနပဟာတဗ္ဗ အစရှိသော ခန္ဓာ, အာယတန, ဓာတ် အကုန်ရသော ပုဒ်တို့၎င်း။ ဣတိ၊ ဤသို့။ ဧတံ တေဝီသပဒသတံ၊ ဤ ၁၂၃-ပုဒ်ကို။ သမ္ပယောဂေ၊ သမ္ပယောဂ ဝိပ္ပ-

ယောဂပဒန်ဒွေသဉ္စ။ ဝါ၊ ဒသမနယန်ဒွေသဉ္စ။ န လဗ္ဘတိ၊ မရအပ်။ ဝါ၊ ဟောတော်မမူ။

ပိဋ္ဌိဒုက်၌ အဝိတက္ကပဒ, အဝိစာရပဒ ဤ ၂-ပုဒ်တို့သည် မနောခါတ်နှင့် ဝိပ္ပယုတ် ဖြစ်ငြားသော်လည်း အလုံးစုံတို့နှင့် ဝိပ္ပယုတ်မဖြစ်။

ထိုပုဒ်၏ ဝါစ္စဖြစ်သော ပဌမပုဒ်၏ အရနှင့် သမ္ပယုတ်ဖြစ်သော ဝိတက်, ဝိစာရတို့နှင့် သမ္ပယုတ်ဖြစ်သောကြောင့် ထို ၂-ပုဒ်တို့ကို ဟောတော်မမူ ဟု အယူရှိ၍ **အဋ္ဌကထာ** ဆရာသည် (၁၅) ဥဒါန်းဂါထာ၌ "အဋ္ဌာရသ တတော ပရေ၊ တေဝီသပဒသတံ" ဟု မိန့်အပ်၏။

ဤဒသမနယ၌ ဥဒ္ဒေသ ဂါထာကား ဆဋ္ဌနယ၌ ဥဒ္ဒေသဂါထာပင်၊ အသီးမရှိ။

ဤ ဒသမနယ၌ အကျဉ်းဆောင်ပုဒ်မှာလည်း  အောက်ဆဋ္ဌနယ၌ ဆိုအပ်ပြီးသော ၂၂-ပုဒ်တို့ကို ပါဠိတူ ဝိသဇ္ဇနာတူ ပေါင်း၍ ၁၀-ပုဒ်သာရှိသည်။

၎င်း ၁၀-ပုဒ်ကိုလည်း ပုဒ်တူနှင့်တကွ သရုပ်အကျဉ်းကို ဆောင်၍ သိအပ်၏။

ဒသမနယ၌—

**ရူ၊ ဝေ၊ စ၊ ဥ၊ ရူ၊ အ၊ ဝိ၊ နေ၊ အ၊ အ။**

ဤ ၁၀-ခုသော အကျဉ်းဆောင်ပုဒ်ကိုလည်း သိအပ်၏။

ရူ အရကား ၄၃-ပါးတည်း၊ ၄၃-ပါး ဟူသော်ကား—

အောက် ဆဋ္ဌနယ၌ ရူအရ ၄၃-ပါးနှင့် အတူပင်တည်း။

ဝေ အရကား ၂၂-ပါးတည်း၊ ၂၂-ပါး ဟူသော်ကား—

အောက် သတ္တမနယ၌ ဝေ အရ ၂၂-ပါးနှင့် အတူပင်တည်း။

စ အရကား ၁၃၂-ပါးတည်း၊ ၁၃၂-ပါး ဟူသော်ကား—

အောက်ဆဋ္ဌ နယ၌
စ အရ ၇-ပါး၊
သ အရ ၅၃-ပါး၊
သု အရ ၇-ပါး၊
အ အရ ၄၆-ပါး၊
ဣ အရ ၁-ပါး၊
ဈာ အရ ၁-ပါး၊
အ အရ ၁၇-ပါး၊ ၎င်းတို့ကို ပေါင်း၍ ၁၃၂-ပါး ဖြစ်သတည်း။

ဥ အရကား ၄-ပါးတည်း၊ ၄-ပါး ဟူသော်ကား—

အောက် ဆဋ္ဌနယ၌
ဥ အရ ၁-ပါး၊
အ အရ ၃-ပါးတို့ကို ပေါင်း၍ ၄-ပါး ဖြစ်သတည်း။

ရူ အရကား ရူပဘဝ တခုသာတည်း။

အ အရကား ၈ ပါးတည်း၊ ၈-ပါး ဟူသော်ကား—

အောက် ဆဋ္ဌနယ၌
အ အရ ၁-ပါး၊
သု အရ ၄-ပါး၊
သ အရ ၃-ပါးတို့ကို ပေါင်း၍ ၈-ပါး ဖြစ်သတည်း။

ဝိ အရကား ၇-ပါးတည်း၊ ၇-ပါး ဟူသော်ကား—
အောက် ဆဋ္ဌနယ၌ ဝိ အရ ၇-ပါးနှင့် အတူပင်တည်း။

နေ အရကား ၄-ပါးတည်း၊ ၄-ပါး ဟူသော်ကား—
အောက် ဆဋ္ဌနယ၌ နေ အရ ၄-ပါးနှင့် အတူပင်တည်း။

အ အရကား ၂၆-ပါးတည်း၊ ၂၆-ပါး ဟူသော်ကား—
အောက် ဆဋ္ဌနယ၌ အ အရ ၂၆-ပါးနှင့် အတူပင်တည်း။

အ အရကား ၃-ပါးတည်း၊ ၃-ပါး ဟူသော်ကား—
အောက် ဆဋ္ဌနယ၌ အ အရ ၃-ပါးနှင့် အတူပင်တည်း။

---

# ၁၀–ဒသမနယနိဒ္ဒေသ

၃၅၃။ နဝမနယနိဒ္ဒေသကို........၌ **ဒသမနယနိဒ္ဒေသကို** ဟောတော်မူ၏။

ထို ။ပ။ သည်လည်း အဇ္ဈတ္တရမာတိကာနိဒ္ဒေသ, ဗာဟိရမာတိကာနိဒ္ဒေသ အားဖြင့် **၂-ပါး** အပြားရှိ၏၊ ထိုတွင် အဇ္ဈတ္တရမာတိကာနိဒ္ဒေသကို........၏။

ထို ။ပ။ သည်လည်း ခန္ဓာဒိနိဒ္ဒေသ, ဖဿသတ္တကရာသိနိဒ္ဒေသအားဖြင့် **၂-ပါး** အပြားရှိ၏၊ ထိုတွင် ခန္ဓာဒိနိဒ္ဒေသကို........၏။

ထို ။ပ။ သည်လည်း ခန္ဓနိဒ္ဒေသ, အာယတန, ဓာတု, သစ္စ, ဣန္ဒြိယ, ပဋိစ္စသမုပ္ပါဒ, သတိပဋ္ဌာန, သမ္မပ္ပဓာန, ဣဒ္ဓိပါဒ, ဈာန, အပ္ပမညာ, ပဉ္စိန္ဒြိယ, ဗလ, ဗောဇ္ဈင်္ဂ, မဂ္ဂနိဒ္ဒေသအားဖြင့် **၁၅-ပါး** အပြားရှိ၏၊ ထိုတွင် ခန္ဓနိဒ္ဒေသကို........၏။

ထို ။ပ။ သည်လည်း ရူပက္ခန္ဓနိဒ္ဒေသ, ဝေဒနာက္ခန္ဓ, သညာက္ခန္ဓ, သင်္ခါရက္ခန္ဓ, ဝိညာဏက္ခန္ဓနိဒ္ဒေသအားဖြင့် **၅-ပါး** အပြားရှိ၏၊ ထိုတွင် ရူပက္ခန္ဓနိဒ္ဒေသကို........၏၊ ဟောဟန်ကား—

**ရူပက္ခန္ဓေန** ယေ ဓမ္မာ ဝိပ္ပယုတ္တာ၊ တေဟိ ဓမ္မေဟိ ယေ ဓမ္မာ ဝိပ္ပယုတ္တာ။ တေ ဓမ္မာ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ ဝိပ္ပယုတ္တာ၊ တေ ဓမ္မာ စတူဟိ ခန္ဓေဟိ ဧကေနာယတနေန သတ္တဟိ ဓာတူဟိ ဝိပ္ပယုတ္တာ၊ ဧကေနာယတနေန ကောဃ ဓာတုယာ ကေဟိစိ ဝိပ္ပယုတ္တာ ဟူသည်တည်း။

ရူပက္ခန္ဓေန၊ နှင့်။ ယေ ဓမ္မာ၊ အကြင် နာမက္ခန္ဓာ ၄-ပါးတို့သည်။ ဝိပ္ပ-ယုတ္တာ၊ ကုန်။

တေဟိ ဓမ္မေဟိ၊ တို့နှင့်။ ယေ ဓမ္မာ၊ အကြင် ရုပ် အဋ္ဌဝိသ, နိဗ္ဗာန်တို့ သည်။ ဝိပ္ပယုတ္တာ၊ ကုန်။

တေ ဓမ္မာ၊ ထိုရုပ် အဋ္ဌဝိသ, နိဗ္ဗာန်တို့သည်။ ကတိဟိ၊ ကုန်သော။ ခန္ဓေဟိ၊ တို့နှင့်။ ကတိဟိ၊ ကုန်သော။ အာယတနေဟိ၊ တို့နှင့်။ ကတိဟိ၊ ကုန်သော။ ဓာတူဟိ၊ တို့နှင့်။ ဝိပ္ပယုတ္တာ၊ နည်း။ ဣတိ ပုစ္ဆာယံ၊ သည်၊၊ သတိ၊ သော်-—

တေ ဓမ္မာ၊ တို့သည်။ စတူဟိ၊ ကုန်သော။ ခန္ဓေဟိ၊ နာမက္ခန္ဓာ ၄-ပါး တို့နှင့်။ ဧကေန၊ သော။ အာယတနေန၊ မနာယတနနှင့်။ သတ္တဟိ၊ ကုန်သော။ ဓာတူဟိ၊ ဝိညာဏဓာတ်တို့နှင့်။ ဝိပ္ပယုတ္တာ၊ ကုန်။ ဧကေန၊ သော။ အာယ-တနေန၊ ဓမ္မာယတနနှင့်။ ကောဃ၊ သော။ ဓာတုယာ၊ နှင့်။ ကေဟိစိ၊ ဓမ္မာယတန ဓမ္မဓာတ်၌ အကျုံးဝင်သော စေတသိက် ဒွေပညာသ ဟု ဆိုအပ် သော အချို့တို့နှင့်။ ဝိပ္ပယုတ္တာ၊ ကုန်။

၃၅၄။ ထို့နောင် ဝေဒနာက္ခန္ဓနိဒ္ဒေသကို ဟောတော်မူ၏၊........ကား —
**ဝေဒနာက္ခန္ဓေန** ယေ ဓမ္မာ အစရှိသည်တည်း။

ဝေဒနာက္ခန္ဓေန၊ နှင့်။ ယေ ဓမ္မာ၊ အကြင် ရုပ်, နိဗ္ဗာန်တို့သည်။ ဝိပ္ပယုတ္တာ၊ ကုန်။

တေဟိ ဓမ္မေဟိ၊ တို့နှင့်။ ယေ ဓမ္မာ၊ အကြင် နာမက္ခန္ဓာ ၄-ပါးတို့သည်။ ဝိပ္ပယုတ္တာ၊ ကုန်။

တေ ဓမ္မာ၊ တို့သည်။ ဧကေန၊ သော။ ခန္ဓေန၊ ရူပက္ခန္ဓာနှင့်။ ဒသဟိ၊ ကုန်သော။ အာယတနေဟိ၊ ဩဠာရိကာယတနတို့နှင့်။ ဒသဟိ၊ ကုန်သော။ ဓာတူဟိ၊ ဩဠာရိကဓာတ်တို့နှင့်။ ဝိပ္ပယုတ္တာ ကုန်။ ဧကေန၊ သော။ အာယ-တနေန၊ ဓမ္မာယတနနှင့်။ ကောဃ၊ သော။ ဓာတုယာ၊ နှင့်။ ကေဟိစိ၊ ဓမ္မာယတန ဓမ္မဓာတ်၌ အကျုံးဝင်သော သုခုမရုပ် သောဠသ နိဗ္ဗာန် ဟုဆိုအပ် သော အချို့တို့နှင့်။ ဝိပ္ပယုတ္တာ၊ ကုန်။

ထို့နောင် သညာက္ခန္ဓနိဒ္ဒေသကို ဟောတော်မူ၏။

ဎင်းသညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့သည် ဝေဒနာက္ခန္ဓာနှင့် နည်း တူကြပြီ။

၃၅၅။ ခန္ဓနိဒ္ဒေသကို........၌ **အာယတနနိဒ္ဒေသကို**........၏၊ ထို ။ ပ ။ သည်လည်း စက္ခာယတနနိဒ္ဒေသ, သောတ ။ ပ ။ မနာယတနနိဒ္ဒေသအားဖြင့် ၁၁-ပါး အပြားရှိ၏၊ ထိုတွင် စက္ခာယတနနိဒ္ဒေသ ကို ........ ၏၊ ဟောဟန်ကား— **စက္ခာယတနေန** ယေ ဓမ္မာ အစရှိသည်တည်း။

> ၎င်း စက္ခာယတန အစ ဖောဋ္ဌဗ္ဗာယတန အဆုံးရှိသော ပုဒ်တို့သည် ရူပက္ခန္ဓာနှင့် တူကြပြီ။

ထိုနောင် မနာယတနနိဒ္ဒေသကို ဟောတော်မူ၏။ (၎င်း မနာယတန သည်လည်း ဝေဒနာက္ခန္ဓာနှင့် တူပြီ)။

၃၅၅။ အာယတနနိဒ္ဒေသကို........၌ **ဓာတုနိဒ္ဒေသကို**........၏၊ ထို ။ ပ ။ သည်လည်း စက္ခုဓာတုနိဒ္ဒေသ, သောတ ။ ပ ။ မနောဝိညာဏဓာတုနိဒ္ဒေသအားဖြင့် **၁၇**-ပါး အပြားရှိ၏၊ ထိုတွင် စက္ခုဓာတုနိဒ္ဒေသကို....... ၏၊ ဟောဟန်ကား— **စက္ခုဓာတုယာ** ယေ ဓမ္မာ အစရှိသည်တည်း။

> ၎င်း စက္ခုဓာတ်အစ ဖောဋ္ဌဗ္ဗဓာတ် အဆုံးရှိသော ပုဒ်တို့သည် ရူပက္ခန္ဓာနှင့် တူကြ၏။

၃၅၆။ ထိုနောင် စက္ခုဝိညာဏဓာတုနိဒ္ဒေသကို ဟောတော်မူ၏၊ ဟောဟန်ကား—**စက္ခုဝိညာဏဓာတုယာ** ယေ ဓမ္မာ အစရှိသည်တည်း။

စက္ခုဝိညာဏဓာတုယာ၊ နှင့်။ ယေ ဓမ္မာ၊ အကြင် ဆဝိညာဏဓာတ် စိတ္တုပ္ပါဒ်, ရုပ်, နိဗ္ဗာန်တို့သည်။ ဝိပ္ပယုတ္တာ၊ ကုန်။

တေဟိ ဓမ္မေဟိ၊ တို့နှင့်။ ယေ ဓမ္မာ၊ အကြင် စက္ခုဝိညာဏဓာတ်စိတ္တုပ္ပါဒ်တို့သည်။ ဝိပ္ပယုတ္တာ၊ ကုန်။

တေ ဓမ္မာ၊ တို့သည်။ ဧကေန၊ သော။ ခန္ဓေန၊ ရူပက္ခန္ဓာနှင့်။ ဒသဟိ၊ ကုန်သော။ အာယတနေဟိ၊ ဩဠာရိကာယတနတို့နှင့်။ သောဠသဟိ၊ ကုန်သော။ ဓာတူဟိ၊ ဩဠာရိကဓာတ် ၁၀-ပါး, ဆဝိညာဏဓာတ်တို့နှင့်။ ဝိပ္ပယုတ္တာ၊ ကုန်။ ဧကေန၊ သော။ အာယတနေန၊ ဓမ္မာယတနနှင့်။ ဧကာယ၊ သော။ ဓာတုယာ၊ နှင့်။ ကေဟိစိ၊ ဓမ္မာယတနဓမ္မဓာတ်၌ အကျုံးဝင်သော သုခုမရုပ်သော၌သ, နိဗ္ဗာန် ဟုဆိုအပ်သော အချို့တို့နှင့်။ ဝိပ္ပယုတ္တာ၊ ကုန်။

ထိုနောင် သောတဝိညာဏဓာတုနိဒ္ဒေသကို ဟောတော်မူ၏။

> ၎င်း သောတဝိညာဏဓာတ်အစ မနောဝိညာဏဓာတ် အဆုံးရှိသော ပုဒ်တို့သည် စက္ခုဝိညာဏဓာတ်နှင့် တူကြပြီ။

၃၅၆-၇။ ဓာတုနိဒ္ဒေသကို........၌ **သစ္စနိဒ္ဒေသ** ကို........၏၊ ထို။ ပ။ သည်လည်း သမုဒယသစ္စနိဒ္ဒေသ, နိရောဓသစ္စနိဒ္ဒေသ, မဂ္ဂသစ္စနိဒ္ဒေသအားဖြင့် **၃-ပါး** အပြားရှိ၏၊ ထိုတွင် သမုဒယသစ္စနိဒ္ဒေသကို ရှေးဦးစွာ ဟောတော်မူ၏။

ဧင်းသမုဒယ,နိရောဓ,မဂ္ဂသစ္စာတို့သည် ရူပက္ခန္ဓာ,ဝေဒနာက္ခန္ဓာတို့နှင့် တူကြ၏။

၃၅၇။ သစ္စနိဒ္ဒေသကို........၌ **ဣန္ဒြိယနိဒ္ဒေသ** ကို........၏၊ ထို။ ပ။ သည်လည်း စက္ခုန္ဒြိယနိဒ္ဒေသ, သောတ အစရှိသောအားဖြင့် (ဇီဝိတနုတ်၍) ၂၁-ပါး အပြားရှိ၏၊ ထိုတွင် စက္ခုန္ဒြိယနိဒ္ဒေသ ကို........၏။

ဧင်း **စက္ခုန္ဒြေ အစ** ဒေါမနဿိန္ဒြေအဆုံးရှိသော ပုဒ်တို့သည် ရူပက္ခန္ဓာ, ဝေဒ- နာက္ခန္ဓာ တို့နှင့် တူကြ၏။

၃၆၀။ ထိုနောင် ဥပေက္ခိန္ဒြိယနိဒ္ဒေသကို ဟောတော်မူ၏၊ ဟောဟန်ကား — **ဥပေက္ခိန္ဒြိယေန** ယေ ဓမ္မာ အစရှိသည်တည်း။

ဥပေက္ခိန္ဒြိယေန၊ နှင့်။ ယေ ဓမ္မာ၊ အကြင် သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿသဟဂုတ်စိတ္တုပ္ပါဒ်, ရုပ်, နိဗ္ဗာန်တို့သည်။ ဝိပ္ပယုတ္တာ၊ ကုန်။

တေဟိ ဓမ္မေဟိ၊ တို့နှင့်။ ယေ ဓမ္မာ၊ အကြင် ဥပေက္ခာသဟဂုတ်စိတ္တုပ္ပါဒ် တို့သည်။ ဝိပ္ပယုတ္တာ၊ ကုန်။

တေ ဓမ္မာ၊ တို့သည်။ ဧကေန၊ သော။ ခန္ဓေန၊ ရူပက္ခန္ဓာနှင့်။ ဒသဟိ၊ ကုန်သော။ အာယတနေဟိ၊ ဩဠာရိကာယတန တို့နှင့်။ ကောဒသဟိ၊ ကုန် သော။ ဓာတူဟိ၊ ဩဠာရိကဓာတ် ၁၀-ပါး, ကာယဝိညာဏဓာတ်တို့နှင့်။ ဝိပ္ပ- ယုတ္တာ၊ ကုန်။ ဧကေန၊ သော။ အာယတနေန၊ ဓမ္မာယတနနှင့်။ ကောယ၊ သော။ ဓာတုယာ၊ နှင့်။ ကေဟိစိ၊ ဓမ္မာယတန ဓမ္မဓာတ်၌ အကျုံးဝင်သော သုခုမရုပ်သောဌသ, နိဗ္ဗာန်ဟုဆိုအပ်သော အချို့တို့နှင့်။ ဝိပ္ပယုတ္တာ၊ ကုန်။

သဒ္ဒိန္ဒြေအစရှိသည်တို့သည် သခ်ါရက္ခန္ဓာနှင့် နည်းတူကုန်၏။

ထိုနောင် **ပဋိစ္စသမုပ္ပါဒနိဒ္ဒေသကို** ဟောတော်မူ၏၊ ထို။ပ။ သည်လည်း။

သဠာယတန, နာမရူပ, ဥပပတ္တိဘဝ, သညာဘဝ, ပဉ္စဝေါကာရဘဝ, ကာမဘဝ, ဇာတိ, ဇရာ,မရဏတို့ကို နုတ်၍ ကြွင်းသော ပုဒ်တို့ကို ဟောတော်မူ၏၊ ပုဒ်စဉ်အ တိုင်းတက်၍ ဟောလေ။ ထိုပုဒ်အပေါင်းတို့တွင် အဝိဇ္ဇာ အစ **ကမ္မဘဝ** အဆုံးရှိ သော ပုဒ်တို့သည် သခ်ါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့နှင့် သဘောတူကုန်ပြီ။

၃၆၄။ ထိုနောင် ရူပဘဝနိဒ္ဒေသကို ဟောတော်မူ၏၊ ဟောဟန်ကား—**ရူပ- ဘဝေန** ယေ ဓမ္မာ အစရှိသည်တည်း။

ရူပဘာဝေန၊ နှင့်။ ယေ ဓမ္မာ၊ အကြင်ကာမဘဝ, အရူပဘဝ ဟုဆိုအပ်သော စိတ်, စေတသိက်, ကုသိုလ်, အကုသိုလ်, ဖိုလ်, ကြိယာစိတ္တုပ္ပါဒ်တို့သည်။ ဝိပ္ပယုတ္တာ၊ ကုန်။

တေဟိ ဓမ္မေဟိ၊ တို့နှင့်။ ယေ ဓမ္မာ၊ အကြင်ရူပဘဝတို့သည်။ ဝိပ္ပယုတ္တာ၊ ကုန်။

တေ ဓမ္မာ၊ တို့သည်။ နကေဟိစိ ခန္ဓေဟိ နကေဟိစိ အာယတနေဟိ၊ တီဟိ၊ ကုန်သော။ ဓာတူဟိ၊ ဃာနဝိညာဏဓာတ်, ဇိဝှါဝိညာဏဓာတ်, ကာယဝိညာဏဓာတ်တို့နှင့်။ ဝိပ္ပယုတ္တာ၊ကုန်။

ကြွင်းသော ပုဒ်တို့သည် ဆိုအပ်ပြီးသော နည်းကို အစဉ်မှီးသဖြင့် သိလွယ်ကြပြီ။

၃၆၆။ ပဋိစ္စသမုပ္ပါဒနိဒ္ဒေသကို........၌ **သတိပဋ္ဌာနနိဒ္ဒေသကို** ဟောတော်မူ၏။

ငှင်းသတိပဋ္ဌာနအစ မဂ္ဂအဆုံးရှိသော ပုဒ်တို့သည် နည်းတူကုန်ပြီ။

၃၆၇။ ခန္ဓာဒိနိဒ္ဒေသကို........၌ **ဖဿသတ္တကရာသိနိဒ္ဒေသကို**....၏။ (ဖဿ, ဝေဒနာ, သညာ, စေတနာ, စိတ္တံတို့သည် လွယ်ကုန်ပြီ)။

၃၆၈။ ထိုနောင် အဓိမောက္ခနိဒ္ဒေသကို ဟောတော်မူ၏၊ ဟောဟန်ကား—
**အဓိမောက္ခေန** ယေ ဓမ္မာ အစရှိသည်တည်း။

အဓိမောက္ခေန၊ နှင့်။ ယေ ဓမ္မာ၊ အကြင် ဒွေ ပဉ္စဝိညာဉ် ၁၀- ဝိစိကိစ္ဆာ-သဟဂုတ် စိတ္တုပ္ပါဒ်, ရုပ်, နိဗ္ဗာန်တို့သည်။ ဝိပ္ပယုတ္တာ၊ ကုန်။

တေဟိ ဓမ္မေဟိ၊ တို့နှင့်။ ယေ ဓမ္မာ၊ အကြင် အဓိမောက္ခ ဖြစ်သော စိတ္တုပ္ပါဒ်တို့သည်။ ဝိပ္ပယုတ္တာ၊ ကုန်။

တေ ဓမ္မာ၊ တို့သည်။ ဧကေန၊ သော။ ခန္ဓေန၊ ရူပက္ခန္ဓာနှင့်။ ဒသဟိ၊ ကုန်သော။ အာယတနေဟိ၊ ဩဠာရိကာယတနတို့နှင့်။ ပန္နရသဟိ၊ ကုန်သော။ ဓာတူဟိ၊ ဩဠာရိကဓာတ် ၁၀-ပါး, ပဉ္စဝိညာဏဓာတ်တို့နှင့်။ ဝိပ္ပယုတ္တာ၊ ကုန်။ ဧကေန၊ သော။ အာယတနေန၊ ဓမ္မာယတနနှင့်။ ဧကာယ၊ သော။ ဓာတုယာ၊ နှင့်။ ကေဟိစိ၊ ဓမ္မာယတန ဓမ္မဓာတ်၌ အကျုံးဝင်သော သုခုမ-ရုပ်သောဠသ, နိဗ္ဗာန် ဟုဆိုအပ်သော အချို့တို့နှင့်။ ဝိပ္ပယုတ္တာ၊ မယှဉ်ကုန်။ (မနသိကာရတူပြီ)။

၃၆၉။ အဇ္ဈတ္တရမာတိကာနိဒ္ဒေသကို....၌ **ဗာဟိရမာတိကာနိဒ္ဒေသကို**....၏၊ ထို။ပ။ သည်လည်း—

တိက်၌ ခန္ဓာ, အာယတန,ဓာတ် အကုန်ရသော ၁၉-ပုဒ်၊
ဂေါစ္ဆက၌ ခန္ဓာ, အာယတန အကုန်ရသော ၅၀-သောပုဒ်၊

နာမ်ကဟောပုဒ်ဖြစ်မူ သမ္ပယုတ်မှာ စေတသိက်ကို၊ ဝိပ္ပယုတ်မှာ သုခုမရုပ် နိဗ္ဗာန်၊ သင်္ခါရက္ခန္ဓာက ဟောပုဒ်ဖြစ်မူ ကေဟိစိကို ခန္ဓာနှင့်တကွထုတ်။

သမ္ပယုတ်မှာ ယှဉ်ရာတွင်သာ။ စက္ခုဝိညာဉ်မှာ သဗ္ဗစိတ္တသာဓာရဏဟူသကဲ့သို့တည်း။ (ဆဋ္ဌနယ ပြီး၏။)

**သတ္တမနယ။ ပ။ စုဒ္ဒသမနယနိဒ္ဒေသ**

သတ္တမနယ၌ စိတ်က စေတသိက်ကို၊ စေတသိက်က စိတ်ကို၊ ၎င်း ၄-ပါးက ရုပ်,နိဗ္ဗာန်ကို၊ ပဌမယေက သမ္ပယုတ်ကို၊ ဒုတိယယေက ဝိပ္ပယုတ်ကိုစွဲ။ (သတ္တမနယ ပြီး၏။)

အဋ္ဌမနယ၌ ရုပ်သက်သက်, နာမ်သက်သက်ကိုသာ ဟောသည်။ နာမ် ဟောပုဒ် သမ္ပယုတ်မှာ နာမ်ချင်းစွဲ။ ဝိပ္ပယုတ်မှာ ရုပ်, နိဗ္ဗာန်ကိုစွဲ။ ရုပ် ဟောပုဒ် သမ္ပယုတ်မှာ နတ္ထိ၊ ဝိပ္ပယုတ်မှာ နာမက္ခန္ဓာ ၄-ပါးကိုစွဲ။ (အဋ္ဌမနယ ပြီး၏။)

နဝမနယ၌ နာမ်တချို့ကို ဟောသည်။ ယေ ၂-ချက်မှာ သမ္ပယုတ်ထဲက လှည့်၍စွဲ။ (နဝမနယ ပြီး၏။)

ဒသမနယမှာ ဝိပ္ပယုတ်ကို ဆဋ္ဌနည်းစွဲ၍ အစ ယေမှာဖြေလေ။ (ဒသမနယ ပြီး၏)။

ဧကာဒသမနယမှာ အလုံးစုံ စတုတ္ထနည်းတူ၊ ဆဋ္ဌနည်းဖြေလေ။ (ဧကာ-ဒသမနယ ပြီး၏)။

ဒွါဒသမနယမှာ နဝမနည်းတူ၊ ပဌမနည်းဖြေလေ။ (ဒွါဒသမနယ ပြီး၏။)

တေရသမနယမှာ ပဉ္စမနည်းတူ၊ အဖြေမှာ ဆဋ္ဌနည်းဖြေလေ။ (တေရသ-မနယ ပြီး၏။)

စုဒ္ဒသမနယမှာ အဋ္ဌမနည်းကဲ့သို့ အဖြေမှာ ပဌမနည်းတူဟောလေ။ (စုဒ္ဒ-သမနယ ပြီး၏)။

ဓာတုကထာ အရကောက် အဓိပ္ပါယ် ပြီး၏။

# ၁၅-ဓာတုကထာဂဏ္ဍိ နှင့် သာဓကအနက်

**နမော တဿ ဘဂဝတော အရဟတော**

**သမ္မာသမ္ဗုဒ္ဓဿ။**

**ဓာတုကထာဂဏ္ဌိ**

ဥဂ္ဃါဋိတညုံ ဝိနယံ၊ သခေ်ပကာဒိနံ ဒဒံ။
ဓမ္မရတနတ္တဝရံ၊ သော မံ ပါတု သမ္မုဟနံ။

**ဓာတုကထာမည်ခြင်း အကြောင်း**

**အတ္တနော သဘာဝံ ဓာရေန္တီတိ ဓာတုယော—**

ယာဓမ္မဇာတိယော၊ တို့သည်။ အတ္တနော၊ ၏။ သဘာဝံ၊ သဘောကို။ ဓာ-ရေန္တိ၊ ဆောင်တတ်ကုန်၏။ ဣတိတသ္မာ၊ ကြောင့်။ တာဓမ္မဇာတိယော၊ တို့သည်။ ဓာတုယော၊ ဓာတ်မည်ကုန်၏။ "ခန္ဓာ အစ အရဏာ အဆုံးရှိသော တရား ရစေ"။

**တနည်းကား.... တိဌတိ အဘိဓမ္မကထာ ဧတ္ထာတိ ဓာတုယော —**

**ဧတ္ထ** ဧတေသု ဓမ္မဇာတီသု၊ တို့၌။ အဘိဓမ္မကထာ၊ အဘိဓမ္မာဒေသနာ **တော်**သည်။ တိဋ္ဌတိ၊ ၏။ ဣတိတသ္မာ၊ ထိုသို့တည်ရာဖြစ်သော သက်ကြောင့်။ တာဓမ္မဇာတိယော၊ တို့သည်။ ဓာတုယော၊ မည်ကုန်၏။ "ယခင် ဓမ္မ ရစေ"။

ဤဝစနတ္ထ၌ **ဌာတု** ဟု ဆိုအပ်လျက် နိရုတ္တိနည်း ငါးပါးတို့တွင် ဝဏ္ဏ-ဝိကာရနည်းအားဖြင့် မုဒ္ဓဇ ဒုတိယက္ခရာ ဌ ကို ဒန္တဇ စတုတ္ထက္ခရာ ဓ ရေး၍ **ဓာတု** ဟု ဆိုရလေသတည်း။

၁။ အဘိဓမ္မကထာ တိဋ္ဌတိ ပဝတ္တတိ ခန္ဓာဒိကေသု ဧတ္ထာတိ
ဓာတုယော။ ဌကာရဿ ဓကာရံ ကတွာ — ဟူသော
**ပဉ္စာနသာရဒီပနီ** နှင့် အညီတည်း။

**သာဓကနက်**

**၁**။ **ဧတ္ထ** ခန္ဓာဒိကေသု၊ ဤခန္ဓာ အစရှိသောတရားတို့၌။ အဘိဓမ္မကထာ၊ အဘိဓမ္မာဒေသနာတော်သည်။ တိဋ္ဌတိ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိတသ္မာ၊ ကြောင့်။ ဓာတုယော၊ ဓာတ်တို့မည်ကုန်၏။ ဌကာရဿ၊ ဌအက္ခရာ၏။ **ဓကာရံ**၊ ဓအက္ခရာကို။ ကတွာ၊ ပြု၍။ ဓာတူတိ၊ **ဓာတု**ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။

**နိရုတ္တိနည်း ငါးပါးကိုကား—**

၂။ ဝဏ္ဏာဂမော ဝဏ္ဏဝိပရိယာယော၊
ဒွေစာပရေ ဝဏ္ဏဝိကာရ နာသာ။
ဓာတူနံ အတ္ထာတိသယေန ယောဂေါ၊
တ ဒုစ္စတေ ပဉ္စဝိဓံ နိရုတ္တိ။

ဟူသော **ပဒ္ဓီကာဂါထာ** နှင့် အညီ သိလေ။

**အနေကတ္ထာဟိ ဓာတဝေါ**—ဟူသော ပရိဘာသာနှင့်အညီ ဓာ-ဓာတ်သည်လည်း တည်ခြင်းအနက်ကို ဟောနိုင်ကောင်းသောကြောင့် ဓာဓာတ်ပင် ကြံသော်လည်း သင့်၏။

**ကထိယန္တိ ဧတ္ထ တောယာတိ ဝါ ကထာ—**

ဧတ္ထ ဧတိဿံ သဒ္ဒတ္ထပန္တိယံ၊ ဤသဒ္ဒါ, အနက်အစဉ်၌။ ဝါ၊ ကား။ တောယ- သဒ္ဒတ္ထပန္တိယာ၊ ဤ သဒ္ဒါ, အနက်အစဉ်ဖြင့်။ ကထိယန္တိ၊ ဟောအပ်ကုန်၏။ ဣတိတသ္မာ၊ ကြောင့်။ သာသဒ္ဒတ္ထပန္တိ၊ သည်။ ကထာ၊ မည်၏။ "ကျမ်းသာမာန် ရစေ"။

**ဓာတူနံ ကထာ ဓာတုကထာ—**

ဓာတူနံ၊ ခန္ဓာအစ အရဏာအဆုံးရှိသော တရားတို့၏။ ကထာ၊ ဟောရာဟောကြောင်းတည်း။ ဓာတုကထာ၊ ခန္ဓာအစ အရဏာ အဆုံးရှိသော တရားတို့၏ ဟောရာဟောကြောင်း။ "ဓာတုကထာကျမ်း ဝိသေသ ရစေ"။

ဤ ဝစနတ္ထအလိုသော် ခန္ဓာအစ အရဏာအဆုံးရှိသော တရားတို့ကို ဟောရာ ဟောကြောင်းဖြစ်သောကြောင့် ဓမ္မသင်္ဂဏီစသော ကျမ်းတို့လည်း ဓာတုကထာ မည်ရာသည် မဟုတ်တုံလော ဟူငြားအံ့—

ဤကျမ်းဝယ် ၁၄-နယတို့တွင် တစ်နယ တစ်နယ၌ပင် ဟောရကား သာတိ- သယ နည်းအားဖြင့် ဤကျမ်း၏အမည်သာ ဖြစ်သင့်၏၊ တပါးကျမ်း၏ အမည် မဖြစ်သင့် ဆိုလေ။

## သာဓကနက်

၂။ ဝဏ္ဏာဂမော စ၊ အက္ခရာလာခြင်း ဝဏ္ဏာဂမနည်းရင်း။ ဝဏ္ဏဝိပရိယာယော စ၊ အက္ခရာ ခဲ့၍ နောက် ထက် အောက်ပြန်ခြင်း ဝဏ္ဏဝိပရိယာယနည်းရင်း။ အပရေ၊ တပါးကုန်သော။ ဒွေ၊ နှစ်ပါးကုန်သော။ ဝဏ္ဏဝိကာရနာသာ စ၊ အက္ခရာ၏ ဖောက်ပြန်ခြင်း ဝဏ္ဏဝိကာရနည်း, အက္ခရာကိုချေခြင်း ဝဏ္ဏလောပနည်းတို့ရင်း။ အတ္ထာတိသယေန၊ အနက်လွန်နှင့်။ ဓာတုဿ၊ ဓာတ်၏။ ယောဂေါ စ၊ ယှဉ်ခြင်းရင်း။ (ဣတိ၊ သို့။) တံနိရုတ္တိ၊ ထို နိရုတ္တိနည်းကို။ ပဉ္စဝိဓံ၊ ငါးပါးအပြားရှိ၏ဟူ၍။ ဥစ္စတေ၊ ဆိုအပ်၏။

၃။ ဧတ္ထ ပန တေသံ သဗ္ဗေသံ သင်္ဂဟာသင်္ဂဟာဒိသု စုဒ္ဒသသု
နယေသု ကေကသ္မိံ ကထိတတ္တာ သာတိသယံ ကထနန္တိ
ဉာဒမေဝ ဓေံ နာမကံ—ဟူသော **ဓာတုကထာမူလဋီကာ** (၁)
နှင့် အညီတည်း။

၄။ ခန္ဓာဒယော အရဏန္တာ၊ သဘာဝဋ္ဌေန ဓာတုယော။
ဓမ္မကထာဓိဋ္ဌာနေန၊ ဓာတုယော ဝုစ္စရေ ထဝါ။
တေသံ ကထနတော ယဿာ၊ ဓာတုကထာတိ သညိတာ။

ယခင် ဝစနတ္ထကိုရည်၍ ဆိုသော **သာရတ္ထမဉ္ဇူသာဂါထာ**တည်း။

**တနည်းကား—အတ္တနော သဘာဝံ ဓာရေန္တီတိ ဓာတုယော—** ဟူသော **ဝ**စနတ္ထ၏ အရကို ဓာတ် ၁၈-ပါး ယူ၍၊

**ဓာတူဟိ ကထာ ဓာတုကထာ**-ဟု ဝိဂ္ဂြိုဟ် ဆိုလေ။

ဓာတူဟိ၊ ဓာတ်တို့ဖြင့်။ ကထာ၊ ဟောရာဟောကြောင်းတည်း။ ဓာတု-**က**ထာ၊ ဓာတ်တို့ဖြင့် ဟောရာဟောကြောင်း။

ဤဝစနတ္ထအလိုသော် ခန္ဓာ, အာယတန, ဓာတ်တို့ဖြင့် ဟောသော ကျမ်းအစိတ်သည် ဓာတုကထာ မမည်ရာပြီလော ဟူငြားအံ့ –

**သာဓကနက်**

၃။ ပန၊ ထိုသို့ပင် ဟောတော်မူအပ်ကုန်သော်လည်း။ ဧတ္ထ၊ ဤ ဓာတုကထာကျမ်း၌။သဗ္ဗေသံ၊ အလုံးစုံကုန်သော။ တေသံ၊ ထို **ခန္ဓာ**အစ အရဏအဆုံးရှိသော တရားတို့၏။ ဝါ၊ တရားတို့ကို။ သင်္ဂဟာသင်္ဂဟာဒိသု၊ သင်္ဂဟ, အသင်္ဂဟ အစရှိကုန်သော။ စုဒ္ဒသသု နယေသု၊ တဆယ့်လေးနယတို့တွင်။ ကေကသ္မိံ၊ တခုတခုသောနယ၌။ ကထိတတ္တာ၊ **ဟော**အပ်သည်၏ အဖြစ်ကြောင့်။ သာတိသယံ၊ အလွန်အကဲနှင့်တကွ။ ကထနံ၊ ဟောခြင်းသည်။ (ဟောဘိ၊ ၏။) ဉာတိတသ္မာ၊ ကြောင့်။ ဉာဒမေဝ၊ ဤ ဓာတုကထာကျမ်းသည်သာလျှင်။ ဓေံနာမကံ၊ ဤ ဓာတုကထာ ဟူသော အမည်သည်။ (ပေ **ာ**တိ၊ ၏။)

၄။ ခန္ဓာဒယော၊ ခန္ဓာအစရှိကုန်သော။ အရဏန္တာ၊ အရဏ အဆုံးရှိကုန်သော **တ**ရားတို့ကို။ **သဘာဝဋ္ဌေန**။ မိမိတို့သဘောကို ဆောင်တတ်သော အနက်ကြောင့်။ **ဓာ**တုယော၊ ဓာတ်မည်ကုန်၏ ဟူ၍။ ဝုစ္စရေ၊ ဆိုအပ်ကုန်၏။ အထဝါ၊ တနည်းကား။ ဓမ္မကထာဓိဋ္ဌာနေန၊ ခန္ဓာအစ အရဏ အဆုံးရှိသော တရားတို့၏ တည်ရာ ဖြစ်သောကြောင့်။ ဝါ၊ အဘိဓမ္မာဒေသနာတော်**၏** တည်ရာဖြစ်သောကြောင့်။ ဓာတုယော၊ဟူ၍။ ဝုစ္စရေ၊ ကုန်၏။ — **တေသံ**၊ ထို ခန္ဓာအစ အရဏအဆုံးရှိသော တရားတို့၏။ ကထနတော၊ ဟောရာဟောကြောင်းဖြစ်သောကြောင့်။ ယဿာ၊ အကြင်ကျမ်း၏။ (နာမံ၊ အမည် **သည်**။ အတ္ထိ၊ ရှိ၏။ တဿာ၊ ထိုကျမ်း၏။ နာမံ၊ အမည်ကို။) ဓာတုကထာတိ၊ ဓာတု **က**ထာဟူ၍။ သညိတာ၊ ခေါ်ဝေါ်သမုတ်အပ်၏။

ခန္ဓာ, အာယတန, ဓာတ် ၃-ပါးတို့တွင် ဓာတ်သာ များသောအပြားရှိခြင်း ကြောင့် မဟာဝိသယဖြစ်ရကား ဓာတ်ဖြင့်သာမှတ်၍ အလုံးစုံ ကျမ်းအစိတ်ကို ခေါ်ဝေါ်သင့်လေသည် ဆိုလေ။

၅။ မဟာဝိသယာနံ ဓာတူနံ ဝသေန မာတုဟိ ကထာ ဓာတု-
ကထာတိ ဧဝံ အဿ နာမံ ဝုတ္တံ—ဟူသော **ဓာတုကထာ
မူလဋီကာ**(၁)နှင့် အညီတည်း။

**တနည်းကား—ဓာတုယာ သဘာဝေန ကထာ ဓာတုကထာ။**

ဓာတုယာ သဘာဝေန၊ ပရမတ္ထသဘောအားဖြင့်။ ကထာ၊ ဟောရာဟော ကြောင်းတည်း။ ဓာတုကထာ၊ ကြောင်း။

အဘိဓမ္မာ ၇-ကျမ်းလုံးပင် ဓာတုကထာမည်ရာသည် မဟုတ်တုံလော ဟူ ပြောအံ့—

ဤ ကျမ်း၌ ၁၄-နယလုံး၌ပင် ခန္ဓာအစ အရဏ အဆုံးရှိသော သဘောကို လွန်စွာ ဟောအပ်သောကြောင့် သာတိသယနည်းအားဖြင့် ဤ ကျမ်းသာ ဓာတုကထာ မည်သင့်၏ ဆိုလေ။

၆။ သော သဘာဝေါ ဓာတု။ သာ ဓာတု ဣမ သာတိသယံ ဒေသိ-
တာတိ သဝိသေသံ ဓာတုယာ ကထနတော ဣဒံ ပကရဏံ
“**ဓာတုကထာ**”တိ ဝုတ္တံ—ဟူသော **ဓာတုကထာ အနုဋီကာ**
(၂)နှင့် အညီတည်း။

**ဥဒ္ဒေသ**

(၁) **သင်္ဂဟိတေန အသင်္ဂဟိတံ အသင်္ဂဟိတံ**ဟု ဟောတော်မူအပ်လျက် တတိယပုဒ်ကိုချေ၍ သင်္ဂဟိတေန အသင်္ဂဟိတံ သာ ဟောတော်မူသည်၊ ထိုကြောင့် ဖော်၍ ယောဇနာသည်။ **ဓာတုကထာမူလဋီကာ** (၆)

**သာဓကနက်**

၅။ မဟာဝိသယာနံ၊ ကြီးကျယ်သော အရာရှိကုန်သော။ ဓာတူနံ၊ ဓာတ်တို့၏။ ဝသေန၊ အစွမ်းအားဖြင့်။ ဓာတူဟိ၊ ဓာတ်တို့ဖြင့်။ ကထာ၊ ဟောရာဟောကြောင်း ဖြစ်သော ကျမ်းတည်း။ ဓာတုကထာ၊ ဓာတ်တို့ဖြင့် ဟောရာဟောကြောင်းဖြစ်သောကျမ်း။ ဣတိဧဝံ၊ သို့။ အဿ၊ ထိုကျမ်း၏။ နာမံ၊ ဓာတုကထာ ဟူသော အမည်ကို။ ဝုတ္တံ၊ ဆိုအပ်၏။

၆။ သော သဘာဝေါ၊ ထို သဘောတရားသည်။ ဓာတု၊ ဓာတ်မည်၏။ သာ ဓာတု၊ ထိုဓာတ်ကို။ ဣမ၊ ဤဓာတုကထာကျမ်း၌။ သာတိသယံ၊ အလွန်အကဲနှင့် တကွ။ ဒေသိတာ၊ ဟောအပ်၏။ ဣတိ၊ သို့။ သဝိသေသံ၊ အထူးနှင့်တကွ။ ဓာတုယာ၊ ပရမတ္ထသဘောအားဖြင့်။ ကထနတော၊ ဟောခြင်းကြောင့်။ ဣဒံ ပကရဏံ၊ ဤကျမ်းကို။ ဓာတုကထာတိ၊ ဓာတုကထာဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏ ။

**တနည်းကား** — အာဝုတ္တိနည်း, သိလေသနည်း, ပဒီပနည်း, တန္တနည်း ဘိန္နသတ္တိသမဝေတနည်း အားဖြင့် "ယင်္ဂဟိတေန အသင်္ဂဟိတံ" ဟူသော ပါဠိ၌ အသင်္ဂဟိတံ ဟူသော ပုဒ်ကိုပင် နှစ်နက်ယောဇနာရသည်။

၇။ အာဝုတ္တိအာဒိဝသေန ဝါ အယမတ္ထော ဒီပေတဗ္ဗော
ဟူသော **ဓာတုကထာအနုဋီကာ** (၇)နှင့် အညီတည်း။

သမ္ဘယောဂေါ ဝိပ္ပယောဂေါမှတပါး ဝိပ္ပယုတ္တေန ဂိပ္ပယုတ္တံ တိုင်အောင် **နည်းတူ**။

ဤကဲ့သို့ နှစ်ချက်, သုံးချက် ယောဇနာအပ်သောပုဒ်ကို ရတနာကရကျမ်း၌ **ဂေါဠကာဝုတ္တိနည်း** ဟူ၏။

လူတို့ကစားသော မုရည်းသည် တကြိမ်ခတ်သဖြင့် နှစ်ကြိမ် သုံးကြိမ် လည်သကဲ့သို့ တခုတည်းသော ပါဠိဖြစ်လျက် နှစ်ချက် သုံးချက် အနက်ကိုပြသော နည်း ဟူလိုသည်။

ဒုတိယ, တတိယ, ကောဒသမမှသည် စုဒ္ဒသမတိုင်အောင်သော ပုဒ်တို့၌ တတိယာ နာဝိဘတ်သည် **ဝိသေသနတ္ထ**၌ ဖြစ်သည်၊ ဝိသေသနေစ ဖြင့် သက်။

စတုတ္ထ, ပဉ္စမ၌ **ကတ္တတ္ထ**၌ ဖြစ်သည်၊ ကတ္တရိစဖြင့် သက်လေ။

သတ္တမမှသည် ဒသမတိုင်အောင် ပုဒ်တို့၌ **သဟတ္ထ**၌ ဖြစ်သည်၊ သဟာဒိ- **ယောဂေစ**ဖြင့် သက်လေ။

**နယမာတိကာ**၌ ၁၄-ပဒဟူသည်ကား အဗ္ဘန္တရသမ္မဟာပုဒ်, ပဒသမ္မဟာပုဒ် ဟုဆိုအပ်သော " သင်္ဂဟော အသင်္ဂဟော " စသည့် ဝါကျကို ဆိုသည်။

၈။ သင်္ဂဟော တာဝ ဇာတိသဉ္စာတိကိရိယာဂဏနဝသေန စတုဗ္ဗိ-
ဓော—ဟူသော **ဓာတုကထာ အဋ္ဌကထာ**ပါဠိ ( ၃ )နှင့်အညီ။

**ဇာတိသင်္ဂဟ, သဉ္စာတိသင်္ဂဟ, ကိရိယာသင်္ဂဟ, ဂဏနသင်္ဂဟ** ဟူသော သင်္ဂဟ ၄-ပါးတို့တွင် ဤအရာ၌ ဂဏနသင်္ဂဟတည်း။

## သာဓကေနက်

၇။ ဝါ၊ တနည်းကား။ အာဝုတ္တိအာဒိဝသေန၊ အာဝုတ္တိနည်း အစရှိသည်တို့၏ အစွမ်းဖြင့်။ အယမတ္ထော၊ ဤအနက်ကို။ ဒီပေတဗ္ဗော၊ ပြအပ်၏ ။

၈။ တာဝ၊ အကျယ်ကိုဆိုသည်မှ ရှေးဦးစွာ။ သင်္ဂဟော၊ ရေတွက်ခြင်းသည်။ ဝါ၊သင်္ဂဟသဒ္ဒါသည်။ ဇာတိ သဉ္စာတိ ကိရိယာဂဏနဝသေန၊ ဇာတိသင်္ဂဟ, သဉ္စာတိသင်္ဂဟ, ကိရိယာသင်္ဂဟ, ဂဏနသင်္ဂဟတို့၏ အစွမ်းအားဖြင့်။ စတုဗ္ဗိဓော၊ လေးပါးအပြားရှိသည်။ **ဟောတိ**၊ ဖြစ်၏။

**လက္ခဏာသော်ကား—**

(က) ဇာတ်တူပေါင်းသည်ကား **ဇာတိသင်္ဂဟ**။

(ခ) ဖြစ်ရာတူပေါင်းသည်ကား **သဉ္ဇာတိသင်္ဂဟ**။

(ဂ) ကိရိယာတူပေါင်းသည်ကား **ကိရိယာသင်္ဂဟ**။

(ဃ) အရေအတွက်တူပေါင်းသည်ကား **ဂဏနသင်္ဂဟ** မည်၏။

(၂) **အဋ္ဌကထာရမာတိကာ**၌ ၁၂၅-ပဒအရေအတွက်ကို ပဋိစ္စသမုပ္ပါဒ်၌ အင်္ဂါ ၁၂-ပါးကိုသာ ယူ။ အကြွင်းမှာ အလုံးစုံကိုပင်ယူလေ။

**သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ** တို့ကိုကား အသီးအင်္ဂါ မဟုတ်သောကြောင့် ဇရာ, မရဏ၌ သွင်းရသည်။ **ဋီကာ**။

> ၉။ သောကာဒီနံ ဇရာမရဏဿ ဝိယ အနင်္ဂတ္တာ တန္နိဒါနဒုက္ခဘာဝေန စ ဇရာမရဏေ အန္တောဂဓတာယ ပဋိစ္စသမုပ္ပါဒဿ ဒွါဒသပဒတာ ဒဋ္ဌဗ္ဗာ။ **ဓာတုကထာမူလဋီကာ (၃)**

ဤအရာတွင် နန်းကျောင်းနိသျ၌ **မစုနှင့်** မညီလေ။

**နိဒ္ဒေသပါဠိတော်**၌ သတိပဋ္ဌာန်စသည်တွင် ဘေဒမပါ အဘေဒသာရှိသည်။ ယင်းသို့လျက် သတိပဋ္ဌာန်စသည်ကို သရုပ်ဖော်၍ အဋ္ဌကထာဆရာ ယူတော်မူသဖြင့် ဘေဒပြု၍ ဟောလိုသော်လည်း ဟောရ၏ဟု ပြတော်မူသည်။

> ၁၀။ ဧတ္ထ စ ပါဠိယံ ဘိန္ဒိတွာ အဝိဿဇ္ဇိတာနမ္ပိ သတိပဋ္ဌာနာဒီနံ ဘိန္ဒိတွာ ဂဟဏံ ကရောန္တော တေသံ ဘိန္ဒိတွာပိ ဝိဿဇ္ဇေတဗ္ဗတံ ဒဿေတိ—

ဟူသော **ဓာတုကထာမူလဋီကာ** (၃) နှင့် အညီ။

## သာဓကနက်

၉။ ဇရာမရဏဿ၊ ဇရာမရဏ၏။ အနင်္ဂတ္တာ၊ အသီးအခြား အင်္ဂါ၏အဖြစ်ဖြင့် အလို မရှိအပ်သည်၏ အဖြစ်သည်။ ဟောတိ ဝိယ၊ ဖြစ်သကဲ့သို့။ သောကာဒီနံ၊ သောက အစရှိသည်တို့၏။ အနင်္ဂတ္တာ စ၊ အလိုမရှိအပ်သည်၏ အဖြစ်ကြောင့်၎င်း။ တန္နိဒါန- ဒုက္ခဘာဝေန၊ ထိုဇရာ, မရဏလျှင် အကြောင်းရင်းရှိသော ဆင်းရဲဒုက္ခ၏ အဖြစ်ဖြင့်။ ဇရာမရဏေ၊ ဇရာ, မရဏ၌။ အန္တောဂဓတာယ စ၊ အကျုံးဝင်သည်၏ အဖြစ်ကြောင့်၎င်း။ ပဋိစ္စသမုပ္ပါဒဿ၊ ပဋိစ္စသမုပ္ပါဒ်၏။ ဒွါဒသပဒတာ၊ တဆယ့်နှစ်ပုဒ် ရှိသည်၏ အဖြစ်ကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။

၁၀။ စ၊ ဆက်ဦးအံ့။ ဧတ္ထ၊ ဤဓာတုကထာကျမ်း၌။ ပါဠိယံ၊ နိဒ္ဒေသပါဠိတော်၌။ ဘိန္ဒိတွာ၊ ခွဲဝေ၍။ အဝိဿဇ္ဇိတာနမ္ပိ၊ မဖြေဆိုအပ်ကုန်သော်လည်း။ သတိပဋ္ဌာနာဒီနံ၊ သတိပဋ္ဌာန် အစရှိသည်တို့၏။ ဘိန္ဒိတွာ၊ ခွဲဝေ၍။ ဂဟဏံ၊ ယူခြင်းကို။ ကရောန္တော၊ ပြုတော်မူသော အဋ္ဌကထာဆရာသည်။ တေသံ၊ ထိုသတိပဋ္ဌာန် အစရှိသည်တို့၏။ ဘိန္ဒိတွာပိ၊ ခွဲဝေ၍လည်း။ ဝိဿဇ္ဇေတဗ္ဗတံ၊ ဖြေဆိုအပ်သည်၏ အဖြစ်ကို။ ဒဿေတိ၊ ပြတော်မူ၏။

ဖဿသတ္တကရာသိကို ဟောပြန်သည်ကား ဖဿ စသည်မှာ အလုံးစုံသော စိတ္တုပ္ပါဒ်အား ဆက်ဆံသည်၊ အဓိမောက္ခသည် မိမိယှဉ်သော စိတ္တုပ္ပါဒ်အား ဆက်ဆံသည်၊ ထိုကြောင့် ဟောပြန်သည်။

၁၁။ **ဖဿာ**ဒယော ပနေတ္ထ သန္နိဋ္ဌာနဝသေန ဝုတ္တာသဗ္ဗစိတ္တုပ္ပါဒသာဓာရဏာ တော ဝုတ္တာ—ဟူသော **ဓာတုကထာအဋ္ဌကထာ** (၃)နှင့် အညီ။

(၃) **နယမုခမာတိကာ**၌ "တီဟိ သင်္ဂဟော တီဟိ အသင်္ဂဟော" သာ **ဟောတော်**မူသည်၊ သစ္စာ စသည်တို့ကိုကား ကရိုဏ်းမူသည်၏ အဖြစ်ဖြင့် အဘယ်ကြောင့် ဟောတော်မမူလေသနည်း ဟူငြားအံ့—

**ခန္ဓာ** အာယတန ဓာတ်ကဲ့သို့ သာဓာရဏ မဖြစ်ရကား ကရိုဏ်းမူ၍ဟော ခြင်း၏ မဖြစ်သင့်သောကြောင့် ဟောတော်မမူလေသည်။

၁၂။ ကသ္မာ ပနေတ္ထ သစ္စာဒယော သင်္ဂဟဝသေန န ဝုတ္တာတိ။ တထာ ဒေသနာယ အသမ္ဘဝတော—ဟူသော **ဓာတုကထာအနုဋီကာ** (၅) နှင့် အညီ။

(၄) စတူဟိ ဝိပ္ပယောဂေါဟူသာ အဘယ်ကြောင့် ဟောတော်မူသနည်း။ ရုပ် နိဗ္ဗာန်တို့ဖြင့်လည်း ဝိပ္ပယောဂဖြစ်သောကြောင့် ဆဟိ ဝိပ္ပ-ယောဂေါဟု မဟောကောင်းပါလော ဟူငြားအံ့—

ရုပ် နိဗ္ဗာန်တို့ဖြင့်ဖြစ်သော ဝိပ္ပယောဂ၏ လည်း နာမက္ခန္ဓာ လေးပါးတို့ဖြင့် **သာ** ဖြစ်သောကြောင့် မဟောလေသည်။

၁၃။ ရူပနိဗ္ဗာနေဟိ ဘာဝန္တဿပိ စတူဟေဝ ဘာဝတော—ဟူသော **ဓာတုကထာမူလဋီကာ** (၄) နှင့်အညီ။

## သာခကနက်

၁၁။ ပန၊ ဆက်၍ဆိုဦးအံ့။ ဧတ္ထ၊ ဤ အဗ္ဘန္တရမာတိကာ၌။ ဖဿာဒယော၊ ဖဿ အစရှိသည်တို့ကို။ သန္နိဋ္ဌာနဝသေန၊ အဓိမောက္ခနှင့် ယှဉ်သည်ဖြစ်၍ ဆုံးဖြတ် ခြင်း၏ အစွမ်းအားဖြင့်။ ဝုတ္တာသဗ္ဗစိတ္တုပ္ပါဒသာဓာရဏတော၊ ဟောတော်မူအပ်သောစိတ္တုပ္ပါဒ်,အလုံးစုံသော စိတ္တုပ္ပါဒ်တို့နှင့် ဆက်ဆံသည်၏ အဖြစ်ကြောင့်။ ဘဂဝတာ၊ သည်။ ဝုတ္တာ၊ ကုန်၏။

၁၂။ ပန၊ ဆက်ဦးအံ့။ ဧတ္ထ၊ ဤဓာတုကထာကျမ်း၌။ သစ္စာဒယော၊ သစ္စာအစရှိသည်တို့ကို။ သင်္ဂဟဝသေန၊ သင်္ဂဟ၏အစွမ်းဖြင့်။ ကသ္မာ၊ အဘယ်ကြောင့်။ နဝုတ္တာ၊ ဟောတော် မမူအပ်ကုန်သနည်း။ ဣတိ၊ ဤကား အမေးတည်း။ တထာ၊ ထိုသင်္ဂဟအခြင်းအရာအားဖြင့်။ ဒေသနာယ၊ ဒေသနာတော်၏။ အသမ္ဘဝတော၊ မဖြစ်သင့်သောကြောင့်။ န ဝုတ္တာ၊ ဟောတော်မမူအပ်ကုန်။ ဣတိ၊ ဤကား အဖြေတည်း။

၁၃။ ရူပနိဗ္ဗာနေဟိ၊ ရုပ်, နိဗ္ဗာန်တို့ဖြင့်။ ဘာဝန္တဿပိ၊ ဖြစ်သော ဝိပ္ပယောဂ၏လည်း။ စတူဟေဝ၊ နာမက္ခန္ဓာ လေးပါးတို့ဖြင့် သာလျှင်။ ဘာဝတော၊ ဖြစ်သောကြောင့်။ စတူဟိ ဝိပ္ပယောဂေါတိ၊ ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။

ရုပ်သည် ရုပ်ချင်းလည်း ဝိပ္ပယောဂ မဖြစ်၊ နိဗ္ဗာန်နှင့်လည်း ဝိပ္ပယောဂ မဖြစ်၊ နိဗ္ဗာန်လည်း ရုပ်နှင့် ဝိပ္ပယောဂ မဖြစ်မှတ်လေ။

(၅) **သဗ္ဗာပိ ဓမ္မသင်္ဂဏီ ဓာတုကထာယ မာတိကာ** ဟူသောပါဠိကို အဘယ်ကြောင့် ဗာဟိရမာတိကာ ဆိုအပ်သနည်း၊ ဤကျမ်း၌ပင် ဟောရကား အဗ္ဘန္တရ ပင် မည်သင့်၏ တကား ဟူငြားအံ့—

ဤကျမ်း၌ပင် ဟောအပ်သော်လည်း ဓမ္မသင်္ဂဏီဟူသော ကျမ်းတပါးမှ ယူအပ်သောကြောင့် ဗာဟိရမာတိကာ မည်သင့်လေသည်။ အဗ္ဘန္တရ မာတိကာ မမည်သင့်။ ထိုကြောင့် မဟုတ်လော **ဓာတုကထာအနုဋီကာ** (၄)၌—

၁၄။ ကာမဉ္စေတ္ထ မာတိကာဘာဝေန ဝုတ္တာ၊ ပကရဏန္တရဂတတ္တာ ပန အညတော ဂဟေတဗ္ဗရူပါ ဣတော ဗဟိဘူတာ နာမ ဟောန္တိ— မိန့်ပြီ။

အဗ္ဘန္တရမာတိကာဖြင့် ခန္ဓာ စသည်ကို ပြပြီးလျှင် ကုသိုလ်စသော တရားလည်း ခန္ဓာ စသည်မှ အခြားမရှိသောကြောင့် မပြတန်ရာပြီ၊ အဘယ်ကြောင့်ကား ဗာဟိရမာတိကာဖြင့် ပြပြန်လေသနည်း ဟူတုံအံ့ —

ထို ခန္ဓာ အစရှိသည်တို့ကို ကုသိုလ် စသည်ဖြင့် ဝေဘန်ခြင်း ဝိဘာဂကို ပြလိုသောကြောင့် ဗာဟိရမာတိကာဖြင့် ပြလေသည်။

ထိုကြောင့် မဟုတ်လော **ဓာတုကထာအနုဋီကာ** (၆)၌—

၁၅။ ယထာဝုတ္တာနံ ခန္ဓာဒီနံ ကုသလာဒိဝိဘာဂဒဿနတ္ထံ "သဗ္ဗာပိ ဓမ္မသင်္ဂဏီ ဓာတုကထာယ မာတိကာ" တိ ဝုတ္တံ— မိန့်ပြီ။

ဤတွင်ရွေ့ကား မာတိကာခက်ရပ် ပြီး၏။

## သာဓကနက်

၁၄။ ဧတ္ထ၊ ဤ ဓာတုကထာကျမ်း၌။ တိကဒုကပဒါ၊ တိက် ၂၂-ပါး, ဒုက်တရာတို့ကို။ မာတိကာဘာဝေန၊ မာတိကာ၏ အဖြစ်ဖြင့်။ ကာမဉ္စ ဝုတ္တာ၊ အကယ်၍ ဟောအပ်ကုန်၏ရှင့်။ ပန၊ ထိုသို့ပင် ဟောအပ်ကုန်သော်လည်း။ ပကရဏန္တရဂတတ္တာ၊ ဓမ္မသင်္ဂဏီကျမ်းတပါးမှ လာသောကြောင့်။ အညတော၊ ဓမ္မသင်္ဂဏီကျမ်းတပါးမှ။ ဂဟေတဗ္ဗရူပါ၊ ယူအပ်သော သဘောရှိကုန်သည်ဖြစ်၍။ ဣတော၊ ဤ ဓာတုကထာကျမ်းမှ။ ဗဟိဘူတာ နာမ အပဖြစ်သည် မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

၁၅။ ယထာဝုတ္တာနံ၊ အကြင်အကြင် ဆိုအပ်ကုန်ပြီးသော။ ခန္ဓာဒီနံ၊ ခန္ဓာ အစရှိသည်တို့၏။ ကုသလာဒိဝိဘာဂဒဿနတ္ထံ၊ ကုသိုလ်အစရှိသည်တို့ဖြင့် ဝေဖန်ခြင်းကို ပြခြင်းငှါ။ သဗ္ဗာပိဓမ္မသင်္ဂဏီဓာတုကထာယ မာတိကာတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။

## ၁-ပဌမနယ

(၆) **တိဟိ သင်္ဂဟော တိဟိ အသင်္ဂဟော** — ဟူသော နယမုခမာတိကာနှင့်အညီ **ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ** — ဟူသော ပုစ္ဆာကို ဟောတော်မူသည်။

**သဘာဂေါ ဝိသဘာဂေါ** — ဟူသော လက္ခဏမာတိကာနှင့်အညီ **ဧကေန ခန္ဓေန သင်္ဂဟိတော** စသော ဝိသဇ္ဇနာကို ဟောတော်မူသည်၊ အဋ္ဌကထာ(၄)နှင့်အညီ။

ကံနှင့်ကရိယာသည် "**ဒဿေန ဝိဟိံ လုနာတိ**" စသော ပြယုဂ်၌ကဲ့သို့ အထူးရှိမှသာ ကံ ကရိယာ ဖြစ်လေကောင်းရကား "**ရူပက္ခန္ဓော**" ဟူသော ကံသည် "**ခန္ဓေဟိ, အာယတနေဟိ, ဓာတူဟိ**" ဟူသော ကရိယာတို့နှင့် အသို့ ထူးသနည်း ဟူတုံအံ့ —

**ရူပက္ခန္ဓော** ဟူသော ကံ၏အရသည် ရုပ် အဋ္ဌဝိသ၊ **ကရိယာသုံးချက်**အရသည် ရူပက္ခန္ဓဘာဝ, အာယတနဘာဝ, ဓာတုဘာဝ တည်း။

**တနည်းကား** — ရူပက္ခန္ဓသဒ္ဒါ, အာယတနသဒ္ဒါ, ဓာတုသဒ္ဒါ တည်း။ ဤသို့ ထူးပါ၏ဟူလေ။

၁၆။ ရူပက္ခန္ဓဘာဝသင်္ခါတေန, ရူပက္ခန္ဓဝစနသင်္ခါတေန ဝါ ဂဏနေန သင်္ဂဟံ ဂဏနံ ဒဿေတိ — ဟူသော ဓာတုကထာမူလဋီကာ(၈) နှင့်အညီ။

**ဘာဝ**ဟူသည်ကား အချင်းချင်း တူသည်၏အဖြစ်ဟု ဆိုအပ်သော သဘာဝ တည်း။ **တနည်းကား** — ရုပ္ပန လက္ခဏာတည်း မဓုနှင့်အညီ။

(၁၁) ရှေးရှေးပုဒ်ကို မူလီအဘယ်ကြောင့် မသွတ်ရသနည်း ဟူငြားအံ့—

၁၇။ ပုရိမေန ယောဇိယမာနေ ဝိသေသော နတ္ထိတိ ပစ္ဆိမေဟော

## သာဝကေနက်

၁၆။ ရူပက္ခန္ဓဘာဝသင်္ခါတေန၊ ရူပက္ခန္ဓာ၏အဖြစ်ဟု ဆိုအပ်သော။ ဂဏနေန ဝါ၊ ရေတွက်ခြင်းဖြင့်ရင်း။ ရူပက္ခန္ဓဝစနသင်္ခါတေန၊ ရူပက္ခန္ဓသဒ္ဒါ ဟုဆိုအပ်သော။ ဂဏနေန ဝါ၊ ရေတွက်ခြင်းဖြင့်ရင်း။ သင်္ဂဟံ ဂဏနံ၊ ရေတွက်ခြင်းကို။ ဒဿေတိ၊ ပြတော်မူ၏။

၁၇။ ပုရိမေန၊ ရှေးရှေးသော ပုဒ်နှင့်။ယောဇိယမာနေ၊ ယှဉ်အပ်သော်။ ဝိသေသော၊ အထူးသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ကြောင့်။ ပစ္ဆိမေဟော၊ နောက်နောက်သော ပုဒ်တို့နှင့်သာလျှင်။ ယောဇေတာ၊ ယှဉ်၍။ပ။ တေ လဗ္ဘန္တီတိ ဒဿေတိ။

ယောဇေတွာ—

ဟူသော **ဓာတုကထာမူလဋီကာ**(၈)နှင့် အညီ။

ရှေးမူမှ အထူးမရကောင်းသောကြောင့်တည်း။

ယခုကာလ၌ မူလီသွတ်၍ ဟောစဉ်သည် ပါဠိ, အဋ္ဌကထာ, ဋီကာတို့နှင့် မညီပေ၊ ယင်းသို့ မညီသော်လည်း သောတုဇနတို့ အသိဉာဏ်ဖြစ်စိမ့်သည်ကို ဆရာတို့ ရည်ဟန်ရှိသည်၊ နန်းကျောင်းဆိုရိုးမူကား ပါဠိ, အဋ္ဌကထာ, ဋီကာ အရသို့ လိုက်၍ ဟော၏။

**အသခ်တံ ခန္ဓတော ဌပေတွာ**—ဟုနိဗ္ဗာန်ကို ဆိုကြောင်းကား—

**ဘေဒါဘာဝေန နိဗ္ဗာနံ ခန္ဓသင်္ဂဟနိဿဋံ**—ဟူသော သင်္ဂြိုဟ် (၅၂)သရုပ်ကိုမှီ၍ သိလေ။

(၆၁) **အဝိဇ္ဇာ ဧကေန ခန္ဓေန**-စသည်ကား ပါဠိတော် အဟောင်းမဟုတ်၊ နောက်ကာလမှ ထည့်သည့်ပါဠိ ဖြစ်သည်။

၁၈။ သရူပေကသေသံ ဝါ ကတွာ အဝိဇ္ဇာဝစနေန အဝိဇ္ဇာဝိသဇ္ဇနံ ဒဿိတံ—

ဟူ၍ **ဓာတုကထာ မူလဋီကာ**(၉)၌ ဆရာ မိန့်သောကြောင့် **အဝိဇ္ဇာပစ္စယာ သင်္ခါရာ**။ အဝိဇ္ဇာ၊ ထိုအဝိဇ္ဇာလျှင် အကြောင်းရှိကုန်သော သင်္ခါရတို့ကို။ ဤသို့ ယောဇနာ။

ဤသို့ အဝိဇ္ဇာပါအောင်သော်လည်း ဟောရာ၏၊ ဤအလိုသော် **အလုတ္တ-သမာသ်** ဆိုသင့်၏။

**အသညာဘဝ, ဧကဝေါကာရဘဝ**တို့၌ သရုပ်အလျောက် **ဖောဋ္ဌဗ္ဗ, ဂန္ဓ, ရသ** တို့လည်း အာယတန ဓာတ်ဖွဲ့အပ်လျက် **ရူပါယတန, ရူပဓာတ်**ဟူ၍ ဝဏ္ဏကိုသာ အဘယ့်ကြောင့် ထုတ်၍ ဟောတော်မူလေသနည်း ဟူငြားအံ့—

**ဖောဋ္ဌဗ္ဗ, ဂန္ဓ, ရသ**တို့သည် အာရုံကိစ္စ မတပ်ကုန်၊ မိမိတို့ အာရမ္မဏိကလည်း မရှိကုန်၊ ထိုကြောင့် အာယတန ဓာတ် မထုတ်ဘဲ ဖောဋ္ဌဗ္ဗ ဂန္ဓ, ရသတို့ကို ဟောတော်မူလေသည်။

**ဝဏ္ဏ**သာလျှင် တပြင်တည်း တည်သော ဝေဟပ္ဖိုလ်ဗြဟ္မာတို့ စက္ခုဝိညာဏ် ဝီထိစိတ်အား အာရုံကိစ္စတပ်သည်၊ မိမိ အာရမ္မဏိကလည်း ရှိသည်၊ ထိုကြောင့် ရူပါယတန, ရူပဓာတ်ကိုထုတ်၍ ဝဏ္ဏကိုသာ ဟောတော်မူလေသည် ဟူလေ။

## သာဓကနက်

၁၈။ ဝါ၊ တနည်းကား။ သရူပေကသေသံ၊ သုတိတူ တခုကြွင်းကို။ ကတွာ၊ ပြု၍ အဝိဇ္ဇာဝစနေန၊ အဝိဇ္ဇာသဒ္ဒါဖြင့်။ အဝိဇ္ဇာဝိသဇ္ဇနံ၊ အဝိဇ္ဇာ၏ အဖြေကို။ ဒဿိတံ၊ ပြအပ်၏။

ထိုကြောင့် **ဓာတုကထာ အဋ္ဌကထာ(၆)၌ —**

၁၉။ ကေတလဝါသိကာနဉ္စ သေသပြဟ္မာနံ စက္ခုသဒ္ဒါဝတော တဿာ-
ရမ္မဏတ္တာ တတ္ထ ရူပါယတနံ ဥဒ္ဓဋံ—မိန့်ပြီ၊ ရူပဘဝများ၌လည်း
နည်းတူ ယူလေ။

(၇၁) **ဇာတိ,ဇရာ,မရဏ၌** ရုပ်၏ ဇာတိ ဇရာ မရဏကို ရူပက္ခန္ဓာ,နာမ်၏
ဇာတိ ဇရာ မရဏကို သင်္ခါရက္ခန္ဓာ ဖွဲ့ရသည်ဟုမှတ်။

သို့သော် စိတ်,စေတသိက်ဟူသော နာမ်တရားအားလျော်စွာ နာမက္ခန္ဓာ-
လေးပါးလုံးပင် ဖွဲ့စကောင်းပါသည် ဟူငြားအံ့—

ဇာတိ, ဇရာ, မရဏတို့သည် အဝတ္ထုမျှဖြစ်၍ ကေန္တပရမတ္ထ မဟုတ်ကုန်
ရကား ဝေဒိယန, သဥ္ဇာနန, ဝိဇာနန ဟူသော ကေန္တပရမတ္ထကိစ္စဖြင့် မယူအပ်
သည်ဖြစ်၍ အနေကန္တဖြစ်သော သင်္ခါရကိစ္စဖြင့်သာ ယူအပ်ကောင်းသော
ကြောင့် သင်္ခါရက္ခန္ဓာဖွဲ့၍ ဟောတော်မူလေသည်။

ထိုကြောင့် **ဓာတုကထာမူလဋီကာ(၉)၌—**

၂၀။ ဝေဒိယနသဥ္ဇာနနဝိဇာနနေဟိ ကေန္တပရမတ္ထကိစ္စေဟိ အဂယှ-
မာနာနိ သင်္ခတာဘိသင်္ခရဏေန အနေကန္တပရမတ္ထကိစ္စေန
ဂယှန္တီတိ သင်္ခါရက္ခန္ဓဓမ္မသဘာဂါနိ မိန့်ပြီ။

အဘယ်ကြောင့် ခပ်သိမ်းသော အာယတန, ဓာတ်တို့၏ အဝတ္ထု ဖြစ်ကုန်
လျက် ဓမ္မာယတန ဓမ္မဓာတ်သာ ဖွဲ့လေသနည်းဟူငြားအံ့—

## သာဓကနက်

၁၉။ ဟိသစ္စံ၊ မှန်၏။ ကေတလဝါသိကာနံ၊ တပြင်တည်း၌ တည်နေကုန်သော။ သေသပြဟ္မာနံ၊ အသညာသတ်မှ ကြွင်းသော ဝေဟပ္ဖိုလ် ပြဟ္မာတို့၏။ စက္ခုသဒ္ဒါဝတော၊ မျက်စိ၏ထင်ရှားရှိသည်၏ အဖြစ်ကြောင့်။ တဿ၊ ထိုအသညာသတ်မှ ကြွင်းသော ဝေဟပ္ဖိုလ် ပြဟ္မာတို့၏ စက္ခုပသာဒ၏။ အာရမ္မဏတ္တာ၊ အာရုံ၏ အဖြစ်ကြောင့်။ တတ္ထ၊ ထို အသညာဘဝ, ကေဝေါကာရဘဝနိဒ္ဒေသတို့၌။ ရူပါယတနံ၊ ကို။ ဘဂဝတာ၊ သည်။ ဥဒ္ဓဋံ၊ ထုတ်ဆောင်တော်မူအပ်၏။

၂၀။ ဝေဒိယနသဥ္ဇာနနဝိဇာနနေဟိ၊ ဝေဒိယန, သဥ္ဇာနန, ဝိဇာနန ဟုဆိုအပ်ကုန်သော။ ကေန္တပရမတ္ထကိစ္စေဟိ၊ ကေန္တပရမတ္ထကိစ္စတို့ဖြင့်။ အဂယှမာနာနိ၊ မယူအပ်ကုန်သည် ဖြစ်၍။ သင်္ခတာဘိသင်္ခရဏေန၊ ပြုပြင် စီရင်အပ်သော တရားသဘောကို ပြုပြင် စီရင်ခြင်း ဟုဆိုအပ်သော။ အနေကန္တပရမတ္ထကိစ္စေန၊ အနေကန္တပရမတ္ထကိစ္စဖြင့်။ ဂယှန္တိ၊ ယူအပ်ကုန်၏။ ဣတိတသ္မာ၊ ကြောင့်။ သင်္ခါရက္ခန္ဓဓမ္မသဘာဂါနိ၊ သင်္ခါရက္ခန္ဓာ ဟုဆိုအပ်သော သဘာဝဓမ္မနှင့် တူသော သဘောရှိကုန်၏။

ကေန္တ ပရမတ္ထ ဝါစ္စဖြစ်သော စက္ခာယတန, စက္ခုဓာတ်စသည်ဖြင့် မယူအပ်သည်ဖြစ်၍ နိဿတ္တဋ္ဌအားဖြင့် ဓမ္မာယတန, ဓမ္မဓာတ်တို့ဖြင့်သာ ရေတွက်သောကြောင့်တည်း။

ထိုကြောင့် **ဓာတုကထာမူလဋီကာ(၉)**၌—

၂၁။ တထာ ဒုဝိဓာနိပိ တာနိ စက္ခာယတနာဒီဟိ ကေန္တပရမတ္ထ-
ကိစ္စေဟိ အဂယှမာနာနိ နိဿတ္တဋ္ဌေန ဓမ္မာယတန ဓမ္မ-
ဓာတုဓမ္မေဟိ သဘာဂါနိ—မိန္နံပြီ။

သတိပဋ္ဌာန်စသည်၌ ဘေဒလည်းဟောလိုသော် ဟောရကြောင်းကို စာမျက်နှာ(၅၇၀)၌ ဆိုခဲ့ပြီ။

ဤတွင်ရွေ့ကား ပဌမနယ၌ ခက်ရပ် ပြီး၏။

---

## ၂-ဒုတိယနယ

(၁၇၁) **စက္ခာယတနေန ယေ ဓမ္မာ ခန္ဓသင်္ဂဟေန သင်္ဂဟိတာ အာယတန သင်္ဂဟေန အသင်္ဂဟိတာ ဓာတုသင်္ဂဟေန အသင်္ဂဟိတာ** — တိုင်ရုံကား ဓမ္မုဒ္ဒေါရ တည်း။

ဤ၌ ခန္ဓသင်္ဂဟေန အာယတနသင်္ဂဟေန ဓာတုသင်္ဂဟေန သာမန်သဒ္ဒါဖြစ်လျက် အနက်ဝိသေသကို အဘယ်ကြောင့် ယူသနည်း ဟူငြားအံ့—

၂၂။ သာမညဇောတနာယ ဝိသေသေ အဝဋ္ဌာနတော ဝိသေ-
သတ္ထိနာ စ ဝိသေသဿ အနုယုဉ္ဇိတဗ္ဗတော—

ဟူသော ပရိဘာသာနှင့်အညီ သာမညဇောတနာသည် ဝိသေသ၌ မှီသောကြောင့် ဝိသေသကို လိုသူသည် ဝိသေသတ္ထကို ယှဉ်အပ်သောကြောင့်တည်း ဟူလေ။

### သာဓကနက်

၂၁။ တထာ၊ ထိုအတူ။ ဒုဝိဓာနိပိ၊ နှစ်ပါး အပြားရှိသည်လည်း ဖြစ်ကုန်သော။ တာနိ၊ ထိုဇာတိ,ဇရာ, မရဏတို့သည်။ စက္ခာယတနာဒီဟိ၊ စက္ခာယတန အစရှိကုန်သော။ ကေန္တပရမတ္ထကိစ္စေဟိ၊ ကေန္တပရမတ္ထကိစ္စတို့ဖြင့်။ အဂယှမာနာနိ၊ မယူအပ်ကုန်သည်ဖြစ်၍။ နိဿတ္တဋ္ဌေန၊ သတ္တမှဆိတ်သော အနက်သဘောဖြင့်။ ဓမ္မာယတနဓမ္မဓာတုဓမ္မေဟိ၊ ဓမ္မာယတန ဓမ္မဓာတ်ဖြစ်ကုန်သော သဘာဝဓမ္မတို့နှင့်။ သဘာဂါနိ၊ တူကုန်၏။

၂၂။ သာမညဇောတနာယ၊ သာမညကို ထွန်းပြခြင်း၏။ ဝိသေသေ၊ ထူးသောအရာ၌။ အဝဋ္ဌာနတော စ၊ မှီ တည်သည်၏ အဖြစ်ကြောင့်ရင်း။ ဝိသေသတ္ထိနာ၊ ဝိသေသကို အလိုရှိသောသူသည်။ ဝိသေသဿ၊ ကို။ အနုယုဉ္ဇိတဗ္ဗတော စ၊ ယှဉ်အပ်သောကြောင့်ရင်း။

ဒုတိယ၌ ခန္ဓာချင်းတူသည်ကား သဘာဂတည်း။

ဤသို့ **သဘာဂေါ ဝိသဘာဂေါ** ဟူသော လက္ခဏာမာတိကာနှင့် ယှဉ်လေ။

ဒုတိယနယ ပြီး၏။

---

## ၃-တတိယနယ

(၁၇၉) တတိယနယ၌ ဝေဒနာ, သညာ, သင်္ခါရ, သုခုမရုပ်, နိဗ္ဗာန် သည် ငါးချက်တွင် ဟောပုဒ်အရကို ချ၍ စွဲလေသည်။

ငါးချက်ကိုသာ စွဲ၍ ဟောရသည်မှာ အာယတနဓာတ် ဟူသောအားဖြင့် သဘာဂ ဖြစ်သောကြောင့်တည်း။

**ဝေဒနာက္ခန္ဓေန ယေ ဓမ္မာ ခန္ဓသင်္ဂဟေန အသင်္ဂဟိတာ အာယတနသင်္ဂဟေန သင်္ဂဟိတာ ဓာတုသင်္ဂဟေန သင်္ဂဟိတာ**—ဟူရာ၌။

အဓိပ္ပါယ်ကား—

ခန္ဓာ မတူ၊ အာယတန, ဓာတ်တူ၏ ဟူလိုသည်။

စင်စစ် ကတ္တုဗျာပါရရှိ၍ ခန္ဓာဖြင့် မရေတွက်တတ်သည်၊ အာယတန, ဓာတ်ဖြင့် ရေတွက်တတ်သည် ဖြစ်သောကြောင့်ကား ဤသို့ ဟောတော်မူသည် မဟုတ်။

**သဘာဝ, ဝင်္ကာဝုတ္တိနံ ဘေဒါ ဒွိဓာ အလံကြိယာ**—ဟူ၍ အလင်္ကာဂါထာ (၁၆၅) ၌ ဆိုသည်၊ သဘာဝဝုတ္တိ, ဝင်္ကဝုတ္တိ ၂-ပါးတို့တွင် ဝင်္ကဝုတ္တိတည်း။

တတိယနယ ပြီး၏။

---

## ၄-စတုတ္ထနယ

(၁၈၀) စတုတ္ထနယ၌ ကတ္တားပြန်၍ အဘယ့်ကြောင့် ဟောတော်မူသနည်း ဟူငြားအံ့—

ဒုတိယနယ, တတိယနယ တို့၌ကဲ့သို့ သင်္ဂဟိတ, အသင်္ဂဟိတ တို့ဖြင့် အထူး မမူအပ်၊ သင်္ဂဟိတ သာမန်ဖြစ်သောကြောင့် ပဥ္စမကတ္တားကို ဓမ္မုဒ္ဓါရ ပြုတော်မူလို၍ ဟောတော်မူလေသည်။ **ဓာတုကထာမူလဋီကာ (၁၅) နှင့်အညီ။**

ဒုတိယ, တတိယတို့၌လည်း ကတ္တားပြန်လျှင် သဘောရသည်ပင်၊ သို့သော်လည်း သင်္ဂဟိတ, အသင်္ဂဟိတတို့ဖြင့် အထူး မှုအပ်လေပြီဖြစ်၍ နာဝိဘတ်သည်

ဝိသေသနအနက်၌ ဖြစ်သည်အားလျော်စွာ ပြန်၍ ဟောတော်မူ။ သင်္ဂဟိတ သာမန်ဖြစ်၍ နာဝိဘတ်သည် ကတ္တားအနက်၌ ဖြစ်သည်အားလျော်စွာ ပြန်၍ ဟောတော်မူလေသည် ဟူလို။

ဤ နယ၌ **ခန္ဓာ အာယတန ဓာတ် တူသည်ကိုစွဲလေ။**

မဂ်စိတ္တုပ္ပါဒ်၌ရှိသော သမ္မာဒိဋ္ဌိ **အစရှိသည်သာ** မဂ္ဂကိစ္စတပ်သောကြောင့် မဂ္ဂသစ္စာ၌ သင်္ခါရက္ခန္ဓာ ငါးဆယ်ပင် စွဲ။

သမာဓိန္ဒြေမှာ ဝိစိကိစ္ဆာသဟဂုတ် ဒွေပဉ္စဝိညာဉ်တဆယ် မနောဓာတ် ၃-ခု သန္တီရဏ ၃-ခုတို့၌ ဧကဂ္ဂတာ ကြွင်းသောကြောင့် ငါးဆယ်ပင် စွဲ။

ပညိန္ဒြေ စသော သရုပ်မကုန်သော ပုဒ်တို့၌ ဤအတူ စွဲလေ။

စတုတ္ထနယ ပြီး၏။

---

## ၅-ပဉ္စမနယ

(၁၉၃) ပဉ္စမနယ၌လည်း အသင်္ဂဟိတ သာမန်ဖြစ်၍ ပဉ္စမကတ္တားကို ဓမ္မဒ္ဓါရ ပြုလိုသောကြောင့် ကတ္တားပြန်၍ ဟောတော်မူလေသည်။

ဤ နယ၌ ခန္ဓာ အာယတန ဓာတ် အလျှင်းမတူသော အစွဲ (၆) ချက်ကို ရှု၍ **ယေသဒ္ဒါ** နှစ်ချက်ကို စွဲလေ။

ရူပက္ခန္ဓာ၌ ကတ္တားပြန်သည့်အခါ၊ တေဟိ ဓမ္မေဟိ၊ ထို ဝိညာဏ်တို့သည်။ ယေ ဓမ္မာ၊ အကြင် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, နိဗ္ဗာန်တို့ကို-ဟူ၍စွဲ။

> ၂၃။ ပန တေန ဝိညာဏေန သဒ္ဓိံ နိဗ္ဗာနေန စတ္တာရော ခန္ဓာ ခန္ဓာဒိသင်္ဂဟေန အသင်္ဂဟိတာ—ဟူသော **ဓာတုကထာ အဋ္ဌကထာ** (၁၃)**နှင့်အညီ။**

တနည်းကား အကြင် ရူပက္ခန္ဓာတို့ကို စွဲလေ။

## သာဓကနက်

၂၃။ ပန၊ တဖန်။ တေန ဝိညာဏေန၊ ထိုဝိညာဏက္ခန္ဓာသည်။ နိဗ္ဗာနေန၊ နိဗ္ဗာန်နှင့်။ သဒ္ဓိံ၊ တကွ။ စတ္တာရော၊ ကုန်သော။ ခန္ဓာ၊ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာတို့သည်။ ဝါ၊ တို့ကို။ ခန္ဓာဒိသင်္ဂဟေန၊ ခန္ဓာစသော ရေတွက်ကြောင်းဖြင့်။ **အသင်္ဂဟိတာ**၊ မရေတွက်အပ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။

၂၄။ ပုန စေ ရူပဓမ္မာ ဝိညာဏေနေဝ တိဟိ သင်္ဂဟေဟိ အသင်္ဂဟိတာ-ဟူသော **အင်္ဂကထာ** (၁၃) တ္ဝကပ်နှင့် အညီ။

၂၅။ တွေ စ ပဌမေ နယေ ဝေဒနာဒယောပိ ဝိညာဏေန အသင်္ဂဟိတာတိ ဝုတ္တာ။ ဒုတိယေ ရူပဓမ္မာ ဝါ တိ အယံ ဝိသေသော ဟူသော **ဓာတုကထာမူလဋီကာ** (၁၇) နှင့် အညီ။

ပဌမနည်း၌ ဝိသဘာဂလက္ခဏာတူသော တရားကို ရှု၍ စွဲသည်။

ဒုတိယနည်း၌ကား တိုက်ရိုက်ရှိသော ပဌမကတ္တားကို စွဲသည်၊ ဤကား အထူးတည်း။

ဤနည်းအတူ ရသင့်သည့်အရာ၌ နှစ်ချက်စီ စွဲ၍ ဟောလေ။

ပဥ္စမနယ ပြီး၏။

## ၆-ဆင္ဂနယ

(၂၂၈) ဆင္ဂနယ၌ —

၁။ ရူပက္ခန္ဓာသည် အစိတ် ရုပ်နှင့်ရင်း နိဗ္ဗာန်နှင့်ရင်း သမ္ပယုတ်မဖြစ်။

၂။ နိဗ္ဗာန်သည်လည်း ရုပ်နှင့် သမ္ပယုတ် မဖြစ်။

၃။ ရုပ်သည် နာမက္ခန္ဓာ ၄-ပါးနှင့် သမ္ပယုတ်မဖြစ်။

ထိုကြောင့် **ရူပက္ခန္ဓော ကတိဟိ ။ပ။ နတ္ထိ**-ဟူ၍ ဟောတော်မူသည်။

အဘယ်ကြောင့် ရုပ်,နိဗ္ဗာန်တို့သည် ချင်းတို့ချင်း သမ္ပယုတ် မဖြစ်သနည်း ဟူမူကား—

ဧကုပ္ပါဒ ဧကနိရောဓ ဧကာလမ္ဗဏ ဧကဝတ္ထုကဟူသော သမ္ပယောဂလက္ခဏာ ၄-ပါးဟုဆိုအပ်သော သဘာဂ မရှိသောကြောင့်တည်း။

### သဒ္ဒါကနက်

၂၄။ ပုန၊ တဖန်။ စေ ရူပဓမ္မာ၊ ထိုရူပက္ခန္ဓာဖြစ်သော တရားတို့ကို။ ဝိညာဏေနေဝ၊ ဝိညာဏ်သည်သာလျှင်။ တိဟိ၊ သုံးပါးကုန်သော။ သင်္ဂဟေဟိ၊ ခန္ဓာ အာယတန ဓာတ် ဟူသော ရေတွက်ကြောင်းတို့ဖြင့်။ အသင်္ဂဟိတာ၊ မရေမတွက်အပ်ကုန်။

၂၅။ စ၊ ဆက်ဦးအံ့။ တွေ၊ ဤ ပဥ္စမနယ၌။ ဝါ၊ ရူပက္ခန္ဓနိဒ္ဒေသ၌။ ပဌမေ နယေ၊ ၌၊ ဝေဒနာဒယောပိ၊ ဝေဒနာ အစရှိသည်တို့ကိုလည်း။ ဝိညာဏေန၊ ဝိညာဏ်သည်။ အသင်္ဂဟိတာ၊ ကုန်။ ဣတိ၊ ဤသို့။ ဝုတ္တာ၊ ကုန်၏။ ဒုတိယေ နယေ၊ ၌။ ရူပဓမ္မာဝ၊ ရုပ်တရားတို့ကိုသာလျှင်။ ဝိညာဏေန၊ သည်။ အသင်္ဂဟိတာ၊ ကုန်။ ဣတိ၊ ဤသို့။ ဝုတ္တာ၊ ကုန်၏။ ဣတိ အယံ၊ ကား။ ဝိသေသော၊ အထူးတည်း။

၂၆။ **သမ္ပယောဂေါ နာမ နတ္ထီတိ ကေဟ္ပိဒါနိ သဘာဂတာယ အဘာဝတော**—ဟူသော **ဓာတုကထာမူလဋီကာ** (၁၇)နှင့်အညီ။

၁။ ရုပ်သည် အစိတ်ရုပ်နှင့်ငင်း နိဗ္ဗာန်နှင့်ငင်း ဝိပ္ပယုတ်မဖြစ်။

၂။ နိဗ္ဗာန်သည်လည်း ရုပ်နှင့် ဝိပ္ပယောဂမဖြစ်၊ နာမက္ခန္ဓာ ၄-ပါးနှင့်သာ ဝိပ္ပယုတ်ဖြစ်၏။

ထိုကြောင့် **ရူပက္ခန္ဓော စတူဟိ ခန္ဓေဟိ**—စသည်ကို ဟောတော်မူသည်။ အဘယ်ကြောင့် ရုပ် နိဗ္ဗာန်တို့သည် ချင်းတို့ချင်း ဝိပ္ပယုတ် မဖြစ်သနည်း ဟူမူကား—

ယခင် သမ္ပယောဂလက္ခဏာ ၄-ပါး မရှိသောကြောင့်ပင်တည်း။

၂၇။ သာ စ ကေဟ္ပိဒါနိတာ တေသံ ဝိသဘာဂတာတိ တဒဘာဝတော—ဟူသော **ဓာတုကထာမူလဋီကာ** (၁၇) နှင့်အညီ။

တနည်းကား—သမ္ပယုတ်လောဟု ယုံမှားဘွယ် သဘော မရှိသောကြောင့်တည်း။

၂၈။ **ရူပံ ရူပေန နိဗ္ဗာနေန ဝါ ဝိပ္ပယုတ္တံ န ဟောတိ။ နိဗ္ဗာနံ ဝါ ရူပေန။** ကသ္မာ သမ္ပယုတ္တန္တိ အနာသင်္ကနီယသဘာဝတ္တာ—ဟူသော **ဓာတုကထာအနုဋီကာ** (၅) နှင့်အညီ။

**ကေနာယတနေန ကေဟ ဓာတုယာ**—ဟုဟောလျှင် ပြီးကောင်းပြီး လျက် "**ကေဟိစိ**" ကို အဘယ်ကြောင့် ဟောတော်မူပြန်သနည်း ဟူငြားအံ့— သာမညဖြစ်၍ သရုပ်ဝိသေသ ထင်စိမ့်သောငှါ ဟောတော်မူသည် ဟူလေ။ သမုဒယသစ္စာ စသော သခ်ါရက္ခန္ဓာ ရသည့်ပုဒ်၊ ဣဒ္ဓိပါဒ် စသော သခ်ါ

## သာဓကနက်

၂၆။ သမ္ပယောဂေါနာမ နတ္ထီတိ၊ ဟူသည်ကား။ ကေဟ္ပိဒါနိ သဘာဂတာယ၊ ကေဟ္ပိဒါ အစရှိသော သဘာဂလက္ခဏာ၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ န ဟောတိ၊ မဖြစ်။

၂၇။ သာ စ ကေဟ္ပိဒါနိတာ၊ ထိုကေဟ္ပိဒါ အစရှိသော အဖြစ်သည်သာလျှင်။ တေသံ၊ ထိုရုပ်၊နိဗ္ဗာန်တို့၏။ ဝိသဘာဂတာ၊ သဘောမတူသည်၏ အဖြစ်သည်။ ဟောတိ၊ ၏။ ဣတိတသ္မာ၊ ကြောင့်။ တဒဘာဝတော၊ ထို ကေဟ္ပိဒါ စသော သဘာဂ လက္ခဏာ မရှိသောကြောင့်။ န ဟောတိ၊ မဖြစ်။

၂၈။ ရူပံ၊ ရုပ်သည်။ ရူပေန ဝါ၊ အစိတ်ရုပ်နှင့်ငင်း။ နိဗ္ဗာနေန ဝါ၊ နိဗ္ဗာန်နှင့်ငင်း။ ဝိပ္ပယုတ္တံ၊ ဝိပ္ပယုတ်သည်။ န ဟောတိ၊ မဖြစ်။ ဝါ၊ ကား။ နိဗ္ဗာနံ၊ သည်။ ရူပေန၊ နှင့်။

ရက္ခန္ဓာနှင့် ရောသည့်ပုဒ်တို့၌ **ဧကေန ခန္ဓေန ဧကေနာယတနေန ဧကာယ ဓာတုယာ ကေဟိစိ သမ္ပယုတ္တာ**—ဟူ၍ ခန္ဓာနှင့်တကွ ကေဟိစိ ထုတ်ရသည် မှတ်လေ။

အဘယ့်ကြောင့် ကေဟိစိ ထုတ်ရသနည်း ဟူမူကား—

တူသောသန္တာန် တူသောကာလ၌ ဖြစ်ထိုက်၍ အစိတ်အထူးမှ ခွဲဝေကောင်းသောကြောင့် သမ္ပယောဂ ဝိပ္ပယောဂ ရ ရကား ဧကေန စသည်ဖြင့် ကေဟိစိ သမ္ပယုတ် ဝိပ္ပယုတ် ထုတ်ပြန်ရသည်။

သုခိန္ဒြေ စသည်၌ ကြွင်းသော ဝေဒနာအစိတ်ကို ရည်၍ ဧကေန ခန္ဓေန စသည်ဖြင့်ရင်း၊ စက္ခုဝိညာဏဓာတ် စသည်၌လည်း ကြွင်းသော ဝိညာဏဓာတ်ကိုရည်၍ ဧကေန ခန္ဓေန စသည်ဖြင့်ရင်း ဝိပ္ပယုတ် ထုတ်ကောင်း၏ တကား ဟူငြားအံ့—

ဝေဒနာက္ခန္ဓာ ဝိညာဏက္ခန္ဓာတို့သည် တခုသော သန္တာန်ဝယ် တကာလ တည်း၌ တပါးစီသာ ဖြစ်ကုန်သောကြောင့် ယင်းကဲ့သို့ မထုတ်အပ် ဟူရာ၏။

ထိုကြောင့် **ဓာတုကထာမူလဋီကာ** (၂၀) ၌ –

၂၉။ ဘိန္နကာလသမုဒယာ ဧဝ ပန ဝေဒနာ သညာ ဝိညာဏက္ခန္ဓာ ဝတ္တမာနာ စ ဧကေကဓမ္မာဧဝ၊ တသ္မာ တေသံ သမာနကာလဿ ဝိဘဇိတဗ္ဗဿ အဘာဝတော——မိန့်ပြီ။

ဝိညာဉ်၌ ဓာတ်ကို ဝိပ္ပယုတ် ထုတ်ရသည်ကား ဓာတုဝိပ္ပယုတ် ဖြစ်သောကြောင့်တည်း။

၂၅။ သမုဒယသစ္စာ၌ သမ္ပယုတ်တို့ကို တီဟိ ခန္ဓေဟိ——ဆိုသကဲ့သို့ သမ္ပယုတ်လောဘမူစိတ္တုပ္ပါဒ်မှ ကြွင်းသော ခန္ဓာကို တီဟိ ခန္ဓေဟိ ဝိပ္ပယုတ် ထုတ်ကောင်းသည် မဟုတ်လော ဟူငြားအံ့—

## သာဝကနက်

ဝိပ္ပယုတ္တာ၊ သည်။ န ဟောတိ၊ မဖြစ်။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ သမ္ပယုတ္တန္တိ၊ သမ္ပယုတ်ဟူ၍။ အနာသက်နိယသဘာဝတ္တာ၊ ယုံမှားအပ်သော သဘောမရှိသည်၏ အဖြစ်ကြောင့်။ ဝိပ္ပယုတ္တာ၊ သည်။ န ဟောတိ၊ မဖြစ်။

၂၉။ ပန၊ ထိုမှတပါး။ ဝေဒနာ သညာ ဝိညာဏက္ခန္ဓာ၊ ဝေဒနာ သညာ ဝိညာဏက္ခန္ဓာတို့သည်။ ဘိန္နကာလသမုဒယာ ဧဝ၊ ပြားသော ကာလရှိသော အပေါင်းတို့သည် သာလျှင်။ ဟောန္တိ၊ ကုန်၏။ ဝတ္တမာနာ စ၊ ဖြစ်ကုန်သော်လည်း။ ဧကေကဓမ္မာ

သမာနကာလ မရ၍ မဝေဖန်အပ်သော တရားတို့နှင့် ဝိပ္ပယုတ်ဆိုခြင်း၏ မသင့်သောကြောင့် မထုတ်ရ ဟူလေ။

ထိုကြောင့် **ဓာတုကထာမူလဋီကာ** (၂၀) ၌—

၃၀။ အဝိဘာဂေဟိ တေဟိ ဝိပ္ပယောဂဝစနဿ အယုတ္တတ္တာ — ဟူသော **ဟိတ်**ကို မိန့်ပြီ။

၃၁။ ဇာတိဝိပ္ပယောဂဘူမိကာလသန္တာနဝိပ္ပယောဂတော စတုဗ္ဗိဓော ဝိပ္ပယောဂေါ။

ဟူသော **ဓာတုကထာမူလဋီကာ** (၂၆) နှင့်အညီ။

၁။ **ဇာတိဝိပ္ပယုတ်၊**
၂။ **ဘူမိဝိပ္ပယုတ်၊**
၃။ **ကာလဝိပ္ပယုတ်၊**
၄။ **သန္တာနဝိပ္ပယုတ်** ဟူ၍ ဝိပ္ပယုတ် ၄-ပါးအပြားရှိ၏။ ထိုတွင်—

၁။ ကုသိုလ် စသည်နှင့် အကုသိုလ်စသည်ကား ဇာတိဝိပ္ပယုတ်တည်း။
၂။ ကာမာဝစရ စသည်နှင့် ရူပါဝစရ စသည်ကား ဘူမိဝိပ္ပယုတ်တည်း။
၃။ အတိတ်နှင့် အနာဂတ် စသည်ကား ကာလဝိပ္ပယုတ်တည်း။
၄။ အဇ္ဈတ္တနှင့် ဗဟိဒ္ဓ စသည်ကား သန္တာနဝိပ္ပယုတ်တည်း။
(ဓာတုဝိပ္ပယုတ်ကိုလည်း ကာလဝိပ္ပယုတ်၌ သွင်းလေ။)

ဆဋ္ဌနယ ပြီး၏။

## သာစကေနက်

**၆၀၊** တခုတခုသော တရားတို့သည်သာလျှင်။ ဝတ္တန္တိ၊ တစုံသော သန္တာန်၌ ဖြစ်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ တေသံ၊ ထို ဝေဒနာ, သညာ, ဝိညာဏက္ခန္ဓာတို့၏။ သမာန-ကာလဿ၊ တူသော ကာလရှိသည်ဖြစ်၍။ ဝိဘဇိတဗ္ဗဿ၊ ဝေဖန်အပ်သော အစိတ်ဖြစ်သော တရား၏။ အဘာဝတော၊ ကြောင့်။ န ကရောန္တိ၊ ကုန်။

၃၀။ အဝိဘာဂေဟိ၊ တူသောကာလမှ မဝေဖန်အပ်ကုန်သော။ တေဟိ၊ ထို ဝေဒ-နာက္ခန္ဓာ စသော ခန္ဓာသုံးပါးတို့နှင့်။ ဝိပ္ပယောဂဝစနဿ၊ ဝိပ္ပယုတ်ဆိုခြင်း၏။အယုတ္တတ္တာ၊ မသင့်သည်၏ အဖြစ်ကြောင့်။ န ဝုတ္တံ၊ အပ်။

၃၁။ ဝိပ္ပယောဂေါ၊ ဝိပ္ပယုတ်သည်။ဇာတိဝိပ္ပယောဂ ဘူမိ ကာလ သန္တာနဝိပ္ပယော-ဂတော၊ ဇာတိဝိပ္ပယုတ် ဘူမိဝိပ္ပယုတ် ကာလဝိပ္ပယုတ် သန္တာနဝိပ္ပယုတ်အားဖြင့်။ စတုဗ္ဗိ-ဓော၊ လေးပါးအပြားရှိသည်။ ဟောတိ၊ ၏။

## ၇-သတ္တမနယ

(၃၀၆) သတ္တမနယ၌ ဆဋ္ဌနယ သဘောကျမှ မြင်လွယ်မည်၊ ဆဋ္ဌနယ အတိုင်း ဟောပုဒ်နှင့် သမ္ပယုတ်ကို ထုတ်၊ ယင်းသည့် သမ္ပယုတ်နှင့် ဝိပ္ပယုတ် တရားကိုလည်း ဆဋ္ဌအတိုင်း ထုတ်၊ အစွဲပင် ရသော်လည်း ဝိပ္ပယုတ် မရလျှင် မဟော။

သတ္တမနယ ပြီး၏။

---

## ဂ-အဋ္ဌမနယ

(၃၁၇) အဋ္ဌမနယ၌ကား ဓမ္မဒ္ဓါရ ရလျှင်ပင် ဟောတော်မူသည်၊ မောဃ-ပုစ္ဆာ ပဋိက္ခေပဝိသဇ္ဇနာချည်း။

ဆဋ္ဌနယကို တတ်လျှင် လွယ်တော့သည်။

ဒုက္ခသစ္စာနှင့် လောကုတ္တရာစိတ္တုပ္ပါဒ်ကား ဘူမိဝိပ္ပယုတ်တည်း။

ရူပက္ခန္ဓာ၌ နိဗ္ဗာန်ကို၊ နိဗ္ဗာန်၌ ရူပက္ခန္ဓာကို ဝိပ္ပယုတ် မထုတ်ရကြောင်းကား — ဆဋ္ဌနယ(၅၇၀) ၌ ဆိုခဲ့ပြီ။

ပညိန္ဒြေ အရသည် လောကီသာ ဖြစ်သောကြောင့် လောကုတ္တရာကိုလည်း ဝိပ္ပယုတ် ထုတ်သည်၊ လောကုတ္တရာပညိန္ဒြေ သုံးပါး၌ သမုစ္စည်းပိုင်းကို မှီ၍ သိလေ။

ဘဝ၌ သညာစသော ၃-ပါး၊ ပဉ္စဝေါကာရစသော ၃-ပါး၊ ကာမ စသော ၃-ပါးကို အချင်းချင်းလှည့်၍ စွဲရသည်ကား ဘူမိဝိပ္ပယုတ်တည်း။

ယင်းသို့ ဘူမိဝိပ္ပယုတ်ပင် ဖြစ်ငြားသော်လည်း ရုပ်သည် ရုပ်ချင်း ဝိပ္ပယောဂ မဖြစ်သောကြောင့် သညာဘဝ၌ အသညာဘဝကို၊ ပဉ္စဝေါကာရဘဝ၌ ဧက-ဝေါကာရဘဝကို မစွဲရ။

နေဝသညာနာသညာ၌ အသညာကို၊ စတုဝေါကာရ၌ ဧကဝေါကာရကို စွဲလို သော် စွဲရ၏၊ ရုပ်ကို စွဲပြီးဖြစ်၍သာ မစွဲကုန်သည်၊ ဘူမိဝိပ္ပယုတ် မဖြစ်သော ကြောင့် မဟုတ်။

စိတ်, စေတသိက် ဖြစ်သောဟု မ,၍ စွဲရာများ၌လည်း ရုပ်သည် ချင်းတို့ ချင်း ဝိပ္ပယုတ် မဖြစ်သောကြောင့် ရုပ်ကို စင်စေလို၍ မ,သည်ဟု မှတ်လေ။

အဋ္ဌမနယ ပြီး၏။

## နဝမနယဝါဒိ

နဝမ ဒသမ ဧကာဒသမ ဒွါဒသမ တေရသမ စုဒ္ဒသမဥ္စ ဆိုပြီးသောနည်းကို မှီ၍ သိကောင်းတော့သည် ဆိုဘွယ် မရှိပြီ။

အချို့သော သဝိတက္ကသဝိစာရ စသောပုဒ်တို့၌ "ကေဟိစိ" ဟူ၍ ဝိတက် စသော တခုသော တရားကိုလျက် ဗဟုဝုစ် ဟောတော်မူသည်ကား သင်္ချာကို မမှတ်အပ်သောကြောင့် ဟောတော်မူသတည်း။

ထို့ကြောင့် **ဓာတုကထာမူလဋီကာ (၂၂)** ၌—

> ၃၂။ သဗ္ဗတ္ထ စ ကေစမ္မေပိ ကေဟိစီတိ ဗဟုဝစနနိဒ္ဒေသော သင်္ချာယ
> အနိယမိတတ္တာ ကတောတိ ဝေဒိတဗ္ဗော—မိန့်ပြီ။

## သာဓကနက်

၃၂။ စ၊ ဆက်ဦးအံ့။ သဗ္ဗတ္ထ၊ ခပ်သိမ်းသော ပဥ္စာတို့၌။ ကေစမ္မေပိ၊ ယခုတည်းသော တရား၌လည်း။ ကေဟိစီတိ၊ ကေဟိစိဟူ၍။ ဗဟုဝစနနိဒ္ဒေသော၊ ဗဟုဝုစ် ညွှန်ပြခြင်းကို။ သင်္ချာယ၊ သင်္ချာ၏။ အနိယမိတတ္တာ၊ မမှတ်အပ်သည်၏ အဖြစ်ကြောင့်။ ကတော၊ ပြုအပ်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။

**ဓာတုကထာဝဂ္ဂိုနှင့် သာဓကအနက် ပြီး၏။**

# ၁၆-ဓာတုကထာ တုတ်လှော်မ်းချီး

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

**ဓာတုကထာ အချီးကို ဆိုပေအံ့—**

လေးသစ္စာ ငုံအာပွင့်လို့၊ ခုနစ်ဆင့် မြောက်သည့်ဝါ။ ။ဟို့ဆရာ ကိုယ်တော်ဖျား၊ ဟောကြားသည့်စာ။ ။ခုနစ်ဖြာ ဘိဓမ္မာ မည်ဆန်းလို့၊ သုံးကျမ်းမြောက် သညာတော်၊ ဓာတ်ကျမ်းတွင်ခေါ်။ ။ဂမ္ဘီရ နက်ကျော်သည်၊ သဘောတော်ခက်ခဲ။ ။ဉာဏ်နုသည့် စာသင်ငယ်မှာ၊ နားမဝင် မျောက်အုန်းရနဲ။ ။

မြစ်ပင်လယ် ဗွေထဲမှာ၊ ရွှေ နောက် လှဲ မြောက် တောင်ဝေ။ ။မာလိန်မှူးအထင်မှားလို့၊ သင်္ဘောရှင် ကိုကုလားတို့၊ သွားခက်ကြပေ။ ။ကျိန်းသေတတ်သည့် ဖန်နတ်နေ့၊ ရွှေအိမ်မြှောင် သူဟောက၊ ရွှေနောက်လော ဘယ်မကျန်၊ ပုတ် လေးပစ်မှန်။ ။ကေန်သိသည့် ပုံသဏ္ဌာန်လို၊ အိမ်မြှောင်တဖန် ဆိုဦးအံ့လေး။ ။

## ၁-ပဌမနယချီး

ပဌမ သူ့ အသည်းမှာ၊ မှတ်ဘွယ်နည်း မခက်ပါ။ ။မာတိကာ တထေဝ၊ ဟောကြလေရာ။ ။

## ၂-ဒုတိယနယချီး

ဒုတိယ သူ့ အချာမှာ၊ ရုပ်ခန္ဓာ တချို့နှင့်၊ စိတ်တချို့ ရလေရာ၊ ပုဒ်ဟောရပါ။ ။ရုပ်ယှေစွဲ သူ့ အမှာမှာ၊ **တူခန္ဓာ ဓာတ်အာကွဲလို့၊** ရုပ်ထဲတွင် သူနှင့်သူ၊ မြဲမှုချယူ။ ။**ဓာတ်သာကွဲလို့ အကြွင်းတူ၊** စိတ်ယှေစွဲမူ၊ စိတ်ချင်း သာတည့်လေး။ ။

## ၃-တတိယနယချီး

ဓမ္မာယတန ချို့ တဝက်ကိုမှ၊ ဟောချက်ကယ်ထွေလာ။ ။**ဓာတ် အာတူ၊ ခန္ဓာပြားသည့်၊** ဝေဒနာ သညာများနှင့်၊ သင်္ခါရတရား သုခုမာ။ ။နိဗ္ဗာန်ပါ သူတို့ချင်းပ၊ လှည့်လည်ကာ ပြန်လှန်သွင်း၊ စွဲရင်းသေချာ။ ။**နည်း** တတိယ သူ့ အလာကို၊ သပိတ်ခါ အိတ်ခါ ကုန်ကုန်ဖွင့်လို့၊ ကရားနှင့် မှောက်သလို၊ ဟောလိုက်သကို။ ။ဖုံးအုပ်ကယ် ထဲမသိသည်၊ သမားညို ကျိန်းသေတည့်**လေး**။ ။

## ၄-စတုတ္ထနယချီး

သဘော်ပါ အိမ်မြှောင်ပြလိုက်မည်၊ မြဲမှတ်ကြသေချာ။ ။ဝေဒနာ သခ်ါရနှင့်၊ သုခုမသဒ္ဒါ၊ တစိတ်ရရာ။ ။သည့်နှယ်ပုဒ်ကိုမှ၊ ဟောထုတ်ရပါ။ ။ ယေနှစ်ဖြာ ယှဉ်ဆန်းလို့၊ စွဲလမ်းမှာ သူနှင့်သူ၊ ၃-ပါးလုံးတူ။ ။သတ်လှယ်လဲလို့ စွဲရင်းယူ၊ စ ယေတူ ဖြေရိုးမို့၊ နည်း ၄-မျိုး သူ့အကြံ၊ ပွဲခြိမ့်ခြိမ့်ခံ။ ။ အိမ်မြှောင်ပြ မသွေလှန်သည်၊ မြဲကေန် မှန်လွန်းလှလေး။ ။

## ၅-ပဉ္စမနယချီး

ငါးခန္ဓာ စုံမထွေးလို့၊ တစ် နှစ် သုံး လေး ရကြရာ။ ။စိတ်ႇသုခုမာ၊ ဆံမနှောသည့် ပုဒ်ဟောရပါ။ ။၃-ပါးလုံး မတူရာကို၊ ယေ ၂-ဖြာ ဖွေရှာစွဲလို့၊ မခက်ခဲဖြေစရာ၊ စ ယေအလာ။ ။နည်းပဉ္စမ သူ့အချာကို၊ နိဿယသာ ညွှန်းလိုက်ကဲ့လေး။ ။

## ၆-ဆဋ္ဌနယချီး

ရုပ် နိဗ္ဗာန် နာမ်သက်သက်နှင့်၊ မရောယှက် ဆဋ္ဌမှာ။ ။ရုပ် နိဗ္ဗာန် နာမ်ပင် ရောသော်လည်း၊ ဝိပ္ပယော ရရာ။ ။ဖြစ်ႇချုပ်ကယ် တူစွာသည်၊ အာရုံပါ မှီရာမျှလို့၊ ဇာတ် ကာလ ဘုံ သန္တာန်၊ တူ ၄-ပါးနာမ်။ ။သမ္ပယုတ်ကယ် မြဲကေန်သည်၊ မုချမှန် တော်လွန်းလှလေး။ ။

ရုပ် နိဗ္ဗာန် နာမ်သဘောနှင့်၊ ဝိပ္ပယော ကေန်ယူ။ ။နာမ်ခန္ဓာ တူကတဲကို၊ ဘုံ သန္တာန် ကာလကွဲလို့၊ ဇာတိလဲ မပြိုင်မူ။ ။မှီအာရုံ တူမဟုတ်သည်၊ ဖြစ်ချုပ်မတူ။ ။ သည်နာမ်စုမှာ၊ ဝိပ္ပယုတ်ယူ၊ ရုပ်ချင်းထိုတူ နိဗ္ဗာန်နှင့်၊ ရူပက္ခန္ဓ သဘာဝါ။ ။ ဝေဒနာ ဝေဒနာချင်းနှင့်၊ သူ့ဝိညာဉ် ဝိညာဉ်ချင်းပ၊ လျှင်းမရရာ။ ။သခ်ါရမှာ သနှင့်သာ၊ သဘော ၂-ဖြာ၊ ဆံမနှောသည့်၊ သမ္ပယောဂ ကေဟိစံမှာ၊ စေတသိခံ ရသမျှကိုသော်။ ။ဝိပ္ပယောဂ ကေဟိစံမှာ၊ ရုပ် နိဗ္ဗာန် နာမ်သက်သက်နှင့်၊ နာမ်ရောယှက် ပုဒ်ကမူ၊ စေတသိက်ကိုယူ။ ။နာမ်ရသည့် ပုဒ်ကမူ၊ ဓမ္မဓာတ်တူ ရုပ် နိဗ္ဗာန်တည့်လေး။ ။

## ၇-သတ္တမနယချီး

စိတ်ဝိညာဉ် နာမ်သက်သက်နှင့်၊ သမ္ပယုတ်စွက်သည့် ပုဒ်အနေ။ ။သတ်ဝိညာဉ် ကေကောဓရယ်နှင့်၊ နိဿယံ သမ္ပယောသည်၊ စေတသိက်ခံ သည်သဘောကိုမှ၊ သဗ္ဗညာဏ်ရှင်ပင်ဂေါ်၊ ဟောပြခဲ့ပေ။ ။နည်းသတ္တမေ၊ သတ်ညာဉ် ကေကနှင့်၊ သမ္ပယုတ္တ ကုန်မဆံ၊ လုံးစားကွက်ကျန်။ ။သည်နှယ်ပုဒ်

စေတသိက်ခံကို၊ စိန္တေယျံ ရှောင်ကွင်းလို့၊ စွဲရင်းနှင့် သမ္ပယုတ်ကို၊ ယေ တေ အလို။ ။ဒုတိယ ယေ တေကိုမူ၊ ဝိပ္ပယုတ်ယူ ဆိုမြဲမသွေရှင့်လေး။ ။

## ၈-အဋ္ဌမနယချိုး

ရုပ် နိဗ္ဗာန် နာမ်သက်သက်နှင့်၊ နာမ်ရောရှက် ဝိပ္ပယုတ္တံ။ ။ကေဝလံ နာမ်ကိုစွဲသော်လည်း၊ သမ္ပယုတ္တံ သူတို့ထဲက၊ နိဿယံ အကုန်စွဲကိုမှ၊ ဟောမြဲကေန်။ ။အဋ္ဌမနည်း သူ့အကြံမှာ၊ ဝိပ္ပယုတ္တံ ယေစွဲလို့၊ မခက်ခဲ ဖြေစရာ၊ နတ္ထိချည်းပါ။ ။နည်းမောဃ သည်ပုစ္ဆာမှာ၊ သမ္ပယုတ်ရချာ ဟောဘူးရှင့်လေး။ ။

## ၉-နဝမနယချိုး

နဝမမှာ နာမ်တချို့၊ ဟောရန်ဘို့ ပုံသေ။ ။ယေနှစ်တန် သမ္ပယုတ်ထဲက၊ လှည့်လည်ကာ ပြန်လှန်စွဲ၊ မြဲလှမသွေ။ ။စယေစွဲ သူ့အနေမှာ၊ စိတ်သေသေ ခန္ဓာစုနှင့် ဓာတ်အာယတနဖွဲ့ခါ၊ ဖြေရိုးကျမ်းလာ။ ။နည်းနဝမ သူ့အချာကို၊ ယုန်ထင်ကာ ကြောင်မမှတ်ပါနှင့်၊ ရာပြတ်လို ကုန်ကုန်သိမ်းပါတော့၊ ကျိန်းသေ သဘော။ ။

## ၁၀-ဒသမနယချိုး

ပွေရှုပ်လိမ် နည်းဆယ်ဝမှာ၊ ခက်စရာ့စုပုံ။ ။နည်း ဆဋ္ဌ ဟောရန်ပုဒ်ကိုတဲ့၊ ဟောထုတ်အကုန်။ ။ယေနှစ်ဝ လုံးစုံမှာ၊ ဆဋ္ဌပုံ ဝိပ္ပယုတ်စွဲလို့၊ စယေစွဲရာမှာ၊ ဖြေမြဲ ဓမ္မတာ။ ။သည်နယ မှတ်စရာမှာ၊ ငယ်နိုင်ပါ ခေါင်းမြီးခြုံတည့်လေး။ ။

## ၁၁-ဧကာဒသမနယချိုး

ဧကာဒသမ ဟောရန်ပုဒ်မှာ၊ စတုတ္ထနည်း တူလုံးစုံ။ ။ယေစွဲပါ ယက်ခါသဲ့၊ ရှိမဲ့ချက်ကုန်။ ။ဆဋ္ဌနည်း ဖြေပုံမှာ၊ ချိန်အာရုံ ဉာဏ်သွင်းလို့၊ တရားမင်း မိန့်တော်မှာ၊ ဖြေရိုးကလာ။ ။ ညာတဝ သိးတရာကို၊ လည်ကိုင်ကာ ဆုပ်လိုက်ကဲ့လေး။ ။

## ၁၂-ဒွါဒသမနယချိုး

ဆဲ့နှစ်တန် သူ့မူလမှာ၊ နည်းနဝမ တူလုံးစုံ။ ။ယေစွဲပါ ကူမလွတ်သည့်ချွတ်စွပ်သည့်ပုံ။ ။သန္နိဋ္ဌာန် မြဲကြည်ယုံသည်၊ ဖြေပုံမှာ ပဌမနှင့်၊ ယွင်းမခွထွေလာ၊ မိုးကြိုးပစ်စာ။ ။ခြေသိမ်းခေါင်းပိုက် သူ့အမှာမှာ၊ မှတ်ဘွယ်ရာ လွယ်လွန်းလှလေး။ ။

## ၁၃-တေရသမနယချိုး

ပဌမ ဟောရန်ပုဒ်က၊ ဩဋ္ဌာရုပ် စွဲရာ့ရှစ်မည်။ ။ဝိညာဉ်စွဲ ဗာဝီသ ဟော ကြရသည်။ ။ယေစွဲမှု သူ့စိတ်ရည်မှာ၊ နည်းငါးမည် တူမခွလို၊ ဆဋ္ဌနည်း ဖြေသလို၊ ဟောရသကို။ ။တေရသမ သူ့အဆိုမှာ၊ လွယ်မလို ခက်လွန်းလှ လေး။ ။

## ၁၄-စုဒ္ဒသမနယချိုး

စုဒ္ဒသမ ဟောရန်နည်းမှာ၊ အဋ္ဌမနည်း တူလုံးစုံ။ ။ယေစွဲပါ တူမသွေး သည့်၊ မြွာမွေးသည့်ပုံ။ ။ဖြေရန်ဘို့ တွေ့ကြုံလျှင်၊ ပဥ္စမပုံ စိတ်ဇောနှင့်၊ သဘောတော် သွေမလှန်၊ မြေလက်ခတ်မှန်။ ။သိန်းလေးသောင်း နက်စံကို၊ လက်ရွေးညာဏ် ခွါလှစ်လို့၊ အနှစ်ကယ် မြေဆီကို၊ ပေးငှသလို။ ။စာသင်ပျိုနု မျှားလူဗိုလ်ကို၊ နှစ်ဆီကို ကျွေးလိုက်ကဲ့လေး။ ။

# နိဂုံး

ထောင်ရာကျော် ရှစ်ဆယ်စေ့လို့၊ ငါးခုပြည့် သက္ကရာ။ ။လ အာသဠှ် ခတ္တာပွင့်လို့၊ ဆန်းပဉ္စာ နဝါသင့်၊ ကျားမင်းရက်မှာ။ ။ဆယ့်ကိုးရှာ့ မဇ္ဈာမှာ၊ သညာတော် ယဉ်ဆန်းလို့၊ တုတ်လုမ်း စိန္တေယျော်၊ သုံးလူ့မျက်ဖျော်။ ။ သမိပ္ပပစာလျော်သည်၊ နာမံတော် တွင်သီးနှင့်၊ တိုက်ကြီး ဝိဟာနေ၊ မျိုးမြတ်မဟေ။ ။ရွှေလမင်း ပုံမသွေသည်၊ ထက်ညာကြေ မည်ထူးနှင့်၊ နှစ်ဦးစုံသာသနာ၊ ပွဲခြိမ့်ခြိမ့်ညာ။ ။သူငယ်တို့ မှတ်လွယ်သာအောင်၊ စာအိမ်မြောင်ညွှန်းလိုက်ကဲ့လေး။ ။

စာအိမ်မြောင် သူညွှန်းလို့၊ ထောင့်ယွန်းကွေ့မလည်။ ။ဟုတ်တိုင်းမှန်ဓိပ္ပါယ်ရ၊ များ သိကြသည်။ ။သည်ကုသိုလ် ထူးလည်ကို၊ နိဗ္ဗူပြည် ရွှေနန်းသို့၊ မဂ်လမ်းတော် မှန်မမှားရအောင်၊ ရောက်ရစေသား။ ။

ရတနာပူရ အင်းဝ ရွှေမြို့တော်၏ အနောက်တောင်ဘက် တာ ( ၄၀၀) ခန့်ကွာသော တုဘ်လုမ်းစေတီတော်၏အနီး ကျောင်းတိုက်ကြီး၌ သီတင်းသုံး နေတော်မူသော **အရှင် စန္ဒမာလာ** အမည်တော်ဘွဲ့ရှိသော တုတ်လုမ်းဆရာတော်ဘုရားကြီးသည် သက္ကရာဇ် (၁၁၈၅) ခု ဝါဆိုလဆန်း (၉) ရက် တနင်းလာနေ့ စပ်ဆို သီကုံးအပ်သည်။

မာတုကတာချီး ပြီး၏။

# ၁၇–ခေတ္တကထာ တုတ်လှမ်းချိုး အဖြေ

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

## ၁-ပဌမနယချိုး အဖြေ

ပဌမ သူ့အသည်းမှာ၊ မှတ်ဘွယ်နည်း မခက်ပါ။ ။မာတိကာ
တထေဝ၊ ဟောကြလေရာ။ ။

၎င်းအချိုးအရကား မာတိကာ၌ ခန္ဓာ အာယတန ဓာတ်ဘွဲ့သည့်အတိုင်း တိက်ကုန် ဒုက်ကုန်အောင် ဟောလေဟု ဆိုလိုသည်။

ပဌမနယချိုး အဖြေ ပြီး၏။

---

## ၂-ဒုတိယနယချိုးအဖြေ

ဒုတိယ သူ့အချာမှာ၊ ရုပ်ခန္ဓာ တချို့နှင့်၊ စိတ်တချို့ ရလေရာ၊
ပုဒ်ဟောရပါ။ ။ရုပ်ယှေစွဲ သူ့အမှာမှာ၊ **တူခန္ဓာ ဓာတ်အာကွဲလို့၊**
ရုပ်ထဲတွင် သူနှင့်သူ၊ မြဲမှုချယူ။ ။**ဓာတ်သာကွဲလို့၊ အကြွင်းတူ၊**
စိတ်ယှေစွဲမှု စိတ်ချင်းသာတည့်လေး။ ။

**အဓိပ္ပါယ်ကား—**ဤဒုတိယနည်း၌ ဟောအပ်သောပုဒ်သည် အဇ္ဈတ္တရမာတိကာ ဗာဟိရမာတိကာ၌ ရုပ်ကိုရသောပုဒ် စိတ်ကိုရသောပုဒ်တို့ကိုသာ ဟောအပ်သည်။ စေတသိက်ရသောပုဒ် နိဗ္ဗာန်ရသောပုဒ်တို့ကို မဟောအပ်။ ရုပ်နှင့်စိတ်ကိုပင် ဟောငြားသော်လည်း ရူပက္ခန္ဓာစသော ရုပ်အကုန်ရသောပုဒ် ဝိညာဏက္ခန္ဓာ မနာယတန မနိဒ္ဒြေ စိတ္တာဓမ္မာ စသော စိတ်အကုန်ရသော ပုဒ်တို့ကို မဟော။

စက္ခာယတန စက္ခုဓာတ် စက္ခုန္ဒြေ အသညာဘဝ သပ္ပဋိဃာ ဓမ္မာစသော ရုပ်ထဲက တပါး နှစ်ပါးစသော အစိတ်စိတ်သာ ရသောပုဒ် စက္ခုဝိညာဏဓာတ်စသော စိတ်ထဲက တပါး နှစ်ပါး သုံးပါးစသော စိတ်တချို့သာရသောပုဒ်တို့ကိုသာ ဤဒုတိယနယ၌ ဟောအပ်၏။

ထို့ ကြောင့် —

ဒုတိယသူ့ အချာမှာ၊ ရုပ်ခန္ဓာ တချို့နှင့်၊ စိတ်တချို့ ရလေရာ၊ ပုဒ်ဟောရပါ....ဟု ဟောပုဒ်ကို ပြတော်မူ၏။

ယေစ္စ တေစ္စသောအခါ၌-ရုပ်ကနေ၍ ယေစ္စလျှင် ရုပ်ထဲဟင်သာ ဖျာ၍ စွဲ တတ်သော ကတ္တားပုဒ်နှင့်, စွဲအပ်သော ကံပုဒ်အရ တရားနှစ်ပါး ခန္ဓာတူ၍ အာယတန ဓာတ်ကွဲအောင်စွဲ၊ စေတသိက်၌ မစွဲအပ်။

စိတ်ကနေ၍ ယေစ္စလျှင် စိတ်ထဲတွင်သာရှာ၍ စွဲတတ်သောကတ္တားပုဒ်နှင့် စွဲအပ်သောကံပုဒ်အရ တရားနှစ်ပါး ခန္ဓာ အာယတန တူစေ၍ ဓာတ်ကွဲအောင် စွဲ၊ ရုပ် စေတသိက်ကို မစွဲအပ်။

ထိုကြောင့်—

ရုပ်ယေစ္စ သူ့အမှာမှာ၊ တူခန္ဓာ ဓာတ်အာကွဲလို့၊ ရုပ်ထဲတွင် သူနှင့်သူ၊ မြဲမှုချယူ။ ။ဓာတ်သာကွဲလို့ အကြွင်းတူ၊ စိတ်ယေစ္စမူ စိတ်ချင်းသာတည့်လေး....ဟု ယေစ္စ တေစ္စကို ပြတော်မူသည်။

တူခန္ဓာဓာတ်အာကွဲလို့၌ ခန္ဓာတူ၊ အာယတန ဓာတ်ကွဲဆိုလိုသည်။

ဓာတ်သာကွဲ၍ အကြွင်းတူ၌ ဓာတ်သာကွဲ၍ ကြွင်းသောခန္ဓာ အာယတန တူစေ ဆိုလိုသည်။

ရုပ်ယေစ္စသူ့အမှာမှာ၊ တူခန္ဓာ ဓာတ်အာကွဲလို့၊ ရုပ်ထဲတွင် သူနှင့်သူ မြဲမှုချယူ.. ဟူသောစကားဖြင့် ရုပ်က ယေစ္စအပ်သော တရားကို ပြတော်မူ၏။

ဓာတ်သာကွဲလို့ အကြွင်းတူ၊ စိတ်ယေစ္စမူ စိတ်ချင်းသာတည့်လေး... ဟူသော စကားဖြင့် စိတ်က ယေစ္စအပ်သောတရားကို ပြတော်မူ၏။

ဒုတိယနယ၌ **သင်္ဂဟိတေန အသင်္ဂဟိတံ** ဟူသောပုဒ်၌ "သင်္ဂဟိတေန အသင်္ဂဟိတံ အသင်္ဂဟိတံ" ဟု ဆိုလျက် အသင်္ဂဟိတံ တပုဒ်ကို ချေ၍ "သင်္ဂဟိ တေန အသင်္ဂဟိတံ"ဟု ဟောတော်မူလေသည်။

**သင်္ဂဟိတေန**ဟူသော ပဉ္စမပုဒ်ဖြင့် စွဲတတ်သောကတ္တားပုဒ်အရ တရားနှင့် စွဲအပ်သောကံပုဒ်အရ တရားနှစ်ပါး ခန္ဓာတူသည်၏အဖြစ်, ခန္ဓာ အာယတန တူသည်၏အဖြစ်ကို ပြအပ်၏။

**အသင်္ဂဟိတံ** ဟူသော ဒုတိယပုဒ်ဖြင့် စွဲတတ်သော ကတ္တားပုဒ်အရ တရား နှင့် စွဲအပ်သော ကံပုဒ်အရ တရားနှစ်ပါး **အာ**ယတန ဓာတ်ကွဲသည်၏ အဖြစ်ကို **ပြအပ်၏**။

ကျေလေသော **အသင်္ဂဟိတံ** ဟူသော တတိယပုဒ်ဖြင့် ယေစွဲ တေစွဲ၍ ရအပ်သော တရားတို့၌ ခန္ဓာ အာယတန ဓာတ် မရေတွက်အပ်သည်၏ အဖြစ်ကို ပြအပ်၏။

**တနည်းကား** — ကျေလေသော **အသင်္ဂဟိတံ** ဟူသော ပုဒ်ဖြင့် ယေစွဲ တေစွဲ၍ ရအပ်သောတရား၌ ပုစ္ဆာ ဝိသဇ္ဇနာကို ဆိုအပ်၏။

ဥဒါန်းဂါထာကို နှုတ်တက်ရအောင် ဆောင်၍ ဥဒါန်းဂါထာတွင် ပါသော တရားအတိုင်းသာ စစ်၍ ဟောလေ။

စက္ခာယတန စက္ခုဝိညာဏဓာတ်တို့က ယေစွဲ တေစွဲပုံကို ဆိုခဲ့ပြီးသော အဓိပ္ပါယ်နှင့် တိုက်၍ပြောလေ။

ဒုတိယနယချီး အဖြေ ပြီး၏။

---

## ၃-တတိယနယချီး အဖြေ

ဓမ္မာယတန ချို့တဝက်ကိုမှ၊ ဟောချက်ကယ်ထွေလာ။ ။
ဝေဒနာ၊ သညာ မျှားနှင့်၊ သင်္ခါရတရား သုခုမာ။ ။နိဗ္ဗာန်ပါ သူ့ဘို့ချင်းပ၊ လှည့်လည်ကာ ပြန်လှန်သွင်း၊ စွဲရင်းသေချာ။ ။နည်းတတိယ သူ့အလာကို၊ သပိတ်ခါ အိတ်ခါ ကုန်ကုန်ဖွင့်လို့၊ ကရားနှင့် မှောက်သလို၊ ဟောလိုက်သကို။ ။ ဖုံးအုပ်ကယ် ထဲမသိသည်၊ သမားညို ကျိန်းသေတည့်လေး။ ။

(ဝ ဓာတ်, အာတု၊ ခန္ဓာပြားသည့်၊)

**အဓိပ္ပါယ်ကား** — တတိယနယ၌ ဟောအပ်သောပုဒ်သည် အဇ္ဈတ္တရမာတိကာ ဗာဟိရမာတိကာ၌ ဓမ္မာယတန ဓမ္မဓာတ်ထိုက်သော ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, သမုဒယ, နိရောဓ, မဂ္ဂသစ္စာ စသော ဓမ္မာယတန အစိတ်အစိတ် အချို့သာ ရသောပုဒ်, ဟေတု ဓမ္မာ စသော ဓမ္မာယတန အချို့ ရသောပုဒ်တို့ကို သာ ဟောအပ်၏။

ဓမ္မာယတန ထိုက်သော အလုံးစုံသော စေတသိက် သုခုမရုပ်တို့ကို တပေါင်း တည်း "ဓမ္မာယတနေန ယေ ဓမ္မာ" စသည်ဖြင့် မဟောအပ်။

ထို့ကြောင့် ဓမ္မာယတန ထိုက်သော အချို့သာဖြစ်သော ပုဒ်တို့ကို ပြလို၍—
**ဓမ္မာယတန ချို့တဝက်ကိုမှ၊ ဟောချက်ကယ် ထွေလာ** —
ဟု ဆိုတော်မူလေသည်။

ယေစွဲ တေစွဲသောအခါ၌ ဓမ္မာယတနထိုက်သော ဝေဒနာ, သညာ, သင်္ခါရ, သုခုမရုပ်, နိဗ္ဗာန် တရားငါးပါးတို့၌သာ စွဲအပ်၏။

ထို ၅-ပါးတို့တွင်လည်း **ဝေဒနာ** ဟောပုဒ်ဖြစ်၍ စွဲတတ်သော ကတ္တားအရက နေအံ့ ကြွင်းသော သညာ, သင်္ခါရ, သုခုမရုပ်, နိဗ္ဗာန်၌၊

**သညာ** ဟောပုဒ်ဖြစ်အံ့ ကြွင်းသော ဝေဒနာ, သင်္ခါရ, သုခုမရုပ် နိဗ္ဗာန်၌၊

**သင်္ခါရ**ဟောပုဒ်ဖြစ်အံ့ ကြွင်းသော ဝေဒနာ သညာ သုခုမရုပ် နိဗ္ဗာန်၌၊

**သုခုမရုပ်** ဟောပုဒ်ဖြစ်အံ့ ကြွင်းသော ဝေဒနာ သညာ သင်္ခါရ နိဗ္ဗာန်၌၊

နိဗ္ဗာန်ကနေ၍ ယှေစွဲအံ့ ကြွင်းသော ဝေဒနာ သညာ သင်္ခါရ သုခုမရုပ်၌၊

**စေတသိက်**ကနေ၍ ယှေစွဲအံ့ ကြွင်းသော သုခုမရုပ် နိဗ္ဗာန်၌၊

**သင်္ခါရ သုခုမရုပ်**ကနေ၍ ယှေစွဲအံ့ ကြွင်းသော ဝေဒနာ သညာ နိဗ္ဗာန်၌၊

ခန္ဓာမတူ အာယတနတူ ဓာတ်တူ ဖြစ်အောင် အချင်းချင်း ဖလှယ် ယှဉ်သွင်း၍ စွဲအပ်ကုန်၏။

ထို့ကြောင့်——

ဓာတ်အာတူ ခန္ဓာပြားသည့်၊ ဝေဒနာ သညာများနှင့်၊ သင်္ခါရ တရား သုခုမာ။ ။နိဗ္ဗာန်ပါ သူတို့ချင်းပ၊ လှည့်လည်ကာ ပြန်လှန်သွင်း၊ စွဲရင်းသေချာ——

ဟု ယှေစွဲအပ်သည်၏အဖြစ်ကို ပြတော်မူ၏။

ဓာတ် အာတူ ခန္ဓာပြားသည့်၌ ခန္ဓာပြား၍ အာယတနတူ ဓာတ်တူ ဆိုလိုသည်၊ ဝါစာသိလိဋ္ဌ ဖြစ်အောင်သာ ဓာတ်, အာတူ ခန္ဓာပြားသည်ဟု ဆိုလေသည်။

ဤ တတိယနည်း၌လည်း "**အသင်္ဂဟိတေန သင်္ဂဟိတံ သင်္ဂဟိတံ**"ဟု ဆိုလိုလျက် "သင်္ဂဟိတံ" တပုဒ်ကိုချေ၍ "**အသင်္ဂဟိတေန သင်္ဂဟိတံ**" ဟု ဆိုလေသည်။

**အသင်္ဂဟိတေန** ဟူသော ပဌမပုဒ်ဖြင့် ကတ္တားအရ တရားနှင့် ကံအရတရား ခန္ဓာမတူကြသည်၏ အဖြစ်ကို ပြအပ်၏။

**သင်္ဂဟိတံ** ဟူသော ဒုတိယပုဒ်ဖြင့် ကတ္တားအရ တရားနှင့် ကံအရ တရား အာယတန ဓာတ် တူကြသည်၏ အဖြစ်ကို ပြအပ်၏။

ကျေလေသော **သင်္ဂဟိတံ**ဟူသော တတိယပုဒ်ဖြင့် ယှေစွဲ တော့စွဲ၍ ရအပ်သောတရား၌ ရေတွက်အပ်သော ခန္ဓာ အာယတန ဓာတ်တို့ကို ပုစ္ဆာ ဝိသဇ္ဇနာ ပြုအပ်၏။

ဤ၌လည်း ဥဒ္ဒါန်းဂါထာအတိုင်း စစ်၍ ဟောလေ။ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သမုဒယသစ္စာ, နိရောဓသစ္စာ, ဣတ္ထိန္ဒြေ,ဇီဝိတိန္ဒြေ,ဈာနဓမ္မ, စေတသိကဓမ္မ စသော ပုဒ်တို့က ယှေစွဲပုံ တော့စွဲပုံကို ဆိုခဲ့ပြီးသော အဓိပ္ပါယ်နှင့် တိုက်၍ ပြောလေ။

တတိယနယချုံး အဖြေ ပြီး၏။

## ၄-စတုတ္ထနယချီး အဖြေ

သဘော်ပါ အိမ်မြှောင် ပြလိုက်မည်၊ မြဲမှတ်ကြသေချာ။ ။
ဝေဒနာ သင်္ခါရနှင့်၊ သုခုမသဒ္ဒါ တစိတ်ရှာ။ ။သည့်နှယ်ပုဒ်ကိုမှ
ဟောထုတ်ရပါ။ ။ယေနှစ်ဖြာ ယှဉ်ဆန်းလို့၊ စွဲလမ်းမှာ သူနှင့်သူ၊
သုံးပါးလုံးတူ။ ။သွတ်လှယ်လဲလို့၊ စွဲရင်းယူ၊ စ ယေတူ ဖြေရိုးမို့၊
နည်းလေးမျိုး သူ့ အကြံ၊ ပွဲခြိမ့်ခြိမ့်ခံ။ ။အိမ်မြှောင်ပြ မသေ့
လှန်သည်၊ မြဲကေန် မှန်လွန်းလှလေး။ ။

**အဓိပ္ပါယ်ကား—**ဤ စတုတ္ထနယ၌ ဟောအပ်သော ပုဒ်တို့သည် အဘ္ဘန္တရ မာတိကာ ဗာဟိရမာတိကာ၌ တစိတ်သာ ဖြစ်သော **ဝေဒနာ, သင်္ခါရ, သုခုမရုပ်, သဒ္ဒ**တို့တည်း။

အဘယ်သို့ တစိတ် ဖြစ်သနည်း။

**ဝေဒနာစေတသိက်** တခုတည်းဖြစ်လျက် အနုဘဝန ဣန္ဒြိယဘေဒတို့၏ အစွမ်းဖြင့် **သုခိန္ဒြေ, ဒုက္ခိန္ဒြေ, သောမနဿိန္ဒြေ, ဒေါမနဿိန္ဒြေ, ဥပေက္ခိန္ဒြေ** ဟု တစိတ်တစိတ် ဖြစ်ကုန်၏။

**သင်္ခါရ**သည်လည်း **သမုဒယသစ္စာ, မဂ္ဂသစ္စာ, သတိန္ဒြေ, အဝိဇ္ဇာ, သင်္ခါရ,** ဟောတု အစရှိသည်တို့၏ အစွမ်းဖြင့် တစိတ်တစိတ် ဖြစ်ကုန်၏။

**သုခုမရုပ်**သည်လည်း **ဇီဝိတိန္ဒြေ** စသည်တို့၏ အစွမ်းဖြင့် တစိတ်တစိတ် ဖြစ်ကုန်၏။

**သဒ္ဒ**သည်လည်း ဒေါသမူဒွေကြောင့်ဖြစ်သော **ဝိပလ္လာသစိတ္တဇ ပရိဒေဝသဒ္ဒ,**

ဒေါသမူဒွေ, အရူပဝိပါက်လေးခု, ဒွေပဉ္စဝိညာဉ် တဆယ်, ရဟန္တာတို့ စုတိစိတ်ကြဉ်သော ၇၃-ခုသော စိတ်တို့ကြောင့်ဖြစ်သော **စိတ္တဇသဒ္ဒ,**

**မိုးသံ ဝမ်းရုတ်သံ** စသော ဥတုကြောင့်ဖြစ်သော **ဥတုဇသဒ္ဒ**တို့၏အစွမ်းဖြင့် တစိတ်တစိတ် ဖြစ်ကုန်၏။

တိုသို့ တစိတ်တစိတ်ဖြစ်သော ပုဒ်တို့ကိုသာ ဟောအပ်၏။

အလုံးစုံသော ဝေဒနာက္ခန္ဓာ, သုခုမရုပ် သောဠသ, စေတသိက်ဒွေပညာသ, သဒ္ဒါယတန, သဒ္ဒဓာတ်တို့ကို မဟောအပ်။

ထို့ကြောင့်—

ဝေဒနာ သင်္ခါရနှင့်၊ သုခုမသဒ္ဒါ၊ တစိတ်ရှာ။ ။သည့်နှယ်ပုဒ်
ကိုမှ ဟောထုတ်ရပါ....ဟု ဟောပုဒ်ကို ပြတော်မူ၏။

ထို ဟောပုဒ်သည် အကျဉ်းဖြစ်လျက် အကျယ်ကို မြင်လွယ်၍ သဘော၌ ပါသော အိမ်မြှောင်သဘွယ် ဖြစ်လေရကား—

**သဘောပါ အိမ်မြှောင်ပြလိုက်မည်၊မြဲမှတ်ကြသေချာ** ဟု ဥပမာစကားဖြင့် ပြတော်မူ၏။

ယေစွဲ တေစွဲသော အခါ၌ **ပဌမယေကို** ခန္ဓာ အာယတန ဓာတ်သုံးပါး တူအောင် တစိတ်တခုသာဖြစ်သော ဝေဒနာ,သညာ,သင်္ခါရ,သုခုမရုပ်,သဒ္ဒ က ယေစွဲအံ့၊ ကြွင်းအစိတ်ဖြစ်သော ဝေဒနာ, သင်္ခါရ, သုခုမရုပ်, သဒ္ဒတို့ကို စွဲတတ်သော ကတ္တားတရားနှင့် စွဲအပ်သော ကံပုဒ်အရ တရားသည် ဝေဒနာ ဝေဒနာချင်း၊ သင်္ခါရ သင်္ခါရချင်း၊ သုခုမရုပ် သုခုမရုပ်ချင်း၊ သဒ္ဒ သဒ္ဒချင်းဖြစ်၍ ခန္ဓာတူ အာယတနတူ ဓာတ်တူ ဖြစ်၏။

**ဒုတိယယေကိုကား** ပဌမယေစွဲ၍ ရအပ်သော **ကံပုဒ်အရ** တရားကို ကတ္တား ပြု၍ စွဲတတ်သောတရားကို ထား၍ ပဌမကတ္တားအရ တရားကို စွဲအပ်သော ကံပုဒ် ပြု၍ စွဲရင်းဖြစ်သော ကတ္တား၏ အရဖြစ်သော တရားကို လည်၍ ပြန်လှန် စွဲအပ်၏။

စွဲဟန်ကား—

**သမုဒယသစ္စာကို** စွဲတတ်သော ကတ္တားပုဒ်ထား၍ သမုဒယာ[illegible]ကပါး သော သင်္ခါရက္ခန္ဓာ ၄၉-ခုကို စွဲအပ်သော ကံပုဒ်ကထား၍ ခန္ဓာ အာယတန ဓာတ်သုံးပါးလုံးတူအောင် ပဌမယေစွဲပြီးလျှင် **သင်္ခါရက္ခန္ဓာ** ၄၉-ခုကို တဖန် ကတ္တားပြု၍ ဒုတိယယေကို စွဲရင်းဖြစ်သော သမုဒယသစ္စာသို့ လည်၍ ခန္ဓာ အာယတန ဓာတ်သုံးပါးလုံးတူအောင် စွဲပြန်ရာ၏။

ဖြေသောအခါ၌ စ ယေအတိုင်း ရေတွက်သော ခန္ဓာ အာယတန ဓာတ်ကို ရေတွက်အပ်သောအတိုင်း ဖြေ။

ထို့ကြောင့်—

> ယေနှစ်ဖြာ ယဉ်ဆန်းလို့၊ စွဲလမ်းမှာ သူနှင့်သူ၊ သုံးပါးလုံးတူ၊
> သွတ်လှယ်လဲသို့၊ စွဲရင်းယူ၊ စ ယေတူ ဖြေရိုးမို့ —ဟု ယေနှစ်ဖြာ
> စွဲအပ်သည်၏ အဖြစ်ကို ပြတော်မူ၏။

**စွဲလမ်းမှာ သူနှင့်သူ** ဟူသောစကား၌ တစိတ်ဖြစ်သော ဝေဒနာ ဝေဒနာချင်း၊ သင်္ခါရ သင်္ခါရချင်း၊ သုခုမရုပ် သုခုမရုပ်ချင်း၊ သဒ္ဒ သဒ္ဒချင်း၊ အချင်းချင်းသာ ယေစွဲအပ်သည် ဟူလိုသည်။

**သုံးပါးလုံးတူ** ဟူရာ၌ ခန္ဓာ အာယတန ဓာတ်သုံးပါးလုံးတူ ဟူလိုသည်။

သွတ်လှယ်လဲလို့၊ စွဲရင်းယူ၌ ပဌမယေစွဲသော ကံပုဒ်အရ တရားကို ကတ္တား အတွင်းသို့ သွတ်ပြန် သွင်းပြန် ထားပြန်၍ စွဲရင်းဖြစ်သော တရားကိုပင် ဒုတိယ- ယေစွဲအရ ထားလိုသည်။

**စ ယေတု** ဖြေရိုးမို့ ဟူသောစကား၌ ဤ စတုတ္ထနယ၌လည်း ကျေလေသော "သင်္ဂဟိတံ"ဟူသောပုဒ်ဖြင့် ပုစ္ဆာပြုသောအခါ ဝိသဇ္ဇနာကို အစစွဲခဲ့သောယေ၌ "သင်္ဂဟိတံ"အတိုင်းဖြေ ဟူလိုသည်။

ဤ နယ၌လည်း **"သင်္ဂဟိတေန သင်္ဂဟိတံ သင်္ဂဟိတံ"** ဟု ဆိုလိုလျက် **"သင်္ဂဟိတံ"** တပုဒ်ကိုချေ၍ **"သင်္ဂဟိတေန သင်္ဂဟိတံ"** ဟု ဆိုလေသည်။

**ပဌမ သင်္ဂဟိတေန** ဟူသောပုဒ်ဖြင့် ပဌမယေ၌ စွဲတတ်သောတရားနှင့် စွဲအပ် သောတရားတို့၏ ခန္ဓာ အာယတန ဓာတ်သုံးပါးလုံး တူသည်၏ အဖြစ်ကို ပြအပ်၏။

**သင်္ဂဟိတံ** ဟူသော ဒုတိယပုဒ်ဖြင့် ဒုတိယယေ၌ စွဲတတ်သော တရား စွဲအပ် သောတရားတို့၏ ခန္ဓာ အာယတန ဓာတ်သုံးပါးလုံး တူသည်၏အဖြစ်ကို ပြ အပ်၏။

ကျေလေသော **သင်္ဂဟိတံ** ဟူသောပုဒ်ဖြင့် ဒုတိယယေအရဖြစ်သောတရား၌ "တေ ဓမ္မာ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂ- ဟိတာ"အစရှိသည်ဖြင့် ပုစ္ဆာ ဝိသဇ္ဇနာကို ထုတ်အပ်၏။

ဥဒါန်းဂါထာကို အရဆောင်၍ ၎င်းဂါထာအတိုင်း စစ်၍ ဟောလေ။

စတုတ္ထနယချီး အဖြေ ပြီး၏။

---

## ၅-ပဉ္စမနယချီး အဖြေ

ငါးခန္ဓာ စုံမထွေးလို့၊ တစ် နှစ် သုံး လေး ရကြရာ၊ ။စိတ်
သုခုမာ ဆံမနွှေသည့်၊ ပုဒ်ဟောရပါ။ ။**သုံးပါးလုံး မတူရာကို၊**
ယေနှစ်ဖြာ ဖွဲ့ရှာစွဲလို့၊ မခက်ခဲ ဖြေစရာ၊ စ ယေ အလာ။ ။
နည်း ပဉ္စမ သူ့အချာကို၊ နိဿယာ ညွှန်းလိုက်ကဲ့လေး။

**အဓိပ္ပါယ်ကား—** ဤ ပဉ္စမနယ၌ ဟောအပ်သော ပုဒ်သည်ကား အဘိဓမ္မရ မာတိကာ ဗာဟိရမာတိကာတည်း၊ ၎င်းတို့၌ ခန္ဓာတပါးသာ ရသောပုဒ်၊ ခန္ဓာ နှစ်ပါးသာ ရသောပုဒ်၊ ခန္ဓာသုံးပါးသာ ရသောပုဒ်- ခန္ဓာလေးပါးသာ ရသော ပုဒ်တို့တည်း။

ဒုက္ခသစ္စာ, ကာမဘဝ, အဗျာကတစသော ခန္ဓာငါးပါးလုံးရသောပုဒ်တို့ကို မဟောအပ်။

ထို့ကြောင့်—

ငါးခန္ဓာ စုံမထွေးလို့၊ တစ် နှစ် သုံး လေး ရကြရာ။ ။စိတ်
သုခုမာ ဆံမနှောသည့်၊ ပုဒ်ဟောရပါ—ဟုဟောပုဒ်ကိုပြတော်မူ၏။

**စိတ်သုခုမာ ဆံမနှောသည့်၊ ပုဒ်ဟောရပါ** ဟူသော စကား၌ ယှဉ်စွဲ တွဲစွဲ သောအခါ ယှဉ်နှစ်ပါးလုံး၏ အရဖြစ်သောတရား၌ စိတ်နှင့် သုခုမရုပ်တွဲလို့ မနေ၊ စိတ်နှင့် သုခုမရုပ် မဆက်ဆံ၊ စိတ်က ကတ္တားနေလျှင် သုခုမရုပ်က ကံနေ ၏၊ သုခုမရုပ်က ကတ္တားနေလျှင် စိတ်က ကံနေ၏၊ တပေါင်းတည်း မဖြစ်နိုင်။

ထိုသို့ တပေါင်းတည်း မဖြစ်နိုင်၍ စာသင်သားတို့အား ယှဉ်စွဲ တွဲစွဲ ရဲရဲ ဉာဏ်ပိုင်စေခြင်းငှါ **စိတ်သုခုမာ ဆံမနှောသည့်၊ ပုဒ်ဟောရပါ** ဟူသောစကားကို ဆိုတော်မူပြန်လေသတည်း။

ရူပက္ခန္ဓာကနေ၍ ယှဉ်စွဲလျှင် ဝိညာဏက္ခန္ဓာကိုစွဲ၊ သို့မှသာလျှင် စွဲတတ်သော တရားများနှင့် စွဲအပ်သောတရား ခန္ဓာ အာယတန ဓာတ် ၃-ပါးလုံး မတူမည်။

ဝေဒနာ သညာ သင်္ခါရတို့ကိုစွဲလျှင် သုခုမရုပ်နှင့် ခန္ဓာ မညီသော်လည်း ဓမ္မာယတန ဓမ္မဓာတ်၌ ညီကုန်၏။

ရူပက္ခန္ဓာကား စွဲတတ်သော ကတ္တားပုဒ်တည်း၊ ဝိညာဏက္ခန္ဓာကား စွဲအပ် သော ကံပုဒ်တည်း။

**ဒုတိယ** ယှဉ်စွဲသောအခါ၌ တဖန် ကံပုဒ်ဖြစ်သော ဝိညာဏက္ခန္ဓာကို ကတ္တား ထားပြန်၍ ထိုဝိညာဏက္ခန္ဓာနှင့် ခန္ဓာ အာယတန ဓာတ် ၃-ပါးလုံးမတူအောင် အလုံးစုံသော ရုပ် ဝေဒနာ သညာ သင်္ခါရ နိဗ္ဗာန်ကို ပြန်၍။

ထို ဒုတိယ ယှဉ် အရ ရုပ် ဝေဒနာ သညာ သင်္ခါရ နိဗ္ဗာန်ကို အဘယ်ခန္ဓာ အဘယ်အာယတန အဘယ်ဓာတ်တို့ဖြင့် မရေတွက်အပ်သနည်းဟု ပုစ္ဆာပြု။

ဝိသဇ္ဇနာပြုသောအခါ၌ ဒုတိယ ယှဉ်စွဲသောအခါ စွဲတတ်သော ကတ္တားပုဒ်၊ ပဌမ ယှဉ်စွဲသောအခါ ပဌမ ယှဉ်အရ စွဲအပ်သော ကံပုဒ်အရ တရားတို့၌ အကျုံးဝင်သော ခန္ဓာ အာယတန ဓာတ်ဖွဲ့သောအတိုင်း ဖြေ။

ပဋ္ဌမနယ၌ ဒုတိယယှဉ်စွဲပြန်သောအခါ စွဲရင်းတရားကိုငင်း၊ စွဲရင်းမှ တပါး သော တရားကိုငင်း ပြန်ကုန်သည်။

စတုတ္ထနယ၌မူကား စွဲရင်းတွင်သာ ဒုတိယယှဉ်ကို ပြန်လေသည်။

ရုပ်၌ ဩဠာရိကရုပ် သုခုမရုပ်ကိုငင်း စိတ် ဝေဒနာ သညာ သင်္ခါရ နိဗ္ဗာန် ကိုငင်း ထိုတရားတို့၌ ခန္ဓာ အာယတန ဓာတ် မညီအောင် နှလုံးထား၍စွဲလေ။

**၃-ပါးလုံး မတူရာကို၊ ယှဉ်နှစ်ဖြာ ဖွေရှာစွဲလို့** ဟူသောစကား၌ ပဌမ ယှဉ်စွဲ သောအခါ၌လည်း ကတ္တားနှင့် ကံပုဒ်အရတရား ခန္ဓာ အာယတန ဓာတ်

၃-ပါးလုံး မတူအောင်၊ ဒုတိယ ယေစ္စသောအခါ၌လည်း ၎င်းနည်း ၃-ပါးလုံး မတူအောင်စွဲ ဟူလိုသည်။

**မခက်ခဲ ဖြေစရာ စ ၄ယ အလာ** ဟူသောစကား၌ ဒုတိယ ယေအရတရား၌ အသင်္ဂဟိတနယဖြစ်၍ မရေတွက်အပ်သော ခန္ဓာ အာယတန ဓာတ်တို့ကို ပုစ္ဆာ ပြုသောအခါ ပဌမ ယေအရတရား၌ အကျုံးဝင်သော ခန္ဓာ အာယတန ဓာတ် ရှိသောအတိုင်းဖြေ ဟူလိုသည်။

ဤ နယ၌လည်း **အသင်္ဂဟိတ** တပုဒ်ကျေသည်၊ ပဌမ ယေစ္စသောအခါ စွဲတတ် စွဲအပ်သောတရား ၂-ပါး၊ ခန္ဓာ အာယတန ဓာတ် ၃-ပါးလုံး မတူသည် **၏အဖြစ်ကို** ပြအပ်၏။

ဒုတိယ **အသင်္ဂဟိတံ** ဟူသောပုဒ်ဖြင့် ဒုတိယ ယေစ္စသောအခါ ကံ ကတ္တား တရား ၂-ပါးသည် ခန္ဓာ အာယတန ဓာတ် ၃-ပါးလုံး မတူသည်၏ အဖြစ်ကို ပြအပ်၏။

ကျေလသော **အသင်္ဂဟိတံ** ဟူသောပုဒ်ဖြင့် ဒုတိယ ယေအရ တရား၌ ပုစ္ဆာ ဝိသဇ္ဇနာ ပြုအပ်၏။

ပဉ္စမနယချီး အဖြေ ပြီး၏။

---

### ၆-ဆဋ္ဌနယချီး အဖြေ

ရုပ် နိဗ္ဗာန် နာမ်သက်သက်နှင့်၊ မရောယှက် ဆဋ္ဌမှာ။ ။ရုပ် နိဗ္ဗာန် နာမ်ပင် ရောသော်လည်း၊ ဝိပ္ပယောဂရာ။ ။ဖြစ်ချုပ် ကယ် တူစွာသည်၊ အာရုံပါ မှီရာမျှလို့၊ ဇာတ် ကာလ ဘုံသန္တာန်၊ တူ ၄-ပါးနာမ်။ ။သမ္ပယုတ်ကယ် မြဲကေန်သည်၊ မှချမှန် တော် လွန်းလှလေး။

ရုပ် နိဗ္ဗာန် နာမ်သဘောနှင့်၊ ဝိပ္ပယော ကေန်ယူ။ ။နာမ် ခန္ဓာ တူကတဲကို၊ ဘုံသန္တာန် ကာလကွဲလို့၊ ဇာတိလဲ မပြိုင်မူ။ ။ မှီအာရုံ တူမဟုတ်သည်၊ ဖြစ်ချုပ်မတူ။ ။သည်နာမ်စုမှာ ဝိပ္ပ ယုတ်ပယူ၊ ရုပ်ချင်းထိုတူ နိဗ္ဗာနနှင့်၊ ရူပက္ခန္ဓ သဘာဝါ။ ။ဝေဒ နာ ဝေဒနာချင်းနှင့်၊ သူ့ဝိညာဉ် ဝိညာဉ်ချင်းပ၊ လျှင်းမရရာ။ ။ သခ်ါရမှာ သနှင့်သာ၊ သဘောနှစ်ဖြာ ဆံမနှောသည့်၊ သမ္ပယောဂ ကေဟိစံမှာ၊ စေတသိခံ ရသမျှကိုသော်။ ။ဝိပ္ပယောဂ ကေဟိစံ မှာ၊ ရုပ် နိဗ္ဗာန် နာမ်သက်သက်နှင့်၊ နာမ်ရောယှက် ပုဒ်ကမူ၊

စေတသိက်ကိုယူ။ ။နာမ်ရသည့် ပုဒ်ကမူ၊ ဓမ္မဓာတ်တူ ရုပ် နိဗ္ဗာန် တည့်လေး။

ဤ ဆဋ္ဌနယ၌ ခက်ခဲနက်နဲသော အဓိပ္ပါယ်ကို သိလွယ်စေခြင်းငှါ မှတ်ပုံကို ရေးလိုက်အံ့—

၁။ **ရုပ်နှင့် နိဗ္ဗာန်သည်** သမ္ပယုတ်လည်း မဟုတ်၊ ဝိပ္ပယုဟ်လည်း မဟုတ်။

၂။ **ရုပ် ရုပ်ချင်း** သမ္ပယုတ်လည်း မဟုတ်၊ ဝိပ္ပယုတ်လည်း မဟုတ်။

၃။ **ဝေဒနာ ဝေဒနာချင်း** သမ္ပယုတ်လည်း မဟုတ်၊ ဝိပ္ပယုတ်လည်း မဟုတ်။

၄။ **သညာ သညာချင်း** သမ္ပယုတ်လည်း မဟုတ်၊ ဝိပ္ပယုတ်လည်း မဟုတ်။

၅။ **သင်္ခါရ သင်္ခါရချင်း** သမ္ပယုတ်လည်း မဟုတ်၊ ဝိပ္ပယုတ်လည်း မဟုတ်။

၆။ **ဝိညာဏ် ဝိညာဏ်ချင်း** သမ္ပယုတ်လည်း မဟုတ်၊ ဝိပ္ပယုတ်လည်း မဟုတ်။

ရုပ်နှင့် နိဗ္ဗာန်၊ ရုပ် ရုပ်ချင်း၊ ဝေဒနာ ဝေဒနာချင်း၊ သညာ သညာချင်း၊ သင်္ခါရ သင်္ခါရချင်း၊ ဝိညာဏ် ဝိညာဏ်ချင်း ၂-ပါးလုံး မဟုတ် ဆိုသည်မှာ အဘယ့်ကြောင့်နည်း ဟူမူကား—

သတ္တဝါတို့သည် သမ္ပယုတ် ဝိပ္ပယုတ်အဖြစ်ဖြင့် ထိုတရားတို့၌ သမ္ပယုတ်လော ဝိပ္ပယုတ်လောဟု ယုံမှားခြင်း ပသင် မရှိကြ၍ ရှင်တော်ဘုရားလည်း သမ္ပယုတ် ဝိပ္ပယုတ်အဖြစ်ဖြင့် ဟောတော်မမူ။

**တနည်းကား**—သဘာဝတရားသည် **လောကသဘာဝ, ဓမ္မသဘာဝ** ၂-မျိုး ရှိသည်။

ထို ၂-မျိုးတို့တွင် လောကသည် လောကသဘာဝအားဖြင့် မယှဉ်ကောင်း ရှိသည်။

**ဥပမာကား**—မိမိကိုယ်ကို မိမိနှင့် တူသည် မတူသည်ဟူ၍ မဆိုထိုက်၊ သူတပါးနှင့်သာ တူသည် မတူသည် ဆိုရသကဲ့သို့တည်း။

ဓမ္မသဘာဝမှာလည်း ရုပ်တရားတို့တွင် **ပထဝီဓာတ်တခုသည် ပထဝီဓာတ်တခုနှင့်** ယှဉ်သည်ဟူ၍ရင်း မယှဉ်သည်ဟူ၍ရင်း မဆိုထိုက်။

ထိုအတူ နာမ်တရားတို့တွင်လည်း **ဝေဒနာစေတသိက်၏** သဘာဝဓမ္မသည် **ဝေဒနာစေတသိက်** သဘာဝဓမ္မတခုနှင့် ယှဉ်သည်ဟူ၍ရင်း မယှဉ်သည်ဟူ၍ရင်း မဆိုထိုက်၊

ထိုကြောင့် သမ္ပယုတ် ဝိပ္ပယုတ် ၂-ပါးလုံး မဟုတ်ဟု ဆိုသတည်း။

ဘုရားတို့မည်သည် သတ္တဝါတို့ ပသင် ယုံမှားရှိသော အရာ၌သာ ဟောတော်မူသည်၊ မရှိသော အရာ၌ ဟောတော်မမူ။

**သခ်ါရ သခ်ါရချင်း** သမ္ပယုတ်လည်း မဟုတ်၊ ဝိပ္ပယုတ်လည်း မဟုတ်ဟု ဆိုခဲ့သောအရာ၌—

မိမိနှင့် တကွ ဖြစ်ဘော်ဖြစ်ဘက် ရရသမျှသော သခ်ါရက္ခန္ဓာမှတပါးသော ဖြစ်ဘော်ဖြစ်ဘက် မဟုတ်သော ကြွင်းသခ်ါရနှင့်သာ သမ္ပယုတ်လည်းမဟုတ်၊ ဝိပ္ပယုတ်လည်းမဟုတ်ဟု ဆိုသည်။

မိမိနှင့် တကွ ဖြစ်ဘော်ဖြစ်ဘက် သခ်ါရကား သမ္ပယုတ်ဖြစ်၏။

**တနည်းကား**—သခ်ါရက္ခန္ဓာ ၅၀-သည် သမ္ပယုတ် ဝိပ္ပယုတ် ၂-ပါး**လုံး**မဟုတ်၊ သခ်ါရက္ခန္ဓာ ၅၀-တို့တွင် ဖဿ ဖဿချင်း၊ စေတနာ စေတနာချင်း။ပ။ ပညာ-ပညာချင်း သမ္ပယုတ် ဝိပ္ပယုတ် ၂-ပါးလုံးမဟုတ်။

ဖဿနှင့် စေတနာ၊ ဖဿနှင့် ဧကဂ္ဂတာ၊ ဖဿနှင့် ဇီဝိတိန္ဒြေ၊ ဖဿနှင့် ပညာတို့မှာ သမ္ပယုတ်အရာလည်းရှိ၏၊ သမ္ပယုတ် ဝိပ္ပယုတ် ၂-ပါးလုံးဟုတ်သော အရာလည်း ရှိ၏။

ဝိညာဉ် ဝိညာဉ်ချင်း သမ္ပယုတ် ဝိပ္ပယုတ် ၂-ပါးလုံး မဟုတ်ဟု ဆိုခဲ့သော အရာ၌—

စက္ခုဝိညာဉ်ချင်း။ပ။ မနောဝိညာဉ်ချင်း သမ္ပယုတ် ဝိပ္ပယုတ် ၂-ပါးလုံး မဟုတ်။

စက္ခုဝိညာဉ်နှင့် ကြွင်းသော ဆဝိညာဉ်၊ သောတဝိညာဉ်နှင့် ကြွင်းသော ဆဝိညာဉ်။ပ။ မနောဝိညာဏဓာတ်နှင့် ကြွင်းသော ဆဝိညာဉ်တို့မှာ ဝိပ္ပယုတ် ဖြစ်၏။

သမ္ပယုတ် ဝိပ္ပယုတ် မဟုတ်သောတရားကား ပြီး၏။

---

၁-ရုပ်နှင့်နာမက္ခန္ဓာ ၄-ပါး ဝိပ္ပယုတ်ကေန်၊

**၂-နိဗ္ဗာန်နှင့် နာမက္ခန္ဓာ** ၄-ပါး သည် ဝိပ္ပယုတ်ကေန်ဖြစ်၏၊

ရုပ်နှင့် နာမက္ခန္ဓာ ၄-ပါးသည် အဘယ်ကြောင့် ဝိပ္ပယုတ်ကေန် ဖြစ်သနည်း။

သတ္တဝါတို့ ပဿင်ရှိ၍ ရုပ်နှင့် နာမက္ခန္ဓာ ၄-ပါး ဝိပ္ပယုတ်ဖြစ်ကြောင်းကို ရှင်တော်ဘုရား ဟောတော်မူသောကြောင့် ဝိပ္ပယုတ်ကေန်ဆိုသတည်း။

သတ္တဝါတို့သည် အဘယ်သို့ ပဿင် ရှိသနည်းဟူမူ —

**စိတ္တဇရုပ်**တို့သည် ပဋိသန္ဓေနောင် ပဋ္ဌမဘဝင်မှစ၍ ပဝတ္တိ စုတိအခါတိုင်အောင် ဒွေပဉ္စဝိညာဉ်တဆယ် ရဟန္တာတို့ စုတိကြဉ်သော ဖြစ်တိုင်းဖြစ်တိုင်းသော စိတ်တို့၏ ဥပါဒ်ဆဲ ဖြစ်၍ ဖြစ်၏။

**တနည်းကား** - ဖြစ်တိုင်းဖြစ်တိုင်းသော စိတ်တို့၏ ဥပါဒ်၌ ပါကုန်၏။ ဝါ၊ စိတ်နှင့်တကွ ဖြစ်ကုန်၏။

**ကမ္မဇရုပ်**တို့သည်လည်း ပဋ္ဌဝေါကာရပဋိသန္ဓေနာမက္ခန္ဓာနှင့်တကွဖြစ်ကုန်၏။

ထိုသို့ တကွဖြစ်ကုန်သောရုပ်တို့သည် စိတ္တက္ခဏ ၁၇-ချက်၊ ခဏငယ် ၅၁-ချက် ခန့် တည်၍ အမှတ်မရှိ တခုခုသောစိတ်နှင့် ပြိုင်၍ တကွချုပ်ကုန်၏။

**ဝိညတ်ဒွေ**ဟူသော စိတ္တဇရုပ်သည် စိတ်နှင့်တကွ ကေုပ္ပါဒ ကေနိရောဓ ဖြစ်၏။

ထိုသို့ စိတ်နှင့် တကွဖြစ်ခြင်း တကွချုပ်ခြင်းရှိ၍ အချို့သော သတ္တဝါတို့ကား ရုပ်နှင့်နာမက္ခန္ဓာ ၄-ပါး သမ္ပယုတ်ဖြစ်၏ဟု မှတ်ထင်ကုန်သည်။

အချို့သောသတ္တဝါတို့ကား.... ရုပ်နှင့် နာမက္ခန္ဓာ ၄-ပါးသည် အဟေတုက သဟေတုက အာရမ္မဏ သာရမ္မဏ စသည်တို့၏ အဖြစ်ဖြင့် ဝိပ္ပယုတ်ဖြစ်၏။

အချို့သော သတ္တဝါတို့ကား....သမ္ပယုတ် ဝိပ္ပယုတ် နှစ်ပါးလုံးပင် ဖြစ်ကုန်၏။

အချို့သော သတ္တဝါတို့ကား....နှစ်ပါးလုံးမဖြစ်ဟု ပဿင် ရှိကြကုန်၏။

ဘုရားမြတ်စွာသည်လည်း သတ္တဝါတို့ ပဿင်ရှိသောအရာ၌ ရုပ်နှင့် နာမက္ခန္ဓာ ဝိပ္ပယုတ်ဖြစ်ကြောင်းကို ဤ **ဝာတုကထာကျမ်း ဆဋ္ဌနယ၊ အနန္တနယ သမန္တ ပဋ္ဌာန်းကျမ်း ဝိပ္ပယုတ္တပစ္စည်း**၌ ဝိပ္ပယုတ် ဖြစ်ကြောင်းကို ဟောတော်မူ၏။

**တနည်းကား** — ဘုရားတို့မည်သည် သိအပ် သိထိုက်သော တရားကို သိတော်မူကြသည်။

မသိအပ် မသိထိုက်သော တရားကိုလည်း မသိအပ် မသိထိုက် ဟု သိတော်မူကြသည်။

ဤ သမ္ပယုတ် ဝိပ္ပယုတ်အရာ၌လည်း သမ္ပယုတ် ဖြစ်သင့် မဖြစ်သင့်၊ ဝိပ္ပယုတ် အရာ၌လည်း ဝိပ္ပယုတ် ဖြစ်သင့် မဖြစ်သင့်သည်ကို သိတော်မူသည့်အတိုင်း ဟောတော်မူသည်။

ပဿင်ပင် မရှိသော်လည်း သဘာဝဓမ္မအတိုင်း ဟောတော်မူသည် ဟု မှတ်ရမည်။ ထိုကြောင့် ရုပ်နှင့် နာမက္ခန္ဓာလေးပါးတို့သည် ဝိပ္ပယုတ် ကေန် ဖြစ်ကုန်၏။

**နိဗ္ဗာန်နှင့် နာမက္ခန္ဓာ လေးပါး**တို့သည် ဝိပ္ပယုတ်ကေန်ဆိုသည်မှာ နိဗ္ဗာန်သည် "**အာရမ္မဏိကာဓမ္မေ နာမေတီတိ နာမံ**" ဟူသော ဝစနတ္ထနှင့်အညီ စိတ်, စေတသိက် ဖြစ်ကုန်သော အာရမ္မဏိက တရားတို့ကို မိမိသို့ အာရုံ ပြုသော အဖြစ်ဖြင့် ညွှတ်စေတတ်သောကြောင့် နာမ် မည်၏။

စိတ် စေတသိက်လည်း နာမ်, နိဗ္ဗာန်လည်း နာမ် ဤသို့နာမ်ချင်းတူ၍ အချို့သော သတ္တဝါတို့ကား သမ္ပယုတ် ဖြစ်၏ဟု ထင်မှားကုန်သည်။

အချို့သော သတ္တဝါတို့ကား စိတ်, စေတသိက်တို့သည် အဇ္ဈတ္တိကတရား, နိဗ္ဗာန်သည် ဗဟိဒ္ဓတရားဖြစ်၍ ဝိပ္ပယုတ်ဖြစ်၏ဟု ဝိပ္ပယုတ်အဖြစ်၌ ပသာဂ် ရှိကြကုန်၏။

ဤသို့သော အရာ၌ ဝိပ္ပယုတ် ဖြစ်ကြောင်းကို ဘုရားမြတ်စွာလည်း ဟောတော်မူသည်။

ထိုကြောင့် နိဗ္ဗာန်နှင့် နာမက္ခန္ဓာလေးပါးတို့သည် ဝိပ္ပယုတ် ကေန် ဖြစ်ကုန်၏။

ဝိပ္ပယုတ်ကေန် ပြီး၏။

---

နာမက္ခန္ဓာလေးပါးတွင် **ဝေဒနာနှင့် ကြွင်းသုံးပါး၊ သညာနှင့် ကြွင်းသုံးပါး၊ သင်္ခါရနှင့် ကြွင်းသုံးပါး၊ ဝိညာဉ်နှင့်** ကြွင်းသုံးပါးသည် သမ္ပယုတ်လည်းဖြစ်၏၊ ဝိပ္ပယုတ်လည်း ဖြစ်၏။

အဘယ်သို့ သမ္ပယုတ် ဖြစ်သနည်း —

တကွဖြစ်ခြင်း တကွချုပ်ခြင်း စသော သမ္ပယောဂ လက္ခဏာ လေးပါးနှင့် ညီမည်၊ ဘုံ, သန္တာန်, ကာလ, ဇာတ်တို့လည်း တူမည်၊ ဤအကြောင်းတို့နှင့် ပြည့်စုံက သမ္ပယုတ်ကေန် ဖြစ်၏။

အဘယ်သို့ ဝိပ္ပယုတ် ဖြစ်သနည်း —

သမ္ပယောဂလက္ခဏာ လေးပါးနှင့် မညီသော်ငြား၊ ဘုံကွဲသော်ငြား၊ သန္တာန်ကွဲသော်ငြား၊ ကာလကွဲသော်ငြား၊ ဇာတ်ကွဲသော်ငြား ဝိပ္ပယုတ် ဖြစ်၏။

၁။ ဘုံမှာ ကာမ, ရူပ, အရူပကိုယူ၊
၂။ သန္တာန်မှာ သူ့သန္တာန်, ငါ့သန္တာန်ကိုယူ၊
၃။ ကာလမှာ ပစ္စုပ္ပန်, အတိတ်, အနာဂတ်ကိုယူ၊
၄။ ဇာတိမှာ ကုသိုလ်, အကုသိုလ်, အဗျာကတ, အဟိတ်, သဟိတ် ဇာတ်ကိုယူ။

**ကေဟိစိထုတ်ရာ မှတ်ပုံကား**—ကေဟိစိသည် သမ္ဗယုတ် ကေဟိစိ, ဝိပ္ပယုတ် ကေဟိစိဟု နှစ်ပါး အပြားရှိ၏၊ ဟောပုဒ်သည်လည်း ရုပ်နာမ် နှစ်ပါး အပြား ရှိ၏။

ဟောပုဒ်က ရုပ်ဖြစ်လျှင် ကေဟိစိမှာ သမ္ဗယုတ် မရှိ၊ ဝိပ္ပယုတ် ကေဟိစိသာ ရှိသည်။ ထို ဝိပ္ပယုတ် ကေဟိစိကိုလည်း စေတသိက်ကိုထုတ်။

ဟောပုဒ်က နာမ်ဖြစ်လျှင် ကေဟိစိမှာ သမ္ဗယုတ် ကေဟိစိ, ဝိပ္ပယုတ် ကေဟိစိအားဖြင့် နှစ်ပါး အပြားရှိ၏။

ထို နှစ်ပါးတို့တွင် သမ္ဗယုတ် ကေဟိစိကို ရရသမျှသော စေတသိက်ကိုထုတ်၊ ဝိပ္ပယုတ် ကေဟိစိကို သုခုမရုပ် နိဗ္ဗာန်ကိုထုတ်။

ခန္ဓာကထုတ်လျှင် သင်္ခါရက္ခန္ဓာ၊ အာယတနက ထုတ်လျှင် ဓမ္မာယတန၊ ဓာတ်က ထုတ်လျှင် ဓမ္မဓာတ်ထုတ်။

ဤ ဆိုအပ်ခဲ့သော မှတ်ပုံ အဓိပ္ပါယ်အတိုင်း ဝေဒနာက္ခန္ဓာ, စက္ခာယတန, စက္ခုဝိညာဏဓာတ်, သမုဒယသစ္စာတို့ကို သမ္ဗယုတ် ဝိပ္ပယုတ် ကေဟိစိ ထုတ်၍ ဟောပုံ ရွတ်၍ ပြောပါ။

အိမ်မြှောင်စာအချုံး၌ အဓိပ္ပါယ်ကား—

**ရုပ် နိဗ္ဗာန် နာမ်သက်သက်နှင့်၊ မရောယှက် ဆဋ္ဌမှာ** ဟူသော စကား၌ ဤ **ဆဋ္ဌနယ**၌ ဟောတော်မူသော တရားသည် ရုပ်လည်း ရုပ်သက်သက်၊ နိဗ္ဗာန်လည်း နိဗ္ဗာန်သက်သက်၊ နာမ်လည်း နာမ်သက်သက်၊ အယှက်အတင်မရှိ ကေဟိစိ ယှဉ်၍ ဟောတော်မူ၏။

ရုပ်နှင့် နိဗ္ဗာန်၊ ရုပ်နှင့် နာမက္ခန္ဓာ လေးပါး၊ နိဗ္ဗာန်နှင့် နာမက္ခန္ဓာလေးပါး မရောယှက် ဟူလိုသည်။

ဤ ရုပ် နိဗ္ဗာန် **နာမ်သက်သက်နှင့်၊ မရောယှက် ဆဋ္ဌမှာ** ဟူသော စကားဖြင့် ဓမ္မာယတန ဓမ္မဓာတ် ဒုက္ခသစ္စာစသော ရုပ် နိဗ္ဗာန် နာမ် ရောသောပုဒ်တို့ မှတပါး ရူပက္ခန္ဓာ စသော သက်သက်သောပုဒ်၊ ရုပ် နိဗ္ဗာန် နာမ် မရောသော ပုဒ်တို့ကို ဤဆဋ္ဌနယ၌ ဟောအပ်သော ပုဒ်တည်းဟု ပြသော စကားတည်း။

**ရုပ် နိဗ္ဗာန် နာမ်ပင်ရောသော်လည်း၊ ဝိပ္ပယောဂရရာ** ဟူသောစကား၌ ရုပ်နှင့် နာမက္ခန္ဓာလေးပါး၊နိဗ္ဗာန်နှင့် နာမက္ခန္ဓာလေးပါးရောယှက်သော်လည်း ဝိပ္ပယုတ် **ဖြစ်၏** ဟူလိုသည်။

**ဖြစ်ချုပ်ကယ် တူစွာသည်။ပ။ မချမှန် တော်လွှန်းလှလေး** ဟူသော စကား၌ အဓိပ္ပါယ်ကား—နာမက္ခန္ဓာလေးပါးသည် သမ္ပယောဂလက္ခဏာနှင့်ညီသော်ငြား၊ ဇာတ်,ကာလ,ဘုံ,သန္တာန်တူသော်ငြား ဤသို့ အကြောင်းနှင့်ပြည့်စုံသော် သမ္ပ ယုတ် **ကေန်ဖြစ်၏** ဟူလိုသည်။

## ဒုတိယအချီး

**ရုပ် နိဗ္ဗာန် နာမ်သဘောနှင့်၊ ဝိပ္ပယောကေန်ယူ** ဟူသောစကား၌ ရုပ်နှင့် နာမက္ခန္ဓာလေးပါး၊ နိဗ္ဗာန်နှင့် နာမက္ခန္ဓာလေးပါး ဝိပ္ပယုတ် ကေန်ဖြစ်၏ ဟူ လိုသည်။

ပဌမအချီး၌ ရုပ် နိဗ္ဗာန် နာမ်ပင်ရောသော်လည်း၊ ဝိပ္ပယောရရာ ဟု ဆိုခဲ့ ပြီးလျက် ဒုတိယအချီးစကား၌ ရုပ် နိဗ္ဗာန် နာမ်သဘောနှင့်၊ ဝိပ္ပယောကေန် ယူ—ဟု တဖန် ထပ်၍ဆိုခြင်းသည် ဤဆင့္ဂနယ၌ ဟောတော်မူသောတရားသည် ရုပ် နိဗ္ဗာန် နာမ်ရောယှက်သောအရာ ရှိ၏။

ထိုသို့ပင် ရောယှက်သော်လည်း ဝိပ္ပယုတ် ဖြစ်ကြောင်းကို သာမညဆိုသော စကားဖြစ်သည် ကေန်ဖြစ်သည်ကို မဆိုခဲ့သေး။ ဤဒုတိယစကား၌ကား ကေန် ယူအပ်သည်၏အဖြစ်ကို ဆိုသောစကားဟု မှတ်အပ်၏။

**နာမ် ခန္ဓာ တူကတဲကို၊ဘုံ သန္တာန် ကာလကွဲလို့၊ဇာတိလဲ မပြိုင်မူ။ ။မှီအာ ရုံ တူမဟုတ်သည်၊ ဖြစ်ချုပ်မတူ။ ။သည်နာမ်စုမှာ ဝိပ္ပယုတ်ယူ**—ဟူသော စကား၌ နာမက္ခန္ဓာလေးပါးသည် သမ္ပယောဂလက္ခဏာလေးပါးနှင့် မညီသော် ၎င်း၊ ဘုံ သန္တာန် ကာလ ဇာတ်ကွဲသော်၎င်း ဘူမိဝိပ္ပယုတ် သန္တာနဝိပ္ပယုတ် ကာလဝိပ္ပယုတ် ဇာတိဝိပ္ပယုတ်ဖြစ်၏ ဟူလိုသည်။

**ရုပ်ချင်းထို့တူ နိဗ္ဗာနနှင့်၊ရူပက္ခန္ဓ သဘာဝါ။ ။ဝေဒနာ ဝေဒနာချင်းနှင့်၊ သူ့ ဝိညာဉ် ဝိညာဉ်ချင်းပ၊ လျှင်းမရရာ**—ဟူသောစကား၌ ရုပ်ချင်းဟု သာမည ဆို သော စကားဖြစ်၍ လောကီစိတ် ကောသီတိ စေတသိက် ဒွေပညာသ ရုပ် အဌဝီသ ဟု ဆိုအပ်သော အပေါင်းဖြစ်သော ပိယရုပ် သာတရုပ်ကို၎င်း၊ ရုပ္ပန- လက္ခဏာရှိသော အစိတ်ဖြစ်သော ရုပ် အဌဝီသကို၎င်း ယူအပ်၏။

ထိုရုပ်သည် ရုပ်ချင်းချင်း သမ္ပယုတ် ဝိပ္ပယုတ် အလျှင်းမရ၊ ထိုအတူ ရုပ်နှင့် နိဗ္ဗာန်လည်း သမ္ပယုတ် အလျှင်းမရ၊ ရုပ္ပနလက္ခဏာရှိသော ရူပက္ခန္ဓာ ဖွဲ့ကောင်း သော ရုပ် အဌဝီသလည်း ရုပ် ရုပ်ချင်းချင်း သမ္ပယုတ် ဝိပ္ပယုတ် အလျှင်းမရ၊ ဝေဒနာ ဝေဒနာချင်း၊ သညာ သညာချင်း၊ သင်္ခါရ သင်္ခါရချင်း၊ ဝိညာဉ် ဝိညာဉ်ချင်း သမ္ပယုတ် ဝိပ္ပယုတ် ၂-ပါးလုံး မရကောင်း၊ သို့ဖြစ်၍ သမ္ပယုတ် ဝိပ္ပယုတ် အလျှင်းမရရာ ဟူလိုသည်။

ဤ၌ **ဝေဒနာ ဝေဒနာချင်းနှင့်၊ သူ့ ဝိညာဉ် ဝိညာဉ်ချင်းပ၊ လျှင်းမရရာ** ဟု ဆိုခြင်းသည် နည်း ၄၀-၌ လိမ္မာတော်မူသည်ဖြစ်၍ နာမက္ခန္ဓာ ၄-ပါး၌ **မိဂပဒဝဋ္ဋဥနနည်း**အားဖြင့်သာ အစ အဆုံးကို ပြတော်မူလေသည်။

**သင်္ခါရမှာ သနှင့်သာ၊ သဘောနှစ်ဖြာ ဆံမနှောသည့်** ဟူသော စကား၌ သင်္ခါရက္ခန္ဓာ ဖွဲ့ကောင်းသော သမုဒယသစ္စာ စသောပုဒ်ကို ဟောသောအခါ

သမုဒယသစ္စာနှင့် တကွဖြစ်သော ခန္ဓာအလို သမုဒယသစ္စာ ဝေဒနာ သညာမှ တပါး စေတသိက် ဧကူနဝီသ အာယတနဓာတ်အလို သမုဒယသစ္စာကြဉ်သော စေတသိက် ကေဝီသကိုသာ ကေဟိစိ ထုတ်လေသည်။

ထိုမှ ကြွင်းသော သင်္ခါရ ၃၀-တို့ကို သမ္ပယုတ် ဝိပ္ပယုတ် အဖြစ်ဖြင့် ကေဟိစိ မထုတ်။

တကွဖြစ်သော တရားတွင်သာ ထုတ်သောကြောင့် **သနှင့် သာ၌** သသည် **သဟအနက်လည်း** ရှိ၏၊ သင်္ခါရ အကြွင်းရှိသောကြောင့် သ သည် **သေသ အနက်လည်း** ရှိ၏၊ တကွဖြစ်သော တရားကိုလည်း ကေဟိစိ ထုတ်အပ်သည်။ ကြွင်းသောတရားကိုလည်း ကေဟိစိ ထုတ်အပ်သည်ဟု သဘောနှစ်ဖြာ မရှိ ကောင်း၊ ယကွဖြစ်သော တရားတွင်သာ ကေဟိစိ ထုတ်အပ်၏၊ ကြွင်းသော တရားကို ကေဟိစိ မထုတ်အပ် ဟူလိုသည်။

**သမ္ပယောဂ ကေဟိစံမှာ၊ စေတသိံ ရသမျှကိုသော်** ဟူသော စကား၌ ဟောပုဒ်က နာမ်ဖြစ်လျှင် ကေဟိစိမှာ သမ္ပယုတ်ကို ရရသမျှဖြစ်သော စေတသိက်ကိုသာ ထုတ် ဟူလိုသည်။

ဤ အချီး၌ လင်္ကာဖြစ်၍ ဝါစာသိလိဋ္ဌ သုခုစ္စာရဏ အကျိုးငှါ ကေဟိစိ ဆိုလိုလျက် ကေဟိစံဟု နိဂ္ဂဟီတန္တနှင့် ဆိုသည်။

**ရုပ် နိဗ္ဗာန် နာမ်သက်သက်နှင့်၊ နာမ်ရောယှက် ပုဒ်ကမူ၊ စေတသိက်ကိုယူ** ဟူသောစကား၌ ဟောပုဒ်က ရုပ်ဖြစ်လျှင် ကေဟိစိမှာ သမ္ပယုတ်သာ ရှိကုန်၏၊ ဝိပ္ပယုတ် ကေဟိစိကို သက်သက်သောရုပ်၊ သက်သက်သော နာမ်၊ သက်သက်သော နိဗ္ဗာန် ရောယှက်ခဲ့သော တရားအပေါင်းတို့တွင် စေတသိက် ဒွေပညာသကိုသာ ထုတ်ရိုး၊ နိဗ္ဗာန်စိတ်တို့ကို မထုတ်လင့် ဟူလိုသည်။

**နာမ်ရသည့် ပုဒ်ကမူ၊ ဓမ္မဓာတ်တူ၊ ရုပ်နိဗ္ဗာန်တည့်လေး** ဟူသောစကား၌ ဟောပုဒ်က နာမ်ဖြစ်လျှင် ကေဟိစိဝိပ္ပယုတ်ကို ဓမ္မာယတန ဓမ္မဓာတ်တူဖြစ်သော စေတသိက် သုခုမရုပ် နိဗ္ဗာန်တို့တွင် သုခုမရုပ် နိဗ္ဗာန်ကိုသာ ထုတ်၊ စေတသိက်ကို မထုတ်လင့်ဟူလိုသည်။

**ဓမ္မဓာတ်တူ** ဟူသောစကားဖြင့် ဩဠာရိကရုပ်ကို စင်စေ၏။

ဤဆဋ္ဌနယ၌ အောက်၌ ဟောအပ်ပြီးသော ပဉ္စမနယ၌ကဲ့သို့ မေးအပ် ဖြေအပ်သော တရားအထူးကို မထုတ်မူ၍ သာမညစကားဖြင့် ခန္ဓာအစရှိသော တရားတို့၏ ပုစ္ဆာ ဝိသဇ္ဇနာနည်းကို အကျယ်ပြကုန်၏။

ဆဋ္ဌနယချီး အဖြေ ပြီး၏။

## ၇-သတ္တမနယချီး အဖြေ

စိတ်ဝိညာဉ် နာမ်သက်သက်နှင့်၊ သမ္ပယုတ်စွက်သည့် ပုဒ်အနေ။ ။သတ်ဝိညာဉ် ဧကေကောဒရယ်နှင့်၊ နိဿယံ သမ္ပယောသည်၊ စေတသိခံ သည် သဘောကို့မှု၊သဗ္ဗညာဏ် ရှင်ပင်ဂေါ်၊ ဟောပြခဲ့ပေ။ ။နည်းသတ္တမေ၊ သတ်ဝိညာဉ် ဧကေကနှင့်၊ သမ္ပယုတ္တ ကုန်မဆံ၊ လုံးစားကွက်ကျန်။ ။ သည့်နှယ်ပုဒ် စေတသိက်ခံကို၊ စိန္တေယျ ရှောင်ကွင်းလို့၊ စွဲရင်းနှင့် သမ္ပယုတ်ကို၊ ယေ တေ အလို။ ။ဒုတိယ ယေ တေကိုမူ၊ ဝိပ္ပယုတ် ယူ ဆိုမြဲမသွေရှင့်လေး။

**အဓိပ္ပါယ်ကား**—ဤသတ္တမနယ၌ ဟောအပ်သောပုဒ်ကား စက္ခုဝိညာဉ်၊ ထိုစက္ခုဝိညာဉ်နှင့်ယှဉ်သော စေတသိက်၊ ဤနာမက္ခန္ဓာတရားသည်သာလျှင် ဟောပုဒ် ဖြစ်သည်။ ရုပ် နိဗ္ဗာန်ရသောပုဒ်သည် ဟောပုဒ်မဖြစ် ဟူလိုသည်။

**စိတ်ဝိညာဉ် နာမ်သက်သက်နှင့်၊ သမ္ပယုတ်စွက်သည့် ပုဒ်အနေ** ဟူသော စကားဖြင့် မနာယတနစသော စိတ်သက်သက် ရသောပုဒ်၊ ဝေဒနာက္ခန္ဓာစသော စေတသိက်သက်သက် ဖြစ်သောပုဒ်၊ သုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာစသော စေတသိက်ရသောပုဒ်ကိုသာ ဤသတ္တမနယ၌ ဟောအပ်သည်၏ အဖြစ်ကို ပြတော်မူ၏။

ထိုသို့ ဟောပုဒ်ကိုပြသောစကား၌ သမုဒယသစ္စာစသော စေတသိက် သက်သက်ဖြစ်သောပုဒ်၌—

> သမုဒယသစ္စေန ယေ ဓမ္မာ သမ္ပယုတ္တာ၊ တေဟိ ဓမ္မေဟိ ယေ ဓမ္မာ ဝိပ္ပယုတ္တာ၊ တေ ဓမ္မာ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ ဝိပ္ပယုတ္တာ၊ တေ ဓမ္မာ န ကေဟိစိ ခန္ဓေဟိ န ကေဟိစိ အာယတနေဟိ န ကာဟိစိ ဓာတူဟိ ဝိပ္ပယုတ္တာ ဟူ၍ရင်း—
>
> ဝိပ္ပယုတ္တောတိ နတ္ထိ ဟူ၍ရင်း—

ဤသို့ စသည်ဖြင့် ဟောအပ်သည်ရှိသော် သတ်ဝိညာဉ်နှင့် မယှဉ်သော စေတသိက်ဖြစ်၍ န ကေဟိစိ နတ္ထိသာ ဖြစ်သောကြောင့် မသင့်။

ဝေဒနာက္ခန္ဓာစသော သတ်ဝိညာဉ်ဓာတ်နှင့်ယှဉ်သော စေတသိက်၊ အဓိမောက္ခစသော အလုံးစုံသော မနောဝိညာဏဓာတ်နှင့်ယှဉ်သော စေတသိက်၊ ရဟန်းတို့အား အခိုက်အတန့်အားဖြင့် အာပတ်မလောက်သောကြောင့် အဗ္ဗောဟာရိက ဆိုသကဲ့သို့ အဓိမောက္ခသည် ဝိစိကိစ္ဆာ နှင့်မယှဉ်သော်လည်းဝိစိကိစ္ဆာ တည်းဟူသော မနောဝိညာဏဓာတ်တပါးသာ ကြွင်းသောကြောင့် ကျန်သည် ဟု မယူစလောက် အနည်းငယ်သာ ဖြစ်သည်။ "ဤကား စကားချုပ်"။

ဤစေတသိက်စသည်တို့သာ ခန္ဓာ အာယတနဓာတ်တို့၌ န ကေဟိစိ ရှိသော်လည်း ဓာတ်နှင့် ဝိပ္ပယုတ်ရကောင်းသောကြောင့် ဟော၍ ဖြစ်ကောင်းလေသည်။

ထိုသို့ မဟောအပ်သောစေတသိက် ဟောအပ်သော စေတသိက်တို့ကို ပြပြန်လို၍—

သတ်ဝိညာဉ် ကေကောရယ်နှင့်၊ နိုသေသံ သမ္ပယောသည်၊ စေတသိက်ခံ သည်သဘောကိုမှ သဗ္ဗညာဏ် ရှင်ပင်ဂေါ၊ဟောပြခဲ့ပေ။ ။ နည်း သတ္တမေ၊ သတ်ဝိညာဉ် ကေကနှင့်၊ သမ္ပယုတ္တ ကုန်မဆံ၊ လုံးစား ကွက်ကျန်။ ။သည့်နှယ်ပုဒ် စေတသိက်ခံကို၊ စိန္တေယျံ ရှောင်ကွင်းလို့ — ဟု မြတ်စွာဘုရား ဟောတော်မူသည်၏ အဖြစ်ကို ပြတော်မူ၏။

**ထိုစကားအဓိပ္ပါယ်ကား**—မြတ်စွာဘုရားသည် သတ္တမနယ၌ စေတသိက်ထက ဟောတော်မူသော်လည်း ဝေဒနာက္ခန္ဓာ စသော သတ္တဝိညာဏဓာတ်နှင့် ယှဉ်သော စေတသိက်၊ အဓိမောက္ခ စသော တပါးပါးသော ဒွ-လုံးစုံသော ဝိညာဉ်နှင့်ယှဉ်သော စေတသိက်ကိုသာ ဟောတော်မူလေသည်။

သမုဒယ မဂ္ဂ စသော တစိတ်တဒေသဖြစ်သော မနောဝိညာဏဓာတ်နှင့် ယှဉ်သော စေတသိက်တို့ကို **တလုံးစား တကွက်ကျန်** ဆိုသကဲ့သို့ဖြစ်၍ ဟောတော်မမူ၊ ရှောင်ရှား ပယ်၍ ထားတော်မူခဲ့လေသည် ဟူလို။

**စွဲရင်းနှင့် သမ္ပယုတ်ကို၊ ယေ တေ အလို။ ။ ဒုတိယ ယေ တေ ကိုမူ၊ ဝိပ္ပယုတ် ယူ ဆိုမြဲမသွေရှင့်လေး** ဟူသော စကား၌။

**အဓိပ္ပါယ်ကား**—ဝေဒနာ စသည်တို့ကနေ၍ ယေ တေ စွဲသောအခါ ထိုဝေဒနာနှင့် သမ္ပယုတ်ဖြစ်သောစိတ် ကေူနနဝုတိ၊ စေတသိက် ကေပညာသကို။

**တနည်းကား** — ထို ဝေဒနာနှင့် သမ္ပယုတ်ဖြစ်သော သညာ သင်္ခါရ ဝိညာဉ်ကိုရင်း, ရှေ့စွဲရင်းဝေဒနာကိုရင်း စွဲတတ်သော ပုဒ်တွင်းသို့ သွတ်သွင်းပြန်၍ ဝိပ္ပယုတ်ကိုစွဲ ဟူလိုသည်။

**စွဲရင်းနှင့် သမ္ပယုတ်ကို၊ ယေ တေ အလို** ဟူသော စကားဖြင့် ဒုတိယ ယေစွဲသောအခါ ပဌမယေအရ တရားအတွင်းသို့ စွဲရင်းတရားကိုလည်း သွင်း၍ စွဲပြန်အပ်သည်၏ အဖြစ်ကို ပြတော်မူ၏။

**ဒုတိယ ယေ တေ ကိုမူ၊ ဝိပ္ပယုတ်ယူ ဆိုမြဲမသွေရှင့်လေး** ဟူသောစကားဖြင့် ပဌမ ယေ ကို သမ္ပယုတ်၊ ဒုတိယ ယေကို ဝိပ္ပယုတ် စွဲအပ်သည်၏အဖြစ်ကို ပြ

တော်မူ၏။ ဒုတိယ ယေတွင် ဆိုငြားသော်လည်း အဝုတ္တသိဒ္ဓိနည်းအားဖြင့် ပဌမယေကိုလည်း သမ္ပယုတ်စွဲအပ်သည်၏ အဖြစ်ကို သိအပ်၏။

သတ္တမနည်း၌ တေဟိ ခမ္မေဟိ အစွဲကို ထုတ်ရင်းပုဒ်နှင့် တကွစွဲခြင်းသည် နိယတ် အနိယတ် ဆန့်သကဲ့သို့ ထင်ဘွယ်ရှိ၏။

ထိုသို့ ထင်ဘွယ်ရှိသော်လည်း ပါဠိတော်၌ ထိုသို့သောပုစ္ဆာ၏ ဝိသဇ္ဇနာကို မြင်သဖြင့်ရင်း, "ဣမိနာ နယေန သဗ္ဗတ္ထ ပုစ္ဆာယ ဥဒ္ဒေသပဒေနေဝ သဒ္ဓိံ ဝိပ္ပယုတ္တာနံ ဝသေန အတ္ထော ဝေဒိတဗ္ဗော" ဟူသော အဋ္ဌကထာပါဠ်ကို မြင်သဖြင့်ရင်း မဆန့်သည်၏အဖြစ်ကို သိအပ်၏။

သတ္တမနယချီး အဖြေ ပြီး၏။

---

## ၈-အဋ္ဌမနယချီး အဖြေ

ရုပ် နိဗ္ဗာန် နာမ်သက်သက်နှင့်၊ နာမ်ရောယှက် ဝိပ္ပယုတ္တံ။ ။
ကေဝလံ နာမ်ကိုစွဲသော်လည်း၊ သမ္ပယုတ္တံ သူတို့ထဲက၊ နိသေသံ-
အကုန်စွဲကိုမှ၊ ဟောမြဲကေန်။ ။ အဋ္ဌမနည်း သူ့အကြံမှာ၊ ဝိပ္ပယုတ္တံ
ယေ စွဲလို့၊ မခက်ခဲ ဖြေစရာ၊ နတ္ထိချည်းပါ။ ။ နည်းမေဃ သည်
ပုစ္ဆာမှာ၊ သမ္ပယုတ်ရရာ ဟောဘူးရှင့်လေး။ ။

အဓိပ္ပါယ်ကား — **ရုပ် နိဗ္ဗာန် နာမ်သက်သက်နှင့်၊ နာမ်ရောယှက် ဝိပ္ပယုတ္တံ** ဟူသော စကားဖြင့် နာမက္ခန္ဓာ ၄-ပါးနှင့် နိဗ္ဗာန်၊ နာမက္ခန္ဓာ ၄-ပါးနှင့် ရုပ်၊ ဝိပ္ပယုတ် ကေန်ဖြစ်သည်ကိုပြသော စကားတည်း။

အောက်ဆဋ္ဌနယ၌ ဝိပ္ပယုတ် ကေန်ဟု ပြပြီးလျက် ဤ အဋ္ဌမနယ၌ ပြပြန်သည်ကား ဤ အဋ္ဌမနယ၌ ဝိပ္ပယုတ်ကေန်ကို မှတ်၍ ယေ တေ စွဲအပ်သည်၏ အဖြစ်ကြောင့် အစွဲလွယ်စေခြင်းငှါ ပြရသည်။ ယင်းသို့ ပြရခြင်းသည်လည်း နိဒဿန နည်းအားဖြင့်သာ ပြလေသည်။ ဝိပ္ပယုတ်ကေန်ကိုသာ မှတ်အပ်သည် မဟုတ်၊ သမ္ပယုတ်, ဝိပ္ပယုတ် ၂-ပါးလုံး မဟုတ်သော တရားကိုရင်း၊ ဘူမိဝိပ္ပယုတ်, သန္တာနဝိပ္ပယုတ်, ကာလဝိပ္ပယုတ်, ဇာတိဝိပ္ပယုတ် ဟူသော ဝိပ္ပယုတ် ၄-ပါးကိုရင်း မှတ်အပ် စွဲအပ်ကုန်သည်။

တနည်းကား — **ရုပ် နိဗ္ဗာန် နာမ်သက်သက်နှင့်၊ နာမ်ရောယှက် ဝိပ္ပယုတ္တံ** ဟူသော စကားဖြင့် ဤ အဋ္ဌမနယ၌ ဝိပ္ပယုတ်ကေန် ရကောင်းသော ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ အစရှိသောပုဒ်၊ ဇာတိဝိပ္ပယုတ် အစရှိသော ဝိပ္ပယုတ်ရကောင်းသော ကုသလာ ဓမ္မာ အစရှိသော ပုဒ်တို့သည်သာလျှင် ဟောပုဒ် ဖြစ်သည်။

ဝိပ္ပယုတ်ကေန်မရကောင်းသော ဓမ္မာယတန ဓမ္မဓာတ် ဇီဝိတိန္ဒြေ နာမ်ရုပ် သဠာယတန အစရှိသောပုဒ်၊ ဝိပ္ပယုတ် ၄-ပါးတို့ဖြင့် ဝိပ္ပယုတ် မဖြစ်သင့်သော အဇ္ဈတ္တဗဟိဒ္ဓါဓမ္မာ အစရှိသောပုဒ်၊ သမ္ပယုတ် ရကောင်းသောပုဒ်တို့ကို မဟော အပ်ဟု ဟောပုဒ်ကို ပြသော စကားတည်း။

**ကေဝလံ နာမ်ကိုစွဲသော်လည်း၊ သမ္ပယုတ္တံ သူတို့ထဲက၊ နိယသံ အကုန်စွဲ ကိုပူ၊ ဟောမြဲကေန်** ဟူသော စကားဖြင့်—

**နိဗ္ဗာန်ကနေ၍** ယေစွဲသောအခါ ဝိပ္ပယုတ် ကေန်ဖြစ်သော အလုံးစုံသော ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်။

**ကုသိုလ်ကနေ၍** ယေစွဲသောအခါ ဇာတိဝိပ္ပယုတ် ဖြစ်သော အလုံးစုံသော အကုသိုလ် အဗျာကတ။

**အကုသိုလ်ကနေ၍** ယေစွဲသောအခါ ကုသိုလ် အဗျာကတ။

**အဗျာကတကနေ၍** ယေစွဲသောအခါ ကုသိုလ် အကုသိုလ် အလုံးစုံ။

ဘူမိဝိပ္ပယုတ်ဖြစ်သော **ကာမာဝစရ** အစရှိသည်က ယေစွဲသောအခါ ရူပ အရူပ လောကုတ္တရာစသည်။

သန္တာနဝိပ္ပယုတ်ဖြစ်သော **အဇ္ဈတ္တာဓမ္မာ** အစရှိသည်က ယေစွဲသောအခါ ဗဟိဒ္ဓါဓမ္မာ အစရှိသည်။

ကာလဝိပ္ပယုတ်ဖြစ်သော **အတီတာဓမ္မာ** အစရှိသည်က ယေစွဲသောအခါ အနာဂတ် ပစ္စုပ္ပန်တရားတို့ကို နိယသော အကြွင်းမရှိအောင် စွဲအပ်သည်၏ အဖြစ်ကို ပြသောစကားတည်း။

**အဋ္ဌမနည်း သူ့အကြံမှာ၊ ဝိပ္ပယုတ္တံ ယေစွဲလို့၊ မခက်ခဲ ဖြေစရာ၊ နတ္ထိချည်း ပါ** ဟူသောစကားဖြင့် ဤ အဋ္ဌမနယ၌ ဝိပ္ပယုတ်ကို ယေစွဲ၊ ယေအရ တရားကို သမ္ပယုတ်ဖြစ်သောအခါ ယှဉ်သောတရား မရှိရကား ဝိသဇ္ဇနာ၌ နတ္ထိချည်းသာ နေသည်ဖြစ်၍ မခဲခက် ဟူလိုသည်။

**နည်းမောဃ သည်ပုစ္ဆာမှာ၊ သမ္ပယုတ်ရရာ ဟောဘူးရှင့်လေး** ဟူသော စကား၌ ဤ အဋ္ဌမနယသည် မောဃဝါရဖြစ်၍ သမ္ပယုတ်ရရာ၌ ဟောတော်မမူ ဟူလိုသည်။ ။ဥဒါန်းဂါထာကို ဆောင်၍ ဟောလေ။

အဋ္ဌမနယချီး အဖြေ ပြီး၏။

---

## ၉-နဝမနယချီး အဖြေ

နဝမမှာ နာမ်တချို့၊ ဟောရန်ဘို့ ပုံသော။ ။ယေနှစ်တန်
သမ္ပယုတ်ထဲက၊ လှည့်လည်ကာ ပြန်လှန်စွဲ၊ မြဲလှမသွေ။ ။စယေစွဲ

သူ့အနေမှာ၊ စိတ်သေသေ ခန္ဓာရနှင့်၊ ဓာတ် အာယတနဖွဲ့ခါ၊ ဖြေရိုး
ကျမ်းလာ။ ။နည်း နဝမ သူ့အချာကို၊ ယုန်ထင်ကာ ကြောင်
မမှတ်ပါနှင့်၊ ရာပြတ်လို ကုန်ကုန်သိမ်းပါတော့၊ ကျိန်းသေသဘော။

**အဓိပ္ပါယ်ကား—** ဤ နဝမနယ၌ ဟောအပ်သောပုဒ်သည် နာမ်ဖြစ်သောပုဒ်သာတည်း။ ရူပက္ခန္ဓာ စက္ခာယတနစသော ရုပ်ဖြစ်သောပုဒ်ကို မဟော။

ဤ နဝမနယ၌ ဟောပုဒ်တို့သည် နာမ်ဖြစ်သော်လည်း သမ္ပယုတ်မရကောင်းသော နိဗ္ဗာန်ဟူသော နာမ်အကြွင်းမရှိ၊ သမ္ပယုတ်မရကောင်းသော နာမ် ရုပ်သဋ္ဌာယတန ကုသလာဓမ္မာ အစရှိသောပုဒ်၊ ဤသို့သော ပုဒ်တို့ကို မဟောအပ်ကုန်။

သမ္ပယုတ် ရကောင်း ရှိကောင်း ကြွင်းကောင်းသေးသော ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် မနာယတန သတ္တဝိညာဏဓာတ် အစရှိသော အချို့သော နာမ်ကိုသာ ဟောအပ်၏။

**နဝမမှာ နာမ်တချို့၊ ဟောရန်ဘို့ပုံသေ** ဟူသောစကားသည် ဟောပုဒ်ကို ပြသော စကားတည်း။

**ယေနှစ်တန် သမ္ပယုတ်ထဲက၊ လှည့်လည်ကာ ပြန်လှန်စဲ့၊ မြဲလှမသွေ** ဟူသော စကားဖြင့် ပဌမယေစွဲသောအခါ သမ္ပယုတ်ဖြစ်သောတရားကိုစွဲ၍ ဒုတိယယေကို သမ္ပယုတ်ဖြစ်သော စွဲရင်းကို ပြန်၍စွဲရမည်ဟု ပြသတည်း။

**စယေစွဲ သူ့အနေမှာ စိတ်သေသေ ခန္ဓာရနှင့်၊ ဓာတ်အာယတနဖွဲ့ခါ၊ ဖြေရိုးကျမ်းလာ** ဟူသောစကားဖြင့် ဒုတိယ ယေအရတရားကို အဘယ်ခန္ဓာ အဘယ်အာယတန အဘယ်ဓာတ်နှင့်ယှဉ်သနည်း ဟု မေးသောအခါ စယေအရတရား၌ဖြစ်ထိုက်သော ခန္ဓာ အာယတန ဓာတ်ဖွဲ့သည်အတိုင်း ဟူလိုသည်။

နဝမနယချိုး အဖြေ ပြီး၏။

---

### ၁၀-ဒသမနယချိုး အဖြေ

ပဌ္ဌရုပ်လိမ် နည်းဆယ်ဝမှာ၊ ခက်စရာ့စုပုံ။ ။နည်းဆဋ္ဌ ဟော
ရန်ပုဒ်ကိုတဲ့၊ ဟောထုတ်အကုန်။ ။ယေနှစ်ဝ လုံးစုံမှာ၊ ဆဋ္ဌပုံ
ဝိပ္ပယုတ်စွဲလို့၊ စယေစွဲ ရရာမှာ၊ ဖြေမြဲ ဓမ္မတာ။ ။သည်နယ
မှတ်စရာမှာ၊ ငယ်နိုင်ပါ ခေါင်းမြီးခြုံတည့်လေး။

**အဓိပ္ပါယ်ကား—**ဤဒသမနယ၌ ဟောပုဒ်ကား ဆဋ္ဌနယက ဟောခဲ့သော ပုဒ်တို့ပင်တည်း ဟူလိုသည်။

**ပေ့ရှုပ်လိမ် နည်းဆယ်ဝမှာ** ဟူသောစကားဖြင့် ဤနယမှာ ဝိပ္ပယုတ်ယေစွဲရသောပုဒ်များ၏ အရှုပ်ရှုပ် အလိမ်လိမ် ရှိလေရကား ခက်ခဲ၏ ဟူလိုသည်။

**နည်းဆဋ္ဌ ဟောရန်ပုဒ်ကိုတဲ့ ဟောထုတ်အကုန်** ဟူသောစကားဖြင့် ဟောပုဒ်ကိုပြတော်မူသည်။

**ယေနှစ်ဝ လုံးစုံမှာ၊ ဆဋ္ဌပုံဝိပ္ပယုတ်စွဲလို့** ဟူသောစကား၌ ယေနှစ်ယေတို့တွင် ပဌမယေကို ဆဋ္ဌနည်း၌ ဟောအပ်သော ဝိပ္ပယုတ်ဖြစ်သောတရားကိုစွဲ၍၊ ဒုတိယယေကိုလည်း ပဌမယေအရတရားနှင့် ဝိပ္ပယုတ်ဖြစ်သော တရားကိုပင်စွဲ ဟူလိုသည်။

**စယေစွဲ ရရာမှာ၊ ဖြေမြဲ ဓမ္မတာ** ဟူသောစကား၌ ဒုတိယယေအရ တရားကို ပုစ္ဆာဝိပ္ပယုတ်မေးသောအခါ စယေစွဲ၍ ရအပ်သောတရား၌ ဖြစ်ထိုက်သော ခန္ဓာ အာယတန ဓာတ်ရှိသည့်အတိုင်း ဝိပ္ပယုတ် ဝိသဇ္ဇနာကိုပြု ဟူလိုသည်။ ဤနယဥဒါန်းဂါထာမှာ ဆဋ္ဌနယက ဂါထာပင်တည်း။

ဒသမနယချိုး အဖြေ ပြီး၏။

---

## ၁၁-ကောဒသမနယချိုး အဖြေ

ကောဒသမ ဟောရန်ပုဒ်မှာ၊ စတုတ္ထနည်း တူလုံးစုံ။ ။ယေစွဲပါ ရက်ခါသို့၊ ရှိမဲ့ချက်ကုန်။ ။ဆဋ္ဌနည်းဖြေပုံမှာ၊ ချိန်အာရုံဉာဏ်သွင်းလို့၊ တရားမင်းမိန့်တော်မှာ၊ ဖြေရိုးကလာ။ ။ညွှာတဝ သီးတရာကို၊ လည်ကိုင်ကာ ဆုပ်လိုက်ကဲ့လေး။ ။

**အဓိပ္ပါယ်ကား—**ဤကောဒသမနယ၌ ဟောပုဒ်သည် စတုတ္ထနယ၌ ဟောခဲ့သော "ဒွေသစ္စာ ပန္နရသိန္ဒြိယာ" အစရှိသောပုဒ်တို့ပင်တည်း။ ယေစွဲသော အခါ၌လည်း စတုတ္ထနယအတိုင်း ခန္ဓာ အာယတန ဓာတ်သုံးပါးလုံး တူသော တရားကိုပင် အကြွင်းမဲ့စွဲ၍ ရသောတရား၌ သမ္ပယုတ်အဖြစ်ဖြင့်၎င်း၊ ပုစ္ဆာပြုသောအခါ၌လည်း ပညာဖြင့် နှိုင်းချိန်ဆင်ခြင်၍ ဆဋ္ဌနယက ဖြေခဲ့သည့်အတိုင်း "တီဟိ ခန္ဓေဟိ ဧကေနာယတနေန သမ္ပယုတ္တာ" ဟူ၍၎င်း၊ "သမ္ပယုတ္တာတိ နတ္ထိ" ဟူ၍၎င်း ဤသို့ အစရှိသည်ဖြင့် တရားမင်း ဖြေတော်မူသော အဖြေအတိုင်း ဝိသဇ္ဇနာပြု ဟူလိုသည်။ ဥဒါန်းဂါထာကား စတုတ္ထနယက ဥဒါန်းဂါထာပင်တည်း။

ကောဒသမနယချိုး အဖြေ ပြီး၏။

## ၁၂-ဒွါဒသမနယချီး အဖြေ

ဆဲ့နှစ်တန် သူ့မူလမှာ၊ နည်းနဝမ တူလုံးစုံ။ ။ယေစ္စဲပါ တူမ လွတ်သည့်၊ ချွတ်စွပ်သည့်ပုံ။ ။သန္နိဋ္ဌာန် မြဲကြည်ယုံသည်၊ ဖြေပုံမှာ ပဌမနှင့်၊ ယှဉ်းမခွထွေလာ၊ မိုးကြိုးပစ်စာ။ ။ခြေသိမ်းခေါင်းပိုက် သူ့အမှာမှာ၊ မှတ်ဘွယ်ရာ လွယ်လွန်းလှလေး။

**အဓိပ္ပါယ်ကား** — ဒွါဒသမနယ၌ ဟောအပ်သောပုဒ်တို့သည်လည်း အောက် နဝမနယက ဟောခဲ့ပြီးသော "အရူပက္ခန္ဓာ စ စတ္တာရော၊ မနာယတနမေဝစ။ ဝိညာဏဓာတုယော သတ္တ" အစရှိသော ပုဒ်တို့ပင်တည်း။

ယေစ္စဲသောအခါ၌လည်း နဝမနယကဲ့သို့ သမ္ပယုတ်ဖြစ်သော တရားကို အကုန်စွဲ၊ ထိုယေစ္စဲ၍ ရသော တရား၌ သင်္ဂဟိတပုစ္ဆာ အသင်္ဂဟိတပုစ္ဆာ ပြုလုပ်သောအခါ၌လည်း ပဌမနယ အတိုင်း ခန္ဓာ ၁ ပါးရေတွက်အပ်လျှင် "ဧကေန ခန္ဓေန သင်္ဂဟိတာ, ဧကေန ခန္ဓေန အသင်္ဂဟိတာ" စသည်ဖြင့် ဝိသဇ္ဇနာပြု ဟူလိုသည်။ နဝမနယ ဥဒါန်းဂါထာပင်တည်း။

ဒွါဒသမနယချီး အဖြေ ပြီး၏။

---

## ၁၃-တေရသမနယချီး အဖြေ

ပဌမ ဟောရန်ပုဒ်က၊ ဩဋ္ဌာရုပ် စွဲရာ့ရှစ်မည်။ ။ဝိညာဉ်စွဲဗာဝိသ ဟောကြရသည်။ ။ယေစ္စဲမူ သူ့စိတ်ရည်မှာ၊ နည်းငါးမည် တူမခွလို၊ ဆင့်နည်း ဖြေသလို၊ ဟောရသကို။ ။တေရသမ သူ့အဆိုမှာ၊ လွယ် မလို ခက်လွန်းလှလေး။ ။

**အဓိပ္ပါယ်ကား**—**ပဌမဟောရန်ပုဒ်က၊ဩဋ္ဌာရုပ် စွဲရာ့ရှစ်မည်။ ။ဝိညာဉ် စွဲဗာဝိသ ဟောကြရသည်** ဟူသောစကားဖြင့်ဤ တေရသမနယ၌ ဟောတော်မူ အပ်သောပုဒ်တို့သည် ပဌမနယ၌ ဟောခဲ့သော ရူပက္ခန္ဓာနှင့် ဝိသဇ္ဇနာတူသော ပုဒ် ၂၂-ပုဒ်၊ အရူပဘဝနှင့် ဝိသဇ္ဇနာတူသောပုဒ် ၁၀၈-ပုဒ်အားဖြင့် ပေါင်း ၁၃၀-သောပုဒ်တို့ပင်တည်း။

ရူပက္ခန္ဓာနှင့် ဝိသဇ္ဇနာတူသောပုဒ် ၂၂-ပါးဟူသည်ကား-----ရူပက္ခန္ဓာ ၁-ပါး၊ ဓမ္မာယတန ၁-ပါး၊ ဓမ္မဓာတ် ၁-ပါး၊ ဣတ္ထိန္ဒြေ,ပုရိသိန္ဒြေ, ဇီဝိတိန္ဒြေဟူ၍ ၃-ပါး၊ နာမ်ရုပ်, အသညာဘဝ, ဧကဝေါကာရဘဝ, ဇာတိ, ဇရာ, မရဏဟူ၍ ပဋိစ္စ-

သမုပ္ပါဒ်၌ ၆-ပါး၊ ရူပိနော ဓမ္မာဟူ၍ စူဠန္တရဒုက်၌ ၁-ပါး၊ အနာရမ္မဏာ, နော-စိတ္တာ, စိတ္တဝိပ္ပယုတ္တာ, စိတ္တသံသဋ္ဌာ, စိတ္တသမုဋ္ဌာန, စိတ္တသဟဘု, စိတ္တာနုပရိဝတ္တိ, ဗာဟိရာ, ဥပါဒါဟူ၍ မဟန္တရဒုက်၌ ၉-ပါး ဤသို့လျှင် ၂၂-ပါး ဖြစ်သတည်း။

အရူပဘဝနှင့် ဝိသဇ္ဇနာတူသောပုဒ် ၁၀၈-ပါးဟူသည်ကား—အရူပဘဝ, နေဝသညာနာသညာဘဝ, စတုဝေါကာရဘဝဟု ပဋိစ္စသမုပ္ပါဒ်၌ ၃-ပါး၊ ဇ္ဈာနဒ္ဒိ ပါဒ် ၁-ပါး၊ တိက်၌ ကုသလာ ဓမ္မာ အစရှိသော နာမက္ခန္ဓာလေးပါးလုံး ရသောပုဒ်, နာမက္ခန္ဓာလေးပါးနှင့်တကွ နိဗ္ဗာန်ရသောပုဒ် ၄၁-ပါး၊ ဂေါစ္ဆကဲ၌ ၄၂-ပါး၊ အရူပိနော ဓမ္မာ, လောကုတ္တရာ ဓမ္မာ ဟူ၍ စူဠန္တရဒုက်၌ ၂-ပါး၊ သာရမ္မဏာ ဓမ္မာဟူ၍မဟန္တရဒုက်၌၁-ပါး၊ ပိဋ္ဌိဒုက်၌လည်း နာမက္ခန္ဓာ ၄-ပါးလုံး ရသောပုဒ်, နာမက္ခန္ဓာ ၄-ပါးနှင့်တကွ နိဗ္ဗာန်ရသောပုဒ် ၁၇-ပါး။ ဤသို့လျှင် ၁၀၈-ပါး ဖြစ်သတည်း။

ဤပုဒ်တို့ကိုလည်း ပဥ္စမနယ၌ ဟောခဲ့ပြီ၊ ဤတေရသမနယ၌လည်း အောက် ပဥ္စမနယက ဟောခဲ့သော ဝိညာဉ်စဲ့ ဗာဝီသ၊ သြဋ္ဌာရိကရုပ်၌ စွဲသော ၁၀၈-ပုဒ် တို့ကို ဟောအပ်၏ဟု ဟောပုဒ်ကို ပြသော စကားတည်း။

**ယေစွဲမှု သူ့စိတ်ရည်မှာ၊ နည်းငါးမည် တူမခွလို့** ဟူသော စကားဖြင့် ယေစွဲ သောအခါ ပဥ္စမနယအတိုင်းဆွဲ ဟူလိုသည်။

**ဆဋ္ဌနည်း ဖြေသလို၊ ဟောရသကို** ဟူသော စကားဖြင့် ယေစွဲသောတရားတို့ ၌ သမ္ပယုတ် ဝိပ္ပယုတ်မေးသောအခါ ဆဋ္ဌနယအတိုင်း ဖြေ၍ဟောလေ ဟူလို သည်။

တေရသမနယချိုး အဖြေ ပြီး၏။

---

## ၁၄-စုဒ္ဒသမနယချိုး အဖြေ

စုဒ္ဒသမဟောရန်နည်းမှာ၊ အဋ္ဌမနည်း တူလုံးစုံ။ ။ယေစွဲပါ တူမသွေးသည့်၊ မြွာမွေးသည့်ပုံ။ ။ဖြေရန်ဘို တွေ့ကြုံလျှင်၊ ပဌမပုံ စိတ်ဇောနှင့်၊ သဘောတော် သွေမလှန်၊ မြေလက်ခတ်မှန်။ ။ သိန်းလေးသောင်း နက်စံကို၊ လက်ရွေညာဏ် ခွါလှစ်လို့၊ အနှစ်ကယ် မြေဆီကို၊ ပေးငှသလို။ ။စာသင်ပျိုနု မျှားလူဗိုလ်ကို၊ နှစ်ဆိကိုကျွေး လိုက်ကဲ့လေး။ ။

**အဓိပ္ပါယ်ကား**—ဤစုဒ္ဒသမနယ၌ ဟောပုဒ်တို့သည် အဋ္ဌမနယ၌ ဟောခဲ့ သော ဓမ္မာယတန ဓမ္မဓာတ်စသည်တို့မှတပါး ခန္ဓာငါးပါးအစရှိသော တရား ဖြစ်၍ အဋ္ဌမနယနှင့် အလုံးစုံတူ၏ ဟူလို။

ယေစွဲသောအခါ၌လည်း အဋ္ဌမနယကဲ့သို့ ဝိပ္ပယုတ်ဖြစ်သော တရားကိုပင်စွဲ၍ အဋ္ဌမနယ စွဲသကဲ့သို့ပင် မထူးပြီ။

အဋ္ဌမနယယေစွဲနှင့် စုဒ္ဒသမယေစွဲသည် အမြွာမွေးသကဲ့သို့ဖြစ်၍ မထူးဟူလို။

ယေစွဲ၍ ရသောတရား၌ ပုစ္ဆာပြုလုပ်သောအခါ ပဌမနယအတိုင်းပင် ရေတွက်အပ်သော ခန္ဓာ အာယတန ဓာတ် မရေတွက်အပ်သော ခန္ဓာ အာယတန ဓာတ် ထိုက်သည့်အတိုင်းဖြေဟူလိုသည်။

ပဌမနယ ဆဋ္ဌနယတို့၌ ယေစွဲမရှိ။

ဒုတိယနယ တတိယနယ အဋ္ဌမနယ ဧကာဒသမနယ ဒွါဒသမနယ တေရသမနယ စုဒ္ဒသမနယ ဤ ၇-ခုသောနယတို့၌ ယေတခုသာ ရှိသည်။

ထိုမှကြွင်းသော စတုတ္ထနယ ပဉ္စမနယ သတ္တမနယ နဝမနယ ဒသမနယ ဤ ၅-နယတို့၌ ယေနှစ်ယေသာ ရှိသည်။

စုဒ္ဒသမနယချိုး အဖြေ ပြီး၏။

ရှေး တုတ်လှမ်းဆရာတော်ဘုရားကြီး စီရင်တော်မူအပ်သော
ဓာတုကထာချိုးနှင့်တကွ ၎င်းအဖြေအကျယ်

အဓိပ္ပါယ် ပြီး၏။

---

# ၁၈—ဘုံပုဂ္ဂိုလ်ရ သံပေါက်

၁။ ပုဂ္ဂိုလ်အပြား၊ ဝါကရား၊ ခြားနားသိစိမ့်ငှါ။
( ၎င်း၌ ဝါကရားကို ပိဋကတ်သချ်ာယူ။ (၂၁၄) နှစ်ရာ့တဆယ်လေးယောက်ဖြစ်၏။)

၂။ ဒု, သု, ဒွိ, တိ၊ ယာအရိ၊ ပေါင်းဘိ ဒွါဒသာ၊

၃။ အပါယ်ဘုမ္မိ၊ ဒုဂ္ဂတိ၊ ရဘိတယောက်သာ။

၄။ လူမဟာရာဇ်၊ ဘုံနှစ်ဆစ်၊ ကြဉ်ပစ် ဒုဂ္ဂတာ။

၅။ ဒု, သု မဝင်၊ တကျိပ်လျှင်၊ ထက်ခွင် နတ်ဘုံမှာ။

၆။ တိဟိတ်ရိယံ၊ ကိုးယောက်စံ၊ ဆယ်တန် ပြဟ္မာ့ရွာ။

၇။ သုဂတိတစ်၊ ရတုံလစ်၊ ရပ်ပြစ် အသညာ။

၈။ သုဒ္ဓါဘုံငါး၊ သုံးယောက်ထား၊ ထက်ဖျား အရိယာ။

၉။ မဂ်သောတာဖျော်၊ တိဟိတ်လျော်၊ ရှစ်ယောက် အရူပါ။
၁၀။ ပေါင်း၍မနေး၊ ဘုံလိုက်မေး၊ တွက်ရေး ဝါကရာ။
၁၁။ နှစ်ရာ့တဆယ်၊ လေးယောက်ကယ်၊ ဉာဏ်ကျယ် ခွဲစိတ်ဖြာ။

ဘုံပုဂ္ဂိုလ်ရ သံပေါက် ပြီး၏။

---

# ၁၉-သတ္တဝါသဘုံကိုးဝ သံပေါက်

၁။ ဝိနိပါတိကာ, အသုရာ, လူ့ရွာ, နတ်တဝ။ ။(နာနတ္တကာယ နာနတ္တသညီ။)
၂။ ရူပ ပဌမစျာန်, ပါယ်လေးတန်, အမှန်တဌာန။ ။(နာနတ္တကာယ ကေတ္တသညီ။)
၃။ ဒုတိယ စျာန်ဘုံ၊ အလုံးစုံ၊ ယူတုံတဝ နိယတ။ ။(ကေတ္တကာယ နာနတ္တသညီ။)
၄။ တတိယ, ဝေဟပ္ဖလာ, သုဒ္ဓါဝါ၊ ဖြဟ္မာဌာန ဘုံဘဝ။ ။(ကေတ္တကာယ ကေတ္တသညီ။)
၅။ အသညသတ်မှာ၊ ဖြဟ္မာ့ရွာ၊ ယူရာတဝ မြဲမှုချ။ ။(ကေတ္တကာယ။)
၆။ အရူပဘုံ၊ အလုံးစုံ၊ ယူတုံပစ္စေက။ ။(ကေတ္တသညီ။)

သတ္တဝါသ ဘုံကိုးဝ သံပေါက် ပြီး၏။

---

# ၂၀-ပုဂ္ဂိုလ်စိတ်ရ သံပေါက်

၁။ မဟာကုသိုလ်၊ အကုသိုလ်၊ ဟိတ်ကို ဟသိကြဉ်။
၂။ ဒုဂ္ဂတိအဟိတ်၊ ပုဂ္ဂိုလ်စိတ်၊ ကိလိဋ္ဌ အမြဲယှဉ်။
၃။ သုံးဆယ့်ခုနစ်၊ ဤမျှဖြစ်၊ လေးရစ်အပါယ်ခွင်။
၄။ ဝိပ္ပယုတ်လေး၊ သွင်းပြန်သေး၊ လေးဆယ့်တခုပင်။
၅။ ဒွိ, သု, တို့မှာ၊ ဤမျှသာ၊ ရရာအမြဲယှဉ်။
၆။ သမ္ပယုတ္တ၊ သွင်းပြန်က၊ ကာမတိဟိတ်ပင်။
၇။ စျာန်မရငြား၊ လေးဆဲ့ငါး၊ မှတ်သား သတိထင်။
၈။ စျာန်ရတုံသေး၊ ငါးဆဲ့လေး၊ မှတ်ရေး ကြံဆင်ခြင်။

၉။ လေးဆဲ့ငါးတွင်၊ ငါးခုပင်၊ နုတ်ငင် ပယ်လိုက်ရှား။
၁၀။ ဖိုလ်သွင်းပြန်လစ်၊ လေးဆဲ့တစ်၊ တရစ်ကာမသား။
၁၁။ သကဒါဂါမ်တွင်၊ ၎င်းပင်၊ ဖိုလ်လျှင်လှယ်၍ထား။
၁၂။ သုံးဆဲ့ကိုးတန်၊ အနာဂါမ်၊ တရံသိစိမ့်ကြွား။
၁၃။ လေးဆဲ့တစ်တွင်၊ ဒေါသပင်၊ နုတ်ငင် သတိထား။
၁၄။ ဖိုလ်ချင်းဖလယ်၊ နာဂါမ်ဝယ်၊ သုံးဆယ်ကိုးခုပွါး။
၁၅။ သုံးဆဲ့ငါးမှာ၊ ရဟန္တာ၊ သေချာကြံစိတ်ထား။
၁၆။ ဟိတ်ဒွာရသာ၊ ကိရိယာ၊ မဟာဝိပါက်ငြား။
၁၇။ အရဟတ္တဖိုလ်လျှင်၊ တခုပင်၊ သွင်းလျှင် သုံးဆဲ့ငါး။
၁၈။ ဈာန်မရလျှင်၊ ဤမျှပင်၊ ဆင်ခြင်နှလုံးထား။
၁၉။ ဈာန်ရပြန်က၊ အရူပ၊ ရူပကိရိယာ။
၂၀။ ကုသိုလ်လည်းကောင်း၊ ကိုးခုလောင်း၊ အပေါင်းဈာန်ရမှာ။
၂၁။ ရဟန္တာမှ၊ ကိရိယ၊ သေက္ခကုသိုလ်သာ။
၂၂။ ကာမာဝစရဘုံ၊ အလုံးစုံ၊ ဥဿုံမကြွင်းရာ။

ကာမာဝစရပုဂ္ဂိုလ်စိတ်ရ သံပေါက် ပြီး၏။

---

၂၃။ အကုသိုလ်ဝယ်၊ ဒေါသပယ်၊ ဟိတ်ဝယ် ဆဲ့တစ်သာ။
၂၄။ စက္ခုသောတ၊ အာဝဇ္ဇ၊ ဋ္ဌိစ္ဆတီရဏာ။
၂၅။ မဟဂ္ဂုတ်ကု၊ မဟာကု၊ တခုဝိပါက်သာ။
၂၆။ သုံးဆဲ့ကိုးပါး၊ ရူပသား၊ ဖြစ်ငြား တိဟိတ်မှာ။
၂၇။ သုံးဆဲ့ကိုးတွင်၊ ဒိဋ္ဌိကြဉ်၊ မယှဉ်စိကိစ္ဆာ။
၂၈။ ဤမျှတွင်သာ၊ ဖိုလ်ထည့်ပါ၊ ရရာသေက္ခမှာ။
၂၉။ သန္တီရဏ၊ ဋ္ဌိစ္ဆန၊ သောတ စက္ခုမှာ။
၃၀။ အရဟတ္တဖိုလ်မှ၊ ဝိပါက၊ ဝိသကြိယာ။
၃၁။ သုံးဆယ်တဝ၊ ရေတွက်ရ၊ ရူပရဟန္တာ။

ရူပါဝစရပုဂ္ဂိုလ်စိတ်ရ သံပေါက် ပြီး၏။

၃၂။ ဒသအကု၊ မဟာကု၊ တခုမနောဒွါ။
၃၃။ အရူပကု၊ ပေါင်းလေးခု၊ တခုဝိပါကာ။
၃၄။ နှစ်ဆဲ့လေးပါး၊ တိဟိတ်သား၊ ဖြစ်ငြား အရူပါ။
၃၅။ ၎င်း၌တွင်၊ ငါးခုပင်၊ နုတ်ငင် အကုသိုလ်။
၃၆။ နှစ်ဆယ်တိတိ၊ သုံးသေက္ခ၊ သွင်းဘိ မိမိဖိုလ်။
၃၇။ မဟာကြိယာ၊ မနောဒွါ၊ အရူပကြိယာလေး။
၃၈။ မိမိဖိုလ်ပါ၊ ဝိပါက်သာ၊ ထည့်ပါ ဉာဏ်ဖြင့်တွေး။

အရူပပုဂ္ဂိုလ်စိတ်ရ သံပေါက် ပြီး၏။

---

## ၂၁-ဘုံအပိုင်းအခြား သံပေါက်

၁။ ဗဟုဿုတ၊ ရှိလိုက၊ မှတ်ကြ မျိုးလေးထွေ။
၂။ အစသာထင်၊ ဆုံးမမြင်၊ အောက်ခွင် အာကာဗွေ။
၃။ ကိုးသိန်းခြောက်သောင်း၊ အထုပေါင်း၊ တည်ရှောင်း ယင်းထက်လေ။
၄။ လေးသိန်းရှစ်သောင်း၊ အထုပေါင်း၊ တည်ရှောင်း ထို့ထက်ရေ။
၅။ နှစ်သိန်းလေးသောင်း၊ အထုပေါင်း၊ တည်ရှောင်း ဤသည့်မြေ။
၆။ သိလာ ပံသု၊ မြေနှစ်ခု၊ အထု ထက်ဝက်ဝေ။
၇။ သိန်းနှစ်သောင်းစီ၊ သင်္ချာညီ၊ နှစ်လီ ယှဉ်းမသွေ။
၈။ သိလာ ပထဝီ၊ အထက်စီ၊ အဝီစိ တည်ငြား။
၉။ သောင်းငါးထောင်စီ၊ သင်္ချာညီ၊ ရှစ်လီ ငရဲခြား။
၁၀။ ပံသုပထဝီ၊ မြေဝယ်မှီ၊ ဤသည့် ကျွန်းအောက်နား။
၁၁။ ရပ်တမျက်နှာ၊ လေးလုံးသာ၊ ပေါင်းခါ ဆဲ့ခြောက်ပါး။
၁၂။ တရာ့နှစ်ဆယ်၊ ရှစ်ခုကယ်၊ အငယ် ငရဲများ။
၁၃။ တြိန်း သုည၊ ဒွေ ဇယ၊ သတ္တ ဘုံအခြား။
၁၄။ လေးသောင်းနှစ်ထောင်၊သင်္ချာဆောင်၊လူ့ဘောင်ခြောက်ထပ်ခြား။

ကာမသုဂတိ ခုနစ်ဘုံ ယူဇနာ (၄၂,၀၀၀) လေးသောင်း နှစ်ထောင်စီ ခြား၏။

၁၅။ တြိန်း သုညာ၊ ဒွေ ပဥ္စာ၊ သင်္ချာ ဒွေတရပ်။
၁၆။ ပရနိမ္မာ၊ ထက်နတ်မှာ၊ လူ့ရွာ အခြားမှတ်။
၁၇။ နှစ်သိန်း ငါးသောင်း၊ နှစ် ထောင်ပေါင်း၊ မှတ်ကြောင်း မြဲသေသပ်။

ပရနိမ္မိတဝသဝတ္တီဘုံနှင့် လူ့ဘုံ ယူဇနာ ( ၂၅၂,၀၀၀ )နှစ်သိန်းငါးသောင်း-နှစ်ထောင် ခြား၏။

၁၈။ စတု သုည၊ သော သတ္တ၊ ပဥ္စ သချ်ာထား။

၁၉။ ပဌမစျာန်၊ ဗြဟ္မာ့ဌာန်၊ အမှန် လူ့ရွာခြား။

၂၀။ ငါးသန်း ခုနစ်သိန်း၊ ခြောက်သောင်းကိန်း၊ အပြိန်း မြဲမှတ်ထား။

ပဌမစျာန် သုံးဘုံနှင့်လူ့ ဘုံ ယူဇနာ ( ၅,၇၆၀,၀၀၀ ) ငါးသန်း ခုနစ်သိန်း-ခြောက်သောင်း ခြား၏။

၂၁။ တိခံ အဌ်ခ၊ ဗျည်း ဒွယ၊ ဗြဟ္မာ့ ဘုံချင်းခြား။

၂၂။ ငါးသန်း ငါးသိန်း၊ တွက်ကိန်း သချ်ာ၊ ရှစ်ထောင်သာ၊ ဗြဟ္မာ-ဘုံချင်းခြား။

ဗြဟ္မာဘုံချင်းချင်းကား ယူဇနာ (၅,၅၀၈,၀၀၀) ငါးသန်း ငါးသိန်း-ရှစ်ထောင်စီ ခြား၏၊ ပရနိမ္မိတ ဝသဝတ္တီဘုံနှင့် ပဌမစျာန်ဘုံလည်း ယူဇနာ ( ၅,၅၀၈,၀၀၀ ) ငါးသန်း ငါးသိန်း ရှစ်ထောင် ခြား၏။

၂၃။ တြိ သုည၊ အဌ်နှင့်ဆ၊ ဒွယ ကေကာ။

၂၄။ ဒုတိယစျာန်၊ လူတို့ဌာန်၊ အမှန် ခြားမှတ်ပါ။

၂၅။ တကုဋေမှန်း၊ တသန်း နှစ်သိန်း၊ သောင်းကိန်း ခြောက်ပြန်၊ ရှစ်ထောင်လွန်၊ ခြားဟန် ဒုတိယာ။

ဒုတိယစျာန် သုံးဘုံနှင့် လူ့ဘုံ ယူဇနာ( ၁၁,၂၆၈,၀၀၀ ) တကုဋေ တသန်း နှစ်သိန်း ခြောက်သောင်း ရှစ်ထောင် ခြား၏။

၂၆။ သုံးလုံး သုည၊ သော သတ္တ၊ သတ္တ ဆကော။

၂၇။ တတိယစျာန်၊ ဘုံသုံးတန်၊ အမှန် ခြားလူ့ရွာ။

တတိယစျာန် သုံးဘုံနှင့် လူ့ဘုံယူဇနာ (၁၆,၇၇၆,၀၀၀) တကုဋေ ခြောက်သန်း ခုနစ်သိန်း ခုနစ်သောင်း ခြောက်ထောင် ခြား၏။

၂၈။ တြိ သုည၊ ဇော အဌ၊ ဒွယ ဒွေး ဒွေး ရေး။

၂၉။ ဝေဟပ္ဖလာ၊ အသညာ၊ လူ့ရွာ မြေအဝေး။

၃၀။ ကုဋေနှစ်စု၊ နှစ်ခုသန်းကိန်း၊ နှစ်သိန်း ရှစ်သောင်း၊ လေးထောင်ပေါင်း၊ ထပ်လောင်း မှတ်ဘိလေး။

ဝေဟပ္ဖိုလ်ဘုံ အသညသတ်ဘုံနှင့် လူ့ဘုံယူဇနာ (၂၂,၂၈၄,၀၀၀) နှစ်ကုဋေ နှစ်သန်း နှစ်သိန်း ရှစ်သောင်း လေးထောင် ခြား၏။

၃၁။ တြိ သုည၊ ဒွေ နဝ၊ သတ္တ သတ္တ ဒွေး။
၃၂။ သုဒ္ဓါဝါသာ၊ အဝိဟာ၊ လူ့ရွာ ရပ်ခြားဝေး။

သုဒ္ဓါဝါသဘုံ အဝိဟာဘုံနှင့် လူ့ဘုံယူဇနာ (၂၇,၇၉၂,၀၀၀) နှစ်ကုဋေ ခုနစ်သန်း ခုနစ်သိန်း ကိုးသောင်း နှစ်ထောင် ခြား၏။

၃၃။ တြိန်း တိတယ၊ ငါးသုည၊ ဤမှ အတပ္ပါ။
၃၄။ သုံးကုဋေမှန်း၊ သုံးသန်း သုံးသိန်း၊ ခန့်တာချိန်း၊ ရေကိန်းများသင်္ချာ။

အတပ္ပါဘုံနှင့် လူ့ဘုံ ယူဇနာ (၃၃,၃၀၀,၀၀၀) သုံးကုဋေ သုံးသန်း သုံးသိန်း ခြား၏။

၃၅။ တြိ သုည၊ အင်္ဂနှင့်ခ၊ အဋ္ဌ အင်္ဂ တြိ။
၃၆။ သုဒ္ဓါဝါသာ၊ သုဒဿာ၊ လူ့ရွာ ဝေးလှဘိ။

သုဒ္ဓါဝါသဘုံ သုဒဿာဘုံနှင့် လူ့ဘုံယူဇနာ (၃၈,၈၀၈,၀၀၀) သုံးကုဋေ ရှစ်သန်း ရှစ်သိန်း ရှစ်ထောင် ခြား၏။

၃၇။ လေးကုဋေမှန်း၊ လေးသန်း သုံးသိန်း၊ တွက်ကိန်း များမြောင်၊
သောင်း ခြောက်ထောင်၊ ဝေးခေါင် သုဒဿီ။
၃၈။ တိ ခံ ဆေက၊ တေ ဇယ၊ ဇယ ရေးအညီ။

သုဒဿီဘုံနှင့် လူ့ဘုံ ယူဇနာ (၄၄,၃၁၆,၀၀၀) လေးကုဋေ လေးသန်း သုံးသိန်း တသောင်း ခြောက်ထောင် ခြား၏။

၃၉။ တြိန်း သုည၊ ဇော ဒွယ၊ အဋ္ဌ နောဇယာ။
၄၀။ သုဒ္ဓါဝါသ၊ ကနိဋ္ဌ၊ ဌာန လူ့ရပ်ရွာ။

သုဒ္ဓါဝါသဘုံ အကနိဋ္ဌဘုံနှင့် လူ့ဘုံ ယူဇနာ (၄၉,၈၂၄,၀၀၀) လေးကုဋေ ကိုးသန်း ရှစ်သိန်း နှစ်သောင်း လေးထောင် ခြား၏။

၄၁။ သုည တြိ၊ ဒွေ နှင့် တိ၊ တြိ ဗျည်းပဥ္စ။
၄၂။ ပဌမာရုပ္ပါ၊ အာကာသာ၊ လူ့ရွာ ဝေးလွန်းလှ။

ပဌမ အာရုပ္ပ အာကာသာနဉ္စာယတနဘုံနှင့် လူ့ဘုံယူဇနာ (၅၅,၃၃၂,၀၀၀) ငါးကုဋေ ငါးသန်း သုံးသိန်း သုံးသောင်း နှစ်ထောင် ခြား၏။

၄၃။ ခြောက်ကုဋေကိန်း၊ ရှစ်သိန်းလေးသောင်း၊ သင်္ချာပေါင်း၊ ခြားကောင်း ဒုတိယ။

ဒုတိယာရုပ္ပဝိညာနဉ္စာယတနဘုံ နှင့် လူ့ဘုံ ယူဇနာ (၆၀,၈၄၀,၀၀၀) ခြောက်ကုဋေ ရှစ်သိန်း လေးသောင်း ခြား၏။

၄၄။ ကုဋေ ခြောက်ခန်း၊ ခြောက်သန်း သုံးသိန်း၊ တွက်ကိန်းများပေါင်း၊
လေးသောင်း ရှစ်ထောင်၊ ထက်မိုးခေါင်၊ ဘုံဆောင် အာကိဉ္စာ။

အာကိဉ္စညာယတနဘုံနှင့် လူ့ဘုံ ယူဇနာ (၆၆,၃၄၈,၀၀၀) ခြောက်ကုဋေ ခြောက်သန်း သုံးသိန်း လေးသောင်း ရှစ်ထောင် ခြား၏။

၄၅။ ကြိ သုညာ၊ သော ပဉ္စာ၊ အဋ္ဌာ ဧက သတ်။
၄၆။ နေဝသညာ၊ နာသညာ၊ လူ့ရွာ အခြားမှတ်။

နေဝသညာ နာသညာယတနဘုံနှင့် လူ့ဘုံ ယူဇနာ (၇၁,၈၅၆,၀၀၀) ခုနစ်ကုဋေ တသန်း ရှစ်သိန်း ငါးသောင်း ခြောက်ထောင် ခြား၏။

ယူဇနာ (၅,၇၆၀,၀၀၀) ငါးသန်း ခုနစ်သိန်း ခြောက်သောင်း မြင့်သော ပဌ္ဌာချာန်ဘုံမှ အလျား အနံ အထု တယူဇနာရှိသော ကျောက်ဖျာကြီးကို ချလိုက်သည်ရှိသော် တနေ့ တည့်ဥ္ဆလျှင် ယူဇနာ (၄၈,၀၀၀) လေးသောင်း ရှစ်ထောင် ကျ၍ လေးလကြာမှ မြေသို့ရောက်ရာသည် ဟူ၏။

ဘုံအပိုင်းအခြား သံပေါက် ပြီး၏။

---

# ၂၂—မြင်းမိုရ် စကြဝဠာ အပိုင်းအခြား သံပေါက်

၁။ အရှေ့ ငွေရောင်၊ ဝင်းဝင်းပြောင်၊ တောင်ကား မြပမာ။

၂။ ဖလ်ရောင် အနောက်၊ ဝင်းဝင်းတောက်၊ မြောက်ကား ရွှေတိသာ။

၃။ ရှစ်သောင်း လေးထောင်၊ **မြင်းမိုရ်တောင်၊** စောက်ဆောင် ပြော ကျယ်စွာ။

၄။ လေးသောင်းနှစ်ထောင်၊ **ယုဂန်တောင်၊** ဝန်းခြောင် ပတ်ရစ်ကာ။

၅။ **ဤသဓရ၊** ကြိခ၊ ဧက ဒွေသချာ။ ( ၂၁,၀၀၀ )

၆။ **ကရဝိက၊** တွင်နာမ၊ မြင့်လှ သောင်းငါးရာ။ ( ၁၀,၅၀၀ )

၇။ **သုဒဿန၊** အမည်ရ၊ ခဗျည်း ဒွေးပဉ္စာ။ ( ၅,၂၅၀ )

၈။ **နေမိန္ဓရ၊** မြင့်လွန်းလှ၊ ပဥ္စ ဒွေ သော ဒွါ။ ( ၂,၆၂၅ )

၉။ **ဝိနတက၊** ထောင့်သုံးရာဝယ်၊ ဆဲ့နှစ်ကယ်၊ နှစ်သွယ်ဂါဝုတာ။
(၁,၃၁၂ ယူဇနာနှင့် နှစ်ဂါဝုတ်)။

၁၀။ **အသဿကဏ္ဏ၊** ခြောက်ရာ့ငါးဆယ်၊ ခြောက်ခုကယ်၊ တသွယ်ဂါဝုတာ။ (၆၅၆-ယူဇနာ တဂါဝုတ်)။

၁၁။ မြင်းမိုရ်တောင်မှ၊ စဉ်ကာပြ၊ နိမ့်ကြ ထက်ဝက်သာ။

၁၂။ သီဒါခုနစ်တန်၊ တောင်ကိုရံ၊ တောင်ဟန် မှတ်ယူပါ။

သီဒါခုနစ်တန် အနက်အကျယ်ကိုလည်း မိမိရံအပ်သော တောင်၏ အမြင့်ပမာဏအတိုင်းမှတ် ဟူလို၊ **တောင်အထုမှာ** ဝါဒမညီကြ။

၁၃။ အင်ကြင်း နေ့ဘာ၊ ယင်းမာတော၊ အပြော စက္ကဝါ။ (၁,၂၀၃,၄၅၀)

၁၄။ သန်း နှစ်သိန်းနှောင်၊ သုံးထောင် လေးရာ၊ ငါးဆယ်သာ၊ စက္ကဝါ-အချင်း။ (အတွင်း အချင်း)။

၁၅။ အင်ကြင်းရှေ့ပါ၊ ယင်းမာတော အပြော အပမှာ။ (၁,၂၇၅,၄၅၀)

၁၆။ သန်း နှစ်သိန်းနှောင်၊ ရှစ်သောင်း ငါးထောင် လေးရာ ငါးဆယ်သာ၊ စက္ကဝါ အပ။ (အပ အချင်း)။

၁၇။ ဆပ်သွား အနန်း၊ စပါယ် ဒန်း၊ တွင်းဝန်း စက္ကဝါ။ (၃,၆၁၀,၃၅၀) (အတွင်းအဝန်း)။

၁၈။ စို့ရွှဲ မသန်း၊ စပါယ်ဒန်း၊ အဝန်း အပမှာ။ (၃,၇၅၆,၃၅၀—အပ-အဝန်း)။

၁၉။ ငါးသိန်း ငါးသောင်း၊ ထောင်ပေါင်း ကိုးခါ၊ ခုနစ်ရာ၊ မှန်စွာ နှစ်ဆဲ့ငါး။ (၅၅၉,၇၂၅)။

၂၀။ မြင်းမိုရ် စက္ကဝါ၊ ခြားသချာ၊ ကျမ်းလာ မြဲမှတ်သား။

၂၁။ နှစ်သိန်း ခုနစ်သောင်း၊ ထောင်ပေါင်း ကိုးခါ၊ ရှစ်ရာ့ ခြောက်ဆယ်၊ နှစ်ခုကယ်၊ နှစ်သွယ် ဂါဝုတ်ထား။ (၂၇၉,၈၆၂–ယူဇနာ နှစ်ဂါဝုတ်)။

၂၂။ မြင်းမိုရ် စက္ကဝါ၊ ခြားသချာ၊ နှစ်ဖြာ ခွဲဝေခြား။

၂၃။ တသိန်း သုံးသောင်း၊ ထောင်ပေါင်း ကိုးဖြာ၊ ကိုးရာ သုံးဆယ်၊ တခုကယ်၊ တသွယ် ဂါဝုတ်ထား။ (၁၃၉,၉၃၁–ယူဇနာ တဂါဝုတ်)။

၂၄။ မြင်းမိုရ် စက္ကဝါ၊ ခြားသချာ၊ လေးဖြာ ခွဲဝေခြား။

မြင်းမိုရ်စကြဝဠာ အပိုင်းအခြား သံပေါက် ပြီး၏။

# ၂၃-နတ်သက်လင်္ကာ

၁။ **စတုမဟာ၊** သက်ငါးရာကို့၊ လူ့ရွှာ ကိုးသန်းစင့်။ **တာဝတိံသာ၊** နတ်မှာ ထောင်စု့၊ လူ့နှစ်ပြုမူ၊ သုံးကုဋေ ခြောက်သန်းလျှင်တည့်။ **ယာမာ**တွင် နှစ်ထောင်သက်၊ ဆဲ့လေးကုဋေ၊ လေးသန်းနေဟု၊ လူ့ပြေခန့် ရေတွက်လေ့။ လေးထောင်သက်၊ **တုသိတာ၊** ငါးဆဲ့ခုနစ်ကုဋေ၊ ခြောက်သန်းပေဟု၊ မှတ်လေ လူ့ပြေမှာတည့်။ ရှစ်ထောင်သာ **နိမ္မာနေ၊** ကုဋေသင်္ချာ၊ နှစ်ရာသုံးဆယ်၊ လေးသန်းကယ်နှင့်ဟု၊ လူဝယ်မှတ်သားရလိမ့်။ **ဝသဝတ္တိ** သောင်းခြောက်ထောင်၊ ကုဋေဖြင့်သာ၊ ကိုးရာနှစ်ဆယ်၊ တခုကယ်၍၊ တသွယ် ခြောက်သန်း ဆောင်သည့်။ ။ထောင်နှစ်ရာ့ နှစ်ဆဲ့ချစ်နှင့် နှစ်ငါးသန်းပေါင်း[၁]။

၂။ **မဟာရာဇ်**မှာ၊ တရက်တာကို၊ လူ့ရွှာနှစ်ငါးဆယ်။ တရာလူ့သက်၊ **ဝတိန်**ရက်ဟု၊ ရေတွက် သိစလွယ်၏။ **ယာမာ**ဝယ် နှစ်ရာမျှ။ အနှစ်လေးရာ၊ **တုသိတာ**သည်။ ရှစ်ရာ **နိမ္မာနတည့်။ ဝသဝတ္တိ** ထောင့်ခြောက်ရာ၊ ခြောက်ဘုံ နတ်မှ၊ တရက်မျှကို၊ လူက နှစ်ဖြင့်စာသည်၊ ရက်ဖြင့်သာ လ နှင့်မြှောက်၍ သိသင့်ပါကောဝ်း။

လူ့ပြည်၌ အနှစ် ငါးဆယ်သည် စာတုမဟာရာဇ်နတ်ပြည်၌ တနေ့နှင့် တည၌ဖြစ်၏။ ထိုနေ့ည၌ဖြင့် အရက် သုံးဆယ်သည် တလမည်၏။ တဆဲ့နှစ်လသည် တနှစ်မည်၏။ ထိုနှစ်ငါးရာသည် စာတုမဟာရာဇ် နတ်သက်မည်၏။ တာဝတိံသာစသော အသက်ကိုလည်း ဤနည်းချည်း။

## နိဂုမ်း

ဒွေ အင်္ဂ ကော်ကော်၊ သက္ကရာဇ်၊ ပြီးလစ် ဤသည့်စာ။
ပြည့်ကျော် အင္ဂ၊ တပေါင်းလ၊ နေ့မှာ ပူးသောကြာ။
ဝိရာဂမည်၊ ရှင်မထေရ်၊ ရှင်ကြည် တောင်းပန်ထွာ။

နတ်သက်လင်္ကာ ပြီး၏။

---

၁။ နတ်ပြည်ခြောက်ထပ် နတ်သက်၊ လူအရေအတွက် ပေါင်း [illegible]၊ တထောင့်နှစ်ရာ့ နှစ်ဆဲ့ရှစ်ကုဋေ အနှစ်ငါးသန်း မျှိမ်ဟူလို။

# ၂၄-နတ်သက် လေးဆတက်ပုံ သံပေါက်

၁။ စတုဂ္ဂုဏ်၊ တက်သည်ဟန်၊ နာခံမှတ်ကုန်ကြ။
၂။ နှစ်က တပိုး၊ ရက်တပိုး၊ တက်တိုး ပေါင်းလေးဆ။
၃။ နှစ်ပြန် ငါးရာ၊ တပိုးသာ၊ ယူပါ နှစ် ၂-ဆ။
၄။ နှစ်ရက်ရောက်ခါ၊ တရက်သာ၊ ရှည်စွာ ရက် ၂-ဆ။
၅။ လေးဆတက်ရာ၊ မိပ္ပါယ်မှာ၊ ဤခါ နိဋ္ဌိတာ။

နတ်သက် လေးဆတက်ပုံ သံပေါက် ပြီး၏။

---

# ၂၅-ရေသက်လင်္ကာ

စည်းစိမ်မရှည်၊ ခဏတည်၍၊ လူ့ပြည်နေခိုက်၊ စိတ်လိုလိုက်လျက်၊ ပျော်ပိုက်သမှု၊ လောဘစုနှင့်၊ ဒုစရိုက်မှု၊ မကြည်ဖြဲ၍၊ ငရဲကျမှု၊ ကျိုက်ကျိုက်ဆူသား၊ သံပူရည်ဖျန်း၊ ခေါင်းကသွန်းလျက်၊ နစ်မွန်းဖန်ဖန်၊ အတန်တန်နှင့်၊ သေပြန်ရှင်ပြန်၊ ဖြစ်ဟန် မတည်၊ ဆင်းရဲရှည်၍၊ သံရည်ပူထက်၊ လောင်ခြစ်ကျက်သား၊ နရက်ငယ်စွ၊ **သဉ္ဇီဝ**၌၊ လူက လ,နှစ်၊ ကိုးသန်းဖြစ်မှ၊ တရက်ရ၏၊ လ,နှစ်ဖွဲ့ကာ၊ နှစ်ငါးရာကို၊ သင်္ချာခွဲဝေ၊ လူနှင့်ရေသော်၊ ကုဋေစုဆောင်း၊ သိန်းခြောက်သောင်းနှင့်၊ ထောင်ပေါင်းနှစ်ဝ၊ ဆင်းရဲရ၏၊ ထိုမှအောက်တွင်၊ သံမြေပြင်ထက်၊ မမြင်ရက်အောင်၊ လက်နက်ထားလှံ၊ ဝန်းရစ်ရံ၍၊ မီးလျှံမောက်မောက်၊ ပြောင်ပြောင်တောက်နှင့်၊ နောက်က ပြေးခိုက်၊ ခွေးရူးလိုက်သို့၊ ရိုက်ခတ်ထိုးကာ၊ ဟစ်ကြော်ငြာလျက်၊ ကယ်ပါယူပါ၊ တောင်းပန်ရှာလည်း၊ မေတ္တာမဲ့ငြား၊ မသနား၍၊ သံပြားထက်လှည်း၊ တုံးလုံးလည်းကာ၊ တစည်းသမား၊ တမျဉ်းသားလျက်၊ အလွှားလေးထောင့်၊ ရှစ်မြှောင့်ဆွဲခြောက်၊ ရောက်အောင်လွှာခုတ်၊ **ကာလသုတ်**မှ၊ **သင်္ဃာတ**နှင့်၊ **ရောရုဝ**မှာ၊ **မဟာရောရုဝ**၊ **တာပန**တိုင်၊ လေးဆ လေးဆ၊ ကာလရှည်စွာ၊ ဆင်းရဲကြာ၏၊ **မဟာတာပန**၊ **နှစ်ကိုဆ**လည်း၊ မရနိုင်ဘိ၊ **အဝိစိ**မူ၊ တိုင်တိရှည်လျက်၊ သည်နှစ်သက်ကား၊ ကပ်ဝက်ကပ်ဆုံး၊ ခံ၍ပြုန်းလည်း၊ နပုန်းမိန်းမ၊ မလှယုတ်မာ၊ လူ့ပြည်မှာ၌၊ ဖျားနာညှဉ်းဆဲ၊ လွန်ဆင်းရဲလျက်၊ မွဲမွဲတေတေ၊ လက်ခြေချို့တဲ့၊ မျက်နှာမဲ့၍၊ ကရွဲ့ကစောင်း၊ ဖြစ်ပြန်ရှောင်း၍၊ မကောင်းယုတ်မာ၊ ဆင်းရဲကြာလိမ့်၊ **ခံ**ရာပြစ်ကြောင့်သာ တကား ဆွေးအောင်တည်း။

မင်းလှမင်းခေါင်ဘွဲ့ရ ပုဂံမြို့ဝန် ဆိမီးခုံရွာစားမင်း

ဦးရွှန်းဆိုသော ဥမ္မာဒန္တီပျို့သစ် ပုဒ်မ ၆၅။

ရေသက်လင်္ကာ ပြီး၏။

# ၂၆-၅၂၈-သွယ်မေတ္တာလင်္ကာ

ငါးရာ့နှစ်ဆယ်၊ ရှစ်သွယ် မေတ္တာ၊ ယူနည်းမှာမူ၊ ကျမ်းလာသို့ မှတ်လေ။ အနောဓိသ၊ ပုဂ္ဂလသည်၊ ပဉ္စ ငါးယောက်နေရှင့်။ ထူးတထွေရည် မှတ်သား၊ ဩဓိသမှာ၊ ပုဂ္ဂလာသည်၊ မှန်စွာ ခုနှစ်ပါးတည့်။ ပေါင်းညားက ယှဉ်းမသွေ၊ ပုဂ္ဂိုလ်အပြား၊ ဆဲ့နှစ်ပါးကို၊ မမှားရဘို့လေသော်။ အဝေရာ, ဗျာပဇ္ဇ, အနီဃ, ဟု၊ သုခိအတ္တာ, လေးဖြာမြောက်လစ်၊ လေးဆဲ့ရှစ်သည်၊ စင်စစ်ရလေပါလိမ့်။ ဌကထာ အလိုမူ၊ ပိယ, သဟာ,၊ မဇ္ဈာ, ဝေရီ,၊ လေးလီမြောက်လေ ဟူ၏။ ရပ်ဆယ်ဆူ မြှောက်ပြန်လျှင်၊ လေးရာ့ရှစ်ဆယ်၊ အကယ်ရသည် ပင်တည်း။ ယင်းသည်တွင် ရပ်ဒေသ၊ မရည်မှတ်လစ်၊ လေးဆဲ့ရှစ်ကို၊ တလစ်နှော လိုက်ကလျှင်။ မှန်မုချမယွင်းပါ၊ ငါးရာနှစ်ဆယ်၊ ရှစ်သွယ်မေတ္တာ၊ ပြည့်သည်သာဟု၊ သိပြီးခါပွါးစေက၊ အိပ်နိုးချမ်းသာ, ယုတ်မာမမက်,၊ နှစ်သက်နတ်လူ,၊ ဒေဝါကူမ,၊ ဆိပ်မူမန်း,,၊ စိတ်မပျံ့တည်ကြည်,၊ လှသည်မျက်နှာ,၊ သေခါမတွေ,၊ ဖြစ်လေပြဟ္မာ,၊ ဆဲ့တခါစင်၊ အာနိသင်ကို၊ လျင်လျင် အမြဲရ၏။ ကေန္တမှတ်ဘို့ပါ၊ ယုံမှားမဲ့အောင်၊ ကျမ်းစောင်စောင်မှ၊ ဆောင်၍ မိန့်လိုက်မှာသည်....သည့်တိုင်း သာမှတ်က ကဝိရောင်ပြေး။

သုတေသန၊ မျိုးသိဿတို့၊ မှတ်ကြစိမ့်ငှါ၊ စက္ကိန္ဒာဘိဓဇ၊ မဟာဓမ္မရာဇဂုရု၊ ရေးပြုလိုက်ပါ၊ ဤကျမ်းစာကို၊ ပညာလိုလား၊ တပည့်သားတို့၊ မှတ်သားလေ့ကျက် ဆောင်ရွက်ကြစေသော်။

၅၂၈-သွယ်မေတ္တာလင်္ကာ ပြီး၏။

ပ-မ-သ-စ—၄၁၃-၂၄-၅-၇၉—၃၀၀၀။

# အလိမ္မာ စာမှာရှိသည်

## လူတော်လူကောင်းဖြစ်အောင်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်မှ

## မြန်မာပြန် ပိဋကတ်များကို ဖတ်ပါ

---

## သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌

## ရိုက်နှိပ်ပြီးသဒ္ဒါကျမ်းများ

၁။ ရူပသိဒ္ဓိဂဏ္ဌိ ( ပ-ဒု )

၂။ ရူပသိဒ္ဓိ

၃။ ရူပသိဒ္ဓိ ဋီကာ

၄။ သဒ္ဒနီတိ ပဒမာလာ

၅။ သဒ္ဒနီတိ ဓာတုမာလာ

၆။ သဒ္ဒနီတိ သုတ္တမာလာ

၇။ သဒ္ဒနီတိ ပဒမာလာ နိဿယ ပဌမတွဲ

၈။ ၎င်း ဒုတိယတွဲ

၉။ သဒ္ဒနီတိ ဓာတုမာလာ နိဿယ ပဌမတွဲ

၁၀။ ၎င်း ဒုတိယတွဲ ထွက်တော့မည်

၁၁။ နိရုတ္တိဒီပနီ

၁၂။ ပဒဗျူဟနိရုတ္တိနီတိ ပထမတွဲ

၁၃။ ၎င်း ဒုတိယတွဲ

---

တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်း

အတွဲ ၁-၂-၃-၅-၆-၇-၈-၉-၁၀ ထွက်ပြီ

ကျန်အတွဲများ ဆက်ထွက်မည်။

---

## မဟာဗုဒ္ဓဝင် ၆ တွဲ ၈-အုပ်အပြည့်အစုံထွက်ပြီ